
www.burmeseclassic.com



# မြသန်းတင့်

ရှားလော့ဟုမ်း ပြန်လာပြီ

# THE RETURN OF SHERLOCK HOLMES

Sir Arthur Conan Doyle

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူ ခွင့်ပြုချက် အမှတ် [၅၀၁၃၅၇၀၉၀၉]
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် [၅၀၀၆၁၄၀၆၁၀]

ဒုတိယ အကြိမ်၊ ၂၀၁၀၊ ဇူလိုင်
[ပထမ အကြိမ်၊ ၁၉၈၃၊ စက်တင်ဘာ၊ ဘဝတက္ကသိုလ် စာပေ]

မျက်နှာဖုံး — ပန်းချီ တင်ထွဏ်း
အတွင်း — ဒီဇိုင်း မောင်ကျော်စိုး
အုပ်ရေ — ၅၀၀
တန်ဖိုး — ၄၀၀၀ ကျပ်

မျက်နှာဖုံးရိုက် — ဒေါ်ရွှေ (၀၂၀၇၉)၊ သုခ ပုံနှိပ်တိုက်
၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်။
ပုံနှိပ်သူ — ဦးတင်မောင်ဝင်း (၀၅၉၄၆)၊ သင်းလဲ့ဝင်း ပုံနှိပ်တိုက်
၁၂၊ ဒေါနလမ်း၊ ပုဇွန်တောင် မြို့နယ်၊ ရန်ကုန်။
ထုတ်ဝေသူ — ဒေါ်သင်းသင်းမွန် (၀၄၂၃၂)၊ သင်း စာပေ
၁၀၊ ရတနာမြိုင်လမ်း၊ ၁၂ ရပ်ကွက်၊ ကမာရွတ် မြို့နယ်၊ ရန်ကုန်။

မြသန်းတင့်

# ရှားလော့ဟုမ်း ပြန်လာပြီ

# The Return Of Sherlock Holmes

**Sir Arthur Conan Doyle**

၈၀၈.၈၃

မြသန်းတင့်
ရှားလော့ဟုမ်း ပြန်လာပြီ
မြသန်းတင့်၊ ရန်ကုန်။
သင်းစာပေ၊ ဒုတိယ အကြိမ်။ ၂၀၁၀။
၅၂၄ - စာ၊ ၂၀.၅×၁၃ စင်တီ။
မူရင်း စာမူ အမည် - The Return Of Sherlock Holmes
(၁) ဘာသာပြန်သူ - မြသန်းတင့်
(၂) ရှားလော့ဟုမ်း ပြန်လာပြီ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး ဒို့အရေး

တပ်မတော် ဖြိုခွဲသူ ဒို့ရန်သူ။
တပ်မတော် ဖြိုခွဲမည့် အကြံ ဒို့လက်မခံ။
ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲ စည်းလုံးမည်။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန် ဖြစ်သည်။

## ပြည်သူ့ သဘောထား

ပြည်ပ အားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
* မျိုးချစ် စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

## မာတိကာ


မြန်မာပြန်သူ၏ အမှာ ၁
၁။ လူမနေသော အိမ်ကြီး ၁၇
၂။ ဉာဏ်များသော မိသုကာ ၅၇
၃။ ကနေသော အရုပ်ကလေးများ ၉၉
၄။ အဖော်မဲ့ စက်ဘီးသမား ၁၄၃
၅။ ပျောက်ဆုံးသွားသော ကျောင်းသား ၁၇၉
၆။ မိုက်ခဲ ပီတာ ၂၃၁
၇။ မင်းကတော်လေးနှင့် ငွေညှစ်သမား ၂၆၇
၈။ နပိုလီယန် ခြောက်ဦး ၂၉၇
၉။ မေးခွန်း ပျောက်မှု ၃၃၁
၁၀။ ရွှေမျက်မှန် ၃၆၁
၁၁။ ညာတောင်ပံ ဘောသမား ပျောက်မှု ၃၉၉
၁၂။ ချစ်တဲ့ စိတ်ဟာ ဆန်းကြယ် ၄၃၇
၁၃။ ဒုတိယ သွေးကွက် ၄၇၉


www.burmeseclassic.com

www.burmeseclassic.com

## မြန်မာပြန်သူ၏ အမှာ

ဗစ္စတ်ကင်းလမ်း တိုက်ခန်း၊ ရေနံ ဝသဖြင့် မည်းညို့နေသော နှစ်ထပ်အိမ်ဟောင်းကြီး၊ သမိုင်း ကြို့ကုန်း စသည့် မြို့ဆင်ခြေဖုံးမှ ရေအိုင်တို့ တွန်းနေသည့် မြေနီလမ်း ပျော့ပျော့၊ ဆေးစိမ်း ခြယ်ထားသည့် ရထားလုံး၊ အိမ်တွင်းပုန်း ကုလားမ၊ ဘောင်ဒရီလမ်းမှ ချုံနွယ်ပိတ်ပေါင်းတို့ လွှမ်းနေသော ခြံကြီး၊ ကိုသိန်းမောင်၊ မှန်ဘီလူးနှင့် ဆေးတံကောက်၊ ထိတ်လန့်တုန်လှုပ်သော မျက်နှာဖြင့် ဗစ္စတ်ကင်းလမ်း တိုက်ခန်းသို့ ရောက်လာသော လှပ ပျိုရွယ်သည့် မိန်းမပျိုလေး တစ်ယောက်။

ရွှေဥဒေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများကို ငယ်ငယ်က စွဲစွဲလမ်းလမ်း ဖတ်ခဲ့သည်။ အဖြစ်အပျက်များနှင့် ဦးစံရှား စုံထောက်ပုံတွေကို ကောင်းကောင်း မမှတ်မိတော့သော်လည်း ထိုရုပ်ပုံကားချပ်များသည် ကျွန်တော့် ရင်တွင် စွဲကျန်ရစ်ခဲ့၏။ ဦးစံရှားသည် သက်ရှိ ထင်ရှားရှိသည်ဟု ထင်ခဲ့၏။ 'ကိုသိန်းမောင်တို့ ဒီတစ်ချီ တွေးလိုက်ပုံကလေးကတော့ သပ်ရပ်ပါပေတယ်ဗျာ' ဟူသော ဦးစံရှား၏ လေသံကို ကြားယောင်နေတတ်၏။

ကျွန်တော်သည် ရွှေဥဒေါင်း၏ စုံထောက် ဦးစံရှားကို ငယ်စဉ်ကလည်း ဖတ်ခဲ့သည်။ ကြီးမှလည်း ထပ်၍ ဖတ်ပါသည်။ ဖတ်တိုင်း ဖတ်တိုင်း မရိုးနိုင်ပါ။ လေးလေးပင်ပင် စာကို ဖတ်လိုသည့် အခါတွင်လည်း စုံထောက် ဦးစံရှားကို ဖတ်သည်။ ပေါ့ပေါ့လွှင်လွှင် စာကို ဖတ်ချင်သည့် အခါတွင်လည်း စုံထောက် ဦးစံရှားကို ဖတ်သည်။ အုပ်တွဲလေးတွေဖြင့် ထုတ်သော စုံထောက် ဦးစံရှားကိုလည်း ဖတ်သည်။ ပေါင်းချုပ် ထုတ်သော စုံထောက် ဦးစံရှားကိုလည်း ဖတ်သည်။

စုံထောက် ဦးစံရှားသည် ကျွန်တော်၏ အိပ်ရာဘေးတွင် အမြဲချထားသည့် 'အိပ်ရာဝင်' စာအုပ် တစ်အုပ် ဖြစ်ပါသည်။

အင်္ဂလိပ်လို ဖတ်နိုင်လာသည့် အခါတွင် ကျွန်တော်သည် ကိုနင် ဒွိုင်းလ်၏ မူရင်း ဝတ္ထု ဖြစ်သော ရှားလော့ဟုမ်း ဝတ္ထုများကို ဖတ်ပြန်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအခါတွင်လည်း အရသာ တစ်မျိုး ထူးပါသည်။ ကြေးနန်းတိုင်တွေကို ကြည့်ကာ လော်ကယ် ရထား၏ မြန်နှုန်းကို ဖြိုးစားကြီး ကောက်ပြောလိုက်သော ရှားလော့ဟုမ်း၊ ဖိနပ် အသစ်တွင် မီးကျွမ်းရာကို ကြည့်၍ ခြေထောက်ကို မီးကင်လာခြင်း ဖြစ်ရမည်၊ ဤရာသီတွင် ခြေထောက်ကို မီးကင်လာခဲ့လျှင် မကြာမီကမှ အအေးမိပြီး နေထိုင်မကောင်း ဖြစ်ရမည်ဟု ကောက်ချက် ဆွဲထုတ်ပြတတ်သော ရှားလော့ဟုမ်း၊ ငွေကြေးနှင့် ကျော်ကြားမှုကို ပဓာန မထားဘဲ (ပဓာန မထားရုံမျှမက ရှားလော့ဟုမ်းသည် ငွေကြေးနှင့် ကျော်ကြားမှုကို ခုံမင် နှစ်ခြိုက်ခြင်း မရှိဟုပင် ပြောနိုင်သည်။) အမှုမှန် ပေါ်ပေါက်ရေး၊ တရားဥပဒေ စိုးမိုးရေး အတွက် အလုပ် လုပ်သော ရှားလော့ဟုမ်း၊ စူးစမ်း ထောက်လှမ်းခြင်း အတတ်ပညာကို အနုပညာ တစ်ရပ်လို နှစ်ခြိုက် ပျော်မွေ့သော ရှားလော့ဟုမ်း၊ မရှောင်မလွှဲသာ ပြစ်မှု ကျူးလွန်ခဲ့မိသော တရားခံကို ပြစ်ဒဏ်မှ လွတ်အောင် ရက်ရော သဘောထား ကြီးစွာဖြင့် ရှောင်ပေးခဲ့သော ရှားလော့ဟုမ်း၊ အားနည်းသူကို သက်ညှာကာ အားကြီးသူကို ခုခံ တိုက်ခိုက်သော ရှားလော့ဟုမ်း စသည့် လူစွမ်းကောင်းတို့၏ အရည်အချင်း အမျိုးမျိုး ရှိသော ရှားလော့ဟုမ်းကို ကျွန်တော် တွေ့ရပါသည်။

ငယ်စဉ်က ရှားလော့ဟုမ်းကို ဖတ်ခြင်းမှာ လျှို့ဝှက် ဆန်းကြယ်သော အမှု အတွေ့အကြုံများကို စိတ်ဝင်စား၍ ဖတ်ခဲ့ခြင်း ဖြစ်သည်။ ခက်ခဲ နက်နဲသော ကိစ္စတွင် ရှားလော့ဟုမ်း ဖြေရှင်း ပေးလိုက်သည့် အတွက် အားရ ကျေနပ်သော ခံစားချက်ဖြင့် ဖတ်ခြင်း ဖြစ်သည်။

ကြီးလာသော အခါတွင်မူ ထိုသို့ မဟုတ်တော့။ သူ့ ဇာတ်လမ်းများသည် ဖန်တစ်ရာတေအောင် ဖတ်ပြီးသား ဖြစ်နေသည့် အတွက် ရိုးအီနေလေပြီ။

နောက်ဆုံးပေါ် စုံထောက် ဝတ္ထုများတွင် ထိုထက် ဆန်းသော၊ ထိုထက် ရမ်းသော၊ ထိုထက် အံ့ဘနန်း ဖြစ်သော၊ ထိုထက် သည်းထိတ်ရင်ဖိုဖွယ် ကောင်းသော ဇာတ်လမ်း ဇာတ်ကွက်များ ပါပါသည်။ ထို့ထက် ခေတ်ဆန်၍ ထို့ထက် သစ်လွင်သော စုံစမ်း ထောက်လှမ်းနည်းများ ပါပါသည်။ မှန်ဘီလူးထက် ဆန်းသစ်သော စုံစမ်း ထောက်လှမ်းရေး ကိရိယာတွေ ပါပါသည်။ ဟန်တိန် တုတ်ကောက်နှင့် ခြောက်လုံးပြူးထက် ဆန်းသစ်သော လက်နက်များကို ကိုင်ဆောင်ထားကြပါသည်။

သို့ရာတွင် ရက်ရော သဘောထားကြီးခြင်း၊ လေ့လာ စူးစမ်းမှု အားကောင်းခြင်း၊ အမှန်တရားဘက်မှ ရပ်တည်ခြင်း၊ စဉ်းစားဉာဏ် ရင့်သန်ခြင်း၊ အသေးစိတ် အချက်အလက်ကလေးများကို လေ့လာပြီးနောက် ကောက်ချက် ဆွဲထုတ်ခြင်း စသည့် အရာများတွင်မူ ရှားလော့ဟုမ်းကို မမီနိုင်ပါ။





စာရေးဆရာ ဆာ အာသာ ကိုနန်ဒွိုင်းလ်သည် ရှားလော့ဟုမ်းကို ထိုအရည်အချင်းများဖြင့် အသက် သွင်းပေးလိုက်သည့် အခါတွင် ရှားလော့ဟုမ်းသည် 'လူစွမ်းကောင်း' တစ်ယောက် ဖြစ်လာခဲ့လေသည်။ ဤနည်းအားဖြင့် ဆာ အာသာ ကိုနန်ဒွိုင်းလ်သည် စာဖတ်သူများအားလည်း ထို အရည်အချင်းကောင်းများ ပေါ်ပေါက် လာစေရန် လှုံ့ဆော်သည်ဟု ယူဆချင်ပါသည်။ ဤနည်းအားဖြင့် ဆာ အာသာ ကိုနန်ဒွိုင်းလ်သည် ဇာတ်ကွက်၊ ဇာတ်လမ်းကိုမျှမက ဇာတ်ကောင် စရိုက်ကိုလည်း ပေါ်လွင်စေခဲ့ပါသည်။

ရှားလော့ဟုမ်း ဝတ္ထုများသည် ဒေါက်ကြီး သုံးချောင်းပေါ်တွင် တည်ဆောက်ထားသည်ဟု ကျွန်တော် ထင်ပါသည်။ ယင်းတို့မှာ

(၁) ဇာတ်လမ်း ဇာတ်ကွက်
(၂) ရှားလော့ဟုမ်း၏ လေ့လာ စူးစမ်းမှု နည်းပညာနှင့် တွေးခေါ်မှု နည်းပညာ
(၃) ရှားလော့ဟုမ်းတွင် ရှိသည့် 'လူစွမ်းကောင်း' အရည်အချင်းများ ဖြစ်ပါသည်။

ကာလ ကြာသည့် အခါတွင် သို့မဟုတ် မကြာခဏ ဖတ်သည့် အခါတွင် ဇာတ်လမ်းသည် ရိုးသွားကောင်း ရိုးသွားနိုင်ပါသည် (တကယ်လည်း ရိုးပါသည်။)။ သို့ရာတွင် မည်မျှ ရိုးစေ ထိုအဖြစ်မျိုး၊ ထိုဇာတ်လမ်းမျိုး၊ ထိုရာဇဝတ်မှုမျိုးသည် အခြေခံ အကျဆုံး၊ ဖြစ်လေ့ ဖြစ်ထ အရှိဆုံး ဇာတ်လမ်း ဇာတ်ကွက်များ ဖြစ်သည့် အတွက် ကျွန်တော်တို့ ခေတ်တွင်လည်း ရှိနိုင်ပါသည်။ နောင်ခေတ်များတွင်လည်း ရှိနေဦးမည် ဖြစ်ပါသည်။

ရှားလော့ဟုမ်း၏ လေ့လာ စူးစမ်းမှု နည်းပညာနှင့် တွေးခေါ်မှု နည်းပညာတို့သည်လည်း ရိုးနိုင်ပါသည်။ သို့ရာတွင် (က) လူတို့သည် သေကြ၏။ (ခ) မောင်ဘသည် လူဖြစ်၏။ (ဂ) ထို့ကြောင့် မောင်ဘသည် သေရမည်သာ ဖြစ်၏ ဆိုသော ယုတ္တိဗေဒ၏ အခြေခံ တွေးခေါ်မှုသည် မည်သည့် အခါမျှ တိမ်ကော မသွားနိုင်ပါ။ လွန်ခဲ့သော အနှစ် ၂၀၀၀ လောက်က ရှိခဲ့သည့် အရစ္စတိုတယ်၏ ယုတ္တိဗေဒ တွေးခေါ်မှုသည် လူ၏ စဉ်းစားဉာဏ်နှင့် အတူ ရှိနေမည်သာ ဖြစ်ပါသည်။

ရှားလော့ဟုမ်းတွင် ရှိသည့် 'လူစွမ်းကောင်း' အရည်အချင်းများသည်လည်း (ကိုကင်း ပွတ်ခြင်း၊ ပျင်းရိခြင်း စသည့် အားနည်းချက်များမှ လွဲလျှင်) လူတိုင်း ရှိချင်ကြသော၊ လူတိုင်း မျှော်မှန်းကြသော အရည်အချင်းများ ဖြစ်ပါသည်။

ဤ အချက်များကြောင့်ပင် ရှားလော့ဟုမ်း၏ ဝတ္ထုများသည် ယနေ့တိုင် မတိမ်ကောနိုင်ခြင်း ဖြစ်သည်ဟု ကျွန်တော် ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးသော ရှားလော့ဟုမ်း ဝတ္ထုမှာ အေ စတားဒီး အင် စကားလက်[၁] ဖြစ်ပြီး ၁၈၈၇ ခုနှစ်ထုတ် ဗီတွန် ခရစ်စမတ် နှစ်လည် အထူးထုတ် စာစောင်[၂] တွင် ပါပါသည်။ ထိုစဉ်က အာသာ ကိုနင် ဒွိုင်းလ်သည် အသက် နှစ်ဆယ့်ရှစ်နှစ်သာ ရှိပါသေးသည်။

အာသာ ကိုနင် ဒွိုင်းလ်ကို ၁၈၅၉ ခုနှစ် အီဒင်ဘာရာမြို့တွင် မွေးပါသည်။ မွေးချင်း ခုနစ်ယောက် ရှိပါသည်။ အသက် ခုနစ်နှစ်ရွယ်တွင် အီဒင်ဘာရာမှ ကျောင်း တစ်ကျောင်းတွင် နေခဲ့သည်။ အိမ်တွင် စာပြ ဆရာမက ဆာ ဝေါလတာ စကော့[၃] ၏ အိုင်ဗင်ဟိုး[၄] စသည့် ရာဇဝင် ဝတ္ထုကြီးများကို ဖတ်ပြသည့် အခါ အာသာ ကိုနင် ဒွိုင်းလ်သည် ဇာတ်လိုက် အိုင်ဗင်ဟိုး၏ စွန့်စားခန်းများကို သဘောကျနေသည်။

၁၈၆၉ ခုနှစ်တွင် အာသာ ကိုနင် ဒွိုင်းလ် အသက် ၁၀ နှစ် ပြည့်လေပြီ။ သူ့မိဘများက သူ့ကို သာသနာပြု ကျမ်းစာသင်ကျောင်း တစ်ကျောင်းသို့ ပို့လိုက်သည်။ ကျမ်းစာသင်ကျောင်းက အကွပ်အညှပ် အားကြီးသည်။ ဒဏ်ပေးကြမ်းသည်။ ကျောင်းတွင် အာသာ ကိုနင် ဒွိုင်းလ် သည် စာလည်း တော်သည်။ ဇားခုတ် လုံထိုး၊ လက်ဝှေ့၊ ဘီလီယက်၊ ကရစ်ကက် စသည်တို့တွင်လည်း ထူးချွန်သည်ဟု ဆိုသည်။

၁၈၇၅ ခုနှစ်တွင် မက်ထရစ် စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင် သည်။ ဤတွင် ဘဝလမ်းကို ရွေးစရာ လိုလာပြီ။ ကျမ်းစာသင်ကျောင်းမှ သူ့ဆရာများက သူ့ကို ကျမ်းစာသင် ဆရာ ဖြစ်စေချင်သည်။ ထို့ကြောင့် သူ့ကို ဩစတြီးယားပြည်သို့ ပို့၍ ပညာ သင်စေသည်။ အာသာ ကိုနင် ဒွိုင်းလ်သည် ဩစတြီးယားတွင် တစ်နှစ်ခန့် နေခဲ့သည့် အတွင်း ဂျာမန် ဘာသာကို သင်ခဲ့သည်။ ထိုမှ ပြန်လာသည့် အခါတွင် သူ့ အဖေက ကမ္ဘာတွင် အကောင်းဆုံး ဆေးကျောင်း တစ်ကျောင်း ဖြစ်သည့် အီဒင် ဘာရာ ဆေးကျောင်းသို့ ပို့သည်။ ၁၈၇၆ ခုနှစ်၌ အီဒင်ဘာရာ ဆေး တက္ကသိုလ်တွင် သူ့ဆရာ ဖြစ်သည့် ဒေါက်တာ ဂျိုးဇက် ဗဲ[၅] နှင့် တွေ့သည်။ သတိရချက်များနှင့် စွန့်စားခန်းများ[၆] ဆိုသည့် စာအုပ်တွင်

၁။ *A Study in Scarlet*

၂။ *Beeton's Christmas Annual for 1887*

၃။ *Sir Walter Scott*

၄။ *Ivanhoe*

၅။ *Dr. Joseph Bell*

၆။ *Memories and Adventures*





ဆာ အာသာ ကိုနင် ဒွိုင်းလ်က ဂျိုးဇက် ဗဲ အကြောင်းကို အောက်ပါ အတိုင်း ရေးခဲ့သည်။

'ဂျိုးဇက် ဗဲသည် ကိုယ်ခန္ဓာရော၊ စိတ်ဓာတ်ပါ ထူးခြားသူ တစ်ယောက် ဖြစ်သည်။ ပိန်ပိန်ပါးပါး၊ အသား ညိုညို၊ ရှည်လျား ထက် မြက်သော မျက်နှာပေါ်တွင် နှာတံကလည်း အလွန် ပေါ်သည်။ မျက် လုံးများက ပြာလဲ့ တောက်ပပြီး စူးရှသည်။ ပခုံးက လေးထောင့် ကျပြီး လမ်းလျှောက်လျှင်လည်း ခပ်ဆတ်ဆတ် လျှောက်တတ်သည်။ အသံက စူးပြီး အောသည်။ ဂျိုးဇက် ဗဲသည် ကျွမ်းကျင်သည့် ခွဲစိတ် ဆရာဝန် တစ်ဦး ဖြစ်သော်လည်း အတော်ဆုံးမှာ ရောဂါ စစ်တမ်း ပေးသည့် နေရာ တွင် ဖြစ်သည်။ ဂျိုးဇက် ဗဲသည် လူနာ တစ်ယောက်ကို မြင်လိုက်လျှင် ရောဂါ စစ်တမ်းကိုသာမက ထိုလူနာ၏ အလုပ်အကိုင်နှင့် စိတ်နေသဘော ထားတို့ကိုပါ ပြောပြတတ်သည်။ အဘယ်ကြောင့် မသိ၊ သူသည် ကျွန် တော့်ကို ကျောင်းသား တစ်သိုက်ကြီးထဲမှ ရွေးထုတ်ပြီး သူ၏ အပြင် လူနာ မှတ်တမ်းကာင် စာရေး အလုပ် ခိုင်းပါသည်။ ကျွန်တော်၏ အလုပ် မှာ အပြင် လူနာများကို နေရာ ချပေးရခြင်း၊ သူတို့ ရောဂါ ရာဇဝင်ကို အကျဉ်းချုပ် ရေးရခြင်း၊ ဒေါက်တာ ဗဲ ထိုင်နေသည့် အခန်းကြီးထဲသို့ လူနာများကို တစ်ယောက်ပြီး တစ်ယောက် သွင်းပေးရခြင်း ဖြစ်ပါသည်။ အခန်းကျယ်ကြီးထဲတွင်မူ ဒေါက်တာ ဗဲသည် ကျောင်းသားများ၊ ဆေးရုံ အလုပ်သမားများနှင့် ထိုင်နေပါသည်။ ထိုစဉ် ကျွန်တော်သည် ဒေါက် တာ ဗဲ၏ နည်းနာများကို လေ့လာခွင့် ရခဲ့ခြင်း ဖြစ်ပါသည်။ ဒေါက်တာ ဗဲသည် လူနာကို မျက်လုံး တစ်ချက် ဝေ့၍ ကြည့်လိုက်ရုံမျှဖြင့် လူနာ အကြောင်းကို တော်တော်လေး သိပါသည်။ ကျွန်တော်က မေးခွန်းတွေ အများကြီး မေးမှ သိရသည့် အချက်တို့ကို သူက တစ်ချက် နှစ်ချက် ကြည့်လိုက်ရုံဖြင့် သိပြီး ဖြစ်ပါသည်။ တစ်ခါတစ်ရံ သူ့ထင်မြင်ချက် များ မှားတတ်သော်လည်း အများအားဖြင့်မူ မှန်တတ်ပါသည်။ တစ်ခါ တွင် သူသည် လူနာ တစ်ယောက်ကို မေးနေသံကို ကြားရပါသည်။

'ဘယ့်နှယ်လဲ ဆရာကြီး၊ စစ်ထဲ ဝင်ခဲ့ဖူးတယ်နော်'

'ဝင်ဖူးတယ်ဗျ'

'တပ်က ထွက်လာတာ မကြာသေးဘူးပေါ့'

'မကြာသေးဘူးဗျ'

'တောင်ပေါ်သား တပ်ရင်းကနော်'

'ဟုတ်တယ်ဗျ'

'အရာခံဗိုလ် ထင်တယ် ဟုတ်စ'

'ဟုတ်တယ်ဗျ'



www.burmeseclassic.com

www.burmeseclassic.com



'တပ်ရင်းက ဘာဗေဒိုး[၁] မှာ စခန်း ချထားတယ်နော်'

'ဟုတ်တယ်ဗျ'

ဒေါက်တာ ဗဲသည် ကျွန်တော်တို့ အားလုံးဘက်သို့ လှည့်၍ 'ကဲ တပည့်တို့ မြင်ကြတယ် မဟုတ်လား၊ ဒီလူကို ကြည့်ရတာ မွန်မွန် ရည်ရည် ယဉ်ယဉ်ကျေးကျေးထဲကပဲ၊ ဒါပေမဲ့ လူတွေ့လို့ နှုတ်ဆက်တဲ့ အခါ ဦးထုပ်ကို မချွတ်ဘူးကွ၊ တပ်ထဲမှာ ဦးထုပ် ချွတ်ပြီး နှုတ်ဆက်တဲ့ အလေ့မှ မရှိဘဲကိုး၊ တပ်က ထွက်လာတာ ကြာပြီ ဆိုလို့ ရှိရင် တပ်ထဲက အကျင့်တွေ ပျောက်လောက်ရောပေါ့၊ ခုတော့ မပျောက်သေးဘူး၊ ပြီးတော့ သူ့လေသံက ခပ်တင်းတင်း ခပ်ပြတ်ပြတ်ရယ်၊ ဒါကို ထောက်ရင် စကော့ တောင်ပေါ်သား ဖြစ်ပြီး အရာခံဗိုလ် အဆင့်လောက် ရှိတယ်လို့ ခန့်မှန်း နိုင်တယ်၊ ဘာဗေဒိုးမှာ တပ်စခန်း ချနေတာ ထင်တယ်လို့ ပြောရတာ ကတော့ တခြားကြောင့် မဟုတ်ဘူး၊ သူ့ ရောဂါက ဆင်ခြေထောက် ရောဂါမို့ ပြောရတာ၊ ဆင်ခြေထောက် ရောဂါဟာ အင်္ဂလန်မှာ ဖြစ်တဲ့ ရောဂါ မဟုတ်ဘူး၊ အနောက် အိန္ဒိယ ကျွန်းစုမှာသာ ဖြစ်တဲ့ ရောဂါ'

နားထောင်နေသူများမှာ တအံ့တသြ ဖြစ်နေကြပါသည်။ ရှင်းပြလိုက်သည့် အခါတွင် လွယ်လွယ်ကလေး ဖြစ်နေပါသည်။ ကျွန်တော်သည် ဒေါက်တာ ဂျိုးဇက် ဗဲ၏ စရိုက်ကို လေ့လာပြီးနောက် သူ့နည်းများကို အကျယ်ချဲ့၍ အသုံးပြုကာ သိပ္ပံနည်းကျသော စုံထောက် တစ်ယောက်ကို ဖန်တီးခဲ့ခြင်း ဖြစ်ပါသည်။' ဟု ဆာ အာသာ ကိုနင် ဒွိုင်းလ်က ရေးခဲ့ပါသည်။

အာသာ ကိုနင် ဒွိုင်းလ်သည် ၁၈၈၁ ခုနှစ်တွင် ဆရာဝန်ဘွဲ့ကို ယူပြီးနောက် အာဖရိကတိုက်သို့ သွားသည့် သင်္ဘော တစ်စင်းပေါ်တွင် ဆရာဝန် အဖြစ် လိုက်သွားသည်။ ထို့နောက် ပို့စမောက်[၂] တွင် သွား၍ ဆေးခန်း ဖွင့်သည်။ ဆေးခန်း ဖွင့်သည့် အခါ အာသာ ကိုနင် ဒွိုင်းလ်တွင် ပိုက်ဆံ မရှိ။ သင်္ဘော လိုက်တုန်းက စုလာသည့် ငွေကလေး ပေါင် ငါး ဆယ်လောက် ရှိသည်။ အခန်း ငှား၊ ပရိဘောဂ ဝယ်၊ ဆိုင်းဘုတ် တင် ပြီးသည့် အခါ၌ သူ့ လက်ထဲတွင် နှစ်ပေါင်သာ ကျန်တော့သည်။

ဆရာဝန် လုပ်ရင်း ဝတ္ထုတိုကလေးတွေ ရေးပြီး ကွန်း ဟီးလ်[၃] မဂ္ဂဇင်းသို့ ပို့သည်။

အာသာ ကိုနင် ဒွိုင်းလ်သည် သူ ငယ်ငယ်က ဖတ်ခဲ့ဖူးသည့်

---

၁။ *Barbados*

၂။ *Portsmouth*

၃။ *Corn Hill*





အဂ္ဂါ အလန် ပိုး[၁] ၏ စုံထောက် ဝတ္ထုတိုကလေးများမှ ဒူပင်[၂] နှင့် ဂါဗိုရီး[၃] ၏ ဝတ္ထုတိုကလေးများမှ စုံထောက် လီကော့[၄] ကို အမှတ်ရသည်။ 'ကျွန်တော့် အမြင်၌ စုံထောက် ဒူပင်သည် ခွဲခြမ်း စိတ်ဖြာကြည့်နိုင် သော ပဋိဘာန် ဉာဏ်နှင့် ပြည့်စုံသည့်တိုင် ခပ်ညံ့ညံ့ဟု ထင်ပါသည်။ ပိုးသည် စိတ်ကူး ရှိသလောက် ဒူပင်ကို ပြောင်မြောက်အောင် ဖန်တီး နိုင်ခဲ့ခြင်း မရှိဟု ကျွန်တော် ဆိုချင်ပါသည်။ လီကော့မှာလည်း ခွန်တိုက် အားတိုက် လုပ်နိုင်သော အရည်အချင်းမှ လွဲလျှင် အခြား ထူးထူးခြားခြား အရည်အချင်း မရှိလှပါ။' ဟု အာသာ ကိုနင် ဒွိုင်းလ်က ရေးခဲ့သည်။ ဤတွင် ကိုနင် ဒွိုင်းလ်သည် ခေတ်သစ် ဝတ္ထု လောကတွင် ဒူပင်နှင့် လီကော့တို့ထက် သာသော စုံထောက် ဇာတ်ဆောင် တစ်ယောက်ကို ဖန် တီးရန် စိတ်ကူး ရလာသည်။ စိတ်ကူး ရသည်နှင့် သူ့ ဆရာ ဒေါက်တာ ဂျိုးဇက် ဗဲကို မျက်စိထဲတွင် မြင်ယောင်လာသည်။ သူ့ စုံထောက် ဇာတ် လိုက်ကို နာမည် ပေးမည် ပြုသည့် အခါတွင် နာမည်များကို လိုက် စဉ်းစားကြည့်သည်။ ဤတွင် သူ လေးစားသည့် အင်္ဂလန်ပြည် ဘာသာ ရေး ခေါင်းဆောင် အော်လီဗာ ဝင်ဒယ် ဟုမ်း[၅] ကို သွား၍ အမှတ်ရ၏။ ထို့နောက် အိုင်းရစ် ဆန်ဆန် နာမည် တစ်ခု ဖြစ်သည့် ရှယ်ရင်ဖို့[၆] ဆိုသည့် အမည်ကို သဘော ကျကာ သူ့ စုံထောက် ဇာတ်လိုက်၏ နာမည်ကို ရှယ်ရင်ဖို့ ဟုမ်းဟု အမည် ပေးလိုက်သည်။ သို့ရာတွင် သူ မကြိုက်။ နောက်ထပ် စဉ်းစားသည့် အခါတွင် အိုင်းရစ် ဆန်ဆန် နာမည် တစ်ခု ဖြစ်သော ရှားလော့[၇] ဆိုသည့် အမည်ကို သွားတွေ့သည်။ ထို့ကြောင့် သူ့ ဇာတ်ဆောင် အမည်ကို ရှားလော့ ဟုမ်းဟု အမည် ပြောင်းလိုက် သည်။ ရှားလော့ဟုမ်းနှင့် အတူ ဒေါက်တာ ဝပ်ဆင်[၈] ဆိုသည့် ဇာတ်ရံ တစ်ယောက်ကိုလည်း မွေးထုတ်လိုက်သည်။ မူလက ပေးထားသော နာမည်မှာ ဒေါက်တာ ဝပ်ဆင် မဟုတ်။ အိုမန် ဆက်ကား[၉] ဆိုသည့်

---

၁။ *Edgar Allan Poe*

၂။ *Auguste Dupin*

၃။ *Gaboriau*

၄။ *Leqoc*

၅။ *Oliver Wendell Holmes*

၆။ *Sherringford*

၇။ *Sherlock*

၈။ *Dr. John Watson*

၉။ *Ormond Secker*



www.burmeseclassic.com

www.burmeseclassic.com



အမည် ဖြစ်သည်။ သို့ရာတွင် ထိုအမည်ကို သူ မကြိုက်။ ဆန်းလွန်းနေသည်ဟု သူ ထင်သည်။ ဤတွင် ကိုနင် ဒွိုင်းလ်သည် ပို့စမောက်မြို့ ဆောက်ဆီး[၁] ရပ်ကွက်တွင် နေစဉ် သူနှင့် အတူ ဆေးခန်း ဖွင့်ခဲ့ဖူးသည့် ဒေါက်တာ ဂျိမ်း ဝပ်ဆင်၏ အမည်ကို ယူလိုက်သည်။ ရှားလော့ဟုမ်းနှင့် တွဲသည့် ဒေါက်တာ ဝပ်ဆင်က မေးရိုး လေးထောင့်၊ ကုပ်ပိုး အစ်အစ်၊ ပခုံး တောင့်တောင့်၊ မုတ်ဆိတ် နှုတ်ခမ်းမွေးနှင့် သူ့ ရုပ်မှာ အာသာ ကိုနင် ဒွိုင်းလ်နှင့် အတူ အလုပ် လုပ်ခဲ့ဖူးသည့် မိုလ်မှူး ဝုဒ်[၂] ၏ ရုပ်ကို ယူထားခြင်း ဖြစ်သည်။ သို့ဖြင့် ဒေါက်တာ ဂျိမ်း ဝပ်ဆင်၏ အမည်နှင့် ဗိုလ်မှူး ဝုဒ်တို့၏ ရုပ်ကို ပေါင်းလိုက်သော အခါတွင် ဒေါက်တာ ဂျွန် ဝပ်ဆင် ဆိုသည့် ရှားလော့ဟုမ်း၏ အဖော် ဇာတ်ဆောင် တစ်ယောက် မွေးဖွား လာခဲ့လေသည်။

ကိုနင် ဒွိုင်းလ်သည် ရှားလော့ဟုမ်းကို ဇာတ်ဆောင်ထားကာ အေ စတားဒီး အင် စကားလက် ဆိုသည့် ဝတ္ထုလတ်ကလေးကို မဂ္ဂဇင်းတိုက်များ၊ ပုံနှိပ်တိုက်များသို့ ပို့သည်။ မည်သူကမျှ လက်မခံကြ။ တစ်တိုက်ပြီး တစ်တိုက် ပယ်ချကြသည်။ နောက်ဆုံးတွင် ၁၈၈၇ ခုနှစ်ထုတ် ဗီတွန်၏ ခရစ်စမတ် နှစ်လည် အထူးထုတ် စာစောင်တွင် ပါလာခဲ့သည်။

ကိုနင် ဒွိုင်းလ်သည် အေ စတားဒီး အင် စကားလက်ကို ပို့ပြီးနောက် ပုံမနှိပ်ခင် ရာဇဝင် ဝတ္ထုများကို ကုန်း၍ ရေးနေသည်။ ယင်းဝတ္ထုများမှာ မီကာ ကလပ်[၃] နှင့် သည် ဝှိုက် ကွန်ပင်နီ[၄] ဆိုသည့် ဝတ္ထုများ ဖြစ်သည်။ ထိုဝတ္ထုများကို ရေးနေစဉ် အေ စတားဒီး အင် စကားလက်မှာ လူကြိုက် များသဖြင့် လစ်ပင်ကော့ မဂ္ဂဇင်း[၅] က ရှားလော့ဟုမ်း ဝတ္ထုကို တောင်းရာ ကိုနင် ဒွိုင်းလ်သည် သည် ဆိုင်း အော့ဖ်ဖိုး[၆] ဆိုသည့် ဝတ္ထုကို ရေးပေးလိုက်သည်။

၁၈၉၁ ခုနှစ်တွင် ကိုနင် ဒွိုင်းလ်သည် စထရင်း မဂ္ဂဇင်း[၇] တွင် ရှားလော့ဟုမ်း ဝတ္ထုတို ခြောက်ပုဒ် ထပ်ရေးပြန်သည်။ ဂျွန် မေ့စဖီး[၈]

---

၁။ *Southsea*

၂။ *Major Wood*

၃။ *Micah Clarke*

၄။ *The White Company*

၅။ *Lippincott Magazine*

၆။ *The Sign of Four*

၇။ *Strand Magazine*

၈။ *John Masefield*





ဆိုသည့် ပုဂ္ဂိုလ်က 'ရှားလော့ဟုမ်း ဝတ္ထုများကို တစ်လပြီး တစ်လ စောင့်ဖတ်ရသည်မှာ ကြီးစွာသော ဝေဒနာ ဇောကြီး ဆိုက်သည်နှင့် တူပေ၏' ဟု ရေးခဲ့သည်။

ကိုနင် ဒွိုင်းလ်သည် ရှားလော့ဟုမ်း ဝတ္ထု ခြောက်ပုဒ်လောက်သာ ရေးပြီး နောက်ပိုင်းတွင် ထို့ထက် 'လေးနက်သော' စာများကို ရေးမည်ဟု စိတ်ကူးခဲ့သည်။ သို့ရာတွင် စထရင်း မဂ္ဂဇင်းက နားပူနားဆာ လုပ်နေလေပြီ။ ဤတွင် ကိုနင် ဒွိုင်းလ်က တစ်ပုဒ်ကို ပေါင် ငါးဆယ်ပေးမှ ရေးမည်ဟု ထိုခေတ်က မရနိုင်သော ဈေးကို တောင်းကာ နောက်ပြောင် ပြောလိုက်၏။ စထရင်း မဂ္ဂဇင်းက သူ တောင်းသည့် နှုန်းကို လက်ခံလိုက်သည့် အခါတွင် ကိုနင် ဒွိုင်းလ် အံ့အားသင့်နေသည်။ သို့ဖြင့် နောက်ထပ် ခြောက်ပုဒ် ရေးပေးပြန်သည်။ ပြီးခါနီးသည့် အခါ၌ ကိုနင် ဒွိုင်းလ်က 'ဟုမ်းကို သတ်ပစ်လိုက်တာ အကောင်းဆုံးပဲလို့ ကျွန်တော် ထင်တယ် အမေ၊ ဟုမ်းဟာ ကျွန်တော့် အချိန်တွေကို သိပ်ယူလွန်းနေတယ်၊ တခြား အရေးကြီးတဲ့ အလုပ်တွေကို မလုပ်နိုင်တော့ဘူး' ဟု သူ့ အမေထံ စာရေးသည်။

အမေက သူ့ကို ဆူသည်။ ဤတွင် ကိုနင် ဒွိုင်းလ်သည် သည် ဖိုင်နယ် ပရိုဗလင်[၁] ဟူသော ဝတ္ထုကို ရေးသည်။ ရှားလော့ဟုမ်းသည် သူ့ ရန်သူ လူဆိုးဂိုဏ်း ခေါင်းဆောင် ပါမောက္ခ မော်ရီယာတီ[၂] နှင့် သတ်ပုတ်ရင်း ဆွစ်ဇာလန်ပြည် ရိုင်ခင်ဘက်[၃] ရေတံခွန်ကြီးထဲ လိမ့်ကျသေဆုံးသွားခဲ့သည်။

သို့ရာတွင် ပရိသတ်က တောင်းဆိုသည့် အတွက် ကိုနင် ဒွိုင်းလ်သည် ရှားလော့ဟုမ်း ဝတ္ထုများကို ပြန်၍ ရေးပြန်သည်။ ကိုနင် ဒွိုင်းလ်သည် ရှားလော့ဟုမ်း ဖြစ်နေကာ ရှားလော့ဟုမ်းသည် ကိုနင် ဒွိုင်းလ်ပင် ဖြစ်သည်ဟု စာဖတ် ပရိသတ်က ယူဆကြသည်။ ရှားလော့ဟုမ်း နေထိုင်ရာ ၂၂၁ ဘီ ဘေကာလမ်း[၄] သို့ လာ၍ ကြည့်ကြသည်။ ကိုနင် ဒွိုင်းလ် ဘိုးဝါး[၅] စစ်ပွဲသို့ စစ်ဗိုလ်ကလေး အဖြစ် လိုက်သွားရသည့် အခါတွင် 'ရှားလော့ဟုမ်း စစ်မြေပြင်သို့ ထွက်ပြီ' ဟု သတင်းစာများက ခေါင်းတပ်ကြသည်။

---

၁။ *The Final Problem*

၂။ *Professor Moriarty*

၃။ *Richenbach*

၄။ *221 B Baker Street*

၅။ *Boer War*



www.burmeseclassic.com

www.burmeseclassic.com



၁၉၀၂ ခုနှစ်တွင် အာသာ ကိုနင် ဒွိုင်းလ်ကို သတ္တမမြောက် ဧဒွက် ဘုရင်[1] က ဆာ ဘွဲ့ကို ချီးမြှင့်လိုက်သည်။ ရှားလော့ဟုမ်း ဝတ္ထုကြောင့် ဆာ ဘွဲ့ ပေးသည်ဟု ထင်ကြသော်လည်း မဟုတ်။ အင်္ဂလန်ပြည်၏ အကျိုးကို ဆောင်ရွက်ခဲ့သည့် အတွက် ပေးခြင်း ဖြစ်သည်ဟု ဆိုကြသည်။ သို့ရာတွင် အာသာ ကိုနင် ဒွိုင်းလ်သည် ဆာဘွဲ့ကို လက်ခံရန် ငြင်းဖို့ ကြိုးစားသေး၏။ 'ကျွန်တော်ဟာ ဒီ ဆုလာဘ်တွေကို မျှော်ကိုးလို့ တိုင်းပြည် အကျိုးကို လုပ်ခဲ့တာမှ မဟုတ်ဘဲ၊ ဆုလာဘ်ကို လက်ခံလိုက်ရင် တိုင်းပြည် အတွက် ကျွန်တော် လုပ်ခဲ့တာကလေးတွေ အစွန်းအထင်း ဖြစ်သွားလိမ့်မယ်' ဟု ဆိုကာ လက်ခံဖို့ ငြင်းသည်။ အမေက အတန်တန် တိုက်တွန်းသော်လည်း မရ။ ထိုသို့ ငြင်းပယ်ခြင်းသည် မိမိတို့ အထွတ်အမြတ် ထားသော ဧဒွက် ဘုရင်ကို စော်ကားသည့်နှယ် ရှိလိမ့်မည် ဆိုသည့် အခါတွင်မှ ဆာ ဘွဲ့ကို လက်ခံလေသည်။

ထိုနှစ်မှာပင် ရှားလော့ဟုမ်းကိုလည်း ဆာ ဘွဲ့ ချီးမြှင့်သည်။ သို့ရာတွင် ထို ဆာ ဘွဲ့ကိုမူ အောင်မြင်စွာ ငြင်းပယ်လိုက်နိုင်၏။

ဆာ အာသာ ကိုနင် ဒွိုင်းလ်သည် ရှားလော့ဟုမ်းကို ဇာတ်ဆောင်ထားသော ဝတ္ထုတို ငါးတွဲ ထုတ်ခဲ့ရာ ယင်းတို့မှာ အောက်ပါ အတိုင်း ဖြစ်လေသည်။

(၁) သည် အက်ဒဗင်းချား အော့ဖ် ရှားလော့ဟုမ်း[2]
(၂) သည် မီမွိုင်းယားစ် အော့ဖ် ရှားလော့ဟုမ်း[3]
(၃) သည် ရီတန်း အော့ဖ် ရှားလော့ဟုမ်း[4]
(၄) ဟစ် လတ်စ် ဗောင်း[5]
(၅) သည် ကေ့စ်ဗွတ် အော့ဖ် ရှားလော့ဟုမ်း[6] စသည်တို့ ဖြစ်သည်။

ထိုငါးတွဲတွင် ဝတ္ထုပေါင်း ၅၆ ပုဒ် ပါလေသည်။ ထို့ပြင် ကိုနင် ဒွိုင်းလ်သည် ရှားလော့ဟုမ်း ဝတ္ထုလတ် သုံးပုဒ်ကိုလည်း ရေးသားခဲ့သေး၏။ ယင်းတို့မှာ

---

၁။ *King Edward VII*
၂။ *The Adventures of Sherlock Holmes*
၃။ *The Memoirs of Sherlock Holmes*
၄။ *The Return of Sherlock Holmes*
၅။ *His Last Bow*
၆။ *The Casebook of Sherlock Holmes*





(၁) သည် ဟောင်း အော့ဖ် သည် ဗတ်စကာဗီးလ် [1]
(၂) သည် ဆိုင်း အော့ဖ် ဖိုး
(၃) သည် ဗဲလေး အော့ဖ် ဖီးယား[2] စသည်တို့ ဖြစ်သည်။

ဆာ အာသာ ကိုနင် ဒွိုင်းလ်၏ သား အန်ဒရီယာန် ကိုနင် ဒွိုင်းလ်[3] နှင့် သူ့ အတ္ထုပ္ပတ္တိရေးဆရာ ဂျွန် ဒစ်ကဆင် ကား [4] တို့ကလည်း နှစ်ယောက် ပေါင်း၍ သည် အိတ်စပလွိုက် အော့ဖ် ရှားလော့ဟုမ်း [5] ဟူသော အမည်ဖြင့် ဝတ္ထုတိုပေါင်း ၁၂ ပုဒ် ရေးသေးသည်။

၁၈၈၇ ခုနှစ် ပထမဆုံးသော ရှားလော့ဟုမ်း ဝတ္ထု ပေါ်ထွက်လာချိန်မှ စ၍ ရှားလော့ဟုမ်း ဝတ္ထုများကို ကမ္ဘာ့ ဘာသာတိုင်း လိုလိုသို့ ပြန်ဆိုပြီးကြလေပြီ။ ထိုအချိန်မှ စ၍ ဘာသာ တစ်မျိုးမျိုးဖြင့် ပုံမနှိပ်သော နှစ် ဟူ၍ မရှိ။ နှစ်တိုင်း ပုံနှိပ်နေသည်ဟု သိရသည်။ ရှားလော့ဟုမ်း ဝတ္ထုများကို ပြဇာတ်ပေါင်း များစွာ ကခဲ့ပြီးပြီ။ ရုပ်ရှင်ကားပေါင်း တစ်ရာ့ ဆယ်ကား ရိုက်ခဲ့ပြီးပြီ။ ရေဒီယို ပြဇာတ် အဖြစ် အကြိမ် တစ်ထောင်မက ပါခဲ့ပြီးပြီ။ ရုပ်မြင်သံကြားတွင် အကြိမ် များစွာ ထပ်၍ ပြနေလေပြီ။

ရှားလော့ဟုမ်း ကျင့်သုံးသည့် စူးစမ်း ထောက်လှမ်းမှု နည်းများကို အင်္ဂလိပ် စုံထောက် အဖွဲ့ ဖြစ်သည့် စကော့တလန် ယာ့ဒ် [6]၊ ပြင်သစ် စုံထောက် အဖွဲ့ ဖြစ်သည့် စူရာတေး [7] နှင့် တကွ အနိုင်နိုင်ငံ ရဲ အဖွဲ့များက လက်ခံ ကျင့်သုံးကာ သူ့ နည်းနာများကို ရဲကျောင်းများတွင် သင်ကြား ပို့ချလျက် ရှိကြသည်။

စာရေးဆရာကြီး ဆမ်မားဆက် မွန် [8] က သူ၏ ဗက်ဂရင့် မုဒ် [9] ဆိုသော စာအုပ်တွင် 'မည်သည့် စုံထောက် ဝတ္ထုမှ ကိုနင် ဒွိုင်းလ်၏ စုံထောက် ဝတ္ထုကဲ့သို့ ပေါ်ပြူလာ မဖြစ်နိုင်။ ထိုဝတ္ထုများ ပေါ်ပြူလာ

---

၁။ *The Hound of The Baskervilles*
၂။ *The Valley of Fear*
၃။ *Andrian Conan-Doyle*
၄။ *John Dickson Carr*
၅။ *The Exploits of Sherlock Holmes*
၆။ *Scotland Yard*
၇။ *Surete*
၈။ *Somerset Maugham*
၉။ *Vagrand Mood*



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရခြင်းမှာ ရှားလော့ဟုမ်းကို ဖန်တီးနိုင်ခြင်းကြောင့် ဖြစ်သည်။' ဟု ရေးခဲ့သည်။

ကမ္ဘာကျော် ရာဇဝတ်မှု ဗေဒ ပါရဂူ တစ်ဦး ဖြစ်သည့် ဒေါက်တာ အက်ဒမန် လိုးကတ် [၁] က 'ကိုနင် ဒွိုင်းလ်သည် အံ့သြဖွယ် ကောင်းသည့် သိပ္ပံနည်းကျ စုံစမ်း ထောက်လှမ်းသူ တစ်ဦး ဖြစ်ပါသည်။ ရဲ ကျွမ်းကျင်သူများနှင့် အမှု စစ်ဆေးသည့် တရားသူကြီးများသည် ကိုနင် ဒွိုင်းလ်၏ ဝတ္ထုများကို ဖတ်ခြင်းဖြင့် အချိန်ကို အလဟဿ ဖြုန်းတီးပစ်ရာ ရောက်မည် မဟုတ်ပါ။' ဟု ရေးခဲ့သည်။

စကော့တလန်ယာဒ် စုံထောက် အရာရှိ တစ်ဦးက 'ရာဇဝတ်မှုများကို စုံစမ်း ထောက်လှမ်းရာတွင် သိပ္ပံနည်းများကို အသုံးပြုရန် ရှေ့ဆောင် လမ်းပြ လုပ်ခဲ့သူမှာ အာသာ ကိုနင် ဒွိုင်းလ်ပင် ဖြစ်ပါသည်။' ဟု ပြောခဲ့သည်။

ထင်ရှားသည့် အမေရိကန် ရာဇဝတ်မှု ဗေဒ ပါရဂူ တစ်ဦးကလည်း 'စုံထောက်ကောင်း တစ်ယောက် ဖြစ်ဖို့ အတွက် အရည်အချင်း သုံးချက် လိုတယ်၊ အဲဒါတွေကတော့ စိတ်ကူးဉာဏ် ကောင်းဖို့၊ ရှုတ်တရက် စဉ်းစားပြီး ကြံဖန်တတ်တဲ့ ဖြတ်ထိုးဉာဏ် ကောင်းဖို့၊ လူ့သဘာဝကို ဝေဖန် ပိုင်းခြားတတ်တဲ့ ဉာဏ်ရှိဖို့ ဆိုတဲ့ အချက်တွေပဲ၊ ဆာ အာသာ ကိုနင် ဒွိုင်းလ်မှာ ဒီသုံးချက် အပြည့် ရှိတယ်' ဟု ပြောဖူးသည်။

ကမ္ဘာတွင် ပထမဆုံးသော စုံထောက် လက်စွဲကျမ်း ဖြစ်သည့် ဟန်းစ် ဂရော့စ် [၂] ၏ ရာဇဝတ်မှု စုံစမ်း ထောက်လှမ်းရေးကျမ်း [၃] မှာ ၁၈၉၁ ခုနှစ်တွင်မှ ပေါ်ခဲ့ခြင်း ဖြစ်ရာ ထိုအချိန်၌ ကိုနင် ဒွိုင်းလ်၏ ရှားလော့ဟုမ်း ဝတ္ထုမှာ နှစ်အုပ်ပင် ထွက်ခဲ့ပြီးလေပြီ။ ထို့ကြောင့် ရှားလော့ဟုမ်း ဝတ္ထုများသည် မှုခင်း စုံစမ်း ထောက်လှမ်းရေး ပညာတွင် ပထမဆုံးသော ရှေ့ဆောင် လမ်းပြ စာအုပ်များဟု ဆိုနိုင်လေသည်။

ယခု ကျွန်တော် မြန်မာပြန်သော ရှားလော့ဟုမ်း ဝတ္ထုတိုများ အကြောင်းကို ပြောလိုပါသည်။

စာရေးဆရာ ဆာ အာသာ ကိုနင် ဒွိုင်းလ်သည် ရှားလော့ဟုမ်းကို ဇာတ်ဆောင်ပြုသော ဝတ္ထုရှည် လေးပုဒ်နှင့် ဝတ္ထုတိုပေါင်း ၅၆ ပုဒ် ရေးခဲ့လေသည်။ ကိုနင် ဒွိုင်းလ် ကွယ်လွန်ပြီးသည့် နောက်တွင် သား

၁။ *Dr. Edmond Locard*

၂။ *Hans Gross*

၃။ *Criminal Investigation*





ဖြစ်သူ အန်ဒရီယန် ကိုနင် ဒွိုင်းလ်နှင့် ဂျွန် ဒစ်ကဆင် ကားတို့က ရှားလော့ဟုမ်းကို ဇာတ်ဆောင် ပြုသည့် ဝတ္ထုတိုပေါင်း ၁၂ ပုဒ်ကို ထပ်မံ ရေးခဲ့ကြပြန်သဖြင့် ရှားလော့ဟုမ်း ဝတ္ထုတိုပေါင်း ၆၈ ပုဒ် ရှိသည်ဟု ဆိုနိုင်ပါသည်။

မြန်မာ စာဖတ် ပရိသတ်တို့ ရှားလော့ဟုမ်း ဝတ္ထုတို မူရင်းများကို တိုက်ရိုက် အရသာ ခံနိုင်ရန် ထို ၆၈ ပုဒ် စလုံးကို မြန်မာလို ပြန်ဆိုကာ အုပ်တွဲ ခြောက်တွဲ ထုတ်ရန် ရည်ရွယ်ထားပါသည်။ ပထမအုပ်တွဲ ('ရှားလော့ဟုမ်း၏ မှတ်တမ်းများ' ဆိုသည့် အတွဲ) ကို အောင်သိဒ္ဓိ စာပေမှ ထုတ်ဝေခဲ့ပြီး ကျန် ငါးတွဲကို ဘဝ တက္ကသိုလ် စာပေမှ ထုတ်ဝေမည် ဖြစ်ပါသည်။ ယခု ထုတ်ဝေလိုက်သော 'ရှားလော့ဟုမ်း ပြန်လာပြီ' ဆိုသည့် အတွဲမှာ ဒုတိယတွဲ ဖြစ်သည်ဟု ပြောနိုင်ပါသည်။

ရှားလော့ဟုမ်း၏ ဝတ္ထုတိုများကို စာရေးဆရာကြီး ပီမိုးနင်းက စုံထောက် မောင်ရွှေဒေး ဟူသော အမည်ဖြင့် ကောဇာသစ် မဂ္ဂဇင်းတွင် ၁၉၁၂ ခုလောက်က ရေးခဲ့ပါသည်။ နောက်ပိုင်းတွင် စာရေးဆရာကြီး ရွှေဥဒေါင်းက စုံထောက် မောင်စံရှား အမည်ဖြင့် အများဆုံး ရေးခဲ့ပါသည်။ အချို့ကိုလည်း စာရေးဆရာကြီး ဒဂုန်ရွှေမျှားက စုံထောက် ဦးထင်ကျော် အဖြစ် ဖန်တီးခဲ့သည်ကို တွေ့ရပါသည်။ ထိုအထဲတွင် ရွှေဥဒေါင်း၏ စုံထောက် ဦးစံရှားသည် လူသိ အများဆုံး ဖြစ်ပြီး ရှားလော့ဟုမ်း ဝတ္ထု အများဆုံး ပါဝင်သည်ကို တွေ့ရပါသည်။

ဤ အမှာစာကို ရေးမည် ပြုသည့် အခါတွင် ရွှေဥဒေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများကို လက်လှမ်းမီသမျှ ရှာဖွေ ဖတ်ရှုရပါသည်။ အထူးသဖြင့် ပုဂံ စာအုပ်တိုက်မှ ထုတ်ဝေသော စုံထောက် ဦးစံရှား ဝတ္ထု ပေါင်းချုပ်၊ မြန်မာပြည် စာအုပ်တိုက်မှ ထုတ်ဝေသော စုံထောက် ဦးစံရှား ဝတ္ထုတို အတွဲများနှင့် နလုံးလှ စာပေတိုက်မှ ထုတ်ဝေသော စုံထောက် ဦးစံရှား ဝတ္ထု အတွဲများ ဖြစ်ပါသည်။ ပုဂံမှ ထုတ်ဝေသော 'ပေါင်းချုပ်' တွင် စုစုပေါင်း စုံထောက် ဦးစံရှား ဝတ္ထု ၅၃ ပုဒ် ပါရှိရာ ဝတ္ထုရှည် သုံးပုဒ်ကို နုတ်လိုက်လျှင် စုံထောက် ဦးစံရှား ဝတ္ထုတိုပေါင်း ၅၀ + ၁ စုစုပေါင်း ၅၁ ပုဒ် တွေ့ရပါသည် (နောက် တစ်ပုဒ်မှာ သည်ကုန်းတက်ကက် မင်း[၁] ဖြစ်ပြီး ရွှေဥဒေါင်းက 'စစ်ဗိုလ် လင်မယား' အမည်ဖြင့် ပြန်ထား မြန်မာမှု ပြုထားပါသည်။ သို့ရာတွင် ထိုအပုဒ်မှာ ပုဂံထုတ် ပေါင်းချုပ်တွင် မပါပါ။ မြန်မာပြည် စာအုပ်တိုက်မှ ထုတ်သည့် အတွဲတွင် သွားတွေ့ရပါသည်။)။

လက်လှမ်းမီသမျှ ရှာဖွေ တွေ့ရှိသည့် စုံထောက် ဦးစံရှား ဝတ္ထု

၁။ *The Crooked Man*



www.burmeseclassic.com

www.burmeseclassic.com



၅၁ ပုဒ်ထဲတွင် ၃၅ ပုဒ်မှာ စာရေးဆရာ ဆာ အာသာ ကိုနင် ဒွိုင်းလ်နှင့် သူ့သား ဖြစ်သူ အန်ဒရီယန် ကိုနင် ဒွိုင်းလ်တို့ ရေးခဲ့သော ရှားလော့ဟုမ်း ဝတ္ထုတိုများကို မှီးထားခြင်း ဖြစ်ပြီး ကျန် ဦးစံရှား ဝတ္ထုတိုများမှာ အခြားသော စုံထောက် ဝတ္ထုများမှ မှီးထားခြင်း ဖြစ်သည်ကို တွေ့ရပါသည် (ဥပမာအားဖြင့် ပုဂံ ပေါင်းချုပ်တွင် ပါဝင်သည့် 'ဘုရင်ခံ ကတော် စာပျောက်မှု' မှာ အမေရိကန် စာရေးဆရာကြီး အဂ္ဂါ အလန် ပိုး၏ စုံထောက် ဒူပင် ပါဝင်သည့် ဝတ္ထုတို တစ်ပုဒ် ဖြစ်ပြီး 'အာသောကမင်း၊ သိရိဓမ္မာ သောက မင်းကြီး တံဆိပ်တော်' ဝတ္ထုမှာ အင်္ဂလိပ် စာရေးဆရာ အော်စတင် ဖရီးမင်း[၁] ရေး၍ စုံထောက် ဒေါက်တာ သွန်းဒိုက်[၂] ပါဝင်သည့် ဝတ္ထုတို တစ်ပုဒ် ဖြစ်ကြောင်းကို တွေ့ရသည်။)။ ထို့ကြောင့် ရွှေဥဒေါင်း မြန်မာမှုပြု ဦးစံရှား ဝတ္ထုတို (ရှာဖွေ တွေ့သမျှ) ၅၁ ပုဒ်ထဲတွင် ၃၅ ပုဒ်သည် ရှားလော့ဟုမ်း ဝတ္ထုတိုများ ဖြစ်ပြီး ကျန် ၁၆ ပုဒ်သည် အခြား စုံထောက် ဝတ္ထုတိုများကို ဦးစံရှား အဖြစ် မှိုင်းမြင်ပြု ထားသည့် ဝတ္ထုတိုများဟု ဆိုနိုင်ပါသည်။ ရှားလော့ဟုမ်း ဝတ္ထုတို စုစုပေါင်း ၆၈ ပုဒ် ရှိရာ ယင်းတို့အနက် ၃၅ ပုဒ်ကိုသာ ရွှေဥဒေါင်းက ဦးစံရှား အဖြစ် မြန်မာမှု ပြုခဲ့ပြီး မြန်မာမှု မပြုရသေးသော ပုဒ်ရေ ၃၃ ပုဒ် ကျန်နေသေးသည်ဟု ဆိုနိုင်ပါသည်။

ရွှေဥဒေါင်းသည် ရှားလော့ဟုမ်း ဝတ္ထုတိုများကို ဦးစံရှား အဖြစ် မြန်မာမှု ပြုရာတွင် အချို့ကို နှစ်ခါ သုံးခါ ထပ်ရေးသည်ကို တွေ့ရပါသည် (ဥပမာ သည် ရက် ဟက်ဒက် လိဂ်[၃] ကို 'ခါးကုန်း အသင်း'၊ 'မျက်စိ တစ်ဖက်လပ် အသင်း'၊ 'ကာဏာရိဋ္ဌ အသင်းဥ္ဌ စုံထောက်ပုံ' စသည့် အမည်များဖြင့် သုံးခါပြန် ရေးသည်ကို တွေ့ရပါသည်။ ဗော့စ်ကွန်ဗီ ဗဲလီး မစ်စတြီ[၄] ဟူသော ဝတ္ထုတိုကို 'သရက်တပင်လှစွာ လူသတ်မှုဥ္ဌ စုံထောက်ပုံ' ဟူသော အမည်ဖြင့် လည်းကောင်း၊ 'တီတီတူး ခါးခါး' ဟူသော အမည်ဖြင့် လည်းကောင်း၊ 'တဝူကူးကူး' ဟူသော အမည်ဖြင့် လည်းကောင်း သုံးကြိမ် ရေးသည်ကို တွေ့ရပါသည်။)။ အချို့ ဝတ္ထုများမှာလည်း ခေါင်းစဉ် ခပ်ဆင်ဆင် ဖြစ်နေသည်ကို တွေ့ရပါသည် (ဥပမာ သည် ဗလက် ဗေရွန်းနက်[၅] ကို 'အင်္ဂလိပ် စစ်ဗိုလ်

---

၁။ *Austin Freeman*

၂။ *Dr. Thorndyke*

၃။ *The Red-headed League*

၄။ *Boscombe Valley Mystery*

၅။ *The Black Baronet*





လင်မယား' ဟု အမည် ပေးထားပြီး သည် ကာ့ခွတ်ကာက် မင်းကို 'စစ်ဗိုလ် လင်မယား' ဟု အမည် ပေးထားသည်ကို တွေ့ရပါသည်။)။

ကျွန်တော်၏ မြန်မာပြန် ဝတ္ထုများ အောက်ခြေတွင် တွေ့သမျှသော စုံထောက် ဦးစံရှား ဝတ္ထုများနှင့် ရှားလော့ဟုမ်း ဝတ္ထုများကို တိုက်ဆိုင် ညှိနှိုင်း၍ ဖော်ပြထားပါသည်။ ပြည့်စုံ မှန်ကန်ပြီဟု မဆိုပါ။ အမှား တွေ့ပါက ထောက်ပြနိုင်ကြပါသည်။

ရှားလော့ဟုမ်း ဝတ္ထုတိုများကို ပြန်ဆို ထုတ်ဝေရာတွင် တတ်နိုင်သည့် ဘက်မှ အကူအညီ ပေးကြသော စာရေးဆရာ တိုက်စိုး၊ ကျော်အောင်၊ မင်းကျော်၊ နတ်နွယ်၊ မောင်သွေးသစ်၊ အောင်သင်း၊ ကဗျာဆရာ တင်ရွှေမိုး၊ ဦးလှမိုး စသည့် ပုဂ္ဂိုလ်များကို လည်းကောင်း၊ ပန်းချီဆရာများ ဖြစ်သော စံတိုးနှင့် တင်မောင်မျှင့်တို့ကို လည်းကောင်း၊ ရှားလော့ဟုမ်း ဝတ္ထုများ စတင် ပေါ်ပေါက်ခဲ့စဉ်က ရေးဆွဲခဲ့သော အင်္ဂလိပ် ပန်းချီကျော် ဆစ်ဒနီ ပေဂျက်[၁] ၏ ပုံများကို ခက်ခက်ခဲခဲ ရှာဖွေကာ ယခု စာအုပ်တွင် ရုပ်ပုံများ ထည့်သွင်းပေးသော 'ဘဝ တက္ကသိုလ်' စာပေတိုက်ကို လည်းကောင်း၊ အမှားအယွင်း နည်းနိုင်သမျှ နည်းအောင် ကြိုးစား ရိုက်နှိပ် ပေးသည့် စာလုပ်ငန်း ပုံနှိပ်တိုက်ကို လည်းကောင်း ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

မြသန်းတင့်

၁၃၄၅ နယုန်လဆုတ် ၁၁ ရက်။
၁၉၈၃ ဇူလိုင်လ ၆ ရက်။

---

၁။ *Sydney Paget*



www.burmeseclassic.com

www.burmeseclassic.com

# လူမနေသော အိမ်ကြီး



၁၈၉၄ ခုနှစ် နွေ ဦး ပေါက် ၌ အော်နာရေဘဲ ရိုနယ် အဒဲယား ရှုပ်ထွေး ဆန်းကြယ်စွာ အသတ်ခံရခြင်းနှင့် ပတ်သက်၍ လန်ဒန်မြို့ တစ်မြို့လုံးသည် အကြီးအကျယ် စိတ်ဝင်စားလျက် ရှိပြီး အထက်တန်းလွှာ အသိုင်းအဝိုင်း မှာလည်း ဝမ်းနည်းပက်လက် ဖြစ်လျက် ရှိကြလေ၏။ ပုလိပ်ဘက် ဆိုင်ရာ အစီရင်ခံစာများထဲတွင် ပါရှိပြီး ဖြစ်သည့် အတွက် ထိုအမှု အကြောင်းကိုလည်း အများ ပြည်သူများ သိရှိပြီး ဖြစ်ကြပေ၏။ သို့ရာတွင် စွဲချက်မှာ ထင်ရှား ခိုင်လုံလွန်းလှသည့် အတွက် အချက်အလက်များ အားလုံးကို တင်ပြရန် မလိုသည့် အလျောက် ထိုစဉ်က အချို့သော အချက်အလက်များကို ဖုံးကွယ်ထားခဲ့ပေ၏။ ဆယ်နှစ် ကြာသည့် ယခု အချိန်ကျမှသာလျှင် ကျွန်ုပ်သည် ထိုအမှုကြီးထဲတွင် ပျောက်ဆုံးနေသည့် ကွင်းဆက်များကို တင်ပြရန် အခွင့်သာလာသည့် အတွက် တင်ပြလိုက်ရခြင်း ဖြစ်ပေ၏။ ထိုအမှုမှာ အမှုသွား အမှုလာ ကိုယ်နှိုက်ပင် စိတ်ဝင်စားစရာ ကောင်းသည် မှန်သော်လည်း အမှု နောက်ပိုင်းတွင် ဖြစ်ပွားလာသည့် ဖြစ်ရပ်များနှင့် စာလျှင် ထိုအချက်သည် ဘာမျှ မပြောလောက်သေးချေ။ ကျွန်ုပ်၏ သက်တမ်း တစ်လျှောက်တွင် ထူးထူးဆန်းဆန်း ဖြစ်ရပ်များကို တွေ့ဖူးခဲ့ပြီ ဖြစ်သည့်တိုင် ယခု တွေ့ရသည့် ဖြစ်ရပ်ကား အံ့သြဖွယ်ကောင်းရုံမျှမက အသည်းတုန် အူတုန် ရှိလှသော ဖြစ်ရပ် တစ်ခုလည်း ဖြစ်လေရာ ယခု ပြန် တွေးလိုက်လျှင်ပင် ကျွန်ုပ်သည် တွေးတိုင်း ကြက်သီး တဖြန်းဖြန်း ထကာ အံ့သြခြင်း၊ ပျော်ရွှင်ခြင်း မယုံနိုင်ခြင်းတို့သည် ကျွန်ုပ် စိတ်ထဲတွင် ရောထွေးလျက် ရှိနေပေသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ထူးခြားသော ပုဂ္ဂိုလ် တစ်ဦးဟု ခေါ်ထိုက်သည့် မိတ်ဆွေကြီး ရှားလော့ဟုမ်း၏ တွေးခေါ်ပုံများ၊ လုပ်ရှား ဆောင်ရွက်ချက်များကို ရေးသား ဖော်ပြခဲ့ရာ၌ စာဖတ်သူများကလည်း စိတ်ပါဝင်စားကြသည့် အလျောက် ကျွန်ုပ် သိသမျှကို ထိမ်ချန် ထားရမည်လောဟု အပြစ် တင်ခြင်း မပြုရန် ထိုပရိသတ်ကို ဦးစွာ ပြောလိုပါသည်။

အမှန်အားဖြင့် ဆိုလျှင် ကျွန်ုပ်တွင်လည်း ထိုအကြောင်းများကို ပြောရန် တာဝန် ရှိသည်ဟု ကျွန်ုပ် ယူဆပါသည်။ သို့ရာတွင် ထိုအချိန်က ရှားလော့ဟုမ်း ကိုယ်တိုင်ကပင် ထိုအကြောင်းများကို ထုတ်ဖော် ရေးသားခြင်း မပြုရန် အတိအလင်း တားမြစ်ခဲ့သဖြင့် ယခုမှ ထုတ်ဖော် ရေးသားလိုက်ရခြင်း ဖြစ်ပေ၏။

ရှားလော့ဟုမ်းနှင့် ရင်းနှီးစွာ ပေါင်းသင်းလာခဲ့သည့် အတွက် ကျွန်ုပ်သည် ရာဇဝတ်မှုကို ညှိမျှ စိတ်ပါဝင်စားလာခြင်း ဖြစ်လေရာ သူ ကွယ်လွန်ပြီးနောက်၌လည်း ကျွန်ုပ်သည် သတင်းစာထဲတွင် ပါသည့် ရာဇဝတ်မှု သတင်းများကို အမြဲတမ်း ဂရုစိုက် ဖတ်ကာ (ရသေ့စိတ်ဖြေ သဘောဖြင့်) သူ့ နည်းလမ်းများကို အသုံးပြုလျက် ထိုအမှုများကို ဖြေရှင်းကြည့်ရန် တစ်ခါမက ကြိုးစားခဲ့ဖူးသော်လည်း အောင်မြင်ခြင်း မရှိခဲ့ချေ။ သို့တိုင်အောင် ရိုနယ် အဒဲယား အသတ်ခံရမှုလောက်ကား မည်သည့် အမှုကိုမျှ ကျွန်ုပ် စိတ်မဝင်စားခဲ့ဖူးသေးချေ။ ရုံးတော်တွင် စစ်ဆေးသည့် အခါ၌ ထွက်ချက်များကို ကြားနာပြီးနောက် တင်ကူးကြံစွယ်ထားသည့် လူသတ်မှု ဖြစ်ကြောင်း စီရင်ချက် ချမှတ်လိုက်သည်နှင့် ကျွန်ုပ်သည် ထိုထွက်ချက်များကို ဖတ်ရင်း ရှားလော့ဟုမ်း သေဆုံးရသည့် အတွက် လူ့ အဖွဲ့အစည်းကြီး အဖို့ မည်မျှ နစ်နာ ဆုံးရှုံးကြောင်းကို ခါတိုင်းထက် ပို၍ လေးနက်စွာ သဘော ပေါက်လာခဲ့မိပေ၏။

ထိုအမှုတွင် ရှားလော့ဟုမ်း စိတ်ဝင်စားမည့် အချက် များစွာ ပါရှိနေပြီး ဥရောပတွင် အတော်ဆုံးသော ရာဇဝတ် စုံထောက် ရှားလော့ဟုမ်း၏ စူးစမ်းထောက်လှမ်းမှုနှင့် ထက်သန်သည့် သမ္မဇဉ်တို့ ထပ်လောင်း ဖြည့်စွက်လိုက်မည်ဆိုပါက ပုလိပ်ဘက်ဆိုင်ရာတို့ အဖို့ များစွာ အကူအညီ ရရှိမှုမက ကြိုတင်၍ပင် တားဆီးနိုင်လိမ့်မည်ဟု ကျွန်ုပ် ယုံကြည်မိပေသေး၏။

ကျွန်ုပ်သည် တစ်နေ့လုံး လူမမာများကို လှည့်လျှောက်ကြည့်ရင်း မြင်းရထားပေါ်၌ ထိုအကြောင်းကို စဉ်းစားလျက် ရှိသော်လည်း ကျွန်ုပ်ဘာသာ ကျွန်ုပ်ကျေနပ်လောက်သော အဖြေကို မရခဲ့ချေ။ အဖြစ်အပျက် တစ်ခုကို နှစ်ကြိမ် ထပ်





ပြသခြင်းမျိုး ဖြစ်သည့်တိုင် ကျွန်ုပ်သည် အမှု စစ်ဆေးခဲ့စဉ်က အများ ပရိသတ် ပို၍ သိခဲ့ကြပြီး ဖြစ်သည့် အချက်အလက်များကိုပင် ထပ်လောင်း တင်ပြရပါဦးမည်။

သေသူ အော်နာရေဘီ ရိုနယ် အဒဲယားမှာ ထိုစဉ်က ဩစတြေးလျတိုက် ပြည်နယ် တစ်ခုတွင် ဘုရင်ခံ အဖြစ် အမှုထမ်းနေသည့် အားလ်ဘွဲ့ရ အမတ်ကြီး မနုဿ၏ ဒုတိယသား ဖြစ်လေ၏။ အဒဲယား၏ မိခင် အမတ်ကြီး ကတော်သည် မျက်လုံး ခွဲစိတ် ကုသရန် အတွက် အင်္ဂလန်သို့ ပြန်လာပြီးနောက် သားဖြစ်သူ ရိုနယ် အဒဲယား၊ သမီး ဖြစ်သူ ဟီလဒါတို့နှင့် အတူ အမှတ် ၄၂၇၊ ပတ်ကလိန်း လမ်းတွင် နေထိုင်လျက် ရှိလေ၏။

အဒဲယားမှာ အထက်တန်းလွှာ အသိုင်းအဝိုင်းတွင် အပေါင်းအသင်း ဆုံ့သူ တစ်ယောက် ဖြစ်ပြီးလျှင် ယခုအချိန်ထိ သိရသလောက် ဆိုလျှင် ရန်သူဟူ၍ မရှိဘဲ ပြောပလောက်သည့် အကျင့် စရိုက်ဆိုး ဟူ၍လည်း မရှိလှချေ။ အဒဲယားသည် စတဲယား ရပ်ကွက်နေ မစ္စ အီဒစ် ဝုဒလေ ဆိုသူ အမျိုးသမီး တစ်ဦးနှင့် စေ့စပ် ကြောင်းလမ်းခဲ့ပြီးသော်လည်း အသတ် မခံရမီ လ အနည်းငယ်ခန့်က စေ့စပ် ကြောင်းလမ်းမှုကို နှစ်ဖက် သဘောတူ ဖျက်သိမ်းခဲ့ကြလေ၏။ ထိုအဖြစ်အပျက်ကြောင့် အဒဲယား၏ စိတ်နေစိတ်ထားတွင် တစ်စုံတစ်ရာ ပြောင်းလဲသွားသည့် လက္ခဏာချက်ကိုကား မတွေ့ရချေ။ ထို့နောက်တွင်ကား ရိုနယ် အဒဲယားသည် အေးအေးဆေးဆေး နေတတ်သူ တစ်ယောက် ဖြစ်သည့် အလျောက် ပေါင်းရိုး ပေါင်းစဉ် အသိုက်အဝန်း ကျဉ်းကျဉ်းကလေးဖြင့်သာ နေထိုင်ခဲ့လေ၏။ ထိုသို့ နေထိုင်ရင်းမှ မျိုးကောင်း ဆွေကောင်းထဲမှ လူငယ်ကလေး တစ်ဦး ဖြစ်သည့် ရိုနယ် အဒဲယားသည် ၁၈၉၄ ခု မတ်လ ၃၀ ရက်နေ့ ည ၁၀ နာရီနှင့် ၁၁ နာရီ မိနစ် ၂၀ ကြားတွင် ထူးဆန်းစွာ အသတ်ခံခဲ့ရခြင်း ဖြစ်လေ၏။

ရိုနယ် အဒဲယားမှာ ဖဲကစား ဝါသနာ ပါသူ တစ်ယောက် ဖြစ်၍ အမြဲတမ်း ဖဲကစားနေသူ တစ်ယောက် ဖြစ်သည့်တိုင် စီးပွား ဆုတ်ယုတ် ပျက်ပြားလောက်အောင် ကြေးကြီး ကစားတတ်သူ တစ်ယောက်ကား မဟုတ်ချေ။ ၎င်းမှာ ဘော်လဒွင် ဖဲကလပ်၊ ကာဗင်းဒစ် ဖဲကလပ်နှင့် ဘာဂါတယ် ဖဲကလပ်များတွင်လည်း ကလပ်ဝင် တစ်ယောက် ဖြစ်လေသည်။ အသတ်ခံရမည့် ညက ရိုနယ် အဒဲယားသည် ညစာ မစားမီကလေးတွင် ဘာဂါတယ် ဖဲကလပ်၌ ဖဲရဘာဖဲ ကစားခဲ့သေးသည်ဟု သိရ၏။ ညနေပိုင်းကလည်း ထိုကလပ်မှာပင် ကစားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ဆို၏။ ၎င်းနှင့် အတူ ဖဲကစားခဲ့သည့် မစ္စတာ မာရေး၊ ဆာ ဂျုံ ဟယ်ရီ၊ ဗိုလ်မှူးကြီး မိုရန်တို့၏ ထွက်ဆိုချက်များ အရ ထိုနေ့ညက သူတို့ ကစားကြသည့် ဝိုင်းမှာ ရပ်ဘာ ဖဲဝိုင်း ဖြစ်ပြီး တစ်ဝိုင်းလုံး အပြတ်အသတ် အနိုင် အရှုံး မရှိလှဘဲ ဖဲလှည့်သင့်သည်ဟု သိရ၏။ အဒဲယားမှာ ငါးပေါင်ခန့် ရှုံးမည်ဟု ထင်ရသော်လည်း မည်သည့် နည်းနှင့်မျှ ထို့ထက် မပိုဟု ထွက်ဆို ကြ၏။ အဒဲယားမှာ အမွေ အသင့်အတင့် ရထားသူ ဖြစ်သည့် အလျောက် ဤမျှလောက် ငွေသည် သူ့အဖို့ ဘာမျှ မထိခိုက်နိုင်ချေ။ အဒဲယားသည် ကလပ် တစ်ခုခုတွင် နေ့တိုင်း ကစားလေ့ ရှိသော်လည်း စည်းကမ်းနှင့် ကစားသူ တစ် ယောက် ပီပီ အများအားဖြင့် ဝိုင်းပြီးလျှင် နိုင်သည်က များသည်ဟု သိရ၏။ လွန်ခဲ့သည့် သီတင်းပတ် အနည်းငယ်က အဒဲယားသည် ဗိုလ်မှူးကြီး မိုရန်နှင့် စပ်တူ ကစားခဲ့ရာ ဂေါဖရီ မစ်လနားနှင့် လော့ဒ် ဘော်လမိုရယ်တို့ထံမှ ပေါင် ၄၂၀ ခန့် နိုင်ခဲ့ကြသည်ဟု ထွက်ချက်များ အရ သိရလေ၏။ ဤသည်မှာ ရုံးတင် စစ်ဆေးသည့် အခါတွင် သိရသည့် လောလောလတ်လတ် အချက်အလက်များ ဖြစ်လေ၏။

အခင်း ဖြစ်ပွားသည့် ညက ရိုနယ် အဒဲယားသည် ကလပ်မှ ၁၀ နာရီ တိတိတွင် ပြန်လာခဲ့သည်။ ထိုနေ့ညက သူ့ အမေနှင့် ညီမမှာ ဆွေမျိုး တစ် ယောက်၏ အိမ်တစ်အိမ်သို့ အလည်အပတ် သွားရောက်လျက် ရှိသည်ဟု သိ ရ၏။ ထိုနေ့ညက အဒဲယားသည် ခါတိုင်း သူ့ ဧည့်ခန်း အဖြစ် အသုံးပြုသည့် ဒုတိယ အထပ် ရှေ့တံခါးကို ဖွင့်ဝင်လာသံ ကြားလိုက်ရသည်ဟု အိမ်ဖော် အမျိုး သမီးက အစစ်ခံ၏။ အိမ်ဖော် အမျိုးသမီးသည် ဧည့်ခန်း မီးလင်းဖိုတွင် မီးထည့် ပေးပြီးနောက် မီးခိုးများ အပြင် ထွက်အောင် ပြတင်းပေါက်ကို ဖွင့်ထားခဲ့သည် ဆို၏။ သူ့ အမေနှင့် အစ်မတို့ အပြင်မှ ပြန်လာချိန် ဖြစ်သည့် ၁၁ နာရီ မိနစ် ၂၀ အထိ မည်သည့် အသံကိုမျှ မကြားရဟု ဆို၏။ ၎င်း၏ အမေသည် အိပ်ရာ ဝင် ခါနီး နှုတ်ဆက်ရန် အတွက် သား၏ အခန်းသို့ ရောက်လာခဲ့သည်။ အခန်းမှာ အတွင်းမှ နေ၍ သော့ခတ် ပိတ်ထားပြီး အပြင်မှ တံခါးကို ထုရိုက် အော်ခေါ် သော်လည်း ပြန်၍ ထူးသံကို မကြားရချေ။ ဤတွင် အနီးအပါးကို အကူအညီ တောင်းကာ တံခါးကို ချိုးဖျက်၍ ဝင်ကြသည့် အခါ၌ အဒဲယားမှာ စားပွဲ အနီး တွင် လဲကျ သေဆုံးလျက် ရှိသည်ကို တွေ့ရလေ၏။ ထိပ်ဖူးပြားလျက် ရှိသည် ခြောက်လုံးပြူး ကျည်ဆန် တစ်ခု မှန်ထားသည့် အတွက် ခေါင်းမှာ ကြေမွလျက် ရှိ၏။ သို့ရာတွင် အခန်းထဲ၌ လက်နက် ဆို၍ ဘာမျှ မတွေ့ရချေ။ စားပွဲပေါ်တွင်မူ





ပေါင်တန် ငွေစက္ကူ နှစ်ရွက်နှင့် ငွေ အကြွေ ၁၇ ပေါင် ၁၀ သျှီလင်ကို သူ့ နှင့် သူ ပုံလျက်သား တွေ့ရ၏။ စားပွဲပေါ်တွင်လည်း သူနှင့် ကလပ်တွင် ခဲ့သည့် ကစားဖော်များ၏ အမည်များနှင့် ဂဏန်း အချို့ ရေးမှတ်ထား ကို တွေ့သည်ကို ထောက်သော် အဒဲယားသည် မသေမီကလေးတွင် ဖဲဝိုင်း အရှုံးကို တွက်ချက် နေခဲ့သည် ဟု ယူဆရပေ၏။

ပတ်ဝန်းကျင်ကို လေ့လာ ကြည့်ရှုလိုက်သည့် အခါတွင် အမှုမှာ ရှင်း နှင့် တစ်စ တစ်စ ပို၍ ရှုပ်ထွေးလာသည်ကို တွေ့ရလေ၏။ ပထမ အားဖြင့် အဒဲယားသည် အဘယ်ကြောင့် အခန်း တံခါးကို အတွင်းမှ သော့ခတ် ပိတ်ထားသည်ကို အဖြေ ရှာမရနိုင်အောင် ဖြစ်လျက် ရှိပေ၏။ လူ သတ်သမားသည် တံခါးကို အတွင်းက ပိတ်ပစ်ခဲ့ပြီး ပြတင်းပေါက်မှ ကျော် သွားခြင်း ဖြစ်နိုင်သည်ဟု ယူဆရ၏။ သို့ရာတွင် ဒုတိယ အထပ်မှာ အမြင့် နှစ်ဆယ်လောက် ရှိပြီး အောက်တွင် ပန်းခင်းများ ရှိလေရာ ပန်းခင်းများနှင့် တစ်ပိုက်ရှိ မြေကြီးကို ကြည့်ရှု စစ်ဆေးသည့် အခါတွင် ခြေရာလက်ရာ ဘာမျှ မတွေ့ရချေ။ အိမ် ပတ်ဝန်းကျင်ရှိ မြက်ခင်းကလေးပေါ်တွင်လည်း တ်အသား တစ်စုံတစ်ရာ မတွေ့ရချေ။ သို့ဖြစ်လေရာ အဒဲယား ကိုယ်တိုင် လျှင် အခန်းတံခါးကို အတွင်းမှ သော့ခတ်ခဲ့သည်ဟု ယူဆစရာ ဖြစ်လာလေ ၏။

သို့ဖြစ်လျှင် မည်သို့ မည်ပုံ သေဆုံး ရသနည်း။ ခြေရာလက်ရာ တစ်စုံ တစ်ရာ မကျန်စေဘဲ မည်သူမျှ ဤပြတင်းပေါက်ကို ရောက်အောင် မတက်နိုင် ချေ။ အကယ်၍ လမ်းမကနေပြီး ပြတင်းပေါက်မှ တစ်ဆင့် လှမ်းပစ်မည် ဆို လျှင် ခြောက်လုံးပြူးဖြင့် ဤမျှ အဝေးကြီးကို မှန်အောင် ပစ်နိုင်သူသည် အလွန် လက်တည့်သူမျိုးမှသာ တတ်နိုင်လိမ့်မည်။ သို့ရာတွင် ပတ်ကလိန်းသည် ယာဉ် ထား အသွားအလာ များသည့် လမ်းမကြီး တစ်ခု ဖြစ်၏။ အိမ်နှင့် ကိုက် တစ် ရာခန့် အကွာတွင် မြင်းရထားဂိတ် တစ်ခုလည်း ရှိသေး၏။ ထိုညက မည်သူမျှ သေနတ်သံကို မကြားလိုက်ကြချေ။

သို့ရာတွင် ယခုမူ သေသည့် လူက သေပြီ။ ကျည်ပျော့များ ထုံးစံအတိုင်း ထိပ်ဖူးတွင် မှိုပွင့်ကြီးလို ပြန့်ကားသွားသည့် ခြောက်လုံးပြူး ကျည်ဆန်ကိုလည်း တွေ့ပြီ။ ပွဲချင်းပြီး သေစေလောက်သည့် ဒဏ်ရာကိုလည်း တွေ့ရှိနေပြီ။

ဤသည်တို့မှာ ပတ်ကလိန်း လူသတ်မှုနှင့် ပတ်သက်သည့် အခြေအနေ အရပ်ရပ်တို့ ဖြစ်ပြီး အဒဲယားသည် လူချစ် လူခင် များသူ တစ်ယောက် ဖြစ်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



ငွေကြေး သို့မဟုတ် အဖိုးတန် ပစ္စည်းများကို ရယူရန် အားထုတ်မှု မရှိခြင်း စသည်တို့ကို ထည့်၍ စဉ်းစားလိုက်သည့် အခါတွင် အမှု ကျူးလွန်ခြင်း၏ ရည်ရွယ်ချက်ကို ရှာမရသည့် အလျောက် အမှုမှာ ရှုပ်ထွေးသည်ထက် ရှုပ်ထွေးလာခဲ့လေသည်။

ကျွန်ုပ်သည် ထို အချက်အလက်များကို တစ်နေ့လုံး စဉ်းစားရင်း ကျွန်ုပ်၏ မိတ်ဆွေကြီး ရှားလော့ဟုမ်း ပြောခဲ့သည့် အတိုင်း စုံစမ်း ထောက်လှမ်းမှု မှန်သမျှတွင် အားအနည်းဆုံး ပျောက်ကွက်မှ စတင်ရမည် ဟူသော နည်းကို အသုံးချရန် ကြိုးစားလျက် ရှိသော်လည်း ရှင်းရှင်း ဝန်ခံရလျှင်မူ များစွာ အောင်မြင်မှု မရှိသေးချေ။

ညနေတွင် ကျွန်ုပ်သည် ပတ်ကလိန်းရှိ ပန်းခြံထဲတွင် လမ်းလျှောက် ထွက်ခဲ့ပြီး ခြောက် နာရီတွင် ပတ်ကလိန်း အဆုံးရှိ အောက်စဖို့ လမ်းထဲသို့ ရောက်လာခဲ့လေ၏။ ထိုလမ်း၌ကား လမ်းသွား လမ်းလာ အချို့သည် ပလက်ဖောင်းပေါ်မှ ရပ်ကာ ပြတင်းပေါက်ကို လှမ်းကြည့်လျက် ရှိကြပြီး ကျွန်ုပ် ကြည့်ရန်လာသည့် အိမ်ကို ညွှန်ပြလိုက်ကြလေ၏။ အရပ်ဝတ် အရပ်စားဖြင့် ရုပ်ဖျက် ထားသော စုံထောက်ဟု ထင်ရသည့် မျက်မှန် အနက် တပ်ထားသော အရပ် မြင့်မြင့် ပိန်ပိန် လူတစ်ယောက်သည် အမှုနှင့် ပတ်သက်၍ သူ့ ထင်မြင်ချက်ကို ပြောပြလျက် ရှိပြီး အချို့ကမူ သူ့ စကားကို ဝိုင်းအုံ နားထောင်လျက် ရှိကြလေ၏။

ကျွန်ုပ်သည် လူအုပ် ကြားထဲမှ အတင်း တိုးဝှေ့ကာ သူ့ ထင်မြင်ချက်ကို နားထောင်ကြည့်ရာ သူ့ ထင်မြင်ချက်မှာ ယုတ္တိ ကင်းမဲ့နေသည်ကို တွေ့ရသည့် အတွက် စိတ်ပျက်ပျက်ဖြင့် လူအုပ် ကြားထဲမှ ပြန်ထွက်လာခဲ့လေ၏။ သို့ ပြန်ထွက်ခဲ့ရာတွင် ကျွန်ုပ်သည် နောက်တွင် ရပ်နေသည့် ခါးကုန်းကုန်းနှင့် အဘိုးကြီး တစ်ယောက်ကို ဝင်တိုးမိသည်၌ သူ့လက်မှ စာအုပ်များသည် အောက်သို့ လွင့်ကျသွားလေ၏။

ကျွန်ုပ်က အောက်သို့ ကျသွားသော စာအုပ် အချို့ကို ကောက်ပေးရင်း ကြည့်လိုက်သည့် အခါ၌ တစ်အုပ်မှာ 'သစ်ပင်များကို ကိုးကွယ်မှု အစ' ဟူသော ခေါင်းစဉ်ကို တွေ့လိုက်ရသဖြင့် ထိုအဘိုးကြီးမှာ ဝါသနာ အရ လည်းကောင်း၊ အလုပ်အကိုင် အရ လည်းကောင်း ရှားပါးသော စာအုပ်များကို စုဆောင်းသည့် ဆင်းရဲ နွမ်းပါးသော စာအုပ် ကြမ်းပိုးကြီး တစ်ယောက် ဖြစ်လိမ့်မည်ဟု ထင်လိုက်မိပေ၏။ ကျွန်ုပ်က ဝင်တိုးမိသည့် အတွက် တောင်းပန်သော်လည်း ထို







ခါးကုန်းကုန်းနှင့်
အဘိုးကြီး တစ်ယောက်ကို
ဝင်တိုးမိသည်၌ …

အဘိုးကြီးကမူ ကျွန်ုပ်ကြောင့် အောက်သို့ ကျသွားသော ရှားပါး စာအုပ်များကို အလွန် အဖိုး တန်သည့် ရတနာ ပစ္စည်းများ သဖွယ် တယုတယ ကြည့်နေသည်ကို တွေ့ရလေ၏။ ထို့နောက် အဘိုးကြီးသည် ကျွန်ုပ်အား မကျေနပ်ဟန်ဖြင့် လှည့်ထွက်သွားလေရာ ခဏ ကြာလျှင် ခါးကုန်းကုန်း နှုတ်ခမ်းမွေး ဖြူဖြူကြီးများနှင့် အဘိုးကြီးသည် လူအုပ် ကြားထဲတွင် ပျောက် ကွယ်သွားလေ၏။

ကျွန်ုပ်သည် အခင်း ဖြစ်ပွားရာ ပတ်ကလိန်း အိမ်နံပါတ် ၄၂၇ ကို လေ့လာ ကြည့်သော်လည်း ကျွန်ုပ် စိတ်ဝင်စားနေသည့် အမှုကို ဖြေရှင်းရေးနှင့် ပတ်သက်၍ ထူးထူးခြားခြား သဲလွန်စ မရခဲ့ချေ။ အိမ်ကြီးမှာ အုတ်နံရံ နိမ့်နိမ့်ကလေးပေါ်တွင် သံ တိုင် များ စိုက်၍ ဝင်းခြံ ကာထားပြီး ဝင်းခြံ အမြင့်မှာ အလွန်ဆုံး ရှိမှ ငါးပေ ကျော်သာ ရှိမည်ဟု ခန့်မှန်းရပေ၏။ ထို့ကြောင့် ခြံထဲသို့ ဝင်ရန်မှာ များစွာ အခက်အခဲ ရှိမည် မဟုတ်ချေ။ သို့ရာတွင် တိုက်နံရံတွင် ရေပိုက်များ တပ်ဆင်ထားခြင်း မရှိသည့် အလျောက် တော်ရုံတန်ရုံ လူ တစ်ယောက် အဖို့ ပြတင်းပေါက်သို့ အလွယ်တကူ တက်နိုင်မည် မဟုတ်ချေ။ ထိုင်နေ အကောင်းသား ထသွားမှ ကျိုးမှန်းသိ ဆိုသကဲ့သို့ ကိုယ်တိုင် သွားကြည့်ကာမှ ပို၍ ရှုပ်ထွေးလာသည့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် စိတ်ပျက်လက်ပျက်ဖြင့် ကျွန်ုပ် နေထိုင်ရာ ကင်ဆီတန် ရပ်ကွက်သို့ ပြန်လာခဲ့လေ၏။

ညှေ့ခန်းတွင် ကျွန်ုပ် ထိုင်၍ ငါးမိနစ်မျှ မကြာမီ ဧည့်သည် တစ်ယောက်က တွေ့လိုကြောင်းဖြင့် အိမ်ဖော် မိန်းမကြီးက လာရောက် ပြောပြလေ၏။ ကြည့်လိုက်သည့် အခါတွင် ဖြူဖွေးနေသော ဆံပင်များ အောက်မှ ရှုံ့တွ သေးသွယ်သော မျက်နှာဖြင့် ချိုင်းကြားတွင် စာအုပ် တစ်ဒါဇင်ခန့်ကို ပိုက်ထားသည့် စာအုပ်ဟောင်း ရောင်းသူ အဘိုးကြီး ဖြစ်နေသည့် အတွက် ကျွန်ုပ်မှာ အကြီးအကျယ် အံ့အားသင့်လျက် ရှိလေ၏။

"ကျုပ်ကို မြင်လိုက်ရလို့ အံ့အားသင့်သွားသလားဗျာ" ဟု ထိုအဘိုးကြီးက ခပ်အက်အက် အသံဖြင့် ပြောလေ၏။

ကျွန်ုပ်က အံ့အားသင့်မိကြောင်း ဝန်ခံလေ၏။

"ဟုတ်ကဲ့၊ ကျုပ် စိတ်ထဲမှာ တနုန့်နုန့် ဖြစ်နေတယ်ဗျာ၊ မိတ်ဆွေကြီး ဒီအိမ်ထဲကို ဝင်သွားတာလည်း မြင်လိုက်ရော နောက်က လိုက်လာရင်း စိတ်ကူးမိတယ်ဗျ၊ ငါတော့ အိမ်ထဲ ဝင်ပြီး မိတ်ဆွေကြီးကို တွေ့ဦးမယ်၊ တွေ့ပြီး စောစောက ကျုပ် အပြုအမူ နည်းနည်းများ ရိုင်းသွားရင် စိတ်မရှိပါနှင့်လို့ တောင်းပန်မယ်၊ စာအုပ်တွေကို ကောက်ပေးတဲ့ အတွက် ကျေးဇူး တင်တယ် ဆိုတဲ့ အကြောင်းလည်း ပြောမယ် ဆိုပြီး ဝင်လာတာပဲဗျ"

"ကိစ္စ မရှိပါဘူး ခင်ဗျာ၊ အသေးအဖွဲကလေးပါ၊ ရပါတယ်၊ ဒါထက် နေစမ်းပါဦး၊ ကျွန်တော် ဘယ်သူလဲ ဆိုတာ မိတ်ဆွေကြီး ဘယ်လိုလုပ်များ သိပါသလဲ"


"ဟုတ်ကဲ့၊ စပ်စုတယ်လို့တော့ မအောက်မေ့ပါနှင့်ဗျာ၊ ကျုပ်က မိတ်ဆွေကြီးနှင့် အိမ်နီးနားချင်းပါ၊ ဒီနှင့် မလှမ်းမကမ်း ချာ့ချ် လမ်းထောင့်မှာ စာအုပ်ဆိုင်ကလေး တစ်ဆိုင် ဖွင့်ထားပါတယ်၊ မိတ်ဆွေကြီးကို တွေ့ရလို့လည်း ဝမ်းသာပါတယ်၊ ကြည့်ရတာကတော့ မိတ်ဆွေကြီး ကိုယ်တိုင်ကလည်း စာအုပ်အဟောင်းတို့ ဘာတို့ စုတတ်တယ် ထင်ပါရဲ့၊ ဟောဒီမှာ ရှားပါး စာအုပ်ကလေးတွေ ခင်ဗျ၊ ဒါက *ဗြိတိန် နိုင်ငံရှိ ငှက်များ အကြောင်း* တဲ့ ခင်ဗျ၊ ဟောဒါက *ကာတုလ* ဝတ္ထု၊ ဟောဒါက *သာသနာရေး စစ်ပွဲများ* ဆိုတဲ့ စာအုပ် ခင်ဗျာ၊ မိတ်ဆွေကြီး လိုချင်တယ် ဆိုရင် ဈေးနှုန်း ချိုချိုနှင့် ပေးပါ့မယ်၊ ဟောဒီ စာအုပ် ငါးတွဲလောက် တင်လိုက်ရင် မိတ်ဆွေကြီးရဲ့ စာအုပ်စင် ဒုတိယဆင့်မှာ ဟာနေတဲ့ ကွက်လပ်ကလေးလည်း ပြည့်သွားမှာပါ၊ ခုတော့ စာအုပ် မပြည့်မစုံနှင့်





...ပ်စင်ကလေးကို ကြည့်ရတာ မသပ်မရပ် ဖြစ်နေတာပေါ့ ခင်ဗျာ၊ မဟုတ်...လား"

ကျွန်ုပ်သည် နောက်တွင် ရှိသည့် စာအုပ် ဗီရိုကလေးကို လှည့်ကြည့်...ပိလေ၏။ ကျွန်ုပ် ပြန်လှည့်လိုက်သည့် အခါ၌ စားပွဲ တစ်ဖက်တွင် ကျွန်ုပ်...ကို ပြုံးကြည့်ရင်း မားမားကြီး ရပ်နေသော ရှားလော့ဟုမ်းကို မြင်ရလေ၏။ ...ပ်သည် ဖြုန်းခနဲ ထိုင်ရာမှ ထလိုက်လျက် အကြီးအကျယ် အံ့အားသင့်ကာ ပါးစပ် အဟောင်းသား၊ မျက်လုံး အပြူးသားဖြင့် အတန်ကြာမျှ စိုက်ကြည့်နေမိလေ၏။ ထို နောက် ၌ ကား ကျွန်ုပ်သည် တစ်သက်တွင် ပထမဆုံး အကြိမ်နှင့် နောက်ဆုံး အကြိမ်



စားပွဲ တစ်ဖက်တွင် ကျွန်ုပ်ကို ပြုံးကြည့်ရင်း
မားမားကြီး ရပ်နေသော ရှားလော့ဟုမ်းကို မြင်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် သတိလစ်သွားဟန် ရှိပေ၏။ ကျွန်ုပ် မျက်စိရှေ့တွင် နှင်းမြူတွေ ဆိုင်းသကဲ့သို့ မှုန်ဝါးသွားပြီးနောက် ပြန်၍ သတိရလာသည့် အခါ၌ ကျွန်ုပ်၏ အင်္ကျီကော်လာမှ ကြယ်သီးသည် ပြုတ်ထွက်လျက် ရှိကာ ပါးစပ်ထဲတွင်လည်း ဘရန်ဒီသောက်ထားရသကဲ့သို့ ရှတတ ဖြစ်လျက် ရှိခြင်းကို တွေ့ရလေ၏။ ကုလားထိုင်ဘေးတွင် ရပ်ကာ လက်ထဲတွင် အရက်ဘူးကို ကိုင်ထားလျက် ရှိသော ရှားလော့ဟုမ်းကို တွေ့ရလေ၏။

ထိုနောက် ကျွန်ုပ် မှတ်မိသည့် သူ၏ ခါတိုင်း အသံမျိုးဖြင့်

"ဖြစ်မှ ဖြစ်ရပလေ ဝပ်ဆင်ရာ၊ ကျုပ် ခင်ဗျားကို တောင်းပန်ပါတယ်ဗျာ၊ ခင်ဗျား ဒီလောက် စိတ် ထိခိုက်သွားလိမ့်မယ်လို့ နည်းနည်းကလေးမှ မထင်မိဘူးဗျာ"

ကျွန်ုပ်က သူ့ လက်မောင်းကို အားရပါးရ ဆုပ်ကိုင်လိုက်ရင်း

"ဗျို့ ဟုမ်း၊ ခင်ဗျား ဟုတ်တယ်နော်၊ သေချာတယ်နော်၊ ခင်ဗျား တကယ်မသေဘူးနော်၊ ဒီလောက် နက်တဲ့ ချောက်ကမ်းပါးကြီးထဲက ပြန်တက်လာတယ်ဆိုတာ တကယ်နော်"

"ခဏ နေပါဦးလေ၊ သိပ် စကား မပြောနှင့်ဦး၊ နည်းနည်း နေသာထိုင်သာ ရှိသွားတော့မှ ပြော၊ အေးဗျာ၊ ကျုပ်ကလည်း ဇာတ်ထဲက ရှိန်းပြီးနေသူများလို မလိုအပ်ဘဲ ဖြုန်းစားကြီး ကိုယ်ထင် ပြလိုက်တော့ ခင်ဗျား လန့်သွားအောင် လုပ်လိုက်သလို ဖြစ်နေတယ်"

"ကောင်းသွားပါပြီဗျ၊ ဘာမှ မဖြစ်တော့ပါဘူး၊ ဒါပေမဲ့ ဟုမ်းရေ၊ ကျွန်တော်တော့ ကျွန်တော့် မျက်စိကို မယုံနိုင်လောက်အောင်ကို ဖြစ်နေပြီ၊ ကြည့်စမ်းပါဦးဗျာ၊ ကျွန်တော်ကဖြင့် သေပြီလို့ ထင်နေတာ၊ ခုတော့ ကျွန်တော့် ဧည့်ခန်းထဲမှာ အရှင် လတ်လတ်ကြီး ပြန် မြင်လိုက်ရတာ ဝမ်းသာလိုက်တာများ ဘယ်လို ပြောရမှန်းတောင် မသိဘူး"

ကျွန်ုပ်သည် ရှားလော့ဟုမ်း၏ အင်္ကျီ လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီးလျှင် သေးကွေးသည့် လက်မောင်းများကို စမ်းသပ်လျက် ရှိလေ၏။

"တစ္ဆေ ခြောက်တာတော့ မဟုတ်ပါဘူးနော်၊ ဝမ်းသာ လိုက်တာဗျာ တကယ်ပဲ၊ ကဲ ထိုင်စမ်းပါဦး၊ ဒီရေတံခွန်ကြီးထဲက ခင်ဗျား ဘယ်လိုလုပ်ပြီး လွတ်လာသလဲ ဆိုတာ ပြောပြစမ်းပါဦး"

ရှားလော့ဟုမ်းသည် ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီးလျှင် ခါတိုင်းကဲ့သို့ အရေးမကြီးဟန်ဖြင့် စီးကရက် တစ်လိပ်ကို





...ိုလျက် ရှိလေ၏။ စာအုပ်ဟောင်း ရောင်းသူများ ဝတ်လေ့ ရှိသည့် ခပ်...ဟောင်းဟောင်း ဖရော့ကုတ် အင်္ကျီကြီးကို ဝတ်ထား သေးသည့်တိုင် စာအုပ်...ဟောင်း ဆိုင်ရှင်၏ အမှတ်အသားများ ဖြစ်သော ဆံပင်ဖြူ အတု အခွေကြီးနှင့်...အုပ်ဟောင်းများမှာ စားပွဲပေါ်တွင် ရောက်နေလေပြီ။ ရှားလော့ဟုမ်းကို ကြည့်...ည်မှာ ယခင်ကထက် ကိုယ်ရေ စစ်သွားကာ ပို၍ ထက်မြက်သည့် အသွင်ကို...င်လျက် ရှိလေ၏။ သို့ရာတွင် လင်းယုန်ငှက် မျက်နှာကဲ့သို့ ရှည်လျား သေး...ယ်သည့် မျက်နှာပေါ်တွင် ဖြူဖပ်ဖြူရော် ဖြစ်လျက် ရှိခြင်းကို မြင်ရသည့်...တွက် များမကြာခင် အထိ ကျန်းမာရေး အခြေအနေ ကောင်းခဲ့ဟန် မတူချေ။

"အင်း ခုလို ခါးလေး ဘာလေး ဆန့်နေလိုက်ရမှ သက်သောင့်သက်သာ...တော့တယ်ဗျာ၊ ကျုပ်လို အရပ် ရှည်တဲ့ လူတစ်ယောက် အဖို့ တစ်ပေလောက်...ိုသွားအောင် နာရီပေါင်း များစွာ ကိုယ်ကို ကျုံ့ထားရတယ် ဆိုတာ နည်းတဲ့...ကွ မဟုတ်ဘူး၊ ကဲ ဝပ်ဆင်ရေ၊ ခု ကျုပ်တို့ နားထောင်ခဲ့ရတဲ့ အမှုနှင့် ပတ်...က်လို့ ကျုပ်နှင့် လိုက်ခဲ့ဖို့ ခင်ဗျားကိုပဲ အကူအညီ တောင်းရတော့မှာပဲ၊ ကျုပ်...တို့ ဒီနေ့ညမှာ နည်းနည်း အလုပ် များလိမ့်မယ် ထင်တယ်ဗျ၊ အလုပ် ပြီးတော့မှ...ကျိုး အကြောင်းကို အေးအေးဆေးဆေး ပြောရရင် ကောင်းမယ် ထင်တယ်"

"ကျွန်တော်တော့ သိပ် သိချင်နေပြီဗျာ၊ ကျွန်တော့် အနေနှင့် ပြောရရင်...တော့ ခု နားထောင်ချင်တာပဲ"

"ဒါဖြင့်ရင် ခင်ဗျား ကျုပ်နှင့် အတူ လိုက်မယ်နော်"

"စိန်လိုက်ဗျာ၊ ကြိုက်တဲ့ အချိန် ကြိုက်တဲ့ နေရာကို သွား"

"ဟုတ်ပြီဗျ၊ ဒီလေသံကလေးကို ကြားရတော့ ဟိုတုန်းက ဘေကာ လမ်း...မှာ နေခဲ့ကြတာကလေးတွေကို လွမ်းရသဗျ၊ ကဲ ကျုပ်တို့ အပြင် မထွက်ခင်...မင်းလေး ဘာလေးတော့ စားသွားချိန် ရသေးတယ်ဗျ၊ အင်း ရေတံခွန် ရှိတဲ့...ချောက်ကြီးထဲက ဘယ်လိုလုပ် ပြန်ထွက်လာသလဲ ဆိုတဲ့ ကိစ္စကတော့ သိပ်...က်ခဲလှတဲ့ ကိစ္စ မဟုတ်ပါဘူးဗျာ၊ ဘာခက်စရာ ရှိသလဲ၊ ကျုပ်က အဲဒီ ရေ...တံခွန်ကြီးထဲကို ကျမှ မကျခဲ့တာ"

"ဗျာ၊ ခင်ဗျား ရေတံခွန်ထဲကို ကျမသွားဘူး ဟုတ်စ"

"မကျဘူးဗျ၊ ကျုပ် အဲဒီထဲကို ရောက်ကို မရောက်ခဲ့ဘူး၊ ခင်ဗျားဆီကို ကျုပ် ရေးပေးခဲ့တဲ့ စာကတော့ ကျုပ် ရေးခဲ့တဲ့ စာ အစစ်ပါ၊ တောင်ကလပ်...ပြန်တက်တဲ့ လမ်းမှာ မော်ရီယာတီ ဆိုတဲ့ ငနဲကြီးနှင့် ပက်ပင်း တိုးနေ...ခါ...ကျတော့ ကျုပ် စိတ်ထဲမှာ ကိစ္စ ချောပြီလို့ပဲ တွက်လိုက်မိတယ်ဗျ၊ ...မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပြာပြာတွေကို ကြည့်လိုက်တော့ ကျုပ်ကို ကိစ္စတုံး စီရင်ဖို့ ဆုံးဖြတ်ပြီးသား ဆိုတာ ကျုပ် မြင်လိုက်ရပြီ၊ ဒါနှင့် သူနှင့် စကား နည်းနည်းပါးပါး ပြောပြီးတော့ သူက ကျုပ်ကို သနား ညှာတာသောအားဖြင့် ခင်ဗျားဆီကို စာရေးခွင့်ပြုတယ်၊ အဲဒီစာနှင့် အတူ ကျုပ်ရဲ့ စီးကရက်ဘူးကလေးနှင့် တုတ်ကောက်ကလေးကိုလည်း ထားပစ်ခဲ့တယ်၊ ပြီးတော့ ကျုပ်လည်း ခပ်တည်တည်နှင့် ဆက်လျှောက်လာရော၊ ငနဲကြီးကလည်း ကျုပ်နောက်က ထက်ကြပ် လိုက်လာတော့တာပဲဗျို့၊ ရေတံခွန် အစပ်က ချောက်ကမ်းပါးကြီးထိပ် ရောက်တော့ ကျုပ်ကလည်း အသင့် ရပ်နေလိုက်တယ်၊ ငနဲကြီးက လက်နက်တို့ ဘာတို့ကို မထုတ်ဘူးဗျ၊ ကျုပ်ဆီ ပြေးဝင်လာပြီး လက်တံရှည်ကြီး နှစ်ဖက်နှင့် ကျုပ် လည်ပင်းကို အတင်း ဝင်ညှစ်တယ်၊ သူ့အဖို့တော့ မထူးတော့ဘူး ဆိုပြီး ကျုပ်ကို လက်စား ချေဖို့လောက်ကိုသာ စိတ်စောနေတာကိုး၊ ဒါနှင့် ကျုပ်တို့ နှစ်ယောက် ကမ်းပါးကြီးထိပ်မှာ နှစ်ယောက်သား လုံးထွေး နေလိုက်ကြတာ အကြာကြီးပဲဗျ၊ ဒါပေမဲ့ ကျုပ်က ဘာဂျစ်ဆု ဆိုတဲ့ ဂျပန် နပန်းကို ကောင်းကောင်း တတ်တာကိုးဗျ၊ ဒီလို နပန်း တတ်လို့ ကျုပ် အကျိုးရှိခဲ့တာ တစ်ကြိမ် မကတော့ဘူးလေဗျာ၊ ကျုပ်ကို အတင်း ချုပ်ထားရာကနေပြီး ကျုပ်က အသာကလေး ရုန်းထွက်လိုက်တယ်၊ ဒီတော့ ငနဲကြီးက ကြောက်စရာ အသံကြီးနှင့် အော်ပြီး လေထဲမှာ ကန်ကျောက်ရင်း ကမ်းပါးထိပ်မှာ ခြေကားရား လက်ကားရားနှင့် သူ့ကိုယ်သူ မထိန်းနိုင် ဖြစ်နေတယ်၊ နောက်ဆုံးတော့ ငနဲကြီးဟာ သူ့ကိုယ်သူ မထိန်းနိုင်တော့ဘဲ ချောက်ကြီးထဲ ကျသွားတော့တာပဲ၊ ကျုပ် လှမ်းကြည့်လိုက်တော့ ငနဲကြီး ကျသွားလိုက်တာ တော်တော်နှင့် အောက်ကို မရောက်ဘူးဗျာ၊ ဒီအတိုင်း မြင်နေရတယ်၊ အောက် ရောက်တော့ ကျောက်ဆောင်ကြီး တစ်ဆောင်နှင့် ဝင်တိုက်ရာက လွင့်ထွက်သွားပြီး ရေတံခွန်ကြီးထဲကို ကျသွားတာပါပဲ'

ကျွန်ုပ်သည် ရှားလော့ဟုမ်း၏ စကားများကို တအံ့တဩဖြင့် နားထောင်လျက် ရှိ၍ ရှားလော့ဟုမ်းမှာမူကား စီးကရက်ကို ဖွာရင်း စိမ်ပြေနပြေ ပြောပြလျက် ရှိပေ၏။

'နေစမ်းပါဦးဗျာ၊ ခြေရာတွေကို ကျွန်တော် လိုက်ကြည့်ပြီးပါပြီ၊ တောင်ကလပ်က ဆင်းလာတဲ့ လမ်းကလေး အတိုင်း နှစ်ယောက်စလုံး ရေတံခွန်ဘက်ကို ဆင်းသွားကြတာ ကျွန်တော် ကိုယ်တိုင် ကြည့်ခဲ့တာပဲ၊ အဆင်း ခြေရာသာ ရှိပြီး အတက် ခြေရာရယ်လို့ ဘာမှမှ မတွေ့တာ'

'ဖြစ်ပုံက ဒီလိုလေဗျာ၊ ငနဲကြီးလည်း ရေတံခွန်ထဲ ကျသွားရော ကျုပ်





ကံတရားက ကယ်လိုက်တာပဲ ဆိုတာ ချက်ချင်း သဘောပေါက်လိုက်တယ်၊ ကျုပ်ကို အသေ သတ်ချင်နေတာဟာ မော်ရီယာတီ ဆိုတဲ့ ငနဲကြီး တစ်ယောက်တည်းတွင် မဟုတ်ဘူး ဆိုတာ ကျုပ် သိတယ်၊ ကျုပ်ကို အသေ သတ်ချင်တဲ့လူဟာ အနည်းဆုံး သုံးယောက်လောက်တော့ ရှိရမယ်၊ ခု သူတို့ ဂိုဏ်း ခေါင်းဆောင် သေသွားတော့ ပိုလာရင်သာ ရှိမယ်၊ လျော့တော့ လျော့မသွားနိုင်ဘူး ဆိုတာ သေချာတယ်၊ ပြီးတော့ ဒီကောင်တွေဟာ ကြောက်စရာ ကောင်းတဲ့ ကောင်တွေချည်းပဲ၊ ဒီတော့ ကျုပ်ဟာ သူတို့အထဲက တစ်ယောက် မဟုတ် တစ်ယောက်နှင့်တော့ တွေ့ရတော့မှာပဲ၊ နောက် တစ်ချက်က ကျုပ် သေသွားပြီလို့ လူများက တကယ် ယုံသွားရင် ဒီကောင်တွေ အတင့် ရဲလာမှာ သေချာတယ်၊ ဒါဆိုရင် ဒီကောင်တွေကို ကျုပ် မြန်မြန် ဖမ်းမိနိုင်မယ်၊ အဲဒီအခါကျမှ ကျုပ် မသေသေးဘူး ဆိုတာ ပြန်ပြီး ပြလိုက်ရင် ကောင်းမယ်လို့ ကျုပ် စိတ်ကူး ရလိုက်တယ်၊ ဒီအကြံဟာ ကျုပ် ဦးနှောက်ထဲမှာ လက်ခနဲ ပေါ်လာတာပဲ၊ ကျုပ်ထင်ပါတယ်၊ ဒီစိတ်ကူးဟာ မော်ရီယာတီ ဆိုတဲ့ ငနဲကြီး ရေတံခွန် အောက်ကို ရောက်ခင်မှာပဲ ချက်ချင်း ဖြုန်းဆို ပေါ်လာတာပဲလို့ ထင်တယ်။

'ဒါနှင့် ကျုပ်လည်း ရေတံခွန်ထိပ်မှာ ရပ်ပြီး နောက်မှာ ရှိတဲ့ ကျောက်နံရံကြီးကို စစ်ဆေးကြည့်တယ်၊ နောက် မကြာခင်မှာ ခင်ဗျားတောင် ဒီအကြောင်းကို ရေးလိုက်သေးလို့ ကျုပ် ဖတ်လိုက်ရတယ်လေ၊ ကျောက်နံရံကြီးက ပြောင်ချောနေတာပဲလို့ ခင်ဗျား ရေးခဲ့တယ်လေ၊ ဒါပေမဲ့ ခင်ဗျား ပြောသလိုတော့ မဟုတ်ဘူးဗျ၊ သေသေချာချာ ကြည့်တော့ ကျောက်နံရံကြီးပေါ်ကို တွယ်တက်သွားတဲ့ လူသွား လမ်းကလေးကို ခပ်ရေးရေး တွေ့ရတော့ ဧကန္တ ဟိုဘက်မှာ ကျောက်နံရံသာမကဘဲ တောင်ကြောကလေးလိုဟာမျိုး ရှိမယ်လို့ ကျုပ် တွက်လိုက်တယ်၊ တောင် ကမ်းပါးယံကြီးက သိပ်မြင့်ပြီး မတ်စောက်စောက်ကြီး ဖြစ်နေတော့ ဒီ ကမ်းပါးယံကြီးကို တွယ်တက်ဖို့ ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး၊ တစ်ခါ ရေမြွှာတွေ ပြန်ကျလို့ စိုစွတ်နေတဲ့ လမ်းအတိုင်း ပြန်ရင်လည်း ကျုပ် ခြေရာတွေကို လူ တွေ့မှာ သေချာတယ်၊ ဒီလောက် စိုနေတဲ့ မြေကြီးပေါ်မှာ ခြေရာ မထင်အောင် လုပ်ဖို့ ဆိုတာ လုံးလုံး မဖြစ်နိုင်ပြန်ဘူး၊ ကျုပ် ခါတိုင်း လုပ်တတ်သလို နောက်ထပ် ရေတံခွန်ဘက်ကို ဆင်းတဲ့ ခြေရာကို ပြမလားလို့ စိတ်ကူး မိသေးတယ်၊ ရေတံခွန်ဘက်ကို ဆင်းတဲ့ ခြေရာ သုံးစုံကို တွေ့ရင် နောက်က လိုက်တဲ့ လူအဖို့ တစ်နည်း တစ်ဖုံအားဖြင့်တော့ အစဉ်းစားရ ကြပ်မှာ ယုန်ပဲ၊ သို့သော်လည်း နောက်ဆုံးကျတော့ ကျောက်တောင်ကို တွယ်တက်တာ



www.burmeseclassic.com

www.burmeseclassic.com



ဟာ အကောင်းဆုံးပဲလို့ ကျုပ် ဆုံးဖြတ်လိုက်တယ်၊ သိပ်တော့ လွယ်တဲ့ ကိစ္စ မဟုတ်ဘူးပေါ့ဗျာ၊ ခင်ဗျားပဲ စဉ်းစားကြည့်လေ၊ အောက်ကို ငုံ့ကြည့်လိုက်ရင် ရေတံခွန်ကြီးက တဝေါဝေါ မြည်လို့၊ ကျုပ်လည်း သိပ်တော့ ကြောက်တတ်တဲ့ လူစား မဟုတ်ပါဘူး၊ ဒါပေမဲ့ ခင်ဗျား စဉ်းစားကြည့် ဝပ်ဆင်၊ ရေတံခွန်ကြီးထဲ ကနေပြီး မော်ရီယာတီရဲ့ ကြောက်စရာ အော်သံကြီးကို ကြားနေရတယ်လို့ စိတ်ထဲက ထင်နေတယ်၊ တစ်ချက်ကလေး ခြေချော် လက်ချော် မဖြစ်လိုက်နှင့် ဖြစ်လိုက်တာနှင့် တစ်ပြိုင်နက် ကျုပ်လည်း အောက် ရေတံခွန်ကြီးထဲကို လိမ့်ကျသွားပြီး ကိစ္စ ချောသွားမှာပဲ၊ ဒါတောင် တစ်ခါ တစ်ခါမတော့ ခြေထောက်တို့ လက်တို့က မြက်စိုတွေပေါ်ကို သွားနင်းမိ ကိုင်မိလို့ သွားပြီလို့တောင် အောက်မေ့လိုက်တာ၊ ဒါပေမဲ့ သတိကို မြဲမြဲ ထားပြီး ကျုပ်လည်း ကျောက်နံရံကြီး အတိုင်း တွယ်တက်လာခဲ့တယ်။

'နောက်ဆုံးတော့ တော်တော်လေး မြင့်တဲ့ တောင်ကြော တစ်ခုပေါ်ကို ရောက်သွားတယ်ဗျ၊ တောင်ကြောပေါ်မှာ ရေညှိတွေက စိမ်းလို့၊ အဲဒီ တောင်ကြောပေါ်ကို ရောက်သွားရင်တော့ ကျုပ်ကို ဘယ်သူမှ မမြင်နိုင်တော့ဘဲ အေးအေးဆေးဆေး နားနိုင်ပြီပေါ့ဗျာ၊ ခင်ဗျားနှင့် ခင်ဗျား နောက်က လူတွေက ကျုပ် သေပြီ ဆိုပြီး စိတ်မကောင်းခြင်း ကြီးစွာ အလွန် မစေ့စပ် မသေချာစွာနှင့် လိုက်ရှာနေတုန်းမှာ ကျုပ်က အဲဒီ တောင်ကြောပေါ်ကို ရောက်နေပြီဗျ။

'နောက်ဆုံးတော့ ခင်ဗျားတို့ အားလုံးက ကျုပ် သေပြီ ဆိုပြီး မရှောင်မလွှဲသာ တလွဲတချော် ကောက်ချက်ချပြီး ဟိုတယ်ကို ပြန်သွားတော့ ကျုပ်လည်း တောင်ကြောပေါ်မှာ တစ်ယောက်တည်း ကျန်ခဲ့တယ်ဗျ၊ ကျုပ် ထင်လိုက်တာကတော့ ကျုပ် စွန့်စားခန်းလည်း ပြီးဆုံးသွားပြီလို့ ထင်လိုက်တာပေါ့လေ၊ သို့သော်လည်း မမျှော်လင့်တဲ့ အဖြစ်အပျက် တစ်ခု ပေါ်လာတယ်ဗျ၊ ဒီတင် ကျုပ်လည်း ရှေ့မှာ ပြဿနာတွေ ကျန်နေသေးတယ် ဆိုတာ သိလိုက်ပါတယ်၊ ကျုပ် တောင်ကြောပေါ်မှာ မောမောနှင့် ထိုင်နေတုန်း တောင်စောင်းပေါ်က ကျောက်တုံးကြီး တစ်တုံး ကျုပ် အနား ကျလာပြီး အောက်က ရေတံခွန်ထဲကို လိမ့်ကျသွားတယ်ဗျ၊ ရုတ်တရက်တော့ မတော်တဆ တောင် ပြိုကျသွားတာလို့လည်း ထင်လိုက်မိတာပေါ့လေ၊ ဒါပေမဲ့ ကျုပ် မော့ကြည့်လိုက်တော့ ကောင်းကင်ကို နောက်ခံပြုပြီး တောင်ထိပ်ကနေ ကျုပ်ကို ငုံ့ကြည့်နေတဲ့ ခေါင်း တစ်လုံးကို မြင်လိုက်ရတယ်ဗျ၊ ဒီလို ကြည့်နေတုန်းမှာပဲ ကျုပ် လှဲနေတဲ့ နေရာနှင့် မနီးမဝေး ကျုပ် ခေါင်းနှင့် တစ်ပေ အကွာလောက်ကို ကျောက်တုံးကြီး တစ်တုံး





ကျောက်တစ်ခါ လိမ့်ဆင်းလာပြန်တယ်၊ လက်စသတ်တော့ ကျုပ်ကို အပေါ်က ကျပြီး ကျောက်တုံးကြီးတွေနှင့် လှိမ့် သတ်နေတာကိုးဗျ၊ မော်ရီယာတီ ဆိုတဲ့ လူကြီးက ဒီကို လာတော့ တစ်ယောက်တည်း မဟုတ်ဘဲ နောက်က တပည့် တစ်ယောက်သား အစုံအလင် ပါလာတယ် ဆိုတာ သိရပြီလေ၊ သူ့ တပည့်က ကျုပ်တို့ နှစ်ယောက် ဖြစ်နေပုံကို ကြည့်ပြီး လိုအပ်ရင် သူ့ဆရာကို အကာအကွယ် ပေးဖို့ တောင်စောင်းက ချောင်းကြည့်နေတယ် ဆိုတာ ထင်ရှားနေပြီဗျ။

'ဒီတော့ သူ့ဆရာ သေသွားပြီး ကျုပ် မသေဘဲ လွတ်သွားတာကို သူက ကျောက်ပ်းမကမ်းက စောင့်ကြည့်နေရာက မြင်လိုက်တယ်၊ ဒီတင် ငနဲက တောင် စောင်းပေါ် ပြန်တက်သွားပြီး သူ့ ဆရာ သတ်လို့ မသေဘဲ ကျန်ခဲ့တဲ့ ကျုပ်ကို အသေ သတ်ဖို့ ကြိုးစားတာပဲဗျ။

'ဒီအကွက်ကို ကြာကြာ မစဉ်းစားရပါဘူးဗျာ၊ တောင် ထိပ် ကို မော့ကြည့်လိုက်တော့ ခေါင်းက နောက်တစ်ခါ ပြူပြီး ကျုပ်ကို ငုံ့ကြည့်နေတာကို မြင်လိုက်ရပြန်တယ်၊ အခိပ္ပာယ်ကတော့ နောက်ထပ် ကျောက်တုံး တစ်တုံး ဆင်းလာဦးမယ် ဆိုတဲ့ သဘောပေါ့လေ၊ ဒါနှင့် ကျုပ်လည်း တောင်ကလပ်ကို ပြန်တဲ့ လမ်းကလေးကို လျှောဆင်းပြီး ပြန်ဆင်းလာခဲ့တယ်၊ ကြည့်ရတာကတော့ ကျုပ် ခေါင်းအေးအေးနှင့် ရောက်လာတာ မဟုတ်ဘူးဗျ၊ ကယောင်ကတမ်းနှင့် တောင်ကလပ် တက်တဲ့ လမ်းကလေးပေါ်ကို ပြန်ရောက်သွားတယ် ထင်တာပဲ၊ သောက်ကျိုးနည်း အောက်ကို ပြန်ဆင်းရတာက တက်ရတာထက်တောင် ခက်ပါကလား ဗျို့။

'ဒါပေမဲ့ အန္တရာယ်ကို စဉ်းစား မနေနိုင်ဘူးလေ၊ ဘာဖြစ်လို့ ဆိုတော့ ကျုပ်က ကျောက်နံရံကြီးကို တွယ်ပြီး ပြန်ဆင်းနေတုန်းမှာ ကျုပ် အနားကို နောက်ထပ် ကျောက်တုံးကြီး တစ်တုံး ကျလာလို့ပဲဗျ၊ တစ်ဝက်လောက် ရောက်တော့ လက်က ထိန်းလို့ မရတော့ဘဲ ချော်ကျသွားလိုက်တာ ကံကောင်းလို့ဗျို့၊ ဒါနှင့် နောက်ဆုံးတော့ လူလည်း စုတ်ပြဲ ပြတ်သတ်ပြီး သွေးတွေ ဒဏ်ရာတွေနှင့် တောင်ကလပ်ကို တက်တဲ့ လမ်းကလေးပေါ် ရောက်သွားတယ်၊ လမ်းပေါ်လည်း ရောက်ရော ဘာပြောကောင်းမလဲ ပြေးလာလိုက်တာ၊ အဲဒီညက မှောင်ကြီးထဲမှာ ကျုပ် ပြေးခဲ့တာ ဆယ်မိုင်လောက် ရှိမယ် ထင်တယ်၊ နောက် တစ်ပတ်လောက်လည်း ကြာရော ကျုပ်လည်း ဖလောရင့်ကို ရောက်တာပဲ၊ ကျုပ် ဘာဖြစ်တယ် ဆိုတာလည်း ဘယ်သူမှ မသိကြတော့ဘူးပေါ့ဗျာ။

'ကျုပ်မှာ စိတ်ချရတဲ့ လူဆိုလို့ ကျုပ် အစ်ကို မိုင်းကရော့ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပဲ ရှိတော့တယ်၊ ခင်ဗျားကိုတော့ အမှတ်ရပါတယ်၊ သို့သော်လည်း ဝပ်ဆင်ရေ၊ ကျုပ်က ကမ္ဘာပေါ်မှာ ကျုပ် အသက်ရှင်လျက် မရှိတော့ဘူးလို့ အများ မြင်အောင် ပြထားဖို့က အရေးကြီးတယ် မဟုတ်လား၊ ပြီးတော့ ခင်ဗျား ကိုယ်တိုင်ကိုက ကျုပ် သေတယ်လို့ တကယ် မယုံရင် ကျုပ် ရေတံခွန်ကြီးပေါ်က ကျပြီး ဘယ်လို သေဆုံးသွားတဲ့ အကြောင်းကို ရေးရာမှာ ဘယ် အသက်ဝင်တော့မလဲ၊ ဒါကြောင့် ခင်ဗျားကိုလည်း အသိမပေးချင်ဘူး၊ လွန်ခဲ့တဲ့ သုံးနှစ် အတွင်းမှာ ခင်ဗျားဆီကို စာရေးမယ်လို့ မကြာခဏ စိတ်ကူး ရပါရဲ့၊ ဒါပေမဲ့ ခင်ဗျားက ကျုပ်ကို ခင်မင် ရင်းစွဲ ရှိလေတော့ ကျုပ် မသေဘူး ဆိုတာ သိရင် ဝမ်းသာလွန်းလို့ တစ်ယောက် ယောက်ကို ပြောမိမယ်၊ ပြောမိရင် ကျုပ် အသက် ရှင်နေသေးတာကို တစ်စ တစ်စနှင့် လူတွေ သိကုန်တော့မှာပဲ ဆိုပြီး စာရေးချင်ပေမဲ့ မရေးခဲ့ဘူး။

'ဒါကြောင့်မို့ ညနေစောင်းတုန်းက ပတ်ကလိန်း လမ်းထဲမှာ ခင်ဗျားက ကျုပ်ကို ဝင်တိုက်လို့ စာအုပ်တွေ လွင့်ကျသွားတော့ ကျုပ် ကြာကြာ မျက်နှာ ချင်း မဆိုင်ဘဲ ချက်ချင်း လှည့်ထွက်ခဲ့တာ၊ အဲဒီ အချိန်တုန်းက ကျုပ် အနားမှာ အန္တရာယ်တွေ ဝိုင်းနေတယ်၊ အကယ်၍ ကျုပ်မှန်း သိသွားလို့ ခင်ဗျားက အံ့ဩ တဲ့ အရိပ်အယောင် ပြရင် ဝမ်းသာတဲ့ အရိပ်အယောင် ပြရင် ကျုပ် ဘယ်သူလဲ ဆိုတာ ပေါ်သွားပြီး တစ်ခါတည်း ကိုယ်ကျိုး နည်းသွားနိုင်တယ်၊ ဒီအတော အတွင်းမှာ ကျုပ် လိုနေတဲ့ ငွေလေး ကြေးလေးကိုတော့ မိုင်းကရော့ဆီကပဲ ယူ သုံးနေရတာပေါ့ဗျာ၊ လန်ဒန်မှာ ရှိတဲ့ အခြေအနေကတော့ ကျုပ် မျှော်လင့်ထား သလောက် အကောင်းကြီး မဟုတ်လှဘူးဗျို့၊ ဘာဖြစ်လို့လဲ ဆိုတော့ မော်ရီယာတီ ဂိုဏ်းကို ရုံးလည်း တင်လိုက်ရော ဂိုဏ်းထဲက အတော် အန္တရာယ် ကြီးတဲ့ ဂိုဏ်း သား နှစ်ယောက်၊ ကျုပ်အဖို့ ဆိုရင်လည်း ကျုပ်ကို အသေ ရရ အရှင် ရရ ဖမ်း မယ် ဆိုတဲ့ ငနဲ နှစ်ယောက်က ရှောင်သွားကြတယ်၊ ခုထက်ထိ ဒီငနဲ နှစ်ကောင် ကို မမိသေးဘူး။

'ဒါကြောင့် လွန်ခဲ့တဲ့ နှစ်နှစ် အတွင်းမှာ ကျုပ် အေးအေးဆေးဆေး တိဘက်ကို သွားလည်နေတယ်၊ လာဆားကို အရောက် သွားပြီး အဲဒီက လား မား ဘုန်းတော်ကြီးတွေနှင့် တွေ့ခဲ့တယ်၊ ဆီဂါဆန် ဆိုတဲ့ နော်ဝေ လူမျိုး တစ် ယောက် ဟီမဝန္တာ တက်တာကို သတင်းစာတွေထဲမှာ ခင်ဗျား တွေ့ကောင်း တွေ့မယ်၊ ဒါပေမဲ့ ကျုပ်သတင်းကိုတော့ ခင်ဗျား ဘာမှ ကြားမှာ မဟုတ်ဘူး၊ တိဘက်က နေပြီး ပါသျှားပြည်ကို ဖြတ်တယ်၊ ပြီးတော့ မက္ကာကို သွားတယ်၊ ကလီဖာတို့၊ ခါတွန်တို့ ဆိုတဲ့ မြို့တွေကိုလည်း ရောက်ခဲ့တယ်၊ အဲဒီမှာ ကျုပ်



တွေ့ခဲ့တဲ့ အကြောင်းတွေကိုတော့ နိုင်ငံခြားရေးရုံးကို အစီရင်ခံပြီးပါပြီ၊ ပြင်သစ် ပြည် ပြန်ရောက်တော့ တောင်ပိုင်း မွန်ပယ်လီယာမှာ ရှိတဲ့ ဓာတ်ခွဲခန်း တစ်ခုကို ပင်ပြီး ကျောက်မီးသွေး ကတ္တရာစေး ထွက်တဲ့ ဓာတ်တွေကို ဓာတ်ခွဲကြည့်ပြီး သုတေသန လုပ်တယ်ဗျ၊ ဟိုမှာ ကျုပ် ကျေနပ်လောက်အောင် သုတေသန လုပ် ပြီးတော့ လန်ဒန်မှာ ကျုပ် ရန်သူ တစ်ယောက်တည်း ကျန်တော့လို့ လန်ဒန်ကို ပြန်မယ် လုပ်နေတုန်းမှာ ပတ်ကလိန်းလမ်း လူသတ်မှု အကြောင်းကို ကြားရ တာနှင့် လန်ဒန်ကို ခပ်မြန်မြန် သုတ်လာတာပဲ၊ ပတ်ကလိန်း လူသတ်မှုဟာ အမှု တစ်ခု အနေနှင့် စိတ်ဝင်စားစရာ ကောင်းရုံတင် မဟုတ်ဘူး၊ ကျုပ်အဖို့လည်း လန်ဒန်ကို ပြန်ဖို့ အခွင့်အလမ်းတွေ ပွင့်လာခဲ့တယ်၊ ဒါနှင့် ကျုပ် လန်ဒန်ကို ရောက်တော့ ဘေကာ လမ်းကို တန်းလာခဲ့တာပေါ့ဗျာ။

'အဘွားကြီး မစ္စက် ဟတ်ဆန်ကတော့ ကျုပ်ကိုလည်း မြင်လိုက်ရော လန့်ဖျပ် သွားလိုက်တာ နှာနပ်မယူရရှုံ တမည်ပဲ ကျန်တော့တယ်၊ ကျုပ် အစ်ကို မိုင်းကရော့က ကျုပ် နေတဲ့ ဘေကာလမ်းက တိုက်ခန်းကို ထိန်းသိမ်းထားတဲ့ အတွက် ကျုပ်ရဲ့ စာရွက်စာတမ်းတွေနှင့် မှတ်စုတွေလည်း ခြေရာလက်ရာ မပျက် ရှိပါတယ်၊ ဒီလိုနှင့် ဝရမ်းပြေး လုပ်ခဲ့တာ ဒီနေ့ နာရီပြန် နှစ်ချက်ကျတော့ ကျုပ် နေတဲ့ တိုက်ခန်းက ကျုပ် ထိုင်နေကျ ကုလားထိုင်ပေါ်မှာ ပြန်ထိုင်ရပါပြီ ဗျာ၊ ဒါကြောင့် ခင်ဗျားကိုလည်း ခင်ဗျား ထိုင်နေကျ ကုလားထိုင်မှာ ထိုင်နေ တာကို မြင်ချင်ပါပြီ'

ဤသည်တို့မှာ ဧပြီလ ညနေပိုင်းတွင် ရှားလော့ဟုမ်း ပြန်ပြော၍ သိရ သည့် စိတ်ဝင်စားဖွယ် အဖြစ်အပျက်များ ဖြစ်ပေ၏။

ကျွန်ုပ် ကိုယ်တိုင် တစ်သက်တွင် မြင်ရတော့မည် မဟုတ်ဟု ထင်ခဲ့သော အရပ် မြင့်မြင့်၊ ပိန်ပိန်ပါးပါး၊ ထက်မြက်သော မျက်နှာတို့ ရှိသည့် ရှားလော့ ဟုမ်းကိုသာ ကိုယ်တိုင် မတွေ့ရလျှင် ကျွန်ုပ်သည် ထိုအဖြစ်အပျက်များကို မည် သည့် နည်းနှင့်မျှ ယုံနိုင်မည် မဟုတ်ချေ။

ရှားလော့ဟုမ်းသည် သူ ကွယ်လွန်ပြီ ဟု ထင်ခဲ့သည့် အတွက် ကျွန်ုပ် မည်မျှ ဝမ်းနည်းကြောင်းကို ကျွန်ုပ်၏ အမူအရာမှ တစ်နည်းနည်းဖြင့် သိသည့် နည်းတူ ကျွန်ုပ် အပေါ်တွင် သူ မည်မျှ ကရုဏာ သက်ကြောင်းကိုလည်း စကား ထက် အမူအရာနှင့် ပြလျက် ရှိပေ၏။

'သောကကို ဆေးကြော ကုသတဲ့ အကောင်းဆုံး ဆေးနည်း[illegible]တော့ အလုပ် လုပ်ခြင်းပဲ ဝပ်ဆင်၊ ဒီညမှာ ကျုပ်တို့ နှစ်ယောက်စလုံး အ[illegible] လုပ်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေ ရှိနေတယ်၊ အောင်မြင်ရင်တော့ လူတစ်ယောက်ရဲ့ အသက်ကို ကယ်နိုင်လိမ့်မယ် ထင်ပါရဲ့ဗျာ"

ကျွန်ုပ်က မည်သည့် ကိစ္စမျိုး ဖြစ်ကြောင်းကို မေး မြန်း သော် လည်း အချည်းနှီးသာ ဖြစ်ပေ၏။

"မနက်ဖြန် မနက် မတိုင်ခင်မှာ မြင်ရ ကြားရမှာပဗျာ၊ ကျုပ်တို့ ကွဲကွာသွားတဲ့ သုံးနှစ် အတွင်း အဖြစ်အပျက်တွေကို ပြောရဦးမယ်၊ ကိုးနာရီခွဲလောက်အထိတော့ အချိန် ရပါသေးတယ်၊ ကိုးနာရီခွဲရင်တော့ လူမနေသော အိမ်ကြီးထဲက စွန့်စားခန်းကို သွားပြီး ရင်ဆိုင်ကြတာပေါ့"

အိတ်ထဲတွင် ခြောက်လုံးပြူး ထည့်ကာ ရထားပေါ်တွင် သူနှင့် အတူ ထိုင်ပြီး ရင် တဒိတ်ဒိတ်နှင့် လိုက်လာခဲ့ရသည့် အခါတွင်ကား ကျွန်ုပ်နှင့် ရှားလော့ဟုမ်းတို့ ယခင်က ရင်ဆိုင်ခဲ့ရသည့် စွန့်စားခန်းများကို သတိ ရမိပါသေးသည်။ ရှားလော့ဟုမ်းမှာ စကား တစ်လုံးမှ မပြောဘဲ တိတ်ဆိတ်စွာ လိုက်ပါလာခဲ့လေ၏။ လမ်းဘေးမှ ခါတ်မီးရောင်သည် ပါးလျား သေးသွယ်သော သူ့မျက်နှာပေါ်သို့ ဖြာကျလျက် ရှိလေရာ တစ်စုံတစ်ရာကို လေးနက်စွာ တွေးတောစဉ်းစားလာဟန်ဖြင့် ကုတ်လျက် ရှိသော မျက်မှောင်ကို လည်းကောင်း၊ ခပ်တင်းတင်း စေ့ထားသည့် ပါးလွှာသော နှုတ်ခမ်းများကို လည်းကောင်း မြင်ရလေ၏။ မည်းမှောင်ပြီး ရာဇဝတ်မှု တောကြီး ဖြစ်သည့် လန်ဒန်မြို့ကြီးထဲတွင် ကျွန်ုပ်တို့ လိုက်လံ ပစ်ခတ်ရမည့် သားကောင်သည် မည်သည့် သားကောင်မျိုး ဖြစ်သည်ကို ကျွန်ုပ် မသိသော်လည်း မုဆိုး၏ အမူအရာကို ကြည့်ခြင်းအားဖြင့် ကျွန်ုပ်တို့ တွေ့ရမည့် စွန့်စားခန်းမှာ သေးငယ်သည့် စွန့်စားခန်း မဟုတ်ကြောင်းကိုမူ ကျွန်ုပ် သတိ ပြုလိုက်မိပေ၏။ သို့တိုင်အောင် မုဆိုး၏ မျက်နှာပေါ်တွင် တစ်ချီ တစ်ချီ တွေ့ရသည့် လှောင်ပြောင် သရော်သည့် အပြုံးကြောင့် ကျွန်ုပ်တို့ ရည်မှန်းချက်အတွက် အတော်အတန် အလားအလာ ရှိကြောင်းကို ကျွန်ုပ် အကဲခတ်မိပေ၏။

ကျွန်ုပ်၏ စိတ်၌ ကျွန်ုပ်တို့သည် ဘေကာလမ်းသို့ သွားနေသည်ဟု ထင်မိ၏။ သို့ရာတွင် ကာဗင်းဒစ် ပန်းခြံနားသို့ ရောက်သည့် အခါ၌ ရှားလော့ဟုမ်းသည် ရထားကို အရပ် ခိုင်းလိုက်လေ၏။ ရှားလော့ဟုမ်းသည် ရထားပေါ်မှ ဆင်းပြီးလျှင် ဝဲယာကို တစ်ချက်မျှ လှမ်း၍ အကဲခတ်လိုက်လျက် လမ်းထောင့်တစ်ခုသို့ ရောက်တိုင်းလည်း ကျွန်ုပ်တို့ နောက်မှ တစ်စုံတစ်ယောက် လိုက်ပါလာခြင်း ရှိ မရှိကို သေချာစွာ သတိထားကာ လျှောက်လာခဲ့လေ၏။ ကျွန်ုပ်တို့ သွားရသည့် လမ်းခရီးမှာ တော်တော် ထူးခြားသည့် ခရီး ဖြစ်ပေ၏။ ရှားလော့





ဟုမ်းကား လန်ဒန်မြို့မှ လမ်းသေး လမ်းမွှားကလေးများကို အံ့သြလောက်အောင် နှံ့စပ်သူ ဖြစ်လေရာ ယခု တစ်ခေါက်တွင်မူ ရှားလော့ဟုမ်းသည် ကျွန်ုပ်၏ စိတ်တွင် ရှိမည်ဟုပင် မထင်ခဲ့မိဖူးသော မြင်းဇောင်းများ၊ ရထားတန်းများ ကြားမှ ဖြတ်၍ လျင်မြန်စွာ လျှောက်လာခဲ့လေ၏။

နောက်ဆုံး၌ ကျွန်ုပ်တို့သည် မည်းမှောင် ညစ်ပတ်သော အိမ်များ တစ်ဖက် တစ်ချက်တွင် ရှိသည့် လမ်းတစ်လမ်းသို့ ထွက်လာခဲ့ကြကာ ထိုမှ မန်ချက်စတာလမ်း၊ ထိုမှ ဗလင်းဖို့ လမ်းသို့ ရောက်လာခဲ့ကြလေ၏။ ထိုလမ်းသို့ ရောက်သည့် အခါတွင် ရှားလော့ဟုမ်းသည် ကျဉ်းမြောင်းသည့် လမ်းကြားလေး တစ်ခုထဲသို့ ချိုးဝင်ခဲ့ပြီးနောက် လူသူ ကင်းမဲ့သည့် ဝင်းတစ်ခုထဲသို့ တံခါးပေါက်ကလေး တစ်ခုမှ ဝင်ရောက်ခဲ့ကာ အိမ်တစ်အိမ်၏ နောက်ဖေး တံခါးကို သော့တစ်ချောင်းဖြင့် ဖွင့်လိုက်လေ၏။ ကျွန်ုပ်တို့ နှစ်ယောက် အိမ်ထဲသို့ ရောက်သည်တွင် ရှားလော့ဟုမ်းသည် တံခါးကို အတွင်းမှ ပိတ်လိုက်လေ၏။

အိမ်ထဲတွင် မည်းမှောင်လျက် ရှိလေ၏။ သို့ရာတွင် ထိုအိမ်မှာ လူ မနေသည့် အိမ်တစ်လုံး ဖြစ်ကြောင်း သိသာနိုင်ပေ၏။ ကြမ်းပြင်သည် ခြေချလိုက်တိုင်း တကျွိကျွိ မြည်လျက် ရှိလေ၏။ ကျွန်ုပ်သည် အမှောင်ထဲတွင် လက်ကို ဆန့်တန်း၍ စမ်းကြည့်လိုက်ရာ နံရံကပ် စက္ကူများ ဖွာရာကြဲအောင် ကွာကျနေသည့် နံရံကို စမ်းမိလေ၏။ ရှားလော့ဟုမ်း၏ သေးသွယ် အေးစက်သော လက်ချောင်းများသည် ကျွန်ုပ်၏ လက်ကောက်ဝတ်ကို လာဆုပ်ကာ ရှည်လျားသည့် ဓကြို တစ်လျှောက် အတိုင်း ဆွဲခေါ်သွားလေရာ နောက်ဆုံး၌ ကျွန်ုပ်သည် တံခါးမကြီး အထက် လေဝင်ပေါက်မှ တိုးဝင်လာသော အလင်းရောင် မှိန်မှိန်ကလေး တစ်ခုကို မြင်ရလေ၏။ ထိုနေရာသို့ အရောက် ညာဘက်သို့ ချက်ချင်း ချိုးလိုက်ပြီးလျှင် အတော်အတန် ကျယ်သည့် ခန်းကျယ်ကြီး တစ်ခုထဲသို့ ရောက်သွားကြလေ၏။ လမ်းမမှ မီးရောင် ထိုးလျက် ရှိသဖြင့် အခန်း အလယ်ကောင်တွင် အနည်းငယ် လင်းနေသည့်တိုင် အခန်းထောင့်များတွင် မှောင်မည်းကာ ဘာကိုမျှ မမြင်ရဘဲ ရှိလေ၏။ အနီးအနားတွင် မှန်အိမ် စသည်တို့လည်း မရှိချေ။ ပြတင်းပေါက်မှာ ဖုန်မှုန့်တို့ အထပ်ထပ် တင်လျက် ရှိရကား ပြတင်းဘောင်ပေါ်တွင် ကျွန်ုပ်၏ လက်ချောင်းရာများကိုပင် ထင်ထင်ရှားရှား မြင်ရပေ၏။ ရှားလော့ဟုမ်းသည် ကျွန်ုပ်၏ ပခုံးကို ကိုင်လိုက်ပြီးနောက် နား နားသို့ ကပ်၍ လေသံကလေးဖြင့်

"ကျုပ်တို့ ဘယ်ကို ရောက်နေသလဲ သိရဲ့လား"




www.burmeseclassic.com

www.burmeseclassic.com







ကျွန်ုပ်တို့ နေထိုင်ခဲ့ဖူးသည့် ဘေကာလမ်း တိုက်ခန်းမှ ပြတင်းပေါက်ကို လှမ်းကြည့်လိုက်မိသည်။

ကျွန်ုပ် သည် လမ်း မီးရောင်ကြောင့် ခပ် မှိန်မှိန် လင်းနေသော ပြတင်းပေါက်ကို လှမ်းကြည့်လိုက်ရင်း

'ဘေ ကာ လမ်း ကို ရောက်နေတာ မဟုတ်လား'

'ဟုတ် တာ ပေါ့ ဗျာ၊ ကျုပ်တို့ တိုက်ခန်းနှင့် မျက်နှာချင်းဆိုင်မှာ ရှိတဲ့ ကင့်ပဒန် တိုက်ကြီးကို ရောက်နေတာ ဗျ'

'နေစမ်းပါဦး၊ ကျွန်တော်တို့က ဘာကိစ္စ လာကြတာလဲ'

'ဟောဒီကနေ ကြည့်ရင် ရှုခင်း ရှုကွက် အားလုံးကို မြင်ရလို့ဗျ၊ ဗျို့ ဝပ်ဆင်၊ ပြတင်းပေါက်ကို အသာ ကပ်ကြည့်လိုက်စမ်း၊ ခင်ဗျားကို အပြင်က လူ မမြင်ပေစေနှင့်နော်၊ အဲဒီက နေပြီး ကျုပ်တို့ စွန့်စားခန်းကလေးတွေ မွေးဖွားခဲ့ရာ ဖြစ်တဲ့ ကျုပ်တို့ နေခဲ့တဲ့ တိုက်ခန်းကို လှမ်းကြည့်လိုက်စမ်း၊ ခင်ဗျားနှင့် ကွဲသွားတာ သုံးနှစ်တောင် ရှိပြီဆိုတော့ ခင်ဗျားကို အံ့အားသင့် လောက် အောင် လုပ်မှ လုပ်နိုင်ပါတော့ မလား မသိဘူး'

ကျွန်ုပ်သည် ရှေ့သို့ တိုးလာကာ ကျွန်ုပ်တို့ နေထိုင်ခဲ့ဖူးသည့် ဘေကာလမ်း တိုက်ခန်းမှ ပြတင်းပေါက်ကို လှမ်းကြည့်လိုက်မိသည်။ ပြတင်းပေါက်သို့ ကြည့်လိုက်သည့် အခါ၌ ကျွန်ုပ်မှာ အံ့အားသင့်လွန်းလှသည့် အတွက် ယောင်၍ မအော်လိုက်မိစေရန် မနည်း ချုပ်တည်းထားလိုက်ရလေ၏။ ခန်းဆီးများကို ဆွဲချထားပြီး အခန်းထဲတွင် မီးတွေ ထိန်နေအောင် ထွန်းထားသည်ကို မြင်ရလေ၏။ အထဲတွင် လူတစ်ယောက် ထိုင်လျက် ရှိသော ပုံသဏ္ဌာန်သည် နောက်ခံမှ မီးရောင်ကြောင့် ပြတင်းပေါက် ခန်းဆီးပေါ်တွင် လာ၍ အရိပ် ထင်လျက် ရှိလေ၏။ ဦးခေါင်းကို မော့ထားပုံ၊ ပခုံးများ လေးထောင့် ကျနေပုံ၊ မျက်နှာ ကျပုံတို့မှာ နည်းနည်းမှ မမှားနိုင်ချေ။ မျက်နှာကို တစ်ဖက်သို့ လှည့်ထားလေရာ ထိုပုံမျိုးမှာ ကျွန်ုပ်တို့ အဘိုး အဘွားများ အမြတ်တနိုး ချိတ်ဆွဲလေ့ ရှိသော ဘေးတိုက် အရိပ်ပုံ ပန်းချီကားမျိုးနှင့် တူနေလေ၏။ ထိုပုံမှာ ရှားလော့ဟုမ်း၏ ပုံတူ အစစ်ဖြစ်လေ၏။ ကျွန်ုပ်မှာ လွန်စွာ အံ့အားသင့်လျက် ရှိသဖြင့် ရှားလော့ဟုမ်း ကိုယ်တိုင် ကျွန်ုပ် အနီးတွင် ရပ်နေခြင်း ဟုတ် မဟုတ် သေချာအောင် သူ့ ကိုယ်လုံးကိုပင် လှမ်း၍ စမ်းလိုက်မိသေး၏။ ရှားလော့ဟုမ်းမှာ အသံ မထွက်အောင် ကျိတ်ရယ်လျက် ရှိသဖြင့် တစ်ကိုယ်လုံး လှုပ်ယမ်းလျက် ရှိလေ၏။

'ဘယ့်နှယ်လဲဗျ'

'သောက်ကျိုးနည်း၊ ကျွန်တော်ဖြင့် အံ့လို့ မဆုံးဘူးဗျာ'

'ကျုပ် ဘယ်လောက်ပဲ အသက်ကြီးကြီး ထုံးစံကို ဘယ်လောက် စွဲစွဲ ဟိုတုန်းက အစွမ်းအစကလေးတွေတော့ ကျန်ပါသေးတယ်ဗျ၊ ကျုပ်နှင့် မတူဘူးလား၊ ဘယ့်နှယ်လဲ'

ထိုသို့ ပြောဆိုလျက် ရှိစဉ် အနုပညာရှင်သည် သူ့ အနုပညာကို ဂုဏ်ယူဝင့်ကြွားစွာ ပြောသကဲ့သို့ ရှားလော့ဟုမ်း၏ အသံတွင်လည်း ထိုသဘော သက်ဝင်နေခြင်းကို ကျွန်ုပ် သတိပြုလိုက်မိပေ၏။

'ဘုရားစူးပါစေဗျာ၊ ကျွန်တော်ဖြင့် ပြောလို့သာ ယုံရတယ်၊ ခင်ဗျားမှ ခင်ဗျား အစစ်ပါ'

'ဂရီနိုဘယ်က ပြင်သစ် ပန်းပုဆရာ မွန်စီယာ အော်စကာ မူးနီးယားရဲ့ လက်ရာဗျ၊ ကျုပ်ပုံကို ကြည့်ပြီး ဖယောင်းနှင့် ထုထားတာ၊ ကျန်တာတွေကတော့ ညနေက တိုက်ခန်း သွားပြီး ကျုပ်ကိုယ်တိုင် ပြင်ထားခဲ့တာ'

'နို့ နေစမ်းပါဦး၊ ဘာဖြစ်လို့ ဒီလို လုပ်ထားတာလဲဗျ'

'ခက်လိုက်ပါဘိတော့ ကိုယ့်လူရယ်၊ ကျုပ် တိုက်ခန်းမှာ [illegible] မရှိပေမဲ့





www.burmeseclassic.com

www.burmeseclassic.com



ကျုပ် ရှိနေသလို ထင်ရအောင် တချို့ လူတွေကို အရောင်ပြထားချင်လို့ဗျ'

'ဘာလဲ၊ ခင်ဗျား တိုက်ခန်းကို စောင့်ကြည့်နေတယ် ထင်လို့လား'

'ထင်တာ မဟုတ်ဘူးဗျ၊ စောင့်ကြည့်နေတယ် ဆိုတာ သေချာလို့'

'ဘယ်သူတွေက စောင့်ကြည့်နေတာလဲ'

'ကျုပ်ရဲ့ ရန်သူတော်ဟောင်းကြီးတွေလေဗျာ၊ ရိုင်ခင်ဘက် ရေတံခွန်ကြီးထဲ ကျသွားတဲ့ ဂိုဏ်းခေါင်းဆောင်ကြီးရဲ့ ချစ်စရာ ကောင်းတဲ့ ဂိုဏ်းက စောင့်ကြည့်နေတာဗျ၊ ကျုပ် မသေသေးဘူး ဆိုတာ သူတို့ပဲ သိတယ်ဗျ၊ သူတို့က လွဲရင် တခြား ဘယ်သူမှ မသိဘူး ဆိုတာ ခင်ဗျား မှတ်ထားပါ၊ ဒီတော့ တစ်နေ့နေ့မှာ ကျုပ်ဟာ ကျုပ် နေတဲ့ ဘေကာလမ်းက တိုက်ခန်းကို ပြန်လာမှာပဲ ဆိုတာ သူတို့ တွက်ထားတယ်၊ ဒါကြောင့် ကျုပ် အခန်းကို အမြဲ စောင့်ကြည့်နေတာ၊ ဒီနေ့ မနက်တော့ ကျုပ် ပြန်ရောက်လာပြီ ဆိုတာ သူတို့ တွေ့သွားပြီ'

'ခင်ဗျား ဘယ်လိုလုပ်ပြီး သိတာလဲ'

'ပြတင်းပေါက်ကနေ လှမ်းကြည့်လိုက်တော့ သူတို့ စောင့်ကြည့် ခိုင်းထားတဲ့ လူကို ကျုပ် မှတ်မိလိုက်တာပေါ့ဗျ၊ လူကတော့ ဘာမှ ဂရုစိုက်လောက်တဲ့လူ မဟုတ်ပါဘူး၊ နာမည်က ပတ်ကားတဲ့၊ ဟိုတုန်းကတော့ လမ်းဓားပြပေါ့ဗျာ၊ ဘာဂျာ ကောင်းကောင်း မှုတ်တတ်တယ်၊ အေးလေ၊ ကျုပ်က သူ့ကိုတော့ ဒီလောက် ဂရု မစိုက်ပါဘူး၊ ဒါပေမဲ့ သူ့နောက်က လူကတော့ နယ်နယ်လူ မဟုတ်ဘူး၊ လန်ဒန်မြို့မှာ အဆိုးဆုံး အကောက်ကျစ်ဆုံး ရာဇဝတ်ကောင် ဖြစ်ပြီး ရေတံခွန်ကြီးထဲ ကျသေသွားတဲ့ မော်ရီယာတီရဲ့ မိတ်ဆွေကြီး၊ အိုင်ဆေး ဒီနေ့ ကျုပ်တို့ နောက်ကို လိုက်နေတာ အဲဒီလူ ကိုယ်တိုင်ပဲဗျ၊ ကျုပ်တို့က သူ့နောက်ကို ပြန်လိုက်နေတယ် ဆိုတာကို မသိသေးတဲ့ လူဟာလည်း အဲဒီ လူပဲဗျ'

ကျွန်ုပ်၏ မိတ်ဆွေကြီး ရှားလော့ဟုမ်း၏ အကြံအစည်များမှာ တဖြည်းဖြည်း ထင်ရှားလာခဲ့လေပြီ။ ထိုစီမံကိန်းမှာ အခြား မဟုတ်။ ရှားလော့ဟုမ်းသည် ဤအိမ်ကြီးပေါ်မှ နေ၍ သူ့အား စောင့်ကြည့်နေသူများကို ပြန်ကြည့်လျက် ရှိပြီး သူ့ကို လိုက်နေသူများအား ပြန်၍ လိုက်နေခြင်းပင် ဖြစ်လေ၏။ ဘေကာလမ်းရှိ အခန်းမှ အရပ် ရှည်ရှည် ပိန်ပိန်ပါးပါး သဏ္ဌာန်၏ အရိပ်မှာ ငါးစာချထားခြင်း ဖြစ်ပြီး ကျွန်ုပ်တို့မှာ မုဆိုးများ ဖြစ်ကြလေ၏။

ကျွန်ုပ်တို့သည် အမှောင်ထဲတွင် တိတ်ဆိတ်စွာ ရပ်လျက် ရှိရာမှ လမ်းပေါ်တွင် ဖြတ်သန်း သွားလာလျက် ရှိသော လမ်းသွား လမ်းလာများကို ကြည့်လျက် ရှိလေ၏။ ထိုညမှာ ဆူညံ၍ လေပြင်း တိုက်ခတ်သော ညတစ်ည ဖြစ်ပြီး





လေသည် လမ်းမ တစ်လျှောက်တွင် တရှိန်ရှိန် မြည်၍ တိုက်ခတ်လျက် ရှိလေ၏။ လမ်းသွား လမ်းလာများမှာ လည်စည်းများ၊ ခေါင်းစွပ်များကို ဝတ်ဆင်ကာ ထိုမှ ဤမှ သွားလာလျက် ရှိကြလေ၏။

တစ်ကြိမ်ကြိမ်၌မူ အချို့ လူများကို ယခင်က မြင်ဖူးသည်ဟု ကျွန်ုပ် စိတ်တွင် မှတ်ထင်လိုက်မိသေး၏။ အထူးသဖြင့် မလှမ်းမကမ်း အဆောက်အဦ တစ်ခု၏ လှေကားရင်းကို ခို၍ လေကွယ် ရပ်နေသူ နှစ်ဦးကို မြင်ရလေ၏။ ကျွန်ုပ်သည် ရှားလော့ဟုမ်းအား ထိုနှစ်ဦးကို ပြသေးသော်လည်း ရှားလော့ဟုမ်းသည် စိတ်မရှည်ဟန်ဖြင့် ကျွန်ုပ် ပြောသည်ကို ဂရုမပြုဘဲ လမ်းမကိုသာ စူးစိုက်ကြည့်လျက် ရှိလေ၏။

တစ်ကြိမ် တစ်ကြိမ်တွင်မူ ရှားလော့ဟုမ်းသည် ခြေထောက်ကို ထိုမှ ဤမှ ရွှေ့လျားကာ နံရံကို လက်ချောင်းကလေးများဖြင့် ခေါက်လျက် ရှိလေ၏။ ဤသည်ကို ထောက်၍ ရှားလော့ဟုမ်းမှာ မျှော်လင့်ထားသည့် အတိုင်း မဖြစ်လာသည့် အတွက် တစ်စထက် တစ်စ ဂနာ မငြိမ် ဖြစ်လာကြောင်း ထင်ရှားလာခဲ့လေပြီ။

သန်းခေါင်နား နီးလာသည့် အခါတွင်ကား လမ်းမတွင်လည်း လူသွားလူလာ ပါးသည်ထက် ပါးလာခဲ့လေပြီ။ ရှားလော့ဟုမ်းမှာ စိတ်ကို ချုပ်တည်းခြင်းငှာ မစွမ်းနိုင်တော့ဘဲ အခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လျှောက်လျက် ရှိလေ၏။ ကျွန်ုပ်သည် တစ်ဖက် မျက်နှာချင်းဆိုင်ရှိ ကျွန်ုပ်တို့ တိုက်ခန်းမှ မီးရောင်များကို လှမ်းကြည့်လိုက်ရင်း ရှားလော့ဟုမ်းအား တစ်စုံတစ်ရာ ပြောရန် ပြင်လိုက်စဉ် မြင်ရသည့် ရှုခင်းကြောင့် ဘာကိုမှ မပြောနိုင်တော့ဘဲ ဖြစ်နေလေ၏။

ကျွန်ုပ်သည် ရှားလော့ဟုမ်း၏ အင်္ကျီလက်ကို ဖမ်းဆွဲထားလိုက်ရင်း

'ဗျို့ ဟုမ်း၊ မြင်ရဲ့လား၊ အရိပ်က နေရာ ရွှေ့သွားပါကလား'

ယခုအချိန်၌ကား စောစောက ရှားလော့ဟုမ်း သဏ္ဌာန် လုပ်ထားသည့် အရုပ်သည် ဘေးတိုက် မဟုတ်တော့ဘဲ ကျွန်ုပ်တို့ ဘက်သို့ ကျောပေးလျက် ရှိလေပြီ။

ရှားလော့ဟုမ်းသည် ယခင်ကထက် အသက် သုံးနှစ်ခန့် ကြီးလာပြီ ဖြစ်သည့်တိုင် စိတ်ဆတ်မြဲ၊ မိမိလောက် တွေးခေါ်နိုင်စွမ်း မရှိသူ တစ်ယောက်အား စိတ်တိုမြဲ ဖြစ်နေသည်ကို တွေ့ရပေ၏။

'လှုပ်မှာပေါ့ဗျ၊ ဘာမှ မလှုပ်တဲ့ အရုပ်ကြီးကို သွားထားပြီး ဒီအရုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဥရောပမှာ ညာဏ် အသွားဆုံး ဆိုတဲ့ ငနဲတွေကို သွားထောင်ဖမ်းလို့ ရပါ့
မလား၊ ဒီလို လုပ်ရအောင် ကျုပ်က တော်းမှ မဟုတ်တာ၊ ကျုပ်တို့ ဒီအခန်းထဲ
ရောက်တာ နှစ်နာရီ ရှိပြီ၊ ဒီနှစ်နာရီ အတွင်းမှာ အိမ်ရှင် အဘွားကြီး မစ္စက်
ဟတ်ဆန်က အရုပ်ကို နေရာ ရွှေ့ပေးတာ ရှစ်ကြိမ်တောင် ရှိပြီ၊ ဆယ့်ငါးမိနစ်
တစ်ကြိမ် ရွှေ့ပေးနေတာပဲ၊ အရုပ်ကို ကွယ်ပြီး ရွှေ့ပေးနေတော့ သူ့ အရိပ်ကို
တော့ ဘယ်မြင်ရပါ့မလဲ၊ ဟော

ရှားလော့ဟုမ်းသည် ပင့်သက်ကို အားပါးတရ ရှူလိုက်၏။ ရှားလော့
ဟုမ်း၏ လည်ပင်းသည် အနည်းငယ် စင်းသွားကာ ရှေ့တူရူသို့ အာရုံ စူးစိုက်
ကြည့်လျက် ရှိခြင်းကို လမ်းမှ ဖြာကျနေသော ခပ်မှိန်မှိန် အလင်းရောင်တွင်
မြင်ရလေ၏။ စောစောက လှေကားရင်းတွင် လေကွယ်နေသည့် လူနှစ်ယောက်
မှာ ထိုနေရာတွင်ပင် ရှိကောင်း ရှိမည် ဖြစ်သော်လည်း ၎င်းတို့ကိုကား မမြင်ရ
တော့ချေ။ ယခုအချိန်၌ လူတစ်ယောက် ထိုင်နေသည့် သဏ္ဌာန် ပေါ်နေသည့်
မျက်နှာချင်းဆိုင် တိုက်ခန်း ပြတင်းပေါက် ခန်းဆီးကလေးမှ တစ်ပါး ပတ်ဝန်း
ကျင် တစ်ခုလုံးမှာ မှောင်မည်း တိတ်ဆိတ်သွားခဲ့လေပြီ။

ချက်ချင်း ဆိုသလိုပင် တိုးတိုး တိုးတိုးဖြင့် စိတ်အား ထက်သန်စွာ ပြော
ဆိုနေသည့် စကားသံများကို တိတ်ဆိတ်နေသည့် အမှောင်ထဲမှ ကြားရလေ၏။
ရှားလော့ဟုမ်းသည် ကျွန်ုပ်အား အခန်းထောင့်ရှိ ပို၍ မှောင်သော နေရာသို့ ဆွဲ
ခေါ်သွားကာ စကား ပြောဆိုခြင်း မပြုရန် ကျွန်ုပ်၏ ပါးစပ်ကို လက်ဖြင့် အုပ်
ထားလိုက်လေ၏။ ကျွန်ုပ် နှုတ်ခမ်းကို လာထိသည့် ရှားလော့ဟုမ်း၏ လက်
ချောင်းများ တုန်ယင်လျက် ရှိခြင်းကို သတိပြုလိုက်မိလေရာ ကျွန်ုပ် မိတ်ဆွေ
ကြီး ဤမျှ စိတ် လှုပ်ရှားနေပုံကို ကျွန်ုပ် ယခင်က တစ်ခါမျှ မတွေ့ခဲ့ဖူးသေး
ချေ။ ကျွန်ုပ်တို့ ရှေ့ရှိ လမ်းမကြီးမှာမူ ခါတိုင်းကဲ့သို့ပင် မည်းမှောင် တိတ်ဆိတ်
လျက် ရှိဆဲ ဖြစ်လေ၏။

သို့ရာတွင် ချက်ချင်း ဆိုသလိုပင် ကျွန်ုပ်သည် တစ်စုံတစ်ရာကို သတိပြု
လိုက်မိ၏။ ရှားလော့ဟုမ်း၏ အာရုံမှာ ကျွန်ုပ်ထက် ထက်မြက်သည့် အလျောက်
ထိုအသံကို ခွဲခြားပြီး ဖြစ်လေပြီ။ ခြေကို ဖော့နင်းလာသည့် အသံ တစ်သံသည်
ကျွန်ုပ်တို့ ဝင်ရောက်လျက် ရှိသော အိမ်ကြီး၏ နောက်ဖေးဘက်မှ ထွက်ပေါ်
လာလေ၏။ ထို့နောက် တံခါး ဖွင့်သံ၊ တံခါးကို ပြန်ပိတ်သံတို့ကိုလည်း ကြားရ
ပေ၏။ ခဏ ကြာသည့် အခါတွင် ဖော့နင်းလာသည့် ခြေသံသည် စင်္ကြံ တစ်
လျှောက်မှ ပေါ်ထွက်လာလေ၏။ ခြေသံမှာ ဖော့နင်းလာသည့် ခြေသံ ဖြစ်သည့်





ပိုင် တိတ်ဆိတ်၍ လူသူ ကင်းမဲ့နေသည့် အိမ်
ကြီးထဲတွင်မူ အတိုင်းသား ကြားနေရလေ၏။
ရှားလော့ဟုမ်းသည် နံရံကို မှီကပ်၍ ထိုင်ချ
လေရာ ကျွန်ုပ်မှာလည်း သူ့ နည်းတူ လိုက်
လုပ်ရင်း ခြောက်လုံးပြူးကို လက်ဖြင့် အုပ်
ထားလိုက်မိလေ၏။ အမှောင်ထဲသို့ စူးစိုက်
ကြည့်လိုက်သည့် အခါတွင် ဖွင့်ထားလျက်
ရှိသည့် တံခါးမကြီး အနီးရှိ မည်းမှောင်
သော အရိပ်ထဲတွင် လူရိပ် သဏ္ဌာန်
တစ်ခုကို ခပ်ရေးရေး မြင်လိုက်ရ
လေ၏။ ထိုအရိပ်သည် ခဏမျှ
ရပ်နေပြီးနောက် ရှေ့သို့ တွားသွား
လာကာ အခန်းထဲသို့ ဝင်လာခဲ့
လေ၏။ ထိုအချိန်၌ ထိုသဏ္ဌာန်
မှာ ကျွန်ုပ်တို့နှင့် သုံးကိုက် အကွာ
ခန့်သို့ ရောက်နေလေပြီ။ ကျွန်ုပ်
သည် ထိုသဏ္ဌာန်ကို ခုန်အုပ်ရန်
အသင့် ပြင် လိုက် မိ သေး သော်
လည်း ထိုသဏ္ဌာန်မှာ ကျွန်ုပ်တို့ ရှိ
မှန်းကို မသိသေးဟု သတိ ရလိုက်
သဖြင့် မနည်း ထိန်းချုပ် ထားလိုက်
ရပေ၏။ ထိုလူသည် ကျွန်ုပ်တို့ အနီး
မှ ဖြတ်သန်းကာ ပြတင်းပေါက်နား
သို့ ရောက်လျှင် ကိုယ်ကို အနည်း



လမ်းမမှ မီးရောင်များကြောင့်
ထိုလူကို ကျွန်ုပ်တို့
ကောင်းကောင်း မြင်နေရလေပြီ။

ငယ် မတ်၍ ပြတင်းပေါက် ဘောင်ပေါ်မှ ခေါင်းပြူကာ တစ်ဖက် ဘေကာလမ်းရှိ
တိုက်ခန်းကို လှမ်းကြည့်လျက် ရှိလေ၏။ ထိုအချိန်၌ကား လမ်းမမှ မီးရောင်များ
ဖြာကျလျက် ရှိသည့် အတွက် ထိုလူကို ကျွန်ုပ်တို့ ကောင်းကောင်း မြင်နေရလေပြီ။
ထိုလူမှာ အလွန် စိတ် တုန်လှုပ် ချောက်ချားနေဟန် ရှိလေ၏။ ထိုလူ၏ မျက်
နှစ်လုံးသည် တဖျတ်ဖျတ် လက်လျက် ရှိပြီး မျက်နှာမှ ကြွက်သားများမှာလည်း
တလှုပ်လှုပ် ဖြစ်လျက် ရှိကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူမှာ အသက် ခပ်ကြီးကြီး ဖြစ်ပြီး နှာတံ ထင်းထင်း၊ နဖူး ကျယ်ကျယ်နှင့် မုတ်ဆိတ် ဖြူဖြူများ ထူထပ်စွာ ပေါက်လျက် ရှိသော အသက်ကြီးကြီး လူတစ်ယောက် ဖြစ်သည်ကို တွေ့ရလေ၏။ ထိုလူသည် ဇာတ်ရုံများထဲတွင် ဆောင်းလေ့ ရှိသော အော်ပရာ ဦးထုပ်ကို နောက်သို့ ခပ်လန်လန် ဆောင်းထားပြီး ကုတ်အင်္ကျီ ရှေ့ကြယ်သီးများကို ဖြုတ်ထားသည့် အတွက် ဖြူဖွေး တောက်ပနေသော ညနေခင်းဝတ် ရှပ်အင်္ကျီကို မြင်ရပေ၏။ အသားမှာ အနည်းငယ် ညို၍ မျက်နှာ သွယ်ပြီးလျှင် မျက်နှာပေါ်တွင်လည်း အရေးကြောင်းတို့ နက်ရှိုင်းစွာ ပေါ်လျက်ရှိလေ၏။ လက်ထဲတွင် ကိုင်ထားသည့် တုတ် တစ်ချောင်းနှင့် တူသည့် အရာကို ကြမ်းပေါ်သို့ ချလိုက်၏။ သို့ရာတွင် ကြမ်းပေါ်သို့ ချလိုက်သည့် အခါ၌ သတ္တုသံ ပေါက်နေသည်ကို ကျွန်ုပ် သတိပြုလိုက်မိ၏။

ထို့နောက် ထိုလူသည် အပေါ် ကုတ်အင်္ကျီထဲမှ ခပ်လေးလေး အရာဝတ္ထု တစ်ခုကို ထုတ်ကာ အလုပ် များလျက် ရှိပြီး နောက်ဆုံးတွင်မှ မောင်းကျသွားသည့်နှယ် ချောက်ခနဲ မြည်သံ တစ်ခုကို ကြားလိုက်ရလေ၏။ ထိုလူသည် ကြမ်းပြင်ပေါ်တွင် ဒူးထောက် ထိုင်ကာ ရှေ့သို့ ကုန်း၍ မောင်းတံနှင့် တူသော အရာ တစ်ခုကို အားကုန် ဆွဲတင်လျက် ရှိလေရာ တကျိကျိ မြည်နေသံ တစ်ခုကို ကြားရပြီး အဆုံး၌ ချောက်ခနဲ အံကျသွားသံမျိုး တစ်ခုကို ကြားလိုက်ရပြန်လေ၏။ ကိစ္စ အားလုံး ပြီး၍ မတ်တတ် ရပ်လိုက်သည့် အခါတွင် သူ့ လက်ထဲတွင် ကိုင်ထားသည့် အရာမှာ ပုံမကျ ပန်းမကျ ဖြစ်နေသည့် ဒင် တစ်ခုကို တပ်ထားသည့် သေနတ် တစ်လက် ဖြစ်ကြောင်း တွေ့ရလေ၏။

ထိုသူသည် သေနတ်ကို ခါးချိုးလိုက်ပြီးနောက် တစ်စုံတစ်ရာကို ထည့်နေပြီးလျှင် မောင်းချီးကို ပြန်ပိတ်လိုက်လေ၏။ ထို့နောက် ပြန်ထိုင်လိုက်လျက် သေနတ် ပြောင်းကို ပြတင်းပေါက် ဘောင်ပေါ်တွင် တင်ပြီး ချိန်နေလေ၏။ ထိုလူ၏ မုတ်ဆိတ်မွေးများသည် သေနတ်ဒင်ပေါ်တွင် တွဲလောင်းကျလျက် ရှိပြီး မျက်လုံးများမှာ စူးစိုက်ကြည့်လျက် ရှိခြင်းကြောင့် တဖျတ်ဖျတ် လက်နေသည်ကို မြင်ရလေ၏။ သေနတ်ဒင်ကို ပခုံးတွင် နေရာတကျ တင်ပြီးသည့်အခါကျမှ ထိုလူသည် စိတ်သက်သာသွားသည့်ဟန် သက်ပြင်းကြီး တစ်ချက်ကို ချလိုက်ပြီး ဘေကာလမ်း တိုက်ခန်း ပြတင်းပေါက်တွင် ထင်နေသည့် အရိပ်ကို အတန်ကြာမျှ ချိန်နေလေ၏။ ထို့နောက် မောင်းကို ဆွဲဖြုတ်လိုက်လေရာ ရှီခနဲ မြည်သွားသံနှင့် အတူ ဘေကာလမ်း တိုက်ခန်းမှ ပြတင်းပေါက် မှန်များ ကွဲကျသွားသံတို့ကို ကြားရလေ၏။







ထိုလူသည် ချက်ချင်း ရှန်းထလာကာ ရှားလော့ဟုမ်း၏ လည်ပင်းကို ညှစ်လျက် ရှိစဉ် ကျွန်ုပ်က ခြောက်လုံးပြူးဒင်နှင့် နောက်မှ ခေါင်းကို တအား ရိုက်ချလိုက်သည့် အတွက် ...



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ဆိုသလိုပင် ရှားလော့ဟုမ်းသည် ထိုလူကို နောက် ကျော မှ နေ၍ ကျား ခုန်အုပ်လိုက်သလို ခုန်အုပ်လိုက်ပြီးနောက် မှောက်လျက် လဲကျ သွားအောင် ပစ်လှဲ လိုက်လေ၏။ ထိုလူသည် ချက်ချင်း ရုန်းထလာကာ ရှား လော့ဟုမ်း၏ လည်ပင်းကို ညှစ်လျက် ရှိစဉ် ကျွန်ုပ်က ခြောက်လုံးပြူးဒင်နှင့် နောက်မှ ခေါင်းကို တအား ရိုက်ချလိုက်သည့် အတွက် ကြမ်းပေါ်သို့ ပုံကျသွား လေ၏။ ထိုခဏ၌ ပလက်ဖောင်းမှ ပြေးလာသော ခြေသံများကို ကြားလိုက် ရကာ ယူနီဖောင်းဝတ် ပုလိပ် နှစ်ယောက်နှင့် အရပ်ဝတ် အရပ်စား ဝတ်ထား သည့် စုံထောက် တစ်ယောက်တို့သည် ရှေ့တံခါးမကြီးမှ နေ၍ အခန်းထဲသို့ ဝင်ရောက် လာကြလေ၏။

"ဗျို့ လက်စထရိတ်တို့တစ်တွေလား"

"ဟုတ်တယ် မစ္စတာ ဟုမ်း၊ ကျွန်တော် ကိုယ်တိုင် လိုက်လာတာ၊ ခင် ဗျားကို လန်ဒန်မှာ ပြန်တွေ့ရတာ ဝမ်းသာလိုက်တာဗျာ"

"ခင်ဗျားတို့မှာ ဘေးယန်းက အကူအညီ လိုနေလိမ့်မယ် ဆိုတာ သိလို့ ပြန်လာတာပေါ့ဗျ၊ လန်ဒန် မြို့ကြီးမှာ တစ်နှစ်ထဲတွင် လက်သည် မပေါ်တဲ့ လူ သတ်မှု သုံးမှု ဖြစ်ရတယ် ဆိုတာ တယ် မကောင်းလှဘူးပေါ့၊ သို့သော်လည်း မော်လက်ဆေ လူသတ်မှုမှာ ခင်ဗျား လုပ်လိုက်ပုံကလေးကတော့ အဲ ပိုင်ပါပေ တယ်ဗျာ"

ကျွန်ုပ်တို့သည် ထိုင်ရာမှ ထလိုက်ကြ၏။ ကျွန်ုပ်တို့ ဖမ်းဆီး ထားမိ သည့် တရားခံကား အသက်ကို ပြင်းစွာ ရှူရင်း အားခွန်ဗလ ကောင်းသည့် ပုလိပ် နှစ်ယောက် တစ်ဖက် တစ်ချက်စီ ရံလျက်သား ရှိနေလေပြီ။ ထိုအချိန်၌ လမ်းသွား လမ်းလာ အချို့ ဝိုင်းအုံလာကြလေ၏။ ရှားလော့ဟုမ်းသည် ပြတင်း ပေါက်ဆီသို့ သွားကာ ပြတင်းပေါက်ကို ပိတ်လိုက်ပြီးလျှင် ခန်းဆီးများကို ဆွဲချ ထားလိုက်လေ၏။ လက်စထရိတ်က ဖယောင်းတိုင်ကို ထွန်းလိုက်သဖြင့် ပုလိပ် နှစ်ယောက်ကလည်း အကာ အုပ်ထားသည့် ၄င်းတို့၏ လက်ဆွဲ မှန်အိမ်များကို ဖွင့်လိုက်ကြလေ၏။ ထိုအချိန်၌ကား ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အကျဉ်းသား ကို ကြည့်ရှု အကဲခတ်နိုင်လေပြီ။

ကျွန်ုပ်တို့ဘက်သို့ လှည့်ကြည့်လိုက်သော ထိုလူ၏ မျက်နှာမှာ အလွန် ခွန်အား ကောင်းသည့် မျက်နှာမျိုး ဖြစ်သည့်တိုင် ရက်စက် ကြမ်းကြုတ်သည့် မျက်နှာမျိုး ဖြစ်လေ၏။ ထိုလူမှာ ဉာဏ်ပညာ ရှိသူတို့၏ နဖူးပြင်မျိုး ရှိ၍ စိတ် အလိုကို လိုက်မည့် မေးရိုးမျိုး ရှိသူ ဖြစ်သည့် အလျောက် အကောင်းကို





ဖြစ်စေ အဆိုးကို ဖြစ်စေ လုပ်နိုင်စွမ်း ရှိသည့် လူမျိုး တစ်ယောက် ဖြစ်လေ၏။ သို့ရာတွင် ရက်စက်သည့် ပြာလဲ့လဲ့ မျက်လုံးများ၊ တွဲကျနေသော မျက်ခွံများ၊ ထင်းထင်းကြီး ပေါ်နေသည့် နှာခေါင်း ချွန်ချွန်ကြီးနှင့် တကွ မျက်မှောင်ကုတ်ထား သဖြင့် အရေးအကြောင်းတို့ ပေါ်နေသည့် နဖူးပြင်တို့ကို ကြည့်၍ ထိုလက္ခဏာ များမှာ လွန်စွာ အန္တရာယ် ကြီးသူ တစ်ယောက် ဖြစ်ကြောင်းကို အလွယ်တကူ သိသာနိုင်ပေ၏။

ထိုလူသည် ကျွန်ုပ်တို့ အားလုံးကို အရေးထားဟန် မရှိဘဲ ရှားလော့ ဟုမ်း၏ မျက်နှာကိုသာ စိုက်ကြည့်လျက် ရှိလေရာ သူ့ မျက်နှာပေါ်တွင် မုန်း ကီးခြင်းနှင့် အံ့ဩခြင်းတို့ ရောလျက် ရှိသည်ကို မြင်ရလေ၏။

"အလကားလူ၊ တော်တော် ကောက်ကျစ် ယုတ်မာတဲ့လူ" ဟု တဖွဖွ ရွတ်ဆိုလျက် ရှိလေ၏။

ရှားလော့ဟုမ်းသည် ကြေမွနေသည့် သူ့ အင်္ကျီ ကော်လာကို လက်ဖြင့် ပွတ်သပ်ရင်း

"ခရီးတို့ မည်သည် ချစ်သူတို့၏ တွေ့ဆုံခြင်းတွင် အဆုံး သတ်ကြ၏ ဆိုတဲ့ စကားပုံကလေး ရှိသားပဲ ဗိုလ်မှူးကြီးရယ်၊ ရေတံခွန်ကြီးဘေး တောင် ကြောပေါ်မှာ ကျုပ် အမောပြေ လှဲနေတုန်း ခင်ဗျားတို့ ဂရုစိုက် ကြည့်တာကို ခံခဲ့ရပြီးတဲ့ နောက်မှာ ခင်ဗျား မျက်နှာကို မြင်ရဖို့ အခွင့် ရတော့မှာ မဟုတ်ဘူး လို့ ကျုပ် ထင်ခဲ့တာ"

ဗိုလ်မှူးကြီးမှာ ရှားလော့ဟုမ်းကို စားမတတ် ဝါးမတတ် ကြည့်နေရင်း က "တော်တော် ကောက်ကျစ် ယုတ်မာတဲ့လူ၊ အလကားလူ" ဟု တဖျစ်တောက် တောက် မြည်တွန်လျက် ရှိလေ၏။

"ဪ ခင်ဗျားတို့ကို ဒီ ပုဂ္ဂိုလ်ကြီးနှင့် မိတ်ဆက် မပေးရသေးဘူးဗျ၊ ဟောဒီ ပုဂ္ဂိုလ်ကြီးက ဘုရင်မရဲ့ အိန္ဒိယ တပ်မတော်မှာ အမှုထမ်းခဲ့တဲ့ ဗိုလ်မှူး ကြီး ဆီဘတ်စတီယန် မိုရန်တဲ့ဗျ၊ ကျုပ်တို့ရဲ့ အင်ပါယာ အရှေ့ခြမ်းမှာတော့ တောပစ်တဲ့ နေရာမှာ သူ့လောက် လက်ဖြောင့်တဲ့ လူ တစ်ယောက်မှ မပေါ်ဖူးသေး ဘူးဗျ၊ ခုထိ ဗိုလ်မှူးကြီးလောက် ကျားကောင်ရေ များများ ပစ်ခဲ့ဖူးတဲ့ လူလည်း တစ်ယောက်မှ မရှိသေးဘူးနော် ဗိုလ်မှူးကြီး၊ ကျုပ် ပြောတာ မှန်ပါတယ်နော်"

ကြောက်စရာ ကောင်းသည့် ထိုလူကြီးမှာ မည်သို့မျှ မပြောဘဲ ရှားလော့ ဟုမ်းကိုသာ စိန်းစိန်းကြီး စိုက်ကြည့်လျက် ရှိလေ၏။

တောက်ပြောင်သော မျက်လုံး၊ ထိုးထိုးထောင်ထောင် ဖြစ်နေသော မုတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်မွေးတို့ဖြင့် ဗိုလ်မှူးကြီး မိုရန်ကို ကြည့်ရသည်မှာ သူကိုယ်တိုင်ပင် ကျား တစ်ကောင်နှယ် တူနေလေ၏။

'ဒီလောက် ကျွမ်းကျင်တဲ့ မုဆိုးဟောင်းကြီး တစ်ယောက်ကို သက်သက် သာသာကလေးနှင့် ဖမ်းနိုင်တဲ့ အတွက်တော့ နည်းနည်း အံ့ဩမိသဗျာ၊ ဒီလောက်တော့ ဗိုလ်မှူးကြီးလည်း သိဖို့ ကောင်းတာပေါ့၊ ဗိုလ်မှူးကြီးတို့ ကျားပစ် ထွက်ရင် သစ်ပင်အောက်မှာ ဆိတ်ကလေး တစ်ကောင်ကို ချည်၊ ကျားကို မြှူပြီးတော့မှ ပစ်ရတယ် မဟုတ်လား၊ ပြီးတော့လည်း ကိုယ့် သေနတ်က တစ်ခုခု ဖြစ်ရင် သို့တည်းမဟုတ် ပစ်မှတ် လွဲသွားရင် အဆင်သင့် ပစ်နိုင်ဖို့ အခြား မုဆိုးတွေကိုလည်း အရံ ထားပြီး ကျားပစ်ရတယ် မဟုတ်လား၊ ခု ဟောဟို ဘေကာလမ်းက လူ မနေတဲ့ ကျုပ် တိုက်ခန်းကလေးဟာ သားကောင် ချည်ပြီး မျှားထားတဲ့ သစ်ပင်ဗျ၊ အဲ ကျားကတော့ ခင်ဗျားပေါ့လေ၊ ဟောဒီကတော့ ကျုပ် အရံ ထားတဲ့ မုဆိုးတွေပဲဗျ၊ သဘောကတော့ အတူတူပဲ' ဟု ပြောကာ ရှားလော့ဟုမ်းသည် ကျွန်ုပ်တို့ကို လက်ညှိုးထိုး၍ ပြလေ၏။

ဗိုလ်မှူးကြီး မိုရန်သည် ကျားကြီး တစ်ကောင်လို ဟိန်းကာ ရုန်းထွက်မည် လုပ်သေး၏။ သို့ရာတွင် ပုလိပ် နှစ်ယောက်က သူ့ကို တဲ့ဆွဲ ထားလိုက်သည်။ ရှားလော့ဟုမ်းက

'ကျုပ် အံ့ဩတာ တစ်ခုပဲ ရှိတယ်၊ ခင်ဗျား ကိုယ်တိုင်တော့ ဒီအိမ် လွတ်ကြီးပေါ် တက်လာပြီး ပြတင်းပေါက်က ပစ်မယ်လို့ မထင်မိဘူး၊ လမ်းမပေါ်ကနေပြီး ပစ်လိမ့်မယ် ထင်တာ၊ ဒါကြောင့်မို့ ကျုပ် မိတ်ဆွေ လက်စထရိတ်နှင့် သူ့လူတွေကို လမ်းမမှာ အစောင့်ခိုင်းပစ်ခဲ့တာ၊ ဒီတစ်ချက်ကလေးက လွဲလို့ ကျန်တာတွေကတော့ ကျုပ် တွက်ထားတဲ့ အတိုင်းပါပဲ'

ဗိုလ်မှူးကြီး မိုရန်သည် စုံထောက် လက်စထရိတ်ဘက်သို့ လှည့်၍

'ခင်ဗျားတို့ ကျုပ်ကို ဖမ်းစရာ အကြောင်း ရှိသလား မရှိဘူးလား ဆိုတာတော့ ကျုပ် မသိဘူးပေါ့၊ ဒါပေမဲ့ ဒီလူ လှောင်တာ ထေ့တာတွေကို ကျုပ် ဒီအတိုင်း ခံနေစရာ အကြောင်းတော့ မရှိဘူးဗျ၊ ကျုပ်ဟာ တရားဥပဒေရဲ့ လက်တွင်းကို ရောက်တယ် ဆိုရင် ကျုပ်ကိုလည်း တရားဥပဒေ အရ ဆက်ဆံ ပြုမူရလိမ့်မယ်'

'မှန်ပါတယ်၊ ကိုင်း မစ္စတာ ဟုမ်း၊ ကျွန်တော်တို့ မသွားခင် ဘာများ ပြောချင်သေးသလဲ'

အင်စပက်တော် လက်စထရိတ်က မေးသည်။







ဗိုလ်မှူးကြီး မိုရန်သည်
ကျားကြီး တစ်ကောင်လို ဟိန်းကာ
ရုန်းထွက်မည် လုပ်သေး၏။

ရှားလော့ဟုမ်းသည် အားကောင်းသည့် လေသေနတ်ကို ကောက်ကိုင်လိုက်ပြီး သေချာစွာ ကြည့်ရှု စစ်ဆေးလျက် ရှိလေ၏။

'တော်တော် ကောင်းပြီး တော်တော် ထူးခြားတဲ့ လက်နက်ဗျ၊ အသံလည်း မမြည်ဘူး၊ ညှစ်အားလည်း အင်မတန် ကောင်းတယ်၊ ဟောဒီ သေနတ်ကို ပါမောက္ခ မော်ရီယာတီ အလုပ်ခိုင်းလို့ ဗွန် ဟားဒါး ဆိုတဲ့ မျက်မမြင် ဂျာမန် ပဂ္ဂင်းနှစ် တစ်ယောက်က စပယ်ရှယ် လုပ်ပေးလိုက်တာဗျ၊ ဒီသေနတ် အကြောင်းကို တော်တော် ခပ်စောစောကတည်းက ကြားဖူးနေပေမဲ့ ကိုင်တွယ် ကြည့်ဖို့ တစ်ခါမှ အခွင့်အရေး မရခဲ့သေးဘူး၊ ကဲ လက်စထရိတ်ရေ၊ ဒီပြင် အကြောင်းတော့ မမှာတော့ပါဘူးဗျ၊ ဒီသေနတ်ကို သေသေချာချာ စစ်ဆေးပြီး အဲဒီ သေနတ်



www.burmeseclassic.com

www.burmeseclassic.com



ကျည်ဆန်ကိုလည်း သေသေချာချာ စစ်ဆေးဖို့ အရေးကြီးတယ် ဆိုတာလောက်ပဲ ပြောချင်တယ်"

"စိတ်ချပါ မစ္စတာ ဟုမ်း၊ ပြီးတော့ကော"

အပြင် ထွက်ခါနီးတွင် လက်စထရိတ်က လှမ်းမေးလိုက်၏။

"ဘာနှင့် စွဲချက် တင်မယ် ဆိုတာတော့ သိချင်တယ်ဗျ"

"ဘာနှင့် စွဲချက် တင်ရမလဲ မစ္စတာ ဟုမ်း၊ ရှင်းနေတာပဲဟာ၊ မစ္စတာ ဟုမ်းကို သတ်ရန် ကြံစည်မှုနှင့် တင်ရမှာပေါ့"

"မဟုတ်ဘူးဗျ၊ ဒီကိစ္စမှာ ကျုပ် လုံးလုံး မပါချင်ဘူး၊ ဒီလူကို ဖမ်းတဲ့ အတွက် ချီးကျူးချင်း ချီးကျူးရင် ခင်ဗျားကိုပဲ ချီးကျူးရမယ်၊ ခင်ဗျားနှင့်ပဲ ဆိုင်တာ၊ ကျုပ်နှင့် ဘာမှ မဆိုင်ဘူး၊ ကဲ လက်စထရိတ်ရေ၊ ခင်ဗျားရဲ့ ကျွမ်းကျင်မှုနှင့် ရဲရင့်မှုကြောင့် ခင်ဗျားတို့ လိုချင်နေတဲ့ လူကို ရတဲ့ အတွက် ခင်ဗျားကို ချီးကျူးလိုက်ပါတယ်"

"ကျွန်တော်တို့ လိုချင်နေတဲ့လူ ဟုတ်လား၊ ဘယ်သူလဲဗျ"

"ခင်ဗျားတို့ ပုလိပ် အဖွဲ့ကြီးက အပြင်းအထန် လိုက်ရှာ နေကြသော်လည်း ခုမှ တွေ့ရတဲ့ လူဗျ၊ အဲဒီ လူက ဘယ်သူလဲ ဆိုတော့ လွန်ခဲ့တဲ့ လ ၃၀ ရက်နေ့ ညက ပတ်ကလိန်းလမ်း အမှတ် ၄၇၂ ဒုတိယထပ် ပြတင်းပေါက်က နေပြီး အော်နာရေဘီ ရီနယ် အဒဲယားကို ကျည်ပျော့နှင့် ပစ် သတ် သွား တဲ့ ဗိုလ်မှူးကြီး ဆီဘတ်စတီယန် မိုရန် ဆိုတဲ့ လူပါပဲဗျား၊ သူ့ကို အဲဒီ အမှုနှင့် စွဲချက် တင်ရလိမ့်မယ်ဗျ၊ ကဲ ဝပ်ဆင်ရေ၊ မှန်ကွဲနေတဲ့ ပြတင်းပေါက်က လေ စိမ်း တိုက်တာကို ခံနိုင်လို့ ရှိရင် ကျုပ် အခန်း လိုက်ခဲ့ဗျာ၊ ဟိုကျမှ ဆေးလိပ် ကလေး ဘာလေး သောက်ရင်း စကား စမြည် ပြောရတာပေါ့"

ဘေကာလမ်းရှိ ကျွန်ုပ်တို့ နှစ်ယောက် နေထိုင်ခဲ့ဖူးသည့် တိုက်ခန်းလေးမှာ ရှားလော့ဟုမ်း၏ အစ်ကို မိုင်းကရော့ ဟုမ်း၏ ထိန်းသိမ်း စောင့်ရှောက်မှု၊ အိမ်ရှင် အဘွားကြီး မစ္စက် ဟတ်ဆန်၏ လောလောဆယ် ထိန်းသိမ်း ထားမှုတို့ကြောင့် ခြေရာလက်ရာ မပျက် နဂို အတိုင်း ရှိနေပေ၏။

ကျွန်ုပ်တို့ ဝင်သွားသည့် အခါတွင် အခန်းမှာ သန့်ရှင်းလျက် ရှိပေ၏။ ပစ္စည်းများမှာ ယခင် ကျွန်ုပ်တို့ နှစ်ယောက် အတူ နေခဲ့စဉ် အတိုင်း သူ့နေရာတွင်သူ ရှိနေလေ၏။ အခန်းထောင့်တွင် ရှားလော့ဟုမ်း ဓာတုဗေဒ စမ်းသပ်မှုများကို ပြုလုပ်သည့် နေရာမှာလည်း ယခင် အတိုင်းပင် ရှိကာ အက်စစ်တွေ စွန်းပေနေသည့် စားပွဲ အမြင့်ကြီးကိုလည်း ထိုနေရာမှာပင် တွေ့ရလေ၏။ နံရံရှိ စာအုပ်





စင် တစ်ခုပေါ်၌မူ သက်ဆိုင်သူများက မီးတင် ရှို့ချင်နေကြသည့် ရှားလော့ဟုမ်း ရိုက်ခဲ့သည့် အမှုတွဲ မှတ်တမ်းများနှင့် အညွှန်း စာအုပ်များကို တစ်ပုံကြီး တွေ့ ရလေ၏။ ထိုမျှမက ရှားလော့ဟုမ်း ရေးဆွဲသည့် ပုံကားများကို လည်းကောင်း၊ တယော သေတ္တာကို လည်းကောင်း၊ ဆေးတံ တင်သည့် စင်ကလေးကို လည်း ကောင်း၊ ဆေးတံ သောက်ဆေးထုပ်တွေ ထိုးထည့်ထားသည့် ပါးသျှုန်း ရှေ့ထိုး ဖိနပ်ကို လည်းကောင်း သူ့နေရာ အတိုင်း မြင်ရလေ၏။

ကျွန်ုပ်တို့ ရောက်သွားသည့် အချိန်တွင် အခန်းထဲ၌ လူနှစ်ယောက် ရောက်နေသည်ကို တွေ့ရလေ၏။ တစ်ယောက်မှာ ကျွန်ုပ်တို့၏ အိမ်ရှင် အဘွားကြီး မစ္စက် ဟတ်ဆန် ဖြစ်ပြီး အခြား တစ်ယောက်မှာ ယနေ့ည စွန့်စားခန်းတွင် အရေးကြီးသော အခန်းမှ ပါဝင်ခဲ့သည့် ရှားလော့ဟုမ်း၏ ပုံတူ ရုပ်တုကြီး ဖြစ်လေ၏။ ထိုရုပ်တုမှာ ဖယောင်းဖြင့် ထုထားသည့် ရှားလော့ဟုမ်း၏ ပုံတူ ဖြစ်ပြီးလျှင် လက်ရာ အလွန် မြောက်လှသည့် အတွက် မိတ်ဆွေကြီး ရှားလော့ဟုမ်း၏ ကိုယ်ပွားဟုပင် ထင်ရလောက်ပေ၏။ ထိုရုပ်တုမှာ ခုံကလေး တစ်ခုပေါ်တွင် တင်ထားသည့် ကိုယ်တစ်ပိုင်း ရုပ်တု ဖြစ်လျက် ကိုယ်ပေါ်တွင် ရှားလော့ဟုမ်း ဝတ်နေကျ အင်္ကျီရှည်ကြီးကို လွှမ်းခြုံလျက်သား ရှိလေရာ လမ်းမမှ ကြည့်လျှင် တကယ့် ရှားလော့ဟုမ်း အစစ်ဟု ထင်ရလေ၏။

"မစ္စက် ဟတ်ဆန်ရေ၊ ဘာမှ အထိအခိုက် မရှိဘူးနော်"

"မရှိပါဘူး စုံထောက်ကြီးရယ်၊ စုံထောက်ကြီး ပြောတဲ့ အတိုင်း ကျွန်မက အချိန်တန်ရင် ဒူးထောက်သွားပြီး အရုပ်ကြီးကို လှည့်ပေးတာပဲ"

"ဟန်လိုက်လေဗျာ၊ အင်း လုပ်ပုံ ကိုင်ပုံ သပ်ရပ်ပါပေတယ်ဗျာ၊ ကျည်ဆန်က ဘယ်နားမှာ သွားမှန်သလဲ ဆိုတာ သတိ ထားလိုက်မိရဲ့လား"

"ကြည့်ပြီးပါပြီရှင်၊ ကျွန်မကတော့ စုံထောက်ကြီးရဲ့ ပုံတူ ရုပ်တုကြီး ပျက်သွားတာကိုပဲ နှမြောတာပါပဲ၊ ကျည်ဆန်က ခေါင်းကို တည့်တည့် ဖောက်ထွက်သွားပြီး နံရံနှင့် ထိတော့ ပြားသွားတယ်ရှင့်၊ ကျွန်မ ကော်ဇောပေါ်က တွေ့လို့ ကောက်ထားတာ၊ ဟောဒီမှာ"

ရှားလော့ဟုမ်းက ကျွန်ုပ်ကို လှမ်းပြလိုက်၏။

"အိုင်ဆေး ဝပ်ဆင်ရေ၊ ခင်ဗျား မြင်တဲ့ အတိုင်းပဲ၊ ခြောက်လုံးပြူး ကျည်ဆန် အပျော့ဗျ၊ တော်တော် ဉာဏ်သွားတဲ့ လူတွေဗျာ၊ လေသေနတ် တစ် လက်က နေပြီး ခြောက်လုံးပြူး ကျည်ဆန် ထွက်လာမယ်လို့ ဘယ်သူ ထင်ပါ့ မလဲ၊ ဟုတ်ပြီ မစ္စက် ဟတ်ဆန်၊ ကျုပ်တို့ကို ကူညီတဲ့ အတွက် ကျေးဇူးကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်တယ်၊ ကဲ ဝပ်ဆင်ရေ၊ ခင်ဗျား ထိုင်နေကျ ကုလားထိုင်မှာ ထိုင်ဗျာ၊ ခင်ဗျားနှင့် ဆွေးနွေးစရာကလေးတွေ တော်တော်များများ ရှိတယ်'

ရှားလော့ဟုမ်းသည် ညစ်ပတ်နေသည့် ဖရော့ကုတ် ခေါ် အင်္ကျီရှည်ကြီးကို ချွတ်ပစ်လိုက်ပြီးလျှင် ရုပ်တုကြီးပေါ်တွင် လွှမ်းခြုံထားသည့် ညဝတ် အင်္ကျီကြီးကို ကောက်ဝတ်လိုက်လေရာ ထိုအခါ၌ကား ရှားလော့ဟုမ်းသည် ကျွန်ုပ်မြင်ဖူး တွေ့ဖူးနေကျ ရှားလော့ဟုမ်း ပြန်ဖြစ်သွားခဲ့လေပြီ။

'ဗိုလ်မှူးကြီး မိုရန် ဆိုတဲ့ မုဆိုးကြီးရဲ့ အာရုံကြောတွေဟာ အားကောင်းတုန်းပဲဗျ၊ မျက်လုံးတွေလည်း စူးရှတုန်းပဲ'

ရှားလော့ဟုမ်းက ကြေမွသွားသော ပုံတူ ရုပ်တု၏ နဖူးပြင်ကို ကြည့်ရင်း ရယ်၍ ပြောလေ၏။

'ဘယ်လောက် မျက်စိ ရှင်သလဲ ဆိုတာ ကြည့်လေ၊ ခေါင်းကို တည့်တည့် မှန် ဖောက်ထွက်သွားပြီး နံရံကို သွားမှန်တာကိုသာ ကြည့်ပေတော့၊ ဒီလူကြီးက ဟိုတုန်းကတော့ အိန္ဒိယမှာ လက် အဖြောင့်ဆုံး လူပဲဗျ၊ လန်ဒန်မှာ ဆိုရင်လည်း သူ့လောက် လက်ဖြောင့်တဲ့လူ ခပ်ရှားရှားရယ်၊ ခင်ဗျား ကြားဖူးရဲ့လား'

'ဟင့်အင်း၊ မကြားဖူးဘူးဗျ'

'နာမည် သိပ်ကြီးတာပေါ့ဗျာ၊ သို့သော်လည်း ကျုပ် အမှတ် မမှားဘူးဆိုရင် ဒီရာစုနှစ်မှာ ဦးနှောက် အကောင်းဆုံး လူတစ်ယောက် ဖြစ်တဲ့ ပါမောက္ခ ဂျိမ်း မော်ရီယာတီ အကြောင်းကိုတော့ သိမှာပေါ့၊ စာအုပ်စင်ပေါ်က အတ္ထုပ္ပတ္တိ အညွှန်း စာအုပ်ကလေး တစ်ဆိတ် လှမ်းလိုက်ဗျာ'

ရှားလော့ဟုမ်းသည် ကုလားထိုင် နောက်မှီကို မှီလိုက်ကာ ပါးစောင်တွင် ခဲထားသည့် ဆေးပြင်းလိပ်ကို မီးခိုး ထောင်းထောင်း ထအောင် ဖွာရင်း စာရွက်များကို ဖြည်းညင်းစွာ လှန်လှောလျက် ရှိလေ၏။

'ကျုပ် စုထားတဲ့ အတ္ထုပ္ပတ္တိတွေထဲမှာ အမ်နှင့် စတဲ့ နာမည်က တော်တော်လေး စုံတယ်ဗျ၊ မော်ရီယာတီ ဆိုတဲ့ လူရဲ့ နာမည်နှင့်တင် ကျုပ် စုထားတဲ့ အညွှန်းဟာ တော်တော်လေး ထူးခြားနေပြီ၊ ဟောဒီမှာ အဆိပ်ခတ် သတ်ခဲ့တဲ့ မော်ဂင် ဆိုတဲ့ လူ အကြောင်း၊ ဒါက ပြန်တွေးရင်တောင် စက်ဆုပ်စရာ ကောင်းတဲ့ မယ်ရီ ဂျူး အတ္ထုပ္ပတ္တိ၊ ဟောဒါက ချယ်ရင်ကရော့ ဘူတာမှာ ကျုပ် သွားတစ်ချောင်း ကျွတ်အောင် ထိုးခဲ့တဲ့ မက်သယူး၊ ဟောဒါက ခုည ကျုပ်တို့ တွေ့လိုက်ရတဲ့ ကျုပ်တို့ မိတ်ဆွေကြီး'





ရှားလော့ဟုမ်းသည် စာအုပ်ကို ကျွန်ုပ်ထံသို့ လှမ်းပေးလိုက်သဖြင့် ကျွန်ုပ်က ဖတ်ကြည့်လိုက်သည်။

**မိုရန်၊ ဗိုလ်မှူးကြီး ဆီဘတ်စတီယန်**။ ။ ဘင်္ဂါလီ တပ်ရင်း ၁ တွင် အမှုထမ်းခဲ့သည်။ ၁၈၄၀ ပြည့်နှစ် လန်ဒန်တွင် မွေး။ ပါးသျှားပြည် ဗြိတိသျှ မဟာ မင်းကြီးဟောင်း ဖြစ်သူ ဆာ အော်ဂတ်စတပ် မိုရန်၊ စီ၊ ဘီ၏ သား။ အီတန် ကျောင်းနှင့် အောက်စဖို့ တက္ကသိုလ်တို့တွင် ပညာ သင်ခဲ့သည်။ ဂျိုဝါကီ စစ်ပွဲ၊ အာဖဂန် စစ်ပွဲ၊ ချာရာရှပ်၊ ရှယ်ပူးနှင့် ကာဘူးလ် မြို့များတွင် အမှုထမ်းခဲ့ဖူးသည်။ '*အနောက် ဟိမဝန္တာ တောင်တန်းတွင် တောပစ် ထွက်ခြင်း အကြောင်း*'(၁၈၈၁)၊ '*တောကြီး မျက်မည်းမှာ သုံးလကြာ*'(၁၈၈၄) စသည့် စာအုပ်များကို ရေးသားခဲ့သည်။ ယခု ကွန်ဂျူလမ်းတွင် နေထိုင်လျက် ရှိသည်။ ပါဝင် ဆောင်ရွက်လျက် ရှိသော ကလပ်များမှာ အင်္ဂလိပ် အိန္ဒိယ ကလပ်၊ တင်ကာဗီးလ် ကလပ်နှင့် ဘာ ဂါ တယ်လီ ဖဲကလပ်တို့ ဖြစ်သည်။



ဘေး၌မူ 'လန်ဒန်မြို့တွင် ဒုတိယ အန္တရာယ်အကြီးဆုံး လူ' ဟု ရှားလော့ ဟုမ်း ၏ ရှင်းလင်းပြတ်သားသော လက် ရေးဖြင့် မှတ်ချက် ရေးထားသည်ကို တွေ့ရလေ၏။

ကျွန်ုပ်က စာအုပ်ကို ပြန်ပေးလိုက်ရင်း

*'ကျုပ် စုထားတဲ့ အတ္ထုပ္ပတ္တိတွေထဲမှာ အမ်နှင့် စတဲ့ နာမည်က တော်တော်လေး စုံတယ်ဗျ'*

www.burmeseclassic.com

www.burmeseclassic.com



'တော်တော်တော့ အံ့သြဖို့ ကောင်းတယ်ဗျ။ ဒီလူရဲ့ ဘဝက တော်တော် လေးစား ဂုဏ်ယူထိုက်တဲ့ စစ်သား ဘဝက လာပြီး ဒီလို ဖြစ်ရသလား'

'ဟုတ်တယ်ဗျ။ တစ်ကွေ့ အထိတော့ ဒီလူဟာ ကောင်းကောင်းမွန်မွန်ပဲ၊ လူက သတ္တိလည်း တော်တော် ကောင်းတယ်၊ လူသားစား ကျားကြီး တစ်ကောင်ကို ပစ်တော့ ကျားက ဒဏ်ရာနှင့် ထွက်ပြေးတယ်၊ မြောင်းကြီး အတိုင်း အဲဒီ ကျားနာကြီး နောက်ကို လေးဖက်ထောက် လိုက်သွားသတဲ့၊ ဒီအကြောင်းကို အခုထက်ထိ အိန္ဒိယမှာ ပြောလို့ မဆုံးသေးဘူး၊ အိုင်ဆေး ဝပ်ဆင်၊ သစ်ပင်ကို ခင်ဗျား မြင်ဖူးတယ် မဟုတ်လား၊ တချို့ သစ်ပင်များကတော့ အတော် ကြီးသည် အထိ အခက်အလက် စုံစုံနှင့် ပေါက်လာကြတယ်၊ အဲဒီလို ပေါက်လာပြီး ဘာကြောင့်လဲ မသိဘူး၊ အဲဒီ သစ်ပင်ဟာ အခက်အလက်တွေ ခြောက်သွားပြီး ကြည့်ရတာကို ကျက်သရေ မရှိဘဲ ဖြစ်သွားတတ်တယ်၊ လူတွေမှာလည်း ဒီအတိုင်းပဲဗျ၊ လူ တစ်ယောက်ဟာ ကြီးပြင်းလာတဲ့ အချိန်မှာ သူ့ ဘိုးဘေးတွေရဲ့ ဗီဇတွေ စုပေါင်းပြီး နည်းနည်းစီ ပါလာတတ်တယ်လို့ ကျုပ် ထင်နေတယ်၊ အဲဒီလို ကြီးပြင်းလာရာက ကွေ့ တစ်ကွေ့ကို ရောက်တဲ့ အခါကျတော့ ဆိုးရာကနေ ကောင်း သို့မဟုတ်ရင်လည်း ကောင်းရာကနေ ဆိုးသွားတတ်တယ် ဆိုတာမျိုး ရှိတယ်၊ အဲဒါက ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီလို လူမျိုးရဲ့ မျိုးရိုးမှာ အကောင်းနှင့် အဆိုး တစ်ခုခုက များလာခဲ့ပြီး အရှိန် ဩဇာ လွှမ်းမိုးသွားလို့ပဲ၊ ဒီနည်းအားဖြင့် သူ့ ဆွေစဉ်မျိုးဆက် ရာဇဝင်ကို ကိုယ်စားပြုတဲ့ ဗီဇဟာ လူတစ်ယောက်မှာ ပေါ်တတ်တယ်'

'ဒါကတော့ အတွေး ခေါင်လှသဗျာ'

'အေးလေ၊ ဒါတော့ ကျုပ် အယူအဆကို ပြောတာပါ၊ ယုံရမယ်လို့ မဆိုလိုပါဘူး၊ ဘာကြောင့်ပဲဖြစ်ဖြစ် ဗိုလ်မှူးကြီး မိုရန်ကတော့ လမ်းလွဲကို ရောက်သွားတယ်ဗျ၊ ကျုပ်တို့ကသာ ဘာမှ သတင်း မကြားရပေမဲ့ အိန္ဒိယ ပြည်မှာတောင် သူ့ကို ထားလို့ မဖြစ်တော့တဲ့ အခြေအနေ ရောက်လာတယ်၊ ဒါနှင့် သူဟာ စစ်တပ်က ပင်စင် ယူပြီး လန်ဒန်ကို ပြန်လာခဲ့တယ်၊ လန်ဒန် ရောက်တော့လည်း နာမည်ဆိုး ထွက်လာပြန်တယ်၊ အဲဒီ အချိန်မှာ ပါမောက္ခ မော်ရီယာတီနှင့် တွေ့ပြီး မော်ရီယာတီက ဂိုဏ်းချုပ် ခန့်လိုက်တာပဲ၊ မော်ရီယာတီက သူ့ကို ငွေကြေး လိုလေသေး မရှိအောင် ထောက်ပံ့တယ်၊ ဘယ် သာမန် ရာဇဝတ်ကောင်မှ မလုပ်နိုင်တဲ့ အလုပ်မျိုးကိုကျမှ သူ့ကို တစ်ခါ နှစ်ခါ ထုတ်သုံးတယ်။





'၁၈၈၇ ခုနှစ်တုန်းက လောဒါးက မစ္စက် စတီးဝပ် အသတ် ခံရတာကို ခင်ဗျား မှတ်မိဦးမလား မသိဘူး၊ အဲဒီမှာ နောက်က ကြိုးကိုင်နေတာဟာ မိုရန်ပဲဗျ၊ သို့သော်လည်း ခိုင်လုံတဲ့ အထောက်အထား ရှာလို့ မရဘူး၊ မိုရန် ဆိုတဲ့ ငနဲကြီး ဘယ်လောက် လည်သလဲ ဆိုရင် မော်ရီယာတီ ဂိုဏ်း တစ်ခုလုံး ပြိုသွားတဲ့ နောက်မှာတောင် ကျုပ်တို့ ဒီလူကြီးကို စွဲချက်တင်လို့ မရဘူး၊ ခင်ဗျား အခန်းကို ကျုပ် လာတုန်းက ကျုပ် လေသေနတ်ရန် ကြောက်လို့ ပြတင်းပေါက်တွေကို အပိတ်ခိုင်းတာ ခင်ဗျား မှတ်မိသေးလား၊ ခင်ဗျားကတော့ ကျုပ်ကို အစိုးရိမ် ကြီးရန်ကောလို့ ထင်ကောင်း ထင်ခဲ့မှာပဲ၊ ဒါပေမဲ့ ကျုပ် အခြေအနေကို ကျုပ် ကောင်းကောင်း သိတာပေါ့ ဝပ်ဆင်၊ အဲဒီတုန်းက ဒီလေသေနတ် ပေါ်နေပြီ ဆိုတာရယ်၊ အဲဒီ လေသေနတ်ဟာ လက် အဖြောင့်ဆုံး လူတစ်ယောက်ရဲ့ လက်ထဲမှာ ရောက်နေပြီ ဆိုတာရယ် ကျုပ် သိတာပေါ့၊ ကျုပ်တို့ ဆွစ်ဇာလန်ကို ထွက်သွားတဲ့ အခါကျတော့ သူလည်း မော်ရီယာတီနှင့် အတူ ကျုပ်တို့ နောက်က ပါလာတယ်ဗျ၊ ရိုင်ခင်ဘက် တောင်ကြောပေါ်မှာ ကျုပ်တစ်ယောက်တည်း ရောက်နေတုန်း ကျုပ်ကို ဒုက္ခ ပေးခဲ့တာ သူပေါ့။

'ကျုပ် ပြင်သစ်ပြည်မှာ ခိုနေရတုန်းက သတင်းစာတွေထဲမှာ ဒီကောင်ကြီးရဲ့ သတင်းကိုပဲ ကျုပ် လိုက်ရှာနေခဲ့တယ်ဗျ၊ ဒီကောင်ကြီးဟာ လန်ဒန်မှာ လွတ်နေသေးသမျှ ကာလပတ်လုံး ကျုပ်အဖို့မှာလည်း ရင်တမမ ဖြစ်နေရတယ်၊ ကျုပ်မှာ နေ့ရော ညရော သူ့ အရိပ်ကြီး ထိုးနေတယ်၊ ဒီအတိုင်းသာ နေရင် တစ်နေ့ မဟုတ် တစ်နေ့မှာ သူ ချက်ကောင်း ရသွားတော့မယ်၊ ဒီတော့ ကျုပ် ဘာလုပ်ရမလဲ၊ တွေ့တွေ့ချင်း သေနတ်နှင့် ပစ်လို့ မရဘူး၊ ပစ်ရင် လူသတ်မှုနှင့် အချုပ်ထဲ ရောက်မှာပေါ့၊ အဲဒီ အချိန်ကျမှ တရားသူကြီးကို သွား တောင်းပန်ရှင်းလင်းနေလို့ ဘယ့်နှယ်လုပ် ရမလဲ၊ သူတို့ အမြင်မှာ သံသယ ဖြစ်စရာကောင်းတယ်လို့ ထင်ရုံနှင့် ကျုပ်က ပစ်သတ်ပိုင်ခွင့် ရှိတယ်လို့ ဘယ့်နှယ်လုပ်ပြီး လက်ခံနိုင်ပါ့မလဲ၊ ဒီတော့ ကျုပ် ဘာမှ လုပ်လို့ မရဘူးပေါ့၊ ဒါပေမဲ့ ဒီငနဲကြီးကို ကျုပ် တစ်နေ့မှာ လက်ဆုပ်လက်ကိုင် ဖမ်းနိုင်မှာပဲလို့ သိထားတော့ ရာဇဝတ်မှုခင်း သတင်းတွေကိုပဲ ကျုပ် စောင့်ဖတ်နေတာပေါ့။

'အဲဒီတုန်းမှာ ရိုနယ် အဒဲယားကို သတ်မှု ပေါ်လာတယ်၊ ကျုပ် လိုချင်တဲ့ အခွင့်အရေးကို ရပြီလေဗျာ၊ ဗိုလ်မှူးကြီး မိုရန်ဟာ ကျုပ် တွက်ထားတဲ့ အတိုင်း လုပ်တာပဲဗျ၊ သေသူ ရိုနယ် အဒဲယားနှင့် ဖဲကစားတယ်၊ က[illegible] ပြန်တော့ သေသူ့ နောက်က လိုက်လာတယ်၊ ပြီးတော့ သေသူကို ပြတင်းပေါက်



www.burmeseclassic.com

www.burmeseclassic.com



က နေပြီး သေနတ်နှင့် လှမ်းပစ်တယ်၊ ဒါဟာ ဘာမှ သံသယ ဖြစ်စရာ မလိုဘူး၊ ကျည်ဆန်တွေ လုပ်တာနှင့်ပဲ ဒီလူဟာ လည်ပင်းကို ကြိုးကွင်းစွပ် ခံရဖို့ ကောင်းနေပြီ၊ ဒီသတင်း ကြားတော့ ကျုပ် လန်ဒန်ကို ချက်ချင်း ပြန်လာတာပဲ၊ သူတို့ လူတွေကလည်း ကျုပ် ပြန်ရောက်ပြီ ဆိုတာ ချက်ချင်း သိတယ်၊ သူတို့ လူတွေ သိတော့ ဗိုလ်မှူးကြီး မိုရန်ကလည်း ကျုပ်ကို မဲတော့တာပေါ့ဗျာ၊ ကျုပ် လန်ဒန်ကို ချက်ချင်း ပြန်လာတာဟာ သူ့ကိစ္စကြောင့် လာတယ် ဆိုတာ သူ ဘယ် မသိဘဲ နေပါ့မလဲ၊ ဒီတော့ ဒီငနဲကြီး အကြီးအကျယ် လန့်သွားတယ်၊ ကျုပ်ကို ချက်ချင်း အပျောက် ရှင်းပစ်လိုက်ချင်တယ်၊ အပျောက် ရှင်းဖို့ အတွက် သူ လက်နက်ကို သုံးမှာ သေချာတယ်၊ ဒီတော့ ကျုပ်က ကျုပ် အခန်းမှာ ပစ်မှတ် အတု တစ်ခု ပေးထားတယ်၊ ပြီးတော့ ပုလိပ်ကိုလည်း လိုလိုမည်မည် အကူအညီ တောင်းထားတယ်၊ ဘြော် ဒါထက် လှေကားရင်းမှာ လေကွယ်ပြီး ရပ်စောင့်နေတဲ့ လူတွေကို ခင်ဗျား သေသေချာချာ မြင်လိုက်တယ်နော်၊ ဒါနှင့် ဒီငနဲကြီး ဘာလုပ်မလဲ ဆိုတာ သေသေချာချာ သိရအောင် မြင်ကွင်း အကောင်းဆုံး နေရာကို လိုက်ရှာတော့ ဒီအိမ်ကြီးကို တွေ့ပြီး ဒီအိမ်ပေါ်ကနေ တက်ကြည့်တာပဲ၊ အဲ တစ်ခုတော့ ရှိရဲ့၊ ကျုပ်ကို ပစ်ဖို့ သူ ဒီနေရာကို ရွေးလိမ့်မယ်လို့တော့ နည်းနည်းကလေးမှ ကျုပ် မမျှော်လင့်ခဲ့ဘူးဗျ၊ ကဲ အိုင်ဆေး၊ နောက်ထပ် ရှင်းဖို့ လိုသေးသလား"

"လိုသေးတယ်ဗျ၊ ရိုနယ် အဒဲယားကို သတ်တဲ့ ရည်ရွယ်ချက်ဟာ ဘာလဲ ဆိုတာကို ခင်ဗျား ပြောမသွားသေးဘူး"

"ခက်လိုက်ပါဘိတော့ဗျာ၊ ဒါတော့ ကျုပ်တို့လည်း အသေအချာ မပြောနိုင်ဘူးပေါ့၊ မှန်းဆကြည့်ရုံပဲ တတ်နိုင်တော့မှာပေါ့၊ မှန်းဆချက် ဆိုတာလည်း အလွန် ယုတ္တိဗေဒကျကျ စဉ်းစားနိုင်တဲ့ လူတောင် မှားတဲ့ အခါတော့ မှားကြတာပဲပေါ့၊ ခုအထောက်အထားတွေ အရ ကိုယ် ကြိုက်သလို ကောက်ချက် ဆွဲထုတ် ယူကြပေါ့၊ ခင်ဗျား ကောက်ချက်ကတော့ ကျုပ်နှင့် တူလိမ့်မယ် ထင်ပါတယ်"

"ဒါဖြင့် ခင်ဗျား ကိုယ်တိုင်ကတော့ ကောက်ချက် ထုတ်ပြီးပြီပေါ့"

"ဒါကတော့ အချက်အလက်တွေကို ကြည့်လိုက်ရင် ရှင်းပါတယ်၊ အထောက်အထားတွေကို ပြန် ကြည့် လိုက် ရင် ဗိုလ်မှူးကြီး မိုရန်နှင့် ရိုနယ် အဒဲယားတို့ စပ်တူ ဖဲကစားကြတယ်၊ တော်တော်ကလေး နိုင်လိုက်ကြတယ်၊ မိုရန်က ညစ်မယ်၊ လိမ်မယ်၊ မိုရန်လို လူဟာ ဒါမျိုး လုပ်မှာ သေချာတယ်၊





ချင်း ဖြစ်တဲ့ နေ့ကျတော့ အဒဲယားက ဒါကို သိသွားပြီး မိုရန်ကို နှစ်ယောက်ချင်း ပြောတယ်၊ နောက်ထပ် ဖဲမကစားတော့ဘူးလို့ ကတိ မပေးရင်၊ ကလပ်က လိုအလျောက် နုတ်ထွက် မပေးရင် ဖဲလိမ်တဲ့ ကိစ္စကို ဖွင့်ချမယ်လို့ ကြိမ်းဝါးတယ်၊ ကိုယ့်ထက် အသက်လည်း ကြီး လူသိလည်း များတဲ့ မိုရန်လို လူ တစ်ယောက်ကို အဒဲယားလို ချာတိတ် တစ်ယောက်က ထုတ်ဖော် ပြောရုံနှင့်တော့ ချက်ချင်း ထိခိုက်မှာ မဟုတ်သေးဘူးပေါ့၊ သို့သော်လည်း မိုရန်ဟာ ကလပ်က နုတ်ထွက်သွားပုံ ရတယ်၊ ဒီတော့ မိုရန် ဆိုတဲ့ လူအဖို့ ကလပ်တွေက နုတ်ထွက်သွားရတာနှင့် သူ့ အဖို့ အကြီးအကျယ် ထိခိုက်သွားပြီ၊ ဖဲလိမ် ရိုက်စားနေတဲ့ လူတစ်ယောက် အဖို့ အကျပ်တွေ့သွားတာပေါ့ဗျာ၊ ဒီတော့ အဲဒီ ညက အဒဲယားက သူနှင့် အတူ စပ်တူ မတရား နိုင်လာတဲ့ ငွေတွေကို မလိုချင်ဘူး၊ ငနဲကြီးကို ဘယ်လောက် ပြန်ပေးရမလဲ ဆိုတာကို တွက်ချက်နေတယ်၊ အဲဒီလို တွက်ချက်နေတုန်းမှာ အဒဲယား အသတ်ခံရတာပဲဗျ၊ ဒီတော့ အဒဲယားဟာ အမေတို့ အစ်မတို့ ပြန်လာလို့ ဝင်လာရင် ဒီပိုက်ဆံတွေ ဒီနာမည်တွေ အောက်ချ ရေးပြီး ဘာလုပ်နေသလဲ ဘာလဲလို့ မေးကြမယ်၊ ဒီလို မေးမှာ စိုးလို့ အခန်း တံခါးကို ပိတ်ပြီး တွက်ချက်နေတာဗျ၊ ကဲ အောင်မှတ် ရပြီ မဟုတ်လား"

"အမှန်တရားကို ကွက်ခနဲ နေအောင် ဖမ်းဆုပ် ပြလိုက်တယ် ဆိုတာ ဘာမှ သံသယ မရှိတော့ပါဘူးဗျာ"

"ကျုပ် တွက်တဲ့ အတိုင်း ဟုတ် မဟုတ်ကတော့ ရုံးတော်ကျရင် သိရမှာပဗျာ၊ ဘာပဲဖြစ်ဖြစ် ခုလောလောဆယ်မှာတော့ ဗိုလ်မှူးကြီး မိုရန်ဟာ ကျုပ်တို့ကို ဘာမှ အန္တရာယ် မပေးနိုင်တာ သေချာနေပြီဗျ၊ ဗွန် ဟားဒါး ရဲ့ နာမည်ကျော် လေသေနတ်ဟာလည်း စကော့တလန်ယာဒ် စုံထောက် အဖွဲ့ရဲ့ ပြတိုက်ထဲမှာ ပြစရာ ပစ္စည်း တစ်ခု ဖြစ်သွားပြီပေါ့၊ စုံထောက် ရှားလော့ဟုမ်းဟာလည်း ရှုပ်ထွေးတဲ့ လန်ဒန် ခြေမြို့တော်ကြီးက စိတ်ဝင်စားစရာ ကောင်းတဲ့ ပြဿနာကလေးတွေကို အနှောင့်အယှက် မရှိ လွတ်လွတ်လပ်လပ် စုံစမ်းထောက်လှမ်း နိုင်ပြန်ပြီပေါ့"

[မူရင်း ဝတ္ထု *The Adventure of the Empty House.* ရှေ့ဒေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် "မောင်စံရှား အသက်ကို လုပ်ကြံမှု" ဟူသော အမည်ဖြင့် မြန်မာမှု ပြုပြီး။]



www.burmeseclassic.com

www.burmeseclassic.com

## ဉာဏ်များသော ဗိသုကာ



'အင်း ရာဇဝတ်မှုခင်း ပါရဂူ တစ်ယောက် အနေနှင့် ပြောရရင် သွားလေသူ ပါမောက္ခကြီး မော်ရီယာတီ မရှိတဲ့ နောက်မှာ ကျုပ်တို့ လန်ဒန် ရွှေမြို့တော်ကြီးဟာ လည်း ခြောက်ကပ်ကပ်နှင့် တယ်ပြီး ပျင်းစရာ ကောင်းလှသဗျာ၊ နေ့ကြီးကို လွမ်းပဲ လွမ်းသေးတော့'

ရှားလော့ဟုမ်းက ပြောလေ၏။

'အေးအေးဆေးဆေး နေချင်တဲ့ လူကောင်း သူကောင်းတွေကတော့ ခင်ဗျား အဆိုကို လက်ခံကြမယ် မထင်ဘူးဗျ'

ကျွန်ုပ်က ပြောလိုက်၏။

ရှားလော့ဟုမ်းသည် မနက်စာ စားပွဲမှ ကုလားထိုင်ကို နောက်သို့ ရွေ့လိုက်ရင်း ပြုံးလျက်

'မဟုတ်ပါဘူးလေ၊ ကျုပ်က ကျုပ် တစ်ယောက်တည်း အပျင်းပြေမှာကို ကြည့်ပြီး ပြောတာ မဟုတ်ပါဘူး၊ ကျုပ် ဆိုလိုတာက ဒီလိုပါ၊ မော်ရီယာတီတို့လို ရာဇဝတ်ကောင်တွေ မရှိတော့တဲ့ အတွက် လူကောင်း သူကောင်းတွေအဖို့တော့ အမြတ် ထွက်တာပေါ့၊ အရှုံး ထွက်သူရယ်လို့တော့ မရှိပါဘူး၊ အလုပ်လုပ်စရာ မရှိလို့ အလုပ်လက်မဲ့ ဖြစ်သွားရတဲ့ ကျုပ်တစ်ယောက်က လွဲရင်ပေါ့လေ၊ ဟိုတုန်းကတော့ အဲဒီလို လူတစ်ယောက် အဖို့ မနက် လင်းလာလို့ သတင်းစာကို ကောက်ကိုင်လိုက်ပြီ ဆိုကတည်းက စုံစမ်း ထောက်လှမ်းစရာတွေချည်းပဲဗျ၊ အိုင်ဆေး ဝပ်ဆင် တစ်ခါတလေကျတော့ အလွန် သေးငယ်တဲ့ သဲနှုန်းစကလေး တစ်ခု ဖြစ်ချင် ဖြစ်မယ်၊ အလွန် မထင်ရှားတဲ့ လက္ခဏာချပ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက် ဖြစ်ချင် ဖြစ်မယ်၊ သို့သော်လည်း ပင့်ကူအိမ်ကြီးရဲ့ အလယ်ကောင်မှာ ချောင်းနေတဲ့ ပင့်ကူကြီးဟာ ပင့်ကူအိမ် အဖျားက အမျှင်ကလေး နည်းနည်းကလေး လှုပ်သွားတာနှင့် သားကောင်ကို သိလိုက်သလို ကျုပ် အဖို့လည်း အဲဒီ အစအနကလေးကို မြင်လိုက်ရုံနှင့် အဲဒီ နောက်ကွယ်မှာ တော်တော် ညာဏ်များပြီး တော်တော် အန္တရာယ် ပေးတဲ့ ဦးနှောက် တစ်ခု ရှိတယ် ဆိုတာ အလွယ်တကူနှင့် ပြောလို့ ရတယ်ဗျ၊ ခိုးမှု အသေးကလေးတွေ၊ ရိုက်မှုကလေးတွေ၊ လက်ရောက် ကျူးလွန်မှုကလေးတွေ၊ ဒါတွေ အားလုံးဟာ သဲလွန်စကို ကိုင်ထားတဲ့ လူတစ်ယောက် အဖို့တော့ သာမန် ကိစ္စကလေးတွေ မဟုတ်ဘူးဗျ၊ အားလုံး ဆက်စပ် တွေးယူလိုက်ရင် ထုထည်ကြီး တစ်ခု ဖြစ်လာတယ်၊ ရာဇဝတ် မှုခင်း လောကကို စနစ်တကျ လေ့လာနေသူ အဖို့တော့ အဲဒီတုန်းက လန်ဒန် ရွှေမြို့တော်ကြီးဟာ အင်မတန် လေ့လာလို့ ကောင်းတဲ့ နေရာကြီးပါဗျာ၊ ခုတော့ ... အင်း"

ရှားလော့ဟုမ်းသည် ရာဇဝတ် မှုခင်းများ နည်းပါးနေသည့် လန်ဒန်မြို့၏ အခြေအနေကို စိတ်ပျက်လက်ပျက် ဖြစ်ဟန်ဖြင့် နောက်ပြောင်သလို ပြောရင်းက ပခုံးများကို တွန့်ပြလိုက်လေ၏။

ထိုအချိန်မှာ ရှားလော့ဟုမ်း လန်ဒန်သို့ ပြန်ရောက်ပြီး နှစ်လလောက် အကြာ ဖြစ်၍ ကျွန်ုပ်မှာမူ ရှားလော့ဟုမ်း၏ တိုက်တွန်းချက် အရ ဆေးခန်းကို ရောင်းလိုက်ကာ ရှားလော့ဟုမ်းနှင့် အတူ ဘေကာလမ်းသို့ လာရောက် နေထိုင်လျက် ရှိသည့် အချိန် ဖြစ်လေ၏။ ဗာနာ အမည်ရှိ လူငယ် ဆရာဝန် တစ်ယောက်သည် ကင်ဆင်တန် ရပ်ကွက်ရှိ ကျွန်ုပ်၏ ဆေးခန်းကို လာရောက် ဝယ်ယူသည်တွင် ကျွန်ုပ် တောင်းသည့် အမြင့်ဆုံး ဈေးကို ရှောရှောရှူရှူ ပေး၍ ဝယ်သွားလေ၏။ စင်စစ် ဗာနာ ဆိုသည့် ဆရာဝန် လူငယ်ကလေးမှာ ရှားလော့ဟုမ်းနှင့် ဆွေမျိုးနီးစပ် တော်သူ တစ်ယောက် ဖြစ်ပြီး ဆေးခန်း ဝယ်ရန် ပိုက်ဆံကိုလည်း ရှားလော့ဟုမ်းကပင် ထုတ်ပေးလိုက်ကြောင်း နောင်မှ ကျွန်ုပ် သိရလေရာ ကျွန်ုပ် တောင်းသည့် အမြင့်ဆုံး ဈေးကို အဘယ့်ကြောင့် မဆိုင်းမတွ ပေးသွားကြောင်းကိုလည်း ထိုအခါမှပင် ကျွန်ုပ် သိရခြင်း ဖြစ်ပေ၏။

ကျွန်ုပ်တို့ နှစ်ယောက်မှာ ဘေကာလမ်းတွင် အတူတကွ ပြန်လည် နေထိုင်လျက် ရှိသော်လည်း ရှားလော့ဟုမ်း ပြောခဲ့သည့် အတိုင်းပင် ခြောက်ကပ်ကပ် နိုင်လှပေ၏။ ထိုစဉ်က ရေးမှတ်ထားခဲ့သည့် ကျွန်ုပ် မှတ်စုများကို ပြန်ကြည့်သည့် အခါ၌ ထိုကာလ အတွင်း ကျွန်ုပ်တို့မှာ အမှု များစွာ မရှိလှဘဲ သမ္မတ





ကောင်း မျူရီလို၏ စာရွက်စာတမ်းများ ပျောက်ဆုံးမှုနှင့် ကျွန်ုပ်တို့ နှစ်ယောက်သာလုနီးပါး ဖြစ်ခဲ့ရသည့် ဒတ်ချ် မီးသင်္ဘော ဖရီးလင်း အမှုတို့လောက်သာ ရှိသည်ကို တွေ့ရပေ၏။

သို့ရာတွင် ရှားလော့ဟုမ်းမှာ နဂိုကပင် ခပ်လျှိုလျှို နေတတ်ခြင်း၊ မာနကြီးခြင်းတို့ကြောင့် အများ ပြည်သူက လက်ခုပ် ဩဘာပေး ခံရမည့် ကိစ္စမျိုးကို ပေါ်ရောင်ရောင် လုပ်လေ့ ရှိသူ ဖြစ်သည့် အလျောက် သူ့အကြောင်းနှင့် တကွသူ့ စုံစမ်း ထောက်လှမ်းမှု နည်းနာများကို လည်းကောင်း၊ သူ့ အောင်မြင်မှုများကို လည်းကောင်း နောက်ထပ် ထုတ်ဖော် ရေးသားခြင်း မပြုတော့ရန် ကျွန်ုပ်အား တင်းကျပ်စွာ တားမြစ်ထားခဲ့လေရာ အထက်တွင် ကျွန်ုပ် ဖော်ပြခဲ့သည့်အတိုင်း ယခုအချိန်ကျမှသာလျှင် ထိုတားမြစ်ချက်ကို ရုပ်သိမ်းသွားခြင်း ဖြစ်ပေ၏။

ရှားလော့ဟုမ်းသည် ထိုစဉ်က ကျွန်ုပ်အား ထိုသို့ တားမြစ်ပြီးနောက် ကုလားထိုင် နောက်မှီကို မှီရင်း မနက်ထုတ် သတင်းစာ တစ်စောင်ကို စိမ်ပြေနပြေ လှန်လှော ကြည့်နေစဉ် ခေါင်းလောင်းကြိုးကို တအား ဆောင့်ဆွဲလိုက်သံ၊ အပြင်ဘက်မှ တံခါးမကြီးကို လက်သီးဖြင့် တအား ထုနေသည့်နှယ် တဒုန်းဒုန်း မြည်ဟည်းနေသော အသံများကို ကြားရသည့် အတွက် ကျွန်ုပ်တို့ နှစ်ယောက်သည် နားကို စွင့်ထားလိုက်မိကြလေ၏။

တံခါး ဖွင့်သံ ကြားရပြီး မရှေးမနှောင်းမှာပင် အောက်ထပ် စင်္ကြံတစ်လျှောက် အတိုင်း တဝုန်းဝုန်း ပြေးလာသံ၊ လှေကားကို လျင်မြန်စွာ တက်လာသံများကို ကြားရပြီး နောက် တစ်ခဏအတွင်ကား မျက်နှာ ဖြူဖပ်ဖြူရော်ဆံပင် ဖရိုဖရဲ၊ မျက်စိမျက်ဆန် ပြူးတူးပြဲတဲဖြင့် လူရွယ် တစ်ယောက်သည် အခန်းထဲသို့ အလန့်တကြား ပြေးဝင်လာလေ၏။ လူရွယ်သည် ကျွန်ုပ်တို့ နှစ်ယောက်ကို တစ်လှည့်စီ ကြည့်ရှုပြီးနောက် ကျွန်ုပ်တို့က သူ့ကို စူးစိုက် ကြည့်လျက် ရှိသည်ကို မြင်သည့် အခါတွင်မှ အခန်းထဲသို့ ကသောကမျော ဝင်ရောက်လာသည့် အတွက် တောင်းပန်ဖို့ လိုကြောင်းကို သတိရလာဟန်ဖြင့်

"စိတ်မရှိပါနှင့် မစ္စတာ ဟုမ်း ခင်ဗျား၊ ဘယ်လိုမှ မအောက်မေ့ပါနှင့်၊ ကျွန်တော်တော့ ရူးသွားမလားလို့တောင် ထင်မိပါတယ်၊ တော်တော် ကံဆိုးတဲ့ လူ ဟက်တာ မက်ဖာလိန်း ဆိုတာ ကျွန်တော်ပါပဲ ခင်ဗျာ"

သူ့အမည်ကို ကြားလိုက်ရုံမျှဖြင့် သူ ကမန်းကတန်း ပြေးဝင်လာခြင်းကို လည်းကောင်း၊ သူ လာရောက်ရခြင်းကို လည်းကောင်း ကျွန်ုပ်တို့ သိသဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက် နားလည် သွားလိမ့်မည်ဟု ထင်သည့်နှယ် လူရွယ်က သူ့အမည်ကို ထုတ်ဖော် ပြောဆိုခြင်း ပြုလေ၏။ သို့ရာတွင် ရှားလော့ဟုမ်း၏ မတုန် မလှုပ် မျက် နှာ ထား ကို ကြည့်ခြင်းအားဖြင့် ထိုနာမည်သည် ကျွန်ုပ် အဖို့ကဲ့သို့ပင် သူ့ အတွက်လည်း ဘာမျှ ထူးခြားခြင်း မရှိကြောင်းကို တွေ့ရပေ၏။ ရှားလော့ဟုမ်းက စီးကရက်ဘူးကို လှမ်းပေးလိုက်ရင်း



လူရွယ်သည်
အခန်းထဲသို့ အလန့်တကြား
ပြေးဝင်လာလေ၏။

"ကဲ စီးကရက်လေး ဘာလေး ဖွာလိုက်ဦးဗျ၊ ကို ရင် လေး ရဲ့ လက္ခဏာချက် အတိုင်း ဆိုရင်တော့ ဟောဒီက ကျုပ် မိတ်ဆွေကြီး ဒေါက်တာ ဝပ်ဆင်က စိတ်ငြိမ် ဆေးလေး ဘာလေး တိုက်ရ လိမ့်မယ် ထင်တယ်၊ ခုတလော ရာသီဥတုကလည်း မဆိုးလှပါဘူး၊ တော်တော်ကလေး အေးအေး ပေါ့သားပဲ၊ အဲ ကိုရင်လေး နည်းနည်း စိတ်ငြိမ်သွားပြီ ဆိုရင်တော့ ဟောဒီ ကုလားထိုင်ပေါ်မှာ ထိုင်၊ ကိုရင် ဘယ်သူလဲ ဘာကိစ္စ လာသလဲ ဆိုတာကို ဖြည်းဖြည်းဆေးဆေး ပြောပြ၊ ဒီလိုဆိုရင်တော့ အတိုင်းထက် အလွန်ပဲဗျ၊ ကိုရင်က ကိုရင့် နာမည်ကို သိမယ် အထင်နှင့် ကျုပ်တို့ကို တန်းပြောသွားတယ်၊ ဒါပေမဲ့ ကိုရင်ဟာ လူပျို တစ်ဦး ဖြစ်တယ်၊ ရှေ့နေလေး တစ်ယောက် ဖြစ်တယ်၊ ဖရီးမေဆင် ဂိုဏ်းသား တစ်ယောက် ဖြစ်တယ်၊ နောက်ပြီးတော့ ပန်းနာရင်ကျပ် ရောဂါ ရှိတယ် ဆိုတဲ့ အလွန် ထင်ရှားတဲ့ အချက်တွေက လွဲရင်တော့ ကိုရင့် အကြောင်းကို ကျုပ်တို့ ဘာမှ မသိရိုးအမှန်ပဲဗျ"





ရှားလော့ဟုမ်း၏ နည်းများကို သိပြီး ဖြစ်သည့် ကျွန်ုပ် အဖို့ကား ထိုလူရွယ်၏ ဖရိုဖရဲ ဖြစ်နေသော အဝတ်အစားများ၊ အိတ်ထဲတွင် ထည့်ထားသည့် [illegible] စာတမ်းများ၊ လည်ပင်းတွင် ဆွဲထားသည့် လက်ဖွဲ့နှင့် တကွ ဟောဟဲ [illegible]အောင် အသက် ပြင်းစွာ ရှူနေပုံ စသည်တို့ကို ကြည့်လိုက်ခြင်းဖြင့် သူ ကောက်ချက်ဆွဲပုံကို အလွယ်တကူ နားလည်နိုင်သော်လည်း ကျွန်ုပ်တို့ အမှုသည် လူရွယ်မှာမူ ရှားလော့ဟုမ်းကို အလန့်တကြား ကြည့်လျက် ရှိလေ၏။

"မှန်ပါတယ် ခင်ဗျာ၊ စုံထောက်ကြီး ပြောတဲ့ အတိုင်း ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်ဟာ ခုအချိန်မှာတော့ လန်ဒန် မြို့ပေါ်မှာ ကံ အဆိုးဆုံး လူပါ ခင်ဗျာ၊ မစ္စတာ ဟုမ်းရယ် ကျွန်တော့်ကို ပစ်မထားပါနှင့်နော်၊ တကယ်လို့ ကျွန်တော် အဖြစ်အပျက်တွေကို ပြောပြနေတုန်းမှာ ကျွန်တော့်ကို လာ ဖမ်းကြမယ့် ဒဏ အဆိုင်း ခိုင်းပေးပါနော်၊ ကျွန်တော် စုံထောက်ကြီးကို အဖြစ်အပျက်[illegible]ကို ပြောပြချင်လို့ပါ၊ အပြင်မှာ စုံထောက်ကြီးက ကျွန်တော့် အတွက် အမှုမှန် ပေါ်အောင် လုပ်ပေးနေတယ် ဆိုတာ သိရင် ကျွန်တော် ထောင်ထဲကို ပျော်ပျော်ကြီး ဝင်သွားပါ့မယ် ခင်ဗျာ"

"ကိုရင့်ကို လာဖမ်းမယ် ဟုတ်စ၊ ဒီလိုဆိုရင်တော့ တော်တော်ကြီးကို ကျေနပ်စရာ ... အဲ စိတ်ဝင်စားစရာ ကောင်းလာပြီဗျ၊ နေစမ်းပါဦး၊ ကိုရင်လေးကို ဘာမှုနှင့် ဖမ်းမယ် ထင်လို့လဲ"

"အောက် နော်ဝုဒ် ရပ်ကွက်က မစ္စတာ ဂျိုနာ အိုးအေကကို သတ်မှုနှင့်ပင်ဗျ"

မိတ်ဆွေကြီး ရှားလော့ဟုမ်း၏ ဥပဓိ ကောင်းသော မျက်နှာပေါ်တွင် ကရုဏာသက်သော အမူအရာ ပေါ်လာပြီးနောက် ထိုအမူအရာထဲတွင် ကျေနပ်သော အမူအရာလည်း ပေါ်လျက် ရှိခြင်းကို ကျွန်ုပ် သတိပြုလိုက်မိပေ၏။

"ဘုရားရေ၊ ခုတစ်လော သတင်းစာတွေထဲမှာ စိတ်ဝင်စားစရာ မှုခင်းသတင်းတွေလည်း မပါတော့ဘူးလို့ ခုလေးတွင် မနက်စာ စားရင်း ကျုပ် မိတ်ဆွေကြီး ဒေါက်တာ ဝပ်ဆင်ကိုတောင် ပြောနေမိသေးတယ်ဗျ"

ကျွန်ုပ်တို့၏ အမှုသည် လူရွယ်သည် တုန်ယင်သော လက်များဖြင့် ရှားလော့ဟုမ်း၏ ပေါင်ပေါ်တွင် တင်ထားသော ဒေးလီး တယ်လီဂရပ် သတင်းစာကို ကောက်ယူလိုက်ပြီးလျှင်

"စုံထောက်ကြီး သတင်းစာကို မဖတ်ရသေးဘူး ထင်ပါတယ်၊ သတင်းစာကို ကောက်ဖတ်လိုက်ရင် ကျွန်တော် ခုလို စောစောစီးစီး ရေးကြီးခုတ်ပျာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတဲ့ အကြောင်းကို ချက်ချင်း သိမှာပါ၊ ကျွန်တော့် အထင်တော့ ဒီနေ့ မနက် ဆိုရင် ကျွန်တော့် နာမည်နှင့် ကျွန်တော့် အကြောင်းကို လူတွေ တဖွဖွ ပြောနေလိမ့်မယ်လို့တောင် ထင်ပါတယ်"

လူရွယ်သည် သတင်းစာ အလယ် မျက်နှာကို လှန်လိုက်လျက်

"ဟောဒီမှာ ခင်ဗျ၊ ကျွန်တော်ပဲ ဖတ်ပြပါရစေ ခင်ဗျာ၊ ခေါင်းစဉ်က အောက် နောဝုဒ်လမ်းမှ ထူးဆန်းသော ဖြစ်ရပ်၊ နာမည်ကျော် ဗိသုကာ ပျောက်ဆုံးသွားခြင်း၊ လူသတ်မှုနှင့် မီးရှို့မှု မသင်္ကာ တရားခံကို သဲလွန်စ ရပြီတဲ့ ခင်ဗျ၊ ခု သူတို့ သဲလွန်စကို လိုက်နေကြပြီ ခင်ဗျ၊ နောက်ဆုံးကျတော့ ဒီ သဲလွန်စဟာ ကျွန်တော့်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ဦးတည်နေတယ် ဆိုတာ ကျွန်တော် သိပါတယ် မစ္စတာ ဟုမ်းရယ်၊ ခုတောင် လန်ဒန် တံတားကြီး ဘူတာက နေပြီး ကျွန်တော့် နောက်ကို လိုက်လာကြပြီ၊ ဖမ်းဝရမ်း မရသေးလို့သာ စောင့်နေကြတာ၊ ဝရမ်း ရရင် ကျွန်တော့်ကို ဖမ်းကြတော့မှာ သေချာပါတယ်၊ ကျွန်တော် အဖမ်း ခံရရင် အမေတော့ ရင်ကွဲမှာပဲ ခင်ဗျာ၊ အမေတော့ ရင်ကွဲမှာပါ"

လူရွယ်သည် ဝေဒနာ တစ်ရပ်ကို ပြင်းထန်စွာ ခံစား နေရသည့်နှယ် လက်နှစ်ဖက်ကို ဖျစ်ညှစ် ဆုပ်ထားရင်း ကုလားထိုင်ပေါ်တွင် ရှေ့တိုးနောက်ငင် ဖြစ်လျက် ရှိလေ၏။

ကျွန်ုပ်သည် လူသတ်မှု ကျူးလွန်သူဟု အစွပ်စွဲခံရသည့် လူငယ်ကို စိတ်ဝင်စားစွာဖြင့် အကဲခတ်နေမိလေ၏။

ထိုလူရွယ်မှာ ဝါလဲ့သော ဆံပင်များ ရှိပြီး ချောမော ခံ့ညားသည့်တိုင် ညှိုးနွမ်းကာ အရောင်အဝါ မှေးမှိန်လျက် ရှိလေ၏။ ပြာလဲ့လျက် ရှိသော မျက်လုံးများမှာ ကြောက်ရွံ့ ထိတ်လန့်လျက် ရှိပြီး မျက်နှာတွင် မုတ်ဆိတ်တို့ကို သပ်ရပ်စွာ ရိတ်ထားကာ နှုတ်ခမ်း အစုံမှာ တုန်ယင်လျက် အားနည်းသည့် အသွင်ကို ဆောင်လျက် ရှိပေ၏။ အသက်မှာ သုံးဆယ့် ခုနစ်နှစ်ခန့် ရှိလေပြီ။ အဝတ်အစားနှင့် အမူအရာ၊ အနေအထိုင်တို့မှာ မျိုးကောင်း ရိုးကောင်းမှ ပေါက်ဖွားလာသူ တစ်ဦး၏ အသွင်ကို ဆောင်နေလေ၏။ နွေရာသီဝတ် ခပ်ပါးပါး ကုတ်အင်္ကျီ အိတ်ထဲမှ ထိုးထွက်နေကြသော စာချုပ် စာတမ်းများသည် ထိုလူရွယ်၏ အလုပ်အကိုင်ကို ဖော်ပြလျက် ရှိလေ၏။

"အင်း ရတဲ့ အချိန်ကလေးကို အသုံး ချရမှာပလေ၊ အိုင်ဆေး ဝပ်ဆင်ရေ၊ သတင်းစာထဲက အဲဒီ သတင်းလေးကို တစ်ဆိတ် ဖတ်ပြပါလားဗျာ"

ကျွန်ုပ်တို့၏ အမှုသည် စောစောက ဖတ်ပြသွားသည့် စီးစီးပိုင်ပိုင် ရှိလှ





[illegible] ခေါင်းစဉ်အောက်မှ ဝေဝေဆာဆာ ရေးထားသော အောက်ပါ သတင်းကို [illegible]က ဖတ်ပြ၏။

"ယမန်နေ့ည နောက်ပိုင်း၊ သို့မဟုတ် ယနေ့ နံနက် စောစောပိုင်းက [illegible]ကျယ်သော ရာဇဝတ်မှုကြီး တစ်ခုဟု ယူဆစရာ ရှိသော အဖြစ်အပျက် [illegible] အောက် နောဝုဒ် ရပ်ကွက်တွင် ဖြစ်ပွားခဲ့၏။ မစ္စတာ ဂျိုနာ အိုးအေကမှာ [illegible]ပါ ရပ်ကွက်တွင် ထင်ရှားသူ တစ်ဦး ဖြစ်ပြီး ဗိသုကာ အဖြစ် နှစ်ပေါင်း [illegible] လုပ်ကိုင်ကာ ထိုရပ်ကွက်တွင် နေထိုင်ခဲ့သည်ဟု သိရ၏၊ ၎င်းမှာ [illegible]က် ၅၂ နှစ်ရှိ လူပျိုကြီး တစ်ဦး ဖြစ်ပြီး ဆိုင်ဒင်ဟာမ်လမ်း အဆုံးရှိ ဒီဒင်း [illegible]တွင် နေထိုင်သူ တစ်ဦး ဖြစ်၏၊ ၎င်းမှာ အရပ်ထဲတွင် အပေါင်းအသင်း များ [illegible] မလုပ်လှဘဲ ခပ်အေးအေး ခပ်ဆန်းဆန်း နေထိုင်တတ်သူ တစ်ဦး ဖြစ်သည် [illegible]။ မစ္စတာ အိုးအေကသည် ဗိသုကာ အလုပ်ဖြင့် အတော်အတန် ငွေကြေး [illegible]တင်းမိသည့် နောက်တွင် ထိုအလုပ်ကို ဆက်လက် လုပ်ကိုင်ခြင်း မရှိတော့ [illegible] အနားယူခဲ့သည်မှာ အတန် ကြာခဲ့ပြီဟု သိရ၏၊ သို့ရာတွင် အိမ်နောက်ဖေး [illegible] လက်သမားရုံ တစ်ခု ထားရှိကာ ပျင်းသည့် အခါများတွင် ရုံဖန်ရံခါ ဆို [illegible] ဗိသုကာ လုပ်ငန်းများကို လုပ်ကိုင်တတ်သည်ဟု သိရ၏။ ယမန်နေ့ည ၁၂ [illegible]လောက်တွင်မှ ထိုလက်သမားရုံကို မီးလောင်သည့် အတွက် မီးသတ်စက် [illegible] သွားရောက် ငြိမ်းသတ်ကြရာ ပျဉ်ပုံများကို စွဲလောင်ခြင်း ဖြစ်သည့် အလျောက် [illegible] ငြိမ်းသတ်နိုင်ခြင်း မရှိသဖြင့် လက်သမားရုံ တစ်ရုံလုံး ပြာကျသွားသည်ဟု [illegible]ရ၏။ ထိုအချိန်အထိ မီးမှာ သာမန် မီးလောင်မှု တစ်ခုဟု ယူဆရ၏၊ သို့ရာ [illegible] နောက်ထပ် တွေ့ရှိရသော အချက်အလက်များ အရ မီးလောင်မှုမှာ သာမန် [illegible]လောင်မှု တစ်ခု မဟုတ်ဘဲ ရာဇဝတ်မှုကြီး တစ်ခု ဖြစ်ဖွယ် ရှိသည့် လက္ခဏာ [illegible]များကို ထပ်မံ တွေ့ရှိရသည်ဟု ဆို၏၊ အံ့သြစရာ ကောင်းသည့် အချက်မှာ [illegible]ချိန်တွင် အိမ်ရှင် မစ္စတာ အိုးအေကမှာ အိမ်တွင် မရှိဘဲ ပျောက်နေခြင်းပင် [illegible]၏၊ ဆိုင်ရာတို့က ဆက်လက် စုံစမ်းသည့် အခါတွင် မစ္စတာ အိုးအေကမှာ [illegible] ပျောက်ဆုံးနေသည်ကို တွေ့ရသည် ဆို၏၊ ၎င်း၏ အခန်းကို ဝင်ရောက် [illegible]သည့် အခါတွင် အိပ်ရာမှာ အိပ်ထားသည့် လက္ခဏာ မတွေ့ရဘဲ အနီးရှိ [illegible]သေတ္တာမှာလည်း ပွင့်လျက် ရှိကာ အရေးကြီးသည့် စာရွက် စာတမ်းများ [illegible]ပတ်ပတ်လည် ကြမ်းပြင်တွင် ပြန့်ကျဲလျက် ရှိသည်ကို တွေ့ရသည် ဆို၏၊ [illegible]ဆုံးတွင် သတ်ပုတ်ကြသည့် လက္ခဏာဖြင့် အခန်း ပတ်ပတ်လည်တွင် [illegible] သွေးနများကို တွေ့ရသည့်ပြင် လက်ကိုင်တွင် သွေးစများ [illegible]သည့်



www.burmeseclassic.com

www.burmeseclassic.com



ဝက်သစ်ချသား လက်ကိုင်တုတ် တစ်ချောင်းကိုလည်း တွေ့ရသည် ဆို၏၊ ထိုနေ့ ညက မစ္စတာ အိုးအေက၏ အိပ်ခန်းသို့ ဧည့်သည် တစ်ယောက် ရောက်လာသည်ဟု သိရပြီး အခန်းထဲတွင် တွေ့ရသည့် လက်ကိုင်တုတ်မှာ ထိုဧည့်သည်၏ ပစ္စည်း ဖြစ်ကြောင်း စုံစမ်း သိရှိရသည် ဆို၏။

'ထိုဧည့်သည်မှာ ဂရေရှမ် အဆောက်အဦတွင် ရုံးဖွင့်ထားသည့် ဂရေဟာမ်နှင့် မက်ဖာလိန်းမှ အငယ်စား ပါတနာ တစ်ဦး ဖြစ်သူ ဂျွန် ဟက်တာ မက်ဖာလိန်း ဆိုသူ ရှေ့နေ လူရွယ် တစ်ဦး ဖြစ်သည်ဟု သိရ၏၊ ကျွန်ုပ်တို့ သတင်းထောက် သွားရောက် စုံစမ်းသည့် အခါတွင် ရာဇဝတ်မှု ကျူးလွန်ရခြင်း ရည်ရွယ်ချက်ကို ထင်ထင်ရှားရှား သိနိုင်သည့် ခိုင်လုံသော အထောက်အထား များကို ရရှိထားပြီဟု ပုလိပ်ဘက်က ပြောပြလိုက်၏၊ ထိုအမှုနှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ် အဖြစ်အပျက်များကို နောက်ထပ် တင်ပြနိုင်လိမ့်ဦးမည်ဟု မျှော်လင့်ရ၏။

'နောက် ဆက် တွဲ သတင်း၊ ယခု သတင်း ရေးနေချိန်တွင် ရှေ့နေ မစ္စတာ ဂျွန် ဟက်တာ မက်ဖာလိန်းအား မစ္စတာ အိုးအေကကို သတ်မှုဖြင့် ဆိုင်ရာတို့က ဖမ်းဆီးလိုက်ပြီ ဖြစ်ကြောင်း သိရ၏၊ ဖမ်းဆီးရမိခြင်း မရှိသေးဟု ဆိုလျှင်လည်း ဖမ်းဝရမ်းကို ဆိုင်ရာမှ ထုတ်ပေးလိုက်ပြီဟု ခိုင်လုံစွာ သိခဲ့ရ၏၊ ယခု လောလောဆယ်တွင် ဆိုင်ရာတို့က ထိုရပ်ကွက် တစ်ဝိုက်သို့ သွားရောက် စုံစမ်း ထောက်လှမ်းခဲ့ရာ နောက်ထပ် ခိုင်လုံသော အထောက်အထား များကို ထပ်မံ တွေ့ရှိခဲ့သည်ဟု သိရ၏၊ သေသူ၏ အခန်းထဲတွင် တွေ့ရှိရသော သတ်ပုတ်ကြသည့် လက္ခဏာများ အပြင် သေသူ၏ အိမ်အောက်တွင် ရှိသည့် ပြတင်းပေါက်ကြီးမှာလည်း ပွင့်လျက် ရှိသည်ကို တွေ့ရသည် ဆို၏၊ ထိုအနီး တစ်ဝိုက်တွင် လေးလံသော ပစ္စည်း တစ်ခုကို တရွတ်ဆွဲကာ လက်သမားရုံသို့ ယူသွားသည့် စုပ်ကြောင်းကြီးများကိုလည်း တွေ့ရသည် ဆို၏၊ နောက်ဆုံးတွင် မီးလောင်ကျွမ်းသွားသော လက်သမားရုံ ပြာပုံထဲတွင် အလောင်းကို မီးရှို့ထားဟန် တူသည့် ပြာများကိုလည်း တွေ့ရသည် ဆို၏၊ ပုလိပ်တို့ကမူ လူသတ်မှု ဖြစ်ကြောင်း၊ သေသူမှာ အိပ်ခန်းထဲတွင် ရိုက်သတ်ခံရဟန် တူကြောင်း၊ စာရွက်စာတမ်းများကိုလည်း မွှေနှောက် ရှာဖွေထားကြောင်း၊ သေသူ၏ အလောင်းကို လက်သမားရုံသို့ ဆွဲယူသွားဟန် တူကြောင်း၊ နောက်ဆုံးတွင် အလောင်းကို ဖျောက်ဖျက်ရန် အတွက် လက်သမားရုံကို မီးရှို့ခြင်း ဖြစ်ဟန် တူကြောင်းဖြင့် ယူဆလျက် ရှိ၏၊ ထိုအမှုကို စကော့တလန်ယာဒ် စုံထောက် အဖွဲ့မှ နာမည်ကျော်





ထောက် အင်စပက်တော် လက်စထရိတ်ကို လွှဲအပ်လိုက်ကာ သက်ဆိုင်ရာ လူ ယ် တရားခံအား စွဲချက် တင်နိုင်ရန် သဲလွန်စများကို အပြင်းအထန် ကြိုးစား တုတ် ရှာဖွေလျက် ရှိသည်ဟု သိရ၏'

ရှားလော့ဟုမ်းသည် မျက်လုံးကို မှိတ်ထားရင်း လက်ဖျား ထိပ်ကလေး ကို တွေ့ဆိုင်ထားရာမှ စိတ်ဝင်စားဖွယ် သတင်းကို နားထောင်လျက် ရှိလေ ၏။ ထို့နောက် မပွင့်တပွင့်ဖြင့်

'အမှုကတော့ စိတ်ဝင်စားစရာ အချက်အလက်ကလေးတွေ တော်တော် ါသဗျ၊ မသိလို့ မေးစမ်းပါရစေဦး သူငယ်ရယ်၊ ကိုရင့်ကို တန်းဖမ်းဖို့ သက်သေ ထောက်အထား ခိုင်လုံပုံ ရပါလျက်နှင့် ကိုရင်က ခုချိန်ထိ ဘာဖြစ်လို့ အဖမ်း ခံရသေးတာလဲ'

'ဒီလိုပါ ခင်ဗျာ၊ ကျွန်တော်က ကျွန်တော့် မိဘများနှင့် အတူ ဘလက်ဟိ ရပ်ကွက်က တော်ရင်တန် ရိပ်သာမှာ နေပါတယ်၊ ဒါပေမဲ့ မနေ့ ညကတော့ စ္စတာ အိုးအေကနှင့် အလုပ် ကိစ္စ ပြောစရာ ရှိတာနှင့် အိမ်ကို မပြန်နိုင်တော့ဘဲ ာဝုဒ်က တည်းခိုခန်း တစ်ခုမှာပဲ အိပ်လိုက်ပါတယ်၊ အဲဒီကနေပြီး ကျွန်တော့် ုံးခန်းကို တန်းလာခဲ့ပါတယ်၊ ရထားပေါ် ရောက်သည် အထိ ဒီအကြောင်းကို ကျွန်တော် ဘာမှ မသိခဲ့ပါဘူး၊ ရထားပေါ် ရောက်တော့မှ ခု စုံထောက်ကြီး ကြား ိုက်ရတဲ့ သတင်းကို ဖတ်မိတာပါ၊ ဒီတွင် ကျွန်တော့် အန္တရာယ်ကို ကျွန်တော် သဘောပေါက်ပြီး စုံထောက်ကြီးဆီကို လာခဲ့တာပါ၊ ရုံးခန်းကို သွား သွား အိမ် ကိုပဲ ပြန် ပြန် အဖမ်း ခံရမှာကတော့ သေချာနေပါပြီ၊ လန်ဒန် တံတားကြီး ူတာကနေပြီး ကျွန်တော့် နောက်ကို လူတစ်ယောက် လိုက်လာပါတယ်၊ ကျွန် တော် ထင်ပါတယ် … အလို ဘာပါလိမ့်'

အသံမှာ ခေါင်းလောင်း မြည်သံ ဖြစ်ပြီး ချက်ချင်း ဆိုသလိုပင် လှေ ကားမှ တက်လာသော ဖိနပ်သံကို ကြားရလေ၏။ ခဏ ကြာလျှင် ကျွန်ုပ်တို့၏ ိတ်ဆွေဟောင်းကြီး ဖြစ်သူ အင်စပက်တော် လက်စထရိတ်သည် တံခါးဝတွင် ပေါ်လာလေ၏။

သူ့ ပခုံးပေါ်မှ ကျော်ကြည့်လိုက်သည့် အခါတွင် နောက်၌ ရပ်နေသော ယူနီဖောင်းဝတ် ပုလိပ် တစ်ယောက် နှစ်ယောက်ကိုလည်း တွေ့ရလေ၏။

'မစ္စတာ ဂျွန် ဟက်တာ မက်ဖာလိန်းနော်' ဟု လက်စထရိတ်က ပြော လေ၏။ ကျွန်ုပ်တို့၏ အမှုသည်သည် ဖြူရော်လျက် ရှိသည့် မျက်နှာဖြင့် မတ် တတ် ရပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



‘အောက် နောဝုဒ် ရပ်ကွက်က မစ္စတာ ဂျီနာ အိုးအေကကို သတ်မှုနှင့် ခင်ဗျားကို ဖမ်းရလိမ့်မယ်ဗျ’

မက်ဖာလိန်းသည် ကျွန်ုပ်တို့ကို အားကိုးတကြီးဖြင့် ကြည့် လိုက် ပြီးနောက် နင်းခြေ ခံလိုက်ရသည့်နှယ် ကုလားထိုင်ပေါ်သို့ ပြန် ထိုင်ချလိုက်လေ၏။ ရှားလော့ဟုမ်းက

‘အိုင်ဆေး လက်စထရိတ်ရေ၊ ခဏကလေးဗျာ၊ နာရီဝက်လောက် ဆိုရင် ခင်ဗျား အတွက် ဘာမှ အပန်းမကြီးပါဘူး၊ ဟောဒီက ကိုရင်လေးက အဲဒီအမှု အကြောင်းကို ကျုပ်တို့ကို ပြောနေတုန်းမို့လို့ပါ၊ သူ ပြောတာကို နားထောင်ပြီးရင် ဒီအမှုကို ရှင်းရာမှာ အထောက်အကူ ဖြစ်လိမ့်မယ် ထင်ပါတယ်’

‘ရှင်းရတာ မခက်ပါဘူးဗျ၊ လွယ်လွယ်ကလေးပါ’ ဟု လက်စထရိတ်က ခပ်တည်တည်ဖြင့် ပြောလေ၏။

‘ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့လေ၊ ခင်ဗျား ခွင့်ပြုမယ် ဆိုရင်တော့ သူ ပြောပြတာကို ကျုပ် နားထောင်ချင်သေးတယ်’

‘ဒီမှာ မစ္စတာ ဟုမ်း၊ ခင်ဗျားဟာ ကျွန်တော်တို့ ပုလိပ် အဖွဲ့ကြီးကို တစ်ကြိမ်မက ကူညီခဲ့တယ်၊ စကော့တလန်ယာဒ် စုံထောက် အဖွဲ့ အနေနှင့်လည်း ခင်ဗျား ကျေးဇူးတွေ အများကြီး ရှိပါတယ်၊ ဒါကြောင့် ခင်ဗျား တောင်းဆိုလာတယ် ဆိုရင် ကျွန်တော့်မှာ ငြင်းရတာ ခက်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့် အနေနှင့် ပြောရရင်တော့ ခင်ဗျားတို့ကို ပြောနေတုန်းမှာ ကျွန်တော်ပါ တရားခံနှင့် အတူ ရှိနေမှ ဖြစ်မယ်၊ ပြီးတော့လည်း စွဲချက် တင်တဲ့ အခါမှာ ဒီမှာ ပြောခဲ့တာတွေ အားလုံးကို ထွက်ချက် အနေနှင့် တင်ရလိမ့်မယ်’

‘ကောင်းပါတယ် ခင်ဗျာ၊ ကျွန်တော်ကလည်း ကြိုက်ပါတယ်၊ နားထောင်ပြီးမှ အမှန်တရား အဖြစ် အသိအမှတ် ပြုဖို့ပဲ ကျွန်တော် တောင်းပန်ချင်ပါတယ်’

ကျွန်ုပ်၏ အမှုသည်က ပြောလေ၏။ လက်စထရိတ်က နာရီကို ကြည့်လိုက်ရင်း

‘ကောင်းပြီလေ၊ နာရီဝက် အချိန် ပေးမယ်’

‘ကျွန်တော်ဟာ မစ္စတာ အိုးအေက အကြောင်းကို အရင်က ဘာမှ မသိခဲ့ဘူး ဆိုတာ ကျွန်တော် ပထမ ပြောချင်ပါတယ်၊ သူ့ နာမည်ကို ကြားဖူးနေတာတော့ ကြာပါပြီ၊ ကျွန်တော့် မိဘများနှင့် သူနှင့် သိတာလည်း တော်တော်ကလေး ကြာပြီပေါ့ ခင်ဗျာ၊ ဒါပေမဲ့ နောက်တော့ သိပ် အဆက်အဆံ မရှိကြတော့ပါဘူး၊ မနေ့က ညနေ သုံးနာရီလောက်မှာ မြို့ထဲက ရုံးခန်းကို သူ ပေါက်လာတော့





ကျွန်တော်လည်း အံ့အားသင့်နေတယ် ခင်ဗျ၊ သူ လာရတဲ့ ကိစ္စကို ပြောတော့ ကျွန်တော်ဖြင့် ပိုပြီးတောင် အံ့ဩသွားတယ်၊ သူ့ လက်ထဲမှာလည်း မှတ်စု စာအုပ်က ထုတ်ထားတဲ့ စာရွက်တွေကို တစ်ထပ်ကြီး ကိုင်လို့ ခင်ဗျ၊ ဒီစာရွက်ပါပဲ၊ သူက ဒီစာရွက်တွေကို ကျွန်တော့် ရှေ့မှာ ချလိုက်ပြီး ဟောဒါ ငါ့ သေတမ်းစာတွေ၊ ဒါကို တရားဝင် ဖြစ်အောင် မင်း ပြင်ရေးပေးစမ်းပါ၊ စောင့်ယူသွားမယ်လို့ ပြောပါတယ်။

‘ဒါနှင့် ကျွန်တော်လည်း မှတ်စု စာရွက်တွေပေါ်မှာ သူ အကြမ်း ရေးထားတဲ့ သေတမ်းစာကို ကူးရတာပေါ့ ခင်ဗျာ၊ သူ့ သေတမ်းစာထဲမှာ စည်းကမ်းချက်တချို့ ထားပြီး ကျွန်တော့်ကို သူ့မှာ ရှိသမျှ ပစ္စည်းတွေကို အမွေ ပေးပစ်ခဲ့တာ တွေ့ရတော့ ကျွန်တော် ဘယ်လောက် တအံ့တဩ ဖြစ်နေမယ် ဆိုတာ စုံထောက်ကြီးတို့ပဲ စဉ်းစား ကြည့်ကြပါတော့၊ ဒီလူက ခပ်ဆန်းဆန်းရယ် ခင်ဗျ၊ လူကိုကြည့်တာ ပွေးကောင်လိုပဲ၊ မျက်ခုံးတွေကလည်း ဖြူလို့၊ ကျွန်တော်က စာရေးနေရာက သူ့ကို မော့ကြည့်လိုက်တော့ တော်တော်ကြီး အားရ ကျေနပ်နေတဲ့ ပုံနှင့် ကျွန်တော့်ကို စိုက်ကြည့်နေတယ်၊ ကျွန်တော်လည်း သေတမ်းစာမှာ ပါတဲ့ အချက်တွေကို ဖတ်ရင်း ကိုယ့်ကိုယ်ကိုယ် မယုံနိုင်အောင် ဖြစ်နေတာပေါ့လေ၊ ဒါပေမဲ့ သူက သူဟာ လူပျို ဖြစ်တဲ့ အကြောင်း၊ သူ့မှာ ဆွေမျိုးနီးစပ် ဆိုလို့လည်း တစ်ယောက်မှ မရှိတဲ့ အကြောင်း၊ ကျွန်တော့် မိဘများကို ငယ်ငယ်ကလေး ကတည်းက သိခဲ့တဲ့ အကြောင်း၊ ကျွန်တော်ဟာ လိမ္မာရေးခြား ရှိတဲ့ လူငယ်လေး တစ်ယောက် ဖြစ်တယ် ဆိုတာ အမြဲ ကြားနေရကြောင်း၊ သူ့ ပိုက်ဆံတွေကို ထိုက်တန်တဲ့ လူရဲ့ လက်ထဲကို ရောက်စေချင်တဲ့ အကြောင်း ရှင်းလင်း ပြောပြပါတယ်၊ ကျွန်တော်ကတော့ ဝမ်းသာနေတဲ့ အတွက် ကျေးဇူးတင် စကားကိုတောင် အနိုင်နိုင် ပြောရတာပေါ့ ခင်ဗျာ၊ ဒါနှင့် သေတမ်းစာကို ကော်ပီ ရိုက်၊ လက်မှတ် ထိုးပြီး ကျွန်တော့် ရှေ့နေ စာရေးက သက်သေ အဖြစ် လက်မှတ် ထိုးတယ် ခင်ဗျ၊ အဲဒါကတော့ ခေါင်းစာချုပ်ပေါ်မှာ ရေးတာပေါ့ ခင်ဗျာ၊ ခုစက္ကူတွေကတော့ သူ အကြမ်း ရေးထားတဲ့ စာတွေပါ၊ ပြီးတော့ မစ္စတာ အိုးအေကက အိမ်ဂရန် စာချုပ်တွေ၊ ဦးပိုင် စာချုပ်တွေနှင့် အပေါင်စာချုပ် စတဲ့ အရေးကြီးတဲ့ စာရွက်စာတမ်းတွေ ရှိသေးတဲ့ အကြောင်း၊ စာချုပ်ကို ကျွန်တော် ကိုယ်တိုင် လာကြည့်ဖို့ လိုတဲ့ အကြောင်း၊ ဒီကိစ္စကို မပြီးမချင်း သူ စိတ်မအေးရတဲ့ အကြောင်း ပြောပြီး ညကျရင် နောဝုဒ်က သူ့အိမ်ကို လာဖို့ မှာသွားပါတယ်၊ လာတဲ့ အခါမှာ သေတမ်းစာကိုလည်း ယူခဲ့ပါတဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ယူလာခဲ့ပြီး ဒီကိစ္စကို တစ်ခါတည်း စီစဉ်ချင်တယ်လို့ ပြောပါတယ်။

' "အဲ တစ်ခုတော့ ရှိတယ်နော သူငယ်၊ ဒီကိစ္စကို မပြီးမချင်း မင်းမိဘများကိုတော့ ယောင်လို့မှ ဖွင့်မပြောပါနှင့်၊ အားလုံး ပြီးတော့မှ သူတို့ အံ့သြသွားအောင် ဖွင့်ပြောချင်လို့ပါ" လို့ ကျွန်တော့်ကို ပြောပါတယ်၊ သူဟာ ဒီစကားကို ထပ်တလဲလဲ ပြောပြီး ကျွန်တော့်ကိုလည်း ကတိပေးဖို့ ပြောပါတယ်။

'စုံထောက်ကြီးပဲ စဉ်းစားကြည့်ပါ ခင်ဗျာ၊ ကျွန်တော့် အပေါ်ကို ဒီလို ကောင်းထားတဲ့ လူတစ်ယောက်ကို ကျွန်တော် ဘယ့်နှယ်လုပ် ငြင်းရက်ပါ့မလဲ၊ သူဟာ ကျွန်တော့် ကျေးဇူးရှင် ဆိုတော့ သူ ဆန္ဒ ရှိတဲ့ အတိုင်း လုပ်ပေးဖို့ အဆင်သင့်ပါ၊ ဒါနှင့် ကျွန်တော်လည်း အရေးကြီးတဲ့ ကိစ္စ တစ်ခု ပေါ်လာလို့ ညမှာ အိမ်ပြန် နောက်ကျလိမ့်မယ် ထင်တယ်လို့ အိမ်ကို ကြေးနန်း ရိုက်လိုက်တယ်၊ မစ္စတာ အိုးအေကက ညကိုးနာရီမှာ သူနှင့်အတူ ညစာ စားဖို့ အကြောင်း၊ အဲဒီ အချိန်ကျမှ သူလည်း အိမ်ပြန်ရောက်မယ့် အကြောင်းလည်း ကျွန်တော့်ကို ပြောလိုက်ပါတယ်၊ ဒါနှင့် ကျွန်တော်လည်း နော်ဝုဒ်ကို လိုက်သွားတော့ သူ့ အိမ်ကို အတော် ရှာယူရတယ် ခင်ဗျ၊ ကိုးနာရီ ထိုးပြီးလို့ ငါးမိနစ်လောက်ကျမှ ရောက်သွားတယ်၊ ကျွန်တော့်ကို တွေ့တော့'

'ခဏလေး၊ ကိုရင်လေးကို ဘယ်သူ တံခါး ဖွင့်ပေးသလဲ' ဟု ရှားလော့ဟုမ်းက မေးလိုက်သည်။

'အရွယ် ခပ်လတ်လတ် အမျိုးသမီး တစ်ယောက် ခင်ဗျ၊ ကျွန်တော့် အထင်တော့ အိမ်ဖော် မိန်းမ ထင်တာပဲ'

'ကိုရင်လေး နာမည်ကို မေးပြီး ဖွင့်ပေးတာ မဟုတ်လား'

'ဟုတ်ပါတယ်'

'ကဲ ဆက်ပါဦး'

မက်ဖာလိန်းသည် ချွေးပြန်နေသည့် သူ့ နဖူးပြင်ကို သုတ် လိုက် ပြီး နောက် ဆက်ပြော၏။

'အိမ်ဖော် မိန်းမက ညစာ ပြင်ထားတဲ့ အခန်းထဲကို ကျွန်တော့်ကို ခေါ်သွားပါတယ်၊ ညစာသာ ဆိုရတယ်၊ ဟင်းကလည်း တစ်ခွက် နှစ်ခွက်လောက်ပဲ ရှိတယ် ခင်ဗျ၊ ခဏ နေတော့ မစ္စတာ အိုးအေကက ကျွန်တော့်ကို သူ့ အိပ်ခန်းထဲကို ခေါ်သွားတယ်၊ အိပ်ခန်းထဲမှာ တော်တော် ကြီးတဲ့ မီးခံ သေတ္တာကြီး တစ်လုံး ရှိတယ် ခင်ဗျ၊ သူက မီးခံသေတ္တာကြီးကို ဖွင့်ပြီး စာချုပ်တွေကို ထုတ်ပြလို့ ကျွန်တော်တို့ နှစ်ယောက် စာချုပ်ကို ကြည့်ကြပါတယ်၊ စာချုပ်တွေကို ကြည့်





ပြီးတော့ ဆယ့်တစ်နာရီနှင့် ဆယ့်နှစ်နာရီကြား ရောက်နေပြီ ခင်ဗျ၊ သူက အိမ်ဖော် မိန်းမကြီး ထဖွင့်ပေးရမှာ စိုးလို့ ဆိုပြီး ကျွန်တော့်ကို တစ်ချိန်လုံး ဖွင့်ထားတဲ့ လူ တစ်ရပ်လောက် ရှိတဲ့ ပြတင်းပေါက်ကြီးက နေပြီး အဆင်း ခိုင်းတယ် ခင်ဗျ'

'ခန်းဆီးတွေကိုကော ချထားသေးသလား'

'သိပ်တော့ မသေချာဘူး ခင်ဗျ၊ ကျွန်တော့် အထင်တော့ ခန်းဆီးတွေကို တစ်ဝက်လောက် အထိ ချထားတယ် ထင်တာပဲ၊ ဪ ဟုတ်ပြီ ခင်ဗျ၊ မှတ်မိပြီ၊ သူက ပြတင်းပေါက်ကြီးတွေကို ဖွင့်ရအောင်လို့ ခန်းဆီးကို ဆွဲတင်လိုက်တယ်လေ၊ ပြန်ခါနီးလို့ ကျွန်တော်က ကျွန်တော့် တုတ်ကောက်ကလေးကို ရှာတော့ သူက "ကိစ္စ မရှိပါဘူးကွာ၊ ခုတစ်လော မင်းနှင့် မကြာခဏ တွေ့နေမှာပဲဟာ၊ နောက်တစ်ခါ လာတော့မှ ယူပေါ့" လို့ ပြောတာနှင့် ကျွန်တော်လည်း ပြတင်းပေါက်ကြီးကနေ ပြန်ထွက်ပြီး ပြန်လာပါတယ်၊ ကျွန်တော် ပြန်လာတော့ မီးခံသေတ္တာကြီးက မပိတ်ရသေးဘူး ခင်ဗျ၊ စာရွက်စာတမ်းတွေကလည်း စားပွဲပေါ်မှာ ဒီအတိုင်း ကျန်ရစ်ခဲ့တယ်၊ ကျွန်တော်လည်း အိမ်ကို ပြန်လို့ မရတော့တဲ့အတွက် နော်ဝုဒ်မှာ ရှိတဲ့ အင်နာလေအမ်း တည်းခိုခန်းမှာ တစ်ည အိပ်လိုက်ရပါတယ်၊ ဒီနောက်တော့ ကျွန်တော်လည်း ဘာမှ မသိတော့ပါဘူး ခင်ဗျာ၊ မနက်လင်းတော့မှ ဒီသတင်းကို သတင်းစာထဲမှာ ဖတ်ရတော့တာပဲ'

အင်စပက်တော် လက်စထရိတ်မှာ မက်ဖာလိန်း ပြောပြနေစဉ် မျက်လုံးကို တစ်ချီ နှစ်ချီ ပင့်လိုက်သည်ကို ကျွန်ုပ် သတိပြုမိလိုက်လေ၏။ နောက်ဆုံးတွင် လက်စထရိတ်က

'ကဲ မစ္စတာ ဟုမ်း၊ မေးချင် မြန်းချင်တာ ရှိသေးသလား'

'ဘလက်ဟိ ရပ်ကွက်ကို သွားကြည့်ချင်သေးတယ် ခင်ဗျ၊ အဲဒီက ပြန်မှပဲ မေးတော့မယ်'

'နော်ဝုဒ်ကို သွားမယ်လို့ ပြောတာလား'

'ဪ ဟုတ်ကဲ့၊ နော်ဝုဒ်ကို ပြောလိုက်တာ ဖြစ်ပါလိမ့်မယ်' ဟု ရှားလော့ဟုမ်းက ခပ်ပြုံးပြုံးဖြင့် ပြောလိုက်လေ၏။ ရှားလော့ဟုမ်း၏ သင်တုန်း ဓားသွားကဲ့သို့ ထက်သော ဦးနှောက်သည် မိမိ မထိုးဖောက်နိုင်သော နေရာကို အလွယ်တကူဖြင့် ဖြတ်ကောက် ထိုးဖောက်နိုင်ကြောင်း လက်စထရိတ် အသိအမှတ် ပြုလိုသည့်တိုင် အတွေ့အကြုံ အရ ကောင်းစွာ သိနေပြီ။

လက်စထရိတ်သည် ရှားလော့ဟုမ်းကို စိုက်ကြည့်လိုက်ပြီးချင်



www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာ ဟုမ်းနှင့် စကား တစ်ခွန်း နှစ်ခွန်းတော့ ပြောစရာ ရှိတယ်ဗျာ၊ ကဲ မစ္စတာ မက်ဖာလိန်း၊ အောက်မှာ ကျုပ် ပုလိပ် နှစ်ယောက် စောင့်နေတယ်၊ ရထားလည်း အဆင်သင့်ပဲ" ဟု လှမ်းပြောလိုက်လေရာ သနားစရာ ကောင်းသည့် လူရွယ်သည် ကျွန်ုပ်တို့ နှစ်ယောက်အား နောက်ဆုံး တောင်းပန် တိုးလျှိုးသည့် အနေဖြင့် လှမ်းကြည့်လိုက်ပြီးနောက် အခန်း အပြင်သို့ ထွက်သွားလေ၏။

ပုလိပ် အရာရှိ နှစ်ယောက်က လူရွယ်ကို ရထားပေါ်သို့ တင်ခေါ်သွားကြပြီး လက်စထရိတ်မှာမူ ကျွန်ုပ်တို့နှင့် ကျန်ရစ်ခဲ့လေ၏။

ရှားလော့ဟုမ်းမှာမူ သေတမ်းစာ အကြမ်း ရေးထားသည့် စာရွက် စာတမ်းများကို ကောက်ယူပြီးနောက် စိတ်ဝင်စားစွာ ဖတ်ရှုလျက် ရှိလေ၏။

"ဒီသေတမ်းစာမှာ ထူးခြားတဲ့ အချက်တွေ ရှိနေတယ်ဗျ၊ လက်စထရိတ် ခင်ဗျား သတိပြုမိရဲ့လား"



*လူရွယ်သည် ကျွန်ုပ်တို့အား နောက်ဆုံး တောင်းပန် တိုးလျှိုးသည့် အနေဖြင့် လှမ်းကြည့်လိုက်ပြီးနောက် ...*





လက်စထရိတ်သည် ဝေခွဲမရဟန်ဖြင့် စာရွက်စာတမ်းများကို ကောက် ကြည့်နေလေ၏။

"ရှေ့ပိုင်းနားက စာကြောင်းတွေကိုတော့ ဖတ်လို့ ရတယ်ဗျ၊ ပြီးတော့ ...ယ စာမျက်နှာ အလယ်နားလောက်က စာကြောင်းတွေနှင့် အဆုံးနားက ...ကြောင်း နှစ်ကြောင်းကိုလည်း ဖတ်လို့ ရတယ်"

"ခင်ဗျား ဘယ်လို ထင်သလဲ" ဟု ရှားလော့ဟုမ်းက မေးလိုက်၏။

"ခင်ဗျားကော ဘယ်လို ထင်သလဲ"

"ဒီစာဟာ မီးရထား တစ်စင်းပေါ်မှာ ခရီး သွားနေရင်း ရေးလာတာဗျ၊ ...က်ရေး ကောင်းပြီး ပီပီသသ ဖြစ်နေတဲ့ နေရာတွေဟာ ဘူတာတွေမှာ ရထား ...နေတုန်း ရေးတာ၊ လက်ရေး မပီမသ ဖြစ်နေတာတွေက ရထား သွားနေတုန်း ...ရေးတာ၊ တော်တော် ဆိုးတဲ့ လက်ရေးတွေကတော့ လမ်းခွဲ သံလမ်း အဆက်တွေ ...ပေါ်မှာ ရထား ဖြတ်နေတုန်း ရေးမိတာတွေ၊ ကျွမ်းကျင်သူ တစ်ယောက်ကို သွား ...ရင် ဒီစာချုပ် တစ်ခုလုံးကို မြို့စွန်ကို သွားတဲ့ လော်ကယ် ရထား တစ်စင်း ...ပေါ်မှာ ရေးတယ် ဆိုတာ ချက်ချင်း ပြောနိုင်တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ...လောက် သံလမ်း အဆက်တွေ ခဏ ခဏ တွေ့နေရတာဟာ တောဘက်ကို ...သွားတဲ့ ရထား လမ်းပေါ်မှာ မဖြစ်နိုင်ဘူး၊ မြို့ကြီးနားက ရထား လမ်းတွေပေါ် ...မှသာ တွေ့နိုင်တယ်၊ အဲဒီတော့ ဒီစာချုပ် တစ်ခုလုံးကို ရထားပေါ်မှာ ရေးခဲ့ ...တယ် ဆိုလို့ ရှိရင် အဲဒီ ရထားဟာလည်း အမြန် ရထား ဖြစ်ရမယ်ဗျ၊ နောဝုဒ် ...ဘူတာနှင့် လန်ဒန် တံတားကြီး ကြားမှာ တစ်ခါပဲ ရပ်တယ်"

လက်စထရိတ်မှာ ရယ်လျက် ရှိလေပြီ။

"ဗျို့ မစ္စတာ ဟုမ်း၊ ခင်ဗျား ဒီလို ကောက်ချက်တွေ ဆွဲလာရင် ကျွန် ...တော် သိပ်ရယ်ချင်တယ်ဗျာ၊ အမှုနှင့် ဘာဆိုင်လို့လဲဗျ"

"ဆိုင်ပါသော်ကောဗျာ၊ ဒီသေတမ်းစာကို မစ္စတာ အိုးအေက ကိုယ်တိုင် ...ရီး သွားရင်း ရေးလာတယ် ဆိုတဲ့ လူရွယ်ရဲ့ စကားကို အဲဒီ အတိုင်းအတာ ...ထိ ဟုတ်မှန်ကြောင်း ထောက်ခံနေတယ်ဗျ၊ ခင်ဗျား စဉ်းစားကြည့်လေ၊ ဒီ ...လောက် အရေးကြီးတဲ့ စာချုပ်စာတမ်းကို ဘာဖြစ်လို့ ဒီလောက် ကသုတ်ကရက် ...ရေးလာရတာလဲ၊ ဒါဟာ နည်းနည်း ဆန်းမနေဘူးလား၊ ဒါကို ထောက်ရင် ဒီ ...ဟာ သူ ရေးတဲ့ သေတမ်းစာကို ဒီလောက် အရေးတကြီး မထားဘူး ဆိုတာ ...ပြနေတယ်ဗျ၊ တစ်ခါ လူတစ်ယောက်ဟာ တကယ် အကောင်အထည် ...ဖို့ ...ရည်ရွယ်တဲ့ သေတမ်းစာ တစ်စောင်ကို ရေးမှသာ ဒီလိုပဲ ရေးလိမ့်မယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဆိုရင် ဒီလူဟာ ကိုယ့် သေတွင်း ကိုယ် တူးတာပေါ့ဗျ'

'ဪ ခင်ဗျားက ဒီလို ထင်သလား'

'ခင်ဗျားကော မထင်ဘူးလား'

'အင်း ဖြစ်တော့ ဖြစ်နိုင်ပါတယ်လေ၊ သို့သော်လည်း ကျုပ် အဖို့တော့ ခုထက်ထိ သိပ် မရှင်းလှသေးဘူးဗျ'

'မရှင်းဘူး ဟုတ်လား၊ ဒါမှ မရှင်းဘူး ဆိုရင် ဘယ်ဟာ ရှင်းဦးမှာလဲဗျ၊ လူတစ်ယောက်ဟာ အဘိုးကြီး တစ်ယောက် သေရင် အမွေတွေ ရမယ်လို့ ရုတ်တရက် သိလာတယ်၊ ဒီတော့ သူ ဘာလုပ်မလဲ၊ ဘယ်သူ့မှ မပြောဘဲ အဲဒီ အဘိုးကြီး အိမ်ကို အကြောင်း တစ်ခုခု ပြပြီး ညအချိန်မှာ သွားရအောင် ဖန်တီးတယ်၊ အိမ်မှာ ရှိတဲ့ ကျန်တစ်ဦး အိပ်ပျော်သွားအောင် စောင့်တယ်၊ သူနှင့် အဘိုးကြီး နှစ်ယောက်တည်း ကျန်တဲ့ အခါကျတော့ အဘိုးကြီးကို သတ်တယ်၊ ပျဉ်တို ပျဉ်စ ပုံကြီးထဲမှာ အလောင်းကို မီးရှို့ပစ်လိုက်တယ်၊ ပြီးတော့ နီးရာ တည်းခိုခန်း တစ်ခုကို ပြန်လာတယ်၊ ဒါပဲပေါ့ဗျ၊ ကြမ်းပြင်မှာ တွေ့ရတဲ့ သွေးစက်တွေနှင့် လက်ကိုင်တုတ်မှာ တွေ့ရတဲ့ သွေးစက်တွေကတော့ သိပ် မများလှပါဘူး၊ ကြည့်ရတာ အစတုန်းကတော့ အဘိုးကြီးကို သွေးထွက်သံယို ဖြစ်အောင် သတ်မယ်လို့ စိတ်ကူးလာပုံ ရတယ်၊ ပြီးတော့ အလောင်းကို မီးရှို့ပစ်လိုက်ရင် ဘယ်ပုံ ဘယ်နည်း သေတယ် ဆိုတာ ခြေရာ လက်ရာ မကျန်ဘဲ နေလိမ့်မယ်လို့ တွက်ပုံ ရတယ်၊ မတော် ခြေရာလက်ရာ ကျန်ခဲ့ရင် သူ့ကို အမှုပတ်ချင် ပတ်နေဦးမှာကိုး၊ ကဲ ဒါ မရှင်းဘူးလားဗျာ'

'ဒီမှာ လက်စထရိတ်၊ ဒါလေးတွေက သိပ် အရေး မကြီးပါဘူး၊ ခက်တာက ခင်ဗျားဟာ ဒီပြင်နေရာတွေမှာ တော်ပေမဲ့ စိတ်ကူးဉာဏ် နည်းနည်းလိုနေတယ်ဗျ၊ ဒါပေမဲ့ ကျုပ် ပြောမယ်၊ ခင်ဗျားကိုယ် ခင်ဗျား လူရွယ်ကလေးနေရာက နေကြည့်စမ်း၊ သေတမ်းစာကို ရေးပြီးတဲ့ ညမှာ ချက်ချင်းပဲ အဲဒီ လူကြီးကို သတ်တော့မလား၊ ရာဇဝတ်မှု ကျူးလွန်ဖို့ အတွက် သေတမ်းစာ ရေးတဲ့ ညကိုပဲ ချက်ချင်း ရွေးလိုက်တော့မလား၊ သေတမ်းစာ ရေးတာနှင့် လူသတ်တာ ဒီလောက် နီးနေရင် မသင်္ကာစရာတွေ ဖြစ်လာပြီး ကိုယ့်ကို အမှု ပတ်လာမယ် ဆိုတာလောက်ကို ခင်ဗျား မစဉ်းစားမိတော့ဘူးလား၊ ပြီးတော့ အဲဒီ အိမ်ထဲမှာ ကိုယ် ရောက်နေတယ် ဆိုတာကို တံခါး ဖွင့်ပေးတဲ့ အစေခံမကြီး သိတယ်၊ ဒီလို သိလျက်နှင့် ခင်ဗျား ကျူးလွန်မလား၊ နောက်ဆုံးအားဖြင့် ခင်ဗျားဟာ အလောင်းကြီးကိုတော့ တစ်ယောက်တည်း မနိုင့်တနိုင်နှင့် ဖျောက် ဖျက် ဖို့ ကြိုးစားပြီး





တရားခံဟာ ခင်ဗျားပါလို့ သက်သေ ထူပေးနေတဲ့ လက်ကိုင်တုတ်ကိုတော့ ဒီ အတိုင်း ထားပစ်ခဲ့မလား၊ ဝန်ခံပါ ရဲဘော်ကြီး၊ ဒါဟာ လုံးဝ မဖြစ်နိုင်ဘူး'

'လက်ကိုင်တုတ် ကျန်ရစ်ခဲ့တာနှင့် ပတ်သက်လို့တော့ ရှင်းပါတယ်ဗျာ၊ ရာဇဝတ်ကောင် တစ်ယောက်ဟာ ထူပူပြီး ခေါင်းအေးအေးနှင့် လူတွေ မလုပ်တဲ့ အလုပ်ကို လုပ်မိတတ်ကြတာ ကျွန်တော် သိသလို ခင်ဗျားလည်း သိပြီးသားပါ၊ ကြည့်ရတာကတော့ တရားခံဟာ အခန်းထဲကို ပြန်မသွားရဲတော့လို့ ကျန်နေရစ်ခဲ့တာပဲ ဖြစ်ရမယ်ဗျ၊ မိတ်ဆွေကြီးရေ၊ ကောက်ချက်လေး ဘာလေး ဆွဲချင်ရင်လည်း အချက်အလက်နှင့် ကိုက်အောင်တော့ လုပ်ပါဗျာ'

'အမယ်လေး ကောက်ချက်တွေကတော့ အများကြီးပဲဗျ၊ ဒါဇင်ဝက်လောက်တောင် ပေးလို့ ရတယ်၊ ဥပမာ တစ်ခုပဲ ကျုပ် ပြော မယ်၊ ဖြစ်နိုင်ရုံကွင် မကဘူး၊ အဲဒီ အတိုင်းကို ဖြစ်စရာ ရှိနေတယ်၊ ကျုပ် ပါးစပ်ထဲ တွေ့တဲ့ ကောက်ချက် တစ်ခုကိုပဲ လွယ်လွယ် ပြောလိုက်မယ်၊ အဘိုးကြီးဟာ တော်တော် အရေးကြီးတဲ့ စာချုပ်တွေကို ပြနေတယ်ဗျာ၊ ဒါကို လမ်းမက လူတစ်ယောက်က ပြတင်းပေါက်က လှမ်းမြင်လိုက်တယ်ဗျာ၊ ခန်းဆီးက တစ်ဝက်ပဲ ချထားတယ်လို့ ဆိုသကိုး၊ ရှေ့နေ လူငယ်ကလေး ထွက်သွားတယ်ဗျာ၊ အဲဒီ လူဆိုး ဝင်လာတယ်ဗျာ၊ တုတ်ကောက်ကို တွေ့တော့ တွေ့ရာနှင့် ကောက်ရိုက်ပြီး အိုးအေကို သတ်လိုက်တယ်ဗျာ၊ ပြီးတော့ အလောင်းကို မီးရှို့ပြီး ထွက်သွားတယ်ဗျာ၊ ပြောရရင် တစ်ပုံကြီး'

'နေစမ်းပါဦး၊ လူဆိုးက ဘာဖြစ်လို့ အလောင်းကို မီးရှို့သွားဦးမှာလဲ'

'လူဆိုးက မရှို့ဘူး ဆိုရင် မက်ဖာလိန်းကကော ဘာဖြစ်လို့ ရှို့မှာတဲ့လဲ'

'သက်သေခံ အထောက်အထား တချို့ကို ဖျောက်ဖျက်ချင်လို့ နေမှာပေါ့'

'လူသတ်မှု ကျူးလွန်ခဲ့တယ် ဆိုရင် အဲဒီ လူဆိုးကကော သက်သေခံ အထောက်အထားကို မဖျောက်ဖျက်ချင်တော့ဘူးတဲ့လား'

'ဒါဖြင့်ရင် လူဆိုးက ဘာဖြစ်လို့ ပစ္စည်းတို့ ဘာတို့ကို ယူမသွားတာလဲ'

'ယူလို့ ဖြစ်မလားဗျ၊ စာချုပ် စာတမ်းတွေချည်းပဲ ရှိတာ၊ သူ ဘာလုပ်လို့ ရမှာလဲ'

လက်စထရိတ်မှာ စောစောကလောက် သေချာ ရေရာခြင်း မရှိတော့ သည့်တိုင် ခေါင်းကို ယမ်းလျက် ရှိလေ၏။

'ကဲ ဒီလိုဆိုရင် မစ္စတာ ဟုမ်း ခင်ဗျား၊ ခင်ဗျား လူဆိုး [illegible] ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ပဲ ရှာနေရစ်ခဲ့ပါတော့၊ ကျွန်တော်တို့ကတော့ ကျွန်တော်တို့ လူကိုပဲ အသေ ကိုင်ထားရမှာပဲ၊ ဘယ်သူ မှားတယ် မှန်တယ် ဆိုတာတော့ အနာဂတ်က ဆုံးဖြတ်ပါလိမ့်မယ်၊ အဲ တစ်ခုတော့ မှတ်ထားပါ မစ္စတာ ဟုမ်း၊ ကျွန်တော်တို့ သိသလောက် ပြောရရင် စာချုပ် စာတမ်းတွေ တစ်ရွက်မှ မပျောက်ဘူး ခင်ဗျ၊ တရားခံဟာ တရားဥပဒေ အရ အမွေစား အမွေခံ ဖြစ်နေပြီး တစ်နေ့မှာ ဒါတွေ ကို သူပဲ ပိုင်ရမှာ ဆိုတော့ ဒီစာရွက်စာတမ်းတွေကို မပျောက်ပျက်စေချင်သူဟာ လည်း ကမ္ဘာပေါ်မှာ သူတစ်ယောက်တည်းပဲ ရှိတယ် ခင်ဗျ၊ ဒါလေးကိုတော့ မှတ်ထားလိုက်စေချင်တယ်"

ရှားလော့ဟုမ်းမှာ ထိုစကားကြောင့် အနည်းငယ် တွေသွားဟန် ရှိလေ၏။

"ဟုတ်ပါပြီလေ၊ သက်သေခံ အထောက်အထားကတော့ ခင်ဗျား ကောက်ချက်ကို အလေး တင်းပေးနေပါတယ်၊ ဒါကို ကျုပ်က မငြင်းလိုပါဘူး၊ ကျုပ် ပြောချင်တာက ကောက်ချက် ထုတ်တမ်း ဆိုရင် အများကြီး ရှိတယ် ဆို တာကိုသာ ကျုပ် ပြောတာပါ၊ ခင်ဗျား ပြောသလို အနာဂတ်က ဆုံးဖြတ်ပါ လိမ့်မယ်၊ ကဲ ဂွတ်မောနင်းဗျာ၊ နေ့လယ်ပိုင်းလောက် ဆိုရင်တော့ ကျုပ်လည်း နောဝုဒ်ကို လာပြီး ခင်ဗျား အခြေအနေကို လာ အကဲခတ် ဖြစ်လိမ့်မယ်လို့ ထင် ပါရဲ့"

လက်စထရိတ် ထွက်သွားသည့် အခါတွင် ရှားလော့ဟုမ်းသည် ဝါသနာ ပါသော အလုပ်ကို လုပ်ရတော့မည်ဟု ကျေနပ်လျက် ရှိသော လူတစ်ယောက် အသွင်ဖြင့် ထိုနေ့ အတွက် အစီအစဉ်များကို ပြင်ဆင်လျက် ရှိလေ၏။

ရှားလော့ဟုမ်းသည် ဖရော့ ကုတ် အင်္ကျီကို ကောက်၍ ဝတ်လိုက်ရင်း


"အိုင်ဆေးရေ၊ ကျုပ် ပြောခဲ့တဲ့ အတိုင်း ကျုပ် ပထမဆုံး လှုပ်ရှားရမယ့် နေရာကတော့ ဘလက်ဟိ ရပ်ကွက်ဗျ"

"ဘာကြောင့် နောဝုဒ်ကို မသွားတာလဲ"

"ဘာဖြစ်လို့လဲ ဆိုတော့ ဒီအမှုမှာ ထူး ခြား တဲ့ အဖြစ်အပျက် တစ်ခု နောက်က နေပြီး တခြား ထူးခြားတဲ့ အဖြစ်အပျက် တစ်ခု လိုက်လာလို့ပဲဗျ၊ မှားချင်တော့ ပုလိပ်ဘက်က ဒုတိယ အဖြစ်အပျက်ကို သိပ်ပြီး အာရုံ စိုက်လွန်း နေတယ်၊ အေးလေ တကယ်ကျတော့လည်း ဒုတိယ အဖြစ်အပျက်က တကယ် ကျူးလွန်တဲ့ ရာဇဝတ်မှု ဆိုတော့ အဲဒီ အပေါ်မှာပဲ အာရုံ စိုက်ပေမပေါ့၊ ဒါပေမဲ့ ဒီအမှုကို ယုတ္တိကျကျနှင့် ကိုင်တွယ်ချင်တယ် ဆိုရင် ပထမ အဖြစ်အပျက်ကို







"ကျုပ် ပထမဆုံး
လှုပ်ရှားရမယ့် နေရာကတော့
ဘလက်ဟိ ရပ်ကွက်ဗျ"

ပြီး ရှင်းရလိမ့်မယ်ဗျ၊ ပထမ အဖြစ်အပျက်က ဘာလဲ ဆိုတာ သိရဲ့လား၊ ဘာမှ မဆိုင်တဲ့ လူတစ်ယောက်ကို ဘာမှ ပြင်ဆင်ခြင်း မရှိဘဲ အမွေ ပေးဖို့ မြန်မြန်စား ကြီး ကောက်ရေးပေးခဲ့တဲ့ သေတမ်းစာပဲဗျ၊ ဒီအချက်ဟာ တော်တော် ဆန်းနေ တယ်၊ ဒါကို ရှင်းနိုင်ရင် နောက်ကိစ္စကိုလည်း ရှင်းနိုင်ကောင်းရဲ့လို့ မျှော်လင့်ရ တာပဲ၊ ကိစ္စ မရှိဘူး အိုင်ဆေး၊ ခင်ဗျား လိုက်ဖို့ မလိုဘူး၊ အန္တရာယ် မရှိတန် ကောင်းပါဘူး၊ ရှိရင် ခင်ဗျားကို မခေါ်ဘဲ ဘယ်သွားပါ့မလဲ၊ ညနေ ကျုပ် ပြန် ရောက်လာရင်တော့ ကျုပ်ကို မျှော်လင့်တကြီးနှင့် အကူအညီ လာတောင်းတဲ့ လူငယ်ကလေး အတွက် တစ်ခုခု လုပ်နိုင်ခဲ့ပြီလို့ ပြောနိုင်ပါလိမ့်မယ် ထင်ပါ ရဲ့"

မိတ်ဆွေကြီး ရှားလော့ဟုမ်း ပြန်လာသည့် အချိန်၌ အတန်ငယ် မှောင် နေလေပြီ။ မျက်တွင်းတို့ ချောင်ကျကာ စိုးရိမ် ပူပန်လျက် ရှိသော သူ့မျက်နှာ ကို ကြည့်လိုက်ရုံမျှဖြင့်ပင် သူ မျှော်လင့်သည့် အတိုင်း ဖြစ်မလာခဲ့ကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com





သိနိုင်ပေ၏။ ရှားလော့ဟုမ်းသည် နောက်ကျိနေသော စိတ်ကို ပြေပျောက်စေရန် အတွက် တစ်နာရီခန့်မျှ တယော ထိုးနေလေ၏။ နောက်ဆုံးတွင် ရှားလော့ဟုမ်းသည် တယောကို ဘေးသို့ ဆောင့်ကြီးအောင့်ကြီးဖြင့် ချလိုက်ပြီးနောက် အခြေအနေ မကောင်းခဲ့ကြောင်းကို အသေးစိတ် ပြောပြလေ၏။

'အိုင်ဆေး ဝပ်ဆင်ရေ၊ မှားလိုက်ပုံက သွက်သွက်ကို လည်နေတာပဲဗျို့၊ ဒီတစ်ချီတော့ သောက်ကျိုးနည်းပြီ ထင်တာပဲ၊ လက်စထရိတ် ရှေ့မှာ ကျုပ်က ခပ်တည်တည်သာ ဟန်လုပ်နေရတယ်၊ ကျုပ် စိတ်ထဲမှာတော့ လက်စထရိတ်ဟာ ဆယ်ခွန်း ပြော တစ်ခွန်း မှန် ဆိုသလို မှန်နေပြီး ကျုပ်တို့က ရေလိုက် လွဲနေတယ်လို့ ထင်နေတယ်၊ အချက်အလက်တွေက တခြား ကျုပ် ပကတိဉာဏ်က ပြောနေတာက တခြား ဖြစ်နေတယ်၊ ကျုပ်တို့ ဂျူရီ လူကြီးတွေကလည်း လက်စထရိတ်ရဲ့ အချက်အလက်တွေကို ကျော်ပြီး ကျုပ် ကောက်ချက်တွေကို ကာသာပေး စဉ်းစားနိုင်လောက်အောင် အသိဉာဏ် ဖွံ့ဖြိုးပါဦးမလား ဆိုတာ သံသယ ဖြစ်နေတယ်'

'ဘာလက်ဟိ ရပ်ကွက်ကို ရောက်ခဲ့ပြီပေါ့'

'ဟုတ်တယ်၊ ရောက်ခဲ့ပြီ၊ လက်စသတ်တော့ ကျုပ်တို့ သနားနေတဲ့ သွားလေသူ အိုးအေက ဆိုတဲ့ လူဟာ လူဆိုးပဲဗျ၊ လူကောင်းမှ မဟုတ်တာ၊ သူငယ်ကလေးရဲ့ အဖေကိုတော့ မတွေ့ခဲ့ရဘူးဗျ၊ သူ့သားကို အရှာ ထွက်သွားတယ်တဲ့၊ သူ့အမေကိုတော့ တွေ့ခဲ့တယ်၊ ခပ်သေးသေး ခပ်ညှက်ညှက်ရယ်၊ သူလည်း သတင်းကို ကြားလို့ စိုးလည်း စိုးရိမ် ဒေါသလည်း ထွက်နေလို့ စကားတောင် ကောင်းကောင်း မပြောနိုင်ဘူး၊ အမေ ဆိုတော့ ထုံးစံ အတိုင်းပေါ့ဗျာ၊ ဒီလို အမှုမျိုးကို သူ့သား ကျူးလွန်မယ် ဆိုတာ ဘယ် လက်ခံနိုင်ပါ့မလဲ၊ ဒါပေမဲ့ အိုးအေက သေသွားတဲ့ အတွက်တော့ အံ့ဩဟန်လည်း မရှိဘူး၊ စိတ်မကောင်း ဖြစ်ဟန်လည်း မပြဘူးဗျ၊ စိတ်မကောင်း မဖြစ်ရုံတင် မကဘူး၊ သေသူ အိုးအေက အကြောင်း ပြောလိုက်တာ ရစရာတောင် မရှိဘူး၊ သူ ဒီလို ပြောလိုက်တော့ ပုလိပ်ဘက် အဖို့ ပိုခိုင်လုံသွားပြီး သူငယ်လေး အတွက် နည်းနည်း ခက်သွားတာပေါ့၊ ဘာဖြစ်လို့လဲ သိရဲ့လား၊ ဒီလူ အကြောင်း သူ့ အမေ ပြောတာကို သူငယ်ကလေးသာ ကြားရင် အိုးအေက ဆိုတဲ့ လူကို မုန်းမုန်းနှင့် တစ်ခုခု လုပ်ပစ်မှာ အမှန်ပဲဗျ၊ ''အဲဒီလူဟာ လူ မဟုတ်ဘူးရှင့်၊ တိရစ္ဆာန်ထက်တောင် ဆိုးသေးတယ်၊ ငယ်ငယ်ကတည်းက အကျင့်ယုတ်တဲ့ လူ'' လို့ ပြောလိုက်တယ်ဗျ။

'ဒီတော့ ကျုပ်က ''ဒါဖြင့် ခင်ဗျား သူ့ကို ငယ်ငယ်ကလေးတည်းက သိခဲ့တာပေါ့'' လို့ မေးတယ်။

' ''သိတာပေါ့ရှင်၊ သူက ငယ်ငယ်ကတည်းက ကျွန်မကို ပိုးခဲ့ဖူးတယ်၊ သူ့ကို မယူမိတာ ကံကောင်းတာပေါ့ရှင်၊ သူ့လောက် မချမ်းသာပေမဲ့ သူ့ထက် တော်တဲ့ လူမျိုးကို ကျွန်မ ရပါတယ်၊ အကြောင်း မသိခင်တုန်းကတော့ သူ လက်ထပ်ဖို့ ပြောတာကို လက်ခံလိုက်မိတာပေါ့၊ လက်ခံပြီး စေ့စပ်ထားတုန်း တစ်နေ့တော့ ကြောင်တစ်ကောင်ကို ငှက် လှောင်အိမ်ထဲ လွှတ်ပေးလိုက်တာကို မြင်လိုက်ရကတည်းက ဒီလူ ရက်စက်ပုံကို မြင်ပြီး ကျွန်မလည်း သူနှင့် စေ့စပ်ထားတာ ဖြတ်လိုက်တာပဲ'' လို့ ပြောပြီး ဗီရို တစ်လုံးထဲက နေပြီး အမျိုးသမီးတစ်ယောက်ရဲ့ ဓာတ်ပုံ တစ်ပုံကို ထုတ်ပြသဗျ၊

ဓာတ်ပုံမှာ မျက်နှာကို ဓားနှင့် ခြစ်ပြီး ရုပ်ပျက်ဆင်းပျက် လုပ်ထားလိုက်တာဗျာ၊ ''အဲဒါ ကျွန်မ ပုံပါပဲ၊ ကျွန်မတို့ လက်ထပ်မယ့် မနက်ကျတော့ ဒီဓာတ်ပုံကို ပို့လိုက်တာလေ'' တဲ့။



'ကျွန်မတို့ လက်ထပ်မယ့် မနက်ကျတော့ ဒီဓာတ်ပုံကို ပို့လိုက်တာလေ'

' ''ဒါပေမဲ့ဗျာ၊ ခုတော့ ခင်ဗျား အပေါ် စိတ်ပြေ သွားပြီ ထင်ပါတယ်၊ သူ ပိုင် ပစ္စည်းတွေ အားလုံးကို တောင် ခင်ဗျား သားကို အမွေ ပေးပစ်ခဲ့ပြီပဲ'' လို့ ကျုပ်က ပြောတယ်။

' ''အဲဒီလူရဲ့ ပစ္စည်း ဆိုရင် လက် ဖျား နှင့် တောင် မတို့ချင်ပါဘူး ရှင်၊ သေ မှ ပေးပေး ရှင်တုန်း ပေးပေး သူ့ ပစ္စည်းကိုလည်း မလိုချင်ပါဘူး၊ ကောင်းကင်ဘုံထောက်ကြီးရေ ကျွန်မတို့က ဘုရား တရားနှင့် နေတဲ့ လူတွေ၊ ခု





www.burmeseclassic.com

www.burmeseclassic.com



ဒီလူကို ဘုရားက အပြစ် ပေးလိုက်တာ၊ လူယုတ်မာကို အပြစ် ပေးတဲ့ ဘုရားသခင်ဟာ ကျွန်မ သားလို သူတော်ကောင်းကို သူ့သွေး အစွန်းခံမှာ မဟုတ်ဘူးလို့ ကျွန်မ ယုံတယ်'' လို့ ပြောလိုက်တယ်ဗျ၊ အမျိုးသမီးကတော့ တော်တော်လေးကို နှာနာကြည်းကြည်း ပြောလိုက်တာပဲဗျို့။

'ဒါနှင့် ကျုပ်လည်း သဲလွန်စကလေး တစ်ခု နှစ်ခုလောက်ကိုတော့ လိုက်ကြည့်ပါသေးရဲ၊ ဒါပေမဲ့ ကျုပ် တွေးလုံးနှင့်တော့ သိပ် အံမဝင်လှပါဘူးဗျ၊ ကျုပ် တွေးလုံးကို ချေဖျက်တဲ့ အချက်အလက်တွေကိုချည်း တွေ့နေရတယ်၊ ကျုပ်လည်း နောက်ဆုံးတော့ လက်လျှော့လိုက်ပြီး နောဝုဒ်ကို လိုက်သွားတယ်။

'အိုးအေကရဲ့ အိမ်က တော်တော်လေး ခေတ်မီတဲ့ တိုက်ကြီးဗျ၊ ဝင်းနှင့် ခြံနှင့်၊ အိမ်ရှေ့မှာလည်း ပန်းပင်ကလေးတွေနှင့်၊ မီးလောင်သွားတဲ့ လက်သမား ရုံက အိမ်ရဲ့ နောက်ဖေး ညာဘက်နားမှာဗျ၊ လမ်းနှင့်တော့ ခပ်လှမ်းလှမ်းပဲ၊ ဟောဒီ ကျုပ် မှတ်စု စာအုပ်ထဲမှာ ပုံစံ ဆွဲယူလာခဲ့တယ်၊ လက်ဝဲဘက်က ပြတင်းပေါက် အရှည်ကြီးက အိုးအေကရဲ့ အိပ်ခန်းကို ဝင်တဲ့ ပြတင်းပေါက်၊ လမ်းမကနေပြီး လှမ်းကြည့်လိုက်ရင် အိုးအေကရဲ့ အိပ်ခန်းကို တန်းမြင် နေရတယ်၊ တွေ့တယ် မဟုတ်လား၊ ကျုပ် ဒီနေ့ တစ်နေ့လုံး လိုက်ခဲ့တာ ဒီတစ်ချက်ပဲ ကျေနပ်စရာ ရှိသေးတယ်၊ ကျုပ် ရောက်သွားတော့ လက်စထရိတ်ကိုတော့ မတွေ့ရဘူးဗျ၊ ဒါပေမဲ့ အစောင့်ကျနေတဲ့ ပုလိပ်ကတော့ ကောင်းကောင်းမွန်မွန် လိုက်ပြပါတယ်၊ ပုလိပ်ဘက်ကတော့ စုဆောင်းထားလိုက်တဲ့ သက်သေခံတွေက တစ်ပုံကြီးပဲဗျို့၊ မီးလောင်သွားတဲ့ ပျဉ်ပုံကြီးက ပြာတွေထဲကို တစ်မနက်လုံး မွှေနှောက် ရှာဖွေထားလိုက်တာလည်း နှံ့နေတာပဲ၊ မီးလောင်ထားတဲ့ ပြာပုံထဲကနေပြီး မီးလောင်ထားတဲ့ အလောင်း အစအနတွေ အပြင် မီးကျွမ်းလို့ မည်းနေတဲ့ သတ္တုပြားကလေးတွေ တော်တော်များများလည်း တွေ့ရတယ်ဗျ၊ ဒါနှင့် ကျုပ် သေသေချာချာ ကြည့်တဲ့ အခါကျတော့ ဘောင်းဘီ တပ်တဲ့ ကြယ်သီးတွေ ဖြစ်နေတယ်ဗျ၊ တချို့ ကြယ်သီးကလေးတွေပေါ်မှာ ဟိုင်ယမ် ဆိုတဲ့ စာလုံးကလေးတွေကိုတောင် တွေ့ရသေးတယ်၊ အိုးအေက အဝတ်အစားတွေ ချုပ်တဲ့ ဆိုင်နာမည်လေဗျာ။

'ပြီးတော့ နောက်ထပ် သဲလွန်စကလေး ဘာလေးများ ရမလားလို့ မြက်ခင်းကို လျှောက်ကြည့်သေးတယ်၊ ဒါပေမဲ့ ရာသီဥတုက ခြောက်သွေ့နေတော့ မြက်ခင်းပေါ်မှာလည်း ဘာ အစအနမှ မတွေ့ရပါဘူးဗျာ၊ ပျဉ်ပုံတွေနှင့် တစ်တန်းတည်း ဖြစ်နေတဲ့ ခြံစည်းရိုးကလေး အတိုင်း အထုပ် တစ်ခု သို့မဟုတ်





င်း တစ်ခုကို ဆွဲသွားတဲ့ စွတ်ကြောင်းကြီး တစ်ခုက လွဲလို့ တခြား ဘာ မတွေ့ရဘူးဗျ၊ ဒီတော့ ဒါတွေ အားလုံးဟာ ပုလိပ်ဘက်ဆိုင်ရာရဲ့ ကောက် ကိုက်ညီနေတယ်၊ ကျုပ်ဖြင့် နေပူကြီးထဲမှာ မြက်ခင်းပြင်ပေါ် လေးဖက် က်ပြီး ရှာလိုက်ရတာဗျာ၊ ဖတ်ဖတ်ကို မောနေတာပဲ၊ ဒါပေမဲ့ တစ်နာရီ က်သာ ကြာတယ်၊ ဘာမှ မထူးပါဘူး၊ အလကားပါပဲ။

'ဒါနှင့် မြက်ခင်းပေါ်ကို လျှောက်ရှာပြီးတဲ့နောက် အိပ်ခန်းထဲကို ဝင် ကြည့်တယ်ဗျ၊ သွေးကွက် ဆိုတာက သိပ် မများလှပါဘူး၊ နည်းနည်းကလေး သွေးကွက်တောင် မဟုတ်ပါဘူး၊ သွေးစက်ကလေး နည်းနည်းပါးပါးပါ၊ ဒါပေမဲ့ သွေးကတော့ လတ်လတ်ဆတ်ဆတ်ကြီး ရှိသေးတယ်ဗျ၊ လက်ကိုင် ကတော့ အရင် နေရာမှာ မရှိတော့ဘူး၊ ဒါပေမဲ့ လက်ကိုင်တုတ်မှာလည်း း အစအနကလေးလောက်ပဲ တွေ့ရတယ်၊ လက်ကိုင်တုတ်ကတော့ ကျုပ်တို့ သည်ရဲ့ လက်ကိုင်တုတ် အစစ်ပဲ ခင်ဗျ၊ သူကိုယ်တိုင်ကလည်း ဝန်ခံတယ်၊ သူနှင့် ကျုပ်တို့ အမှုသည်ရဲ့ ခြေရာတွေကိုလည်း ကော်ဇောပေါ်မှာ တွေ့ရ ယ်၊ ဒါပေမဲ့ တတိယ ခြေရာကို မတွေ့ရဘူးဗျ၊ ဒီတော့ ပုလိပ်ဘက် အဖို့ င်းသွားပြန်တာပေါ့၊ ပုလိပ်က တစ်မှတ်ပြီး တစ်မှတ် တိုးနေတဲ့ အချိန်မှာ ကျုပ်တို့ကတော့ သုညမှာပဲ ကျန်နေသေးတယ်ဗျ။

'အဲ ကျုပ်အတွက် မျှော်လင့်ချက် ရောင်ခြည် ဆိုလို့ တစ်ခုပဲ ရှိတယ်၊ ကလည်း သိပ်တော့ အရေးမပါလှပါဘူးဗျ၊ မီးခံသေတ္တာထဲက စာရွက်စာတမ်း ကို ကျုပ် စစ်ဆေးကြည့်တဲ့ အခါကျတော့ စာချုပ် တော်တော်များများက ပြင် ရောက်နေပြီး စားပွဲပေါ်မှာ ကျန်နေရစ်ခဲ့တယ်ဗျ၊ စာရွက်တွေကို စာအိတ် ထည့်ပြီး ချိပ်ပိတ်ထားတယ်၊ တစ်ခု နှစ်ခုကိုတော့ ပုလိပ်က ဖွင့်ကြည့်တယ်၊ ကျုပ် သိသလောက် ပြောရရင်တော့ စာရွက်စာတမ်းတွေက သိပ် အရေးမကြီး ပါဘူး။

'ချက်စာအုပ်ကို ကြည့်တော့လည်း မစ္စတာ အိုးအေကဟာ သိပ် ကြွယ် ကြွယ်ဝကြီးထဲက မဟုတ်ပါဘူး၊ ဒါပေမဲ့ ခု ကျုပ်တို့ တွေ့ခဲ့ရတဲ့ စာရွက် တမ်းတွေဟာ အကုန် မဟုတ်သေးဘူးလို့ ထင်တယ်ဗျ၊ တစ်နေရာရာမှာတော့ မှဦးမယ်၊ ဒီထက် အဖိုးတန်တဲ့ စာရွက်စာတမ်းတွေ ရှိသေးတဲ့ လက္ခဏာ တွေကို တွေ့နေရတယ်၊ ရှာလို့တော့ မတွေ့ခဲ့ဘူး၊ အကယ်၍ အဲဒီ စာရွက် တမ်းတွေကို ရှာတွေ့လို့ ကျုပ်တို့က နိုင်နိုင်လုံလုံ သက်သေ ပြနိုင်ရင်တော့ စထရိတ်ရဲ့ အယူအဆကို ချေဖျက်နိုင်မှာပဲ၊ လူတစ်ယောက်ဟာ ကြာခင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် အမွေ ဆက်ခံရတော့မယ့် စာချုပ် စာတမ်းတွေကို ဘာဖြစ်လို့ ဖျောက်ဖျက် ပစ်မလဲ၊ မဟုတ်ဘူးလား။

'နောက်ဆုံး ကျုပ်လည်း လှန်လှောရှာပြီး ဘာမှ သဲလွန်စ ရှာမရတော့ မတတ်နိုင်ပါဘူး ဆိုပြီး အိမ်စေ မိန်းမကြီးကို မေးကြည့်တယ်၊ အဘွားကြီး နာမည်က မစွက် လက်ဇင်တန်တဲ့၊ အရပ် ပုပု အသား ညိုညို၊ စကားကလည်း တော်တော် နည်းတယ်၊ မျက်လုံး ခပ်စွေစွေနှင့် လူကြည့်ရင်ကို မသကာတဲ့ မျက်လုံးမျိုးနှင့် ကြည့်တာဗျ၊ အဘွားကြီးကို မေးရင်တော့ တစ်ခုခု သိရမှာပဲ ဆိုပြီး ကျုပ်လည်း မေးမြန်းကြည့်တာပေါ့ဗျာ၊ ဒါပေမဲ့ မရဘူးဗျို့၊ သောက်ကျိုးနည်းဗျာ၊ နှုတ်လုံလိုက်ပုံကတော့ မပြောပါနှင့်တော့၊ ဖယောင်းခဲကို ရေမစိမ့်သလိုပဲ၊ သူ့ မေးတော့ မက်ဖာလိန်းဟာ ည ကိုးနာရီခွဲလောက် လာလို့ တံခါး ဖွင့်ပေးလိုက်တယ်တဲ့၊ ဒီလို တံခါး ဖွင့်ပေးလိုက်မိတဲ့ အတွက် သူ့ လက်ကိုတောင် သူ ဖြတ်ပစ်ချင်တယ်တဲ့၊ အဘွားကြီးက ဆယ်နာရီခွဲလောက်မှာ အိပ်ရာ ဝင်သွားတယ်၊ သူ့ အခန်းက အိမ်ရဲ့ တစ်ဖက် အစွန်မှာကိုး၊ ဒီတော့ တစ်ဖက် အစွန်မှာ ဖြစ်နေတာတွေကို ဘာမှ မသိရ မကြားရဘူးတဲ့၊ မက်ဖာလိန်းဟာ ဦးထုပ်ရော သူ မှတ်မိသလောက် ဆိုရင် တုတ်ကောက်ရော ဧည့်ခန်းမှာ ကျန်နေရစ်ခဲ့တယ်တဲ့၊ မီးလန့်တော့ သူ နိုးလာတယ်၊ အဲဒီတော့မှ သူ့ အိမ်ရှင် အသတ်ခံရတာကို သိတယ်တဲ့။

'သေသူမှာ ရန်သူတို့ ဘာတို့ ရှိသလားလို့ မေးတော့ လူတိုင်းမှာ ကိုယ့်ကို မလိုတဲ့ လူတော့ ရှိကြတာပေါ့တဲ့၊ ဒါပေမဲ့ သူ့ အိမ်ရှင်ကတော့ ဘယ်သူနှင့်မှ အပေါင်းအသင်း အဆက်အဆံလည်း မလုပ်ဘူးတဲ့၊ အလုပ်အကိုင် ကိစ္စနှင့် ပတ်သက်လို့ ဆက်ဆံတာလောက်ပဲ ရှိတယ်တဲ့၊ ဒါနှင့် မီးထဲက ကြယ်သီးတွေကို ထုတ်ပြတော့ အဲဒီ ကြယ်သီးတွေဟာ အခင်း ဖြစ်တဲ့ ညက သေသူ ဝတ်တဲ့ ဘောင်းဘီက ကြယ်သီးတွေ ဆိုတာ သေချာတယ်တဲ့၊ မိုးမရွာတာ တစ်လလောက် ကြာနေတော့ ပျဉ်ပုံကြီးတွေကလည်း ခြောက်သွေ့နေတာပဲဗျ၊ မီးစာများ လောင်သလို ပြိုက်ခနဲ လောင်သွားတာပဲ၊ အဘွားကြီး ရောက်သွားတဲ့ အခါကျတော့ မီးတောက်တွေပဲ မြင်ရတော့တယ်တဲ့၊ ဘာမှ မကျန်တော့ဘူးတဲ့၊ မီးထဲကနေပြီး အသားကို မီးလောင်တဲ့ အနံ့ကြီး ရတယ်တဲ့၊ သူတွင် မကဘူး၊ မီးသတ်သမား တွေလည်း ရတယ်တဲ့။

'ဒါက လွဲရင်တော့ သေသူရဲ့ စာချုပ် စာတမ်းတွေကို သူလည်း မသိဘူး၊ သူ့ရဲ့ ကိုယ်ရေး ကိုယ်တာ ကိစ္စတွေကိုလည်း သူ ဘာမှ မသိဘူးတဲ့၊ ကံ





ပ်ဆင်ရေ၊ ဒါကတော့ ကျုပ် အရေး နိမ့်လာခဲ့တဲ့ အကြောင်းလေးပဲဗျ၊ ဒါပေမဲ့၊ ါပေမဲ့'

ရှားလော့ဟုမ်းသည် ရုတ်တရက် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ် ိုက်လျက်

'ဒါတွေ အားလုံး မှားနေတယ် ဆိုတာ ကျုပ် သိနေတယ်ဗျ၊ အားလုံး ှားနေတယ် ဆိုတာ ကျုပ် သိတယ်၊ ဒီအမှုဟာ အမှုမှန် မဟုတ်ဘူး ဆိုတာ ကျုပ် အရိုးထဲက သိနေတယ်၊ ဖုံးထားတာတွေ ရှိနေတယ်၊ အိမ်စေ အဘွား ကြီး သိရမယ်၊ အဘွားကြီး မျက်လုံးထဲမှာ အာခံတဲ့ အကြည့် ရှိနေတယ်၊ ကိုယ့် ကိုယ်ကိုယ် မလုံမလဲ ဖြစ်တဲ့ လူမှ ဒီလို အကြည့်မျိုးကို ကြည့်တာ၊ ဒါပေမဲ့ စကား ပြောနေလို့ မပြီးသေးဘူး အိုင်ဆေး၊ ကံမကောင်း အကြောင်း မလှရင် နာဝုဒ်က လူပျောက်မှုဟာ ကျုပ်တို့ရဲ့ အရှုံး စာရင်းထဲကို ထည့်ရဖို့ကိန်း မြင် နေတယ်၊ ကျုပ်တို့ တော်တော်နှင့် ဖော်နိုင်ဖို့ အကြောင်း မရှိဘူး'

'တစ်ခုတော့ ရှိပါတယ်ဗျာ၊ ဂျူရီ လူကြီးတွေကလည်း သူငယ်ကလေး ရဲ့ ရုပ်လက္ခဏာကို ကြည့်ပြီး စဉ်းစားကြဦးမှာပါ'

'ဒါက သိပ် အားကိုးရတဲ့ အချက် မဟုတ်ဘူး ကိုယ့်လူ၊ ၁၈၈၇ ခုနှစ် တုန်းက ကျုပ်တို့ လိုက်ခဲ့တဲ့ ဘာ့တ် စတီဗင်ဆင် ဆိုတဲ့ လူသတ်သမားကို ခင် ဗျား မြင်ဖူးသားပဲ၊ ဘယ်လောက် သနသံရှုမ္ဘ ရှိသလဲ၊ လူကြည့်တော့ ကျောင်း သားလေး ကျနေတာပဲ'

'ဟုတ်တယ် ဟုတ်တယ်'

'ကျုပ်တို့အနေနှင့် ပုလိပ်ရဲ့ ကောက်ချက်ကို အစားထိုးနိုင်တဲ့ ခိုင်လုံတဲ့ ကောက်ချက် တစ်ခုကို ထုတ်ပြနိုင်ရလိမ့်မယ်၊ ဒီလိုမှ ထုဟ်မပြနိုင်ရင် ကျုပ် တို့လူ စက်တိုင် တက်ရမှာ သေချာနေတယ်၊ ခု သူ့ကို တင်ထားတဲ့ စွဲချက်ကို ကြည့်လိုက်ရင် စင်းလုံးကို ချောနေတာပဲဗျ၊ ဟာကွက် တစ်ကွက်မှ မရှိဘူး၊ နောက်ထပ် တွေ့ရတဲ့ အထောက်အထားတွေကလည်း အဲဒီ စွဲချက်ကို ခိုင်မာ သည်ထက် ခိုင်မာအောင် အထောက်အကူ ပြုနေတယ်။

'တစ်ခုတော့ ရှိတယ်၊ စာချုပ်စာတမ်းနှင့် ပတ်သက်လို့ ထူးဆန်းတာ တစ်ချက်တော့ တွေ့ရလိမ့်မယ်၊ ကျုပ်တို့ လိုက်ချင်ရင် အဲဒီ အချက်ကို အခြေခံ ကားပြီး စလိုက်ရလိမ့်မယ်။

'သေသူရဲ့ ချက်လက်မှတ် စာအုပ်ကို လှန်ကြည့်လိုက်တဲ့ အခါကျတော့ သူ့ လက်ကျန် ငွေစာရင်း နည်းနေတာ တခြားကြောင့် မဟုတ်ဘူး မနှစ်က



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်လုံး မစ္စတာ ကော်နဲလီယတ်စ် ဆိုတဲ့ လူဆီကို ငွေတွေ တော်တော် များများ ပို့နေလို့ ဆိုတာ တွေ့ရတယ်။

'ခင်ဗျား စဉ်းစားကြည့်နော်၊ မစ္စတာ ကော်နဲလီယတ်စ် ဆိုတဲ့ လူဟာ အငြိမ်းစား ဗိုလ်ကြီး ဖိသုကာ တစ်ယောက်ဆီက ငွေတွေ တော်တော်များများကို လက်ခံရရှိနေတယ်၊ ဒီတော့ ဒီလိုလူဟာ ဘယ်သူလဲ ဆိုတာ ကျုပ် တော်တော် သိချင်နေတယ်၊ ကော်နဲလီယတ်စ် ဆိုတဲ့ လူဟာ ဒီကိစ္စနှင့် တစ်နည်း မဟုတ် တစ်နည်း ဆက်သွယ်နေသလား ဆိုတာ ကျုပ် သိချင်တယ်၊ ကော်နဲလီယတ်စ်ဟာ ပွဲစား တစ်ယောက် ဖြစ်ချင် ဖြစ်နိုင်တယ်၊ သို့သော်လည်း ပွဲစား တစ်ယောက်ဆီကို ဒီလောက် ငွေတွေကို ဘာကိစ္စကြောင့် ပေးရသလဲ ဆိုတာ အထောက်အထား မတွေ့ရဘူး၊ ဒီတော့ ကျုပ် လုပ်ဖို့က ဒီချက်လက်မှတ်တွေကို လက်ခံနေတဲ့ ကော်နဲလီယတ်စ် ဆိုတဲ့ လူဟာ ဘယ်သူလဲ ဆိုတာ ဘဏ်ကို သွားပြီး စုံစမ်းရတော့မယ်၊ ဒါပေမဲ့ ဝပ်ဆင်ရေ ပြောလို့သာ ပြောရတယ်၊ ကျုပ်တို့ တစ်တွေ အရက်တကွဲ အကျိုးနည်းနှင့် ရှုံးပြီး လက်စထရိတ်က သူငယ်ကလေးကို စက်တိုင် တင်တော့မယ် ထင်တာပဲ၊ စကော့တလန်ယာဒ် အဖို့တော့ မဟာ အောင်ပွဲကြီးပဗျာ'

ထိုနေ့ညက ရှားလော့ဟုမ်းသည် မည်မျှ ကြာအောင် အိပ် သည် ကို ကျွန်ုပ် မပြောနိုင်သော်လည်း မနက်စာ စားရန် ကျွန်ုပ် အောက်သို့ ဆင်းလာသည့် အခါတွင် ရှားလော့ဟုမ်းမှာ မျက်တွင်းတို့ ချောင်ကျကာ ဖြူဖပ်ဖြူရော် ဖြစ်လျက် ရှိပြီး မျက်ကွင်းများ ညိုလျက် ရှိသည့် အတွက် တောက်ပ ပြောင် လက်သော သူ့ မျက်လုံးများသည် ပို၍ တောက်ပြောင်လျက် ရှိကြလေ၏။ သူ့ အနီး တစ်ပိုက်ရှိ ကော်ဇောပေါ်တွင်လည်း စီးကရက်တိုများ ပြန့်ကျဲလျက် ရှိကာ မနက်ထုတ် သတင်းစာများ ချထားသည်ကို တွေ့ရလေ၏။ စားပွဲပေါ်တွင် ကြေးနန်း တစ်စောင်ကို ဖောက်ပြီးသား တွေ့ရ၏။

ရှားလော့ဟုမ်းက ကြေးနန်း စာရွက်ကို ကျွန်ုပ်ဘက်သို့ ထိုးပေးလိုက်ပြီးနောက်

'ဘယ်လို ထင်သလဲ'

ကြေးနန်းမှာ နော်ဝုဒ်မှ ရိုက်လိုက်သော ကြေးနန်း ဖြစ်ပြီး အောက်ပါ အတိုင်း ပါရှိလေ၏။

နောက်ထပ် အထောက်အထားများ တွေ့ထားသည်။ မက်ဖာလိန်း ဖြစ်ကြောင်း သေချာပြီ။ လက်လျှော့လိုက်ပါ။ လက်စထရိတ်။



'တော်တော် ခိုင်လုံသွားပြီ ထင်တယ်ဗျ' ဟု ကျွန်ုပ်က ပြောလိုက်၏။

'လက်စထရိတ်ကတော့ နိုင်ကြက်ကြီး တွန်သလို တွန်ပြလိုက်တာပဗျာ၊ သို့သော်လည်း လက်လျှော့ဖို့ကတော့ နည်းနည်း စောသေးတယ်လို့ ထင်တာပဲ၊ ပြီးတော့ နောက်ထပ် တွေ့တဲ့ သက်သေခံ အထောက်အထား ဆိုတာလည်း နှစ်နက်သွား ပစ္စည်းမျိုးပဲဗျ။ လက်စထရိတ်က သူ့ ရှုထောင့်ကနေပြီး သူ ကြည့်မှာပေါ့၊ ကဲ အိုင်ဆေး၊ မနက်စာ ခပ်သုတ်သုတ်ကလေး စားဗျာ၊ နောက်ထပ် ကျုပ်တို့ ဘာများ လုပ်ပေးနိုင်သလဲ ဆိုတာ ကြည့်ကြဦးစို့၊ ဒီနေ့ အဖို့ ခင်ဗျား ကိုယ်တိုင် လိုက်လာဖို့ရော စိတ်ဓာတ် အရ ထောက်ခံ အားပေးဖို့ရော လိုနေတယ်ဗျ'

အကြိတ် အနယ် လုပ်ပြီ ဆိုလျှင် အစာ စားသောက်လေ့ မရှိခြင်းမှာ ရှားလော့ဟုမ်း၏ ထူးခြားသော စရိုက် တစ်ခု ဖြစ်လေရာ တစ်ခါတစ်ရံတွင် အစာ ငတ်၍ မူးမေ့ လဲကျသွားသည် အထိ သံမဏိကဲ့သို့ ခိုင်မာ တောင့်တင်းသော သူ့ ခွန်အားကို ဒဏ်ပေးလေ့ ရှိခြင်းကို ကျွန်ုပ် သိပြီး ဖြစ်လေရာ ယခု တစ်ကြိမ်တွင်လည်း ရှားလော့ဟုမ်းသည် နံနက်စာကို စားသောက်ခြင်း မပြုချေ။

ကျွန်ုပ်က ဆေးပညာ ရှုထောင့်မှ ကြည့်ကာ အစာ အာဟာရ စားသောက်ခြင်း ပြုရန် မြည်တွန် တောက်တီးလေ့ ရှိသည့် အခါတွင် ရှားလော့ဟုမ်းက 'ခု လောလောဆယ်မှာတော့ ကျုပ် ခွန်အားတွေနှင့် အာရုံကြောတွေကို အစာ ခြေတဲ့ နေရာမှာ သွားပြီး အသုံး မချနိုင်သေးဘူးဗျ၊ ချေတာရဦးမယ်' ဟု ပြောတတ်လေ၏။

သို့ဖြစ်ရကား ယနေ့ မနက် ကျွန်ုပ်တို့ ထွက်လာသည့် အခါ၌ သူ့ ထမင်း ပန်းကန်တွင် အရာမယွင်းဘဲ ကျန်ရစ်ခဲ့ခြင်းကိုလည်း ကျွန်ုပ် ဘာမျှ မအံ့ဩတော့ချေ။ ကျွန်ုပ် ထင်ခဲ့သကဲ့သို့ ဆင်ခြေဖုံး တိုက်အိမ် တစ်လုံး ဖြစ်သည့် သေသူ၏ ဒီဒင်း အိမ်သို့ ရောက်သည့် အခါတွင် အကြောက်ကြောက် အလန့်လန့်ဖြင့် ကြည့်နေသည့် လူအုပ်များကို တွေ့ရသေး၏။

အိမ်ဝင်းထဲမှ ကျွန်ုပ်တို့ကို ဆီးကြိုလျက် ရှိသော လက်စထရိတ်၏ မျက်နှာကား 'ငါ ပစ်တာ၊ ငါ ပစ်တာ' ဟု ပြောနေသကဲ့သို့ ခပ်ကြွားကြွား ဖြစ်လျက် ရှိကာ သူ့ အမူအရာမှာလည်း ခံပြင်းစရာ ကောင်းလောက်အောင် မြောက်ကြွကြွ ဖြစ်လျက် ရှိလေ၏။

'ဘယ်လိုလဲဗျ စုံထောက်ကြီးရ၊ ကျွန်တော်တို့ မှားတယ်လို့ ပြောသေးရဲ့လား၊ ခင်ဗျား လိုက်ရှာနေတဲ့ လူဆိုးကိုကော တွေ့ပြီလား'

'ခုထက်ထိတော့ ကျုပ် နိဂုံးချုပ် ထင်မြင်ချက် မပေးရသေးဘူးဗျ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမဲ့ ကျွန်တော်တို့ ထင်မြင်ချက်ကိုတော့ မနေ့က နိဂုံး ချုပ်လိုက်ပြီဗျ၊ ခုတော့ ကျွန်တော်တို့ ထင်တဲ့ အတိုင်း မှန်နေပြီ မဟုတ်လား၊ ဒီတစ်ချီတော့ ကျွန်တော်တို့က ရှေ့ ရောက်နေပြီး မိတ်ဆွေကြီးက နောက်မှာ ဖုန် တထောင်းထောင်းနှင့် ကျန်ရစ်ခဲ့ပြီ ဆိုတာ ရိုးရိုးသားသား ဝန်ခံပါဗျာ'

'ခင်ဗျား ကြည့်ရတာ တစ်ခုခု ဖြစ်လာသလို ကြွစောင်းစောင်း ဖြစ်နေပါကလား'

လက်စထရိတ်က ခပ်ကျယ်ကျယ် ရယ်လိုက်လေ၏။



မှန်ပြောင်းလေး ဘာလေး ထုတ်ကြည့်ဦးလေ မစ္စတာ ဟုမ်း'

'ကိုယ်ချင်းစာကြည့်ပေါ့ဗျာ၊ ခင်ဗျား မရှုံးချင်သလို ကျွန်တော်တို့လည်း ဘယ်ရှုံးချင်ပါ့မလဲ၊ အမြဲတမ်း ကိုယ်ကချည်းပဲ မနိုင်နိုင်ဘူးလေဗျာ၊ မဟုတ်ဘူးလား ဒေါက်တာ ဝပ်ဆင်၊ ကဲ ဟောဒီဘက်ကို ကြွပါ ခင်ဗျား၊ ဟောဒီ အမှုကို ကျူးလွန်တဲ့ လူဟာ ဂျွန် မက်ဖာလိန်း ဖြစ်တယ် ဆိုတာ ခင်ဗျားတို့ တစ်ခါတည်း လက်ခံလာအောင် ပြနိုင်လိမ့်မယ် ထင်ပါရဲ့'

လက်စထရိတ်သည် ကျွန်ုပ်တို့ကို စင်္ကြံ တစ်လျှောက် ခေါ်သွားလေရာ မည်း မှောင် လျက် ရှိသည့် အခန်း တစ်ခုထဲသို့ ရောက်သွားလေ၏။

'ဟောဒါက ရာဇဝတ်မှု ကျူးလွန်ပြီးတဲ့နောက် မက်ဖာလိန်း သူ့ဦးထုပ်ကို ပြန်လာယူတဲ့ နေရာ ခင်ဗျ၊ ပြီးတော့ ဟောဒီမှာ ကြည့်'

လက်စထရိတ်သည် ဟန်ပါပါဖြင့် မီးခြစ်ကို ခြစ်လိုက်ပြီးလျှင် ဆေးဖြူ သုတ်ထားသည့် နံရံပေါ်တွင် စွန်းထင်နေသော သွေးကွက် တစ်ကွက်ကို မီးရောင်ဖြင့် ပြလေ၏။ မီးခြစ်ဆံကို အနားသို့ ရောက်အောင် ကပ်ပြသည့် အခါတွင်မူ ထိုအရာမှာ သွေးကွက် တစ်ကွက်မျှသာ မကတော့ဘဲ ထင်းထင်းကြီး မြင်နေရသည့် လက်မ တစ်ချောင်း၏ အရာ ဖြစ်နေသည်ကို တွေ့ရလေ၏။

'ခင်ဗျား မှန်ပြောင်းလေး ဘာလေး ထုတ်ကြည့်ဦးလေ မစ္စတာ ဟုမ်း'

'ဟုတ်ပါသဗျာ ကြည့်နေပါတယ်'

'လက်ဗွေ ဆိုတာ တစ်ယောက်နှင့် တစ်ယောက် ဘယ်တော့မှ မတူဘူး ဆိုတာ ခင်ဗျားလည်း သိမှာပေါ့'

'အဲသလိုပဲ ကြားဖူးတာပဲဗျ'

'ကဲ ဒီလိုဆိုရင် မက်ဖာလိန်းရဲ့ လက်မရာကို နှိပ်ထားတဲ့ ဟောဒီ ဖယောင်းပေါ်က ပုံစံနှင့် နံရံက လက်မရာကို ယှဉ်ကြည့်စမ်းပါဦး၊ မက်ဖာလိန်းရဲ့ လက်ဗွေ ပုံစံကို မနက်ကမှ ကျွန်တော် အယူခိုင်းလိုက်တာ'

လက်စထရိတ်က ဖယောင်း လက်ဗွေ ပုံစံကို နံရံပေါ်တွင် စွန်းနေသည့် သွေးကွက်နားသို့ ကပ်ပြလိုက်သည့် အခါတွင် ထိုနှစ်ခုမှာ တစ်ခုတည်းသော လက်မမှ လက်ဗွေ ပုံစံများ ဖြစ်သည်ကို မှန်ပြောင်း မပါဘဲနှင့်ပင် ကောင်းစွာ သိနိုင်ပေ၏။ ထိုအချက်ကို မြင်လိုက်သည်နှင့်ပင် ကျွန်ုပ်တို့ အမှုသည်မှာ ရှုံးလေပြီဟု ကျွန်ုပ် စိတ်တွင် အောက်မေ့လိုက်မိပေ၏။

'ဒါ နောက်ဆုံးပဲဗျ' ဟု လက်စထရိတ်က ပြော၏။

'ဟုတ်တယ်၊ ဒါ နောက်ဆုံးပဲ' ဟု ကျွန်ုပ်ကလည်း သံယောင်လိုက်ပြောလိုက်၏။

'ဒါ နောက်ဆုံးပဲ' ဟု ရှားလော့ဟုမ်းကလည်း ပြောလိုက်ပြန်သည်။

သူ့ အသံ ခပ်ဆန်းဆန်း ရှိသည်နှင့် ကျွန်ုပ်သည် ရှားလော့ဟုမ်းကို ဆတ်ခနဲ လှည့်ကြည့်လိုက်မိလေ၏။ ထိုခဏ္ဍကား ရှားလော့ဟုမ်း၏ မျက်နှာမှာ တစ်မုဟုတ်ချင်း ပြောင်းလဲသွားခဲ့လေပြီ။ သူ့ မျက်နှာသည် ကျိတ်၍ ဝမ်းသာနေခြင်းကို မပေါ်အောင် မနည်း ချုပ်တည်းထားရဟန် ရှိလျက် မျက်လုံး နှစ်လုံးသည် ကြယ်များကဲ့သို့ ဖျိုးဖျိုးဖျပ်ဖျပ် တောက်ပလျက် ရှိလေ၏။ ရှားလော့ဟုမ်းကို ကြည့်ရသည်မှာ ဟက်ဟက်ပက်ပက် ရယ်ချလိုက်ချင်သည့် စိတ်ကို မနည်းကြီး ချုပ်တည်းထားရသည့်နှယ် ရှိပေ၏။ နောက်ဆုံးတွင် ရှားလော့ဟုမ်း[illegible]

'ဖြစ်မှ ဖြစ်ရပလေဗျာ၊ ကြည့်ကြစမ်းပါဦး၊ ဒီလို ဖြစ် လိမ့်[illegible] လို့ ဘယ်သူ ထင်မလဲ၊ အပေါ်ယံ သဏ္ဌာန် ဆိုတာ တယ်ပြီး လှည့်ဖြား[illegible]ပေတာပဲ၊





www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း၊ ကြည့်တော့ လူပုံကလေးက ရိုးပုံ ရိုးလက်နှင့်၊ အေးလေ နောင်ကျရင် ကိုယ့် ထင်မြင်ချက်ကို ကိုယ် အဟုတ်ကြီး မထင်မိအောင် သင်ခန်းစာ ရပေတာပေါ့၊ ဗျို့ လက်စထရိတ် မဟုတ်လားဗျာ'

'ဟုတ်တာပေါ့၊ ကျွန်တော်တို့တစ်တွေဟာ ကိုယ့်ကိုယ်ကိုယ် တယ်ပြီး အထင် ကြီးတတ်ကြတာကိုး' ဟု လက်စထရိတ်က ပြောလေ၏။ လက်စထရိတ် ဘဝင် မြင့်နေလိုက်ပုံမှာကား ဆိုဖွယ် မရှိတော့ချေ။ သို့ရာတွင် ကျွန်ုပ်တို့မှာ သူ ဘဝင် မြင့်နေပုံ ကြည့်၍ စိတ်မဆိုးနိုင်တော့ချေ။

'ကြည့်စမ်း၊ ဦးထုပ်ကို ချိတ်ကနေ ဖြုတ်ယူလိုက်တုန်းမှာ ဒီသူငယ်ရဲ့ ညာဘက် လက်မရာ နံရံကို သွားထင်လိုက်တာဟာ ဘုရားမတာပဲဗျ၊ အေးလေ သေသေချာချာ စဉ်းစားကြည့်လိုက်ရင် ဒီလိုပဲ ဖြစ်ရမှာပေါ့၊ သဘာဝ ကျပါတယ်'

ရှားလော့ဟုမ်းမှာ အပြင်ပန်းအားဖြင့် တည်ငြိမ်လျက် ရှိသော်လည်း သူ့ တစ်ကိုယ်လုံးမှာ ရယ်ချင် ပက်ကျိ ဖြစ်လျက် ရှိခြင်းကြောင့် လှုပ်ယမ်းလျက် ရှိလေပြီ။

'နို့ နေစမ်းပါဦးဗျ၊ ဒီလက်ရာကို ဘယ်သူ တွေ့တာလဲ'

'အိမ်စေ မိန်းမကြီး မစ္စက် လက်ဇင်တန် ပထမဆုံး ခေါ်ပြလို့ ကျွန်တော်တို့ ညတာဝန်ကျ ပုလိပ် တစ်ယောက်က သွားကြည့်တာ ခင်ဗျ'

'အဲဒီ ညတာဝန်ကျ ပုလိပ်ရော အဲဒီတုန်းက ဘယ်နေရာမှာလဲ'

'လူသတ်မှု ဖြစ်တဲ့ အခန်းထဲမှာ စောင့်နေတယ် ခင်ဗျ၊ အခန်းထဲက ပစ္စည်းတွေကို ကိုင်မိ ထိမိမှာ စိုးလို့ အစောင့် ချထားတာ'

'နေစမ်းပါဦး၊ ဒီသွေးကွက်ကို ပုလိပ်က ဘာဖြစ်လို့ မနေ့တုန်းက မတွေ့ခဲ့တာလဲ'

'ဒါတော့ ကျွန်တော်တို့ကလည်း အိပ်ခန်းကိုပဲ သတိ ထားနေတော့ ဧည့်ခန်းထဲကို သေသေချာချာ မကြည့်မိဘူးပေါ့၊ ပြီးတော့ နေရာကလည်း ခင်ဗျား မြင်တဲ့ အတိုင်း ချောင်ကြို ချောင်ကြား မဟုတ်လား'

'မဟုတ်ဘူးဗျ၊ လုံးဝ မဟုတ်ဘူး၊ ဒီလက်ဗွေ ပုံစံဟာ မနေ့ကတည်းက ရှိခဲ့တယ် ဆိုတာကို ကျုပ်က လက်ခံမယ်လို့ ထင်သလား'

ရှားလော့ဟုမ်းသည် ဦးနှောက် ပျက်သွားသည်ဟု ထင်သည့်နှယ် လက်စထရိတ်သည် ရှားလော့ဟုမ်းကို ကြောင်၍ ကြည့်နေလေ၏။ ကျွန်ုပ် ကိုယ်တိုင်မှာလည်း ရှားလော့ဟုမ်း၏ ခပ်ရွှင်ရွှင် ဖြစ်နေသော အမူအရာနှင့် ထူးဆန်းသည့် စကားကြောင့် အံ့အားသင့်လျက် ရှိကြောင်းကို ဝန်ခံလိုပါသည်။





'ဘာလဲ၊ မစ္စတာ မက်ဖာလိန်းဟာ မနေ့ညတုန်းက အချုပ်ထဲက အသာ ထွက်လာပြီး သူ့ကို ကြိုးကွင်း စွပ်မယ့် သက်သေခံ အထောက်အထားကို ပိုင်အောင် လာလုပ်ပေးသွားတယ်လို့ ခင်ဗျား ထင်လို့လား၊ ဒီလက်ဗွေ ပုံစံဟာ ဂက်ဖာလိန်းရဲ့ လက်ဗွေ ပုံစံ ဟုတ် မဟုတ် ကမ္ဘာပေါ်မှာ ရှိတဲ့ လက်ဗွေ ပုံစံ ပါရဂူတွေကို ခေါ်မေးကြည့်ချင်သေးသလား'

'ဟုတ်ပါတယ်လေ၊ ဒီလက်ဗွေ ပုံစံဟာ သူ့ လက်ဗွေ ပုံစံ အစစ်ပါ၊ ကျုပ် မငြင်းပါဘူး'

'ဒီလိုဆိုလည်း ပြီးတာပဲဗျ၊ ဒီမှာ မစ္စတာ ဟုမ်း၊ ကျွန်တော်က လက် တွေ့သမားနော်၊ ကျွန်တော့်မှာ သက်သေခံ အထောက်အထား ခိုင်ခိုင်လုံလုံ ရှိရင် ဒီ သက်သေခံ အထောက်အထားပေါ်မှာ တည်ပြီး ကောက်ချက် ဆွဲရမှာပဲ၊ ကဲ ကျွန်တော့်မှာ အမှုနှင့် ပတ်သက်လို့ အစီရင်ခံစာ ရေးစရာ ရှိသေးတယ်၊ ပြောစရာ ရှိရင် ဟောဟို ဧည့်ခန်းထဲ လာပြောလှည့်'

ရှားလော့ဟုမ်း၏ မျက်လုံးထဲတွင် ရွှင်မြူးလျက် ရှိသည့် အရိပ်အယောင် ကို မြင်ရသည့်တိုင် ရှားလော့ဟုမ်းမှာ အတန်ငယ် တည်ငြိမ်သွားဟန် ရှိလေ၏။

'ဖြစ်မှ ဖြစ်ရလေဗျာ၊ ဝပ်ဆင်ရေ တော်တော်တော့ ဝမ်းနည်းဖို့ ကောင်းတဲ့ အဖြစ်အပျက်ပဲဗျ၊ သို့သော်လည်း ကျုပ်တို့ အမှုသည် အဖို့ မျှော်လင့်ချက် ရှိလာတဲ့ အချက်ကလေးတွေ တွေ့နေရပြီဗျ'

'ကြားရတာ ဝမ်းသာစရာပေါ့ဗျာ၊ ကျွန်တော်ကတော့ ကျွန်တော်တို့ အမှုသည်လေး ကိစ္စ ချောပြီလို့ အောက်မေ့တာ' ဟု ကျွန်ုပ်က လိုက်လှဲစွာ ပြောလေ၏။

'ဒီလောက်ထိအောင်တော့ ကံသေ ကံမ မပြောချင်သေးဘူးပေါ့ဗျာ၊ သို့သော်လည်း လက်စထရိတ် အရေးတကြီး ထားနေတဲ့ သက်သေခံ အထောက်အထားတွေထဲမှာ တော်တော် အရေးကြီးတဲ့ ဟာကွက်ကြီး တစ်ကွက် ရှိနေတယ်ဗျ'

'ဟုတ်လား၊ ဘယ်ဟာလဲဗျ'

'တခြားတော့ မဟုတ်ပါဘူး၊ ဒီလက်ဗွေဟာ မနေ့က ကျုပ် ဒီအခန်းကို လျှောက်ကြည့်ခဲ့တုန်းက မရှိသေးဘူး ဆိုတာ ကျုပ် သိတယ် ဆိုတဲ့ အချက်ပဲဗျ၊ ကဲ လာဗျာ၊ နေရောင်ထဲ ထွက်ပြီး လမ်းလေး ဘာလေး တစ်ပတ်လောက် လျှော လိုက်ကြရအောင်'

ကျွန်ုပ်သည် ဦးနှောက်တွင် ဝေခွဲမရ ဖြစ်လျက် ရှိသော်လည်း ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com

တွင် မျှော်လင့်ချက် ရောင်ခြည် သန်းလျက် ရှိရာမှ ရှားလော့ဟုမ်းနှင့် အတူ ခြံထဲသို့ လမ်းလျှောက် လိုက်လာခဲ့လေ၏။

ရှားလော့ဟုမ်းသည် အိမ်ကြီးကို ပတ်ပတ်လည်မှ သေချာစွာ ကြည့်ရှုပြီးနောက် အိမ်ထဲသို့ ပြန်ခေါ်လာခဲ့လေ၏။ ထို့နောက် ထပ်ခိုးမှ မြေတိုက်ခန်းအထိ ကျွန်ုပ်တို့ လျှောက်သွားလေ၏။ အခန်း တော်တော်များများမှာ ပရိဘောဂ ပစ္စည်း ဟူ၍ သိပ်မရှိလှဘဲ ဟာလာဟင်းလင်း ဖြစ်လျက် ရှိသည့်တိုင် ရှားလော့ဟုမ်းသည် ထိုအခန်းများကို အသေးစိတ် ကြည့်ရှုလျက် ရှိလေ၏။ နောက်ဆုံး၌ အသုံးမပြုသော အိပ်ခန်း သုံးခန်း ရှေ့တွင် ရှိသည့် စင်္ကြံသို့ ရောက်သည့် အခါတွင် ရှားလော့ဟုမ်းမှာ စိတ်ကို မချုပ်တည်းနိုင်လောက်အောင် ပျော်ရွှင် မြူးထူးလျက် ရှိလေ၏။

‘အမှုမှာ တော်တော်ကြီးကို ထူးခြားတဲ့ အချက်တွေ ရှိတယ်ဗျို့၊ အင်းလက်စထရိတ်ကိုတော့ ဖွင့်ပြောဖို့ အချိန်တန်ပြီ ထင်တယ်၊ သူက ကျုပ်တို့ကို လှောင်လို့ အားရလောက်ပြီ ဆိုတော့ ကျုပ် တွေးလုံးကလေး မှန်ရင် ကျုပ်တို့က လည်း သူ့ကို တစ်လှည့် ပြန်လှောင်ကြသေးတာပေါ့’

ကျွန်ုပ်တို့ ရောက်သွားသည့် အခါ၌ အင်စပိတ်တော် လက်စထရိတ်သည် ဧည့်ခန်းထဲတွင် အစီရင်ခံစာကို ရေးလျက်ပင် ရှိသေး၏။

‘ဗျို့ လက်စထရိတ်၊ ခု ခင်ဗျား ရေးနေတာ ဒီအမှုနှင့် ပတ်သက်တဲ့ အစီရင်ခံစာနော် ဟုတ်စ’

‘ဟုတ်တယ်’

‘နည်းနည်း စောတယ်လို့များ မထင်မိဘူးလား၊ ခင်ဗျား တွေ့တဲ့ သက်သေခံ အထောက်အထားက မပြည့်စုံသေးဘူး ထင်တယ်ဗျ’

ရှားလော့ဟုမ်းသည် စကားကို အဓိပ္ပာယ် မရှိ ပြောလေ့ ရှိသူ တစ်ယောက် မဟုတ်ကြောင်းကို လက်စထရိတ် သိသည့် အလျောက် ကလောင်တံကို ချလိုက်ပြီးလျှင် ရှားလော့ဟုမ်းကို စိုက်ကြည့်လျက် ရှိလေ၏။

‘မစ္စတာ ဟုမ်း ဘာကို ဆိုလိုတာလဲ’

‘ခင်ဗျား မတွေ့ရသေးတဲ့ အရေးကြီးတဲ့ သက်သေ တစ်ယောက် ကျန်နေသေးတယ်’

‘အဲဒီ သက်သေကို ခင်ဗျား ထုတ်ပြနိုင်မလား’

‘ပြနိုင်လိမ့်မယ် ထင်တာပဲ’

‘ဒီလိုဆို ပြလေဗျာ’



‘ကျုပ် အတတ်နိုင်ဆုံး ကြိုးစားမယ်လေ၊ ခင်ဗျားမှာ ပုလိပ် ဘယ်နှယောက် ပါသလဲ’

‘လက်လှမ်း မီသလောက်မှာ သုံးယောက် ရှိတယ်ဗျ’

‘ဟုန်ကျပြီဗျ၊ ခင်ဗျား ပုလိပ်တွေက အရပ် ထောင်ထောင်မောင်းမောင်းသားကောင်းမောင်းသန်တွေနော်၊ အသံ ဩဇာ ကောင်းတယ်နော်’

‘အားကောင်းမောင်းသန်တွေချည်းပါပဲ၊ ဒါပေမဲ့ အသံ ဩဇာ ကောင်းတာနှင့် ဒါနှင့် ဘာဆိုင်လို့လဲဗျ’

‘အေးလေ၊ ဆိုင်တယ် ဆိုတာ ခင်ဗျားကို ပြနိုင်တော့မှာပါ၊ တခြားအချက်ကလေးတွေလည်း မြင်ရမှာပေါ့ဗျ၊ ကဲ ခင်ဗျား လူတွေ ခေါ်လိုက်တော့၊ ကျုပ် စမ်းကြည့်စမ်းမယ်’

ငါးမိနစ် အကြာတွင်မူ ဧည့်ခန်းထဲသို့ ပုလိပ် သုံးယောက် ရောက်လာကြလေ၏။ ရှားလော့ဟုမ်းက

‘ဟောဟို အပြင်ဘက် တဲထဲမှာ ကောက်ရိုး တော်တော်များများ ရှိတယ်ဗျ၊ အဲဒီ ကောက်ရိုးကို နှစ်ထုံးလောက် ဆွဲခဲ့၊ ကျုပ် ထုတ်ပြချင်တဲ့ သက်သေကို ထုတ်ပြနိုင်ဖို့ အတွက် ဒီအချက်က တော်တော် အရေးကြီးတယ်၊ ဟုတ်ပြီ၊ ကျေးဇူးတင်တယ်၊ ဗျို့ ဝပ်ဆင်၊ ခင်ဗျား အိတ်ထဲမှာ မီးခြစ် ပါတယ်နော်၊ ကဲ မစ္စတာ လက်စထရိတ်ရေ၊ အပေါ်ဆုံး အထပ်ကို ကျုပ်နှင့် လိုက်ခဲ့ပေတော့’

အထက်တွင် ဆိုခဲ့သည့် အတိုင်း အပေါ်ဆုံးထပ်တွင် အသုံး မပြုသော အိပ်ခန်း သုံးခန်း ရှေ့၌ ကျယ်ပြန့်သည့် စင်္ကြံကြီး တစ်ခု ထုတ်ထားလေ၏။ ရှားလော့ဟုမ်းသည် ထိုစင်္ကြံ၏ တစ်ဖက် ထိပ်တွင် ကျွန်ုပ်တို့ကို စုရုံး ခေါ်သွားလေ၏။

ပုလိပ်များကား ရယ်ချင်ပက်ကျိ ဖြစ်နေကြလေပြီ။ လက်စထရိတ်မှာမူ အံ့ဩခြင်း၊ မျှော်လင့်ခြင်းနှင့် လှောင်ပြောင် သရော်ခြင်းတို့ မျက်နှာပေါ်တွင် တစ်လှည့်စီ ပေါ်နေရာမှ ရှားလော့ဟုမ်းကို စူးစိုက် ကြည့်လျက် ရှိလေ၏။ ရှားလော့ဟုမ်းမှာမူ အထူးအဆန်း တစ်ခုကို ပြတော့မည့် မျက်လှည့် ဆရာ တစ်ယောက် သဖွယ် ကျွန်ုပ်တို့ ရှေ့တွင် ရပ်လျက် ရှိလေ၏။

‘ကဲ လက်စထရိတ်ရေ၊ ခင်ဗျားလူ နှစ်ယောက်ကို ရေ နှစ်ပုံးလောက် ခွဲ ခိုင်းလိုက်ဗျာ၊ ဟောဒီ ကောက်ရိုးတွေကို နံရံနှင့် ခပ်လှမ်းလှမ်းမှာ ... ပြီး နှစ်ပုံ ပုံထား၊ ကဲ ရယ်ဒီနော်’

လက်စထရိတ်မှာ မျက်နှာ နီရဲလာကာ ဒေါသ ထွက်လျက် ရှိလေပြီ။



www.burmeseclassic.com

www.burmeseclassic.com





ကြုံလှီနေသည့် ခပ်ညှက်ညှက် လူတစ်ယောက်သည်
ဒရောသောပါး ပြေးထွက်လာလေ၏။





"ဗျို့ မစ္စတာ ဟုမ်း၊ ခင်ဗျား ကျွန်တော်တို့ကို နောက်နေတာလား၊ ခင်ဗျား သိရင်လည်း ရှင်းရှင်း ပြောလိုက်ပေါ့ဗျ၊ ခုလို ပြက်တီး ပြက်ချော် မလုပ်ပါနှင့်"

"ဒီမှာ လက်စထရိတ်၊ ကျုပ် လုပ်တာတွေဟာ အကြောင်းမဲ့ လုပ်တာတွေ မဟုတ်ဘူး ဆိုတာ ခင်ဗျား ယုံပါ၊ စောစောပိုင်းတုန်းက ခင်ဗျား ကျုပ်ကို လှောင်ခဲ့တာ မှတ်မိသေးတယ် မဟုတ်လား၊ လှောင်နိုင်မှာပေါ့၊ ခင်ဗျားရဲ့ ခြံ ညီးရိုးဘက်မှာ နေခြည် သာနေပေသကိုး၊ ဒီတော့ ကျုပ်လည်း နည်းနည်း ကြီး ကျယ်သွားအောင် ဟိတ်ကလေး ဟန်ကလေးနှင့် လုပ်ပြရတာပေါ့၊ စိတ်တော့ မရှိပါနှင့်၊ ကဲ အိုင်ဆေး ဝပ်ဆင်၊ ပြတင်းပေါက်ကို ဖွင့်ပြီး ဟောဟို ကောက်ရိုး တွေကို မီး စရှို့ ဗျာ"

ကျွန်ုပ်က ကောက်ရိုး နှစ်ပုံကို မီးရှို့လိုက်သည့် အခါတွင် လေ အသင့် တိုက်နေသဖြင့် စင်္ကြံ တစ်လျှောက် မီးခိုးတွေ အူထွက်လာပြီး မှိုင်းတိုက်သကဲ့သို့ ဖြစ်နေလေ၏။ ကောက်ရိုးစည်းများမှာ ကျိုးကျိုးကျွတ်ကျွတ် မြည်ကာ မီးစွဲလျက် ရှိလေပြီ။

"ကဲ ခင်ဗျား ကြည့်ချင်တဲ့ သက်သေ တကယ် ရှိရင် မြင်ရတော့မှာပေါ့ ဗျာ၊ ပြီးတော့ ကျွန်တော် ပြောသလို မီး မီး လို့ အသံကုန် ဟစ်ကြပါ၊ ကဲ တစ်၊ နှစ်၊ သုံး"

"မီးဗျို့၊ မီး မီး" ဟု ကျွန်ုပ်တို့ အားလုံးက သံကုန် အော်ကြလေ၏။

"ကဲ ကျေးဇူးပဲဗျာ၊ နောက်တစ်ခေါက်လောက်"

"မီးဗျို့၊ မီး မီး"

"နောက်တစ်ခါလောက်ဗျာ၊ အားလုံး"

"မီး မီး၊ မီးဗျို့"

ကျွန်ုပ်တို့၏ အော်သံ မဆုံးမီမှာပင် အံ့ဩဖွယ် ကောင်းသည့် အဖြစ် အပျက် တစ်ခု ပေါ်ပေါက်လာ၏။ စင်္ကြံ တစ်ဖက်ထိပ်ရှိ အခိုင်အမာ နံရံကြီး ဟု ယူဆရသည့် နေရာမှ တံခါး တစ်ချပ်သည် ဖြန်းခနဲ ပွင့်လာကာ တွင်းထဲမှ ယုန် တစ်ကောင် ပြေးထွက်လာသကဲ့သို့ ကြုံလှီနေသည့် ခပ်ညှက်ညှက် လူ တစ် ယောက်သည် ဒရောသောပါး ပြေးထွက်လာလေ၏။

"ဟန့်လိုက်လေ၊ ကဲ အိုင်ဆေး ဝပ်ဆင်ရေ၊ ကောက်ရိုးတွေကို ရေနှင့် ဖျန်းပြီး ငြိမ်းလိုက်တော့ဗျ၊ တော်လောက်ပြီ၊ မစ္စတာ လက်စထရိတ် ခင်ဗျား ခင်ဗျား လိုက်နေတဲ့ အမှုမှာ ပျောက်ဆုံးနေတဲ့ အဓိက သက်သေ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



လက်ဝယ် အရောက် အပ်ပါပြီ၊ အဲဒီ သက်သေကတော့ တခြားလူ မဟုတ်ပါဘူး၊ မစ္စတာ ဂျိုနာ အိုးအေကပါ’

လက်စထရိတ်သည် နောက် ရောက်လာသည့် လူကို မျက်လုံး အပြူးသားဖြင့် ကြည့်နေလေ၏။ ထိုလူသည် အပြင်ဘက်မှ အလင်းရောင် ထိုးသဖြင့် မျက်တောင်ကို ပုတ်ခတ် ပုတ်ခတ် လုပ်ရင်း ကျွန်ုပ်တို့နှင့် တကွ မီးခိုး တလူလူ ထွက်နေသော ကောက်ရိုးပုံများကို ကြည့်လျက် ရှိလေ၏။ ထိုလူ၏ မျက်နှာမှာ အရုပ် ဆိုးသလောက် ပြာလဲ့သော မျက်လုံးများမှာ ကောက်ကျစ် စဉ်းလဲရှုမှုမက ဆိုးသွမ်း ယုတ်မာသည့် အသွင်ကို ဆောင်လျက် ရှိပြီး မျက်တောင်မွေးများမှာလည်း ဖြူဖွေးလျက် ရှိလေ၏။ နောက်ဆုံးတွင် လက်စထရိတ်က

‘ဒါက ဘာလဲဗျ၊ ခင်ဗျားကကော အဲဒီမှာ တစ်ချိန်လုံး ဘာ လုပ်နေတာလဲ’

အိုးအေကသည် မျက်နှာကြီး နီရဲနေအောင် ဒေါသ ထွက်နေသည့် လက်စထရိတ်ထံမှ နောက်သို့ ဆုတ်လိုက်ပြီး မသက်မသာ ရယ်လိုက်ရင်း

‘ကျွန်တော် ဘယ်သူ့ကိုမှ ဘာမှ မလုပ်ရပါဘူးဗျာ’

‘ဘာ မလုပ်ရမှာလဲ၊ ဘာမှ အပြစ် မရှိတဲ့ လူငယ်ကလေး တစ်ယောက်ကို စက်တိုင် တက်ရအောင် ခင်ဗျား လုပ်တာ မဟုတ်ဘူးလား၊ ဟောဒီက မစ္စတာ ဟုမ်းသာ မရှိရင် ခင်ဗျား ဒီလူငယ်ကလေးကို သေတွင်း ပို့တော့မှာ’

ထိုလူမှာ လေသံ ပျော့သွားလေပြီ။

‘ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော် အပျင်းပြေ ကျီစားတာပါ’

‘ဘာကျီစားတာလဲ၊ ဒါ ကျီစားတာလား၊ အေးပါ၊ ကြည့်ပါ၊ ကျီစားတော့ ခင်ဗျား ဘယ်လောက် ရယ်ရသလဲ ဆိုတာ ကြည့်သေးတာပေါ့၊ သွားဟေ့၊ ဒီလူကို ခေါ်ပြီး အထိုင်ခိုင်းထား၊ ငါ မလာမချင်း ဘယ်ကိုမှ မထပေစေနှင့်’

သူတို့ ထွက်သွားသည့် အခါတွင် ရှားလော့ဟုမ်းဘက်သို့ လှည့်၍

‘ကဲ မစ္စတာ ဟုမ်း၊ ကျွန်တော့် ပုလိပ်တွေ ရှေ့မှာတော့ ကျွန်တော် မမေးချင်ဘူးဗျာ၊ ဟောဒီက ဒေါက်တာ ဝပ်ဆင် ရှေ့မှာတော့ ကိစ္စ မရှိပါဘူး၊ ခင်ဗျား လုပ်ခဲ့သမျှတွေထဲမှာ ဒီတစ်ချီတော့ တော်တော်လေးကို ချီးကျူးလောက်တဲ့ အကွက်ပါ၊ ကျွန်တော် ခုထက်ထိကို နားမလည်သေးဘူး၊ ခုဆိုရင် ခင်ဗျား လုပ်လိုက်လို့ အပြစ် မရှိတဲ့ လူငယ်ကလေး တစ်ယောက်လည်း အသက် ချမ်းသာရာ ရသွားပြီ၊ ကျွန်တော်လည်း ပုလိပ် အဖွဲ့မှာ အရှက်တကွဲ ကိုယ်ကျိုးနည်း ရတဲ့ အဖြစ်ကို မရောက်တော့ဘူး’







ရှားလော့ဟုမ်းက ပြုံးလျက်
လက်စထရိတ် ပခုံးကို
ပုတ်လိုက်ရင်း …

ရှား လော့ ဟုမ်း က ပြုံး လျက် လက်စထရိတ် ပခုံးကို ပုတ်လိုက်ရင်း

‘အရှက်တကွဲ မဖြစ်ပါဘူးဗျာ၊ မဖြစ်တဲ့ အပြင် ဂုဆိုရင် ခင်ဗျားလည်း တော်တော့်ကို နာမည် ကြီးသွားဦးမှာပါ၊ အဲ တစ်ခုပဲ ရှိရဲ၊ ခင်ဗျား ရေးနေတဲ့ အစီရင်ခံစာထဲက အချက်ကလေးတွေကို နည်း နည်း တော့ ပြင်လိုက်ဖို့ လိုတယ်ဗျ၊ ဒီလို ပြင်လိုက်ရင် အင်စပက်တော် လက်စထရိတ်ရဲ့ မျက်စိထဲကို တော်တော့်လူ သဲ နှင့် ပက်လို့ မရဘူး ဆိုတာ သူတို့ သဘော ပေါက်သွားပါလိမ့်မယ်’

‘ကျွန်တော့် အစီရင်ခံစာထဲမှာ ခင်ဗျား နာမည်ကို ဘာလို့ မထည့် စေ ချင်တာလဲ’

‘မဖြစ်ဘူး၊ လုံးလုံး မထည့်ပါနှင့်၊ ကျုပ် အဖို့ကတော့ အလုပ်ဟာ ဆုလာဘ်ပဲ၊ ကျုပ်ရဲ့ မှုခင်း ရာဇဝင် ဆရာကြီးကို မှတ်တမ်းတင်ခွင့်ပြုတဲ့ နောင်တစ်နေ့မှာတော့ ကျုပ် ဂုဏ်တက်ချင် တက်မှာပေါ့ဗျာ၊ မဟုတ်ဘူးလား ဝပ်ဆင်၊ ကဲ ကြွက် ဘယ်ချောင်မှာ ပုန်းနေသလဲ ဆိုတာ ကျုပ်တို့ ကြည့်လိုက်ကြဦးစို့ရဲ’

စင်္ကြံလမ်း အဆုံးတွင် ပလတ်စတာ ကိုင်ထား၍ အမြင့် ခြောက်ပေခန့် ရှိသည့် နံရံ တစ်ခု ရှိပြီး ထိုနံရံထဲတွင် တံခါးဝှက် တစ်ခုကို ကျွမ်းကျင်စွာ ပြုလုပ်ထားလေ၏။ ထိုအခန်းကလေးထဲတွင် တံစက်မြိတ်နှင့် နံရံ ကြားမှ တစ်



www.burmeseclassic.com

www.burmeseclassic.com



ဆင့် အလင်းရောင် ကျရောက်လျက် ရှိပြီး စားပွဲနှင့် ကုလားထိုင် အချို့၊ စားစရာနှင့် ရေအိုးတို့ကိုလည်း အဆင်သင့် တွေ့ရလေ၏။ ထို့ပြင် စာအုပ် အချို့နှင့် သတင်းစာ အချို့ကိုလည်း တွေ့ရလေ၏။

ပြန်ထွက်လာသည့် အခါတွင် ရှားလော့ဟုမ်းက

'ဗီသုကာ ဆိုတော့ စိတ်တိုင်းကျ လုပ်နိုင်ပေတာပေါ့ဗျာ၊ ကြည့်စမ်း၊ ကိုယ် ပုန်းမယ့် နေရာကလေးကို ဘယ်သူ့ အကူအညီမှ မပါဘဲ တစ်ယောက်တည်း စီမံ ဖန်တီးလို့ ရတယ်၊ အဲ အိမ်စေ အဘွားကြီးက လွဲရင်ပေါ့လေ၊ ဗျို့ လက်စထရိတ်၊ အဘွားကြီးလည်း ပါတယ်နော်၊ ခင်ဗျား ရတဲ့ အမဲထဲမှာ တစ်ယောက် ထပ်တိုးပေးလိုက်ဦးမယ်'

'သဘောပါပဲဗျာ၊ သို့သော်လည်း ဒီနေရာကို ခင်ဗျား ဘယ်လိုလုပ်ပြီး သိသလဲ မစ္စတာ ဟုမ်း'

'ဒီလူဟာ ဒီအိမ်ထဲမှာ ပုန်းနေရမယ်လို့ ကျုပ် တွက်လိုက်တယ်ဗျ၊ စကြံကို လျှောက်ကြည့်လိုက်တော့ တစ်ခုဟာ ကျန်တဲ့ စကြံတွေထက် ခြောက်ပေလောက် နိမ့်နေတာကို တွေ့ရတယ်၊ ဒီတော့ သူ ဘယ်မှာ ပုန်းနေသလဲ ဆိုတာ ခန့်မှန်းလို့ မခက်တော့ပါဘူး၊ ဒီငနဲဟာ မီးလှန့်သံ ကြားရင် ဘယ်နည်းနှင့်မှ မထွက်ဘဲ မနေဘူးလို့ ကျုပ် တွက်လိုက်တယ်၊ အမှန်ကတော့ အသာ ဝင်ဖမ်းလိုက်ရင်လည်း ပြီးတော့ ပြီးပါတယ်လေ၊ သို့သော်လည်း သူ့ဘာသာသူ ကသောကမျော ပြေးထွက်လာတာကို ကျုပ် ကြည့်ချင်နေတယ်၊ ပြီးတော့လည်း မနက်က ကျုပ်ကို လှောင်ခဲ့တဲ့ အတွက် ခင်ဗျားကိုလည်း နည်းနည်းတော့ အကြောင်းပြလိုက်ချင်တာ ပါသပေါ့ဗျာ'

'ဟုတ်ပါပေတယ်ဗျာ၊ ဒီတစ်ချက်မှာတော့ ခင်ဗျားလည်း ကျွန်တော့်လို အရသာ ယူတတ်ပါပေတယ်၊ သို့သော်လည်း ဒီအိမ်ထဲမှာ ရှိရမယ်လို့ ဘယ်လို လုပ် စဉ်းစားသလဲ'

'လက်ဗွေ ပုံစံဗျ၊ လက်ဗွေ ပုံစံ၊ နံရံပေါ်မှာ လက်ဗွေ ပုံစံကို တွေ့တော့ ဒါ နောက်ဆုံးပဲလို့ ခင်ဗျား ပြောတယ် မဟုတ်လား၊ ကျုပ်ကလည်း ကျုပ်နည်းနှင့် ကျုပ် ဒါဟာ နောက်ဆုံးပဲဗျ၊ ဒီလက်ဗွေပုံစံဟာ အရင်က မရှိဘူး ဆိုတာ ကျုပ် သိတယ်၊ ခင်ဗျား သိတဲ့ အတိုင်း ကျုပ်က အသေးစိတ်ကလေးတွေကို ဂရုစိုက်လေတော့ ဟိုတစ်နေ့တုန်းက အဲဒီ အခန်းက နံရံတွေကို ကြည့်ခဲ့ပြီးပြီ၊ အဲဒီတုန်းက ဘာမှ မရှိဘူး၊ ဒါကြောင့် ဒီလက်ဗွေ ပုံစံကို မနေ့ညက ထင်အောင် လုပ်ထားတာလို့ ကျုပ် ပြောတာ'





'ဘယ်လို လုပ်တာလဲဗျ'

'ရှင်းရှင်းကလေးပါ၊ သူ စာချုပ် ထားတဲ့ စာအိတ်တွေကို ချိပ်ပိတ်တဲ့ ...ခါကျတော့ အိုးအေကက မက်ဖာလိန်းကို ဖယောင်းနှင့် အပိတ်ခိုင်းတယ်၊ ဒီ ...လို အပိတ်ခိုင်းရင်း မက်ဖာလိန်းရဲ့ လက်မရာဟာ ဖယောင်းပေါ်မှာ ကျန်ခဲ့တယ်၊ ...လို ကျန်ခဲ့တာဟာ ဘယ်သူလုပ်လုပ် ကျန်တတ်တာမျိုး ဆိုတော့ မက်ဖာလိန်း ...ဟာ ဒီလို ထင်ကျန်ခဲ့တာကို သတိတောင် ရမှာ မဟုတ်ဘူး၊ ဒီလိုပဲ ဖြစ်တတ်တော့ ...ါကို အိုးအေကကလည်း သတိ မထားမိဘူး၊ ကျန်ရစ်ခဲ့တဲ့ လက်ဗွေကို အသုံး ...ဖို့လည်း သတိရမှာ မဟုတ်ဘူး၊ ဒီအမှုကို သူ့ အခန်းကလေးထဲ ရောက်မှ ပြန် ...ဉ်းစားရင်း ဒီအချက်ကို အမှတ် ရလာတယ်ဗျ၊ ဒီဟာကို သက်သေခံ အဖြစ် ထင်ရှားအောင် လုပ်နိုင်ရင် မက်ဖာလိန်း ဆိုတဲ့ သူငယ်ကလေး ပြေးမလွတ်အောင် ...နေပြီ ဆိုတာ စဉ်းစားမိတယ်၊ ဒီတော့ တံဆိပ်ပေါ်မှာ ထင်ကျန်ခဲ့တဲ့ လက်ရာကို ...ဖယောင်းနှင့် နှိပ်၊ အဲဒီ ဖယောင်းကို သူ့ လက်ကို အပ်နှင့် ဖောက်ပြီး ထွက်လာ...တဲ့ သွေးထဲ နှစ်၊ ညကျတော့ အဲဒီ သွေးလူးနေတဲ့ လက်ဗွေ ပုံစံ ဖယောင်းခဲကို ...နံရံမှာ သွားကပ်၊ သူကိုယ်တိုင်သော် လည်းကောင်း အိမ်စေ အဘွားကြီးသော် လည်းကောင်း တစ်ယောက်ယောက်က လုပ်ရင် ဖြစ်တာပေါ့ဗျာ၊ မခက်ပါဘူး၊ ...သူ့ အခန်းကလေးထဲ ယူသွားတဲ့ စာရွက် စာတမ်းတွေကို စစ်ဆေးကြည့်ရင် လက်မရာ ထင်နေတဲ့ တံဆိပ်ကို တွေ့ရမယ်လို့ ကျုပ် ပြောရဲတယ်'

'အင်း အံ့ဩလောက်ပါပေတယ်ဗျာ၊ အံ့ဩလောက်ပါပေတယ်၊ ရှင်းပါ...ပေတယ်၊ နေစမ်းပါဦးဗျ၊ ဒါဖြင့်ရင် ဒီလူက ဘာဖြစ်လို့ ဒီလို လိမ်လိမ်ကောက် ...ကောက် လုပ်ရတာလဲ'

'ဒါကလည်း ရှင်းရတာ သိပ်မခက်လှပါဘူး၊ အောက်ထပ် ညှော်ခန်းက ခင်ဗျား ပုလိပ်တွေ လက်ထဲကို ရောက်နေတဲ့ လူဟာ တော်တော် ကောက်ကျစ် ...ယုတ်မာပြီး လက်စားချေချင်တဲ့ လူစားမျိုးဗျ၊ တစ်ခါတုန်းက သူ့ကို မက်ဖာ...လိန်းရဲ့ အမေက လက်ထပ်ဖို့ ငြင်းခဲ့တယ် ဆိုတာ ခင်ဗျား မသိဘူး ထင်တယ်၊ ...ကိစ္စကို စုံစမ်းကြတော့မယ် လုပ်တော့ ဘာလက်ဟိ ရပ်ကွက်ကို အရင် သွားပြီး ...နောဝုဒ် ရပ်ကွက်ကို နောက်မှ သွားဖို့ ကောင်းတယ်လို့ ပြောခဲ့တာ ခင်ဗျား ...ဟုတ်မိလိမ့်မယ် ထင်တယ်၊ ဒီတော့ သူ့ကို ငြင်းပယ်လိုက်တာကို တစ်သက်မှာ ...ကြီးစွာသော အရှက် ရပြီး သူ့ကို စော်ကားတယ်လို့ ထင်ခဲ့တယ်၊ ဒါဟာ ... ...ရင်ထဲမှာ တနုံ့နုံ့ ဖြစ်နေပြီး တစ်သက်လုံး လက်စားချေဖို့ စိတ်ကူးနေခဲ့တယ်၊ ...ါပေမဲ့ အခွင့် မကြုံခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



'လွန်ခဲ့တဲ့ နှစ်နှစ် သုံးနှစ်လောက်တုန်းကတော့ ဒီလူဟာ ငွေ အရောင်းအဝယ် လုပ်ရာကနေပြီး စီးပွားရေး အခြေအနေ တော်တော်ကလေး ဆိုးသွားခဲ့တယ်၊ ဒီတော့ သူ့ ကြွေးရှင်တွေကို လိမ်ဖို့ ဆုံးဖြတ်ခဲ့တယ်၊ ဒါကြောင့် သူ့ရှိတဲ့ လက်ကျန်ငွေလေးကို မစ္စတာ ကော်နဲလီယတ်စ် ဆိုတဲ့ လူဆီကို ပို့ခဲ့တယ်၊ အဲဒီ မစ္စတာ ကော်နဲလီယတ်စ် ဆိုတဲ့ လူကလည်း ကျုပ် အထင်တော့ တခြားလူ မဟုတ်ဘူးဗျ၊ သူ့ နာမည်ပြောင်း တစ်ခု၊ ကော်နဲလီယတ်စ်ဆီ ပို့တဲ့ ချက်လက်မှတ်တွေကို ကျုပ် ကြည့်တော့ မကြည့်ရသေးပါဘူး၊ ဒါပေမဲ့ ဒီငွေတွေကို ကော်နဲလီယတ်စ် နာမည်နှင့် ဒေသက ဘဏ်ခွဲကလေး တစ်ခုမှာ အပ်ထားလိမ့်မယ်လို့ ကျုပ် တွက်တယ်၊ အိုးအေကဟာ အဲဒီ မြို့ကလေးမှာ ကော်နဲလီယတ်စ် နာမည်နှင့် အထင်အရှား နေပုံ ရတယ်၊ ခုကိစ္စကတော့ သူ့ နာမည်ကို ပြောင်း၊ ပိုက်ဆံတွေကို ထုတ်ပြီး တစ်နေရာရာမှာ တစ်ခါတည်း ဓာတ်မြုပ်နေတော့မယ်လို့ စိတ်ကူးပုံ ရတယ်'

'ဖြစ်နိုင်တာပေါ့'

'ဒီလို ဓာတ်မြုပ်နေတဲ့ နေရာက ခြေရာလက်ရာကို တစ်ခါတည်း ဖျောက်ပစ်ခဲ့ချင်ပုံပဲ၊ ပြီးတော့ ဓာတ်မမြုပ်ခင်မှာ သူ့ ရည်းစားဟောင်းကိုလည်း တစ်ခါတည်း လက်စား ချေပစ်ခဲ့ချင်ဟန် တူတယ်၊ ဒီလို လက်စားချေတဲ့ နေရာမှာ သူ့ ရည်းစားဟောင်းရဲ့ တစ်ဦးတည်းသော သားက သတ်တယ် ဆိုတဲ့ အထင်မျိုး ဖြစ်အောင် လုပ်မယ်၊ ဒီလို လုပ်ခြင်းဖြင့် သူ့ ရည်းစားဟောင်းကို လက်စားချေခဲ့ချင်တယ်၊ အင်း ရက်စက် ယုတ်မာတဲ့ နေရာမှာတော့ ပထမတန်းပါပဲဗျာ၊ တကယ့်ကို ပီရိပါပေတယ်၊ ရာဇဝတ်မှုကို ကျူးလွန်တဲ့ ရည်ရွယ်ချက်ကို ထင်ရှားစေအောင် သေတမ်းစာ ထားခဲ့ပုံကလေးတွေ၊ သူငယ်ကလေးကို မိဘတွေ မသိအောင် သူ့အိမ်ကို ခေါ်သွားပုံကလေးတွေ၊ သူငယ်ရဲ့ လက်ကိုင်တုတ်ကို ကျန်နေအောင် အကွက် ဆင်လိုက်ပုံကလေးတွေ၊ နံရံမှာ သွေးစွန်းအောင် လုပ်တာတွေ၊ မီးထဲမှာ တိရစ္ဆာန် အသေကောင်တွေကို ထည့်လိုက်တာတွေနှင့် နောက်ဆုံး ဘောင်းဘီ ကြယ်သီးတွေကို မီးထဲ ထည့်ထားတာ ကလေးတွေကတော့ တကယ့်ကို ချီးကျူးလောက်ပါပေတယ်။

'သူ ဖြန့်ထားလိုက်တဲ့ ပိုက်ကွန်ကြီးက စေ့လွန်းတော့ ကျုပ်ဖြင့် ခပ်စောစောတုန်းက ဘယ်လို ရုန်းထွက်ရမှန်းတောင် မသိသလောက် ဖြစ်နေတယ်၊ သို့သော်လည်း ဒီလူမှာ အနုပညာသည်ရဲ့ ပါရမီတော့ မရှိရှာဘူးဗျ၊ အဲဒီ ပါရမီက ဘာလဲ ဆိုတော့ ကိုယ့် အနုပညာ ကိုယ့် အတတ်ပညာကို ဘယ်နေရာမှာ





ရပ်ထား လိုက်ရမလဲ၊ ဘယ်နေရာမှာ ဘရိတ် အုပ်ထားလိုက်ရမလဲ ဆိုတာကို မသိရှာဘူး၊ အပြစ် မရှိတဲ့ လူငယ်ကလေးရဲ့ လည်ပင်းက ကြိုးကို တင်းသည်ထက် တင်းအောင် သေချာသည်ထက် သေချာအောင် ပတ်ချင်လွန်း အားကြီးတော့ ပြည့်စုံသလောက် ဖြစ်နေတဲ့ အကွက်ကို သည်ထက်သည် ပြည့်စုံအောင် ကောင်းအောင် လုပ်ချင်တယ်၊ ဒီတွင် အားလုံး ဒုက္ခ ရောက်ကုန်တော့တာပဲ၊ ကဲ သွားကြစို့ဗျို့၊ ကျုပ် သူ့ကို မေးခွန်းကလေး တစ်ခွန်း နှစ်ခွန်းလောက် မေးချင်တယ်'

မစ္စတာ အိုးအေကမှာ သူ့ဧည့်ခန်းထဲတွင် ပုလိပ် နှစ်ယောက် ခြံရံလျက် ထိုင်နေလေ၏။

'စုံထောက်ကြီးတို့ ခင်ဗျာ၊ ကျွန်တော် ကျီစားတာပါ၊ တကယ်ပါ၊ သက်သက် ကျီစားတဲ့ ကိစ္စပါ၊ ကျွန်တော် ရုတ်တရက် ပျောက်သွားရင် ဘယ်လိုများ နေမလဲ ဆိုတာ သိချင်တာနှင့် ကျွန်တော့် ဘာသာ ကျွန်တော် ပုန်းနေတာပါ၊ သူငယ်ကလေးကို ဒုက္ခ ရောက်စေချင်လို့ မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော့်ကို အထင် မလွဲကြပါနှင့်'

မစ္စတာ အိုးအေကသည် တစာစာ တောင်းပန်လျက် ရှိလေ၏။

'ဒါကတော့ ကျုပ်တို့ မဆုံးဖြတ်နိုင်ဘူးလေ၊ ရုံးတော်က ဆုံးဖြတ်လိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့ အနေနှင့်ကတော့ ခင်ဗျားကို လူသတ်ရန် ကြံစည်မှုနှင့် တင်နိုင်ရင် တင်၊ မတင်နိုင်ရင် ရာဇဝတ် မကင်းတဲ့ မကောင်း ကြံစည်မှုနှင့် စွဲရမှာပဲ' ဟု လက်စထရိတ်က ပြောလေ၏။

'ခင်ဗျား ကြွေးရှင်များ အနေနှင့်ကတော့ မစ္စတာ ကော်နဲလီယတ်စ်ရဲ့ ဘဏ်စာရင်းထဲကနေပြီး သူတို့ ကြွေးတွေ ခုနှိမ် ယူကြလိမ့်မယ် ထင်တယ်ဗျ' ဟု ရှားလော့ဟုမ်းက ပြောလေ၏။

ခပ်ညွက်ညွက် လူသည် ရုတ်တရက် လန့်ဖျပ်သွားကာ ရှားလော့ဟုမ်းအား ရန်လိုသော မျက်လုံးများဖြင့် ကြည့်လိုက်ပြီးနောက် 'ခင်ဗျား ကျေးဇူးတွေက အများကြီးပါဗျ၊ တစ်နေ့ကျရင်တော့ အဲဒီ ကြွေးကို ပြန်ဆပ်နိုင်မှာပါ' ဟု ပြောလေ၏။

ရှားလော့ဟုမ်းက မပြုံးချင် ပြုံးချင် ပြုံးလိုက်ရင်း

'အင်း နောင် နှစ်တော်တော်လေး ကြာသည် အထိ ခင်ဗျားလည်း အား မှာ မဟုတ်ပါဘူး၊ နေစမ်းပါဦးဗျ၊ ပျဉ်ပုံကြီးကို မီးရှို့တော့ မီးရှို့တဲ့ အထဲကို ခင်ဗျား ဘောင်းဘီစုတ်တွေ အပြင် တခြား ဘာတွေများ ထည့်ထားခဲ့သေးသလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ခွေးသေကောင်လား၊ ဒါမှမဟုတ် ယုန်သေကောင်တွေလား၊ ပြော စမ်း ပါ ဦး၊ သြော် မပြောချင်ဘူးလား၊ ရပါတယ်၊ ခင်ဗျား တော်တော် ရက်စက်တဲ့ လူဗျာ၊ အလောင်းကို မီးရှို့တယ်လို့ ထင်အောင်ရယ် သွေးတွေ စွန်းအောင်ရယ် လုပ်ချင်တော့ ယုန်ကလေး နှစ်ကောင် အခြောက်တိုက် သေရတာပေါ့၊ အိုင်ဆေး ဝပ်ဆင်ရေ၊ ဒီအမှု အကြောင်းကိုများ ခင်ဗျား မှတ်တမ်း ရေးရင် ယုန်ကလေး နှစ်ကောင် အခြောက်တိုက် သေရပုံကလေးကိုလည်း ထည့်ရေးပါဗျာ'

[မူရင်း ဝတ္ထု ***The Adventure of the Norwood Builder.*** ခေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် ရှာမတွေ့။]



## ကနေသော အရုပ်ကလေးများ



ရှားလော့ဟုမ်းသည် အလွန် အနံ့ ပြင်းသည့် ဓာတုဗေဒ ပစ္စည်း တစ်ခုကို ပေါင်းအိုးထဲ ထည့်၍ ပြုတ်ရင်း ရှည်လျား သေးသွယ်သည့် ခါးကို ကုန်းကာ စကား တစ်လုံးမျှ မပြောဘဲ တကုပ်ကုပ် အလုပ် များနေသည်မှာ နာရီ အတန်ငယ် ကြာသွားခဲ့လေပြီ။ ရှားလော့ဟုမ်း၏ ခေါင်းသည် ရင်ဘတ်ပေါ်သို့ ငိုက်လျက် ရှိလေရာ အဝေးမှ လှမ်းကြည့်လိုက်လျှင် ဦးခေါင်း မည်းမည်း အမွေး အတောင် ပြာမွဲမွဲဖြင့် ထူးဆန်းသည့် ငှက်ကြီး တစ်ကောင်နှင့် တူလှပေသည်ဟု ကျွန်ုပ် စိတ်တွင် အောက်မေ့ မိလေ၏။

ထိုသို့ အလုပ် များနေရာမှ ရှားလော့ဟုမ်းသည် ကျွန်ုပ်ဘက်သို့ လှည့်လိုက်လျက် 'ဘယ်လိုလဲဗျ၊ တောင်အာဖရိက ရွှေတွင်း ရှယ်ယာတွေကို ဝယ်သင့် မဝယ်သင့် စဉ်းစားနေတာ ခု မဝယ်ဘူးလို့ ဆုံးဖြတ်လိုက်ပြီ မဟုတ်လား' ဟု ကောက်ကာငင်ကာ မေးလိုက်လေ၏။

ကျွန်ုပ်မှာ သူ့ စကားကို ကြားလိုက်ရသည်တွင် အံ့အားသင့်လျက် ရှိလေ၏။

ကျွန်ုပ်သည် ရှားလော့ဟုမ်း၏ စူးစမ်းမှု အားကောင်းပုံကို မကြာခဏ ကြုံတွေ့ခဲ့ဖူးပြီ ဖြစ်သော်လည်း ယခုတစ်ကြိမ်တွင်ကား အကြားအမြင် ရနေသူ တစ်ဦးကဲ့သို့ ကျွန်ုပ် စိတ်ထဲတွင် တွေးတော စဉ်းစားနေသည်တို့ကို ဒက်ခနဲ ပြောလိုက်သည့် အတွက် နားသယ်ကို လက်ဝါးဖြင့် အရိုက်ခံလိုက်ရသည့်နှယ် လန့်ဖျပ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'အလို၊ နေစမ်းပါဦး၊ ကျွန်တော့် စိတ်ထဲမှာ စဉ်းစားနေတာကို ခင်ဗျား ဘယ့်နှယ်လုပ် သိနေတာလဲ'

ရှားလော့ဟုမ်းသည် လက်တွင် အငွေ့ တထောင်းထောင်း ထနေသည့် ဖန်ပြွန် တစ်ခုကို ကိုင်ထားရင်း ခွေးခြေပေါ်တွင် ထိုင်နေရာမှ ကျွန်ုပ်ဘက်သို့ ချာခနဲ လှည့်လိုက်လေ၏။ ချိုင့်ဝင်နေသော သူ့ မျက်လုံးများသည် ကျေနပ် အားရ နေဟန်ဖြင့် အရောင် တလက်လက် ထွက်လျက် ရှိပေ၏။

'ခင်ဗျား လန့်သွားတယ် မဟုတ်လား၊ ဝန်ခံလေဗျာ'

'ဟုတ်တယ်ဗျ၊ လန့်သွားတယ်'

'ဒီလိုဆိုရင်တော့ ခင်ဗျား ဝန်ခံချက်ကလေးကို စာရွက်ပေါ်မှာ ရေးပြီး လက်မှတ် ထိုးခိုင်းရလိမ့်မယ် ထင်တယ်'

'ဘာဖြစ်လို့'

'ဘာဖြစ်လို့ ရမလဲဗျ၊ ကျုပ် ရှင်းပြလိုက်ပြီး နောက် ငါးမိနစ်လောက် ကြာရင် ဒီလိုကျတော့လည်း အလွယ်ကလေးပါကလားလို့ ခင်ဗျား ပြောတော့ မှာကိုး'

'မပြောပါဘူးဗျာ၊ စိတ်ချပါ'

ရှားလော့ဟုမ်းသည် ဖန်ပြွန်ကို စင်ကလေး တစ်ခုပေါ်သို့ တင်လိုက်ပြီး လျှင် သင်တန်း တစ်ခုကို ပို့ချနေသည့် ပါမောက္ခ တစ်ယောက်၏ ဟန်မျိုးဖြင့်

'ဒီလို ရှိတယ်လေဗျာ၊ ကောက်ချက်တွေကို တစ်ခုပြီး တစ်ခု ဆက်စပ် တည်ဆောက် ဖွဲ့စည်းရတဲ့ ကိစ္စဟာ တကယ်တော့ သိပ်မခက်လှပါဘူး၊ ပထမ ကောက်ချက် တစ်ခု ထုတ်တယ်၊ ဒုတိယ ကောက်ချက်ကို ရှေ့ ကောက်ချက် တစ်ခုပေါ်မှာ အမှီပြုပြီး ဆွဲတယ်၊ တတိယ ကောက်ချက်ကျတော့လည်း အလားတူပဲ၊ ရှေ့က ကောက်ချက်ကို မှီပြီး ထုတ်နိုင်တယ်၊ ဒီလိုနှင့် တစ်ခုကို တစ်ခု ဆက်စပ်နေတဲ့ ကွင်းဆက်ကြီး တစ်ခု ဖြစ်လာတယ်၊ အဲ ကွင်းဆက်ကြီး တစ်ခုလုံးကို ဆက်ပြီးပြီ ဆိုတော့ အလယ်က ကွင်းဆက်တွေကို ဖြုတ်ချလိုက်၊ ပထမဆုံး ကွင်းဆက်နှင့် နောက်ဆုံး ကွင်းဆက်ကိုပဲ ပရိသတ်ကို ထုတ်ပြ၊ အဲဒီ အခါမှာ ပရိသတ်က တအံ့တသြ ဖြစ်ပြီး အပုတ်ကြီး ထင်သွားတာပဲဗျ၊ သိပ် မခက်လှပါဘူး၊ ခုလည်း ဒီအတိုင်းပါပဲ၊ ခင်ဗျားရဲ့ ဘယ်ဘက် လက်ညှိုးနှင့် လက်မကြားက အချိုင့်ကလေးကို ကြည့်လိုက်ရုံနှင့် ခင်ဗျားဟာ ခင်ဗျားမှာ ရှိတဲ့ ငွေကလေးကို အာဖရိက ရွှေတွင်း ရှယ်ယာတွေထဲ မဝင်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီ ဆိုတာ လွယ်လွယ်ကလေးနှင့် ပြောနိုင်ပါတယ်'





'ဘာမှလည်း မဆိုင်ပါလားဗျ'

'သာမန် ကြည့်လိုက်ရင်တော့ မဆိုင်ဘူးပေါ့ဗျာ၊ သို့သော်လည်း ဘယ်လောက် ဆိုင်နေတဲ့ အကြောင်းကို ပြမယ်လေ၊ ကျုပ် ပြောလိုက်တာဟာ ပထမဆုံးနှင့် နောက်ဆုံး ကောက်ချက်ကို ကောက်ပြောလိုက်တာကိုး၊ ကြားထဲမှာ ကျန်နေတဲ့ ကောက်ချက်တွေ ရှိသေးတယ်ဗျ၊ အဲဒီ ကွင်းဆက်တွေကတော့ (၁) ညနေညက ခင်ဗျား ကလပ်က ပြန်လာတဲ့ အခါကျတော့ ခင်ဗျား ဘယ်ဘက် လက်ညှိုးနှင့် လက်မကြားမှာ မြေဖြူတွေ ပေလာတယ်၊ (၂) ဘာဖြစ်လို့ ပေသလဲ ဆိုတော့ ဘိလိယက် ကစားတဲ့ အခါမှာ ကျူတံကို ငြိမ်အောင် ထိန်းဖို့ အတွက် အဲဒီ ချိုင့်ကလေးထဲမှာ မြေဖြူ ခုထားတယ်၊ (၃) ခင်ဗျား ဘိလိယက် ကစားရင် သာစတန် တစ်ယောက်နှင့်ပဲ ကစားတယ်၊ အခြား ဘယ်သူနှင့်မှ မကစားဘူး၊ (၄) သာစတန်မှာ တောင်အာဖရိက ရွှေတွင်းတွေထဲ ရှယ်ယာ ဝင်ခွင့် ရထားတယ်၊ ဒီဝယ်ခွင့်ဟာ တစ်လ အတွင်း ကုန်ဆုံးတော့မယ်၊ ဒါကြောင့် သူနှင့်အတူ ရှယ်ယာ ဝင်ကြရအောင်လို့ သာစတန်က ပြောနေတယ်လို့ ခင်ဗျား လွန်ခဲ့တဲ့ တစ်လလောက်တုန်းက ကျုပ်ကို ပြောဖူးတယ်၊ (၅) ခင်ဗျား ချက် လက်မှတ် စာအုပ်ဟာ ကျုပ် စားပွဲ အံဆွဲထဲမှာ ခုထိ သော့ခတ် သိမ်းထားတယ်၊ ဒီ ချက်စာအုပ်ကို ကျုပ်ဆီ တစ်ခါမှ မတောင်းဖူးသေးဘူး၊ (၆) ဒီတော့ ခင်ဗျား ငွေကလေးကို ရှယ်ယာ ဝင်ပြီး အရင်း မြှုပ်ဖို့ စိတ်ကူး မရှိဘူးပေါ့'

'ဒီလိုကျတော့လည်း သောက်ကျိုးနည်း လွယ်ပါကလားဗျ'

ရှားလော့ဟုမ်းသည် အနည်းငယ် စိတ်တိုသွားဟန်ဖြင့်

'လွယ်မှာပေါ့ဗျ၊ ရှင်းပြလိုက်ပြီ ဆိုရင် ခင်ဗျားတို့က ကလေး ကစားစရာလောက်ပဲ ထင်ကြတော့တာကိုး၊ ဟောဒီမှာ မရှင်းသေးတဲ့ ပြဿနာ တစ်ရပ်၊ ရော့ ရှင်းကြည့်စမ်း'

ရှားလော့ဟုမ်းသည် စာရွက်စုတ်ကလေး တစ်ခုကို စားပွဲပေါ်သို့ ပစ်တင်လိုက်ပြီးနောက် ဓာတုဗေဒ စမ်းသပ်မှုများကို ဆက်လက် လုပ်လျက် ရှိလေ၏။

ကျွန်ုပ်သည် စာရွက်ပေါ်တွင် ရေးထားသည့် အဓိပ္ပာယ် ကင်းမဲ့သော ရုပ် အက္ခရာများကို တအံ့တသြဖြင့် ကြည့်နေမိလေ၏။

'ဘာလဲ ခင်ဗျားဟာက၊ ကလေးတွေ တောင်ခြစ် မြောက်ခြစ် ခြစ်ထားတာလား'

'ဒါ ခင်ဗျား ထင်တာကိုး'

'ဒါဖြင့် ဘာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'နောဖော့နယ်၊ ရစ်ဒလင်း သော်ပီ ဆိုတဲ့ အိမ်က မစ္စတာ ဟီလတ် ကျူးဗစ် ဆိုတဲ့ လူတစ်ယောက်တော့ အဲဒီဟာတွေ ဘာမှန်း မသိလို့ တော်တော် ကလေး စိတ်ညစ်နေတယ်၊ ဒါကြောင့် အဲဒီ အရုပ်ကလေးတွေ ရေးထားတဲ့ စာ ရွက်ကို စာတိုက်ကနေ ကျုပ်ဆီ ပို့လိုက်တယ်၊ သူကတော့ နောက်ရထားနှင့် လိုက်လာလိမ့်မယ်၊ ဟော ပြောရင်း ဆိုရင်း တံခါးက ခေါင်းလောင်းသံ ကြား တယ်ဗျ၊ ကေနဲ့ သူပဲ ဖြစ်မှာပဲ'

လှေကားပေါ်တွင် လေးကွေးစွာ တက်လာသည့် ခြေသံများကို ကြား ရပြီး နောက် ခဏ အကြာ၌ အရပ် မြင့်မြင့်၊ အသား နီနီနှင့် မုတ်ဆိတ်တို့ စင် ကြယ်စွာ ရိတ်ထားသော လူတစ်ယောက်သည် အခန်းထဲသို့ ဝင်လာလေ၏။

ထိုလူ၏ ကြည်လင်သော မျက်လုံးများနှင့် ပါးစုန့် အစ်အစ်ကြီးများကို ကြည့်ခြင်းဖြင့် ထိုလူမှာ လန်ဒန်မြို့၏ နှင်းမှောင်များနှင့် ဝေးရာ ကျေးလက်တွင် နေထိုင်သူ တစ်ဦး ဖြစ်ကြောင်းကို သိသာနိုင်ပေ၏။ သန့်ရှင်း လတ်ဆတ်၍ တသုန်သုန် တိုက်နေသည့် အရှေ့ဘက် ကမ်းခြေမှ လေပြင်းသည် ထိုလူနှင့် အတူ အခန်းထဲသို့ ကပ်လျက် ပါလာသည်ဟု ထင်ရပေ၏။

ထိုသူသည် ကျွန်ုပ်တို့ နှစ်ယောက်စလုံးနှင့် လက်ဆွဲ နှုတ်ဆက်ပြီးနောက် ထိုင်တော့မည် ပြုစဉ် ထိုလူ၏ မျက်လုံးများသည် ကျွန်ုပ် ကြည့်ရှုပြီး စားပွဲပေါ် တွင် ချထားသည့် အရုပ်ကလေးတွေ ရေးထားသော စာရွက်ပေါ်သို့ ရောက်သွား ကြလေ၏။

'ဘယ့်နှယ်လဲ စုံထောက်ကြီး၊ အဓိပ္ပာယ် ဖော်လို့ ရပြီလား၊ စုံထောက် ကြီးက ထူးထူးဆန်းဆန်း ဆိုရင် စိတ်ဝင်စားတတ်တယ်လို့ ပြောကြလို့၊ ဒီထက် ထူးဆန်းတာတော့ ရှိမထင်တော့ပါဘူးနော်၊ ကျွန်တော် မလာခင် ကြိုတင် လေ့လာ ထားနိုင်အောင်လို့ စာရွက်ကို စာတိုက်က ပို့လိုက်တာ'


ရှားလော့ဟုမ်းက

'အင်း၊ ထူးဆန်းတာတော့ အမှန်ပဲဗျ၊ ရုတ်တရက် ကြည့်လိုက်ရင်တော့ ကလေး တစ်ယောက် ကောက်ခြစ်ထားသလားလို့ ထင်မှာပဲ၊ စာရွက်ပေါ်မှာ ကန့် လန့် ဖြတ်ပြီး ကနေတဲ့ အရုပ်ကလေးတွေ ရေးထားတာကိုး၊ ထင်မယ် ဆိုရင် လည်း ထင်စရာပေါ့၊ ဘာမဟုတ်တဲ့ အရုပ်ကလေးတွေကို ဘာဖြစ်လို့ ဒီလောက် ရေးကြီးခွင်ကျယ် လုပ်နေရတာလဲဗျာ'

'ကျွန်တော်ကတော့ ဒီလောက် မဟုတ်ပါဘူး၊ ဒါပေမဲ့ ကျွန်တော့် မိန်းမ ကတော့ အရေးတကြီး ဖြစ်နေတယ်ဗျ၊ ဒီအရုပ်ကလေးတွေ မြင်ပြီး သေမလောက်








ရှားလော့ဟုမ်းက စာရွက်စုတ်ကလေးကို ကောက်ဖြန့်လိုက်သည့် အခါတွင် ...

ကြောက်နေတယ်၊ သူကတော့ ထုတ်မပြောပါဘူး၊ ဒါပေမဲ့ သူ့ မျက်လုံးတွေကို ကြည့်လိုက်တာနှင့် ကျွန်တော် သိပါတယ်၊ ဒါကြောင့်မို့ ဒီကိစ္စကို ဇာစ်ဇာစ် မြစ်မြစ် သိချင်တာပါ'

ရှားလော့ဟုမ်းက စာရွက်စုတ်ကလေးကို ကောက်ဖြန့်လိုက်သည့် အခါ တွင် နေရောင်သည် စာရွက်ပေါ်သို့ ထိုးကျလာလေ၏။ စာရွက်မှာ မှတ်စု စာအုပ် တစ်အုပ်မှ ဆုတ်ယူထားသည့် စာရွက် ဖြစ်လေ၏။ အရုပ်များမှာ ခဲတံဖြင့် ရေးထားသည့် အရုပ်များ ဖြစ်ပြီး အောက်ပါ ပုံအတိုင်း ဖြစ်လေ၏။



ရှားလော့ဟုမ်းသည် ထိုစာရွက်ကို အတန်ကြာမျှ စိုက်ကြည့်လျက် ရှိပြီး နောက် ပြန်ခေါက်ကာ အင်္ကျီအိတ်ထဲသို့ ထည့်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ရတာကတော့ တော်တော် စိတ်ဝင်စားစရာ ကောင်းပြီး တော်တော် ထူးဆန်းတဲ့ အမှု တစ်ခု ဖြစ်မယ် ထင်တာပဲ၊ ခင်ဗျား ရေးလိုက်တဲ့ စာမှာလည်း တော်တော်လေးတော့ ပြည့်စုံပါတယ်လေ၊ သို့သော်လည်း ဟောဒီက ကျုပ်မိတ်ဆွေကြီး ဒေါက်တာ ဝပ်ဆင်လည်း ကြားရလေအောင် နောက်တစ်ခေါက်လောက် ပြန်ပြောပါလားဗျာ"

ညှော့သည်သည် ကြီးခိုင်သည့် သူ့ လက်ဖဝါးကြီးများကို ဖြန့်လိုက် ဆုပ်လိုက် လုပ်ရာက

"ကျွန်တော်က စကားတော့ သိပ်မပြောတတ်ဘူး ခင်ဗျ၊ အကယ်၍ ကျွန်တော် ပြောသွားတုန်းမှာ မရှင်းတာ ရှိရင်လည်း မေးပါ၊ ကျွန်တော်တို့ အိမ်ထောင်ကျတဲ့ မနှစ်က စပြီး ပြောပါ့မယ်၊ သို့သော်လည်း ကျွန်တော် စကား ခံထားချင်တာက ကျွန်တော်ဟာ လူချမ်းသာ တစ်ယောက် မဟုတ်သည့်တိုင် ကျွန်တော့်ဘိုးဘွားများဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ငါးရာလောက်ကတည်းက စပြီး ရစ်ဒလင်းသော်ပီ အိမ်မှာ နေထိုင်ခဲ့ကြပါတယ်၊ နောဖော့ နယ်မှာ ဆိုရင် ကျွန်တော်တို့ အမျိုးဟာ ဆွေကြီး မျိုးကြီးထဲက ဆိုပါတော့ ခင်ဗျာ၊ မသိသူ မရှိသလောက်ပါပဲ၊ မနှစ်ကတော့ လန်ဒန်မှာ ဘုရင်မ ဂျူဘလီပွဲ ရှိတာနှင့် ကျွန်တော်လည်း လန်ဒန်ကို လာခဲ့ပါတယ်၊ လန်ဒန်ကို ရောက်တော့ ကျွန်တော်တို့ နယ်က ဂိုဏ်းချုပ် ဆရာတော်ကြီး ပတ်ကားလည်း ရှိတဲ့ အတွက် ရပ်ဆယ် ပန်းခြံ ရပ်ကွက်မှာ ရှိတဲ့ တည်းခိုခန်း တစ်ခုမှာ တည်းပါတယ်၊ အဲဒီမှာ အယ်လစီ ပက်ထရစ်ဆိုတဲ့ အမေရိကန် အမျိုးသမီးလေး တစ်ယောက်လည်း တည်းနေပါတယ်၊ ကျွန်တော်တို့ အသိအကျွမ်း ဖြစ်ကြပြီး ချစ်ကြိုက်သွားကြရော ဆိုပါတော့ ခင်ဗျာ၊ ဒါနှင့် ကျွန်တော်တို့လည်း မှတ်ပုံတင် ရုံးတစ်ရုံးကို သွားပြီး အကျဉ်းရုံး လက်ထပ်လိုက်ကြပါတယ်၊ လက်ထပ်ပြီးတော့ နောဖော့ကို ပြန်ခဲ့ကြတာပေါ့ ခင်ဗျာ၊ ကျွန်တော့်လို ဆွေကြီးမျိုးကြီးထဲက ဆင်းသက်လာသူ တစ်ယောက်က အမျိုးသမီးကို တွေ့ပြီး သူ့မျိုးရိုး အကြောင်းလည်း မသိ ဘာမသိ ညာမသိနှင့် အကျဉ်းရုံးပြီး လက်ထပ်လိုက်တယ် ဆိုတော့ ကျွန်တော့်ကို စုံထောက်ကြီးက ရူးတယ် ထင်ချင် ထင်မှာပဲ၊ ဒါပေမဲ့ ကျွန်တော့် မိန်းမကို တွေ့ရင် စုံထောက်ကြီး နားလည်သွားမှာပါ။

"ကျွန်တော့် မိန်းမ အယ်လစီကလည်း ရှင်းပါတယ်၊ ကျွန်တော်က သူ့ကို လက်မထပ်ချင်ဘူး ဆိုရင်လည်း မထပ်ဘဲ နေနိုင်တဲ့ အခွင့် ပေးခဲ့ပါတယ်၊ "ရှင်းရှင်း ပြောရရင် ကျွန်မ ဘဝမှာ တော်တော် စိတ်မချမ်းသာစရာ ကောင်းတဲ့





ဖြစ်အပျက်တွေ ရှိခဲ့တယ်၊ ကျွန်မ ဒါတွေ အားလုံးကို မေ့ပစ်လိုက်ချင်တယ်၊ နိုင်ရင် အတိတ် အကြောင်းကို ပြန်မတွေးချင်ဘူး၊ ပြန်တွေးရင် ရင်နာလို့၊ ကျွန်မကို လက်ထပ်တယ် ဆိုရင် အတိတ်တုန်းက ဘာမှ မဖြစ်ခဲ့ဖူးတဲ့ မ တစ်ယောက် အနေနှင့် ယူရလိမ့်မယ်၊ ဒီလောက် ပြောရင် ကျေနပ်ပါတော့၊ မကို နောက်ထပ် ဘာမှ မမေးပါနှင့်တော့၊ ရှင်နှင့် မတွေ့ခင်က အဖြစ်ပျက်တွေနှင့် ပတ်သက်လို့ ကျွန်မ ပြည်ဖုံးကား ချလိုက်ပါရစေ၊ တကယ်လို့ မ တောင်းတဲ့ တောင်းဆိုချက်တွေဟာ ပြင်းထန်လွန်းနေတယ်လို့ ထင်ရင် နောဖော့ကို အေးအေးဆေးဆေးသာ ပြန်သွားပါတော့၊ ကျွန်မလည်း ဒီတိုင်း နေပါရစေ" လို့ ကျွန်တော့်ကို ပြောတယ် ခင်ဗျ၊ အဲဒါက ကျွန်တော်တို့ လက်ထပ်ခင် တစ်နေ့မှာ ပြောတာ၊ ကျွန်တော်ကလည်း သူ့တောင်းဆိုချက်ကို လက်ခံတဲ့ အကြောင်း ပြောပြီး ပြောတဲ့ အတိုင်းလည်း လက်ထပ် ယူခဲ့ပါတယ်။

"ခုတော့ ကျွန်တော်တို့ အိမ်ထောင်ကျတာ တစ်နှစ်လောက် ရှိသွားပါပြီ၊ တစ်နှစ် အတွင်းမှာ ပျော်ပျော်ရွှင်ရွှင် ကြင်ကြင်နာနာပါပဲ၊ ဒါပေမဲ့ လွန်ခဲ့တဲ့ တစ်လ အဲ ဇွန်လကုန်လောက်တုန်းကတော့ ကျွန်တော်တို့ လင်မယား ကြားမှာ သနာ တက်မယ့် အရိပ် နိမိတ်ကလေးတွေကို တွေ့လာရတယ်ဗျ၊ တစ်နေ့မှာ ကျွန်တော့် မိန်းမဆီကို အမေရိကက စာတစ်စောင် ရောက်လာတယ်၊ စာက အမေရိကန် ပြည်ထောင်စု တံဆိပ်ခေါင်း ကပ်လို့၊ စာကို ရတော့ ကျွန်တော့် မိန်းမဟာ မျက်နှာ ဖြူဖပ်ဖြူရော်နှင့်၊ စာကိုလည်း ဖတ်ပြီး မီးရှို့ပစ်လိုက်တယ်၊ သူကလည်း ဒီအကြောင်းကို ဘာမှ မပြောဘူး၊ ကျွန်တော်လည်း ဘာမှ မမေးဘူး၊ ကတိက ကတိကိုး ခင်ဗျ၊ တည်ရမှာပေါ့၊ ဒါပေမဲ့ အဲဒီနောက်က စပြီး ကျွန်တော့် မိန်းမလည်း ယောက်ယက်ခတ်တော့တာပါပဲ၊ သူ့ မျက်နှာဟာ အမြဲတမ်းလိုလို ကြောက်ရွံ့ ထိတ်လန့်ဟန် ပေါ်နေတယ်၊ တစ်ခုခုကို စောင့်ဆိုင်းနေသလိုလို မျှော်လင့်နေသလိုလို အမူအရာမျိုး ခင်ဗျ၊ ကျွန်တော် သက်သာမကင်း မဖြစ်အောင်လည်း တတ်နိုင်ဆုံးတော့ ကြိုးစားရှာပါတယ်၊ ကျွန်တော့်ကို ယုံယုံကြည်ကြည် ဖွင့်ပြောရင်လည်း အကောင်းသားပေါ့ ခင်ဗျာ၊ ကျွန်တော်ကလည်း အကောင်းဆုံး ဆွေ ခင်ပွန်း တစ်ယောက် အနေနှင့် ကူညီဖို့ အဆင်သင့်ပါ၊ ဒါပေမဲ့ ခက်တာ သူက ဘာမှ မပြောတော့ ကျွန်တော်လည်း ဘာမှ မတတ်နိုင်ဘူးပေါ့။

"ဩော် စုံထောက်ကြီးကို ကျွန်တော် တစ်ခုတော့ ပြောချင်တယ် ခင်ဗျ၊ ကျွန်တော့် မိန်းမဟာ အင်မတန် သစ္စာ ရှိတဲ့ မိန်းမပါ၊ အတိတ်တုန်းက ဒုက္ခ ရောက်ခဲ့တာဟာ သူ့ ပယောဂကြောင့် မဟုတ်ဘူး ဆိုတာ ကျွန်တော် ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ကျွန်တော်ဟာ ဆောဖော့က သာမန် မြေပိုင်ရှင်ကလေး တစ်ယောက်ပါ၊ သို့သော်လည်း ကျွန်တော် ထင်ပါတယ်၊ ကိုယ့်ဆွေမျိုးရဲ့ ဂုဏ်သိက္ခာကို ကျွန်တော့်လောက် စောင့်ထိန်းတဲ့ လူဆိုလို့ အင်္ဂလန်မှာ တစ်ယောက်မှတောင် မရှိဘူးလို့ ထင်ပါတယ်၊ ဒါကို ကျွန်တော့် မိန်းမ ကောင်းကောင်း သိပါတယ်၊ ကျွန်တော်နှင့် လက်မထပ်ခင်တုန်းကလည်း သိခဲ့ပါတယ်၊ ဒီတော့ ကျွန်တော့် ဆွေမျိုး ဂုဏ်သိက္ခာကို ထိခိုက်အောင်တော့ သူ ဘယ်တော့မှ လုပ်မှာ မဟုတ်ပါဘူး၊ ဒါကို ကျွန်တော် စွဲစွဲမြဲမြဲ ယုံပါတယ်။

'အဲ အရေးကြီးတဲ့ အပိုင်းကို ရောက်တော့မယ် ခင်ဗျ၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်တုန်းက၊ အဲဒီနေ့က လွန်ခဲ့တဲ့ အင်္ဂါနေ့ ခင်ဗျ၊ ကျွန်တော်တို့အိမ် ပြတင်းပေါက် တစ်ပေါက်ရဲ့ ဘောင်ပေါ်မှာ ဘာမှန်း မသိ ညာမှန်း မသိနှင့် ကနေတဲ့ အရုပ်ကလေးတွေ ရေးထားတာကို တွေ့ရတယ် ခင်ဗျ၊ ခုစာရွက်ပေါ်မှာ ရေးထားတဲ့ အရုပ်မျိုးကလေးတွေပဲ၊ ပြတင်းပေါက် ဘောင်ပေါ်မှာ မြေဖြူနှင့် ရေးထားတယ်၊ အစတုန်းကတော့ မြင်းဇောင်းက မြင်းထိန်းတဲ့ ကောင်လေး လက်ကမြင်းထားတယ်လို့ ကျွန်တော် ထင်လိုက်တယ်၊ ဒါပေမဲ့ ကောင်လေးက သူ ရေးထားတာ မဟုတ်ဘူးလို့ ကျိန်တွယ်ပြောတယ်၊ ကြည့်ရတာကတော့ ညတုန်းက ရေးသွားတယ် ထင်တာပဲ၊ ဒါနှင့် ကျွန်တော်လည်း အရုပ်ကလေးတွေကို ဖျက်ပစ်လိုက်ပါတယ်၊ နောက်တော့ မိန်းမကိုလည်း ပြောပြပါတယ်၊ ဒီအကြောင်းလည်း ပြောလိုက်ရော ကျွန်တော့် မိန်းမက ဒီကိစ္စကို တော်တော် အရေးကြီး နေလေတော့ ကျွန်တော်လည်း အံ့ဩနေတာပေါ့ ခင်ဗျာ၊ နောက်တစ်ခါ ဒီလို ရေးထားတာ တွေ့ရင် သူလည်း ကြည့်ပါရစေလို့ တောင်းပန်တယ် ခင်ဗျ၊ ဒီလိုနှင့် နေလာလိုက်တာ တစ်ပတ်လုံးလုံး ဘာမှ မတွေ့ရပါဘူး၊ မနေ့ မနက်ကတော့ ဒီစာရွက်ကလေးကို ကျွန်တော်တို့ ခြံထဲက နေနာရီစင်ကလေးပေါ်မှာ တွေ့ရတာပါပဲ၊ ကျွန်တော် အယ်လစီကို ဒီစာရွက်ကလေးလည်း ပြလိုက်ရော အယ်လစီဟာ မူးမေ့ လဲသွားတယ် ခင်ဗျ၊ အဲဒီ နောက်က စပြီး အယ်လစီဟာ အိပ်မက် မက်နေသူလို ငိုင်တိ ငိုင်တိုင်ကြီး ဖြစ်နေတော့တာပဲ၊ သူ့ မျက်လုံးတွေကို ကြည့်ရတာကလည်း အမြဲတမ်း ကြောက်လန့်နေတဲ့ပုံ ပေါ်နေတယ်၊ ဒါနှင့် ကျွန်တော်လည်း စုံထောက်ကြီးဆီကို စာတစ်စောင် ကောက်ရေးပြီး အဲဒီ စက္ကူလေးကို ပို့လိုက်တာပါပဲ ခင်ဗျာ၊ ဒီကိစ္စ ကျွန်တော် ပုလိပ်ကိုလည်း တိုင်လို့ မဖြစ်ဘူး၊ ပုလိပ် သွားတိုင်ရင် ကျွန်တော့်ကို ဝိုင်းရယ်မှာပေါ့ ခင်ဗျာ၊ ဒီတော့ ကျွန်တော် ဘာလုပ်ရမလဲ ဆိုတာ အကြံ ပေးစမ်းပါဦး၊ ကျွန်တော်ဟာ လူချမ်းသာ တစ်





ယောက် မဟုတ်ပါဘူး၊ ဒါပေမဲ့ ကျွန်တော့် မိန်းမကို တစ်ခုခု အန္တရာယ် ဖြစ်မယ်ဆိုရင်တော့ ကျွန်တော့် အနေနှင့် တတ်နိုင်သမျှ ကာကွယ်ရမှာပဲ၊ ခြူး တစ်ပြားမှ မကျန်ချင် နေပါစေ၊ ကျွန်တော် အကုန်ခံမှာပါ'

ရိုးသား ဖြောင့်မတ်၍ ကြင်နာ သနားတတ်ရုံမျှမက ထက်မြက် ရှူးရှ၍ ပြာလဲ့သော မျက်လုံးများနှင့် ကြီးမား ခံ့ညားသော မျက်နှာတို့ကြောင့် ထိုလူမှာ အင်္ဂလန်မြေမှ ပေါက်ဖွားသည့် အင်္ဂလိပ် ပီသသူ လူကောင်း တစ်ယောက်ဖြစ်ပေ၏။ သူ့ဇနီးကို ချစ်သည့် အချစ်နှင့် သူ့ ဇနီးကို ယုံကြည်မှုသည် မျက်နှာအမူအရာထဲတွင် အထင်းသား ပေါ်လျက် ရှိလေ၏။ ရှားလော့ဟုမ်းသည် သူ ပြောပြသည်တို့ကို အထူး ဂရုစိုက် နားထောင်ပြီးနောက် မလှုပ်မယှက် ထိုင်ရင်း တွေးတော စဉ်းစားလျက် ရှိလေ၏။

နောက်ဆုံးတွင် ရှားလော့ဟုမ်းက

'ခင်ဗျား ဇနီးကို အကျိုး အကြောင်း ရှင်းလင်းပြပြီး သူ့ လျှို့ဝှက်ချက်ကို ဖွင့်ပြောဖို့ တိုက်ရိုက် မေတ္တာ ရပ်ခံရင် ဘယ့်နှယ် နေမလဲ၊ အဲဒီလို တိုက်ရိုက် မေးဖို့ကော စိတ်များ မကူးမိဘူးလား'

မစ္စတာ ဟီလတန် ကျူးဗစ်သည် ကြီးမားသော သူ့ ခေါင်းကို ယမ်းလိုက်လျက်

'ကတိဟာ ကတိပဲ မစ္စတာ ဟုမ်း၊ သူ ပြောချင်တယ် ဆိုရင် ကျွန်တော့်ကို ပြောမှာပေါ့၊ သူ မပြောချင်တာကို ကျွန်တော် အတင်း မမေးချင်ဘူး၊ သို့သော်လည်း ခုကိစ္စကိုတော့ ကျွန်တော့် နည်းနှင့် ကျွန်တော် သိအောင် လုပ်ရမှာပဲ၊ မလုပ်လို့ မဖြစ်ဘူး'

'ဟုတ်ပြီလေ၊ ဒီလိုဆိုရင် ကျုပ် အနေနှင့်လည်း အစွမ်းကုန် ကူညီမယ်၊ ပထမ ကျုပ် မေးချင်တာက ခင်ဗျားတို့ အနီးအနား တစ်ဝိုက်မှာ လူစိမ်း သူစိမ်းများ တွေ့တယ်လို့ ပြောသံ မကြားရဘူးလား'

'မကြားမိဘူး ခင်ဗျ'

'ခင်ဗျားတို့ ရပ်ကွက်က တော်တော်လေးတော့ တိတ်ဆိတ်တဲ့ ရပ်ကွက်ပါ၊ မျက်နှာစိမ်း မြင်ရင် သိရမှာပေါ့၊ မဟုတ်ဘူးလား'

'ဟုတ်ပါတယ်၊ သိပါတယ်၊ ဒါပေမဲ့ တစ်ခုတော့ ရှိတယ် ခင်ဗျ၊ ကျွန်တော်တို့ နယ်တစ်ဝိုက်မှာ ရေပူစမ်းကလေးတွေ တော်တော်များများ ရှိတယ်၊ လယ်သမားတွေက ရေပူ လာချိုးတဲ့ လူတွေကို အခန်း ငှားကြတာမျိုးတော့ ရှိတယ်'



www.burmeseclassic.com

www.burmeseclassic.com



"ဒီအရုပ်ကလေးတွေဟာ အကြောင်းမဲ့ မဟုတ်ဘူးဗျ၊ အဓိပ္ပာယ် ရှိတယ်၊ စိတ်ကူး တည့်ရာ လျှောက်ရေးထားတာမျိုး ဆိုရင်တော့ ဒီပြဿနာကို ကျုပ်တို့ ရှင်းလို့ ရမှာ မဟုတ်ဘူးပေါ့ဗျာ၊ ဒီလိုမှ မဟုတ်ဘဲ အဓိပ္ပာယ်နှင့် ရေးထားတာ ဆိုရင်တော့ ဖော်လို့ ရမှာပ၊ သို့သော်လည်း ခု ကြည့်ရတဲ့ နမူနာက ခပ်တိုတို ကလေး ဆိုတော့ ကျုပ်တို့ အနေနှင့် ဘာမှ လုပ်လို့ ရမှာ မဟုတ်ဘူး၊ ခင်ဗျား တင်ပြတဲ့ အချက်အလက်က မရေရာသေးတော့ ကျုပ်တို့မှာ စုံစမ်း ထောက်လှမ်းဖို့ အခြေခံ မရှိဘဲ ဖြစ်နေတယ်။

"ဒီတော့ ကျုပ် အကြံ ပေးချင်တာက ခင်ဗျား နောဖော့ကို ပြန်ပါ၊ အနီးအနား ပတ်ဝန်းကျင်ကို ဂရုစိုက် အကဲခတ်ပါ၊ နောက်ထပ် အဲဒီလို အရုပ်ကလေးတွေကို တွေ့ရင် သေသေချာချာ ကူးထားပါ၊ ပြတင်းပေါက် ဘောင်ပေါ်မှာ မြေဖြူနှင့် ရေးထားတဲ့ အရုပ်ကလေးတွေရဲ့ ကော်ပီကို မရလိုက်တာ ကျွန်တော်တို့မှာ တော်တော်ကလေး နာသွားတယ်၊ အနီးအနား ကစ်ဝိုက်မှာလည်း လူစိမ်း သူစိမ်းများ လာသလား ဆိုတာ မသိမသာ စုံစမ်းပါ၊ နောက်ထပ် အချက် အလက် အသစ် တွေ့ရင် ကျုပ်ဆီကို လာခဲ့ပါ၊ ခုလောလောဆယ်တော့ ဒီလောက်ပဲ အကြံ ပေးနိုင်သေးတယ် မစ္စတာ ကျူးဗစ်၊ အင်မတန် အရေးကြီးတဲ့ အထောက်အထား တွေကို တွေ့တယ် ဆိုရင်တော့ ကျုပ် ကိုယ်တိုင် နောဖော့ကို ဆင်းလာဖို့ အဆင်သင့်ပဲ"

ရှားလော့ဟုမ်းသည် ထိုကိစ္စကိုသာ တွေးတော စဉ်းစားလျက် ရှိလေ၏။ ထိုနောက်ပိုင်းတွင် ရှားလော့ဟုမ်းသည် မှတ်စု စာအုပ် ကြားထဲမှ ထိုစာရွက်ကလေးကို ထုတ်ကာ စာရွက်ပေါ်တွင် ရေးထားသည့် အရုပ်ကလေးများကို မကြာခဏ စိတ်ဝင်စားစွာ စိုက်ကြည့်နေတတ်သည်ကို တွေ့ရလေ၏။ သို့ရာတွင် ထိုအကြောင်းကို တစ်လုံး တစ်ပါဒမျှ ပြောဆိုခြင်း မပြုချေ။

နောက် နှစ်ပတ် ကြာသည့် တစ်ညနေတွင်မူ ကျွန်ုပ် အပြင်သို့ ထွက်ရန် ပြင်ဆင်လျက် ရှိစဉ် ရှားလော့ဟုမ်းသည် ကျွန်ုပ်ကို လှမ်းခေါ်ကာ

"ဗျို့ ဝပ်ဆင်ရေ၊ ခင်ဗျား အပြင် မထွက်နှင့်ဦးဗျာ"

"ဘာဖြစ်လို့"

"ဒီနေ့ မနက်မှာ ဟီလတန် ကျူးဗစ်ဆီက ကြေးနန်း တစ်စောင် ရတယ်၊ ကနေတဲ့ အရုပ်ကလေးတွေ လာပြတဲ့ ဟီလတန် ကျူးဗစ် ဆိုတဲ့ လူကို မှတ်မိသေးတယ် မဟုတ်လား၊ ဒီနေ့ နေ့လယ် တစ်နာရီ နှစ်ဆယ် ရထားနှင့် လီဗာပူးဘူတာကို ရောက်မယ်ဗျ၊ ဒီတော့ ဒီလူ အချိန်မရွေး ကျုပ်တို့ဆီကို ပေါက်လာ





တယ်၊ သူ့ ကြေးနန်းကို ကြည့်ရတာကတော့ နောက်ထပ် အရေးတကြီး သနာ ပေါ်နေပုံပဲ"

ကျွန်ုပ်တို့ ကြာကြာ မစောင့်လိုက်ရချေ။ နောဖော့ မြေပိုင်ရှင် မစ္စတာ ူးဗစ်သည် ရထား ဆိုက်လျှင် ဆိုက်ချင်း အမိုး ပက်လက် ရထားကလေး စ်စင်းဖြင့် ကျွန်ုပ်တို့ဆီသို့ အပြေးအလွှား ရောက်လာလေ၏။

အိပ်ရေး ပျက်လာဟန် ရှိသော မျက်လုံးများနှင့် နဖူးရေတို့ ရှုံ့နေသည်ကို ည့်ခြင်းအားဖြင့် မစ္စတာ ကျူးဗစ်မှာ စိုးရိမ်သောက ဖြစ်နေပုံ ရလေ၏။

"စုံထောက်ကြီးရေ၊ ဒီကိစ္စကတော့ ကျွန်တော့်ကို တော်တော်လေး နောက် ပြီ ခင်ဗျ" ဟု ပြောကာ ပင်ပန်းလာသူ တစ်ယောက်ကဲ့သို့ ကုလားထိုင်ပေါ် င် ခြေပစ်လက်ပစ် ထိုင်ချလိုက်လေ၏။

"ဘယ်က လူတွေမှန်း မသိ ဘာမသိနှင့် ကိုယ့်ကို မကောင်း ကြံနေတဲ့ တွေ ကိုယ့် အနားမှာ ရောက်နေတယ်၊ ဒါတွင် မကဘူး၊ ကိုယ့် မိန်းမကို ဖြည်းဖြည်း ညှဉ်းသတ်နေတယ် ဆိုတာကို သိနေရတဲ့ လူတစ်ယောက် အဖို့ ယ်လောက် အနေရ အထိုင်ရ ခက်သလဲ ဆိုတာ စုံထောက်ကြီးပဲ တွေးကြည့် တော့၊ ဒီအရုပ်တွေကြောင့် ကျွန်တော့် မိန်းမတော့ တစ်နေ့ တခြား လုံးပါး းနေပြီ ခင်ဗျာ၊ တကယ်ပါ၊ ကျွန်တော့် မျက်စိ ရှေ့တွင်ကို လုံးပါး ပါးလိုက် ပြီ"

"သူကကော ဘာမှ မပြောသေးဘူးလား"

"မပြောသေးဘူး မစ္စတာ ဟုမ်း၊ တစ်လုံးမှ မပြောဘူး၊ တစ်ခါတလေ တော့ သူ့ကို ကြည့်ရတာ မထူးတော့ပါဘူး ဆိုပြီး ဖွင့်ပြောလိုက်ချင်တဲ့ ပုံပဲ ဗျ၊ သို့သော်လည်း သူ့မှာ ဒါကြီးကို မပြောရဲသလို မထွေးနိုင် မအန်နိုင် ဖြစ် တာကို တွေ့ရပါတယ်၊ ကျွန်တော်လည်း သူ့ကို တတ်နိုင်သလောက် ဖျောင်းဖျ ါတယ်၊ သူ့ကို မကြောက်အောင်လည်း အားပေးပါတယ်၊ သူကလည်း ကျွန်တော့် ွေဂုဏ် မျိုးဂုဏ်၊ ကျွန်တော့် နယ်မှာ ကျွန်တော်တို့ အမျိုး အမည်းကွက် မရှိ ပုံ၊ တစ်လျှောက်လုံး ကိုယ့်သိက္ခာနှင့်ကိုယ် နေခဲ့ကြပုံတို့ကို ပြောပါတယ်၊ ဒီလို ပြာတော့ ကျွန်တော်လည်း ဖွင့်ပြောတော့မှာပဲလို့ စိတ်ထဲ ထင်မိတာပေါ့ ခင်ဗျာ၊ သော် ဒီကိစ္စကို ခုထက်ထိ ရောက်မလာဘူး ခင်ဗျ"

"နို့ နေစမ်းပါဦး၊ ခင်ဗျား ဘာသာကော ခင်ဗျား ရှာလို့ မတွေ့ဘူး လား"

"တွေ့ပါသော်ကော ခင်ဗျာ၊ ခု စုံထောက်ကြီး ကြည့်ဖို့ ကျွန်တော် နောက်




www.burmeseclassic.com

www.burmeseclassic.com


ထပ် တွေ့တဲ့ အဲဒီ အရုပ်ကလေးတွေကို ယူလာခဲ့ပါတယ်၊ ဒီထက် ပိုပြီး အရေးကြီးတာကတော့ လူကိုယ်တိုင် ကျွန်တော် မြင်ခဲ့ရပြီ ခင်ဗျ'


'ဘာ ဒီအရုပ်ကလေးတွေကို ရေးတဲ့ လူလား'

'ဟုတ်ပါတယ်၊ ဒီအရုပ်ကလေးတွေ ရေးနေတာကို ကျွန်တော် ကိုယ်တိုင် မြင်ခဲ့ရပါတယ်၊ သို့သော်လည်း ကျွန်တော် အစီအစဉ် အတိုင်း ပြောသွားမယ်လေ၊ စုံထောက်ကြီးဆီက ပြန်သွားပြီး နောက်တစ်နေ့ မနက် ရောက်တော့ နောက်ထပ် ရေးထားတဲ့ အရုပ်တွေကို တွေ့ပြန်တယ် ခင်ဗျ၊ အရုပ်တွေကို ဥယျာဉ် ပစ္စည်းတွေ ထားတဲ့ တဲကလေးက သစ်သား တံခါးမှာ မြေဖြူနှင့် ရေးထားတယ်၊ အဲဒီ ပေါက်တူး ပေါက်ပြား ထားတဲ့ တဲကလေးက မြက်ခင်း ဘေးမှာ၊ ကျွန်တော်တို့ အိမ်ရှေ့ ပြတင်းပေါက်ကနေ တန်းမြင်နေရတယ်၊ ဒါနှင့် ကျွန်တော်လည်း ဒီအရုပ်တွေကို ကူးထားလိုက်တယ်၊ ဟောဒီမှာ'



'ဟုတ်လိုက်လေဗျာ၊ ဆက်ပြောစမ်းပါဦး'

'ကူးရေးပြီးတော့ အရုပ်တွေကို ကျွန်တော် ဖျက်ပစ်လိုက်တယ် ခင်ဗျ၊ ဒါပေမဲ့ နောက်နှစ်ရက် ကြာတဲ့ မနက်ကျတော့ အရုပ်ကလေးတွေ ပေါ်လာပြန်တယ် ခင်ဗျ၊ ဟောဒါက နောက်ရေးတဲ့ အရုပ်'



ရှားလော့ဟုမ်းသည် လက်ချင်း ပွတ်လိုက်ပြီးနောက် တခစ်ခစ် ရယ်လိုက်ရင်း

'အချက်အလက်ကလေးတွေတော့ တဖြည်းဖြည်း စုံလာပြီဗျို့'

'နောက် သုံးရက်လောက် ကြာတော့ စာရွက် တစ်ရွက် ထပ်တွေ့ရတယ် ခင်ဗျ၊ စာရွက်ကို နေနာရီ စင်ကလေးပေါ်မှာ တင်ထားပြီး ခဲလေး တစ်လုံးနှင့် ဖိထားတယ်၊ အရုပ် အက္ခရာတွေကတော့ နောက်တွေ့တဲ့ အရုပ်တွေနှင့် အတူတူပဲ ခင်ဗျ၊ ဒီနောက်တော့ ကျွန်တော်လည်း စောင့်ဖမ်းမယ် ဆိုပြီး ချောင်းပါတယ်၊ သေနတ်ကို အဆင်သင့် ပြင်၊ မြက်ခင်းကို ကောင်းကောင်း မြင်နေရတဲ့ ကျွန်တော့် အိမ် စာကြည့်ခန်းကနေပြီး ထိုင်ကြည့်နေတယ်၊ မနက် နှစ်နာရီလောက်ကျတော့





ကျွန်တော် ပြတင်းပေါက် ဘေးမှာ ထိုင်နေတုန်း ခြေသံ ကြားရတယ် ခင်ဗျ၊ လရောင်ကလေးက လွဲလို့ တခြား ဘာမှ အလင်းရောင် မရှိဘူး၊ ဒါနှင့် ကျွန်တော် ပြက်ခနဲ လှည့်ကြည့်လိုက်တော့ ကျွန်တော့် မိန်းမရယ် ခင်ဗျ၊ ညဝတ် အင်္ကျီကို ဝတ်လို့၊ သူက ကျွန်တော့်ကို အိပ်ဖို့ တောင်းပန်တယ်၊ ကျွန်တော်ကလည်း တို့ကို ဒီလို လာပြီး နှောင့်ယှက်နေတဲ့လူ ဘယ်သူလဲ ဆိုတာ သိချင်တယ်လို့ ခပ်ပြင်းပြင်းပဲ ပြောလိုက်တယ်၊ သူကတော့ တစ်ယောက်ယောက် အပျော် ကျီစားတာ ဖြစ်မှာပါ၊ ဒါကို အရေးတကြီး ထားမနေပါနှင့်လို့ ပြောတယ် ခင်ဗျ'

''ရှင် တကယ် အနှောင့်အယှက် ဖြစ်နေရင်လည်း ကျွန်မတို့ နှစ်ယောက် တစ်နေရာရာကို စိတ်ပြေလက်ပျောက် ခရီး ထွက်ရအောင်''

''ဘာလို့ ထွက်ရမှာလဲကွ၊ သူများက မနေနိုင် မထိုင်နိုင် လာကျီစားတာနှင့် ငါက ကိုယ့်အိမ်က နေပြီး တခြားကို ရှောင်ထွက် သွားရမှာလား၊ တစ်နယ်လုံးက တို့ကို ဝိုင်းရယ် ကြမှာပေါ့''

'' ကဲပါရှင်၊ ဒါဖြင့် လာအိပ်လှည့်ပါ၊ မနက် ကျတော့မှ ဒီအကြောင်းကို အေးအေး ဆေးဆေး ပြောတာပေါ့''

'ဒီလို ပြောနေတုန်းမှာ စောစောက ဖြူဖပ်ဖြူရော် ဖြစ်နေတဲ့ မျက်နှာဟာ ပိုပြီး ဖြူသွားတာကို လရောင်ထဲမှာ ကျွန်တော် မြင်လိုက်တယ် ခင်ဗျ၊ ပြီးတော့ ကျွန်တော့် ပုခုံးကိုလည်း လှမ်းပြီး ဖျစ်ညှစ် ကိုင်လိုက်တယ်၊ ပေါက်တူးတွေ ပေါက်ပြားတွေ ထားတဲ့ ရုံက အရိပ်ထဲမှာ မည်းမည်း သဏ္ဌာန် တစ်ခုကို လှမ်းမြင်လိုက်ရတယ်၊ အရိပ်ထဲမှာ ဝမ်းလျားမှောက် ရွေ့လျားလာပြီး တံခါးရှေ့ ရောက်တော့ ငုတ်တုတ် ထထိုင်လိုက်တယ်၊ ကျွန်တော်က သေနတ်



'ကျွန်တော့် ဦးဇော ကျွန်တော့်ကို အတင်း ဖယ်ထားတယ် ခင်ဗျ'



www.burmeseclassic.com

www.burmeseclassic.com




ကို ခွဲပြီး ထွက်လိုက်မယ့် အလုပ်မှာ ကျွန်တော့် မိန်းမဟာ ကျွန်တော့်ကို အတင်း ဖက်ထားတယ် ခင်ဗျ၊ ကျွန်တော်က အတင်း ရုန်းပေမဲ့ မရဘူး၊ တအား တွယ်ထားတယ်၊ ဒါနှင့် နောက်ဆုံးတော့ ကျွန်တော် ရုန်းပြီး အတင်း ပြေးသွားတယ်၊ ဒါပေမဲ့ ကျွန်တော် ရောက်တဲ့ အချိန်ကျတော့ အဲဒီ သတ္တဝါကို မတွေ့ရတော့ဘူး ခင်ဗျ၊ ခြေရာ လက်ရာတော့ ကျန်ရစ်ခဲ့တယ်၊ တံခါးပေါ်မှာ အရင်နှစ်ခါ ရေးဖူးပြီးသား အရုပ်ကလေးတွေကို တွေ့ရတယ်၊ အဲဒီ အရုပ်ကလေးတွေကို ကျွန်တော် ခု ကူးယူခဲ့ပါတယ်၊ ကျွန်တော်လည်း မကျေနပ်လို့ ခြံပတ်ပတ်လည်ကို လိုက်ရှာတော့ အဲဒီ သတ္တဝါရဲ့ အရိပ်အယောင်ကိုတောင် မတွေ့ရမမြင်ရတော့ဘူး ခင်ဗျ၊ ဒါပေမဲ့ မတွေ့မယ့်သာ မတွေ့တယ် အံ့သြစရာ ကောင်းတာက ဒီ သတ္တဝါဟာ တစ်ချိန်လုံး ခြံထဲမှာ ရှိနေပုံ ရတယ် ခင်ဗျ၊ မနက် လင်းလို့ အဲဒီ ပစ္စည်းရုံ တံခါးကို ကျွန်တော် ဆင်းကြည့်တော့ မနေ့ညက ရေးထားတဲ့ အရုပ်တန်းတွေ အောက်မှာ နောက်ထပ် အရုပ်တွေ ရေးထားတာကို တွေ့ရတယ် ခင်ဗျ'

'နောက်ထပ် တွေ့တဲ့ အရုပ်တွေကိုကော ကူးခဲ့သေးသလား'

'ဟုတ်ကဲ့၊ အရင်က အတန်းတွေလောက်တော့ မရှည်တော့ဘူး ခင်ဗျ၊ ခပ်တိုတိုပဲ၊ ဒါပေမဲ့ ကျွန်တော် ကူးထားလိုက်ပါတယ်၊ ဟောဒီမှာ'

မစ္စတာ ကျူးဗစ်က နောက်ထပ် စာရွက် တစ်ရွက် ထုတ်ပေး၏။ ကနေ သည့် အရုပ်ကလေးများမှာ အောက်ပါတို့ ဖြစ်လေ၏။



သူ့ မျက်လုံးများကို ကြည့်လိုက်ရုံဖြင့် ရှားလော့ဟုမ်းမှာ အလွန် စိတ်ပါဝင်စားလျက် ရှိကြောင်းဖြင့် ကျွန်ုပ် သိလိုက်လေပြီ။

'ဒါက ပထမ အကြောင်းကို ဆက်ရေးတာလား၊ ဒါမှမဟုတ် သတ်သတ် ရေးတာလား'

'တစ်ဖက် တံခါးရွက်မှာ ခင်ဗျ'

'ဟုတ်လိုက်လေဗျာ၊ ကျုပ်တို့ဆီမှာ ခုအချက်ဟာ အရေးကြီးဆုံးပဲ ခင်ဗျ၊ မျှော်လင့်ချက်ကလေး ရှိသွားပြီပေါ့၊ ကဲ မစ္စတာ ကျူးဗစ် နောက်ထပ် ဆက်ပြောပါဦး၊ ဘာဖြစ်သေးသလဲ'

'ဒီပြင်တော့ ဘာမှ ထူးထူးခြားခြား ပြောစရာ မရှိတော့ပါဘူး မစ္စတာ ဟုမ်း၊ သို့သော်လည်း ကျွန်တော် ဒီသတ္တဝါကို အမိ ဖမ်းမယ့် အလုပ်မှာ အတင်း





ပွဲတဲ့ အတွက်ကြောင့်တော့ ကျွန်တော့် မိန်းမကို တော်တော်လေး စိတ်ဆိုး ယ် ခင်ဗျ၊ သူကတော့ ကျွန်တော့်ကို ဘေးဥပဒ် အန္တရာယ် ဖြစ်မှာ စိုးလို့ ကာပါတဲ့၊ သူ ဒီလို ပြောလိုက်တော့ ဒါဖြင့် သူ ကြောက်နေတာဟာလည်း သတ္တဝါ အန္တရာယ် ပေးမှာကိုပဲ ဖြစ်ရမယ်လို့ ကျွန်တော် လက်ခနဲ သိလိုက် ယ်၊ ဒီလူဟာ ဘယ်သူလဲ၊ ဒီအရုပ်ကလေးတွေကို ရေးပြီး ပြနေတာဟာ ဘာ ပြီပြှာယ်လဲ ဆိုတာ သူ သိရမယ်လို့ ကျွန်တော် တထစ်ချ ယူဆလိုက်တယ်၊ ပေမဲ့ သူ့ မျက်နှာနှင့် သူ့ လေသံကို ကြည့်လိုက်တော့ ကျွန်တော် ဒီလို မထင် က်ပြန်ဘူး၊ သူ့ အကြည့်နှင့် သူ့ လေသံဟာ ကျွန်တော့် လုံခြုံရေးကို စိုးရိမ် လို့ ပြောတယ် ဆိုတာ ပေါ်နေတယ်၊ အဲဒါကတော့ အမှုနှင့် ပတ်သက်လို့ ဖြစ်ပုံ က်ပုံ အလုံးစုံပါပဲ ခင်ဗျာ၊ ဒီတော့ ကျွန်တော် ဘာလုပ်ရမလဲ ဆိုတာ စုံထောက် ကြီးဆီက အကြံဉာဏ် လိုချင်ပါတယ်၊ ကျွန်တော့် စိတ်ကူးကတော့ ကျွန်တော့် ရင်းငှား တပည့် လေးငါးယောက်လောက်ကို ချုံထဲမှာ အပုန်း ခိုင်းနေမယ်၊ အဲဒီ လာရင် ဖမ်းပြီး နောင်မှာ ကျွန်တော်တို့ကို မနှောင့်ယှက်နိုင်အောင် လုပ် ပွတ်လိုက်မယ်လို့ စိတ်ကူးပါတယ်'

'အင်း အမှုက ဒီလောက် လွယ်လွယ်နှင့် ရှင်းလို့ ရမယ့် ပုံတော့ မဟုတ် ဘူးဗျ၊ ရှိ နေစမ်းပါဦး၊ ခင်ဗျားက လန်ဒန်မှာ ဘယ်နှရက်လောက် ကြာကြာ နေနိုင်သေးသလဲ'

'ကျွန်တော် ဒီနေ့ပဲ ပြန်ရမယ် ခင်ဗျ၊ ကျွန်တော့် မိန်းမကို စိတ်မချဘူး၊ သူလည်း တော်တော် ချောက်ချားနေတယ်၊ ညကို ဆက်ဆက် ပြန်ခဲ့ပါလို့ တဖွဖွ ပြာလိုက်တယ်'

'ဟုတ်တယ်၊ ခင်ဗျား ပြောတာ မှန်တယ်၊ သို့သော်လည်း ခင်ဗျား နေနိုင် ယ် ဆိုရင်တော့ တစ်ရက် နှစ်ရက်လောက် အတွင်းမှာ ကျုပ်ကိုယ်တိုင် လိုက် နိုင်မှာပါလေ၊ ခုလောလောဆယ်တော့ ဒီစာရွက်တွေကို ကျုပ်ဆီမှာပဲ ထားခဲ့၊ ကြာခင် ဆိုရင်တော့ ခင်ဗျားဆီ ရောက်လာပြီး အမှုနှင့် ပတ်သက်လို့ အစအန ဖော်နိုင်ကောင်းရဲ့လို့ အောက်မေ့တာပဲ'

ရှားလော့ဟုမ်းကား စုံထောက် ပီပီ အမူသည် ရှေ့တွင် ဣန္ဒြေ ဆောင် နိုင်သူ တစ်ဦး ဖြစ်ပါပေ၏။ သို့ရာတွင် ကျွန်ုပ်ကား သူ့ အကြောင်းကို ကောင်း စွာ သိသည့် အလျောက် သူ မည်မျှ စိတ် လှုပ်ရှားနေကြောင်းကို အလွယ်တကူ သိလိုက်လေပြီ။ မစ္စတာ ကျူးဗစ်၏ ကျောပြင်ကျယ်ကြီး တံခါးပေါက်မှ ကွယ်သွားသည်နှင့် တစ်ပြိုင်နက် ရှားလော့ဟုမ်းသည် စားပွဲဆီသို့



www.burmeseclassic.com

www.burmeseclassic.com



ယား ပြေးသွားကာ ကနေသည့် လူရုပ်ကလေးများ ပါသည့် စက္ကူစများကို ဖြန့်လိုက်ပြီးလျှင် အမျိုးမျိုး တွက်ချက် စဉ်းစားလျက် ရှိလေ၏။

ရှားလော့ဟုမ်းသည် နှစ်နာရီခန့်ကြာမျှ စာရွက်ပေါ်တွင် အရုပ်ကလေးများနှင့် အက္ခရာများကို ရေးသားလျက် ရှိကာ သူ့ကိစ္စတွင် သူ များစွာ စိတ်ဝင်စားလျက် ရှိရကား အနီးတွင် ကျွန်ုပ် ရှိနေသည်ကိုပင် သတိရဟန် မတူတော့ချေ။ တစ်ခါတစ်ရံ၌ ရှားလော့ဟုမ်းသည် အဖြေ ထုတ်၍ ရသည့်နှယ် သီချင်းကလေး တအေးအေး လေကလေး တချွန်ချွန် ဖြစ်နေပြီး တစ်တုံ တစ်တုံတွင်လည်း စိတ် ရှုပ်ထွေး နောက်ကျူဟန်ဖြင့် မျက်မှောင်ကြီး ကုတ်ကာ တစ်နေရာရာကို ငေးစိုက် ကြည့်လျက် ရှိရင်း မလှုပ်မယှက် ထိုင်နေလေ၏။

နောက်ဆုံး၌မူ ရှားလော့ဟုမ်းသည် ကျေနပ် အားရသွားသည့်နှယ် 'နိုပ်ပြီကွ' ဟု တစ်ယောက်တည်း ပြောကာ ကုလားထိုင်မှ ထပြီးလျှင် လက်နှစ်ဖက်ကို ပွတ်ရင်း အခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်လျက် ရှိလေ၏။ ထိုနောက်တွင် ကြေးနန်း ပုံစံ စာရွက်ပေါ်တွင် ကြေးနန်း တစ်စောင်ကို ရှည်လျားစွာ ရေးလျက် ရှိလေ၏။

'ကျုပ် မျှော်လင့်ထားတဲ့ အတိုင်း မှန်နေရင်တော့ ခင်ဗျား မှတ်တမ်းထဲမှာ နောက်ထပ် စိတ်ဝင်စားစရာ အမှု တစ်ခု ရေးစရာ ရပြန်ပြီဗျို့၊ မနက်ဖြန်လောက် ဆိုရင်တော့ ကျုပ်တို့ နောဖော့ကို လိုက်ရလိမ့်မယ် ထင်တယ်၊ တအုံ့နွေးနွေး ဖြစ်နေတဲ့ ပြဿနာနှင့် ပတ်သက်လို့ ကျုပ်တို့ အမှုသည်ကို အဖြေတိတိကျကျ ပေးနိုင်လိမ့်မယ် ထင်တာပဲ'

ကျွန်ုပ်မှာ သိလိုစိတ် ပြင်းထန်လျက် ရှိလေပြီ။ သို့ရာတွင် ရှားလော့ဟုမ်းသည် သူ့ အဖြေကို သူ ကြိုက်သည့် အချိန်တွင် သူ ကြိုက်သည့် နည်းဖြင့် ပေးတတ်ကြောင်းကို ကျွန်ုပ် သိပြီးသား ဖြစ်သည့် အတွက် သူ ရွေးသည့် အချိန်ကို စောင့်ရတော့မည်သာ ဖြစ်ပေ၏။


သို့ရာတွင် ပြန်ရိုက်သော ကြေးနန်းမှာ ရုတ်တရက် ရောက်မလာချေ။ ထို နှစ်ရက် အတွင်း၌ ရှားလော့ဟုမ်းမှာ စိတ် မရှည်နိုင်ဘဲ ခေါင်းလောင်းသံကြားတိုင်း နားတစွင့်စွင့်နှင့် ဖြစ်လျက် ရှိလေ၏။

ဒုတိယမြောက် ညနေ၌မူ ဟီလတန် ကျူးဗစ်ထံမှ စာတစ်စောင် ရောက်လာလေ၏။ ထိုနေ့ မနက်က နေနာရီ စင်ကလေးပေါ်တွင် ရှည်လျားသည့် အရုပ်စာတန်း တစ်တန်းမှ အပ အခြား ဘာမျှ ထူးခြားခြင်း မရှိကြောင်းဖြင့် စာတွင် ဖော်ပြ ပါရှိလေ၏။





ကျူးဗစ်သည် ထိုအရုပ်များကိုလည်း ကူး၍ ပို့လိုက်ရာ ထိုအရုပ်များကို ...ာက်တွင် ဖော်ပြလိုက်ပေ၏။



ရှားလော့ဟုမ်းသည် ထိုအရုပ် စာတန်းကို မိနစ် အတန်ကြာမျှ ကြည့် ...ပြီးနောက် စိတ်ပျက် အံ့သြဟန်ဖြင့် လွှတ်ခနဲ အော်လိုက်လေ၏။ သူ့ မျက်နှာ ...ိုးရိမ် သောကကြောင့် တစ်မုဟုတ်ချင်း ချောင်ကျသွားခဲ့လေပြီ။

'ခရီးတော့ တော်တော် လွန်ကုန်ပြီ ထင်တယ်ဗျို့၊ ဒီနေ့ ညမှာ မြောက် ...်း ဝါရှမ်ကို သွားတဲ့ ရထား ရှိပါဦးမလား'

မီးရထား အချိန် စာရင်းကို ကြည့်လိုက်သည့် အခါတွင် နောက်ဆုံး ...ထားမှာ ယခုကလေးတွင်ပင် ထွက်သွားခဲ့လေပြီ။

'ဒီလိုဆိုရင်တော့ မနက်ဖြန်မှာ စောစောစီးစီး ထမင်း စားပြီး ပထမဆုံး ...ထားနှင့် လိုက်ရလိမ့်မယ်၊ ဟိုမှာ ကျုပ်တို့ ရှိဖို့ အရေးတကြီး လိုနေပြီ၊ ယော ...ို့ ကျုပ်တို့ မျှော်နေတဲ့ ကြေးနန်းတော့ ရောက်လာပြီ၊ ခဏ နေဦး မစ္စက် ...တ်ဆန်ရေ၊ အပြန် ကြေးနန်း ရိုက်ရဦးမလား မသိဘူး၊ အင်း မလိုတော့ဘူး ...ျ ကျုပ် တွက်ထားတဲ့ အတိုင်း ဖြစ်ပြီဗျို့၊ သူ့ကြေးနန်း ရောက်လာတော့ ကျုပ် ...ို့ ကြာကြာ ဆိုင်းလို့ မဖြစ်တော့ဘူး ဆိုတာ ပိုပြီး သေချာသွားပြီ၊ မစ္စတာ ...ကျူးဗစ်ကို အခြေအနေ အားလုံး ရှင်းလင်း ပြောပြဖို့ အရေးကြီးလာပြီ၊ ကျုပ် ...ို့ တောမြေပိုင်ရှင်ကလေး ခမျာ အတော် အန္တရာယ် ကြီးတဲ့ စက်ကွင်းထဲကို ...ရောက်နေပြီဗျ'

သို့ဖြင့် မူလက ကလေး ကစားစရာ အဖြစ်အပျက်လေး တစ်ခုဟု သာ ...န်အားဖြင့် ကျွန်ုပ် ထင်ခဲ့သည့် ဤအကြောင်းကို ရေးနေစဉ်တွင်ပင် ကျွန်ုပ် ...သည် ထိုစဉ်က ကြုံတွေ့ခဲ့ရသည့် စိတ်ပျက် ထိတ်လန့်ဖွယ်ကို ယခုတိုင် တွေး၍ ...ကြက်သီး ထမိပါသေးသည်။ ကျွန်ုပ်သည် စာဖတ်သူများအား ထို့ထက် စိတ် ...ျမ်းမြေ့စရာ အဆုံးသတ်ဖြင့် ရေးသား တင်ပြရမည်လောဟု စိတ်ကူးမိပါသေး ...သည်။ သို့ရာတွင် ကျွန်ုပ် ရေးနေသော မှတ်တမ်းမှာ အချက်အလက်များကို ...င်ပြသည့် မှတ်တမ်း တစ်ခု ဖြစ်လေရကား အင်္ဂလန်ပြည် အနှံ့အပြားတွင် ...ရစ်ဒလင်း သော်ပီ အိမ် အမှုဟု ပြောစမှတ် ပြုလောက်သော နာမည် တွင် ...ဖြစ်စေခဲ့သော ထူးဆန်းသည့် ထို အဖြစ်အပျက်ကြီး၏ အမှောင်ဆုံး ...ိုပါ ထည့်သွင်း မှတ်တမ်းတင် ရတော့မည် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြောက်ပိုင်း ဝါရှမ်သို့ ရောက်ပြီး ရထားပေါ်မှ ဆင်းလျှင် ဆင်းချင်း ကျွန်ုပ်တို့ သွားရောက်မည့် နေရာကို ပြောပြလိုက်သည်တွင် မီးရထား ရုံပိုင်သည် ကျွန်ုပ်တို့ဆီသို့ ပျာယီးပျာယာ ပြေးလာကာ 'လန်ဒန်က လိုက်လာတဲ့ စုံထောက်တွေလား ခင်ဗျာ' ဟု မေးလေ၏။

ရှားလော့ဟုမ်း၏ မျက်နှာပေါ်တွင် မနှစ်သက်သည့် အရိပ် အယောင် လွှမ်းသွားသည်ကို ကျွန်ုပ် သတိပြုလိုက်မိလေ၏။

'ဘာကြောင့်များ ဒီလို မေးရတာတုံး ခင်ဗျာ'

'နောဝုဒ်က လိုက်လာတဲ့ ပုလိပ် အင်စပက်တော် မာတင်လည်း ခုပဲ ဆင်းသွားလို့ပါ၊ ဒါမှမဟုတ်ရင်လည်း မိတ်ဆွေကြီးတို့က ဆရာဝန်တွေများ ဖြစ်နေမလား၊ အမျိုးသမီးကတော့ မသေသေးဘူး ခင်ဗျ၊ နောက်ဆုံး ကြားတဲ့ သတင်းအတိုင်း ဆိုရင်ပေါ့လေ၊ ဆရာဝန်ကြီးတို့ အချိန်မီ ရောက်ရင် အသက်ကို ကယ်ချင်လည်း ကယ်နိုင်ဦးမှာပါ၊ ကယ်နိုင်ရင်လည်း သူ့ကို စက်တိုင် တက်ဖို့ ကယ်တင်ပေးတာနှင့် အတူတူ နေမှာပါပဲ'



'လန်ဒန်က လိုက်လာတဲ့ စုံထောက်တွေလား ခင်ဗျာ'





ရှားလော့ဟုမ်း၏ မျက်နှာမှာ စိုးရိမ်စိတ်ဖြင့် မည်းမှောင်လျက် ရှိလေပြီ။

'ကျုပ်တို့ ခု ရစ်ဒလင်း သော်ပီအိမ်ကို သွားမလို့ပဲဗျ၊ ဒါပေမဲ့ ဘာမှလည်း မကြားရပါကလား'

'အဖြစ်ကတော့ တော်တော်လေးကို ဆိုးပါတယ် ခင်ဗျာ၊ မစ္စတာ ကျူးဗစ်ရော သူ့ မိန်းမရော နှစ်ယောက်စလုံး သေနတ် မှန်တယ် ခင်ဗျ၊ သူ့ မိန်းမက သူ့ ယောကျ်ားကို သေနတ်နှင့် ပစ်သတ်လိုက်တယ်၊ ပြီးတော့ သူ့ကိုယ်သူလည်း သေနတ်နှင့် ပစ်သတ်လိုက်တယ်၊ ဒါကတော့ အစေခံတွေက ပြောတာပေါ့လေ၊ ယောကျ်ားကတော့ သေရှာပြီ ခင်ဗျ၊ မိန်းမကတော့ မသေသေးဘူး၊ ဖြစ်မှ ဖြစ်ရလေ ခင်ဗျာ၊ ကျွန်တော်တို့ နယ်မှာ ရှေးအကျဆုံး ဆွေမျိုးစု၊ တစ်နယ်လုံးက သိပ်ပြီး လေးစားကြတာ'

ရှားလော့ဟုမ်းသည် စကား တစ်လုံးမျှ မပြောဘဲ မြင်းရထား တစ်စင်းပေါ်သို့ ခပ်သုတ်သုတ် တက်လေ၏။ ဘူတာမှ ခုနစ်မိုင်ခန့် ခရီး တစ်လျှောက်လုံးတွင် ရှားလော့ဟုမ်းသည် စကား ဆို၍လည်း တစ်လုံးမျှ မဟတော့ချေ။ ရှားလော့ဟုမ်း တစ်ယောက် ဤမျှ စိတ်ပျက်လက်ပျက် ဖြစ်နေပုံကို ကျွန်ုပ် ဤတစ်ကြိမ်သာလျှင် တွေ့ဖူးသေး၏။ ရှားလော့ဟုမ်းသည် လန်ဒန်မှ ထွက်လာကတည်းက ယောက်ယက်ခတ်လျက် ရှိကာ မနက်ထုတ် သတင်းစာများကို စိုးရိမ်တကြီးဖြင့် ဖတ်ရှုလျက် ရှိသည်ကို ကျွန်ုပ် သတိပြုခဲ့မိပေ၏။ သို့ရာတွင် ယခု အချိန်၌မူ ရှားလော့ဟုမ်းမှာ အကြီးအကျယ် စိတ်ညစ်လျက် ငူငူကြီး ဖြစ်နေလေပြီ။

ရှားလော့ဟုမ်းသည် ရထား ထိုင်ခုံ နောက်ကို မှီထိုင်ကာ မျက်မှောင်ကြီး ကုတ်ရင်း စဉ်းစား လိုက်ပါလာလေ၏။ သို့တိုင်အောင် ကျွန်ုပ်တို့မှာ ကော့တိတ်ချ် ခေါ် တစ်ထပ်တိုက် အိမ်ကလေးတွေ ကျိုးတိုးကျဲတဲ၊ ဘုရားရှိခိုး ကျောင်းမှ စုလစ်မွမ်းချွန်တို့ ထိုးထိုးထောင်ထောင်၊ တောတောင် ရှုခင်းတို့ သာတောင့်သာယာဖြင့် ရှေး အင်္ဂလိပ် လူမျိုးတို့၏ ဂုဏ် ကျက်သရေကို ဖော်ပြလျက် ရှိသည့် ထူးခြားသော အင်္ဂလိပ် ကျေးလက် တစ်ခွင်ကို ဖြတ်သန်း သွားလာလျက် ရှိသည့် အလျောက် ပတ်ဝန်းကျင် တစ်ခိုတွင် စိတ်ဝင်စားစရာတွေ ပြည့်နှက်လျက် ရှိပေ၏။

နောက်ဆုံး၌ ကျွန်ုပ်တို့သည် ခရမ်းရောင် မှိုင်းနေသော အရှေ့ဘက် ပင်လယ်ကြီးနှင့် တကွ အစိမ်းရောင် တောက်လျက် ရှိသော နောဖော့ ကမ်းခြေကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမြင်နေရလေပြီ။ ရထားသမားသည် သစ်ပင်များ ကြားမှ ထိုးထွက်နေသော သစ်သားနှင့် အုတ်ကြွပ်တို့ စပ်ထားသည့် နှစ်ဆောင်ပြိုင် အမိုးကြီးများကို ကျာပွတ်ဖြင့် ထိုးပြရင်း 'အဲဒါ ရစ်ဒလင်း သော်ပီ အိမ်ပေါ့' ဟု ပြောလေ၏။

အိမ်ရှေ့ ဆင်ဝင် အောက်သို့ ကျွန်ုပ်တို့ ရထား ရပ်လိုက်သည်နှင့် တင်းနစ်ကွင်း တစ်ဖက်၌ ကျွန်ုပ်တို့ ကြားဖူးနေသော ဥယျာဉ် ပစ္စည်းများ ထားသည့် တဲကလေးနှင့် နေနာရီ စင်ကလေးကို သတိ ပြုလိုက်မိပေ၏။ မုတ်ဆိတ်မွေးကို တောင့်နေအောင် ဖယောင်း တိုက်ထား၍ အဝတ်အစားကို သပ်သပ်ရပ်ရပ် ဝတ်ထားသည့် လူခပ်ညှက်ညှက် တစ်ယောက်သည် ဒေါက်ကပ် ရထား မြင့်မြင့်ကြီး တစ်စင်းပေါ်မှ ခပ်သွက်သွက် ဆင်းလာသည်ကို မြင်ရလေ၏။

ထိုလူက မိမိမှာ နောဖော့ ပုလိပ် အဖွဲ့မှ အင်စပက်တော် မာတင် ဖြစ်ကြောင်း သူ့ကိုယ်သူ မိတ်ဆက်ပြီးလျှင် ကျွန်ုပ်၏ မိတ်ဆွေကြီး၏ အမည်ကို ကြားသည့် အခါ၌ အတန်ငယ် အံ့အားသင့်သွားဟန် ရှိလေ၏။

'ဟင် မစ္စတာ ဟုမ်း ဟုတ်လား၊ အမှုက ဒီနေ့ မနက် သုံးနာရီမှ ဖြစ်တာ၊ ဒီသတင်းကို လန်ဒန်ကနေ ဘယ်လိုလုပ် သိပြီး ဒီနေရာကို ဘယ့်နှယ်လုပ် ကျွန်တော်နှင့် ပြိုင်တူ ရောက်လာရတာလဲ'

'ဖြစ်မယ်လို့ ကျုပ် ထင်ထားလို့ပေါ့၊ ဒါကြောင့် မဖြစ်ခင် ကြိုတင် တားဆီး ရအောင် ရောက်လာတာ'

'ဒီလိုဆို ကျွန်တော် မသိသေးတဲ့ အရေးကြီးတဲ့ အထောက်အထားတွေ ရထားရောပေါ့၊ သူတို့ လင်မယားဟာ တော်တော် ကြင်ကြင်နာနာ ရှိတယ်လို့ ပြောတာပဲ'

'ကျုပ်မှာတော့ အထောက်အထား အဖြစ် ကနေတဲ့ လူရုပ်ကလေးတွေပဲ ရှိတယ်ဗျ၊ နောက်တော့ ခင်ဗျားကို ရှင်းပြမယ်လေ၊ ခုဟာက ကိစ္စ ပြီးနေပြီ ဆိုတော့ ကြိုတင် တားလို့လည်း မရတော့ဘူး၊ သို့သော်လည်း တရား ဥပဒေ အရ မှန်မှန်ကန်ကန် ဖြစ်အောင် ကျုပ် သိထားတာကလေးတွေကို အသုံးချဖို့ပဲ ရှိတော့တာပေါ့၊ ဒီတော့ အမှုကို စုံစမ်း ထောက်လှမ်းတဲ့ နေရာမှာ ကျုပ်နှင့် ပေါင်းပြီး လုပ်ကြမလား၊ သို့တည်းမဟုတ် ကျုပ် ဘာသာ ကျုပ် သီးခြား လုပ်ရမလား'

'ဟာ၊ ဘယ့်နှယ် ပြောပါလိမ့် စုံထောက်ကြီးရယ်၊ စုံထောက်ကြီးနှင့် ပူးပေါင်း လုပ်ရရင် အတိုင်းထက် အလွန်ပေါ့' ဟု အင်စပက်တော် မာတင်က အားရဝမ်းသာ ပြောလေ၏။





'ဒီလိုဆိုရင် အချိန် မဆိုင်းတော့ဘဲ သက်သေ ထွက်ချက်တွေကို နားထောင်ပြီး အိမ်ထဲကို ဝင် စစ်ဆေး ကြည့်ချင်တယ်ဗျ'

အင်စပက်တော် မာတင်သည် မိတ်ဆွေကြီး ရှားလော့ဟုမ်းအား သူ့သဘောအတိုင်း စစ်ဆေးရန် ခွင့်ပြုပြီးနောက် သူကိုယ်တိုင်မှာမူကား တွေ့ရှိချက်များကို လိုက်လံ မှတ်သားလျက် ရှိလေ၏။ အသက် ကြီးကြီး ဆံပင် ဖြူဖြူနှင့် နယ်ခံ ဆရာဝန်သည်လည်း မစ္စက် ကျူးဗစ်၏ အခန်းကို စစ်ဆေး ကြည့်ရှုပြီး ဆင်းလာကာ မစ္စက် ကျူးဗစ်၏ ဒဏ်ရာမှာ တော်တော် ကြီးသည့်တိုင် မျှော်လင့်ချက် ရှိသေးကြောင်းဖြင့် ပြောပြလေ၏။ ကျည်ဆန်မှာ ဦးနှောက် ရှေ့ပိုင်းကို ဖောက်ထွက်သွားခြင်း ဖြစ်သည့် အတွက် တော်တော်နှင့် သတိ ရဦးမည် မဟုတ်ဟု သိရ၏။

မစ္စက် ကျူးဗစ်သည် သေနတ် ပစ်ခံရခြင်းလော၊ သို့မဟုတ် သူ့ကိုယ်သူ ပစ်သတ်ခြင်းလောဟု မေးမြန်းသည့် အခါတွင် ဆရာဝန်မှာ ပြတ်ပြတ်သားသား မပြောရဲဘဲ တွန့်ဆုတ်ဆုတ် ဖြစ်လျက် ရှိလေ၏။ မည်သို့ဖြစ်စေ အနီးမှ ကပ်၍ ပစ်လိုက်သော ကျည်ဆန် ဖြစ်ကြောင်းမှာကား ထင်ရှားလျက် ရှိလေ၏။ အခန်းထဲတွင် သေနတ် တစ်လက်တည်းကိုသာ တွေ့ရပြီး ကျည်ဆန် နှစ်တောင့် ပစ်ထားသည်ကိုလည်း တွေ့ရလေ၏။ မစ္စတာ ကျူးဗစ်မှာကား နှလုံး တည့်တည့် နေရာကို ထိမှန်ထားခြင်း ဖြစ်၏။ သူတို့ နှစ်ယောက်ကြား ကြမ်းပြင်ပေါ်တွင် သေနတ်ကို တွေ့ရသည့် အတွက် ယောကျာ်းက မိန်းမကို အရင် ပစ်ပြီး သူ့ကိုယ်သူ ပစ်သတ်ခြင်းလည်း ဖြစ်နိုင်သကဲ့သို့ မိန်းမက အရင် ပစ်ခြင်းလည်း ဖြစ်နိုင်ပေ၏။

'အလောင်းကို ရွှေ့ထားသေးသလား' ဟု ရှားလော့ဟုမ်းက မေး၏။

'အမျိုးသမီးကိုသာ ရွှေ့တာ၊ တခြား ဘာကိုမှ မရွှေ့ဘူး ခင်ဗျ၊ အမျိုးသမီးကတော့ ဒဏ်ရာကြီးနှင့် ဆိုတော့ ကြမ်းပေါ်မှာ ဒီအတိုင်း ထားလို့ မဖြစ်လို့'

'ဒေါက်တာ ဒီကို ရောက်လာတာ ဘယ်လောက် ကြာပြီလဲ'

'မနက် လေးနာရီ ထိုးကတည်းက'

'ဒီမှာ ဘယ်သူ ရှိသလဲ'

'ပုလိပ် တစ်ယောက် တွေ့ပါတယ်'

'ဘာကိုမှ ထိတာ ကိုင်တာ မရှိဘူးနော်'

'မရှိပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဒေါက်တာ တော်တော် အမြော်အမြင် ရှိရှိနှင့် လုပ်ထားတာပဲ၊ ဒေါက်တာ့ကို ဘယ်သူ အခေါ် လွှတ်တာလဲ'

'အိမ်မှာ ခိုင်းတဲ့ ဆောင်းဒါး ဆိုတဲ့ အမျိုးသမီး ခင်ဗျ'

'ပုလိပ်ကို တိုင်တာလည်း သူပဲလား'

'သူနှင့် ထမင်းချက် မိန်းမကြီး မစ္စက် ကင်းပါ'

'ခု သူတို့ကော'

'မီးဖိုထဲမှာ ရှိတယ် ထင်ပါတယ်'

'သူတို့ ထွက်ချက်ကို ချက်ချင်း ယူဖို့ အရေးကြီးတယ်ဗျ'

အတွင်းတွင် ဝက်သစ်ချ သုံးထပ်သားများ ကာထားလျက် ပြတင်းပေါက် မြင့်မြင့်ကြီးတွေ ရှိသည့် ဧည့်ခန်းကြီးမှာ အမှု စစ်ဆေးရာ ရုံးခန်းမကြီး သဖွယ် ဖြစ်နေလေ၏။ ရှားလော့ဟုမ်းသည် နောက်မှီ အမြင့်ကြီး ရှိသည့် ရှေးကုလားထိုင်ဟောင်းကြီး တစ်ခုံပေါ်တွင် ထိုင်လျက် ရှိပြီး ချိုင့်ဝင်နေသော မျက်တွင်းများထဲရှိ မျက်လုံးများမှာ တဖျပ်ဖျပ် တောက်ပလျက် ရှိကြပေ၏။ ရှားလော့ဟုမ်း၏ မျက်လုံးများကို ကြည့်ခြင်းဖြင့် သူ ကယ်တင်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ဘဲ သေဆုံးသွားခဲ့ရသည့် သူ့ အမှုသည် အတွက် ထိုအမှုကို မပေါ် ပေါ်အောင် လိုက်လံ စုံစမ်းတော့မည်ဟု သန္နိဋ္ဌာန် ချထားသကဲ့သို့ ရှိပေ၏။

ထိုအခန်းထဲတွင် ကျန်လူများမှာ အဝတ်အစားကို စတိုင်ကျကျ ဝတ်ထားသည့် အင်စပက်တော် မာတင်၊ နှုတ်ခမ်းမွေးတို့ ဖြူဖွေးနေသည့် အသက်ကြီးကြီး နယ်ခံ ဆရာဝန်နှင့် ကိုယ်လုံးကိုယ်ပေါက် တုတ်တုတ်ခိုင်ခိုင် ရှိသော ကျေးရွာ ပုလိပ် ဌာနမှ ပုလိပ်သားကြီးတို့သာလျှင် ရှိပေ၏။

ထမင်းချက် မိန်းမကြီးနှင့် အိမ်စေ အမျိုးသမီးတို့က သူတို့ တွေ့ရသည်များကို ရှင်းလင်းစွာ ပြောပြရာတွင် ၎င်းတို့ နှစ်ယောက်စလုံးသည် ပေါက်ကွဲသံကြောင့် အိပ်ရာမှ နိုးလာခဲ့ကြကြောင်း၊ တစ်မိနစ်ခန့် အကြာတွင် နောက်ထပ် သေနတ်သံ တစ်ချက်ကို ကြားရပြန်ကြောင်း၊ အခန်းချင်း ကပ်လျက် အိပ်ကြကြောင်း၊ သေနတ်သံကို ကြားသည့် အခါတွင် မစ္စက် ကင်းသည် ဆောင်းဒါး အခန်းထဲသို့ ပြေးဝင်လာခဲ့ကြောင်း၊ နှစ်ယောက် အတူ အောက်ထပ်သို့ ဆင်းလာခဲ့ကြကြောင်း၊ အောက်ထပ် ဧည့်ခန်းသို့ ရောက်သည့် အခါတွင် တံခါးမှာ ပွင့်လျက် ရှိပြီး စားပွဲပေါ်တွင် ဖယောင်းတိုင် တစ်တိုင်ကို ထွန်းထားကြောင်း၊ သူတို့ သခင် မစ္စတာ ကျူးဗစ်မှာ အခန်း အလယ်ကောင်တွင် မှောက်လျက် လဲ





ပြီး သွားကြည့်သည့် အခါတွင် အသက် မရှိတော့ကြောင်း၊ မစ္စက် ကျူးဗစ်မှာ အကြီးအကျယ် ဒဏ်ရာ ရပြီး မျက်နှာ တစ်ခြမ်းမှာ သွေးခြင်းခြင်း နီရဲလျက် ကြောင်း၊ အသက်ကို ပြင်းစွာ ရှူလျက် ရှိသည့်တိုင် စကား မပြောနိုင်တော့ ကြောင်း၊ စင်္ကြံနှင့် အခန်းမှာ မီးခိုးများ ယမ်းနံ့များဖြင့် ဖုံးလွှမ်းလျက် ရှိကြောင်း၊ တင်းပေါက်များကို သေချာစွာ ပိတ်ထားပြီး အတွင်းမှ မင်းတုပ် ထိုးထား ကြောင်းဖြင့် ပြောပြကြ၏။

၎င်းတို့ နှစ်ယောက်သည် ဆရာဝန်နှင့် ပုလိပ်ကို အခေါ် ခိုင်းလိုက်ကြ ကြောင်း၊ မြင်းထိန်းနှင့် မြင်းဇောင်း စောင့်သည့် လူငယ်ကလေးတို့၏ အကူ ညီဖြင့် ဒဏ်ရာ ရနေသော သူတို့ သခင်မကို အခန်းထဲသို့ ပြောင်းရွှေ့ထား ကြောင်း၊ လင်မယား နှစ်ယောက်စလုံး၏ အိပ်ရာများမှာ ယမန်နေ့ ညက ပိတ်စက်ထားသည့် လက္ခဏာများကို တွေ့ရကြောင်း၊ မစ္စက် ကျူးဗစ်မှာ အဝတ် စား အပြည့်အစုံ ဝတ်ထားပြီး မစ္စတာ ကျူးဗစ်မှာ ညဝတ် အင်္ကျီများပေါ်မှ ၍ ညဝတ်ရုံ အင်္ကျီရှည်ကြီးကို ဝတ်ထားကြောင်း၊ ဧည့်ခန်းထဲမှ မည်သည့် ပစ္စည်းကိုမျှ ပြောင်းရွှေ့ခြင်း မပြုဘဲ နဂို အတိုင်း ထားရှိကြောင်း၊ မိမိတို့ သိရ သလောက် ဆိုလျှင် ထိုလင်မယားမှာ တစ်ခါမှ ကတောက်ကဆ ဖြစ်သည်ကို တွေ့ရကြောင်း၊ အလွန် စိတ်တူ ကိုယ်တူ ရှိသည့် လင်မယား ဖြစ်ကြောင်းဖြင့် ထွက်ဆိုသွားကြလေ၏။

ဤသည်တို့မှာ အိမ်စေများ၏ ထွက်ချက်ထဲမှ အရေးကြီးသည့် အချက်များ ဖြစ်ပေ၏။ အင်စပက်တော် မာတင်က မေးသဖြင့် ၎င်းတို့က ဖြေကြားရာတွင် အိမ်တံခါးတိုင်းကို အတွင်းမှ အလုံ ပိတ်ထားသဖြင့် မည်သူမှ ထွက်ပြေး နိုင်မည် မဟုတ်ကြောင်းဖြင့် ပြောဆိုသွားကြသည်။ ရှားလော့ဟုမ်းက မေးသဖြင့် ဖြေကြားရာတွင် ၎င်းတို့က အပေါ်ထပ်ရှိ သူတို့ အိပ်ခန်းမှ ထွက်လျှင် ထွက်ချင်း ယမ်းနံ့တို့ မွှန်ထူလျက် ရှိသည်ကို သတိ ပြုမိကြောင်း ပြောဆို သွားကြလေ၏။

ရှားလော့ဟုမ်းက

'အင်စပက်တော်ကြီး သေသေချာချာ သတိပြုစေချင်တယ်ဗျ၊ ကဲ ကျုပ်တို့ တစ်တွေ အခန်းကို ကြည့်ရင် ရပါပြီလေ'


စာကြည့်ခန်းမှာ ခပ်သေးသေး အခန်းကလေး တစ်ခု ဖြစ်ပြီး နံရံ သုံးဖက်တွင် စာအုပ်များ စီထားလျက် ဥယျာဉ်ဘက်သို့ မျက်နှာ မူနေသည့် ပြတင်း ပေါက် တစ်ပေါက် အနီးတွင် စာကြည့် စားပွဲကလေး တစ်လုံးကို တွေ့ရလေ၏။ ကျွန်ုပ်တို့သည် ကြမ်းပြင်ပေါ်တွင် မှောက်လျက် လဲကျ သေဆုံးနေသည့် ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com





*အိပ်ခန်းမှ ထွက်လျှင် ထွက်ချင်း*
*ယမ်းနံ့တို့ မှန်ထူလျက် ရှိကြောင်း …*

တို့ အမှုသည် မစ္စတာ ကျူးဗစ်၏ အလောင်းကို ပထမဆုံး ကြည့်ရှု စစ်ဆေးကြ၏။

ကျည်ဆန်မှာ ရှေ့တည့်တည့်မှ ပစ်လိုက်သော ကျည်ဆန် ဖြစ်ပြီး နှလုံးကို ဖောက်ထွင်းကာ အပြင်သို့ မထွက်ဘဲ အထဲတွင် ကျန်လျက် ရှိလေ၏။ သေသူမှာ ပွဲချင်းပြီး သေဆုံးသွားခြင်း ဖြစ်ကြောင်း ထင်ရှား၏။ သေသူ၏ အင်္ကျီပေါ်တွင် လည်းကောင်း၊ လက်ပေါ်တွင် လည်းကောင်း ယမ်းငွေ့ လောင်ထားသည့် လက္ခဏာကို မတွေ့ရချေ။ နယ်ခံ ဆရာဝန်၏ အဆိုအရမူ အမျိုးသမီး၏ မျက်နှာပေါ်တွင် ယမ်းငွေ့ လောင်ထားသည်ကို တွေ့ရသော်လည်း လက်ပေါ်တွင် မတွေ့ရဟု ဆို၏။

'လက်ပေါ်မှာ ယမ်းငွေ့ လောင်ထားတာ တွေ့ရင်တော့ တော်တော် စဉ်းစားစရာ ရှိတယ်ဗျ၊ သို့သော်လည်း ခု လက်မှာ ဘာမှ မတွေ့ရဘူး ဆိုတော့ သိပ်





…ငိုးစားဖို့ မလိုတော့ပါဘူး၊ ကျည်ကို ကျည်အိမ်ထဲ ရောက်အောင် ဖြောင့်ဖြောင့် …နိုးတန်း ထိုးတတ်ပြီ ဆိုရင် ကျည် နောက်ပြန် မကန်တဲ့ အတွက် လက်ကို …ယမ်းငွေ့ မလောင်ဘဲ ဘယ်နှချက် ပစ်ပစ် ကြိုက်သလောက် ပစ်နိုင်ပါတယ်၊ ကဲ …စ္စတာ ကျူးဗစ်ရဲ့ အလောင်းကို ရွှေ့လိုက်လို့ ရပါပြီ၊ အမျိုးသမီးကို မှန်တဲ့ …ကျည်ဆန်ကိုတော့ ဒေါက်တာ ခုထိ မတွေ့သေးဘူးနော်'

'ကျည်ဆန်က ကိုယ်ထဲမှာ ရောက်နေတော့ ကျကျနန ခွဲစိတ်ပြီးမှ ထုတ်…လို့ ရလိမ့်မယ် ထင်တယ်၊ ဒါပေမဲ့ သေနတ်ထဲမှာက ကျည်ဆန် လေးတောင့် …ကျန်သေးတယ် ခင်ဗျ၊ ကျည်ဆန်ကို နှစ်တောင့် ပစ်ထားတယ်၊ ဒဏ်ရာကလည်း …နှစ်ချက် တွေ့ထားတယ် ဆိုတော့ ကျည်တစ်တောင့်ကို တစ်ချက် မှန်တယ်လို့ …ယူဆရမှာပဲ'

'အင်း ယူဆမယ် ဆိုလည်း ယူဆစရာပေါ့လေ၊ ဒီအတိုင်း ဆိုရင် ဟောဒီ ပြတင်းပေါက် ဘောင်အစွန်းကို တည့်တည့်ကြီး မှန်ထားတဲ့ဟာကိုလည်း ကျည်…ဆန်ရာလို့ ပြောရလိမ့်မယ် ထင်တယ်ဗျ'

ရှားလော့ဟုမ်းသည် ချာခနဲ လှည့်လိုက်ပြီးနောက် ပြတင်းပေါက် အောက်…ဖက်လက်မ အကွာရှိ အပေါက် တစ်ပေါက်ကို သေးသွယ် ရှည်လျားသည့် လက်ညှိုးဖြင့် ထိုးပြထားလေ၏။

'ဘုရားရေ၊ စုံထောက်ကြီး ဘယ်လို လုပ်ပြီးများ တွေ့လိုက်သလဲ မသိဘူး' ဟု အင်စပက်တော် မာတင်က အော်လိုက်သည်။

'ဒီအပေါက်ကို လိုက်ရှာနေတာကိုးဗျ၊ တွေ့မှာပေါ့'

ဆရာဝန်က

'အံ့ပါရော ခင်ဗျာ၊ ဟုတ်တာပေါ့၊ တတိယ အချက် ပစ်ထားတာ တွေ့ရတယ် ခင်ဗျ၊ ဒါကြောင့်မို့ တတိယလူ တစ်ယောက် ရှိနေတယ် ဆိုရမယ်၊ သို့သော်လည်း ဘယ်သူမှန်းလဲ မသိ ဘယ်လိုလုပ်ပြီး ပြန်ထွက်သွားမှန်းလဲ မသိ ကာက ခက်လှတယ်ဗျာ'

'ခု ကျုပ်တို့ ရှင်းရမှာက အဲဒီ ပြဿနာပဲ၊ အိပ်ခန်းထဲက ထွက်ထွက်ချင်း ယမ်းစိုးစော် နံနေတယ်လို့ အိမ်ဖော် အမျိုးသမီးကြီး နှစ်ယောက် ထွက်သွားတာကို ခင်ဗျား မှတ်မိတယ်နော် အင်စပက်တော်ကြီး၊ အဲဒီတုန်းက ဒီအချက်ဟာ တော်တော် အရေးကြီးတယ်လို့ ကျုပ်တောင် ပြောခဲ့သေးတယ်လေ'

'ဟုတ်ကဲ့၊ မှတ်မိပါတယ်၊ ဒါပေမဲ့ ကျွန်တော်ဖြင့် စုံထောက်ကြီး ပြောတာကို သိပ် နားမရှင်းလှသေးဘူး ခင်ဗျ'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်းပါတယ်ဗျာ၊ သေနတ် ပစ်မှု ဖြစ်နေတုန်းက ပြတင်းပေါက်တွေနှင့် တံခါးတွေဟာ ဖွင့်ပြီးသား ဖြစ်တယ် ဆိုတာကို ဒီအချက်က ပြနေတယ်ဗျ၊ အကယ်၍ တံခါးတွေ ပြတင်းပေါက်တွေကို ဖွင့်မထားဘူး ဆိုရင် ယမ်းငွေ့ဟာ အိမ်ထဲမှာ ဒီလောက် မြန်မြန်ဆန်ဆန် မပျံ့နိုင်ဘူး၊ ဒီလို မြန်မြန်ဆန်ဆန် ပျံ့သွားဖို့ အတွက် အခန်းထဲမှာ လေစီမ်း ဝင်လာဖို့ လိုတယ်၊ သို့သော်လည်း တံခါးကိုရော ပြတင်းပေါက်ကိုရော ခဏသာ ဖွင့်ပြီး ပြန်ပိတ်လိုက်တယ်ဗျ'

'ဒါကို ဘယ်လို လုပ်ပြီး သက်သေ ပြမလဲ'

'ဖယောင်းတိုင် မီးလောင်ပုံဟာ ညီနေပြီး ဘေးမှာ ဖယောင်းတွေ စီးကျမနေဘူးဗျ'

'ဟုတ်လိုက်လေ ခင်ဗျာ၊ မှန်လိုက်လေ' ဟု အင်စပက်တော် မာတင်က အော်လိုက်၏။

'ဒီတော့ အချင်း ဖြစ်ပွားတဲ့ အချိန်တုန်းက ပြတင်းပေါက်ဟာ ပွင့်နေတယ် ဆိုတာ သေချာပေါက် ထားပြီး တွက်လိုက်ရင် ဒီကိစ္စမှာ တတိယလူ တစ်ယောက် ပါနေရမယ်၊ ဒီလူဟာ ပြတင်းပေါက် အပြင်ဘက်က နေပြီး အထဲကို လှမ်းပစ်တာ ဖြစ်ရမယ်၊ အဲဒီ လူကို ပြန်အပစ်မှာ ပြတင်းပေါက် ဘောင်ကို ထိသွားတာ ဖြစ်ပုံ ရတယ်၊ ကျုပ် ကြည့်လိုက်တော့ ဟောဟိုမှာ ကျည်ဆန်ရာကို သွားတွေ့တာပဲ'

'ဒါဖြင့်ရင် ပြတင်းပေါက်တွေက ဘယ်လိုလုပ် ပိတ်သွားပြီး ဘယ်လိုလုပ် မင်းတုပ် ထိုးလျက် ဖြစ်နေရတာလဲ'

'မစ္စက် ကျူးဗစ်က မိန်းမတွေရဲ့ ပကတိဉာဏ် အရ ချက်ချင်း သတိရပြီး ပြတင်းပေါက်တွေကို ပိတ်လိုက်တာ ဖြစ်မှာပေါ့၊ အလို ဟောဒီမှာ ဘာလဲဗျို့'

ထိုအရာမှာ စာကြည့်ဆောင်ထဲရှိ စားပွဲပေါ်တွင် တင်ထားသည့် အမျိုးသမီး လက်ကိုင်အိတ် တစ်လုံး ဖြစ်ပြီး မိကျောင်းရေဖြင့် ချုပ်ထားလျက် အနားတွင် ကွပ်ထားလေ၏။

ရှားလော့ဟုမ်းသည် လက်ကိုင်အိတ်ကို ဖွင့်လိုက်ပြီး အထဲမှ ပစ္စည်းများကို သွန်ချလိုက်လေ၏။ အထဲတွင် အင်္ဂလန်ဘဏ်မှ ထုတ်ဝေသည့် ပေါင် ၅၀ တန် ငွေစက္ကူ အရွက် နှစ်ဆယ် ဖြစ်ပြီး သားရေကွင်းကလေးဖြင့် စည်းထားလေ၏။ ထိုမှ လွဲလျှင် ဘာမှ မတွေ့ရချေ။

ရှားလော့ဟုမ်းက ငွေစက္ကူများကို ပြန်ထည့်ပြီး လက်ကိုင်အိတ်ကလေး





ကို အင်စပက်တော် မာတင်သို့ လှမ်းပေးလိုက်ရင်း


'ဒီပစ္စည်းကို သေသေချာချာ သိမ်းထားဗျ၊ အမှုတင်တဲ့ အခါမှာ အရေးကြီး လာလိမ့်မယ်၊ တတိယ ကျည်ဆန် အကြောင်းကိုလည်း စဉ်းစားဖို့ လိုလာပြီဗျ၊ အထဲက သစ်သားစတွေ ဖွာထွက်နေတာကို ထောက်ရင် ဒီကျည်ဆန်ဟာ အခန်းထဲကနေ ပစ်လိုက်တဲ့ ကျည်ဆန် ဆိုတာ ထင်ရှားတယ်၊ ထမင်းချက် အဘွားကြီး မစ္စက် ကင်းကို နောက်တစ်ခေါက်လောက် ပြန်မေးချင်သေးတယ်ဗျာ၊ ဒီမှာ မစ္စက် ကင်း၊ ပေါက်ကွဲတဲ့ အသံ တစ်သံကြောင့် နိုးလာတယ်လို့ ခင်ဗျား ပြောခဲ့တယ်နော်၊ ဒီတော့ ခင်ဗျား ပြောတဲ့ အဓိပ္ပာယ်က ပထမ အသံဟာ ဒုတိယ အသံထက် ကျယ်လောင်တယ်လို့ ပြောချင်တာလား'

'ဟုတ်ကဲ့၊ အဲဒီ အသံကြောင့် ကျွန်မ အိပ် ရာ က လန့်နိုး လာပါတယ်၊ သေသေချာချာတော့ မပြောနိုင်ပါဘူး၊ ဒါပေမဲ့ ကျွန်မ အထင်တော့ တော်တော်လေးကို ကျယ် တယ် လို့ ထင်လိုက်ပါတယ်'

'ပြိုင်တူလိုလို ပစ်လိုက်တဲ့ သေနတ်သံ နှစ်ချက်လို့ ကော မထင်လိုက်မိဘူးလား'

'ဒါတော့ ကျွန်မ သေသေချာချာ မပြောတတ်ပါဘူးရှင်'

'ကျုပ် အထင်တော့ ဒီ သေနတ်သံ နှစ်ချက်ဟာ တစ်ပြိုင်နက်လိုလို ပစ်လိုက်တဲ့ သေနတ်သံ နှစ်ချက်လို့ ယူဆတယ်ဗျ၊ ကဲ အင်စပက်တော်ကြီးရေ၊ ဒီ အခန်းထဲမှာတော့ ကျုပ်တို့ ကြည့်ချင်တာတွေ ကြည့်လို့ ပြီးသလောက် ရှိသွားပါပြီ၊ ဒီတော့ အပြင်ဘက်



ကြေးဖြင့် လုပ်ထားသည့် [illegible]ရာကလေး တစ်ခုကို ကော[illegible]လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်ထဲကို နည်းနည်းပါးပါး လျှောက်ကြည့်ချင်တယ်ဗျာ၊ နောက်ထပ် တစ်ခုခု တွေ့လို တွေ့ငြားပေါ့၊ အင်စပက်တော်ကြီး လိုက်ခဲ့ပါ'

စာကြည့်ခန်း ပြတင်းပေါက် အနီးတွင် ပန်းခင်း တစ်ခင်း ရှိရာ ထိုပန်းခင်း နားသို့ ရောက်သည်တွင် ကျွန်ုပ်တို့ အားလုံး ဟာခနဲ ငြိုင်တူ အော်လိုက်မိကြလေ၏။ ပန်းပွင့်များမှာ ခြေဖြင့် နင်းထားသည့် အတွက် ကြေမွလျက် ရှိပြီး မြေပျော့ပေါ်တွင်လည်း ခြေရာတွေ ပွစာကြဲလျက် ရှိလေ၏။ ခြေရာမှာ ရှည်လျားသေးသွယ်သည့် ခြေချောင်းများ ရှိသော အတော်ကြီးသည့် ယောကျ်ား ခြေရာကြီးများ ဖြစ်လေ၏။ ရှားလော့ဟုမ်းသည် မြက်ခင်းထဲတွင် လျှောက်ကြည့်ပြီးနောက် ဒဏ်ရာဖြင့် ကျလာသော ငှက်တစ်ကောင် နောက်သို့ ပြေးလိုက်သွားသော အမဲလိုက် ခွေး တစ်ကောင်ကဲ့သို့ ထွက်သွားလေ၏။ ထို့နောက် ကျေနပ်အားရသော အသံဖြင့် တစ်ချက် အော်လိုက်ပြီးလျှင် ကြေးဖြင့် လုပ်ထားသည့် ခပ်လုံးလုံး အရာကလေး တစ်ခုကို ကောက်ယူလိုက်လေ၏။

'ကျုပ် ထင်တယ်ဗျ၊ ခြောက်လုံးပြူးမှာ ပစ်ပြီးသား ကျည်ဆန်ခွံကို အန်ထုတ်ပစ်တဲ့ မောင်းပါရမယ်လို့ တွက်ထားတာ၊ ဟောဒီမှာ တတိယ ကျည်ဆန်ပဲဗျ၊ ကဲ အင်စပက်တော်ကြီးရေ၊ ကျုပ်ကို အမှုတော့ ပြည့်စုံသလောက် ရှိသွားပါပြီ'

ရှားလော့ဟုမ်း၏ စုံစမ်း ထောက်လှမ်းပုံ လျင်မြန်ခြင်း၊ အဖြေကို အလွယ်တကူ ရှာနိုင်ခြင်းတို့ကြောင့် အင်စပက်တော် မာတင်၏ မျက်နှာပေါ်တွင် အကြီးအကျယ် အံ့အားသင့်သည့် အရိပ်အယောင်တို့ ပေါ်လျက် ရှိလေ၏။ အစ ပထမတွင် မာတင်သည် အနည်းငယ် ဟိတ်ဟန် ထုတ်ကာ သူ့ကိုယ်သူ အရေးပါဟန်ပြသေးသော်လည်း နောက်ပိုင်းတွင်မူ ရှားလော့ဟုမ်းအား လေးစားလျက် ရှိကာ ရှားလော့ဟုမ်း ပြောသမျှကို လိုက်နာရန် အသင့် ဖြစ်လျက် ရှိလေ၏။

'ဘယ်သူ့ကို ထင်သလဲ စုံထောက်ကြီး'

'ဖြည်းဖြည်းတော့ ပြောတာပဗျာ၊ ဒီပြဿနာထဲက တချို့ အချက်အလက်တွေကို ချက်ချင်း ရှင်းပြလို့ မဖြစ်သေးဘူးဗျ၊ ခု ကျုပ် တွေးလုံးကလေးတွေ ဟုတ် မဟုတ် လိုက်ကြည့်ရသလောက်တော့ တော်တော်လေး ဟုတ်နေပါပြီ၊ မကြာခင်မှာ ပြဿနာကို အပြီး ရှင်းနိုင်တော့မှာပါ'

'ရပါတယ်၊ စုံထောက်ကြီး ကြိုက်သလို လုပ်ပါ၊ ကျွန်တော်တို့ကတော့ တရားခံ မိရင် ပြီးတာပါပဲ'

'ကျုပ်လည်း သိပ်ပြီး လျှို့ဝှက် မထားချင်ပါဘူး၊ သို့သော်လည်း ခုလို





လုပ် လုပ်နေချိန်မှာတော့ သိပ် ရှည်ရှည်ဝေးဝေး ရှင်းပြမနေချင်ဘူးဗျ၊ အချိန်ရဘူး၊ ကျုပ် လက်ထဲမှာ ဒီပြဿနာကို ဖြေဖို့ ကြိုးစတွေ အားလုံးကို ဆုပ်မိပြီသာ ပြောပါရစေတော့၊ ခု မစ္စက် ကျူးဗစ် သတိ ပြန်မလည်လာတော့သည့်တိုင် နေ့ညက ဖြစ်ခဲ့တဲ့ ကိစ္စကို ကျုပ်တို့ ပြန် ခြေရာ ကောက်လို့ ရပါပြီ၊ တရားပဒေ အတိုင်း ဖြစ်အောင် လုပ်နိုင်တဲ့ အခြေအနေကို ရောက်နေပါပြီ၊ ပထမကျုပ် သိချင်တာ တစ်ချက်က ဒီနား တစ်ဝိုက်မှာ အဲလ်ရစ် ဆိုတဲ့ နာမည်နှင့် တည်းခိုခန်းတို့ ဘာတို့များ ရှိသလား ဆိုတာ သိချင်တယ်ဗျ'

အိမ်စေများကို မေးမြန်းသော်လည်း မည်သူမျှ ထိုအမည်မျိုးကို မကြားဖူးကြချေ။ နောက်ဆုံး၌ မြင်းစောင်း စောင့်သည့် သူငယ်ကလေးက အိစ် ရပ်စ်တန်မှ မိုင် အနည်းငယ်ကွာတွင်မူ ထိုအမည် ရှိသည့် လယ်သမား တစ်ယောက် နေထိုင်လျက် ရှိကြောင်းဖြင့် ပြောပြသည်တွင် ထိုပြဿနာမှာ သဲလွန်စ ရလာခဲ့လေ၏။

'အဲဒီ ယာတဲက တော်တော်လေး ခေါင်သလား'

'သိပ်ခေါင်တာပဲဗျ'

'ဒီလိုဆိုရင် မနေ့ညက ဒီမှာ ဖြစ်တဲ့ ကိစ္စနှင့် ပတ်သက်လို့ သိကြဦးမယ် မဟုတ်သေးဘူးပေါ့'

'ဘယ်သိကြဦးမလဲ ခင်ဗျာ'

ရှားလော့ဟုမ်းသည် အတန်ကြာမျှ စဉ်းစားနေရာမှ ခဏ ကြာလျှင် ခပ်ဆန်းဆန်း ပြုံးလျက် နေသည်ကို မြင်လိုက်ရလေ၏။

'ကဲ သူငယ်၊ မြင်း ပြင်စမ်းကွာ၊ အဲဒီ အဲလ်ရစ် ယာတောကို စာ တစ်စောင်လောက် သွားပေးချည်စမ်း'

ရှားလော့ဟုမ်းသည် ကနေသော လူရုပ်ကလေးများ ရေးထားသည့် စာရွက် အပိုင်းအစကလေးများကို အိတ်ထဲမှ ထုတ်ယူလိုက်လေ၏။ ထို့နောက် စာရွက်ကလေးများကို ရှေ့တွင် ချကာ စာကြည့်ခန်းထဲရှိ စားပွဲပေါ်တွင် အလုပ်များလျက် ရှိလေ၏။ နောက်ဆုံးတွင် ရှားလော့ဟုမ်းသည် စာတစ်စောင်ကို သူငယ်လေးသို့ ပေးလိုက်ပြီး လိပ်တပ်ထားသူ၏ လက်ထဲသို့ ရောက်အောင် ပို့ပေးရန်၊ ထိုသူက တစ်စုံတစ်ရာ မေးလျှင် ဘာမှ ပြန်လည် ဖြေကြားခြင်း မပြုရန် မှာလိုက်၏။ ကျွန်ုပ်က စာရွက် နောက်ကျောကို လှမ်းကြည့်လိုက်သည် တွင် ရှားလော့ဟုမ်း၏ ခါတိုင်းကဲ့သို့ ပြတ်သား ရှင်းလင်းသည့် လက်ရေးမျိုး မဟုတ်ဘဲ ခပ်သော့သော့ မညီမညာ ရေးထားသည်ကို တွေ့လိုက်ရလေ၏။ စာမှာ



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာ အက်ဘီ ဆလာနေ၊ အဲလ်ရစ် ယာတော၊ အရှေ့ပိုင်း ရုပ်စတန်ရွာ၊ နောဖော့နယ် ဟု လိပ်တပ်ထားလေ၏။

'ကဲ အင်စပက်တော်ကြီးရေ၊ လိုလိုမည်မည် အစောင့်ကလေး ဘာလေး ထပ်မှာထားရင် ကောင်းမယ် ထင်တယ်ဗျ၊ ကျုပ် တွက်တဲ့ အတိုင်းသာ မှန်ခဲ့ရင်တော့ အချုပ်ကို ခင်ဗျား ခေါ်သွားရမယ့် တရားခံဟာ တော်တော်လေး အန္တရာယ်ကြီးတဲ့ တရားခံ ဖြစ်နေတယ်၊ အစောင့် ထပ်ပို့ဖို့ ကြေးနန်း ရိုက်ချင်ရင် ခု စာသွားပေးမယ့် သူငယ်ကလေးကို တစ်ခါတည်း အရိုက် ခိုင်းလိုက်၊ အိုင်ဆေး ဝပ်ဆင်ရေ၊ လန်ဒန်ကို ပြန်မယ့် ညနေ ရထား ရှိရင် ကျုပ်တို့လည်း ပြန်ကြရအောင်၊ ဟိုမှာ ကျုပ် လုပ်ထားတဲ့ ဓာတုဗေဒ စမ်းသပ်တာကလေးတွေက တိုးလို့တန်းလန်း ဖြစ်နေတယ်၊ ဒီအမှုကတော့ ပြီးသွားပါပြီ'

မြင်းဇောင်းမှ သူငယ်ကလေး စာပို့ရန် ထွက်သွားသည့် အခါ၌ ရှားလော့ဟုမ်းသည် အိမ်စေများကို ညွှန်ကြားလျက် ရှိလေ၏။ ရှားလော့ဟုမ်း၏ ညွှန်ကြားချက်များမှာ မစ္စက် ကျူးဗစ်ကို တွေ့ရန် ဧည့်သည် တစ်ယောက် ရောက်လာခဲ့လျှင် မစ္စက် ကျူးဗစ်၏ အခြေအနေကို လုံးဝ ပြောပြခြင်း မပြုဘဲ ဧည့်သည် ခန်းထဲသို့ ခေါ်လာရန် ဖြစ်လေ၏။ ရှားလော့ဟုမ်းသည် သူ့ ညွှန်ကြားချက် အတိုင်း လိုက်နာရန် အိမ်စေများကို အသေအချာ မှာထားလေ၏။ ထို့နောက် ရှားလော့ဟုမ်းသည် ဧည့်ခန်းထဲသို့ ဝင်သွားသဖြင့် နောက်ထပ် တစ်စုံတစ်ရာ အကြောင်း မထူးမချင်း ကျွန်ုပ်တို့ စိတ်အေးလက်အေး နေနိုင်ပြီ ဖြစ်လေ၏။ ဆရာဝန်မှာ လူနာများကို ကြည့်ရန် ပြန်သွားပြီ ဖြစ်ရကား ဧည့်ခန်းထဲတွင် ရှားလော့ဟုမ်း အပြင် ကျွန်ုပ်နှင့် အင်စပက်တော် မာတင်တို့သာလျှင် ကျန်ရစ်ခဲ့လေ၏။

ရှားလော့ဟုမ်းသည် ကုလားထိုင်ကို စားပွဲနားသို့ ရွှေ့လာပြီးလျှင် အရုပ်ပါသည့် စာရွက်ကလေးများကို အိတ်ထဲမှ ထုတ်ကာ စားပွဲပေါ်သို့ ဖြန့်တင်လိုက်လျက်

'တစ်နာရီလောက် အချိန် ရသေးတော့ ရတဲ့ အချိန်ကလေးကို အကျိုးရှိရှိ အသုံးချသေးတာပေါ့ဗျာ၊ အိုင်ဆေး ဝပ်ဆင်၊ တစ်ခုတော့ ခင်ဗျားကို တောင်းပန်ရမယ်ဗျို့၊ ခင်ဗျားက ပင်ကိုအားဖြင့်ကိုက စူးစမ်းချင် သိချင်တဲ့ ဝါသနာအားကြီးတဲ့လူ၊ ခင်ဗျားကို အချိန် အတော်ကြာကြာ ဘာမှ မပြောဘဲ ဖတ်တင့်ငံ့ဖြစ်နေအောင် လုပ်မိတဲ့ အတွက်တော့ တောင်းပန်ပါတယ်၊ ဟောဒီက အင်စပက်တော်ကြီး အဖို့ ဒီအဖြစ်အပျက်ဟာ ပုလိပ် တစ်ယောက် အနေနှင့် အတော်






မှတ်သားဖို့ ကောင်းတဲ့ အဖြစ်အပျက် ဆိုတာ တွေ့ရလိမ့်မယ်ဗျ၊ ဒီအကြောင်းကို ပြောမယ် ဆိုရင် ကျုပ်နှင့် မစ္စတာ ကျူးဗစ်တို့ ဘေကာလမ်းမှာ ဆွေးနွေးခဲ့တာကို ပြန်ပြောမှ ရေလည်လိမ့်မယ် ထင်တယ်'

ရှားလော့ဟုမ်းသည် အထက်တွင် ကျွန်ုပ် မှတ်တမ်း တင်ခဲ့သည်တို့ကို ပြန်၍ ပြောပြလေ၏။

'ကျုပ်ရှေ့မှာ ချထားတဲ့ ဟောဒီ အရုပ်ကလေးတွေ ရှိတယ်ဗျ၊ ဒီအရုပ်ကလေးတွေဟာ ကြီးကျယ်တဲ့ ရာဇဝတ်မှုကြီး တစ်ခုရဲ့ ရှေ့ပြေး နိမိတ်တွေပဲလို့ ရုတ်တရက် ပြောသွားရင် ယုံမှာ မဟုတ်ဘူး၊ အရူးလား ဆိုပြီး ဝိုင်းရယ်ကြမှာပဲ၊ ကျုပ်က လျှို့ဝှက်စာ ရေးနည်းကို တော်တော်လေး လေ့လာခဲ့ဖူးတယ်ဗျ၊ ကျုပ် ကိုယ်တိုင်သည်ပင်လျှင် လျှို့ဝှက် စာရေးနည်းနှင့် ပတ်သက်လို့ မတောက်တခေါက် စာတမ်းကလေး တစ်စောင်တောင် ရေးခဲ့ဖူးသေးတယ်၊ အဲဒီ စာတမ်းကလေးထဲမှာ သင်္ကေတ စာလုံးပေါင်း တစ်ရာ့ ခြောက်ဆယ်လောက်ကို အသေးစိတ် ခွဲခြမ်း စိတ်ဖြာပြခဲ့တယ်ဗျ၊ သို့သော်လည်း ရှင်းရှင်း ဝန်ခံရရင် ခုသင်္ကေတမျိုးကိုတော့ ကျုပ် တစ်ခါမှ မတွေ့ဖူးသေးဘူးဗျ၊ ပထမဆုံး တွေ့ဖူးတာပဲ၊ ဒီစနစ်ကို စထွင်တဲ့ လူဟာ ဒီအရုပ်ကလေးတွေကို အဓိပ္ပာယ် မရှိသယောင် ဘေးလူ ထင်ရအောင် ထွင်ထားတာဗျ၊ ရုတ်တရက် ကြည့်ရင် ကလေးတွေ တွေ့ကရာ ရေးထားတယ်လို့ ထင်အောင်ပေါ့။

'ဒီတော့ ဒီအရုပ်ကလေးတွေဟာ အက္ခရာတွေ အစား သုံးထားတာ ဖြစ်တယ် ဆိုတာကို သိပြီး လျှို့ဝှက်စာ ရေးနည်းတွေ အားလုံးမှာ လိုက်နာရမယ့် စည်းကမ်းတွေနှင့် အဓိပ္ပာယ် ပြန်ကြည့်လိုက်တဲ့ အခါကျတော့ အဖြေက တော်တော်လေးကို လွယ်သွားပါပြီ။

'သေသူ မစ္စတာ ကျူးဗစ်က ကျုပ်ဆီကို ပထမဆုံး ပို့လိုက်တဲ့ စာကခပ်တိုတိုကလေး ဆိုတော့ ကျုပ်အဖို့ ဘာမှ ရေရေရာရာ မပြောနိုင်ဘဲ ဖြစ်နေတယ်ဗျ၊  ဆိုတဲ့ သင်္ကေတဟာ E အစား အသုံးပြုထားတဲ့ အရုပ် ဆိုတာလောက်ပဲ ပြောလို့ ရသေးတယ်၊ ခင်ဗျားတို့ သိကြတဲ့ အတိုင်း E အက္ခရာဟာ အင်္ဂလိပ် အက္ခရာတွေထဲမှာဖြင့်ရင် တော်တော် အသုံးများတဲ့ အက္ခရာ ဖြစ်ပြီး တော်တော် တွင်ကျယ်တဲ့ အက္ခရာ ဖြစ်လေတော့ အင်မတန် တိုတဲ့ ဝါကျကလေး တစ်ခုထဲမှာတောင် တော်တော်များများ မကြာခဏ ပါတတ်တယ်ဗျ၊ ပထမ စာရွက်မှာတုန်းက သင်္ကေတ တစ်ဆယ့် ငါးလုံး ရှိတဲ့ အနက် လေးလုံးက အတူတူပဲဗျ၊ ဒီတော့ ဒီလေးလုံးကို E နေရာမှာ ထားပြီး တွက်ကြည့်ရင် သိပ်



www.burmeseclassic.com

www.burmeseclassic.com




မမှားနိုင်ဘူးလို့ ကျုပ် တွက်လိုက်တယ်၊ တစ်ခါတစ်ရံမှာလည်း အလံ မပါဘူး၊ သို့သော်လည်း အလံကလေးတွေကို ဝေပုံကျ ခွဲထားချပေးထားတာကို ကြည့်ရတာက ဝါကျ အဆုံးသတ်ကို ပြတဲ့ ပုံမျိုး ဖြစ်နေတယ်၊ ဒါဟာ ကျုပ်ရဲ့ ပထမ တွေးလုံး ဖြစ်ပြီး  ကို *E* လို့ပဲ ယူဆလိုက်တယ်ဗျ။

'ဒီလောက်ကတော့ လွယ်တယ် ထား၊ ဒါပေမဲ့ ရှေ့ဆက် စဉ်းစားလိုက်တော့ ထင်သလောက် မလွယ်ဘဲ ဖြစ်နေတယ်ဗျို့၊ အင်္ဂလိပ် အက္ခရာမှာ *E* နောက်က အက္ခရာတွေကျတော့ ဘယ်သူက အများဆုံး ပါတတ်သလဲ ဆိုတာ သိပ်ပြောလို့ မရတော့ဘူးဗျ၊ ဘယ်ပုံနှိပ် စာရွက်ကိုပဲ ကောက်ကြည့်လိုက် ကြည့်လိုက် သို့မဟုတ်ရင်လည်း အဲဒီ စာရွက်ထဲမှာ ပါတဲ့ စာတွေကို ဝါကျတိုကလေး တစ်ခု ဖွဲ့ကြည့်လိုက်တဲ့ အခါကျတော့ အက္ခရာ တော်တော်များများဟာ ပါတဲ့ အကြိမ် သိပ်မကွာလှဘဲ ဖြစ်နေတယ်၊ ညီတူမျှတူလောက်ပဲ ပါနေကြတယ် ဆိုပါစို့၊ အကြမ်းဖျင်းအားဖြင့် ပြောရရင် *T, A, O, I, N, S, H, R, D* နှင့် *L* ဆိုတဲ့ စာလုံးတွေဟာ အစီအစဉ် အလိုက် အပါ များတဲ့ အက္ခရာတွေ ဖြစ်တယ်၊ သို့သော်လည်း *T, A, O* နှင့် *I* ဆိုတဲ့ စာလုံး လေးလုံး ဆိုရင် တစ်လုံးနှင့် တစ်လုံး ပါတဲ့ အကြိမ် သိပ်မကွာလှဘူး၊ ညီတူမျှတူလောက် ပါနေကြတယ်။

'ဒီတော့ အဓိပ္ပာယ် တစ်ခုခု ဖော်လို့ ရအောင် အရုပ်တွေနှင့် အက္ခရာ ရှိသမျှတွေကို တွဲတွဲပြီး စဉ်းစားနေရရင် ဆုံးနိုင်တော့မှာ မဟုတ်ဘူးဗျ၊ ဒါကြောင့် နောက်ထပ် အချက်အလက်သစ်များ ရမလားလို့ ကျုပ် စောင့်လိုက်တယ်၊ မစ္စတာ ကျူးဗစ်နှင့် ဒုတိယ တစ်ကြိမ် တွေ့တဲ့ အခါကျတော့ သူ့ဆီက ဝါကျတိုကလေး နှစ်ခုနှင့် သတင်း တစ်ခု ရလိုက်တယ်၊ အဲဒီ အရုပ် စာတန်းမှာ အလံ ထိုးထားတာ မပါလေတော့ ဝေါဟာရ တစ်လုံးတည်းလို့ ကျုပ် တွက်လိုက်တယ်ဗျ၊ ဟောဒီမှာ သင်္ကေတတွေ၊ ဒီတော့ ဝေါဟာရ တစ်လုံးတည်းမှာ ဘာသွားတွေ့ရသလဲ ဆိုတော့ *E* နှစ်လုံး ပါတယ်၊ ကြည့်နော်၊ အက္ခရာ ငါးလုံး ရှိတဲ့ ဝေါဟာရ တစ်ခုမှာ *E* နှစ်လုံး နှစ်ခါထပ် ပါနေတယ်၊ တစ်လုံးက ဒုတိယ လာတယ်၊ နောက်တစ်လုံးက စတုတ္ထ လာတယ်၊ ဒီတော့ ဒီဝေါဟာရဟာ ဘာဖြစ်နိုင်သလဲ တွက်ကြည့်တော့ *sever* (အဆက် ဖြတ်သည်) ဖြစ်နိုင်တယ်၊ သို့မဟုတ် *lever* (မောင်းတံ) ဖြစ်နိုင်တယ်၊ ဒါမှမဟုတ်သေးရင် *never* (ဘယ်တော့မှ) ဆိုတာလည်း ဖြစ်နိုင်တယ်၊ ဖြစ်နိုင်တာကတော့ မေတ္တာ ရပ်ခံချက်၊ သို့မဟုတ် တောင်းဆိုချက် တစ်ခုခုကို ပြန်ကြားတဲ့ အနေနှင့် ရေးတဲ့ *never* ဆိုတဲ့ နောက်ဆုံး ဝေါဟာရ ဖြစ်နိုင်တယ်၊ နောက် လေ့လာကြည့်လိုက်တဲ့ အခါကျတော့ အဲဒီ ဝေါဟာရဟာ





အမျိုးသမီးက ပြန်ဖြေလိုက်တဲ့ အဖြေ ဖြစ်နေတယ် ဆိုတာ ပြနေတယ်ဗျ၊ ကောင်းပြီ၊ ဒါ မှန်ပြီလို့ ထားလိုက်တော့၊ အဲဒီ စာလုံး *never* မှန်ပြီ ဆိုရင် ကျန်တဲ့ အက္ခရာတွေဟာ ဘာဖြစ်ရတော့မလဲ၊ ကျန် အရုပ်  သုံးခုဟာ *N, V* နှင့် *R* ဖြစ်ရတော့မယ်။

'သို့တိုင်အောင် ကျုပ်မှာ အထုံးကို ဖြေလို့ မလွယ်သေးဘူးဗျ၊ ဒါပေမဲ့ ကံကောင်းချင်လို့လား မသိဘူးဗျို့၊ ကြံလိုက်တဲ့ အခါကျတော့ တခြား အက္ခရာ တချို့ကို အလိုလို အဓိပ္ပာယ် ဖော်လို့ ရလိုက်တယ်၊ ကျုပ် ကြံပုံက ဒီလိုလေဗျာ၊ ကျုပ် တွက်တဲ့ အတိုင်း ဒီအရုပ် စာတန်းတွေဟာ အမျိုးသမီး ငယ်ငယ်တုန်းက ရင်းနှီးခဲ့တဲ့ လူဆီက လာတာ ဖြစ်ရမယ်လို့ တွက်ထားခဲ့ရင် *E* အက္ခရာ နှစ်ခါ ပါပြီး စာလုံး သုံးလုံး ပါတဲ့ စာတန်းဟာ *Elsie* ဆိုတဲ့ နာမည် ဖြစ်ရမယ်လို့ ယူဆလိုက်တယ်၊ သေသေချာချာ ပြန်ကြည့်တဲ့ အခါကျတော့ စာတန်း သုံးလုံးရဲ့ အဆုံးမှာ ဒီဝေါဟာရ သုံးကြိမ် ပါနေတာကို သွားတွေ့ရတယ်၊ ဒီတော့ ဒီအရုပ် စာတန်းတွေဟာ မစ္စတာ ကျူးဗစ်ရဲ့ မိန်းမ အယ်လစီဆီကို ရေးနေတဲ့ စာတန်းတွေပဲ ဖြစ်ရမယ် ဆိုတာ ကျုပ် သေချာပေါက် ယူလိုက်ပြီ၊ ဒီတော့ ကျုပ်မှာ *L* ရယ်၊ *S* ရယ်၊ *I* ရယ်၊ အက္ခရာ သုံးလုံး ရသွားပြန်တယ်၊ သို့သော်လည်း ဒီစာတန်းဟာ ဘာတွေ ရေးထားသလဲ၊ အယ်လစီ ဆိုတဲ့ စာတန်း ရှေ့မှာ အက္ခရာ လေးလုံး ပါတဲ့ စာတန်း တစ်ခု ရှိတယ်၊ အဲဒီ အက္ခရာ လေးလုံးမှာ နောက်ဆုံး တစ်လုံးမှာ *E* ဗျ၊ ဒီတော့ ဒီဝေါဟာရဟာ *come* ဖြစ်ရမယ်လို့ ကျုပ် တွက်လိုက်တယ်၊ *E* အဆုံး ပါတဲ့ တခြား ဝေါဟာရ လေးလုံးကို ကျုပ် ဖြည့်ကြည့်သေးတယ်၊ သို့သော်လည်း အဓိပ္ပာယ် မရှိဘူးဗျ၊ ဘယ်လိုပဲဖြစ်ဖြစ် အယ်လစီ ရှေ့ စာတန်းကို *come* လို့ ယူရင် ကျုပ်မှာ *C* ရယ်၊ *O* ရယ်၊ *M* ရယ်၊ နောက်ထပ် သုံးလုံး တိုးလာပြန်ပြီဗျ၊ ဒါနှင့် ကျုပ် ပထမဆုံး လာပြတဲ့ စာတန်းကို အဓိပ္ပာယ် ဖော်ဖို့ ကြိုးစားကြည့်ပြန်တယ်၊ အက္ခရာတွေကို ဝေါဟာရ ဖွဲ့ပြီး ကျုပ် မသိတဲ့ စာလုံးတွေ နေရာမှာ အစက်တွေ ချပစ်ခဲ့တယ်၊ ဒီလို ချကြည့်လိုက်တော့ ပထမ စာတန်းရဲ့ အဓိပ္ပာယ်က ဒီလို ထွက်လာတယ်ဗျ။

*.M .ERE ..E SL NE.*

'ဒီတော့ ပထမဆုံး အက္ခရာဟာ ဘာဖြစ်နိုင်သလဲလို့ စဉ်းစား ကြည့်တော့ ဒီဝါကျတိုတိုလေးမှာ သုံးခါ ပါနေတာကို ထောက်ရင် ဒီစာလုံးဟာ *A* ဖြစ်ရမယ်လို့ ကျုပ် ယူဆတယ်၊ ဒုတိယ စာလုံးမှာ ပါတဲ့ အက္ခရာဟာ *H* ဖြစ်ရမယ်၊ ဒီတော့ ဘာသာပြန်လိုက်ရင် ဒီလို ထွက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



*AM HERE A. E SLANE.*

(ဤမှာ ရောက်နေသည်။ ဆလာနေ)

‘တစ်ခါ ဒါဟာ နာမည် ဖြစ်လေတော့ နာမည်ထဲမှာ ထင်ရှားတဲ့ ကွက်လပ်ကို ဒီလို ထည့်လိုက်တယ်။

*AM HERE ABE SLANEY*

‘ခုဆိုရင် ကျုပ် လက်ထဲမှာ အက္ခရာ တော်တော်များများ ပိုင်နေပြီ၊ ဒီတော့ ဒုတိယ စာတန်းကို ကျုပ် တော်တော်လေး စိတ်ချလက်ချ ပြန်နိုင်ပြီ ဆိုပါတော့၊ ဒီလို ပြန်လိုက်တော့ ဒုတိယ စာတန်းရဲ့ အဓိပ္ပာယ်က ဒီလို ထွက်လာတယ်။

*A. ELRI. ES.*

‘ဒီတော့ ကွက်လပ် ဖြစ်တဲ့ နှစ်နေရာမှာ ကျုပ် *T* နှင့် *G* ကို ထည့်လိုက်တယ်ဗျ၊ ဒီစာလုံးဟာ စာရေးသူရဲ့ နာမည်သော် လည်းကောင်း၊ တည်းခိုခန်း နာမည်သော် လည်းကောင်း ဖြစ်ရမယ်လို့ ကျုပ် ထင်လိုက်တယ်’

အင်စပက်တော် မာတင်နှင့် ကျွန်ုပ်သည် ကျွန်ုပ်တို့ တွေ့ကြုံနေရသည့် အခက်အခဲကို ဖြေရှင်းရာတွင် ကျွန်ုပ်၏ မိတ်ဆွေကြီး မည်သို့ မည်ပုံ ကြံစည်အားထုတ်သည်ကို စိတ်ဝင်စားစွာဖြင့် နားထောင်နေမိကြလေ၏။

‘ဒီတော့ စုံထောက်ကြီး ဘာလုပ်သလဲ’ ဟု အင်စပက်တော် မာတင်က မေးလိုက်၏။

‘ဒီတော့ ကျုပ် ကောက်ချက် တစ်ခု ဆွဲကြည့်တယ်လေ၊ အက်ဘီ ဆလာနေ ဆိုတဲ့ လူဟာ အမေရိကန် တစ်ယောက် ဖြစ်ရမယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ အက်ဘီ ဆိုတဲ့ နာမည်ဟာ အမေရိကန်တွေ အချို့ ခေါ်လေ့ ရှိတဲ့ နာမည် တစ်ခုဗျ၊ ပြီးတော့ အမျိုးသမီးဆီကို အမေရိကက စာတစ်စောင် ရောက်လာတယ်လို့လည်း ဆိုထားတယ် မဟုတ်လား၊ ပြီးတော့ ဒီကိစ္စထဲမှာ ရာဇဝတ်မှု မကင်းတဲ့ လျှို့ဝှက်ချက် တစ်ခု ရှိရမယ်လို့လည်း ကျုပ် တွက်ထားတယ်၊ အမျိုးသမီးက သူ့ အတိတ်ကို မမေးဖို့နှင့် သူ့ယောက်ျားကိုလည်း ဒီအကြောင်းကို လုံးလုံး ပြောဖို့ ငြင်းဆိုခဲ့တာကို ထောက်ရင် ဒီအချက်ဟာ တော်တော်လေး သေချာနေတယ်၊ ဒါနှင့် ကျုပ် နယူးယော့ ပုလိပ် အဖွဲ့မှာ ရှိတဲ့ ကျုပ် မိတ်ဆွေ ဝီလဆင် ဟားဂရိတ်ဆီကို သံကြိုးရိုက် မေးကြည့်တယ်၊ လန်ဒန်က ရာဇဝတ်မှုတွေ အကြောင်း သိချင်ရင်လည်း သူ ကျုပ်ဆီ မကြာခဏ လှမ်းမေးနေကျကိုး၊ ကျုပ်က အက်ဘီ ဆလာနေ ဆိုတဲ့ လူကို သိသလားလို့ မေးတော့ သူ့ဆီက ကြေးနန်း ပြန်လာတယ်ဗျ၊ ရှီကာဂို မြို့မှာဖြင့် အန္တရာယ် အကြီးဆုံး ရာဇဝတ်ကောင်ပဲတဲ့၊ သူ့ဆီက





ကြေးနန်း ရတဲ့ နေ့မှာပဲ သေသူ မစ္စတာ ကျူးဗစ်ဆီက ပို့လိုက်တဲ့ ဆလာနေရဲ့ နောက်ဆုံး အရုပ် စာတန်းကို ရတယ်ဗျ၊ ကျုပ် သိပြီးသား အက္ခရာတွေနှင့် စာတန်းကို ဖော်ကြည့်လိုက်တော့ *ELSIE .RE.ARE TO MEET THY GO.* လို့ အဓိပ္ပာယ် ရတယ်ဗျ၊ ဒီစာတန်းမှာ *P* နှင့် *D* ကို ဖြည့်ထည့် ကြည့်လိုက်တော့ *PREPARE TO MEET THY GOD* ဘုရားသခင်ကို တွေ့ဖို့ ပြင်ပေတော့လို့ ဆိုတဲ့ စာ ထွက်လာတယ်၊ ဒီငနဲဟာ စောစောတုန်းကတော့ အမျိုးသမီးကို တောင်းပန် ဖြားယောင်းနေတာ၊ ခုတော့ အဲဒီ အဆင့်က ကျော်ပြီး ခြိမ်းခြောက်တဲ့ အဆင့်ကို တက်လာပြီ၊ ကျုပ် သိသလောက် ပြောရရင် ရှီကာဂို လူမိုက်တွေဟာ လုပ်ပြီ ဆိုရင် တကယ် လုပ်တဲ့ ကောင်တွေဗျ၊ ဒါနှင့် ကျုပ်လည်း ဟောဒီက ကျုပ် မိတ်ဆွေကြီး ဒေါက်တာ ဝပ်ဆင်ကို ခေါ်ပြီး နောဖော့ကို အပြေးအလွှား ဆင်းလာခဲ့တာပဲ၊ သို့သော်လည်း ကံဆိုးချင်တော့ ကျုပ်တို့လည်း ရောက်ရော ဒီမှာ လက်လွန်ပြီး ဖြစ်နေတာကို တွေ့ရတော့တာပဲ’

အင်စပက်တော် မာတင်က လိုက်လှဲစွာဖြင့်

‘အမှု တစ်ခုကို စုံထောက်ကြီးနှင့် တွဲပြီး လိုက်ခွင့် ရတာဟာဖြင့် ကျွန်တော့် အဖို့ တကယ့် ဘုရားမတာပါပဲ ခင်ဗျာ၊ သို့သော်လည်း စိတ်မရှိဘူး ဆိုရင်ဖြင့် ပွင့်ပွင့်လင်းလင်း ပြောချင်တာ တစ်ခုတော့ ရှိတယ် ခင်ဗျာ၊ စုံထောက်ကြီးကတော့ လူလွတ် ဆိုတော့ မှားသည် ဖြစ်စေ မှန်သည် ဖြစ်စေ အရေးမကြီးလှဘူးပေါ့၊ ကိုယ့်ကိုယ်ကိုယ် တာဝန် ယူရတာကိုး၊ ကျွန်တော်တို့ကတော့ အစိုးရအမှုထမ်း ဖြစ်လေတော့ အထက် လူကြီးများ ကျေနပ်အောင် လုပ်နိုင်မှ တော်ကာကျမယ် ခင်ဗျ၊ အကယ်၍ အဲလ်ရစ်မှာ နေတဲ့ အက်ဘီ ဆလာနေဟာ တကယ် လူသတ်သမား ဖြစ်ခဲ့ရင်၊ ပြီးတော့ ကျွန်တော် ရှိနေတုန်းမှာ ထွက်ပြေးဖို့ ကြိုးစားရင် အထက်က ကျွန်တော့်ကို ထုမှာ ခင်ဗျ’

‘ဒီလောက်လည်း မစိုးရိမ်ပါနှင့်လေ၊ ခင်ဗျားလူ ထွက်မပြေးပါဘူး’

‘ဘာကြောင့် ပြောနိုင်သလဲ’

‘ထွက်ပြေးရင် သူ့အပြစ်ကို သူ ဝန်ခံသလို ဖြစ်နေမှာပေါ့ဗျ’

‘ကျွန်တော်ကတော့ သွားပြီး ဖမ်းလိုက်ချင်တာပဲ’

‘ခဏ နေရင် ရောက်လာတော့မှာပါဗျာ’

‘ဗျာ သူက ဘာဖြစ်လို့ ဒီကို လာမှာတဲ့လဲ’

‘ကျုပ် စာရေးပြီး အခေါ် လွှတ်ထားလို့’

‘စုံထောက်ကြီးရယ် မဖြစ်နိုင်တာ၊ စုံထောက်ကြီးက လှမ်းခေါ်တာနှင့်



www.burmeseclassic.com

www.burmeseclassic.com



သူက လာမှာတဲ့လား၊ ဒီလို စာရေး ခေါ်ကာမှ သံသယ ဖြစ်ပြီး ထွက်မပြေးပေဘူးလား'

'သူ လာအောင် ဘယ်လို ရေးရမယ် ဆိုတာ ကျုပ် သိပါတယ်လေ၊ ဟော ပြောရင်းဆိုရင်း ဟောဟို ဝင်းဝမှာ လာနေပြီ ထင်တယ်ဗျ'

ဝင်းဝမှ လူတစ်ယောက် ဝင်လာသည်ကို မြင်ရလေ၏။ ထိုလူမှာ အရပ်ရှည်ရှည်၊ ချောမော ခံ့ညားသည့် ရုပ်လက္ခဏာ ရှိပြီးလျှင် အသား ညိုညို ဖြစ်လေ၏။ အပြာရောင် ဖလန်နယ် ဝတ်စုံကို ဝတ်ကာ အနားပြားကြီးကြီး ပနားမား ဦးထုပ်ကို ဆောင်းကာ မည်းနက်သော မုတ်ဆိတ်မွေးများနှင့် ကောက်သောနှာတံတို့ ရှိလျက် ကြိမ်တုတ် တစ်ချောင်းကို ဝှေ့ယမ်း၍ လျှောက်လာလေ၏။ ထိုသူသည် သူ့အိမ်သို့ လာနေသည့်နှယ် ခပ်ကြွားကြွား ဟန် အမူအရာ ပေါ်လျက် ရှိလေ၏။ ခဏ ကြာလျှင် ပိုင်စိုးပိုင်နင်းဖြင့် ခပ်နာနာ နှိပ်လိုက်သော ခေါင်းလောင်းသံကို ကြားရလေ၏။

ရှားလော့ဟုမ်းက တည်ငြိမ်စွာဖြင့်

'ကဲ မိတ်ဆွေ၊ ကျုပ်တို့ အားလုံး တံခါးနောက် ပုန်းနေရင် ကောင်းမယ် ထင်တယ်ဗျ၊ ဒီလို လူမျိုးနှင့် ဆက်ဆံတယ် ဆိုတာ ကြိုတင် ကာကွယ်မှုကလေး ဘာလေး လုပ်ထားမှ တော်ကာကျမယ်၊ အင်စပက်တော်ကြီး လက်ထိတ်ကို အဆင်သင့် ပြင်ထားနော်၊ ကျန်တာတော့ ကျုပ် ပြောမယ်'

ကျွန်ုပ်တို့သည် တံခါး နောက်ကွယ်တွင် တစ်မိနစ်ခန့်မျှ ပုန်းနေကြလေရာ ထိုတစ်မိနစ်မှာ တစ်သက်တွင် မေ့မရနိုင်သော တစ်မိနစ်ပင် ဖြစ်ပေ၏။ ခဏ ကြာလျှင် တံခါး ပွင့်လာကာ ထိုလူသည် အထဲသို့ ဝင်လာလေ၏။ ချက်ချင်းပင် ရှားလော့ဟုမ်းသည် ထိုလူ၏ ခေါင်းကို သေနတ်ဖြင့် တော့ချိန် လိုက်သည်တွင် အင်စပက်တော် မာတင်ကလည်း ချောက်ခနဲ လက်ထိတ် ခတ်လိုက်လေ၏။ လုပ်ပုံမှာ လျှင်မြန်လွန်းလှသည့် အတွက် ထိုလူမှာ ဘာမျှ မတတ်နိုင်တော့ချေ။

ထိုလူသည် တဖျပ်ဖျပ် တောက်လျက် ရှိသော မျက်လုံးများဖြင့် ကျွန်ုပ်တို့အား စားတော့ ဝါးတော့မည့်ဟန် စိန်းစိန်းကြီး ကြည့်လိုက်ပြီးနောက် အားရပါးရ ရယ်မောလိုက်လေ၏။

'ဘယ်လိုလဲ မိတ်ဆွေကြီးတို့၊ ဒီတစ်ချီတော့ ခင်ဗျားတို့က ဦးသွားပေတာပေါ့ဗျာ၊ ကျုပ် တစ်ခုခုနှင့်များ ဝင်ဆောင့်လိုက်မိသလားလို့၊ ကျုပ် ဒီကို လာတာ မစ္စက် ဟီလတန် ကျူးဗစ်ဆီက စာရေးလိုက်လို့ လာတာနော်၊ ဘာလဲ







ရှားလော့ဟုမ်းသည်
ထိုလူ၏ ခေါင်းကို သေနတ်ဖြင့် တော့ချိန်လိုက်သည်တွင် ...



www.burmeseclassic.com

www.burmeseclassic.com



ဒီအကြံအစည်ထဲမှာ သူ ပါတယ်လို့ ခင်ဗျားတို့ ပြောမလို့လား၊ သူပါ အလိုတူ အလိုပါ ထောင်ဖမ်းတာလို့ ပြောမလို့လား"

"မစ္စက် ကျူးဗစ်ရဲ့ ဒဏ်ရာက ကြီးတယ် မိတ်ဆွေ၊ သေမယ် ရှင်မယ် မသိရသေးဘူး"

ထိုလူသည် အသံကွဲကြီးဖြင့် တစ်အိမ်လုံး ကြားလောက်အောင် ညည်းလိုက်၏။

"ဘာလဲ ခင်ဗျားတို့ ရူးနေသလား၊ သေနတ် မှန်တာ ဟိုလူကို မှန်တာဗျ၊ သူ့ကို မှန်တာ မဟုတ်ဘူး၊ အယ်လစီကို ထိအောင် ကျုပ် ဘယ်လုပ်မလဲဗျ၊ ကျုပ် သူ့ကို ခြိမ်းခြောက်ချင် ခြိမ်းခြောက်မယ်၊ ဒါပေမဲ့ သူ့ကို ကျုပ် လက်ဖျားနှင့်တောင် မတို့ရက်ဘူး၊ ဗိုလ်ကြီးတွေ ပြောဗျာ၊ သူ ဒဏ်ရာ မရဘူး မဟုတ်လား၊ မရဘူးလို့ ပြောလိုက် ကြစမ်းပါ"



ထိုလူသည်
လက်ထိတ် တန်းလန်း ခတ်ထားသည့်
လက်နှစ်ဖက်ဖြင့် မျက်နှာကို
အုပ်ထားလေ၏။

"သေ သူ သူ့ယောကျ်ားရဲ့ ဘေးမှာ ဒဏ်ရာနှင့် တွေ့ရတယ် ကိုယ့်လူ"

ထိုလူသည် ညည်းတွားလျက် ရှိရာမှ ထိုင်ခုံတွင် ထိုင်ချလိုက်ကာ လက်ထိတ် တန်းလန်း ခတ်ထားသည့် လက်နှစ်ဖက်ဖြင့် မျက်နှာကို အုပ်ထားလေ၏။

ငါးမိနစ်ခန့်မျှ ကြာသည် အထိ စကား တစ်လုံးမှ မပြောဘဲ တိတ် ဆိတ်လျက် ရှိလေ၏။

ထို့နောက် မျက်နှာကို မော့လိုက်ပြီးလျှင် မထူးတော့ ဆိုသည့် သဘောဖြင့်



ယားစက်စက် အမူအရာကို ဆောင်လျက် ရှိရင်း

"ခုမှတော့ အားလုံး ဖွင့်ပြောပါ့မယ်ဗျာ၊ ကျုပ် ဘာမှ ဖုံးကွယ် မနေတော့ပါဘူး၊ ကျုပ်က သူ့ကို ပစ်လို့ သူက ကျုပ် ပြန်ပစ်တယ် ဆိုရင် ဒါဟာ လူသတ်မှု မဟုတ်ဘူးဗျ၊ ဒါပေမဲ့ ကျုပ်က အယ်လစီကို ပစ်တယ်လို့ ခင်ဗျားတို့ ထင်ရင်တော့ ကျုပ်ကိုရော အယ်လစီကိုရော ခင်ဗျားတို့ နားမလည်ရာ ရောက်တာပဲ၊ ကျုပ် ပြောမယ်၊ ကမ္ဘာပေါ်မှာ မိန်းမ တစ်ယောက်ကို ကျုပ်လောက် ချစ်တဲ့လူ မရှိဘူး ဆိုတာ ကျုပ် ပြောရဲတယ်ဗျ၊ ကျုပ် သူ့ကို ချစ်ပိုင်ခွင့် ရှိတယ်၊ ပိုင်ဆိုင်ခွင့်လည်း ရှိတယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်း များစွာတုန်းက သူဟာ ကျုပ်ကို သူ့ အချစ်ကို ပုံအပ်ခဲ့တယ်၊ ဒီအင်္ဂလိပ်က ကျုပ်တို့ နှစ်ယောက် ကြားထဲ ဘာဖြစ်လို့ ဝင်ရှုပ်တာလဲ၊ ဝင်ရှုပ်ရအောင် ဒီလူက ဘာမို့လို့လဲဗျ၊ ကျုပ် ပြောမယ်၊ အယ်လစီကို ကျုပ် ပိုင်တယ်၊ ကျုပ် ပိုင်ခွင့် ရှိတယ်၊ ဒါကြောင့် ကျုပ် ပိုင်ခွင့်ကို ကျုပ် ပြန်တောင်းနေတာ"

ရှားလော့ဟုမ်းက ခပ်ထန်ထန်ဖြင့်

"ခင်ဗျား ဘယ်လိုလူမှန်း သိတဲ့ အခါကျတော့ ခင်ဗျားဆီက ထွက်လာတာပေါ့ဗျ၊ ခင်ဗျား ရန်ကို ကြောက်လို့ သူ့ခမျာ အမေရိကက ထွက်ပြေးခဲ့ရတယ်၊ ထွက်ပြေးပြီး အင်္ဂလန်မှာ ဂုဏ်သရေရှိ လူတစ်ယောက်ကို လက်ထပ်ယူခဲ့တယ်၊ ခင်ဗျားက သူတို့ နောက်က အတင်း လိုက်တယ်၊ ချောင်ပိတ်တယ်၊ သူ ချစ်တဲ့ လေးစားတဲ့ ယောကျ်ားကို စွန့်ပစ်ပြီး ခင်ဗျား နောက်ကို လိုက်ခဲ့ဖို့ အတွက် ခင်ဗျားဟာ သူ့နောက် တကောက်ကောက် လိုက်ခဲ့တယ်၊ ဒီနည်းအားဖြင့် ခင်ဗျားဟာ သူ့ကို စိတ်ဆင်းရဲအောင် တရိရိ ညှဉ်းဆဲခဲ့တယ်၊ နောက်ဆုံးတော့ ခင်ဗျားဟာ ဂုဏ်သရေရှိ လူကောင်း တစ်ယောက်ကို သတ်ခဲ့ပြီး သူ့မယားကိုလည်း ကိုယ့်ကိုယ်ကိုယ် သတ်သေအောင် လုပ်ခဲ့တာပဲ၊ ဒါဟာ ဒီကိစ္စမှာ ခင်ဗျား ဘယ်လို လုပ်ခဲ့တယ် ဆိုတဲ့ အချက်ပဲ၊ ကဲ မစ္စတာ အက်ဘီ ဆလာနေ၊ ခင်ဗျား ဒီကိစ္စကို ရုံးတော်ကျမှ ဖြေရှင်းပါ၊ ဒါပဲ"

"ရပါတယ်၊ အယ်လစီ သေပြီ ဆိုတဲ့ နောက်မှတော့ ကျုပ် အနေနှင့်လည်း ဘာကြီးဖြစ်ဖြစ် ဂရု မစိုက်တော့ပါဘူး"

ထိုလူသည် လက်ထဲတွင် ကြေမွနေသည့် စာရွက်ကလေးကို ဖြန့်ကာ ကြည့်နေသည်။ ထို့နောက် သင်္ကာ မကင်းသော မျက်လုံးများဖြင့် ကျွန်ုပ်တို့ကို လှမ်းကြည့်လိုက်ပြီး

"ခင်ဗျားတို့ ဒီမှာ ကြည့်ကြဦးဗျ၊ ကျုပ်ကို ခေါ်လို့ ရနိုင်လို့ ရမယ်



www.burmeseclassic.com

www.burmeseclassic.com

ထင်သလား၊ အယ်လစီဟာ ခင်ဗျားတို့ ပြောသလို သေကောင်ပေါင်းလဲ ဖြစ်နေတယ် ဆိုရင် ဒီစာကို ဘယ်သူ ရေးသလဲ'

ထိုလူသည် စာရွက်ကလေးကို စားပွဲပေါ်သို့ ပစ်ချလိုက်လေ၏။

'ခင်ဗျား လာအောင် ကျုပ် ရေးလိုက်တာဗျ'

'ဘာ ခင်ဗျား ရေးလိုက်တာ ဟုတ်လား၊ ကမ္ဘာပေါ်မှာ ဒီအရုပ် အက္ခရာကလေးတွေကို အဓိပ္ပာယ် ဖော်တတ်တဲ့ လူဆိုလို့ ကျုပ်တို့ ဂိုဏ်းပဲ ရှိတယ်ဗျ၊ ခင်ဗျား ဘယ်လိုလုပ်ပြီး သိသလဲ'

'ဒါတော့ဗျာ လူတစ်ယောက် ဝှက်နိုင်ရင် တစ်ယောက် ရှာနိုင်တာပေါ့၊ ကဲ ကိုယ့်လူ၊ ခင်ဗျားကို ပို့ဖို့ ရထား လာနေပြီ၊ အဲဒီတော့ မသွားခင်ကလေးမှာ ခင်ဗျားကြောင့် ပျက်စီးခဲ့တာကလေးတွေ အတွက် လျော်ကြေးတော့ ပြန်ပေးခဲ့ဦး၊ ခင်ဗျား သိတဲ့ အတိုင်း ခုဆိုရင် မစ္စတာ ကျူးဗစ် သေရတာဟာ သူ့မိန်းမရဲ့ လက်ချက်ကြောင့် ဖြစ်တယ်လို့ အများက သင်္ကာမကင်း ဖြစ်နေကြတယ်၊ ခု ကျုပ် ရောက်လာပြီး ဒီအရုပ် အက္ခရာကလေးတွေကို ဖော်နိုင်ပေလို့ သူ့ခမျာ အစွပ်စွဲ ခံရတဲ့ ဘေးက လွတ်သွားတာ၊ ဒါကို ခင်ဗျား သိတယ် မဟုတ်လား၊ ဒီတော့ သူ့ ယောကျ်ား သေရတာဟာ သူနှင့် တိုက်ရိုက်သော် လည်းကောင်း သွယ်ဝိုက်၍သော် လည်းကောင်း သက်ဆိုင်ခြင်း မရှိဘူး ဆိုတာကို အများ သိအောင် လုပ်ဖို့တော့ လိုလိမ့်မယ်၊ ဒီလောက်တော့ ခင်ဗျား အနည်းဆုံး လုပ်ခဲ့ဖို့ကောင်းတယ်'

'ရပါတယ်၊ အဆင်သင့်ပါ၊ ကျုပ် အတွက် အကောင်းဆုံးကလည်း အဖြစ်အပျက် တရားကို ပွင့်ပွင့်လင်းလင်း ထုတ်ပြောဖို့ပါပဲ'

ဗြိတိသျှ ရာဇဝတ် ဥပဒေ၏ ဖြောင့်မတ်သော အစဉ်အလာကို လေးစားသောအားဖြင့် အင်စပက်တော် မာတင်က

'ဗျို့ လူ၊ ခင်ဗျားကို ကျုပ် သတိပေးဖို့တော့ ဝတ္တရား ရှိတယ်နော်၊ ခု ခင်ဗျား ထွက်ချက်ကို ဖြောင့်ချက် အဖြစ် ရုံးတော် တင်မှာ၊ ပြောချင်မှ ပြော'

ဆလာနေက ပခုံးကို တွန့်ပြလိုက်ရင်း

'ကြိုက်သလို တင်ပါ၊ ခင်ဗျားတို့ကို ကျုပ် သိထားစေချင်တာက သူနှင့် ကျုပ်ဟာ ငယ်ငယ်ကတည်းက သူငယ်ချင်းတွေဗျ၊ ရှီကာဂိုမှာ ရှိတဲ့ ကျုပ်တို့ ဂိုဏ်းမှာ လူ ခုနစ်ယောက် ရှိတယ်၊ အယ်လစီရဲ့ အဖေက ဂိုဏ်းခေါင်းဆောင်၊ လူက တော်တော်လည်း ထက်တယ်၊ သူ့ နာမည်က ပက်ထရစ်တဲ့၊ ခု အရုပ် အက္ခရာတွေကို ထွင်တာ သူပဲ၊ ရုတ်တရက် ကြည့်လိုက်ပြီး အချက်ကို မသိရင်



ကလေး ကစားထားတာလို့ ထင်မှာပဲ၊ အယ်လစီက ကျုပ်တို့ အကြောင်းတွေကို အားလုံး သိတယ်၊ ဒါပေမဲ့ သူက ဒါမျိုး လုပ်နေတာကို မကြိုက်ဘူး၊ သူ့ဘာသာ သူ ရိုးရိုးသားသား စုထားတဲ့ ပိုက်ဆံကလေးကို ယူပြီး လန်ဒန်ကို ထွက်ပြေးတာပဲ၊ သူနှင့် ကျုပ်နှင့်က စေ့စပ်ပြီးသား ဆိုတော့ ကျုပ်သာ အလုပ်ကို စွန့်ရင် အယ်လစီဟာ ကျုပ်ကို ယူမှာပဲလို့ ကျုပ် ယုံကြည်တယ်၊ သို့သော်လည်း အယ်လစီဟာ ဒုစရိုက်နှင့် ကင်းကင်း နေချင်တယ်၊ ဒါနှင့် ကျုပ် သူ့ကို လိုက်ရှာတာ နောက်ဆုံးတော့ အဲဒီ အင်္ဂလိပ်နှင့် လက်ထပ်ပြီးတဲ့ အချိန်ကျမှ ရှာလို့ တွေ့တော့တယ်၊ ဒါနှင့် ကျုပ် သူ့ဆီကို အကျိုးအကြောင်း စာရေးတယ်၊ ဒါပေမဲ့ သူ့ဆီက ဘာမှ အကြောင်း မပြန်ဘူး၊ ဒီနောက်တော့ ကျုပ်လည်း ဒီကို လိုက်လာပြီး သူ မြင်နိုင်မယ့် နေရာတွေမှာ အရုပ် အက္ခရာတွေ လျှောက်ရေးပြီး အကြောင်းကြားတာပဲ၊ စာနှင့် ရေးလို့က ဘာမှ အကျိုး မထူးတော့ဘဲကိုး။

'ခုဆိုရင် ကျုပ် ဒီကို ရောက်တာ တစ်လလောက် ရှိပြီ၊ ခု ကျုပ် အဲလ်ရစ် ယာတောမှာ နေတယ်၊ အဲဒီ ယာတဲက အောက်ထပ် အခန်းကလေး တစ်ခန်းကို ငှားပြီး နေတယ်၊ ည အပြင် ထွက်ချင်သလောက် ထွက် ဘယ်သူမှ မသိဘူး၊ ကျုပ် အယ်လစီကို ဖျောင်းဖျ ခေါ်ပါသေးတယ်၊ ကျုပ် ရေးတဲ့ အရုပ် အက္ခရာတွေကိုလည်း သူ တွေ့တယ် ဆိုတာ ကျုပ် သိပါတယ်၊ တွေ့လို့ ကျုပ်ဆီကို အရုပ် အက္ခရာတွေနှင့်တောင် ရေးပြီး အကြောင်း ပြန်သေးတာပဲ၊ ကြာတော့ ကျုပ်လည်း စိတ်တိုလာပြီး သူ့ဆီကို ခြိမ်းခြောက်စာ ရေးတယ်၊ ဒီတော့ သူက ကျုပ် တခြားကို ထွက်သွားဖို့ အကြောင်း၊ သူနှင့် ပတ်သက်လို့ သူ့ ယောကျ်ား နာမည် ပျက်ရင် သူ ရင်ကွဲရမယ့် အကြောင်း၊ နောက်ဆုံး ကျုပ် ထွက်သွားပြီး သူ့ကို နှောင့်ယှက်ခြင်း မပြုတော့ဘူး ဆိုရင် သူ့ ယောကျ်ား အိပ်ပျော်နေတုန်း မနက် သုံးနာရီမှာ ပြတင်းပေါက် အဝကို ဆင်းခဲ့မယ့် အကြောင်း စာရေးလိုက်တယ်၊ အဲဒီနေ့ မနက်ကျတော့ သူ ဆင်းလာတယ်၊ ကျုပ်ကို လာဘ်ထိုးဖို့ ပိုက်ဆံတွေလည်း ယူလာတယ်၊ ဒါနှင့် ကျုပ်လည်း သိပ်စိတ်ဆိုးပြီး သူ့လက်ကို ဆွဲပြီး ပြတင်းပေါက် အပြင်ဘက်ကို အတင်း ဆွဲထုတ်တယ်၊ ဒီတုန်းမှာ သူ့ ယောကျ်ားဟာ ခြောက်လုံးပြူး ကိုင်ပြီး အတင်း ဆင်းလာတယ်၊ အယ်လစီက ကြမ်းပေါ်ကို လဲကျသွားတော့ ကျုပ်တို့ နှစ်ယောက် တစ်ယောက်နှင့် တစ်ယောက် မျက်နှာချင်း ဆိုင်မိကြတယ်၊ ကျုပ်လည်း ယိုင်သွားတယ်၊ ဒါနှင့် ခြောက်တဲ့ အနေနှင့် သေနတ် ထုတ်ပြီး ထွက်မယ် အလုပ်မှာ သူက စပစ်တယ်၊ ဒါပေမဲ့ ကျုပ်ကိုတော့ မထိပါဘူး၊ သူ ပစ်တာနှင့် မရှေးမနှောင်း ကျုပ် သေနတ်မောင်းကိုလည်း ဆွဲချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်၊ ဒီတွင် သူ မှန်ပြီး လဲကျ သွားတာပဲ၊ ဒါနှင့် ကျုပ်လည်း ဥယျာဉ်ကို ဖြတ်ပြီး ကျော်ထွက်လာခဲ့တယ်၊ ကျုပ် ထွက်လာတော့ နောက်မှာ ပြတင်းပေါက်ကို ပိတ်သံ ကြားလိုက်ရတယ်၊ အမှန်အတိုင်း ပြောတာပဲဗျာ၊ အပိုလည်း မပါပါဘူး၊ ထိမ်ချန်ထားတာလည်း မရှိဘူး၊ နောက်တော့ ကျုပ်လည်း ဘာမှ မသိပါဘူး၊ သူငယ်ကလေး တစ်ယောက် လာပြီး စာပေးတော့မှ အဟုတ် ထင်ပြီး လိုက်လာတာ၊ ဒီရောက်တော့ ခင်ဗျားတို့ လက်ထဲကို ရောက်တာပါပဲ'

ဆလာနေ စကား ပြောလျက် ရှိစဉ် မြင်းရထား တစ်စင်း ရောက်လာကာ ယူနီဖောင်းဝတ် ပုလိပ် နှစ်ယောက် လိုက်ပါလာလေ၏။ အင်စပက်တော် မာတင်က ထိုင်ရာမှ ထလိုက်ပြီး တရားခံ၏ ပခုံးကို တို့လိုက်ရင်း

'ကဲ သွားဖို့ အချိန် တော်ပြီဗျ'

'သူ့ကို ခဏလေးလောက် ဖြစ်ဖြစ် မကြည့်ရဘူးလားဗျာ'

'မဖြစ်ဘူးဗျ၊ သတိ လစ်နေတယ်၊ ကဲ စုံထောက်ကြီးရေ၊ နောက်တစ်ခါ အရေးကြီးတဲ့ အမှုတို့ ဘာတို့များ ပေါ်လာရင် ကျွန်တော့် အနားမှာ စုံထောက်ကြီး ရှိပါစေလို့ ဆုတောင်း ရတော့မှာပဲဗျ'

ကျွန်ုပ်တို့သည် ပြတင်းပေါက်တွင် ရပ်ကာ တဖြည်းဖြည်း ဝေးသွားသော မြင်းရထားကို ငေးကြည့်နေမိကြလေ၏။ ပြန်၍ လှည့်ကြည့်လိုက်သည့် အခါတွင် တရားခံ လုံးခြေသွားသည့် စက္ကူစကလေးကို စားပွဲပေါ်တွင် တွေ့ရလေ၏။ ထိုစာရွက်ကလေးမှာ ရှားလော့ဟုမ်း ရေးပေးလိုက်သည့် စာရွက်ကလေး ဖြစ်လေ၏။

ရှားလော့ဟုမ်းက ပြုံးကာ

'အိုင်ဆေး ဖတ်လို့ ရရဲ့လားဗျ၊ ဖတ်ကြည့်စမ်းပါဦး'

အထဲတွင် စာတစ်လုံးမျှ မပါချေ။ အောက်ပါ အရုပ်ကလေးများသာ ပါရှိလေ၏။



'ကျုပ် ပြောတဲ့ ဖော်နည်း အတိုင်း ဖော်ကြည့်ရင် အမြန် လာပါလို့ အဓိပ္ပာယ် ထွက်တယ်ဗျ၊ ဒီလို ရေးပြီး ဖတ်လိုက်ရင် ခင်ဗျားလူ မလာဘဲ မနေဘူး ဆိုတာ ကျုပ် သိတာပေါ့ဗျ၊ ဒီလို စာမျိုး တွေ့တော့ အမျိုးသမီးက ရေးလိုက်တာပဲလို့ မထင်ရင် ဘယ်သူ့ဆီက လာတဲ့ စာလို့ ထင်ဦးမလဲ၊ ဒီတော့





ကိုယ့်လူရေ၊ ကနေတဲ့ အရုပ်ကလေးတွေဟာ အရင် တစ်ခါတုန်းက မကောင်းတဲ့ ရည်ရွယ်ချက် အတွက် အသုံးကျခဲ့ပေမဲ့ ဒီတစ်ခါတော့ ကောင်းတဲ့ ရည်ရွယ်ချက် အတွက် ဖြစ်သွားပြီ ဆိုတာ တွေ့ပြီ မဟုတ်လား၊ ခင်ဗျား မှတ်တမ်းအတွက် စိတ်ဝင်စားစရာ အကြောင်း တစ်ခု ပေးမယ်လို့ ကျုပ် ကတိ ပေးခဲ့တာ ကတိ ပေးတဲ့ အတိုင်းလည်း ပေးပြီးပြီဗျ၊ သုံးနာရီ လေးဆယ်မှာ ရထား ရှိတယ်၊ ဘေကာ လမ်းကို ညစာ အမီ ပြန်ရောက်ကောင်းပါရဲ့'

နိဂုံး စကား တစ်ခွန်း ကျန်သေး၏။

မစ္စတာ အက်ဘီ ဆလာနေကို နော်ဝစ် စက်ရှင် ရုံးမှ သေဒဏ် ပေးလိုက်လေ၏။ သို့ရာတွင် သက်ညှာသောအားဖြင့် လည်းကောင်း၊ သေနတ်ဖြင့် စ၍ ပစ်သူမှာ သေသူ မစ္စတာ ကျူးဗစ် ဖြစ်ကြောင်း နိုင်လုံသည့် အတွက် လည်းကောင်း သူ့ကို သေဒဏ်မှ တစ်သက်တစ်ကျွန်းသို့ ပြောင်းလိုက်လေ၏။

မစ္စက် ဟီလတန် ကျူးဗစ်နှင့် ပတ်သက်၍ ၄င်းမှာ ဒဏ်ရာ လုံးဝ ပျောက်ကင်းပြီးနောက် မုဆိုးမ အဖြစ် နေထိုင်ကာ မရှိ ဆင်းရဲသားများအား ကူညီ စောင့်ရှောက်ခြင်း၊ သူ့ ယောက်ျား၏ လယ်ယာများကို စီမံ ခန့်ခွဲခြင်းဖြင့် အေးဆေးစွာ နေထိုင်လျက် ရှိသည်ဟု ကြားသိရပေသတည်း။

[မူရင်း ဝတ္ထု *The Adventure of the Dancing Men.* ရွှေဥဒေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် ရှာမတွေ့။]



www.burmeseclassic.com

www.burmeseclassic.com

## အဖော်မဲ့ စက်ဘီးသမား



၁၈၉၄ ခုနှစ်မှသည် ၁၉၀၁ ခုနှစ် အပါအဝင် ကာလများ အတွင်းတွင် ကျွန်ုပ်၏ မိတ်ဆွေကြီး ရှားလော့ဟုမ်းမှာ အလွန် အလုပ်များသူ တစ်ယောက် ဖြစ်လေ၏။ ထို ရှစ်နှစ်တာ ကာလများ အတွင်းတွင် ရှားလော့ဟုမ်း စုံစမ်း ထောက်လှမ်းခြင်း မပြုခဲ့ရသော အများဆိုင်ရာ ရာဇဝတ်မှုကြီး ဟူ၍ မရှိဟုပင် စိတ်ချလက်ချ ပြောနိုင်ပေ၏။ ထို့ပြင် သီးခြားလိုက်ရသည့် ကိုယ်ပိုင် အမှုများကလည်း ရာချီ ရှိနေပြီး အချို့မှာ အလွန် ရှုပ်ထွေး ဆန်းကြယ်သော အမှုများ ဖြစ်ကြပေ၏။ သို့ ကာလ ရှည်ကြာစွာ ဆက်တိုက် လိုက်လံ စုံစမ်းခဲ့ရာတွင် အံ့သြစရာ ကောင်းလောက်အောင် အောင်မြင်မှုများ ရှိခဲ့သည့် နည်းတူ မလွှဲသာ မရှောင်သာ အရေး နိမ့်ခဲ့ရသည့် ကိစ္စများလည်း အနည်းငယ် ကြုံခဲ့ရပေ၏။ ကျွန်ုပ်သည် ဤအမှုများအားလုံးနှင့် ပတ်သက်သည့် မှတ်တမ်း အပြည့်အစုံကို သိမ်းဆည်းထားခဲ့ကာ အမှု များစွာတွင်လည်း ကျွန်ုပ် ကိုယ်တိုင် ပါဝင် စုံစမ်းခဲ့သည် ဖြစ်ရာ အများပြည်သူတို့၏ ရှေ့မှောက်တွင် မည်သည့် အမှုကို ရွေးချယ် တင်ပြသင့်သည် ဆိုသည့် ကိစ္စသည် ထင်သလောက် လွယ်ကူသည့် ကိစ္စ မဟုတ်ကြောင်းကို သဘော ပေါက်နိုင်ကြလိမ့်မည် ထင်ပါသည်။ သို့ရာတွင် ကျွန်ုပ်သည် ကျွန်ုပ်၏ ယခင် ရေးစည်းကမ်းကို လိုက်နာကာ ပြစ်မှု၏ ရက်စက် ကြမ်းကြုတ်သော သဘာဝကြောင့် မဟုတ်ဘဲ အမှုကို ဖြေရှင်းရာတွင် ထိုးထွင်း ဖန်တီးမှု ရှိခြင်း၊ အများ မမျှော်လင့်သော ရှုထောင့်မှ ကိုင်တွယ်သွားခြင်းတို့ကြောင့် စိတ်ဝင်စားစရာ ကောင်းသည့် အမှုများကို ဦးစားပေး ဖော်ပြသွားမည် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်ုပ်သည် တစ်ဦးတည်း ဘိုင်စကယ် စီး၍ အလုပ်သွား အလုပ်ပြန်လေ့ ရှိသူ ချာလင်တန်မှ မစ္စ ဗွိုင်အိုလက် စမစ်၏ အကြောင်းများနှင့် ထိုအမှုတွင် ကျွန်ုပ်တို့ ထူးထူးဆန်းဆန်း လိုက်လံ စုံထောက် ခဲ့ရပုံ၊ နောက်ဆုံးတွင် ကျွန်ုပ်တို့ လိုက်လံ စုံစမ်းနေကြသည့် ကြားမှပင် မစ္စ ဗွိုင်အိုလက် တစ်ယောက် ကြေကွဲဖွယ် အဖြစ်နှင့် ရင်ဆိုင်သွားရပုံတို့ကို စာဖတ် ပရိသတ် ရှေ့မှောက်သို့ တင်ပြရန် ရည်ရွယ်ပါသည်။ ထိုးတွင်း ဖန်တီးမှု ရှိခြင်း၊ မမျှော်လင့်သော ရှုထောင့်မှ ကြည့်ကာ အမှုကို ဖြေရှင်းတတ်ခြင်း စသည့် ကျွန်ုပ်၏ မိတ်ဆွေကြီး၏ ကျော်ကြားသော အရည်အချင်းများကို မစ္စ ဗွိုင်အိုလက် စမစ်၏ အမှုတွင် ပြသရန် အခွင့်အရေး မကြုံခဲ့သည်မှာ မှန်ပါသည်။ သို့ရာတွင် ဤမှတ်တမ်းတိုကလေးများကို ရေးရန် အချက်အလက်များ ယူခဲ့သည့် ရာဇဝင်မှတ်တမ်း များစွာတို့ အထဲ၌ ယခု အမှုမှ အချက်အလက်များသည်လည်း ထူးခြားလှသည့် အတွက် ထိုအကြောင်းကို ရေးသား တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

၁၈၉၅ ခုနှစ်က ကျွန်ုပ် ရေးမှတ်ခဲ့သော မှတ်တမ်းများကို ပြန်ကြည့်သည့် အခါ၌ မစ္စ ဗွိုင်အိုလက် စမစ်၏ အမည်ကို ကျွန်ုပ်တို့ ပထမဆုံး ကြားဖူးသော နေ့မှာ ဧပြီလ ၂၃ ရက်၊ စနေနေ့ ဖြစ်ကြောင်းကို တွေ့ရလေ၏။ ထိုအချိန်က မိတ်ဆွေကြီး ရှားလော့ဟုမ်းမှာ စီးကရက် ကုမ္ပဏီ ပိုင်ရှင် နာမည်ကျော် သန်းကြွယ် သူဌေးကြီး ဂျွန် ဗင်းဆင့် ဟားဒင်း၏ အမှုနှင့် ပတ်သက်၍ အလုပ် များနေချိန် ဖြစ်သည့် အလျောက် သူ့ထံသို့ မစ္စ ဗွိုင်အိုလက် စမစ် ရောက်လာသော အခါတွင် အကြီးအကျယ် စိတ်ပျက်သွားသည်ကို ကျွန်ုပ် ကောင်းစွာ မှတ်မိပေသေး၏။

မိတ်ဆွေကြီး ရှားလော့ဟုမ်းသည် တိကျ ပြတ်သားမှု၊ လေးနက်စွာ တွေးခေါ် စဉ်းစားမှုတို့ကို ခုံမင်သူ ဖြစ်လေရာ သူ စိတ်ပါဝင်စားနေသည့် ကိစ္စ တစ်ခုမှ အာရုံ ပြောင်းသွားအောင် လုပ်လျှင် အလွန် စိတ်တိုတတ်သူ တစ်ဦး ဖြစ်လေ၏။

သို့တိုင်အောင် ရုပ်ရည် လှပ ချောမောရုံမျှမက ကိုယ်နေကိုယ်ဟန် တင့်တယ် ပြေပြစ်သည့် အရပ်မြင့်မြင့် မိန်းမပျိုကလေး တစ်ယောက် ညကြီး အချိန်မတော် ဘေကာလမ်းသို့ ရောက်လာကာ အကြံဉာဏ်နှင့် အကူအညီ ပေးပါရန် တတွတ်တွတ် တောင်းပန်လာသော အခါတွင်မူကား သနား အားနာတတ်သော သူ့စရိုက် အတိုင်း သူ ပြောသမျှကို နားထောင်ရန် မငြင်းရက်နိုင်တော့ချေ။

မိန်းမပျိုမှာ သူ ပြောစရာ ရှိသည်တို့ကို ပြောပြီးမှ ပြန်တော့မည်ဟု





ဖိတ်ရှလုံးကို တုံးတုံး ချလာခဲ့ခြင်း ဖြစ်သည့် အတွက်ကြောင့် တစ်ကြောင်း၊ ပြောရသေးသမျှ ပြန်မည့်ပုံ မဟုတ်ဘဲ အတင်း ဆွဲထုတ်မှ ပြန်မည့်ပုံ ဖြစ်နေသည့် အတွက်ကြောင့် တစ်ကြောင်း အလုပ် များသည်ဟု အကြောင်းပြ၍လည်း အကျိုး ထူးတော့မည် မဟုတ်ချေ။

နောက်ဆုံး၌ ရှားလော့ဟုမ်းသည် စိတ်ပျက်လက်ပျက်ဖြင့် မချိပြုံး ပြုံးလိုက်ပြီးနောက် မိန်းမပျိုအား နေရာထိုင်ခင်း ပေးကာ အကျိုးအကြောင်းကို မေးမြန်း စုံစမ်းခြင်း ပြုရလေ၏။

ရှားလော့ဟုမ်းသည် မိန်းမပျိုကို တစ်ချက်မျှ သိမ်းကျုံး ကြည့်လိုက်ပြီးလျှင်

"ဆိုစမ်းပါဦး၊ ဘာတွေများ ဒီလောက် သောက ရောက်လာရသလဲ၊ ပင်း ကျန်းမာရေးကြောင့် သောက ရောက်လာတာ မဟုတ်ဘူး ဆိုတာကတော့ သေချာတယ်၊ ဒီလောက် ဘိုင်စကယ် စီးနေတဲ့ သူငယ်မပဲ၊ ဘာ ကျန်းမာရေး ပကောင်းစရာ ရှိသလဲ"

မိန်းမပျိုသည် တအံ့တသြနှင့် သူ့ခြေထောက်များကို ငုံ့ကြည့်လိုက်လေ၏။ ခြေနင်းဖြင့် ပွတ်တိုက်ဖန် များသောကြောင့် ဖဝါးစောင်းတွင် အနည်းငယ် ကြမ်းရှနေခြင်းကို ကျွန်ုပ် သတိပြုလိုက်မိလေ၏။

"ဟုတ်ပါတယ်ရှင်၊ ကျွန်မက ဘိုင်စကယ် စီးတာ များပါတယ်၊ ဒီနေ့ မစ္စတာ ဟုမ်းဆီကို လာရတာလည်း ဒီကိစ္စနှင့် ပတ်သက်နေပါတယ်"

မိတ်ဆွေကြီး ရှားလော့ဟုမ်းသည် လက်အိတ် ချွတ်ထားသော အမျိုးသမီး၏ လက်ကို ဆွဲကာ သေချာစွာ ကြည့်ရှုလျက် ရှိလေရာ သူ့ကို ကြည့်ရသည်မှာ ထွေလာကောလာ စိတ်မျိုး အလျှင်း မရှိဘဲ သိပ္ပံ ပညာရှင် တစ်ယောက်က စမ်းသပ်ခံ ပစ္စည်း တစ်ခုကို ကြည့်နေသကဲ့သို့ ရှိပေ၏။

ထို့နောက် ရှားလော့ဟုမ်းသည် လက်ကို လွှတ်ချလိုက်ပြီးလျှင်

"ခွင့်လွှတ်နော် သူငယ်မ၊ ကျုပ်တို့ အလုပ်က လူကဲခတ်ရတဲ့ အလုပ်မို့ ကြည့်ရတာ၊ အင်း ကံကောင်းလို့၊ သူငယ်မရဲ့ လက်ကို ကြည့်ပြီး လက်နှိပ်စက်ရိုက်တယ်လို့ တလွဲ ထင်မိတော့မလို့၊ ခုတော့ ရှင်းသွားပါပြီလေ၊ သူငယ်မက ဂီတသမားပဲ၊ ဗျို့ ဝပ်ဆင်၊ ထိပ်မှာ ပြားနေတဲ့ လက်ချောင်းတွေကို သေသေချာချာ ကြည့်စမ်း၊ ဂီတသမားနှင့် လက်နှိပ်စက်သမားတွေရဲ့ လက်ထိပ်တွေဟာ ပြားနေ ကြတယ်ဗျ၊ သိပ်ခွဲလို့ မရချင်ဘူး၊ သို့သော်လည်း ဟောဒီ သူငယ်မရဲ့ မျက်နှာက တော့"



www.burmeseclassic.com

www.burmeseclassic.com





*ရှားလော့ဟုမ်းသည်*
*အမျိုးသမီး၏ လက်ကို ဆွဲကာ*
*သေချာစွာ ကြည့်ရှုလျက် ရှိလေရာ ...*

ရှားလော့ဟုမ်းသည် မိန်းမပျို၏ မျက်နှာကို မီးရောင်ဘက်သို့ လှည့်လိုက်၏။

"အနုပညာ ဓာတ်ခံ ရှိတဲ့ မျက်နှာမျိုးဗျ၊ လက်နှိပ်စက်သမားရဲ့ မျက်နှာက ဒီလို မျက်နှာ မဟုတ်ဘူး၊ မျက်နှာသေရယ်၊ ဒါ့ကြောင့်မို့ ဒီသူငယ်မဟာ ဂီတသမား တစ်ယောက် ဖြစ်တယ်လို့ ပြောတာ"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မက ဂီတဆရာမပါ"

"တောမှာ လုပ်တာ မဟုတ်လား၊ မင်း အသားအရေ ကြည့်ရတာ တော်တော် စိုပြည်တာပဲ"

"ဟုတ်ပါတယ်ရှင်၊ ဆာရေး နယ်စပ်က ဖန်ဟမ်နားမှာ လုပ်ပါတယ်"

"အင်း အဲဒီနား တစ်ဝိုက်က တော်တော် သာယာတာပဲ၊ ကျုပ်တို့ အဖို့လည်း သတိ ရစရာကလေးတွေ အများကြီးဗျ၊ မှတ်မိသေးလား ဗျို့ ဝပ်ဆင်၊ အာချီ စတက်းဖို့ ဆိုတဲ့ လူလိမ်ကို အဲဒီနားမှာ ကျုပ်တို့ လိုက်ခဲ့ကြတာလေ၊ ကဲ





ဖစ္စ ဗိုင်အိုလက်ရေ၊ အဲဒီ ဆာရေး နယ်စပ်နားက ဖန်ဟမ်နားမှာ ဘာဖြစ်သလဲ ဆိုစမ်းပါဦး"

မိန်းမပျိုသည် ထူးဆန်းသည့် အောက်ပါ အဖြစ်အပျက်ကို တည်ငြိမ် ပြတ်သားစွာ ပြောလေ၏။

"ကျွန်မ အဖေကတော့ မရှိတော့ပါဘူး မစ္စတာ ဟုမ်း၊ ဖေဖေက တော်ဝင် ဇာတ်ရုံက တီးဝိုင်းကြီးမှာ တီးဝိုင်းဆရာပါ၊ နာမည်ကတော့ ဂျိမ်း စမစ်လို့ ခေါ်ပါတယ်၊ ဖေဖေ ဆုံးတော့ ကျွန်မတို့မှာ ရာ့ဖ် စမစ် ဆိုတဲ့ ဦးလေး တစ်ယောက်က လွဲလို့ လောကကြီးမှာ ဆွေမျိုးရယ်လို့ မရှိတော့ဘဲ တစ်ကောင်ကြွက် အဖြစ် ကျန်ခဲ့ကြပါတယ်၊ ဦးလေး ရာ့ဖ်ကလည်း ဆွေမျိုးလို့သာ ပြောရတာပါ၊ တကယ်တော့ တောင် အာဖရိကတိုက်ကို ထွက်သွားတာ နှစ်ဆယ့်ငါးနှစ်လောက် တောင် ရှိနေပါပြီ၊ အဲဒီကတည်းက သူ့အကြောင်းကို ဘာမှ မကြားရတော့ပါဘူး၊ ဒါပေမဲ့ တစ်နေ့ကျတော့ တိုင်း သတင်းစာထဲမှာ ကျွန်မတို့ ဘယ်ရောက်နေတယ် ဆိုတာကို စုံစမ်းတဲ့ ကြော်ငြာ တစ်ခု ပါလာတယ်လို့ ကြားရပါတယ်၊ ကျွန်မတို့ သားအမိ ဘယ်လောက် ပျော်သလဲ ဆိုတာ စုံထောက်ကြီးပဲ စဉ်းစား ကြည့်ပါတော့ရှင်၊ တို့ဖို့များ တစ်ယောက်ယောက် အမွေတို့ ဘာတို့ ထားခဲ့သလား လို့ တွေးပြီး ဝမ်းသာ နေကြတာပေါ့၊ ဒါနှင့် ကျွန်မတို့လည်း ကြော်ငြာထဲမှာ ပါတဲ့ ရှေ့နေဆီကို လိုက်သွားကြပါတယ်၊ ရှေ့နေရဲ့ ရုံးခန်းကို ရောက်တော့ လူနှစ်ယောက်ကို တွေ့ရတယ်ရှင့်၊ မစ္စတာ ကာရုသာနှင့် မစ္စတာ ဝုဒလေတဲ့၊ သူတို့နှစ်ယောက်က တောင် အာဖရိကမှာ အလုပ် လုပ်နေရာကနေပြီး အိမ်ကို ပွင့်နှင့် ခဏ ပြန်လာကြတာ၊ သူတို့က ကျွန်မ ဦးလေး ရာ့ဖ်ဟာ သူတို့နှင့် အင်ဂတန် ရင်းနှီးတဲ့ မိတ်ဆွေတွေ ဖြစ်တဲ့ အကြောင်း၊ မကြာခင်တုန်းကပဲ ဂျိုဟင်နက်စဗတ်မြို့မှာ ဆင်းဆင်းရဲရဲနှင့် ဆုံးသွားခဲ့တဲ့ အကြောင်း၊ သူ့မှာ ဆွေမျိုးတွေ ရှိတဲ့ အကြောင်း၊ အဲဒီ ဆွေမျိုးတွေကို လိုက်ရှာပြီး တတ်နိုင်သလောက် ကြည့်ရှု စောင့်ရှောက်လိုက်ပါလို့ မှာသွားတဲ့ အကြောင်း ပြောပြကြပါတယ်၊ ဒီစကားကို ကြားတော့ ကျွန်မတို့ အဖို့ နည်းနည်းတော့ ဆန်းနေတာပေါ့လေ၊ ဘယ့်နှယ်ရှင်၊ ဦးလေး ရာ့ဖ် ဆိုတာ အသက် ရှိတုန်းကတောင် ကျွန်မတို့ကို ဒီလောက် အမှတ်တရ ရှိတာမှ မဟုတ်တာ၊ သေမှ ကျွန်မတို့ကို ဒီလောက် အမှတ်တရ ဖြစ်နေတယ် ဆိုတော့ တစ်မျိုး ဖြစ်နေတာပေါ့၊ ဒါပေမဲ့ ဦးလေး ရာ့ဖ်ဟာ ဖေဖေ ဆုံးတာကို ကြားတော့ ကျွန်မတို့ အတွက် သူ့မှာ တာဝန် ရှိတယ်လို့ ယူဆတဲ့ အကြောင်း ခုလို ဂရုတစိုက် လုပ်လာတာလို့တော့ မစ္စတာ ကာရုသာက ပြောပါတယ်



www.burmeseclassic.com

www.burmeseclassic.com



"တစ်ဆိတ် ကြားဖြတ် မေးရဦးမယ်၊ သူတို့နှင့် တွေ့တာ ဘယ်တုန်းကလဲ"

"ပြီးခဲ့တဲ့ ဒီဇင်ဘာလထဲကပါရှင်၊ ခုဆို လေးလလောက် ရှိသွားပါပြီ"

"ဟုတ်ပြီ၊ ဆက်ပါဦး"

"မစ္စတာ ဝုဒလေ ဆိုတာကတော့ တော်တော် မုန်းစရာ ကောင်းတယ်လို့ ထင်မိတယ်ရှင့်၊ တစ်ချိန်လုံး ကျွန်မကို စားတော့ ဝါးတော့မတတ် စိုက်ကြည့်နေတာပဲ၊ ရုပ်က ခပ်ကြမ်းကြမ်း၊ မျက်နှာ ပွစိစိ၊ မုတ်ဆိတ်နီနီနှင့်၊ အသက်ကတော့ သိပ်မကြီးလှသေးပါဘူး၊ လူငယ်ထဲကပါပဲ၊ ဆံပင်ကလည်း အလယ်က ခွဲပြီး နဖူးပေါ်ကို ချထားတယ်၊ ဘာ့ကြောင့်မှန်း မသိဘူးရှင်၊ ကျွန်မကတော့ မြင်မြင်ချင်း မုန်းသွားတာပဲ၊ စီရယ်သာ သိရင် ဒီလို လူမျိုးနှင့် အသိအကျွမ်းတောင် ဖြစ်စေချင်မှာ မဟုတ်ဘူး"

ရှားလော့ဟုမ်းက ပြုံးလိုက်လျက်

"သြော် စီရယ်တဲ့လား"

မိန်းမပျိုသည် မျက်နှာ နီရဲသွားရာမှ ရယ်လိုက်၏။

"ဟုတ်ကဲ့၊ သူ့နာမည်က စီရယ် မော်တန်ပါ၊ လျှပ်စစ် အင်ဂျင်နီယာ လုပ်ပါတယ်၊ နွေကုန်ရင် လက်ထပ်ဖို့ စီစဉ်ထားပါတယ်၊ အို ခက်လိုက်တာနော်၊ ဘယ့်နှယ် သူ့အကြောင်း ရောက်သွားသလဲ မသိပါဘူး၊ ကျွန်မ ပြောချင်တာက မစ္စတာ ဝုဒလေ ဘယ်လောက် မုန်းစရာ ကောင်းတယ် ဆိုတာ ပြောချင်တာပါရှင်၊ ဒါပေမဲ့ သူ့ထက် အသက် နည်းနည်းကြီးတဲ့ မစ္စတာ ကာရုသာကတော့ မဆိုးပါဘူး၊ သဘော ကောင်းပါတယ်၊ သူက အသားညိုညို၊ မုတ်ဆိတ်တွေ ဘာတွေ မရှိဘူးရှင့်၊ စကားလည်း သိပ်မပြောလှဘူး၊ မွန်မွန်ရည်ရည်ပဲ၊ မျက်နှာကလည်း အမြဲတမ်း ပြုံးလို့ရှင့်၊ သူက ကျွန်မတို့ ဖေဖေ ဆုံးတော့ ဘယ်လို နေကြ ထိုင်ကြသလဲ ဆိုတာကို မေးပါတယ်၊ ကျွန်မတို့ ဆင်းဆင်းရဲရဲ ချို့ချို့ငဲ့ငဲ့ နေရတယ် ဆိုတာကို ကြားတော့ သူ့ ဆယ်နှစ် သမီးလေးကို လာပြီး ဂီတ သင်ပေးဖို့ ခေါ်ပါတယ်၊ ဒီတော့ ကျွန်မက မေမေ့ကို တစ်ယောက်တည်း မထားခဲ့ချင်တဲ့ အကြောင်း ပြောပါတယ်၊ တစ်ပတ်ကို တစ်ခါ မေမေ့ဆီကို ပြန်ပါတဲ့၊ သူက တစ်နှစ်ကို ပေါင်တစ်ရာလောက် ပေးမယ်တဲ့၊ ပေါင်တစ်ရာ ဆိုတော့လည်း တော်တော်လေး မက်လောက်စရာ ကောင်းတာပေါ့ရှင့်၊ ဒါနှင့် ကျွန်မက အလုပ် လက်ခံလိုက်တော့ ကိစ္စ ပြီးသွားရော ဆိုပါစို့ရှင်၊ ကိစ္စ ပြတ်တော့ ကျွန်မလည်း ဖန်ဟာမ်နှင့် မလှမ်းမကမ်းမှာ ရှိတဲ့ ချီလတန် ဂရင်းကို ဆင်းလာခဲ့ပါတယ်၊ မစ္စတာ





ကာရုသာက မုဆိုးဖိုပါ၊ ဒါပေမဲ့ အိမ်မှာ အိမ်ထောင် ကိစ္စတွေကို လုပ်ဖို့ မစ္စက် ဒစ်ကဆန် ဆိုတဲ့ အဘွားကြီး တစ်ယောက်ကို ငှားထားပါတယ်၊ အဘွားကြီးက အသက် ကြီးရှာပါပြီ၊ အတော်လေးလည်း ရည်ရည်မွန်မွန် ရှိပါတယ်၊ ကလေး လေးကလည်း ချစ်စရာကလေးပါရှင်၊ ကျွန်မ အဖို့တော့ အစစ အဆင် ပြေနေတယ်လို့ ပြောရမှာပါပဲ၊ မစ္စတာ ကာရုသာကလည်း တစ်ဖက်သားကို သနား တတ်ပြီး ဂီတကိုလည်း ဝါသနာ ပါပါတယ်၊ ညနေ ညနေ ဆိုရင် ကျွန်မတို့တစ်တွေ ပျော်ပျော်ပါးပါးနှင့် အချိန် ကုန်ကြပါတယ်၊ မြို့မှာ ရှိတဲ့ မေမေ့ဆီကိုတော့ ပတ်တင်းပတ် ကုန်တိုင်း ပြန်တာပေါ့ရှင်။

"အဲဒီလို ကျွန်မ ပျော်ပျော်ရွှင်ရွှင် ရှိနေတုန်းမှာ ပထမဆုံး တွေ့ရတဲ့ အဖု အထစ်ကတော့ ကျွန်မတို့ဆီကို မုတ်ဆိတ်နီနီနှင့် မစ္စတာ ဝုဒလေ ရောက်လာတဲ့ ကိစ္စပဲရှင့်၊ လာတာကတော့ တစ်ပတ်လောက် အလည် လာတာပါပဲ၊ ဒါပေမဲ့ ရှင် ကျွန်မ စိတ်ထဲမှာတော့ လပေါင်း များစွာ ကြာတယ်လို့ ထင်မိတယ်၊ လူက ကြောက်စရာကြီး၊ လူတိုင်းကို အနိုင် ကျင့်ချင်တာလည်း လွန်ပါရော၊ ကျွန်မ အဖို့တော့ ဒီထက် ဆိုးပါတယ်၊ သူက ကျွန်မကို ချစ်ကြောင်း ဖွင့်ပြောပြီး သူ့မှာ ဘယ်လောက် ချမ်းသာကြောင်း၊ သူ့ကို လက်ထပ်ရင် လန်ဒန်မှာ ရှိတဲ့ အကောင်းဆုံး ဆိုတဲ့ စိန်တွေကို ဆင်ပေးမယ့် အကြောင်း ပြောပါတယ်၊ ကျွန်မက ငြင်းပါတယ်၊ ဒါနှင့် နောက်ဆုံးကျတော့ တစ်ညနေ ညစာ စားအပြီး ဧည့်ခန်းထဲမှာ ကျွန်မကို အတင်း ဖက်ပြီး သူ့ကို အတင်း နမ်းခိုင်းတယ်ရှင့်၊ မနမ်း မချင်း မလွှတ်ဘူး ဆိုပြီး အတင်း ဖက်ထားတယ်၊ သန်လိုက်တာကလည်း လွန်ပါရော ရှင်၊ ဒီတုန်းမှာ မစ္စတာ ကာရုသာ ဝင်လာပြီး သူ့ကို ဆွဲဖယ်၊ မျက်နှာကို တအား ပိတ်ထိုးလိုက်တာ မစ္စတာ ဝုဒလေလည်း လဲကျသွားပါတယ်၊ မျက်နှာမှာလည်း ဒဏ်ရာ ရသွားပါတယ်၊ ဒီကိစ္စ ဖြစ်တော့ မစ္စတာ ဝုဒလေလည်း ပြန်သွားတာ ပါပဲ၊ နောက်တစ်နေ့ကျတော့ မစ္စတာ ကာရုသာက ကျွန်မကို တောင်းပန်ပြီး နောက်တစ်ခါ ဒီလို အစော်ကားခံရတာမျိုး မဖြစ်စေရပါဘူးလို့ အာမခံပါတယ်၊ ဒီနောက်မှာ မစ္စတာ ဝုဒလေကိုလည်း တစ်ခါမှ မတွေ့ရတော့ပါဘူး။

"ခု ဒီနေ့ စုံထောက်ကြီးဆီ ရောက်လာပြီး အကူအညီနှင့် အကြံဉာဏ် တောင်းရတဲ့ ကိစ္စကို ရောက်ပါတော့မယ်ရှင်၊ စနေနေ့ ညနေ ဆိုရင် ကျွန်မက စက်ဘိုင်စကယ် စီးပြီး ဖန်ဟာမ် ဘူတာကို လာလေ့ ရှိပါတယ်၊ ချီလတန် ဂရင်းကနေ ဘူတာကို သွားတဲ့ လမ်းက တော်တော်လေး ခေါင်ပါတယ်၊ အထူးသဖြင့် တစ်နေရာ ရောက်ရင် တော်တော်လေးကို လူပြတ်ပါတယ်၊ အဲဒီ နေရာက တစ်မိုင်



www.burmeseclassic.com

www.burmeseclassic.com



လောက် ရှိတယ်ရှင့်၊ တစ်ဖက်မှာ မြေတွေ ကောလို့ မြေရိုင်း ဖြစ်နေတဲ့ ချာ
တန် စားကျက်ကြီး ရှိတယ်၊ တခြား တစ်ဖက်မှာ တောကြီး ရှိတယ်၊ ခေါင်လို
တဲ့ နေရာရှင်၊ ဒီလောက် ခေါင်တဲ့ နေရာ ဘယ်မှာမှတောင် ရှိမယ် မထင်ဘူ
လမ်းမှာ လှည်းကလေး တစ်စီးတလေ လယ်သမား တစ်ယောက်တလေကိုတော
မမြင်ရဘူး၊ ကရွတ်ဘာရီ တောင်နား ရောက်မှ လူရိပ် လူယောင်ကလေး တွေ့
တော့တယ်၊ လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကတော့ ဘူတာကို စက်ဘီးနှင့် လာရင်၊
နောက်ကို အမှတ်တမဲ့ ပြန်လှည့်ကြည့်လိုက်မိတယ်ရှင့်၊ လှည့်ကြည့်လိုက်တော့
ကျွန်မနှင့် ကိုက်နှစ်ရာလောက် အကွာမှာ လူတစ်ယောက်ရယ် စက်ဘီး စီး
လိုက်လာတယ်၊ လူက အသက် သိပ် မကြီးသေးဘူး၊ လူလက်ပိုင်းထဲကပဲ၊ မုတ်
ဆိတ် ခပ်မည်းမည်း ခပ်တိုတိုနှင့်၊ ဖန်ဟမ်နား ရောက်တော့ ကျွန်မ ပြန်ကြည့်
လိုက်တယ်၊ နောက်က ပါမလာတော့ဘူးရှင့်၊ ဒါနှင့် ကျွန်မလည်း မေ့မေ့ပျောက်
ပျောက်ပဲ နေလိုက်ပါတယ်၊ ဒါပေမဲ့ စုံထောက်ကြီးရေ၊ တနင်္လာနေ့ ကျွန်မ ပြ
ကနေ ပြန်လာတော့ အဲဒီနားမှာပဲ အဲဒီလူကို တွေ့ပြန်ပါရောရှင်၊ ကျွန်မ ဘယ်
လောက် အံ့သြနေမလဲ ဆိုတာ စုံထောက်ကြီး တွေးကြည့်ပါတော့၊ နောက် စနေ
နှင့် နောက် တနင်္လာနေ့ကျတော့လည်း သူ့ကို အရင်လိုပဲ ဒီနေရာ တစ်ဝိုက်မှာ
ထပ်တွေ့ပြန်တော့ ကျွန်မ ပိုပြီး အံ့သြ လာတယ်ရှင့်၊ သူက ကျွန်မနှင့် ခပ်လှမ်း
လှမ်းကပဲ လိုက်လာတယ်၊ ကျွန်မကို ဘာမှတော့ အနှောင့်အယှက် မပေးပါဘူး၊
ဒါပေမဲ့ ဒီလိုချည်း တွေ့တွေ့နေရတော့ နည်းနည်းတော့ ထူးဆန်းနေတာပေါ့ရှင်၊
စိတ်ထဲမှာလည်း တစ်မျိုး ဖြစ်နေတာပေါ့၊ ဒါနှင့် ဒီအကြောင်းကို ကျွန်မက
မစ္စတာ ကာရုသာကို ဖွင့်ပြောတော့ သူလည်း တော်တော် စိတ်ဝင်စားသွားပုံပဲ၊
သူက မြင်း တစ်ကောင်နှင့် အမိုး ပက်လက် ရထားကလေး တစ်စင်း မှာထား
တယ်တဲ့၊ နောက်ကျရင် ဒီလောက် ခေါင်တဲ့ လမ်းကို တစ်ယောက်တည်း သွားလို့
ဘယ်ဖြစ်မလဲတဲ့၊ အဖော်ကလေး ဘာလေး ပါမှ ကောင်းမယ်တဲ့။

'မြင်းနှင့် ရထား မှာထားတာ အခု အပတ် ရောက်ဖို့ပဲ၊ ဒါ ပေ မဲ့
အကြောင်း မညီညွတ်တော့ ရောက်မလာပြန်ဘူးရှင့်၊ ဒါနှင့် ကျွန်မလည်း ဘူတာ
ကို ဘိုင်စကယ်နှင့် လာရပြန်တာပေါ့လေ၊ အဲဒါ ခုမနက်မှာရှင့်၊ ချာလင်တန်
စားကျက်ကြီးနား ရောက်တော့ ကျွန်မလည်း ဘေးဘီကို အကဲခတ်ရတာပေါ့
ရှင်၊ ကျွန်မ ထင်တဲ့ အတိုင်းပါပဲရှင်၊ အဲဒီ စားကျက်နားကိုလည်း ရောက်ရော
အရင် နှစ်ပတ်တုန်းကလိုပဲ ဒီလူ ပေါ်လာပြန်တယ်ရှင့်၊ သူက ကျွန်မနောက်
ခပ်လှမ်းလှမ်းက လိုက်လာတော့ သူ့ မျက်နှာကို သဲသဲကွဲကွဲ မမြင်ရဘူး၊ ဒါပေမဲ့







'ကျွန်မ
ဘိုင်စကယ်ကို အရှိန်
လျှော့လိုက်တယ်'

လူဟာ ကျွန်မ မြင်ဖူးတဲ့ လူထဲက မဟုတ်တာကတော့ သေချာတယ်၊ လူက
နက်ရောင် ဝတ်စုံကို ဝတ်ပြီး အဝတ် ဦးထုပ်ကလေးကို ဆောင်းလို့၊ သူ့
မျက်နှာမှာ ကျွန်မ သဲသဲကွဲကွဲ မြင်ရတာကတော့ မုတ်ဆိတ်မွေး ခပ်မည်းမည်း
ရှိတယ် ဆိုတာလောက်ကိုပဲ မြင်ရတယ်ရှင့်၊ ကျွန်မ သိပ်တော့ မကြောက်တော့
ပါဘူး၊ သိချင်တာ တစ်ခုပါပဲ၊ ဒါနှင့် ဒီလူ ဘယ်သူလဲ၊ ဘာဖြစ်လို့ ငါ့နောက်ကို
လိုက်နေရတာလဲ ဆိုတာကို စုံစမ်းမယ် ဆိုပြီး ကျွန်မ ဘိုင်စကယ်ကို အရှိန်
လျှော့လိုက်တယ်၊ ဒီတော့ သူကလည်း သူ့ ဘိုင်စကယ်ကို အရှိန် လျှော့လိုက်
တယ်ရှင့်၊ ကျွန်မက ရပ်လိုက်တယ်၊ ဒီတော့ သူကလည်း လိုက်ရပ်တယ်၊ ဒါနှင့်
ကျွန်မ သူ့ကို ချောင်းကြည့်မယ် ဆိုပြီး ရှေ့နားက လမ်းချိုးကလေးလည်း ရောက်



www.burmeseclassic.com

www.burmeseclassic.com



ရော ခပ်မြန်မြန် နင်းပြီး ချုံကွယ် တစ်ခုက စောင့်နေတယ်၊ ကျွန်မ ထင်တာက ကျွန်မ အနားက ဖြတ်သွားပြီး ရှေ့တက်သွားလိမ့်မယ် ထင်တာ၊ မဟုတ်ဘူးရှင့်၊ အဲဒီနားက စောင့်နေတာ ပေါ်ကို မလာတော့ဘူး၊ ဒါနှင့် ကျွန်မ လမ်းချိုးကလေး နားက ပြန်ကွေ့ပြီး နောက်ကို လှမ်းကြည့်တယ်၊ လှမ်းကြည့်လိုက်ရင် တစ်မိုင်လောက် အထိ ဒီအတိုင်း မြင်နေရတာကိုးရှင့်၊ ဒါပေမဲ့ သူ့ အရိပ်ကိုတောင် မမြင်ရတော့ဘူးရှင့်၊ ပိုပြီး ဆန်းတာက အဲဒီနား တစ်ပိုက်မှာ တခြားကို ခွဲထွက်သွားဖို့ လမ်းခွဲတို့ ဘာတို့လည်း မရှိဘူးရှင့်၊ တကယ်လို့ လမ်းခွဲ ရှိလို့ ခွဲထွက်သွားတယ် ဆိုရင်လည်း ဟုတ်သေးတာပေါ့ရှင်’

ရှားလော့ဟုမ်းက ရယ်လိုက်ပြီး လက်ချင်း ပွတ်လျက် ရှိလေ၏။

‘အင်း သူ့နည်းနှင့် သူတော့ စိတ်ဝင်စားစရာလေးတွေ ပါတာပေါ့လေ၊ လမ်းချိုးမှာ မင်း ပုန်းနေတဲ့ အချိန်နှင့် လမ်းချိုးက ပြန်ထွက်ကြည့်တဲ့ အချိန်ကြားမှာ ဘယ်လောက် ကြာသွားသလဲ’

‘ဘာကြာလို့တုံးရှင်၊ အလွန်ဆုံးကြာ နှစ်မိနစ် သုံးမိနစ်ပေါ့’

‘ဒီလိုဆိုရင်တော့ လာလမ်း အတိုင်း ပြန်စီးသွားတာ မဖြစ်နိုင်ဘူး၊ ဘေးမှာ လမ်းခွဲကလေးတွေ ဘာလေးတွေကော မရှိဘူးလား’

‘တစ်ခုမှ မရှိဘူးရှင့်’

‘ဒီလိုဆိုရင် တစ်ဖက်ဖက်မှာ ရှိတဲ့ လူသွားလမ်းကလေး အတိုင်း ဆင်းသွားတာ ဖြစ်ချင် ဖြစ်နိုင်တာပေါ့’

‘ရှိရင်လည်း စားကျက်မြေဘက်မှာတော့ မရှိနိုင်ဘူးရှင့်၊ ရှိရင် ကျွန်မ မြင်နေရမှာပေါ့’

‘ဒါဖြင့်ရင် တောအုပ်ဘက်မှာ ချာလင်တန်အိမ် ရှိတယ် မဟုတ်လား၊ ကျန်တာတွေ အားလုံး မဖြစ်နိုင်တော့ဘူး ဆိုရင် အဲဒီဘက်ကို သွားတာ ဖြစ်နိုင်တာပေါ့၊ မင်း ပြောတဲ့ အတိုင်း ဆိုရင် အဲဒီ တောအုပ်ရဲ့ ဟိုဘက်မှာ ချာလင်တန်အိမ် ရှိတယ် မဟုတ်လား၊ ဒီပြင် ဘာ ရှိသေးလို့လဲ၊ ဒီပြင်ကော ဘာ ထူးထူးခြားခြား ပြောစရာ ရှိသေးလဲ’

‘ဘာမှတော့ မရှိပါဘူးရှင်၊ ဒါပေမဲ့ ကျွန်မ စိတ်ထဲမှာ တထင့်ထင့် ဖြစ်နေပါတယ်၊ စုံထောက်ကြီးကို တွေ့ပြီး စုံထောက်ကြီးရဲ့ အကြံဉာဏ်ကို မရမချင်း ကျွန်မ စိတ်ရှင်းမှာ မဟုတ်တော့ဘူး’

ရှားလော့ဟုမ်းသည် အတန်ကြာမျှ တိတ်ဆိတ်စွာ ထိုင်နေလေ၏။ နောက်ဆုံးတွင် ရှားလော့ဟုမ်းက





‘မင်းနှင့် စေ့စပ်ထားတဲ့ သူငယ်က ဘယ်မှာလဲ’

‘ကိုဗင်ထရီ ရပ်ကွက်မှာ ရှိတဲ့ မစ်လင်း လျှပ်စစ် ကုမ္ပဏီမှာပါ’

‘မင်းဆီ ရုတ်တရက် အလည် လာတာကော မဖြစ်နိုင်ဘူးလား’

‘မဖြစ်နိုင်ပါဘူးရှင်၊ သူ့ဆိုရင် ကျွန်မ မမှတ်မိဘဲ ရှိပါ့မလား’

‘မင်းကို ပိုးပန်းနေတဲ့ သူများကော ရှိသေးသလား’

‘စီရယ်နှင့် မတွေ့ခင်တုန်းကတော့ အများကြီးပေါ့ရှင်’

‘အဲဒီနောက်ကော’

‘အဲဒီနောက်တော့ ဟို မုန်းစရာ ကောင်းတဲ့ မစ္စတာ ဝုဒလေ ဆိုတဲ့ လူပဲ ရှိပါတယ်၊ ပိုးပန်းတယ်လို့ ဆိုချင်ရင် ဆိုနိုင်တယ်ပေါ့လေ’

‘ဒီပြင်ကော’

မိန်းမပျိုသည် အတန်ငယ် တွေဝေလျက် ရှိလေ၏။

‘အဲဒီ လူက ဘယ်သူလဲ’

‘ဒါကတော့ ကျွန်မ စိတ်ထဲက ထင်တာလည်း ဖြစ်ချင် ဖြစ်နေမှာပါလေ၊ ကျွန်မ စိတ်ထဲမှာ ထင်မိတာက ကျွန်မ အလုပ်ရှင် မစ္စတာ ကာရုသ်ဟာ ကျွန်မကို တော်တော် စိတ်ဝင်စားနေတယ်လို့ ထင်ပါတယ်၊ ကျွန်မတို့ အချင်းချင်းကလည်း အဆင်ပြေနေတယ်လေ၊ ညနေ ဆိုရင် စန္ဒရား တီးပြီး သူက တယောတို့ ဘာတို့ ထိုးတတ်ပါတယ်၊ သူက ဘာမှတော့ မပြောပါဘူး၊ တကယ့် လူကြီးလူကောင်း တစ်ယောက်ပါရှင်၊ ဘယ်လိုပဲဖြစ်ဖြစ် မိန်းကလေး ဆိုတာ ကိုယ့်ကို လူတစ်ယောက် ချစ်နေသလား မချစ်ဘူးလား ဆိုတာ အလိုလို သိပါတယ်’

ရှားလော့ဟုမ်းသည် လေးနက် တည်ငြိမ်စွာဖြင့်

‘နေဦးကွယ့်၊ အဲဒီ လူက ဘာ အလုပ် လုပ်သလဲ’

‘သူက လူချမ်းသာပါရှင်’

‘မြင်းတို့ ရထားတို့ ဘာတို့တော့ မရှိပါလား’

‘ဟုတ်ကဲ့၊ လူချမ်းသာ မဟုတ်တောင် စားနိုင် သောက်နိုင်ထဲကပါ၊ ဒါပေမဲ့ တစ်ပတ်ကိုတော့ နှစ်ခါ သုံးခါလောက် မြို့ကို သွားလေ့ ရှိပါတယ်၊ တောင် အာဖရိက ရွှေတွင်းက ရှယ်ယာတွေကို ဝယ်ချင်တယ်လို့ ပြောသံ ကြားဖူးပါတယ်’

‘ကောင်းပြီ မစ္စ စမစ်၊ နောက်ထပ် ထူးခြားရင် ကျုပ်ကို အကြောင်း ကြားလိုက်ပါ၊ လောလောဆယ်မှာတော့ ကျုပ်မှာ အလုပ်တွေ သိပ်များနေတယ်ဗျ၊



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း မင်း အမှုကို အချိန်ယူပြီး လေ့လာပါ့မယ်လေ၊ ဒီအတောအတွင်း မှာတော့ ကျုပ် မသိဘဲ ဘာမှ မလုပ်ပါနှင့်၊ ကဲ ဝွဒ်ဘိုင်၊ မင်းဆီက သတင်းကောင်း ကြားရလိမ့်မယ်လို့ ကျုပ် မျှော်လင့်ပါတယ်'

မိန်းမပျို ပြန်သွားသည့် အခါတွင် ရှားလော့ဟုမ်းသည် ဆေးတစ်ဆုံကို ဖွာရှိုက်လျက် စဉ်းစားနေရာမှ

'ဒီလောက် ချောတဲ့ မိန်းမပျိုကလေး နောက်ကို လိုက်နေတာဟာ သိပ်တော့ မဆန်းပါဘူးလေ၊ သို့သော်လည်း အလွန် ခေါင်တဲ့ တောလမ်းပေါ်မှာ ဘိုင်စကယ် တစ်စီးနှင့် လိုက်နေတယ် ဆိုတာကဖြင့် သိပ်မဟန်ဘူးဗျ၊ တစ်ဖက်သတ်ကျိတ်ပိုးတွေ ဘာတွေများလားမှ မသိတာ၊ သို့တိုင်အောင် အမှုမှာ စဉ်းစားစရာ ခပ်ဆန်းဆန်း အချက်ကလေးတွေ ပါနေတယ်'

'ဘာလဲ၊ အဲဒီ နေရာနား တစ်ဝိုက်ကျမှ ပေါ်ပေါက်လာတယ် ဆိုတာလား'

'ဟုတ်တယ်၊ ကျုပ်တို့ ပထမဆုံး လုပ်ရမယ့် အလုပ်က ချာလင်တန် အိမ်တစ်ဝိုက်မှာ ဘယ်သူ နေသလဲ ဆိုတာ စုံစမ်းဖို့ လိုတယ်၊ နောက်တစ်ချက်က ကာရုသာနှင့် ဝုဒလေ ဆိုတဲ့ လူနှစ်ယောက်ဟာ စိတ် သဘောထားချင်း တော်တော်လေး ခြားနားကြတယ်၊ ဒီလို စိတ်ချင်း သဘောချင်း မတူတဲ့ လူ နှစ်ယောက် ဘယ်လို လုပ်ပြီး ပေါင်းဖက်မိကြသလဲ ဆိုတာကိုလည်း သိဖို့ လိုလိမ့်မယ်၊ ပြီးတော့ ဒီလူ နှစ်ယောက်ဟာ သေသူ ရာဖ် စမစ်ရဲ့ ဆွေမျိုးတွေကို ဘာဖြစ်လို့ လိုက်ရှာရတာလဲ၊ နောက်တစ်ချက် ကျန်သေးတယ်၊ စာပြတဲ့ ကလေးထိန်း ဆရာမ တစ်ယောက်ကိုတော့ လခ နှစ်ဆလောက် ပေးငှားပြီး မြင်းကလေး ရထားကလေးမှ ကိုယ်ပိုင် မရှိတဲ့ လူဟာ ဘယ်လို သူဌေးမျိုးလဲ၊ ဆန်းတယ်ဗျာ၊ ဆန်းတာတော့ အမှန်ပဲ'

'ခင်ဗျား လိုက်သွားမလို့လား'

'ကျုပ် မလိုက်ဘူးလေ၊ ခင်ဗျား လိုက်သွားရလိမ့်မယ်၊ ဒီအဖြစ်အပျက်ဟာ သိပ် အရေးမကြီးတဲ့ အသေးအဖွဲကလေး တစ်ခု ဖြစ်ကောင်း ဖြစ်နိုင်တယ်၊ ဒီတော့ အရေးကြီးတဲ့ ကျုပ် သုတေသန လုပ်ငန်းကလေးတွေကို အပျက် မခံချင်သေးဘူး၊ တနင်္လာနေ့ မနက် အစောကြီး ခင်ဗျား ဖန်ဟမ်ကို ရောက်မယ်၊ ဟိုရောက်တော့ ချာလင်တန် စားကျက်နားမှာ ကိုယ်ရောင် ဖျောက်နေပါ၊ ဖြစ်ပျက်သမျှကို မှတ်ခဲ့ပါ၊ ခင်ဗျား ကောင်းမယ် ထင်တဲ့ အတိုင်း လုပ်ခဲ့ပါ၊ ပြီးတော့ ချာလင်တန် အိမ်ကြီး တစ်ဝိုက်မှာ နေတဲ့ လူတွေ အကြောင်းကို စုံစမ်းပြီး





ကျုပ်ကို ပြန် သတင်း ပို့ပါ၊ အဲ ပြီးရင်တော့ နောက်ထပ် ကျုပ်တို့ ဖြေရှင်းနိုင်မယ့် အခြေခံကို မရသေးမချင်း ဒီကိစ္စကို ခဏ ရပ်ထား လိုက်ကြဦးစို့ရဲ့'

တနင်္လာနေ့တွင် ဝါတာလူး ဘူတာကြီးမှ ၉ နာရီ မိနစ် ၅၀ ရထားဖြင့်မှ လိုက်လေ့ ရှိသည်ဟု မိန်းမပျိုထံမှ သေချာစွာ သိရပြီး ဖြစ်သည့် အလျောက်ထိုနေ့ မနက်တွင် ကျွန်ုပ်သည် ဘူတာကြီးသို့ လာခဲ့ကာ ၉ နာရီ ၁၃ မိနစ် ရထားဖြင့် လိုက်လာခဲ့လေ၏။ ဖန်ဟမ် ဘူတာရုံသို့ ရောက်သည့် အခါ၌ ချာလင်တန် စားကျက်ကြီးဘက်သို့ သွားသည့် လမ်းကို အလွယ်တကူပင် မေးမြန်းသိရှိခဲ့ရပေ၏။ မိန်းမပျို ပြောသွားသည့် နေရာကိုလည်း အလွယ်တကူ တွေ့ရလေ၏။ ထိုနေရာ၌ လမ်းသည် စားကျက်မြေနှင့် တစ်ဖက်တွင် ပင်စောက်ကြီးများ ပေါက်နေသည့် တောကြီး တစ်ခုကို ကာထားသည့် ခြံစည်းရိုးကလေးကြားထဲမှ ဖြတ်သွားလေ၏။ တစ်နေရာတွင် အိမ်ကြီးထဲသို့ ဝင်သည့် တံခါးပေါက်ကြီး တစ်ခု ရှိပြီး တံခါးပေါက်တွင် ရေညှိတို့ ကပ်နေသည့် ကျောက်တုံးကြီးများ ခင်းထားလေ၏။ ကျောက်ဝင်း ထရံတိုင်ကြီး နှစ်တိုင်မှာလည်း ရေညှိများ တက်လျက် ရှိကာ ရှေးခေတ် သူကောင်း မျိုးနွယ် အမှတ်အသား အရုပ်ကြီးများကို ထုထားလေ၏။ သို့ရာတွင် အလယ် ဝင်းပေါက်ကြီး ဘေးရှိ ခြံစည်းရိုး တစ်လျှောက်၌မူ နေရာ များစွာ၌ ခြံစည်းရိုးတို့ ပျက်လျက် ရှိပြီး ထိုခြံစည်းရိုးပျက်ကလေးများ ကြားမှ အထဲသို့ ဝင်သွားသည့် လူသွား လမ်းကလေးများကို ပွစာ တက်နေအောင် တွေ့ရလေ၏။ အိမ်ကြီးကိုကား မမြင်ရချေ။ သို့ရာတွင် သစ်ပင်တန်းကျင် တစ်ခုလုံးမှာ ညို့မှိုင်းကာ ကြောက်စရာ အသွင်ကို ဆောင်လျက် ရှိလေ၏။

စားကျက်မြေ တစ်ဝိုက်တွင်မူ အဝါရောင် တောပန်းရိုင်းများ ပွင့်လန်းလျက် ရှိလေရာ တောက်ပသော နွေဦးရာသီ နေရောင်ခြည် အောက်တွင် တစ်မျိုးကြည့်၍ လှနေလေ၏။

ကျွန်ုပ်သည် တောပန်းချုံကလေး တစ်ခု နောက်ကွယ်တွင် နေရာ ယူထားလေရာ ထိုနေရာမှ ကြည့်လျှင် အိမ်ကြီးထဲသို့ ဝင်သည့် ဂိတ်ကို လည်းကောင်း၊ လမ်းကို လည်းကောင်း ကောင်းစွာ မြင်နိုင်ပေ၏။ လမ်းမပေါ်မှ ကျွန်ုပ်ဝင်းလာခဲ့စဉ် လမ်းတွင် လူသူ ကင်းရှင်းလျက် ရှိသော်လည်း ယခုအချိန်တွင်မူ ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်မှ ဘူတာဘက်သို့ ဘိုင်စကယ်ဖြင့် လာနေသော လူတစ်ယောက်ကို မြင်ရလေ၏။ ထိုလူမှာ အနက်ရောင် မုတ်ဆိတ်မွေးများ ရှိပြီး အနက်ရောင် ဝတ်စုံကို ဝတ်ထားလေ၏။ အိမ်ဝင်း အဆုံးသို့ ရောက်သည့်၌ ထို



www.burmeseclassic.com

www.burmeseclassic.com



လူသည် ဘိုင်စကယ်ပေါ်မှ ဆင်းကာ ပျက်နေသော ခြံစည်းရိုး ကြားမှ နေ၍ ဝင်၊ အတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားလေ၏။

နာရီ တစ်စိတ်ခန့် အကြာတွင် ဒုတိယ ဘိုင်စကယ်ဖြင့် စီးလာသူ တစ်ယောက် ပေါ်လာပြန်လေ၏။ ထိုသူမှာ ကျွန်ုပ်တို့ဆီသို့ လာခဲ့သော မစ္စ ဗွိုင်အိုလက် ဖြစ်ပြီး ဘူတာဘက်မှ လာခြင်း ဖြစ်လေ၏။ ချာလင်တန် အိမ်နားသို့ ရောက်သည့် အခါတွင် မိန်းမပျိုသည် ဘေး ပတ်ဝန်းကျင်သို့ လှည့်ကြည့် လာသည်ကို ကျွန်ုပ် မြင်ရလေ၏။

ခဏ ကြာလျှင် ပထမ လူသည် ပုန်းအောင်း နေရာမှ ထွက်လာပြီး ဘိုင်စကယ်ပေါ်သို့ တက်ကာ နောက်မှ လိုက်ပါသွားလေ၏။ ကုန်းပေါ်မှ လှမ်းမြင်ရသည့် မြင်ကွင်းကြီးပေါ်တွင် လှုပ်ရှားနေသူ ဆို၍ သူတို့ နှစ်ဦးသာ ရှိလေ၏။ မိန်းမပျိုမှာ ခါးကို မတ်ကာ မှန်မှန် စီးသွားပြီး ယောက်ျားမှာ လက်ကိုင်ကို ထိလုနီးပါး ခါးကို ရှေ့သို့ ကုန်းလျက် စီးသွားလေရာ ၄င်းကို ကြည့်ရသည်နှင့်ပင် ထိုလူ၏ လှုပ်ရှားမှုတွင် ခိုးကြောင် ခိုးဝှက်နိုင်သည့် အမူအရာ အထင်းသား ပေါ်လျက် ရှိလေ၏။ မိန်းမပျိုသည် ထိုလူကို လှည့်ကြည့်ပြီးနောက် ဘိုင်စကယ် အရှိန်ကို လျှော့ချလိုက်ရာ ထိုလူကလည်း အရှိန်ကို လျှော့လိုက်၏။ မိန်းမပျိုက ရပ်လိုက်သည့် အခါတွင် ထိုလူကလည်း ကိုက် ၂၀၀ အကွာလောက်တွင် ရပ်လိုက် ပြန်လေ၏။

တစ်နေရာတွင် မိန်းမပျို၏ လှုပ်ရှားမှုမှာ အံ့သြစရာ ကောင်းသလောက် သတ္တိ ကောင်းလှသည့် အတွက် ကျွန်ုပ်ပင် ကြက်သေ သေလျက် ရှိလေ၏။ မိန်းမပျိုသည် ဘိုင်စကယ်ကို ချာခနဲ နောက်ပြန် လှည့်လိုက်ကာ ထိုလူထံသို့ တအားကုန် စီးလာခဲ့လေပြီ။ သို့ရာတွင် ထိုလူကလည်း မိန်းမပျိုကဲ့သို့ပင် ချာခနဲ လှည့်ကာ အတင်း နင်းပြေးသည်ကို မြင်ရလေ၏။ ထိုနောက်တွင်မှ မိန်းမပျိုသည် ချက်ချင်း ပြန်လှည့်လာကာ ဘာကိုမှ ဂရု မစိုက်တော့ဘဲ ခေါင်းကို မော့လျက် မှန်မှန် စီးသွားသည်ကို မြင်ရလေ၏။ ထိုအခါ ထိုလူသည်လည်း ပြန်လှည့်၍ စီးလာကာ လမ်းကွေ့တွင် ပျောက်ကွယ်သွားလေ၏။

ကျွန်ုပ်ကား ပုန်းအောင်းနေရာမှ မထွက်သေးချေ။ မထွက်လိုက်မိသည်မှာ ကံကောင်းသည်ဟု ဆိုရမည် ဖြစ်၏။ အကြောင်းမူ ထိုလူသည် ချက်ချင်း ပြန်ပေါ်လာကာ ကျွန်ုပ် ရှိရာဘက်သို့ ပြန်လှည့်၍ စီးလာသောကြောင့် ဖြစ်၏။ ထိုလူသည် ချာလင်တန်အိမ် တံခါးဝသို့ ရောက်လျှင် ကွေ့ဝင်လိုက်ပြီး ဘိုင်စကယ်ပေါ်မှ ဆင်းကာ မိနစ် အတန်ကြာမျှ သစ်ပင်ကြားထဲတွင် ရပ်နေသည်ကို





ရလေ၏။ လက်နှစ်ဖက်ကို အထက် လည်ပင်းဆီသို့ မြှောက်ထားသဖြင့် လည် တပ်ထားသည့် လည်စည်းများကို ဖြုတ်နေသည်ဟု ထင်ရ၏။ ထိုနောက် ကား ဘိုင်စကယ်ပေါ်သို့ တက်ကာ အိမ်ဘက်ဆီသို့ ဝင်သော လမ်းမကြီး ကိုင်း အတွင်းသို့ စီးသွားလေ၏။

ကျွန်ုပ်သည် ပုန်းအောင်းရာမှ ထွက်လာခဲ့ကာ သစ်ပင်များ အကြားမှ ၍ ထိုလူကို လှမ်းကြည့်လိုက်လေ၏။ သစ်ပင်များ နောက်တွင် ကျူးဒါးခေတ် ိုး ခေါင်းတိုင်ကြီးများ ထိုးထိုးထောင်ထောင် ဖြစ်နေသည့် ပြာမွဲမွဲ အဆောက် ကြီး တစ်ခုကို မြင်ရ၏။ သို့ရာတွင် အတွင်းသို့ ဝင်သည့် လမ်းမှာ ချုံနွယ် ပိတ်ဖုံးနေသည့် အတွက် ကျွန်ုပ်မှာ ထိုလူကို နောက်ထပ် မမြင်ရတော့ချေ။

မည်သို့ဖြစ်စေ ကျွန်ုပ်မှာ တစ်မနက်စာ ဖူလုံသွားပြီ ဖြစ်သည့် အတွက် လက် ပေါ့ပါးစွာဖြင့် ဘူတာဘက်သို့ လမ်းလျှောက် ပြန်လာခဲ့လေ၏။

ကျွန်ုပ်သည် ထိုဒေသရှိ အိမ်ပွဲစား တစ်ယောက်ထံသို့ ဝင်၍ ချာလင် ၏ အိမ် အကြောင်းကို စုံစမ်းသေးသော်လည်း ဘာမျှ မပြောနိုင်ဘဲ လန်ဒန်၊ ပါလ်မော ရပ်ကွက်ရှိ အိမ်ငှား ကိုယ်စားလှယ် တစ်ဦးထံ ညွှန်ကြားလိုက်လေ ၏။ လန်ဒန်သို့ ပြန်ရောက်လျှင် ကျွန်ုပ်သည် အိမ်သို့ တောက်လျှောက် မပြန် ဘဲ ပေါလ်မော ရပ်ကွက်ရှိ အိမ်ငှား ကိုယ်စားလှယ်ထံတွင် ဝင်၍ စုံစမ်းရာ နှစ် နွေရာသီ အတွက် ထိုအိမ်ကို ငှား၍ ရနိုင်တော့မည် မဟုတ်ကြောင်း၊ ကျွန်ုပ်မှာ နောက်ကျသွားပြီ ဖြစ်ကြောင်း၊ ထိုအိမ်ကို လွန်ခဲ့သည့် တစ်လခန့်က ားသွားပြီ ဖြစ်ကြောင်း၊ အိမ်ငှား၏ အမည်မှာ မစ္စတာ ဝီလျံဆင် ဆိုသူ ဖြစ် ကြောင်း၊ ထိုလူမှာ အသက်ကြီးကြီးနှင့် ဂုဏ်သရေရှိ ပုဂ္ဂိုလ် တစ်ယောက် ဖြစ် ကြောင်းဖြင့် သိရလေ၏။ အိမ်ငှားများ၏ ကိုယ်ရေးကိုယ်တာ ကိစ္စများမှာ သူနှင့် ပိုင်သဖြင့် ထို့ထက် ဘာမျှ ပြောဆိုနိုင်ခြင်း မရှိပါကြောင်းဖြင့် ကိုယ်စားလှယ် က ကျွန်ုပ်ကို ယဉ်ကျေးစွာ ပြောဆိုလေ၏။

ထိုနေ့ ညနေတွင် ကျွန်ုပ် တွေ့ခဲ့ရသမျှကို ပြန်ပြောသည့်အခါ ရှားလော့ ပ်းသည် တိတ်ဆိတ်စွာ နားထောင်လျက် ရှိသော်လည်း ကျွန်ုပ် မျှော်လင့်၍ န်ဖိုးထားသော ချီးမွမ်း စကားကလေး တစ်ခွန်းကိုသော်မျှ ထုတ်ဖော် ပြော ားခြင်း မရှိချေ။

ထိုမျှမက ကျွန်ုပ် ပြုလုပ်ခဲ့သမျှနှင့် ကျွန်ုပ် မလုပ်ဘဲ ကျန်ခဲ့သည်တို့နှင့် ပတ်သက်၍ ဝေဖန် ပြောဆိုလျက် ရှိရင်း ရှားလော့ဟုမ်း၏ မျက်နှာမှာ ခါင်း ထက် သုန်မှုန် တင်းမာလျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ပုန်းနေတဲ့ နေရာက မဟုတ်မှ မဟုတ်ဘဲကိုးဗျ၊ တကယ်ဆို ခြံစည်းရိုး ကြားထဲ ဝင်ပုန်းပါတော့လား၊ ခြံစည်းရိုးထဲမှာ ပုန်းနေရင် ဒီလူကို သေသေချာချာ အကဲခတ်နိုင်တာပေါ့၊ ခုတော့ ခင်ဗျားက အဝေးကြီးက သွားချောင်းတော့ သူငယ်မကလေး ပြောတာထက် ဘာပိုပြောနိုင်ဦးမှာလဲ၊ သူငယ်မကလေးက မျက်နှာချင်းဆိုင်ရအောင် သူ့ဆီကို လာတော့ ဒီလူ ဘာဖြစ်လို့ ရှောင်ပြေးတာလဲ၊ ဘာဖြစ်လို့ အမြင် မခံရဲတာလဲ၊ ခင်ဗျားက လက်ကိုင်ပေါ်ကို ဝမ်းလျား မှောက်တော့မတတ် ကုန်းပြီး စီးသွားတယ်လို့ ဆိုတယ်၊ ဒါလည်း မမြင်စေချင်လို့ ကုန်းစီးတာ နေမှာပေါ့၊ ခင်ဗျား လုပ်လာခဲ့ပုံက ဟန်မကျသေးပါဘူးဗျာ၊ သူက အိမ်ထဲကို ပြန်ဝင်သွားတယ်၊ အဲဒီလူ ဘယ်သူလဲ ဆိုတာ သိချင်တယ်၊ ဒီတော့ ခင်ဗျား ဘာလုပ်သလဲ၊ လန်ဒန်မှာ ရှိတဲ့ အိမ်ပွဲစားကို သွားမေးသတဲ့၊ အဲ့ရှော'

'ဒါဖြင့် ကျွန်တော် ဘာလုပ်ရမှာလဲဗျ'

ကျွန်ုပ်လည်း ရှက်ရှက်ဖြင့် ပြန်အော်လိုက်သည်။

'အနီးဆုံး ဘုံဆိုင်ကို ဝင်ပေါ့ဗျ၊ မှတ်ထားဗျ၊ တောကို ရောက်လို့ သတင်းစုံ ကြားချင်ရင် ဘုံဆိုင်ကို သွားရတယ်၊ အဲဒါ တောက ကောလာဟလ ဌာနချုပ်ပဲ၊ သိချင်တဲ့ လူ အကြောင်း မေး၊ အကုန် ပြောလိမ့်မယ်၊ အိမ်ရှင်အကြောင်းကို မေးမလား၊ ပန်းကန် ဆေးတဲ့ ကောင်မလေး အကြောင်းကို မေးမလား၊ အကုန် ရတယ်၊ ခင်ဗျား ပြောတဲ့ လူက ဝီလျံဆင်တဲ့၊ ကျုပ်အဖို့တော့ ဒီနာမည်ဟာ ဘာမှ အဓိပ္ပာယ် မရှိဘူးဗျ၊ သန်တုန်း မြန်တုန်း ကောင်မလေးတအား နင်းလိုက်တာတောင် မမီနိုင်အောင် အပြေးသန်တဲ့ လူဟာ ခင်ဗျား သိလာခဲ့ရတဲ့ အသက်ကြီးကြီး မစ္စတာ ဝီလျံဆင် ဆိုတာ မဖြစ်နိုင်ဘူး၊ ကဲ ခုတော့ ခင်ဗျား သွားတာ ဘာများ အကျိုးထူးခဲ့သလဲ၊ ကောင်မလေး ပြောတဲ့ အတိုင်း မှန်တယ် ဆိုတာက လွဲလို့ တခြား ဘာမှ ထူးပြီး မသိရဘူး၊ ဒါကတော့ ခင်ဗျား သွားကြည့်မှလား၊ သူ ပြောကတည်းက ကျုပ်က သံသယ မရှိ လက်ခံပြီးသား၊ အဲဒီ ဘိုင်စကယ်သမားနှင့် ချာလင်တန် အိမ်ဟာ တစ်ခုခု ပတ်သက်နေတယ် ဆိုတာ သိခဲ့ရတယ်၊ ဒါလည်းပဲ ကျုပ် အစကတည်းက တွေးပြီးသား၊ ပြီးတော့ အဲဒီ အိမ်ကို ဝီလျံဆင်ဆိုတဲ့ လူတစ်ယောက်က ငှားထားတယ်တဲ့၊ ဘယ်သင်းက မှန်မယ် ထင်သလဲ၊ ကဲ ကဲ ဒီလောက်လည်း စိတ်ပျက် မနေနှင့်တော့၊ နောက် စနေနေ့ မရောက်ခင် အထိ ကျုပ်တို့ ဘာမှ လုပ်နိုင်ဦးမှာ မဟုတ်သေးဘူး၊ ဒီအတောအတွင်းတော့ ကျုပ်ဘာသာ ကျုပ် တစ်ခု နှစ်ခု စုံစမ်းကြည့်လိုက်ဦးမယ်'





နောက်တစ်နေ့ မနက်၌ ကျွန်ုပ် မြင်ခဲ့ရသော အဖြစ်အပျက်များကို တိတိ ...ကျ အတိုချုံး ဖော်ပြထားသည့် စာတစ်စောင်ကို မစ္စ စမစ်ထံမှ ရရှိလေ၏။ ...ို့ရာတွင် စာ၏ အနှစ်သာရမှာ နောက်ဆက်တွဲ ရေးပေးလိုက်သည့် စာတိုကလေး ...တွင် ပါရှိလေ၏။

ကျွန်မ အလုပ်ရှင် မစ္စတာ ကာရုသာက သူ့ကို လက်ထပ်ရန် ပြောနေသည့် အတွက် ကျွန်မ ဆက်လက်၍ အလုပ် လုပ်ရန် အခက်အခဲ တွေ့နေရပါသည်။ ဤ အတွင်းစကားကို ပြောသည် ဆိုလျှင် စုံထောက်ကြီးကို ကျွန်မ မည်မျှ ယုံကြည် ကိုးစားကြောင်းကို သိသာနိုင်မည်ဟု ထင်ပါသည်။ မစ္စတာ ကာရုသာသည် အလေးအနက် ပြောခြင်း ဖြစ်ပါသည်။ သို့ရာတွင် ကျွန်မမှာ ချစ်သူ ရှိပြီး ဖြစ်ပါသည်။ ကျွန်မက ငြင်းသည့် အခါတွင် မစ္စတာ ကာရုသာမှာ အတော် စိတ် ထိခိုက်သွားပုံ ရပါသည်။ သို့ရာတွင် ဣန္ဒြေ မပျက်လှပါ။ မည်သို့ဖြစ်စေ ကျွန်မတို့၏ အခြေအနေမှာ သိပ် မကောင်းလှကြောင်း စုံထောက်ကြီး သိစေလိုပါသည်။

ရှားလော့ဟုမ်းသည် စာကို ဆုံးအောင် ဖတ်လိုက်ပြီးနောက် ခပ်ငေးငေးဖြင့်

'အင်း ကျုပ်တို့ သူငယ်မကလေးတော့ တဖြည်းဖြည်းနှင့် ရေနက်ပိုင်းကို ရောက်နေပြီ ထင်တယ်ဗျို့၊ ကြည့်ရတာကတော့ ကျုပ် မူလက ထင်တာထက် ပို စိတ်ဝင်စားစရာ ကောင်းလာပြီး ပို ရှုပ်ထွေးစရာ အလားအလာတွေကို မြင်နေတယ်၊ တောမှာ အေးအေးလူလူ သွားနေရရင် ကျုပ်အဖို့လည်း သိပ်မဆိုးလှဘူး ထင်တာပဲ၊ ဒီနေ့ ညနေပဲ ဆင်းသွားပြီး ကျုပ် တွေးလုံးကလေး တစ်ခု နှစ်ခု မှန် မမှန် စမ်းကြည့်ချင်နေတယ်'

ကျေးလက်တွင် အေးအေးလူလူ သွားနေမည် ဆိုသော ရှားလော့ဟုမ်း၏ ခရီးမှာ ထူးထူးခြားခြား အဆုံးသတ်ခဲ့ပါသည်။ ထိုနေ့ ညနေပိုင်း၌ ရှားလော့ဟုမ်းသည် နှုတ်ခမ်း ကွဲကာ နဖူးကြီး ရောင်လျက် ဘေကာလမ်းသို့ ပြန်ရောက်လာခဲ့လေ၏။

ထိုမျှမက ရှားလော့ဟုမ်းကို ရုတ်တရက် ကြည့်လျှင် စိတ်ဖောက်ပြန်နေသူ တစ်ယောက်ကဲ့သို့ ဖြစ်လျက် ရှိရာ သူကိုယ်တိုင်ကိုပင် စကော...လန်ယာဒ် စုံထောက် အဖွဲ့ကြီးက လာရောက် စုံစမ်းစရာ ကောင်းသည့် ပ... တစ်ခု သဖွယ် ဖြစ်လျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှားလော့ဟုမ်းသည် သူ့ စွန့်စားခန်း အတွက် ရယ်ချင် ပက်ကျိ ဖြစ်လျက် ရှိကာ သူ ကြုံတွေ့ခဲ့သည်တို့ကို တဟားဟား ရယ်မောရင်း ပြန်ပြောလျက် ရှိလေ၏။

'ဟန်ကျလိုက်တာဗျာ၊ ကျုပ်မှာ ခုမှ ကိုယ်လက် လှုပ်ရှားတဲ့ လေ့ကျင့်ခန်းလေး ဘာလေး လုပ်ချိန် ရတော့တယ်၊ ကျုပ် လက်ဗွေ အသိုး ကောင်းတယ် ဆိုတာ ခင်ဗျားလည်း သိတယ် မဟုတ်လား၊ တစ်ခါတလေကျတော့ လက်ဗွေ တတ်ထားတာ တော်တော် အသုံးတည့်တယ်ဗျို့၊ ဥပမာ ဒီနေ့ ကိစ္စ ဆိုပါတော့၊ လက်ဗွေသာ တတ်မထားရင် ရှားလော့ဟုမ်းတို့ ဒီအချိန်လောက် ဆိုရင် ကွဲနေပြီ'

ကျွန်ုပ်က ဖြစ်ပျက်ခဲ့သည်တို့ကို ဖောက်သည်ချရန် ပြောသည့် အခါတွင် ရှားလော့ဟုမ်းက

'ခင်ဗျားကို ပြောလိုက်တဲ့ တောဘုံဆိုင်ကလေး တစ်ဆိုင်ကို တွေ့တော့ ကျုပ်လည်း ဘုံဆိုင်ထဲဝင် နည်းနည်းပါးပါး သောက်ရင်း သိလိုတာကလေးတွေကို မသိမသာ စုံစမ်းရတာပေါ့ဗျာ၊ ကျုပ် ဝင်တဲ့ ဆိုင်ပိုင်ရှင်က စကား များများ အဘိုးကြီး တစ်ယောက်ဗျ၊ ကျုပ် သိချင်တာတွေ အကုန် ပြောပြတာပဲ၊ ဗီလျံဆင် ဆိုတဲ့ လူက မုတ်ဆိတ် ဖြူဖြူနှင့်တဲ့ဗျ၊ အစေခံ နည်းနည်းပါးပါးနှင့် အဲဒီ ချာလင်တန် အိမ်မှာ သူတစ်ယောက်တည်း နေသတဲ့၊ တချို့ကလည်း ဒီလူဟာ ဘုန်းကြီး ဝတ်ခဲ့ဖူးသလိုလို ပြောကြတယ်၊ တချို့ကတော့လည်း ခုတိုင် သိက္ခာ မချသေးဘူးတဲ့၊ ဘုန်းကြီး ဘဝမှာပဲ ရှိသေးတယ်တဲ့၊ ဒါပေမဲ့ သူ့ အိမ်မှာ ဖြစ်တဲ့ အဖြစ်အပျက် တစ်ခု နှစ်ခုလောက်ကတော့ ဘုန်းကြီးနှင့် နည်းနည်းမှ မအပ်စပ်ဘူးဗျ၊ နီးစပ်ရာ သာသနာရေး ရုံးတွေကို သွားစုံစမ်းတော့ သာသနာ့ဘောင်ထဲမှာ အဲဒီ နာမည်နှင့် ဘုန်းတော်ကြီး တစ်ပါးတော့ ရှိတယ်တဲ့၊ ဒါပေမဲ့ နောက်ကြောင်း မရှင်းဘူးတဲ့၊ ပြီးတော့ သိတင်းပတ် အကုန်မှာ သူ့ဆီ အလည်လာကြတဲ့ လူတွေကလည်း တယ်များ ဆိုကိုးဗျ၊ လူတွေက လူဆူတွေချည်းပဲတဲ့၊ ကျုပ်ကို ဘုံဆိုင် ပိုင်ရှင်က ပြောလိုက်တယ်၊ အဲဒီထဲမှာ မုတ်ဆိတ်နီနီနှင့် လူ တစ်ယောက်လည်း ပါသတဲ့၊ သူ့ နာမည်က မစ္စတာ ဝုဒလေတဲ့၊ သူက သိတင်းပတ်ကုန်ရင် အဲဒီ ချာလင်တန် အိမ်ကို အမြဲလိုလို လာတတ်တယ်တဲ့၊ ကျုပ်တို့ ဒီလို ပြောနေတုန်း ဘယ်သူ ရောက်လာတယ် ထင်သလဲ၊ အဲဒီ ဝုဒလေ ဆိုတဲ့ ငနဲ ကိုယ်တိုင် ပေါက်လာတယ်ဗျို့ သိလား၊ လက်စသတ်တော့ သူက တစ်ဖက်ခန်းမှာ ထိုင်ပြီး ဘီယာ သောက်နေရင်း ကျုပ်တို့ ပြောနေတဲ့ စကားတွေကို ကြား





…ှားတာကိုးဗျ၊ ကျုပ် ဘယ်သူလဲ၊ ဘာကိစ္စလဲ၊ …ဖြစ်လို့ ဒီမေးခွန်းတွေကို မေးနေတာလဲ …လဲနှင့် မေးတော့တာပဲဗျို့၊ လူက တော် …တ် စကား ကြွယ်တဲ့ လူပဲဗျို့၊ သုံး …ိုက်တဲ့ နာမဝိသေသနတွေကလည်း …ယ် အားရှိတာပဲ၊ ကျုပ်ကိုလည်း …ဲလို ကြိမ်းမောင်းပြီးရော ဘာပြော …ကောင်းမလဲ လက်ပြန် ရိုက်ချလိုက် …ာ၊ ကျုပ်လည်း မရှောင်နိုင်တော့ …ူး၊ နောက်ခဏ ကြာတော့ ကျုပ် …လည်း ခပ်ပြင်းပြင်းကလေး ဆော် …ည့်လိုက်တယ်၊ အရသာ ရှိလိုက် …ာဗျာ၊ ငနဲကို ဘယ်ဖြောင့် တစ် …လုံး ပစ်သွင်းလိုက်တာ၊ ပြီးလည်း ပြီး …ရော ကျုပ်လည်း ခင်ဗျား မြင် တဲ့ …တိုင်း ကွဲပြဲ လာတာပဲ၊ သူကတော့ …ှည်းနှင့် ပြန်သွားလေရဲ့၊ အဲဒါ ကျုပ် …ပန်းဖြေ ခရီးကလေး ဘယ်လို အဆုံး …သတ်ခဲ့ပုံပါပဲဗျား၊ သို့သော်လည်း ဘယ် …လောက် အပန်း ပြေပြေ ကျုပ် ခရီးကလည်း …င်ဗျား ခရီးထက် ဘာမှ ပိုပြီး မထူးလာ …ူး ဆိုတာတော့ ဝန်ခံရပေလိမ့်မယ်ဗျ'



'ငနဲကို ဘယ်ဖြောင့် တစ်လုံး ပစ်သွင်းလိုက်တာ'

ကြာသပတေးနေ့တွင် ကျွန်ုပ်တို့၏ …မှုသည်ထံမှ နောက်ထပ် စာ တစ် စောင် ရောက်လာပြန်လေ၏။

မစ္စတာ ကာရုသာ၏ အလုပ်မှ ထွက်လိုက်ပြီဟု ဆိုလျှင် စုံ…ထောက်ကြီး အံ့ဩလိမ့်မည် မဟုတ်ဟု ကျွန်မ ထင်ပါသည်။ လခ ကောင်းကောင်း ရသည့်တိုင် ကျွန်မ နေရ ထိုင်ရသည့် အခြေအနေမှာ … ခက်ခဲလှပါသည်။ လာမည့် စနေနေ့ ဆိုလျှင် ကျွန်မ အိမ်သို့ ပြန်… ပါတော့မည်။ ပြန်သွားရန် မရည်ရွယ်တော့ပါ။ မစ္စတာ ကာ…က



www.burmeseclassic.com

www.burmeseclassic.com



ရထား တစ်စင်း ဝယ်ထားသဖြင့် (ကျွန်မ အတွက် အန္တရာယ် ဟူ၍ ရှိခဲ့လျှင်) လူသူ ပြတ်သော လမ်းပေါ်တွင် အန္တရာယ် အတွက် စိုးရိမ်စရာ မရှိတော့ပါ။

မစ္စတာ ကာရုသာထံမှ အလုပ် ထွက်ရခြင်း အကြောင်းမှာ သူနှင့် ကျွန်မတို့ ကိုယ်ရေးကိုယ်တာ ကိစ္စကြောင့်ချည်း မဟုတ်ပါ။ မုန်းစရာ ကောင်းလှသည့် မစ္စတာ ဝုဒလေ အိမ်သို့ ပြန်ပေါ်လာသောကြောင့် ဖြစ်ပါသည်။ မစ္စတာ ဝုဒလေမှာ တစ်လျှောက်လုံး အရုပ် ဆိုးခဲ့သည် မှန်သော်လည်း ယခုတွင်မူ ခါတိုင်းထက်ပင် အရုပ်ဆိုး အကျည်း တန်နေသည်ဟု ကျွန်မ ထင်ပါသည်။ တစ်စုံတစ်ခုနှင့် ခိုက်မိဟန်ဖြင့် မျက်နှာမှာ ဖူးရောင် ညိုမည်းလျက် ရှိပါသည်။ ပြတင်းပေါက်မှာ ရပ်နေစဉ် ရုတ်တရက် မြင်လိုက်ခြင်း ဖြစ်ပြီး သူနှင့် မျက်နှာချင်းဆိုင် မတွေ့လိုက်ရသည့် အတွက် ကျွန်မ များစွာ ဝမ်းသာပါသည်။ သူနှင့် စကား ပြောဆိုပြီးနောက်တွင် မစ္စတာ ကာရုသာမှာ အတန်ငယ် စိတ် တုန်လှုပ် ချောက်ချား နေဟန် ရှိသည်ကို ကျွန်မ သတိပြုမိပါသည်။ ဝုဒလေသည် ထိုနေ့က ညမအိပ်ဘဲ ပြန်သွားရာ ဤသည်ကို ထောက်၍ အနီးအနား တစ်ဝိုက်တွင် နေလိမ့်မည်ဟု ကျွန်မ ထင်ပါသည်။ ယနေ့ မနက်တွင်လည်း အိမ်နားက ချုံကြားထဲသို့ အသာ ဝင်သွားသည်ကို ကျွန်မ မြင်လိုက်ပါသည်။ တိရစ္ဆာန်ရိုင်း တစ်ကောင်လောက် လွတ်ထား လိုက်ချင်ပါသည်။ ကျွန်မ သူ့ကို မုန်းလည်း မုန်း ကြောက်လည်း ကြောက်ပါသည်။ မစ္စတာ ကာရုသာသည် ဤလို သတ္တဝါ တစ်ယောက်ကို အဘယ့်ကြောင့် ပေါင်းသင်း ဆက်ဆံနေသည်ကို ကျွန်မ နားမလည်နိုင်အောင် ဖြစ်နေပါသည်။ မည်သို့ပင် ဖြစ်စေ စနေနေ့တွင်မူ ကျွန်မ၏ ဒုက္ခများ အဆုံးသတ်တော့မည် ဖြစ်ပါသည်။

၈။ ရှားလော့ဟုမ်းက လေးနက်စွာဖြင့်

'ဟုတ်တယ် ဝပ်ဆင်၊ ကျုပ်လည်း ဒီအတိုင်းပဲ ယုံတယ်၊ ဒီအတိုင်းပဲ ဖြစ်ရမယ်၊ ဧကန္တ သူငယ်မလေးကို ပူးပေါင်း မကောင်း ကြံစည်တာမျိုးတော့ ရှိနေပြီ ထင်တယ်၊ သူ့ နောက်ဆုံး အပြန် ခရီးမှာ ကလေးမလေးကို ဘယ်သူမှ စော်ကားမော်ကား မလုပ်အောင် ကာကွယ်ဖို့ ကျုပ်တို့ တာဝန် ဖြစ်လာပြီ၊ ဒီတော့ စနေနေ့ မနက်မှာ ကျုပ်တို့ ဆင်းသွားနိုင်အောင် လုပ်ရလိမ့်မယ်၊ ပြီးတော့ အဆုံး မသတ်သေးတဲ့ ဒီအမှုကို အဆုံးသတ် ကောင်းအောင် လုပ်ကြရလိမ့်မယ်'





ထိုအချိန် အထိ ထိုအမှုသည် အန္တရာယ် ကြီးသည်ဟု မထင်လှဘဲ ခပ်ပေါ့ပေါ့ ထူးဆန်း ခပ်ရှုပ်ရှုပ်ဟု သာမန်မျှသာ ထင်ခဲ့သည့် အလျောက် အမှုနှင့် ပတ်သက်၍ အရေးတကြီး မထားသေးသည်ကို ကျွန်ုပ် ဝန်ခံလိုပါသည်။ လှပ ချောမောသည့် အမျိုးသမီးကလေး တစ်ယောက်ကို ယောကျ်ား တစ်ယောက်က စောင့်ကြပ်၍ နောက်မှ လိုက်ခြင်းမျိုးမှာ စင်စစ် ဘာမျှ ထူးဆန်းသည့် ကိစ္စ မဟုတ်သည့်ပြင် ထိုလူမှာလည်း စကား မပြောရဲရုံမျှမက မိန်းကလေး အနား လာသည်ကိုပင် ထွက်ပြေးရသည့် လူစားမျိုး ဖြစ်သည့် အတွက် မှုလောက်စရာ လူမျိုးမဟုတ်လှချေ။ သူငယ်မ ပြောသည့် ဝုဒလေ ဆိုသည့် လူဖြစ်လျှင်ကား တစ်မျိုးဖြစ်ပေလိမ့်မည်။ သို့ရာတွင် ထိုလူမှာလည်း ကျွန်ုပ်တို့ အမှုသည် မိန်းမပျိုကို တစ်ကြိမ်မျှသာ အနှောင့်အယှက် ပေးပြီးနောက် ဘာမျှ နှောင့်ယှက်ခြင်း မပြုတော့သည့်ပြင် မိန်းမပျိုအား တစ်စုံတစ်ရာ အန္တရာယ် မပြုတော့ဘဲ မစ္စတာ ကာရုသာ၏ အိမ်သို့ပင် လာရောက် လည်ပတ်နေလေပြီ။ သို့ဖြစ်လေရာ လမ်းတွင် ဘိုင်စကယ် တစ်စီးဖြင့် အမျိုးသမီးလေး နောက်မှ တကောက်ကောက် လိုက်နေသူမှာ ဘုံဆိုင်ပိုင်ရှင်ကြီး ပြောလိုက်သည့် အတိုင်း သီတင်းပတ် အကုန်တွင် ချာလင်တန် အိမ်သို့ လာရောက် လည်ပတ်သူများထဲမှ တစ်ယောက်ယောက် ဖြစ်လိမ့်မည်ဟု ကျွန်ုပ် တွေးမိပေ၏။ သို့ရာတွင် ထိုသူသည် မည်သူနည်း။ မည်သည့် အတွက် နောက်မှ လိုက်နေရသနည်း ဆိုသည့် ကိစ္စကိုမူ သိနိုင်တော့မည် မဟုတ်ချေ။ ဘေကာလမ်းမှ ကျွန်ုပ်တို့ မထွက်ခွာမီ ရှားလော့ဟုမ်း၏ အမူအရာ ဟန်းမှာ လေးနက်နေခြင်း၊ ခြောက်လုံးပြူး တစ်လက်ကို အိတ်ထဲသို့ ထည့်လိုက်ခြင်းကြောင့်သာလျှင် ဤထူးဆန်းသော အဖြစ်အပျက်၏ နောက်ကွယ်တွင် ကြောက်မက်ဖွယ်ရာ အဖြစ် တစ်ခု ရှိနိုင်ပေသည်ဟု ကျွန်ုပ် စိတ်ထဲတွင် ဝိုးတဝါး ထင်လာခဲ့ခြင်း ဖြစ်လေ၏။

မနေ့ညက မိုး ရွာထားသော်လည်း မနက်ခင်းမှာ ရာသီဥတု သာယာကြည်လင်လျက် ရှိ၏။ တောပန်းရိုင်းတွေ ဖွေးဖွေး လှုပ်အောင် ပွင့်နေကြသည့် မြေကျက်ကြီးမှာ လန်ဒန်မြို့ကြီးမှ ပြာမွဲမွဲ သင်ပုန်းကျောက်ရောင် ခေါင်မိုးများကိုချည်း မြင်ခဲ့ရသည့် ကျွန်ုပ်တို့၏ မျက်စိတွင် ပို၍ပင် လှနေသည် ထင်ရ၏။

ကျွန်ုပ်နှင့် ရှားလော့ဟုမ်းတို့သည် လတ်ဆတ်သည့် မနက်ခင်း လေပြည်ကို ရှူရှိုက်ကာ ငှက်တို့၏ တွန်ကျူးသံနှင့် နွေဦး၏ လှပပုံကို အရသာ ခံ[illegible] အတန်ငယ် ကျယ်သည့် သဲလမ်းကလေး တစ်လျှောက်တွင် လမ်းလျှောက် လာခဲ့ကြလေ၏။ ကရွတ်ဘာရီ တောင်ကုန်းထိပ်သို့ ရောက်၍ မျှော်ကြည့်လိုက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ဝက်သစ်ချ ပင်အိုကြီးများ ကြားမှ ထိုးထွက်နေသော ချာလင်တန် အိမ်ကြီးကို မြင်ရလေ၏။ ဝက်သစ်ချပင်များမှာ အိုလှပြီ ဖြစ်သော်လည်း အိမ်ကြီးနှင့်စာလျှင် နုပျိုနေသယောင် ထင်ရ၏။

ရှားလော့ဟုမ်းက ညှို့မှိုင်းနေသော စားကျက်နှင့် စိမ်းနေသော သစ်တောအုပ်များ ကြားတွင် နီကြင့်ကြင့် ဖဲကြိုး တစ်ချောင်း တစ်မွှယ် ကွေ့ကောက်နေသည့် လမ်းကလေးကို ညွှန်ပြသဖြင့် ကြည့်လိုက်ရာ အဝေးလမ်းပေါ်တွင် ရွေ့လျားနေသည့် မည်းမည်း အစက်ကလေး တစ်ခုကို မြင်ရလေ၏။ သေချာစွာ ကြည့်ရှုသည့် အခါတွင် ထိုအရာမှာ ကျွန်ုပ်တို့ဘက်သို့ စီးလာနေသော မြင်းရထား တစ်စင်း ဖြစ်ကြောင်း တွေ့ရလေ၏။

ရှားလော့ဟုမ်းသည် စိတ်မရှည်သည့်ဟန်ဖြင့် တစ်ချက်မျှ အသံထွက် ညည်းလိုက်ပြီးနောက်

'ဟာ ခုက္ခပါပဲဗျာ၊ ရထား မထွက်ခင် နာရီဝက် အလိုမှာ လာဖို့ ပြောထားတာ၊ သူငယ်မလေးရဲ့ မြင်းရထား ဆိုရင်တော့ ကြည့်ရတာ အစောဆုံး ရထားနှင့် လန်ဒန်ကို လိုက်မယ့် ပုံပဲ၊ ချာလင်တန် ခြံကြီးနားကို ကျုပ်တို့ မရောက်ခင် သူ အရင် ရောက်တော့မယ် ထင်တယ်ဗျို့'

တောင်ကုန်းကလေးပေါ်မှ ကျွန်ုပ်တို့ ဆင်းလာသည့် အခါတွင် မြင်းရထားကို မမြင်ရတော့ချေ။ သို့ရာတွင် ကျွန်ုပ်တို့သည် ခြေကုန် သုတ်လာခဲ့ကြရာ ကျွန်ုပ်မှာ ကုလားထိုင် အလုပ်သမား ဖြစ်သည့် အလျောက် ရှားလော့ဟုမ်းကို မီအောင် မလိုက်နိုင်ဘဲ နောက်တွင် ပြတ်ကျန်ရစ်ခဲ့လေ၏။ ရှားလော့ဟုမ်းမှာကား အမြဲ လေ့ကျင့်လျက် ရှိသူ တစ်ဦး ဖြစ်သည့် အလျောက် လိုလျှင် လိုသလောက် ထုတ်ယူ သုံးစွဲနိုင်သည့် မကုန်ခန်းနိုင်သော စိတ်ဓာတ် ခွန်အား ရှိသူ ဖြစ်ပေ၏။ ရှားလော့ဟုမ်းသည် ပေါ့ပါး သွက်လက်သော ခြေလှမ်းများဖြင့် ခြေကုန်သုတ်သွားလေရာ ကျွန်ုပ်ရှေ့ ကိုက်တစ်ရာလောက် ရောက်သည်နှင့် တုံ့ခနဲ ရပ်လိုက်လျက် စိတ်ပျက် လက်လျှော့ဟန်ဖြင့် လက်နှစ်ဖက် မြှောက်လိုက်သည်ကို မြင်ရလေ၏။ တစ်ပြိုင်နက်လိုလိုပင် ဇက်ကြိုး တန်းလန်း ကျလျက် ရှိ၍ ကဆုန် စိုင်းလာသော လူမပါသည့် ဒေါက်ကပ် ရထား တစ်စင်းသည် လမ်းကွေ့မှ ရုတ်တရက် ပေါ်လာကာ ကျွန်ုပ်တို့ ရှိရာသို့ လျှင်မြန်စွာ လာနေသည်ကို တွေ့ရလေ၏။

သူ့ အနီးသို့ ကျွန်ုပ် ပြေးလာသည့် အခါတွင် ရှားလော့ဟုမ်းက


'ဗျို့ ဝပ်ဆင်ရေ၊ နောက်ကျသွားပြီ ဗျို့၊ နောက်ကျသွားပြီ၊ စောစောရထားနှင့် မလိုက်ခဲ့မိတာ နာသဗျာ၊ သူငယ်မကလေးကို ခိုးပြေးပြီဗျ၊ ခိုးရုံတွင်





မကဘူး၊ လူသတ်မှုလည်း ဖြစ်နိုင်တယ်၊ လမ်းကို ဆီးပိတ်ဗျာ၊ မြင်းကို ဆွဲထားစမ်း၊ ဟုတ်ပြီ၊ ကဲ တက်ဗျို့၊ ကျုပ် အမှား အတွက် ပြန်မှ ပြင်နိုင်ပါဦးမလား မသိပါဘူးဗျာ'

ကျွန်ုပ်တို့သည် ရထားပေါ်သို့ ခုန်တက်လိုက်ကြ၏။



ရှားလော့ဟုမ်းသည် မြင်းကို ပြန်လှည့်ကာ ကျာပွတ်ဖြင့် ခပ်စပ်စပ် ရိုက်လိုက်သည် ရှိ ရထားသည် လာလမ်း အတိုင်း အပြင်း ပြေးထွက်သွားလေ၏။ လမ်းကွေ့ကို ကွေ့လိုက်သည့် အခါ၌ကား ချာ လင် တန် ခြံ ကြီး နှင့် စားကျက်မြေ အကြားမှ လမ်းကို ရှင်းနေအောင် မြင်နေရလေပြီ။ ကျွန်ုပ်က ရှားလော့ဟုမ်း၏ လက်မောင်းကို ဖမ်းဆုပ်လိုက်ရင်း 'ဟိုလူ လာပြီဗျ' ဟု ရုတ်တရက် အော်လိုက်သည်။

လူတစ်ယောက်သည် ဘိုင်စကယ် တစ်စီးကို စီး၍ ကျွန်ုပ်တို့ဘက်သို့ လာနေသည်ကို မြင်ရလေ၏။ ထိုလူ၏ ခေါင်းသည် ရှေ့သို့ ငိုက်ကျနေပြီး ပခုံးများကို အားကုန် နင်းလာသည့် အတွက် ပခုံးများလည်း ရှေ့သို့ ကိုင်းလျက် ရှိလေ၏။ ထိုလူသည် ပြိုင်ပွဲဝင်သူ တစ်ယောက်ကဲ့သို့ အားကုန် နင်းလာလျက် ရှိလေ၏။ ထို့နောက် မုတ်ဆိတ်တို့ ပေါက်လျက် ရှိသော မျက်နှာကို မော့ပြီး ရုတ်တရက် မော့လိုက်လေရာ ကျွန်ုပ်တို့ကို မြင်သည်နှင့် ဘိုင်စကယ်ကို ရပ်လိုက်ပြီး ကျွန်ုပ်တို့ဘက်သို့ ဆင်းလိုက်လေ၏။

'ဗျို့ ဝပ်ဆင်ရေ၊
နောက်ကျသွားပြီ ဗျို့၊
နောက်ကျသွားပြီ'

မီးသွေးလို မည်းနက်နေသော မုတ်ဆိတ်မှာ ထိုလူ၏ ဖျော့တော့ ဝါဖြော့သော အသားနှင့် ဖြောင့်ဖြောင့်ကြီး ခြားနားလျက် ရှိပြီး မျက်လုံးများမှာ ဖျားနာသူ တစ်ယောက်ကဲ့သို့ တောက်ပလျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် ကျွန်ုပ်တို့ကို တစ်လှည့် ဒေါက်ကပ်ကို တစ်လှည့် ကြည့်နေရာမှ သူ့ မျက်နှာပေါ်တွင် အံ့ဩသည့် အရိပ်အယောင် ပေါ်လာလေ၏။

ထိုလူသည် လမ်းကို ပိတ်ဆို့ရန် အတွက် ဘိုင်စကယ်ကို ကန့်လန့် ဖြတ်ထားလိုက်ပြီး

'ရပ်ပါဦးဗျို့၊ ရပ်ပါဦး၊ ဒီဒေါက်ကပ်ကို ဘယ်က တွေ့လာတာလဲ၊ ဟေ့လူ ရပ်လို့ ပြောတာ မကြားဘူးလားဗျ' ဟု ဆိုကာ ဘေးအိတ်ထဲမှ ခြောက်လုံးပြူး တစ်လက်ကို ဆွဲထုတ်လိုက်လေ၏။

'ဟေ့လူ၊ ရပ်လို့ ပြောနေတာ မကြားဘူးလား၊ မြင်းကို ပစ်ထည့်လိုက်ရမလား'

ရှားလော့ဟုမ်းသည် စက်ကြိုးကို ကျွန်ုပ် ပေါင် ပေါ် သို့ ပစ်ပေးခဲ့ပြီး ရထားပေါ်မှ အောက်သို့ ခုန်ဆင်းလိုက်လေ၏။

'ကျုပ်တို့ တွေ့ချင်နေတဲ့ လူဟာ ခင်ဗျားပဲ၊ ဘယ်မှာလဲ မစ္စ ဗိုင်အိုလက် စမစ်'

ရှားလော့ဟုမ်းက ကောက်ကာငင်ကာ မေးလိုက်၏။

'ဒါ ကျုပ်က မေးရမှာဗျ၊ ခု ခင်ဗျားတို့ သူ့ ဒေါက်ကပ်ကို စီးလာကြတာ၊ သူ ဘယ်မှာလဲ ဆိုတာ ခင်ဗျားတို့ သိရမှာပေါ့'

'ဒေါက်ကပ်ကို လမ်းပေါ်မှာ တွေ့တာဗျ၊ အထဲမှာ ဘယ်သူမှ မပါဘူး၊ သူငယ်မလေးကို အကူအညီ ပေးရအောင်လို့ ကျုပ်တို့ ပြန်မောင်းလာကြတာ'

ထိုလူသည် စိတ်ပျက်လက်ပျက်ဖြင့်

'ဒုက္ခပဲဗျာ၊ ကျုပ် ဘာလုပ်ရမလဲ၊ ဘယ်လို လုပ်ရမလဲဟင်၊ သူတို့ လက်ထဲ ပါသွားပြီ ထင်တယ်ဗျ၊ ဒီငရဲခွေး ဝုဒလေနှင့် ဘုန်းကြီးတု လက်ထဲကို ပါသွားပြီ ထင်တယ်၊ ခင်ဗျားတို့ဟာ သူ့မိတ်ဆွေတွေ သေချာတယ်နော်၊ လာ လာ ကျုပ်နှင့် လိုက်ခဲ့၊ ချာလင်တန် ခြံထဲမှာ ကျုပ် အလောင်း ကျန်ချင် ကျန်ခဲ့ပါစေ၊ သူငယ်မလေးကို ကျုပ် ကယ်ရလိမ့်မယ်၊ ခင်ဗျားတို့လည်း ကူကြပါ'

ထိုလူသည် လက်တွင် ခြောက်လုံးပြူးကို ကိုင်ကာ အရှူး တစ်ယောက်ကဲ့သို့ ခြံစည်းရိုးပေါက်ကို ဖြတ်၍ ရှေ့မှ ဝင်သွားလေ၏။ ရှားလော့ဟုမ်းက သူ့နောက်မှ လိုက်သွားသည့် အတွက် ကျွန်ုပ်သည်လည်း မြင်းကို လမ်းဘေးတွင် လွှတ်ခဲ့ပြီးနောက် နောက်မှ လိုက်လာခဲ့လေ၏။

ထိုလူသည် ရွှံ့ပျော့ပျော့ပေါ်တွင် ထင်နေသည့် ခြေရာများကို ပြလိုက်ပြီးနောက်





'ကြည့်စမ်း၊ ဟောဒီ အပေါက်က ဝင်သွားတာဗျ၊ အလို နေဦးဗျို့၊ ချုံ...က ဘယ်သူလဲ မသိဘူး'

ထိုသူမှာ အသက် တစ်ဆယ့် ခုနစ်နှစ်လောက်သာ ရှိသေးသည့် သူငယ်...လေး တစ်ယောက် ဖြစ်ပြီး သားရေကြိုးများ၊ သားရေ ဖိနပ်ရှည်များဖြင့် ရထား...မှား တစ်ယောက် အသွင် ဝတ်ဆင်ထားလေ၏။ သူငယ်မှာ ခေါင်းတွင် ဒဏ်...ကြီးဖြင့် ပက်လက်ကြီး လဲလျက် ရှိလေ၏။ အသက် ရှိသေးသည့်တိုင် သတိ...မေ့တော့ချေ။ ဒဏ်ရာကို ကြည့်လိုက်သည့် အခါတွင် ခေါင်းခွံရိုးကို မထိသေးဘဲ ...ပေါ်ယံမျှသာ ဖြစ်ကြောင်းကို တွေ့ရလေ၏။

'ဟင်၊ မြင်းရထား မောင်းတဲ့ ပီတာဗျ၊ ဗိုင်အိုလက်ကို သူ မောင်းပို့...တာ၊ ခွေးမသားတွေ ကောင်လေးကို ရထားပေါ်က ဆွဲချပြီး ရိုက်ထားတယ်၊ ...ားခဲ့ဗျာ၊ လောလောဆယ် ဘာမှ လုပ်နိုင်မှာ မဟုတ်သေးဘူး၊ အရေးကြီးတာက ...န်းကလေး နောက်ကို လိုက်ဖို့ အရေးကြီးတယ်၊ အင်း ကျုပ်တို့ ကယ်နိုင်လိမ့်...ယ် ထင်ပါရဲ့'

ကျွန်ုပ်တို့သည် သစ်ပင်များကြား ကွေ့ကောက်နေသည့် လမ်း အတိုင်း ...ားကုန် ပြေးလာခဲ့ကြလေ၏။ အိမ်ကြီး အနီးရှိ ချုံများ တစ်ဝိုက်သို့ ရောက်...ည့် အခါတွင် ရှားလော့ဟုမ်းက ရပ်လျက်

'အိမ်ထဲကို မဝင်ဘူးဗျ၊ ခြေရာတွေက ဒီဘက်မှာ၊ ပန်းချုံရဲ့ ဘယ်ဘက်...ို ဝင်သွားတယ်၊ ကျုပ် မပြောဘူးလားဗျ၊ ဟော ဟော'

ပြော၍ မဆုံးမီ ကြောက်လန့်တကြား အော်လိုက်သည့် မိန်းမ အသံ တစ်...ကို ကြားလိုက်ရလေ၏။ ငယ်သံပါအောင် အော်လိုက်သည့် ထိုအသံထဲတွင် ...သွားပျက်ခမန်း ထိတ်လန့် ကြောက်ရွံ့နေသော အသံသည် ပုံတင် ထပ်လျက် ...ပြီး ကျွန်ုပ်တို့ ရှေ့ရှိ ချုံကြားထဲမှ ထွက်ပေါ်လာခြင်း ဖြစ်လေ၏။ ထို အသံ...ည် အမြင့်ဆုံးသို့ ရောက်လာကာ တစ်ယောက်ယောက်က ပါးစပ်ကို ဆို့လိုက်...ည့်နှယ် ဝူးဝူးဝါးဝါး အော်သံ အဖြစ် ပေါ်လာပြီးနောက် ရုတ်တရက် ပျောက်...ယ်သွားလေ၏။

'ဒီကို လာဗျို့၊ ဒီကို လာ၊ ကိုင်ထောင် ပစ်တဲ့ ကွက်လပ်ထဲက အော်...တာ၊ တော်တော် ယုတ်မာတဲ့ ခွေးသားတွေ၊ မိတ်ဆွေတို့ ဒီကို လိုက်ခဲ့ဗျ၊ နောက်...ကျသွားပြီ ထင်ပါရဲ့ဗျာ၊ နောက်ကျသွားပါပြီ'

ထိုလူသည် ချုံကြားထဲသို့ အတင်း တိုးဝင်သွားလေ၏။

ချက်ချင်း ဆိုသလိုပင် ကျွန်ုပ်တို့သည် ဝက်သစ်ချ ပင်အိုကြီးများ ဝန်းရံ



www.burmeseclassic.com

www.burmeseclassic.com



ပေါက်နေသည့် သာယာသည့် ကွက်လပ်ကလေး တစ်ခုထဲသို့ ရောက်သွားကြလေ၏။ ကွက်လပ် တစ်ဖက် ဝက်သစ်ချ ပင်အိုကြီး တစ်ပင်၏ အောက်တွင် လူသုံးယောက်ကို တွေ့ရလေ၏။ တစ်ယောက်မှာ ကျွန်ုပ်တို့ အမှုသည် မိန်းမပျိုကလေး ဖြစ်ပြီး ပါးစပ်တွင် လက်ကိုင်ပဝါ စည်းလျက်ဖြင့် ခေါင်းငိုက်စိုက် ကျကာ သတိ လစ်နေဟန် ရှိလေ၏။ သူနှင့် မျက်နှာချင်းဆိုင်တွင် ရက်စက်သောအသွင် ရှိသည့် ထူအမ်းအမ်း မျက်နှာပေါ်တွင် မုတ်ဆိတ်မွေးနီနီတို့ ပေါက်လျက် ရှိသော လူငယ် တစ်ယောက် ရပ်လျက် ရှိလေ၏။ ထိုလူသည် ဖိနပ်ရှည်ကြီး စီးထားသည့် ခြေထောက်ကို ချဲရပ်ကာ ခါးထောက်ရင်း လက်တစ်ဖက်က ကျာပွတ် တစ်ချောင်းကို ဝှေ့ယမ်းလျက် ရှိလေရာ သူ့ အမူအရာမှာ အနိုင် ကျင့်ချင်တိုင်း ကျင့်နေသော လူမိုက် တစ်ယောက်နှင့် တူနေလေ၏။

၎င်းတို့ နှစ်ယောက် ကြားတွင်မူ တွိဒ်ဝတ်စုံပေါ်တွင် ဘုန်းကြီးများ ဝတ်လေ့ ရှိသော ကိုယ်ကျပ် အင်္ကျီကို ဝတ်ထားသည့် မုတ်ဆိတ်ဖြူဖြူနှင့် အသက်ကြီးကြီး လူတစ်ယောက် ရပ်လျက် ရှိ၍ ကျွန်ုပ်တို့ ရောက်သွားချိန်တွင် အိတ်ဆောင် ကျမ်းစာအုပ်ကို အိတ်ထဲသို့ ပြန်ထည့်ကာ လူမိုက် သတို့သားကို အားရကျေနပ်စွာ ပခုံး ပုတ်လျက် ရှိရာ လက်ထပ် မင်္ဂလာ အခမ်းအနား ပြီးသွားဟန်ရှိသည်ဟု ကျွန်ုပ် စိတ်တွင် ထင်လိုက်မိလေ၏။

'လက်ထပ်လို့ ပြီးသွားပြီဗျ' ဟု ကျွန်ုပ်က အော်လိုက်သည်။

'လာဗျာ လိုက်ခဲ့ကြပါ' ဟု လမ်းတွင် တွေ့သူက ကျွန်ုပ်တို့ကို တောအုပ်ထဲသို့ ခေါ်သွားသဖြင့် ရှားလော့ဟုမ်းနှင့် ကျွန်ုပ်လည်း သူ့နောက်မှ ထက်ကြပ် လိုက်လာခဲ့ကြလေ၏။


ကျွန်ုပ်တို့ အနီးသို့ ရောက်သွားသည့် အခါတွင် အမျိုးသမီးမှာ လဲကျတော့မည် ပြုသဖြင့် ဝက်သစ်ချပင် ပင်စည်ကို လှမ်းကိုင် ထားလိုက်လေ၏။ ဘုန်းကြီး လူထွက် ဝီလျံဆင်သည် ကျွန်ုပ်တို့ကို မြင်သည့် အခါတွင် လှောင်ပြောင်သည့် ဟန်ဖြင့် ဦးညွှတ် နှုတ်ဆက်လိုက်လျက် လူမိုက် ဝုဒလေမှာကား ရှေ့သို့ တိုးလာကာ အာလုတ်သံကြီးဖြင့် ကျယ်လောင် ရှိုင်းပျစွာ ရယ်လိုက်ရင်း

'ဗျို့ ကာရုသာ၊ ခင်ဗျား မုတ်ဆိတ်ကြီးကို ဖြုတ်လိုက်စမ်းပါ၊ မသိများ မသိရင် ခက်မယ်၊ ကဲ အတော်ပဲ၊ ခင်ဗျားတို့ ရောက်လာတော့ ကျုပ်အဖို့ ခင်ဗျားတို့ကို မစ္စက် ဝုဒလေနှင့် မိတ်ဆက်ပေးဖို့ အဆင်သင့် ဖြစ်သွားတာပေါ့'

ကျွန်ုပ်တို့ကို ခေါ်လာသူ၏ အဖြေ ပေးပုံမှာလည်း ထူးခြား လှပေ၏။ ထိုသူသည် ရုပ်ဖျက်ရန် တပ်ထားသည့် မုတ်ဆိတ်မွေးကို ဆွဲဖြုတ်လိုက်ကာ







*အမျိုးသမီးမှာ လဲကျတော့မည် ပြုသဖြင့်
ဝက်သစ်ချပင် ပင်စည်ကို လှမ်းကိုင် ထားလိုက်လေ၏။*

မြေကြီးပေါ်သို့ လွှင့်ပစ်လိုက်သည်တွင် မုတ်ဆိတ် မရှိဘဲ ပြောင်ချောနေသည့် မျက်နှာရှည်ရှည် ပေါ်လာလေ၏။ ထိုလူသည် မိမိထံသို့ ကျာပွတ် တယမ်းယမ်းဖြင့် လျှောက်လာနေသည့် လူကို ခြောက်လုံးပြူးဖြင့် ချိန်လိုက်ပြီးနောက်

'ဟုတ်တယ်၊ ငါဟာ ကာရုသာပဲ၊ ဒီမိန်းကလေးကို ငါ ကယ်ရလိမ့်မယ်၊ မင်း သူ့ကို နှောင့်ယှက်ရင် ငါ ဘာလုပ်မယ် ဆိုတာ မင်းကို ပြောပြီးပြီ၊ မင်း ငါ့ကိုတော့ ယီးတီးယားတား မအောက်မေ့နှင့်'

'ခင်ဗျား နောက်ကျသွားပြီ၊ သူဟာ ကျုပ် မယား ဖြစ်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူးကွ၊ မင်းရဲ့ မုဆိုးမ သိရဲ့လား'

ဒိုင်းခနဲ မြည်သံနှင့် အတူ ဝုဒလေ၏ ရင်ဘတ်မှ သွေးတွေ ပန်းထွက်လာသည်ကို မြင်လိုက်ရလေ၏။ ဝုဒလေသည် အသံနက်ကြီးဖြင့် အော်ကာ ချာချာလည်သွားပြီးနောက် ပက်လက်ကြီး လဲကျသွားလေရာ အရုပ်ဆိုးသည့် သူ့မျက်နှာ နီနီကြီးသည် ပို၍ ကြောက်စရာ ကောင်းနေလေ၏။ ဘုန်းကြီးများ ဝတ်သည့် ကေသီကို ရုံထားသည့် လူကြီးသည် ကျွန်ုပ် တစ်ခါမျှ မကြားဖူးသော စကားလုံးများဖြင့် ညစ်ညမ်းစွာ ဆဲရေးကာ အိတ်ထဲမှ ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်လေ၏။ သို့ရာတွင် ခြောက်လုံးပြူးကို မမြှောက်ရသေးမီတွင်ပင် ထိုလူသည် ရှားလော့ဟုမ်း၏ လက်မှ သေနတ်ပြောင်းကို ငုံ့ကြည့်နေလေ၏။

ရှားလော့ဟုမ်းက ခပ်ထန်ထန်ဖြင့်

'ရပ်လိုက်၊ ခြောက်လုံးပြူးကို လွှတ်ချလိုက်စမ်း၊ ဗျို့ ဝပ်ဆင်၊ ကောက်ပြီး သူ့ခေါင်းကို ချိန်ထား၊ ဟုတ်ပြီ၊ ကဲ ကာရုသာ၊ ခင်ဗျား လက်က ခြောက်လုံးပြူးကို ပေးစမ်း၊ သွေးထွက်သံယိုမှုတွေ တော်လောက်ပြီဗျ၊ ပေးပါ၊ ကျုပ်ကို ပေးစမ်းပါ'

'ခင်ဗျား ဘယ်သူတုံး'

'ကျုပ်နာမည် ရှားလော့ဟုမ်း'

'ဗျာ ...'

'ကျုပ်နာမည်ကို ခင်ဗျား ကြားဖူးတယ် မဟုတ်လား၊ ပုလိပ်တွေ ရောက်မလာခင် အထိ အစိုးရ ပုလိပ် တာဝန်ကို ကျုပ် ယူရလိမ့်မယ်၊ ဟေး သူငယ်'

ရှားလော့ဟုမ်းက အကြောက်ကြောက် အရှုံ့ရှုံ့ဖြင့် တောစပ်တွင် ပေါ်လာသည့် မြင်းထိန်း ရထား မောင်းသည့် သူငယ်ကို လှမ်းခေါ်လိုက်၏။

'ဒီကို ခဏ၊ ဖန်ဟမ်ကို မြင်း ခုန်းစီးသွားပြီး ဒီစာကို ပေးခဲ့စမ်း'

ရှားလော့ဟုမ်းသည် မှတ်စု စာအုပ်ထဲမှ စာရွက် တစ်ရွက်ကို ဆုတ်ပြီး ခပ်သော့သော့ စာရေးပေးလိုက်လေ၏။

'ပုလိပ် ဌာနက ဌာနအုပ်ကို ပေး၊ သူတို့ မလာခင် အထိ ခင်ဗျားတို့ အားလုံးကို ကျုပ် တစ်ဦးတည်း သဘောနှင့် ဖမ်းဆီး ထိန်းသိမ်းရလိမ့်မယ်'

ရှားလော့ဟုမ်း၏ အာဏာစက် ရှိသည့် ဥပဓိ ရုပ်သည် ကြေကွဲစရာကောင်းသည့် မြင်ကွင်း တစ်ခုလုံးကို လွှမ်းမိုးထားလေရာ ကျန်လူ အားလုံးသည် သူ့လက်ထဲမှ ရုပ်သေးရုပ်ကလေးများသဖွယ် ဖြစ်လျက် ရှိလေ၏။ ဝီလျံဆင်နှင့် ကာရုသာတို့မှာ ဒဏ်ရာ ရနေသော ဝုဒလေကို အိမ်ထဲသို့ သယ်နေရပြီး







ဝုဒလေသည်
အသံနက်ကြီးဖြင့် အော်ကာ
ချာချာ လည်သွားပြီးနောက်
ပက်လက်ကြီး လဲကျသွားလေရာ . . .

ကျွန်ုပ်မှာမူကား ထိတ်လန့်နေသည့် မိန်းမပျိုကို တွဲထားရလေ၏။ ဒဏ်ရာ ရသူကို အိပ်ရာပေါ်သို့ တင်ပြီးလျှင် ရှားလော့ဟုမ်း၏ တောင်းပန်ချက် အရ ကျွန်ုပ်က သူ့ကို စစ်ဆေး ကြည့်ရှုရလေ၏။ ကျွန်ုပ်သည် ရွေခြည်ထိုး မျက်နှာ[illegible] တပ



www.burmeseclassic.com

www.burmeseclassic.com

ထားသည့် ထမင်းစားခန်းထဲတွင် တရားခံ နှစ်ဦးနှင့် ထိုင်လျက် ရှိသော ရှားလော့ဟုမ်းထံသို့ ပြန်လာကာ တွေ့ရှိချက်တို့ကို ပြောပြလေ၏။

'သေတော့ မသေနိုင်ပါဘူး'

ကာရုသာသည် ထိုင်နေရာမှ ဖြန်းခနဲ ထလိုက်ပြီး

'ဘာ မသေဘူး၊ ဟုတ်လား၊ မသေသေးရင် အပေါ်ထပ် သွားပြီး ကျုပ်ကိုယ်တိုင် အသေ သတ်မယ်၊ ဒီလိုဆိုရင် ဒီလောက် သဘောကောင်းပြီး ဒီလောက် လှတဲ့ မိန်းကလေး တစ်ယောက်ဟာ ဒီ ဝုဒလေ ဆိုတဲ့ အကောင်ကို တစ်သက်လုံး ပေါင်းရတော့မယ်ပေါ့၊ ဟုတ်လား'

'ဒီလောက်လည်း ပူစရာ မဟုတ်ပါဘူးလေ၊ ဒီကလေးမဟာ သူ့ ဇနီး မဖြစ်နိုင်တဲ့ အချက် နှစ်ချက် ရှိပါတယ်၊ တစ်ချက်က ဝီလျံဆင်ဟာ လက်ထပ် အခမ်းအနား တစ်ခုကို တရားဝင် လုပ်ပေးနိုင်တဲ့ ဝိနည်း သိက္ခာ ရှိသေးသလား ဆိုတာကို စုံစမ်းလိုက်ရင် ရှင်းသွားမှာပါ'

'ကျုပ် သိမ်ဝင်ထားတာဗျ' ဟု ဘုန်းကြီးတုက အော်သည်။

'ပြီးတော့ သိက္ခာလည်း ချပြီးပြီ မဟုတ်လား'

'ဘုန်းကြီးဟာ ဘုန်းကြီးပဲဗျ'

'ဝိနည်း သိက္ခာ မရှိရင် ဘယ်မှာ ဘုန်းကြီး ဖြစ်တော့မလဲ၊ လက်ထပ်ခွင့် လိုင်စင်ကော ခင်ဗျားမှာ ရှိလို့လား'

'လက်ထပ် ပေးနိုင်တဲ့ လိုင်စင် ကျုပ်မှာ ရှိတယ်ဗျ၊ ကျုပ် အိတ်ထဲမှာ ပါတယ်'

'ဒီလိုဆိုရင် ခင်ဗျား လိမ်ယူထားတာ ဖြစ်မှာပေါ့၊ သို့သော်လည်း ဘာပဲ ဖြစ်ဖြစ် မိန်းကလေး တစ်ယောက်ကို အကျပ်ကိုင်ပြီး အတင်း အဓမ္မ လက်ထပ်တာဟာ လက်ထပ်ခြင်း မမည်ဘူးဗျ၊ မမည်တဲ့ အပြင် တော်တော် ကြီးလေးတဲ့ ရာဇဝတ်မှုကြီး ဖြစ်တယ်၊ ဒါကိုတော့ နောင်ဆိုရင် ခင်ဗျား သိလာမှာပေါ့၊ တကယ်လို့ ခု မသိသေးရင်လည်း ထောင်ထဲ ဆယ်နှစ်လောက် သွားပြီး အေးအေးဆေးဆေး စဉ်းစားကြည့်ပေါ့၊ ဟုတ်စ၊ အင်း ကျုပ် တွက်တဲ့ အတိုင်း ဆိုရင်တော့ ဆယ်နှစ်လောက်တော့ သွားမှာပါ၊ အဲ မစ္စတာ ကာရုသာရေ၊ ခင်ဗျား အဖို့တော့ သွားလေရာမှာ ခြောက်လုံးပြူးကို အိတ်ထဲမှာ သိမ်းထားနိုင်ခဲ့ရင် အကောင်းသားဗျ'

'ကျွန်တော်လည်း ဒီအတိုင်းပဲ စဉ်းစားပါတယ် စုံထောက်ကြီး၊ ဒါပေမဲ့ ခင်ဗျာ၊ ကျွန်တော် သူ့ကို တကယ် ချစ်တယ်၊ ကျွန်တော့် တစ်သက်မှာ အချစ်



ပြောတာကို အဲဒီတော့မှ နားလည်တယ်၊ ဒီတော့ ကျွန်တော် ချစ်တဲ့ သူ့ကို ကာကွယ်စောင့်ရှောက်ဖို့ စဉ်းစားခဲ့တုန်းက ကျွန်တော် ချစ်တဲ့ မိန်းကလေးဟာ တောင်အာဖရိကမှာ အဆိုးဆုံး အရမ်းကားဆုံး လူမိုက် တစ်ဦးရဲ့ လက်ထဲကို ရောက်နေပြီလို့လည်း တွေးလိုက်မိရော ကျွန်တော့်မှာ ရူးမတတ် ဖြစ်ခဲ့ရတယ်၊ ဒီလူဟာ ဂျိုဟန်နက်စဘတ် ကနေပြီး ကင်ဘာလီ အထိ သူ့ နာမည် ကြားရင် လူတွေ ဖိုမှိုဖိမ့်တုန်အောင် ကြောက်ခဲ့ကြရတယ်၊ မစ္စတာ ဟုမ်းတို့ကို ပြောရင် ယုံချင်မှ ယုံမယ်၊ သူ့ကို ကျွန်တော့်ဆီမှာ အလုပ်ခန့်ကတည်းက ဒီခြံကြီးနားကို ဖြတ်ရင် ဘယ်တော့မှ တစ်ယောက်တည်း ဖြတ်ခွင့် မပေးဘူး၊ ဒီခြံကြီးထဲမှာ ဒီကောင် တစ်သိုက် ချောင်း ချောင်းနေကြတယ် ဆိုတာ ကျွန်တော် သိတော့ နောက်က ဘိုင်စကယ် တစ်စီးနှင့် အမြဲ လိုက်ကြည့်ခဲ့တယ်၊ ကျွန်တော် ခပ်လှမ်းလှမ်းက လိုက်တာပါ၊ ပြီးတော့ မိန်းကလေးက သတ္တိလည်း ကောင်း စိတ် သဘောထားလည်း ပြည့်တော့ ကျွန်တော့်ကို မြင်ရင် မမှတ်မိအောင်လို့ မုတ်ဆိတ် တပ်ပြီး ရုပ်ဖျက် လိုက်ခဲ့တယ်၊ ပြီးတော့ ကျွန်တော် နောက်က လိုက်ကြည့်နေမှန်း သိသွားရင် ကျွန်တော့်ဆီက အလုပ် ထွက်သွားမှာကိုလည်း ကျွန်တော် စိုးရိမ်တယ်၊ ဒါကြောင့် ရုပ်ဖျက် လိုက်ခဲ့တာပါ'

'အန္တရာယ် ရှိတဲ့ အကြောင်းကို သူငယ်မကလေးကို ဘာဖြစ်လို့ ဖွင့် မပြောတာလဲ'

'ကျွန်တော့်ဆီက အလုပ် ထွက်သွားမှာ စိုးလို့ပါ၊ သူ ထွက်သွားမှာကို ကျွန်တော် စိုးရိမ်တယ် စုံထောက်ကြီး၊ သူ ကျွန်တော့်ကို ပြန်မချစ်နိုင်ဘူး ဟား၊ သူ့ရဲ့ ကျက်သရေ ရှိတဲ့ မျက်နှာကို ကျွန်တော့် အိမ်ထဲမှာ မြင်နေချင်တယ်၊ သူ့ရဲ့ အသံကို ကျွန်တော် ကြားနေချင်တယ်'

ဤတွင် ကျွန်ုပ်က

'အင်း၊ ခင်ဗျားကတော့ ဒါကို အချစ်လို့ ထင်တယ်၊ ကျွန်တော်ကတော့ ဒါဟာ အချစ် မဟုတ်ဘူးဗျ၊ ကိုယ်ကျိုး ကြည့်တာလို့ ခေါ်ချင်တယ်'

'ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ် ခင်ဗျာ၊ ဒီနှစ်ခုက အတူ တွဲနေတတ်တာကိုး၊ ဘယ်လိုပဲဖြစ်ဖြစ်လေ၊ ကျွန်တော့်ဆီက အလုပ် ထွက်မသွားစေချင်ဘူး၊ ပြီးတော့ အနီးအနား တစ်ဝိုက်မှာ ဒီကောင် တစ်သိုက်ကလည်း ရှိနေတော့ သူ့ အနားမှာ သူ့ကို စောင့်ရှောက်ဖို့ တစ်ယောက်ယောက်တော့ ရှိသင့်တယ်လို့လည်း ကျွန်တော် ထင်တယ်၊ ဒီတုန်းမှာ ကြေးနန်း တစ်စောင် ရောက်လာတော့ သူ့ကို တစ်ခုခု လုပ်ကြတော့မယ်လို့ ကျွန်တော် တွက်လိုက်ပါပြီ



www.burmeseclassic.com

www.burmeseclassic.com



'ဘာကြေးနန်းလဲဗျ'

ကာရုသာသည် အိတ်ထဲမှ ကြေးနန်း စာရွက် တစ်ရွက်ကို ထုတ်ပြလေ၏။

'ဟောဒီမှာ ခင်ဗျ၊ ကြေးနန်းကတော့ ခပ်တိုတိုပဲ၊ အဘိုးကြီး ဆုံးပြီ တဲ့'

'ဗျာ၊ ကျုပ် ထင်တဲ့ အတိုင်းပဲ ဖြစ်တာကိုး၊ ဟုတ်ပါပြီလေ၊ ဒီကြေးနန်း ကို ရတော့ သူတို့ အလုပ် စကြတော့မှာပေါ့၊ ကဲ စောင့်နေတုန်း ပြောနိုင်တာ လေးတွေကို ပြောပြစမ်းပါဦး'

ဘုန်းကြီးတုသည် ညစ်ညမ်းစွာ ဆဲလိုက်၏။

'ဟော့လူ၊ ကျုပ်တို့ အကြောင်းတွေကို ပြောရင် ခင်ဗျား ဝုဒလေကို လုပ် လိုက်သလို ခင်ဗျားလည်း မသက်သာဘူး မှတ်ပါ၊ ခင်ဗျားဘာသာ ကောင်မလေး ချစ်တာတွေကို ပြောချင်သလောက် ပြော၊ သေအောင် ပြော၊ ကျုပ်တို့နှင့် ဘာမှ မဆိုင်ဘူး၊ ဒါပေမဲ့ ကျုပ်တို့ အကြောင်းကို ဒီစုံထောက်စုတ်ကို ပြောရင်တော့ ခင်ဗျား မလွယ်ဘူး အောက်မေ့လိုက်ပါ'

ရှားလော့ဟုမ်းက စီးကရက် တစ်လိပ်ကို မီးညှိလိုက်ရင်း

'ကိုယ်တော်ရယ်၊ သတိလေး ဘာလေး ထားတော်မူဦးမှပေါ့၊ ခင်ဗျား အမှုက သူ မပြောလည်း ထင်ရှားနေပါပြီ၊ စိတ်ချပါ၊ ကျုပ်က ကျုပ်ဘာသာ ကျုပ် ဗဟုသုတ အတွက် သိချင်လို့ အသေးစိတ်ကလေးတွေကို မေးနေတာပါ၊ ကောင်းပြီလေ၊ ခင်ဗျားက မပြောစေချင်ရင် ကျုပ်ကပဲ ပြောရတော့မှာပေါ့၊ အဲဒီ အခါကျတော့ ခင်ဗျားတို့ လျှို့ဝှက်ချက်တွေကို ဘယ်လောက် ဖုံးနိုင်သလဲ ဆိုတာ သိကြမှာပေါ့၊ ပထမ အချက်အားဖြင့် ခင်ဗျားတို့ သုံးယောက်ဟာ တောင် အာ ဖရိကက နေပြီး တစ်ကျိတ်တည်း တစ်ဉာဏ်တည်း လာခဲ့ကြတယ်ဗျ၊ ဝီလျံဆင် ဆိုတဲ့ ခင်ဗျားရယ်၊ ဟောဒီက ကာရုသာရယ်၊ ဝုဒလေရယ်'

ဘုန်းကြီးတုက

'အလိမ် နံပါတ်တစ်ဗျ၊ ဒီလူတွေကို ကျုပ် အရင်က တစ်ခါမှ မသိခဲ့ ဘူး၊ လွန်ခဲ့တဲ့ နှစ်လလောက်ကမှ မြင်ဖူးတာ၊ အာဖရိကကို ကျုပ် ရောက်ဖူး တယ် ဆိုတာလည်း မဟုတ်ဘူး၊ သေသေချာချာလည်း စဉ်းစား ပြောပါ စုံထောက် လူလိမ်ရဲ့'

'သူ ပြောတာ အမှန်ပါ' ဟု ကာရုသာက ပြောလေ၏။

'ဟုတ်ပြီ ဟုတ်ပြီ၊ ဒီလိုဆို ခင်ဗျားတို့ နှစ်ယောက်တည်း လာခဲ့ကြ တယ်၊ ကိုယ်တော်ကတော့ ပြည်တွင်းဖြစ် လူဆိုးပေါ့၊ တောင်အာဖရိကမှာ နေ





ရင်း ရာဖ် စမစ်နှင့် သိလာခဲ့တယ်၊ ဒီလူ သေတော့မယ် ဆိုတာ ခင်ဗျား သိတယ်၊ ရာဖ် သေရင် အမွေကို သူငယ်မကလေး ဆက်ခံရတော့မယ် ဆိုတာ တွေ့လာ ကယ်၊ ဟုတ်တယ် မဟုတ်လား'

ကာရုသာက ခေါင်းညိတ်ပြီး ဝီလျံဆင်က ကျိန်ဆဲ၏။

'ရာဖ်မှာ အမွေစား အမွေခံ နီးနီးစပ်စပ် ဆိုလို့ သူငယ်မကလေးပဲ ရှိ ကယ်၊ အဘိုးကြီးက သေတမ်းစာ မရေးခဲ့ဘူး ဆိုတာလည်း ခင်ဗျားတို့ သိလာ ခဲ့တယ်'

'အဘိုးကြီးက စာမှ မတတ်ဘဲကိုး' ဟု ကာရုသာက ပြော၏။

'ဒီတော့ ခင်ဗျားတို့ နှစ်ယောက် ပြန်လာကြပြီး ကောင်မလေးကို ပိုး ကြတယ်၊ ရတဲ့ လူက ကောင်မလေးကို ယူမယ်၊ မရတဲ့ လူက ပစ္စည်းကို တစ် ဝက် ခွဲယူမယ်၊ အကြောင်း တစ်ခုကြောင့် ဝုဒလေက ကောင်မလေးကို ရတော့ ပလို ဖြစ်သွားတယ်၊ မဟုတ်ဘူးလား'

'ကျွန်တော်တို့ နှစ်ယောက် သင်္ဘောပေါ်မှာ အလောင်းအစားနှင့် ဖဲရိုက် ဟာခဲ့ကြတယ်၊ သူ နိုင်သွားတယ်'

'ဟုတ်ပြီ၊ ဒီတော့ ခင်ဗျားက ကောင်မလေးကို အလုပ် ခန့်တယ်၊ ဝုဒ လေက ကောင်မလေးကို လာပိုးလှည့်ပေါ့၊ ကောင်မလေးက ဝုဒလေလို အရက် သမား လူရမ်းကား မကြိုက်ဘူး၊ ဒီတုန်းမှာ ခင်ဗျား ကိုယ်တိုင်ကလည်း ကောင် မလေးကို ကြိုက်သွားတော့ အခြေအနေ တစ်မျိုး တစ်ဖုံ ပြောင်းသွားတယ်၊ ဒီ ကောင်မလေးကို လူရမ်းကား လက်ထဲ ရောက်သွားမှာကို စိုးရိမ်လာတယ်'

'ဟုတ်တယ် ခင်ဗျ၊ အရောက် မခံနိုင်ဘူး'

'ဒါနှင့် ခင်ဗျားတို့ နှစ်ယောက် စကားများကြတယ်၊ ဝုဒလေက စိတ် ဆိုး ထွက်သွားပြီး သူ့နည်းနှင့်သူ ကောင်မလေးကို ရအောင် ကြံစည်တယ်'

ကာရုသာက တမင် ရယ်လိုက်ပြီးနောက်

'ဗျို့ ဝီလျံဆင်၊ ဒီလူကို သွားပြီး လိမ်နေလို့လည်း ထူးတော့မှာ မဟုတ် ဘူး၊ ပြောလိုက်တာ ကောင်းတယ်၊ ဟုတ်ပါတယ်၊ ကျွန်တော်တို့ နှစ်ယောက် စကား များ ကြ တယ်၊ စကား များလို့ တစ်ယောက်နှင့် တစ်ယောက် ထိုးကြ ကြိတ်ကြတဲ့ အထိတောင် ဖြစ်ခဲ့ကြတယ်၊ ပြီးတော့ သူလည်း ပျောက်သွားတာ ပါပဲ၊ နောက်တော့ သူလည်း ဘုန်းကြီးတုနှင့် သွားတွေ့တာပါပဲ၊ ဒီနောက် သူတို့ နှစ်ယောက် သူငယ်မကလေး ဘူတာရုံ သွားတဲ့ လမ်းဘေးမှာ အိမ်တစ်လုံးကို ငှားနေကြတယ် ဆိုတာ သိရတယ်ဗျ၊ သူတို့ တစ်ခုခု ကြံနေပြီ ဆိုတာ သိတာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ကောင်မလေးကို အမြဲ စောင့်ကြည့်နေခဲ့တာပါပဲ၊ သူတို့ ဘာ တွေ ကြံနေတယ် ဆိုတာ သိချင်တော့ ကျွန်တော်လည်း အဲဒီ နေရာကို မကြာ ခဏ ရောက်ပါတယ်၊ လွန်ခဲ့တဲ့ နှစ်ရက်လောက်တုန်းကတော့ ကြေးနန်းကို ကိုင် ပြီး ဝုဒလေ ကျွန်တော့် အိမ်ကို ရောက်လာတယ်၊ ကျွန်တော့် ကတိအတိုင်း လုပ် မလား မလုပ်ဘူးလား လာမေးတာလေ၊ ကျွန်တော်က မလုပ်နိုင်ဘူးလို့ ပြန်ပြော လိုက်တယ်၊ ဒါဖြင့်ရင် ကောင်မလေးကို ကျွန်တော် ယူပြီး ပစ္စည်း တစ်ဝက်ကို သူ့ကို ပေးလို့ ပြောပြန်တယ်၊ ကျွန်တော်က ဒါကို သဘော တူတယ်၊ ဒါပေမဲ့ ကောင်မလေးက ကျုပ်ကို မယူတာ ခက်တယ်လို့ ပြောလိုက်တယ်၊ ဒီတော့ သူက ကောင်မလေးကို လက်ထပ်အောင် လုပ်မယ်ဗျာ၊ နောက်ကျရင် သူ သိလာ မှာပေါ့လို့ ပြောတော့ ကျွန်တော်က ဒါတော့ ခင်ဗျားတို့ သဘောပဲ၊ ကျုပ်က တော့ အတင်းအကျပ် လုပ်တဲ့ အထဲ မပါချင်ဘူးလို့ ပြောလိုက်တယ်၊ ဒီတွင် သူ ဒေါ်တွေ ဘာတွေ ပွပြီး ကောင်မလေးကို သူ ရအောင် ယူပြမယ်၊ ခင်ဗျားလည်း ဘာဖြစ်တယ် ညာဖြစ်တယ်လို့ ဆဲဆို ကြိမ်းမောင်း ပြန်သွားတာပါပဲ၊ ကောင်မ လေးက ဒီအပတ် ကုန်ရင် ကျွန်တော့်ဆီက အလုပ် ထွက်တော့မယ်၊ ဒါနှင့် ကျွန် တော်လည်း သူ့ဖို့ မြင်းရထား တစ်စင်း ဝယ်ပေးထားတယ်၊ ဒါပေမဲ့ ကျွန်တော့် စိတ်ထဲမှာ တထင့်ထင့် နေတာနှင့် နောက်က နေပြီး ဘိုင်စကယ်နှင့် လိုက်ကြည့် ပါတယ်၊ သူလည်း မောင်းထွက်သွားရော ကျွန်တော် မမီလိုက်ခင် ဒီကိစ္စ ဖြစ် တာပါပဲ၊ ကျွန်တော် လာတော့ ဒေါက်ကပ်ကို ခင်ဗျားတို့ နှစ်ယောက် မောင်းလာ တာကိုပဲ တွေ့ရတော့တယ်"

ရှားလော့ဟုမ်းသည် ထိုင်ရာမှ ထကာ စီးကရက်တိုကို မီးဖိုထဲသို့ ပစ် လိုက်ပြီးနောက်

"အိုင်ဆေး ဝပ်ဆင်၊ ကျုပ်ဟာ တော်တော် တုံးတဲ့ လူဗျာ၊ ခင်ဗျား ပြန် လာပြီး ကျုပ်ကို ပြောပြတုန်းက ဘိုင်စကယ်သမားဟာ ချုံထဲကို ဝင်ပြီး လည် စည်းကို ပြင်လိုက်သလို လက်ကို မြှောက်လိုက်တာ မြင်တယ်လို့ ပြောတုန်းက ကျုပ် ဒီအချက်ကလေးကို ကြည့်လိုက်ရုံနှင့် အဖြေကို သိလိုက်ဖို့ ကောင်းတယ်၊ သို့သော်လည်း သူ့နည်းနှင့်သူ ဆန်းကြယ်တဲ့ အမှုကို ကျုပ်တို့ ဖြေရှင်းနိုင်ခဲ့လို့ တော်ပါသေးရဲ့ဗျာ၊ ဟော ဝင်းပေါက်မှာ ပုလိပ် သုံးယောက် လာနေပြီဗျို့၊ ရထား မောင်းတဲ့ သူငယ်ကလေး ဘာမှ မဖြစ်ဘဲ ပုလိပ်တွေနှင့် အတူတူ ခပ်သုတ်သုတ် လျှောက်လာနိုင်တာ မြင်လို့ ဝမ်းသာသဗျာ၊ ဒီနေ့ မနက် စွန့်စားခန်းကလေးကြောင့် ရထားသမား သူငယ်ကလေးရော၊ ကျုပ်တို့ရဲ့ သတို့သားကြီးရော တစ်သက်လုံး





ညို မမီအောင်တော့ ဖြစ်မယ် မထင်ပါဘူး၊ ကဲ ဒီတော့ ဝပ်ဆင်ရေ
ရာဝန် တစ်ယောက် အနေနှင့် သူငယ်မကလေးကို သွားကြည့်
၊ ကောင်းကောင်း သတိရပြီ ဆိုရင် သူ့အမေ အိမ်ကို ကျုပ်
လိုက်ပို့ပေးမယ် ဆိုတာလည်း ပြောခဲ့၊ ကောင်းကောင်း
ပိုက်နိုင်သေးဘူး ဆိုရင်လည်း မစ်လင်းမှာ ရှိတဲ့ လျှပ်
အင်ဂျင်နီယာကလေးဆီကို ကြေးနန်း ရိုက်ပေး
ယ်လို့ စောင်းပါးရိပ်ခြည် ပြောခဲ့၊ ဒီလောက်
ပြောလိုက်ရင် နေကောင်း လာမှာပါ၊
တာ ကာရုသာ အဖို့ကတော့
ကောင်းတဲ့ အကြံအစည်ထဲမှာ
တဲ့ အတွက် ခင်ဗျားကိုယ်
င်ဗျား နောင်တ ရပြီး တတ်
င်သလောက် ပြင်ပြီးပါပြီ ဆို
တော့၊ ဟောဒီမှာ ကျုပ် လိပ်
ကတ်ပြား၊ အကယ်၍ ရုံးတင်
စ်ဆေးတဲ့ အခါမှာ ခင်ဗျားကို
ထောက်အကူ ဖြစ်စေမယ့် ကျုပ်
က်သေခံချက်ကို လိုချင်တယ်
ိုရင်တော့ ပေးဖို့ အဆင်သင့်ပါပဲ"



ရှားလော့ဟုမ်းသည် ထိုင်ရာမှ ထကာ စီးကရက်တိုကို မီးဖိုထဲသို့ ပစ်လိုက်ပြီးနောက် ...

ကျွန်ုပ် တို့ နှစ် ယောက် မှာ
ရစပ် လှုပ်ရှား ဆောင်ရွက် နေကြ
ရသဖြင့် စာတ်လမ်းကို နိဂုံးချုပ်ရန်၊
ချို့သူများ သိလိုသည့် အသေးစိတ်
လေးများကို တင်ပြရန် မကြာခဏ
ိုသလို အခက်အခဲ တွေ့ရတတ်သည်ကို စာဖတ် ပရိသတ်များ သတိပြုကောင်း
ကြပေလိမ့်မည်။ ကျွန်ုပ်တို့မှာ တစ်မှုပြီးလျှင် နောက်တစ်မှုကို ကောက်ကိုင်
ရသည့် အတွက် တစ်မှုကို ဖြေရှင်းပြီးသည်နှင့် ထိုအမှုထဲမှ ဇာတ်ကောင်
ကလည်း အလုပ် များနေသော ကျွန်ုပ်တို့တစ်တွေ၏ ခေါင်းထဲမှ ပျောက်
ယ်သွားကြပါသည်။

သို့ရာတွင် ဤအမှုနှင့် ပတ်သက်သော ကျွန်ုပ်၏ မှတ်တမ်း[illegible]ဆုံး၌မူ



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ဆောင် တစ်ဦး ဖြစ်သည့် မစ္စ ဗိုင်အိုလက် စမစ်မှာ ဥစ္စာ ပစ္စည်း များစွာကို အမွေ အဖြစ် တကယ် အမှန် ရရှိကြောင်း၊ ယခု အချိန်တွင် ၎င်းမှာ နာမည်ကျော် လျှပ်စစ် ကုမ္ပဏီကြီး တစ်ခု ဖြစ်သည့် မော်တင်နှင့် ကနေဒီ ကုမ္ပဏီမှ သူဌေးကြီး တစ်ဦး ဖြစ်သူ စီရယ် မော်တင်၏ ဇနီး ဖြစ်ကြောင်း မှတ်သားထားသည်ကို တွေ့ ရလေ၏။

ဝီလျံဆင်နှင့် ဝုဒလေတို့မှာ ခိုးယူ ပေါင်းသင်းမှု၊ နာကျင်စေမှုတို့ဖြင့် ရုံးတင် တရားစွဲခံရပြီး တစ်ယောက်မှာ ထောင်ဒဏ် ခုနစ်နှစ်၊ နောက် တစ် ယောက်မှာ ဆယ်နှစ် အသီးသီး ပြစ်ဒဏ် ကျခံသွားကြရလေ၏။

ကာရုသာနှင့် ပတ်သက်၍ကား ကျွန်ုပ် မှတ်စုတွင် တစ်စုံတစ်ရာ မတွေ့ ရချေ။ သို့ရာတွင် ဝုဒလေမှာ လူဆိုး လူရမ်းကား တစ်ယောက် ဖြစ်သည့် အပြင် ကာရုသာ ပစ်လိုက်သည့် သေနတ် ဒဏ်ရာလည်း ကြီးကျယ်သည်ဟု ရုံးတော်မှ ယူဆခြင်း မရှိသည့် အလျောက် တရားဥပဒေ အတိုင်း ဖြစ်စေရန် ထောင်ဒဏ် လအနည်းငယ် ချလျှင် လုံလောက်ပြီဟု ကျွန်ုပ် ယူဆမိပေကြောင်း။

[မူရင်း ဝတ္ထု *The Adventure of the Solitary Cyclist.* ခေါင်းစဉ်၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် ရှာမတွေ့။]



## ပျောက်ဆုံးသွားသော ကျောင်းသား



ဘေကာလမ်းရှိ ကျွန်ုပ်တို့ ဓာတ်ခုံကလေးပေါ်သို့ မမေ့ နိုင်လောက်သည့် ဓာတ်ဆောင်များ တသောသော ဝင်လိုက် ထွက်လိုက် ရှိသည့်တိုင် ထိုဓာတ်ခုံပေါ်သို့ ဒေါက်တာ သွန်နီကရော့ ဟက်စတေဘဲ၊ အမ် အေ ပီအိပ်ချ်ဒီ ဟူသော ပုဂ္ဂိုလ် တစ်ယောက် ပထမဆုံး ပေါ်ထွက်လာပုံ လောက် ထိတ်လန့်တကြား ဖြစ်ခြင်းမျိုးကား တစ်ခါမျှ မျိုးဖူးသေးချေ။ သူ၏ ဘွဲ့ထူး ဂုဏ်ထူးတွေ တသီတတန်းကြီးကို မနိုင့်တနိုင် ယယ်ပိုးထားရသည့် လိပ်စာ ကတ်ပြားငယ်ကလေး ရောက်လာပြီး မရှေးမနှောင်း ပိုသလိုပင် မာနကြီးခြင်း၊ ကြံ့ခိုင်ခြင်းတို့ လူတစ်ကိုယ်တည်းတွင် စုပေါင်းနေ သည့်နှယ် အလွန် ကြီးခိုင်၍ အလွန် ဟိတ်ဟန် များသလောက် ခံ့ညားသည့် လူကြီး တစ်ယောက်သည် ကျွန်ုပ်တို့ အခန်းထဲသို့ ဖြန်းခနဲ ဝင်ရောက်လာလေ ၏။ သို့တိုင်အောင် အခန်းထဲသို့ ရောက်ပြီး အခန်း တံခါးကို ပိတ်လိုက်သည်နှင့် ပစ်ပြိုင်နက် ကျွန်ုပ်တို့၏ ဓာတ်ဆောင်ကြီး ပထမဆုံး စတင် လုပ်ဆောင်လိုက် သည့် "အိုက်တင်" မှာ စားပွဲဆီသို့ ဒယီးဒယိုင် လျှောက်လာကာ ကြမ်းပြင်ပေါ်သို့ ဂိုင်းခနဲ ပစ်လဲသွားပြီးနောက် အခန်းထဲရှိ ဝက်ဝံရေ ကော်ဇောပေါ်တွင် စန့်စန့် ကြီး သတိလစ် သွားခြင်းပင် ဖြစ်လေ၏။

ကျွန်ုပ်တို့သည် ထိုင်ရာမှ ရုတ်တရက် ထရပ်လိုက်မိကြပြီးလျှင် ဘဝ င်လယ်ပြင်တွင် ပြင်းထန်သော မုန်တိုင်းကြီး တစ်ခု ရုတ်တရက် တိုက်ခတ်ခဲ့ ကြောင်းကို ပြောဆို ညွှန်ပြလျက် ရှိသည့် သင်္ဘောပျက်ကြီး တစ်ခုမှ အပိုင်း အပိုင်း တစ်ခုနှင့် တူသော ထိုခန္ဓာကိုယ် အတ္တဘောကြီးကို တအံ့တသြဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေမိကြလေ၏။ ထိုနောက်တွင်မူ ရှားလော့ဟုမ်းက ကုရှင် တစ်လုံးကို ပြေး၍ သူ့ ခေါင်း အောက်တွင် ခုပေးကာ ကျွန်ုပ်က သူ့ ပါးစပ်ကို ဖြဲ၍ ဘရန်ဒီ တစ်ခွက်ကို တိုက်လျက် ရှိလေ၏။ ဖြူဖပ်ဖြူရော် ဖြစ်လျက် ရှိသော မျက်နှာ အစ်အစ်ကြီးမှာ တွေ့ကြုံလာရသည့် ဒုက္ခ သုက္ခကြောင့် ရှုံ့မဲ့လျက် ရှိပြီး မှိတ်နေသော မျက်လုံး အောက်မှ မျက်လုံးအိမ်ကြီးများမှာလည်း ညိုမည်းလျက် ရှိသည့် အပြင် ပါးစပ်ကြီး တစ်ခြမ်း ရွဲ့လျက် တဆတ်ဆတ် တုန်နေသော မေးပေါ်တွင်လည်း မုတ်ဆိတ်ကြီးတွေ ထိုး ထိုး ထောင်ထောင် ဖြစ်လျက် ရှိလေ၏။ ရှပ်အင်္ကျီနှင့် လည်စည်းကို ကြည့်လိုက်ခြင်းအားဖြင့် ထိုလူကြီးမှာ ခရီးဝေးမှ လာခဲ့ကြောင်းကို ညွှန်ပြလျက် ရှိပြီး ပုံပန်းကျသော ဦးခေါင်းပေါ်မှ ဆံပင်များမှာ ဖရိုဖရဲ ဖြစ်လျက် ရှိခြင်းကို ကြည့်လျှင် ကျွန်ုပ်တို့ ရှေ့တွင် စန့်စန့်ကြီး လဲနေသူမှာ အကြီးအကျယ် ဒုက္ခ ရောက်လာသူ တစ်ဦးမှန်း သိသာနိုင်ပေ၏။



*ကြမ်းပြင်ပေါ်သို့ ဘိုင်းခနဲ ပစ်လဲသွားပြီးနောက် စန့်စန့်ကြီး သတိ လစ်သွားသည်။*

'ဘာဖြစ်လာတာလဲဗျ အိုင်ဆေး'

'အားကုန်ပြီး လဲကျသွားတာဗျ၊ အစာ မစားရလို့ရယ်၊ ပင်ပန်းလို့ရယ် ဖြစ်သွားတာ' ဟု ကျွန်ုပ်က အသက် မှျင်မှျင်ကလေးသာ စီးဆင်းနေသည့် အပ်ချည်မျှင်လို သေးသေးကလေးသာ စမ်း၍ ရသော လက်ကောက်ဝတ် သွေးကြောကို စမ်းရင်း ပြောလိုက်၏။

ရှားလော့ဟုမ်းက ထိုလူ၏ နာရီအိတ်ထဲမှ လက်မှတ် တစ်စောင်ကို ဆွဲထုတ်လိုက်လျက်

'အင်္ဂလန် မြောက်ပိုင်း မက်ကယ်တန်ကို ပြန်မလို့ဗျ။ ဟောဒီမှာ အပြန်ရထား လက်မှတ်၊ ခု ဆယ့်နှစ်နာရီတောင် မထိုးသေးဘူး၊ ကောတ္တ မနက် အစောကြီး ရထားနှင့် လိုက်လာပုံ ကျတယ်'





လေးလံ ရှုံ့တွနေသည့် မျက်ခွံသည် လှုပ်လာပြီးနောက် ပြာလဲ့သော မျက်လုံး အစုံသည် ကျွန်ုပ်တို့ကို ငေးငေးကြီး စိုက်ကြည့်နေလေ၏။ ခဏ ကြာလျှင် ထိုလူကြီးသည် ကုန်းထလိုက်လေ၏။ ၎င်းမျက်နှာမှာ အရှက်ကြောင့် နီရဲလျက် ရှိလေ၏။

'ကျွန်တော် အားနည်းနေတယ်ဗျာ၊ ခွင့်လွှတ်ပါ မစ္စတာ ဟုမ်း၊ တော်တော်လေး သောက ရောက်လာလို့ပါ၊ နို့လေး တစ်ခွက်လောက်နှင့် ဘီစကစ်ကလေး နည်းနည်းလောက် ရလိုက်ရင် ဟောဒီလောက် အခြေအနေ ဆိုးမှာ မဟုတ်ပါဘူး၊ ကျေးဇူးပါပဲ၊ အပြန်မှာ မစ္စတာ ဟုမ်း လိုက်ခဲ့စေချင်လို့ ကျွန်တော် ကိုယ်တိုင် လာခဲ့တာပါ၊ ကြေးနန်းနှင့် ရိုက်နေရင် ဒီအမှုကို ခပ်ပေါ့ပေါ့ပဲ အောက်မေ့ပြီး အေးအေးဆေးဆေး လုပ်နေမှာ စိုးလို့'

'ဦး နေသာထိုင်သာ ရှိသွားတဲ့ အခါမှာ ...'

'အို ကျွန်တော် ကောင်းသွားပါပြီ၊ ဘာဖြစ်လို့ ဒီလောက်များ အားနည်းသွားသလဲ မသိဘူးဗျာ၊ ကဲ မစ္စတာ ဟုမ်း ကျွန်တော်နှင့် အတူ နောက်ရထားနှင့် မက်ကယ်တန်ကို လိုက်ခဲ့စေချင်တယ်ဗျာ'

ရှားလော့ဟုမ်းက ခေါင်းကို ယမ်းလိုက်၏။

'ကျွန်တော်တို့ သိပ် အလုပ် များနေပါတယ် ဦး၊ ဟောဒီက ကျွန်တော့် မိတ်ဆွေ ဒေါက်တာ ဝပ်ဆင်ကိုသာ မေးကြည့်ပါတော့၊ ခုလောလောဆယ်မှာ ဖားရား စာရွက် စာတမ်းများ ပျောက်ဆုံးမှု အတွက် ၄ုးထားပါတယ်၊ အဘာ ဂါဗနီ လူသတ်မှုကလည်း ရုံးတင်တော့မှာပါ၊ ခုလောလောဆယ်မှာတော့ အင်မတန်ကို အရေးကြီးလွန်းမက ကြီးတဲ့ အမှု ကိစ္စမျိုး ကြုံမှ လန်ဒန်က တခြားကို ထွက်မှာပါ'

ထိုလူကြီးသည် လက်နှစ်ဖက်ကို ဆန့်ထုတ်လိုက်ပြီးနောက်

'ဘာ အရေးကြီးလွန်းမက ကြီးမှ ဟုတ်လား၊ နယ်စားကြီး ဟိုဒါနက်ဆီရှဲ တစ်ဦးတည်းသော သားကို သွေးဆောင် ခိုးသွားတယ် ဆိုတာ ခင်ဗျား မကြားသေးဘူးလား'

'ဘာ ဝန်ကြီးဟောင်း ဟိုဒါနက်ဆီလား'

'ဟုတ်တယ်ဗျ၊ ကျွန်တော်တို့က သတင်းစာထဲ မပါအောင် ဖုံးထားတာ၊ ဒါတောင်မှ မနေ့ ညနေထုတ် ဂလုပ် သတင်းစာထဲမှာ တစ်စွန်းတစ်စ ပါလာပြီ၊ ဒီသတင်းကို ခင်ဗျား ကြားလောက်ပြီ အောက်မေ့နေတာ'

ရှားလော့ဟုမ်းသည် ရှည်လျား သေးသွယ်သည့် လက်မောင်းကို ဆန့်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်လိုက်ပြီးနောက် သူ၏ စွယ်စုံ အညွှန်း ကျမ်းတွဲများမှ 'အိပ်ချ်' အတွဲကို လှမ်းယူလိုက်လေ၏။

'ဟိုဒါနက်ဆီ၊ ဆင္ဒမဖြောက် နယ်စားကြီး၊ ကေ ဂျီ၊ ပီ စီ၊ အမယ်လေး ဗျာ၊ အက္ခရာတွေတော့ တစ်ဝက်လောက် ကုန်သွားပါပြီ၊ ၁၉၀၀ ပြည့်နှစ်မှ စ၍ ဟာလမ်ရှိုင်းယားနယ် လက်ထောက် အမတ်ချုပ် အဖြစ် ဆောင်ရွက်ခဲ့သည်၊ ဆာ ချားလ် အယ်ပယ်တန်၏ သမီး အီဒစ်နှင့် ၁၈၈၈ ခုနှစ်တွင် လက်ထပ်ခဲ့သည်၊ တစ်ဦးတည်းသော အမွေ ဆက်ခံသူမှာ သားဖြစ်သူ လော့ဒ် ဆားလ်တိုင်းယား ဖြစ်သည်၊ မြေဧက နှစ်သောင်း ငါးထောင်ခန့် ပိုင်ဆိုင်သည်၊ လန်ကက်ရှိုင်းယား နယ်နှင့် ဝေလနယ်တို့တွင် သတ္တုတွင်းများ ရှိသည်၊ နေရပ်လိပ်စာ ကာလ်တန် အိမ်၊ ဟိုဒါနက်ဆီခြံ၊ ဟာလမ်ရှိုင်းယားနယ်၊ ကာစတန် ရဲတိုက်၊ ဘန်ဂါရွာ၊ ဝေလနယ်၊ ရေကြောင်းဘက် ဆိုင်ရာ ဝန်ကြီး ၁၈၇၂ ခုနှစ်၊ ပြည်ထဲရေး ဝန်ကြီး၊ အင်း ဒီ ပုဂ္ဂိုလ်ကြီးကတော့ အကြီးကျယ်ဆုံး ပုဂ္ဂိုလ်ကြီးပေပဲဗျ၊ နှယ်နှယ် ပုဂ္ဂိုလ် မဟုတ်ဘူး'

'အကြီးကျယ်ဆုံးတွင် မကဘူးဗျ၊ အချမ်းသာဆုံး ပုဂ္ဂိုလ်၊ မစ္စတာ ဟုမ်း ဟာ လုပ်ငန်းနှင့် ပတ်သက်လို့ တန်ဖိုးထားတယ်၊ ငွေရေးကြေးရေးကို ပဓာန မထားဘဲ အလုပ် လုပ်နေရရင် ကျေနပ်နေတဲ့ လူတစ်ယောက် ဖြစ်တယ် ဆိုတာ သိပါတယ်ဗျာ၊ ဒါပေမဲ့ စုံထောက်ကြီးကိုတော့ ပြောပါရစေ၊ သူ့သား ဘယ်မှာ ရောက်နေတယ် ဆိုတာကို သတင်း ပေးနိုင်သူကို ပေါင် ငါးထောင်၊ သူ့ကို ခေါ်သွားတဲ့ လူ သို့မဟုတ် လူတွေရဲ့ နာမည်ကို ပြောနိုင်တဲ့ သူကို နောက်ထပ် ပေါင်တစ်ထောင် ပေးမယ်လို့ နယ်စားကြီးက ပြောပါတယ်'

'အင်း ငွေတော့ မနည်းလှပေဘူးဗျ၊ ဝပ်ဆင်ရေ၊ ကျုပ်တို့ ဟောဒီက ဒေါက်တာ ဟတ်စတေဘဲနှင့် အတူ အင်္ဂလန် မြောက်ပိုင်းကို လိုက်ရလိမ့်မယ် ထင်တယ်၊ ကဲ ဒေါက်တာ ဟတ်စတေဘဲ၊ ဟောဒီ နွားနို့ကလေးကို ကုန်အောင် သောက်ပြီးရင် ဘာဖြစ်သလဲ၊ ဘယ်တုန်းကလဲ၊ ဘယ်လို ဖြစ်သလဲ၊ ပြီးတော့ မက်ကယ်တန်နားက သာသနာပြုကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာ သွန်နီ ကရော့ ဟတ်စတေဘဲ အနေနှင့် ဘာတွေ လုပ်ခဲ့သလဲ၊ ကိစ္စ ဖြစ်ပြီး သုံးရက် ကြာမှ ဘာဖြစ်လို့ လာသလဲ ဆိုတာကို ရှင်းပြစမ်းပါဦး၊ ကိစ္စ ဖြစ်တဲ့ နေ့ကို တော့ ခင်ဗျား မေးပေါ်မှာ ရှိနေတဲ့ နှုတ်ခမ်းမွေးတွေ၊ မုတ်ဆိတ်မွေးတွေက သက်သေ ခံပြီးပါပြီလေ'

ကျွန်ုပ်တို့၏ ဧည့်သည်ကြီးသည် နွားနို့နှင့် ဘီစကွတ်များကို စားသောက်





သွားလေပြီ။ ထို့နောက် အဖြစ်အပျက်ကို ပြန်ပြောရန် အားရပါးရ ထိုင်၍ ယူလိုက်လေ၏။ သူ့ မျက်လုံးများမှာ အလင်းရောင် ပြန်၍ တောက်ပလာ ပြီးနောက် သူ့ ပါးပြင်ပေါ်တွင်လည်း သွေးရောင် ပြန်၍ လွှမ်းလာခဲ့လေပြီ။

'ကျမ်းစာသင်ကျောင်းက ကျွန်တော် ကိုယ်တိုင် တည်ထောင်ပြီး ကျောင်း အုပ် အဖြစ် ဆောင်ရွက်တဲ့ မူလတန်းကျောင်း ခင်ဗျ၊ ကျွန်တော် ရေးတဲ့ ဟတ် စတေဘဲ၏ ဟိုရေး စကားပြေ လက်ရွေးစင် ဆိုရင် မိတ်ဆွေကြီးတို့ ကြားဖူး ကြလိမ့်မယ် ထင်ပါတယ်၊ မိတ်ဆွေကြီးတို့ သိတဲ့ အတိုင်း ကျမ်းစာသင်ကျောင်း ဟာ အင်္ဂလန်မှာဖြင့် အကောင်းဆုံးကျောင်း ဖြစ်ပြီး အင်မတန် လူရွေးပြီးမှ ဝင် ခွင့် ပေးတဲ့ မူလတန်းကျောင်းပါ၊ လော့ဒ် လီဗာစတုတ်တို့၊ ဘလက်ဝါးတား နယ်စားကြီးတို့၊ ဆာ ကက်သကတ် ဆုမ်းတို့ ဆိုတဲ့ ပုဂ္ဂိုလ်တွေလည်း သူတို့ သားတွေကို ကျွန်တော့် ကျောင်းမှာပဲ ထားခဲ့ကြပါတယ်၊ သို့သော်လည်း လွန်ခဲ့တဲ့ သုံးပတ်လောက်တုန်းက ဟိုဒါနက်ဆီ နယ်စားကြီးက သူ့ အတွင်းဝန် မစ္စတာ ဂျိမ်း ဝိုင်းလဒါးကို လွှတ်ပြီး သူ့ရဲ့ တစ်ဦးတည်းသော အမွေစား အမွေခံ ဆယ်နှစ် သား လော့ဒ် ဆားလ်တိုင်းယားကို ကျွန်တော့် ကျောင်းမှာ လာအပ်တဲ့ အချိန်က တော့ ကျွန်တော့် ကျောင်း အဖို့ ဓာတာ စန်းလင် အတက်ဆုံး အချိန် ဖြစ်သွား ဟာပေါ့လေ၊ ဒါပေမဲ့ ဒီအဖြစ်အပျက်ဟာ ကျွန်တော့်ကို ဒုက္ခ လှလှကြီး ရောက် ရှိစေပြေး ဖြစ်တယ် ဆိုတာကိုတော့ မသိခဲ့ဘူးပေါ့ ခင်ဗျာ။

'နွေရာသီ သင်တန်းရက်ကို မေလ တစ်ရက်နေ့မှ စပါတယ်၊ သူငယ် လေးလည်း အဲဒီ နေ့မှာပဲ ကျောင်း စတက်ပါတယ်၊ သူငယ်ကလေးက တော် တော် ချစ်စရာ ကောင်းတဲ့ သူငယ်လေးပါ ခင်ဗျာ၊ ခဏ ကြာတော့ ကျောင်းနှင့် ယဉ်သားကျသွားတာပါပဲ၊ တစ်ခုတော့ ပြောပါရစေဗျာ၊ ကျွန်တော်က လက်လွှတ် စပယ် ပြောတာတော့ မဟုတ်ပါဘူး၊ ဒီလို ကိစ္စမျိုးမှာ မပွင့်တပွင့် ပြောရင် ကိုယ်ပိ အစီပွားယ် မရှိဘူးလို့ ထင်ပါတယ်၊ သူငယ်ကလေးကို ကြည့်ရတာ သူ့ အိမ်မှာ သူ သိပ်ပျော်ပုံ မရဘူး ခင်ဗျ၊ နယ်စားကြီးရဲ့ အိမ်ထောင်ရေးကလည်း သာယ် အဆင် မပြေလှဘူး ဆိုတာ လူ တော်တော်များများ သိနေကြပါတယ်၊ ဒါနှင့် သူတို့ လင်မယားဟာ နှစ်ဦး သဘောတူ ကွာရှင်းလိုက်ကြပြီး နယ်စား ကတော်ကြီးက ပြင်သစ်ပြည် တောင်ပိုင်းမှာ သွားနေပါတယ်၊ ဒီကိစ္စက ဖြစ် တာ မကြာသေးပါဘူး၊ ကလေးကတော့ အမေ့ အပေါ်မှာ သံယောဇဉ် တော်တော် ကြီးပါတယ်၊ ဟိုဒါနက်ဆီ ရဲတိုက်က အမေ ထွက်သွားတာနှင့် တစ်ပြိုင်နက် ကလေးက အမေကို တသသ ဖြစ်နေတာပဲတဲ့၊ ဒါကြောင့် ကလေး စိတ်ပြေ



www.burmeseclassic.com

www.burmeseclassic.com



လက်ပျောက် ရှိပါစေတော့ ဆိုပြီး နယ်စားကြီးက ကလေးကို ကျွန်တော့် ကျောင်းကို ကျောင်းအိပ် ကျောင်းစား ပို့လိုက်တာပါ၊ မကြာပါဘူး ခင်ဗျာ၊ နှစ်ပတ်လောက် ရှိတော့ ကလေးလည်း အသား ကျသွားပြီး ကျောင်းပျော်သွားတဲ့ပုံ ပေါက်လာတာပါပဲ။

'သူ ပျောက်သွားတာက မေလ ၁၃ ရက်နေ့ ညမှာ ခင်ဗျ၊ လွန်ခဲ့တဲ့ တနင်္လာနေ့ည ဆိုပါစို့၊ သူ့ အခန်းက ဒုတိယထပ်မှာပါ၊ သူ့ အခန်းကို ဝင်ရင် တခြား သူငယ် နှစ်ယောက် အိပ်တဲ့ အခန်းကျယ်ကြီး တစ်ခန်းကို ဖြတ်ပြီးမှ ဝင်လို့ ရပါတယ်၊ အဲဒီ သူငယ်လေး နှစ်ယောက်က ဘာသံမှလည်း မကြားဘူး၊ ဘာမှလည်း မမြင်လိုက်ဘူး ဆိုတော့ သူငယ်ကလေး ထွက်သွားတာဟာ ဒီအခန်းက ဖြတ်ထွက်သွားတာ မဟုတ်ဘူး ဆိုတာ သေချာပါတယ်၊ သူ့အခန်း ပြတင်းပေါက်က ပွင့်နေပြီး မြေကြီးကနေ နွယ်တက်နေတဲ့ အိုင်ဗီ နွယ်ပင်ကြီး တစ်ပင်လည်း ပြတင်းနားမှာ ရှိနေပါတယ်၊ အောက်ကို ငုံ့ကြည့်တော့လည်း ခြေရာတို့ ဘာတို့ ဘာမှ မတွေ့ရဘူး ခင်ဗျ၊ သူ ထွက်ချင်ရင် ဒီတစ်ပေါက်ပဲ ရှိတယ် ဆိုတာ သေချာပါတယ်။

'အင်္ဂါနေ့ မနက် ခုနစ်နာရီကျတော့ သူ ပျောက်နေတာကို တွေ့ရပါတယ်၊ အိပ်ရာကို တက်ကြည့်တော့ ညက အိပ်ထားတဲ့ လက္ခဏာကို တွေ့ရတယ် ခင်ဗျ၊ မသွားခင်မှာ အနက်ရောင် အီတန်ကျောင်း ကုတ်အင်္ကျီကို ဝတ်ပြီး နက်ပြာရောင် ဘောင်းဘီကို ဝတ်ထားတယ် ခင်ဗျ၊ အခန်းထဲကို အပြင် လူစိမ်း သူစိမ်း ဝင်လာတဲ့ ခြေရာလက်ရာကိုလည်း မတွေ့ရဘူး၊ တစ်ဖက်ခန်းက ခပ်ကြီးကြီး ကျောင်းသားလေး ကွန်တာက အအိပ် ဆတ်လေတော့ အော်သံတို့ ရန်းသံတို့ ဆိုရင်လည်း ကြားရမှာ သေချာတယ် ခင်ဗျ။

'သူ ပျောက်သွားတာကို သိတော့ ကျွန်တော့် ကျောင်းသားတွေရော၊ ဆရာတွေရော၊ ကျောင်း အလုပ်သမားတွေရော အားလုံးကို အချိန်စာရင်း ခေါ်ပါတယ်၊ အဲဒီတော့မှ ပျောက်နေတာဟာ သူတစ်ယောက်တည်း မဟုတ်ဘူး ဆိုတာ သေချာတော့တာပါပဲ၊ ဂျာမန် စာပြဆရာ ဟေဒက်ဂါး ဆိုတဲ့ လူလည်း ပျောက်နေတယ်ဗျ၊ သူ့ အခန်းက ဒုတိယထပ် အစွန်ဆုံးမှာပါ၊ ပျောက်သွားတဲ့ သူငယ်ရဲ့ အခန်းနှင့် မျက်နှာချင်းဆိုင်မှာ ရှိပါတယ်၊ သူ့ အိပ်ရာကို ကြည့်တော့လည်း မနေ့ညက အိပ်ထားတဲ့ အရာကို တွေ့ရပါတယ်၊ ဒါပေမဲ့ သူ့ ရှပ်အင်္ကျီနှင့် ခြေအိတ်တွေကို ကြမ်းပေါ်မှာ တွေ့ရတဲ့ အတွက် အဝတ်အစားတော့ ပြည့်ပြည့်စုံစုံ ဝတ်သွားပုံ မတူဘူး ခင်ဗျ၊ သူကတော့ ပြတင်းပေါက်မှာ တက်နေတဲ့ အိုင်ဗီနွယ်ကို တွယ်





င်းသွားတာ သေချာတယ် ခင်ဗျ၊ အောက်မြက်ခင်းပေါ် ရောက်တော့ သူ့ ခြေ ကို တွေ့ရတယ်၊ သူ့ ဘိုင်စကယ်က မြက်ခင်းလေး ဘေးက ရုံလေးထဲမှာ ရှိ ယ်၊ ဘိုင်စကယ်လည်း ပါသွားတယ်။

'သူ ကျွန်တော့် ကျောင်းမှာ လုပ်လာတာ နှစ်နှစ် ရှိပါပြီ၊ တော်တော် ပ်ချရတဲ့ ထောက်ခံချက်တွေနှင့် လာတဲ့ အတွက် ကျွန်တော်ကလည်း ခန့် ိုက်ပါတယ်၊ ဒါပေမဲ့ လူက စကား နည်းပြီး သုန်သုန်မှုန်မှုန် နေတတ်လေ တော့ ကျောင်းသားတွေနှင့်ရော ဆရာ အချင်းချင်းရော သိပ် အဖွဲ့မကျလှဘူး၊ ယ်တော့ သူတို့ အစအနကို ခြေရာခံလို့ မရဘဲ ဖြစ်နေတယ် ခင်ဗျ၊ ခု ကြာသ တေးနေ့သာ ရောက်လာရော ကျွန်တော်တို့မှာ အင်္ဂါနေ့ကလိုပဲ ဘာမှ ထူးထူး ခြားခြား မသိရဘဲ ဖြစ်နေတယ်၊ ဟုတ်ပါတယ်၊ ဟိုဒါနက်ဆီ ရဲတိုက်မှာတော့ ျက်ချင်း စုံစမ်းစရာ ရှိတာတွေကို လုပ်နေပါတယ်၊ ကျွန်တော်တို့ ကျောင်းနှင့် ိပ် မဝေးလှလေတော့ ကလေးက သူ့ အဖေကို လွမ်းလို့ အိမ်များ ပြန်ပြေး လား ဆိုပြီး ထင်လိုက်ပါသေးတယ်၊ ဒါပေမဲ့ ဘာမှ မကြားရပါဘူး၊ နယ်စား ကြီးကတော့ တော်တော်လေးကို စိတ်ထိခိုက်နေတယ်ဗျာ၊ ကျွန်တော် ဆိုတာ တော့ ခု မိတ်ဆွေကြီးတို့ မြင်တဲ့ အတိုင်း တာဝန် ရှိတာရော စိုးရိမ်တာရော ိုတော့ လဲကျသွားသည် အထိ ဖြစ်တာပါပဲ၊ ဒီတော့ မစ္စတာ ဟုမ်း တတ်နိုင် လောက် ဒီကိစ္စကို လိုက်ပေး စေချင်တယ်ဗျာ၊ အစွမ်းကုန် လုပ်ပေးပါလို့ တောင်းပန်ပါတယ်၊ ဒီလောက် အစွမ်းကုန် လုပ်ရမယ့် အမှုမျိုး နောင်မှာ တွေ့ ျင်မှတောင် တွေ့တော့မှာပါ'

ရှားလော့ဟုမ်းသည် စိတ်ထိခိုက်လျက် ရှိသော ကျောင်းအုပ်ကြီး၏ စကား ျားကို စိတ်ပါဝင်စားစွာ နားထောင်လျက် ရှိလေ၏။ ထိုပြဿနာမှာ လွန်စွာ ိတ်ဝင်စားစရာ ကောင်းသည့် ပြဿနာ တစ်ရပ် ဖြစ်ရုံမျှမက ရှားလော့ဟုမ်း ကိုယ်တိုင်ကလည်း ထူးဆန်း ရှုပ်ထွေးသည့် ပြဿနာများကို နှစ်သက်သူ တစ် ီး ဖြစ်သည့် အလျောက် အထူး အာရုံစိုက် ကြိုးစားပေးရန် တောင်းပန်ဖို့ မလို ကြောင်းကို နဖူးရေ တွန့်ကာ မျက်မှောင်ကုတ်နေသည်ကို ကြည့်ခြင်းအားဖြင့် သိသာနိုင်ပေ၏။

ရှားလော့ဟုမ်းက ခပ်ထန်ထန်ဖြင့်

'ကျွန်တော့်ဆီကို စောစောစီးစီး မလာတာကတော့ တော်တော်လေး [illegible] ကျသဗျာ၊ အချိန် နှောင်းမှ လာပြီး စုံစမ်းခိုင်းတော့ လုပ်ရတဲ့ လူမှာ [illegible] တာပေါ့၊ ဥပမာအားဖြင့် အိုင်ဗီနွယ်နှင့် မြက်ခင်းကို စစ်ဆေး ကြည့်[illegible]လျက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ ခြေရာ လက်ရာ ကောက်လို့ မရဘူး ဆိုတာဟာ ကျွမ်းကျင်သူ တစ်ယောက် အဖို့ ယုံနိုင်စရာတောင် မရှိဘူး'

'ဒါကတော့ ကျွန်တော့် အပြစ် မဟုတ်ပါဘူး မစ္စတာ ဟုမ်း၊ နယ်စားကြီး ကိုယ်တိုင်က ဒီသတင်းကို အပြင်ကို မပေါက်ကြားစေချင်လို့ပါ၊ သူ့ အိမ်တွင်းရေးကို လူသိရှင်ကြား မဖြစ်စေချင်ဘူးတဲ့၊ ဒီလို အုတ်အော်သောင်းတင်း အဖြစ်မျိုးကို သူလည်း တော်တော်လေး ကြောက်တယ် ထင်တယ်ဗျာ'

'နို့ နေစမ်းပါဦး၊ ဆိုင်ရာ ပုလိပ်ဘက်ကတော့ စုံစမ်းပြီးပြီလား'

'ဟုတ်ကဲ့ ပြီးပါပြီ၊ ကြားရတာကတော့ တော်တော် စိတ်ပျက်စရာပဲ ခင်ဗျ၊ သဲလွန်စလို့ ယူဆရတဲ့ သတင်း တစ်ခုကိုတော့ ချက်ချင်း ရပါတယ်၊ သူငယ်ကလေး တစ်ယောက်နှင့် လူရွယ် တစ်ယောက်ကို အနီးက ဘူတာရုံက ခပ်စောစော ထွက်သွားတဲ့ ရထားမှာ မြင်လိုက်တယ်တဲ့၊ ဒါနှင့် မနေ့ညက လီဗာပူးမှာ သူတို့ နှစ်ယောက်ကို ဖမ်းမိတယ်လို့ သတင်း ရလို့ စုံစမ်းတော့ သူတို့နှင့် ဘာမှ မပတ်သက်တဲ့ တခြား နှစ်ယောက် ဖြစ်နေတယ်၊ မနေ့ညကတော့ ကျွန်တော်ဖြင့် စိတ်ပျက်ပြီး တစ်မှေးမှ အိပ်လို့ မပျော်ခဲ့ဘူး ခင်ဗျ၊ မနက်ကျတော့ အစောဆုံး ရထားနှင့် စုံထောက်ကြီးဆီကို လိုက်လာတာပဲ'

'အဲဒီ မဟုတ်တဲ့ သဲလွန်စနောက်ကို လိုက်နေတုန်းမှာ ဒီမှာ ကျန်ခဲ့တဲ့ လူက သိပ်မစုံစမ်းတော့ဘဲ အေးအေးဆေးဆေး နေလိုက်တယ် မှတ်တယ်'

'အေးအေးဆို စုံစမ်းတာကို လုံးဝ မလုပ်တော့ဘဲ ရပ်ထားလိုက်တယ် ခင်ဗျာ'

'ဒီလိုနှင့် သုံးရက် အချိန် ပုပ်သွားတာပေါ့ဗျ၊ အကိုင်အတွယ် တယ်ပေါ့ကြတာကိုး'

'ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်လည်း ဒီလိုပဲ ထင်ပါတယ်'

'အင်း ပြဿနာကို ရှင်းဖို့တော့ အချိန်ရသေးတယ် ထင်ပါရဲ့၊ ဟုတ်ပြီလေ၊ ကျွန်တော် လိုက်ကြည့်ပါ့မယ်၊ ပျောက်သွားတဲ့ ကလေးနှင့် ဂျာမန် စာပြ ဆရာတို့ ဘယ်လို အဆက်အသွယ်များ ရှိကြသလဲ'

'မရှိပါဘူး'

'ကလေးက သူ့ အတန်းသားလား'

'မဟုတ်ပါဘူး၊ အဲဒီ ဆရာနှင့် ဆိုရင် စကားတောင် တစ်ခွန်းမှ မပြောဖူးပါဘူး'

'အင်း တော်တော်တော့ ထူးဆန်းတာပဲဗျ၊ ကလေးမှာ ဘိုင်စကယ်တို့







'ဒါဖြင့်ရင် ဆရာကြီးက ဘယ်လို ထင်သလဲ'

ကတို့ကော ရှိသလား'

'မရှိပါဘူး'

'ဒီပြင် ဘိုင်စကယ် များကော ပျောက်တာ ရှိသေးသလား'

'မရှိပါဘူး'

'သေချာတယ်နော်'

'သေချာပါတယ်'

'ဒါဖြင့် ဂျာမန် စာပြ ဆရာဟာ ကလေးကို ဘိုင်စကယ်ပေါ်မှာ တင်ပြီး ည အချိန် တိတ်တဆိတ် ထွက် ပြေး တယ် လို့ များ ထင်မိဘူးလား'

'မထင်မိပါဘူး'

'ဒါဖြင့်ရင် ဆရာကြီးက ဘယ်လို ထင်သလဲ'

'ဘိုင်စကယ် အရောင် ပြထားတာပါ၊ တစ်နေရာရာမှာ ဝှက်ပစ်ခဲ့လိမ့်မယ် ထင်တာပဲ၊ သူတို့ နှစ်ယောက်ကတော့ ခြေကျင်သွားတယ်လို့ ထင်ပါတယ်'

'အင်း သိပ်တော့ မရှိုင်းလှပါဘူး၊ သို့သော်လည်း ဘိုင်စကယ်ကို အရောင်ပြချင်လို့ ယူသွားတယ် ဆိုရင် ဒီအရောင်ပြပုံက တော်တော်လေးတော့ ညံ့တာပဲဗျ၊ အဲဒီ ရုံထဲမှာ တခြား ဘိုင်စကယ်တွေကော ရှိသေးသလား'

'အများကြီးပဲ ခင်ဗျ'

'ဘိုင်စကယ် စီးသွားတယ်လို့ အရောင်ပြချင်ရင် အထဲက ဘိုင်စကယ် နှစ်စီးကို ယူပြီး ဝှက်မပစ်နိုင်ပေဘူးလား'

'ဟုတ်ပါတယ်၊ ဝှက်မှာပါ'

'ဟုတ်တယ်လေ၊ ဝှက်ရမှာပေါ့၊ ဒီတော့ အရောင်ပြဖို့ ယူသွားတယ် ဆိုတဲ့ ကောက်ချက်ဟာ မဖြစ်နိုင်သေးဘူးဗျ၊ သို့သော်လည်း ဘိုင်စကယ် ပျောက်သွားတဲ့ ကိစ္စဟာ စုံစမ်း ထောက်လှမ်းဖို့ အတွက် အစပြုရမယ့် အခြေခံဗျ၊ ပြီးတော့ ဘိုင်စကယ် တစ်စီးလုံးကို ဝှက်ထားဖို့ သို့မဟုတ် ဖျက်ဆီးပစ်ဖို့ ဆိုတာလည်း သိပ်တော့ လွယ်လှတဲ့ ကိစ္စ မဟုတ်ဘူး၊ နောက်တစ်ခု လောက်



www.burmeseclassic.com

www.burmeseclassic.com



မေးချင်သေးတယ်ဗျ၊ သူငယ်ကလေး ပျောက်မသွားခင် တစ်နေ့တုန်းက သူ့ကို ဘယ်သူများ လာတွေ့တာ ရှိသလဲ'

'မရှိပါဘူး ခင်ဗျာ'

'စာတို့၊ ဘာတို့ကော မလာဘူးလား'

'ဟုတ်ကဲ့၊ တစ်စောင်တော့ လာပါတယ်'

'ဘယ်သူ့ဆီကလဲ'

'သူ့ အဖေဆီကပါ'

'ကျောင်းသားတွေရဲ့ စာကို ဆရာကြီး ဖောက်ဖတ်လေ့ ရှိသလား'

'မဖတ်ပါဘူး ခင်ဗျာ'

'သူ့ အဖေဆီက လာတဲ့ စာလို့ ဆရာကြီး ဘယ့်နှယ်လုပ် သိသလဲ'

'စာအိတ်ပေါ်မှာ နယ်စားကြီးရဲ့ ကိုယ်ပိုင် တံဆိပ် ရိုက်ထားပါတယ်၊ ပြီးတော့ စာအိတ်ပေါ်မှာ ရေးထားတဲ့ လက်ရေးကလည်း နယ်စားကြီးရဲ့ လက်ရေးပါ၊ ဝိုင်းဝိုင်းကြီးတွေ၊ နယ်စားကြီးကို မေးတော့လည်း သူ စာတစ်စောင် ရေးလိုက်တယ် ဆိုတာ ပြောပြပါတယ်'

'ဒီစာ မရခင် တခြား စာတွေကော မရဖူးဘူးလား'

'မရတာ ကြာပါပြီ'

'ပြင်သစ်ပြည်က စာတို့ ဘာတို့ မလာဖူးဘူးလား'

'တစ်စောင်မှ မလာဖူးဘူး ခင်ဗျ'

'ကျွန်တော် မေးတဲ့ မေးခွန်းရဲ့ သဘောကို ဆရာကြီး နားလည်တယ် နော်၊ သူငယ်ကလေးကို အတင်း အဓမ္မ ခြိမ်းခြောက် ခေါ်သွားတာလား သို့တည်းမဟုတ် သူ့ အလိုအလျောက် ထွက်သွားတာလား ဆိုတာကို ကျွန်တော်တို့ စဉ်းစားဖို့ လိုလိမ့်မယ် ခင်ဗျ၊ အကယ်၍ သူ့ သဘော အတိုင်း သူ ထွက်သွားတယ် ဆိုရင် ဒီလို ကလေး တစ်ယောက်က ဒီလို အလုပ်မျိုး လုပ်ဖို့ အတွက် အပြင်က အားပေး အားမြှောက် လုပ်တာ ရှိရလိမ့်မယ်၊ အကယ်၍ သူ့ဆီကို ညွှန်သည်တို့ ဘာတို့ မလာဘူး ဆိုရင် စာရေးပြီး အားပေး အားမြှောက် လုပ်တာမျိုး ဖြစ်ရမယ်၊ ဒါကြောင့်မို့ သူ့ဆီကို ဘယ်သူတွေ စာရေးလေ့ ရှိသလဲလို့ မေးရတာ'

'ဒါကတော့ ကျွန်တော်လည်း သိပ် မသိဘူး ခင်ဗျ၊ ကျွန်တော် သိသလောက် ပြောရရင်တော့ သူ့ဆီကို စာရေးတဲ့ လူဆိုလို့ သူ့ အဖေ တစ်ယောက်တည်းပဲ ရှိတယ်'





'သူ ပျောက်သွားတဲ့ နေ့မှာကော သူ့ဆီကို ဘယ်သူ စာရေးသေးသလဲ၊ သားအဖ ကြားမှာကော အဆင်ပြေပုံ ရရဲ့လား'

'နယ်စားကြီးကတော့ ဘယ်သူနှင့်မှ ဟက်ဟက်ပက်ပက် ဆက်ဆံလေ့ မရှိဘူး၊ နယ်စားကြီးက တိုင်းရေးပြည်ရေး ကိစ္စတွေနှင့် လုံးပန်းနေရလေတော့ သာမန် ကိစ္စလေးတွေကို ဒီလောက် ဂရုမစိုက်နိုင်ပါဘူး၊ သို့သော်လည်း သူ့နည်း နှင့်သူ သားကိုတော့ ချစ်ရှာပါတယ်'

'ဒါပေမဲ့ ကလေးကတော့ အမေကို ပိုပြီး ယိုင်တယ် မဟုတ်လား'

'ဟုတ်ပါတယ်'

'သူကိုယ်တိုင်ကကော ဖွင့်ပြောသလား'

'မပြောပါဘူး'

'ဒါဖြင့် နယ်စားကြီးကကော ပြောဖူးသလား'

'ကြုံကြိုးစည်ရာ ခင်ဗျာ၊ မပြောပါဘူး'

'ဒါဖြင့် ဆရာကြီးက ဘယ်လိုလုပ်ပြီး သိသလဲ'

'နယ်စားကြီးရဲ့ ကိုယ်ရေး အတွင်းဝန် မစ္စတာ ဂျိမ်း ဝိုင်းလဒါးနှင့် ကျွန်တော် နှစ်ယောက်ချင်း စကား ပြောဖူးပါတယ်၊ ကလေးက သူ့ အမေပေါ်မှာ စိတ်ယိုင်နေတယ် ဆိုတာ သူ ပြောလို့ ကျွန်တော် သိတာပါ'

'ဟုတ်ပါပြီ၊ ဒါထက် စကားမစပ် နယ်စားကြီးရဲ့ စာ ရှိတယ် မဟုတ်လား၊ အဲဒီ စာကို ဘယ်မှာ တွေ့တာလဲ၊ ကလေး ပျောက်သွားပြီးမှ သူ့ အခန်းထဲမှာ တွေ့တာလား'

'မတွေ့ပါဘူး၊ အဲဒီ စာကို ယူသွားပါတယ်၊ ကဲ မစ္စတာ ဟုမ်း၊ ကျွန်တော်တို့ သွားဖို့ အချိန် တော်ပြီ ထင်တယ် ခင်ဗျ'

'ဒေါက်ကပ် တစ်စင်း မှာလိုက်မယ်လေ၊ ဆယ့်ငါးမိနစ်လောက် ဆိုရင် ကျွန်တော်တို့ အဆင်သင့် ဖြစ်ပါပြီ၊ ဪ ဆရာကြီးကို ပြောလိုက်ဦးမယ်၊ အကယ်၍ အိမ်ကိုများ ကြေးနန်း ရိုက်လို့ ရှိရင် လူပျောက်မှုနှင့် ပတ်သက်လို့ စုံစမ်းမှုတွေကို လီဗာပူမှာ လုပ်နေတယ်လို့ အဲဒီနား တစ်ဝိုက်မှာ သတင်းလွှင့်ထားရင် ကောင်းမယ် ထင်တယ် ခင်ဗျ၊ ဒါမှမဟုတ်ရင်လည်း တစ်နေရာရာမှာ စုံစမ်းနေတဲ့ ပုံပေါ့ ခင်ဗျာ၊ လောလောဆယ်မှာတော့ အဲဒီမှာ ကျွန်တော်တို့ လာ စုံစမ်းနေတာကို လူမသိစေချင်သေးဘူး၊ တိတ်တိတ်ဆိတ်ဆိတ်ပဲ လုပ်ချင်တယ်၊ သဲလွန်စကတော့ ပူပူနွေးနွေးပဲ ရှိပါသေးတယ်၊ ကျွန်တော်နှင့် ဝပ်ဆင် လိုက် ခွေးကြီး နှစ်ကောင် အနံ့ခံရင်တော့ ရတန် ကောင်းရဲ့လို့ အောက်မေ့တာပဲ'



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ ညနေပိုင်းတွင် ကျွန်ုပ်တို့သည် ဒေါက်တာ ဟတ်စတေဘဲ၏ ကျမ်းစာသင်ကျောင်း ရှိရာ ချမ်းအေး၍ လေ တဟူးဟူး တိုက်နေသည့် အင်္ဂလန်ပြည် မြောက်ပိုင်း တောင်ကုန်း ဒေသသို့ ရောက်သွားကြလေ၏။ ကျွန်ုပ်တို့ ရောက်သွားသည့် အချိန်တွင် မှောင်စ ပြုနေလေပြီ။ စားပွဲပေါ်တွင် လိပ်စာ ကတ်ပြား တစ်ခုကို တွေ့ရပြီး ဆရာကြီး၏ ဘဏ္ဍာစိုးသည် အနီးသို့ ကပ်၍ တစ်စုံတစ်ရာကို တီးတိုး ပြောလိုက်သည်တွင် ဆရာကြီးသည် တုန်လှုပ် ချောက်ချားသော မျက်နှာဖြင့် ကျွန်ုပ်တို့ဘက်သို့ လှည့်လိုက်လျက်

'နယ်စားကြီး ရောက်နေတယ် ခင်ဗျ၊ နယ်စားကြီးရော သူ့ အတွင်းဝန် မစ္စတာ ဝိုင်းလဒါးရော စာကြည့်ခန်းထဲမှာ ထိုင်စောင့်နေကြတယ်၊ ကဲ ကြွပါ ခင်ဗျာ၊ ကျွန်တော် မိတ်ဆက် ပေးပါ့မယ်'


သူ့ အနီးတွင် လူငယ် တစ်ယောက် ရပ်လျက် ရှိလေရာ . . .

နယ်စားကြီးမှာ ထင်ရှားသည့် တိုင်းပြည် ခေါင်းဆောင် တစ်ဦး ဖြစ်သည့်အတွက် ကျွန်ုပ်မှာ သူ့ ရုပ်ပုံများကို မကြာခဏ တွေ့ဖူးပြီးသား ဖြစ်လေ၏။ သို့ရာတွင် အပြင်တွင်ကား ဓာတ်ပုံထဲတွင် ပါသည့် ရုပ်နှင့် နည်းနည်းမျှ မတူချေ။ နယ်စားကြီးမှာ အရပ်မြင့်၍ ခံ့ညားသော ဥပဓိရုပ် ရှိပြီး အဝတ်အစားကို ကျကျနန ဝတ် ဆင် ထားလေ၏။ မျက်နှာမှာ ပိန်ချုံးချောင်ကျလျက် ရှိပြီး နှာ





ခေါင်းမှာ အတန်ငယ် ရှည်လျားကာ အတော်ကြီး ကောက်လျက် ရှိလေ၏။ အသားမှာ လူသေကဲ့သို့ ဖြူရော်လျက် ရှိသည့် အတွက် အဖြူရောင် ကိုယ်ကျပ်အင်္ကျီပေါ်တွင် ဖားလျားကျနေသည့် ရှည်လျား နီရဲသော မုတ်ဆိတ်ကြီးသည် ပင်းထင်းကြီး ပေါ်လျက် ရှိလေ၏။ နာရီကြိုးကြီးမှာ အင်္ကျီ ရင်ထောင်ကြားတွင် တလက်လက် တောက်ပလျက် ရှိလေ၏။ ထိုသို့ ခံ့ညား ထည်ဝါသည့် ပုဂ္ဂိုလ်ကြီးသည် ဒေါက်တာ ဟတ်စတေဘဲ၏ စာကြည့်ခန်းမှ ကော်ဇော အလယ်တွင် ရပ်ရင်း ကျွန်ုပ်တို့ကို စိန်းစိန်းကြီး စိုက်ကြည့်လျက် ရှိလေ၏။ သူ့ အနီးတွင် လူငယ် တစ်ယောက် ရပ်လျက် ရှိလေရာ ထိုသူမှာ သူ့ ကိုယ်ရေး အတွင်းဝန် မစ္စတာ ဝိုင်းလဒါး ဆိုသူ ဖြစ်ဟန် ရှိပေ၏။ မစ္စတာ ဝိုင်းလဒါးမှာ ခပ်သေးသေး ခပ်ညှက်ညှက် ဖြစ်၍ ထက်မြက် အကင်းပါးဟန် ရှိသော ပြာလဲ့လဲ့ မျက်လုံးများ ရှိပြီး သွက်လက် ချက်ချာဟန် ရှိပေ၏။ သူ့ကို ကြည့်ရသည်မှာ အနည်းငယ် ချောက်ချားလျက် ရှိကာ ကျီးကန်းတောင်းမှောက်သည့်နယ် တလှုပ်လှုပ် ဖြစ်လျက် နေလေ၏။ ချက်ချင်းပင် မစ္စတာ ဝိုင်းလဒါးက အသံ စူးစူး လေသံ မှန်မှန်ဖြင့် စတင် စကား ပြောလေ၏။

'ဆရာကြီးကို လန်ဒန်ကို လိုက်မသွားဖို့ မနက်က ကျွန်တော် လာတားတာ၊ မမီလိုက်ဘူး၊ ဒီအမှုကို ကိုင်ဖို့ မစ္စတာ ရှားလော့ဟုမ်းကို သွားငှားတယ်လို့ ကျွန်တော် သိရတယ် ခင်ဗျ၊ သူ့ကို ဘာမှ မတိုင်ပင်ဘဲနှင့် သွားငှားလို့ နယ်စားကြီးလည်း တော်တော်လေး အံ့အားသင့်နေတယ်'

'ပုလိပ်က စုံစမ်းတာ ဘာမှ မထူးဘူး ဆိုတာ သိရတော့ ...'

'ပုလိပ်က စုံစမ်းလို့ မရတော့ဘူး ဆိုတာကို နယ်စားကြီးက လက်မခံသေးဘူး ခင်ဗျ'

'ဒါပေမဲ့ မစ္စတာ ဝိုင်းလဒါးရယ်'

'ဆရာကြီးလည်း သိသားပဲ၊ နယ်စားကြီးက ဒီသတင်းကို အပြင်ကို ပေါက်ကြားစေချင်ဘူး၊ နယ်စားကြီး အနေနှင့် ဒီကိစ္စကို တတ်နိုင်သမျှ ဖုံးဖုံးဖိဖိ လုပ်ချင်တယ်၊ သိပ် လူမသိစေချင်ဘူး'

ကျောင်းအုပ်ကြီးမှာ စိတ်ပျက်သွားဟန်ဖြင့်

'ဒီလိုဆိုရင်လည်း လွယ်ပါတယ် ခင်ဗျာ၊ မစ္စတာ ဟုမ်းတို့ကို နောက်တစ်နေ့ မနက် စောစော ရထားနှင့် လန်ဒန်ကို ပြန်ပို့လိုက်ရုံပေါ့'

ရှားလော့ဟုမ်းက သူ့ ထုံးစံအတိုင်း လေသံ ချိုချိုဖြင့်

'ပြန်နိုင်ရိုးလား ဆရာကြီးရယ်၊ မြောက်ပိုင်းက လေကောင်း လေသန့်



www.burmeseclassic.com

www.burmeseclassic.com



လည်း ရတော့ ကျွန်တော့် အနေနှင့် ခဏ တစ်ဖြုတ်တော့ စိတ်အေးလက်အေး နေဦးမယ် စိတ်ကူးထားတယ် ခင်ဗျ၊ ဆရာကြီးတို့ဆီမှာ မတည်းစေချင်ဘူး ဆိုရင်လည်း ကျွန်တော့်ဘာသာ တည်းခိုခန်း တစ်ခုမှာ တည်းပါ့မယ်လေ၊ ဒါက တော့ ဆရာကြီးတို့ သဘောပါ'

ကျောင်းအုပ်ဆရာကြီးမှာ မည်သို့ ပြောရမည် မသိဘဲ အခက် တွေ့နေ ဟန် ရှိလေ၏။ သို့ရာတွင် မုတ်ဆိတ် နီနီနှင့် နယ်စားကြီး၏ စကားကြောင့် ကျောင်းအုပ် ဆရာကြီးမှာ အသက်ရှူ ချောင်သွားလေ၏။

နယ်စားကြီး၏ အသံမှာ ထမင်းစား ခေါင်းလောင်းကို တီးလိုက်သည့်နှယ် ညြို့ ထွက်လာလေ၏။

'အမှန်ကတော့ ကျွန်တော့်ကို တိုင်ပင်ဖို့ ကောင်းတယ်၊ သို့သော်လည်း မစ္စတာ ဟုမ်းကို ဆရာကြီးက လုံးဝ ဥဿုံ ဖွင့်ပြောပြီး ဖြစ်လေတော့ သူ့ အကူ အညီကို မယူဘူး ဆိုရင်လည်း သိပ်တော့ အဓိပ္ပာယ် မရှိလှဘူးပေါ့လေ၊ မစ္စတာ ဟုမ်း တည်းခိုခန်းတွေ ဘာတွေမှာလည်း သွားပြီး တည်းမနေပါနှင့်တော့၊ ကျုပ် နှင့် အတူ လိုက်ပြီး ကျုပ်ရဲ့ ဟိုဒါနက်ဆီ ရဲတိုက်မှာပဲ လာတည်းလှည့်ပါ'

'ကျေးဇူး တင်ပါတယ် နယ်စားကြီး ခင်ဗျား၊ အမှုကို စုံစမ်းဖို့ ဆိုရင် တော့ ကျွန်တော့် အတွက် အချင်း ဖြစ်တဲ့ နေရာမှာ ရှိရင် ကောင်းမယ်လို့ ထင်ပါ တယ်'

'ဒါတော့ မစ္စတာ ဟုမ်းရဲ့ သဘော အတိုင်းပါဗျာ၊ ကျုပ်နှင့် ဟောဒီက မစ္စတာ ဝိုင်းလဒါးတို့ဆီက သိလိုတာများ ရှိရင်တော့ မေးနိုင်ပါတယ်၊ မြေဖို့ အဆင်သင့်ပါပဲ'

'ဟုတ်ကဲ့၊ နယ်စားကြီးရဲ့ ရဲတိုက်ကို ကျွန်တော် လာဖို့ လိုချင် လိုပါ လိမ့်မယ်၊ ခုလောလောဆယ်တော့ ကျွန်တော် မေးချင်တာ တစ်ခုပဲ ရှိပါတယ်၊ ကလေး ပျောက်သွားတာနှင့် ပတ်သက်လို့ နယ်စားကြီးရဲ့ ကိုယ်ပိုင် ထင်မြင် ယူဆချက်များ ရှိပြီးပါပြီလား'

'မရှိသေးပါဘူး'

'နယ်စားကြီး စိတ် ထိခိုက်မယ့် အကြောင်းကိုများ မေးမိတယ် ဆိုရင် ခွင့်လွှတ်ပါ ခင်ဗျား၊ ကျွန်တော့် အနေနှင့် မမေးရင် မဖြစ်လို့ပါ၊ ဒီကိစ္စမှာ နယ် စား ကတော်ကြီးနှင့်များ တစ်စုံတစ်ရာ သက်ဆိုင်နေတယ်လို့ ထင်မိပါသလား'

နယ်စားကြီးသည် အတန်ကြာမျှ တွေနေလေ၏။ နောက်ဆုံးတွင်မှ

'ဒီလိုတော့ မထင်ပါဘူး'





'နောက်တစ်ချက် စဉ်းစားစရာ ရှိတာက ငွေလိုချင်လို့ ကလေးကို ပြန်ပေး တာများလား၊ ငွေတောင်းတဲ့ စာတို့ ဘာတို့များ ရပါသလား'

'မရပါဘူး'

'နောက်ဆုံး တစ်ခုလောက် မေးပါရစေဦး ခင်ဗျား၊ အချင်း ဖြစ်ပွားတဲ့ တုန်းက နယ်စားကြီးက ကလေးဆီကို စာတစ်စောင် ရေးလိုက်တယ် မဟုတ် လား'

'အဲဒီနေ့က မဟုတ်ဘူး ခင်ဗျ၊ အဲဒီ အရင် တစ်နေ့က ရေးတာ'

'ဟုတ်ကဲ့၊ ဒါပေမဲ့ ကလေး လက်ထဲကို ရောက်တော့ အဲဒီ နေ့မှ ရောက် တယ် မဟုတ်လား'

'မှန်ပါတယ်'

'ကလေးရဲ့ စိတ်ကို တစ်မျိုးတစ်ဖုံ ပြောင်းသွားစေမယ့် သို့မဟုတ် ကလေး ကို ဒီလို လုပ်အောင် အားပေးတဲ့ သဘောမျိုး စာထဲမှာများ တစ်စွန်းတစ်စ ရေး လိုက်မိသလား'

'မပါပါဘူး ခင်ဗျား၊ ဘယ်ပါပါ့မလဲ'

'စာကို နယ်စားကြီး ကိုယ်တိုင် ထည့်သလား'

'နယ်စားကြီးက စာတွေကို ကိုယ်တိုင် မထည့်ပါဘူး၊ အဲဒီ စာကို ခြား စာတွေနှင့် အတူ စာကြည့်ခန်း စားပွဲပေါ်မှာ တင်ထားပါတယ်၊ ချော အိတ်ထဲကိုတော့ ကျွန်တော် ကိုယ်တိုင် ထည့်လိုက်တာပါ'

နယ်စားကြီးက တစ်စုံတစ်ရာ ပြန်ပြောမည် အပြုတွင် အတွင်းဝန်က ကသောကမျော ဝင်ပြောလိုက်၏။

'ဒါဖြင့် ချောအိတ်ထဲ ပါသွားတယ် ဆိုတာ သေချာတယ်ပေါ့'

'ဟုတ်ကဲ့၊ ကျွန်တော် မြင်လိုက်ပါတယ်'

'အဲဒီနေ့က နယ်စားကြီး စာတွေ ဘယ်နှစောင်လောက် ရေးပါသလဲ'

'နှစ်ဆယ် သုံးဆယ်လောက် ရှိမယ် ထင်တာပဲ၊ ကျုပ်မှာ စာ အဆက် အသွယ်တွေ များတယ် မဟုတ်လား၊ ဒါပေမဲ့ ဒါနှင့် ဘာမှ မဆိုင်ဘူး ထင်ပါ တယ်ဗျာ'

'လုံးလုံး မဆိုင်တာတော့ မဟုတ်ဘူး ခင်ဗျ' ဟု ရှားလော့ဟုမ်းက ပြော၏။

'ကျွန်တော့် အနေနှင့်ကတော့ ပုလိပ် အဖွဲ့ကို ပြင်သစ်ပြည် တောင်ပိုင်း ကို အာရုံ စိုက်ဖို့ ပြောထားတာပဲလေ၊ နယ်စား ကတော်ကြီးဟာ ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာ ကောင်းတဲ့ ကိစ္စမျိုးကိုတော့ အားပေး အားမြှောက် လုပ်မယ် မထင်ဘူး ဆိုတာ ခင်ဗျားကို ကျုပ် ပြောပြီးပြီပဲ၊ သို့သော်လည်း ကလေးမှာ မှားတဲ့ အယူအဆတွေ ရှိနေတယ်ဗျ၊ ဒီတော့ ကလေးဟာ ဂျာမန် စာပြ ဆရာရဲ့ သွေးဆောင်မှု၊ အားပေး အားမြှောက် လုပ်မှုနှင့် သူ့ အမေဆီကို ထွက်ပြေးမယ် ဆိုရင်လည်း ဖြစ်နိုင်တယ်၊ ကဲ ဆရာကြီး ကျုပ်တို့ ပြန်ဦးမှပဲ ထင်တယ်"

ရှားလော့ဟုမ်း မေးလိုသော မေးခွန်းများ ကျန်သေးကြောင်းကို ကျွန်ုပ် သတိပြုလိုက်မိပေ၏။ သို့ရာတွင် နယ်စားကြီးက ပြန်တော့မည်ဟု ရုတ်တရက် ပြောလိုက်သည့် အခါတွင် သူတို့ နှစ်ယောက် မေးမြန်း တွေ့ဆုံခြင်းမှာ စခန်းသိမ်း၍ သွားခဲ့လေပြီ။ နယ်စားကြီးသည် အထက်တန်းလွှာ မင်းစိုးရာဇာစိတ် အားကြီးသူ ပီပီ ၎င်း၏ အတွင်းရေးများကို လူစိမ်း တစ်ယောက်နှင့် ဆွေးနွေးရမည်ကို နှစ်မြို့ခြင်း ရှိဟန် မတူချေ။ ထို့မှုမက နောက်ထပ် မေးခွန်းများ မေးလာပါက သူတို့ နယ်စား ဆွေစဉ်မျိုးဆက် သမိုင်းမှ အတွင်းရေးများကို လူအများ သိမည်ကိုလည်း စိုးရိမ်နေဟန် ရှိလေ၏။


နယ်စားကြီးနှင့် သူ့ အတွင်းဝန်တို့ ပြန်သွားသည့် အခါ ရှားလော့ဟုမ်းသည် သူ့ စရိုက် အတိုင်း စုံစမ်း ထောက်လှမ်းမှုများကို အားသွန်ခွန်စိုက် စတင် လုပ်ဆောင်ခြင်း ပြုလေ၏။

ကျွန်ုပ်တို့သည် သူငယ်လေး၏ အိပ်ခန်းကို သေချာစွာ စစ်ဆေး ကြည့်ရှုပြီးသော်လည်း ပြတင်းပေါက်မှ ထွက်ပြေး သွားနိုင်သည် ဆိုသည့် အချက်မှ အပ အခြား ဘာကိုမျှ ထူးထူးခြားခြား မတွေ့ရချေ။ ဂျာမန် စာပြ ဆရာ၏ အခန်းနှင့် ၎င်း၏ ပစ္စည်းများကို ကြည့်ရှု စစ်ဆေးရာတွင်လည်း ဘာမျှ သဲလွန်စ မတွေ့ရချေ။ အိုင်ဗီနွယ် တစ်ချောင်းမှာမူ သူ၏ ကိုယ်အလေးချိန်ကို မခံနိုင်ဘဲ ပြတ်ကျလျက် ရှိသည်ကို တွေ့ရပြီး သူ ဆင်းသည့် နေရာ မြက်ခင်း တစ်ဝိုက်တွင်မူ ခြေရာများကို မီးရောင်တွင် တွေ့ရလေ၏။ သူငယ်ကလေး ပျောက်သွားခြင်းနှင့် ပတ်သက်၍ လက်ဆုပ်လက်ကိုင် သက်သေပြနိုင်သော အရာ ဟူ၍ မြက်ခင်း တစ်ဝိုက်မှာ ထို ခြေရာ အချို့သာလျှင် ရှိပေ၏။

ရှားလော့ဟုမ်းသည် အိမ်မှ တစ်ယောက်တည်း ထွက်သွားကာ ညဆယ့်တစ်နာရီ ထိုးပြီးမှ ပြန်ရောက်လာခဲ့လေ၏။ ရှားလော့ဟုမ်းသည် မြေတိုင်းဌာနသုံး လိုနယ် တစ်ဝိုက် မြေပုံကြီး တစ်ချပ်ကို ရလာကာ ကျွန်ုပ် အခန်းထဲသို့ ယူလာပြီးလျှင် အိပ်ရာပေါ်တွင် ဖြန့်လိုက်လျက် မြေပုံ ကားချပ်ပေါ်တွင် မှန်အိမ်ကို တင်ကာ ဆေးတံကို ခဲရင်း တစ်ချီ တစ်ချီတွင်လည်း မီးခိုးတွေ ထွက်နေ






အခင်းဖြစ်ပွားရာ နေရာပြ မြေပုံကြမ်း

သည့် ပယင်း ဆေးတံရိုး ဖြင့် စိတ် ဝင် စား စ ရာ ကောင်းသည့် နေရာများကို ထောက်ပြနေလေ၏။

"အိုင်ဆေးရေ၊ အမှုကတော့ ကျုပ် စိတ်ကူးထဲမှာ တော်တော်လေး ပုံပေါ်နေပြီဗျ၊ အမှုမှာ တော်တော် စိတ်ဝင်စားစရာ ကောင်းတဲ့ အချက်တွေကို တွေ့နေရတယ်၊ ပထမ အဆင့် အနေနှင့် ဟောဒီ ပထဝီဝင် အနေအထားလေးတွေကို ခင်ဗျား ကျက်မိနေဖို့ လိုလိမ့်မယ်၊ ဒီအချက်ဟာ ကျုပ်တို့ စုံစမ်းရာမှာ တော်တော် အရေးကြီးလာနိုင်တယ်။

"မြေပုံကို ကြည့်စမ်း၊ ဟောဒီ စတုရန်းပုံသည်းမည်းဟာ ကျုပ်တို့ တည်းနေတဲ့ ကျမ်းစာသင်ကျောင်းဗျ၊ ကျုပ် အပ် တစ်ချောင်း စိုက်ထားလိုက်မယ်၊ ဟောဒီ မျဉ်းဖြောင့်ကြီးက ပေတစ်ရာ လမ်းမကြီးဗျ၊ ကျောင်းကို ဖြတ်ပြီး အရှေ့နှင့် အနောက် တန်းနေတယ်၊ ဒီပေတစ်ရာကြီးပေါ်မှာ တစ်မိုင်လောက် အထိ ဘေးကို ခွဲထွက်သွားတဲ့ လမ်းခွဲရယ်လို့ တစ်ခုမှ မရှိဘူး၊ တွေ့လား၊ ဒီတော့ ပျောက်သွားတဲ့ ဂျာမန် စာပြ ဆရာနှင့် ကလေးဟာ လမ်းမအတိုင်း သွားရင် ဒီလမ်းပဲ သွားစရာ ရှိတယ်"

"သေချာတာပေါ့"

"ကျုပ်တို့ ကံကောင်းချင်တော့ အချင်း ဖြစ်တဲ့ ညက အဲဒီ ပေတစ်ရာ လမ်းမကြီးမှာ ဘယ်သူတွေ ဖြတ်သန်းသွားတယ် ဆိုတာ သိခဲ့ရပြီ၊ ဟောဒီ ကျုပ် ဆေးတံ ထောက်ထားတဲ့ နေရာမှာ အဲဒီ ညက ဆယ့်နှစ်နာရီကနေပြီး မနက် ခြောက်နာရီ အထိ ရှာဂါတ်တဲက ပုလိပ် တစ်ယောက် ကင်းစောင့် ကျနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဗျ၊ အဲဒီ နေရာဟာ ပေတစ်ရာ လမ်းမကြီးကနေပြီး အရှေ့ဘက်ကို ခွဲထွက်သွားတဲ့ ပထမဆုံး လမ်းခွဲပဲ၊ ပုလိပ်က ကျုပ်ကို ဘာပြောလိုက်သလဲ ဆိုတော့ တစ်ချိန်လုံး သူ အဲဒီ နေရာမှာ ရှိနေတယ်တဲ့၊ ဘယ်မှ မသွားဘူးတဲ့၊ လူတစ်ယောက်နှင့် ကလေး တစ်ယောက် ဖြတ်သွားတယ် ဆိုရင် ဘယ်နည်းနှင့်မှ သူ မမြင်ဘဲ နေမှာ မဟုတ်ဘူးတဲ့၊ သေသေချာချာကြီး ပြောလိုက်တယ်၊ ခု ပုလိပ်နှင့် တွေ့ခဲ့ပြီးပြီ၊ သူ့ စကားဟာ တော်တော် ခိုင်လုံတယ်လို့ ကျုပ် ယူဆတယ်၊ ဒီတော့ အရှေ့ဘက် လိုက်ရင်တော့ ဒီမှာတွင် ကိစ္စ ပြတ်သွားပြီ၊ ခု ကျုပ်တို့ တစ်ဖက်ကို လိုက်ကြည့်ကြဦးစို့ရဲ့၊ ဟောဒီနားမှာ ထမင်းဆိုင်ကလေး တစ်ဆိုင် ရှိတယ်ဗျ၊ နွားနီ စားတော်ဆက်တဲ့၊ ဆိုင်ရှင် အဘွားကြီးက တော်တော်လေး မကျန်းမမာ ဖြစ်နေတယ်၊ ဒါနှင့် မက်ကယ်တန်ကို လွှတ်ပြီး ဆရာဝန် ခေါ်ခိုင်းထားတာ ဆရာဝန်က ဒီပြင် လူနာ တစ်ယောက်ဆီ သွားနေလို့ မနက် လင်းသည်အထိ ရောက်မလာဘူး၊ ထမင်းဆိုင်က လူတွေ တစ်ညလုံး မအိပ်ဘဲ ဆရာဝန်ကို မျှော်နေကြတယ်၊ သူတို့ကလည်း အဲဒီနေ့ ညက လမ်းမပေါ်မှာ တစ်ယောက်တလေမှ ဖြတ်သန်းသွားတာ မတွေ့ဘူးလို့ ပြောလိုက်ကြတယ်၊ ကောင်းပြီ၊ သူတို့ ပြောတဲ့ အတိုင်း မှန်ပြီ ဆိုရင် အနောက်ဘက်ကို သွားတဲ့ လမ်းကိုလည်း ကျုပ် မလိုက်တော့ဘူး၊ ပိတ်ပစ်လိုက်တော့မယ်၊ ဒါတွင် မကဘူးဗျ၊ ထွက်ပြေးသူများဟာ လမ်းအတိုင်း သွားတာ မဟုတ်ဘူးလို့ကို ပြောနိုင်သွားပြီ"

"ဒါဖြင့် ဘိုင်စကယ်ကကောဗျာ"

"ဟုတ်ပြီလေ၊ ဘိုင်စကယ် အကြောင်းကို ပြောပြမယ်၊ ခုတွင်က ကျုပ်တို့ တွေးထားတဲ့ တွေးလုံးကလေးကို ပြန် ကောက်လိုက်ရအောင်၊ သူတို့ နှစ်ယောက်ဟာ လမ်းအတိုင်း မသွားဘူး ဆိုရင် ကျောင်းရဲ့ တောင်ဘက် သို့မဟုတ် မြောက်ဘက်မှာ ရှိတဲ့ တောတွေထဲက ဖြတ်သွားရမယ်ဗျ၊ ဒါဟာ တော်တော်လေးကို သေချာတယ်၊ ဒီတော့ ဒီနှစ်ဖက်မှာ ဘယ်ဘက် ဖြစ်နိုင်မလဲ ဆိုတာ စဉ်းစား ကြည့်ကြရအောင်၊ ခင်ဗျား မြင်တဲ့ အတိုင်း ကျောင်းရဲ့ တောင်ဘက်မှာ ထွန်ယက် စိုက်ပျိုးနိုင်တဲ့ ယာတွေ ရှိတယ်၊ ကိုယ်ပိုင် ယာကွက်ကလေးတွေ ဆိုတော့ တစ်ကွက်နှင့် တစ်ကွက် ကျောက်ကုန်း ခြံစည်းရိုးကလေးတွေ ခတ်လို့၊ အဲဒီ ဘက်ကို ဘိုင်စကယ် သွားလို့ မရဘူး၊ ဒီတော့ တောင်ဘက်ကို သွားတယ် ဆိုတာ ဖယ်လိုက်၊ မြောက်ဘက်ကို ကြည့်မယ်၊ မြောက်ဘက်မှာ တောအုပ်တွေ ရှိတယ်ဗျ၊ တောနာမည်က နင်းကြမ်းတောတဲ့၊ နင်းကြမ်းတောရဲ့ တစ်ဖက် အစွန်းမှာ စားကျက်မြေကြီး ရှိတယ်၊ ဖုန်းဆိုးကြီး ဆိုပါတော့ဗျာ၊ အဲဒီ ဖုန်းဆိုးကြီးက





ယ်မိုင်လောက် ကျယ်ပြီး အထက်ကို ပြေပြေ တက်သွားတဲ့ ကုန်းစောင်းကြီး အဲဒီ ဖုန်းဆိုးကြီးကို အောက်ချိုင့် ဖုန်းဆိုးလို့ ခေါ်ကြတယ်၊ အဲဒီ ဖုန်းဆိုး ကြီး လွန်တော့ ဟိုဒါနက်ဆီ ရဲတိုက်ကြီးကို တွေ့လိမ့်မယ်၊ လမ်းအတိုင်း ရင် ကျောင်းနှင့် ဆယ်မိုင် ဝေးတယ်၊ ဖုန်းဆိုးကို ဖြတ်သွားရင်တော့ ခြောက် ပဲ ရှိတယ်၊ ဖုန်းဆိုးကြီးကတော့ တော်တော့်ကို ခေါင်တဲ့ နေရာဗျ၊ အဲဒီ ဆိုး စားကျက်ထဲမှာ ယာတဲကလေး တစ်ခု နှစ်ခု ရှိတယ်၊ နွားကျောင်း သိုး ကျောင်း ရအောင် လာနေကြတာ၊ သူတို့က လွဲရင်တော့ တခြား ဘာမှ မရှိဘူး၊ တီတူးနှင့် ခရုစုပ် ငှက်တွေပဲ ရှိတော့တယ်၊ အဲဒီ ဖုန်းဆိုးကြီးကို လွန်တော့မှ က်စတာဖီး ပေတစ်ရာကြီးကို ရောက်တယ်၊ အဲဒီ ပေတစ်ရာပေါ်မှာ ဘုရားရှိခိုး ကျောင်း တစ်ဆောင်ရယ်၊ တဲအိမ်ကလေး သုံးလေးလုံးရယ်၊ ထမင်းဆိုင် တစ် ဆိုင်ရယ် ရှိတယ်၊ အဲဒီက လွန်ရင်တော့ တောင်ကုန်းကြီးက တော်တော့်ကို မြင့် သွားပြီ၊ ဒီတော့ ကျုပ်တို့ ရှာပုံတော် ထွက်ရမယ့် အရပ်က အဲဒီ မြောက်ဘက် ပဲဗျ"

"ဘိုင်စကယ်ကကော" ဟု ကျွန်ုပ်က မကျေနပ်သေးဘဲ ထပ်မေး၏။ ရှား လော့ဟုမ်းက စိတ်တိုလာဟန်ဖြင့်

"နားထောင်စမ်းပါဦးလေ၊ ကျွမ်းကျင်တဲ့ စက်ဘီးသမား တစ်ယောက် ဟာ ပေတစ်ရာ လမ်းမကြီး မလိုဘူးဗျ၊ ဖုန်းဆိုးထဲမှာ လူသွားလမ်းကလေးတွေ ကြဲနေတာပဲ၊ အဲဒီ ညက လကလည်း လပြည့်ဗျ၊ အလို ဘာလဲဗျို့"

တံခါးကို အရေးတကြီး ခေါက်သံ ကြားလိုက်ရပြီးနောက် ခဏ ကြာ င် ကျောင်းအုပ်ဆရာကြီးသည် အခန်းထဲသို့ ဝင်လာလေ၏။ သူ့လက်ထဲတွင် ပ်၌ အဖြူရစ်ကလေး ပါသည့် အပြာရောင် ကရစ်ကက် ဦးထုပ် တစ်လုံးကို ်င်ထားလေ၏။

"သဲလွန်စတော့ ရပြီ ခင်ဗျ၊ တော်ပါသေးရဲ့ ခင်ဗျာ၊ ခုတော့ ကလေးကို ာက်ယောင်ခံနိုင်ပြီပေါ့၊ ဟောဒါ သူ့ ဦးထုပ်ပဲ"

"ဘယ်က တွေ့တာလဲ"

"ဖုန်းဆိုးထဲမှာ စခန်း ချနေတဲ့ ဂျစ်ပစီ လှည်းပေါ်က တွေ့တာ ခင်ဗျ၊ ကိုက အင်္ဂါနေ့က ထွက်သွားကြတယ်၊ ဒါနှင့် ပုလိပ်က သူတို့ လှည်းတန်း း နောက်ကို လိုက်ပြီး လှည်းတွေကို ရှာတော့ ဟောဒီ ဦးထုပ်ကို တွေ့တာပဲ"

"သူတို့က ဒီဦးထုပ်ကို ဘယ်က ရတယ်လို့ ပြောသလဲ"

"သူတို့ကတော့ ဘယ် အမှန် ပြောမလဲ ခင်ဗျ၊ လိမ်ပြောတာပေါ့၊ အင်္ဂါ



www.burmeseclassic.com

www.burmeseclassic.com



နေ့ မနက်တုန်းက စားကျက်ထဲက ကောက်ရတာတဲ့၊ ကလေး ဘယ်ရောက်ရေ တယ် ဆိုတာ ဒီခွေးကောင်တွေ သိရမယ် စုံထောက်ကြီး၊ ဒီကောင်တွေ သိကို သိရမယ်၊ ခုတော့ ဒီကောင်တွေ အားလုံး အချုပ်ထဲမှာ ထည့်ထားလိုက်တယ်၊ ဥပဒေကို ကြောက်လို့ပဲ ဖြစ်ဖြစ် နယ်စားကြီးရဲ့ ဆုငွေကို မက်လို့ပဲ ဖြစ်ဖြစ် ဒီ ကောင်တွေ အမှန်ကိုတော့ ဖွင့်ပြောရမှာပေါ့ စုံထောက်ကြီးရာ"

ကျောင်းအုပ်ဆရာကြီး ထွက်သွားသည့် အခါတွင် ရှားလော့ဟုမ်းက

"ခုထိတော့ သိပ် မဆိုးသေးပါဘူးလေ၊ လုံးဝ အဖြေ မပေါ်တောင်မှ ကျုပ်တို့ မျှော်လင့်စရာဟာ အောက်ချိုင့် ဖုန်းဆိုးဘက်မှာ ရှိတယ် ဆိုတဲ့ တွေး လုံးကိုတော့ အထောက်အကူ ပြုမှာပါပဲ၊ ဒီဂါတ်က ပုလိပ်ကတော့ ဂျစ်ပစီ တစ်သိုက်ကို အချုပ်ထဲ ထည့်တာက လွဲပြီး တခြား ဘာမှ ဟုတ်တိပတ်တိ မလုပ်နိုင်သေးပါဘူး၊ ဟောဒီမှာ ကြည့်စမ်း ဝပ်ဆင်၊ စားကျက်ကို ဖြတ်စီးနေတဲ့ ချောင်း တစ်ချောင်း ရှိတယ်၊ မြေပုံကို ကြည့်ရင် တွေ့လိမ့်မယ်၊ တချို့ နေရာ တွေမှာ ဆိုရင် တော်တော် ကျယ်တဲ့ စိမ့်ကြီးတွေ ဖြစ်နေတယ်ဗျ၊ အထူးသဖြင့် ကျောင်းနှင့် ဟိုဒါနက်ဆီ ရဲတိုက်ကြီး ကြားကို ဖြတ်တဲ့ နေရာမှာ ဆိုရင် စိမ့်ကြီး တွေချည်းပဲဗျ၊ ဒီတော့ ခုလို ခြောက်သွေ့တဲ့ ရာသီမှာ ခြေရာကို လိုက်ရှာချင်လို့ ရှိရင် တခြား လိုက်ရှာလို့တော့ အလကားပဲ၊ သို့သော်လည်း အဲဒီ စိမ့် တစ်ဝိုက် မှာတော့ ခြေရာလက်ရာ တစ်ခုခုကို မုချ တွေ့ရမယ်လို့ ထင်တာပဲ၊ မနက်ဖြန် မနက် ကျရင် ခင်ဗျားကို လာနှိုးမယ်လေ၊ အဖြေ တွေ့လို တွေ့ငြား ကြိုးစား ကြည့်ကြသေးတာပေါ့"

နောက်တစ်နေ့ မနက် အရုပ် မြင့်မြင့်၊ ပိန်ပိန်ပါးပါးနှင့် ရှားလော့ဟုမ်း ၏ ရုပ်သဏ္ဌာန်ကို ကျွန်ုပ် အိပ်ရာဘေးတွင် မြင်လိုက်ရသည့် အခါတွင်မူ မိုး စင်စင် လင်းလျက် ရှိလေပြီ။ ရှားလော့ဟုမ်းမှာ အဝတ်အစား အပြည့်အစုံကို ဝတ်ထားရုံမျှမက အပြင်မှပင် တစ်ပတ် ပြန်လာခဲ့ဟန် တူပေ၏။

"မြက်ခင်းနှင့် ဘိုင်စကယ်ရုံကလေးကိုတော့ ကြည့်ခဲ့ပြီးပြီဗျ၊ နှင်းကြမ်း တောဘက်ကိုလည်း တစ်ခေါက်တော့ ရောက်ခဲ့ပြီးပြီ၊ တစ်ဖက်ခန်းမှာ ကိုကိုး ဖျော်ပြီးသား အဆင်သင့် ရှိတယ်ဗျို့၊ ခပ်သုတ်သုတ်ကလေး လုပ်မှ၊ ဒီနေ့ တစ် နေ့လုံး အလုပ် များကိန်း မြင်တယ်"

မိမိ ရှေ့တွင် အလုပ် လုပ်စရာကို မြင်သည့် အလုပ်ဆရာ တစ်ယောက် ၏ ဝမ်းမြောက် ရွှင်လန်းမှုမျိုးဖြင့် ရှားလော့ဟုမ်း၏ မျက်လုံးများသည် တဖျပ် ဖျပ် တောက်ပလျက် ရှိကာ ပါးပြင်သည် နီရဲလျက် ရှိလေ၏။





ထိုအခါမျိုး၌ ရှားလော့ဟုမ်းသည် ဘေကာလမ်းမှ တွေးတော စဉ်းစား နေသော မျက်နှာ ဖျော့ဖျော့နှင့် အတွေးသမား မဟုတ်တော့ဘဲ ဖျတ်လတ် တက် ကြွ၍ တစ်မူ ထူးခြားသော ရှားလော့ဟုမ်း ဖြစ်လာခဲ့လေပြီ။ ခွန်အား အပြည့်ဖြင့် ကိုယ်ဝင် လှုပ်ရှားလျက် ရှိသော ခပ်သွက်သွက် ခပ်ကျစ်ကျစ် သူ့ ကိုယ်လုံးကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ယနေ့သည် ကျွန်ုပ်တို့ အဖို့ အလုပ် များမည့်နေ့ ဖြစ်ကြောင်းကို ကျွန်ုပ်၏ ရင်ထဲက အလိုလို သိလိုက်လေပြီ။

သို့တိုင်အောင် ကျွန်ုပ်တို့မှာ စစချင်း ခေါက်နှင့်တွင်း ဆိုသကဲ့သို့ စိတ် ပျက်စရာများနှင့် ကြုံတွေ့ရပေ၏။

ကျွန်ုပ်တို့သည် မျှော်လင့်ချက်ကြီးစွာဖြင့် သစ်ခွေး မြေခွေးတို့ ဖုံးကာ လူသွားလမ်းကလေးတွေ ရှုပ်ယှက်ခတ်လျက် ရှိသော စားကျက်ကြီးကို ဖြတ်သန်း လာခဲ့ရာ နောက်ဆုံး၌ ကျွန်ုပ်တို့နှင့် ဟိုဒါနက်ဆီ ရဲတိုက်ကြီး ကြားတွင် ခြားနေ သော သစ်ပင် အုပ်အုပ်တို့ ပေါက်နေသည့် စိမ့်ကြီး အနီးသို့ ရောက်လာခဲ့ကြ လေ၏။ အကယ်၍ ထိုသူငယ်သည် အိမ်သို့ ပြန်သည် ဆိုလျှင် ဤစိမ့်ကြီးကို မုချ ဖြတ်ရမည် ဖြစ်၏။ သို့ဖြစ်လျှင် ခြေရာကို မုချ တွေ့ရမည်သာ ဖြစ်၏။ သို့ရာတွင် သူငယ်ကလေး၏ အရိပ်အယောင်ကိုသော် လည်းကောင်း၊ ဂျာမန် ဆရာ၏ အရိပ် အယောင်ကိုသော် လည်းကောင်း တစ်စွန်းတစ်စ မတွေ့ရချေ။

ရှားလော့ဟုမ်းမှာ စိမ့်တော အစပ်တွင် ခေါက်တုံ့ခေါက်ပြန် လျှောက် ရင်း ရေညှိတို့ ခပ်ပါးပါး ဖုံးနေသည့် မြေကြီးပေါ်မှ ရွံ့ဗွက်တိုင်းကို ဂရုတစိုက် လိုက်လံ ကြည့်ရှုလျက် ရှိပေ၏။ သို့ရာတွင် သူ့ မျက်နှာကား ညှိုသည်ထက် ညှို လာခဲ့လေပြီ။ ထိုနေရာ တစ်ဝိုက်၌ သိုး ခြေရာများသည် ရှုပ်ယှက် ခတ်လျက် ရှိသည့်၍ မိုင်အနည်းငယ်ခန့် အကွာတွင်လည်း နွားခြေရာများ ပွစာကြဲလျက် ရှိသည် ကို တွေ့ရလေ၏။ ထိုမှ လွဲလျှင် အခြား ဘာမျှ ထူးထူးခြားခြား မတွေ့ရချေ။

ရှားလော့ဟုမ်းသည် ကမူကလေးတွေ၊ ချိုင့်ဝှမ်းကလေးတွေဖြင့် ပြည့် နေသော စားကျက်ကြီးကို လှမ်းမျှော် ကြည့်လိုက်လျက်

"စစ်ဆေးချက် အမှတ် တစ်၊ ဟိုအောက်ဘက်မှာ စိမ့် တစ်ခု ရှိသေးတယ် ဗျ၊ ဒီဘက်က စိမ့်နှင့် ဟိုဘက်က စိမ့်ကြားမှာ ချောင်းဟာ ပုလင်း တစ်လုံးရဲ့ လည်ပင်းလို ကျဉ်းနေတယ်၊ အလို အလို အလို၊ ဟောဒါ ဘာလဲ ဗျို့"

စိမ့်တော အလယ်တွင် ကွေ့ကောက်နေသည့် လူသွားလမ်းကလေး တစ် လမ်းကို မြင်ရလေ၏။ လူသွားလမ်း မြေပျော့ပျော့ပေါ်တွင်မူ ဘိုင်စကယ် တစ် စီးမှ ဘီးရာများကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပြီဗျ၊ တွေ့ပြီဗျ' ဟု ကျွန်ုပ်က ဝမ်းသာအားရ အော်လိုက်၏။

သို့ရာတွင် ရှားလော့ဟုမ်းမှာ ခေါင်းကို ယမ်းလျက် ရှိလေ၏။ သူ့မျက်နှာမှာ ဝမ်းသာသည့် အမူအရာထက် ဝေခွဲမရသည့် အမူအရာနှင့် မှော်လင့်သည့် အမူအရာတို့ ပေါ်နေလေ၏။

'ဘိုင်စကယ် တစ်စီးရဲ့ ဘီးရာဗျ၊ ဒါပေမဲ့ ကျုပ်တို့ ဘိုင်စကယ်ရဲ့ ဘီးရာတော့ မဟုတ်ဘူး၊ ဘိုင်စကယ် တာယာ ဘီးရာ လေးဆယ့်နှစ်မျိုးကို ကျုပ်ကောင်းကောင်း သိတယ်ဗျ၊ ခု ဘိုင်စကယ် ဘီးရာက ဒန်းလော့ တာယာ ဘီးရာဗျ၊ အပြင်ဘက် နှုတ်ခမ်းမှာ ဖာရာလေးနှင့်၊ ဟေဒက်ဂါးရဲ့ ဘိုင်စကယ် တာယာက ပါးမား တာယာဗျ၊ တာယာ ပန်းတွေက အရှည်လိုက် ဆိုတော့ မြေကြီးမှာ အစင်း အစင်းကြီးတွေ အရှည်လိုက် ထင်ကျန်ရစ်ခဲ့တယ်၊ သင်္ချာ ပြတဲ့ ဆရာ အေဗလင်းကို မေးကြည့်တော့ သူက ကျုပ်ကို သေသေချာချာ ပြောလိုက်တာ၊ ဒါကြောင့် ဒီဘိုင်စကယ်ဘီးဟာ ဟေဒက်ဂါးရဲ့ ဘိုင်စကယ် ဘီးရာ မဟုတ်ဘူးဗျ'

'ဒါဖြင့် သူငယ်ကလေးရဲ့ ဘိုင်စကယ် ဘီးရာကော မဖြစ်နိုင်ဘူးလား'

'သူငယ်ကလေးမှာ ဘိုင်စကယ် တစ်စီး ပါသွားတယ်လို့ သက်သေ ပြနိုင်ရင်တော့ စဉ်းစားစရာပေါ့၊ သို့သော်လည်း သူငယ်ကလေးမှာ ဘိုင်စကယ် ပါသွားတယ် ဆိုတာ ကျုပ်တို့ မပြနိုင်ဘူးလေ၊ ဒီဘီးရာကို ကြည့်ရတာကတော့ ကျောင်းဘက်က စီးလာတဲ့ လူတစ်ယောက်ရဲ့ ဘိုင်စကယ် ဘီးရာနှင့် တူတာပဲ'

'ကျောင်းဘက်ကို စီးသွားတာကော မဖြစ်နိုင်ဘူးလား'

'မဟုတ်ဘူးလေ ဆရာကြီးရဲ့၊ ဘိုင်စကယ်မှာ နောက်ဘီးရာဟာ ပိုပြီး ထင်တယ်ဗျ၊ စီးတဲ့ လူရဲ့ ဝိတ်က အဲဒီပေါ်မှာ ပိနေတာကိုးဗျ၊ သေသေချာချာ ကြည့်လို့ ရှိရင် အဲဒီ ခပ်နက်နက် ဘီးရာက ရှေ့ဘီးရာကို တက်နင်းထားတာကို နေရာ တော်တော်များများ တွေ့ရတယ်၊ တချို့ နေရာတွေမှာ ဆိုရင် ရှေ့ဘီး တိမ်တိမ် အရာ ပျောက်ပြီး နောက်ဘီးရာ နက်နက်ကြီးတွေကိုချည်း တွေ့ရလိမ့်မယ်၊ ဒါကို ထောက်ရင် ဒီဘိုင်စကယ်ဟာ ကျောင်းဘက်က စီးလာတယ် ဆိုတာ ထင်ရှားတယ်၊ ဒီဘီးရာဟာ ကျုပ်တို့ အမှုနှင့် ဆိုင်ရင်လည်း ဆိုင်နိုင်တယ်၊ မဆိုင်ဘူး ဆိုရင်လည်း ဖြစ်နိုင်တာပဲ၊ သို့သော်လည်း ဘယ်လိုပဲ ဖြစ်ဖြစ် ရှေ့ဆက် လိုက်လို့ မရသေးတော့ နောက်ကိုပဲ ပြန် လျှောက်ကြည့်ကြဦးစို့'

သို့ဖြင့် ကျွန်ုပ်တို့သည် နောက်သို့ ပြန်လိုက်ခဲ့ကြရာ ကိုက် သုံးလေးရာ အရောက်တွင် စားကျက်မြေထဲမှ မြေပျော့များ ဆုံးသွားသည့် အတွက် စက်ဘီးရာလည်း ပျောက်သွားခဲ့လေပြီ။





လာလမ်း အတိုင်း ပြန်၍ လျှောက်ခဲ့ကြရာတွင် ကျွန်ုပ်တို့သည် စမ်းချောင်းပေါက် ကလေး တစ်ခု စိမ့်ထွက်နေသည့် နေရာ တစ်နေရာသို့ ရောက်လာခဲ့ကြလေ၏။ ထိုနေရာတွင်လည်း ဘိုင်စကယ် ဘီးရာကို တွေ့သည့်တိုင် နွားခြေရာတို့ကြောင့် ကောင်းစွာ ထင်ရှားခြင်း မရှိတော့ချေ။ ထိုနောက်တွင်ကား မည်သည့် အမှတ် လက္ခဏာကိုမျှ မတွေ့ရတော့ဘဲ လမ်းသည် နှင်းကြမ်း တောထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေ၏။ ထိုတောကို ဖြတ်လိုက်လျှင် ကျောင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားပေ၏။ ဘိုင်စကယ်သည် တောထဲမှ ထွက်လာဟန် ရှိပေ၏။ ရှားလော့ဟုမ်းသည် ကျောက်တုံးကြီး တစ်တုံးပေါ်တွင် ထိုင်ချလိုက်ကာ မေးကို လက်ဖြင့် ထောက်ထားလေ၏။ သူ လှုပ်ရှားလာသည့် အခါတွင် ကျွန်ုပ်မှာ စီးကရက် နှစ်လိပ် ကုန်ခဲ့လေပြီ။

'အင်း ဒီလူဟာ တော်တော် ဉာဏ်သွားတဲ့ လူတစ်ယောက် ဆိုရင်တော့ မြင်ဖူးတဲ့ ဘီးရာတွေ ထင်ကျန်ရစ်အောင် ဘိုင်စကယ် တာယာကို လဲထားတာ ဖြစ်ချင် ဖြစ်နိုင်တယ်ဗျ၊ ဒီလို အတွေးမျိုး တွေးနိုင်တဲ့ ရာဇဝတ်ကောင်မျိုးနှင့် အလုပ် လုပ်ရတာကတော့ ဂုဏ်ယူစရာပါဗျာ၊ ထားပါတော့လေ၊ ဒီဘိုင်စကယ် ဘီးရာနှင့် ပတ်သက်လို့ ဘာမှ မဆုံးဖြတ်သေးဘဲ စိမ့်တောဘက်ကို ခဏလောက် လျှောက်ကြည့်ကြဦးစို့ရဲ့၊ အဲဒီမှာ ကျုပ်တို့ စုံစမ်းစရာကလေးတွေ ကျန်နေသေးတယ်'

ကျွန်ုပ်တို့သည် စားကျက်ကြီး၏ မြေပျော့ပိုင်းကို လျှောက်ကြည့်ကြပြန်ရာ မကြာမီမှာပင် ကျွန်ုပ်တို့ ဖွဲကောင်းခြင်း အတွက် ရလဒ်ကောင်းများကို ရရှိခဲ့ပေ၏။

စိမ့်တောကြီး၏ ချိုင့်ထဲတွင် ရွှံ့စပ်စပ်နှင့် လမ်းကလေး တစ်လမ်း ရှိ၏။ ထိုလမ်းကလေး နားသို့ ရောက်သည့် အခါတွင် ရှားလော့ဟုမ်းသည် ဝမ်းသာအားရ အော်လိုက်လေ၏။ ကြေးနန်း ကြိုးကလေးများကို ခတ်ထား သကဲ့သို့ အပွင့်ကလေးတွေ ထင်လျက် ရှိသော ဘိုင်စကယ် ဘီးရာကို တွေ့ရလေ၏။ ထိုဘီးရာမှာ ပါးမား တာယာ ဖြစ်လေ၏။

ရှားလော့ဟုမ်းက အားရ ဝမ်းသာဖြင့်

'တွေ့ပြီဗျို့၊ ဟေဒက်ဂါးရဲ့ ဘီးရာ၊ ကျုပ် တွေ့တာ သိပ်မဆိုးဘူးဗျို့'

'ချီးကျူးပါတယ်ဗျာ'

'ဒါပေမဲ့ ခရီးက တော်တော် ရှည်လိမ့်ဦးမယ်ဗျ၊ ဗျို့လူ ဘိုင်စကယ် ဘီးရာတွေပေါ်ကို မနင်းနှင့်နော်၊ ကဲ လိုက်ကြည့် လိုက်ကြဦးစို့ သိပ် တော့



www.burmeseclassic.com

www.burmeseclassic.com





မဝေးလှဘူး အောက်ပေ့ ရတာပဲ"

သို့ရာတွင် ရှေ့သို့ ဆက်လာခဲ့ရာ၌ စားကျက်မြေ ထိုအပိုင်းမှာ မြက်ဖုတ်ကလေး များ ပွလျက် ရှိသည်ကို တွေ့ရ လေ၏။ လမ်းစ မကြာ ခဏ ပျောက်သွား သော် လည်း ဆက်၍ လိုက်သည့် အခါတွင် ပြန်၍ ပေါ် လာသည်ကို တွေ့ရလေ၏။

"ဗျို့ ဆရာကြီး သတိ ထားမိ ရဲ့လား၊ ဘိုင်စကယ်ကို စီးတဲ့ လူဟာ ဒီ နေရာကို ရောက်တော့ ခပ်မြန်မြန်လေး နင်း တယ်ဗျ၊ တော်တော့်ကို သေချာတယ်၊ ဘီးရာ ကို သေသေချာချာ ကြည့်စမ်း၊ ဘီးရာ နှစ်ခု စလုံးဟာ ခပ်နက်နက် ထင်နေတယ်၊ ဘိုင်စ ကယ် နင်းတဲ့ လူဟာ အပြေးသမားများ ရှေ့ကို အားယူပြီး ပြေးသလို လက်ကိုင်ပေါ်ကို ဖိအား ယူ ပြီး တအား နင်းထားတယ်၊ အလို ဟောဒီ နေရာမှာ လဲကျတယ်ဗျို့"

ကြေးနန်းကြိုးကလေးများကို ခတ်ထားသကဲ့သို့ အပွင့်ကလေးတွေ ထင်လျက် ရှိသော ဘိုင်စကယ် ဘီးရာကို တွေ့ရလေ၏။

ထိုနေရာ တစ်ဝိုက်၌ လမ်းဘေး တစ်ဖက် တစ်ချက်ရှိ မြေကြီးသည် ပွရောင်းလျက် ရှိကာ ချော်ထားသည့် အရာကြီးများကို တွေ့ရလေ၏။ ခြေ ရာ အချို့ကိုလည်း တွေ့ရပြီးလျှင် ဘီးရာ တစ်ဖန် ပြန်ပေါ်လာသည်ကို တွေ့မြင်ရလေ၏။

"ဘေးကို ချော်လဲတာဗျ" ဟု ကျွန်ုပ်က ပြော လိုက်၏။

ရှားလော့ဟုမ်းသည် ကြေမွနေသည့် တော ပန်းရိုင်း တစ်ခက်ကို ကောက်ယူလိုက်၏။ အပွင့် ဝါဝါကလေးများပေါ်တွင် ညို မည်းမည်း တွေ့လိုက်သဖြင့် ကျွန်ုပ်မှာ အနည်းငယ် လန့်သွားလေ၏။





လမ်းပေါ်နှင့် မြက်တောပေါ်တွင်လည်း သွေးစက်များကို တွေ့ရလေ၏။ ျ၊းလော့ဟုမ်းက

"သိပ်တော့ မနိုပ်လှဘူးဗျို့၊ ဝေးဝေးက လျှောက်ဗျို့၊ ခြေရာတွေ ရှုပ် ျနံလိမ့်မယ်၊ ကြည့်ရတာကတော့ ဘိုင်စကယ်ပေါ်က ကျတယ်၊ ဒဏ်ရာ ရ ယ်၊ ပြန်ထတယ်၊ ဘိုင်စကယ်ပေါ် ပြန်တက်တယ်၊ ပြီးတော့ ဆက်စီးသွား ယ်လို့ ထင်ရတာပဲဗျ၊ ဒါပေမဲ့ ခက်တာက ခြေရာက တစ်ခုတည်း ဖြစ်နေတယ်၊ ပ်းဘေးက ခြေရာကတော့ နွားခြေရာတွေ၊ နွား အဝှေ့ ခံရတာတော့ ဟုတ် ယ် မထင်ပါဘူး၊ တခြား ခြေရာကို ရှာမတွေ့ဘူးဗျ၊ ကဲ သုတ်သုတ်ကလေးဗျို့၊ ျူပ်တို့ ရှေ့မှာ စက်ဘီးရာနှင့် သွေးစက်ကို တွေ့နေမှတော့ မလွဲတန်ကောင်း ါဘူး၊ တွေ့လိမ့်မယ် ထင်ပါရဲ့"

ကျွန်ုပ်တို့သည် ကြာကြာ မရှာလိုက်ရချေ။ စိုစွတ် ပြောင်ချောနေသော ပ်းပေါ်တွင် ကွေ့ပတ် စီးထားဟန် ရှိသော ဘိုင်စကယ် ဘီးရာများကို တွေ့ရ လေ၏။ ရှေ့သို့ လှမ်းကြည့်လိုက်သည့် အခါတွင် ချုံတောထဲမှ ပြောင်ပြောင် က်လက် အရာ တစ်ခုကို ကျွန်ုပ် ချက်ချင်း လှမ်းမြင်ရလေ၏။ သွား၍ ကြည့် သည့် အခါတွင် ခြေနင်း တစ်ဖက် ကွေးကောက်နေပြီး ပါးမား တာယာ တပ် ားသော ဘိုင်စကယ် တစ်စီးကို ချုံတောထဲမှ တွေ့ရသဖြင့် ဆွဲထုတ် ယူကြ လေ၏။ စက်ဘီး ရှေ့ပိုင်းမှာ သွေးတို့ စွန်းပေလျက် ရှိသည်ကို တွေ့ရလေ၏။ ျုံ၏ တစ်ဖက်တွင် ထိုးထိုးထောင်ထောင် ဖြစ်နေသော ဖိနပ် တစ်ရန်ကိုလည်း တွေ့ရသဖြင့် ပြေးကြည့်ကြသည့် အခါတွင် လဲကျနေသော ကံဆိုးသူ ဘိုင်စကယ် ယမားကို တွေ့ရလေ၏။ ထိုလူမှာ အရပ် ရှည်ရှည်၊ မုတ်ဆိတ်မွေးနှင့် ဖြစ်ပြီး ျက်မှန် တပ်ထားလေ၏။ မှန်တစ်ဖက်မှာ ကျွတ်ကျနေလေ၏။ ခေါင်းကို တအား ိုက်ထားသဖြင့် ခေါင်းခွံ ကြေပြီး သေဆုံးခြင်း ဖြစ်ဟန် တူပေ၏။ ဤမျှ ကြီး သော ဒဏ်ရာကို ရပြီးနောက် အတန်ငယ် ဝေးသည် အထိ ဆက်လက် သွားနိုင် သေးသည်ကို ထောက်ခြင်းဖြင့် ထိုလူမှာ အတော် ခွန်အား ကောင်းရုံမျှမက သတ္တိ ကောင်းသူ တစ်ယောက် ဖြစ်ကြောင်း သိနိုင်ပေ၏။ ထိုလူတွင် ဖိနပ် ီးထားသော်လည်း ခြေအိတ် စွပ်ထားခြင်း မရှိချေ။ ကြယ်သီး ပွတ်နေသော ကုတ်အင်္ကျီ ကြားမှ ညဝတ် အင်္ကျီကို မြင်ရလေ၏။ ထိုသူမှာ ဂျာမန် စာပြ ဆရာ ဖြစ်ကြောင်း ဗေဒင် မေးစရာ မလိုတော့ချေ။

ရှားလော့ဟုမ်းသည် အလောင်းကို ဖြည်းညင်းစွာ လှည့်လိုက်ပြီးနောက် သေချာစွာ စစ်ဆေး ကြည့်ရှုလျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com





*လဲကျနေသော*
*ကံဆိုးသူ ဘိုင်စကယ်သမားကို တွေ့ရလေ၏။*

ထို့နောက် အတန်ကြာမျှ ထိုင်၍ စဉ်းစားရင်း မျက်မှောင်ကို ကုတ်ထားလေရာ ဤ စိတ်မချမ်းသာစရာ အလောင်းကို တွေ့ရှိရမှုဖြင့် ကျွန်ုပ်တို့ ရှာဖွေနေသည့် သူငယ်ကလေး ကိစ္စတွင် အကြောင်း မထူးလှသေးကြောင်းကို ကောင်းစွာ အကဲခတ်နိုင်ပေ၏။

နောက်ဆုံးတွင် ရှားလော့ဟုမ်းက

'ဘာလုပ်ရမှန်း မသိအောင်တော့ ဖြစ်နေပြီဗျ၊ ကျုပ် သဘောကတော့ ခုအတိုင်း လိုက်ကြည့်ချင်သေးတာပဲ၊ ကျုပ်တို့မှာ အချိန် တော်တော် ကုန်သွားတော့ နောက်ထပ် အချိန် မဖြုန်းနိုင်တော့ဘူး၊ ဒီကြားထဲမှာ အလောင်း တွေ့တာကို





ပုလိပ်ကိုလည်း အကြောင်း ကြားရဦးမယ်၊ ပြီးတော့ ဒီအလောင်းကိုလည်း ဒီအတိုင်းပဲ ပစ်ထားခဲ့လို့ မဖြစ်သေးဘူး၊ စောင့်ကြည့်ရဦးမယ်'

'ဒီလိုဆိုရင် ကျွန်တော် သွားပြီး အကြောင်း ကြားပေးရမလား'

'မဖြစ်သေးဘူးဗျ၊ ဒီမှာ ခင်ဗျား အကူအညီကိုလည်း လိုသေးတယ်၊ ဟောဟိုမှာ ထင်းခွေနေတဲ့ လူတစ်ယောက်တော့ မြင် တယ် ဗျို့၊ ပုလိပ်ကို သူ့ပဲ အကြောင်း ကြားခိုင်းရလိမ့်မယ် ထင်တယ်'

ကျွန်ုပ်က ထိုသူကို သွားခေါ်ခဲ့လေ၏။ ရှားလော့ဟုမ်းသည် စာ တစ်စောင် ရေးပြီးလျှင် ကြောက်လန့်နေသည့် ထိုလူကို ပုလိပ်ထံသို့ လွှတ်လိုက်လေ၏။

'ကဲ ဒီနေ့ မနက် ကျုပ်တို့ အလုပ်ကို ပြန်ကြည့်ရင် သဲလွန်စ နှစ်ခုကိုတော့ ကောက်နိုင်ခဲ့ပြီ၊ တစ်ခုက ပါးမား တာယာ တပ်ထားတဲ့ ဘိုင်စကယ်၊ ပါးမား တာယာနှင့် ဘိုင်စကယ်ကို တွေ့ပြီးတဲ့နောက် ကျုပ်တို့ ဟောဒီ အလောင်းကို တွေ့တယ်၊ နောက်တစ်ခုကတော့ အနားမှာ အဖာ ပါတဲ့ ဒန်းလော့ တာယာနှင့် ဘိုင်စကယ် ဘီးရာ၊ ဒီတော့ ဒန်းလော့ တာယာနှင့် ဘိုင်စကယ် အကြောင်းကို ကျုပ်တို့ မစုံစမ်းခင်မှာ ကျုပ်တို့ သိခဲ့သမျှတွေကို ပြန်ပြီး စဉ်းစား ကြည့်ကြရအောင်၊ ဒါမှ အရေးကြီးတာနှင့် အရေးမကြီးတာတွေကို ခွဲခြမ်းလို့ ရမှာ။

'ပထမ အချက် ခင်ဗျား သဘော ပေါက်စေချင်တာက သူငယ်ကလေးဟာ ကျောင်းကနေပြီး သူ့ အလိုအလျောက် ထွက်သွားခြင်း ဖြစ်တယ် ဆိုတဲ့ အချက်ဗျ၊ သူငယ်ကလေးဟာ ပြတင်းပေါက်က ဆင်းပြီး ထွက်သွားတယ်၊ တစ်ယောက်တည်း ဖြစ်ချင်လည်း ဖြစ်နိုင်တယ်၊ တခြား တစ်ယောက်ယောက်နှင့်လည်း ဖြစ်နိုင်တယ်'

ကျွန်ုပ်က ထိုအချက်ကို သဘောတူကြောင်း ပြလိုက်၏။

'ဒီတော့ ခု သေသွားတဲ့ ဂျာမန် စာပြ ဆရာ ကိစ္စကို စဉ်းစား ကြည့်ရအောင်၊ သူငယ်ကလေးက ထွက်သွားတုန်းက အဝတ်အစား အပြည့်အစုံနှင့် ထွက်သွားတာဗျ၊ ဒီတော့ သူ မသွားခင်ကတည်းက ကြိုတင် ပြင်ဆင်ထားတယ် ဆိုတာ ထင်ရှားတယ်၊ ဒါပေမဲ့ ဂျာမန် စာပြ ဆရာကတော့ ခြေအိတ်တောင် ပါမလာဘူး၊ ဒါကို ထောက်ရင် ကောက်ကာငင်ကာ ထလိုက်လာပုံ ကျတယ်'

'သံသယ ဖြစ်စရာ မရှိပါဘူးဗျာ'

'ဒါဖြင့် သူက ဘာဖြစ်လို့ အပြင် ထွက်သလဲ၊ သူ အိပ်ခန်းကနေပြီး သူငယ်ကလေး ထွက်သွားတာကို မြင်လိုက်တယ်ဗျ၊ သူ့ကို လိုက်ခေချင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါနှင့် ဘိုင်စကယ်ကို ကောက်စီးပြီး သူငယ်ကလေး နောက်ကို လိုက်သွားတယ်၊ ဒီလို လိုက်ရင်း အသတ်ခံရတာ ဖြစ်နိုင်တယ်ဗျ'

'အင်း ဖြစ်လောက်စရာ ရှိပါရဲ့'

'ဒီတော့ အရေးကြီးတဲ့ အပိုင်းကို ရောက်လာပြီ၊ သာမန်အားဖြင့် ကြည့်လိုက်ရင် လူကြီး တစ်ယောက်ဟာ ကလေး တစ်ယောက် နောက်ကို လိုက်ပြီ ဆိုရင် ပြေးလိုက်မှာပဲဗျ၊ သူငယ်ကလေး နောက်ကို ပြေးလိုက်ရင် မီမယ် ဆိုတာလည်း မသိဘဲ နေပါ့မလား၊ သိရမှာပေါ့၊ သို့သော်လည်း ဂျာမန် စာပြ ဆရာဟာ ဒီလို မဟုတ်ဘူး၊ ဘိုင်စကယ်ကို ယူတယ်၊ ဘိုင်စကယ်စီး အလွန် တော်တယ်လို့ ဆိုတယ်၊ ဒီတော့ သူငယ်ဟာ မြန်မြန် လွတ်ပြေးနိုင်တယ်လို့ ထင်လို့သာလျှင် ဘိုင်စကယ်နှင့် လိုက်တယ်လို့ ယူဆရတယ်၊ မီနိုင်လောက်ရင် ဘိုင်စကယ်နှင့် လိုက်စရာ အကြောင်း မရှိဘူး'

'ဒါဖြင့် နောက် ဘိုင်စကယ် တစ်စီးကကော'

'ကျုပ်တို့ ဆက်ပြီး စဉ်းစားကြည့်မယ်လေ၊ ဂျာမန် စာပြ ဆရာ သေတဲ့ နေရာဟာ ကျောင်းနှင့် ငါးမိုင် ဝေးတယ်ဗျ၊ ဒါပေမဲ့ ကလေး တစ်ယောက်တောင် အလွယ်တကူ ပစ်နိုင်တဲ့ သေနတ် ဒဏ်ရာနှင့် သေရတာ မဟုတ်ဘူးဗျ၊ အလွန် အားကောင်းမောင်းသန် ရှိတဲ့ လက်နှင့် တအား ရိုက်လိုက်လို့ သေရတာ၊ ဒါကို သတိပြုလိုက်ဖို့ လိုတယ်၊ ဒါကို ကြည့်ရင် သူငယ်လေးနှင့် အတူ လူတစ်ယောက် ပါရမယ်၊ ပြီးတော့ အင်မတန် ဘိုင်စကယ်စီး ကောင်းတဲ့ လူတစ်ယောက် နောက်က လိုက်တာတောင် ငါးမိုင် ရောက်သည် အထိ သူတို့ကို မမီသေးဘူး ဆိုတော့ သူတို့ ထွက်ပြေးတာဟာလည်း တော်တော် မြန်ရမယ်၊ သို့သော်လည်း ခု ကျုပ်တို့ အလောင်း တွေ့တဲ့ နေရာကို ကြည့်ခဲ့ကြပြီးပြီ၊ ဘာများ ထူးထူးခြားခြား တွေ့ရသလဲ၊ နွားခြေရာကွက်တွေက လွဲလို့ တခြား ဘာမှ ထူးထူးခြားခြား မတွေ့ခဲ့ရဘူးဗျ၊ အဲဒီ နေရာ တစ်ဝိုက်ကို ကျုပ် လျှောက်ကြည့်တော့ ငါးကိုက်လောက် အတွင်းမှာ ဘာမှ ရှာလို့ မတွေ့ခဲ့ရဘူး၊ ဒီတော့ ကျုပ်တို့တစ်တွေ တွေ့ရတဲ့ တခြား ဘိုင်စကယ်သမား တစ်ယောက်နှင့် ဒီ လူသတ်မှုဟာ ဘာမှ အဆက်အစပ် ရှိပုံ မရဘူး၊ ဒီပြင်လူ ခြေရာရယ်လို့လည်း မတွေ့ရဘူး'

'မဖြစ်နိုင်တာဗျာ'

'ဟုတ်တယ်ဗျ၊ ခင်ဗျား မှတ်ချက်ဟာ တော်တော် အဖိုးတန်တဲ့ မှတ်ချက်ပဲ၊ ကျုပ် ပြောသွားခဲ့တဲ့ အတိုင်း ဆိုရင် မဖြစ်နိုင်ဘူး၊ ကျုပ် ပြောတာတွေထဲမှာ တစ်နေနေရာမှာ ကျုပ် မှားပြီး ပြောမိကောင်း ပြောမိမယ်၊ သို့သော်လည်း





ခင်ဗျား ကိုယ်တိုင် စဉ်းစားကြည့်ဦးလေ၊ ကျုပ် ပြောတဲ့ အချက်တွေထဲမှာ ဘယ်အချက်ဟာ မှားနိုင်သလဲ'

'ဘိုင်စကယ်ပေါ်က လိမ့်ကျလို့ ဦးခေါင်းခွဲ ကွဲသွားတာကော မဖြစ်နိုင်ဘူးလား'

'ရွှံ့ဗွက်ကြီးထဲမှာ လဲကျလို့ ခေါင်းကွဲသတဲ့လားဗျ'

'ဒီလိုဆိုရင်တော့ မစဉ်းစားတတ်အောင် ဖြစ်နေပြီဗျ'

'ဖြစ်မှ ဖြစ်ရလေဗျာ၊ ခု ကျုပ်တို့ဟာ တော်တော် ခက်တဲ့ ပြဿနာကို ရှင်းပြီးပြီဗျ၊ ကျုပ်တို့သာ အသုံးချတတ်လို့ ရှိရင် ကျုပ်တို့ ရှေ့မှာ အထောက်အထားတွေ ရှိနေပြီဗျ၊ ကဲ လာ လာ၊ ပါးမား တာယာကို ကြည့်ပြီးရင် အနားမှာ ဖာရာ ပါတဲ့ ဒန်းလော့ တာယာ အကြောင်းကိုလည်း လေ့လာလိုက်ကြဦးစို့'

ကျွန်ုပ်တို့သည် ဒန်းလော့ တာယာ ဘီးရာကို ရှာကာ အတန်ငယ် ဝေးသည် အထိ ဘီးရာ အတိုင်း လိုက်လာခဲ့ကြလေ၏။ ခဏ အကြာတွင် စားကျက်မြေသည် တဖြည်းဖြည်း မြင့်လာခဲ့ကာ မြက်ပင် ချုံပင်တို့ ဖုံးနေသည်ကို တွေ့ရပြီး စမ်းချောင်းမှာလည်း အတော် ဝေးဝေးတွင် ကျန်ရစ်ခဲ့လေ၏။ ထို့ကြောင့် ကျွန်ုပ်တို့မှာ ဒန်းလော့ ဘီးရာကို ဆက်လက် ခြေရာခံနိုင်ခြင်း မရှိတော့ချေ။ ကျွန်ုပ်တို့ နောက်ဆုံး မြင်ခဲ့သည့် ဒန်းလော့ တာယာ ဘီးရာကို တွေ့ခဲ့သည့် နေရာမှ ဆိုလျှင် လက်ယာဘက် မိုင် အနည်းငယ် အကွာတွင် ရှိသည့် ဟိုဒါနက်ဆီ ရဲတိုက်သို့ လည်းကောင်း၊ လက်ဝဲဘက် အောက်ချိုင့်ထဲတွင် ရှိနေသည့် အုပ်ဆိုင်းဆိုင်း ရွာကလေးကိုသော် လည်းကောင်း မြင်နေရပြီး ထိုနေရာမှာ ချက်စတာဖီး ပေတစ်ရာကြီး ဖြတ်သွားသည့် နေရာ ဖြစ်ကြောင်း သိသာနိုင်ပေသည်။

တိုက်ကြက်ဖ တံဆိပ်ကြီး ရေးထားသည့် ခပ်စုတ်စုတ် ထမင်းဆိုင်လေး တစ်ဆိုင် အနီးသို့ ရောက်သည်တွင် ရှားလော့ဟုမ်းသည် တစ်ချက်မျှ အသံထွက်၍ ညည်းလိုက်ပြီးနောက် လဲကျမသွားစေရန် ကျွန်ုပ်ကို လှမ်းကိုင်ထားလိုက်လေ၏။ ကျောက်တုံး တစ်တုံးကို တက်နင်းမိပြီး ခြေထောက် မျက်သွားသောကြောင့် ဖြစ်လေ၏။ ရှားလော့ဟုမ်းသည် ထော့နင်း ထော့နင်းဖြင့် ဆိုင်ပေါက်ဝသို့ လျှောက်လာခဲ့ရာ မည်းနက်သည့် မြေခွေးတံကြီး တစ်ချောင်းကို ခဲထားသည့် အသက် ကြီးကြီး အသား ညိုညို ဂင်တိုတို လူတစ်ယောက်ကို တွေ့ရလေ၏။

'မစ္စတာ ရူဗင် ဟေးတို့ နေလို့ ထိုင်လို့ ကောင်းကြရဲ့နော်' ဟု လှမ်းမေးလိုက်လေ၏။




www.burmeseclassic.com

www.burmeseclassic.com



‘ခင်ဗျားက ဘယ်သူတုံး၊ ဘယ့်နှယ်လုပ် ကျုပ် နာမည်ကို သိနေရတာတုံး’ ထိုလူကြီးက သက်ာ မကင်းသည့် မျက်လုံး အစုံဖြင့် ကျွန်ုပ်တို့ကို လှမ်းကြည့်ရင်း ပြောလိုက်လေ၏။

‘ခင်ဗျား ခေါင်းပေါ်က ဆိုင်းဘုတ်မှာ ရေးထားတာပေါ့၊ အိမ်ထောင်ဦးစီး လုပ်တဲ့ လူတစ်ယောက်ကို အကဲ ခတ်ရတာ သိပ် မခက်ပါဘူး၊ ကြည့်လိုက်ရင် ချက်ချင်း သိပါတယ်၊ ခင်ဗျားတို့ ဈေးမှာ ရထားလေး ဘာလေးများ အဆင်သင့် မရှိကြဘူးလား’



ရှားလော့ဟုမ်းသည် ထော့နင်း ထော့နင်းဖြင့် ဆိုင်တံခါးဝသို့ လျှောက်လာခဲ့သည်။

‘မရှိဘူးဗျ’

‘ခြေ နာသွားလို့ ဗျာ၊ မြေကြီးပေါ်မှာ ခြေချလို့ မရတာနှင့်’

‘မြေ ကြီး ပေါ် ကို ခြေ ချလို့ မရရင် မချနှင့်ပေါ့ဗျာ’

‘လမ်း မ လျှောက် နိုင်လို့ပါ’

‘မ လျှောက် နိုင် ရင် ခုန်သွားပေါ့ဗျ’

မစ္စတာ ရှုဗင် ပြေား၏ အမူအရာမှာ ဖော်ရွေ ပျူငှာခြင်း မရှိချေ။ သို့ရာတွင် ရှားလော့ဟုမ်းက လေသံ ချွင်ချွင်ဖြင့်

‘ဗျို့ ဆရာကြီး၊ ကျုပ်တို့ ဒုက္ခ ရောက် လာလို့ပါဗျ၊ ဘယ်လို သွားရ သွားရ ကိစ္စ မရှိပါဘူး’

‘ကျုပ်အတွက်လည်း ကိစ္စ မရှိပါဘူး’ ဟု အိမ်ရှင်က သုန်မှုန်စွာ ပြောလေ၏။





‘အရေးကြီးလို့ပါဗျာ၊ ဘိုင်စကယ် တစ်စီးလောက် ငှားရင် ရွှေဒင်္ဂါး တစ်ပြားလောက် ပေးပါမယ်၊ ငှားစမ်းပါ’

အဘိုးကြီးက နားကို စွင့်လိုက်၏။

‘ဘယ်ကို သွားချင်တာတုံး’

‘ဟိုဒါနက်ဆီ ရဲတိုက်ကို သွားချင်လို့ပါ’

‘နယ်စားကြီးရဲ့ မိတ်ဆွေတွေလား’

ထိုလူကြီးသည် ဖွံ့စက်တွေ ပေနေသည့် ကျွန်ုပ်တို့ အဝတ်အစားများကို သရော်သည့်ဟန်ဖြင့် ကြည့်လျက် ရှိလေ၏။

ရှားလော့ဟုမ်းက ရယ်လိုက်လျက်

‘ကျွန်တော်တို့ကို တွေ့ရင် သူ ဝမ်းသာမှာပါဗျ’

‘ဘာဖြစ်လို့ ဝမ်းသာမှာတုံး’

‘သူ ပျောက်သွားတဲ့ သူ့ သားလေးရဲ့ သတင်းကို ပေးချင်လို့ပါ’

အိမ်ရှင် အဘိုးကြီးသည် အနည်းငယ် လှုပ်ရှားသွားလေ၏။

‘ဘာတုံး၊ ခင်ဗျားတို့က သတင်း ရခဲ့လို့လား’

‘လီဗာပူမှာတဲ့ဗျ၊ မကြာခင် ရှာလို့ တွေ့တော့မယ်လို့ သတင်း ရလို့’

မုတ်ဆိတ်တို့ ဖုံးလျက် ရှိသည့် ထူအမ်းအမ်း မျက်နှာကြီးသည် တစ်ဖုဟုတ်ချင်း ပြောင်းသွားကာ ကျွန်ုပ်တို့ အပေါ်တွင်လည်း ဖော်ရွေသည့် အမူအရာကို ပြလာလေ၏။

‘ကျုပ်က နယ်စားကြီးကို သိပ်တော့ စေတနာ မရှိလှဘူးဗျ၊ အရင်တုန်းက သူ့ အိမ်မှာ ရထားထိန်း လုပ်ခဲ့ဖူးတယ်၊ တော်တော် ရက်စက်တယ်ဗျာ၊ လူလိမ် ပြောင်းဆန် ကုန်သည် တစ်ယောက်ရဲ့ စကားကို နားယောင်ပြီး ကျုပ်ကို အလုပ်က ထုတ်ပစ်လိုက်တယ်၊ ဒါပေမဲ့ နယ်စားကြီးရဲ့ သားလေး လီဗာပူမှာ တွေ့တယ် ဆိုလို့ ဝမ်းတော့ သာပါတယ်၊ ကောင်းပြီလေ၊ သတင်း ပို့နိုင်အောင် ကျုပ် တတ်နိုင်သလောက်တော့ ကူတာပေါ့’

‘ကျေးဇူးပါပဲဗျာ၊ ခင်ဗျား ဘိုင်စကယ် သွားယူနေတုန်း ကျုပ်တို့ တစ်ဖုစုတော့ စားလိုက်ဦးမယ်ဗျာ’

‘ကျုပ်မှာ ဘိုင်စကယ်မှ မရှိတာ’

ရှားလော့ဟုမ်းက ရွှေဒင်္ဂါး တစ်ပြား ထုတ်ပေးလိုက်သည်။

‘ဩော် လူ့နှယ် ခက်ပါဘိတော့၊ ကျုပ်မှာ ဘိုင်စကယ် မရှိဘူးလို့ ဆိုရနဲ့၊ ရဲတိုက် ရောက်ရုံလောက်တော့ ကျုပ် မြင်း ရှာပေးလိုက်မယ်’



www.burmeseclassic.com

www.burmeseclassic.com



'ကဲ ကဲ ဒါဖြင့် ကျုပ်တို့ တစ်ခုခု စားဦးမယ်ဗျာ၊ စားသောက်ပြီးတော့မှ ပြောကြတာပေါ့'

ကျောက်တုံးခင်း မီးဖိုထဲတွင် ကျွန်ုပ်တို့ နှစ်ယောက်တည်း ကျန်ခဲ့သည့် အခါတွင် ရှားလော့ဟုမ်း၏ ခြေထောက် ဒဏ်ရာမှာ မည်သို့ မည်ပုံ ပျောက်သွားမှန်း မသိတော့ချေ။ အချိန်မှာ မှောင်စ ပြုလေပြီ။ ကျွန်ုပ်တို့မှာ မနက်ကတည်းက ဘာမျှ မစားခဲ့ရသေးသည့် အတွက် အစားအသောက်တို့ကို အားရပါးရ စားသောက် ပစ်လိုက်ကြလေ၏။

ရှားလော့ဟုမ်းမှာ တစ်စုံတစ်ရာကို စဉ်းစားလျက် ရှိပြီး ပြတင်းပေါက်ဆီသို့ တစ်ကြိမ် နှစ်ကြိမ် ထသွားကာ အပြင်သို့ လှမ်းကြည့် နေသည်ကို မြင်လိုက်ရလေ၏။ ရှုခင်းမှာ ခြောက်သွေ့လျက် ရှိပြီး ဝင်းထောင့်တွင် ယန်းပဲဖို တစ်ဖိုရှိလျက် ထိုယန်းပဲဖိုတွင် လူငယ်ကလေး တစ်ယောက် ပန်းပဲ လုပ်နေသည်ကို တွေ့ရ၏။ တစ်ဖက်တွင် မြင်းဇောင်းများ ရှိလေ၏။

ရှားလော့ဟုမ်းသည် ထိုသို့ တစ်ကြိမ် နှစ်ကြိမ် သွားကြည့်ပြီးလျှင် အတန်ကြာ ထိုင်နေရာမှ ရုတ်တရက် ထလိုက်လျက်

'အိုင်ဆေး ဝပ်ဆင်ရေ၊ ကျုပ်တို့ အဖြေ ပေါ်ပြီဗျ၊ ဟုတ်တယ်၊ ဒီအတိုင်းပဲ ဖြစ်မှာ သေချာတယ်၊ ဒီနေ့ ကျုပ်တို့ နွားခြေရာတွေကို တွေ့ခဲ့တာ အမှတ်ရသေးလား'

'တွေ့ခဲ့ပါ့ဗျာ၊ အများကြီးပဲ'

'ဘယ်နားမှာလဲ'

'နေရာကတော့ အနံ့ပဲဗျ၊ စိမ့်ထဲမှာလည်း တွေ့ခဲ့တယ်၊ လူသွားလမ်းကလေးပေါ်မှာလည်း တွေ့ခဲ့တယ်၊ ဟောဒက်ဂါး သေတဲ့ နေရာ တစ်ဝိုက်မှာလည်း တွေ့ခဲ့တယ်'

'ဟုတ်ပြီဗျ၊ ဒါပေမဲ့ နွား ဘယ်နှကောင်များ ကျုပ်တို့ တွေ့ခဲ့သလဲ'

'တစ်ကောင်မှ တွေ့ခဲ့တယ်လို့ မထင်ဘူး'

'ထူးဆန်း မနေဘူးလား၊ စားကျက်ကြီး တစ်ခုလုံး တွေ့လိုက်တဲ့ နွားခြေရာတွေ၊ ဒါပေမဲ့ နွားကျတော့ တစ်ကောင် တစ်မြီးမှ မတွေ့ဘူး၊ မဆန်းလား'

'ဟုတ်တယ်ဗျ၊ အဆန်းတော့ အဆန်းသား'

'ကဲ ဒီတော့ စဉ်းစားကြည့်စမ်း၊ လူသွားလမ်းပေါ်မှာ နွားခြေရာကွက်တွေကို တွေ့ခဲ့တာ မှတ်မိပြီ မဟုတ်လား'

'အင်း၊ မှတ်မိပြီ'





'ပြီးတော့ အဲဒီ နွားခြေရာတွေဟာ ဟောဒီလို ဖြစ်နေတယ် ဆိုတာကော ခင်ဗျား မှတ်မိရဲ့လား'

ရှားလော့ဟုမ်းသည် ပေါင်မုန့် အပဲ့ကလေးများကို ဤသို့ ပြလေ၏။

: : : :

'နောက်ပြီး ဒီလိုလည်း တွေ့ရတယ်ဗျ။

: · : · : · : ·

'တစ်ခါတလေကျတော့ ဒီလိုပဲ တွေ့ရသဗျ။

· · ·
· · · ·

'မှတ်မိပြီ မဟုတ်လား'

'ဟင့်အင်း၊ ကျွန်တော်တော့ မမှတ်မိဘူး'

'ဒါပေမဲ့ ကျုပ် မှတ်မိတယ်ဗျ၊ သေသေချာချာကြီးကို မှတ်မိတယ်၊ သို့သော်လည်း သေချာအောင် တစ်ခေါက်လောက် ကြည့်လိုက်ချင်သေးတယ်၊ ဒါကွေ့ရက်သားနှင့် ဘာ ကောက်ချက်မှ မဆွဲနိုင်တာကတော့ ကျုပ် တော်တော် ညံ့လို့ပေါ့ဗျာ'

'ဒါဖြင့် ခင်ဗျား ကောက်ချက်က ဘယ်လိုလဲ'

'နွားက တစ်ခါတလေမှ လမ်းလျှောက်တယ်ဗျ၊ တစ်ခါ တစ်ခါမှာတော့ သုံးချောင်းထောက် ပြေးတယ်၊ တစ်ခါ တစ်ခါမှာ ကဆုန်စိုင်းတယ်၊ ဒီလို ဆိုရင်တော့ ဒီနွားဟာ တော်တော် ထူးဆန်းတဲ့ နွားဖြစ်သလို ထင်ယောင်ထင်မှား ဖြစ်အောင် လုပ်နိုင်တာဟာ တောက ဘုံဆိုင် ပိုင်ရှင် ဦးနှောက်နှင့်တော့ မလုပ်နိုင်တာ သေချာတယ်ဗျ၊ တော်တော်လေးတော့ ရှင်းသွားပါပြီလေ၊ ပန်းပဲ လုပ်တဲ့ လူငယ်ကလေး တစ်ယောက်ပဲ ကျန်တော့တယ်၊ လာဗျ၊ အချိန် ရတုန်း ကြည့်စရာ ရှိတာလေးတွေ လျှောက်ကြည့်လိုက်ကြဦးစို့ရဲ့'

မြင်းဇောင်းထဲတွင် အမွေးကြမ်းကြမ်းနှင့် ပစ်စလက်ခတ် လွှတ်ထားသည့် မြင်းနှစ်ကောင်ကို တွေ့ရလေ၏။

ရှားလော့ဟုမ်းသည် ထိုမြင်းနှစ်ကောင် အနက်မှ တစ်ကောင်၏ နောက်ခြေကို မ၍ ကြည့်လိုက်ပြီးလျှင် ရယ်လိုက်လေ၏။

'ခွာကတော့ အဟောင်းဗျ၊ ဒါပေမဲ့ ခွာသံတွေက အသစ်တွေ၊ ဒီအမှုကတော့ စံပြ အမှု ဖြစ်လိမ့်မယ်တောင် ထင်တယ်ဗျို့၊ လာ ယန်းပဲရုံကို သွားကြည့်ကြဦးစို့ရဲ့'

ပန်းပဲဆရာကလေးမှာ ကျွန်ုပ်တို့ကို အလျှင်း ဂရုမစိုက်ဘဲ မိမိ အလုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



သူ ဆက်လုပ်လျက် ရှိလေ၏။ ရှားလော့ဟုမ်း၏ မျက်လုံးများသည် ပန်းပဲရုံ ကြမ်းပြင်ပေါ်တွင် ပြန့်ကြဲလျက် ရှိသည့် သံတိုသံစများ၊ သစ်သားတို သစ်သားစ များကို လှမ်းကြည့်နေသည်ကို ကျွန်ုပ် သတိ ထားလိုက်မိလေ၏။ ထိုအခိုက် ကျွန်ုပ်တို့ နောက်မှ ခြေသံ ကြားသဖြင့် လှည့်ကြည့်လိုက်သည့် အခါတွင် ထမင်း ဆိုင်ရှင် အဘိုးကြီးကို တွေ့ရလေ၏။

အဘိုးကြီးသည် မျက်မှောင်ကြီး ကုတ်ကာ ကျွန်ုပ်တို့ကို စိန်းစိန်းကြီး ကြည့်လျက် ရှိပြီး ညိုမှောင်သော မျက်နှာကြီးမှာလည်း ဒေါသကြောင့် နီရဲလျက် ရှိပေ၏။

ထိုလူကြီးသည် လက်ထဲတွင် ခဲသီးခေါင်းတပ် တုတ်တစ်ချောင်းကို ကိုင်ထားပြီး ရိုက်တော့မည့်ကဲ့သို့ ရှေ့ဘက်သို့ တိုးလာလေရာ ကျွန်ုပ်မှာ အိတ်ထဲတွင် အသင့် ဆောင်ထားသည့် သေနတ်ကို ကိုင်ထားလိုက်မိလေ၏။

'ဟေ့လူတွေ၊ ဒီမှာ ဘာ လာပြီး ရှုပ်နေကြပြန်တာလဲ'

ရှားလော့ဟုမ်းက လေသံ ခပ်အေးအေးဖြင့်

'ဘာဖြစ်လို့လဲ မစ္စတာ ရှုဗင် ဟေး၊ ခင်ဗျား ကြည့်ရတာ ကျုပ်တို့ကို တစ်ခုခု မသင်္ကာနေသလိုပဲ'

ထိုလူကြီးသည် သူ့ကိုယ်သူ ပြန်၍ ဣန္ဒြေဆည်လိုက်ကာ ဟန်လုပ်၍ ရယ်လိုက်လေရာ ထိုရယ်သံကြီးမှာ မျက်မှောင် ကုတ်ထားသည်ထက်ပင် ပို၍ ကြောက်စရာ ကောင်းနေလေ၏။

'ဘာမှ မသင်္ကာစရာ မရှိပါဘူး၊ ကျုပ် ပန်းပဲဖိုထဲကို ခင်ဗျားတို့ ကြိုက် သလို ကြည့်နိုင်ပါတယ်၊ ဒါပေမဲ့ တစ်ခုတော့ ပြောလိုက်မယ်ဗျ၊ ကျုပ် ခွင့်မပြုဘဲ ကျုပ် နေရာကို လာကြည့်တဲ့ လူတွေကို ကျုပ်က သိပ်ကြိုက်တာ မဟုတ်ဘူးဗျ၊ ဒီတော့ ကိုယ့်လူတို့၊ ခင်ဗျားတို့ ကြည့်ချင်ရင် ကြည့်စရာ ရှိတာကို မြန်မြန် ကြည့်ပြီး မြန်မြန် ထွက်သွားရင်တော့ ကောင်းလိမ့်မယ် ထင်တယ်'

'ကောင်းပါပြီဗျာ၊ ဒီလို ဆိုရင်လည်း သွားပါ့မယ်၊ ကျုပ်တို့က ဘယ် သဘောနဲ့မှ ကြည့်တာ မဟုတ်ပါဘူး၊ ခင်ဗျား မြင်းတွေကို ဝင်ကြည့်တာပါ၊ ခုတော့ ခြေထောက်ကလည်း အနာ သက်သာ သွားပါပြီ၊ ကိစ္စ မရှိပါဘူး၊ ခြေ ကျင်ပဲ လျှောက်သွားပါတော့မယ်၊ သိပ်တော့ မဝေးဘူး မဟုတ်လား'

'နှစ်မိုင်လောက်ပဲ ဝေးတယ်ဗျ၊ ဟောဒီ ဘယ်ဘက်လမ်းပဲ'

ကျွန်ုပ်တို့ ဝင်းထဲမှ ထွက်လာသည် အထိ ထိုလူကြီးသည် ကျွန်ုပ်တို့ကို မျက်မှောင်ကုတ်၍ ကြည့်နေလေ၏။ ကျွန်ုပ်တို့သည် လမ်းအတိုင်း လျှောက်လာ



classic.com



ကြပြီး ကွေ့ကလေး တစ်ခုသို့ ရောက်သည်၌ ရှားလော့ဟုမ်းသည် တုံ့ခနဲ ရပ် လိုက်လေ၏။

'အင်း ကလေးများ ပြောသလိုပဲ၊ ထမင်းဆိုင်ထဲမှာ နေရတာများ တယ် ၊ နွေးနွေးထွေးထွေး ရှိတယ်ဗျ၊ ထမင်းဆိုင်က ထွက်လာတာနဲ့ အေးသထက် အေးလာတယ်လို့ ထင်ရတယ်၊ မဖြစ်သေးပါဘူးဗျာ၊ ဒီဆိုင်နားက ခွာလို့ ဟန် ကျသေးပါဘူး'

'ရှုဗင် ဟေး ဆိုတဲ့ ငနဲကြီး အားလုံး သိတယ် ထင်တာပဲ၊ ရုပ်ကြီးကိုက လူဆိုး ရုပ်ကြီးဗျ'

'လူဆိုးကြီးပုံလို့ ထင်လိုက်သဗျ၊ အင်း မြင်းဇောင်းနဲ့ ပန်းပဲရုံနဲ့၊ ဒီ ကြက်ဖ ဆိုတဲ့ ထမင်းဆိုင်က တော်တော်တော့ စိတ်ဝင်စားစရာ ကောင်းတဲ့ ရာဗျ၊ လာဗျ၊ ဒီနေရာကို အသာ အရိပ်အကဲ ကြည့်ကြဦးစို့ရဲ့'

ကျွန်ုပ်တို့ ရှေ့တွင် ထုံး ကျောက်ဆောင်ကြီးများ ဟိုတစ်ချို့ သည်တစ်ချို့ ရှိနေသည့် တောင်စောင်းကြီး တစ်ခု ရှိလေ၏။ ကျွန်ုပ်တို့သည် လမ်းမှ ဖွဲ့၍ ပင်းလာကြပြီးနောက် တောင်စောင်းကို တက်လာခဲ့၍ ဟိုဒါနက်ဆီ ရဲတိုက် ကြီးဆီသို့ လှမ်းကြည့်နေကြစဉ် ရဲတိုက်ဘက်ဆီသို့ အပြင်း စီးလာသည့် ဘိုင် ကယ် တစ်စီးကို မြင်ရလေ၏။

'အိုင်ဆေး ဝပ်ဆင် ထိုင်ဗျို့' ဟု ရှားလော့ဟုမ်းက ကျွန်ုပ်၏ ပခုံးကို ပြီ၍ အထိုင်ခိုင်းလေ၏။

ကျွန်ုပ်တို့ ကျောက်ဆောင်ကြီးကို ကွယ်၍ ထိုင်လိုက်စဉ်မှာပင် လူ တစ် ယောက်သည် အောက်မှ လူသွားလမ်းကလေး အတိုင်း ဘိုင်စကယ် အပြင်း စီး ကာ ကျွန်ုပ်တို့ အနီးမှ ဖြတ်သွားလေ၏။

အလိပ် အလိပ် ထနေသော ဖုန်လုံးကြီးများ ကြားတွင် ဖျော့တော့၍ ယိတ်လန့် တုန်လှုပ်သည့် အမူအရာသည် အထင်းသား ပေါ်လျက် ရှိကာ ပါးစပ် သည် ပွင့်လျက် ရှိပြီး မျက်လုံးများမှာလည်း ပြူးကျယ်ကာ ရှေ့သို့ စိုက်ကြည့် လျက် ရှိလေ၏။

ထိုလူမှာ ကျွန်ုပ်တို့ ယမန်နေ့ မနက်က သားသားနားနား ဝတ်ဆင်ထား သည်ကို မြင်ခဲ့ရသည့် ဂျိမ်း ဝိုင်းလဒါးပင် ဖြစ်သော်လည်း ယမန်နေ့ကနှင့် မတူ တော့ဘဲ တစ်မျိုးတစ်ဖုံ ဖြစ်လျက် ရှိလေ၏။

'နယ်စားကြီးရဲ့ အတွင်းဝန် ဂျိမ်း ဝိုင်းလဒါးရယ်ဗျို့၊ ဒီလူ ဘာလုပ်မလဲ ကြည့်ကြရအောင်' ဟု ရှားလော့ဟုမ်းက အလန့်တကြား ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com





လူတစ်ယောက်သည်
ဘိုင်စကယ် အပြင်း စီးကာ
ကျွန်ုပ်တို့ အနီးမှ ဖြတ်သွားလေ၏။

ကျွန်ုပ်တို့သည် ပုန်းကွယ်၍ ကျောက် ဆောင် တစ်ဆောင်မှ တစ်ဆောင်သို့ လျှင် မြန် စွာ ကူးခဲ့ကြကာ ထမင်းဆိုင်၏ ရှေ့ပိုင်းကို မြင်လောက်သည့် ကျောက်ဆောင် တစ်ခု အကွယ်သို့ ရောက်လျှင် ရုတ်တရက် ရပ်လိုက်ပြီး ချောင်းကြည့်နေကြလေ၏။ ဘိုင်စကယ်မှာ ထမင်းဆိုင် ရှေ့တံခါး အနီးတွင် ထောင် လျက် သား တွေ့ရလေ၏။ အိမ်ထဲတွင် မည်သူ့ကိုမျှ မမြင်ရချေ။ ပြတင်းပေါက် တွင် လည်း မည်သူ့ မျက်နှာကိုမျှ မမြင်ရချေ။ နေလုံးကြီးမှာ ဟိုဒါနက်ဆီ ရဲတိုက် နောက်ဘက်သို့ လျှောကျသွားပြီ ဖြစ်သည့် အတွက် တဖြည်းဖြည်း မှောင်စ ပြုလာခဲ့လေပြီ။ မှောင်ရီ ပျပျထဲတွင် ကျွန်ုပ်တို့သည် ထမင်းဆိုင် မြင်းဇောင်းထဲမှ မြင်းရထားတစ်စီး၏ မီးနှစ်လုံးကို မြင်ရလေ၏။ ခဏ ကြာလျှင် မြင်းခွာသံများကို ကြားရကာ ထိုမြင်းရထားသည် ဟိုဒါနက်ဆီ ရဲတိုက်ဘက်သို့ အပြင်း မောင်းသွားသည်ကိုသာ တွေ့ရလေ၏။

'ဘယ်လို ထင်သလဲဗျ' ဟု ရှားလော့ဟုမ်းက ကျွန်ုပ် နားသို့ ကပ်၍ တိုးတိုး မေးလိုက်၏။





'တစ်ယောက်ယောက် ထွက်ပြေးတာနှင့် တူတာပဲဗျ'

'ကျုပ် မြင်ရသလောက်တော့ ရထားထဲမှာ လူတစ်ယောက်ပဲ ပါသွားတယ်ဗျ။ ဂျိမ်း ဝိုင်းလဒါးတော့ မဟုတ်ဘူး၊ ဝိုင်းလဒါးက ဟိုမှာ၊ တံခါးဝမှာ'

အမှောင်ထဲတွင် မီး ထွန်းထားသော တံခါးပေါက် တစ်ပေါက်၏ ပုံသဏ္ဌာန် ပေါ်လာပြီးလျှင် အမှောင်သို့ ခေါင်းတစ်လုံး ပြူကြည့်နေသည်ကို မြင်ရလေ၏။

သူ့ကို ကြည့်ရသည်မှာ တစ်ယောက်ယောက်ကို မျှော်လင့် စောင့်စားနေသကဲ့သို့ ရှိလေ၏။ ခဏ ကြာလျှင် အမှောင်ထဲသို့ ထွက်လာသည့် ခြေသံများကို ကြားရပြီးနောက် တံခါးမှ အလင်းရောင်ထဲတွင် နောက်ထပ် လူ တစ်ယောက် သဏ္ဌာန်ကို မြင်လိုက်ပြီးလျှင် တံခါး ပိတ်သွားလေရာ အပြင်ဘက်တွင် အမှောင်ထုကြီးသာလျှင် ပိန်းပိတ်နေလေ၏။ ငါး မိနစ်ခန့် ကြာလျှင် အပေါ်ပ်မှ မီးရောင် လက်လာသည်ကို မြင်လိုက်ရလေ၏။

'ရှေကြက်ဖ ထမင်းဆိုင်မှာ တွေ့ရတာတွေကတော့ အဆန်းတွေချည်းပါဗျို့' ဟု ရှားလော့ဟုမ်းက ပြောလေ၏။

'အရက် ရောင်းတဲ့ အခန်းက တစ်ဖက်မှာ ထင်တယ်ဗျ'

'ဟုတ်တယ်ဗျ၊ အထူး ဧည့်သည်တွေကို ရောင်းတဲ့ အခန်း ထင်တယ်၊ ဒါတော့ မစ္စတာ ဝိုင်းလဒါးဟာ ဒီတောထဲ တောင်ထဲက ထမင်းဆိုင်ကို ညကြီးမင်းကြီး လာပြီး ဘာလုပ်သလဲ၊ ဒီကို သူနှင့် လာတွေ့တဲ့ လူဟာ ဘယ်သူလဲ၊ လာဗျာ ပိုပြီး သေချာအောင် အနီးကပ် ကြည့်ရအောင်၊ နည်းနည်းတော့ စွန့်ရလိမ့်မယ်'

ကျွန်ုပ်တို့သည် လမ်းပေါ်သို့ ဆင်းခဲ့ကြပြီးနောက် ထမင်းဆိုင် တံခါးများသို့ တွားသွား၍ လာခဲ့ကြလေ၏။ ဘိုင်စကယ်မှာ တံခါး အနီးတွင် ထောင်ထားဆဲ ဖြစ်လေ၏။

ရှားလော့ဟုမ်းသည် မီးခြစ်ဆံ တစ်ဆံကို ခြစ်ကာ ဘိုင်စကယ် နောက်နားသို့ ကပ်လိုက်သည်တွင် အနားသားတွင် ဖာရာ ရှိသည့် ဒန်းလော့ ဘိုင်စကယ် ဘာယာကို မြင်လိုက်ရသဖြင့် တခစ်ခစ် ရယ်လျက် ရှိလေ၏။ ကျွန်ုပ်တို့ အထက်မှ ပြတင်းပေါက်တွင်မူ မီးရောင်တွေ ထိန်လျက် ရှိလေ၏။


'အိုင်ဆေး၊ ကျုပ် ဟောဒီ ပြတင်းပေါက်ကနေပြီး အထဲကို ချောင်းကြည့်ချင်တယ်ဗျာ၊ ခင်ဗျား အောက်ကနေ၊ ခင်ဗျား ပခုံးပေါ် ကျုပ် တက်ကြည့်မယ်၊ မြင်ရလိမ့်မယ် ထင်တာပဲ'



www.burmeseclassic.com

www.burmeseclassic.com





ရှားလော့ဟုမ်းသည်
အနားသားတွင် ဖာရာ ရှိသည့်
ဒန်းလော့ ဘိုင်စကယ် တာယာကို မြင်လိုက်ရသဖြင့်
တခစ်ခစ် ရယ်လျက် ရှိလေ၏။





ခဏ ကြာလျှင် ရှားလော့ဟုမ်းသည် ကျွန်ုပ် ပခုံးပေါ်တွင် မတ်တတ် ရပ်ကိုက်လေ၏။ သို့ရာတွင် ချက်ချင်း ပြန်ခုန်ချလိုက်ကာ

"ကဲ လာဗျို့၊ ကျုပ်တို့ တော်တော်လေး ဖားသွားပြီ၊ ကျုပ်တို့ ရနိုင်လောက် အချက်အလက်တွေတော့ ရခဲ့ပါပြီ ထင်တာပဲ၊ ကျောင်းကို ပြန်ရမှာဝေးကြီးဗျ၊ ဒီတော့ ခပ်သုတ်သုတ် ပြန်ကြစို့၊ မြန်မြန် ပြန်ရောက်လေ ကောင်းလေပဲ"

စားကျက်ကြီးကို ဖြတ်၍ ပြန်လာခဲ့သည့် အခါတွင် ရှားလော့ဟုမ်းသည် ကား တစ်ခွန်းမျှ မပြောဘဲ ရှေ့မှ ခပ်သုတ်သုတ် သွားလျက် ရှိလေ၏။ ကျောင်းသို့ ပြန်ရောက်သည့် အခါတွင်လည်း ကျောင်းထဲသို့ မဝင်သေးဘဲ မက်ကယ်တန်ထာရုံသို့ တန်းသွားကာ ကြေးနန်းများကို တစ်စောင်ပြီး တစ်စောင် ရိုက်လျက်ရှိလေ၏။

ပြန်ရောက်သည့် အခါတွင် ရှားလော့ဟုမ်းသည် ဂျာမန် စာပြ ဆရာသည့် အတွက် စိတ်သောက ရောက်လျက် ရှိသည့် ကျောင်းအုပ်ကြီး ဒေါက်ဘာ ဟာတ်စတေဘဲကို အားပေး နှစ်သိမ့်ပြီးနောက် ခဏ ကြာလျှင် ကျွန်ုပ်တို့ပွားစဉ်ကကဲ့သို့ပင် ခွန်အား အပြည့်ဖြင့် အခန်းထဲသို့ ရောက်လာလေ၏။

"အားလုံးတော့ အဆင်ပြေသွားပါပြီဗျာ၊ မနက်ဖြန် ညနေလောက် ဆိုရင်တော့ ဒီကိစ္စ လုံးလုံး ရှင်းသွားတော့မှာပါ" ဟု ပြောလေ၏။

နောက်တစ်နေ့ မနက် ဆယ့်တစ်နာရီတွင် ရှားလော့ဟုမ်းနှင့် ကျွန်ုပ်သည် နာမည်ကျော် ဟိုဒါနက်ဆီ ရဲတိုက်ကြီးသို့ အဝင်လမ်း အတိုင်း လျှောက်လာခဲ့ကြလေ၏။ ကျွန်ုပ်တို့ကို အယ်လီစဘက်ခေတ်ပုံ တံခါးပေါက်ကြီး အတိုင်းထဲသို့ ခေါ်သွားပြီးနောက် ခဏ ကြာလျှင် ကျွန်ုပ်တို့သည် နယ်စားကြီး၏ စာကြည့်ဆောင်တွင် ထိုင်မိကြလေ၏။ အခန်းထဲတွင် သပ်ရပ်စွာ ဝတ် ထား ကာ ဟိတ်ဆိတ်နေသော မစ္စတာ ဝိုင်းလဒါးကို တွေ့ရလေ၏။ သို့ရာတွင် ကျိုးကန်းတင်းမှောက်သကဲ့သို့ မျက်လုံးများမှာ ဟိုဟိုသည်သည်ကို လှမ်းကြည့်လျက်ပြီး ဂနာမငြိမ် ဖြစ်လျက် ရှိခြင်းကို ကျွန်ုပ် သတိပြုလိုက်မိ၏။

"နယ်စားကြီးကို တွေ့ချင်လို့ လာကြတာလား၊ ဝမ်းနည်း ပါတယ်ဗျာ၊ နယ်စားကြီး သိပ် နေထိုင်မကောင်းပါဘူး၊ ဒီကိစ္စ ဖြစ်တဲ့ အတွက် နယ်စားကြီးတော် စိတ်ထိခိုက်နေပါတယ်၊ ဂျာမန် စာပြဆရာရဲ့ အလောင်းကို စုံထောက်ကြီးတို့ တွေ့တဲ့ အကြောင်း မနေ့ကပဲ ကျောင်းအုပ်ကြီးဆီက ကြေးနန်း ရောက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နယ်စားကြီးနှင့် တွေ့ချင်တယ်ဗျ"

"သူ့ အခန်းထဲမှာ ရောက်နေတယ်လို့ ထင်ပါတယ်"

"ဒီလိုဆိုရင် အိမ်ခန်းထဲကို လိုက်တွေ့ရလိမ့်မယ်ဗျ"

"အိပ်ရာထဲ ရောက်နေပြီ ထင်ပါတယ်"

"ဒီလိုဆိုရင်လည်း အိပ်ရာထဲကိုပဲ လိုက်တွေ့ရမှာပဲ"

ရှားလော့ဟုမ်း၏ အေးစက်စက်နှင့် ဒွတ်တရွတ် လုပ်မည့် အမူအရာကို မြင်သည့် အခါတွင် အတွင်းဝန် ဝိုင်းလဒါးလည်း ပြော၍ ရတော့မည် မဟုတ်ဟု သိသဖြင့် လက်လျှော့လိုက်လေ၏။

"ကောင်းပြီလေ၊ ဒီလိုဆိုရင်လည်း စုံထောက်ကြီးတို့ ရောက်နေတယ် ဆိုတာ ကျွန်တော် သွားပြောပေးပါ့မယ်"

တစ်နာရီလောက် ကြာသည့် အခါတွင်မှ နယ်စားကြီး ထွက်လာလေ၏။ သူ့ မျက်နှာမှာ ခါတိုင်းထက်ပင် ပို၍ ဖြူဖပ် ဖြူရော် ဖြစ်လျက် ရှိပြီး ပခုံးမှာ ကိုင်းလျက် ရှိရာ ယမန်နေ့ မနက်ကထက် များစွာ အိုစာ ရင့်ရော်သွားသည်ဟုပင် ကျွန်ုပ် စိတ်တွင် ထင်မိပေသေး၏။

နယ်စားကြီးသည် ကျွန်ုပ်တို့ကို ခံ့ညား ယဉ်ကျေးစွာ ကြိုဆိုပြီးနောက် သူ့နေရာတွင် ဝင်ထိုင်လိုက်လေ၏။ နီရဲသော သူ့ မုတ်ဆိတ်မွေးများသည် စားပွဲပေါ်သို့ ဝဲကျလျက် ရှိလေ၏။

"ဆိုစမ်းပါဦး မစ္စတာ ဟုမ်း"

သို့ရာတွင် ရှားလော့ဟုမ်း၏ မျက်လုံးများမှာ နယ်စားကြီး၏ ကုလားထိုင် အနီးတွင် ထိုင်နေသည့် အတွင်းဝန် ဝိုင်းလဒါးကိုသာ စူးစိုက်ကြည့်လျက် ရှိလေ၏။

"မစ္စတာ ဝိုင်းလဒါး မရှိတုန်းမှာ ဆိုရင် သည်ထက် လွတ်လွတ်လပ်လပ် ပြောနိုင်လိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ် နယ်စားကြီး"

ဝိုင်းလဒါး မျက်နှာမှာ ပို၍ ဖြူရော်သွားပြီး ရှားလော့ဟုမ်းကို မကျေနပ်ဟန်ဖြင့် ကြည့်လျက် ရှိလေ၏။

"နယ်စားကြီး ကိုယ်တိုင်က ခွင့်ပြုမယ် ဆိုရင်"

"ကောင်းပြီလေ၊ ဒီလိုဆိုရင် မင်း ခဏ ထွက်ပေးလိုက်ပါ၊ ကဲ ဆိုစမ်းပါဦး၊ ဘာများ အထူးအထွေ ပြောစရာ ရှိလို့လဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ဒီအမှုကို ပေါ်အောင် လုပ်နိုင်ရင် ဆုငွေ ပေးမယ် ဆိုတဲ့ အကြောင်း ကျောင်းအုပ်ကြီးက ကျွန်တော်နှင့် ကျွန်တော့် မိတ်





ဆွေ ဒေါက်တာ ဝပ်ဆင်ကို ပြောသွားလို့ပါ၊ ဒီတော့ ဒါဟာ အမှန်ပဲလား ဆိုတာ နယ်စားကြီး ကိုယ်တိုင်ဆီက သိချင်လို့ပါ"

"ဟုတ်ပါတယ် မစ္စတာ ဟုမ်း"

"သူ ပြောတဲ့ အတိုင်း ဆိုရင် နယ်စားကြီးရဲ့ သားလေး ရှိတဲ့ နေရာကို ပြောနိုင်သူကို ပေါင် ငါးထောင် ပေးမယ်လို့ ဆိုပါတယ်၊ ဒါကော ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"ပြီးတော့ ကလေးကို ထိန်းသိမ်းထားသူ သို့မဟုတ် ထိန်းသိမ်းထားသူများကို ဖော်နိုင်ရင်လည်း နောက်ထပ် ပေါင် တစ်ထောင် ပေးမယ်လို့ ပြောပါတယ်"

"မှန်ပါတယ်"

"ဒီတော့ ထိန်းသိမ်းထားသူလို့ ဆိုတဲ့ အထဲမှာ ကလေးကို ခေါ်သွားတယ်လို့ ယူဆရတဲ့ ပုဂ္ဂိုလ်များကိုသာမက ကလေးကို ခုလို ထိန်းသိမ်းထားအောင် အားပေးသူ ကြံရာပါသူများလည်း ပါတယ်လို့ ကျွန်တော် ယူဆပါတယ်၊ ဒါကော မှန်ပါသလား"

နယ်စားကြီးမှာ စိတ်တိုလာဟန်ဖြင့်

"ဟုတ်ပါတယ်ဗျာ၊ ဒါတွေ ဒီလောက် မေးမနေပါနှင့်၊ ခင်ဗျားတို့ လိုက်နိုင်ရင် ရမှာပေါ့၊ ဒီလောက် ငွေကလေးကို စကားထဲ ထည့်ပြော မနေစမ်းပါနှင့်"

ရှားလော့ဟုမ်းသည် ထိုစကားကို ကြား သည် တွင် ဝမ်းသာအားရဖြင့် လက်ချင်း ပွတ်လျက် ရှိလေရာ ငွေကို မက်မောသူ မဟုတ်ကြောင်း ကောင်းကောင်း သိသည့် ကျွန်ုပ်မှာ သူ့ အမူအရာကို ကြည့်၍ အံ့အားသင့်လျက် ရှိလေ၏။

"စားပွဲပေါ်မှာ တင်ထားတဲ့ စာအုပ်ဟာ နယ်စားကြီးရဲ့ ချက်လက်မှတ် စာအုပ်လို့ ထင်တယ်ဗျ၊ ဒီတော့ ကျွန်တော့် အတွက် ပေါင် ခြောက်ထောင် ချက်လက်မှတ်မှာ ရေးပေးရင်တော့ အတိုင်းတက် အလွန် ကျေးဇူးတင်မှာပဲ၊ ချက်ချင်း သွားမထုတ်ရလည်း ကိစ္စ မရှိပါဘူးဗျာ၊ ကျွန်တော့်ကို ဘယ်နေ့ဖြစ်ဖြစ် ထုတ်နိုင်တဲ့ ခရော့ချက်သာ ရေးပေးပါ၊ ကျွန်တော့် ဘဏ်က ကက်ပီတယ် အင်ကောင်တီးစ် ဘဏ်၊ အောက်စဖို့လမ်း ဘဏ်ခွဲပါ"

နယ်စားကြီး၏ မျက်နှာမှာ အကြီးအကျယ် သုန်မှုန်လျက် ရှိကာ ဒ်းကို ပတ်လိုက်ပြီးနောက် ရှားလော့ဟုမ်းကို စိန်းစိန်းကြီး စိုက်ကြည့်လျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ မစ္စတာ ဟုမ်း၊ ကျုပ်ကို လှောင်နေတာလား၊ ဒါ လှောင်စရာ မဟုတ်ဘူးဗျ'

'လှောင်တာ မဟုတ်ပါဘူး နယ်စားကြီး ခင်ဗျ၊ ကျွန်တော် အလေးအနက် ပြောနေတာပါ'

'ဒါဖြင့် ခင်ဗျား ဆိုလိုချင်တဲ့ အဓိပ္ပာယ်က ဘာလဲ'

'ကျွန်တော် ဆိုလိုချင်တာက ဆုငွေကို ကျွန်တော် ရထိုက်တယ်လို့ ဆိုလိုတာပါ၊ နယ်စားကြီးရဲ့သား ဘယ်မှာ ရောက်နေတယ် ဆိုတာကို ကျွန်တော် သိပါတယ်၊ ပြီးတော့ သူ့ကို ထိန်းသိမ်းထားသူများကိုလည်း အကုန်လုံး မဟုတ်တောင် တချို့တလေကို ကျွန်တော် သိပါတယ်'

နယ်စားကြီး၏ မျက်နှာမှာ ပို၍ပင် ဖြူရော်သွားလေရာ နီရဲသော မုတ်ဆိတ်ကြီးသည် ပို၍ ထင်းထင်းကြီး ပေါ်လျက် ရှိလေ၏။

'ဒါဖြင့် သူ ဘယ်မလဲ' ဟု အမောတကော မေးလိုက်လေ၏။

'သူဟာ ခုချိန်အထိ သို့မဟုတ် မနေ့ညက အထိ ဟောဒီ ရဲတိုက်ဝင်းနှင့် နှစ်မိုင်လောက် ဝေးတဲ့ ခြေကြက်ဖ ထမင်းဆိုင်မှာ ရှိပါတယ် ခင်ဗျာ'

နယ်စားကြီးသည် ကုလားထိုင် နောက်သို့ ပစ်၍ မှီလိုက်လေ၏။

'ဒါဖြင့် ခင်ဗျား ဘယ်သူ့ကို စွပ်စွဲချင်သလဲ'

ရှားလော့ဟုမ်း၏ အဖြေမှာ လန့်သွားလောက်သည့် အဖြေ ဖြစ်ပေ၏။ ရှားလော့ဟုမ်းသည် ရှေ့သို့ ခပ်သုတ်သုတ် တိုးလာကာ နယ်စားကြီး၏ ပခုံးကို ကိုင်လိုက်ပြီးနောက်

'တခြားလူ မဟုတ်ပါဘူး ခင်ဗျား၊ နယ်စားကြီးကိုပါ၊ ဒီတော့ ကျွန်တော့်ကိုသာ ချက်လက်မှတ်ကလေး တစ်ဆိတ် ရေးပေးတော်မူပါ'

နယ်စားကြီးသည် ထိုင်ရာမှ ဖြုန်းခနဲ ထလိုက်ကာ ချောက်ကမ်းပါးကြီးမှ ကျတော့မည့်သူ တစ်ဦးကဲ့သို့ လက်နှစ်ဖက်ကို လေထဲတွင် မြှောက်ကာ လက်များကို ကုပ်ထားလေရာ ထိုရှုခင်းကို ကျွန်ုပ် တစ်သက်တွင် မေ့နိုင်တော့မည် မဟုတ်ချေ။ ထိုနောက် နယ်စားကြီးသည် အထက်တန်းစား မင်းစိုးရာဇာပီပီ သူ့ကိုယ်သူ ပြန်၍ ဣန္ဒြေဆည်လိုက်လျက် ကုလားထိုင်ပေါ်သို့ ပြန်ထိုင်ချကာ မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ထားလေ၏။ အတန်ကြာမျှ ခေါင်းကို မဖော်ဘဲ

'မစ္စတာ ဟုမ်း ဘယ်လောက် အထိ သိသလဲ'

'နယ်စားကြီးတို့ နှစ်ယောက်ကို မနေ့ညက ကျွန်တော် မြင်လိုက်တယ် ခင်ဗျ'





'ခင်ဗျား မိတ်ဆွေ အပြင် တခြား လူတွေများ သိသေးသလား'

'ကျွန်တော် ဘယ်သူ့ကိုမှ မပြောပါဘူး'

နယ်စားကြီးသည် တုန်ယင်သော လက်များဖြင့် ကလောင်တံကို ကိုင်
ယိုက်ပြီးနောက် ချက်စာအုပ်ကို လှန်လိုက်လေ၏။

'ကျုပ် ကတိ တည်ပါတယ် မစ္စတာ ဟုမ်း၊ ခင်ဗျား ရလာတဲ့ သတင်း
ဂ ကျုပ်အဖို့ ဘယ်လောက်ပဲ ဆိုးဆိုး ချက်လက်မှတ်ကိုတော့ ရေးပေးလိုက်
မှာပါ၊ ဆုငွေ ပေးမယ်လို့ ကျုပ် ပြောခဲ့တုန်းက အခြေအနေက ဒီလို ဖြစ်လာလိမ့်
ယယ်လို့ ထင်မှ မထင်ဘဲကိုး၊ ဒါပေမဲ့ ခင်ဗျားနှင့် ခင်ဗျား မိတ်ဆွေဟာ စိတ်ချ
ရတဲ့ လူတွေလို့တော့ ကျုပ် ယုံပါတယ်'

'နယ်စားကြီး ဆိုလိုတာကို ကျွန်တော် နားမလည်ဘူး ခင်ဗျ'

'ရှင်းရှင်းပဲ ပြောမယ်ဗျာ၊ ဒီအဖြစ်အပျက်ကို ခင်ဗျားတို့ နှစ်ယောက်
ဟာ သိပြီ ဆိုရင် တော်လောက်ရောပေါ့၊ ရှေ့ဆက် လုပ်စရာ မလိုတော့ဘူး
ထင်ပါတယ်၊ ရပ်တန်းက ရပ်လိုက်ကြတာပေါ့၊ ကျုပ် ခင်ဗျားကို ပေါင် တစ်
သောင်း နှစ်ထောင် ပေးစရာ ရှိတယ် ထင်တယ် ဟုတ်လား'

ရှားလော့ဟုမ်းက ပြုံး၍ ခေါင်းကို ယမ်းလိုက်ရင်း

'နယ်စားကြီးကို ပြောရမှာတော့ အား နာ ပါ တယ်၊ သို့ သော် လည်း
ဤသနာက ဒီလို လွယ်လွယ်တော့ မပြီးဘူး ထင်တယ် ခင်ဗျ၊ ဂျာမန် စာပြဆရာ
ယသွားတဲ့ ကိစ္စက ရှိသေးတယ်'

'သို့သော်လည်း ကျုပ် အတွင်းဝန် ဂျိမ်း ဝိုင်းလဒါး ဘာမှ မသိပါဘူး
ဗျာ၊ ဒီကိစ္စ အတွက် သူ့မှာ ဘာမှ တာဝန် မရှိပါဘူး၊ သူ ခိုင်းတဲ့ လူမိုက် အရမ်း
လုပ်လို့ ဒီလို ဖြစ်ရတာပါ'

'လူတစ်ယောက်ဟာ ရာဇဝတ်မှု တစ်ခုမှာ ပါပြီ ဆိုရင် အဲဒီကနေ နောက်
ဆက်တွဲ ပေါ်လာတဲ့ ရာဇဝတ်မှုတွေ အတွက်လည်း မနောက်အားဖြင့် အပြစ်
ရှိတယ်လို့ ကျွန်တော် ခံယူတယ် ခင်ဗျ'

'အင်း၊ စုံထောက်ကြီး ပြောတာ ဟုတ်ပါတယ်လေ၊ မနောက်အားဖြင့်
တော့ အပြစ် ရှိပေတာပေါ့၊ သို့သော်လည်း ဥပဒေ အမြင်နှင့် ကြည့်ရင်တော့
အပြစ် မရှိပေဘူးဗျ၊ လူတစ်ယောက်ဟာ လူသတ်တာကို ခင်ဗျား မုန်းသလို
မုန်းတယ်၊ ခင်ဗျား စက်ဆုပ်သလိုလည်း စက်ဆုပ်တယ်၊ ဒါတွင်မကဘူး၊ လူ
သတ်မှု ကျူးလွန်တဲ့ အချိန်မှာ သူလည်း မရှိဘူး ဆိုရင် ဒီလူကို လူသတ်မှုနှင့်
ပဲလို့ မရဘူးဗျ၊ ဒီသတင်းကို သူ ကြားတော့ ကျုပ်ကို ဖွင့်ပြောတယ် သူလည်း



www.burmeseclassic.com

www.burmeseclassic.com



တော်တော်လေး စိတ်ထိခိုက်ပြီး နောင်တ ရတယ်၊ လူသတ်တယ်လို့ သိလိုက်တာနှင့် တစ်ပြိုင်နက် ဒီလူသတ်သမားနှင့် ချက်ချင်း အဆက် ဖြတ်လိုက်တယ်ဗျ၊ စုံထောက်ကြီး သူ့ကို ကယ်နိုင်ရင် ကယ်ပါ၊ စုံထောက်ကြီး မကယ်လို့ မဖြစ်ဘူး'

နယ်စားကြီးမှာ ဣန္ဒြေဆည်ရန် ကြိုးစားခြင်း မပြုတော့ဘဲ တုန်လှုပ်သော မျက်နှာဖြင့် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ကာ လက်သီးကို ကျစ်ကျစ် ပါအောင် ဆုပ်၍ လေထဲတွင် မြှောက်လျက် ရှိလေ၏။ နောက်ဆုံးတွင် ပြန်၍ ဣန္ဒြေဆည်လိုက်ပြီး စားပွဲတွင် ပြန်ထိုင်လိုက်၏။

'ဒီကိစ္စကို ဘယ်သူ့မှ မပြောသေးဘဲ ကျုပ်ဆီကို လာတဲ့ အတွက် ကျေးဇူးတင်ပါတယ် စုံထောက်ကြီး၊ အနည်းဆုံး ဒီသတင်းကို အများ ပြည်သူ ရှေ့မှာ မပေါက်ကြားအောင် ကြိုကြိုတင်တင် စီမံနိုင်တာပေါ့'

'ဟုတ်ပါတယ် နယ်စားကြီး၊ သို့သော်လည်း ဒီလို လုပ်ချင်တယ် ဆိုရင်တော့ ကျွန်တော်တို့ အချင်းချင်း ကြားမှာ ပွင့်ပွင့်လင်းလင်း ဆွေးနွေးဖို့ လိုလိမ့်မယ် ခင်ဗျ၊ ကျွန်တော်လည်း နယ်စားကြီးကို ကူညီဖို့ အဆင်သင့် ရှိပါတယ်၊ သို့သော်လည်း ဒီလို ကူညီနိုင်ဖို့ အတွက်တော့ အဖြစ်အပျက်ကို အစ အဆုံး သိဖို့ လိုလိမ့်မယ် ထင်တယ် ခင်ဗျ၊ ခု ကယ်ဖို့ ပြောနေတာဟာ မစ္စတာ ပိုင်းလဒါး အတွက်ပဲလို့ ကျွန်တော် ထင်တယ်၊ သူဟာ လူသတ်သမား မဟုတ်ဘူးလို့ နယ်စားကြီး ပြောနေတယ်လို့ ကျွန်တော် နားလည်တယ်'

'မဟုတ်ဘူးဗျ၊ လူသတ်သမားက ထွက်ပြေးပြီ'

ရှားလော့ဟုမ်းက ပြုံးလိုက်၏။

'နယ်စားကြီးဟာ ကျွန်တော့် ဂုဏ်ပုဒ်ကလေးကို သိပ် မကြားဖူးဘူး ထင်တယ်ဗျ၊ ကြားဖူးရင် ကျွန်တော့်ကို လွတ်အောင် ပြေးဖို့ မလွယ်ဘူး ဆိုတာ သဘော ပေါက်မှာပဲ၊ ကျွန်တော် သတင်း ပေးလိုက်လို့ မစ္စတာ ရှုဗင် ဟေးကို မနေ့ည ဆယ့်တစ်နာရီက ချက်စတာဖီး ဂါတ်က ဖမ်းလိုက်ပြီ ခင်ဗျ၊ ဒီနေ့ မနက် ဒီကို ထွက်မလာခင်ပဲ ဌာနအုပ်ဆီက ကြေးနန်း ရောက်လာတယ်'

နယ်စားကြီးသည် ကုလားထိုင်ကို မှီလိုက်ပြီးနောက် ရှားလော့ဟုမ်းကို တအံ့တသြဖြင့် ငေးကြည့်နေလေ၏။

'သောက်ကျိုးနည်း၊ နတ်မျက်စိများ ရထားသလား မသိပါဘူးဗျာ၊ ဒါဖြင့် ရှုဗင် ဟေးကို ဖမ်းလိုက်ပြီပေါ့၊ အင်း ကြားရတာ ဝမ်းသာ ပါတယ်ဗျာ၊ တစ်ခုပဲ ရှိရဲ့၊ ဂျိမ်း အပေါ်တော့ အမှု မပတ်ပါစေနှင့်ဗျာ'

'ဂျိမ်း ဆိုတာ နယ်စားကြီးရဲ့ အတွင်းဝန်လား'







'လူသတ်သမားက ထွက်ပြေးပြီ'

'အတွင်းဝန် မဟုတ်ဘူးဗျ၊ သား၊ ကျုပ်သား'

ဤတစ်ကြိမ်တွင် အံ့ဩရသူမှာ ရှားလော့ဟုမ်း ဖြစ်ပေ၏။

'ကျွန်တော်တော့ လုံးလုံး မသိဘူး ခင်ဗျာ၊ နယ်စားကြီး ကျွန်တော့်ကို ရှင်းပြစမ်းပါဦး'

'ဟုတ် ပါ ပြီ လေ၊ ကျုပ် ဘာမှ ကွယ်ဝှက် မနေတော့ပါဘူး၊ ဒီလို အခြေအနေမျိုးမှာ ခင်ဗျား ပြောသလို ပွင့်ပွင့်လင်းလင်း ပြောတာက ပိုကောင်း ပါ တယ်၊ တကယ်တော့ ဒီအခြေအနေကို ရောက်လာတာဟာ ဂျိမ်းရဲ့ မနာလိုမှုနဲ့တို့မှု မိုက်မဲမှုကြောင့် ဖြစ်ရတာဗျ၊ ဒီလို မစ္စတာ ဟုမ်းရေ၊ ကျုပ် ငယ်ငယ်တုန်းက မိန်းမ တစ်ယောက်ကို သဲသဲမဲ ချစ်ခဲ့ဖူးတယ်၊ တစ်သက်မှာ ဒါမျိုး ဒီတစ်ခါပဲ ချစ်နိုင်တော့မယ် ဆိုတာ ဟုတ်မှာပဲ၊ ဒါနှင့် ကျုပ်က အဲဒီမိန်းမကို လက်ထပ်ဖို့ ပြောတယ်၊ ဒါပေမဲ့ ကျုပ် ဂုဏ်သရေကို ထိခိုက်မှာ စိုးလို့ သူက လက်မထပ်ခဲ့ဘူးဗျ၊ ငြင်းခဲ့တယ်၊ ခုနေမှာ သူသာ ရှိသေးတယ် ဆိုရင် ကျုပ် ခုထိ လက်ထပ် ဖြစ်ဦးမှာ မဟုတ်သေးဘူး၊ သူ ဆုံးသွားတော့ ဟောဒီ သားလေး တစ်ယောက် ကျန်ခဲ့တယ်၊ ကျုပ်လည်း သူ့ကို မြတ်နိုးလွန်းလို့ ဒီ သားကို ကျုပ်ပဲ ကြီးပြင်းအောင် မွေးမြူခဲ့တယ်၊ ကျုပ်သားလို့တော့ မ[illegible] ဘူးပေါ့ဗျာ၊ သို့သော်လည်း ကျုပ် သူ့ကို အကောင်းဆုံး ပညာ သင်[illegible]တယ်၊ ပူလားမြောက်တဲ့ အခါကျတော့လည်း သူ့ကို ကျုပ် အနား[illegible] အမြဲ ထား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်၊ ဒီတွင် သူက ကျုပ် လျှို့ဝှက်ချက်ကို သိသွားပြီး ကျုပ်ကို သူ့သားလို့ ကြေငြာရမယ်၊ မကြေငြာရင် ဒီအကြောင်းကို သူကိုယ်တိုင် ဖော်ထုတ်မယ်လို့ ပြောလာတယ်၊ ဒါကြောင့် သူ ရှိနေတဲ့ အတွက် ကျုပ်နှင့် ကျုပ် နောက်အိမ်ထောင်ကြားမှာ ပြဿနာတွေ ဖြစ်ခဲ့ရတယ်၊ ဒါတွင် မကဘူး၊ ကျုပ် နောက်အိမ်ထောင်နှင့် ရတဲ့ တရားဝင် သားလေးကိုလည်း မြင်မြင်ချင်း မုန်းတီးခဲ့တယ်၊ ဒီတော့ ဒီလို အခြေအနေမျိုးမှာ ဂျိမ်းကို ဘာဖြစ်လို့ ထားနေသေးသလဲ၊ နှင်ထုတ်လိုက်ပါလားလို့ ခင်ဗျားက မေးကောင်း မေးမယ်၊ နှင် မထုတ်တာကတော့ တခြားကြောင့် မဟုတ်ပါဘူး၊ ဂျိမ်းဟာ ကွယ်လွန်သူ သူ့ အမေနှင့် တထေရာတည်း ဖြစ်နေတယ်၊ သူ့ အမေကို လွမ်းတိုင်း သူ့ မျက်နှာကို မြင်လိုက်ရရင် ကျုပ်မှာ အလွမ်းပြေခဲ့ရတယ်၊ သူ့ အပြုအမူတွေ သူ့ လှုပ်ရှားမှုတွေကို မြင်တိုင်း ကျုပ်မှာ သူ့အမေကို လွမ်းတဲ့ စိတ်တွေ ပြေခဲ့ရတယ်၊ ဒါကြောင့် သူ့အမေကို ချစ်လွန်းတဲ့ အတွက် ဂျိမ်းကို နှင်မထုတ်ရက်ခဲ့ဘူး၊ ဒါပေမဲ့ ကျုပ်စိတ်ထဲမှာတော့ ဂျိမ်းဟာ အာသာကို (အာသာ ဆိုတာ ခုပျောက်သွားတဲ့ ကလေး) တစ်ခုခု မကောင်းကြံလိမ့်မယ်လို့ ထင်နေတာ၊ ဒါနှင့် ကျုပ် အာသာကို ကျမ်းစာသင်ကျောင်းကို ကျောင်းအိပ် ကျောင်းစား ပို့လိုက်တယ်။

"ဒီတွင် ဂျိမ်းဟာ ရူဗင် ဟေး ဆိုတဲ့ ကောင်နှင့် အဆက်အသွယ် ရသွားတယ်၊ ရူဗင် ဟေး ဆိုတဲ့ ကောင်က ကျုပ်မြေပေါ်မှာ စာရင်းငှား လုပ်နေတာကိုး၊ ဂျိမ်းက ကျုပ် ကိစ္စတွေကို စီမံခန့်ခွဲရလေတော့ သူနှင့် ရူဗင် ဟေးနှင့် တွေ့သွားကြတယ်၊ ရူဗင် ဟေး ဆိုတဲ့ ကောင်က တကယ့် လူမိုက်၊ သို့သော်လည်း ကျုပ်သား ဂျိမ်းဟာ ဒီကောင်နှင့် ဘယ်လိုကနေ ဘယ်လို တွဲမိ သွားကြတယ် မသိဘူး၊ ရင်းနှီး သွားကြတော့တာပါပဲ၊ ခက်တာက ကျုပ်သား ဂျိမ်းကလည်း အောက်တန်းစားတွေနှင့် ပေါင်းရတာကို တော်တော်လေး နှစ်သက်တယ်ဗျ၊ ဂျိမ်းဟာ အာသာကို ခိုးမယ် လုပ်တော့ ရူဗင် ဟေးကို သွားတွေ့တယ်၊ ကလေး မပျောက်ခင် တစ်ရက်တုန်းက ကျုပ် စာတစ်စောင် ရေးလိုက်တယ် ဆိုတာကို ခင်ဗျား မှတ်မိဦးမလား မသိဘူး၊ အဲဒီတုန်းက ဂျိမ်းဟာ စာအိတ်ကို ဖွင့်ပြီး ကျောင်းနားမှာ ရှိတဲ့ နှင်းကြမ်း တောထဲကို လာပြီး သူ့ကို လာတွေ့ဖို့ စာတစ်စောင် ရေးထည့်လိုက်တယ်၊ သူ့ အမေရဲ့ နာမည်ကို ထည့်သုံးလိုက်တော့ ကလေးကလည်း အဟုတ် မှတ်ပြီး ဆင်းလာတာပေါ့ဗျာ၊ အဲဒီညတုန်းက ဂျိမ်းဟာ ဘိုင်စကယ် စီးပြီး ... ဒါ သူ ကျုပ်ကို ပြောတဲ့ အတိုင်း ပြောနေတာနော်၊ တောထဲမှာ စောင့်နေတဲ့ ကလေးနှင့် တွေ့တော့ သူ့ကို သူ့ အမေ နယ်စား





ကတော်ကြီးက ဘယ်လောက် တွေ့ချင်နေတဲ့ အကြောင်း၊ စားကျက်ကြီးထဲမှာ သူ့ကို စောင့်နေတဲ့ အကြောင်း၊ ညသန်းခေါင်လောက် ဆင်းလာခဲ့ရင် မြင်း တစ်စီးနှင့် လူတစ်ယောက် စောင့်နေမယ့် အကြောင်း၊ အဲဒီ လူက သူ့ကို နယ်စားကတော်ကြီးဆီ ခေါ်သွားမယ့် အကြောင်း ပြောပြတယ်၊ ကလေးက ဘာသိမလဲဗျာ၊ အဟုတ်ထင်ပြီး ကျောင်းက ညကြီးသန်းခေါင် ထွက်လာတာပေါ့၊ ချိန်းတဲ့နေရာ ရောက်တော့ အဲဒီ ရူဗင် ဟေး ဆိုတဲ့ ကောင်ကို တွေ့တာပဲ၊ အာသာလည်း အဲဒီ မြင်းပေါ် တက်ပြီး လိုက်လာခဲ့တယ် ဗျ၊ ဒီတုန်းမှာ ဂျာမန် ဆရာက သူ ထွက်ပြေးမှန်း သိလို့ နောက်က လိုက်လာပုံ ရတယ် (ဒီအကြောင်းကိုတော့ အဲဒီတုန်းက ဂျိမ်း မသိပါဘူး၊ မနေ့ကမှ သိတာပါ၊)၊ လိုက်လာတော့ ရူဗင် ဟေးက လိုက်လာတဲ့ လူကို ပါလာတဲ့ တုတ်နှင့် ရိုက်လိုက်တာ အရိုက်ခံရသူလည်း ဒဏ်ရာနှင့် သေသွားတာပါပဲ၊ ရူဗင် ဟေးဟာ ကလေးကို သူ့ရဲ့ ရွှေကြက်ဖ ထမင်းဆိုင်ကို ခေါ်လာပြီး အပေါ်ထပ် အခန်းကလေးထဲမှာ ဝှက်ထားခဲ့တယ်ဗျ၊ ကလေးကိုတော့ ရူဗင် ဟေးရဲ့ မိန်းမကြီးက စောင့်ရှောက်ပေးတယ်၊ အသွားကြီးက သနားတတ်တဲ့ မိန်းမကြီးပါ၊ ဒါပေမဲ့လည်း ယောကျ်ားကို ကြောက်တော့ ယောကျ်ား ခိုင်းတဲ့ အတိုင်းပဲ လုပ်ရတာပေါ့။

"ဒါကတော့ လွန်ခဲ့တဲ့ နှစ်ရက်လောက်က ခင်ဗျားတို့ ရောက်လာသည်အထိ ဖြစ်ပျက်ခဲ့တဲ့ အခြေအနေပဲ၊ ဒါတွေဟာ တကယ့် အမှန် ဖြစ်ပျက်ခဲ့တာပါ၊ ဒါကို ခင်ဗျား သိပါတယ်လေ၊ ဒါဖြင့် ဂျိမ်းဟာ ဘာရည်ရွယ်ချက်နှင့် လုပ်သလဲလို့ ခင်ဗျားက မေးကောင်း မေးမယ်၊ ဂျိမ်းဟာ ကျုပ်ရဲ့ အမွေစား အမွေခံသားကို အစဉ်းစား အဆင်ခြင် မရှိ မုန်းလို့ပဲလို့ ဖြေရလိမ့်မယ်ဗျ၊ သူ့ အမြင်မှာတော့ ကျုပ်ရဲ့ ပစ္စည်းတွေနှင့် တကွ ကျုပ်ရဲ့ ဘွဲ့ကို သူပဲ ဆက်ခံသင့်တယ်လို့ ထင်နေတယ်၊ ဒီလို မဖြစ်အောင် တားထားတဲ့ ထုံးစံ ဓလေ့တွေကို သူ စက်ဆုပ်တယ်၊ ဒါက သူ့ အတွင်းစိတ်မှာ ပေါ်နေတဲ့ ရည်ရွက်ချက်ပေါ့လေ၊ ဒါ့အပြင် သူ့မှာ တခြား ရည်ရွယ်ချက် တစ်ခုလည်း ရှိသေးတယ်၊ အဲဒါက ဘာလဲ ဆိုတော့ နယ်စားဘွဲ့နှင့်တကွ ဆွေစဉ်မျိုးဆက် ပိုင်တဲ့ ကိစ္စကို တစ်ခါတည်း ဖြတ်ပစ်လိုက်ချင်တယ်၊ ကျုပ် လုပ်ရင် ဖြစ်နိုင်တယ်လို့လည်း သူ ယူဆတယ်၊ ဒီတော့ ကျုပ်က ကျုပ်ရဲ့ နယ်စားဘွဲ့နှင့် အရိုက်အရာတွေကို စွန့်မယ် ဆိုရင် အာသာကို ပြန်ပေးမယ်လို့ ဈေးဆစ်မယ်လို့ ရည်ရွယ်ပုံ ကျတယ်၊ ဒီလို လုပ်လိုက်ရင် သူ့ အဖို့ ကျုပ် သေတမ်းစာ ရေးလိုက်ရုံနှင့် ကျုပ် အမွေ ကို သူ ရပြီပေါ့၊ ကျုပ် အနေနှင့်လည်း အလိုအလျောက် ပုလိပ်ကို ဘယ်နည်းနှင့်မှ တိုင်



www.burmeseclassic.com

www.burmeseclassic.com



မှာ မဟုတ်ဘူး ဆိုတာကိုလည်း သူ သိထားတယ်၊ ကျုပ်ကို ဒီလို အလဲအလှယ် လုပ်နိုင်တယ်လို့သာ ကျုပ် ပြောတာနော်၊ တကယ်တော့ သူက ခုထိ ဘာမှ မပြောသေးဘူး၊ အဖြစ်အပျက်တွေက သိပ် မြန်ဆန်တော့ သူလည်း သူ့ စိမ်ကိန်းကို အကောင်အထည် ဖော်ချိန် မရလိုက်တော့ဘူး ထင်ပါရဲ့။

'သူ့ အကြံအစည် ပျက်သွားရတာကတော့ တခြားကြောင့် မဟုတ်ဘူးဗျ၊ ဟောဒက်ဂါးရဲ့ အလောင်းကို ခင်ဗျားတို့ တွေ့လိုက်လို့ ဖြစ်သွားတာ၊ ဟောဒက်ဂါး သေသွားပြီလို့လည်း ကြားရော သူလည်း တော်တော်ကို လန့်သွားပုံ ရတယ်၊ မနေ့က ကျုပ်တို့ ဒီအခန်းထဲ ထိုင်နေကြတုန်းမှာ ဒီကြေးနန်း ရောက်လာတာပဲ၊ ကျောင်းအုပ်ကြီးက ကျုပ်တို့ဆီကို ကြေးနန်း တစ်စောင် ပို့လိုက်တယ်လေ၊ ဒီသတင်းလည်း ကြားရော ဂျိမ်းဟာ မနေနိုင် မထိုင်နိုင်လောက်အောင် ဂဏှာမငြိမ် ဖြစ်လာတယ်၊ ဒီအထဲမှာ ကလေးကို ခေါ်တဲ့ နေရာမှာ သူ့ လက်ချက်ပဲလို့ နဂိုက သံသယ ဖြစ်နေတဲ့ ကျုပ် သံသယဟာလည်း ခိုင်မာသွားတယ်၊ ဒီတွင် သူလည်း မနေနိုင်တော့ဘဲ သူ့ အလိုအလျောက် ကျုပ်ကို ဖွင့်ဝန်ခံတော့တာပဲ၊ ပြီးတော့ သုံးရက်လောက် ဒီသတင်းကို ဖုံးဖိပေးပါ၊ ဒါမှ သူ့ ကြံရာပါ ရူဗင် ဟေး ရှောင်နိုင်မှာပါလို့ ကျုပ်ကို အတင်း တောင်းပန်တယ်၊ ဒီတွင် ကျုပ်လည်း ခါတိုင်းလိုပဲ သူ့ အလိုကို လိုက်လျောလိုက်တယ်၊ ဂျိမ်းလည်း ရူဗင် ဟေးဆီကို သုတ်ခြေတင်ပြီး အကျိုးအကြောင်း ပြော၊ ထွက်ရှောင်ဖို့ အစီအစဉ်တွေ လုပ်ပေးတယ်၊ ကျုပ်အဖို့တော့ လူမြင် သူမြင် အဲဒီ နေရာကို သွားလို့ မတော်ဘူး မဟုတ်လား၊ ဒါနှင့် ည ရောက်တာနှင့် တစ်ပြိုင်နက် ကျုပ်လည်း အာသာကို တွေ့ရအောင် ထမင်းဆိုင်ကို လိုက်လာခဲ့တယ်၊ ကလေးကတော့ ဘာမှ မဖြစ်ပါဘူး၊ ဒါပေမဲ့ သူ့ ရှေ့မှာတွင် ဒီလို ဖြစ်သွားတာကို မြင်လိုက်ရတော့ တော်တော်လေး စိတ်ထိခိုက်သွားတယ်၊ ဒီတွင် ကျုပ်လည်း ကျုပ် ကတိ အတိုင်း ကလေးကို ထမင်းဆိုင်ရှင် အဘွားကြီးဆီမှာ သုံးရက် အပ်ထားခဲ့ရသေးတယ်၊ ဒီတော့ ကျုပ်အဖို့ သူတို့ကို အသိ မပေးဘဲ ပုလိပ်ကို အကြောင်း ကြားလို့လည်း မရ၊ လူသတ်သမားကိုလည်း ထုတ်ပြောလို့ မရ၊ ဒီကြားထဲ လူသတ်သမားကို ထုတ်ပြောလိုက်ရင်လည်း ဂျိမ်းကို အမှု ပတ်လာဦးမှာ ဆိုတော့ ကျုပ်မှာ သောက ရောက်လိုက်ရတာဗျာ၊ ခု ခင်ဗျားက ပွင့်ပွင့်လင်းလင်း ပြောပါ ဆိုလို့ ပြောလိုက်ပြီလေ၊ ဒီတော့ ခင်ဗျား အနေနှင့် ခင်ဗျား စကား တည်လိမ့်မယ်လို့ ကျုပ် မျှော်လင့်တယ်၊ ကဲ ကျုပ်က ပွင့်ပွင့်လင်းလင်း ပြောသလို ခင်ဗျားကလည်း ပွင့်ပွင့်လင်းလင်း ပြောစေချင်တယ်ဗျ'





'ပြောပါ့မယ်၊ စိတ်ချပါ၊ ပထမ အချက်အားဖြင့် နယ်စားကြီးဟာ တရား ဥပဒေရဲ့ အမြင်မှာ တော်တော်လေး အရေးကြီးတဲ့ အနေအထားကို ရောက်နေ တယ် ခင်ဗျ၊ နယ်စားကြီးဟာ ရာဇဝတ်မှုကြီး တစ်ခုကို ဖုံးကွယ်ရာ ရောက် တယ် ခင်ဗျ၊ ပြီးတော့ လူသတ်သမား တစ်ယောက်ကို ထွက်ပြေး လွတ်မြောက် သွားအောင် ကူညီခဲ့တယ် ခင်ဗျ၊ ဘာဖြစ်လို့လဲ ဆိုတော့ ရူဗင် ဟေး လွတ်မြောက် သွားအောင် ဂျိမ်းက ငွေကြေးနှင့် ပံ့ပိုးတဲ့ နေရာမှာ ဒီငွေကြေးဟာ နယ်စားကြီး ပိုက်ထဲက ထွက်လာတဲ့ ငွေကြေး ဖြစ်ရမယ် ဆိုတာ ဘာမှ သံသယ ဖြစ်စရာ မလိုဘူး ခင်ဗျ'

နယ်စားကြီးက ခေါင်းညိတ်လိုက်၏။

'ပြဿနာဟာ တော်တော် အရေးကြီးတယ်ဗျ၊ ရှင်းရှင်း ပြောရရင် နယ် စားကြီးရဲ့ သဘောထားဟာ သားငယ် အပေါ်တောင် အပြစ် ကျူးလွန်ရာ ရောက် နေတယ်၊ နယ်စားကြီးဟာ သားငယ်ကို ထမင်းဆိုင် အပေါ်ထပ်မှာ သုံးရက် ပိတ်လှောင်ခွင့် ပေးထားခဲ့တယ်'

'ဒါကတော့ ကိုယ်က ကတိ ပေးထားလို့'

'ဒီလို လူမျိုးတွေ အပေါ် ကတိ တည်နေလို့ကော ဘာအကျိုး ရှိမှာလဲ ခင်ဗျာ၊ အကယ်၍ သူငယ်ကလေးကို တခြား ခေါ်ထုတ်သွားရင် ဘယ့်နယ် လုပ်မလဲ၊ မလုပ်ဘူးလို့ နယ်စားကြီးကို ဘယ်သူက အာမခံချက် ပေးသလဲ၊ နယ်စားကြီးဟာ အပြစ် ရှိတဲ့ သားအကြီးကို အကာအကွယ် ပေးချင်တာနှင့် သားအငယ်ကို မလိုအပ်တဲ့ အန္တရာယ်တွေထဲမှာ ဒီအတိုင်း ထားပစ်ခဲ့တယ်၊ ဒီ အချက်ကတော့ တော်တော်လေးကို တရားလက်လွတ် ဖြစ်ရာ ရောက်လှတယ် ဗျာ'

မိမိ ရဲတိုက် ခန်းဆောင်ကြီးထဲတွင် မိမိအား ဤသို့ အပြစ်တင် ခံရ သည်ကို နယ်စားကြီး တစ်ခါမျှ မကြုံဖူးချေ။ သူ့ နဖူးပြင်မှာ နီရဲလျက် ရှိသော် လည်း လိပ်ပြာ မလုံသည့် အတွက် ဘာကိုမျှ မပြောနိုင်တော့ပြီ။

'ဟုတ်ပြီလေ၊ ဒီတော့ နယ်စားကြီးကို ကျွန်တော် ကူညီပါ့မယ်၊ သို့သော် လည်း ခြွင်းချက် တစ်ခုတော့ ထားရလိမ့်မယ် ခင်ဗျ၊ တခြား မဟုတ်ပါဘူး၊ နယ်စားကြီးရဲ့ အိမ်ဖော် တစ်ယောက်ကို ခေါ်ပြီး ပေးပါ၊ ကျွန်တော် လုပ်ချင်တာ ကို လုပ်ခိုင်းခွင့် ပေးပါ'

နယ်စားကြီးသည် မည်သို့မျှ မ ပြော တော့ ဘဲ လျှပ်စစ် ခေါင်းလောင်း လေးကို နှိပ်လိုက်သည့်တွင် အိမ်စေ တစ်ယောက် ရောက်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှားလော့ဟုမ်းက

'ဒီမှာ၊ မင်းတို့ သခင်လေး ပြန်တွေ့တယ်လို့ မင်းတို့ ကြားရရင် မင်းတို့ ဝမ်းသာမှာပဲ၊ ဒီတော့ ဟောဒီက နယ်စားကြီးက ရွှေကြက်ဖ ထမင်းဆိုင်ကို ရထား တစ်စင်း လွှတ်လိုက်စေချင်တယ်၊ လွှတ်ပြီးတော့ မင်းတို့ သခင်လေးကို အိမ်ပြန် ခေါ်ခဲ့ကြ'

အိမ်စေက ဝမ်းသာအားရ ထွက်သွားသည့် အခါတွင် ရှားလော့ဟုမ်းက

'ကဲ၊ အနာဂတ်ကို သေချာအောင် လုပ်ပြီးမှ အတိတ်ကို ဘွာခတ်နိုင်မယ် ခင်ဗျ၊ ကျွန်တော်ဟာ အစိုးရ အမှုထမ်း မဟုတ်ပါဘူး၊ ဒီတော့ တရား ဥပဒေ အရ ဖြစ်တယ် ဆိုရင် ကျွန်တော့် အနေနှင့် ကျွန်တော် သိသမျှတွေကို ဘာဖြစ်လို့ ထုတ်ဖော် ပြောနေရမှာလဲ၊ ရှုဗင် ဟေးနှင့် ပတ်သက်လို့တော့ ကျွန်တော် ဘာမှ မပြောလိုဘူး ခင်ဗျ၊ သူ့ကို ကြိုးစင်က စောင့်နေတယ်၊ သူ့ကို ကယ်ဖို့လည်း ကျွန်တော် လုပ်ပေးလိမ့်မယ် မဟုတ်ဘူး၊ ရုံးတော်မှာ စစ်ရင် သူက ဘာတွေ ဖော်ပြောဦးမလဲ ဆိုတာတော့ ကျွန်တော်လည်း မပြောနိုင်ဘူး၊ သို့သော်လည်း သူ့အတွက် ကောင်းချင်ရင် ကျွန်တာတွေကို ထုတ်မပြောပါနှင့်လို့ သူ့ကို နားချဖို့ လိုလိမ့်မယ်၊ ပုလိပ်ဘက်ကတော့ သူဟာ ငွေ လိုချင်လို့ သူငယ်ကလေးကို ပြန်ပေး ဆွဲတယ်လို့ပဲ မြင်ကြမှာပေါ့လေ၊ သူတို့ ဒီလို မမြင်ဘူး ဆိုရင်လည်း အဲဒီလို မြင်ပါလို့ ကျွန်တော်က တိုက်တွန်းစရာ မလိုပါဘူး၊ သို့သော်လည်း နယ်စားကြီးကို တစ်ခု သတိပေးချင်တာကတော့ ဂျိမ်း ဝိုင်းလဒါးကို နယ်စားကြီးဆီမှာ ဆက်ထားဦးမယ် ဆိုရင် နောင်မှာ ဒီထက် ဆိုးတဲ့ မဖွယ်မရာတွေ ဖြစ်လာနိုင်တယ် ဆိုတာလောက်ကိုတော့ သတိပေးချင်တယ် ခင်ဗျ'

'ကျွန်တော် နားလည်ပါတယ် မစ္စတာ ဟုမ်း၊ ဒါကြောင့် သူ့ကို ဩစတြေးလျ ပို့ပြီး သူ့ အလုပ်အကိုင်နှင့်သူ ကောင်းကောင်းမွန်မွန် နေနိုင်အောင် စီစဉ်ပြီးပါပြီ'

'ဒီလိုဆိုရင် နယ်စားကြီးတို့ အိမ်ထောင်ရေး အဆင်မပြေ ဖြစ်ရတာဟာလည်း သူ့ကြောင့်လို့ နယ်စားကြီး ပြောလက်စ ရှိလေတော့ နယ်စားကတော်ကြီးနှင့် ပတ်သက်တဲ့ နယ်စားကြီးရဲ့ အမှားတွေကိုလည်း ပြင်သင့်တယ်လို့ ကျွန်တော် အကြံ ပေးချင်တယ် ခင်ဗျ၊ အဆင် မပြေခဲ့ဘဲ အဆက် ဖြတ်ခဲ့ရတာတွေကိုလည်း ပြည်ဖုံးကား ချပြီး တစ်ယောက်နှင့် တစ်ယောက် ပျော်ပျော်ရွှင်ရွှင် သင့်သင့်မြတ်မြတ် နေသင့်တယ်လို့ အကြံ ပေးချင်တယ်'





'ဟုတ်ကဲ့၊ ဒါကိုလည်း ကျွန်တော် စီစဉ်ပြီးပါပြီ၊ ဒီနေ့ မနက်ပဲ နယ်စား တော်ကြီးဆီကို ကျွန်တော် စာရေး အကြောင်းကြားလိုက်ပါပြီ'

ရှားလော့ဟုမ်းက ထိုင်ရာမှ ထလိုက်ရင်း

'ကောင်းပါလေ့ ခင်ဗျာ၊ ဒီလိုဆိုရင်တော့ ကျွန်တော်တို့ အင်္ဂလန် မြောက် ပိုင်းကို လာရကျိုး နပ်ပေတာပေါ့၊ ခုတော့ ကျွန်တော့် စိတ်ထဲမှာ အားလုံး ရှင်း သွားပါပြီ၊ ကျွန်တော့် စိတ်ထဲမှာ မရှင်းတဲ့ အချက်ကလေး တစ်ချက်ပဲ ကျန်ပါ တော့တယ်၊ ရှုဗင် ဟေး ဆိုတဲ့ လူဟာ သူ့ မြင်းတွေကို သံခွာ ရိုက်ပြီး နွားခြေရာ တု လုပ်ထားတယ် ခင်ဗျ၊ ဒီလို အကြံမျိုးကို သူ ဘယ်က ရတာလဲ၊ ဂျိမ်း ဝိုင်း လဒါးဆီက ရတာ မဟုတ်လား'

နယ်စားကြီးသည် အလွန် အံ့ဩသွားဟန်ဖြင့် အတန်ကြာမျှ စကား မပြောနိုင်ဘဲ စဉ်းစားလျက် ရှိလေ၏။ ထို့နောက် တံခါး တစ်ချပ်ကို ဖွင့်လိုက် ပြီးလျှင် ပြတိုက်ကဲ့သို့ ခင်းကျင်းထားသည့် အခန်းကြီး တစ်ခုထဲသို့ ကျွန်ုပ်တို့ ကို ခေါ်သွားလေ၏။

အခန်းထဲသို့ ရောက်လျှင် ထောင့် တစ်ထောင့်တွင် ရှိသည့် မှန် သေတ္တာ ကြီး တစ်ခု အနီးသို့ ခေါ်သွားကာ အောက်တွင် ရေးထိုးထားသည့် စာတမ်းများ ကို ပြသလေ၏။

စာတမ်းမှာ အောက်ပါ အတိုင်း ဖြစ်လေ၏။

'ဤခွာများကို ဟိုဒါနက်ဆီ ရဲတိုက် ကျုံးကြီးထဲမှ တူးဖော် ရရှိခြင်း ဖြစ်သည်၊ ဤခွာများမှာ မြင်းများ အတွက် အသုံးပြုရန် ဖြစ်သည်၊ သို့ရာတွင် နောက်မှ လိုက်လာသူများ မျက်စိလည်သွားစေရန် အတွက် အလယ်တွင် ခွာ ကို ခွဲ၍ နွားခွာကဲ့သို့ ပြုလုပ်ထားခြင်း ဖြစ်သည်၊ ဤခွာတို့မှာ အလယ်ခေတ် လောက်က ဟိုဒါနက်ဆီ မှူးကြီး မတ်ကြီးများ စစ်တိုက်ရာတွင် အသုံးပြုသည့် ပစ္စည်းများ ဖြစ်သည်ဟု ယူဆရသည်'

ရှားလော့ဟုမ်းသည် သေတ္တာကို ဖွင့်ကာ လက်ကို တံတွေး ဆွတ်လိုက် ပြီးလျှင် သံခွာကို တို့ကြည့်လိုက်လေ၏။

မကြာခင်ကမှ ပေကျံခဲ့ဟန် တူသည့် ရွှံ့စက်များကို လက်ပေါ်တွင် တွေ့ရ လေ၏။

ထို့နောက် သေတ္တာကို ပြန်ပိတ်လိုက်ရင်း

'ကျေးဇူးပါပဲ ခင်ဗျာ၊ အင်္ဂလန် မြောက်ပိုင်းကို လာရာမှာ ကျွန်တော့် အဖို့ ဒုတိယ စိတ်ဝင်စားစရာ ကောင်းတဲ့ ပစ္စည်းပါပဲ'



www.burmeseclassic.com

www.burmeseclassic.com

"ပထမ ပစ္စည်းက ဘာလဲ ခင်ဗျ"

ရှားလော့ဟုမ်းက ချက်လက်မှတ်ကို ခေါက်၍ မှတ်စု စာအုပ်ကြားထဲသို့ သေချာစွာ ညှပ်လိုက်လေ၏။

ထိုနောက် ချက်လက်မှတ် ထည့်ထားသည့် စာအုပ်ကလေးကို တယုတယ ပွတ်သပ်ကာ အတွင်း အိတ်ထဲသို့ ထိုးထည့်လိုက်ရင်း "ကျုပ်က ဆင်းရဲသားလေဗျာ" ပြောလိုက်လေသတည်း။

[မူရင်း ဝတ္ထု *The Adventure of the Priory School.* ရှေ့ဥဒေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် "ကျောင်းသားလေး တစ်ယောက် ပျောက်ဆုံးမှု" ဟူသော အမည်ဖြင့် မြန်မာမှု ပြုပြီး။]



# မိုက်ခဲ ပီတာ



ကျွန်ုပ်၏ မိတ်ဆွေကြီး ရှားလော့ဟုမ်း အဖို့ ၁၈၉၅ ခုနှစ်လောက် ကိုယ်ခန္ဓာအရ လည်းကောင်း၊ စိတ်ဓာတ်အရ လည်းကောင်း ကျန်းမာ ရွှင်လန်းသည့် အခါ ဟူ၍ တစ်ခါမျှ မတွေ့ရသေးချေ။ ထိုအချိန်က ရှားလော့ဟုမ်းမှာ နာမည်ကြီးသလောက် လိုက်ရသည့် အမှုများကလည်း လက်မလည်နိုင်အောင် ဖြစ်လျက် ရှိသဖြင့် ဘေကာလမ်းရှိ ကျွန်ုပ်တို့ တိုက်ခန်းကျဉ်းကလေးသို့ ရောက်လာကြသော ထင်ရှားသည့် ပုဂ္ဂိုလ်ကြီး အချို့ကို ထုတ်ဖော်ပြောလျှင် ကျွန်ုပ်အား ကြွားလုံးကြီးသည်ဟုပင် ထင်ကြပေလိမ့်မည်။

သို့ရာတွင် မိမိ အနုပညာကို ချစ်၍ အနုပညာ အတွက် နေထိုင် အသက်ရှင်ခြင်း ပြုသည့် အနုပညာကျော်ကြီးများကဲ့သို့ပင် ရှားလော့ဟုမ်းသည်လည်း ဝါသနာကို မြတ်နိုးသည့် အလျောက် ယခု အလုပ်ကို လုပ်ကိုင်နေခြင်း ဖြစ်ရကား ကျွန်ုပ် သိသလောက် နယ်စားကြီး ဟိုဒါနက်ဆီ၏ အမှုမှ လွဲလျှင် မြိုးမြိုးမြက်မြက် ရသည့် အခါ ဟူ၍ တစ်ခါမျှ မရှိဖူးသေးချေ။

ရှားလော့ဟုမ်းသည် သူ စိတ်မပါလျှင် မည်မျှ ကြီးကျယ်သော ပုဂ္ဂိုလ်၏ အမှုကို ဖြစ်စေ လိုက်ပါ ဆောင်ရွက်ပေးလေ့ မရှိဘဲ မိမိ၏ စိတ်ကူးဉာဏ်နှင့် ထိုးထွင်းဉာဏ်ကို သုံးရမည့် စိတ်ပါဝင်စားဖွယ် အမှုမျိုးကို ဆိုလျှင် သီတင်းပတ်ပေါင်း များစွာ ကြာသည့်တိုင်အောင် အပတ်တကုတ် အားထုတ်တတ်လေ့ ရှိသည်မှာ သူ၏ လူမဆန်မှုလော၊ ကြောင်ကွက်လော ဟူ၍ ကျွန်ုပ် မ[illegible]းစား ရတ်အောင် ရှိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မေ့နိုင်ဖွယ် မရှိသည့် ထိုနှစ်ဖြစ်သော ၁၈၉၅ ခုနှစ်၌ ပုတ် ရယာန်း ႕င်၊ ကြီး ကိုယ်တိုင် မေတ္တာ ရပ်ခံသဖြင့် လိုက်လံ စုံစမ်းခဲ့ရသော ဂိုဏ်းချုပ်ကြီး တော်စကာ ရုတ်တရက် ကွယ်လွန် အနိစ္စ ရောက်သည့် ကိစ္စမှ အစပြု၍ လန်ဒန် အရှေ့ဖျား ရပ်ကွက်တွင် ပလိပ်ကပ် ရောဂါဆိုးကြီးကို ဖယ်ရှား ပစ်လိုက်သည့် နှယ် ကနေရီ ငှက်မွေးသူ နာမည်ကြီး လူဆိုး ဝီလဆင်ကို ဖမ်းဆီးသည့် ကိစ္စ အပါအဝင် ထူးဆန်း၍ စိတ်ဝင်စားဖွယ် ကောင်းသည့် အမှု တော်တော်များများ ကို လိုက်ခဲ့ရပေ၏။

ထိုအမှုများ နောက်တွင် ဝုဒမင်လီမှ မာလိန်မှူး ပီတာ ကာရေ ထူးဆန်း စွာ သေဆုံးမှု စသည်တို့လည်း ရှိပေသေး၏။ ရှားလော့ဟုမ်း၏ ဆောင်ရွက်ချက် များကို မှတ်တမ်း တင်ရာတွင် ဤထူးခြား ဆန်းကြယ်သည့် အမှုကို ချန်လှပ် ထားခဲ့သည် ဆိုလျှင် ပြည့်စုံခြင်း ရှိမည် မဟုတ်သည့် အတွက် အောက်တွင် ဖော်ပြ လိုက်ရပေ၏။

စူလိုင်လ ပထမ အပတ် အတွင်း၌ ကျွန်ုပ်၏ မိတ်ဆွေကြီး ရှားလော့ ဟုမ်းသည် အိမ်မှ မကြာခဏ ပျောက်သွားတတ်သည့် အတွက် သူ့တွင် အရေး တကြီး အလုပ် ကိစ္စ ပေါ်နေကြောင်းကို ကျွန်ုပ် သတိထားလိုက်မိ၏။ ထို့ပြင် ကျွန်ုပ်တို့ တိုက်ခန်းသို့ ရုပ် ခပ်ကြမ်းကြမ်း လူများ မကြာခဏ ရောက်လာကာ သဘော်မာလိန်မှူး ဘေဆယ်လ် တစ်ယောက် ရှိ မရှိ လာရောက် စုံစမ်းကြသည့် အတွက် ရှားလော့ဟုမ်းသည် နဂို အမည်ကို ဖျောက်ကာ သူ့ ထုံးစံ အတိုင်း ရုပ်ဖျက် စုံစမ်း ထောက်လှမ်းနေလိမ့်မည်ဟု ကျွန်ုပ် တွေးမိ၏။

ရှားလော့ဟုမ်းသည် လန်ဒန်မြို့ အနှံ့အပြား ငါးနေရာလောက်တွင် ပြောင်း ၍ နေထိုင်ကာ နာမည် အမျိုးမျိုးဖြင့် နေထိုင်တတ်သည်ကို ကျွန်ုပ် သိပြီး ဖြစ် ၏။ ရှားလော့ဟုမ်းသည် သူ့ အလုပ် အကြောင်းကို ကျွန်ုပ်အား မည်သို့မျှ ပြော ဆိုခြင်း မပြုသည့် နည်းတူ ကျွန်ုပ်ကလည်း သူ မပြောလျှင် မေးရိုး ထုံးစံ မရှိ ချေ။ သူ စုံစမ်း ထောက်လှမ်းနေသည့် အမှု အကြောင်းကို ကျွန်ုပ်အား ပထမဆုံး အရိပ်အမြွက် ထုတ်ဖော် ပြောပုံမှာလည်း မှတ်သားလောက်ပါပေ၏။ နံနက်စာ မစားမီ အိမ်မှ အစောကြီး ထွက်သွားသည့် အတွက် ကျွန်ုပ် တစ်ယောက်တည်း နံနက်စာကို စားမည် ပြုစဉ် ရှားလော့ဟုမ်းသည် ဦးထုပ်ကြီး တစ်လုံးကို ဆောင်း ကာ မိုန်းကြီး တစ်ချောင်းကို ချိုင်းကြားတွင် ညှပ်၍ ဝင်လာလေ၏။

"ဗျို့ ဟုမ်း ဘာဖြစ်လာတာလဲ၊ ဒီမိုန်းကြီးကို ချိုင်းကြား ညှပ်ပြီး လန်ဒန် မြို့ထဲ လျှောက်သွားနေတာပေါ့၊ ဟုတ်လား" ဟု ကျွန်ုပ်က လှမ်း၍ မေးလိုက်၏။







"ဗျို့ ဟုမ်း ဘာဖြစ်လာတာလဲ၊ ဒီမိုန်းကြီးကို ချိုင်းကြား ညှပ်ပြီး လန်ဒန် မြို့ထဲ လျှောက်သွားနေတာပေါ့၊ ဟုတ်လား"

"ဟုတ် တယ် ဗျ၊ ...သားသတ်ရုံက ပြန်လာတာ"

"ဘာ၊ သားသတ် ...ရုံက ပြန်လာတယ်၊ ဟုတ် ...လား"

"ဆာလိုက်တာဗျာ၊ ...ိုက်ထဲက တ ကျွတ် ကျွတ် ...မြည်နေတာပဲ၊ မ နက် စာ ...မစားခင် လေ့ကျင့်ခန်း ယူ ...ရတာဟာ တယ် တန်ဖိုး ရှိ ...တာပဲဗျ၊ ဒါပေမဲ့ ကျုပ် ...ဘယ်လို လေ့ကျင့်ခန်းမျိုး ယူလာတယ် ထင်သလဲ"

"ဆိုနိုင်ဘူးလေဗျာ"

ရှားလော့ဟုမ်းက ...ကော်ဖီကို ခွက်ထဲသို့ ငှဲ့ လိုက်ရင်းက တခစ်ခစ် ရယ် ...နေရာမှ

"အသား ဆိုင်ရှင် ...အာလာဟိုက်ရဲ့ ဆိုင်နောက် ...ဖေးကို ဝင်ကြည့်လို့ ရှိရင် ...မျက်နှာကြက်မှာ ချိတ်ကြိုး ...နှင့် ဝက် သေ ကြီး တစ် ကောင် ဆွဲထားတာကို တွေ့လိမ့်မယ်ဗျ၊ ပြီးတော့ မိုန်းကြီးနှင့် အဲဒီ ဝက်ကြီးကို ထိုးနေတဲ့ လူတစ်ယောက်ကိုလည်း တွေ့လိမ့်မယ်၊ အဲဒါ တခြားလူ မဟုတ်ဘူး၊ ကျုပ်ပဲ၊ ခင်ဗျားကော ဒီမိုန်းနှင့် ဝက်ကို တစ်ချက်တည်း အသေ ထိုးသတ်နိုင်ပါ့ မလား၊ ဘယ့်နှယ်လဲ"

"မစမ်းဘူးပေါင်ဗျာ၊ ဘယ်သိပါ့မလဲ၊ နေစမ်းပါဦး၊ ခင်ဗျားက ဘာဖြစ်လို့ ...သွားပြီး ဝက်သတ်နေတာလဲ"

"ဝုဒမင်လီ အမှုနှင့် ပတ်သက်ပြီး ဘွယ်ဝိုက် သက်ဆိုင်နေတယ် ထင်လို့



www.burmeseclassic.com

www.burmeseclassic.com



ဗျ၊ အလို ဟော့ပကင်းလား၊ ကိုရင့် ကြေးနန်းကို မနေ့ညက ရတယ်ဗျ၊ ကျွ
လည်း ကိုရင့်ကို မျှော်နေတာ၊ လာ ကော်ဖီ သောက်ဦး'

ဝင်လာသည့် ဧည့်သည်မှာ အလွန် သွက်လက် ဖျတ်လတ်သူ တစ်ယောက် ဖြစ်၍ အသက် သုံးဆယ်ခန့် ရှိပြီးလျှင် အရောင် မှိုင်းမှိုင်း တွီဒ် ဝတ်စုံ ဝတ်ထားကာ ယူနီဖောင်း ဝတ်နေကျ လူတစ်ယောက်၏ ဟန်မျိုးဖြင့် ကိုယ်ကို မတ်ထားလျက် ရှိလေ၏။ ထိုလူမှာ စတန်လေ ဟော့ပကင်း ဆိုသည့် ပုလိပ် အင်စပက်တော် ဖြစ်ပြီး ရှားလော့ဟုမ်းက အားထားသလောက် သူကလည်း ရှားလော့ဟုမ်း၏ သိပ္ပံနည်း ကျသော ထောက်လှမ်းမှု နည်းနာများကို ဆရာ တစ်ဆူ ထား၍ လေးစား ကိုးကွယ်သူ တစ်ဦး ဖြစ်ကြောင်းကို ကျွန်ုပ် ချက်ချင်း သတိပြုလိုက်မိပေ၏။ ဟော့ပကင်း၏ မျက်နှာမှာ အနည်းငယ် မသာမယာ ဖြစ်လျက် ရှိပေ၏။ ဟော့ပကင်းသည် စိတ်ပျက်လက်ပျက်ဖြင့် ကုလားထိုင်တွင် ဝင် ထိုင်လိုက်လေ၏။

'တော်ပြီ ဆရာ၊ ဒီမလာခင်တွင် သောက်ခဲ့ပြီးပြီ၊ မနေ့ညက ကျွန်တော် မြို့ထဲမှာ အိပ်တယ်လေ၊ သတင်း ပို့စရာကလေး ရှိလို့ မနေ့က တက်လာတာ'

'ဘာသတင်းလဲ'

'ဒီတစ်ချီတော့ ကွဲပြီ ဆရာရှေ၊ လုံးလုံးကို ကွဲတာပဲ'

'ဘာမှ တိုးတက်မှု မရှိဘူးပေါ့'

'မရှိဘူး ခင်ဗျ'

'မဟုတ်သေးပါဘူးလေ၊ ကျုပ် ကြည့်ပါဦးမယ်'

'ဆရာ လိုက်ရင် အဆင်ပြေပါစေလို့သာ ဆုတောင်းရတော့မှာပဲ ဆရာ ရှေ၊ ဒီအမှုဟာ ကျွန်တော့် အတွက် တကယ့် အခွင့်ကောင်းကြီး တစ်ခု ခင်ဗျ၊ မှ တော့ ကျွန်တော်လည်း ဘာမှ မလုပ်တတ်တော့ဘူး၊ ဆရာ ဆင်းလာပြီး ကျွ တော့်ကို ကူပါဦး'

'အင်း ပုလိပ် စစ်ချက် အပါအဝင် ရသမျှ ထွက်ချက်တွေ အားလုံး လောက်ကိုတော့ သေသေချာချာ ဖတ်ပြီးပါပြီ၊ ဒါထက် အချင်း ဖြစ်တဲ့ နေရာ မှာ တွေ့တဲ့ ဆေးတံသောက်ဆေးအိတ်နှင့် ပတ်သက်လို့ ခင်ဗျား ဘယ်လို ထင် သလဲ၊ သဲလွန်စကလေး ဘာလေးကော ရပြီလား'

ဟော့ပကင်းမှာ ထိုစကားကြောင့် အကြီးအကျယ် အံ့အား သင့်သွား လေ၏။

'သေသူရဲ့ ဆေးအိတ် ခင်ဗျ၊ အတွင်းဘက်မှာ သူ့ နာမည်ကို





ဆက် ထိုးထားတယ်၊ ဆေးအိတ်က ဖျံရေနှင့် လုပ်ထားတာ၊ သူက အစတုန်း ဖျံရေ ကုန်သည်လေ ဆရာရဲ့'

'ဒို့ သူ့မှာ ဆေးတံမှ မရှိတာ'

'ဟုတ်တယ် ဆရာ၊ ဆေးတံတော့ ရှာလို့ မတွေ့ဘူး၊ အမှန်ကတော့ ကလည်း သိပ် ဆေးတံ သောက်တဲ့လူ မဟုတ်ပါဘူး၊ နည်းနည်းပါးပါးလောက် က်တာပါ၊ မိတ်ဆွေတွေ ဘာတွေ တွေ့ရင် ဧည့်ခံဖို့ ဆေးအိတ် ဆောင် သလားမှ မသိတာ'

'ဟုတ်မှာပေါ့လေ၊ သို့သော်လည်း ဒီအကြောင်းကို ပြောရတာက တခြား ကြောင့် မဟုတ်ပါဘူး၊ ကျုပ်သာ ဒီအမှုကို ကိုင်ရင် အဲဒီ အချက်ကို အခြေခံ ထားပြီး စုံစမ်းချင်တယ်ဗျ၊ ကျုပ်တို့ကသာ ပြောနေတာ၊ ဟောဒီက ကျုပ် မိတ်ဆွေကြီး ဒေါက်တာ ဝပ်ဆင်ကတော့ ဒီအကြောင်းကို ဘာမှ မသိ ဘူး၊ ကျုပ်လည်း အမှုသွား အမှုလာကို တစ်ခေါက်လောက်တော့ ပြန် နား ချင်သေးတယ်၊ အဲ အဓိကကျတဲ့ အချက်ကလေးတွေကို ပြန်ပြောစမ်း ပါ'

စတန်လေ ဟော့ပကင်းသည် အိတ်ထဲမှ စာရွက်စကလေး တစ်ခုကို ယူလိုက်၏။

'သေသူ မာလိန်မှူး ပီတာ ကာရေရဲ့ အတ္ထုပ္ပတ္တိနှင့် ပတ်သက်လို့ မှတ် တဲ့ နေ့စွဲကလေးတွေ ရှိတယ် ခင်ဗျ၊ သူက ၁၈၄၅ ခုနှစ်မှာ မွေးတာ ဆို ဂုဆိုရင် အသက် ငါးဆယ် ရှိပြီ၊ လူက သတ္တိလည်း ကောင်းတယ်၊ ပင် ဖျံနှင့် ဝေလငါး ဖမ်းရာမှာလည်း တော်တော်လေး အောင် မြင် ခဲ့ တယ်၊ ခုနှစ်တုန်းက ငါးကြီး အာနစ္စာ ဆိုတဲ့ ပင်လယ်ဖျံဖမ်း သင်္ဘောမှာ မာလိန် တယ်၊ ဒီသင်္ဘောနှင့် ဆက်တိုက် ပင်လယ်ကို ထွက်ခဲ့တာ ဖျံတွေ တော် ခဲ့တယ် ခင်ဗျ၊ ၁၈၈၄ ခုနှစ်ကျတော့ သင်္ဘော မာလိန်မှူး အဖြစ်ကနေပြီး ခဲ့တယ်၊ ဒီနောက်တော့ ခရီးတွေ လျှောက်သွားပြီး တက်ဆက်နယ် ရွာက ဝုဒမင်လီလို့ ခေါ်တဲ့ နေရာကလေး တစ်ခုကို ဝယ်ပြီး အဲဒီမှာ ခဲ့တယ်၊ အဲဒီမှာ ခြောက်နှစ်လောက် နေခဲ့ရာက လွန်ခဲ့တဲ့ အပတ်က ရတာပဲ ခင်ဗျ။

'ပီလူနှင့် ပတ်သက်လို့ ထူးခြားချက် ကလေးတွေတော့ ရှိတယ်၊ သူ ကိုင်တာက ခပ်ကုပ်ကုပ်၊ ဘယ်သူနှင့်မှလည်း သိပ် အပေါင်းအသင်း ဘူး၊ စကားကလည်း တော်တော် နည်းတယ်၊ သူ့ အိမ်ထောင်ဖက် သူ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမရယ်၊ အသက် နှစ်ဆယ်လောက် ရှိတဲ့ သူ့သမီးရယ်၊ ပြီးတော့ အိမ်ဖော် အမျိုးသမီး နှစ်ယောက်ရယ်၊ ဒါပဲ ရှိတယ် ခင်ဗျ၊ သူ့ အိမ်မှာ အိမ်စေကတော့ သိပ် မမြဲလှဘူး၊ အိမ်တွင်းရေး မသာယာတော့ အိမ်ဖော်တွေ မကြာခဏ ပြောင်းတတ်တယ်၊ တစ်ခါတလေကျတော့ တော်တော် စိတ်ညစ်စရာ ကောင်းတယ်၊ အရက်ကလည်း သောက်လိုက်တာ မိုးမလင်းဘူး၊ အရက် မူးပြီ ဆိုရင်တော့ တော်တော်လေးကို သွေးဆိုးတယ်လို့ ပြောရလိမ့်မယ် ခင်ဗျ၊ တစ်ခါတလေကျတော့ ညကြီးသန်းခေါင် မယားနှင့် သမီးကို အိမ်ပြင် ဆွဲထုတ်ပြီး ရိုက်ချင် ရိုက်နေတာ၊ သူ ရိုက်လို့ မိန်းမနှင့် သမီးက အော်ဟစ် ငိုယိုလို့ ရွာထဲက လူတွေလည်း ကောင်းကောင်း အိပ်ရတယ်လို့ကို မရှိဘူးတဲ့။

'တစ်ခါတုန်းကတော့ ရွာကျောင်းက ကပ္ပိယ အဘိုးကြီးကို ဝင်ရိုက်လို့ ဂါတ်ကို ရောက်ဖူးတယ် ခင်ဗျ၊ ရိုက်တဲ့ အကြောင်းကလည်း ကြည့်ဦးလေ၊ အဘိုးကြီးက ကောင်းကောင်းမွန်မွန် နေဖို့ သူ့ကို သွားပြီး ဆုံးမမိတာနှင့် ထရိုက်တာ၊ အတိုချုပ် ပြောရရင်တော့ ဆရာရေ ဒီလောက် ဆိုးတဲ့လူ ခပ်ရှားရှားပဲလို့ ပြောရတော့မှာပဲ၊ သင်္ဘောမှာ မာလိန်မှူး လုပ်ခဲ့တုန်းကလည်း ဒီလိုပဲ တော်တော်လေး ဆိုးခဲ့သတဲ့၊ သူတို့ သင်္ဘောသား လောကမှာတော့ ဆိုးလွန်းလို့ သူ့ကို မိုက်ခဲ ပီတာလို့ ခေါ်ကြသတဲ့ ခင်ဗျ၊ အသားက မည်းမည်း၊ မုတ်ဆိတ်ကမည်းမည်းမို့ ခေါ်တာတွင် မဟုတ်ဘူး ခင်ဗျ၊ သင်္ဘောပေါ်မှာလည်း သူက တော်တော်လေး ဆိုးသတဲ့၊ ဒါကြောင့် သူ့ကို မိုက်ခဲ ပီတာလို့ ခေါ်ကြတာတဲ့၊ ဒီတော့ ဒီလောက် ဆိုးတဲ့ လူကို လူတွေကလည်း မုန်း အိမ်နားနီးချင်းတွေကလည်း ခပ်ရှောင်ရှောင် လုပ်တယ် ဆိုတာကတော့ ပြောဖို့တောင် မလိုတော့ဘူးပေါ့ ခင်ဗျာ၊ ခု သူ အသတ် ခံရတယ် ဆိုတာ ဝမ်းနည်း စကား ပြောတာ တစ်လုံးမှတောင် မကြားရဘူး ခင်ဗျ။

'အဲဒီလူ သူ့ သင်္ဘောခန်းလေးထဲမှာ အသတ်ခံရတဲ့ အကြောင်းကို ဆရာတော့ သိပြီးရောပေါ့၊ ဒါပေမဲ့ ဟောဒီက ဆရာဝန်ကြီးတော့ သိဦးမှာ မဟုတ်သေးဘူး၊ သူ့ အိမ်နှင့် မလှမ်းမကမ်းမှာ သစ်သား အိမ်ကလေး တစ်ဆောင် ဆောက်ထားတယ် ခင်ဗျ၊ အိမ်နှင့်တော့ သိပ်မဝေးလှပါဘူး၊ အလွန်ဆုံး ဝေးလှရင် ကိုက်တစ်ရာ နှစ်ရာပေါ့၊ သူကိုယ်တိုင် ဆောက်ပြီး ဒီအိမ်ကလေးကို သင်္ဘောခန်းလို့ သူ့ဘာသာသူ နာမည် ပေးထားတာ ခင်ဗျ၊ ညဆိုရင် သူက အိမ်မကြီးပေါ်မှာ မအိပ်ဘူး၊ အဲဒီ သင်္ဘောခန်းကလေးထဲကို သွား သွားပြီး အိပ်တယ်၊ အိမ်ကလေးက သိပ်မကျယ်ပါဘူး၊ ဆယ့်ခြောက်ပေ ဆယ်ပေ ရှိတဲ့ တစ်ခန်း





ပါတဲ့ အိမ်ကလေးပါ၊ အိမ်တံခါး သော့ကို သူ့ အိတ်ထဲမှာ အမြဲ ထည့်ထားပြီး သူကိုယ်တိုင် အိပ်ရာခင်း၊ သူကိုယ်တိုင် ကြမ်းတိုက်၊ သူကိုယ်တိုင် သန့်ရှင်းရေး လုပ်တယ် ခင်ဗျ၊ ဘယ်သူ့ကိုမှ ဒီအိမ်ကလေးထဲကို အဝင်မခံဘူး၊ အိမ်ဘေးမှာ ပြတင်းပေါက်ကလေး တစ်ပေါက်စီ ရှိပြီး ခန်းဆီး တပ်ထားတယ်၊ ဘယ်တော့မှလည်း ပြတင်းပေါက်တွေကို မဖွင့်ဘူးတဲ့၊ ပြတင်းပေါက် တစ်ပေါက် လမ်းဘက်ကို မျက်နှာ မူနေလေတော့ သူ့ ပြတင်းပေါက်ကို လမ်းပေါ်က လှမ်းကြည့်ရင် အတိုင်းသား မြင်နေရတယ်၊ ည မီးလင်းနေပြီ ဆိုရင် ရွာသားတွေ အချင်းချင်း လက်တို့ပြီး မိုက်ခဲ ပီတာ ဘာတွေများ လုပ်နေသလဲ ဆိုတာ အချင်းချင်း မေးတတ်ကြသတဲ့၊ အမှု ဖြစ်လို့ ဂါတ်မှာ စစ်လိုက်တဲ့ အခါကျတော့ အဲဒီ ပြတင်းပေါက်ကပဲ သက်သေ အထောက်အထား တော်တော်များများ ရလိုက်တာပဲ ခင်ဗျ။

'လူသတ်မှု မဖြစ်ခင် နှစ်ရက် သန်းခေါင်ကျော် နာရီပြန် တစ်ချက်လောက်မှာ စလိတ်တား ဆိုတဲ့ ပန်းရန် ဆရာ တစ်ယောက်က ဖောရက်ရိုးဘက်က နေပြီး လျှောက်လာရင်း အဲဒီ ပြတင်းပေါက်မှာ မီးတွေ လင်းနေလို့ ဘာများ လုပ်နေပါလိမ့်မတုံး ဆိုပြီး ရပ်ကြည့်နေသတဲ့၊ မီးရောင် ထိုးကျနေတဲ့ ခန်းဆီးပေါ်မှာ လူတစ်ယောက်ရဲ့ ဘေးတိုက်ပုံကို လှမ်းမြင်လိုက်ရသတဲ့၊ အဲဒီလူဟာ မိုက်ခဲ ပီတာ မဟုတ်ဘူးလို့ ဂါတ်မှာ ထွက်သွားတယ် ခင်ဗျ၊ အဲဒီလူမှာ မုတ်ဆိတ် ပါတယ်တဲ့၊ ဒါပေမဲ့ သူ့ မုတ်ဆိတ်က တိုပြီး ရှေ့ကို ကော့တယ်တဲ့၊ မာလိန်မှူး မိုက်ခဲ ပီတာရဲ့ မုတ်ဆိတ်နှင့် မတူဘူးတဲ့၊ ဒါကတော့ သူ့ အပြောပေါ့လေ၊ သူက ဘုံဆိုင်ထဲမှာ နှစ်နာရီလောက် ထိုင်ပြီး အရက် သောက်လာခဲ့တဲ့ အပြင် ပေတစ်ရာနှင့်လည်း ခပ်လှမ်းလှမ်း ဆိုတော့ သူ့ ထွက်ချက်ကို သိပ် အားကိုးလို့တော့ မဖြစ်ဘူးပေါ့၊ အဲဒါက လွန်ခဲ့တဲ့ တနင်္လာနေ့ညက ခင်ဗျ၊ လူသတ်မှု ဖြစ်တာက ဗုဒ္ဓဟူးနေ့မှာ ဖြစ်တာ။

'အင်္ဂါနေ့ကျတော့ မိုက်ခဲ ပီတာဟာ အရက်တွေ မူးပြီး လျှောက်ရမ်းနေသတဲ့၊ သူ့ကို ကြည့်ရတာ တိရစ္ဆာန်ရိုင်းကြီး တစ်ကောင် လှောင်အိမ်ထဲက လွတ်လိုက်သလိုပဲတဲ့၊ မူးပြီး အိမ်ပြန်လာတော့ သမီးနှင့် မိန်းမကလည်း ကြောက်ပြီး ပြေးကြတာပေါ့ ခင်ဗျာ၊ ညနေပိုင်းကျတော့ သူ့ တဲကလေးကို သူ ပြန်သွားသတဲ့၊ သန်းခေါင်ကျော် နှစ်နာရီလောက်ကျတော့ ပြတင်းပေါက်ကို ဖွင့်ပေးတဲ့ သမီးက သူ့ တဲဘက်ဆီက နေပြီး ကြောက်စရာ အော်သံကြီး တစ်ကောင်ကို ကြားလိုက် ရသတဲ့ ခင်ဗျ၊ ဒါပေမဲ့ မိုက်ခဲ ပီတာက မူးရင် ဒီလိုပဲ ဘေးမှာ အော်နေကျ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ဘာမှ ထူးထူးထွေထွေ မထင်လိုက်ဘူးပေါ့လေ၊ မနက် ခုနစ် နာရီ ထိုးတဲ့ အခါကျတော့ မိုက်ခဲ ပီတာရဲ့ တဲတံခါး ပွင့်နေတာကို စောစော နိုးတဲ့ အိမ်စေ အမျိုးသမီးက လှမ်းမြင်လိုက်တယ် ခင်ဗျ၊ ဒါပေမဲ့ ကြောက်လို့ ဘယ်သူမှ တဲထဲကို ချက်ချင်း မသွားရဲကြဘူး၊ နေ့လယ် နာရီပြန် နှစ်ချက် ထိုးလို့ သွားကြည့်တော့မှ သိရတာ၊ သွားကြည့်လို့ တံခါးကနေလည်း ချောင်းကြည့်လိုက်ရော သူတို့ မြင်လိုက်ရတဲ့ ရှုခင်းကြောင့် သူတို့တစ်တွေ မျက်နှာ ဖြူဖပ်ဖြူရော်နှင့် ရွာထဲကို တန်းပြေးလာကြတာပဲ၊ တစ်နာရီလောက် အတွင်းမှာ အချင်း ဖြစ်ပွားတဲ့ နေရာကို ကျွန်တော် ရောက်သွားပြီး အမှုကို တိုင်ချက် ဖွင့်ပါတယ်။

'ဆရာ သိတဲ့ အတိုင်း ကျွန်တော်လည်း သိပ်တော့ သတ္တိကြောင်တဲ့ လူ တစ်ယောက်တော့ မဟုတ်ပါဘူး ဆရာရယ်၊ ဒါပေမဲ့ ရှင်းရှင်း ပြောရရင်တော့ တဲထဲကို ခေါင်းပြူကြည့်လိုက်တဲ့ အခါမှာ ကျွန်တော် လိပ်ပြာ လွင့်သွားမလား လို့တောင် ထင်ရတယ် ဆရာ၊ တကယ်ပဲ၊ တဲထဲမှာ ယင်မမဲရိုင်းကြီးတွေက တဝီဝီနှင့် သွေးတွေ သွေးတွေဟာ မြင်လို့တောင် မကောင်းဘူး၊ သားသတ်ရုံ ကျနေတာပဲ၊ သူက သူ့တဲကလေးကို သင်္ဘောခန်းလို့ ခေါ်တာလည်း ဟုတ်တုတ်တုတ်ပဲ ဆရာရေ၊ တဲထဲမှာ ပြင်ဆင်ထားတာက တကယ့် သင်္ဘော တစ်စင်းပေါ်မှာလိုပဲ၊ နံရံ အစွန် တစ်ဖက်မှာ စင်တစ်ခု ကပ်ရိုက်ထားတယ်၊ အနား မှာလည်း သင်္ဘောသားတွေ သုံးတဲ့ သေတ္တာကြီး တစ်လုံးရယ်၊ မြေပုံတွေနှင့် ဓယားချပ်တွေရယ်၊ သူ မာလိန်မှူး လုပ်ခဲ့တဲ့ ငါးကြီးအာနန္ဒာ သင်္ဘောပုံရယ်၊ စင်တစ်ခုပေါ်မှာ သင်္ဘော အဝင် အထွက် စာရင်း စာအုပ်တွေရယ်၊ သင်္ဘော မာလိန် တစ်ယောက်ရဲ့ အခန်းထဲကို ဝင်သွားရတဲ့ အတိုင်းပါပဲ ခင်ဗျာ။

'အဲဒီ ပစ္စည်းတွေရဲ့ အလယ်ကောင်မှာတော့ သူ့ အလောင်းကြီး ခင်ဗျ၊ မျက်နှာက ဝေဒနာကို တော်တော် ခံစားထားရတဲ့ပုံ၊ ရှုံ့မဲ့လို့၊ မုတ်ဆိတ်ကြီးက လည်း အပေါ်ကို ထောင်လို့၊ အဲ ရင်အုပ်ကျယ်ကျယ်ကြီးပေါ်မှာတော့ သံမဏိ မှိန်းကြီး တစ်လက် စိုက်လို့ ခင်ဗျ၊ ဘယ်လောက်များ အားနှင့် စိုက်ထားသလဲ မသိပါဘူး ဆရာရယ်၊ မှိန်းကြီး သူ့ နောက်ကျောက နံရံကို စိုက်ဝင် နေလိုက်တာကိုက အနက်ကြီးပဲ၊ ပိတုန်း တစ်ကောင်ကို ကတ်ပြားပေါ်မှာ အပ်နှင့် စိုက် ထားသလိုပါပဲ၊ ကျွန်တော် ရောက်တော့ ဘယ် အသက် ရှိတော့မလဲ ဆရာရယ်၊ ကြည့်ရတာကတော့ မနေ့ညက အော်သံ ကြားရတယ် ဆိုတဲ့ အချိန်လောက် ကတည်းက သေနေတာ ထင်ပါရဲ့။

'ဒါနှင့် ကျွန်တော်က ဆရာ့နည်းတွေ သိတော့ ဆရာ့ နည်းတွေနှင့် စုံ





စမ်း ကြည့်တာပေါ့ ခင်ဗျာ၊ ပစ္စည်းတွေ ဘာတွေ မရွှေ့ခင်မှာ အိမ်ပြင်ဘက် မြေကြီးကို လေ့လာကြည့်တယ် ခင်ဗျ၊ အခန်းထဲက ကြမ်းပြင်ကိုလည်း သေသေ ချာချာ စစ်ကြည့်တယ်၊ ခြေရာတို့ ဘာတို့ ဘာမှ မရှိဘူး ခင်ဗျ'

'ခင်ဗျား မတွေ့တာကို ပြောတာလား'

'မတွေ့တာ မဟုတ်ပါဘူး ခင်ဗျာ၊ မရှိကို မရှိတာ သေချာပါတယ်'

'ကိုယ့်လူရေ၊ ကျုပ် လိုက်ခဲ့တဲ့ ရာဇဝတ်မှုတွေ မနည်းတော့ဘူးဗျ၊ သို့ သော်လည်း အတောင် ပေါက်ပြီး ပျံလာတဲ့ ရာဇဝတ်ကောင်က ကျူးလွန်တဲ့ ရာဇဝတ်မှုမျိုး ဆိုလို့ တစ်ခုမှ မတွေ့ဖူးသေးဘူး၊ ရာဇဝတ်ကောင်ဟာ ခြေ နှစ် ချောင်း ပေါက်ထားတာ ဖြစ်လေတော့ ဘယ်နည်းနှင့်ဖြစ်ဖြစ် အရာကလေး ဘာ လေး ပွတ်ရာကလေး ဆွဲရာကလေးတော့ ရှိရမယ်၊ သေသေချာချာ လေ့လာလို့ ရှိရင် တွေ့ရမှာချည်းပဲ၊ သွေးစက်တွေ ပွစာတက်နေတဲ့ အခန်း တစ်ခန်းဟာ ကျုပ်တို့ အတွက် ဘာ အကူအညီမှ မရဘူး ဆိုတာ မဖြစ်နိုင်ဘူး၊ သို့သော် လည်း ပုလိပ် စစ်ချက်ကို ကြည့်လိုက်တဲ့ အခါကျတော့ ခင်ဗျား သတိ မပြုမိတဲ့ အချက်ကလေးတွေကို အများကြီး သွားတွေ့ရတယ်ဗျ'

ဟော့ပကင်းသည် ရှားလော့ဟုမ်း၏ စကားများကို နားထောင်ရင်း မျက်တောင် ပုတ်ခတ် ပုတ်ခတ် လုပ်လျက် ရှိ၏။

'ဟုတ်ပါတယ် ဆရာရယ်၊ အဲဒီတုန်းက ဆရာ့ကို ချက်ချင်း မခေါ်မိ တာ သိပ်မှားတာပဲ၊ ထားပါတော့လေ၊ ဟုတ်ပါတယ်၊ အခန်းထဲမှာ သတိ ထားပြီး ကြည့်ရမယ့် ပစ္စည်းတွေ အများကြီး ရှိပါတယ်၊ တစ်ခုက သေသူကို ရာဇဝတ် မှု ကျူးလွန်ရာမှာ အသုံးပြုတဲ့ မှိန်းကြီး ခင်ဗျ၊ အဲဒီ မှိန်းကြီးက အခန်းထဲက စင်ပေါ်မှာ ထားတဲ့ မှိန်းကြီး၊ စင်ပေါ်မှာ တခြား မှိန်း နှစ်ချောင်း ကျန်နေသေး တယ်၊ တတိယ တစ်ချောင်း နေရာက လွတ်နေတယ်၊ မှိန်းရဲ့ လက်ကိုင်မှာ ငါးကြီး အာနန္ဒာလို့ စာတန်း ထိုးထားတယ်၊ ဒါကို ကြည့်ရင် လူသတ်မှု ကျူး လွန်ရာမှာ အလွန် အမျက် ဒေါသ ထွက်လွန်းလို့ တွေ့ရာ လက်နက်နှင့် ကောက် ယတ်လိုက်ခြင်း ဖြစ်တယ် ဆိုတာ ထင်ရှားတယ်၊ ပြီးတော့ လူသတ်မှုကို မနက် ရာရီပြန် နှစ်ချက်ကြီးမှာ ကျူးလွန်တာရယ်၊ သေသူ မိုက်ခဲ ပီတာဟာ အဝတ် အစား အပြည့်အစုံ ဝတ်ထားတာရယ်ကို ထောက်ရင် သေသူဟာ လူသတ်သမား နှင့် အချိန်း အချက် လုပ်ထားတယ် ဆိုတာ သိသာနိုင်တယ်၊ စားပွဲပေါ်မှာ ရမ် ပုလင်း တစ်ပုလင်းရယ်၊ ညစ်ပေနေတဲ့ ဖန်ခွက် နှစ်ခွက်ရယ် တွေ့တာကို ထောက် ရင် ဒီအချက်ဟာ ထင်ရှားတယ်'



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်လေ၊ ဒီကောက်ချက် နှစ်ခုစလုံးဟာ ဖြစ်နိုင်ပါတယ်၊ အခန်းထဲမှာ ရမ် အပြင် အခြား အရက်တွေ ဘာတွေကော ရှိသေးသလား"

"ရှိတယ် ခင်ဗျ၊ သဘော်သား သေတ္တာကြီးပေါ်မှာ ဝီစကီနှင့် ဘရန်ဒီ ထည့်ထားတဲ့ အရက်စင်ကလေး ရှိတယ်၊ ဒါပေမဲ့ အရက်ချိုင့်တွေထဲမှာ အရက်တွေက အပြည့် ရှိနေတဲ့ အတွက် သောက်ပုံ မရတော့ ကျွန်တော်တို့ အတွက် သိပ်တော့ အရေးကြီးမယ် မထင်လှပါဘူး"

"ဒါကြောင့်ကိုပဲ အရေး ကြီးနေတာဗျ၊ ထားပါတော့လေ၊ အမှုနှင့် ပတ်သက်လို့ အရေးကြီးတယ်လို့ ခင်ဗျား ထင်တဲ့ ဒီပြင် ပစ္စည်းကလေးတွေ အကြောင်းကို ပြောစမ်းပါဦး"

"စားပွဲပေါ်မှာ ဆေးတံ သောက်ဆေးအိတ် ရှိတယ် ခင်ဗျ"

"စားပွဲရဲ့ ဘယ်ဘက်နားမှာလဲ"



ရှားလော့ဟုမ်းသည် စာအုပ်ကလေးကို စားပွဲပေါ်သို့ တင်ကာ အသေးစိတ် စစ်ဆေး ကြည့်ရှုလျက်ရှိလေရာ . . .

"စားပွဲ အလယ်ကောင်မှာ၊ အိတ်ကတော့ ဖျံရေ အကြမ်းစားနှင့် လုပ်ထားတဲ့ အိတ်ပါ၊ အမွေးတွေက ထောင်လို့၊ သားရေ ကြိုးကလေးနှင့် ဆိုင်းလို့၊ အိတ် အတွင်းဘက်မှာတော့ ပီစီ ဆိုတဲ့ အတိုကောက် နာမည် ထိုးထားတယ် ခင်ဗျ၊ အ ထဲ မှာ သဘော်သားတွေ သောက်တဲ့ ဆေးတံ ဆေးပြင်းပြင်း တစ် အောင်စ လောက် ကို တွေ့ရတယ်"

"ဟုတ်ပြီ၊ နောက် ထပ်ကော"

စတန်လေ ဟော့ပကင်းသည် သူ့ အိတ်ထဲမှ အဖုံး ခပ်မွဲမွဲဖြင့် မှတ်စု စာအုပ်ကလေး တစ်အုပ်ကို ထုတ်လိုက်၏။ အဖုံးမှာ ဟောင်း နွမ်း စုတ် ပြတ် နေ





လေပြီ။ စာရွက်များမှာလည်း အရောင် မှိန်လျက် ရှိ၏။ ပထမ စာမျက်နှာပေါ်တွင် ဂျေ အိတ်ချ် အင် ဟူသော အတိုကောက် စာလုံးများနှင့် ၁၈၈၃ ခုနှစ်ဟု ရေးထိုးထားသည်ကို တွေ့ရလေ၏။ ရှားလော့ဟုမ်းသည် စာအုပ်ကလေးကို စားပွဲပေါ်သို့ တင်ကာ သူ့ ထုံးစံအတိုင်း အသေးစိတ် စစ်ဆေး ကြည့်ရှုလျက် ရှိလေရာ ကျွန်ုပ်နှင့် ဟော့ပကင်းတို့မှာ တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်ကြလေ၏။ ဒုတိယ စာမျက်နှာတွင် စီ ပီ အာရ် ဟူသော အတိုကောက် စာလုံးများ ရေးထိုးထားသည်ကို တွေ့ရပြီး နောက်စာမျက်နှာများတွင် ဂဏန်းများ ရေးမှတ်ထားသည်ကို တွေ့ရလေ၏။ နောက်စာရွက် တစ်ရွက်တွင် အာဂျင်တီးနား၊ နောက်တစ်ခုမှာ ကော်စတာရီးကား၊ နောက်တစ်ခုမှာ ဆန်ပေါလို စသည်ဖြင့် ခေါင်းစဉ် တပ်ထားပြီး ထိုခေါင်းစဉ်များ အောက်၌ သင်္ကေတများနှင့် ဂဏန်းများ ရေးထိုး ထားသည်ကို တွေ့ရလေ၏။

"ဒါတွေကို ခင်ဗျား ဘယ်လို ထင်သလဲ"

"စတော့ အိတ်ချိန်း ငွေချေးနှုန်းတွေ ထင်တာပဲ၊ ဂျေ အိတ်ချ် အင် ဆိုတဲ့ အတိုကောက် စာလုံးကတော့ စတော့ ငွေချေးပွဲစား တစ်ယောက်ရဲ့ နာမည်နှင့် တူတယ် ခင်ဗျ၊ စီ ပီ အာရ် ဆိုတဲ့ စာလုံး အတိုကောက်ကတော့ စတော့ ငွေချေး ဖယ်တဲ့ လူရဲ့ နာမည် ထင်တာပဲ"

"ကနေဒီယန် ပစိဖိတ် ရေးလဝေး (ကနေဒါ မီးရထား ကုမ္ပဏီ) မဖြစ်နိုင်ဘူးလား"

ဟော့ပကင်းသည် အံကြိတ်၍ သူ့ကိုယ်သူ ပြန်ကျိန်ဆဲ လိုက်ပြီးလျှင် ပေါင်ကို လက်သီးဖြင့် ထုလိုက်လေ၏။

"သောက်ကျိုးနည်း၊ ကျွန်တော် ဆိုတဲ့ ကောင်ဟာ တော်တော် သောက်သုံးမကျတဲ့ ကောင်ပဲ ခင်ဗျာ၊ ဆရာ ပြောတာ ဟုတ်တာပေါ့ ဆရာရဲ့၊ ဒီလိုဆိုတော့ ကျွန်တော်တို့ ဂျေ အိတ်ချ် အင် ဆိုတဲ့ စာလုံး အဓိပ္ပာယ်ကိုသာ ရှာဖို့ပဲ လိုတော့တာပေါ့၊ အဲဒီ နှစ်က စတော့ ငွေချေး ဒိုင်က စာရင်းတွေကို ကျွန်တော် လှျောက်လှန်ပြီးပြီ ခင်ဗျ၊ ဒါပေမဲ့ ဒီအတိုကောက် နာမည် ထိုးနိုင်မယ့် နာမည်မျိုး ငွေချေးဒိုင်ရုံးမှာရော အပြင်က ပွဲစားတွေထဲမှာရော တစ်ယောက်မှ မတွေ့ရဘူး၊ ဒါပေမဲ့ ဒီ သဲလွန်စဟာ တော်တော် အရေး ကြီး တယ် လို့ တော့ ကျွန်တော် ထင်တယ် ဆရာ၊ ဒီအတိုကောက် နာမည်ဟာ အချင်း ဖြစ်ပွားတဲ့ နေရာမှာ ရှိတဲ့ လူ တစ်နည်း ပြောရရင် လူသတ်သမားရဲ့ အမည် အတိုကောက် ဖြစ်ရမယ်လို့ ကျွန်တော် ထင်တယ်၊ အင်မတန် အဖိုးတန်တဲ့ ငွေစာချုပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



စာရွက် စာတမ်းတွေကို တွေ့ရတဲ့ အတွက် ရာဇဝတ်မှု ကျူးလွန်ခြင်းရဲ့ ရည်ရွယ်ချက်ကို သိရပြီလို့ ယူဆတာပဲ’

သူ ပြောလိုက်သည့် စကားကြောင့် ရှားလော့ဟုမ်း၏ မျက်နှာပေါ်တွင် အကြီးအကျယ် အံ့အားသင့်သည့် အရိပ်အယောင်များ ပေါ်ပေါက် လာသည်ကို ကျွန်ုပ် သတိ ထားလိုက်မိလေ၏။

‘အင်း၊ ခင်ဗျား ပြောတဲ့ အချက် နှစ်ချက်လုံးဟာ ဖြစ်နိုင်တယ်ဗျ၊ ပုလိပ် စစ်ချက်ထဲမှာ မပါတဲ့ ဒီမှတ်စု စာအုပ်ကို တွေ့လိုက်ရတော့ ကျုပ် အတည်ပြုမယ့် ထင်မြင်ချက်ကိုတောင် ပြောင်းရမလိုလို ဖြစ်နေပြီ၊ ကျုပ် စောစောက ဆွဲထားတဲ့ ကောက်ချက်မှာ ဒီအချက်ကို မတွေ့ရသေးဘူးဗျ၊ ဒီမှာ ရေးထားတဲ့ ရှယ်ယာ စာချုပ်တွေကို လိုက် စစ်ဆေး မကြည့်ရသေးဘူးလား’

‘ရှယ်ယာ မှတ်ပုံတင် ရုံးတွေကိုတော့ လိုက်ပြီး စုံစမ်း နိုင်းထားတာပဲ၊ ဒါပေမဲ့ ခက်တာက တောင်အမေရိကတိုက်က ကုမ္ပဏီတွေမှာ ပါတဲ့ ရှယ်ယာ အစုဝင်တွေရဲ့ စာရင်း အပြည့်အစုံကတော့ တောင်အမေရိကမှာပဲ ရှိလိမ့်မယ် ထင်တယ် ဆရာ၊ ဒီတော့ အဲဒီကို လှမ်းမေးရင် တော်တော်လေး စောင့်ရလိမ့်ဦးမယ် ထင်တယ်’

ရှားလော့ဟုမ်းသည် မှတ်စု စာအုပ် အဖုံးကို မှန်ဘီလူးဖြင့် သေချာစွာ ကြည့်ရှုလျက် ရှိလေ၏။

‘အဖုံး အရောင်ကတော့ တော်တော်လေး ပျက်နေပြီဗျ’

‘ဟုတ်တယ် ဆရာ၊ သွေးကွက် တစ်ကွက် ရှိတယ်၊ ဒီစာအုပ်ကို ကြမ်းပြင်ပေါ်က ကောက်လာခဲ့တာ’

‘သွေးစွန်းတာက အပေါ်ကလား၊ အောက်ဘက်ကလား’

‘ကြမ်းပြင်ဘက်က ဆရာရဲ့’

‘ဒီလိုဆိုရင် စာအုပ်ဟာ လူသတ်မှု ကျူးလွန်ပြီးမှ ကြမ်းပြင်ပေါ်ကို ကျသွားတယ် ဆိုတဲ့ သဘောပေါ့’

‘ဟုတ်လိုက်လေ ဆရာရယ်၊ ဒီအချက်ကလေးကိုတော့ ကြိုက်သွားပြီခင်ဗျ၊ ကြည့်ရတာကတော့ လူသတ်သမား ကသောကမျော ပြေးထွက်တုန်းမှာ ကျ ကျန်ရစ်ခဲ့တယ် ထင်တာပဲ၊ စာအုပ်က တံခါးနားမှာ’

‘သေသူရဲ့ ပစ္စည်းတွေထဲမှာ ဒီစာချုပ် စာတမ်းတွေကိုတော့ ရှာလို့ မတွေ့တော့ဘူး မဟုတ်လား’

‘မတွေ့ဘူး ဆရာ’





‘လုယက်မှုလို့ကော ထင်စရာ အကြောင်း ရှိသလား’

‘မဟုတ်ဘူး ဆရာ၊ ဘာပစ္စည်းကိုမှ ထိမသွားဘူး’

‘သောက်ကျိုးနည်း၊ အမှုကတော့ တော်တော် စိတ်ဝင်စားစရာ ကောင်းလာပြီဗျို့၊ ပြီးတော့ အခန်းထဲမှာ ဓားမြှောင် တစ်ချောင်းတလေများ မတွေ့ရဘူးလား’

‘ဓားအိမ် စွပ်ထားတဲ့ ဓားမြှောင် တစ်ချောင်းတော့ တွေ့တယ် ဆရာ၊ အိမ်ထဲမှာပဲ ရှိသေးတယ်၊ မချွတ်ရသေးဘူး၊ ဓားမြှောင်ကို သေသူရဲ့ ခြေရင်းမှာ တွေ့ရတယ်၊ သူ့ မိန်းမကတော့ အဲဒီ ဓားမြှောင်ဟာ သူ့ ယောကျ်ား ဓားမြှောင်လို့ ထွက်ထားတယ်’

ရှားလော့ဟုမ်းသည် အတန်ကြာမျှ စဉ်းစားနေလေ၏။

‘အင်း၊ ဒီအတိုင်း ဆိုရင်တော့ ကျုပ်ကိုယ်တိုင် လိုက်လာပြီး ကြည့်မှ ဖြစ်မှာပေါ့’

ဟော့ပကင်းမှာ ဝမ်းသာလျက် ရှိလေပြီ။

‘ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ ကျွန်တော့် ရင်ထဲမှာ ခုမှ အလုံးကြီး ကျသွားတော့တယ်’

ရှားလော့ဟုမ်းက ဟော့ပကင်းကို လက်ညှိုး ထောင်၍ သတိပေးရင်း

‘လွန်ခဲ့တဲ့ တစ်ပတ်လောက်တုန်းက ဆိုရင် ဒီထက် လွယ်တာပေါ့ ကိုရင်လေးရာ၊ ခုတော့ လိုက်သာ လိုက်ရတယ် သိပ်တော့ အားမရှိလှဘူး၊ ကဲ ဝပ်ဆင်ရေ၊ အားရင်တော့ ကျုပ်နှင့် လိုက်ခဲ့စေချင်တယ်ဗျ၊ ဟော့ပကင်းရေ၊ လေးဘီးရထား တစ်စင်း ခေါ်ဗျာ၊ နောက် ဆယ့်ငါးမိနစ်လောက် ဆိုရင် ကျုပ်တို့ အဆင်သင့် ဖြစ်တော့မှာပါ’

ကျွန်ုပ်တို့သည် ဘူတာကလေး တစ်ခုတွင် ဆင်းကြပြီးလျှင် တစ်ခါက ဆက်စုံ ကျူးကျော်သူတို့ကို ခုခံ တိုက်ခိုက်ရာ တောအုပ်ကြီးများ ဖြစ်ခဲ့၍ ယခု ရကျိုးတိုးကျဲတဲသာလျှင် ကျန်တော့သည့် တောများကို ဖြတ်သန်းကာ မိုင် အနည်း ငယ်ခန့် ရထား စီး၍ လာခဲ့ကြလေ၏။

ထိုသစ်တောကြီးများသည် ရှေးခေတ်တုန်းက ဆက်ဆုံ လူမျိုးများကို ခုခံ တိုက်ခိုက်ရာတွင် နှစ်ပေါင်း ခြောက်ဆယ်လုံးလုံး တံတိုင်းကြီးများ သဖွယ် ဖြစ်ခဲ့ကြပေ၏။ ယခုအချိန်တွင်မူ ပန်းပဲဖိုကြီးများ တည်ထောင်ထားသည့် အတွက် သင်း အလို့ငှာ သစ်ပင်များကို ခုတ်လှဲ ထားသဖြင့် တောပြုန်းလုနီး ဖြစ်ခဲ့လေပြီ။ ထိုနောက်တွင် ပန်းပဲ ဖိုများကို ဖျက်ကာ လယ်ယာ လုပ်ကိုင်ခဲ့ကြသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

မြေကြီးတွင် ထင်ကျန်ရစ်ခဲ့သော ကျင်းကြီးများနှင့် ဤသစ်တောကြီးများမှ အပ အတိတ်ကို ပြောပြနိုင်သော အရာ ဟူ၍ မရှိတော့ချေ။

ကျွန်ုပ်တို့သည် လယ်ကွင်းများကြားမှ ကွေ့ကောက်နေသည့် လမ်းကလေး အတိုင်း မောင်းလာခဲ့ကြရာ မြက်ပင်တို့ ပေါက်နေသည့် တောင်ကုန်း တစ်ခုပေါ်တွင် ဆောက်ထားသည့် ကျောက်တုံးအိမ် ရှည်ရှည် နိမ့်နိမ့်ကလေး တစ်လုံးကို မြင်ရလေ၏။ ဘေး သုံးဖက်တွင် ချုံနွယ် ပိတ်ဖုံးကာ လမ်းနှင့် မလှမ်းမကမ်း တစ်နေရာတွင်မူ လမ်းဘက်သို့ ပြတင်းပေါက် တစ်ပေါက်နှင့် တံခါးပေါက် တစ်ပေါက် လှည့်ထားသည့် တဲကလေး တစ်လုံးကို ခပ်လှမ်း လှမ်းမှ မြင်ရလေ၏။ ထိုတဲငယ်မှာ လူသတ်မှု ဖြစ်ပွားရာ နေရာ ဖြစ်ပေ၏။

ဟော့ပကင်းသည် ကျွန်ုပ်တို့ကို အိမ်ဆီသို့ ခေါ်သွားကာ မျက်နှာ ပိန် ချုံးလျက် ဆံပင်တို့ ဖြူဖွေးနေသော သေသူ့ ဇနီးနှင့် မိတ်ဆက်ပေးလေ၏။ ထို မိန်းမ၏ မျက်နှာမှာ များစွာ အိုစာကာ အရေးအစင်းတို့ ထင်ရှားစွာ ပေါ်လျက် ရှိပြီး မျက်ကွင်းတို့ ညိုလျက် ရှိသည့် မျက်လုံးများထဲတွင်လည်း အကြီးအကျယ် ထိတ်လန့်နေသည့် အရိပ်အယောင်ကို တွေ့ရလေ၏။ သူ၏ ပုံပန်းမှာ တစ်သက် လုံး ဆင်းဆင်းရဲရဲ ကြောက်ကြောက်လန့်လန့် နေခဲ့ရသည့် အသွင်ကို ပြသနေ သကဲ့သို့ ရှိပေ၏။ သူနှင့် အတူ ဆံပင် ကောင်းကောင်း၊ အသား ခပ်ဖျော့ဖျော့ နှင့် သမီးပျိုကိုလည်း တွေ့ရ၏။

ထိုမိန်းမပျို၏ မျက်လုံးများမှာ ကျွန်ုပ်တို့ လာရောက်သည်ကို မရှု ဆိတ်ဟန် ဖြစ်လျက် ရှိလေရာ ဤသည်ကို ကြည့်၍ ထိုမိန်းမပျိုမှာ သူ့အဖေ သေသည့် အတွက် ဝမ်းနည်းခြင်း မရှိသည့် အပြင် သူ့အဖေကို သတ်သူအား ကျေးဇူးတင်သည့် အရိပ်အယောင်ကို တွေ့ရသဖြင့် မိုက်ခဲ ပီတာသည် သူ့ မိသား စုကို မည်မျှ နှိပ်စက် ညှဉ်းပန်းခဲ့ကြောင်း ထင်ရှားလှပေ၏။ သေသူ အကြိမ် ပေါင်း များစွာ လျှောက်ခဲ့ဖူးသည့် လူသွားလမ်းကလေး အတိုင်း တဲဘက်သို့ ထွက်သွားရန် နေရောင်ခြည်ထဲသို့ ထွက်လာသည့် အခါမှပင် ကျွန်ုပ်တို့မှာလည်း အနည်းငယ် အသက်ရှူ ချောင်သွားသလိုလို ရှိပေ၏။

ခြံထောင့်ရှိ တဲကလေးမှာ ခပ်ရိုးရိုး ဆောက်ထားသည့် တဲကလေး ဖြစ်ပြီး ပျဉ်ထောင်၊ အမိုး တစ်ထပ်နှင့် ဖြစ်၍ တံခါးမကြီး ဘေးတွင် ပြတင်း ပေါက် တစ်ပေါက်၊ အခြားဘက်တွင်လည်း ပြတင်းပေါက် တစ်ပေါက် ရှိလေ ၏။ စတာန်လေ ဟော့ပကင်းသည် အိတ်ထဲမှ သော့ကို ထုတ်ယူပြီး တံခါးကို သော့ဖြင့် ဖွင့်မည် ပြုစဉ် အံ့သြသည့် အမူအရာဖြင့် ရပ်နေလေ၏။





'ဒီ သော့ခလောက်ကို
ဘယ်သူ လာပြီး ဘာလုပ် သွားသလဲ မသိဘူး'

'ဒီ သော့ ခလောက် ကို ဘယ်သူ လာပြီး ဘာလုပ် သွားသလဲ မသိဘူး ဆရာ'

သူ ပြောသည့် အတိုင်း တံခါးမှာ ခြေ ရာ လက် ရာ ပျက်လျက် ရှိလေ၏။ တံခါး ဘောင် တစ်နေရာကို ဓားဖြင့် လှီးထားပြီး အချို့ နေရာများ တွင် လော လော လတ် လတ် ခြစ်ထားဟန်ဖြင့် ပျဉ်ထောင် တွင် သုတ်ထားသော သဘော် ဆေးတွေ ပျက်ကာ သစ်သား စ ပေါ်လျက် ရှိလေ၏။ ရှား လော့ဟုမ်းမှာ ပြတင်းပေါက် ကို စစ်ဆေး ကြည့်ရှုလျက် ရှိ၏။

'ဒီပြတင်းပေါက်ကို လည်း ဖွင့်ဖို့ ကြိုးစားထားပုံ ရတယ်ဗျ၊ အထဲကို ဝင်မလို့ လုပ်ထားတာ၊ အင်း သူခိုးက တော့ တော်တော် ချာတဲ့ သူခိုး ပဲ'

ဟော့ပကင်းက

'တော် တော် တော့ ဆန်းတယ် ဆရာရေ၊ ဒီအမှတ်အသားတွေဟာ မနေ့ ညက မရှိသေးဘူး'

'ရွာထဲက စပ်စုတတ်တဲ့ ရွာသား တစ်ယောက်ကများ လာကြည့်တာ လားဗျာ' ဟု ကျွန်ုပ်က ပြောလိုက်၏။

'မဖြစ်နိုင်ဘူး ဆရာ၊ တော်တော့လူ ခြေတောင် ချရဲတာ မဟုတ်ဘူး၊ ဒီ တဲလေးထဲကို ဝင်ကြည့်ဖို့ ဆိုတာတော့ မပြောနှင့်တော့၊ ဆရာ ဘာလို့ ထင် သလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကံတရားက ကျုပ်တို့ကို မျက်နှာသာ ပေးပြီလို့ ထင်တာပဲဗျ'

'ဒါဖြင့် ဒီလူဟာ နောက်တစ်ခေါက် ပြန်လာဦးမယ် ဆိုတဲ့ သဘော ပေါ့'

'အများကြီး ဖြစ်နိုင်တယ်၊ ကြည့်ရတာကတော့ တံခါး ဖွင့်ထားလိမ့်မယ် ထင်လို့ သူ လာတာပဲဗျ၊ တံခါးကို မောင်းချ ဓားကလေးနှင့် ကလော်ပြီး ဖွင့်ကြည့်ဟန် တူတယ်၊ ဒါပေမဲ့ ရမသွားဘူး၊ ဒီတော့ သူ ဘာလုပ်ဦးမလဲ'

'ဒီထက် ကောင်းတဲ့ လက်နက်ကို ယူလာပြီး မနက်ဖြန် ညလောက်မှာ လာ ကြိုးစားချင် ကြိုးစားမှာပေါ့ ဆရာ'

'ကျုပ်လည်း ဒီလိုပဲ ထင်တယ်၊ သူ့ကို ကျုပ်တို့ စောင့်မဖမ်းရင်တော့ ကျုပ်တို့ ညံ့လို့ပဲ ဖြစ်မှာပေါ့၊ ကဲ ခုလောလောဆယ်တော့ တဲကလေးထဲကို ဝင်ကြည့်ချင်တယ်ဗျာ'

ထဲထဲတွင် ပစ္စည်းများကို ပြန်လည် နေရာ ချထားပြီး ဖြစ်လေ၏။ သို့ရာတွင် တဲထဲရှိ စားပွဲ ကုလားထိုင်များမှာ လူသတ်မှု ဖြစ် ပွား သည့် ညက အတိုင်း ခြေရာ လက်ရာ မပျက် ရှိ၏။ ရှားလော့ဟုမ်းသည် တဲထဲရှိ ပစ္စည်း ဟူသမျှကို နှစ်နာရီကြာမျှ သေချာစွာ စစ်ဆေး ကြည့်ရှုခြင်း ပြုလေ၏။ သို့ရာတွင် သူ ရှာဖွေ နေသော အရာကို မတွေ့သေးကြောင်း သူ့ မျက်နှာက ဖော်ပြလျက် ရှိလေ၏။

'ဗျို့ ဟော့ပကင်း၊ ဒီစင်ပေါ်က ပစ္စည်းတွေကို ပြောင်းတာ ရွှေ့တာများ ရှိသေးသလား'

'မရှိပါဘူး ဆရာ၊ နဂို အတိုင်းပါပဲ'

'တစ်ခုခု ရွှေ့ထားတယ်ဗျ၊ စင်ပေါ်က ဟောဒီ နေရာကလေးမှာ တခြား နေရာတွေလောက် ဖုန်တက်မနေဘူး၊ ပြောင်နေတယ်၊ ကြည့်ရတာကတော့ ဒီနေရာမှာ စာအုပ် တစ်အုပ် ရှိပုံ ရတယ်၊ သို့မဟုတ်ရင်လည်း သေတ္တာကလေး တစ်လုံး ရှိလိမ့်မယ်၊ ထားပါတော့လေ၊ ခုလောလောဆယ်မှာတော့ ဘာမှ လုပ်လို့ မရသေးပါဘူး၊ လာဗျာ ဝပ်ဆင်၊ တောထဲ ခဏ လျှောက်ပြီး သဘာဝ အလှအပတွေကို ကြည့်လိုက်ကြဦးစို့ရဲ့၊ ဟော့ပကင်းရေ ခဏနေရင် ကျုပ်တို့ ပြန်လာခဲ့မယ်ဗျို့၊ မနေ့ ညတုန်းက အလည် လာတဲ့ ဧည့်သည် အကြောင်း နည်းနည်း ပါးပါးတော့ သိရလိမ့်မယ် ထင်ပါရဲ့'

ထိုနေ့ည ဆယ့်တစ်နာရီ ထိုးပြီးသည့် နောက်တွင် ကျွန်ုပ်တို့သည် စောင့်ဆိုင်းလျက် ရှိကြလေ၏။





ဟော့ပကင်းက တဲတံခါးကို ဖွင့်ထားချင်သော်လည်း လာ ရောက် မည့် လူစိမ်း သံသယ ဖြစ်မည် စိုးသည့် အတွက် ရှားလော့ဟုမ်းက ထိုအတိုင်း ပိတ်ထားရန် ပြောလေ၏။ သော့ခလောက်မှာ ရိုးရိုး သော့ခလောက် ဖြစ်သည့် အတွက် ဓား ကောင်းကောင်း တစ်ချောင်းဖြင့် ကန့်လန့် ဖွင့်လိုက်လျှင် အလွယ်တကူ ပွင့်နိုင်ပေ၏။ ထို့ပြင် ရှားလော့ဟုမ်း၏ အကြံပေးချက် အတိုင်း ကျွန်ုပ်တို့သည် တဲထဲမှ စောင့်ဆိုင်းခြင်း မပြုဘဲ အဝေးဆုံး ပြတင်းပေါက်ဘက်ရှိ ချုံများ ကြားမှ စောင့်ဆိုင်းကြရန် ဖြစ်လေ၏။ ထိုနေရာမှ စောင့်ကြည့်လျှင် ထိုလူ မီးခြစ်၍ အခန်းထဲ ရှာမည် ဆိုက အလွယ်တကူ မြင်နိုင်သည့် အတွက် လာသည့် ရည်ရွယ်ချက်ကို ကျွန်ုပ်တို့ ကောင်းစွာ သိနိုင်မည် ဖြစ်ပေ၏။

ကျွန်ုပ်တို့သည် အသက်ကိုမှ ပြင်းပြင်း မရှူရဲကြဘဲ တိတ် ဆိတ် စွာ စောင့်လျက် ရှိကြရာ ရေအိုင်သို့ ရေသောက် ဆင်းမည့် သားကောင်ကို စောင့်ဆိုင်း နေရသည့် မုဆိုးများနှယ် ရင်တထိတ်ထိတ် ဖြစ်လျက် ရှိကြလေ၏။ အမှောင်ထုကြီးထဲမှ ကျွန်ုပ်တို့ကို ခုန်အုပ်မည့် သားရဲ တိရစ္ဆာန်မျိုးသည် မည်သို့သော သားရဲ တိရစ္ဆာန်မျိုး ဖြစ်မည်နည်း။ အစွယ် ဖွေးဖွေး၊ လက်သည်းကြီးတွေ ချွန်ချွန်နှင့် ကြောက်စရာ ကျားကြီး ဖြစ်မည်လော။ သို့တည်းမဟုတ် အကာအကွယ်မဲ့၍ ကြောက်တတ်သူတို့ကိုသာ အန္တရာယ် ပေးနိုင်သည့် တောခွေးမျိုးလော။

ကျွန်ုပ်တို့သည် တစ်ယောက်ကို တစ်ယောက် စကား မပြောနိုင်ကြဘဲ ချုံကြားထဲ ဝင်ရင်း သားကောင်ကို စောင့်ဆိုင်းလျက် ရှိကြလေ၏။ တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့သည် အိမ်ပြန် နောက်ကျသော ရွာသားများ၏ ခြေသံများကို ကြားရပြီး တစ်ခါတစ်ရံတွင်လည်း ရွာဘက်ဆီမှ အသံများကို ကြားရလေ၏။ သို့ရာတွင် အတန်ငယ် ကြာသည့် အခါတွင် ထိုအသံများသည် လုံးဝ ပျောက်ကွယ်သွားကြကာ အဝေး ဘုရားရှိခိုးကျောင်းမှ နာရီ ခေါင်းလောင်းသံနှင့် ကျွန်ုပ်တို့ ပုန်းအောင်းနေရာ ချုံပေါ်သို့ ကျနေသည့် မိုးဖွားကလေးများ ကျသံ၊ သစ်ရွက်တို့ လှုပ်သံမှ အပ ကျွန်ုပ်တို့ အနီးတွင် တိတ်ဆိတ်ခြင်းသာလျှင် မင်းမူလျက် ရှိလေ၏။

အချိန်မှာ ည နာရီပြန် နှစ်ချက် ထိုးပြီ ဖြစ်သဖြင့် အရုဏ် မတက်မီ အမှောင်ဆုံး အချိန် ဖြစ်လေ၏။ ကျွန်ုပ်တို့သည် ဝင်းတံခါးမကြီးဆီမှ ချောက် ဆဲ့ မြည်သံကို ကြားလိုက်ကြရလေ၏။ ခြံထဲသို့ ဝင်သည့် လမ်းအတိုင်း လူ[illegible] ယောက် ဝင်လာခြင်း ဖြစ်လေ၏။ ထို့နောက် အတန်ကြာ တိတ်ဆိတ်[illegible]ပြန် ပလရာ ကျွန်ုပ်တို့မှာ ကိုယ့်ဘာသာကိုယ် စိတ်လှုပ်ရှားခြင်း ဖြစ်[illegible]မည်လော



www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးနေစဉ် တဲ တစ်ဖက်ဆီမှ ခပ်ဖော့ဖော့ နင်းလာသည့် ခြေသံကို ကြားလိုက်ရလေ၏။ ခဏ ကြာလျှင် သံချင်း ပွတ်သံ၊ တစ်စုံတစ်ရာကို ခြစ်နေသံတို့ကို ကြားရသဖြင့် သော့ခလောက်ကို ဖွင့်နေကြောင်း သိသာနိုင်ပေ၏။ ဤတစ်ကြိမ်တွင်မူ ဖောက်ထွင်းသူသည် ပို၍ ကျွမ်းကျင်လာသောကြောင့်လော၊ သို့မဟုတ် သူ့လက်နက်ကပင်လျှင် ပိုကောင်းလာသောကြောင့်လော မသိ၊ တံခါး ပွင့်သွားသံနှင့် ပတ္တာမှ တကျွီကျွီ မြည်သံကို ကြားလိုက်ရလေ၏။

နောက် မကြာမီတွင် မီးခြစ် ခြစ်လိုက်ပြီး အတန်ကြာသောအခါ အခန်းထဲတွင် ဖယောင်းတိုင်မီး လင်းလာသည်ကို တွေ့ရလေ၏။ ကျွန်ုပ်တို့၏ မျက်လုံးများသည် ပါးလွှာသော ခန်းဆီးကို ဖောက်ထွင်းကာ အခန်းထဲသို့ စူးစိုက်ကြည့်လျက် ရှိကြလေ၏။



စာအုပ်ကြီးကို စားပွဲပေါ်တွင် ချကာ စာရွက်များကို တစ်ရွက်ပြီး တစ်ရွက် လှန်လျက် ရှိပြီး ...

အိမ်ထဲသို့ အချိန် မတော် ဝင်နေသူမှာ အသက် ခပ် ငယ်ငယ် လူငယ် တစ်ယောက် ဖြစ်ပြီး မျက်နှာ ဖျော့ဖျော့၊ ပိန်ပိန် ပါးပါး ဖြစ်လေ၏။ မည်းနက်သော မုတ်ဆိတ်မွေးတို့ကြောင့် သူ့မျက်နှာသည် ပို၍ ဖျော့တော့နေသည်ဟု ထင်ရ၏။ ထို လူငယ်မှာ အသက် နှစ်ဆယ်ထက် ကျော်ဟန် မရှိသေးချေ။ ထို လူငယ်သည် မေး တဆတ်ဆတ် တုန်ကာ တစ်ကိုယ်လုံး တုန်ယင်လျက် ရှိလေရာ ကျွန်ုပ် တစ်သက် တွင် ထိုမျှ ကြောက်ပွံ့ ထိတ်လန့်နေသူ တစ်ဦးကို တစ်ခါမျှ မမြင်ခဲ့ဖူးသေးချေ။

လူငယ်သည် လူကြီး လူကောင်း တစ်ယောက်ကဲ့သို့ နော့ဖော့ ဂျက်ကက် အင်္ကျီ၊ ဒူးကျပ်





ဘောင်းဘီတို့ကို ဝတ်ထားပြီး ခေါင်းတွင် အဝတ် ဦးထုပ်ပျော့ တစ်လုံးကို ဆောင်းထားလေ၏။

ကျွန်ုပ်တို့သည် မျက်လုံး အပြူးသားဖြင့် ထိုလူငယ်ကို စိုက်ကြည့်လျက် ရှိကြ၏။ ထိုလူငယ်သည် ဖယောင်းတိုင်ကို စားပွဲပေါ်တွင် တင်ထားလိုက်ပြီး အခန်းထောင့် တစ်ထောင့်သို့ ဝင်ရောက် ပျောက်ကွယ်သွားကာ အတန်ကြာလျှင် အဘော် မှတ်တမ်း စာအုပ်ကြီးများ ထားရာ စင်တွင် တင်ထားသည့် စာအုပ်ကြီး တစ်အုပ်ကို ယူ၍ လာလေ၏။ ထို့နောက် စာအုပ်ကြီးကို စားပွဲပေါ်တွင် ချကာ စာရွက်များကို တစ်ရွက်ပြီး တစ်ရွက် လှန်လျက် ရှိပြီး တစ်နေရာသို့ အရောက်တွင် သူ လိုချင်သည့် အရာကို တွေ့သွားသည့် အလား ရပ်၍ ကြည့်နေလေ၏။ ထို့နောက် စိတ်ဆိုးဟန်ဖြင့် လက်သီးကို ကျစ်ကျစ် ပါအောင် ဆုပ်လိုက်လျက် စာအုပ်ကို ပြန်ပိတ်လိုက်ပြီးလျှင် စင်ပေါ်သို့ ပြန်ထားကာ ဖယောင်းတိုင်မီးကို ပွတ်ပ်းလိုက်လေ၏။

တဲမှ ပြန် အထွက်တွင် ဟော့ပကင်း၏ လက်သည် သူ့ အင်္ကျီ လည်ကုပ်ကို ဖမ်းဆွဲထားလိုက်လေရာ ထိုလူငယ်သည် သူ့အခြေအနေကို နားလည်သွားဟန်ဖြင့် ကြောက်လန့်တကြား အော်လိုက်လေ၏။ ဖယောင်းတိုင်ကို ပြန်ထွန်းလိုက်သည့် အခါတွင် ဟော့ပကင်း လက်ထဲတွင် တစ်ကိုယ်လုံး ဆတ်ဆတ် တုန်လျက်ရှိသော လူငယ်ကို မြင်ရလေ၏။ လူငယ်သည် သင်္ဘောသား သေတ္တာကြီးပေါ်သို့ ထိုင်ချလိုက်ရင်း ကျွန်ုပ်တို့ကို တစ်လှည့်စီ ကြည့်လျက် ရှိလေ၏။

'ကဲ ကိုယ့်လူ၊ မင်း ဘယ်သူလဲ၊ ဒီကို ဘာလာ လုပ်တာလဲ ပြောစမ်း'

ဟု ဟော့ပကင်းက မေး၏။ လူငယ်သည် ပြန်၍ ဣန္ဒြေဆည်လိုက်ကာ

'ခင်ဗျားတို့က စုံထောက်တွေလား၊ မာလိန်မှူး ပီကာ ကာရေ သတ်မှုနှင့် ကျွန်တော်နှင့် ဘာမှ မဆိုင်ဘူးဗျ၊ ကျွန်တော့်မှာ ဘာမှ အပြစ် မရှိဘူး'

'ဆိုင်တယ် မဆိုင်ဘူး ဆိုတာ နောက်တော့ သိမှာပေါ့ကွာ၊ တို့ အရေးကြီးတာက မင်း ဘယ်သူလဲ ဆိုတာ သိချင်တယ်'

'ကျွန်တော့် နာမည်က ဂျွန် ဟော့ပလေ နယ်လီဂန်ပါ'

ရှားလော့ဟုမ်းနှင့် ဟော့ပကင်းတို့သည် တစ်ယောက် မျက်နှာကို တစ်ယောက် လှမ်းကြည့်လိုက်ကြသည်ကို ကျွန်ုပ် သတိပြုလိုက်မိ၏။

'ဒီကို ဘာလာ လုပ်တာလဲ'

'စိတ်ချလက်ချ ပြောလို့ ရမလား'


'တို့ကို ဒါတွေ ပြောနေစရာ မလိုပါဘူးကွ'



www.burmeseclassic.com

www.burmeseclassic.com





လူငယ်သည်
, သဘော်သား သေတ္တာကြီးပေါ်သို့
ထိုင်ချလိုက်ရင်း ကျွန်ုပ်တို့ကို တစ်လှည့်စီ ကြည့်လျက် ရှိလေ၏။





'ဒီလိုဆိုရင် ဘာဖြစ်လို့ ပြောရမှာလဲ'

'ဒါတော့ မင်း သဘောပေါ့၊ မဖြေရင် ရုံးတော်ကို ရောက်ရင် မင်း အခြေအနေ ပိုဆိုးသွားမှာပေါ့'

လူငယ်သည် မျက်တောင်ကို ပုတ်ခတ် ပုတ်ခတ် လုပ်လျက် ရှိ၏။

'ဒီလိုဆိုရင်လည်း ပြောပါ့မယ်လေ၊ တကယ်တော့ ကျွန်တော့် အနေ နှင့် မပြောနိုင်စရာ မရှိပါဘူး၊ ဒါပေမဲ့ ဒီအကြောင်းကို ကျွန်တော် သိပ် ပြန် မပြောချင်ဘူးဗျာ၊ ချေးခြောက် ရေရှုံးသလို ဖြစ်မှာ စိုးတယ်၊ ဒေါ်ဆန်နှင့် နယ် လီဂန် ကုမ္ပဏီကို ကြားဖူးကြသလား မသိဘူး'

ဟော့ပကင်း၏ မျက်နှာတွင် ထိုအမည်ကို ကြားဖူးဟန် ရှိသည့် အမူ အရာ ပေါ်နေပြီး ရှားလော့ဟုမ်းမှာမူ စိတ်ပါဝင်စားစွာ နားထောင်လျက် ရှိလေ ၏။

'မင်း ပြောတာ ဝက်စ် ကန့်ထရီ ဘဏ်တိုက်ကို ပြောတာ မဟုတ်လား၊ ငွေ တစ်သန်းလောက် ပြန်မဆပ်နိုင်လို့ ဘဏ်တိုက် ပျက်သွားတယ်လေ၊ ကွန်း ဝါနယ်က ငွေအပ်တဲ့ လူတွေ တော်တော်များများ ဆုံးလိုက်ကြတယ်၊ ဒီနောက် တော့ နယ်လီဂန် ဆိုတဲ့ လူ ရှောင်ပြေးသွားတယ်'

'ဟုတ်ပါတယ်၊ နယ်လီဂန် ဆိုတာ ကျွန်တော့် အဖေပါ'

နောက်ဆုံး၌ ကျွန်ုပ်တို့သည် အမှုနှင့် ပတ်သက်၍ အထောက်အကူ ပြု သည့် အချက်များကို ရရှိခဲ့သော်လည်း တိမ်းရှောင် ထွက်ပြေးသွားသော ဘဏ် တိုက် ပိုင်ရှင်နှင့် မာလိန်မှူး ပီတာ ကာရေ မှိန်းနှင့် အထိုးသတ် ခံရသည့် ကိစ္စ ကို့မှာ အဆက်အစပ် ဝေးလွန်းလှရကား လူငယ်၏ စကားများကို အထူး ဂရု စိုက်၍ နားထောင်ခြင်း ပြုရလေ၏။

'ဒီဘဏ်တိုက်မှာ အဓိက တာဝန် ရှိသူကတော့ ကျွန်တော့် အဖေပါ၊ မစ္စတာ ဒေါ်ဆန်ကတော့ အစု ရှယ်ယာဝင် အဖြစ်က တော်တော် စောစောက တည်းက နုတ်ထွက်သွားခဲ့ပါတယ်၊ အဲဒီတုန်းက ကျွန်တော်က ဆယ်နှစ်သား လောက်ပဲ ရှိပါသေးတယ်၊ ဒါပေမဲ့ အဖေက အရှက်တကွဲ အကျိုးနည်း ဖြစ်ရတဲ့ အတွက် ရှက်ရ ကြောက်ရကောင်းမှန်းတော့ သိပြီပေါ့ ခင်ဗျာ၊ လူတွေကတော့ ကျွန်တော့် အဖေဟာ ဘဏ်တိုက်က ငွေတွေနှင့် အာမခံ စာချုပ်တွေကို ခိုးပြီး ထွက်ပြေးတယ်လို့ပဲ ထင်ကြပါတယ်၊ အမှန်ကတော့ ဒီလို မဟုတ်ပါဘူး၊ အဖေ ၌ သူ့ကို အချိန်ပေးလို့ ရှိရင် ပြဿနာ အားလုံး ပြေလည်သွားပြီး ကြွေးရှင် တွေကိုလည်း ကြွေးတွေ အားလုံး ပြန်ဆပ်နိုင်လိမ့်မယ်လို့ ထင်ပါတယ်၊ ဒါနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ဖြစ်တော့ အစိုးရက သူ့ကို ဝရမ်း ထုတ်မယ် ဆိုတာလည်း သိရော သူလည်း ဝရမ်း မထုတ်ခင် သူပိုင် ရွက်လှေကလေး တစ်စင်းနှင့် နော်ဝေကို ထွက်သွားပါတယ်၊ မထွက်ခင် တစ်ညမှာ ကျွန်တော့် အမေကို မှာစရာ ရှိတာ မှာပြီး နှုတ်ဆက်နေတာကို ကျွန်တော် ခုထိ မှတ်မိနေပါသေးတယ်၊ အဖေက သူ ယူသွားတဲ့ ဘဏ်စာချုပ်တွေရဲ့ စာရင်းကို အမေ့ကို ပေးပြီး ဂုဏ်သိက္ခာရှိရှိနှင့် ပြန်လာမယ့် အကြောင်း၊ ခု သူ့ကို မယုံကြည်တဲ့ လူတွေဟာ တစ်နေ့မှာ နောင်တ ရကြမယ့် အကြောင်း ပြောပါတယ်၊ အဲဒီ နောက်က စပြီး ကျွန်တော့် အဖေ သတင်းကို မကြားရတော့တာပါပဲ ခင်ဗျ၊ သူရော သူ့လှေ သတင်းရော ဘာ အကြောင်းကိုမှ မကြားရတော့ပါဘူး၊ အမေနှင့် ကျွန်တော်ကတော့ အဖေရော သူ့ ရွက်လှေရော သူ ယူသွားတဲ့ ဘဏ် ငွေချေး စာချုပ် စာတမ်းတွေရော အားလုံး ပင်လယ်အောက် ရောက်သွားပြီလို့ပဲ အောက်မေ့ လိုက်ကြပါတော့တယ်၊ ကျွန်တော်တို့မှာ ယုံကြည် စိတ်ချရတဲ့ မိတ်ဆွေ တစ်ယောက် ရှိပါတယ်၊ သူကိုယ်တိုင်ကလည်း အလုပ်ကြီး အကိုင်ကြီးသမား တစ်ယောက်ပါ၊ အဲ တစ်နေ့တော့ အဖေ ယူသွားတဲ့ ဘဏ် ငွေချေး စာချုပ်တွေ အာမခံ စာချုပ်တွေ လန်ဒန် ငွေဈေးကွက်မှာ ပြန် ပေါ်လာတာကို တွေ့လာပါတယ်၊ ကျွန်တော်တို့ ဘယ်လောက် အံ့သြမလဲ ဆိုတာ စုံထောက်ကြီးတို့ပဲ စဉ်းစား ကြည့်ကြပါတော့ ခင်ဗျာ၊ ဒါနှင့် ကျွန်တော်လည်း အဲဒီ ငွေချေး စာချုပ်တွေ အာမခံ စာချုပ်တွေကို ခြေရာ လိုက်ခံတာပေါ့ဗျာ၊ ခြေရာ ခံရင်း တွေ့ရတဲ့ အခက်အခဲတွေ အလိမ်အညာ ခံရတာတွေကတော့ မပြောပါနိုင်တော့၊ ဒါနှင့် နောက်ဆုံးတော့ ဒီ စာချုပ်တွေကို ရောင်းတဲ့ လူဟာ ဒီတဲကို ပိုင်တဲ့ မာလိန်မှူး ပီတာ ကာရေ ဆိုတာ ကျွန်တော် သိလာခဲ့ရပါတယ်။

"ဒီတော့ ကျွန်တော်လည်း ဒီလူ့ အကြောင်းကို စုံစမ်း ရတော့တာပေါ့၊ စုံစမ်းတော့ ဘာသိရသလဲ ဆိုတော့ ကျွန်တော့် အဖေက နော်ဝေကို ရွက်လှေကလေးနှင့် ဖြတ်နေတဲ့ အချိန်မှာ ဒီလူဟာ သမုဒ္ဒရာဘက်က ပြန်လာတဲ့ ပင်လယ်ဝေလ ငါးဖမ်း သင်္ဘော တစ်စင်းမှာ မာလိန်မှူး လုပ်နေတယ် ဆိုတာ သိလာခဲ့ရတယ် ခင်ဗျ၊ အဲဒီနှစ် ဆောင်းဦးပေါက်ကလည်း ပင်လယ်မှာ မုန်တိုင်း တော်တော် ပြင်းတဲ့နှစ် ခင်ဗျ၊ အထူးသဖြင့် တောင်လေပြင်းတွေ သိပ်ကျတဲ့ နှစ်ပေါ့၊ လာလိုက်တဲ့ လေပြင်းတွေ တစ်လုံးပြီး တစ်လုံး ဝင်နေတာပဲ၊ ကြည့်ရတာကတော့ ကျွန်တော့် အဖေရဲ့ ရွက်လှေဟာ တောင်လေပြင်းနှင့် အတူ မြောက်ဘက်ကို ပါသွားပြီး မာလိန်မှူး ပီတာ ကာရေရဲ့ သင်္ဘောနှင့် သွားတွေ့တယ် ထင်





တယ် ခင်ဗျ၊ ဒီအတိုင်း မှန်ရင် ကျွန်တော့် အဖေ ဘယ် ရောက်သွားသလဲ၊ ဒီတော့ ဘယ်လိုပဲ ဖြစ်ဖြစ် ဒီငွေချေး စာချုပ်တွေ ဈေးကွက်ထဲ ဘယ်လို ပြန်ပေါ်လာသလဲ ဆိုတာ ပီတာ ကာရေက ထုတ်ပြောရင် ဒီ စာချုပ်တွေကို ကျွန်တော့်အဖေ ရောင်းစားတာ မဟုတ်ဘူး၊ ပြီးတော့ ကျွန်တော့် အဖေဟာ မသမာတဲ့ ရည်ရွယ်ချက်နှင့် ဒီစာချုပ်တွေကို ယူသွားတာ မဟုတ်ဘူး ဆိုတာကို ကျွန်တော် သက်သေ ပြနိုင်မယ်။

"ဒါနှင့် ကျွန်တော်လည်း မာလိန်မှူး ကာရေကို တွေ့အောင် ဆိုပြီး ဆပ်ဆက်နယ်ကို ဆင်းလာခဲ့ပါတယ်၊ ဒီလို ဆင်းလာတုန်းမှာ သူ အသတ် ခံရတာနှင့် သွားပြီး တိုက်ဆိုင်နေတာပါပဲ၊ သတင်းစာထဲမှာ ပါတဲ့ ပုလိပ် စစ်ချက်ကို ဖတ်ကြည့်တော့ သူ့တဲကလေး အနေအထားနှင့် တဲထဲမှာ သင်္ဘော မှတ်တမ်း စာအုပ်တွေ ရှိတယ် ဆိုတာ ကျွန်တော် သိရပါတယ်၊ ၁၈၈၃ ခုနှစ် ဩဂုတ်လမှာ သူ ဦးစီးတဲ့ ငါးကြီး အာနန္ဒာ သင်္ဘောပေါ်မှာ ဘာတွေ ဖြစ်ခဲ့တယ် ဆိုတာကို သိရရင် ကျွန်တော့် အဖေနှင့် ပတ်သက်လို့ တစ်စုံတစ်ရာ သိရမှာပဲလို့ ကျွန်တော် စဉ်းစားမိပါတယ်၊ မနေ့ညတုန်းက ကျွန်တော် ဒီကို လာပြီး မှတ်တမ်း စာအုပ်တွေကို ကြည့်ဖို့ လုပ်ပါတယ်၊ ဒါပေမဲ့ တံခါးကို ဖွင့်လို့ မရတာနှင့် ကျွန်တော် ပြန်သွားပါတယ်၊ ဒီနေ့ည ထပ်ကြိုးစားတော့ ကျွန်တော် အထဲကို ရောက်သွားပါတယ်၊ မှတ်တမ်းထဲမှာ အဲဒီ လကို လိုက်ရှာကြည့်တော့ အဲဒီနှား တစ်ပိုက်က မှတ်တမ်း စာအုပ်တွေ ဆုတ်ထားတာကို သွားတွေ့ရပါတယ်၊ ခု ပြန် အထွက်မှာ ခုလို အဖမ်း ခံရတာပါ"

"ဒါပဲလား" ဟု ဟော့ပကင်းက မေး၏။

"ဟုတ်ပါတယ်"

ထိုသို့ ပြောစဉ် လူငယ်၏ မျက်လုံးများမှာ ဂနာမငြိမ် ဖြစ်လျက် ရှိ၏။

"နောက်ထပ် ဘာမှ ပြောစရာ မရှိတော့ဘူးလား"

လူငယ်သည် အတန်ကြာမျှ တွေနေလေ၏။

"မရှိတော့ပါဘူး၊ ဒါ အကုန်ပါပဲ"

"ဒီထဲကို ရောက်ဖူးတာဟာ မနေ့ညက ပထမဆုံး အကြိမ်ပေါ့"

"ဟုတ်ပါတယ်"

"ဒါဖြင့် ဒါကကော ဘာဖြစ်လို့ ရောက်နေသလဲ"

ရှားလော့ဟုမ်းက ရှေ့ဆုံး စာရွက်ပေါ်တွင် ထိုလူငယ်၏ အမည် အတို ကောက် ရေးထားသော အဖုံးတွင် သွေးစွန်းနေသည့် မှတ်စု စာအုပ် အဟောင်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ထောင်ပြလိုက်၏။ လူငယ်မှာ တစ်ချက်တည်း ငိုင်ကျသွားလေ၏။ မျက်နှာကို လက်ဝါးဖြင့် အုပ်ထားပြီး တစ်ကိုယ်လုံးမှာလည်း တုန်ယင်လျက် ရှိလေ၏။

'ဘယ်က ရတာလဲ ခင်ဗျာ၊ ကျွန်တော် ဘာမှ မသိပါလား၊ ကျွန်တော်က ဟိုတယ်မှာ ပျောက်နေရစ်ခဲ့တယ် ထင်နေတာ'

ဟော့ပကင်းက ခပ်ထန်ထန်ဖြင့်

'တော်ပြီကွာ၊ ဘာမှ မပြောနှင့်တော့၊ ပြောစရာ ရှိရင် ရုံးတော်ကျမှ ပြော၊ ခုတော့ ဂါတ်ကို လိုက်ခဲ့၊ ကဲ ဆရာရေ၊ ဆရာ့ကိုရော ဆရာ့ မိတ်ဆွေ ဒေါက်တာကြီးကိုရော ကျွန်တော့်ကို ခုလို လာပြီး ကူညီတဲ့ အတွက် ကျေးဇူး တင်ပါတယ်၊ အမှုက ပေါ်ပြီ ဆိုတော့ ဆရာတို့ ပြန်ချင်ရင် ပြန်နိုင်ပါပြီ၊ ဆရာတို့ မပါဘဲနှင့် ကိစ္စ ပြီးလောက်ပြီ ထင်ပါတယ်၊ ဘယ်လိုပဲ ဖြစ်ဖြစ်လေ ဆရာတို့ကိုတော့ ကျေးဇူးတင်ပါတယ်၊ ဆရာတို့ အတွက်လည်း ဘရက်လတီ တည်းခိုခန်းမှာ အခန်းတွေ ငှားပြီးသားပါ၊ ဒီတော့ ရွာထဲ အထိ ကျွန်တော်တို့နှင့် အတူတူ လမ်းလျှောက်သွားကြတာပေါ့'

နောက်တစ်နေ့ မနက် ကျွန်ုပ်တို့ နှစ်ယောက် လန်ဒန်သို့ ပြန်လာသည့် အခါတွင် ရှားလော့ဟုမ်းက ကျွန်ုပ်အား 'ဘယ့်နှယ်လဲဗျို့ ဝပ်ဆင်၊ ခင်ဗျား ဘယ်လို ထင်သလဲ' ဟု မေးလေ၏။

'ခင်ဗျား ကြည့်ရတာ သိပ် ကျေနပ်ပုံ မပေါ်ဘူးဗျ'

'ဘယ့်နှယ် ပြောလိုက်ပါလိမ့်ဗျာ၊ ကျေနပ်ပါသော်ကော၊ ဒါပေမဲ့ စတန်လေ ဟော့ပကင်းရဲ့ နည်းတွေကိုတော့ ကျုပ် တယ် မကြိုက်လှဘူးဗျ၊ နည်းနည်း စိတ်ပျက်သွားတယ်၊ ကျုပ်က သူ့ကို တော်တော် မျှော်လင့် ထားခဲ့တာ၊ ရာဇဝတ်မှု တစ်ခုကို စုံစမ်း ထောက်လှမ်းရာမှာ အရေးကြီးတာက ဖြစ်နိုင်တဲ့ တခြား ကောက်ချက် တစ်ခုကို ရှာပြီး အဲဒီ ကောက်ချက်ကို ကိုယ့်ဘာသာကိုယ် ပြန် ထုချေ ကြည့်ရမယ်ဗျ၊ ဒါဟာ ရာဇဝတ်မှု စုံစမ်း ထောက်လှမ်းရေးမှာ လိုက်နာရမယ့် ပထမဆုံး စည်းမျဉ်းပဲ'

'ဒါဖြင့် ခင်ဗျား ဆွဲထားတဲ့ တခြား ကောက်ချက် တစ်ခုက ဘာလဲဗျာ'

'ခု ကျုပ် လိုက်နာ ကျင့်သုံးနေတဲ့ စုံစမ်း ထောက်လှမ်းနည်းပေါ့ဗျ၊ ခုလို လုပ်ကြည့်တဲ့ အတွက် အဖြေတော့ ပေါ်ကောင်းမှ ပေါ်မယ်၊ ဒါတော့ ကျုပ် မပြောနိုင်ဘူး၊ သို့သော်လည်း ကျုပ်ကတော့ ကျုပ် နည်းကို ကျုပ် အဆုံးတိုင် လုပ်ကြည့်ရဦးမှာပဲ'





ဘေကာလမ်းရှိ တိုက်ခန်းသို့ ပြန် ရောက် သည့် အခါတွင် ရှားလော့ဟုမ်းထံ ပေးလိုက်သည့် စာများ ရောက်နေသည်ကို တွေ့ရလေ၏။ ရှားလော့ဟုမ်းသည် ထိုအထဲမှ စာတစ်စောင်ကို ဖြတ်ခနဲ ကောက်ယူလိုက်ကာ ဖွင့်ဖတ်လိုက်ပြီးလျှင် သဘောကျလွန်းသဖြင့် အားရပါးရ ရယ်မောလျက် ရှိလေ၏။

'ဟန်ကျလိုက်လေဗျာ၊ ကဲ အိုင်ဆေးရေ၊ ကျုပ် ပြောတဲ့ တခြား တွေးလုံး တစ်ခုကတော့ တော်တော်လေး အကောင်အထည် ပေါ်နေပြီဗျ၊ ခင်ဗျားမှာ ကြေးနန်း ပုံစံတွေ ကျန်သေးသလား၊ ကျုပ်အတွက် ကြေးနန်း နှစ်စောင် ရိုက်ပေးစမ်းဗျာ၊ "ဆွန်းနား၊ သင်္ဘော ကိုယ်စားလှယ်၊ ရက်ကလစ် ဟိုင်းဝေး၊ မနက်ဖြန် မနက် ဆယ်နာရီ အရောက် လူသုံးယောက် လွှတ်ပါ၊ ဘေဆယ်"၊ အဲဒါက သူတို့ လောကမှာ ပြောင်းထားတဲ့ ကျုပ် နာမည် တစ်ခုဗျ၊ နောက် တစ်စောင်က "အင်စပက်တော် စတန်လေ ဟော့ပကင်း၊ ၄၆ လော့ဒ်လမ်း၊ ဗရစ္စတန်၊ မနက်ဖြန် မနက် ကိုးနာရီခွဲတွင် မနက်စာ လာစားပါ၊ အရေးကြီးသည်၊ မလာနိုင်လျှင် ကြေးနန်းပြန်၊ ရှားလော့ဟုမ်း"၊ ဒီအမှုဟာ ကျုပ်ကို ဒုက္ခ ပေးနေတာ ဆယ်ရက်လောက် ရှိပြီဗျာ၊ ခုတော့ ကျုပ် ခေါင်းထဲက အပြီးအပိုင် ပြည်နှင်ဒဏ် ပေးလိုက်ပြီ၊ မနက်ဖြန် ဆိုရင် ဒီအမှု ကိစ္စ ပြတ်လောက်ပါပြီ'

နောက်တစ်နေ့ မနက် ကိုးနာရီခွဲ တိတိတွင် အင်စပက်တော် ဟော့ပကင်း ရောက်ရှိလာလေရာ ကျွန်ုပ်တို့သည် အိမ်ရှင် အဘွားကြီး မစ္စက် ဟတ်ဆန် ပြင်ပေးသည့် မြိန်ရှက်ဖွယ် မနက်စာကို စားသောက်နေကြလေ၏။ အင်စပက်တော် ဟော့ပကင်းကား ဤအမှုတွင် သူ အောင်မြင်ခဲ့သည့် အတွက် အထူး ရွှင်လန်း အားရလျက် ရှိလေ၏။

'နေစမ်းပါဦး၊ ကိုရင်က ကိုရင့် အဖြေဟာ လုံးဝ မှန်ပြီလို့ ယူဆထားလို့လား'

'ဒီထက် ကောင်းတဲ့ အဖြေတော့ မရှိတော့ဘူး ထင်တယ် ခင်ဗျ'

'ကျုပ်ကတော့ ကိုရင့် အဖြေဟာ မပြည့်စုံသေးဘူးလို့ ထင်တာပဲ'

'ဆရာကလည်း လုပ်ရော့မယ်၊ ဒီထက် ဘာများ ပိုပြီး ပြည့်စုံ ရဦးမှာလဲ'

'ကိုရင့် တွေးလုံးတွေက ထောင့်စုံရဲ့လား'

'စုံပါ့ ခင်ဗျာ၊ လိုက် စုံစမ်း ကြည့်လိုက်တော့ သူငယ်လေးဟာ အချိန် ဖြစ်ပွားမယ့်နေ့ မနက်က ဗရန့် ဗလက်တီ တည်းခိုခန်းကို ရောက်လာတယ် ပင်ဗျ၊ အကြောင်း ပြတာကတော့ ဂေါက်သီး လာကျင့်တယ်လို့ အကြောင်း ပြ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူ ယူထားတာက အောက်ဆုံးထပ်က အခန်း၊ ကြိုက်တဲ့ အချိန် ထွက်နိုင်အောင်လို့ ဒီအခန်းကို ယူထားတာ ဖြစ်မှာပေါ့၊ အဲဒီ ညက သူဟာ ဝုဒမင်လီကို ထွက်သွားတယ် ခင်ဗျ၊ ဟိုရောက်တော့ တဲလေးထဲမှာ မိုက်ခဲ ပီတာနှင့် တွေ့တယ်၊ စကား များပြီး မိုက်ခဲ ပီတာကို မှိန်းနှင့် ထိုးသတ် ပစ်ခဲ့တယ် ခင်ဗျ၊ နောက်တော့ အကြောက်ကြောက် အလန့်လန့်နှင့် အပြင်ကို ပြန် အထွက်မှာ စာချုပ်တွေနှင့် ပတ်သက်လို့ မိုက်ခဲ ပီတာကို မေးမယ့် မေးခွန်းတွေကို မှတ်ထားတဲ့ မှတ်စု စာအုပ်ကလေး ကျကျန်ရစ်ခဲ့တယ်၊ မှတ်စု စာအုပ်ထဲမှာ တချို့ မေးခွန်းတွေကို ဘေးက ခြစ်ထားပြီး တချို့က ဒီအတိုင်း ဘာမှ မခြစ်သေးဘဲ ထားတာကို တွေ့ရလိမ့်မယ်၊ အဲဒီထဲမှာ ဘေးက ခြစ်ထားတဲ့ဟာတွေက လန်ဒန် ငွေ ဈေးကွက်မှာ တွေ့ရတဲ့ စာချုပ်တွေ ခင်ဗျ၊ တခြား ကျန်တာတွေကတော့ မိုက်ခဲ ပီတာရဲ့ လက်ထဲမှာ ရှိမယ်လို့ ထင်ရတဲ့ စာချုပ်တွေ ခင်ဗျ၊ ဒီတော့ သူငယ်ကလေးဟာ သူ့ အဖေရဲ့ ကြွေးရှင်တွေကို ပြန်ပြီး ဆပ်ချင်တယ်၊ ထွက်ပြေးပြီးတဲ့နောက် တဲနားကို ရုတ်တရက် မကပ်ရဲဘူး၊ နောက်ဆုံးကျတော့မှ သူ လိုချင်တဲ့ အချက်အလက်တွေ မရသေးလို့ တဲကို တစ်ခေါက် ပြန်လာတာ၊ မရှင်းဘူးလား ဆရာ၊ လွယ်လွယ်ကလေးပါ'

ရှားလော့ဟုမ်းမှာ ပြုံး၍ ခေါင်းခါလျက် ရှိလေ၏။

'ဟော့ပကင်းရေ၊ ကိုရင့် တွေးလုံးမှာ အကြီးအကျယ် ချွတ်ယွင်းနေတာ တစ်ချက် ရှိတယ်ဗျ၊ အဲဒါက ဘာလဲ ဆိုတော့ ကိုရင့် တွေးလုံး အတိုင်း ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူး ဆိုတဲ့ အချက်ပဲ၊ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ထဲကို မှိန်းကြီး တစ်ချောင်း ထိုးသွင်းဖူးရဲ့လား၊ မထိုးဖူးဘူး မဟုတ်လား၊ ဖြစ်မှ ဖြစ်ရလေ ကိုယ့်လူရယ်၊ အဲဒီ အသေးစိတ် အချက်အလက်ကလေးတွေကို ဂရုစိုက်ရမယ်ဗျ၊ ကျုပ်မှာဖြင့် အဲဒီ လှေကျင့်ခန်းကို သွား စမ်းကြည့်လိုက်ရတာ တစ်မနက်လုံး ဖတ်ဖတ်ကို မောလို့၊ ဟောဒီက ဒေါက်တာ ဝပ်ဆင်ကိုသာ မေးကြည့်ပေတော့၊ လူတစ်ယောက်ကို ဖောက်ထွက် သွားအောင် မှိန်းနှင့် ထိုးဖို့ဆိုတာ လွယ်တဲ့ ကိစ္စ မဟုတ်ဘူးဗျ၊ အင်မတန် အားကောင်းမောင်းသန် ရှိပြီး လှေကျင့်ထားမှ ရနိုင်တာမျိုး၊ ခုတော့ မှိန်းကြီးက လူကို ဖောက်သွားရုံတွင် မကဘူး၊ နံရံမှာ အနက်ကြီး ဝင်စိုက်နေလိုက်သေးတယ်၊ ဒီလောက် ဖြူဖပ် ဖြူရော်နှင့် ကုပ်ချောင်းချောင်း သူငယ်လေး တစ်ယောက်ဟာ ဒီလောက် ပြင်းပြင်း ထိုးနိုင်မယ်လို့ ကိုရင် ထင်သလား၊ ညကြီးသန်းခေါင်မှာ မိုက်ခဲ ပီတာလို လူမျိုးနှင့် လာ အရက် သောက်ပြီး စကား ပြောရဲမယ်လို့ကော ကိုရင် ထင်သလား၊





လွန်ခဲ့တဲ့ နှစ်ညလောက်က ပြတင်းပေါက် ခန်းဆီးမှာ ပေါ်လာတဲ့ မုတ်ဆိတ်မွေးနှင့် လူရဲ့ အရိပ် ဆိုတာကော သူ့ အရိပ်လို့ ကိုရင် ထင်သလား၊ မဖြစ်နိုင်ဘူးဗျ၊ လုံးလုံး မဖြစ်နိုင်ဘူး၊ အဲဒီ လူဟာ တော်တော် အားကောင်းမောင်းသန် ရှိတဲ့ လူတစ်ယောက်၊ တော်တော် ကြောက်စရာ ကောင်းတဲ့ လူတစ်ယောက် ဖြစ်ရမယ်၊ ခု ကျုပ်တို့ ဒီလူကို လိုက်ရှာကြရလိမ့်မယ်'

ရှားလော့ဟုမ်း ပြောဆိုနေသည့် အတောအတွင်း၌ကား ဟော့ပကင်း၏ မျက်နှာမှာ အိုစာသည်ထက် အိုစာလာခဲ့လေပြီ။ ဟော့ပကင်း၏ မျှော်လင့်ချက်များနှင့် မျှော်မှန်းချက်တို့သည် တအိအိ ပြိုကျလျက် ရှိလေပြီ။ သို့ရာတွင် ဟော့ပကင်းသည် သူ့ အယူအဆကို အလွယ်တကူ စွန့်လွှတ်လိုဟန် မတူချေ။

'အဲဒီ ညက နယ်လီဂန် အဲဒီမှာ ရောက်နေတာကတော့ ငြင်းလို့ မရဘူးလေ ဆရာ၊ မှတ်စု စာအုပ်က သက်သေခံနေပြီပဲ၊ ဆရာကသာ ကျွန်တော့် ကောက်ချက်ကို အပြစ် မြင်နေတာ၊ ဂျူရီကတော့ ကျွန်တော် တင်မယ့် သက်သေခံကို ကျေနပ်မှာ သေချာတယ် ဆရာ၊ ပြီးတော့ ကျွန်တော်က ကျွန်တော် စွဲတဲ့ လူကို လက်ရ ဖမ်းပြီး ကုပ်က ကိုင်ပြထားပြီလေ၊ ဆရာရဲ့ ကြောက်စရာ ကောင်းတဲ့ အားကောင်းမောင်းသန် လူ ဆိုတာက ဘယ်မှာလဲ'

'လှေကားပေါ် ရောက်နေပြီ ထင်ပါရဲ့ဗျာ၊ မြင်ရတော့မှာပါ၊ ဗျို့ ဝပ်ဆင် လိုလိုမည်မည် ခြောက်လုံးပြူးလေး ဘာလေးကို အနားမှာ ယူထားစမ်းဗျာ' ဟု မျက်နှာထားဖြင့် ပြောလေ၏။ ထို့နောက် ရှားလော့ဟုမ်းသည် ထိုင်ရာမှ ထကာ အနီးရှိ စားပွဲကလေး တစ်လုံးပေါ်သို့ စာရေးထားသည့် စာရွက် တစ်ရွက်ကို တင်ထားလိုက်လေ၏။

လှေကားထိပ်မှ အသံ ခပ်ကွဲကွဲဖြင့် ပြောဆိုနေသည့် အသံများ ကြားရပြီးနောက် မစ္စက် ဟတ်ဆန် ပေါ်လာကာ အပြင်ဘက်တွင် မာလိန်မှူး ဘေဆယ်ဆိုသူကို လာမေးနေသည့် လူသုံးယောက် ရောက်နေကြောင်းဖြင့်' ပြောဆိုလေ၏။

'တစ်ယောက်စီ လွှတ်လိုက်ပါ မစ္စက် ဟတ်ဆန်'

အခန်းထဲသို့ ပထမဆုံး ဝင်လာသူမှာ သစ်တော်သီးကဲ့သို့ ပုဝိုင်းဝိုင်း လူတစ်ယောက် ဖြစ်ပြီး နီရဲသော ပါးပြင်နှင့် ဆွတ်ဆွတ်ဖြူသော နှုတ်ခမ်းမွေး ကျင်စွယ်တို့ ရှိလေ၏။ ရှားလော့ဟုမ်းသည် အိတ်ထဲမှ စာရွက် တစ်ရွက်ကို ထုတ်ယူ လိုက်ပြီးလျှင်

'နာမည်'



www.burmeseclassic.com

www.burmeseclassic.com



'ဂျိမ်း လန်ကက်စတာ'

'ဝမ်းနည်းပါတယ်ဗျာ၊ ကုန်းပတ် အတွက်ကတော့ လူပြည့်နေပြီ၊ ခင်ဗျား ဒုက္ခခံ လာရတဲ့ အတွက် ဟောဒီမှာ ရွှေဒင်္ဂါးပြားဝက်၊ ဟိုဘက် အခန်းထဲ ထိုင်ပြီး ခဏ စောင့်နေပါ'

ဒုတိယ လူမှာ အရပ် ရှည်ရှည် ပိန်ခြောက်ခြောက် ဖြစ်ပြီး ဆံပင် ကျိုးတိုးကျဲတဲ၊ အသားအရေ ဖျော့ဖျော့နှင့် ဖြစ်လေ၏။ ထိုလူ၏ အမည်မှာ ဟူးချ် ပက်တန် ဖြစ်၏။ ရှားလော့ဟုမ်းသည် ထိုလူကိုလည်း ရွှေဒင်္ဂါးပြားဝက် ပေးကာ တစ်ဖက်ခန်းတွင် ထိုင်၍ အစောင့်ခိုင်းထားလေ၏။

တတိယ ဝင်ရောက်လာသူမှာ အတော် ထူးခြားသည့် ပုံပန်းသဏ္ဌာန် ရှိလေ၏။ ထိုလူ၏ မျက်နှာမှာ ကြောက်မက်ဖွယ် ခွေးဘီလူးကြီး တစ်ကောင်၏ မျက်နှာမျိုး ဖြစ်ပြီး မျက်နှာကို ဆံပင်များနှင့် မုတ်ဆိတ်မွေးတို့က ဖုံးအုပ်လျက် ရှိလေ၏။ ထူထဲ၍ အောက်သို့ ဖုံးအုပ်လျက် ရှိသော မျက်ခုံးမွေးကြီး နှစ်ခုအောက်မှ စူးရှ မည်းနက်သော မျက်လုံးများမှာလည်း တဖျပ်ဖျပ် တောက်လျက် ရှိကြလေ၏။ ထိုလူသည် အရိုအသေ ပေးလိုက်ပြီး သင်္ဘောသား ဟန်မျိုးဖြင့် ရပ်ကာ လက်ထဲက ဦးထုပ်ကလေးကို လှည့်နေလေ၏။

'နာမည်'

'ပက်ထရစ် ကိန်းပါ'

'မှိန်းပစ်တဲ့ လူလား'

'ဟုတ်ပါတယ် ခင်ဗျာ၊ ၂၆ ခေါက် လိုက်ဖူးပါတယ်'

'ဒန်ဒီကလား'

'ဟုတ်ပါတယ်'

'ငါးဖမ်း ထွက်မယ့် သင်္ဘောနှင့် အဆင်သင့် လိုက်နိုင်ပါ့မလား'

'လိုက်နိုင်ပါတယ်'

'လခကကော'

'တစ်လကို ရှစ်ပေါင်ပါ'

'ချက်ချင်း လိုက်နိုင်ပါ့မလား'

'အထုပ်အပိုးကလေး ပြင်ဖို့လောက်ပါပဲ'

'သင်္ဘောသား လက်မှတ်တို့ ဘာတို့ ရှိရဲ့လား'

'ရှိပါတယ်'

ထိုလူသည် အိတ်ထဲမှ စုတ်ပြတ်၍ ဆီချေးတို့ ပေနေသည့် စာရွက်



BURMESE CLASSIC .com




'ဒီနေရာမှာ လက်မှတ် ထိုးရမှာလား'

ွက်ထပ်ကို ထုတ်လိုက်လေ၏။ ရှားလော့ ဟုမ်းသည် ထိုစာရွက်များကို ကြည့်ပြီးနောက် ပြန်ပေးလိုက်၏။

'ခင်ဗျားက ကျုပ် လိုချင်တဲ့ လူမျိုးပဲဗျ၊ ဟောဟို စားပွဲပေါ်မှာ စာချုပ် ရှိတယ်၊ ခင်ဗျား သဘော ကျတယ် ဆိုရင် လက်မှတ် ထိုးရုံပဲ'

ထို လူ သည် စားပွဲဆီသို့ လျှောက် သွားကာ ကလောင်တံ ကို ကောက်ကိုင် လိုက်လေ၏။ ထို့နောက် စားပွဲတွင် ကုန်းနေရာမှ

'ဒီ နေ ရာ မှာ လက်မှတ် ထိုးရမှာလား'

ရှား လော့ ဟုမ်း သည် သူ့ နောက်မှ သွား ရပ်ကာ လည် ပင်း ပေါ် မှ ကျော်၍ လက် နှစ် ဖက် ဖြင့် ကိုင်အုပ်လိုက်လေ၏။

'ရပါပြီ' ဟု ပြောလေ၏။

ထိုခဏ၌ ချောက်ခနဲ မြည်သော လက်ထိတ်သံနှင့် အတူ ကျွဲရိုင်းကြီး တစ်ကောင် အော်လိုက် သကဲ့သို့သော အသံကို ကြားလိုက်ရပြီးသည့် နောက်တွင် ရှားလော့ဟုမ်းနှင့် သင်္ဘောသားသည် ကြမ်းပြင်ပေါ်သို့ လုံးထွေး ကျသွားကာ လိမ့်လျက် ရှိလေ၏။ ထိုလူမှာ အလွန် အားကြီးသူ တစ်ယောက် ဖြစ်လေရာ ရှားလော့ဟုမ်း ကိုယ်တိုင် ကျွမ်းကျင်စွာ လက်ထိတ် ခတ်ပြီး ဖြစ်သည့်တိုင် ဟော့ပကင်းကသာ အချိန်မီ သွားရောက် ကယ်လျှင် ရှားလော့ဟုမ်းမှာ အောက်တွင် ပိနေတော့မည် ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး၌ ကျွန်ုပ်က အေးစက်သော သေနတ်ပြောင်းဝကို သူ့ နား ထင်သို့ တေ့လိုက်သည့် အခါကျမှသာလျှင် ထိုလူသည် ခုခံ၍ အချည်းနှီးသာ ဖြစ်ကြောင်း သဘော ပေါက်သွားဟန် ရှိ၏။ ကျွန်ုပ်တို့က သူ့ ခြေချင်းဝတ်ကို ကြိုးဖြင့် ခပ်စပ်စပ် ရိုက်လိုက်သည်တွင်မှ လုံးထွေးနေရာမှ ဟောဟဲ ဟောဟဲ ဖြင့် ထလာလေ၏။

"ဟော့ပကင်းရေ၊ ကိုရင့်ကိုတော့ ကျုပ် တောင်းပန်ရမှာပဲ၊ စားပွဲပေါ် က ကြက်ဥမွှေကြော်လေးတောင် တော်တော် အေးသွားပြီ ထင်တယ်ဗျ၊ သို့ သော်လည်း အမှုကို အောင်မြင်စွာ ဖြေရှင်းနိုင်တဲ့ အတွက် ကိုရင်လည်း မနက် စာကို မြိန်ရေရှက်ရေ စားနိုင်တော့မှာပါ၊ မဟုတ်ဘူးလား"

ဟော့ပကင်းကား အံ့အားသင့်လျက် ရှိကာ စကား တစ်ခွန်းမျှ မပြော နိုင်တော့ချေ။ နောက်တွင် ခပ်ရှက်ရှက်ဖြင့်

"ကျွန်တော်ဖြင့် ဘယ်လို ပြောရမှန်းတောင် မသိတော့ဘူး ဆရာ၊ ခုတော့ ကျွန်တော့်မှာ အစကတည်းက ငတုံး ဖြစ်လာတာပေါ့၊ ဟုတ်ပါတယ် ဆရာ၊ မစ္စတာ ဟုမ်းဟာ ကျွန်တော့် ဆရာပါ၊ ကျွန်တော်ဟာ ဆရာ့ တပည့်ပါ၊ ဒါကို ဘယ်တော့မှ မမေ့ရဘူး ဆိုတာ ကျွန်တော် သဘော ပေါက်ပါပြီ၊ ခု ဆရာ့ အစွမ်းကို ကျွန်တော် တွေ့ရပါပြီ၊ သို့သော်လည်း ဘယ်လို ဘယ်နည်းနှင့် ဒီလို ခြေရာခံ လာတယ် ဆိုတာကတော့ ရှင်းကို မရှင်းသေးဘူး ဆရာရယ်"

ရှားလော့ဟုမ်းက ရယ်သလို မောသလိုဖြင့်

"အင်း၊ ဒါကတော့ အတွေ့အကြုံက စကား ပြောတာပေါ့ဗျာ၊ ဒီတစ်ပို မှာ ကိုရင် မှတ်ထားရမယ့် သင်ခန်းစာကတော့ ရာဇဝတ်မှု တစ်ခုကို စုံစမ်းတဲ့ နေရာမှာ တခြား ဖြစ်နိုင်ချက်ကိုလည်း တွေးရမယ် ဆိုတဲ့ သင်ခန်းစာပဲဗျ၊ ခင် ဗျားက နယ်လီဂန် ဆိုတဲ့ ကလေးကိုချည်းပဲ မဲလိုက်နေတော့ ပီတာ ကာရေကို သတ်တဲ့ တကယ့် လူသတ်သမား ဖြစ်တဲ့ ပက်ထရစ် ကိန်းကို လုံးလုံး မေ့နေ တော့တာပေါ့"

ကျွန်ုပ်တို့ စကား ပြောဆိုလျက် ရှိစဉ် သင်္ဘောသားက အသံ ခပ်ကွဲ ကွဲဖြင့်

"ဒီမှာ မိတ်ဆွေတို့၊ ကျွန်တော့်ကို ဒီလို ထောင်ဖမ်းတဲ့ အတွက် ဘာမှ မပြောလိုတော့ပါဘူး၊ ပီတာ ကာရေကို ကျွန်တော် သတ်တယ်လို့ ခင်ဗျားက ပြောသွားတယ်၊ ဒါပေမဲ့ စကား ပြောရင်တော့ တိတိကျကျ ပြောစေချင်တယ်ဗျ၊ ခင်ဗျားက ပီတာ ကာရေကို ကျွန်တော် သတ်တာလို့ ပြောသွားတယ်ဗျ၊ အမှန် ကတော့ မဟုတ်ဘူးဗျ၊ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ အတွက် ပီတာ ကာရေ ကို ကျွန်တော် သတ်မိတာ၊ သတ်တာနှင့် သတ်မိတာ တော်တော် ခြားနားတယ် လေ၊ ခင်ဗျားတို့ကတော့ ကျွန်တော် ပြောတာကို ယုံချင်မှ ယုံကြလိမ့်မယ်၊ လုပ် တတ် ခင်းပြီး ပြောတယ်လို့တောင် ထင်ချင် ထင်ကြမယ်"

"မထင်ပါဘူးဗျာ၊ ကဲ ပြောစမ်းပါဦး၊ ကြားရအောင်"

"ကျွန်တော် ကျမ်းကျိန်ပြီး ပြောရဲပါတယ်၊ မမှန်တာ တစ်လုံးမှ မပါ ပါဘူး၊ ဒီလူ အကြောင်းကို ကောင်းကောင်း သိတာပေါ့၊ သူက ဓားမြှောင်ကို ထုတ်တော့ ကျွန်တော်လည်း အနားမှာ ရှိတဲ့ မှိန်းကြီးနှင့် ကောက်ပြီး ထိုးချ လိုက်တာပဲ၊ မထိုးလို့ မဖြစ်ဘူးလေ၊ သူ မသေရင် ကိုယ် သေမှာကိုး၊ ဒါဟာ သူ သေသွားပုံပါပဲ ခင်ဗျ၊ ခင်ဗျားတို့ အနေနှင့် လူသတ်မှုလို့ ပြောရင်လည်း ပြောပေါ့၊ ဘာပြောပြော ကျွန်တော်လည်း နောက်ဆုံးကျတော့ စက်တိုင် တက် ရမှာပါ၊ ဘာလို့ ညာပြော နေရဦးမှာလဲ"

"ဘယ်လို လုပ်ပြီး အဲဒီကို ရောက်သွားတာလဲ" ဟု ရှားလော့ဟုမ်းက မေး၏။

"အစက ကျွန်တော် ပြောပြမယ်လေ၊ သက်သက်သာသာ ပြောနိုင်အောင် ကျွန်တော့်ကိုတော့ ထူပေးကြပါ၊ စဖြစ်တာက ၁၈၈၃ ခု ဩဂုတ်လထဲမှာ ခင်ဗျ၊ အဲဒီတုန်းက ပီတာ ကာရေက 'ငါးကြီး အာနှဲ့ဗာ' သင်္ဘောမှာ မာလိန်မှူး လုပ်နေ တယ်၊ ကျွန်တော်က မှိန်းပစ် လက်ထောက်၊ အဲဒီနှစ်က တောင် လေပြင်းတွေ တိုက်လို့ ကျွန်တော်တို့ သင်္ဘောလည်း ရေခဲတုံးကြီးတွေကို တွေ့ပတ်ပြီး အိမ် ကို ပြန်လာခဲ့ကြတယ်၊ ဒီတုန်းမှာ ပင်လယ်ပြင် တစ်နေရာ ရောက်တော့ တောင် လေပြင်းနှင့် ပါလာတဲ့ ရွက်လှေကလေး တစ်စင်းကို တွေ့ရတယ်၊ လှေပေါ်မှာ လည်း လူတစ်ယောက်ပဲ ပါတယ်၊ ကျွန်တော်တို့ ထင်တာက ဒီလှေဟာ တစ် နေရာရာမှာတော့ သွားတင်တော့မှာပဲ၊ လှေသမားကတော့ အသက်ကယ် လှေ ကလေး တစ်စင်းနှင့် နော်ဝေ ကမ်းခြေဘက်ကို သွားမှာပဲ၊ ကြည့်ရတာကတော့ လှေပေါ်မှာ လှေသား အားလုံး ရေနစ်ပြီး သူ တစ်ယောက်တည်း ကျန်ခဲ့ဟန် တူ တယ် ဆိုပြီး သူ့ကို သင်္ဘောနှင့် တင်လာခဲ့ကြတယ်၊ သင်္ဘောပေါ် ရောက်တော့ သူနှင့် မာလိန်မှူးဟာ ရေဦးခန်းထဲမှာ တော်တော်ကြာကြာ စကား ပြောနေကြ တယ်၊ သူ့မှာ ပစ္စည်း ဆိုလို့လည်း ဘာမှ မပါဘူး ခင်ဗျ၊ သံသေတ္တာကလေး တစ်လုံးပဲ ပါလာတယ်၊ ကျွန်တော် မှတ်မိသလောက်တော့ သူ့ နာမည်က ကျွန် တော်တို့ တစ်ခါမှ မသိခဲ့ရဘူး၊ ဒုတိယ ညလည်း ရောက်ရော ဒီလူ သင်္ဘော





www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ မတွေ့ရတော့ဘူး၊ ပျောက်ချင်းမလှ ပျောက်သွားတာပါပဲ၊ ကြည့်ရတာကတော့ ရာသီဥတု ဆိုးတုန်း သင်္ဘောပေါ်ကပဲ လိမ့်ကျ ကျန်ရစ်ခဲ့သလား သို့မဟုတ် သူ့ဘာသာသူပဲ ခုန်ချသွားသလားလို့ ထင်လိုက်ကြတယ်၊ ဒီလူ ဘာဖြစ်သလဲ ဆိုတာ သိတဲ့ လူ ဆိုလို့ တစ်ယောက်ပဲ ရှိတယ် ခင်ဗျ၊ အဲဒီ လူကတော့ ကျွန်တော်ပဲ၊ တစ်ညမှာ မာလိန်မှူးဟာ အဲဒီ လူကို တွန်းချလိုက်တာ ကျွန်တော် မြင်လိုက်ရတယ်ဗျ၊ အဲဒါက ရှက်တလင်း မီးပြတိုက်ကို ကျွန်တော်တို့ မမြင်ရခင် နှစ်ညလောက်မှာ။

'ဒါနှင့် ကျွန်တော်လည်း ဒီ အဖြစ် အပျက်ကို ဘယ်သူ့မှ မပြောဘဲ အသာပဲ နေလိုက်တယ်၊ ဘာဖြစ်မလဲလို့ ကျွန်တော် အရိပ်အကဲကို ကြည့်နေတာပေါ့လေ၊ စကော့တလန်ကို ရောက်တော့လည်း ဒီကိစ္စကို ဘယ်သူ့မှ မပြောဘဲ ကျွန်တော်တို့ အသာပဲ နေလိုက်ကြတယ်၊ ဘယ်သူမှလည်း ဘာမှ မမေးတော့ဘူး၊ ပင်လယ်ထဲမှာ တွေ့တဲ့ ဘာမသိ ညာမသိ လူတစ်ယောက် မတော်တဆ ရေထဲ လိမ့်ကျသွားတယ် ဆိုတော့ ဘယ်သူကမှလည်း အရေးလုပ်ပြီး စုံစမ်းမနေကြတော့ဘူးပေါ့၊ ဒီနောက် မကြာခင်မှာ ပီတာ ကာရေဟာ မာလိန်မှူး အဖြစ်က အနား ယူလိုက်တယ် ခင်ဗျ၊ သူလည်း ဘယ်ရောက်သွားမှန်း ကျွန်တော် မသိတော့ဘူး၊ ကျွန်တော် စိတ်ထဲမှာ ထင်နေတာကတော့ ဒီလူကို ရေထဲ တွန်းချတာဟာ သံသေတ္တာလေးထဲမှာ ပါတဲ့ ပစ္စည်းတွေနှင့် ပတ်သက်လို့ ဖြစ်မှာပဲလို့ ထင်နေတယ်၊ ဒီတော့ ခုလောက်ဆိုရင် ပီတာ ကာရေဟာ ဒီအကြောင်းကို မပြောအောင် ကျွန်တော့်ကို နှုတ်ပိတ်ခ ပေးနိုင်မှာပဲလို့ ကျွန်တော် ယူဆမိတာပေါ့။

'ဒီလို စုံစမ်းနေတုန်း တစ်နေ့ကျတော့ လန်ဒန်မြို့ထဲမှာ တွေ့တဲ့ သင်္ဘောသား တစ်ယောက်ဆီက တစ်ဆင့် သူ နေတဲ့ နေရာကို ကျွန်တော် သိလာခဲ့တယ် ခင်ဗျ၊ ဒါနှင့် ကျွန်တော်လည်း သူ့ဆီကို ငွေညှစ်ဖို့ ဆင်းလိုက်သွားတယ်၊ ပထမ ညတုန်းကတော့ ကောင်းကောင်းမွန်မွန်ပါပဲ၊ ကျွန်တော့်ကို သင်္ဘောသား ဘဝက ကျွတ်အောင် ထောက်ပံ့မယ် ဘာမယ်နှင့် ပြောလိုက်တယ်၊ ဒါနှင့် နောက် နှစ်ညခွာပြီး ချိန်းလိုက်တယ်၊ ချိန်းလို့ ကျွန်တော် ရောက်သွားတော့ လူက တော်တော်လေး မူးနေပြီ၊ တော်တော်လည်း ဒေါပွနေတဲ့ ပုံပဲ၊ ကျွန်တော်တို့ နှစ်ယောက်ထိုင် သောက်ပြီး ရှေးဟောင်း နှောင်းဖြစ်တွေ လျှောက် ပြောနေကြတာပေါ့လေ၊ ဒါပေမဲ့ လူကို ကြည့်ရတာ ကျွန်တော် သိပ် အကဲ မရဘူး၊ မူးလာလေလေ သူ့မျက်လုံးက အမူအရာက တစ်မျိုး ဖြစ်လာလေလေ ဆိုတော့ ကျွန်တော်ကလည်း







'ကျွန်တော်တို့ နှစ်ယောက်
ထိုင်သောက်ပြီး
ရှေးဟောင်း နှောင်းဖြစ်တွေ
လျှောက်ပြောနေကြတာပေါ့လေ'

အရေးရှိရင်တော့ ချမှပဲ ဆိုပြီး ခင်ပေါ်က မှိန်းကြီးကို ကြည့်ထားတယ်၊ ကျွန်တော် ထင်တဲ့ အတိုင်းပါပဲ၊ နောက်ဆုံးကျတော့ ကျွန်တော့်ကို ကြိမ်းလား မောင်းလား ဆဲလား ဆိုလားလုပ်၊ လက်ထဲမှာလည်း ဓားမြှောင်ကြီးကို ကိုင်ပြီး စကားများလိုက်ကြတာ သူက ဓားမြှောင်ကို အိမ်ထဲက မထုတ်ရသေးခင် ကျွန်တော်လည်း မှိန်းကြီးနှင့် ကောက်ပြီး စိုက်ချလိုက်တာပါပဲ၊ သောက်ကျိုးနည်း အော်လိုက်တာ ခင်ဗျာ၊ နည်းတဲ့ အသံကြီး မဟုတ်ဘူး၊ သူ့မျက်နှာကြီးကို မြင်ပြီး ကျွန်တော်ဖြင့် ည ည ဆိုရင် အိပ်တောင် မပျော်ဘူး၊ ဒါနှင့် ကျွန်တော်လည်း ကြောင်ပြီး ရပ်နေမိတယ်၊ အခန်း ပတ်လည်မှာလည်း သွေးတွေ ချည်း ပဲ၊ ကျွန်တော်လည်း ခဏ စောင့်ကြည့်နေတယ်၊ ဘာသံမှ မကြားရတော့မှ အား တက် လာ ပြီး ဟိုဟိုဒီဒီ လျှောက်ကြည့်တော့ ခင်ပေါ်မှာ တင်ထားတဲ့ သံသေတ္တာကလေးကို သွားတွေ့တယ်၊ ဘာပဲဖြစ်ဖြစ် ဒီသေတ္တာကလေးကို ကျွန်တော်လည်း ပိုင်ထိုက်တယ် ... ထင်တာနှင့် သံသေတ္တာကို ယူပြီး ကျွန်တော် ထွက်လာခဲ့တယ်၊ ဒါပေမဲ့ ... ကျွန်တော် ဆိုတဲ့ကောင် ကံဆိုးချင်တော့ ဆေးအိတ် ကျန်နေရစ်ခဲ့တယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတုန်းမှာ ထူးဆန်းတဲ့ အပိုင်းကို ရောက်လာပြီ၊ ကျွန်တော် အပြင်ကို ထွက်လာလည်း လာရော အပြင်က ခြေသံ ကြားတာနှင့် ကျွန်တော်လည်း ချုံတစ်ချုံ ကြားထဲမှာ ပုန်းနေလိုက်တယ်၊ လူတစ်ယောက် ခင်ဗျ၊ ကုပ်ကုပ် ကုပ်ကုပ်နှင့် ရောက်လာပြီး တဲထဲကို ဝင်သွားတယ်၊ တဲထဲ ရောက်တော့ တစ္ဆေများ မြင်လိုက်ရသလို လန့်အော်သံကို ကြားလိုက်ရတယ်၊ ချက်ချင်းပါပဲ အဲဒီ လူဟာ အသား နီလန့်အောင် ထွက်ပြေးလိုက်တာ ခင်ဗျာ၊ ဘယ်ရောက်သွားမှန်းတောင် မသိလိုက်ဘူး၊ အဲဒီ လူဟာ ဘယ်သူလဲ၊ ဘာလာ လုပ်တာလဲ ဆိုတာတော့ ခုထိ ကျွန်တော် ဘာမှ မသိဘူး ခင်ဗျ၊ ကျွန်တော်ကတော့ ခဏ နေပြီး ဆယ်မိုင်လောက် လမ်းလျှောက်၊ တန်းဗရစ်ဝဲလ် ဘူတာကျတော့ ရထား တက်စီးပြီး လန်ဒန်ကို ပြန်လာခဲ့တယ် ခင်ဗျ။

"အိမ်ရောက်လို့ သေတ္တာကို ဖွင့်ကြည့်လိုက်တဲ့ အခါကျတော့ သေတ္တာထဲမှာ ပိုက်ဆံ ဆိုလို့ တစ်ပြားမှ မတွေ့ရဘူး ခင်ဗျ၊ အထဲမှာ စာချုပ်တွေကိုပဲ တွေ့တယ်၊ ဒါတွေကို ကျွန်တော်လည်း ဘယ်သွားရောင်းရပါ့မလဲ၊ ကျွန်တော်လည်း မိုက်ခဲ ပီတာကို ငွေညှစ်စရာ မရှိတော့ဘူး၊ ဒါနှင့် ကျွန်တော် လန်ဒန်မှာ ငတ်ပြတ်ပြီး သောင်တင်နေတယ် ခင်ဗျ၊ ကျွန်တော့်မှာ သင်္ဘော ပြန်လိုက်ဖို့ပဲ ကျန်တော့တယ်၊ နောက်တော့ သတင်းစာထဲမှာ မှိန်းထိုးသမား အလိုရှိသည် ဆိုတဲ့ ကြော်ငြာနှင့် လခတွေကို မြင်တော့ သင်္ဘော ကိုယ်စားလှယ်တွေဆီကို သွားပြီး စုံစမ်းရာက သူတို့က ဒီကို ညွှန်လိုက်တာပါပဲ၊ ဒါကတော့ ကျွန်တော် သိသလောက် အကုန် ပြောပြတာပါပဲ၊ တကယ်တော့ မိုက်ခဲ ပီတာကို ကျွန်တော် သတ်ခဲ့မိတဲ့ အတွက်ကြောင့် အစိုးရက ကျွန်တော့်ကို ကျေးဇူးတော်တင်သင့်တယ် ခင်ဗျ၊ နို့မဟုတ်ရင် ဒီငနဲကြီးကို လူသတ်မှုနှင့် တင်ပြီး အပြစ်ပေးရင် အစိုးရမှာ ကြိုးဖိုး ကုန်နေဦးမယ်"

ရှားလော့ဟုမ်းက ဆေးတံကို မီးညှိကာ ထိုင်ရာမှ ထလိုက်ရင်း

"အင်း ရှင်းပါတယ်ဗျာ၊ ကဲ ဟော့ပကင်းရေ၊ ခင်ဗျား လူကို ဘေးကင်းရာကို ပို့ဖို့ အချိန်တန်ပြီ ထင်တယ်ဗျ၊ ဒီအခန်းက အကျဉ်းတိုက် လုပ်ဖို့ မကောင်းပါဘူး၊ ဟောဒီက ပက်ထရစ် ကိန်းရဲ့ ခန္ဓာကိုယ်ကြီးက အကြီးကြီး၊ ကျုပ်ကို ကော်ဇောလေး တစ်ချပ်စာလောက် ရှိနေပြီ"

"ဆရာ့ကို ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး ခင်ဗျ။ ပြီးတော့ ဒီလို တရားခံကို ဘယ်လို ဖော်ထုတ်တယ် ဆိုတာကိုလည်း ဒုပ။ ကျွန်တော်ဖြင့် မရှင်းဘဲ ဖြစ်နေတယ်"





"ဒါကတော့ မဆန်းပါဘူးဗျာ၊ အစကတည်းက ကံ စွပ် ပြီး သဲလွန်စအမှန်ကို ကိုင်မိသွားတာပါ၊ တကယ်ကတော့ ကျုပ်လည်း အဲဒီ မှတ်စုကိုသာ စောစောစီးစီး သွားတွေ့ရင် ခင်ဗျားလိုပဲ ရေလိုက် လွဲသွားဦးမှာပဲဗျ၊ ဒါ ပေ မဲ့ ကျုပ်က ဒီမှတ်စုကို မရဘဲ သတင်းကို ကြားရုံသာ ကြားရတော့ ကျုပ် ကြားရသမျှ သတင်းတွေဟာ ဦးတည်ချက် မပြားဘဲ တစ်နေရာတည်းကို ညွှန်နေတယ်ဗျ၊ လူသတ်သမားဟာ တော်တော် အားကောင်းမောင်းသန်ထဲက ဖြစ်ရမယ် ဆိုတာရယ်၊ မှိန်းကို ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်တတ်တယ် ဆိုတာရယ်၊ ရမ်နှင့် ရေ ရောထားတာရယ်၊ ဖျံရေ ဆေးတံ ဆေးအိတ်ရယ်၊ ဆေးတံဆေးပြင်းပြင်းကြီးတွေရယ်၊ ဒါတွေ အားလုံးဟာ တစ်ခါတုန်းက ဝေလငါးဖမ်းသင်္ဘောမှာ လိုက်ဖူးတဲ့ သင်္ဘောသား တစ်ယောက် ဖြစ်ရမယ် ဆိုတာကို ညွှန်နေတယ်၊ ဆေးအိတ် အတွင်းဘက်မှာ ပီ စီ ဆိုတဲ့ အတိုကောက် နာမည်ချင်း သွားတူနေတာကတော့ တိုက်ဆိုင်မှုလို့ ဆိုရမှာပဲ၊ ဒါပေမဲ့ အခန်းထဲမှာ ဆေးတံ ရှာမတွေ့တာရယ်၊ သေသူဟာ ဆေးတံတို့ ဘာတို့ သိပ်မသောက်ဘူး ဆိုတာရယ်ကို စဉ်းစားလိုက်တော့ ဒီဆေးအိတ်ဟာ သူ့ ဆေးအိတ် မဟုတ်နိုင်ဘူး ဆိုတာ ရှင်းနေတယ်၊ အခန်းထဲမှာ ဝီစကီတို့ ဘရန်ဒီတို့ ရှိသလားလို့ ကျုပ် မေးတာကို ခင်ဗျား မှတ်မိလိမ့်ဦးမယ် ထင်တယ်၊ ရှိတယ်လို့ ခင်ဗျား ပြောခဲ့တယ်၊ ဒီပြင် အရက်ကောင်းတွေ ဖောချင်းသောချင်း ရပါလျက်နှင့် ရမ်ကို သောက်တဲ့ လူ ခင်ဗျား ဘယ်နှယောက် တွေ့ဖူးသလဲ၊ ဒီတော့ တခြား အရက်ကောင်းတွေ ရှိလျက်သားနှင့် ဒါတွေကို မသောက်ဘဲ ရမ်ကို သောက်ရင် သင်္ဘောသားပဲ ဖြစ်ရမယ် ဆိုတာ ရှင်းပါတယ်"

"ဒါဖြင့် ဒီတရားခံကို ဆရာ ဘယ်လိုလုပ် ရှာသလဲ"

"ဒါကတော့ လွယ်သွားပါပြီ ကိုရင်လေးရယ်၊ လူသတ်သမားဟာ သင်္ဘောသား ဆိုလို့ ရှိရင် ဒီသင်္ဘောသားဟာ သူနှင့် အတူ ငါးကြီး အာနန္ဒာနှင့် လိုက်ဖူးတဲ့ သင်္ဘောသားပဲ ဖြစ်ရတော့မှာပေါ့၊ ကျုပ် သိသလောက် ဆိုရင် ဒီလူဟာ ဒီပြင် သင်္ဘောတွေနှင့် တစ်ခါမှ မလိုက်ဖူးဘူး ခင်ဗျ၊ ဒန်ဒီကို သုံးရက် သံကြိုးဝက်တိုက် ရိုက်ပြီး စုံစမ်းတော့ ၁၈၈၃ ခုနှစ်မှာ ငါးကြီး အာနန္ဒာနှင့် လိုက်ဖူးတဲ့ သင်္ဘောသားတွေရဲ့ စာရင်းကို ကျုပ် အကုန် ရတာပေါ့၊ မှိန်းထိုးသမားတွေထဲမှာ ပက်ထရစ် ကိန်း ဆိုတဲ့ နာမည်ကို တွေ့လိုက်တော့ ကျုပ် ရှာတော့ ... လုပ်ဟာ ပြီးသလောက် ရှိသွားပြီလေ၊ ဒီတော့ ဒီလူဟာ လန်ဒန်မှာ ... ရမယ်၊ ... လန်ကနေပြီး တစ်နေရာကို အပြီးအပိုင် ထွက်သွားဖို့ ကြိုးစား... မယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဘာသာ ကျုပ် တွေးယူ ကြည့်တယ်ဗျ၊ ဒါကြောင့် လန်ဒန် အရှေ့ဖျား ရပ်ကွက် သွားပြီး အာတိတ် သမုဒ္ဒရာ ဘက်ကို ထွက်ဖို့ အစီအစဉ် တစ်ခု ရှိသယောင် လုပ်ပြထားတယ်၊ မှိန်းထိုးသမားများကို လခ ကောင်းကောင်း ပေးမယ်လို့ ကြော်ငြာတယ်၊ ခုတော့ ကိုရင်တို့ မြင်တဲ့ အတိုင်း အဖြေ ထွက်လာတာ ပါပဲ"

"အံ့လောက်ပါတယ် ဆရာရယ်၊ တကယ့်ကို အံ့လောက်ပါတယ်" ဟု ဟော့ပကင်းက ပြောလေ၏။

"ကဲ ကိုရင်၊ ခင်ဗျား တရားခံပေါင်း နယ်လီဂန် ဆိုတဲ့ သူငယ်က လေးကိုတော့ တတ်နိုင်သမျှ မြန်မြန် လွှတ်ပေးလိုက်ပါဗျာ၊ အမှန်ကတော့ ကိုရင့် အနေနှင့် ဧကောင်လေးကို တောင်းပန်ဖို့တောင် ကောင်းတယ်၊ သေတ္တာကလေး ကိုလည်း ကောင်လေးကိုပဲ ပြန်ပေးလိုက်တာပေါ့၊ သို့သော်လည်း ပီတာ ကာရေ ရောင်းပစ်လိုက်တဲ့ အာမခံ စာချုပ်တွေကတော့ ဆုံးပြီပေါ့ဗျာ၊ ဘယ်တတ်နိုင်တော့မလဲ၊ ဟော ရထား လာပြီဗျို့၊ ကဲ ဟော့ပကင်းရေ၊ ကိုရင့် လူကို ကိုရင်ပဲ ပင့်သွားပေတော့၊ ရုံးတင်လို့ ကျုပ် သက်သေ ထွက်ချက်ကို လိုချင်ရင်တော့ ကျုပ်ရော ဟောဒီက ဒေါက်တာ ဝပ်ဆင်ရော နော်ဝေပြည် တစ်နေရာရာမှာ ရှိလိမ့်မယ်၊ နောက်ကျမှ အကျိုး အကြောင်း အပြည့်အစုံကို စာရေးလိုက်တော့မယ်"

[မူရင်း ဝတ္ထု *The Adventure of Black Peter.* ရွှေဥဒေါင်း၏ စုံထောက်ဦးစံရှား ဝတ္ထုများတွင် 'လှေသူကြီး ဦးမိုးသီး' ဟူသော အမည်ဖြင့် မြန်မာမှု ပြုပြီး။]



## မင်းကတော်လေးနှင့် ငွေညှစ်သမား



ယခု ကျွန်ုပ် ဖော်ပြမည့် အဖြစ်အပျက်များ ဖြစ်ပျက်ခဲ့သည်မှာ နှစ်ပေါင်း များစွာ ကြာလေပြီ။ သို့တိုင်အောင် ထိုအကြောင်းများကို တင်ပြရန် ကျွန်ုပ်သည် ယခုတိုင် ဆုတ်ဆိုင်းလျက် ရှိပေသေး၏။ ထိုအချက်အလက်များကို စောင်းပါး ရိပ်ခြည်မျှ ဖြစ်စေ အများ သိရှိအောင် ထုတ်ဖော် ရေးသားရန် မဖြစ်နိုင်သေးသည့် အတွက် ကျွန်ုပ်သည် ကာလ ကြာမြင့်စွာ မျိုသိပ်ထားခဲ့ရ၏။ သို့ရာတွင် ယခုအချိန်၌မူကား သက်ဆိုင်သူ ကာယကံရှင်မှာ လူ့လောက တရားဥပဒေ လက်လှမ်း မမီနိုင်သည့် နေရာသို့ ရောက်သွားခဲ့လေပြီ။ ထို့ကြောင့် မည်သူ့ကိုမျှ ထိခိုက်စေခြင်း မရှိစေရန် ဖုံးဖိတန်သည်တို့ကို ဖုံးဖိ၍ တင်ပြလိုက်ရပါသည်။

ဤအဖြစ်အပျက်မှာ ရှားလော့ဟုမ်းနှင့် ကျွန်ုပ်တို့၏ ဘဝတွင် အလွန် ထူးခြားသည့် အဖြစ်အပျက် တစ်ရပ် ဖြစ်၏။ အမှု ဖြစ်ပွားသည့် နေ့စွဲနှင့် အခြားသော အချက်အလက်များကို ဖုံးကွယ်ထားမိသည် ဆိုပါက စာဖတ်သူများ အနေဖြင့် ကျွန်ုပ်အား ခွင့်လွှတ်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ သို့ ဖုံးကွယ်ရခြင်းမှာလည်း သက်ဆိုင်သူ ကာယကံရှင်များအား ထိခိုက်မည် စိုး၍ ဖြစ်ပါသည်။

ချမ်းအေး၍ နှင်း ထူထပ်သော ဆောင်းရာသီ တစ်ညနေ ခြောက်နာရီခန့်၌ ရှားလော့ဟုမ်းနှင့် ကျွန်ုပ်တို့သည် ထုံးစံ အတိုင်း လမ်းတစ်ပတ် လျှောက်၍ ပြန်လာခဲ့ကြလေ၏။

ရှားလော့ဟုမ်းက မီးအိမ်မှ မီးစာကို မြှင့်လိုက်သည့် အခါတွင် စားပွဲပေါ်တွင် တင်ထားသည့် ကတ်ပြား တစ်ခုကို တွေ့ရလေ၏။ ရှားလော့ဟုမ်းသည်



www.burmeseclassic.com

www.burmeseclassic.com





ချားလ်စ် အော်ဂတ်စတပ်
မီလ်ဗာတန်

ထို ကတ်ပြားကို တစ်ချက်မျှ ကြည့်လိုက်ပြီးနောက် စက်ဆုပ် ရွံရှာဟန်ဖြင့် ထွီခနဲ တံတွေး တစ်ချက် ထွေးလိုက်ကာ ကတ်ပြားကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်လေ၏။

ကျွန်ုပ်က ကောက်ယူ ကြည့်လိုက်သည့် အခါတွင်

ချားလ်စ် အော်ဂတ်စတပ် မီလ်ဗာတန်

အယ်ပဲလ်ဒိုး တာဝါ

ဟန့်စတက်

ကိုယ်စားလှယ် ဆိုသည့် လိပ်စာကို တွေ့ရလေ၏။

'ဘယ်သူလဲဗျ' ဟု ကျွန်ုပ်က မေးလိုက်သည်။

ရှားလော့ဟုမ်းက ကုလားထိုင်တွင် ဝင်ထိုင်ကာ ခြေထောက်များကို ဆန့်၍ မီးကင်နေရာမှ

'လန်ဒန် မြို့ပေါ်မှာဖြင့် အယုတ်ဆုံးကောင်ပေါ့ဗျာ၊ ကတ်ပြား နောက်ကျောမှာ ဘာတွေများ ရေးထားသေးသလဲ'

'ခြောက်နာရီခွဲတွင် ပြန်လာပါဦးမည်တဲ့ဗျ'

'ဟင်း၊ အချိန်တောင် နီးနေပြီ၊ တိရစ္ဆာန်ရုံ ရောက်လို့ မြွေရုံတို့ ဘာတို့များ သွားကြည့်တဲ့အခါ တွန့်လိမ် ချောကျိပြီး မျက်လုံး ပြူးပြူး ခေါင်းပြားပြားနှင့် အဆိပ် ရှိတဲ့ မြွေကို မြင်လိုက်ရင် တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ ထပြီး အော်ဂလီဆန်တာမျိုးကို ခင်ဗျား ကြုံဖူးတယ် မဟုတ်လား ဝပ်ဆင်၊ ခုလည်း အဲဒီ မီလ်ဗာတန် ဆိုတဲ့ ကောင်ကို မြင်လိုက်ရရင် ကျုပ် စိတ်ထဲမှာ ဘယ်လို အော်ဂလီ ဆန်မှန်း မသိဘူးဗျာ၊ ကျုပ် တစ်သက်မှာ လိုက်ခဲ့တဲ့ လူ





သတ်မှုပေါင်း ငါးဆယ်လောက် ရှိပါပြီ၊ ဒါပေမဲ့ အဲဒီထဲက အဆိုးဆုံး ဆိုတဲ့ လူသတ်မှုတောင် ဒီကောင်လောက် စက်ဆုပ်စရာ မကောင်းဘူး၊ ခုတော့ ကျုပ် ဒီကောင်နှင့် အလုပ် လုပ်ရမယ့် ကိန်း ဆိုက်နေပြီဗျ၊ အဟုတ် ပြောတာ၊ ခု ကျုပ် ဖိတ်ခေါ်ချက်နှင့် ဒီကောင် ရောက်လာမှာ'

'နေစမ်းပါဦးဗျ၊ သူက ဘယ်သူလဲ'

'ကျုပ် ပြောမယ်လေ၊ ဒီကောင်ဟာ ငွေညှစ်တောင်းတဲ့ လူယုတ်တွေထဲမှာတော့ အဓိပတိပဲ၊ ဂုဏ်သရေရှိ အမျိုးသားတွေ အထူးသဖြင့် အမျိုးသမီးတွေဟာ ကိုယ့် လျှို့ဝှက်ချက် သို့မဟုတ် ကိုယ့် ဂုဏ်သိက္ခာကို ထိခိုက်မှာ စိုးလို့ ဒီကောင် ငွေညှစ်တိုင်း လည်စင်းခံနေကြရတယ်ဗျ၊ လူကြည့်တော့ မျက်နှာက ခပ်ချိုချို ခပ်ပြုံးပြုံးပဲ၊ နှလုံးသားကတော့ ကျောက်စိုင် ကျောက်ခဲ ခင်ဗျ၊ အဲ သူ့ နယ်ထဲ ရောက်ပြီ ဆိုရင် မသက်သာဘူးသာ အောက်မေ့ပေတော့၊ ကြံ့ရည် ညှစ်သလို ငွေကို အတင်း ညှစ်ထုတ်တာ၊ နောက်ဆုံးတော့ အညှစ် ခံလိုက်ရတဲ့ လူလည်း တစ်ခါတည်းကို ခန်းခြောက်သွားတော့တာပဲဗျ၊ ဒီကောင်က ဉာဏ်ကလည်း တော်တော် သွားတဲ့ကောင်၊ တခြား ကောင်းရောင်း ကောင်းဝယ် လုပ်ကိုင်စားသောက်မယ် ဆိုရင် ကြီးပွားနိုင်ပါတယ်၊ သူ့ ငွေညှစ်ပုံက ဒီလိုဗျ၊ ပစ္စည်းရှိ ရာထူး ရှိတဲ့ လူတွေရဲ့ အတွင်းရေးနှင့် ပတ်သက်တဲ့ စာရွက် စာတမ်းတွေကို လာ ရောင်းရင် ဈေးကောင်းကောင်း ပေးမယ်လို့ သတင်း လွှင့်ထားတယ်၊ ဒီတော့ ငွေမက်ပြီး သစ္စာ မရှိတဲ့ အိမ်စေတွေ လူယုံတွေက သူ့ဆီကို စာတွေ လာရောင်းကြတယ်၊ ဒီအပြင် ယုံလွယ်တဲ့ အမျိုးသမီးတွေကို ဖျက်လိုဖျက်ဆီး လုပ်ခဲ့တဲ့ လူရမ်းကားတွေဆီကလည်း သူ လိုချင်တဲ့ ပစ္စည်းတွေကို ရတယ်၊ သူ လိုချင်တဲ့ စာရွက်စာတမ်းမျိုး အထောက်အထားမျိုးကို ရလို့ကတော့ ငွေကို ပုံပြီး ပေးတာပဲ၊ တစ်ခါတုန်းကများ စာကြောင်းကလေး နှစ်ကြောင်းလောက် ရှိတဲ့ စာကလေး တစ်စောင် အတွက် လူယုံ တစ်ယောက်ကို ပေါင် ခုနစ်ထောင် ပေးပြီး အခိုးခိုင်းတယ်ဗျ၊ အဲဒီ စာလည်း သူ့လက်ထဲ ရောက်ရော ဓွေကြီးမျိုးကြီး အိမ်ထောင်တစ်ခုလည်း ချွတ်ချုံ့ကျအောင်ကို မွဲသွားရှာတာပဲဗျ၊ အထက်တန်းစားတွေထဲမှာ လည်း လျှို့ဝှက်ချက်တွေ ရှိကြတော့ အဲဒီ လျှို့ဝှက်ချက် မှန်သမျှတွေဟာ မီလ်ဗာတန်ရဲ့ လက်ထဲကို အကုန် ရောက်တာချည်းပဲဗျ၊ လန်ဒန်မှာ ဆိုရင် မီလ်ဗာတန်ရဲ့ နာမည်ကို ကြားရုံနှင့် မျက်စိပျက် မျက်နှာပျက်သွားတဲ့ လူတွေ တစ်ပုံကြီး ရှိတယ်၊ ဒီကောင်က ပိုက်ဆံလည်း တတ်နိုင် ကောက်လည်း ကောက်ကျစ်လေ တော့ ဘယ်နေ့များ ငါ့ကို ငွေ ညှစ်မလဲနှင့် တထိတ်ထိတ် ဖြစ်နေကြရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေကျတော့ လက်ထဲမှာ နိုင်ဖဲကို နှစ်ပေါင်း များစွာ ဆုပ်ထားတယ်၊ ချမပြသေးဘူး၊ မီလောက်ပြီ ပိုက်ဆံ ကောင်းကောင်း ရလောက်ပြီ ဆိုတော့မှ အဲဒီ ဖဲကို ထုတ်ပြတာဗျ၊ ဒီကောင်ဟာ လန်ဒန်မြို့မှာ အယုတ်ဆုံးလို့ ကျုပ် ပြော ခဲ့တယ်နော်၊ ဒေါသ ထွက်လို့ လူတစ်ယောက်ကို ရိုက်သတ်လိုက်တဲ့ လူနှင့် တစ်ဖက်သားကို တရိရိ စိတ်ဒုက္ခ ရောက်အောင် လုပ်၊ ပြည့်နေတဲ့ သူ့ငွေအိတ် ကြီးကို ဖောင်းသည်ထက် ဖောင်းလာအောင် တစ်ဖက်သားကို ငွေညှစ် ယူနေ တဲ့ ကောင်ဟာ ဘယ်သူက ဆိုးမယ် ထင်သလဲ၊ ခင်ဗျားပဲ စဉ်းစားကြည့်တော့'

ရှားလော့ဟုမ်းသည် လူတစ်ယောက် အကြောင်းကို ဤသို့ မှိုချိုး မျှစ် ချိုး ပြောခဲ့လေ့ပါသည်။

'အင်း သူက ဆိုးတာပေါ့၊ တရားဥပဒေ အရ အရေးယူပါလားဗျ'

'သဘောအားဖြင့် သူ လုပ်နေတဲ့ အလုပ်ဟာ တရားဥပဒေနှင့် ငြိစွန်း နေပေမဲ့ လက်တွေ့ကျတော့ အရေးယူဖို့ မလွယ်ဘူး ဖြစ်နေတယ်၊ ခင်ဗျား စဉ်း စားကြည့်လေဗျာ၊ အမျိုးသမီး တစ်ယောက်ဟာ ဒီကောင်ကို ထောင်ဒဏ် နည်း နည်းလေး ကျအောင် ကိုယ့် ဂုဏ်သိက္ခာကို ထိခိုက်ခံပြီး ဘယ် တိုင်ပါ့မလဲ၊ ကြိတ်မှိတ်ပြီး နေလိုက်ရတာပေါ့၊ ငွေညှစ်ပြီ ဆိုမှတော့လည်း အညှစ် ခံရတဲ့ လူက လူသိ မခံရဲတဲ့ ကိစ္စ ရှိလို့ အညှစ် ခံရတာပေါ့ဗျ၊ ဘာမှ မဖြစ်တဲ့ လူကို သွားညှစ်လို့ ဘယ်ရမလဲ၊ တိုင်လိုက်ရင် ထောင်ထဲ တန်းရောက်သွားမှာပေါ့၊ ဒါ ပေမဲ့ ဒီကောင်ကလည်း ပါးလိုက်တာမှ လှစ်လို့ဗျို့၊ ဘယ်သူ့ကို ဘယ်အချိန်မှာ ငွေညှစ်ရမယ် ဆိုတာ သူ့တွက်ကိန်းနှင့်သူ ရှိပြီးသား၊ ဒီနည်းနှင့် လုပ်လို့တော့ ဒီကောင်ကို မရဘူးဗျ၊ ကျုပ်တို့ အဖို့ ဒီကောင့်ကို ရှင်းဖို့ နည်း တစ်နည်းတော့ ရှာရလိမ့်ဦးမယ်'

'ခု ခင်ဗျားဆီ လာတာကကော ဘာကိစ္စလဲ'

'ထင်ရှားတဲ့ အမျိုးသမီး တစ်ယောက်က သူ့ အမှုကို ကျုပ်ကို လာအပ် တယ်ဗျ၊ အဲဒီ အမျိုးသမီးက မနှစ်က လန်ဒန် ပွဲတော် ရာသီမှာ ထင်ရှားခဲ့တဲ့ လေဒီ အီဗာ ဘလက်ဝဲရယ်၊ အမျိုးသမီးက နောက် နှစ်ပတ်လောက် ကြာရင် အိုဗာကုတ် နယ်စားနှင့် လက်ထပ်တော့မယ်၊ အမျိုးသမီးက တောသူဌေးကလေး တစ်ယောက်နှင့် ကြိုက်ခဲ့ဖူးလို့ စာတွေ ရေးထားတာတွေ ရှိတယ်၊ အဲဒီ စာတွေကို ဒီကောင် ရထားတယ်၊ ဒီစာတွေကို ထုတ်ပြလိုက်ရင် လက်ထပ်ပွဲ ပျက်သွားနိုင် တယ်၊ ဒီတော့ မီလ်ဗာတန် ဆိုတဲ့ ကောင်က အမျိုးသမီးဆီကို ငွေတောင်းတယ်၊ သူ တောင်းတဲ့ ငွေကို မပေးနိုင်ရင် ဒီစာတွေကို သတို့သားဆီကို ပို့မှာပဲ၊ ခု





အမျိုးသမီးက ကျုပ်ကို သူနှင့် တွေ့ပြီး ဈေးဆစ်ကြည့်ဖို့ ကိုယ်စားလှယ် လွှဲ ထားတယ်၊ တတ်နိုင်သမျှတော့ ဆစ်ကြည့်ရဦးမှာပလေ'

ထိုသို့ ပြောနေစဉ် အောက်လမ်းမဘက်မှ ရထားဘီးသံများကို ကြားရ လေ၏။ ပြတင်းပေါက်မှ ငုံ့၍ ကြည့်လိုက်သည့် အခါတွင် မြင်းနှစ်ကောင် က သည့် လှပ ခံ့ညားသော ကရထားကြီး တစ်စင်းကို မြင်ရလေ၏။ တောက်ပ ပြောင်လက်သည့် ကြေးမီးခွက်များမှ မီးရောင်သည် ပြောင်ချောနေသည့် အနီ ရွှဲရောင် မြင်းကြီး နှစ်ကောင်ပေါ်သို့ ဖြာကျလျက် ရှိ၏။ ရထားထိန်းက တံခါးကို ဆင်းဖွင့် ပေးလိုက်သည့် အခါတွင် အရပ်ပုပု၊ ကိုယ်လုံးကိုယ်ပေါက် တောင့် တောင့်နှင့် အက်စထရာခန် သားမွေး အင်္ကျီကို ဝတ်ထားသည့် လူတစ်ယောက် သည် ရထားပေါ်မှ ဆင်းလာလေ၏။ ခဏကြာလျှင် ထိုလူသည် ကျွန်ုပ်တို့ အခန်း ဝတွင် ပေါ်လာလေ၏။

ချားလ်စ် အော်ဂတ်စတပ် မီလ်ဗာတန်မှာ အသက် ငါးဆယ်ခန့် ရှိပြီး ကြီးမား၍ ဉာဏ်ထက်မြက်သော ခေါင်း၊ အမွေးအမှင် မရှိသည့် ဝိုင်းစက် ဖောင်း အိစ်သော မျက်နှာ၊ အမြဲတမ်း ပြုံးနေသည့် အေးစက်သော အပြုံးနှင့် ကြီးမားသော ရွှေကိုင်း မျက်မှန် အောက်မှ တဖျပ်ဖျပ် တောက်ပနေသော ဈူးရှ ပြာလဲ့သည့် မျက်လုံးများ ရှိလေ၏။ ရုတ်တရက် ကြည့်လျှင် (ချားလ်စ် ဒစ်ကင် ၏ ဝတ္ထုထဲမှ) မစ္စတာ ပစ်ကဝစ်၏ ရက်ရော ဖော်ရွေသော အမူအရာ ရှိသော်လည်း အမြဲတမ်း ပြုံးထားသော အပြုံးနှင့် အငြိမ် မနေတတ်သော မျက်လုံးများကြောင့် ဖော်ရွေသော အမူအရာမှာ မှေးမှိန်သွားသယောင် ထင်ရပေ၏။ မျက်နှာထား ချိုသလောက် အသံကလည်း ပျော့ပျောင်း ချိုသာလှပေ၏။ မီလ်ဗာတန်သည် ရှေ့သို့ တိုးလာ ရင်း ပထမ တစ်ခေါက်က မတွေ့သည့် အတွက် ဝမ်းနည်းကြောင်း ပြောဆိုကာ ဝဝဖောင်းဖောင်း လက်တစ်ဖက်ကို ကမ်းပေးလေ၏။

ရှားလော့ဟုမ်းသည် သူ ကမ်းပေးသည့် လက်ကို ဆွဲယူ နှုတ်ဆက်ခြင်း မပြုဘဲ မျက်နှာထား တင်းတင်းဖြင့် သူ့ကို စိုက်ကြည့်လျက် ရှိလေ၏။ မီလ်ဗာ တန်သည် သွားတွေကို အားလုံး ပေါ်လာအောင် ပြုံးလိုက်၏။ ထို့နောက် ပခုံးကို တွန့်ပြကာ အက်စထရာခန် သားမွေး အင်္ကျီကြီးကို ချွတ်၍ သေချာစွာ ခေါက် ကာ ကုလားထိုင် နောက်မှီတွင် တင်လိုက်ပြီးနောက် ဝင်ထိုင်လိုက်လေ၏။

ထို့နောက် ကျွန်ုပ်ဘက်သို့ လက်ကို ဝှေ့ယမ်းပြလိုက်လျက်

'ဒီက မိတ်ဆွေကြီးကကော၊ ပြောလို့ ဖြစ်ပါ့မလား'

'ဒေါက်တာ ဝပ်ဆင်က ကျုပ်နှင့် လုပ်ဖော်ကိုင်ဖက်ပါ၊ ဖြစ်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီ ခင်ဗျာ၊ ကျွန်တော်က စုံထောက်ကြီးရဲ့ အမှုသည် အကျိုးအတွက် ပြောရတာပါ၊ ပြဿနာက တော်တော်လေး သိမ်မွေ့လေတော့'

'ဒီကိစ္စကို ဒေါက်တာ ဝပ်ဆင် သိပြီးပါပြီ'

'ဒါဖြင့် ကျွန်တော်တို့ အလုပ် ကိစ္စကို ပြောနိုင်ပြီပေါ့နော်၊ စုံထောက်ကြီးက လေဒီ အီဗာရဲ့ ကိုယ်စား စကား ပြောမယ်လို့ ဆိုတယ်နော်၊ ကျွန်တော် ပြောတဲ့ ဈေးကို ပေးဖို့ စုံထောက်ကြီးကို အာဏာ လွှဲပြီးပြီပေါ့'

'ခင်ဗျားက ဘယ်လောက် တောင်းလို့လဲ'

'ပေါင် ခုနစ်ထောင်ပါ ခင်ဗျာ'

'မပေးနိုင်ရင်'

'စုံထောက်ကြီး ခင်ဗျာ၊ ဒီကိစ္စကို ပြောရတာ ကျွန်တော် အများကြီး စိတ်မကောင်းပါဘူး၊ သို့သော်လည်း ပွင့်ပွင့်လင်းလင်း ပြောရမယ် ဆိုရင် ကျွန်တော် တောင်းတဲ့ ဈေးကို ၁၄ ရက်နေ့မှာ မပေးနိုင်ဘူး ဆိုရင်တော့ ၁၈ ရက်နေ့မှာ မင်္ဂလာဆောင် ပျက်မှာပဲဗျ'

သူ၏ ချော်ကျိုကျို အပြုံးသည် ပို၍ ထင်ရှားလာ၏။ ရှားလော့ဟုမ်းသည် အတန်ကြာမျှ တွေးနေလေ၏။

'ခင်ဗျားကို ကြည့်ရတာ ကျိန်းသေ တွက်ထားပုံ ရတယ်ဗျ၊ ဒီစာတွေထဲမှာ ဘာတွေ ပါသလဲ ဆိုတာကို ကျုပ်လည်း သိပြီးပါပြီ၊ ကျုပ် အမှုသည်ကတော့ ကျုပ် အကြံပေးတဲ့ အတိုင်း လုပ်မှာပဲဗျ၊ ကျုပ်အနေနှင့် ပြောရရင်တော့ ခင်ဗျားကို ပေးရတာထက် သူ့ခင်ပွန်းလောင်းကို အကုန် ဖွင့်ပြောလိုက်ပြီး သူ့သဘောထား ကြီးတာကို လက်ခံဖို့ အကြံ ပေးရမလားလို့ စိတ်ကူးနေတယ်ဗျ'

မီလ်ဗာတန်က သဘောကျသွားဟန်ဖြင့် တခစ်ခစ် ရယ်လိုက်၏။

'စုံထောက်ကြီးက နယ်စားလေး အကြောင်းကို မသိသေးလို့ ဖြစ်ပါလိမ့်မယ်'

ရှားလော့ဟုမ်းမှာ အနည်းငယ် မျက်နှာ ပျက်သွားလေရာ ထိုအမှုအရာကို ထောက်၍ ရှားလော့ဟုမ်းသည် နယ်စားလေး အကြောင်းကို ကောင်းကောင်း သိသူ တစ်ယောက်ဟု ကျွန်ုပ် ထင်လိုက်မိ၏။

'စာထဲမှာ ဘာများ ထိခိုက်တာ ပါလို့လဲဗျာ'

'အမယ်လေး ပါပါ့ ခင်ဗျာ၊ ပါသမှ ဟိုဘက်တောင် လွန်သေး၊ အမျိုးသမီးက တော်တော် စာရေး ကောင်းတာပဲ ခင်ဗျ၊ သို့သော်လည်း ဒီစာကို ပြလိုက်ရင် နယ်စားလေးကတော့ စာရေး ကောင်းတယ်လို့ မြင်မှာ မဟုတ်ပေဘူး





ပင်ဗျ၊ သို့တိုင်အောင် ခင်ဗျား စိတ်ထဲမှာ အရေးမကြီးဘူး ထင်ရင်တော့ ရှိပါစေတော့လေ၊ အဲဒီ ကိစ္စကို ဒီတွင် ရပ်လိုက်ကြတာပေါ့၊ ကျွန်တော်က အလုပ်ကိစ္စကိုပဲ ပြောချင်တာပါ၊ ဟုတ်တာပေါ့၊ ဒီစာတွေ နယ်စားလေး လက်ထဲ ရောက်သွားတာဟာ ခင်ဗျား အမှုသည် အတွက် အကျိုး ရှိတယ်လို့ ဆိုရင်တော့ ဒီလောက် များတဲ့ ပိုက်ဆံတွေကို ဘာဖြစ်လို့ အကုန် ခံတော့မလဲ၊ အကုန်ခံရင် ပိုက်ရာ ရောက်တော့မှာပေါ့ မဟုတ်ဘူးလား'

မီလ်ဗာတန်သည် ထိုင်ရာမှ ထကာ သူ့ အက်စထရာခန် သားမွေး အင်္ကျီကြီးကို ကောက်ကိုင်လိုက်၏။ ရှားလော့ဟုမ်းမှာ ဒေါသကြောင့် ပြာနှမ်းလျက် ရှိလေပြီ။

'ခဏနေဦးဗျာ၊ ညှိကြသေးတာပေါ့၊ ဒီလောက် သိမ်မွေ့တဲ့ ကိစ္စမျိုးမှာ နှစ်ဦး နှစ်ဖက် ပြေလည်အောင် ကြိုးစားဖို့ ကောင်းပါတယ်'

မီလ်ဗာတန်သည် ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

'ဟုတ်ပါတယ်၊ ကျွန်တော်ကလည်း ဒီလို မဖြစ်ချင်လို့ ဒီလောက် ပြောနေတာပေါ့'

'သို့သော်လည်း တစ်ခု စဉ်းစားစရာ ရှိတာက လေဒီ အီဗာက ဒီလောက် ကြိုကြိုတက် ချမ်းသာတာလည်း မဟုတ်ဘူးဗျ၊ ပေါင် နှစ်ထောင်လောက် ဆိုရင်တောင် သူ့ခမျာ တော်တော်လေး ထိခိုက်သွားပြီ၊ ခု ခင်ဗျား တောင်းတဲ့ ငွေ ဆိုရင်တော့ မပြောနှင့်၊ ဘယ်လို လုပ်မှ ပေးနိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် သက်သက်ညှာညှာ စဉ်းစားပြီး ကျုပ် ပြောတဲ့ ဈေးအတိုင်း စာတွေကို ပြန်ပေးဖို့ ကျုပ်တောင်းပန်နေတာပါ၊ ကျုပ် သိသလောက် ပြောရရင်တော့ ဒီထက် ပိုပေးနိုင်စရာ အကြောင်း မရှိဘူး ထင်တယ်'

မီလ်ဗာတန်သည် သွားတွေ ပေါ်အောင် ပြုံးလိုက်ရာ သူ့ မျက်လုံးများသည် ပို၍ တောက်ပလာကြလေ၏။

'ဟုတ်ပါတယ်လေ၊ လေဒီ အီဗာရဲ့ အခြေအနေဟာ စုံထောက်ကြီး ပြောတဲ့ အတိုင်းပဲ ဆိုတာ ကျွန်တော် သဘော ပေါက်ပါတယ်၊ သို့သော်လည်း အမျိုးသမီး ဆိုတာ တစ်သက်မှာ တစ်ခါပဲ မင်္ဂလာ ဆောင်ရတာပဲဗျာ၊ သူ့ မိတ်ဆွေတွေ သူ့ ဆွေမျိုးတွေကလည်း ကြည့်မနေပါဘူး၊ ဒီလောက်တော့ ကူညီကြမှာပေါ့၊ မင်္ဂလာ လက်ဖွဲ့ အနေနှင့် ပေးဖို့ ဝန်လေးချင် ဝန်လေးကြပေမပေါ့၊ ဒါ သို့သော်လည်း ကျွန်တော် ပြောရဲပါတယ်၊ ဒီစာထုပ်ကလေးကို လက်ဖွဲ့လိုက်တာဟာ လန်ဒန်မြို့မှာ ရှိတဲ့ အကောင်းဆုံး ရွှေဖယောင်းတိုင်ခုံ ဖယောင်း



www.burmeseclassic.com

www.burmeseclassic.com



တိုင်ခုံတွေ၊ အကောင်းဆုံး ရွှေပန်းကန် ငွေပန်းကန်တွေကို လက်ဖွဲ့တာထက် အဖိုးတန်တယ် ဆိုတာ သူတို့ သိလာမှာပါ"

"ခင်ဗျား တောင်းတဲ့ အတိုင်းတော့ မဖြစ်နိုင်ဘူးဗျာ၊ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူး"

မီလ်ဗာတန်သည် အိတ်ထဲမှ မှတ်စုစာအုပ် ထူထူ တစ်အုပ်ကို ထုတ်လိုက်ပြီးနောက်

"စိတ်မကောင်းပါဘူးဗျာ၊ ဖြစ်မှ ဖြစ်ရလေ၊ အေးလေ ဒါတော့ သူ့ကံပေါ့၊ မိန်းမများကလည်း တော်တော် ခက်သားကလား၊ ဟိုစကား နားယောင် ဒီစကား နားယောင်နှင့်၊ နောက်တော့ သူတို့ပဲ ဒုက္ခ ရောက်ကြရတာ၊ ဟောဒီမှာ ခင်ဗျ"

မီလ်ဗာတန်သည် စာအိတ်ပေါ်တွင် နယ်စား၏ တံဆိပ် ရိုက်ထားသည့် စာတစ်စောင်ကို ထောင်ပြလိုက်ရင်း

"ဒီစာက အေးလေ၊ အမည်ကိုတော့ ကျွန်တော် ထုတ်ပြောလို့ မကောင်းသေးပါဘူး၊ မနက်ဖြန် မနက်လောက် ဆိုရင် သိကြရမှာပေါ့၊ သို့သော်လည်း အဲဒီ အချိန်လောက် ဆိုရင်တော့ ဒီစာဟာ အမျိုးသမီးရဲ့ ခင်ပွန်းလောင်း လက်ထဲကို ရောက်လောက်ပြီဗျ၊ ရောက်မှာပေါ့၊ ဘာမှ မဖြစ်လောက်တဲ့ ငွေကလေးကို နှမြောနေတာကိုး၊ တကယ်ဆို ဒီငွေကလေးကို ဘာ ဒီလောက် ခက်ခဲနေစရာ ရှိလို့လဲ၊ ရှိတဲ့ စိန်တွေကို ထုခွဲလိုက်ရင် တစ်နာရီ အတွင်း ပေါ်လာမှာပဲ၊ စိတ်တော့ မကောင်းစရာပေါ့လေ၊ မစ္စ မိုင်းလ်နှင့် ဗိုလ်မှူးကြီး ဒေါ့ကင်းတို့ စေ့စပ်တာ ပျက်သွားတဲ့ အကြောင်းကို စုံထောက်ကြီး အမှတ် ရသေးတယ် မဟုတ်လား၊ လက်မထပ်ခင် နှစ်ရက်လောက်လည်း ရောက်ရော မောနင်း ပို့စ် သတင်းစာထဲမှာ စေ့စပ် ကြောင်းလမ်းတာကို ဖျက်သိမ်းတဲ့ အကြောင်း စာလေး တစ်ကြောင်း နှစ်ကြောင်း ပါလာတာပဲ ခင်ဗျ၊ ဘာဖြစ်လို့လဲ သိလား၊ တခြားကြောင့် မဟုတ်ဘူး စုံထောက်ကြီးရေ၊ ဘာမဟုတ်တဲ့ ငွေလေး ပေါင် သောင်းနှစ်ထောင် လောက်ကို နှမြောနေလို့ဗျ၊ ဒါလေးကို ပေးလိုက်ရင် ဘာမှ ဖြစ်မှာ မဟုတ်ဘူး၊ သနားစရာ မကောင်းဘူးလားဗျာ၊ ခုတော့ ကြည့်စမ်းပါဦး၊ ခင်ဗျားလို စဉ်းစားဉာဏ် ရှိတဲ့ လူ တစ်ယောက်က ကိုယ့် အမှုသည် ဂုဏ်သိက္ခာ ထိခိုက်တော့မယ့် အချိန်မှာ ဘာမဟုတ်တဲ့ ငွေကလေးကို ဈေးဆစ်နေတယ်၊ စုံထောက်ကြီးလို လူက ဒီလို ဈေးဆစ်တာများ အံ့ဩလို့ မဆုံးဘူးဗျာ၊ တကယ်ပဲ"

"ကျုပ်ကတော့ အမှန်အတိုင်း ပြောတာပဲလေ၊ ခင်ဗျား တောင်းတဲ့ ငွေကို





...လူ မတတ်နိုင်ဘူး၊ အကောင်းဆုံးကတော့ အမျိုးသမီး တစ်ယောက်ရဲ့ ဂုဏ်သိက္ခာ ...ကို ဖျက်ဆီးမယ့် အစား ကျုပ် ပြောတဲ့ ငွေကို လက်ခံသွားဖို့ပဲ၊ တကယ်တော့ ...မျိုးသမီး တစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ဖျက်ဆီးရလို့ ခင်ဗျားမှာ ဘာမှလည်း ...အကျိုးရှိမှာ မဟုတ်ပါဘူး"

"ဒီတစ်ခါတော့ စုံထောက်ကြီး မှားသွားပြီဗျ၊ သူ့အကြောင်းကို ဖွင့်ချ...လိုက်တဲ့ အတွက် ကျွန်တော့်မှာ သွယ်ဝိုက်တဲ့ အကျိုးကျေးဇူးတွေ အများကြီး ...ရတယ် ခင်ဗျ၊ ခုလောလောဆယ် ကျွန်တော့်မှာ ငွေတောင်းရမယ့် ကိစ္စ ဆယ်ခု ...လောက် ရှိနေတယ်၊ လေဒီ အီဗာက ကျွန်တော် တောင်းတဲ့ ငွေကို မပေးလို့ ...လေဒီ အီဗာတို့ ကိစ္စကို ဖွင့်ချလိုက်ရင် သူတို့လည်း ဘယ် အချက်ကွဲ ခံရဲပါတော့ ...မလဲ၊ သတိ တရားလေး ဘာလေး ...ရပြီး ကျွန်တော် တောင်း တဲ့ ...ငွေကို အလွယ်တကူ ပေး ...ကြ တော့ မှာ ပေါ့၊ ...မဟုတ်ဘူးလား"



ရှားလော့ဟုမ်း ...သည် ကုလားထိုင်မှ ...ထရပ်လိုက်၏။

"ဗျို့ ဝပ်ဆင်၊ ...နောက်က ပိတ်ထား ...လိုက်ဗျာ၊ အ ပြင် ကို ...ထွက်ပေ့စေနှင့်၊ ကဲ ...ပတ်ချွေ၊ ခင်ဗျား မှတ် ...စု စာအုပ်ထဲမှာ ညှပ် ...ထားတဲ့ စာကို ကြည့်ချင် ...တယ်"

မီလ်ဗာတန်သည် ကြွက် ...တစ်ကောင်ကဲ့သို့ နံရံသို့ လျှော ခနဲ ...ပြေးကပ် လိုက်ပြီးနောက်

"စုံထောက်ကြီး၊ စုံထောက် ...ကြီး၊ သတိထားပါ" ဟု ဆိုကာ ကုတ်

ကုတ်အင်္ကျီ အတွင်းဘက်ကို လှန်ပြလိုက်ရာ အတွင်း အိတ်ထဲမှ ထိုးထွက်နေသော ခြောက်လုံးပြူး တစ်လက်၏ ဒင်ကို မြင်...၏။



www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီ အတွင်းဘက်ကို လှန်ပြလိုက်ရာ အတွင်း အိတ်ထဲမှ ထိုးထွက်နေသော ခြောက်လုံးပြူး တစ်လက်၏ ဒင်ကို မြင်ရလေ၏။

'ခင်ဗျား တစ်ခုခု လုပ်လိမ့်မယ် ဆိုတာ ကျွန်တော် တွက်ပြီးသားပါဗျ၊ ဒါမျိုးတွေ တွေ့ရလို့ ရိုးနေပြီ ဆရာကြီး၊ ဒီလို မလုပ်ပါနှင့်လေ၊ ဒီလို လုပ်လို့ ဘာအကျိုးထူးမှာလဲ၊ တစ်ခု မှတ်ထားပါနော် စုံထောက်ကြီး၊ ကျွန်တော် ဒီကို လာတာ လက်ချည်းသက်သက် လာတာ မဟုတ်ဘူး၊ လက်နက် အပြည့်အစုံ တပ်ပြီးမှ လာတာ ခင်ဗျ၊ အရေးရှိရင် ကျွန်တော့် လက်နက်ကို ထုတ်သုံးဖို့ လည်း အဆင်သင့်ပဲ၊ ဥပဒေက ကျွန်တော့်ဘက်က ရှိတယ် ဆိုတာ ကျွန်တော် သိတာပေါ့ စုံထောက်ကြီးရယ်၊ ပြီးတော့ ဒီလောက် အရေးကြီးတဲ့ စာတွေကို မှတ်စု စာအုပ်ကြားမှာ ညှပ်ပြီး လာလိမ့်မယ်လို့ ထင်တာလည်း တော်တော် မှားသွားပြီ ခင်ဗျ၊ ကျွန်တော် ဘယ် ဒီလောက် မိုက်ပါ့မလဲ၊ ကဲ ဒီနေ့ညမှာ ချိန်းထားတဲ့ ကိစ္စကလေး တစ်ခု နှစ်ခု ရှိသေးတယ်ဗျာ၊ ဟန့်စတက်ကို ရောက်အောင် ပြန်ရမှာ ဆိုတော့ နည်းနည်း လှမ်းတယ်'

မီလ်ဗာတန်သည် နံရံတွင် ကျော ကပ်ထားရာမှ ရှေ့သို့ တိုးလာခဲ့ပြီးလျှင် ကုတ်အင်္ကျီကို ကောက်ယူကာ သေနတ်ကို 'လက်ဖြင့် အုပ်၍ ကိုင်ထားရင်း တံခါးဆီသို့ လှည့်ထွက်လိုက်လေ၏။ ကျွန်ုပ်က ကုလားထိုင် တစ်လုံးကို ကောက်လိုက်သည်တွင် ရှားလော့ဟုမ်းက ခေါင်း ယမ်းပြလိုက်သဖြင့် ကျွန်ုပ်မှာလည်း ကုလားထိုင်ကို ပြန်ချ ထားလိုက်ရလေ၏။ မီလ်ဗာတန်သည် ဦး တစ်ချက် ညွှတ်၍ အပြုံး တစ်ချက် ဝင့်ကာ မျက်လုံး တစ်ချက် ဝေ့ကြည့်ပြီးနောက် အခန်းပြင်ဘက်သို့ ထွက်သွားလေရာ ခဏကြာလျှင် ရထား တံခါးကို ပိတ်သံနှင့် ရထား ဘီးသံများကို ကြားလိုက်ရလေ၏။

ရှားလော့ဟုမ်းမှာ လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ထဲသို့ ထိုးထည့်ကာ မီးလင်းဖို ဘေးတွင် ထိုင်ရင်း ခေါင်း ငိုက်စိုက် ချထားရာမှ မီးဖိုထဲမှ ပိၢ ကျီးခဲများကို ငေးကြည့်လျက် ရှိလေ၏။ ·

သို့ဖြင့် ရှားလော့ဟုမ်းသည် နာရီဝက်ခန့် မလှုပ်မယှက် ထိုင်လျက် ရှိလေ၏။ ထို့နောက်တွင် တစ်စုံတစ်ရာကို ဆုံးဖြတ်ပြီးသည့် လူတစ်ယောက်ကဲ့သို့ ထိုင်ရာမှ ဖြုန်းခနဲ ထလိုက်ပြီးနောက် အခန်းထဲသို့ ဝင်သွားလေ၏။

ခဏ ကြာလျှင် ဆိတ် မုတ်ဆိတ် တိုနံ့နံ့ကလေးဖြင့် ခပ်ရမ်းရမ်း နေသည့် အလုပ်သမား လူငယ်ကလေး တစ်ယောက်သည် ဆောင့်ကြွားကြွားဖြင့် အခန်းထဲမှ ထွက်လာကာ မြေဆေးတံကို မီးမှန်အိမ်တွင် ညှိလိုက်ပြီးလျှင် 'အိုး





ဆေး၊ တော်တော်လေး ကြာမှ ပြန်ခဲ့မယ်ဗျို့' ဟု ဆိုကာ အောက်သို့ ဆင်းသွားပြီး ညအမှောင်ထဲတွင် ပျောက်ကွယ်သွားလေ၏။ ရှားလော့ဟုမ်းသည် မီလ်ဗာတန်နှင့် ရင်ဆိုင်ရန် ဆုံးဖြတ်ပြီးကြောင်း ကျွန်ုပ် သဘော ပေါက်လိုက်၏။ သို့ရာတွင် သူ့ တိုက်ပွဲသည် မည်သည့် ပုံသဏ္ဍာန် ဖြစ်လိမ့်မည်ကိုမူ ကျွန်ုပ်လည်း မစဉ်းစားတတ်သေးချေ။

ရှားလော့ဟုမ်းသည် ရက်ပေါင်း အတန်ကြာမျှ ထို အဝတ်အစားဖြင့် အပြင်ကို ထွက်သွားလိုက် ပြန်လာလိုက် နေလေရာ သူသည် ဟန့်စတက်သို့ သွားနေကြောင်း၊ အချည်းနှီး မဖြစ်ကြောင်း ကြားသိရရုံမှ အပ ဘာမျှ မသိရချေ။ သို့ရာတွင် မိုးသက်မုန်တိုင်းတို့ ပြင်းထန်စွာ တိုက်ခတ်ကာ ပြတင်းပေါက်များကို တထပ်ထပ် မြည်အောင် လေ တဝီဝီ တိုက်နေသည့် တစ်ညနေတွင်မူ ရှားလော့ဟုမ်းသည် နောက်ဆုံး ပြန်ရောက်လာကာ ရုပ်ဖျက်ထားသည့် အဝတ်အစားများကို ချွတ်ပြီးနောက် မီးလင်းဖို ရှေ့တွင် ထိုင်ချလိုက်လျက် သူ့ ထုံးစံအတိုင်း အသံ မထွက်အောင် ကျိတ်၍ အားရပါးရ ရယ်မောလျက် ရှိလေ၏။

'ကျုပ် တစ်သက်မှာ မိန်းမ ရမယ်လို့ ထင်သေးရဲ့လား'

'မထင်ပေါင်ဗျာ'

'ကျုပ် သတင်းကို ကြားရင် ခင်ဗျား အံ့သြသွားမှာပဲ၊ ကျုပ် မိန်းမ ယူတော့မလို့ဗျ'

'ဗျာ တကယ်လား၊ ဒီလိုဆို ခင်ဗျားကို ချီးကျူး'

'မီလ်ဗာတန် အိမ်က ခိုင်းတဲ့ ကောင်မလေးနှင့်ဗျ'

'ဗျို့လူ၊ တကယ် ပြောနေတာလား'

'သတင်း လိုချင်လို့ လုပ်ရတာဗျို့၊ သတင်း လိုချင်လို့'

'ခင်ဗျား လုပ်တာ နည်းနည်းတော့ ကျွံသွားပြီ ထင်တယ်'

'မတတ်နိုင်ဘူးလေဗျာ၊ ဒီအတိုင်း လုပ်မှ ရမယ် ဆိုတော့ လုပ်ရတော့မှာပေါ့၊ ကျုပ်က ပိုက်ပြင်တဲ့ ကုမ္ပဏီ တစ်ခုက ပိုက်ပြင် ဆရာပေါ့ဗျာ၊ နာမည်ကို အက်စကော့လို့ ပြောင်း ထား တယ်၊ ကောင်မလေးနှင့် ညနေတိုင်း လမ်းလျှောက်ထွက် စကားပြော၊ အင်း ပျော်စရာတော့ အကောင်းသားဗျို့၊ ဒါပေမဲ့ ကျုပ် လိုချင်တဲ့ အချက်အလက်တွေ အကုန်လုံး ရလိုက်ပါတယ်၊ ခုဆိုရင် ကျုပ် လက်ဖဝါးကို ကျုပ် ကောင်းကောင်း သိသလို မီလ်ဗာတန်ရဲ့ အိမ်ကိုလည်း ကောင်းကောင်း သိနေပြီဗျ'

'ဒါဖြင့် ကောင်မလေးကို ဘယ့်နှယ် လုပ်မလဲ'



www.burmeseclassic.com

www.burmeseclassic.com



ရှားလော့ဟုမ်းက ပခုံးကို တွန့်ပြလိုက်ကာ

"မတတ်နိုင်ဘူးလေဗျာ၊ ဝိုင်းထဲမှာ လောင်းကြေး ကောင်းနေပြီ ဆိုတော့ ကိုယ့်ဖဲကို တတ်နိုင်သမျှ အကောင်းဆုံး ဖြစ်အောင် ကစား ရတော့တာပေါ့၊ သို့သော်လည်း ကျုပ်နှင့် ကစားဖက်က ခေတ္တလူ မဟုတ်ဘူးဗျို့၊ ကျောလိုက်တာနှင့် တစ်ပြိုင်နက် တစ်ခါတည်း လည်လိုးမယ့် ပြိုင်ဘက်မျိုး၊ ဒီလို ပြိုင်ဘက်မျိုးနှင့် ကစားရတာ ပျော်စရာတော့ အကောင်းသား၊ ပြီးတော့ ဒီလို ညမျိုးကလည်း အတော်ပဲ"

"ဒီလောက် ဆိုးတဲ့ ရာသီဥတုကြီးကိုများ ခင်ဗျားက ဘာ သဘောကျနေရပြန်တာလဲ"

"ဒီလို ညမျိုးမှ ကျုပ် အဖို့ အလုပ် လုပ်လို့ ကောင်းတာဗျ၊ ဒီနေ့ည မီလ်ဗာတန်ရဲ့ အိမ်ကို ဖောက်မလို့"

ကျွန်ုပ်မှာ သူ့ စကားကြောင့် တစ်ကိုယ်လုံး အေးစက်သွားကာ အသက်ကိုပင် အနိုင်နိုင် ရှူလိုက်ရပေ၏။ ရှားလော့ဟုမ်းကား နောက်ဆုတ်မည့် ဟန်မရှိချေ။ ညအမှောင်ထဲတွင် ပြက်လိုက်သည့် လျှပ်စီး တစ်ချက်သည် ကျယ်ပြန့်သည့် မြင်ကွင်းကြီး တစ်ခုကို အသေးစိတ် ပြလိုက်သကဲ့သို့ ယခုလည်း တစ်ချက်တွေးကြည့်လိုက်ရုံမျှဖြင့် ဤသို့သော အပြုအမူမျိုးမှ ပေါ်ထွက်လာနိုင်ဖွယ် ရှိသည့် အကျိုး သက်ရောက်မှုများကို ကျွန်ုပ် မြင်လိုက်လေပြီ။ ခြေရာကောက်မိသွားလျှင်၊ ဖမ်းမိသွားလျှင် အရှက်တကွဲ အကျိုးနည်း ဖြစ်ကာ နာမည် တစ်လုံးဆုံးရှုံးသွားခဲ့လျှင်၊ စက်ဆုပ်ဖွယ် ကောင်းသည့် မီလ်ဗာတန်၏ လက်ထဲသို့ သူကိုယ်တိုင် ရောက်သွားလျှင် … စသည်ဖြင့် ကျွန်ုပ် တွေးလိုက်မိလေပြီ။

"ဗျို့ ဟုမ်း၊ အရမ်းတော့ မလုပ်နှင့်ဗျာ၊ စဉ်းစဉ်းစားစားလည်း လုပ်ဦး"

"ဒီမှာ အိုင်ဆေး၊ ကျုပ် ဘက်ပေါင်းစုံက လှည့်ပြီး စဉ်းစား ပြီးပြီဗျ၊ ကျုပ် လုပ်သမျှတွေထဲမှာ ဒီလောက် တစ်ခါမှ မရမ်းဖူးဘူးဗျ၊ တခြား နည်း ရှိတယ် ဆိုရင်လည်း ဒီလောက် အန္တရာယ် များတာမျိုးကို ကျုပ် ဘယ်တော့မှ မလုပ်ဘူး မှတ်ထားပါ၊ သမာသမတ်ကျကျ စဉ်းစားကြည့်ပေါ့ဗျာ၊ လုပ်နည်းကတော့ ဥပဒေ နည်းလမ်း အပက ဖြစ်ပေမဲ့ စေတနာက မြတ်ပါပေတယ်ဗျ၊ အိမ်ကို ဖောက်ရတာက အခြားကြောင့် မဟုတ်ဘူးဗျို့၊ သူ့ မှတ်စု စာအုပ်ကြားမှာ ညှပ်ထားတဲ့ စာတွေကို လိုချင်လို့၊ ခင်ဗျားကော ဒီလို အလုပ်မျိုး ဆိုရင် ကျုပ်ကို ကူညီဖို့ အဆင်သင့်ပဲ မဟုတ်လား"





ကျွန်ုပ်က အတန်ကြာမျှ စဉ်းစားနေလေ၏။

"ရပါတယ်၊ အိမ် ဖောက်တဲ့ ရည်ရွယ်ချက်က မတရား အသုံးချမယ့် ပစ္စည်းတွေမှ အပ တခြား ဘာပစ္စည်းကိုမှ ယူဖို့ မဟုတ်တာကပဲ၊ စေတနာအားဖြင့် မှန်ပါတယ်"

"ဟုတ်ပါပြီ၊ ခု ကျုပ်တို့ လုပ်မယ့် အလုပ်ဟာ စေတနာအားဖြင့် မှန်တယ်၊ ဒီတော့ ကျုပ်တို့ စဉ်းစားရမှာက ကျုပ်တို့ ဘယ်လောက် စွန့်နိုင်မလဲ ဆိုတဲ့ ကိစ္စပဲ ကျန်တော့တယ်၊ အမျိုးသမီး တစ်ယောက်မှာ အရေးတကြီး အကူအညီ လိုနေပါလျက်နှင့် ဒီအတိုင်း လက်ပိုက် ကြည့်နေရင်တော့ ကျုပ်တို့ ညံ့ရာရောက်လွန်းလှသဗျာ"

"ကိုယ့်ဘက်က မှားနေတယ်နော ဆရာကြီး"

"မတတ်နိုင်ဘူးဗျ၊ စွန့်ကြည့်ရတော့မှာပဲ၊ စာတွေကို ပြန်ရဖို့ တခြားနည်း မရှိတော့ဘူး၊ ကျုပ်တို့ အမျိုးသမီးမှာ သူ တောင်းသလောက် ပေးနိုင်တဲ့ အခြေအနေ မရှိဘူး၊ ဘယ်သူ့ဆီကမှလည်း ချေးငှားလို့ ရစရာ အကြောင်း မမြင်ဘူး၊ မနက်ဖြန် ဆိုရင် နောက်ဆုံးနေ့ပဲ၊ ဒီတော့ ဒီစာတွေကို ကျုပ်တို့ ဒီနေ့ညရအောင် မယူနိုင်ရင် ဒီငနဲက မနက်ဖြန်မှာ သူ ပြောတဲ့ အတိုင်း လုပ်တော့မယ်၊ ဒီလိုဆိုရင် အမျိုးသမီး ဒုက္ခ ရောက်တော့မယ်၊ ဒီတော့ ကျုပ် အဖို့က ကျုပ် အမှုသည်ကို ပေယျာလကန် ပြုလိုက်တော့မလား၊ သို့မဟုတ် ကျုပ်အနေနှင့် နောက်ဆုံး ဖဲချပ် အထိ ကစားမလား၊ နှစ်လမ်းပဲ ရွေးစရာ ရှိတော့တယ်၊ ကျုပ်တို့ အချင်းချင်းမို့ ပြောလိုက်ရဦးမယ်၊ ခုပွဲဟာ ကျုပ်နှင့် မီလ်ဗာတန်တို့ ဉာဏ်ရည်စမ်းမယ့် ပွဲပဲဗျ၊ ပြီးတော့ ဒီမှာ လာတုန်းက သူ အပေါ်စီးကြီးနှင့် ပြောသွားတာကိုလည်း တယ် မခံချင်ဘူးဗျာ၊ ကျုပ်လည်း စုံထောက် ရှားလော့ဟုမ်း ဆိုတဲ့ နာမည် တစ်လုံးနှင့် နေတဲ့ လူပဲဗျာ၊ ဒီအတိုင်း ခံနိုင်ရိုးလား၊ အဆုံး ထိအောင်တော့ လိုက်ရမှာပေါ့"

"အင်း ကျွန်တော်ကတော့ သိပ်မကြိုက်လှဘူးဗျ၊ သို့သော်လည်း မတတ်နိုင်ဘူးပေါ့လေ၊ ကဲ ဆို၊ ကျွန်တော်တို့ ဘယ်အချိန်လောက် ထွက်ကြမလဲ"

"ခင်ဗျား မလိုက်ရဘူးဗျ"

"ဒီလိုဆိုရင် ခင်ဗျားလည်း မသွားရဘူး၊ ကျွန်တော်ကလည်း ပြောပြီးသား စကားကို ဘယ်တော့မှ ရုပ်သိမ်းတဲ့ လူစားမျိုး မဟုတ်ဘူးဗျ၊ ကျွန်တော် မလိုက်ရဘူး ဆိုရင် ရထား တစ်စင်း ခေါ်၊ ဂါတ်ကို သွားတိုင်ပြီး ခင်ဗျား ကြဲအစည် ပျက်အောင် ပုလိပ်ကို တိုင်ရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား မကူညီနိုင်ပါဘူးဗျာ"

"ဒါတော့ ဘယ်ပြောနိုင်မလဲ၊ ဘယ်လို ဖြစ်မယ်မှန်းမှ မသိတာ၊ ဘာဖြစ်ဖြစ်ဗျာ၊ ကျွန်တော်ကတော့ ဆုံးဖြတ်ပြီးပြီ၊ ကိုယ့်သိက္ခာ ကိုယ် ရှိသေပြီး ကိုယ့် စကားကို ကိုယ် ပြန်မဖျက်တဲ့ လူဆိုလို့ ခင်ဗျား တစ်ယောက်ပဲ ရှိတယ် မထင်ပါနှင့်ဗျ၊ တခြား လူတွေလည်း ရှိပါသေးတယ်"

ရှားလော့ဟုမ်းမှာ စိတ်ရှုပ်နေဟန် ရှိလေ၏။ နောက်ဆုံး၌ သူ့ မျက်နှာသည် ကြည်လင်သွားကာ ကျွန်ုပ်၏ ပခုံးကို ပုတ်လိုက်လျက်

"ကဲ ဒီလောက်တောင် ရှိလှတာ သဘောပဲဗျာ၊ ခင်ဗျားနှင့် ကျုပ် တစ်ခန်းတည်း နေလာတာ ကြာလှပြီ၊ ဒီတော့ ထောင်ထဲ ရောက်ရင်လည်း အကျဉ်းတိုက် တစ်တိုက်တည်းမှာ နေရတာပေါ့၊ ကျုပ်ဟာ ရာဇဝတ်ကောင် ဖြစ်ရင် တော်တော် ပီရိတဲ့ ရာဇဝတ်ကောင် တစ်ယောက် ဖြစ်မှာလို့ ကျုပ်ဘာသာ ကျုပ် မကြာခဏ တွေးမိတယ်ဗျ သိလား၊ ခုတော့ ကျုပ် တစ်သက်မှာ ရာဇဝတ်ကောင် အရည်အချင်းစစ် စာမေးပွဲ ဝင်ဖို့ ပထမဆုံး အခွင့်အရေး ရတာပဲ၊ ဒီမှာ ကြည့်စမ်း"

ရှားလော့ဟုမ်းသည် လှပသည့် သားရေအိတ်ကလေး တစ်လုံးကို အံဆွဲထဲမှ ယူ၍ ဖွင့်လိုက်ပြီးလျှင် တလက်လက် တောက်ပနေသော ပစ္စည်းများကို ပြလေ၏။

"ဒါက နောက်ဆုံးပေါ် ပထမတန်း ဖောက်ထွင်း ကိရိယာတွေဗျ၊ နီကယ် သုတ်ထားတဲ့ ကလအော် အသေးစားကလေးရယ်၊ မှန် ဖြတ်တဲ့ စိန်ချွန်ရယ်၊ သော့တူတွေရယ်၊ ခေတ်ရဲ့ တောင်းဆိုချက် အရ နောက်ဆုံး ပေါ်လာတဲ့ ဖောက်ထွင်း ကိရိယာတွေလေဗျာ၊ ဟောဒီမှာ ကျားမီးခွက်ရယ်၊ အားလုံး အဆင်သင့်ပဲ၊ ခင်ဗျားမှာ ကင်းဘတ် ဖိနပ်တို့ ဘာတို့ ရှိရဲ့လား"

"ကြက်ပေါင်ခွာ တပ်ထားတဲ့ တင်းနစ် ဖိနပ်တွေ ရှိတယ်ဗျ"

"ဟုတ်ပြီ၊ မျက်နှာဖုံးကော"

"အိမ်မှာ ပိုးစ အနက်တွေ တစ်ပုံကြီးပါဗျာ၊ ဘယ်နှခု လိုချင်သလဲ"

"ဘယ်ဆိုးလို့လဲ၊ ခင်ဗျားလည်း ဒါမျိုးကို တော်တော် ဝါသနာ ပါသား။၊ ဟုတ်ပြီ၊ ဒါဖြင့် မျက်နှာဖုံး နှစ်ခု လုပ်ဗျာ၊ မသွားခင် ညစာကလေး ဘာလေး စားသွားကြမယ်၊ ခု ကိုးနာရီခွဲပြီ၊ ဆယ့်တစ်နာရီ ထိုးရင် ချာ့ချ်ရိုး လမ်းကို ရထား စီးသွားမယ်၊ အဲဒီကနေ ခြေကျင် လျှောက်ရင် အယ်ပဲလ်ဒိုး တာဝါ မျက် ကွက်ကို တစ်နာရီလောက် လျှောက်ရတယ်၊ သန်းခေါင် မတိုင်ခင် အလုပ် [illegible]





ပယ်၊ မိလ်ဗာတန် ဆိုတဲ့ ငနဲက တော်တော် အအိပ်ကြီးတဲ့ ငနဲဗျ၊ ဆယ် နာရီခွဲ ဆိုရင် အိပ်ရာ ဝင်တတ်တယ်၊ ကံကောင်းရင် လေဒီ အီဗာရဲ့ စာတွေကို ပိုက်ပြီး ကျုပ်တို့ နှစ်နာရီပြန် နှစ်ချက် အိမ်ပြန် ရောက်မှာပေါ့"

ရှားလော့ဟုမ်းနှင့် ကျွန်ုပ်တို့သည် ဇာတ်ပွဲမှ ပြန် လာ သူ များ သဖွယ် အပေါ် ဝတ်ရုံကြီးများကို ဝတ်လာခဲ့ကြလေ၏။ အောက်စဖို့ လမ်းသို့ အရောက်တွင် ကျွန်ုပ်တို့သည် အမိုး ပက်လက် ရထားကလေး တစ်စင်းကို တက်စီးခဲ့ကြပြီးနောက် ဟန့်စတက် ရပ်ကွက်ရှိ အိမ်တစ်အိမ် လိပ်စာကို ပေး၍ စီးလာခဲ့ကြလေ၏။

ထို နေရာသို့ ရောက်လျှင် ရထားခ ရှင်းကာ ရထားပေါ်မှ ဆင်းခဲ့ကြလေ၏။

ထိုနေရာမှာ အလွန် ချမ်းအေးသည့်ပြင် လေ တဟူးဟူး တိုက်လျက် ရှိသဖြင့် ကျွန်ုပ်တို့သည် ဂရိတ် ကုတ်အင်္ကျီကြီးများကို ကြယ်သီး အပြည့် တပ်ကာ စားကျက်ကွင်းကြီး သား အတိုင်း လျှောက်လာခဲ့ကြလေ၏။

ရှားလော့ဟုမ်းက

"လုပ်ရမယ့် အလုပ်က တော်တော် သိမ်မွေ့တယ်ဗျ၊ စာတွေက စာကြည့်ခန်းထဲက မီးခံ သေတ္တာထဲမှာ ထားတယ်၊ စာကြည့်ခန်းက သူ့ အိပ်ခန်းနှင့် ကပ်လျက် အခန်းကလေး၊ ဒါပေမဲ့ တစ်ခု ကံကောင်းတာက ဒီငနဲက ကောင်းကောင်း စားပြီး ကောင်းကောင်း နေတတ်တဲ့ အရပ် ပုပု ခပ်ဖိုင့်ဖိုင့် လူတွေ ထုံးစံအတိုင်း အအိပ်ကြီးတယ်ဗျ၊ သူတို့ဆရာ အိပ်ရင် ဆင်အော်လို့တောင် မနိုးဘူးလို့ အက်ဂါသာ အဲ ကျုပ် ကောင်မလေးက ပြောတယ်၊ ဒီငနဲမှာ သူ့ ကိစ္စဝိစ္စတွေကို ဆောင်ရွက်ပေးဖို့ အတွက် စာရေး တစ်ယောက် ရှိတယ်၊ အဲဒီ စာရေးက တစ်နေ့လုံး စာကြည့်ခန်းကလေးထဲမှာ ထိုင်တယ်၊ ဖင်မှာ သံမှိုများ စွဲထားသလို တစ်နေ့လုံး ဘယ်ကိုမှ မထဘူးတဲ့၊ ဒါကြောင့် ကျုပ်တို့ အလုပ် လုပ်ဖို့ ညကို ရွေးရတာ၊ ပြီးတော့ ည ညကျရင် ခြံထဲကို ခွေးဆိုးကြီး တစ်ကောင် လွှတ်ထားသတဲ့၊ လွန်ခဲ့တဲ့ နှစ်ညလောက်တုန်းက အက်ဂါသာနှင့် တွေ့တယ်ဗျ၊ ခုတော့ ကျုပ်တို့ တွေ့နိုင်အောင် ဒီကောင်ကြီးကို ချည်ထားလိုက်ပါပြီ၊ ဟော ပြောရင်း ဆိုရင်း ရောက်လာပြီဗျို့၊ ရှေ့က အိမ်ကြီးပဲ၊ ဝင်းပေါက်က ဝင်ပြီးတော့ ညာဘက်ကို ချိုးလိုက်ရင် ပန်းချုံတွေ ရှိတယ်၊ မျက်နှာဖုံးတွေကို ဒီနေရာ ဟပ်သွားကြရအောင်ဗျို့၊ မြင်ရဲ့လား၊ ပြတင်းပေါက်တွေ အားလုံးမှာ မီးရောင် မမြင်ရတော့ဘူး၊ အင်း တော်တော်လေးတော့ အဆင် ချောနေပြီဗျို့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် လန်ဒန်မြို့ပေါ်တွင် ကြောက်စရာ အကောင်းဆုံး လူဆိုးကြီး နှစ်ဦး သဖွယ် မျက်နှာကို ပိုးစ မျက်နှာဖုံး အနက် စည်းပြီးနောက် တိတ်ဆိတ် မည်းမှောင်နေသည့် အိမ်ကြီးဆီသို့ တိတ်တဆိတ် ချဉ်းကပ် လာခဲ့ကြလေ၏။ အိမ်မကြီး၏ အပြင်ဘက်တွင် အုတ်ကြွပ် ကာထားသည့် ဝရန်တာ တစ်ဆောင် ထုတ်ထားပြီး ထို ဝရန်တာ တစ်လျှောက်တွင် ပြတင်းပေါက်များနှင့် တံခါးမကြီး နှစ်ပေါက် ဖောက်ထားသည်ကို တွေ့ရလေ၏။

ရှားလော့ဟုမ်းက လေသံကလေးဖြင့်

"အဲဒါက အိပ်ခန်းဗျ၊ ဒီတံခါး အတိုင်း ဝင်သွားရင် စာကြည့်ခန်းထဲကို တိုးလျှိုပေါက် ရောက်သွားတယ်၊ ဒါပေမဲ့ တံခါးက မင်းတုပ် ထိုးထားရုံတွင် မကဘူး၊ သော့လည်း ခတ်ထားတယ်၊ ဒီတံခါးကို ဖွင့်နေရရင် အသံ ကြားလိမ့်မယ်၊ လာ ဒီဘက်ကို ကွေ့လာခဲ့၊ ဒီဘက်မှာ သစ်ပင် စိုက်တဲ့ မှန်လုံခန်း ရှိတယ်၊ ဒီကနေ ဝင်ရင် ဧည့်ခန်းထဲကို တိုက်ရိုက် ရောက်တယ်"

သစ်ပင်များ ထားသည့် မှန်လုံခန်းကိုလည်း သော့ခတ်ထားလေ၏။ သို့ရာတွင် ရှားလော့ဟုမ်းသည် မှန်ကို ကွင်းလိုးလိုက်ပြီးနောက် အတွင်းသို့ လက်နှိုက်ကာ သော့ကို ဖွင့်လိုက်လေ၏။ ခဏ အကြာတွင်ကား အထဲသို့ ရောက်သွားကာ ကျွန်ုပ်တို့သည်လည်း တရားဥပဒေ အမြင်တွင် ရာဇဝတ်မှု ကျူးလွန်သူများ အဖြစ်သို့ ရောက်သွားခဲ့ကြလေပြီ။ မှန်လုံခန်းထဲမှ အနွေးဓာတ်နှင့် ထူးဆန်းသော ပန်းမျိုးများ၏ အနံ့ကြောင့် ကျွန်ုပ်တို့မှာ အသက်ရှူ ကျပ်လျက် ရှိလေ၏။ ရှားလော့ဟုမ်းသည် အမှောင်ထဲတွင် ကျွန်ုပ် လက်ကို ဆွဲကိုင်ကာ ပန်းပင်တွေကြားထဲမှ ဆွဲခေါ်သွားလေရာ ကျွန်ုပ်တို့ မျက်နှာမှာ သစ်ရွက်များ၊ သစ်ကိုင်းများဖြင့် ပွတ်သွားလေ၏။ ရှားလော့ဟုမ်းမှာ ကျင့်ထားသည့် အတွက် အမှောင်ထဲတွင် ကောင်းစွာ မြင်နိုင်စွမ်း ရှိပေ၏။ ရှားလော့ဟုမ်းသည် ကျွန်ုပ် လက်ကို ဆွဲကိုင် ထားရင်းက လက်တစ်ဖက်ဖြင့် တံခါး တစ်ချပ်ကို ဖွင့်လိုက်ရာ မကြာမီကမှ ဆေးပြင်းလိပ် သောက်သွားရာ ဖြစ်ဟန် ရှိသည့် အခန်းကျယ်ကြီး တစ်ခုထဲသို့ ရောက်နေကြောင်း ကျွန်ုပ် ပိုးတိုးဝါးတား သိလိုက်ရပေ၏။ ရှားလော့ဟုမ်းသည် စားပွဲတွေ၊ ကုလားထိုင်တွေ ကြားထဲမှ စမ်း၍ လျှောက်သွားပြီးနောက် အခြား တံခါး တစ်ခုကို ဖွင့်လိုက်ပြီး ပြန်ပိတ်လိုက်လေ၏။ ကျွန်ုပ်သည် နံရံကို လက်ဖြင့် စမ်းလိုက်သည်တွင် နံရံတွင် ချိတ်ထားသည့် ကုတ်အင်္ကျီရှည်ကြီးများကို တွေ့လိုက်ရသည့် အတွက် ကျွန်ုပ်တို့ ရောက်နေသည့် အခန်းမှာ ခန်းကူး လမ်းကြားကလေး တစ်ခု ဖြစ်ကြောင်း သိရလေ၏။





ကျွန်ုပ်တို့သည် လမ်းကြားကလေး အတိုင်း လာခဲ့ပြီးနောက် ရှားလော့ဟုမ်းက လက်ယာဘက်ရှိ အခန်း တံခါး တစ်ခုကို ဖွင့်လိုက်လေ၏။ အခန်းထဲမှ တစ်စုံတစ်ရာ ပြေးထွက်လာသည့် အတွက် ကျွန်ုပ်မှာ လန့်၍ အော်လိုက်မိမည်ပြုပြီးမှ ကြောင် တစ်ကောင် ဖြစ်နေသည်ကို တွေ့ရသဖြင့် ကိုယ့်အဖြစ်ကိုယ် ရယ်ချင်စိတ် ပေါက်မိသေး၏။ ထိုအခန်းထဲရှိ မီးလင်းဖိုမှာ မီးတောက်လျက် ရှိပြီး အနံ့ ပြင်းသော ဆေးပြင်းလိပ်နံ့မှာ မွှန်ထူလျက် ရှိလေ၏။

ရှားလော့ဟုမ်းသည် အခန်းထဲသို့ ခြေဖျား ထောက်၍ ဝင်သွားကာ ကျွန်ုပ် လိုက်လာအောင် စောင့်ပြီးလျှင် တံခါးကို ပြန်ပိတ်လိုက်လေ၏။ ကျွန်ုပ်တို့သည် မီလ်ဗာတန်၏ စာကြည့်ခန်းထဲသို့ ရောက်နေကြလေပြီ။ တစ်ဖက်ထိပ်တွင် ခန်းဆီးကြီး တစ်ခုကို လှမ်းမြင်လိုက်ရသဖြင့် ထိုအပေါက်မှာ အိပ်ခန်းသို့ ဝင်သော အပေါက် ဖြစ်ကြောင်း သိသာနိုင်ပေ၏။

မီးလင်းဖိုမှ မီးမှာ အရှိန် ကောင်းလျက် ရှိပြီး အခန်း တစ်ခုလုံးကို အလင်းရောင် ပေးလျက် ရှိပေ၏။ တံခါးပေါက်ကြီးနားတွင် ပြောင်လက်နေသော လျှပ်စစ် မီးခလုတ် တစ်ခုကို မြင်ရ၏။ ကျွန်ုပ်တို့ အဖို့ စိတ်ချရသည့်တိုင် မီးဖိုမှ အလင်းရောင် ရနေသည့် အတွက် ထိုခလုတ်ကို ဖွင့်ဖို့ မလိုတော့ချေ။ မီးဖို၏ အနီးတွင်မူ ကျွန်ုပ်တို့ အပြင်မှ မြင်ခဲ့ရသည့် ဘေး ဝင်းဒိုး ခေါ် ပြတင်းပေါက်ခုံးကို တပ်ထားသည့် ခန်းဆီးကို မြင်ရလေ၏။ ထိုပြတင်းပေါက်ခုံး၏ ဘေးတွင်မူ ဝရန်တာသို့ ထွက်သော တံခါးပေါက်ကြီး တစ်ခု ရှိလေ၏။ အခန်းအလယ်ကောင်တွင် စားပွဲခုံ တစ်လုံး ရှိပြီး အနီးတွင် တဖိတ်ဖိတ် လက်နေသည့် အနီရောင် သားရေ ဖုံးထားသော ဆုံလည် ကုလားထိုင် တစ်လုံးကို တွေ့ရ၏။ မျက်နှာချင်းဆိုင်တွင် ကြီးမားသော စာအုပ် ဗီရိုကြီး တစ်လုံး ရှိပြီး ဗီရိုပေါ်တွင် ကျောက်ဖြူသားဖြင့် ထုထားသည့် အေသင်း ခေါ် ပညာ နတ်သမီး၏ ပုံကို တင်ထားလေ၏။ ဗီရိုနှင့် နံရံ ကြား၌မူ အစိမ်းရောင် မီးခံသေတ္တာ မြင့်မြင့်ကြီး တစ်လုံး ရှိလျက် ကြေးတံခါး လက်ကိုင်ဘုပေါ်သို့ ကျရောက်နေသည့် မီးရောင်ကြောင့် ပြောင်လက်လျက် ရှိလေ၏။

ရှားလော့ဟုမ်းသည် ထိုမီးခံသေတ္တာဆီသို့ ဖြတ်ခနဲ ရောက်သွားကာ မီးခံသေတ္တာကို ကြည့်ရှုလျက် ရှိလေ၏။ ထို့နောက် အိပ်ခန်းတံခါးဆီသို့ သွားသွားလာခဲ့ပြီးလျှင် နားကို စွင့်လျက် အထဲမှ အသံဗလံကို နားထောင်လျက် ရှိလေ၏။ အထဲမှ မည်သည့် အသံကိုမျှ မကြားရချေ။ ထိုအတွင်း၌ ကျွန်ုပ်မှာ ထွက်ပေါက်ကို သေချာစွာ စဉ်းစားကာ အပြင်ဘက် တံခါးမကြီးမှ ထွက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမည်ဟု သဘော ရသဖြင့် ထိုတံခါးမကြီးကို သွား၍ ကြည့်ရှုနေလေ၏။ အပြင်သို့ ထွက်သည့် တံခါးမကြီးမှာ မင်းတုပ် ထိုးထားခြင်း၊ သော့ခတ်ထားခြင်း မရှိသဖြင့် ကျွန်ုပ်မှာ အံ့အားသင့်လျက် ရှိလေ၏။

ကျွန်ုပ်သည် ရှားလော့ဟုမ်းကို လက်တို့ လိုက်ရာ ရှားလော့ဟုမ်းသည် ကျွန်ုပ် ပြရာဘက်သို့ လှည့်ကြည့်လိုက်လေ၏။

ရှားလော့ဟုမ်းမှာ လန့်ဖျပ်သွားပြီး ကျွန်ုပ်ကဲ့သို့ပင် အံ့အား သင့်လျက် ရှိခြင်းကို တွေ့ရလေ၏။ ရှားလော့ဟုမ်းက ကျွန်ုပ် နား နားသို့ ကပ်၍



နားကို စွင့်လျက် အထဲမှ အသံဗလံကို နားထောင်လျက် ရှိလေ၏။

'ဒီတံခါး ပွင့်နေတာကို ကျုပ် မကြိုက်ဘူးဗျ၊ ဘာဖြစ်လို့ ပွင့်နေသလဲ မသိဘူး၊ အေးလေ၊ ဘာဖြစ်ဖြစ် အချိန် သိပ်မရှိဘူး'

'ကျွန်တော် ဘာလုပ်ရမလဲ'

'တံခါးမကြီးနားမှာ ရပ်နေ၊ အပြင်ဘက်က ခြေသံ ကြားရင် အထဲက မင်းတုပ်ကို ပိတ်ထားလိုက်၊ ကျုပ်တို့ လာခဲ့တဲ့ လမ်းအတိုင်း ပြန် ထွက် မယ်၊ တခြားဘက်က ဝင်လာလို့ ရှိရင်လည်း ကျုပ်တို့ ယူစရာ ရှိတဲ့ ပစ္စည်းကို ယူပြီး အဲဒီ တံခါးမကြီးက ပြန်ထွက်မယ်၊ မယူရသေးရင် တံခါးကြားထဲက ကန့်လန့်ကာကြီးထဲမှာ ဝင် ပုန်းနေမယ်၊ နားလည်တယ် မဟုတ်လား'

ကျွန်ုပ်က ခေါင်းညိတ်ပြလိုက်ပြီး တံခါးမကြီး နားတွင်





ရပ်နေလိုက်၏။ ထိုအချိန်၌ကား ကျွန်ုပ်တွင် ကြောက်စိတ်တွေ ပျောက်သွားခဲ့လေပြီ။ ဥပဒေကို ကာကွယ်သူများ အဖြစ် ယခင် ကျွန်ုပ်တို့ ကြုံတွေ့ခဲ့ရသည့် သည်းထိတ်ရင်ဖို စွန့်စားခန်းများထက်ပင် ယခု စွန့်စားခန်းက ပို၍ စိတ်ဝင်စားဖွယ် ကောင်းနေသည်ကို တွေ့ရပေသေး၏။ ကျွန်ုပ်တို့ လာရောက်ရသည့် ရည်ရွယ်ချက်၊ ကျွန်ုပ်တို့သည် ကိုယ်ကျိုး အတွက် မဟုတ်ဘဲ ဒုက္ခ ရောက်နေသည့် အမျိုးသမီး၏ ဂုဏ်သိက္ခာကို ကယ်တင်ရေး အတွက် လာရောက်ခြင်း ဖြစ်သည်ဟူသော အသိ စိတ်ဓာတ်၊ ကျွန်ုပ်တို့ ရန်သူ၏ ကောက်ကျစ် ယုတ်မာမှု စသည်တို့သည် ကျွန်ုပ်တို့၏ စွန့်စားခန်းကို ပို၍ စိတ်ဝင်စားဖွယ် ကောင်းအောင် ထပ်လောင်း ဖြည့်စွက် နေသကဲ့သို့ ရှိပေ၏။ ထိုသို့ လာရောက်ရသည့် အတွက် ကျွန်ုပ်မှာ အပြစ် ရှိသည်ဟု မထင်ရုံမျှမက တွေ့ရမည့် အန္တရာယ်တို့ကို တွေးကာ ပျော်၍ပင် နေပေသေး၏။

ကျွန်ုပ်သည် သိမ်မွေ့ ခက်ခဲသည့် ခွဲစိတ်မှု တစ်ခုကို ပြုလုပ်ရမည့် ပွဲစိတ် ဆရာဝန် တစ်ယောက်၏ တည်ငြိမ်မှုမျိုး၊ စနစ်တကျ ရှိသော တိကျမှုမျိုးဖြင့် ဖောက်ထွင်း ကိရိယာများကို ထုတ်ကာ လိုအပ်သည့် ကိရိယာကို ရွေးချယ်လျက် ရှိသော ရှားလော့ဟုမ်းကို အားကျသည့် အကြည့်ဖြင့် ကြည့်နေမိလေ၏။

ရှားလော့ဟုမ်းသည် မီးခံသေတ္တာများအား သော့တူဖြင့် ဖွင့်ရသည့် အလုပ်မျိုးကို အလွန် ဝါသနာ ပါသူ ဖြစ်ကြောင်း ကျွန်ုပ် သိပြီး ဖြစ်လေရာ ပိန်းမချော မိန်းမလှတို့၏ ဂုဏ်သိက္ခာကို အာခံတွင်းတွင် ငုံထားသည့် နဂါးကြီး တစ်ကောင်နှင့် တူသော အစိမ်းရောင်နှင့် ရွှေရောင် တောက်နေသည့် မီးခံသေတ္တာကြီးကို ဖွင့်ရသည့် အတွက် သူ မည်မျှ ပျော်နေမည်ကိုလည်း ကျွန်ုပ် ကောင်းစွာ နားလည်နိုင်ပေ၏။

ရှားလော့ဟုမ်းသည် ကုတ်အင်္ကျီ လက်မောင်းကို ပင့်လိုက်လျက် (ထိုအချိန်၌ အပေါ်ဝတ်ရုံ အင်္ကျီကြီးကို ချွတ်ကာ ကုလားထိုင်ပေါ်သို့ တင်ထားလိုက်လေပြီ။) လွန် နှစ်လက်၊ ကလအော် တစ်ချောင်းနှင့် သော့တူများကို ထုတ်နေလေပြီ။ ကျွန်ုပ်မှာမူ အလယ် တံခါးမကြီး အနီးတွင် ရပ်ကာ မျက်စိကို အနား မပေးဘဲ ဟိုဟိုသည်သည် ကြည့်လျက် ရှိပြီး အရေးကြုံက အဆင်သင့်ဖြစ်ရန် ပြင်ထားလေ၏။ သို့ရာတွင် တကယ် အရေးကြုံလာသည့် အခါတွင် မည်သို့ ပြုလုပ်ရမည်ကို သဲကွဲစွာ စဉ်းစား၍ မရသေးချေ။ ရှားလော့ဟုမ်းသည် ကိရိယာ တစ်ခုကို ချလိုက်၊ နောက် ကိရိယာ တစ်ခုကို ကောက်ကိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရင်း ဓလေ့ကျင့်သား ရနေသည့် မဏ္ဍင်းနစ် တစ်ယောက်၏ ကျွမ်းကျင်မှု မျိုးဖြင့် ပစ္စည်းများကို ကိုင်တွယ်ကာ နာရီဝက်ကြာမျှ မီးခံသေတ္တာကြီးကို အာ စိုက် ဖွင့်လျက် ရှိလေ၏။

နောက်ဆုံး၌ ချောက်ခနဲ အသံကို ကြားလိုက်ရပြီးလျှင် အစိမ်းရော တံခါးကြီးသည် ပွင့်သွားကာ ချိပ်ပိတ်၊ ကြိုးစည်း၊ စာတမ်း ထိုးထားသ စာထုပ် များစွာကို မြင်ရလေ၏။ ရှားလော့ဟုမ်းသည် စာထုပ် တစ်ထုပ်ကို ကောက်ယူ လိုက်သော်လည်း လှုပ်ယမ်းလျက် ရှိသော မီးတောက်မှ အရော တွင် စာအိတ်ပေါ်မှာ ပါသည့် စာကို ဖတ်၍ မရနိုင်သည်နှင့် ကျားမီးခွက်ကို ထုတ်ယူ လိုက်လေ၏။ မီလ်ဗာတန်မှာ တစ်ဖက်ခန်းတွင် ရှိနေသဖြင့် လျှပ်စစ် မီးကို ဖွင့်ရန် မဖြစ်နိုင်ချေ။

ထိုစဉ် ရှားလော့ဟုမ်းသည် ရုတ်တရက် ရပ်ကာ နားကို စွင့်ထားလိုက် ပြီးလျှင် မီးခံသေတ္တာ တံခါးကို ပြန်ပိတ်၍ ကုတ်အင်္ကျီကြီးကို ကောက်က ကိရိယာများကို အိတ်ထဲသို့ ထိုးထည့်လိုက်ပြီးနောက် ပြတင်းပေါက်ခန်းရှိ ကန့် လန့်ကာ နောက်သို့ ဝင်ပုန်းလိုက်ကာ ကျွန်ုပ်ကိုလည်း သူ့နောက်သို့ လိုက်လာ ရန် လက်ပြ၍ ခေါ်လေ၏။

သူနှင့် အတူ ကန့်လန့်ကာ ကြားထဲသို့ ရောက်သည့် အခါမှပင် သူများ တကာထက် အကြား အာရုံ ထက်မြက်သည့် ရှားလော့ဟုမ်း တစ်ယောက် ရုတ် တရက် လန့်ဖျပ်သွားရသည့် အကြောင်းရင်းကို သိရလေ၏။ ယင်းမှာ အခြား မဟုတ်။ အိမ်ထဲ တစ်နေရာမှ ပေါ်ထွက်လာသော အသံ တစ်သံ ဖြစ်လေ၏။ တစ်နေရာမှ ဂျိမ်းခနဲ တံခါး ပိတ်လိုက်သံ ပေါ်ထွက်လာလေ၏။ ထို့နောက် မပီမသ ညည်းတွား ပြောဆိုသံ ပေါ်လာပြီး ခြေသံပြင်းပြင်းနှင့် ခပ်သုတ်သုတ် လျှောက်လာသံကို ကြားရလေ၏။ ထိုခြေသံများမှာ အခန်းပြင်ဘက် ခန်းကူး လမ်းကြားမှ ထွက်ပေါ်လာခြင်း ဖြစ်လေ၏။ ထိုနောက် တံခါးနားတွင် ရပ် သွားပြီး တံခါး ဖွင့်သံ ပေါ်လာ၏။ ဖြောက်ခနဲ လျှပ်စစ်မီး ဖွင့်သံကို ကြား လိုက်ရ၏။ တံခါး ပြန်ပိတ်သွားကာ စူးရှသော ဆေးပြင်းလိပ်နံ့ကြီးသည် ကျွန်ုပ် တို့ နှာခေါင်းတွင်းသို့ ပြေးဝင်လာလေ၏။ ခြေသံသည် ကျွန်ုပ်တို့နှင့် မလှမ်း မကမ်းတွင် သွားချည် လာချည်၊ လာချည် သွားချည် ထွက်ပေါ်လျက် ရှိလေ ၏။ ထိုနောက် ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သံ ပေါ်လာပြီးလျှင် ခြေသံ ပျောက်သွားကာ သော့ဖွင့်သံနှင့် စာရွက်များကို လှန်နေသံများကို ကြားရပြန် လေ၏။ ထိုအချိန် အထိ ကျွန်ုပ်မှာ မကြည့်ရဲသေးချေ။ သို့ရာတွင် ကျွန်ုပ်သည်





နိုင်တော့ဘဲ ခန်းဆီး အလယ်ခွဲကို ဟကာ ခန်းဆီးကြားမှ ချောင်းကြည့် ပ်မိ၏။ ကျွန်ုပ် ပခုံးကို ဖိထားသည်ကို တွေ့ရသဖြင့် ရှားလော့ဟုမ်းသည် ည်၊ ကျွန်ုပ်ကဲ့သို့ပင် ချောင်းကြည့်နေကြောင်း သိလိုက်ရ၏။

ကျွန်ုပ်တို့ ရှေ့တည့်တည့် လက်လှမ်း မီရုံကလေးတွင် မီလ်ဗာတန်၏ ပ်ပြန့်သော နောက်ကျော ခုံးခုံးကြီးကို မြင်ရလေ၏။ ဤသည်ကို ကြည့်၍ လ်ဗာတန် ရှိနေသည့် နေရာကို ကျွန်ုပ်တို့ အတွက် မှားခဲ့ကြောင်း၊ မီလ်ဗာ န်သည် ယခုထက်တိုင် အိပ်ခန်းထဲသို့ မဝင်သေးကြောင်း၊ တစ်ချိန်လုံး အိမ်၏ လိယက်ခန်း သို့မဟုတ် ဆေးလိပ် သောက်ခန်းတွင် ထိုင်နေခဲ့ကြောင်း ကျွန်ုပ် သိရပေ၏။ ဆံပင်ဖြူတို့ ကျိုးတိုးကျဲတဲ ပေါက်နေသည့် သူ့ ခေါင်းပြောင် ၏ နောက်ပိုင်းကို ကျွန်ုပ်တို့ ထင်ထင်ရှားရှား မြင်နေရလေ၏။ မီလ်ဗာတန် ည် သားရေ အနီအုပ် ကုလားထိုင်ကြီးတွင် ထိုင်လျက် ခြေနှစ်ချောင်းကို ရှေ့ ပစ်ကာ ရှည်လျား မည်းနက်သည့် ဆေးပြင်းလိပ် တစ်လိပ်ကို ပါးစပ်တွင် ားလေ၏။

မီလ်ဗာတန်သည် အနက်ရောင် ကတ္တီပါ ကော်လာတပ် အနီရောင် စစ် က်ကက်ကြီး တစ်ထည်ကို ဝတ်ထားကာ လက်ထဲတွင်လည်း ရှည်လျားသည့် ရက်ထပ်ကြီး တစ်ထပ်ကို ကိုင်၍ ပျင်းတိပျင်းတွဲ ဖတ်လျက် ရှိရင်း ဆေးလိပ် ိုးများကို အကွင်းလိုက် ထအောင် မှုတ်ထုတ်လျက် ရှိလေ၏။ စိမ်ပြေနပြေ ပ် မိမ်နှင့် ထိုင်နေသည်ကို ထောက်သော် ဤအခန်းထဲမှ ချက်ချင်း ထွက်သွား ှိပုံ မပေါ်ချေ။

အခြေအနေမှာ မိမိ ထိန်းနိုင်သည့် အခြေအနေတွင် ရှိကြောင်း၊ ဘာမျှ ရိမ်ဖို့ မလိုကြောင်း ပြောသည့် အနေဖြင့် ရှားလော့ဟုမ်းသည် ကျွန်ုပ်၏ က်ကို ဆုပ်၍ ခပ်နာနာကလေး ညှစ်လိုက်၏။

ကျွန်ုပ်၏ နေရာမှ ကြည့်လျှင် ရှားလော့ဟုမ်း ပြန် ပိတ် ခဲ့ သည့် မီးခံ သေတ္တာ တံခါးမှာ သေသေချာချာ မပိတ်ဘဲ ခပ်ဟဟ ဖြစ်နေသည်ကို မြင်ရ ည့် အတွက် မီလ်ဗာတန် အချိန်မရွေး မြင်နိုင်သည်ကို ရှားလော့ဟုမ်း သိမှ ပါ၏လောဟု ကျွန်ုပ် စိတ်တွင် သံသယ ဖြစ်လျက် ရှိပေ၏။ အကယ်၍ မီလ် တန် မြင်သွားပြီ ဆိုလျှင်မူကား ကျွန်ုပ်သည် ကန့်လန့်ကာ ကြားထဲမှ ခုန် က်ကာ မီလ်ဗာတန်ကို ကုတ်အင်္ကျီကြီးဖြင့် အုပ်ပြီး လုံ့ထားမည်ဟု ဆုံးဖြတ် ၊ ဖြစ်၏။ ကျန်သည်တို့ကို ဆက်လက် လုပ်ရန်မှာ ရှားလော့ဟုမ်း၏ တာဝန် ာ ဖြစ်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် မီလ်ဗာတန်မှာ မီးခံသေတ္တာ တံခါးကို သတိ ထားမိပုံ မတူချေ။ မီလ်ဗာတန်သည် လက်ထဲတွင် ကိုင်ထားသည့် စာရွက်များကိုသာ စိုက် ဝင်စားလျက် ရှိပြီး အမှုတွဲထဲ ပါသည့် ရှေ့နေ၏ လျှောက်လဲချက်များကို စိတ်ပါ လက်ပါ တစ်ရွက်ပြီး တစ်ရွက် ဖတ်ရှုလျက် ရှိလေ၏။ ထိုအမှုတွဲကို ဖတ်ပြီ လျှင် ဆေး တစ်ဖွာ နှစ်ဖွာ သောက်ပြီး အိပ်ခန်းထဲသို့ ဝင်သွားလိမ့်မည်ဟု ကျွန်ုပ် ထင်ခဲ့မိ၏။ သို့ရာတွင် အမှုတွဲကို ဖတ်ပြီးသည့် အခါ၌ ကျွန်ုပ်တို့၏ အတွေးများ ကို တခြားသို့ ရောက်သွားစေသည့် အဖြစ်အပျက် တစ်ခု ပေါ်ပေါက် လာခဲ့လေ ၏။

မီလ်ဗာတန်သည် အမှုတွဲကို ဖတ်နေစဉ်က လက်မှ လက်ပတ်နာရီကို မကြာခဏ ကြည့်နေသည်ကို ကျွန်ုပ်တို့ သတိပြုခဲ့မိ၏။ တစ်ခါတွင်မူ မီလ်ဗာ တန်သည် စိတ်တိုဟန်ဖြင့် ထိုင်ရာမှ ရုတ်တရက် ထလိုက်ကာ ပြန်၍ ထိုင် လိုက်သည်ကိုပင် မြင်လိုက်ရသေး၏။ ဤသို့ ညကြီး အချိန်မတော်တွင် တစ် ယောက်ယောက်နှင့် ချိန်းထားမည် ဟူသော အတွေးမျိုးသည် ကျွန်ုပ် ခေါင်း ထဲတွင် တစ်ခါမျှ မပေါ်ခဲ့ဖူးချေ။

နောက်ဆုံး ဝရန်တာဘက်မှ အသံ တစ်သံကို ကြားသည့် အခါတွင်မှ မီလ်ဗာတန်သည် အချိန်းအချက် ပြုထားကြောင်းကို ကျွန်ုပ်တို့ သိရတော့သည်။ မီလ်ဗာတန်သည် လက်ထဲမှ စာရွက်များကို ချလိုက်ပြီး ကုလားထိုင်တွင် ဝင် မတ်မတ် ထိုင်လျက် ရှိလေ၏။ အသံမှာ ထပ်ခါ ထပ်ခါ ပေါ်လျက် ရှိပြီး နောက် ဆုံးတွင် တံခါးကို အသာအယာ ခေါက်သံ ပေါ်လာလေ၏။ မီလ်ဗာတန်က ထိုင် ရာမှ ထကာ တံခါးကို ဖွင့်ပေးလိုက်၏။

'ဘယ်လိုလဲ၊ နာရီဝက် နီးပါး နောက်ကျနေပါလား'

ထိုအခါတွင်မှ တံခါး ဖွင့်ထားခြင်းကို လည်းကောင်း၊ မီလ်ဗာတန် မအိပ်သေးဘဲ ထိုင်စောင့်နေခြင်းကို လည်းကောင်း ကျွန်ုပ်တို့ အကြောင်းစုံ သိရ တော့သည်။ အမျိုးသမီး တစ်ယောက်၏ ဝတ်စုံမှ အသံမျိုး ပေါ်ထွက်လာလေ ၏။ မီလ်ဗာတန်က ကျွန်ုပ်တို့ ရှိရာဘက်သို့ လှည့်ကြည့်လိုက်သဖြင့် ကျွန်ုပ် သည် ဟထားသော ကန့်လန့်ကာကို ပြန်စေ့ထားခဲ့ရာ ယခုအခါတွင် ကျွန်ုပ်မှာ မနေနိုင်တော့ဘဲ ကန့်လန့်ကာကို အသာ ဖြဲ၍ ကြည့်လိုက် မိပြန်လေ၏။

မီလ်ဗာတန်သည် ကုလားထိုင်တွင် ပြန်၍ ထိုင်လျက် ရှိပြီး ဆေးပြင်း လိပ်ကြီးကိုလည်း ပါးစပ်တွင် ခပ်ကြွားကြွား ခဲထားလျက် ရှိလေ၏။ သူ့ရှေ့ မီးရောင်ထဲ၌ကား မျက်နှာတွင် မျက်နှာဖုံး တပ်လျက် လည်တွင် လည်စည်း





တစ်ထည်ကို ရစ်သိုင်းထားသည့် အရပ် မြင့်မြင့်၊ ကိုယ်လုံး ကိုယ်ပေါက် ခပ် သွယ်သွယ်၊ အသားညိုညို မိန်းမပျို တစ်ယောက် ရပ်လျက် ရှိလေ၏။

အမျိုးသမီးသည် အသက်ကို လျှင်မြန်စွာ ရှူလျက် ရှိကာ သေးသွယ်သည့် သူ့ကိုယ်လုံးမှာလည်း တစ်စုံတစ်ခုသော ခံစားချက်ကြောင့် တုန်ယင်လျက် ရှိ လေ၏။

'ဘယ်လိုလဲ သူငယ်မရဲ့၊ မင်း လုပ်တာနှင့် ငါ့မှာ အိပ်ရေး တော်တော် ပျက်သွားပြီ၊ အိပ်ရေး ပျက်ရကျိုးတော့ နပ်အောင် လုပ်ပါ၊ ဒီပြင် အချိန်မှာ လာ လို့ မရတော့ဘူးလား'

မိန်းမပျိုက ခေါင်းကို ယမ်းပြသည်။

'အေးလေ၊ မင်း လာနိုင်ဘူး ဆိုရင် မလာ နိုင်လို့ပဲလို့ ယူဆ ရတော့ မှာပေါ့၊ မြို့စား ကတော် လေးက သိပ်ပြီး ချုပ်ချယ် လွန်းလို့ ခု မင်းက ပြန်ပြီး သူ့ကို ကလဲ့စား ချေချင် တယ်ဆို၊ ဘာဖြစ်လို့ တစ် ကိုယ်လုံး တုန်နေရတာလဲ၊ ဟုတ်ပြီ၊ အဲလို မတ်မတ် ရပ် စမ်း ပါ၊ ကဲ အလုပ် ကိစ္စ အကြောင်းကို ပြော ရအောင်'



'ဒီပြင် အချိန်မှာ လာလို့ မရတော့ဘူးလား'

မီလ်ဗာတန်သည် စားပွဲ အံဆွဲထဲမှ စာတစ် စောင်ကို ယူလိုက်၏။

'မြို့စား ကတော် လေး လီဘတ်ကိုရဲ့ ဂုဏ် သိက္ခာကို ထိခိုက်စေမယ့် စာ ငါးစောင် မင့်ဆီမှာ ရှိ တယ်ဆို၊ ဒီစာ ငါးစောင်ကို မင်း ရောင်းချင်တယ် မဟုတ်လား၊ ငါက [illegible] ဝယ်ချင်ပါတယ်၊ ဒီအထိတော့ ဟုတ်ပြီ၊ ဈေး ပြောဖို့ပဲ ကျန်တော့ [illegible]၊ ငါက



www.burmeseclassic.com

www.burmeseclassic.com



စာတွေကို စစ် မစစ် ကြည့်ချင်သေးတယ်၊ တကယ့် အစစ်တွေ ဆိုရင်တော့ … ဟင် လက်စသတ်တော့ မင်းကတော်လေးပါလား'

မိန်းမပျိုသည် မျက်နှာဖုံးကို ချွတ်လိုက်ပြီးနောက် လည်တွင် ပတ်ထားသည့် ပဝါကို ကြမ်းပေါ်သို့ ပစ်ချလိုက်၏။ မီလ်ဗာတန် မြင်လိုက်ရသော မျက်နှာမှာ အလွန် လှပ ချောမော၍ ကြည်လင်သော ရုပ်လက္ခဏာ ရှိသည့် အသားညိုညို အမျိုးသမီး တစ်ယောက်၏ မျက်နှာ ဖြစ်လေ၏။ လှပ ထင် ရှား သော နှာတံ၊ နက်မှောင် ထူထဲသော မျက်ခုံးများနှင့် မီး ပွင့်လုမတတ် တဖျပ်ဖျပ်တောက်ပလျက် ရှိသော မျက်လုံးများ ရှိပြီး ပါးလွှာ ဖြောင့်တန်းသော နှုတ်ခမ်းအစုံမှ အန္တရာယ် ကြီးသော အပြုံး တစ်ခု ယှက်သန်း လာသည်ကို မြင်လိုက်ရလေ၏။

'ဟုတ်တယ်၊ ကျွန်မပဲ၊ ရှင့်ကြောင့် ဘဝ တစ်ခုလုံး ပျက်စီးခဲ့ရတဲ့ မိန်းမလေ'

မီလ်ဗာတန်က ရယ်လိုက်၏။ သို့ရာတွင် သူ့ ရယ်သံတွင် ကြောက်ရွံ့သည့် သဘောသည် ပုံတင်ထပ်လျက် ရှိပေ၏။

'မင်းကတော်က တယ်ပြီး ခေါင်းမာတာကိုး၊ ကျွန်တော်က ဒီလောက်အထိ မလုပ်ချင်ပါဘူး၊ ကျွန်တော့် သဘောနှင့် ကျွန်တော် ဆိုရင် ယင်ကောင်ကလေး တစ်ကောင်ကိုတောင် အန္တရာယ် မပေးချင်ပါဘူး၊ သို့သော်လည်း လူဆိုတာ အလုပ် တစ်ခုတော့ ရှိရတယ် မဟုတ်လား၊ ဒီအလုပ်ကို မလုပ်ရင် ကျွန်တော် ဘာသွားလုပ်ရမလဲ၊ ဈေးကို မင်းကတော်လေး ပေးနိုင်အောင် ကျွန်တော် လျှော့ပေးထားသားပဲ၊ မင်းကတော်လေးက ပေးမှ မပေးဘဲ'

'ဒီတော့ ဒီစာတွေကို ကျွန်မ ယောကျ်ားဆီကို ပို့လိုက်တယ်ပေါ့ ဟုတ်လား၊ ကျွန်မ ယောကျ်ားဟာ သူတော်ကောင်း၊ စိတ်ထား မြင့်မြတ်တဲ့ ယောကျ်ားမြတ်၊ တကယ်တော့ ကျွန်မဟာ သူ့ ဖိနပ်ကိုတောင် ကြိုးချည်ပေးဖို့ ထိုက်တဲ့ မိန်းမမျိုး မဟုတ်ဘူး၊ ခုတော့ ရှင် လုပ်လိုက်တာနှင့် ကျွန်မ ယောကျ်ားဟာ စိတ်ထိခိုက်ပြီး သေခဲ့ရပြီ၊ ရှင် မှတ်မိသေးသလား၊ မနေ့ညက ဒီတံခါးက ကျွန်မ ဖင်လာပြီး ကျွန်မ ရှင့်ကို တောင်းပန်ခဲ့တယ်၊ အဲဒီတုန်းက ရှင် ဘာလုပ်ခဲ့သလဲ၊ ခု ရယ်သလို တစ်ဖက်သား ဒုက္ခ ရောက်တာကို အားရပါးရ ရယ်ခဲ့တယ်၊ ရှင်ဟာ သူရဲဘော ကြောင်သလောက် ယုတ်မာတယ်၊ ဟုတ်တယ်၊ ကျွန်မကို ဒီနေရာမှာ ပြန်တွေ့ရတော့မယ်လို့ ရှင် မထင်တော့ဘူး မဟုတ်လား၊ ဒါပေမဲ့ ပြီးခဲ့တဲ့ ညက အဖြစ်အပျက်ကြောင့် ကျွန်မ ရှင့်ကို ဘယ်လို ရင်ဆိုင်ရမယ်၊ ရှင့်ကို





ဘယ်လို စကား ပြောရမယ် ဆိုတာ ကျွန်မ ကောင်းကောင်း နားလည်သွားပြီ၊ ဖြီမှာ မစွတာ မီလ်ဗာတန်၊ ရှင် ဘာပြောချင်သေးသလဲ'

မီလ်ဗာတန်သည် ထိုင်ရာမှ ထလိုက်ကာ

'ခင်ဗျား ကျုပ်ကို ခြိမ်းခြောက်လို့ ရမယ် ထင်သလား၊ ကျုပ် အော်လိုက်ရင် အိမ်စေတွေ ရောက်လာပြီး ခင်ဗျား အဖမ်းခံရမယ်၊ ဘာ အောက်မေ့နေသလဲ၊ ဒါပေမဲ့ ခင်ဗျားမှာ နစ်နာထားရတဲ့ အတွက် ခင်ဗျား ပြောချင်သလောက် ပြော၊ ကျုပ် ဒီတစ်ခါတော့ သည်းခံလိုက်မယ်၊ ကဲ အလာတုန်းကလို အေးအေးဆေးဆေး ပြန်ထွက်သွားပါ၊ ကျုပ် ဘာမှ မပြောတော့ဘူး'

မိန်းမပျိုသည် ရင်ပေါ်တွင် လက် ယှက်ထားလေ၏။ ကြောက်စရာ အပြုံးသည် ပြန်၍ ပေါ်လာလေ၏။

'ရှင် ကျွန်မ ဘဝကို ပျက် စီးအောင် လုပ်ခဲ့တယ်၊ ကျွန်မ နှလုံးသားကို ရွဲဆုတ် ခြေမွ ပစ်ခဲ့တယ်၊ ကဲ ဒီ တော့ နောက်ထပ် ဘယ်သူ့ ကိုမှ ရှင် မဖျက်ဆီးရတော့ဘူး၊ ဘယ်သူ့ နှလုံးသားကိုမှ ရှင် အနာတရ ဖြစ်အောင် မလုပ်ရတော့ဘူး၊ ကဲ လူယုတ်မာ၊ နောင် သူများကို နှိပ်စက်ဦး၊ ယုတ်မာဦး၊ ဖျက်ဆီးဦး၊ ကဲ ကဲ'



ပြန်ထလိုက်သည်တွင်
နောက်တစ်ချက်
ပစ်လိုက်သည့်အတွက် …

မိန်းမပျိုသည် ပြောင်လက်နေသည့် ခြောက်လုံးပြူးကလေး တစ်



www.burmeseclassic.com

www.burmeseclassic.com



လက်ကို ဆွဲထုတ်လိုက်ပြီးနောက် နှစ်ပေကွာမှ နေ၍ ကျည်ဆန်များကို တစ်တောင့်ပြီး တစ်တောင့် ပစ်သွင်းလိုက်လေ၏။

မီလ်ဗာတန်သည် နောက်သို့ ယိုင်သွားပြီးမှ တစ်ဖန် စားပွဲပေါ်သို့ မှောက်လျက်ကြီး လဲကျသွားကာ စာရွက်များကို ဆုပ်ထားလေ၏။ ပြန်ထလိုက်သည်တွင် နောက်တစ်ချက် ပစ်လိုက်သည့် အတွက် ကြမ်းပေါ်သို့ လိမ့်ကျသွားလေ၏။ 'ကျုပ်ကို သတ်တယ်' ဟု တစ်ခွန်းမျှ အော်ပြီးလျှင် မီလ်ဗာတန်သည် ငြိမ်သက်သွားလေ၏။ မိန်းမပျိုသည် မီလ်ဗာတန်၏ မျက်နှာကို ငုံ့ကြည့်ပြီးနောက် တံတွေးဖြင့် ထွေးလိုက်လေ၏။ နောက် ပြန်ကြည့်သည့် အခါတွင် မီလ်ဗာတန်မှာ လုံးဝ လှုပ်ရှားခြင်း မရှိတော့ချေ။ တရွမ်းရွမ်းနှင့် ဝတ်ရုံချင်း ပွတ်သံကို ကြားလိုက်ရကာ အခန်းထဲသို့ လေစိမ်း ဝင်လာသည်ကို သိလိုက်ပြီး တစ်ခဏတွင် အခန်းထဲ၌ မိန်းမပျို မရှိတော့ချေ။

ကျွန်ုပ်တို့ ဝင်ရောက် စွက်ဖက်သည့် တိုင်အောင်လည်း မီလ်ဗာတန်၏ အသက်ကို ကယ်နိုင်တော့မည် မဟုတ်ချေ။ မိန်းမပျိုက မီလ်ဗာတန်၏ ခန္ဓာကိုယ်ထဲသို့ ကျည်ဆန်များကို တစ်တောင့်ပြီး တစ်တောင့် ပစ်သွင်းလျက် ရှိစဉ် ကျွန်ုပ်သည် ကန့်လန့်ကာကြားမှ ခုန်ထွက်လိုက်မည် ပြုသေးသော်လည်း ရှားလော့ဟုမ်း၏ အေးစက် သန်မာသော လက်များသည် ကျွန်ုပ် လက်ကို ဆွဲထားကြလေ၏။

ကျွန်ုပ်ကို ဆွဲထားသည့် ခိုင်မြဲ သန်မာသော ရှားလော့ဟုမ်း၏ လက်က ထိုကိစ္စသည် ကျွန်ုပ်တို့ ကိစ္စ မဟုတ်ကြောင်း၊ လူယုတ်မာတို့ မည်သည် ထိုလမ်းအတိုင်း သွားကြရမြဲ ဖြစ်ကြောင်း၊ ကျွန်ုပ်တို့ လုပ်စရာ ကျန်ရှိနေသေးကြောင်း၊ ကျွန်ုပ်တို့ လုပ်ရမည့် အလုပ်ကို မျက်ခြည် မပြတ်သင့်ကြောင်း ပြောဆို သတိပေးနေသကဲ့သို့ ရှိပေ၏။

မိန်းမပျို အခန်းထဲမှ ထွက်သွားသည်နှင့် ရှားလော့ဟုမ်းသည် လျင်မြန်သွက်လက်စွာဖြင့် အခန်းထိပ်သို့ လျှောက်သွားကာ ထိုအခန်း တံခါး သော့ကိုပိတ်လိုက်လေ၏။ ချက်ချင်းလိုပင် လူသံများနှင့် ခြေသံများကို ကြားရလေ၏။ သေနတ်သံကြောင့် တစ်အိမ်လုံး နိုးကုန်ကြလေပြီ။ ရှားလော့ဟုမ်းသည် တည်ငြိမ်စွာဖြင့် မီးခံသေတ္တာဆီသို့ သွားကာ အထဲတွင် ရှိသည့် စာထုပ်များကို လက်ဖြင့် သိမ်းကျုံး ယူလိုက်ပြီးလျှင် မီးဖိုထဲသို့ ထည့်လိုက်လေ၏။ သို့ဖြင့် စာထုပ်များကို တစ်ထုပ်ပြီး တစ်ထုပ် မီးထဲသို့ ထည့်လျက် ရှိလေရာ နောက်ဆုံးတွင် မီးခံသေတ္တာထဲ၌ ဘာမျှ မကျန်တော့ချေ။ အပြင်ဘက်မှ တံခါး ဖွင့်





ရန် မရသဖြင့် တဒုန်းဒုန်း ထုသံများကို ကြားနေရလေပြီ။ ရှားလော့ဟုမ်းသည် လျင်မြန်စွာ လှည့်ကြည့်လိုက်၏။ မီလ်ဗာတန်၏ သေမင်းတမန် ဖြစ်သော စာကို ဖတ်နေသည့် စာရွက်များမှာ စားပွဲပေါ်တွင် သွေးတို့ဖြင့် စွန်းပေလျက် ရှိလေ၏။ ထို့နောက် ရှားလော့ဟုမ်းသည် အပြင်ဘက် ထွက်သည့် တံခါးမှ သော့တံကို ဖြုတ်ကာ ကျွန်ုပ် နောက်မှ ထွက်လိုက်လာခဲ့ပြီးလျှင် တံခါးကို အပြင်ဘက်မှ သော့ခတ်လိုက်လေ၏။

'ဗျို့ ဝပ်ဆင်၊ လာဗျို့ ဒီဘက်ကို၊ ဒီဘက်က အုတ်တံခါးကို ကျော်ပြီး ဆင်းရမှာ'

ထိတ်လန့်တကြား အသံ တစ်ခုသည် လူများအား ဤမျှ လျင်မြန်စွာ လှုပ်လှုပ်ရှားရှား ဖြစ်လာစေလိမ့်မည်ဟု ကျွန်ုပ် တစ်ခါမျှ မထင်ခဲ့ဖူးချေ။ ပြန်ကြည့်လိုက်သော အခါတွင် တစ်အိမ်လုံးမှာ မီးတွေ ထိန်လင်းလျက် ရှိလေပြီ။ အိမ်ရှေ့ခန်း တံခါးကြီးကို ဖွင့်လိုက်ကြသဖြင့် အိမ်ထဲတွင် လူတွေ ယောက်ယက်ခတ်နေသည်ကို မြင်ရလေ၏။ ခြံထဲတွင်လည်း လူတွေ ရှုပ်ယှက်ခတ်လျက် ရှိလေ၏။ ကျွန်ုပ်တို့ ဝရန်တာပေါ်မှ အဆင်းတွင် တစ်စုံတစ်ယောက်က မြင်လိုက်သဖြင့် အော်ဟစ်ပြီး ကျွန်ုပ်တို့ နောက်မှ ပြေးလိုက်လာလေ၏။ ရှားလော့ဟုမ်းမှာ ခြံ အကြောင်းကို ကောင်းကောင်း သိသူ ဖြစ်ဟန် ရှိ၏။ ရှားလော့ဟုမ်းသည် ရှေ့မှ သစ်ပင်လေးများ ပေါက်နေသည့် ခြံထဲသို့ ကွေ့ပတ်ပြေးသွားသည်တွင် ကျွန်ုပ်လည်း သူ့နောက်မှ ထက်ကြပ် ပြေးလိုက်သည့် အတွက် ကျွန်ုပ်တို့ကို လိုက်သူလည်း နောက်မှ လိုက်ပါလာလေ၏။ ရှေ့ဝင်းခြံ တံတိုင်းမှာ ခြောက်ပေခန့် မြင့်သည့် အုတ်တံတိုင်း ဖြစ်ရာ ရှားလော့ဟုမ်းသည် တံတိုင်းပေါ်သို့ ခွေ့ခနဲ နေအောင် ခုန်တက်လိုက်သဖြင့် ကျွန်ုပ်ကလည်း သူ့နည်းတူ ခုန်တက်လိုက်သည်တွင် နောက်မှ လိုက်လာသူသည် ကျွန်ုပ်၏ ခြေထောက်ကို မီသွားကာ လက်တစ်ဖက်ဖြင့် ဆွဲထားလေ၏။

သို့ရာတွင် ကျွန်ုပ်သည် ထိုလူကို ရုန်းကန် ကန်လိုက်ပြီး ဖန်စတွေစိုက်ထားသည့် အုတ်တံတိုင်းပေါ်သို့ တက်လာခဲ့လေ၏။ တစ်ဖက်သို့ အရောက်တွင် ကျွန်ုပ်မှာ ချုံများပေါ်သို့ မှောက်လျက် ကျသွားလေ၏။ သို့ရာတွင် ရှားလော့ဟုမ်းက ကျွန်ုပ်ကို ဆွဲထူပြီးနောက် ကျွန်ုပ်တို့သည် ကျယ်ပြန့်သည့် ဟမ့်စတက် စားကျက်ကြီးကို ဖြတ်၍ ခြေကုန်သုတ် ပြေးလာခဲ့လေ၏။ နှစ်မိုင်ခန့်လောက် အရောက်တွင် ရှားလော့ဟုမ်းသည် ရပ်တန့်လိုက်ပြီးနောက် နောက်မှ အသံများကို နားစွင့်ထောင်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့၏ နောက်တွင် ဘာသံမျှ မကြားရတော့ချေ။ ကျွန်ုပ်တို့သ၊ ထို နောက်မှ လိုက်သူများကို ခါချခဲ့ကာ လုံခြုံ ဘေးကင်းရာသို့ ရောက်ခဲ့ပြ လေပြီ။

အထက်ပါ အဖြစ်အပျက် ပြီးသည့် နောက်တစ်နေ့ မနက်စာ စားပြီး၍ သောက်နေကျ မနက်ပိုင်း ဆေးတစ်ဆုံကို သောက်လျက် ရှိစဉ် စကော့တလ ယာဒ် အဖွဲ့မှ အင်စပက်တော် လက်စထရိတ်သည် မသာယာသော မျက်နှာဖြ ကျွန်ုပ်တို့၏ အခန်းကျဉ်းကလေးသို့ ပေါက်လာလေ၏။

'ဗွတ်မောနင်း မစ္စတာ ဟုမ်း၊ ဗွတ်မောနင်း၊ မစ္စတာ ဟုမ်းတို့ အလုပ် များနေသလား'

'မများပေါင်ဗျာ၊ ပြောစရာ ရှိရင် နားထောင်ဖို့ အသင့်ပါ'

'အရေးတကြီး လုပ်စရာ မရှိဘူး ဆိုရင် မနေ့ညက ဟမ့်စတက်မှာ ဖြစ် တဲ့ ကိစ္စနှင့် ပတ်သက်လို့ ကျွန်တော့်ကို တစ်ဆိတ်လောက် ကူစမ်းပါဦး'

'အလို၊ ဘာဖြစ်ပြန်ပြီလဲ'

'လူသတ်မှု ခင်ဗျ၊ တော်တော်လေးကို ဆန်းတဲ့ လူသတ်မှု၊ စုံထောက် ကြီးကတော့ ဒီလို ကိစ္စမျိုးမှာ စိတ်ဝင်စားတတ်ပါတယ်၊ ဒီတော့ အယ်ပဲလ် ဒိုးကို လိုက်ပြီး ဒီကိစ္စနှင့် ပတ်သက်လို့ အကြံကလေး ဘာလေး ပေးစမ်းပါဦး၊ အမှုက သာမန် ရာဇဝတ်မှု မဟုတ်ဘူး ခင်ဗျ၊ သေသူ မီလ်ဗာတန် ဆိုတဲ့ လူ ကို ကျွန်တော်တို့ စောင့်ကြည့်နေတာ ကြာပြီ၊ ကိုယ့် အချင်းချင်းမို့ ပြောရဦး မယ်၊ လူကတော့ တကယ့် လူရှုပ်၊ လူယုတ်မာပဲ၊ ဒီလူ့ရဲ့ လက်ထဲမှာ ငွေညှစ်လို့ ကောင်းမယ့် စာတွေကို ကိုင်ထားတယ် ခင်ဗျ၊ ခု ဒီစာချွက်တွေကို လူသတ် သမားတွေက မီးရှို့သွားတယ်၊ အဖိုးတန် ပစ္စည်း ဆိုလို့ တစ်ခုမှ ယူမသွားဘူး၊ ကြည့်ရတာကတော့ လူသတ်သမားတွေဟာ ကိုယ့်သိက္ခာ အဖျက်ခံရမှာကို ကြောက်တဲ့ လူကုံထံတွေထဲကနှင့် တူတာပဲ'

'လူသတ်သမားတွေ၊ ဟုတ်လား၊ အများကြီးပေါ့'

'ဟုတ်တယ် ခင်ဗျ၊ နှစ်ယောက်၊ သီသီလေး လွတ်သွားတယ်၊ ခြေရာ တွေကို ကျွန်တော်တို့ လိုက်ကြည့်ပြီးပြီ၊ သူတို့ ပုံပန်းတွေကိုလည်း ကျွန်တော် တို့ စုံစမ်းလို့ ရပြီးပြီ၊ ဒါပေမဲ့ ခက်တာက ဘယ်လို လိုက်ရမှန်း မသိဘဲ ဖြစ် နေတယ်၊ တစ်ယောက်က တော်တော်လေးကို လျင်တဲ့ လူတဲ့ ဆရာရဲ့၊ နောက် တစ်ယောက်ကိုတော့ မာလီက ဖမ်းဆွဲတာ ရုန်းပြီး လွတ်ထွက်သွားတယ်လို့ ဆိုတယ်၊ သူကတော့ ကိုယ်လုံးကိုယ်ပေါက် မပိန် မဝတဲ့၊ ကာယဗလ ကောင်း၊





ကောင်းတဲ့၊ မေးရိုး လေးထောင့်၊ လည်ပင်း တုတ်တုတ်၊ မုတ်ဆိတ်နှင့်တဲ့၊ မျက်နှာ ကို မျက်နှာဖုံး တပ်ထားတယ်တဲ့'


'ခင်ဗျားဟာက တယ်မသေချာပါဘူး၊ ခင်ဗျား ပြောတဲ့ ဒီအတိုင်း ဆိုရင် ဝပ်ဆင်များ ဖြစ်နေမလား'

အင်စပက်တော်က ခပ် ရွှင် ရွှင်ဖြင့်

'ဟုတ်တယ် ခင်ဗျ၊ ပုံပန်းက တော့ ဒေါက်တာ ဝပ်ဆင် အတိုင်းပဲ'

'အင်း၊ ကျုပ်လည်း တတ်နိုင် ယ်တော့ မထင်လှပါဘူးဗျာ၊ ကျုပ် သလောက်တော့ ဒီ မီလ်ဗာတန် တဲ့ လူဟာ လန်ဒန်မှာဖြင့် တော် တ် အန္တရာယ် ကြီးတဲ့ လူပဲဗျ၊ သူ ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေက ဥပ နှင့် ကိုင်လို့ မရတော့ တစ်ယောက် ယောက်က လက်စားချေတာပဲ ဖြစ် မှာပေါ့၊ ရှုပ်ပါတယ်ဗျာ၊ တစ်ခါ ည်း ဆုံးဖြတ်လိုက်ပါတော့မယ်၊ ဒီ ကိစ္စမှာ ကျုပ်ကတော့ သေသူထက် ရားခံတွေကို ပိုပြီး ကရုဏာသက် ါတယ်ဗျ၊ ဒီတော့ ဒီအမှုကို ကျုပ် ကိုင်ပါရစေနှင့်'

ရှား လော့ ဟုမ်း သည် ထို ကြောင်းနှင့် ပတ်သက်၍ တစ်စုံ တစ်ရာ ပြောဆိုခြင်း မပြုတော့ဘဲ တစ် ကလုံး ငူငူကြီး ထိုင်ကာ တစ်စုံ တစ်ရာကို တွေးလျက် ရှိလေရာ ငေးမိ ငေးရာကို ငေးနေသော သူ့ မျက်လုံး များနှင့် မေ့တိမေ့လျော့ ဖြစ်နေသည့် သူ့ အမူအရာတို့ကြောင့် ရှားလော့



ကျွန်ုပ်လည်း
သူ ကြည့်နေသည့် ပုံကို
ကြည့်လိုက်ရာ ...



www.burmeseclassic.com

www.burmeseclassic.com



ဟုမ်းသည် တစ်စုံတစ်ရာကို ပြန် စဉ်းစားနေကြောင်း သိသာနိုင်ပေ၏။ နေ့လယ်စာ စားနေစဉ် ရှားလော့ဟုမ်းသည် စားနေရာမှ ရုတ်တရက် ထလိုက်ကာ

'ဟုတ်ပြီဗျို့ ဝပ်ဆင်၊ ကျုပ် မှတ်မိပြီဗျ၊ ဦးထုပ် ဆောင်းပြီး လိုက်ခဲ့စမ်းဗျာ'

ရှားလော့ဟုမ်းသည် ဘေကာလမ်း အတိုင်း ခပ်သုတ်သုတ် လျှောက်သွားပြီး အောက်စဖို့ လမ်းထဲသို့ ချိုးကာ ရီဂျင့် အဝိုင်းကြီးနားသို့ ရောက်လာခဲ့လေ၏။ လက်ဝဲဘက်တွင်မူ အလှမယ်များ၊ နာမည်ကျော် ဓာတ်မင်းသမီးများ၏ ဓာတ်ပုံများကို ရောင်းသည့် ဆိုင်တစ်ဆိုင် ရှိလေ၏။ ရှားလော့ဟုမ်းသည် ထိုအထဲမှ ဓာတ်ပုံ တစ်ပုံကို ရှုးစိုက် ကြည့်နေသည့် အတွက် ကျွန်ုပ်လည်း သူ ကြည့်နေသည့် ပုံကို ကြည့်လိုက်ရာ ရှေးနန်းတွင်း အဝတ်အစားကို ဝတ်ထားပြီး လှပသည့် ခေါင်းပေါ်တွင် စိန် မကိုဋ် တစ်ခုကို ဆောင်းထားသည့် ကြော့ရှင်းသော အမျိုးသမီး တစ်ယောက်၏ ပုံကို တွေ့ရလေ၏။ ထင်ရှားသော နှာတံ၊ ထူထဲသော မျက်ခုံး၊ ဖြောင့်တန်းနေသော နှုတ်ခမ်းနှင့် လှပသည့် မေးသွယ်သွယ်ကလေးကို ကျွန်ုပ် ကြည့်လိုက်မိ၏။ အောက်မှ စာတန်းကို ဖတ်လိုက်သည့် အခါတွင် ထို အမျိုးသမီးမှာ ထင်ရှားသော မှူးမတ်ကြီးနှင့် တိုင်းပြည် ခေါင်းဆောင်ကြီး တစ်ဦး၏ ဇနီး ဖြစ်နေသည်ကို တွေ့ရသဖြင့် ကျွန်ုပ်မှာ အသက်ရှူပင် မှားမတတ် ဖြစ်သွားမိလေ၏။

ကျွန်ုပ်၏ မျက်လုံးများသည် ရှားလော့ဟုမ်း၏ မျက်လုံးများနှင့် သွား၍ ဆုံမိကြလေရာ ထိုခဏ၌ ရှားလော့ဟုမ်းသည် ဓာတ်ပုံမှ မျက်နှာ လွှဲလိုက်ရင်း သူ့ နှုတ်ခမ်းနားတွင် ကပ်ကာ လက်ညှိုးကို ထောင်ပြလိုက်လေသတည်း။

[မူရင်း ဝတ္ထု *The Adventure of Charles Augustus Milverton.* ရှေ့ဒေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် 'ညဏ်သမား မောင်မောင်ဦး' ဟူသော အမည်ဖြင့် မြန်မာမှု ပြုပြီး။]



# နပိုလီယန် ခြောက်ဦး



စကော့တလန်ယာဒ် စုံထောက် အဖွဲ့ဝင် အင်စပက်တော် လက်စထရိတ်သည် ညနေခင်း ဆိုလျှင် ကျွန်ုပ်တို့ဆီသို့ မကြာခဏ အလည် ရောက်လာလေ့ ရှိ၏။ သူ ရောက်လာလျှင် စုံထောက် ရုံးချုပ်သို့ ရောက်နေသော မှုခင်း သတင်းများကို ကြားရသည့် အတွက် ရှားလော့ဟုမ်းကလည်း ဝမ်းမြောက်ဝမ်းသာ ကြိုဆို ဧည့်ခံမြဲ ဖြစ်ပေ၏။

လက်စထရိတ်က သတင်းများကို ဖောက်သည်ချသည့် အခါမျိုးတွင် ရှားလော့ဟုမ်းသည် လက်စထရိတ် လိုက်နေသော အမှု အသေးစိတ်များကို ဂိတ်ပါလက်ပါ နားထောင်လေ့ ရှိပြီး တစ်ခါတစ်ရံတွင်လည်း ကိုယ်တိုင်ကိုယ်ကြပ် လိုက်ပါ ဆောင်ရွက်ပေးလေ့ မရှိသည့်တိုင် သူ့ အတွေ့အကြုံနှင့် ဗဟုသုတတို့မှ ရရှိခဲ့သော အချက်များကို အခြေခံကာ လိုအပ်သည့် အကြံဉာဏ်များကို ပေးလေ့ ရှိတတ်ပေ၏။

ထိုနေ့ ညနေ၌ လက်စထရိတ်သည် ရာသီဥတုနှင့် သတင်းစာများ အကြောင်းကို ပြောဆိုလျက် ရှိလေ၏။ ထို့နောက် လက်စထရိတ်သည် ငြိမ်သက်သွားကာ ဆေးပြင်းလိပ်ကို ဖွာရင်း တစ်စုံတစ်ရာကို စဉ်းစားလျက် ရှိလေ၏။ ရှားလော့ဟုမ်းက လက်စထရိတ်ကို စိုက်ကြည့်လိုက်ပြီးနောက်

'ထူးထူးခြားခြား အမှုများ ရှိလို့လားဗျ'

'မရှိပါဘူး မစ္စတာ ဟုမ်း၊ ဘာမှ မထူးခြားပါဘူး'

'ကဲ မထူးခြားရင် ပြောဗျာ'



www.burmeseclassic.com

www.burmeseclassic.com



လက်စထရိတ်က ရယ်လိုက်လျက်

'မစ္စတာ ဟုမ်းကလည်း တယ်ခက်ပါလား၊ ညာလို့ မရဘဲကိုး၊ ကဲဗျာ မထူးတော့ပါဘူး၊ ဖွင့်ပြောလိုက်ပါ့မယ်၊ ကျွန်တော့် အမှု တစ်ခု အကြောင်းကို တွေးနေတာ ခင်ဗျ၊ အမှုက တော်တော်လေး ရယ်စရာ ကောင်းတော့ စုံထောက်ကြီးကို ပြောသင့် မပြောသင့် ချိန်နေတာ၊ အမှု အသေးအဖွဲ့ကလေးပေမဲ့ တော်တော်လေး ဆန်းတယ် ခင်ဗျ၊ စုံထောက်ကြီးကလည်း ဒီလို ခပ်ဆန်းဆန်းကလေးတွေကို ကြိုက်တော့ အတော်တော့ အတော်ပါပဲ၊ ဒါပေမဲ့ အမှုက ကျွန်တော်တို့နှင့် ဆိုင်တာထက် ဟောဒီက ဒေါက်တာ ဝပ်ဆင်နှင့် ပိုပြီး ဆိုင်လိမ့်မယ်လို့ ထင်တယ် ခင်ဗျာ'

'ရောဂါနှင့် ပတ်သက်သလား' ဟု ကျွန်ုပ်က မေးလိုက်၏။

'စိတ္တဇ ခင်ဗျ၊ စိတ္တဇမှ တော်တော် ဆန်းတဲ့ စိတ္တဇ၊ ဒီနေ့လို ခေတ်မျိုးမှာ နပိုလီယန်ကို မုန်းနေတဲ့ လူမျိုးများ ရှိနိုင်သေးသလား စုံထောက်ကြီးရယ်၊ ခုတော့ နပိုလီယန်ရဲ့ ရုပ်ပုံ ပါတဲ့ ပစ္စည်းကို လိုက်ပြီး ထုခွဲ ဖျက်ဆီးနေတယ်၊ ကျွန်တော်ဖြင့် အံ့ရော'

ရှားလော့ဟုမ်းသည် ကုလားထိုင် နောက်မှီကို မှီ၍ ထိုင်လိုက်၏။

'အင်း ဒီလိုဆိုရင်ဖြင့် ကျုပ်နှင့် မဆိုင်တော့ဘူးဗျ'

'ဟုတ်တယ်လေ၊ ဒါကြောင့် ကျွန်တော် ပြောတာပေါ့၊ ဒါပေမဲ့ ဒီလူက သူ ပိုင်တဲ့ ပစ္စည်းကို ခွဲပစ်ရုံတင် ဆိုရင် ကိစ္စ မရှိဘူးဗျ၊ သူများ အိမ်ကို ဖောက်ထွင်း၊ နပိုလီယန် ရုပ်ပုံ ပါတဲ့ ပစ္စည်းတွေကို ခိုးပြီး လိုက်ခွဲနေတော့ ဒီကိစ္စက ဆရာဝန် ကိစ္စ မဟုတ်ဘဲ ပုလိပ် ကိစ္စ ဖြစ်လာတယ်'

ရှားလော့ဟုမ်းသည် ခါးကို မတ်လိုက်၏။

'ဘာ ဖောက်ထွင်းမှု ဟုတ်စ၊ စိတ်ဝင်စားလာပြီဗျို့၊ ကဲ အသေးစိတ်ကလေးတွေ ပြောစမ်းပါဦး'


လက်စထရိတ်သည် ပုလိပ် ဒိုင်ယာရီ စာအုပ်ကို အိတ်ထဲမှ ထုတ်လိုက်ကာ မှတ်တမ်းများကို ပြန်ကြည့်နေလေ၏။

'ပထမဆုံး ဖောက်ထွင်းမှုက လွန်ခဲ့တဲ့ လေးရက်လောက်က ဖြစ်တာ ခင်ဗျ၊ ဖြစ်တဲ့ နေရာက ကင်နင်တန် ပန်းခြံ ရပ်ကွက်က ပန်းချီကားတွေနှင့် ရုပ်တုတွေကို ရောင်းတဲ့ မော့စ် ဟတ်ဆင်ရဲ့ ဆိုင်မှာ၊ ဆိုင်ထိုင်တဲ့ လူငယ်လေးက နောက်ဖေး နောက်ဖီ ဝင်နေတုန်း ဆိုင်ရှေ့ခန်းက တစ်ခုခု ကွဲကျသွားသံကြားလို့ ဆိုင်ရှေ့ကို ပြေး ထွက်လာတော့ ကောင်တာပေါ်မှာ တခြား ရုပ်တု





...တွနှင့် ရောတင်ထားတဲ့ ပလတ်စတာနှင့် ...ုထားတဲ့ နပိုလီယန်ရဲ့ ရုပ်တုကြီး ...ဟာ ကြမ်းပြင်ပေါ် ကျပြီး အ...တ်စိတ် အမြွာမြွာ ဖြစ်နေ...တယ် ခင်ဗျ၊ ဒါနှင့် ဆိုင်...ပိုင် သူငယ် ကလေး ...လမ်း ဘက် ကို ပြေး...ထွက်ကြည့်တော့ လမ်း...သွား လမ်းလာတွေက ...ိုင် ထဲ က လူ တစ်...ယောက် ထွက်လာတာ ...ကို မြင် လိုက် တယ် ...လို့တော့ ပြောကြတယ်၊ ...ါပေမဲ့ အဲဒီ လူကိုတော့ ...ှာလို့ မတွေ့တော့ဘူး ...င်ဗျ၊ ရှာ ရ အောင် ...လည်း အဲဒီ လူဟာ ...ဘယ်လို လူလဲ ဆိုတာ ...ဘာ မှန်း မှ မသိလိုက် ...ဘာ ဘယ့်နှယ်လုပ် ရှာလို့ ...ရမလဲ၊ လက် ကမြင်းသွားတာပဲလို့ အောက်မေ့လိုက်တာပေါ့၊ လမ်းထောင့်မှာ ...တဲ့ ပုလိပ်ကိုတော့ တိုင်လိုက်တယ်၊ ပလတ်စတာ ရုပ်တုကလည်း သိပ် တန်ဖိုး...ကြီးတော့ ပုလိပ်ကလည်း ခပ်ပေါ့ပေါ့ပဲ သဘော ထားလိုက်တယ် ခင်ဗျ။



လက်စထရိတ်သည် ပုလိပ် ဒိုင်ယာရီ စာအုပ်ကို အိတ်ထဲမှထုတ်လိုက်ကာ . . .

'ဒါပေမဲ့ ဒုတိယ ကိစ္စကျတော့ ပိုပြီး လေးနက်လာပြီး နည်းနည်းလည်း ...န်းလာတယ် ခင်ဗျ၊ အဲဒါက မနေ့ညက ဖြစ်တာ။

'မော့စ် ဟတ်ဆင်ရဲ့ ဆိုင်နှင့် ခပ်လှမ်းလှမ်း ကင်နင်တန် လမ်းပေါ်မှာ ...ါက်တာ ဘာနီကော့ ဆိုတဲ့ နာမည်ကြီး ဆရာဝန် တစ်ယောက် ရှိတယ် ...င်ဗျ၊ အဲဒီ ရပ်ကွက်နား တစ်ဝိုက်မှာဖြင့် ဆေး အကုရဆုံး ဆရာဝန် တ...ယောက်ပေါ့ ခင်ဗျာ၊ သူ့ အိမ်နှင့် ဆေးခန်းက ကင်နင်တန် လမ်း...ပဲ ...င်ဗျ၊ ဒါပေမဲ့ အဲဒီကနေ နှစ်မိုင်လောက် ဝေးတဲ့ ဗရစ္စတန် ရပ်ကွ...လည်း

www.burmeseclassic.com

www.burmeseclassic.com



သူက ဆေးခန်းခွဲကလေး တစ်ခု ဖွင့်ထားတယ်၊ ဒေါက်တာ ဘာနီကော့က နပိုလီယန်ကို တော်တော် ကြည်ညိုတဲ့လူ ခင်ဗျ၊ သူ့အိမ်မှာ ဆိုရင် နပိုလီယံ အကြောင်း ရေးထားတဲ့ စာအုပ်တွေ၊ နပိုလီယန်ရဲ့ ပုံတူ ပန်းချီကားတွေ၊ နပိုလီ ယန်နှင့် ဆိုင်တဲ့ တခြား ပစ္စည်းတွေ စုထားလိုက်တာ မနည်းပါဘူး ခင်ဗျား၊ ... မကြာခင်တုန်းကတော့ မော့စ် ဟတ်ဆင်ရဲ့ ဆိုင်က ပြင်သစ် ပန်းပုဆရာ ဒေဗိုင် ထုထားတဲ့ နပိုလီယန် ရုပ်တု အတိုင်း သွန်းထားတဲ့ ပလတ်စတာ နှစ်ခု ဝယ် သွားတယ် ခင်ဗျ၊ တစ်ခုကိုတော့ ကင်နင်တန် လမ်းက သူ့အိမ် ဧည့်ခန်းထဲမှာ ထားပြီး ကျန်တစ်ခုကိုတော့ ဗရစ္စတန် ရပ်ကွက်က ဆေးခန်း နံရံစင်ပေါ်မှာ တင်ထားတယ် ခင်ဗျ၊ ဒီနေ့ မနက် ဒေါက်တာ ဘာနီကော့ အိပ်ရာက နိုးလို့ အောက်ထပ်ကို ဆင်းလာတော့ မနေ့ညတုန်းက သူ့အိမ်ကို သူခိုး ဖောက်ထား တာ တွေ့ရပြီး ဧည့်ခန်းထဲက ပလတ်စတာ ရုပ်တု ပျောက်နေတာကို တွေ့ရတယ် ခင်ဗျ၊ တခြား ဘာပစ္စည်းမှ မပျောက်ဘူးတဲ့၊ နပိုလီယန် ရုပ်တုကို ယူသွားပြီ ခြံ တံတိုင်းမှာ ရိုက်ခွဲထားတာ တွေ့ရတယ် ခင်ဗျ၊ တံတိုင်းနားမှာ အကွဲတွေ တွေ့ရတယ်'

ရှားလော့ဟုမ်းက လက်ချင်း ပွတ်တိုက်လျက်

'ဆန်းတော့ ဆန်းပြီဗျို့'

'စုံထောက်ကြီး သဘောကျမှာပါ၊ ကျွန်တော့် ဇာတ်လမ်းက မဆုံးသေး ဘူး ခင်ဗျ၊ ဒေါက်တာ ဘာနီကော့က မနက်ခင်း သူ့ အိမ်က ဆေးခန်းမှာ ထိုင် ပြီးလို့ နေ့လယ် ဆယ့်နှစ်နာရီကျတော့ ဗရစ္စတန်က သူ့ ဆေးတိုက်ခွဲကို သွား တယ် ခင်ဗျ၊ အဲဒီ ရောက်တော့ ဘာတွေ့ရတယ် ထင်သလဲ၊ မနေ့ညတုန်းက ပြတင်းပေါက်ကို ဖွင့် အထဲ ဝင်ပြီးတော့ အဲဒီမှာ ရှိတဲ့ နပိုလီယန် ရုပ်တုကို လည်း ရိုက်ခွဲသွားတာကို တွေ့ရပြန်တယ် ခင်ဗျ၊ ရိုက်ခွဲထားလိုက်တာမှ အမှုန့် ဖြစ်ပြီး ကြေမွနေတာပဲတဲ့၊ ဒီပြစ်မှုကို ကျူးလွန်တဲ့ တရားခံ သို့မဟုတ် အမှု နှင့် ပတ်သက်လို့ ကျွန်တော်တို့ ခုထိ သဲလွန်စ ကောက်လို့ မရသေးဘဲ ဖြစ်နေ တယ် ခင်ဗျ၊ အဲဒါတွေကတော့ အချက်အလက်တွေပါပဲ မစ္စတာ ဟုမ်း'

'ဆန်းတော့ ဆန်းတယ်ဗျို့၊ သို့သော်လည်း သူ့ဟာက ယဉ်ယဉ်ကလေး လုပ်သွားတာဗျ၊ ဒေါက်တာ ဘာနီကော့ရဲ့ ဆေးခန်း နှစ်ခုက ရုပ်တုတွေနှင့် မော့စ် ဟတ်ဆင်ရဲ့ ဆိုင်မှာ ခွဲသွားတဲ့ ရုပ်တုက ပုံစံ အတူတူပဲလား'

'ပုံစံ တစ်ခုတည်းက လောင်းထားတာ ခင်ဗျ'

'ဒါဖြင့်ရင် ဒီရုပ်တုတွေကိုမှ ရွေးပြီး ရိုက်ခွဲသွားတဲ့ လူဟာ နပိုလီယန်





ကို မုန်းတာကြောင့်ချည်း မဟုတ်ဘူးလို့ ယူဆ ရလိမ့်မယ်ဗျ၊ ဘယ့် နှယ် ဗျာ လန်ဒန်မြို့ တစ်မြို့လုံးမှာ နပိုလီယန် ရုပ်တုတွေ ရာထောင်ချီပြီး ရှိနေတာကပဲ၊ အဲဒီအထဲကမှ ဒီပုံစံတူ သုံးခုကို ရွေးခွဲသွားတယ် ဆိုတာကတော့ နပိုလီယန်ကို မုန်းလို့ လုပ်တာ မဖြစ်နိုင်ပေဘူးဗျ'

'ကျွန်တော်လည်း ဒီအတိုင်းတော့ စဉ်းစားကြည့်ပါသေးတယ်၊ ဒါပေမဲ့ မော့စ် ဟတ်ဆင် ဆိုတာ ရုပ်တုတွေကို ရောင်းတဲ့ ဆိုင်ကြီး ခင်ဗျ၊ ဒီအလုပ် လုပ် လာတာကို တော်တော် ကြာလှပြီ၊ ခု ရုပ်တု သုံးခုကတော့ သူ့ဆိုင်မှာ တော် တော် ကြာကတည်းက ရှိသတဲ့၊ ဒါကြောင့် စုံထောက်ကြီး ပြောသလို လန်ဒန် မြို့မှာ နပိုလီယန် ရုပ်တုတွေ အများကြီး ရှိတာတော့ မှန်ပါရဲ့၊ ဒါပေမဲ့ အဲဒီနား တစ်ဝိုက်မှာတော့ ဒီသုံးခုပဲ ရှိတယ် ခင်ဗျ၊ ဒါကြောင့် အဲဒီ အရပ်က အရူးဟာ သူ့နေရာ တစ်ဝိုက်က တွေ့တဲ့ ရုပ်တုတွေကို စခွဲပစ်တယ် ထင်တာပဲ၊ ဒေါက် တာကော ဘယ်လို ထင်သလဲ'

'အင်း၊ ရူးပုံကတော့ အမျိုးမျိုး ရှိတာပဗျာ၊ ခေတ်ပေါ် ပြင်သစ် စိတ်ကု ဆရာဝန်တွေ တွေ့ထားတဲ့ ရူးပုံ တစ်မျိုး ရှိသေးတယ်ဗျ၊ *idee fixe* တဲ့၊ ရူးပုံ ကတော့ ယဉ်ယဉ်ကလေးပါပဲ၊ စွဲမိစွဲရာကိုသာ အာရုံထားပြီး ကျန်တဲ့ အချိန် တွေမှာတော့ လူကောင်း ပကတိပဲတဲ့ ခင်ဗျ၊ ကျွန်တော့် အထင် ပြောရမယ် ဆိုရင်တော့ နပိုလီယန် အကြောင်းတွေကို သိပ်ဖတ် သို့မဟုတ် နပိုလီယန် စစ်ပွဲတွေတုန်းက ဘိုးစဉ် ဘောင်ဆက်တွေ ထိခိုက် နစ်နာ ဆုံးရှုံးခဲ့ရတဲ့ လူ တစ်ယောက်ဟာ ခုတွင်က ပြောတဲ့ *idee fixe* စွဲသွားပြီး အဲဒီ အစွဲကြောင့် စိတ် ဖောက်ပြန်သွားတယ် ထင်တာပဲဗျ'

ရှားလော့ဟုမ်းက ခေါင်းကို ယမ်းလိုက်ရင်း

'မဖြစ်နိုင်ဘူး အိုင်ဆေး၊ ခင်ဗျား ပြောတဲ့ အရူးမျိုးဟာ ဘယ်လောက်ပဲ *Idee fixe* အစွဲဝင်ဝင် ဒီရုပ်တုတွေ ရှိတဲ့ နေရာကို ဘယ်မှာ လိုက်ရှာ နေနိုင်ပါ့ မလဲ'

'ဒါဖြင့် ခင်ဗျား အထင်ကကော'

'ခုထိတော့ ကျုပ် မထင်တတ်သေးဘူးလေ၊ အဲဒီ လူရဲ့ ခပ်ဆန်းဆန်း အပြုအမူတွေထဲမှာ စနစ်တကျ လုပ်တဲ့ သဘောတော့ ရှိလိမ့်မယ်လို့ပဲ ယူဆ ရတယ်၊ ဥပမာအားဖြင့် ဒေါက်တာ ဘာနီကော့ရဲ့ အိမ်နှင့် တွဲထားတဲ့ ဆေးခန်း ထဲက အရုပ်ကို ယူတုန်းကတော့ တစ်အိမ်သားလုံး ကြားမှာ စိုးလို့ အပြင်ကို ယူသွားပြီး အရုပ်ကို တံတိုင်းနှင့် ရိုက်ခွဲသွားတယ်၊ လူသူ မရှိတဲ့ ဗရစ္စတန်က



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းက အရုပ်ကို ခွဲတော့ အဲဒီ နေရာမှာပဲ ကြိတ်ချေသွားတယ်၊ ကြည့်လိုက်ရင်တော့ ဒီအချက်ဟာ အသေးအဖွဲကလေးပဲ၊ သို့သော်လည်း ကျုပ် လိုက်ခဲ့တဲ့ အမှုကြီးတွေကို ပြန်စဉ်းစားလိုက်တဲ့ အခါကျတော့ အဲဒီ အမှုကြီးတွေဟာ မထင်ရှားတဲ့ အစကလေးတွေက စတင် ဖြစ်ပွားလာတာချည်းပဲဗျ၊ ဒါကြောင့် တော်တော်တန်တန်ကို ကျုပ်တော့ အသေးအဖွဲလို့ မယူဆချင်ဘူး၊ အိုင်ဆေးဝပ်ဆင်၊ ခင်ဗျား မှတ်မိသေးလား၊ အဗာနက်တီတို့ အမှုတုန်းက နေပူပူ၊ ထောပတ်ထဲမှာ စပါးလင် ရွက်ကလေး ဘယ်လောက် အထိ နစ်နေသလဲ ဆိုတာကို ကြည့်ပြီး ကျုပ်တို့ သဲလွန်စ ရခဲ့တယ် မဟုတ်လား၊ ဒါကြောင့် နပိုလီယန် ရုပ်တု သုံးခုကို ရိုက်ခွဲတဲ့ ကိစ္စကို ကျုပ်တော့ အသေးအဖွဲကလေးလို့ မအောက်မေ့ချင်ဘူး၊ အေးလေဗျာ၊ ဒီအမှုနှင့် ပတ်သက်ပြီး နောက်ထပ် အကြောင်း ထူးရင်သာ ကျုပ်ကို အကြောင်းကြားစမ်းပါ'

မိတ်ဆွေကြီး ရှားလော့ဟုမ်း ပြောသည့် အကြောင်းထူး ကိစ္စမှာ သူ မျှော်လင့်သည့် အချိန်ထက် စောကာ သူ မျှော်လင့် ထားသည်ထက် ကြေကွဲဖွယ်ကောင်းလှသည့် အသွင်ဖြင့် ပေါ်ပေါက်လာခဲ့လေ၏။ နောက်တစ်နေ့ မနက်၌ ကျွန်ုပ်သည် အိပ်ခန်းထဲတွင် အဝတ်အစားများကို လဲလှယ်နေစဉ် တံခါး ခေါက်သံကို ကြားလိုက်ရပြီးနောက် ရှားလော့ဟုမ်းသည် ကြေးနန်း စာရွက်ကို လက်တွင် ကိုင်၍ အခန်းထဲသို့ ဝင်လာကာ ကြေးနန်းကို ဖတ်ပြလေ၏။

'အမြန် လာ၊ ၁၃၁ ပစ်လမ်း၊ ကင်ဆီတန် ရပ်ကွက်၊ လက်စထရိတ်' ဟု ကြေးနန်းတွင် ပါရှိလေ၏။

'ဘာများ ဖြစ်သလဲ မသိဘူး' ဟု ကျွန်ုပ်က မေးလိုက်၏။

'မပြောတတ်သေးဘူးဗျ၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ ကျုပ် အထင်တော့ ရုပ်တုတွေကို လိုက်ခွဲပစ်နေတဲ့ ကိစ္စ နောက်ဆက်တွဲ ထင်တာပဲ၊ ခုပုံ ကြည့်ရတာကတော့ ရုပ်တုတွေကို လိုက်ပြီး ရိုက်ချိုးနေတဲ့ ကျုပ်တို့လူဟာ လန်ဒန်ကဒီပြင် ရပ်ကွက်တွေကို အော်ပရေးရှင်း ဆင်းနေပြီ ထင်တယ်၊ စားပွဲပေါ်မှာ ကော်ဖီ ဖျော်ပြီးသား ရှိတယ်ဗျို့၊ ရထားလည်း ခေါ်ထားပြီ'

နာရီဝက် အတွင်း၌ ကျွန်ုပ်တို့သည် လန်ဒန်မြို့ လူ အစည်ကားဆုံး လမ်းမကြီး တစ်ခု၏ နောက်ရှိ တိတ်ဆိတ် အေးချမ်းသည့် လမ်းကလေး တစ်ခု ဖြစ်သော ပစ်လမ်းသို့ ရောက်သွားကြလေ၏။ ကျွန်ုပ်တို့ သွားရောက်သည့် အိမ်နံပါတ် ၁၃၁ မှာ တစ်ထပ်တိုက် ပြားပြားပုပုကလေးများ အနက် တစ်လုံး ဖြစ်ပြီး အရုပ် ဆိုးလှပေ၏။ ကျွန်ုပ်တို့ ရောက်သွားသည့် အချိန်တွင် အိမ်ရှေ့ တံခါးဝ၌





ပွဲများ ဝိုင်းအုံ နေကြသည်ကို တွေ့ရလေ၏။ ရှားလော့ဟုမ်းက လေတစ်ချက် …လိုက်လျက်

'အလို လူသတ်မှုနှင့် တူတာပဲဗျို့၊ ဟိုမှာ စာပို့သမားကလေး ရပ်ကြည့်…တာ ကြည့်ပါလား၊ လန်ဒန်က စာပို့သမားဟာ တော်တော်တန်တန် ကိစ္စကို …လို ရပ်ကြည့်လေ့ မရှိဘူးဗျ၊ အံမယ် ကြည့်တာမှ တိုးဝှေ့ပြီး ကြည့်နေတာဗျ၊ …ညီပင်းကို စင်းနေတာပဲ၊ ဟောဒါက ဘာလဲဗျို့၊ ထိပ်ဆုံး လှေကားထစ်မှာ …ရဆေးထားပြီး အောက်က လှေကားထစ်တွေကတော့ ခြောက်သွေ့လို့ပါလား၊ …င်း ခြေရာတွေကလည်း မှ…တာပဲ၊ ဟော ဟော …အိမ်ရှေ့ ပြတင်းပေါက်…မှာ လက်စထရိတ်…ရယ်ဗျို့၊ ခဏ နေရင်…တော့ အကြောင်းစုံ သိရတော့မှာပါ'



အလွန်အမင်း တုန်လှုပ် ချောက်ချားနေသည့် အသက်ကြီးကြီး လူတစ်ယောက်သည် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်လျက် ရှိလေ၏။

လက်စထရိတ်သည် မျက်နှာ…သာမယာဖြင့် ကျွန်ုပ်တို့ကို ဆီးကြိုကာ ဧည့်ခန်းထဲသို့ ခေါ်သွား လေ၏။ ဧည့်ခန်းထဲ၌ ညဝတ်အင်္ကျီကြီး ဖရိုဖရဲဖြင့် အလွန်အမင်း တုန်လှုပ် ချောက်ချားနေသည့် အသက်ကြီးကြီး လူတစ်ယောက်သည် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်လျက် ရှိလေ၏။ ထိုလူမှာ အိမ်ပိုင်ရှင် မစ္စတာ ဟိုးရေ့ ဟားကား ဆိုသူ ဖြစ်ပြီး ဗဟို သတင်း ဆင်ဒီကိတ်တွင် အလုပ် လုပ်သည်ဟု သိရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"နပိုလီယန်ရဲ့ ရုပ်တု ကိစ္စတော့ ပေါ်ပြီ စုံထောက်ကြီးရေ၊ မနေ့ညက ကျွန်တော် ပြောတုန်းက စုံထောက်ကြီး စိတ်ဝင်စားတာနှင့် ခုလည်း စိတ်ဝင်စားမှာပဲ ဆိုပြီး လှမ်းခေါ်တာ၊ ပြဿနာက သိပ်တော့ မသေးဘူးဗျို့၊ ကြီးသည်ထက် ကြီးလာပြီ" ဟု လက်စထရိတ်က ပြောလေ၏။

"ဘယ်လို ကြီးလာတာလဲဗျ"

"လူသတ်မှု ဖြစ်သည် အထိ ကြီးလာတယ် ခင်ဗျ၊ ကဲ မစ္စတာ ဟားကား၊ ဖြစ်ပျက်သမျှ အားလုံးကို ဟောဒီက မိတ်ဆွေကြီးတွေကို ပြောပြစမ်းပါဦး"

ညဝတ် အင်္ကျီကို ဝတ်ထားသည့် မစ္စတာ ဟားကားသည် ကျွန်ုပ်တို့ကို စိတ်ရှုပ်သော မျက်နှာဖြင့် ကြည့်နေလေ၏။

"ဖြစ်တာက တော် တော် လေး ထူးဆန်းတယ် ခင်ဗျ၊ ကျွန်တော်ဟာ တစ်သက်လုံး သူများ သတင်းကို လိုက်ခဲ့တာချည်းပဲ ခင်ဗျ၊ ခုတော့ သတင်းက ကျွန်တော့်ဆီ ရောက်လာတော့ ဘယ်လို ပြောရမှန်းတောင် မသိတော့ဘူး၊ ကျွန်တော်သာ သတင်းစာဆရာ အဖြစ်နှင့် လာရင် ကျွန်တော့်ကိုယ် ကျွန်တော် အင်တာဗျူး လုပ်ပြီး ညနေ သတင်းစာထဲမှာ နှစ်ကော်လံလောက် သတင်း ကောင်းကောင်း ရေးလိုက်ချင်သေးတယ်ဗျာ၊ ခုတော့ အင်မတန် ကောင်းတဲ့ သတင်းကြီးကို လာသမျှ လူကို အလကားချည်းပဲ ပြော ပြောနေရတော့ ကျွန်တော့်မှာ အလကား ဖြစ်နေတာပေါ့၊ ဒါပေမဲ့ မစ္စတာ ဟုမ်းရဲ့ နာမည်ကိုတော့ ကျွန်တော် ကြားဖူးပြီးသားပါလေ၊ ဒီတော့ ဒီပြဿနာကို စုံထောက်ကြီး ဖြေရှင်းနိုင်ခဲ့ရင်တော့ ကျွန်တော့်ကိုလည်း သတင်း ပြောခကလေး ပေးရလိမ့်မယ် နော်"

ရှားလော့ဟုမ်းသည် ကုလားထိုင်တွင် ဝင်ထိုင်လိုက်ရင်း သူ့ စကားများကို နားထောင်နေလေ၏။

"ပြဿနာက လွန်ခဲ့တဲ့ လေးလတုန်းက ကျွန်တော့် အိမ်မှာ အလှ ထားဖို့ ဝယ်ခဲ့တဲ့ နပိုလီယန်ရဲ့ ကိုယ်တစ်ပိုင်းပုံ ရုပ်တုက စတာ ခင်ဗျ၊ ကျွန်တော်လည်း ဟိုင်းလမ်း ဘူတာရုံနှင့် နှစ်ဆိုင် ကြားမှာ ရှိတဲ့ ဟာဒင်း ဘရားသားကုန်တိုက်က တွေ့လို့ ဈေးပေါတာနှင့် ဝယ်လာခဲ့တာ၊ ကျွန်တော်တို့ သတင်းစာဆရာ အလုပ် ဆိုတာ ညမှာ လုပ်ရတဲ့ အလုပ်မျိုး မဟုတ်လား၊ တစ်ခါတလေဆိုရင် မနက် မိုးလင်းခါနီး အထိ ရေးရ ချုတ်ရတယ် ခင်ဗျ၊ ဒီနေ့လည်း မိုးလင်းခါနီး အထိ ဆိုပါတော့၊ ကျွန်တော်က အိမ်အပေါ်ထပ်မှာ ရှိတဲ့ စာရေးတဲ့ထပ်ခိုးကလေးမှာ စာရေးနေတယ် ခင်ဗျ၊ အဲဒီတော့ မနက် သုံးနာရီ ထိုးနေပြီတုန်းမှာ အောက်ထပ်က အသံတွေ ကြားတယ်လို့ ထင်လိုက်တယ်၊ ကျွန်တော်





လည်း စာရေးနေရာက နေပြီး နားစွင့်ကြည့်လိုက်တယ်၊ ဒါပေမဲ့ ဘာသံမှ ဆက်မကြားရဘူး၊ ဒါနှင့် ကျွန်တော်လည်း အပြင်က အသံ ဖြစ်မှာပဲလေ ဆိုပြီး စာကို ဆက်ရေးနေလိုက်တယ်၊ မကြာပါဘူး ခင်ဗျာ၊ ငါးမိနစ်လောက် ရှိတော့ ကြောက်လန့်တကြား အော်လိုက်တဲ့ အသံကြီးကို ကြားလိုက်ရတာပါပဲ၊ အော်လိုက်တဲ့ အသံကြီး ခင်ဗျာ၊ ဘယ်လို အသံကြီးမှန်း မသိပါဘူး၊ ကျွန်တော့် တစ်သက်မှာဖြင့် ဒီလို အော်သံမျိုးကြီးကို ဒီတစ်ခါပဲ ကြားဖူးပါသေးတယ်၊ ဒီအသံကြီးကို ကျွန်တော်ဖြင့် သေသည့် တိုင်အောင် နားထဲက ထွက်တော့မှာ မဟုတ်ပါဘူး၊ ဒါနှင့် ကျွန်တော်လည်း ကြောက်ပြီး ဘာလုပ်ရမှန်း မသိဘဲ တစ်မိနစ် နှစ်မိနစ်လောက် ထိုင်နေမိတယ်၊ ခဏ ကြာတော့ ကျွန်တော်လည်း မီးခွတဲ့ သံကောက်ကြီးကို ကိုင်ပြီး အောက်ထပ်ကို ဆင်းလာခဲ့တယ်၊ အောက်ထပ်ကို ရောက်တော့ ကျွန်တော့် အခန်းက ပြတင်းပေါက် တစ်ပေါက် ပွင့်နေတာကို တွေ့ရတယ် ခင်ဗျ၊ နာရီစင်ပေါ်မှာ အလှတင်ထားတဲ့ နပိုလီယန် ကိုယ်တစ်ပိုင်း ရုပ်တုလည်း ပျောက်နေတာကို ချက်ချင်း သတိထား လိုက်မိတယ်၊ ဒီပလတ်စတာ ရုပ်က ဒီလောက် အဖိုးတန်တာလည်း မဟုတ်ပါဘူး၊ ဘာဖြစ်လို့များ ဒီအရုပ်ကို ခိုးသွားရပါလိမ့်မလဲလို့ ကျွန်တော် စဉ်းစားလို့ မရအောင် ဖြစ်နေတယ်။

"စုံထောက်ကြီးတို့ ဆင်းကြည့်ရင် မြင်ရပါလိမ့်မယ်၊ အဲဒီ ပွင့်နေတဲ့ ပြတင်းပေါက်ကနေ ခြေလှမ်း ကျဲကျဲနှင့် လှမ်းဆင်းလိုက်ရင် လှေကားထစ်ပေါ်ကို တစ်ခါတည်းနှင့် ရောက်သွားတယ် ခင်ဗျ၊ သူခိုးဟာ အဲဒီနည်းနှင့် ဆင်းသွားပုံ ရတယ်၊ ဒါနှင့် ကျွန်တော်လည်း ဧည့်ခန်းဘက်က ကွေ့ပတ်လာခဲ့ပြီး အပြင်ထွက်တဲ့ တံခါးမကြီးကို ဖွင့်လိုက်တယ်၊ အမှောင်ထဲမှာ ရမ်းဆင်းလိုက်တော့ လှေကားထစ်ပေါ်မှာ လူတစ်ယောက် လဲကျပြီး သေနေတယ် ခင်ဗျ၊ ကျွန်တော် တက်နင်းမိတော့မလို့ ကံကောင်းလို့၊ ဒါနှင့် ကျွန်တော်လည်း အိမ်ထဲ ပြန်ဝင်ပြီး မှန်အိမ်နှင့် ကြည့်တော့ လူတစ်ယောက် ခင်ဗျ၊ လည်ပင်းမှာ ဒဏ်ရာ ဟက်တက်ကြီးနှင့်၊ အနားမှာလည်း သွေးတွေ အိုင်ထွန်းလို့၊ ပက်လက်ကြီး၊ ဒူးနှစ်ချောင်းထောင်လို့၊ ပါးစပ်ကြီးကလည်း ဟလို့၊ ကြောက်စရာကြီး ခင်ဗျာ၊ ကျွန်တော်ဖြင့် အိပ်မက်ထဲမှာတောင် ဒီမျက်နှာကြီးကို မြင်နေလိမ့်မယ် ထင်တယ်၊ ဒါနှင့် ကျွန်တော်လည်း အိမ်မှာ ရှိတဲ့ ပုလိပ် ခရာကို မှုတ်တော့တာပဲ၊ ဒီနောက်တော့ ကျွန်တော်လည်း မူးမေ့သွားတယ်လို့ ထင်လိုက်တာပဲ၊ ဘာမှ မသိတော့ဘူး၊ သတိရလို့ ကြည့်လိုက်တော့ ကျွန်တော့် ဧည့်ခန်းထဲမှာ ရောက်နေပြီ၊ ကျွန်တော့် အနားမှာ ပုလိပ် တစ်ယောက် ရပ်လို့"



www.burmeseclassic.com

www.burmeseclassic.com



'သေသူက ဘယ်သူလဲ'

အင်စပက်တော် လက်စထရိတ်က

'ဘယ်သူလဲ ဆိုတာ အထောက်အထား ရှာမတွေ့သေးဘူး ခင်ဗျ၊ အလောင်းကတော့ ရင်ခွဲရုံမှာ ရောက်နေပြီ၊ ခု ထိ တော့ ဘာမှကို သဲလွန်စ ကောက်လို့ မရသေးဘဲ ဖြစ်နေတယ်၊ လူက အရပ် ရှည်ရှည်၊ အသား ညိုညို၊ အားကောင်း မောင်းသန်ထဲကပဲ၊ အသက်ကတော့ သုံးဆယ် မကျော်သေးဘူး၊ အဝတ်အစားကတော့ ခပ်နွမ်းနွမ်းပဲ၊ ဒါပေမဲ့ အလုပ်သမားတို့ ဘာတို့ထဲကလည်း မဖြစ်နိုင်ဘူး၊ သူ့ အနားက သွေးအိုင်ထဲမှာ ကျွဲချိုရိုး လက်ကိုင်တပ် မောင်းချဓား တစ်ချောင်း တွေ့ရတယ်၊ ဒီဓားနှင့်ပဲ ထိုးသတ်သွားတာလား၊ ဒါမှမဟုတ် သေသူရဲ့ ဓားလား ဆိုတာတော့ မပြောတတ်သေးဘူး၊ အဝတ်အစားမှာလည်း အပ်ချုပ်ဆိုင် တံဆိပ်တို့ ဘာတို့ မတွေ့ရသေးဘူး၊ အိတ်ထဲမှာ ပန်းသီး တစ်လုံးရယ်၊ တစ် သျှိ လင်တန် လန်ဒန် မြေပုံ တစ်ချပ်ရယ်၊ ဓာတ်ပုံ တစ်ပုံရယ်က လွဲလို့ တခြား ဘာ ကိုမှ မတွေ့ရဘူး ခင်ဗျ၊ ဓာတ်ပုံက ဟောဒီမှာ'

ဓာတ်ပုံမှာ ကင်မရာ အသေးစားဖြင့် ရိုက်ထားသည့် လှုပ်ရှား ဓာတ်ပုံ တစ်ပုံ ဖြစ်၏။ ပုံထဲမှ လူမှာ ဖျတ်လတ် သွက်လက်ဟန် ရှိ၍ မျက်နှာ ချွန်းချွန်း၊ မျက်ခုံးမွေး ထူထူ ဖြစ်ပြီး မျက်နှာ အောက်ပိုင်းမှာ မျောက်ဝံ မျက်နှာကဲ့သို့ ရှေ့သို့ ထိုးထွက်လျက် ရှိသည်ကို တွေ့ရလေ၏။

ရှားလော့ဟုမ်းသည် ဓာတ်ပုံကို သေချာစွာ ကြည့်ရှုပြီးနောက်

'နပိုလီယန် ရုပ်တုကကော'

'အဲဒီ အကြောင်းကတော့ စုံထောက်ကြီး ဒီကို မလာခင်ကလေးတွင်ပဲ ကျွန်တော် သိရတယ် ခင်ဗျ၊ ကင့်ပဒန် ဟောက်စ် လမ်းက လူမနေတဲ့ အိမ်ရှေ့ ခြံဝ တစ်ခုမှာ တွေ့ရတယ်တဲ့၊ အစိတ်စိတ် အမြွာမြွာ ကွဲလို့တဲ့၊ ကျွန်တော် ခုပဲ သွားကြည့်မလို့၊ စုံထောက်ကြီး လိုက်ကြည့်ဦးမလား'

'ကြည့်မှာပေါ့၊ မသွားခင် အိမ်ကို တစ်ပတ်လောက်တော့ ကြည့်လိုက် ချင်သေးတယ်ဗျာ' ဟု ဆိုကာ ရှားလော့ဟုမ်းသည် ကြမ်းခင်း ကော်ဇောနှင့် ပြတင်းပေါက်ကို စစ်ဆေး ကြည့်ရှုလေ၏။

'အင်း၊ ဝင်တဲ့ သူခိုးက ခြေတံရှင်လည်း ရှည်ရမယ်၊ သို့မဟုတ် တော် တော် လျင်မြန် ဖျတ်လတ်သူရင်လည်း ဖြစ်ရမယ်ဗျို့၊ အောက်မှာ နေရာ ကျယ် ကျယ် ရှိရင် သူ့အဖို့ ပြတင်းပေါက်ဘောင်ကို လှမ်းဆွဲဖို့ သို့မဟုတ် ပြတင်း ပေါက်ကို ဖွင့်ဖို့ ဆိုတာ သိပ်မခက်ဘူး၊ ပြန်ထွက်တာကျတော့ ပိုတောင် လွယ်





သွားပြီ၊ ဘယ့်နှယ်လဲ မစ္စတာ ဟားကား၊ ခင်ဗျား ရုပ်တု အကွဲကလေးတွေကို ကျုပ်တို့နှင့် အတူ လိုက်မကြည့်တော့ဘူးလား'

စိတ်ပျက်နေဟန် ရှိသည့် သတင်းစာဆရာသည် စာရေး စားပွဲတွင် ထိုင် လျက် ရှိရာမှ

'သတင်းလေး နည်းနည်းတော့ ရေးလိုက်ဦးမယ် ခင်ဗျ၊ ဒါပေမဲ့ ညနေ သတင်းစာတွေကိုတော့ မမီတော့ပါဘူးဗျာ၊ ဒီလောက်ဆိုရင် သတင်း အပြည့် အစုံ ပါပြီး ထွက်ကုန်ကြရောပေါ့၊ ကျွန်တော့်ကို ကံဆိုးပါတယ်၊ ဒွန်ကာစတာ ဘောလုံးပွဲမှာ ပွဲကြည့်စင် ပြိုကျတာ မှတ်မိသေးတယ် မဟုတ်လား၊ အဲဒီတုန်း က အဲဒီမှာ သတင်းစာဆရာ ဆိုလို့ ကျွန်တော် တစ်ယောက်ပဲ ရှိတယ် ခင်ဗျ၊ အဲ အဲဒီ သတင်း မပါတဲ့ သတင်းစာ ဆိုလို့လည်း ကျွန်တော် တစ်စောင်ပဲ ရှိတယ်၊ ဘယ့်နှယ်လုပ် ပါနိုင်ပါတော့မလဲ ခင်ဗျာ၊ ကျွန်တော့်မှာ လန့်ဖျပ်ပြီး သတင်းမှ ပရေးနိုင်တော့တာ၊ ခုလည်း ကျွန်တော့် အိမ်တံခါးဝမှာ လူသတ်မှုကြီး ဖြစ် နေပါလျက်နှင့် ကျွန်တော့် သတင်းစာမှာ ဒီသတင်း နောက်ကျဦးတော့မယ်'

ကျွန်ုပ်တို့ ထွက်လာသည့် အခါ၌ စာရွက်ပေါ်တွင် တဂျစ်ဂျစ် မြည်နေ သည့် သူ့ ကလောင်သွား ခြစ်သံကို ကြားရလေ၏။

ရုပ်တုကို ရိုက်ခွဲထားသည့် နေရာမှာ ကိုက်တစ်ရာ နှစ်ရာလောက် ဝေး ၏။ ကျွန်ုပ်တို့သည် အမည် မသိ လူတစ်ယောက်၏ စိတ်ထဲတွင် စက်ဆုပ် မုန်း တီးစိတ်ကို ဖြစ်ပေါ်စေသည့် ပြင်သစ် ကေရာစ် ဘုရင် နပိုလီယန်၏ ထိုရုပ်တုကို ပထမဆုံး အကြိမ် မြင်ဖူးခြင်း ဖြစ်ပေ၏။ ရုပ်တုမှ ပလတ်စတာ အကွဲ အစ များမှာ မြက်ခင်းပြင်ပေါ်တွင် ပြန့်ကျဲလျက် ရှိလေ၏။ ရှားလော့ဟုမ်းသည် ထို ပလတ်စတာစများကို ကောက်ယူကာ စစ်ဆေး ကြည့်ရှုလျက် ရှိလေ၏။ စိတ် အား ထက်သန်လျက် ရှိသော မျက်နှာ၊ စိတ်ပါလက်ပါ ရှိသော အမူအရာတို့ကို ကြည့်၍ ရှားလော့ဟုမ်းမှာ သဲလွန်စ တစ်ခုကို ကောက်မိပြီ ဖြစ်ကြောင်း ကျွန်ုပ် သတိပြုလိုက်မိ၏။

'ဘယ့်နှယ်လဲ စုံထောက်ကြီး' ဟု လက်စထရိတ်က မေးလိုက်၏။

ရှားလော့ဟုမ်းက ပခုံးကို တွန့်ပြလိုက်လျက်

'နည်းနည်းတော့ အလှမ်း ဝေးသေးသဗျ၊ သို့သော်လည်း ကျုပ်တို့မှာ အလုပ် စလို့ ရမယ့် အကွက် ကလေးတွေကိုတော့ တွေ့ထားပါပြီ၊ ဒီ ရုပ်တုလေး ကို ရိုက်ခွဲနေတဲ့ လူအဖို့ ဒီရုပ်တုဟာ လူတစ်ယောက်ရဲ့ အသက်ထက်ပင် အဖိုး ထိုက်တယ်လို့ ယူဆထားပုံပဲဗျ၊ ဒါက တစ်ချက်၊ နောက် ထူးဆန်းတာ တစ်



www.burmeseclassic.com

www.burmeseclassic.com



ချက်က ဒီလူဟာ ဒီရုပ်တုတွေကို ရိုက်ခွဲချင်တယ် ဆိုရင် တွေ့တဲ့ နေရာမှာ ရိုက်ခွဲပစ်ပါလား၊ ခုတော့ ဒီလို မဟုတ်ဘူးဗျ၊ အိမ်ထဲမှာ သို့မဟုတ် အိမ်နား တစ်ဝိုက်မှာ မခွဲဘူး'

'တခြား တစ်ယောက်နှင့် တွေ့လို့ ကသောကမျော ထွက် သွား ရ တာ လားမှ မသိတာ၊ သူ့ဘာသာသူ ဘာလုပ်လို့ ဘာကိုင်နေမှန်းလည်း သိချင်မှ သိ မှာပေါ့'

'အင်း ဒါလည်း ဖြစ်နိုင်ပါတယ်လေ၊ သို့သော်လည်း ကျုပ် ခင်ဗျားတို့ ကို သတိ ပြုစေချင်တဲ့ အချက်က အဲဒီ ရုပ်တုကို ရိုက်ခွဲပစ်ခဲ့တဲ့ အိမ်ရဲ့ အနေ အထားဗျ'

လက်စထရိတ်သည် အိမ် ပတ်ပတ်လည်ကို လှမ်းကြည့်လိုက်၏။

'အိမ်ကတော့ လူ မနေတဲ့ အိမ်ပဲ စုံထောက်ကြီး၊ ဒီတော့ ဒီ နား မှာ လွတ်လွတ်လပ်လပ် လာပြီး ရိုက်ခွဲနိုင်တယ်လို့ သူ တွက်မှာပေါ့'

'ဟုတ်ပါတယ်၊ သို့သော်လည်း လွတ်လွတ်လပ်လပ် ရိုက်ခွဲချင်လို့ လူ မနေတဲ့ အိမ်ရှေ့မှာ လုပ်ချင်တယ် ဆိုရင် ဒီလမ်းထဲမှာ တခြား လူ မနေတဲ့ အိမ် တစ်လုံး ရှိသေးတယ်ဗျ၊ အဲဒီ အိမ်ကိုတော့ သူ ကျော်လာခဲ့ပြီး ဘာဖြစ်လို့ ဒီ အိမ်ရှေ့ကျမှ လာခွဲသလဲ၊ ဒီရုပ်တုကြီးကို သယ်လာရတာ လူမြင်ရင် မခက်ပါ လား၊ ဝေးဝေး သယ်လာရလေ လူမြင်ဖို့ အခွင့်အလမ်း များလေလေ မဟုတ် လား၊ ဒီတော့ စောစောစီးစီး ကိစ္စပြတ်အောင် ဘာဖြစ်လို့ အဲဒီ အိမ်ရှေ့တုန်းက ရိုက်မခွဲခဲ့သလဲ၊ အဲဒီ အိမ်ကို ကျော်လာပြီး ဘာဖြစ်လို့ ဒီရှေ့ကျမှ ရိုက်ခွဲပစ် သလဲ'

'ဒီလိုဆိုရင်လည်း ကျွန်တော် လက်လျှော့ပါပြီ ခင်ဗျာ'

ရှားလော့ဟုမ်းက ကျွန်ုပ်တို့ ခေါင်းပေါ်တွင် ရှိသည့် လမ်းမီးတိုင် မီးပွင့် ကို လက်ညှိုး ထိုးပြ၏။

'ဒီမှာ လာလုပ်မှာပေါ့ဗျ၊ ဒီမှာ လုပ်ရင် ကိုယ် လုပ်တာကို အကုန် မြင်ရ တယ်၊ ဟိုအိမ်ရှေ့မှာ ဆိုရင် ဘာမှ မြင်ရမှာ မဟုတ်ဘူး၊ ဒါကြောင့်မို့ ဒီကို လာ လုပ်တာပေါ့'

'ဟုတ်တယ် ခင်ဗျာ၊ ခုမှပဲ ကျွန်တော် ရိပ်မိတော့တယ်၊ ဒေါက်တာ ဘာနီကော့ အိမ်က ရုပ်တုကို ရိုက်ခွဲခဲ့တုန်းကလည်း အိမ်မှာ ထွန်းထားတဲ့ ပါ အိမ်နားမှာ ရိုက်ခွဲခဲ့တယ် ခင်ဗျ၊ ဒါဖြင့်ရင် ကျွန်တော်တို့ ဒီအချက်ကို ကိုင်ပြီး ဘယ်လို စခန်းသွားမလဲ စုံထောက်ကြီး'





'ဘယ်လို လုပ်ရမလဲဗျ၊ ဟုတ်မိပြီ ဆိုရင် သိမ်းထားပေါ့၊ ဖစ်နေ့တော့ အသုံး ကျလာမှာ ပေါ့၊ ခုလောလောဆယ် ခင်ဗျား ဘာလုပ်ဖို့ စိတ်ကူးထားသလဲ'

'လောလောဆယ် အရေး ကြီးဆုံးကတော့ သေသူ ဘယ် သူလဲ ဆိုတာ သိအောင် စုံစမ်းဖို့ လို တယ် လို့ ထင်တာပဲ၊ ဒါက တော့ သိပ် မခက်လှပါဘူး၊ သူ ဘယ်သူလဲ၊ သူ့ အပေါင်းအသင်း တွေ ဘယ်သူလဲ ဆိုတာကို သိရ ရင် ဒီလူဟာ ပစ်လမ်းမှာ ညကြီး သန်းခေါင် ဘာ လာလုပ်သလဲ၊ သူနှင့် ရင်ဆိုင် တိုးပြီး သူ့ကို သတ်သွားတဲ့ လူဟာ ဘယ်သူလဲ ဆိုတာကို စုံစမ်းလို့ လွယ် သွား ပြီ ထင်ပါတယ်၊ ဘယ်လို ထင် သလဲ စုံထောက်ကြီး'

'ဟုတ်ပါပြီလေ၊ သို့သော် လည်း ကျုပ်ကတော့ အမှုကို ဒီ နည်းနှင့် မကိုင်ချင်ဘူးဗျ'



ရှားလော့ဟုမ်းက
လမ်းမီးတိုင် မီးပွင့်ကို
လက်ညှိုး ထိုးပြ၏။

'ဘယ်လို ကိုင်မလဲ'

'ကျုပ် ထင်မြင်ချက်တွေ များများ အပေါ်မှာ မလွှမ်းမိုးစေ ချင်ပါဘူးဗျာ၊ ခင်ဗျားလည်း ခင်ဗျားနည်းနှင့် လုပ်၊ ကျုပ်လည်း ကျုပ်နည်းနှင့် ကျုပ် လုပ်မှာပေါ့၊ ပြီးတော့ ကျုပ်တို့ချင်း ညှိကြည့်လိုက်ရင် ပြည့်စုံသွားမှာပေါ့'

'ကောင်းပါပြီ ခင်ဗျာ'

'ပစ်လမ်းကိုများ ပြန်သွားရင် မစ္စတာ ဟိုးရေ့ ဟားကားနှင့် ထပ်တွေ့ ပါဦးဗျာ၊ ပြီးတော့ နပိုလီယန်ကို မုန်းတဲ့ လူသတ် အရူး တစ်ယောက် မနေ



www.burmeseclassic.com

www.burmeseclassic.com



ညက သူ့အိမ်ကို ဖောက်ထွင်းတယ်လို့၊ ဒီကိစ္စကို ကျုပ် ကိုင်ဖို့ ဆုံးဖြတ်ပြီး ဒါ့ လို့ သူ့ကို ကျုပ်က မှာလိုက်တဲ့ အကြောင်း သူ့ကို ပြောပြလိုက်စမ်းပါ၊ သူ့ အတွက် ရေးစရာ သတင်းကလေး ဘာလေး ရတာပေါ့'

လက်စထရိတ်က ရှားလော့ဟုမ်းကို စိုက်ကြည့်လိုက်၏။

'ဒါဖြင့် စုံထောက်ကြီးက ရုပ်တုတွေ လိုက်ခွဲနေတဲ့ ကိစ္စကို အရေး တကြီး မထားသေးဘူးပေါ့'

ရှားလော့ဟုမ်းက ပြုံးလိုက်၏။

'အရေးတကြီး မထားဘူးလား ဟုတ်စ၊ ကြီးချင်လည်း ကြီးပေမပေါ့ လေ၊ ထားပါတော့၊ သို့သော်လည်း ဒီကိစ္စက မစ္စတာ ဟားကားနှင့် သူ့ သတင်း စာဖတ် ပရိသတ်တွေကတော့ စိတ်ဝင်စားမှာပါဗျ၊ အိုင်ဆေး၊ ဒီနေ့ တစ်နေ့ လုံးတော့ အလုပ်များကိန်း ပေါ်လိမ့်မယ် ထင်တယ်ဗျ၊ ကဲ လက်စထရိတ်ရေ၊ ဒီ နေ့ ညနေ ခြောက်နာရီလောက်မှာ ဘေကာလမ်းက ကျုပ်တို့ အခန်းကို လျှောက် လာနိုင်မယ် ဆိုရင် ကောင်းမယ်ဗျာ၊ ခုလောလောဆယ်တော့ သေသူရဲ့ အိတ်ထဲ က တွေ့တဲ့ ဓာတ်ပုံကို ကျုပ် ခဏ ယူထားချင်တယ်၊ အကယ်၍ ကျုပ် တွေးလုံး ကလေးတွေ မှန်သွားရင် ဒီနေ့ည ကျုပ်တို့ လုပ်မယ့် ကိစ္စကလေး တစ်ခုမှာ ခင်ဗျား လိုက်ပြီး အကူအညီ ပေးစေချင်တယ်၊ ကဲ သွားမယ်ဗျို့၊ ကံကောင်းပါ စေဗျာ'

ရှားလော့ဟုမ်းနှင့် ကျွန်ုပ်တို့သည် ဟိုင်းဂိတ်လမ်း အတိုင်း လျှောက် လာခဲ့ရာ ထိုလမ်းရှိ နပိုလီယန် ရုပ်တု ရောင်းခဲ့သည့် ဟာဒင်း ဘရားသား ကုန်တိုက် ရှေ့သို့ အရောက်တွင် ရှားလော့ဟုမ်းသည် ရပ်လိုက်လေ၏။ မစ္စတာ ဟာဒင်းကို မေးမြန်းရာ မစ္စတာ ဟာဒင်းမှာ အပြင် ထွက်သွားကြောင်း၊ ညနေ ပိုင်းကျမှ ပြန်လာမည် ဖြစ်ကြောင်း၊ မိမိမှာ ဤဆိုင်သို့ ရောက်လာသည့် လူသစ် တစ်ဦး ဖြစ်သည့် အတွက် ထိုအကြောင်းတို့ကို ဘာမျှ မပြောနိုင်ကြောင်း၊ ခပ်ငယ်ငယ် ဆိုင်ထိုင် သူငယ်ကလေးက ပြောလေ၏။

ရှားလော့ဟုမ်း၏ မျက်နှာပေါ်တွင် စိတ်ပျက်သည့် အသွင် ပေါ်လျက် ရှိလေ၏။ နောက်ဆုံးတွင် ရှားလော့ဟုမ်းက

'အေးလေ၊ ကိုယ့် စိတ်တိုင်းကျချည်းပဲ ဘယ်မှာ ဖြစ်နိုင်ပါ့မလဲ၊ ညနေ ပိုင်းကျမှ ပြန်ရောက်မယ် ဆိုရင်လည်း ညနေပိုင်းကျမှ တစ်ခေါက် ပြန်လာ တော့မှာပေါ့၊ ကျုပ် ဘာလုပ်နေသလဲ ဆိုတာ ခင်ဗျားလည်း ရိပ်မိလောက်ရော ပေါ့၊ အဲဒီ ရုပ်တုတွေရဲ့ ဇာစ်မြစ်ကို လိုက်နေတာဗျ၊ ဒီရုပ်တုတွေကို လိုက်ရ





ရအောင် ဒီရုပ်တုတွေမှာ ဘာများ ထူးခြားချက် ပါသလဲ ဆိုတာ သိချင်လို့၊ ကဲ ကင်နင်တန်လမ်းက မော့စ် ဟတ်ဆန်ရဲ့ ဆိုင်ကို သွားပြီး ဘာ သတင်းကလေး များ ရမလဲလို့ သွားပြီး စုံစမ်းချေကြဦးစို့ရဲ့'

မြင်းရထား စီး၍ တစ်နာရီခန့် လာခဲ့သည်တွင် ကျွန်ုပ်တို့သည် ပန်းချီ ကားများနှင့် ရုပ်တုများ ရောင်းသည့် မော့စ် ဟတ်ဆန်၏ ဆိုင်သို့ ရောက်လာ ခဲ့ကြလေ၏။ မော့စ် ဟတ်ဆန်မှာ အရပ် ပုပု၊ ကိုယ်လုံး တုတ်တုတ်၊ မျက်နှာ နီနီနှင့် ဖြစ်ပြီး သူ့ အမူအရာမှာ စိတ်မြန်ကိုယ်မြန် ရှိပာန် တူပေ၏။

'ဟုတ်ပါတယ် ခင်ဗျ၊ ကျွန်တော့် ဆိုင်က ကောင်တာပေါ်မှာ တင်ထား တာပါ၊ အခွန်အကောက်တွေ နှုန်းတွေကို ကျွန်တော် ကောင်းကောင်း မသိပါ ဘူး၊ ကြည့်ပါဦး ခင်ဗျာ၊ သူများ ဆိုင်ထဲ ဝင်ပြီး ခွဲချင် ခွဲပစ်သွားကြတာ၊ ဘယ်လောက် ဆိုးသလဲ၊ ဟုတ်ကဲ့၊ ဒေါက်တာ ဘာနီကော့ အိမ်က ရုပ်တု နှစ်ခုကို ကျွန်တော့် ဆိုင်ကပဲ ရောင်းလိုက်တာပါ ခင်ဗျာ၊ ရှက်စရာ ကောင်း လွန်းလို့ပါ ခင်ဗျာ၊ ကြည့်ရတာကတော့ နပိုလီယန် မုန်းတဲ့ လူတွေက လုပ် တယ်လို့ ထင်တာပဲ၊ ဒီလိုမှ မဟုတ်ရင် ဘယ်သူက ကိုယ့်ထမင်း ကိုယ်စားပြီး ရုပ်တုတွေကို လိုက်ခွဲနေမလဲ ခင်ဗျာ၊ ကျွန်တော် ထင်တာကတော့ သမ္မတ ဝါဒီတွေ ဘာတို့ကို ကြည်ညိုတဲ့ လူတွေ ထင်တာပဲ၊ ခင်ဗျာ ဒီရုပ်တုတွေက ဘယ်က ရသလဲ ဟုတ်လား၊ ဒါနှင့် မဆိုင်ပါဘူး ခင်ဗျာ၊ သို့သော်လည်း ဆရာ သိချင်တယ် ဆိုရင်တော့ စတက်နေ မြို့၊ ချာ့ချ်လမ်းက ဂဲလ်ဒါး ကုမ္ပဏီက ဟာပါ ခင်ဗျာ၊ အဲဒီ ဆိုင်က ရုပ်တုတွေကို ရောင်းတဲ့ နာမည်ကျော် ဆိုင်ကြီးပါ ဗျာ၊ ဒီလုပ်ငန်းကို လုပ်လာတာ နှစ်ပေါင်း နှစ်ဆယ်လောက် ရှိပါပြီ၊ ကျွန်တော့် ဆိုင်မှာ ဘယ်နှရုပ် တင်သလဲ ဟုတ်လား၊ သုံးရုပ် ခင်ဗျ၊ နှစ်ရုပ်နှင့် တစ်ရုပ် ဆိုတော့ သုံးရုပ်ပေါ့၊ နှစ်ရုပ်ကို ဒေါက်တာ ဘာနီကော့ကို ရောင်းလိုက်တယ် ခင်ဗျ၊ တစ်ရုပ်ကတော့ နေ့ခင်းကြောင်တောင် ကျွန်တော့် ဆိုင်က ကောင်တာပေါ် မှာ အခွဲ ခံလိုက်ရတာ၊ ဒီဓာတ်ပုံထဲမှာ ပါတဲ့ လူကို သိသလား ဟုတ်စ၊ ဟင့်အင်း မသိဘူး ခင်ဗျ၊ နေဦး ခင်ဗျ၊ နေဦး၊ သိတယ် ထင်တယ်၊ အလို၊ လက်စသတ် တော့ ဗက်ပိုပါလား၊ သူက အီတလီ လူမျိုး ခင်ဗျ၊ သူက တောက်တိုမည်ရ လုပ်နိုင်တယ် ခင်ဗျ၊ နည်းနည်းပါးပါးလည်း ပန်းပု ထုတတ်တယ်၊ ပန်း ကား ဘောင်တွေကို ရွှေမင် သုတ်တယ်၊ လွန်ခဲ့တဲ့ အပတ်ထဲက ကျွန်တော့် ဆိုင်က ထွက်သွားပြီး သူ့ အကြောင်း ဘာမှ မကြားရတော့ပါဘူး၊ မသိဘူး ခင်ဗျ၊ သူ ဘယ်က လာပြီး ဘယ်သွားတယ် ဆိုတာ ကျွန်တော်လည်း မသိဘူး၊



www.burmeseclassic.com

ဆိုင်မှာ နေတုန်းက ကျွန်တော်နှင့် ဘာမှ မဖြစ်ပါဘူး၊ အဲဒီ ရုပ်တု အခွဲ မခံရခင် နှစ်ရက်လောက်က ကျွန်တော့် ဆိုင်က ထွက်သွားတာ ခင်ဗျ'

ဆိုင်ထဲမှ ပြန်ထွက်လာသည့် အခါတွင် ရှားလော့ဟုမ်းက

'မော့စ် ဟတ်ဆန်ဆီကတော့ ဒီလောက်ပဲ သိရမှာပဲဗျ၊ အင်း ခုထိ ဆို ရင်တော့ ကင်နင်တန် ရုပ်ကွက်နှင့် ကင်ဆီတန် ရုပ်ကွက် နှစ်နေရာစလုံးဟာ ဗက်ပို ဆိုတဲ့ လူနှင့် သက်ဆိုင်နေပြီဗျ၊ နောက်ထပ် ဆယ်မိုင်လောက်တော့ သွာ ထိုက်ပါပြီဗျာ၊ ဗျို့ ဝပ်ဆင်၊ အဲဒီ ရုပ်တုတွေကို လုပ်တဲ့ စတက်နေမြို့က ဂျဲလ်ဒါ ကုမ္ပဏီကို လိုက်ချင်တယ်ဗျာ၊ အဲဒီ ရောက်လို့မှ နောက်ထပ် သတင်း မထူးဘူး ဆိုရင်တော့ ကျုပ်တို့ ကံခေလို့ပဲ'

ကျွန်ုပ်တို့သည် မြို့လယ်ကောင် ဖြစ်သည့် အထက်တန်းစားတွေ နေသည့် လန်ဒန်၊ ဟိုတယ်ကြီးတွေ ရှိသည့် လန်ဒန်၊ ဓာတ်ရုံကြီးတွေ ရှိသည့် လန်ဒန်၊ စာပေသမားတွေ စုဝေးရာ လန်ဒန်၊ အရောင်းအဝယ်တို့ စည်ကားသည့် လန်ဒန် ကို ဖြတ်ကျော်ကာ နောက်ဆုံး၌ သင်္ဘောသားတွေ အသွားအလာ ရှုပ်သည့် လန် ဒန်ကို လွန်လာခဲ့ပြီးနောက် လူဦးရေ တစ်သိန်းခန့် ရှိသည့် မြစ်ကမ်းမြို့ တစ်မြို့ ဖြစ်သော စတက်နေမြို့သို့ ရောက်လာခဲ့လေ၏။ ထိုမြို့ရှိ တန်းလျားများတွင်ကား ဥရောပတိုက်မှ လာရောက်၍ အလုပ် လုပ်ကြသည့် အလုပ်သမားများဖြင့် ပြည့် နှက်လျက် ရှိပေ၏။ တစ်ခါက ကုန်သည်ကြီးများ၊ ပွဲစားကြီးများ နေထိုင်ခဲ့ရာ မြို့လယ် လမ်းမကြီး တစ်လျှောက်တွင်မူ ကျွန်ုပ်တို့ ရှာဖွေနေသော ပန်းပုဆိုင် ကြီးကို တွေ့ရလေ၏။ ဆိုင်အပြင်ဘက် ဝင်းကြီးထဲတွင် အကြမ်း ထုထားသည့် ပန်းပုရုပ်များဖြင့် ပြည့်နှက်လျက် ရှိပြီး အလုပ်ရုံထဲတွင်မူ ပန်းပုဆရာ ငါးဆယ် ခန့်သည် ပန်းပုရုပ်များကို ထုလုပ်လျက် ရှိကြလေ၏။

ဆိုင်မန်နေဂျာ ဖြစ်သည့် အသား ဖြူဖြူနှင့် ဂျာမန် တစ်ယောက်သည် ကျွန်ုပ်တို့ကို ယဉ်ကျေးစွာ ဆီးကြိုပြီးနောက် ရှားလော့ဟုမ်း မေးသည့် မေးခွန်း များကို ရှင်းလင်း ပြတ်သားစွာ ဖြေကြားခြင်း ပြုလေ၏။ ၎င်း၏ စာရင်း စာအုပ် ကို ပြန်ကြည့်သည့် အခါတွင် ပြင်သစ် ပန်းပုကျော် ဒေဗိုင်း၏ နပိုလီယန် ကိုယ် တစ်ပိုင်း ရုပ်တုမှ ကူးယူသော ပလတ်စတာ ရုပ်တုများကို ရာပေါင်း များစွာ ထုတ်လုပ်ခဲ့ကြောင်း၊ သို့ရာတွင် လွန်ခဲ့သော တစ်နှစ်ကျော်လောက်ကမူ လ... ကျန် ခြောက်ရုပ် ရှိသည့် အနက် သုံးရုပ်ကို မော့စ် ဟတ်ဆင်၏ ဆိုင်သို့ ပို့... ကျန်သုံးရုပ်ကို ကင်ဆီတန် ရုပ်ကွက်ရှိ ဟာဒင်း ဘရားသား ကုန်တိုက်သို့ ပို့... ကြောင်း တွေ့ရလေ၏။ ထိုခြောက်ပုံမှာ အခြား ပုံများနှင့် အဘယ့်ကြောင့် မ...





ကွဲလွဲနေရကြောင်းကိုမူ ... အကြောင်းရှာ မရချေ။ အဘယ့်ကြောင့် အရုပ်များ ကို လိုက်ခွဲနေရသည်ကို သူ နားမလည်နိုင်ကြောင်း ပြောဆိုပြီးနောက် ဆိုင်ရှင် ဂျာမန်မှာ ထိုသတင်းကို သဘောကျ၍ ရယ်လျက် ရှိလေ၏။

ရုပ်ပုံများ၏ လက်ကား ဈေးနှုန်းမှာ အရုပ် တစ်ရုပ်ကို ခြောက် သျှိလင် ပျှသာ ဖြစ်သော်လည်း လက်လီ ပြန်ရောင်းသည့် အခါတွင်မူ ဆယ့်နှစ် သျှိလင် ကျော်ကျော် ရောင်းကြကြောင်းဖြင့်လည်း သိခဲ့ရလေ၏။ ရုပ်တုများကို လောင်း ရာတွင် ပုံစံခွက် နှစ်ခုဖြင့် တစ်ဝက်စီ လောင်းပြီးမှ ထိုနှစ်ဖက်ကို စပ်လိုက်သည် တွင် ပုံတူ ဖြစ်လာကြောင်းဖြင့် သိရလေ၏။ ပလတ်စတာ ရုပ်တုများကို ကျွန်ုပ်တို့ ရောက်နေသည့် အလုပ် ရုံးခန်းတွင်းမှာ အီတလီ အမျိုးသားများက ပြုလုပ်ခြင်း ဖြစ်သည်ဟု သိရ၏။ ပုံလောင်းပြီးသည့်အခါတွင် ထိုပုံများကို အခြောက်ခံပြီး နောက် ရောင်းရန် စတိုခန်းထဲသို့ သွတ်သွင်း ထားရ၏။ ဤသည်မှာ ဂျာမန် ပိုင်ရှင်ထံမှ ကျွန်ုပ်တို့ သိခဲ့ရသော အချက် အလက်များ ဖြစ်ပေ၏။

သို့ရာတွင် ဓာတ်ပုံကို ထုတ် ပြလိုက်သည့် အခါ၌မူ ဂျာမန် ဆိုင်ရှင်၏ အခြေအနေမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခဲ့လေပြီ။ ဂျာမန်၏ မျက်နှာသည် ဒေါသကြောင့် နီရဲသွားကာ ပြာလဲ့သည့် မျက်လုံး အစုံပေါ်တွင် မျက် မှောင်ကြီး ကုတ်သွားခဲ့လေပြီ။



'ဟာ ဒီ ခွေးသားလား၊ ...ုတ်တယ်၊ ကျွန်တော် ဒီကောင် ...ို ကောင်း ကောင်း သိ တယ်၊ ကျွန်တော်တို့ ဆိုင်ဟာ ဘာ အရှုပ် ...ရှင်းမှ မရှိခဲ့ဖူးဘူး၊ ဒီကောင် ...ရောက်လာမှပဲ ကျွန်တော်တို့ ဆိုင် ...ို ပုလိပ် လာပြီး မေးတာ မြန်း ...ာ ခံရတာ၊ ကိစ္စကတော့ တစ်နှစ် ...ောက် ရှိပါပြီ၊ လမ်းမှာ တခြား ...ီတလီ တစ်ယောက်ကို ဓားနှင့် ...ိုးပြီး ပြေးလာလို့ သူ့နောက်က ...ုလိပ်က တန်း လိုက် လာ တယ်၊ ...် ခါ တည်း ဖမ်းသွားတာပဲ၊

www.burmeseclassic.com



ဟုတ်တယ်၊ သူ့ နာမည်က ဗက်ပိုတဲ့၊ သူ့ နောက်နာမည်ကိုတော့ ကျွန်တော် မသိဘူး၊ ဒီလို ရုပ်မျိုး ရှိတဲ့ လူကို အလုပ် ခန့်ရမလားလို့ တချို့က ပြောကြသေးတယ်၊ ဒါပေမဲ့ ဒီကောင်က အလုပ်အကိုင် အင်မတန် တော်တဲ့ကောင် ခင်ဗျ'

'သူ ပြစ်ဒဏ် ဘယ်လောက် ရသွားသလဲ'

'ဓားနှင့် ထိုးခံရတဲ့လူ မသေဘူး ခင်ဗျ၊ သူတော့ တစ်နှစ်လောက် ထောင်ကျသွားတယ်၊ ခုတော့ လွတ်လောက်ရောပေါ့၊ ဒီကိုတော့ မလာရဲတော့ပါဘူး၊ ကျွန်တော့် အလုပ်ရုံမှာ သူနှင့် ညီအစ်ကို ဝမ်းကွဲ တစ်ယောက် ရှိတယ်၊ သူ့ကို မေးကြည့်ရင် သူ့ အကြောင်း သိမှာပေါ့'

ရှားလော့ဟုမ်းက

'အို အို၊ နေပါစေ၊ ဒီအကြောင်းကို သူ့ တစ်ဝမ်းကွဲ ညီအစ်ကိုကို ဘာမှ မပြောပါနှင့်၊ ဘာဆို ဘာမှ မပြောပါနှင့်၊ ဒီကိစ္စက တော်တော် အရေးကြီးတယ်ဗျ၊ ခုဟာက လိုက် စုံစမ်းလေလေ အရေးကြီးလာလေလေ ဖြစ်နေတယ်၊ အဲဒီ ရုပ်ပုံတွေကို ရောင်းတဲ့ လယ်ဂျာ စာရင်းထဲ ခင်ဗျား ပြန်ကြည့်လိုက်တုန်းက ဒီပုံတွေကို ရောင်းတဲ့ နေ့စွဲဟာ ဇွန်လ ၃ ရက်နေ့လို့ မှတ်လိုက်မိတယ်၊ ဗက်ပို အဖမ်းခံရတဲ့ ရက်စွဲကို ခင်ဗျား မှတ်မိသေးလား'

'လခ စာရင်းကို ပြန်ကြည့်လိုက်ရင် အကြမ်းဖျင်းတော့ ပြောနိုင်မှာပါ' ဟု ဆိုကာ မန်နေဂျာသည် စာရွက်များကို လှန်လှော ကြည့်လျက် ရှိလေ၏။

'တွေ့ပြီ ခင်ဗျ၊ သူ့ကို နောက်ဆုံး လခ ထုတ်ပေးလိုက်တာ မေလ ၂၀ ရက်နေ့မှာ'

'ကျေးဇူးတင်ပါတယ်ဗျာ၊ ခင်ဗျား အချိန်ကို ယူရတဲ့ အတွက် တောင်းပန်ပါတယ်၊ ခုလို စိတ်ရှည်လက်ရှည် ပြောပြတဲ့ အတွက် ကျေးဇူးတင်ပါတယ်'

ကျွန်ုပ်တို့သည် ဤသို့ လာရောက် စုံစမ်းကြောင်းကို မည်သူ့အားမျှ ပြောပြခြင်း မပြုရန် ဆိုင်ရှင်ကို သတိပေး ပြောကြားပြီးနောက် ပြန်လာခဲ့ကြလေ၏။

ပျော်ပွဲစားရုံ တစ်ခုတွင် နေ့လယ်စာ ဝင်စားသည့် အခါ၌ နေမှာ အတော်ကြီး စောင်းနေလေပြီ။ ဆိုင်ဝတွင် ထောင်ထားသည့် သတင်းစာ သင်ပုန်းကို ကြည့်လိုက်သည့် အခါတွင် 'ကင်ဆင်တန် ရုပ်ကွက် လူသတ်မှု၊ အရူး လက်ချက်ဖြင့် သေရခြင်း' ဆိုသည့် ခေါင်းစဉ်ကို မြင်လိုက်ရလေ၏။

သတင်းကို ဖတ်ကြည့်လိုက်သည့် အခါတွင် သတင်းစာဆရာ မစ္စတာ ဟားကား ရေးသည့် သတင်း ဖြစ်ပြီး အဖြစ်အပျက် တစ်ခုလုံးကို ဝေဝေဆာဆာ





ဖြင့် နှစ်ကော်လံပြည့်မျှ ဖော်ပြထားလေ၏။ ရှားလော့ဟုမ်းသည် သတင်းစာကို အချည် အငန် ပုလင်း ထည့်သည့် စင်ကလေးဖြင့် ထောင်ထားပြီး စားသောက်ရင်း သတင်းစာ ဖတ်လျက် ရှိလေ၏။ ဖတ်ရင်းလည်း တစ်ချက် နှစ်ချက် ရယ်လိုက်သေး၏။

'ရေးထားတာကတော့ စုံလို့ပဲဗျို့ ဝပ်ဆင်၊ နားထောင် ကြည့်စမ်း၊ စုံထောက် အဖွဲ့ကြီးမှ ဝါရင့် စုံထောက် တစ်ဦး ဖြစ်သည့် အင်စပက်တော် လက်စထရိတ်နှင့် ထင်ရှားသည့် နာမည်ကျော် စုံထောက်ကြီး ရှားလော့ဟုမ်း နှစ်ယောက်စလုံးကပင် ဤသို့ လူသတ်မှုဖြင့် အဆုံး သတ်သွားရသည့် အဖြစ်အပျက်များသည် ရာဇဝတ်မှု ကျူးလွန်ရန် ရည်ရွယ်ချက်ကြောင့် မဟုတ်ဘဲ စိတ်ဖောက်ပြန်သောကြောင့် ဖြစ်သည်ဟု ကောက်ချက် ချကြသည့် အတွက် ထိုအမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာတို့ အကြားတွင် ထင်မြင်ချက် ကွဲလွဲခြင်း မရှိကြောင်းကို တွေ့ရသည်မှာ များစွာ ကျေနပ်ဖွယ် ကောင်းလှ၏၊ အမှုသွားအမှုလာကို ကြည့်လျှင်လည်း စိတ်ဖောက်ပြန်ခြင်းကြောင့် ကျူးလွန်ခြင်း ဖြစ်ကြောင်း ထင်ရှားလျက် ရှိ၏တဲ့ဗျ၊ အိုင်ဆေး ဝပ်ဆင်၊ သတင်းစာ ဆိုတာ ဘယ်လို အသုံးချရမယ် ဆိုတာ သိရင် တော်တော် အဖိုးတန်တဲ့ တိုင်းပြည်ရဲ့ မဏ္ဍိုင်ကြီး တစ်ခုပဲဗျ၊ ကဲ စားသောက် ပြီးရင် ကင်ဆင်တန် ရပ်ကွက်ဘက်ကို သွားပြီး ဟာဒင်း ဘရားသား ကုန်တိုက်က ဆရာတွေဆီက ဘာများ ထူးဦးမလဲ ဆိုတာ သွား နားထောင်ကြဦးစို့ရဲ'

ဟာဒင်း ဘရားသား ကုန်တိုက်မှာ အလွန် ကြီးသည့် တိုက်ဆိုင်ကြီး တစ်ခု ဖြစ်လျက် ဆိုင်ရှင်မှာ အဝတ်အစားကို ရှိုးကျကျ ဝတ်ဆင်ထားပြီး ခပ်ညှက်ညှက် လူပုကလေး တစ်ယောက် ဖြစ်၍ သွက်လက် ချက်ချာသော သူ တစ်ယောက် ဖြစ်လေ၏။

'ဟုတ်ကဲ့ ခင်ဗျာ၊ ဒီအကြောင်းကို ညနေ သတင်းစာတွေထဲမှာ ကျွန်တော် ဖတ်ပြီးပါပြီ၊ မစ္စတာ ဟားကားဟာ ကျွန်တော်တို့ ဖောက်သည် တစ်ဦးပါ၊ လွန်ခဲ့တဲ့ သုံးလေးလလောက်တုန်းက သူ့ဆီကို ကိုယ်တစ်ပိုင်းပုံ ရုပ်တုတွေ ပို့လိုက်ရပါတယ်၊ ကျွန်တော်တို့က အဲဒီ ရုပ်တုပုံမျိုးတွေကို စတက်နေမှာ ရှိတဲ့ ဂျဲလ်ဒါး ကုမ္ပဏီက မှာတာပါ၊ ခုတော့ အားလုံး ရောင်းလို့ ကုန်ပါပြီ ခင်ဗျာ၊ ဘယ်သူ့ကို ရောင်းသလဲ ဟုတ်လား၊ ဟုတ်ကဲ့၊ ကျွန်တော်တို့ အရောင်းစာအုပ်ကို ပြန်ကြည့်လိုက်ရင် ဘယ်သူ့ကို ရောင်းတယ် ဆိုတာ အလွယ်တကူ သိနိုင်ပါတယ်၊ ဟောဒီမှာ ခင်ဗျာ၊ တစ်ခုက မစ္စတာ ဟိုးရေ့ ဟားကား၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုက ငုနီလာ ရိပ်သာက မစ္စတာ ဂျိုရိုယာ ဘရောင်း၊ တစ်ခုက ရက်ဒင်းက လိုးဝါး ဂရို လမ်းမှာ နေတဲ့ မစ္စတာ ဆင်ဒီဖို့တဲ့ ခင်ဗျ၊ ဟင့်အင်း၊ စုံထောက်ကြီး ပြတဲ့ ဓာတ်ပုံထဲက လူကို ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူး ခင်ဗျ၊ ဒီလောက် အရုပ်ဆိုးတဲ့ လူကိုလည်း မမြင်ဖူးဘူး၊ ကျွန်တော်ဖြင့် သူ့ရုပ်ကို မြင်လိုက်တာ တစ်သက်လုံး မေ့မှာတောင် မဟုတ်တော့ဘူး ထင်တယ်၊ ခင်ဗျား ကျွန်တော့် ဆိုင်မှာ အီတလီ လူမျိုး အလုပ်သမား ရှိသလား၊ ဟုတ်လား၊ ဟုတ်ကဲ့၊ သန့်ရှင်း ရေးသမားတွေ၊ အထမ်းအပိုးသမားတွေထဲမှာတော့ အများကြီးပဲ ခင်ဗျ၊ ဟုတ်ကဲ့၊ သူတို့ ကြည့်ချင်တယ် ဆိုရင်တော့ ဒီအရောင်း စာအုပ်ကို ကြည့်နိုင်တာပေါ့ ခင်ဗျာ၊ တစေ့တစောင်း ကြည့်မှာပေါ့၊ ဒီ စာအုပ်ကြီးကို ဘယ် စောင့်နေနိုင်ပါ့မလဲ၊ ဟုတ်ပါတယ် ခင်ဗျာ၊ သော်တော် ဆန်းတဲ့ အဖြစ်အပျက်ပဲ၊ စုံထောက်ကြီးတို့ စုံစမ်းလို့ ရတဲ့ အထဲက ထူးခြားတာများ ရှိရင် ကျွန်တော်လည်း သိပါရစေ ခင်ဗျာ၊ ဟုတ်ကဲ့'

ဆိုင်ရှင် မစ္စတာ ဟာဒင်း၏ ထွက်ချက်ကို ရှားလော့ဟုမ်းသည် ကောင်းစွာ ရေးမှတ် ယူထားလိုက်လေ၏။ ရှားလော့ဟုမ်းကို ကြည့်ရသည်မှာ စုံစမ်းရရှိသည့် အချက်အလက်များပေါ်တွင် များစွာ ကျေနပ်နေဟန် ရှိလေ၏။ သို့ရာတွင် ရှားလော့ဟုမ်းသည် လက်စထရိတ်နှင့် ချိန်းထားသည့် အတွက် နောက်ကျမည် စိုးသဖြင့် ခပ်သုတ်သုတ် သွားရမည်ဟုသာ ပြောပြီး အခြား မည်သို့မျှ ပြောဆိုခြင်း မပြုချေ။

ထင်သည့် အတိုင်းပင် ဘေကာလမ်းသို့ ကျွန်ုပ်တို့ ရောက် သွား သည့် အချိန်၌ လက်စထရိတ် ရောက်နှင့်နေလေပြီ။ လက်စထရိတ်သည် စိတ် မရှည်နိုင်ဟန်ဖြင့် အခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်လျက် ရှိလေ၏။ သူ့မျက်နှာကို ကြည့်ခြင်းဖြင့် ထိုနေ့တွင် သူ့လုပ်ငန်းမှာ အချည်းနှီး မဖြစ်ကြောင်း သိသာနိုင်ပေ၏။

'ဘယ့်နှယ်လဲ မစ္စတာ ဟုမ်း၊ ဘာထူးခဲ့သလဲ'

'အင်း တစ်နေ့လုံးဗျာ၊ လုပ်လိုက်ရတာ ဖတ်ဖတ်ကို မောနေတာပဲ၊ သို့သော်လည်း အချည်းနှီးတော့ မဖြစ်ပါဘူးလေ၊ ရုပ်တုတွေကို ထုတ်တဲ့ လက်ကား တိုက်ကြီးတွေနှင့် လက်လီ ရောင်းတဲ့ တိုက်ဆိုင်တွေကိုပါ ရောက်ခဲ့တယ်ဗျ၊ ခု ရုပ်ပုံတွေရဲ့ ဇာစ်မြစ်က စပြီး လိုက်လို့ ရပါပြီ'

'ဘာ၊ ရုပ်တုတွေကို လိုက်ကြည့်တယ် ဟုတ်လား၊ အေးလေ၊ ကိုယ့်နည်းနှင့်ကိုယ် လိုက်ကြည့်ပေါ့၊ ကျွန်တော့် အနေနှင့် ဘာမှ ပြောစရာ မရှိပါဘူး၊





ဒါပေမဲ့ ကျွန်တော်ကတော့ ခင်ဗျားထက် အခြေအနေ ကောင်းတယ်ဗျ၊ သေသူရဲ့ အမည်ကို သိလာခဲ့ပြီ'

'တကယ်လား'

'ရာဇဝတ်မှု ကျူးလွန်တဲ့ ရည်ရွယ်ချက်ကိုတောင် တွေ့ခဲ့ပြီ ခင်ဗျ'

'ကောင်းပါလေ့ဗျာ'

'ကျွန်တော်တို့ ရုံးမှာ အီတလီ ရပ်ကွက်တွေကို တော်တော် နှံ့စပ်တဲ့ အင်စပက်တော် တစ်ယောက် ရှိတယ် ခင်ဗျ၊ သူ့ နာမည်က ဟီးလ်တဲ့၊ သေသူရဲ့ လည်မှာ ဗရင်ဂျီ ဘာသာဝင်တွေရဲ့ အမှတ်အသား တစ်ခု ဆွဲထားတယ်၊ သူ့ အသားအရေကို ကြည့်ပြီး အီတလီ တောင်ပိုင်းသားလို့ ယူဆရတယ်၊ အင်စပက်တော် ဟီးလ်က သူ့ ရုပ်ကို မြင်တာနှင့် တစ်ပြိုင်နက် ချက်ချင်း မှတ်မိလိုက်တယ်၊ သူ့ နာမည်က ပီယက်ထရို ဗင်နုစီတဲ့၊ နေပဲလ် နယ်သား၊ လန်ဒန်မြို့မှာတော့ အင်မတန် နာမည်ကြီးတဲ့ လူမိုက် တစ်ဦးပေါ့ ခင်ဗျာ၊ သူက လျှို့ဝှက်နိုင်ငံရေး ဂိုဏ်း တစ်ဂိုဏ်း ဖြစ်တဲ့ အီတလီ မာဖီးယား ဂိုဏ်းဝင် ခင်ဗျ၊ အဲဒီဂိုဏ်းက သူတို့ကို ဆန့်ကျင်တဲ့ လူတွေကို လိုက်ပြီး သုတ်သင်လေ့ ရှိတယ်၊ ကဲ ဒီလောက် သိရရင် ပြဿနာက တော်တော်လေး ရှင်းသွားပြီ မဟုတ်လား၊ တခြား တစ်ယောက်က သူ့ ဂိုဏ်းက စည်းမျဉ်းကို ဖောက်တဲ့ သူတို့ ဂိုဏ်းသား တစ်ယောက် ခင်ဗျ၊ ဒါ့ကြောင့် ပီယက်ထရိုကို ဒီလူ့နောက်ကို အလိုက်ခိုင်းတယ်၊ သူ အဲဒီလို လိုက်ရာမှာ လူ မမှားအောင် ဆိုပြီး အိတ်ထဲမှာ ဓာတ်ပုံ ထည့်လာခဲ့ပုံပဲ၊ ဒါ့ကြောင့် သူ့အိတ်ထဲမှာ တွေ့ရတဲ့ ဓာတ်ပုံဟာ သူတို့ လိုက်နေတဲ့ လူရဲ့ ဓာတ်ပုံ ခင်ဗျ၊ ဒါနှင့် အဲဒီလူ နောက်က လိုက်လာတော့ အဲဒီလူ အိမ် တစ်အိမ်ထဲကို ဝင်သွားတာ မြင်လိုက်တယ်၊ အပြင်ကနေ စောင့်နေတယ်၊ ထွက်လာတော့ ဒီလို လုံးထွေး သတ်ပုတ်ရင်းနှင့် ဓားနှင့် အလှီးခံရပြီး သေသွားတာပဲ၊ ဘယ့်နှယ်လဲ မစ္စတာ ဟုမ်း၊ ရှင်းတယ် မဟုတ်လား'

ရှားလော့ဟုမ်းက ထောက်ခံသည့် အနေဖြင့် လက်ခုပ် တီးလိုက်လျက်

'ကိုယ့်လူ လက်စထရိတ်၊ တော်ပါပေတယ်ဗျာ၊ တော်ပါပေတယ်၊ ဒါပေမဲ့ ရုပ်တုတွေကို လိုက်ခွဲပစ်နေတဲ့ အကြောင်းက ဘာမှ မပါပါလားဗျ'

'ဩော် ခက်တော့တာပဲ၊ မစ္စတာ ဟုမ်းမှာလည်း ဒီ ကိုယ် တစ် ပိုင်း ရုပ်တုတွေကိုပဲ စိတ်ထဲက စွဲနေတော့တာကိုး၊ ဒါတွေက အလကားပါ ခင်ဗျ၊ ရာဇဝတ်မှု အသေးကလေးတွေပါ၊ အလွန်ဆုံး ကျရင် ထောင် ခြောက်လပေါ့၊ ကျွန်တော်တို့ စုံစမ်းနေတာက လူသတ်မှု ခင်ဗျ၊ လူသတ်မှု၊ ကျွန်တော် ရှင်း



www.burmeseclassic.com

www.burmeseclassic.com

ရှင်းပဲ ပြောလိုက်မယ်ဗျာ၊ သဲလွန်စတွေ အားလုံး ကျွန်တော့် လက်ထဲမှာ ဆုပ်ကိုင်ထားနေပြီ'

'နောက်တစ်ဆင့်ကကော'

'အလွယ်ကလေးပါ ခင်ဗျာ၊ ဟီးလ်ကို ခေါ်ပြီး အီတလီ ရပ်ကွက်ကို သွား၊ ဓာတ်ပုံထဲက လူကို လိုက်ရှာ၊ လူသတ်မှုနှင့် ဒီလူကို ဖမ်းရုံပေါ့၊ မစ္စတာ ဟုမ်းကော လိုက်ဦးမလား'

'မလိုက်တော့ပါဘူးဗျာ၊ ကျုပ် အထင်ကတော့ ဒီထက် လွယ်လွယ်နှင့် ပြီးလိမ့်မယ် ထင်တာပဲ၊ ကံသေ ကံမတော့ မပြောနိုင်သေးဘူးပေါ့ဗျာ၊ ဘာဖြစ်လို့လဲ ဆိုတော့ အင်း၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီအမှု ပေါ် မပေါ် ဆိုတာ ကျုပ်တို့ ချုပ်ကိုင်ခြင်း မရှိတဲ့ အချက် တစ်ချက်ပေါ်မှာ တည်နေပေတာကိုး၊ ဘာပဲဖြစ်ဖြစ် မျှော်လင့်ချက်တော့ ရှိပါတယ်၊ ဒီနေ့ည ကျုပ်တို့နှင့် လိုက်ခဲ့ရင်တော့ သူ့ကို ဆွဲပြနိုင်မယ် ထင်တာပဲ၊ လောင်းချင်သပ ဆိုရင် နှစ်လေး တစ်လေး လောက်တော့ ပေးရဲပါရဲ့၊ လိုက်ကြည့်လှည့်ပေါ့'

'ဘယ်မှာလဲ၊ အီတလီ ရပ်ကွက်မှာလား'

'မဟုတ်ဘူးဗျ၊ ချီစဝစ် ရပ်ကွက်မှာလို့ ယူဆရတယ်၊ ဒီတော့ ခင်ဗျား ကျုပ်တို့နှင့် ချီစဝစ် ရပ်ကွက်ကို လိုက်ရင် ကျုပ်ကလည်း ခင်ဗျားနှင့် မနက် ဖြန်မှာ အီတလီ ရပ်ကွက်ကို လိုက်မယ်၊ ဘယ့်နှယ်လဲ၊ မနက်ဖြန်မှ သွားလည်း ရပါတယ်ဗျ၊ ခုတော့ တစ်ရေးတစ်မော အိပ်ပြီး အနား ယူလိုက်ချင်သေးတယ်၊ ကျုပ်တို့ သွားရမှာက ဆယ့်တစ်နာရီမှ သွားပြီး မနက်ကျမှ ပြန်ချင် ပြန်လာရမှာ၊ ခင်ဗျားလည်း ကျုပ်တို့နှင့် အတူ ညစာ စားပေါ့၊ ပြီးတော့ ဟောဒီ ဆိုဖာပေါ်မှာ တစ်ရေးတစ်မော လှဲလိုက်ဦး၊ အိုင်ဆေး ဝပ်ဆင်ရေ၊ စာ အမြန်ပို့တဲ့ စာပို့သမားကို တစ်ဆိတ် လှမ်း ခေါ်လိုက်စမ်းပါဗျာ၊ ကျုပ် စာ တစ်စောင် ပို့ချင်လို့၊ စာက ချက်ချင်း ပို့မှ ဖြစ်မှာ'

ထိုနေ့ည တစ်ညနေလုံး ရှားလော့ဟုမ်းသည် စတိုခန်းသို့ တက်ကာ သတင်းစာ အဟောင်းများကို တွဲထားသည့် ဖိုင်များကို လှန်လှော မွှေနှောက်လျက် ရှိလေ၏။ နောက်ဆုံး စတိုခန်းမှ ဆင်းလာသည့် အခါ ရှားလော့ဟုမ်း၏ မျက်လုံးများထဲတွင် ကျေနပ် အားရသည့် အရိပ်အယောင်ကို မြင်ရလေ၏။ သို့ရာတွင် ကျွန်ုပ်တို့ နှစ်ယောက်ကိုမူကား ထိုအကြောင်းနှင့် ပတ်သက်၍ တစ်လုံးမျှ ပြောဆိုခြင်း မပြုချေ။ ရှားလော့ဟုမ်းသည် မည်သည်ကို ရည်ရွယ်၍ ဤသို့ ပြုလုပ် နေသနည်းဟု ကျွန်ုပ် မပြောနိုင်သည့်တိုင် ရှုပ်ထွေးသော ဤအမှု၏ အကွေ့



အကောက်များကို တစ်ဆင့်ပြီး တစ်ဆင့် ခြေရာ ကောက်သွားသည့် ရှားလော့ဟုမ်း၏ နည်းများကို ကျွန်ုပ် နားလည်နိုင်ပါသည်။ ထူးဆန်းသည့် ထိုရာဇဝတ်ကောင်သည် ကျန်သေးသည့် ရုပ်တု နှစ်ခုကို လာရောက် ရိုက်ခွဲလိမ့်ဦးမည်ဟု ရှားလော့ဟုမ်း မျှော်လင့်ထားကြောင်းကိုလည်း ကျွန်ုပ် ရိပ်မိလိုက်ပေ၏။

ကျွန်ုပ် မှတ်မိသလောက် ဆိုလျှင် ရုပ်တု နှစ်ခု အနက် တစ်ခုမှာ ချီစဝစ် ရပ်ကွက်တွင် ရှိရာ ယနေ့ည ချီစဝစ်သို့ သွားမည် ဆိုခြင်းမှာလည်း ထိုရာဇဝတ်ကောင်ကို ဖမ်းရန်ပင် ဖြစ်လိမ့်မည်ဟု ကျွန်ုပ် ထင်မိပေ၏။ မိမိ၏ အကြံအစည်ကို ရာဇဝတ်ကောင် မသိစေခြင်းငှာ သတင်းစာသို့ လုပ်ကြံ သတင်း ပေးလိုက်သည့် ရှားလော့ဟုမ်း၏ ကြံရည်ဖန်ရည်ကိုလည်း ကျွန်ုပ် ချီးမွမ်းရပေ၏။

ကျွန်ုပ်တို့ သွားလျှင် ခြောက်လုံးပြူး ယူလာခဲ့ရန် မှာသည့် အခါ၌မူ ကျွန်ုပ်သည် အံ့သြခြင်း မဖြစ်တော့ချေ။ သူ ကိုယ်တိုင်မှာလည်း သူ့ စိတ်ကြိုက် လက်နက် တစ်ခု ဖြစ်သည့် ခဲသီးတပ် ဟန်တိန် တုတ်ကို ကိုင်လာခဲ့လေ၏။

ည ဆယ့်တစ်နာရီတွင် ရထား ရောက်လာသဖြင့် ကျွန်ုပ်တို့သည် ထို ရထားကို စီးကာ ဟမ်းမား စမစ် တံတားကြီး၏ တစ်ဖက်ရှိ တစ်နေရာသို့ လာခဲ့ကြလေ၏။

ကျွန်ုပ်တို့သည် ရထားသမားကို ထိုနေရာတွင် အစောင့် ခိုင်းခဲ့ကြပြီး အနည်းငယ် လျှောက်လိုက်သည့်တွင် ကိုယ့်ဝင်း ကိုယ့်ခြံနှင့် သပ်သပ်ရပ်ရပ် ရှိသည့် အိမ်ကလေးများ ရှိရာ ကတ္တရာလမ်း တစ်ခုပေါ်သို့ ရောက်လာခဲ့ကြရာ ခြံတစ်ခြံ၏ ဝင်းဝတွင် 'ငုနီလာ ရိပ်သာ' ဟု ဆိုင်းဘုတ် ဆွဲထားသည်ကို လမ်းမှ မီးရောင်တွင် မြင်ရလေ၏။ အိမ်ရှင်များမှာ အိပ်ပျော်နေကြလေပြီ။ အဝင် တံခါးပေါက် အထက် လိပ်ပြာတောင် လေဝင်ပေါက်ကလေးမှ မီးရောင်မှ တစ်ပါး တစ်အိမ်လုံးမှာ မှောင်မည်းလျက် ရှိပေ၏။ မီးရောင်သည် ခြံဝင်လမ်းပေါ်သို့ မှုန်ရီ မှုန်ဝါး ဖြာကျလျက် ရှိလေ၏။ သစ်သား ခြံစည်းရိုးကလေး အလယ်တွင် မီးရောင် မရောက်ဘဲ မှောင်ရိပ် ထိုးလျက် ရှိလေရာ ကျွန်ုပ်တို့သည် ထိုမှောင်ရိပ်ထဲတွင် ဝပ်နေကြလေ၏။

'တော်တော်လေးတော့ စောင့်ရလိမ့်မယ် ထင်တယ်ဗျို့၊ မိုး မရွာပါစေနှင့်လို့ပဲ ဆုတောင်းရမှာပဲ၊ ပျင်းတယ် ဆိုပြီး ဆေးလိပ်တောင် ယောင်လို့ မဖွာလိုက်နှင့်နော်၊ သို့သော်လည်း ဒုက္ခ ခံရသလောက် မျှော်လင့်ချက်ကတော့ တစ်ဝက်လောက် ရှိပါတယ်ဗျာ'

သို့ရာတွင် ရှားလော့ဟုမ်း ထင်ခဲ့သကဲ့သို့ ကြာရှည်စွာ စောင့်ဆိုင်းခြင်း မပြုလိုက်ရချေ။ ကျွန်ုပ်တို့ စောင့်ဆိုင်းမှုသည် ရုတ်တရက် ထူးဆန်းစွာပြီးဆုံး



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့၏။ တစ်ခဏ အတွင်း၌ အသံဗလံ ဟူ၍ လုံးဝ မကြားရဘဲ ဝင်းတံခါးသည် အသာ ပွင့်လာကာ မျောက်ဝံ တစ်ကောင်ကဲ့သို့ လျင်မြန် သွက်လက်သည့် မည်းမည်း ရှည်ရှည် သဏ္ဌာန် တစ်ခုသည် ခြံဝင်းလမ်းကလေး တစ်လျှောက် ပြေးလာလေ၏။ ထိုသဏ္ဌာန်သည် လိပ်ပြာတောင် တံခါးပေါက်မှာ ဖြာကျနေသော အလင်းရောင်ထဲတွင် လှစ်ခနဲ ဖြတ်သန်းပြီးနောက် အမှောင်ထဲသို့ တစ်ဖန် ပျောက်ကွယ်သွားပြန်လေ၏။ အတန်ကြာမျှ တိတ်ဆိတ်နေသည့် အတောအတွင်း၌ ကျွန်ုပ်တို့မှာ အသက်ကိုမျှ ကောင်းစွာ မရှူရဲကြဘဲ ဝပ်လျက် ရှိနေကြစဉ် တကျွိကျွိ မြည်သော အသံ တစ်ခုသည် ခပ်တိုးတိုး ပေါ်လာလေ၏။ ပြတင်းပေါက်မှာ ပွင့်၍ သွားခဲ့လေပြီ။ အသံသည် ရပ်သွားကာ တိတ်ဆိတ်လျက် ရှိနေပြန်၏။ အခန်းထဲတွင် ကျားမီးခွက် တစ်လုံးမှ မီးရောင် လက်ခနဲ ပေါ်လာပြီးနောက် မီးရောင်သည် တစ်ခန်းမှ တစ်ခန်းသို့ လက်ခနဲ လက်ခနဲ ပြောင်းလျက် ရှိသဖြင့် ထိုလူသည် သူ လိုချင်သည့် အရာကို လိုက်လံ ရှာဖွေနေဟန် ရှိပေ၏။

'လာဗျာ၊ ပြတင်းပေါက်နားက စောင့်ရအောင်၊ အထွက်မှာ ဆီးဖမ်းမယ်' ဟု လက်စထရိတ်က တိုးတိုး ပြောလေ၏။

သို့ရာတွင် ကျွန်ုပ်တို့ မသွားမီ ထိုလူသည် အခန်းထဲမှ ပြန်ထွက်လာလေ၏။ မှိန်ဝါးဝါး အလင်းရောင်ထဲသို့ ဖြတ်လိုက်သည့် အခါတွင် ထိုလူ၏ ချိုင်းကြားတွင် တစ်စုံတစ်ရာကို ပိုက်ထားသည်ကို တွေ့ရလေ၏။ ထိုလူသည် အနီး ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်၏။ တိတ်ဆိတ်လျက် ရှိသော ပေတစ်ရာလမ်းကို မြင်သည့် အခါတွင် စိတ်ချလက်ချ ရှိသွားဟန် တူ၏။ ထို့နောက် ကျွန်ုပ်တို့ကို ကျောပေးကာ သယ်လာသည့် ပစ္စည်းကို အောက်သို့ ချလိုက်လေရာ ဒုတ် ဆိုသော အသံကို ကြားရပြီး နောက်တွင် ကျကွဲသံများကို ကြားလိုက်ရလေ၏။ ထိုလူသည် သူ့ လုပ်ငန်းကို စိတ်ဝင်စားလျက် ရှိခြင်းကြောင့် မြက်ခင်းပေါ်သို့ ဖြတ်ကာ သူ့ဆီသို့ ခပ်ဖော့ဖော့ ပြေးလာသော ခြေသံများကို ကြားလိုက်ဟန် မတူချေ။

ရှားလော့ဟုမ်းသည် ကျားတစ်ကောင်ကဲ့သို့ သူ့ကို နောက်မှ ခုန်အုပ်လိုက်သည်တွင် လက်စထရိတ်နှင့် ကျွန်ုပ်တို့ကလည်း သူ့ လက်တစ်ဖက်စီကို ဆွဲကာ လက်ထိတ် ခတ်လိုက်ကြလေ၏။ မျက်နှာကို ကြည့်လိုက်သည့် အခါတွင်မူ ကျွန်ုပ်တို့အား ဒေါသ အမျက် ခြောင်းခြောင်းဖြင့် ကြည့်နေသည့် အရုပ်ဆိုးဆိုး မျက်နှာကြီးကို မြင်ရလေ၏။ ထိုလူမှာ ဓာတ်ပုံထဲတွင် ပါသော လူ ဖြစ်ကြောင်း တွေ့ရလေ၏။







ရှားလော့ဟုမ်းသည်
ကျားတစ်ကောင်ကဲ့သို့ သူ့ကို နောက်မှ
ခုန်အုပ်လိုက်သည်တွင် ...



www.burmeseclassic.com

www.burmeseclassic.com





*အိမ်ထဲမှ မီးများ ပွင့်လာကာ ခပ်ပျော့ပျော့ နေတတ်ဟန် ရှိသည့် ပု ဝဝ တစ်ယောက် ထွက်လာလေ၏။*

သို့ရာတွင် ရှားလော့ဟုမ်းမှာမူ ကျွန်ုပ်တို့ လက်ရ ဖမ်းဆီး ရမိထားသည့် တရားခံကို မကြည့်ဘဲ လှေကားဝတွင် ဆောင့်ကြောင့် ထိုင်ကာ ထိုလူ အိမ်ထဲမှ ခိုးယူထားသော ပစ္စည်းကို သေချာစွာ ငုံ့ကြည့်လျက် ရှိလေ၏။ ထိုအရာမှာ ကျွန်ုပ်တို့ မနက်က မြင်ခဲ့ရသော နပိုလီယန်၏ ရုပ်တု ဖြစ်ပြီး ယခင် ပုံတူများကဲ့သို့ပင် အစိတ်စိတ် အမြွာမြွာ ဖြစ်လျက် ရှိလေ၏။ ရှားလော့ဟုမ်းသည် ပလတ်စတာ အကွဲအကလေးများကို အလင်းရောင်တွင် ထောင်ကြည့်လိုက်သော်လည်း သူ ကိုင်ထားသည့် အကွဲကလေးများမှာ ကွဲသွားသော ပလတ်စတာများနှင့် တစ်ပုံတစ်ရာ ကွဲပြားမှု ရှိသည်ကို မတွေ့ရချေ။ ထိုသို့ စစ်ဆေး ကြည့်ရှုပြီးခါနီးတွင် အိမ်ထဲမှ မီးများ ပွင့်လာကာ ဘောင်းဘီနှင့် အင်္ကျီတို့ကို ဝတ်ဆင်ပြီး ခပ်ပျော့ပျော့ နေတတ်ဟန် ရှိသည့် ပု ဝဝ တစ်ယောက် ထွက်လာလေ၏။

'မစ္စတာ ဂျိုရှိုယာ ဘရောင်းလားဗျ' ဟု ရှားလော့ဟုမ်းက မေးလိုက်၏။

'ဟုတ်ပါတယ် ခင်ဗျာ၊ ဒီက မိတ်ဆွေကြီးက မစ္စတာ ရှားလော့ဟုမ်း ထင်ပါရဲ့နော်၊ အမြန် စာပို့လုလင်နှင့် ပို့လိုက်တဲ့ စုံထောက်ကြီးရဲ့ စာကို ရပါတယ် ခင်ဗျာ၊ စုံထောက်ကြီး အမိန့် ရှိတဲ့ အတိုင်း အတိအကျ လိုက်နာပါတယ်၊ အိမ်တံခါးတွေ အားလုံးကို အတွင်းက ပိတ်ထားပြီး စောင့်ပါတယ်၊ တရားခံကို မိလို့ ဝမ်းသာလိုက်တာ ခင်ဗျာ၊ လာပါ၊ အထဲ ကြွပြီး တစ်ခုခု သုံးဆောင်ကြပါဦး'





သို့ရာတွင် လက်စထရိတ်မှာ သူ့လူကို လုံခြုံရာသို့ ပို့ချင်နေလေပြီ။ ထို့ကြောင့် မိနစ် အနည်းငယ် အတွင်းတွင် ကျွန်ုပ်တို့ အစောင့်ခိုင်းခဲ့သော ရထားကို ခေါ်ကာ ကျွန်ုပ်တို့ လေးယောက်စလုံး လန်ဒန်သို့ ပြန်ခဲ့ကြလေ၏။

တရားခံမှာ စကား တစ်လုံးမှ ပြောဆိုခြင်း မပြုချေ။ သို့ရာတွင် ထူထဲသော အမွေး အမှင်များ အောက်မှ ကျွန်ုပ်တို့ကို စိမ်းစိမ်းကြီး ကြည့်လျက် ရှိပြီးနောက် တစ်ခါတွင်မူ အနီးသို့ ရောက်သွားသည့် ကျွန်ုပ်၏ လက်တစ်ဖက်ကို ဝံပုလွေ ဟပ်သကဲ့သို့ လှမ်းဟပ်လိုက်သေး၏။ ဂါတ်တွင် အတန်ကြာမျှ ကျွန်ုပ်တို့ ရှိနေသည့် အတောအတွင်း ထိုလူ၏ အင်္ကျီကို ရှာဖွေရာ သျှိလင် အနည်းငယ်နှင့် လောလောလတ်လတ် သွေးစွန်းထားသည့် ဓားအိမ်တပ် ဓားမြှောင် တစ်ချောင်းမှအပ အခြား မည်သည့် ပစ္စည်းကိုမျှ မတွေ့ရချေ။

ကျွန်ုပ်တို့ ပြန်ခါနီးတွင် လက်စထရိတ်က

'အားလုံးတော့ အဆင် ချောသွားပါပြီ မစ္စတာ ဟုမ်း၊ ဒီကောင်တွေ အကြောင်းကို ဟီးလ် ကောင်းကောင်း သိပါတယ်၊ ဟီးလ် စစ်ရင် ပေါ်မှာပါ၊ ကျွန်တော် ပြောတဲ့ အတိုင်း မာဖီးယား ဂိုဏ်းရဲ့ အဆက်ပဲ ဖြစ်မှာပါပဲ၊ ဘယ်လိုပဲ ဖြစ်ဖြစ်လေ စုံထောက်ကြီး ကျေးဇူးကို မမေ့ပါဘူး၊ စုံထောက်ကြီး လိုက်ပုံကလေးက ပိရိပါပေတယ် ခင်ဗျာ၊ သို့သော်လည်း ကျွန်တော့် အနေနှင့်တော့ သိပ် မရှင်းလှသေးဘူး ခင်ဗျ'

ရှားလော့ဟုမ်းက

'ဒီနေ့ညတော့ တော်တော်လေး ညဉ့်နက်သွားပြီဗျ၊ ရှင်းပြရရင် ဇာတ်လမ်းက အရှည်ကြီး၊ ပြီးတော့လည်း မပြီးပြတ်တဲ့ အချက်ကလေး တစ်ချက်နှစ်ချက်လောက်လည်း ကျန်သေးတယ်၊ မနက်ဖြန် ညနေ ခြောက်နာရီလောက် ကျုပ်တို့ အခန်းကို လာရင်တော့ အမှု ကျူးလွန်ရတဲ့ အကြောင်းကို ခင်ဗျား မှုပိုင် သဘော မပေါက်သေးဘူး ဆိုတာကို လက်ဆုပ်လက်ကိုင် ပြနိုင်ကောင်းပါလို့ မျှော်လင့်ရတာပဲ၊ ဒီမှာ လက်စထရိတ်၊ ဒီအမှုဟာ ရာဇဝတ်မှု သမိုင်းမှာ ထက်တော် ထူးခြားတဲ့ အမှုဗျ၊ ဗျို့ ဝပ်ဆင်၊ ကျုပ် စွန့်စားခန်းကလေးတွေကို မှတ်ရေးဦးမယ် ဆိုလို့ ရှိရင် ဟောဒီ နပိုလီယန် ရုပ်တု ခြောက်ခုနှင့် ပတ်သက်တဲ့ စွန့်စားခန်းကြောင့် ခင်ဗျား မှတ်တမ်းဟာ ပိုပြီး ဖတ်ကောင်းဦးမှာ အမှန်ပဲဗျ'



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ ညနေ ကျွန်ုပ်တို့ ပြန်တွေ့ကြသည့် အခါ၌ လက်စထရိတ်သည် တရားခံထံမှ ကြားသိရသည့် သတင်းများကို ကျွန်ုပ်တို့အား ပြောပြလေ၏။ ထို လူ၏ အမည်မှာ ဗက်ပို ဖြစ်ပြီး ဒုတိယ အမည်ကိုမူ မသိရချေ။ အီတလီ ရပ် ကွက်တွင် နာမည်ကြီး လူလေ လူလွင့် တစ်ယောက် ဖြစ်လျက် တစ်ခါက ကျွမ်းကျင်သည့် ပန်းပုဆရာ တစ်ယောက် ဖြစ်ပြီး ရိုးသားစွာ လုပ်ကိုင် စား သောက်ခဲ့၏။ ထို့နောက်တွင် လမ်းမှား လိုက်မိသဖြင့် ထောင် နှစ်ခါ ကျဖူးသည် ဆို၏။ တစ်ခါတွင်မူ ခိုးမှု ဖြစ်ပြီး နောက်တစ်ကြိမ်မှာမူ ကျွန်ုပ်တို့ ကြားသိပြီး ဖြစ်သည့် အတိုင်း အီတလီ လူမျိုး တစ်ယောက်ကို ဓားနှင့် ထိုးသောကြောင့် ဖြစ်လေ၏။ အင်္ဂလိပ် စကားလည်း ကောင်းစွာ ပြောတတ်၏။ ရုပ်တုများကို ဖျက် ဆီးသည့် အကြောင်းရင်းကိုမူ ယခုတိုင် မသိရသေးချေ။ ထိုကိစ္စနှင့် ပတ်သက်၍ မေးမြန်းသည့် မေးခွန်းများကို ဖြေဆိုရန် ငြင်းလျက် ရှိကြောင်းဖြင့်လည်း သိ ရ၏။ ထိုရုပ်တုများမှာ သူကိုယ်တိုင် ထုလုပ်ထားသည့် ရုပ်တုများ ဖြစ်သည်ဟု ပုလိပ်ဘက်က ယူဆထားကြောင်း သိရ၏။

ရှားလော့ဟုမ်းသည် ကျွန်ုပ်တို့ သိပြီးသား ဖြစ်သော ထိုအချက်များ အားလုံးကို စိတ်ရှည်လက်ရှည် နားထောင်လျက် ရှိလေ၏။ သို့ရာတွင် ရှား လော့ဟုမ်း အကြောင်းကို သိသည့် ကျွန်ုပ်အဖို့ကား ရှားလော့ဟုမ်း၏ စိတ်သည် တခြားသို့ ရောက်နေကြောင်းကို သတိ ပြုမိပေ၏။ ရှားလော့ဟုမ်းသည် လက် စထရိတ်၏ စကားများကို နားထောင်နေရသော်လည်း တစ်စုံတစ်ရာကို တထင့် ထင့် ဖြစ်နေကြောင်း ကျွန်ုပ် သတိပြုလိုက်မိ၏။

နောက်ဆုံး၌ ရှားလော့ဟုမ်းသည် ကုလားထိုင်မှ ထလိုက်လေရာ သူ့ မျက်လုံးများသည် တဖျပ်ဖျပ် တောက်ပလျက် ရှိလေ၏။ တံခါးမှ ခေါင်းလောင်း လှုပ်သံ ပေါ်လာကာ ခဏ ကြာလျှင် လှေကားပေါ်သို့ တက်လာသည့် ခြေသံ များကို ကြားရပြီးနောက် အသက်ကြီးကြီး၊ မျက်နှာ နီနီ၊ ဖြူဖွေးသည့် ပါး သိုင်းမွေး ကျင်စွယ်တို့ ရှိသည့် လူတစ်ယောက် ဝင်လာလေ၏။ ထိုလူသည် လက် ထဲတွင် ကိုင်လာသည့် ရှေးခေတ်သုံး ကော်ဇောအိတ် တစ်လုံးကို စားပွဲပေါ်သို့ တင်လိုက်၏။

'မစ္စတာ ရှားလော့ဟုမ်း ရှိပါသလား ခင်ဗျာ'

ရှားလော့ဟုမ်းက ပြုံး၍ ခေါင်းညိတ်လိုက်ပြီး





'ရက်ဒင်းက မစ္စတာ ဆင်ဒီဖို့ မဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော် နည်းနည်း နောက်ကျသွားပါတယ်၊ တစ်ခါ တစ်ခါမှာ ရထားတွေကလည်း ပျောက် ပျောက်နေတယ် ခင်ဗျ၊ ကျွန် တော့်ဆီမှာ ရှိတဲ့ နပိုလီယန် ရုပ်တု အကြောင်းကို ရေးလိုက်လို့'

'ဟုတ်ပါတယ်'

'ဟောဒီမှာ စုံထောက်ကြီးရဲ့ စာ ပါပါတယ် ခင်ဗျ၊ ဒေဗိုင်း၏ နပိုလီ ယန် ရုပ်တုကို အလိုရှိပါသည်၊ မိတ်ဆွေကြီး၏ လက်တွင် ရှိသည့် ရုပ်တုကို ဆယ်ပေါင် ပေး၍ ဝယ်ယူမည် ဖြစ်ပါသည်လို့ ပါပါတယ် ခင်ဗျ၊ ဟုတ်ပါသလား'

'ဟုတ်ပါတယ်'

'စုံထောက်ကြီးရဲ့ စာကို ရတော့ ကျွန်တော် တော်တော် အံ့အားသင့်သွား ပါတယ် ခင်ဗျာ၊ ကျွန်တော့် လက်ထဲမှာ ဒီရုပ်တု ရှိတာ စုံထောက်ကြီး ဘယ့်နှယ် လုပ်များ သိသလဲ မဆိုနိုင်ဘူး'

'ဒီလောက် အံ့ဩစရာ မဟုတ်ပါပေဘူးဗျာ၊ လွယ်လွယ်လေးပါ၊ ဟာဒင်း ဘရားသား တိုက်က နောက်ဆုံး ရုပ်တုကို မိတ်ဆွေကြီးကို ရောင်းလိုက်တယ် လို့ ပြောပြီး လိပ်စာ ပေးလိုက်လို့ပါ'

'ဪ ဒီလိုလား၊ ကျွန်တော် ဘယ်လောက်နှင့် ဝယ်သွားတယ် ဆိုတာ ကိုကော ပြောလိုက်သေးသလား စုံထောက်ကြီး'

'ဟင့်အင်း၊ မပြောလိုက်ဘူးဗျ'

'ကျွန်တော်က ချမ်းတော့ မချမ်းသာပါဘူး၊ ဒါပေမဲ့ ကျွန်တော် ရိုးရိုးပဲ ပြောပါ့မယ်၊ ဒီရုပ်တုကို ဆယ့်ငါးသျှိလင် ပေးခဲ့ရပါတယ်၊ စုံထောက်ကြီးဆီက ဆယ်ပေါင် မယူခင် ဒါလေးတော့ ပြောထားချင်ပါတယ်'

'ဒီလို ရိုးရိုးသားသား ပြောလို့ ကျေးဇူးတင်ပါတယ် မစ္စတာ ဆင်ဒီဖို့၊ သို့သော်လည်း ဈေးကို ကျွန်တော်ကပဲ စပြောတာ ဖြစ်လို့ ကျွန်တော် မပြင်ပါ ဘူး'

မစ္စတာ ဆင်ဒီဖို့သည် အိတ်ကို ဖွင့်လိုက်ပြီးနောက် အပိုင်းအစများ အဖြစ်သာ ကျွန်ုပ်တို့ မြင်ခဲ့ဖူးသေးသည့် နပိုလီယန်၏ ရုပ်တု အကောင်း ပကတိ ကို စားပွဲပေါ်သို့ တင်လိုက်လေ၏။

ရှားလော့ဟုမ်းသည် အိတ်ထဲမှ စာရွက် တစ်ရွက်နှင့် ဆယ်ပေါင်တန် တစ်ရွက်ကို စားပွဲပေါ်သို့ ထုတ်တင်လိုက်လေ၏။

'ဟောဒီ သက်သေတွေ ရှေ့မှာ လက်မှတ်ကလေးတော့ ထိုးသွားပါ



www.burmeseclassic.com

www.burmeseclassic.com





မစ္စတာ ဆင်ဒီဗို့သည်
အိတ်ကို ဖွင့်လိုက်ပြီးနောက် ...

ခင်ဗျ။ ဒီရုပ်တုနှင့် ပတ် သက်လို့ ခံစားပိုင်ခွင့် ရှိ အခွင့်အရေး အဝဝကို ကျွ တော့်ကို လွှဲ ပြောင်း ပေး တယ် ဆိုတဲ့ အကြော ကလေးကို ရေးပြီး လ မှတ် ထိုးရုံပါပဲ၊ ကျွန်တေ က သေ သေ ချာ ချာ လု တတ်လို့ပါ၊ နောင်မှာ ဘ ဖြစ်လာမယ်လို့ မပြော ဘူး မဟုတ်လား၊ ဟုတ် မစ္စတာ ဆင်ဒီဗို့ ဟောဒီမှ ပိုက်ဆံ ခင်ဗျ၊ ကဲ မင်္ဂလ ညပါလို့ နှုတ်ဆက် လိုက် ပါတယ် ခင်ဗျာ"

ဧည့်သည် ပြန်ထ သွားသည့် အခါ၌ကား ရှား လော့ဟုမ်း၏ အပြုအမူမှ ကျွန်ုပ်တို့ စိတ်မဝင်စား မနေနိုင်အောင် ရှိလေ၏။ ရှားလော့ဟုမ်းသည် အံဆွဲထဲမှ သန့်ရှင်း ဖြူဖွေးသ အဝတ်စ တစ်စကို ယူကာ စားပွဲပေါ်သို့ ဖြန့်ခင်းလိုက်လေ၏။ ဝယ်လိုက်သ နပိုလီယန် ရုပ်တုကို အဝတ် အလယ်ကောင်တွင် တင်ထားလိုက်၏။ ထိုနော တွင်မူကား ဟန်တိန် တုတ်ကို ကောက်ကိုင်ကာ နပိုလီယန် ရုပ်တုကြီးကို ခေါင်းမှ ရိုက်ခွဲပစ်လိုက်လေ၏။ ရုပ်တုကြီး အစိတ်စိတ်အမြွာမြွာ ကွဲသွားသည့် အခါ ရှားလော့ဟုမ်းသည် အကွဲစများကို စိတ်အား ထက်သန်စွာ ငုံ့ကြည့်လျက် ရှိ ၏။ ထို့နောက်တွင်မူ ဝမ်းသာအားရဖြင့် အော်ကာ အကွဲ တစ်စကို ထောင် လေရာ ပုလင်းထဲတွင် သစ်သီး တစ်လုံးကို မြင်ရသကဲ့သို့ အကွဲစပေါ်တွင် ထားသည့် မည်းမည်း အရာ တစ်ခုကို မြင်ရလေ၏။

"ကဲ မိတ်ဆွေတို့၊ ဟောဒီ ပစ္စည်းဟာ ဘာပစ္စည်းလဲ သိကြရဲ့လား၊ တ မဟုတ်ဘူးဗျ၊ နာမည်ကျော် ဗိုဂျီးယား ပုလဲနက်ကြီး၊ သိကြရဲ့လား"





လက်စထရိတ်နှင့် ကျွန်ုပ်တို့သည် အတန်ကြာမျှ ကြောင်၍ ကြည့်နေ ပြီးလျှင် နောက်ဆုံး၌ ကျွန်ုပ်တို့သည် အထွတ်အထိပ်သို့ ရောက်ပြီး၍ အောင် စွာ ပြီးဆုံးသွားသော ပြဇာတ် တစ်ခုကို ကြည့်နေသူများသဖွယ် လက်ခုပ် ကြလေ၏။ ရှားလော့ဟုမ်း၏ ဖျော့တော့သည့် ပါးပြင်ပေါ်တွင် သွေးရောင် လျက် ရှိလေ၏။ ရှားလော့ဟုမ်းသည် ပရိသတ်၏ လက်ခုပ် သြဘာပေး ကို ခံရသည့် ဇာတ်ဆရာကြီး တစ်ဦးကဲ့သို့ ကျွန်ုပ်တို့ကို ဦးညွှတ်ပြလိုက် ၏။ ထိုအချိန်၌ကား ရှားလော့ဟုမ်းသည် တွေးခေါ် စဉ်းစားခြင်း အလုပ်ကို သည့် စက်ယန္တရား တစ်ခု အဖြစ်မှ ရုပ်စံသွားခဲ့လေပြီ။ လေးစားခြင်း၊ သြဘာ ပေးခြင်းကို ခံလိုသည့် လူတို့၏ သဘာဝသည် ဘွားဘွားကြီး ပေါ်လာခဲ့လေပြီ။ ကြီး၍ ခပ်အေးအေး နေတတ်သော ရှားလော့ဟုမ်းသည် အများတကာက သိဘာမသိဖြင့် ဝိုင်းဝန်း ချီးမွမ်းကြခြင်းကို စက်ဆုပ် ရွံမုန်းသလောက် မိတ် တစ်ယောက်၏ ရိုးသားသော ချီးမွမ်း အံ့သြမှုကို များစွာ တန်ဖိုးထားကြောင်း လည်း သူ့ အမူအရာတွင် ပေါ်လွင်လျက် ရှိလေ၏။

"ဟုတ်တယ် မိတ်ဆွေတို့၊ ဟောဒီ ပုလဲနက်ကြီးဟာ ကမ္ဘာပေါ်မှာ တစ်ခု ညီးသာ ကျန်တော့တဲ့ နာမည်ကျော် ပုလဲနက်ကြီး ဖြစ်တယ်ဗျ၊ ဒီပုလဲနက် အကြောင်းကို လိုက်စုံစမ်းတဲ့ အခါမှာ ဒီပုလဲကြီးဟာ ဒက်ကရေး ဟိုတယ် မှာ တည်းခိုနေတဲ့ ကိုလိုနာ မင်းသားကြီးရဲ့ အိပ်ခန်းထဲက ပျောက်သွားတယ် ဗျ၊ အဲဒီလို ပျောက်သွားပြီး နောက်ဆုံးကျတော့ ဟောဒီ နပိုလီယန် ရုပ်တု ကိုခု အနက် တစ်ခုထဲက ပေါ်လာခဲ့ခြင်း ဖြစ်တယ် ခင်ဗျ၊ လက်စထရိတ် များ မှတ်မိဦးမလား မသိဘူး၊ ဒီပုလဲကြီး ပျောက်သွားတုန်းက တော်တော် အော်သောင်းတင်း ဖြစ်သွားခဲ့တယ်လေ၊ ဒီတုန်းက လန်ဒန် ပုလိပ်က ရှာခဲ့ အချည်းနှီးပဲ ခင်ဗျ၊ ဒီအမှုနှင့် ပတ်သက်လို့ ကျွန်တော့်ဆီကိုတောင် ရောက် သေးတယ်၊ သို့သော်လည်း အဲဒီတုန်းက ရှာမတွေ့ခဲ့ဘူး ခင်ဗျ၊ မင်းသမီးရဲ့ စခံ ဖြစ်တဲ့ အီတလီ အမျိုးသမီး တစ်ယောက်ကို သင်္ကာမကင်း ဖြစ်ခဲ့တယ်၊ တော့ လန်ဒန်မှာ သူ့အစ်ကို တစ်ယောက် ရှိတယ်လို့ပဲ ကြားခဲ့တယ်၊ ဒါပေမဲ့ တော်တို့ သဲလွန်စ ခံလို့ မရခဲ့ကြဘူး၊ အဲဒီ အစေခံ အမျိုးသမီးရဲ့ နာမည်က ကရိတီယာ ဗင်နူစီတဲ့ ခင်ဗျ၊ ဒီတော့ လွန်ခဲ့တဲ့ နှစ်ညက အသတ်ခံရတဲ့ က်ထရို ဗင်နူစီဟာ သူ့ အစ်ကို ဆိုတာ ဘာမှ သံသယ ဖြစ်စရာ မလိုတော့ ခင်ဗျ၊ သတင်းစာ ဖိုင်ဟောင်းတွေထဲကို လှန်ကြည့်တဲ့ အခါကျတော့ ကြီး ပျောက်သွားတာဟာ ရာဇဝတ်မှု တစ်ခုနှင့် ဗက်ပို အဖမ်း ရခင်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ရက် အလိုမှာ ဖြစ်တယ် ခင်ဗျ၊ အဲဒီတုန်းက ဗက်ပိုဟာ ဂျဲလ်ဒါး ကုမ္ပဏီမှာ၊ နပိုလီယန် ရုပ်တုတွေကို လုပ်နေတယ်၊ အဲဒီက လူတစ်ယောက်နှင့် ရန်ဖြစ်လို့ ထောင်ထဲ ရောက်သွားရတယ်၊ ဒီတော့ အဖြစ်အပျက် အစဉ်ကြီး တစ်ခုလုံးကို သိပြီ မဟုတ်လား၊ ဒါပေမဲ့ အဆုံးကနေပြီး ပြောင်းပြန် သိရတာမျိုးတော့ ဖြစ်ကောင်း ဖြစ်ပေမပေါ့၊ ဗက်ပို လက်ထဲမှာ ဒီရတနာကြီး ရောက်သွားတယ်ဗျ၊ ပီယက်ထရိုဆီကပဲ ခိုးလာတာလား သို့တည်းမဟုတ် သူ့ရဲ့ ကြံရာပါလား ဆိုတာ တော့ မပြောတတ်ဘူးပေါ့၊ ဒါမှမဟုတ်ရင်လည်း ပီယက်ထရိုတို့ မောင်နှမ နှစ်ယောက် ကြားမှာ သူကပဲ အဆက်အသွယ် လုပ်ပြီး ယူလာတာလည်း ဖြစ်နိုင်တယ်၊ သို့သော်လည်း ဒါက ကျုပ်တို့ အတွက် သိပ် အရေး မကြီးတော့ပါဘူး။

'အရေးကြီးတာက ပုလဲနက်က ဗက်ပို လက်ထဲကို ရောက်သွားတယ်၊ ဒီတုန်းမှာ ဓားထိုးမှု ဖြစ်လာလို့ နောက်က ပုလိပ်က လိုက်လာတယ်၊ ဒီတော့ သူ့ အလုပ်ရုံထဲကို ဝင်ပြေးတယ်၊ ပုလိပ် လိုက်လာတော့ သူ့မှာ ဒီပစ္စည်းကြီးကို ဖုက်ဖို့ သိပ် အချိန် မရှိဘူး၊ မိနစ်ပိုင်းလောက်ပဲ ရှိတယ်၊ သူ့ကိုယ်ကို ရှာရင် ဒီရတနာကြီးကို တွေ့သွားတော့မှာကိုး၊ အဲဒီတုန်းက နပိုလီယန် ရုပ်တု ခြောက်ခု ဟာ အခန်းထဲမှာ အခြောက် လှန်းထားတယ်၊ တစ်ခုက သိပ်တောင် မခြောက် သေးဘူး၊ ဒီတွင် ပန်းပုထု ပလတ်စတာ ကောင်းကောင်း လောင်းတတ်တဲ့ ဗက်ပို ဟာ ပျော့နေတဲ့ ပလတ်စတာထဲကို အပေါက်ကလေး တစ်ပေါက် ဖောက်ပြီ၊ ပုလဲနက်ကြီး အဲဒီ အထဲ ထည့်ပြီးတော့ အပေါ်ကို ပလတ်စတာနှင့် ပြန်ပိတ် လိုက်တယ်၊ ဒီထက် ကောင်းတဲ့ ဖုက်စရာ နေရာ ဘယ်မှာ ရှိပါတော့မလဲ၊ ဘယ် သူမှ မတွေ့နိုင်တော့ဘူး၊ သို့သော်လည်း ဗက်ပိုဟာ ဓားထိုးမှုနှင့် ထောင်တစ်နှစ် ကျသွားတယ်ဗျ၊ ဒီတုန်းမှာ ခုတွင်က ပြောခဲ့တဲ့ နပိုလီယန် ရုပ်တု ခြောက်ခုဟာ လန်ဒန် မြို့ပေါ်က ဆိုင်တွေကို ရောက်ကုန်ပြီ၊ ဘယ်ရုပ်တုထဲမှာ ပါသွားသလဲ ဆိုတာ သူ မပြောနိုင်ဘူး၊ ဒီတော့ ဒီရုပ်တုတွေကို ခွဲကြည့်မှ သိနိုင်မယ်၊ လှုပ် ကြည့်လို့လည်း မရဘူး၊ ပလတ်စတာ ပျော့နေတုန်းမှာ ထည့်လိုက်တာ ဆိုတော့ ပုလဲက ပလတ်စတာမှာ ကပ်နေတော့မှာကိုး၊ ဗက်ပိုဟာ မလျှော့ဘူးဗျ၊ သူ့ ပုလဲ ကြီးကို နည်းအမျိုးမျိုးနှင့် လိုက်ရှာခဲ့တယ်၊ ဂျဲလ်ဒါး ကုမ္ပဏီမှာ လုပ်တဲ့ ဆွေမျိုး နီးစပ် ညီအစ်ကို ဝမ်းကွဲ တစ်ယောက်ရဲ့ အကူအညီနှင့် အဲဒီ ရုပ်တုတွေကို ရောင်းလိုက်တဲ့ လက်လီ ဆိုင်တွေရဲ့ စာရင်းကို ရလာခဲ့တယ်၊ ဒီတွင် ဗက်ပိုဟာ မော့စ် ဟတ်ဆန်တိုက်မှာ အလုပ် ဝင်လုပ်တယ်၊ အဲဒီကနေပြီး ရုပ်တု သုံးခုကို ခြေရာခံလို့ ရသွားပြန်တယ်၊ လိုက်ရှာကြည့်တော့ သူ့ ပုလဲနက်ကြီးကို မတွေ့





ဘူး၊ ဒီတွင် အီတလီ ဆိုင်ထိုင် တစ်ယောက် အကူအညီနှင့် တခြား ရုပ်တု ၂ ခု ဘယ်ရောက်သွားသလဲ ဆိုတာ လိုက်စုံစမ်းပြန်တယ်၊ ပထမ ရုပ်တုက တင်းစာဆရာ ဟားကားဆီမှာ ရောက်နေတယ်၊ အဲဒီမှာ ဘယ်သူနှင့် သွားတိုး လဲ ဆိုတော့ သူ့ ကြံရာပါ ပီယက်ထရိုနှင့် သွားတွေ့တယ်၊ နှစ်ယောက်သား တ်ကြ ပုတ်ကြရာကနေပြီး ဗက်ပိုက ဓားနှင့် ထိုးပစ်ခဲ့တာပဲ'

'သေသူဟာ သူ့ ကြံရာပါ ဆိုရင် ဘာဖြစ်လို့ ဗက်ပိုရဲ့ ဓာတ်ပုံကို ယူ ဆွားရတာလဲ' ဟု ကျွန်ုပ်က မေး၏။

'သူကိုယ်တိုင် မတွေ့လို့ ရှိရင် ဒီဓာတ်ပုံကို ပြပြီး တစ်ယောက်ယောက် မှာ စုံစမ်းမလို့ ဆောင်ထားတာပဲ ဖြစ်မှာပေါ့၊ ဒါပဲ စဉ်းစားစရာ ရှိတော့တာ၊ သတ်မှု ဖြစ်ပြီးတဲ့ အခါကျတော့ ဗက်ပိုဟာ ခပ်သုတ်သုတ် အလုပ် လုပ်တော့ ယ်လို့ ကျုပ် တွက်လိုက်တယ်၊ ပုလိပ်က သူ့ လျှို့ဖုက်ချက်ကို လိုက်တော့မှာ ကို၊ ဒီတော့ သူက ပုလိပ်ထက် ဦးအောင် ခပ်သုတ်သုတ် လုပ်ရလိမ့်မယ်၊ အစ ုန်းကတော့ ကျုပ်လည်း ပုလဲနက်ကြီးကို ဒီကောင် လိုက်ရှာနေမှန်း မသိဘူး ပေါ့လေ၊ မီးတိုင် ရှိတဲ့ အိမ်တွေ ရှေ့မှာချည်းပဲ လာ လာခွဲတော့ အထဲမှာ တစ် ခုခုကို ရှာတာ ဖြစ်လိမ့်မယ်လို့ပဲ တွေးမိတယ်၊ ဒီတော့ ဟားကားရဲ့ အိမ်က ရုပ် တုဟာ ကျန်တဲ့ သုံးခုမှာ တစ်ခု ဖြစ်လေတော့ ကျုပ် ပြောတဲ့ အတိုင်း ပုလဲကြီး အထဲ ရှိ မရှိ ဆိုတာ သုံးပုံ တစ်ပုံပဲ ဖြစ်နိုင်တယ်၊ ဒီမှာ မတွေ့ရင် ကျန်တာ နှစ်ရုပ် ကျန်သေးတယ်၊ ဒီတော့ သူ ဘယ်ကို အရင် လိုက်မလဲ၊ လန်ဒန်မှာ ရှိ တဲ့ ရုပ်တု နောက်ကို အရင် လိုက်မှာပဲ၊ ဒါနှင့် ကျုပ် ဒုတိယ အိမ်ရှင်တွေဆီကို အကျိုး အကြောင်း စာရေးပြီး ကျုပ်တို့ လိုက်သွားတာပဲ၊ ခုတော့ ခင်ဗျားတို့ မြင်တဲ့ အတိုင်း တရားခံကို မိပြီဗျ၊ အဲဒီအခါကျတော့ ဒီကောင်ဟာ ပုလဲနက် ကြီးကို လိုက်ရှာနေမှန်း သိပြီလေ၊ အသတ်ခံရတဲ့ လူရဲ့ နာမည်ကို ကြားလိုက် တော့ ပုလဲနက်ကြီးရဲ့ ကိစ္စ ပြန် အမှတ် ရလာတယ်ဗျ၊ ပုလဲနက်နှင့် ဒီလူဟာ ဆက်စပ်နေတယ် ဆိုတာကို တွေ့လာရတယ်၊ ဒီတော့ ပုလဲနက်ဟာ ဒုတိယ ရုပ် တုထဲမှာလည်း မရှိဘူး ဆိုရင် တစ်ခုပဲ ကျန်တော့တယ်၊ အဲဒါက ရက်ဒင်းမှာ ရှိတဲ့ ရုပ်တုပဲ၊ ဟောဒီ ပုလဲနက်ကြီးကို ခင်ဗျားတို့ ရှေ့တင် ကျုပ် ဝယ်လိုက်လို့ ပု ခင်ဗျားတို့ဆီကို ရောက်နေပါပြီဗျား'

ကျွန်ုပ်တို့မှာ အတန်ကြာမျှ တိတ်ဆိတ်နေကြလေ၏။ နောက်ဆုံးတွင် လက်စထရိတ်က

'အင်း၊ မစ္စတာ ဟုမ်း ကိုင်ခဲ့တဲ့ အမှုတွေကို ကျွန်တော် တော်တော်



www.burmeseclassic.com

www.burmeseclassic.com

များများ တွေ့ခဲ့လှပါပြီ၊ သို့သော်လည်း ဒီအမှုလောက် ဇော့စပ် သေချာတာဖြင့် ကျွန်တော် တစ်ခါမှ မတွေ့ဖူးသေးပါဘူး ခင်ဗျာ၊ ကျွန်တော်တို့ ရုံးချုပ်မှာ ရှိ(ဝ) လူတွေဟာ မစ္စတာ ဟုမ်းကို မနာလို တိုရှည် မရှိကြပါဘူး၊ တကယ်ပါ၊ ကျွန် တော်တို့ဟာ မစ္စတာ ဟုမ်း အတွက် ဂုဏ်ယူကြပါတယ်၊ မနက်ဖြန် ကျွန်တော် တို့ ရုံးကို လာမယ် ဆိုရင်တော့ မင်းကြီးက အစ ပုလိပ်သားကလေး အဆုံး မစ္စတာ ဟုမ်းကို ဝမ်းသာအားရ ချီးကျူး နှုတ်ဆက်မယ့် လူချည်းပါပဲ'

'ကျေးဇူးတင်ပါတယ်ဗျာ၊ ကျေးဇူးတင်ပါတယ်'

ရှားလော့ဟုမ်းသည် ဤသို့ ပြောကာ တစ်ဖက်သို့ လှည့်သွားလေရာ ရှားလော့ဟုမ်းသည် ကျွန်ုပ် တစ်ခါမှ မမြင်ဖူးသေးသော စိတ်ထိခိုက်ခြင်းမျိုးကို ခံစားနေရလိမ့်မည်ဟု ကျွန်ုပ် ထင်လိုက်မိပါသည်။ ခဏကြာသည့် အခါတွင်မူ ရှားလော့ဟုမ်းသည် ခံစားချက် ကင်းမဲ့သော အတွေးသမား အဖြစ်သို့ ပြန်လည် ရောက်ရှိသွားခဲ့လေပြီ။

'ကဲ အိုင်ဆေးရေ၊ ပုလဲနက်ကြီးကို မီးခံသေတ္တာထဲ ထည့်လိုက်စမ်းပါ ဗျာ၊ ကွန် - ဆင်ဂယ်တန် ငွေလိမ်မှုနှင့် ပတ်သက်တဲ့ အမှုတွဲကလေးလည်း ဆွဲခဲ့ စမ်းပါ၊ ဝှတ်ဘိုင် လက်စထရိတ်၊ အကြောင်းကိစ္စ ရှိရင် ကျူပ် ပေးနိုင်တဲ့ အကူ အညီကလေးကို တတ်နိုင်သလောက် ပေးဖို့ အဆင်သင့်ပါဗျာ'

[မူရင်း ဝတ္ထု *The Adventure of the Six Napoleons.* ရွှေဥဒေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် 'တွံတေးအိုး ခြောက်လုံး ကွဲမှု' ဟူ၍ လည်းကောင်း၊ 'ပန်းစိုက်ကရား ခြောက်လုံးကွဲမှု' ဟူ၍ လည်းကောင်း မြန်မာမှု ပြုပြီး။]



## မေးခွန်း ပျောက်မှု



၁၈၉၅ ခုနှစ် အတွင်းက ကျွန်ုပ်၏ မိတ်ဆွေကြီး ရှား လော့ဟုမ်းနှင့် ကျွန်ုပ်တို့သည် ဤတွင် မဖော်ပြလိုသော အကြောင်းများကြောင့် တက္ကသိုလ် ကျောင်းတိုက်များ ရှိရာ မြို့ကလေး တစ်မြို့သို့ ရောက်သွားခဲ့ကြ၏။ ထိုမြို့ ကလေးတွင် ယခု ကျွန်ုပ် ရေးသား ဖော်ပြမည့် သေးငယ် သော်လည်း သင်ခန်းစာ ယူဖွယ် ကောင်းသည့် အဖြစ် အပျက် တစ်ခုကို ကြုံတွေ့ကြရပေ၏။ စာဖတ်သူများ အလွယ်တကူ သိနိုင်အောင် တက္ကသိုလ် ကျောင်းတိုက်၏ အမည်နှင့် ရာဇဝတ်ကောင်၏ အမည်ကို အတိအကျ ဖော်ထုတ် ပြောဆိုလိုက်မည် ဆိုပါက မသင့်လျော်သည့် အတွက် ယခုကဲ့သို့ အမည်ပြောင်း၍ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။ လူ တစ်ယောက်၏ ဂုဏ် သိက္ခာကို ကျစေသည့် အဖြစ်အပျက်မျိုးကို မေ့မေ့ပျောက်ပျောက် ထားလိုက် နိုင်သည်က ပို၍ ကောင်းသည်ဟုလည်း ကျွန်ုပ် သဘော ရပါသည်။ သို့ရာတွင် ရှားလော့ဟုမ်း၏ ထူးခြားသော အရည်အချင်း အချို့ကို တင်ပြရာ၌ ထိုအမှုသည် မှတ်သားဖွယ် ကောင်းသည့် သာဓက တစ်ရပ် ဖြစ်နေသည့် အတွက် မည်သူ့ အားမျှ ထိခိုက် နစ်နာခြင်း မရှိအောင် အတတ်နိုင်ဆုံး ကြိုးစားကာ အရင်းတိုင်း ဖော်ပြလိုက်ပါသည်။ ဤသို့ ဖော်ပြရာတွင် ကျွန်ုပ်သည် ဖြစ်ပွားရာ ဒေသကို လည်း ကောင်း၊ သက်ဆိုင်သူ ပုဂ္ဂိုလ်ကျော်ရှင်များကို လည်းကောင်း ထိခိုက် နစ်နာခြင်း မရှိစေရန် အတတ်နိုင်ဆုံး ရေးသား ဖော်ပြသွားမည် ဖြစ်ပါသည်။

ထိုအချိန်က ကျွန်ုပ်တို့သည် ပိဋကတ်တိုက် တစ်ခု အနီးရှိ သင့်လျော်သော အခန်းအဆောင်များပါရှိသော အဆောက်အအုံတွင် တည်းခိုလျက် ရှိပြီး ရှားလော့ဟုမ်းမှာ ရှေး



www.burmeseclassic.com

www.burmeseclassic.com



ခေတ် အင်္ဂလိပ် စာချုပ် စာတမ်းများ အကြောင်းကို သုတေသန ပြုလုပ်လျက် ရှိပေ၏ (ထို သုတေသန လုပ်ငန်းမှာ နောင်တွင် ရှားလော့ဟုမ်း အတွက် များစွာ အသုံး ဝင်ခဲ့ပေရာ ထိုအကြောင်းများကို နောင်တွင် ရေးသား ဖော်ပြပါဦးမည်။)။ ထိုအဆောက်အအုံတွင် တည်းခိုနေကြစဉ် တစ်ညနေ၌ ကျွန်ုပ်တို့၏ အသိမိတ်ဆွေ တစ်ဦး ဖြစ်သည့် ရှင်လုကာ ကောလိပ် ကျောင်းတိုက်မှ ကျောင်းဆောင်အုပ်နှင့် ကထိက တစ်ဦး ဖြစ်သူ မစ္စတာ ဟီလတန် ဆုမ်းသည် ကျွန်ုပ်တို့ထံသို့ ရောက်လာလေ၏။ မစ္စတာ ဆုမ်းမှာ အရပ် ရှည်ရှည်၊ ပိန်ပိန်ပါးပါး ဖြစ်ပြီး အာရုံကြော အားနည်းကာ စိတ် တုန်လှုပ် ချောက်ချားလွယ်သူ တစ်ယောက် ဖြစ်၏။ ကျွန်ုပ်သည် သူနှင့် သိကျွမ်းခဲ့သည့် အချိန်မှ စ၍ ဂရုမငြိမ်တတ်သော သူ့ စရိုက်ကို ကောင်းကောင်း သိခဲ့ပြီး ဖြစ်သည့်တိုင် ယခု တစ်ကြိမ်တွင်မူကား အလွန်အမင်း စိတ် တုန်လှုပ် ချောက်ချားလျက် ရှိခြင်းကို မြင်လိုက်ရသည့် အတွက် အလွန် ထူးခြားသည့် အကြောင်း တစ်စုံတစ်ခု ဖြစ်လေပြီဟု ချက်ချင်း သတိ ပြုလိုက်မိပေ၏။

"စုံထောက်ကြီးရေ၊ စုံထောက်ကြီး အဖို့ အချိန်ဟာ အလွန် အဖိုးတန်တယ် ဆိုတာ ကျွန်တော် သိပါတယ်၊ သို့သော်လည်း ကျွန်တော်တို့ကို အချိန် နည်းနည်း ပေးပါ ခင်ဗျာ၊ ကျွန်တော်တို့ ကောလိပ် ကျောင်းတိုက်မှာ တော်တော် အရုပ် ဆိုးတဲ့ ကိစ္စ တစ်ခု ပေါ်နေပါတယ်၊ စုံထောက်ကြီး ရောက်လာတုန်းနှင့် ကြုံနေတော့ ဟန်ကျသွားတာပေါ့၊ နို့မဟုတ်ရင် ကျွန်တော့်မှာ ဘယ်လို လုပ်ရမှန်းတောင် မသိလောက်အောင် ဖြစ်နေပြီ"

"ကျွန်တော် သိပ် အလုပ် များနေပါတယ် ဆရာကြီး၊ ဒီပြင် ကိစ္စတွေကို အာရုံပြုနိုင်မယ် မထင်ပါဘူး၊ ဒီတော့ ပုလိပ် အရေးပိုင်ရင် ပုလိပ်ဆီကို သွားဖို့ ကျွန်တော် တောင်းပန်ပါတယ်"

"မလုပ်ပါနှင့်ခင်ဗျာ၊ တစ်ဆိတ်ကလေး ကူညီပါ၊ ဒီကိစ္စက ပုလိပ်ကို တိုင်လို့ ဘယ်နည်းနှင့်မှ မဖြစ်လို့ပါ၊ ဥပဒေ ဆိုတာ ကျားမြီးကို ဆွဲရသလိုပါ ခင်ဗျ၊ တစ်ခါ သွားဆွဲမိရင် ပြန်လွှတ်လို့ မရတော့ဘူး၊ အမှုက ကျွန်တော်တို့ ကျောင်းရဲ့ ဂုဏ်သိက္ခာကို ထောက်ပြီး ဖုံးဖုံးဖိဖိနှင့် ကိုင်ရမယ့် အမှုမျိုး ဖြစ်လို့ပါ၊ စုံထောက်ကြီးကတော့ နာမည် ကျော်သလောက် စိတ်ချ ယုံကြည်ရတဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်လေတော့ ကျွန်တော်တို့ အမှုကို ကိုင်နိုင်မယ့် ပုဂ္ဂိုလ်ဟာ စုံထောက်ကြီး တစ်ယောက်ပဲ ရှိပါတယ် ခင်ဗျာ၊ ဒီတော့ မစ္စတာ ဟုမ်း ကျွန်တော်တို့ကို တတ်နိုင်သမျှ ကူညီပါ၊ ကျွန်တော် တောင်းပန်ပါတယ်"





ရှားလော့ဟုမ်းမှာ သူ ရင်းနှီး ကျွမ်းဝင်ကာ အထာကျနေသည့် ဘေကာလမ်း တိုက်ခန်း မဟုတ်သည့် အတွက် တော်တော်တန်တန် စကားကို နားမဝင်နိုင်ချေ။ ရှားလော့ဟုမ်းသည် ဘေကာလမ်းရှိ သူ့ မှတ်စု စာအုပ်များ၊ ဓာတုဗေဒ ပစ္စည်းများနှင့် ဖြစ်သလို ကပျစ်ကညစ် နေရလျှင် ပေါင်းရ သင်းရ လွယ်သူ ယောက် ထိုအရာများနှင့် ဝေးသွားပြီ ဆိုလျှင် အပြောရ အဆိုရ ခက်သော လူ ပြစ်ာ တစ်ယောက် ဖြစ်ပေ၏။

ရှားလော့ဟုမ်းသည် စိတ်ပျက်လက်ပျက်ဖြင့် ပခုံးကို တွန့်ပြကာ သဘော တူလိုက်သည်တွင် ကျွန်ုပ်တို့ ဧည့်သည်မှာလည်း လက်ဟန်ခြေဟန်ဖြင့် သူ့အမှုကို ဒရေဒရောပါး ပြောဆိုလျက် ရှိလေ၏။

"စုံထောက်ကြီးကို ပြောပြရဦးမယ်၊ မနက်ဖြန် ဆိုရင် ကျွန်တော်တို့ ကျောင်းမှာ ဖော်တက်စကျူ စကောလားရှစ် အတွက် စာမေးပွဲတွေ စစ်တော့ မယ် ခင်ဗျ၊ ကျွန်တော် စစ်ရမယ့် ဘာသာရပ်က ဂရိ ဘာသာပါ၊ ပထမ မေးခွန်းက ကျောင်းသားတွေ မတွေ့ဖူးတဲ့ အပြင်က ဂရိ စာပိုဒ်ကြီး တစ်ပိုဒ်ကို ဘာသာ ပြန်ရမယ့် မေးခွန်း၊ ခု ဒီစာပိုဒ်ကို ကျွန်တော်တို့ မေးခွန်း စာရွက်ပေါ်မှာ ပုံနှိပ်ပြီးပြီ၊ ဒီမေးခွန်းကို ရလိုက်တဲ့ ကျောင်းသား အဖို့တော့ စာမေးပွဲ အောင်ဖို့ တော်တော်လေးကို သေချာသွားပြီပေါ့ ခင်ဗျာ၊ ဒါကြောင့် ဒီမေးခွန်း စာရွက်ကို လုံလုံခြုံခြုံ သိမ်းထားဖို့ဟာ တော်တော်လေးကို အရေးကြီးပါတယ်။

"ဒီနေ့ ညနေ သုံးနာရီလောက်မှာ မေးခွန်း ပရု မူကြမ်းတွေကို ပုံနှိပ်တိုက်က ကျွန်တော်တို့ဆီကို ပို့လိုက်တယ် ခင်ဗျ၊ ဘာသာပြန်ရမယ့် စာပိုဒ်က ယမိုင်းဆရာကြီး သူ့စီဟိုက်နှင့် ပတ်သက်တဲ့ အခန်း တစ်ခန်း ခင်ဗျ၊ မေးခွန်းမှာ အမှားအယွင်း အကျအပေါက် မရှိအောင် ပရုကို ကျွန်တော် ကိုယ်တိုင် သေသေချာချာ ဖတ်ရတာပေါ့ဗျာ၊ ဒါနှင့် ကျွန်တော်လည်း ပုံနှိပ်တိုက်က ပို့လိုက်ကတည်းက ပရုတွေကို ထိုင်ဖတ်လိုက်တာ ညနေ လေးနာရီခွဲသည် အထိ ဖတ်လို့ မပြီးသေးဘူး ခင်ဗျ၊ ဒါပေမဲ့ ညနေပိုင်းမှာ မိတ်ဆွေ တစ်ယောက်ရဲ့ အခန်းမှာ လက်ဖက်ရည်သောက် ချိန်းထားတာနှင့် ကျွန်တော်လည်း မေးခွန်း စာရွက်ကြမ်းတွေကို စားပွဲခုံပေါ်မှာ တင်ပြီး ထွက်သွားတယ် ခင်ဗျ၊ တစ်နာရီ ကျော်ကျော်လောက်တော့ ရှိမှာပေါ့ ခင်ဗျာ၊ မစ္စတာ ဟုမ်းကို ပြောရဦးမယ်၊ ကျွန်တော်တို့ ကျောင်းဆောင်တွေမှာ တံခါးက နှစ်ထပ် တံခါးတွေ ခင်ဗျ၊ အပြင် တံခါးက သစ်ချ တံခါး အထူကြီး ခင်ဗျ၊ အတွင်း တံခါးကတော့ သက္ကလတ်စ ဖုံးတဲ့ တံခါး၊ လက်ဖက်ရည် သောက်ပြီး ကျွန်တော် အခန်း ပြန်အရောက် အပြင်



www.burmeseclassic.com

www.burmeseclassic.com



ဘက် တံခါးမှာ သော့ တန်းလန်း ဖြစ်နေတာကို မြင်လိုက်ရတော့ ကျွန်တော် လည်း အံ့အား သင့်နေတယ်၊ ရုတ်တရက်တော့ ကျွန်တော် ကိုယ်တိုင် သော့ တန်းလန်းနှင့် ထွက်လာခဲ့မိလို့လို့ အောက်မေ့လိုက်မိသေးတယ်၊ ဒါပေမဲ့ အိပ် ထဲ စမ်းကြည့်လိုက်တော့ အိတ်ထဲမှာ ကျွန်တော့် သော့လည်း ရှိတယ် ခင်ဗျ၊ ကျွန်တော် သိသလောက် ကျွန်တော့် အခန်း သော့တူ ဆိုလို့ ကျွန်တော့် အိမ်ရှေ့ ဆီမှာပဲ ရှိတယ်၊ သူ့ နာမည်က ဘင်နစ္စတာတဲ့၊ သူ ကျွန်တော့် အိမ်ကို ထိန်းသိမ်း လာတာ ဆယ်နှစ်လောက် ရှိပါပြီ ခင်ဗျာ၊ အကျင့် စာရိတ္တနှင့် ပတ်သက်လို့ ဘာမှ ပြောစရာ မရှိပါဘူး၊ ကြည့်လိုက်တော့ သူ့သော့ ဖြစ်နေတယ် ခင်ဗျ၊ ကျွန် တော် လက်ဖက်ရည် သောက်မလားလို့ မေးရအောင် လာပြီး ပြန် အထွက်မှာ မေ့ပြီး သော့ တန်းလန်း ထားပစ်ခဲ့တာတဲ့၊ ကျွန်တော့် အခန်းကို သူ ရောက်လာ တာဟာ ကျွန်တော် ထွက်သွားပြီး ခဏကလေးမှာ ရောက်လာတာတဲ့ ခင်ဗျ၊ သူ သော့ တန်းလန်း မေ့ပစ်ခဲ့တာဟာ ကျန်တဲ့ အချိန်တွေမှာ ဆိုရင် ဘာမှ အရေး မကြီးပါဘူး ခင်ဗျာ၊ ဒါပေမဲ့ တကယ် အရေးကြီးတဲ့ နေ့မှာ ဒီလို ဖြစ်လိုက် တော့ ပြဿနာ အကြီးအကျယ် တက်တော့တာပေါ့။

'အခန်းထဲကို ရောက်လို့ ကျွန်တော့် စားပွဲကို လှမ်းကြည့်လိုက်တော့ ကျွန်တော့် မေးခွန်း ပရု စာရွက်တွေကို တစ်ယောက်ယောက် မွှေနှောက် လှန် လှောထားတာ တွေ့ရတယ် ခင်ဗျ၊ ပရု စာရွက်တွေက ဂယ်လီ ပရု စာရွက်ရှည် ရှည် သုံးရွက် ခင်ဗျ၊ ကျွန်တော် ထားပစ်ခဲ့တုန်းက ထပ်ပြီး ထားခဲ့တာ၊ ခု ကျွန် တော် ပြန်လာတော့ တစ်ရွက်က ကြမ်းပြင်ပေါ်မှာ၊ နောက်တစ်ရွက်က ပြတင်း ပေါက်နားက စားပွဲကလေးပေါ်မှာ၊ တတိယ အရွက်ကတော့ ကျွန်တော် ထား ပစ်ခဲ့တဲ့ နေရာမှာပဲ'

ရှားလော့ဟုမ်းသည် ပထမဆုံး အကြိမ် လှုပ်ရှားစ ပြုလာ၏။

'စာမျက်နှာ နံပါတ် တစ်က ကြမ်းပြင်မှာ၊ စာမျက်နှာ နံပါတ် နှစ်က ပြတင်းပေါက်နားမှာ၊ စာမျက်နှာ နံပါတ် သုံးက ခင်ဗျား ထားတဲ့ နေရာမှာ မဟုတ်လား'

'ဟုတ်တယ် ခင်ဗျ၊ အဲဒီအတိုင်းပဲ၊ နေစမ်းပါဦး၊ စုံထောက်ကြီးက ဘယ့်နှယ် လုပ်ပြီး စာမျက်နှာ နံပါတ်တွေကို သိနေသလဲ'

'ခင်ဗျား စကားကို ဆက်စမ်းပါဦးလေ'

'ချက်ချင်းတော့ ကျွန်တော့် အိမ်စေ ဘင်နစ္စတာ ယူကြည့်တာပဲ ထင်ပြီး ကျွန်တော်လည်း သိပ် စိတ်ဆိုးတာပေါ့ ခင်ဗျာ၊ ဒါပေမဲ့ သူက သူ မကိုင်ရပါဘူး







'စုံထောက်ကြီးက ဘယ့်နှယ် လုပ်ပြီး
စာမျက်နှာ နံပါတ်တွေကို သိနေသလဲ'

ဘုရားပေးပေး ကျမ်းပေးပေး ကျိန်ပါ့မယ်လို့ ငြင်းတယ် ခင်ဗျ၊ ကျွန်တော်လည်း သူ့ အကျောက်အကန် ငြင်းတာကို ကြည့်ပြီး သူ ပြောတာ ဟုတ်မှာပဲလို့ ယူဆ လိုက်တယ်၊ ဒါဖြင့် သူ မကိုင်ရင် ဘယ်သူ ဖြစ်နိုင်သလဲ၊ အခန်းနားကို ဖြတ်သွား တဲ့ ကျောင်းသား တစ်ယောက်ယောက် တံခါးမှာ သော့တန်းလန်းနှင့် မြင်တော့ ကျွန်တော် အပြင် ထွက်နေတယ် ဆိုတာ သိပြီး မေးခွန်းတွေကို ဝင်ကြည့်တာ ဖြစ်နိုင်တယ်လို့ ယူဆရတော့တာပေါ့ ခင်ဗျာ၊ ခက်တာက စကောလားရှစ် ဆုက ပေးတော်ကလေး များတော့ ဒီမေးခွန်း ပေါက်တာဟာ ငွေ အမြောက်အမြား ရှုံးတာနှင့် အတူတူ ဖြစ်နေတယ် ခင်ဗျ၊ မရိုးဖြောင့်တဲ့ ကျောင်းသားဟာ ဖြောင့် လူတွေထက် သာချင်တော့ ဒီမေးခွန်းကို ရမယ် ဆိုရင် စွန့်စားပြီး ဝင် ကြည့်မှာပဲ ခင်ဗျ။

'ဒီကိစ္စ ဖြစ်လိုက်တော့ ကျွန်တော့် အစေခံ ဘင်နစ္စတာလည်း



www.burmeseclassic.com

www.burmeseclassic.com



တော်လေး စိတ် ထိခိုက်သွားတယ် ခင်ဗျ၊ မေးခွန်း စာရွက်တွေကို မွှေနှောက်ထားမှန်းလည်း သိရော ဘင်နစ္စတာ မူးမေ့ လဲကျသွားတာပဲ ခင်ဗျ၊ ဒါနှင့် သူ့ကို ကျွန်တော် ဘရန်ဒီ နည်းနည်း တိုက်၊ ကုလားထိုင်ပေါ် တင်ထားပြီး အခန်းထဲ ပတ်ပတ်လည်ကို လျှောက်ကြည့်တယ် ခင်ဗျ၊ ကြည့်တော့မှ အခန်းထဲကို ဝင်တဲ့ လူရဲ့ ခြေရာ လက်ရာတွေကို တွေ့ရတော့တာပဲ ခင်ဗျာ၊ ပြတင်းပေါက်နားက စားပွဲလေးပေါ်မှာ ခဲတံ ချွန်ထားတဲ့ သစ်သားစကလေးတွေကို တွေ့ရတယ် ခင်ဗျ၊ ကျိုးသွားတဲ့ ခဲတံလေးကိုလည်း တွေ့ရတယ်၊ ကြည့်ရတာကတော့ သူခိုးဟာ မေးခွန်းကို ကပျာကယာ ကူးရင်း ခဲတံ ကျိုးသွားလို့ ခဲတံကို ထပ်ချွန်ရဟန် တူတယ် ခင်ဗျ’

အမှုကို စိတ်ဝင်စားလာသည့် အလျောက် ရှားလော့ဟုမ်းမှာ သူ့ နဂိုပုံမှန် အနေအထားသို့ ပြန်ရောက်လာကာ ခပ်သွက်သွက် ဖြစ်လာခဲ့လေပြီ။

‘ဟုတ်ပြီဗျို့၊ ကံတရားက ခင်ဗျားကို ကူညီလိုက်တာပဲ’

‘ဒါတွင် မကသေးဘူး ခင်ဗျ၊ ကျွန်တော့် အခန်းထဲမှာ သားရေ အနီရောင် အုပ်ထားတဲ့ စာရေးစားပွဲ အသစ် တစ်လုံး ရှိတယ်၊ ဒီစားပွဲက အသစ်စက်စက်ကြီးပဲ ရှိသေးတယ်၊ ဘာမှ ခြစ်ရာ ပွန်းရာ စွန်းရာ ထင်ရာ မရှိသေးဘူး၊ ဒါကို ကျွန်တော်ရော ဘင်နစ္စတာရော ကောင်းကောင်း သိတယ်၊ စားပွဲက ချောပြောင်ပြီး တဖိတ်ဖိတ် တောက်နေတာပဲ၊ ခု စားပွဲကို ကြည့်လိုက်တော့ သုံးလက်မလောက် ရှည်တဲ့ လှတ်လတ်ဆတ်ဆတ် အရာတစ်ခု တွေ့ရတယ် ခင်ဗျ၊ သာမန်ပွန်းရာ ခြစ်ရာ မဟုတ်ဘူး၊ သေသေချာချာကို လှီးထားတာ၊ ဒါတွင် မကဘူး၊ စားပွဲပေါ်မှာ ဆေးဆိုးတဲ့ ဂျုံလုံးလိုလို ရွှံ့လုံးလိုလို အရာ တစ်ခုလည်း တွေ့ရတယ်၊ အလုံးပေါ်မှာ လွှစာမှုန့်လိုလို ဘာလိုလို အမှုန့်ကလေးတွေ ကပ်လို့၊ ဒီခြေရာ လက်ရာတွေဟာ မေးခွန်း စာရွက်တွေကို ဝင်ကြည့်တဲ့ လူ ကျန်နေရစ်ခဲ့တာ ဖြစ်မှာပဲ၊ ဒီပြင်တော့ ခြေရာတို့ ဘာတို့ကို မတွေ့ရဘူး ခင်ဗျ၊ ကျွန်တော် ဖြင့် စိတ်ပျက်ပြီး ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေတော့တာပဲ ခင်ဗျာ၊ ဒီတွင် ဒီမှာ စုံထောက်ကြီး ရောက်နေတယ် ဆိုတာ ချက်ချင်း သတိ ရလာပြီး စုံထောက်ကြီးဆီကို ချက်ချင်း ထပြေးလာခဲ့တာပဲ၊ ကျွန်တော့်ကို ကူညီပါ စုံထောက်ကြီး၊ ရယ်၊ ကျွန်တော့် အခြေအနေကို စုံထောက်ကြီး နားလည်လောက်ရောပေါ့၊ ဒီလူကို တွေ့ရင် တွေ့ မတွေ့ရင် ကျွန်တော်တို့ စာမေးပွဲကြီး တစ်ခုလုံး ရက် ရွှေ့ရမယ့်ကိန်း ဆိုက်နေပြီ၊ စာမေးပွဲကို ရက် ရွှေ့လိုက်ပြန်ရင်လည်း အကြောင်းပြလို့ မဖြစ်ဘူး၊ အားလုံးတော့ နာမည် ပျက်ကုန်တော့မှာပါ ခင်ဗျာ၊ နာမည်





ပျက်တာမှ ကျွန်တော်တို့ ကောလိပ် တစ်ခုတည်းတွင် ပျက်မှာ မဟုတ်ဘူး၊ တက္ကသိုလ်ကြီး တစ်ခုလုံးပါ ပျက်မှာ၊ ပြီးတော့လည်း ဒီပြဿနာကို တတ်နိုင်သမျှ လူမသိဘဲ တိတ်တဆိတ် ဖြေရှင်းချင်တယ် ခင်ဗျာ’

ရှားလော့ဟုမ်းသည် ထိုင်ရာမှ ထကာ ကုတ်အင်္ကျီကို ကောက်ဝတ်လိုက်ရင်း

‘ဟုတ်ပြီလေ၊ ဆရာကြီး ကိစ္စကို ကျွန်တော် စုံစမ်းပြီး တတ်နိုင်သလောက် ကူညီပါ့မယ်၊ အမှုက စိတ်ဝင်စားစရာ လုံးလုံး မပါတဲ့ အမှုမျိုးတော့ မဟုတ်ပါဘူး၊ မေးခွန်း စာရွက်တွေ ဆရာကြီး အခန်းကို ရောက်ပြီးတဲ့နောက် ဆရာကြီးဆီကို အလည်အပတ် လာတဲ့ လူများကော ရှိသေးသလား’

‘ဟုတ်ကဲ့၊ ကျွန်တော်နှင့် တစ်လှေကားတည်း နေတဲ့ ဒိုးလတ် ရတ်စ်ဆိုတဲ့ အိန္ဒိယ ကျောင်းသား တစ်ယောက်တော့ လာတယ် ခင်ဗျ၊ စာမေးပွဲနှင့် ပတ်သက်ပြီး လာမေးတာ’

‘သူကကော စာမေးပွဲ ဝင်မယ်ပေါ့’

‘ဟုတ်ပါတယ်’

‘အဲဒီတုန်းက မေးခွန်း စာရွက်တွေက ဆရာကြီး စားပွဲပေါ်မှာ ရှိသလား’

‘စားပွဲပေါ်မှာ တင်ပြီး လိပ်ထားတာ သေချာပါတယ် ခင်ဗျာ’

‘ဒါပေမဲ့ ဒါတွေဟာ စာမေးပွဲ မေးခွန်း စာရွက် ပရူတွေ ဆိုတာလောက်တော့ သိချင် သိမှာပေါ့’

‘သိနိုင်ပါတယ်’

‘ဒီပြင်ကော ဘယ်သူ လာသေးသလဲ’

‘မလာပါဘူး’

‘မေးခွန်း စာရွက် ပရူတွေဟာ ဆရာကြီးထံမှာ ရှိတယ် ဆိုတာ တခြားလူ သိသေးသလား’

‘ပုံနှိပ်တိုက်မှ အပ တခြား ဘယ်သူမှ မသိပါဘူး’

‘ဆရာကြီး အိမ်မှာ ခိုင်းတဲ့ ဘင်နစ္စတာကော သိသလား’

‘မသိပါဘူး ခင်ဗျာ၊ ဘယ်သူမှ မသိပါဘူး’

‘ခု ဘင်နစ္စတာ ဘယ်မှာလဲ’

‘တော်တော် နေထိုင်မကောင်း ဖြစ်နေတယ် ခင်ဗျ၊ ကျွန်တော် ကုလားထိုင်ပေါ်ကို ဆွဲ အထိုင်ခိုင်းပစ်ခဲ့ပြီး စုံထောက်ကြီးဆီကို တောက်လျှောက်ပြေးလာခဲ့တာပါပဲ’



www.burmeseclassic.com

www.burmeseclassic.com



'တံခါး ဖွင့်ပစ်ခဲ့သလား'

'မေးခွန်းတွေကိုတော့ သော့ခတ်ပြီး သိမ်းခဲ့ပြီးပါပြီ'

'ဆရာကြီးဆီကို လာတဲ့ ကျောင်းသားက မေးခွန်းတွေမှန်း မသိခဲ့ဘူး ဆိုရင် ခုမေးခွန်းတွေကို တွေ့သွားတဲ့ လူဟာ မတော်တဆ တွေ့သွားတဲ့ သဘော သက်ရောက်နေတယ် ဆရာကြီး'

'ကျွန်တော်လည်း ဒီအတိုင်းပဲ ထင်ပါတယ် ခင်ဗျာ'

ရှားလော့ဟုမ်းက သူ့ အဓိပ္ပာယ်နှင့် သူ ပြုံးလိုက်၏။

'ကောင်းပြီလေ၊ ကျွန်တော်တို့ သွားကြည့်ကြသေးတာပေါ့၊ အင်း ဝပ်ဆင်ရေ၊ ဒီအမှုကတော့ ဘယ်ဘက်ကနေ ကြည့်ကြည့် ခင်ဗျားနှင့်တော့ ဆိုင်ပုံ မပေါ်ဘူး၊ အောရိုက်၊ လိုက်ချင်တယ် ဆိုရင်လည်း လိုက်ခဲ့ပေါ့ဗျာ၊ ကဲ မစ္စတာ ဆုမ်း သွားကြစို့'

ကျွန်ုပ်တို့ အမှုသည်၏ ဧည့်ခန်းတွင် သံဆန်ခါကွက် တပ်ထားသည့် ခပ်ရှည်ရှည် ခပ်နိမ့်နိမ့် ပြတင်းပေါက်များ ရှိပြီး ပြတင်းပေါက်မှ မျှော်ကြည့်လိုက်လျှင် သမနီ ရှည်လှပြီ ဖြစ်သည့် ရှေးညီရောင် ကောလိပ်ကျောင်း တလင်းပြင်ကြီးကို မြင်ရလေ၏။ ဂေါသစ် ဗိသုကာ ပုံစံ တံခါးမ ခုံးခုံးကြီးမှ ထွက်လိုက်လျှင် ပေါင်းနွမ်းလှပြီ ဖြစ်သည့် ကျောက်တုံး လှေကားကြီးကို တွေ့ရလေ၏။ ကျောင်းဆရာကြီး၏ အခန်းမှာ အောက်ထပ်တွင် ရှိပြီး အထက်ထပ် သုံးထပ်တွင် ကျောင်းသား တစ်ယောက်စီ နေထိုင်ကြပေ၏။ ကျောင်းဆောင်သို့ ကျွန်ုပ်တို့ ရောက်သွားသည့် အချိန်၌ မှောင်ရီပျိုးစ ပြုနေလေပြီ။ ရှားလော့ဟုမ်းသည် ရပ်ကာ ပြတင်းပေါက်ကို စေ့စပ်စွာ ကြည့်ရှုလျက် ရှိလေ၏။ ထို့နောက် ပြတင်းပေါက် နားသို့ ကပ်သွားကာ ခြေဖျား ထောက်ပြီးလျှင် လည်ကို ဆန့်၍ အခန်းတွင်းသို့ လှမ်းကြည့်လိုက်လေ၏။

'တံခါးမကြီးက ဝင်ပုံကျတယ်ဗျ၊ ပြတင်းပေါက်မှာတော့ မှန် တစ်ချပ် ကွဲနေတာက လွဲရင် ဝင်စရာ အပေါက် လုံးဝ မရှိဘူး'

ကထိကက ပြောလေ၏။ ရှားလော့ဟုမ်းသည် ကထိကကို ခပ်ဆန်ဆန် ပြုံး၍ ကြည့်လိုက်ကာ

'ဟုတ်ကဲ့လားဗျ၊ ကဲလေ ဒီမှာ ကြည့်လို့ ဘာမှ မထူးဘူး ဆိုရင်လည်း အထဲကို ဝင်ကြည့်ကြသေးတာပ'

ကထိကသည် တံခါးကို သော့ဖွင့်လိုက်ပြီးလျှင် ကျွန်ုပ်တို့ကို ဧည့်ခန်း ထဲသို့ ခေါ်လေ၏။ ကျွန်ုပ်တို့က အပေါက်ဝတွင် ရပ်လျက် ရှိစဉ် ရှားလော့ဟုမ်း







ခြေဖျား ထောက်ပြီးလျှင် လည်ကို ဆန့်၍ အခန်းတွင်းသို့ လှမ်းကြည့်လိုက်လေ၏။

သည် ကော်ဇော အခင်းကို ကြည့်ရှု စစ်ဆေးလျက် ရှိလေ၏။

'အင်း ဒီမှာလည်း ဘာ အမှတ်အသားမှ မတွေ့ရပါကလား ဗျို့၊ အေးလေ ရာသီဥတုက ဒီ လောက် ခြောက်သွေ့နေတော့ ဘယ် တွေ့ရတော့မလဲ၊ ဆရာကြီးရဲ့ အိမ် က လူတော့ ခုလောက်ဆိုရင် သတိ လေး -ဘာလေး ကောင်းလောက် ရောပေါ့၊ ကုလားထိုင်ပေါ်မှာ ထိုင် နိုင်းပစ်ခဲ့တယ် ဆို၊ ဘယ် ကုလား ထိုင်လဲ'

'ပြ တင်း ပေါက် နား က ကုလားထိုင် ခင်ဗျ'

'သြော် စားပွဲ သေးသေး လေးနားက ကုလားထိုင်လား၊ ကဲ ဝင်ကြလေ၊ ကော် ဇော ကို တော့ ကြည့်ပြီးပါပြီ၊ စားပွဲကလေးနား ကို ကြည့်ကြဦးစို့ရဲ့၊ အင်း ဖြစ်ပုံ ကတော့ ရှင်းပါတယ်၊ အဲဒီ လူက အခန်းထဲ ဝင် လာ မယ်၊ အလယ် ကောင် စားပွဲကြီးပေါ်မှာ တင်ထား တဲ့ မေးခွန်း စာရွက်တွေကို တစ် ရွက်ပြီး တစ်ရွက် ယူမယ်၊ ပြတင်း ပေါက်နားက စားပွဲလေးဆီကို ယူ သွားတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ပြတင်းပေါက်ကနေ ဝင်းထဲကို လှမ်းကြည့် လိုက်ရင် ဆရာကြီး ပြန်လာတာကို ကောင်းကောင်း မြင်နေရတာကိုး၊ ထွက် ပြေးဖို့ အချိန် ရတာပေါ့'

'အမှန်ကတော့ မမြင်နိုင်ဘူး ခင်ဗျ၊ ကျွန်တော် ပြန်လာတာက ဘေး ပေါက် တံခါးကလေးကနေ ပြန်ဝင်လာတာ'



www.burmeseclassic.com

www.burmeseclassic.com



‘ဩော် ဟုတ်လား၊ အေးလေ၊ သူကတော့ လာရိုးလာစဉ် လမ်းကပဲ လာမယ်လို့ တွက်မှာပေါ့၊ အဲဒီ မေးခွန်း စာရွက်ကလေးကို ကျွန်တော် ကြည့်စမ်းပါရစေဦး၊ မှန်း လက်ရာတို့ ဘာတို့လည်း မရှိဘူး ခင်ဗျ၊ အဲ ဟောဒီ စာရွက်ကို ပထမဆုံး ယူပြီး ကူးတာ ခင်ဗျ၊ ဘယ်လောက်ပဲ အတိုကောက် ကူးကူး ဒီ စာရွက်တွေကို သူ ဘယ်လောက် ကြာကြာ ကူးရမလဲ၊ အနည်းဆုံး ဆယ့်ငါးမိနစ်တော့ ကူးရမယ် ခင်ဗျ၊ ကူးပြီးတော့ စာရွက်ကို လွှတ်ချပြီး ဒုတိယ စာရွက်ကို ယူတယ်၊ အဲဒီ စာရွက်ကို ကူးနေတုန်းမှာ ဆရာကြီး ပြန်လာလို့ သူ ကတိုက်ကရိုက်နှင့် ပြန်ထွက်ပြေးတယ်၊ ပြေးတာမှ တော်တော့်ကို ကတိုက်ကရိုက် ပြေးတာ၊ ဒါကြောင့်မို့ စာရွက်တွေကို သူ့နေရာသူတောင် ပြန်မထားခဲ့နိုင်တာပေါ့၊ ထုံးစံအားဖြင့် ဆိုရင် သူ ရောက်တာ မသိစေချင်လို့ စာရွက်တွေကို ပြန်ထားရမှာပေါ့၊ အပြင်ဘက်က ဝင်လာတုန်းက လှေကားပေါ်က ကတိုက်ကရိုက် ပြန်ဆင်းသွားတဲ့ ခြေသံတွေ ဘာတွေများ မကြားလိုက်မိဘူးလား’

‘ဒါတော့ သတိ မထားလိုက်မိဘူး ခင်ဗျာ’

‘ကူးတာမှ တော်တော် မြန်မြန် ကူးလေတော့ ခဲတံတောင် ကျိုးသွားတယ်ဗျ၊ ဒါကြောင့်မို့ နောက်ပြန်ချွန်တာ တွေ့တယ် မဟုတ်လား၊ အင်း ဒီအချက်က တော်တော် စိတ်ဝင်စားစရာ ကောင်းတယ်ဗျို့၊ အိုင်ဆေး ခဲတံက သာမန် ခဲတံ မဟုတ်ဘူး ခင်ဗျ၊ ဆိုက်ကတော့ သာမန် ခဲတံဆိုက်ဗျ၊ ခဲသားက အပျော့၊ အပြင်က အရောင်က နက်ပြာရောင်၊ ခဲတံ ထုတ်တဲ့ ကုမ္ပဏီ နာမည်ကို ငွေမင်နှင့် နှိပ်ထားတယ်၊ သူ ကူးတဲ့ ခဲတံကတော့ တစ်လက်မခွဲလောက်ပဲ ရှိတယ်၊ အဲဒီလို ခဲတံမျိုးကို လိုက်ရှာကြည့်ပေတော့၊ ဆရာကြီးရေ၊ အဲဒီ ခဲတံကို တွေ့ရင် ဆရာကြီး လူကို တွေ့ပြီ၊ ဩော် ပြောလိုက်ရဦးမယ်၊ အဲဒီ လူမှာ တော်တော် ကြီးတဲ့ ခပ်တုံးတုံး မောင်းချဓား တစ်ချောင်းလည်း ရှိတယ်ဗျ’

ကျောင်းဆရာ မစ္စတာ ဆုမ်းမှာ ထိုသတင်းများကို ကြားလိုက်ရသည့်အတွက် ဝမ်းသာသွားဟန် ရှိပေ၏။

‘စုံထောက်ကြီး ပြောတဲ့ အချက်တွေထဲမှာ ဒီပြင် အချက်တွေကိုတော့ ကျွန်တော် နားလည်နိုင်ပါတယ် ခင်ဗျာ၊ ဒါပေမဲ့ ခဲတံရဲ့ အရှည်နှင့် ပတ်သက်ပြီတော့’

ရှားလော့ဟုမ်းက *nn* ဟူသော စာလုံး နှစ်လုံး ပါရှိသည့် သစ်သားစကလေး တစ်ခုနှင့် ထိုစာလုံးများ နောက်တွင် ဆေးရောင် မရှိသည့် သစ်သားစကလေးကို ကောက်ပြလိုက်ပြီး





‘တွေ့လား’

‘ဟုတ်ကဲ့၊ တွေ့ပေမဲ့ ကျွန်တော်တော့’

‘အိုင်ဆေး ဝပ်ဆင်၊ ကျုပ်က ခင်ဗျားကို မေ့ မေ့နေတယ်၊ တခြား လူတွေကို ပြော ပြောနေတာနှင့် သတိကို မရဘူး၊ ဒီ *nn* ဆိုတဲ့ စာလုံးဟာ ဘာဖြစ်နိုင်သလဲ၊ ဒီစာလုံး နှစ်လုံးဟာ စာလုံး တစ်လုံးရဲ့ အဆုံး အက္ခရာတွေဗျ၊ ခဲတံကို ဂျိုဟန် ဖေဘာ (*Johann Faber*) ကုမ္ပဏီက အများဆုံး ထုတ်တာဗျ၊ *nn* ဆိုတဲ့ စာလုံး နှစ်လုံးဟာ ခဲတံ ကုမ္ပဏီရဲ့ နာမည်က စာလုံးတွေ၊ ခဲတံများမှာ ကုမ္ပဏီ နာမည် ဆိုရင် ဖင်ပိုင်းမှာ ထိုးလေ့ ရှိတယ်၊ ခု *nn* ဆိုတဲ့ စာလုံးဟာ ချွန်သားထဲ ပါသွားပြီ၊ ဒါကြောင့် ဒီခဲတံဟာ တိုရမယ်လို့ ကျုပ်ပြောတာ’

ရှားလော့ဟုမ်းသည် စားပွဲကလေးကို လျှပ်စစ် မီးရောင်တွင် ထောင်ကြည့်လိုက်ပြီးလျှင်

‘သူ ကူးတဲ့ စာရွက်က ခပ်ပါးပါးလေး ဆိုရင် ဒီလောက် ပြောင်ချောနေတဲ့ စားပွဲပေါ်မှာ လာထင်ရမယ်၊ အင်း ခုတော့ ဘာမှ မတွေ့ရဘူးဗျ၊ ဒီအခန်းထဲမှာတော့ ဒီလောက် ကြည့်ရင် လုံလောက်သွားပါပြီ၊ အထူး ကြည့်စရာမရှိတော့ဘူး၊ အလယ်ကောင်က စားပွဲကြီးကို ကြည့်ကြဦးစို့ရဲ့၊ ဟောဒီ အလုံးကလေးက ဆရာကြီး ပြောတဲ့ ဆေးဆိုးထားတဲ့ ရွှံ့လုံးကလေး ဆိုတာ မှတ်တယ်၊ ပုံက သုံးထောင့်ကလေးဗျ၊ အလယ်က အခေါင်းနှင့် ထင်တယ်၊ ဟုတ်တယ်ဗျို့၊ ဆရာကြီး ပြောတဲ့ အတိုင်း လွှစာမှုန့်လို အမှုန်ကလေးတွေ ကပ်နေတယ်၊ အလို တော်တော် စိတ်ဝင်စားစရာ ကောင်းလာပြီဗျို့၊ လှီးထားလိုက်တာ ဟိနေတာပဲဗျ၊ အလို စားပွဲမှာ ထင်နေတဲ့ အစင်းကြောင်းက လှီးထားလို့ ထင်ကျန် နေရစ်ခဲ့တဲ့ အစင်းကြောင်းဗျ၊ အဖျားမှာ အစင်း ပါးပါးကလေး ထင်ပြီး နောက်ပိုင်းမှာ တော်တော် နက်သွားပြီး ချိုင့်တောင် ဖြစ်နေတယ်ဗျ၊ ဒီအမှုကို လာပြောတဲ့ အတွက် ကျေးဇူး တင်တယ် ဆရာကြီးရေ၊ ဒီတံခါးက ဘယ်ကို ပေါက်တာလဲ’

‘ကျွန်တော့် အိပ်ခန်း တံခါးပါ’

‘ဒီကိစ္စ ဖြစ်ပြီးတဲ့နောက် အိပ်ခန်းထဲကို ရောက်သေးသလား’

‘မရောက်ပါဘူး ခင်ဗျာ၊ စုံထောက်ကြီးဆီကို တစ်ခါတည်း တန်းလာခဲ့တာပါ’

‘ဆရာကြီးရဲ့ အိပ်ခန်းကို ကြည့်ချင်တယ်ဗျာ၊ အခန်းက ရေတုန်းက



www.burmeseclassic.com

www.burmeseclassic.com



ဆောက်ခဲ့တဲ့ အိမ်ခန်းကြီးတွေ ဆိုတော့ တယ်ကောင်းတာပဲ၊ ခဏကလေး ကျွန်တော် ကြမ်းပြင်ကို နည်းနည်း ကြည့်လိုက်ချင်သေးတယ်၊ အင်း ဘာမှတော့ မတွေ့ရပါဘူး၊ အခန်း ကန့်လန့်ကာတွေကကော၊ ဆရာကြီး အဝတ်အစားတွေကို ကန့်လန့်ကာ နောက်မှာ ချိတ်ထားလေ့ ရှိသလား၊ အခန်းထဲမှာ ပုန်းချင်တယ် ဆိုရင်တော့ ဒီကန့်လန့်ကာကြီး နောက် ဝင်ပုန်းမှာပဲ၊ ခုတင်က နိမ့်ပြီး ဗီရိုလည်း သိပ်မကြီးလေတော့ အဲဒီဟာတွေထဲမှာတော့ ဝင်ပုန်းမှာ မဟုတ်ပါဘူး။ အထဲမှာ ဘယ်သူမှ မရှိပါဘူး ထင်ပါရဲ့ မှန်း'

ရှားလော့ဟုမ်းသည် ကန့်လန့်ကာကြီးကို ဘေးသို့ ဆွဲလိုက်လေရာ ထိုသို့ ဆွဲလိုက်စဉ်တွင် သတိထား၍ ဆွဲလိုက်သဖြင့် နောက်တွင် တစ်စုံတစ်ခု ရှိလိမ့်မည်ဟု မျှော်လင့်ထားကြောင်းကို ကျွန်ုပ် သတိ ပြုမိလိုက်ပေ၏။ သို့ရာတွင် ချိတ်များတွင် တန်းစီ ချိတ်ထားသည့် ဝတ်စုံ လေးစုံမှ အပ ကန့်လန့်ကာ နောက်တွင် ဘာမျှ မတွေ့ရချေ။ ရှားလော့ဟုမ်းသည် ပြန်လှည့်လိုက်ကာ ကြမ်းပြင်ကို ရုတ်တရက် ငုံ့လိုက်ပြီး

'အလို ဘာလဲဗျို့'

ထိုအရာမှာ ခပ်စောစောက စားပွဲပေါ်တွင် ကျွန်ုပ်တို့ တွေ့ခဲ့ရသည့် ရွှံ့ မြောင့်ပုံ ရွှံ့လုံးကလေးလို အရာ ဖြစ်လေ၏။ ရှားလော့ဟုမ်းသည် ထိုအရာကလေးကို လက်ဖဝါးတွင် တင်ကာ မီးရောင်တွင် ကြည့်နေလေ၏။

'ဆရာကြီး အခန်းကို ဝင်တဲ့ လူကဖြင့် ဧည့်ခန်းထဲမှာရော အိပ်ခန်းထဲမှာရော ခြေရာလက်ရာတွေ ထားပစ်ခဲ့တာပဲဗျ'

'အိပ်ခန်းထဲကို ဘာကိစ္စ ဝင်သလဲ မဆိုနိုင်ဘူး'

'ရှင်းပါတယ်လေ၊ ဆရာကြီးက မထင်တဲ့ တံခါးပေါက်က ပြန်ဝင်လာတော့ တံခါးဝ ရောက်သည် အထိ ဆရာကြီး ပြန်လာတာကို သူ မသိဘူး၊ ဒီတော့ သူ ဘာလုပ်မလဲ၊ သူ ပါလာတဲ့ သူ့ ပစ္စည်းလေးတွေကို ကောက်ဆွဲပြီး ဆရာကြီး အခန်းထဲကို ဝင်ပုန်းနေတာပေါ့'

'ဘုရားရေ၊ ဒါဖြင့် ဧည့်ခန်းထဲမှာ ကျွန်တော်နှင့် ဘင်နစ္စတာ စကားပြောနေတုန်းက သူ အိပ်ခန်းထဲမှာ တစ်ချိန်လုံး ရှိနေတယ်ပေါ့'

'ဒီလိုပဲ မြင်တယ် ခင်ဗျ'

'ဒီလို ဆိုရင်တော့ တခြား တစ်ယောက်ယောက် ဖြစ်ပြီ ထင်တယ်၊ ကျွန်တော့် အိပ်ခန်း ပြတင်းပေါက်ကို စုံထောက်ကြီး ကြည့်ပြီးပြီနော်'

'သံဘောင်တပ်၊ မှန်ကူကွက် ဖော်ထားတဲ့ ပြတင်းပေါက် သုံးပေါက်





ခင်ဗျ၊ တစ်ခုက ပတ္တာ ပြုတ်နေတော့ လူတစ်ယောက် ကောင်းကောင်း ဝင်လို့ ရတယ်'

'ဟုတ်ပြီ ခင်ဗျ၊ အဲဒီကနေ လှမ်းကြည့်လိုက်ရင် ဝင်းခြံ တစ်စိတ်တစ်ပိုင်း ကွယ်နေတယ်၊ ဒီလူဟာ ပြတင်းပေါက်ကနေပြီး အိပ်ခန်းကို ဖြတ်တယ်၊ ဖြတ်ရင်း လက်ရာ ခြေရာ ကျန်ရစ်ခဲ့တယ်၊ ပြီးတော့ တံခါး ဖွင့်ထားတာ တွေ့တော့ တံခါးမကြီးကနေ ထွက်သွားတယ်'

ရှားလော့ဟုမ်းက စိတ်တိုဟန်ဖြင့် ခေါင်းကို ယမ်းလိုက်ရင်း

'လက်တွေ့ကျစမ်းပါ ဆရာကြီးရယ်၊ ဒီလှေကားကို သုံးတဲ့ ကျောင်းသား သုံးယောက် ရှိတယ်လို့ ဆရာကြီး ပြောခဲ့တယ်၊ ဒီသုံးယောက်လုံးဟာ ဆရာကြီး အခန်းရှေ့က ဖြတ်သွားလေ့ ရှိတယ်လို့ ပြောခဲ့တယ် မဟုတ်လား'

'ဟုတ်ပါတယ်'

'သူတို့ သုံးယောက်စလုံးဟာ စာမေးပွဲ ဝင်မယ့် လူချည်း မဟုတ်လား'

'ဟုတ်ပါတယ်'

'ဒါဖြင့် သူတို့ သုံးယောက်ထဲက တစ်ယောက်ယောက်ကော မဖြစ်နိုင်ဘူးလား'

ဆရာကြီးသည် စဉ်းစားနေ၏။

'ဒါကတော့ ပြောရ ခက်ပါတယ် ခင်ဗျာ၊ အထောက်အထား မရှိဘဲ သံသယ ဖြစ်ရတာ မကောင်းပါဘူး'

'ကဲ ဒါဖြင့် သံသယ အရင် ဖြစ်ကြည့်မယ် ခင်ဗျာ၊ အထောက်အထားကို နောက်မှ ရှာမယ်'

'ဒီလိုဆိုရင် ဒီအခန်းတွေမှာ နေတဲ့ ကျောင်းသား သုံးယောက် အကြောင်းကို ကျွန်တော် ပြောပြပါ့မယ် စုံထောက်ကြီး၊ အောက်ဆုံးထပ်က ကျောင်းသားကတော့ ဂီးလ် ခရစ်ပါ၊ သူငယ်လေးက စာလည်း တော်တယ်၊ အားကစားလည်း ထူးချွန်တယ်၊ ရပ်ဂဗီ ဘောသင်းမှာ ပါတယ်၊ ကျောင်းမှာ ကရစ်ကက်သင်းမှာလည်း ပါပါတယ်၊ အခက်အခဲခုန်နှင့် အလျားခုန်မှာ ရွှေတံဆိပ်လည်း ရဖူးပါတယ်၊ တော်တော်လေးကို ယောကျ်ားပီသတဲ့ သူငယ်ကလေးပါ၊ သူ့ အဖေက နာမည် တော်တော်ကြီးတဲ့ ဆာ ဂျာဘက်စ် ဂီးလ်ခရစ်ပါ၊ လောင်းကစားသမားလို့ နာမည်ကြီးပြီး မြင်းလောင်းတာနှင့် မွဲသွားပါတယ်၊ ကျွန်တော့် တပည့်ကတော့ ဆင်းဆင်းရဲရဲနှင့် စာသင်ခဲ့ရပါတယ်၊ ဒါပေမဲ့ သူငယ်ကလေးက ကြိုးစားတယ်၊ ဝီရိယ ရှိတယ်၊ ကြီးပွားမယ့် သူငယ်ကလေး တစ်ယောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



'ဒုတိယထပ်မှာတော့ ကျွန်တော် စောစောက ပြောတဲ့ အိန္ဒိယ ကျောင်းသား ဒိုးလတ် ရတ်စ် နေပါတယ်၊ သူကတော့ တခြား အိန္ဒိယ ကျောင်းသားတွေလို ခပ်ကုပ်ကုပ် နေတာပါပဲ၊ အကဲခတ်ရလည်း ခက်ပါတယ်၊ ဒီပြင် ဘာသာတွေမှာ တော်ပေမဲ့ ဂရိ ဘာသာမှာ ညံ့ပါတယ်၊ သူကတော့ တည်တည်ကြည်ကြည်ပါပဲ၊ စည်းနှင့်ကမ်းနှင့် နေတတ်ပါတယ်။

'တတိယ အထပ်က ကျောင်းသားကတော့ မိုင်း မက်လာရင်ပါ၊ သူကတော့ ဉာဏ်တော့ ကောင်းပါရဲ့၊ ဒါပေမဲ့ စာတော့ မကြိုးစားဘူး ခင်ဗျ၊ ကြိုးစားရင် တော်တော် ထူးချွန်မယ့် သူငယ်၊ ပထမနှစ်တုန်းက ဖဲရိုက်လို့ ဆိုပြီး ကျောင်းကတောင် အထုတ်ခံရမလို ဖြစ်ပါသေးတယ်၊ သူကတော့ စာသင်နှစ် တစ်နှစ်လုံး ပျော်နေတာပါပဲ၊ စာမေးပွဲ ဆိုရင် အလွန် ကြောက်ပါတယ်'

'ဒါဖြင့် သူ့ကိုများ ဆရာကြီး မထင်မိဘူးလား'

'ဒီလောက် အထိတော့ ကျွန်တော် မပြောရဲပါဘူး ခင်ဗျ၊ သို့သော်လည်း သုံးယောက်မှာ ထင်ချင်း ထင်ရင် သူ့ကိုပဲ ထင်စရာ ရှိတယ်လို့ပဲ ပြောရတော့မှာပဲ'

'ဟုတ်ပြီ ခင်ဗျ၊ ကဲ မစ္စတာ ဆုမ်း၊ ဆရာကြီးရဲ့ အိမ်စေကို မေးကြည့်ချင်တယ် ခင်ဗျ'

ဆရာကြီး၏ အိမ်စေ ဘင်နစ္စတာမှာ အသားဖြူဖြူ မျက်နှာ ပြောင်တင်း လျက် ဆံပင်တို့ ဖွေးဖြူနေသည့် အသက် ငါးဆယ်ခန့် ခပ်သေးသေး လူ တစ်ယောက် ဖြစ်၏။ ကျွန်ုပ်တို့ ရှေ့သို့ ရောက်လာသည့် အခါတွင် အကြောက်ပြေသေးဟန် မတူချေ။ သူ့ မျက်နှာသည် အကြောဆွဲသဖြင့် ရွဲ့ရွဲ့သွားကာ လက်ချောင်းကလေးများကလည်း တလှုပ်လှုပ် ဖြစ်လျက် ရှိလေ၏။

'ဘင်နစ္စတာရေ၊ ဒီအမှုကို လာပြီး စုံစမ်းနေတယ်ဗျ' ဟု ဆရာကြီးက ပြော၏။

'ဟုတ်ကဲ့ ဆရာကြီး'

'သော့ကို တံခါးမှာ တန်းလန်း ထားပစ်ခဲ့တယ် ဆိုတာ ဟုတ်သလား'

'ဟုတ်ပါတယ် ခင်ဗျာ'

'မေးခွန်း စာရွက်တွေ ရှိနေတုန်းမှာ ဒီလို ဖြစ်တာဟာ နည်းနည်း ထူးဆန်း မနေဘူးလား'

'ဟုတ်ပါတယ် ခင်ဗျာ၊ ကံကိုက ဆိုးလွန်းလို့ပါ၊ တစ်ခါ တစ်ခါမှာလည်း ဒီလိုပဲ သော့တန်းလန်းနှင့် ထားခဲ့တာတွေတော့ ရှိပါတယ်'





'အခန်းထဲကို ဘယ်အချိန်မှာ ဝင်သလဲ'

'လေးနာရီလောက်ပါ ခင်ဗျာ၊ ဆရာကြီး လက်ဖက်ရည် သောက်ချိန်ပါ'

'အခန်းထဲမှာ ဘယ်လောက် ကြာကြာ နေသေးသလဲ'

'ဆရာကြီးကို မတွေ့တော့ ကျွန်တော်လည်း ချက်ချင်း ပြန်ထွက်ခဲ့ပါတယ်'

'စားပွဲပေါ်က စာရွက်တွေကိုကော ကြည့်မိသေးသလား'

'မကြည့်မိပါဘူး ခင်ဗျာ၊ ယောင်လို့တောင် မကြည့်မိပါဘူး'

'သော့ကို တံခါးမှာ ဘာဖြစ်လို့ တန်းလန်း ထားပစ်ခဲ့တာလဲ'



'သော့ကို တံခါးမှာ ဘာဖြစ်လို့ တန်းလန်း ထားပစ်ခဲ့တာလဲ'

'ကျွန်တော့် လက်ထဲမှာ လက်ဖက်ရည်ဗန်း ကိုင်ထားတယ် ခင်ဗျ၊ နောက် တစ်ခေါက် လာယူမယ် ဆိုပြီး ပြန်လာခဲ့တာ၊ နောက်တော့ ကျွန်တော်လည်း မေ့သွားပါတယ်'

'အပြင်ဘက် တံခါးမှာ မသော့ခလောက် ရှိသလား'

'မရှိပါဘူး'

'ဒါဖြင့် အပြင် တံခါးကို အမြဲ ဖွင့် ထား တယ် ပေါ့'

'ဟုတ်ပါတယ် ခင်ဗျာ'

'အခန်းထဲမှာ လူတစ်ယောက် ရှိနေရင် အဲဒီ တံခါးက ထွက်လို့ ရတယ်ပေါ့'

'ရပါတယ် ခင်ဗျာ'

'ဆရာကြီး ပြန်လာပြီး ခင်ဗျားကို ခေါ်တော့ ခင်ဗျား တော်တော် စိုးရိမ်မသွားဘူးလား'

'မှန်ပါတယ် ခင်ဗျာ၊ ကျွန်တော် ဒီမှာ လုပ်နေတဲ့ အတောအတွင်းမှာ



www.burmeseclassic.com

www.burmeseclassic.com

ဒါမျိုး တစ်ခါမှ မဖြစ်ဖူးပါဘူး၊ ဒီသတင်းကို ကြားလိုက်တော့ ကျွန်တော် မူးမေ့မတတ် ဖြစ်သွားပါတယ်'

'ဟုတ်ပြီ၊ နားလည်ပြီ၊ ခင်ဗျား မူးမေ့လဲခါနီးတုန်းက ခင်ဗျားက ဘယ်နားမှာလဲ'

'ခင်ဗျာ၊ ကျွန်တော်လား၊ ကျွန်တော် တံခါးနားမှာ ခင်ဗျ'

'အင်း ဒါက နည်းနည်း ဆန်းတယ်ဗျ၊ မူးတော့ ခင်ဗျား ဟိုဘက်ထောင့်နားမှာ ရှိတဲ့ ကုလားထိုင်မှာ သွားထိုင်တယ် မဟုတ်လား၊ တခြား ကုလားထိုင်တွေကို ကျော်ပြီး ဘာဖြစ်လို့ အဲဒီ ကုလားထိုင်ကို သွားထိုင်တာလဲ'

'ဒါတော့ ကျွန်တော် မပြောတတ်ဘူး ခင်ဗျ၊ ထိုင်မိထိုင်ရာကို ထိုင်လိုက်တယ်လို့ ထင်တာပဲ'

'စုံထောက်ကြီး ခင်ဗျာ၊ ကျွန်တော် ထင်တာကတော့ သူ တကယ် မသိဘူး ထင်ပါတယ်၊ အဲဒီတုန်းက သူ့ မျက်နှာတွေက ဖြူဖပ်ဖြူရော် ဖြစ်လို့ ခင်ဗျ၊ တော်တော်ကလေးကို အခြေအနေ ဆိုးတယ်'

'ဆရာကြီး ထွက်သွားတော့ ခင်ဗျား အဲဒီမှာပဲ ထိုင်နေသလား'

'တစ်မိနစ် နှစ်မိနစ်လောက်ပါပဲ ခင်ဗျာ၊ နောက်တော့ တံခါးကို သော့ခတ်ပြီး ကျွန်တော့် အခန်းကို ပြန်လာပါတယ်'

'ဘယ်သူ့ကို ထင်သလဲ'

'ကျွန်တော် မပြောရဲပါဘူး ခင်ဗျာ၊ တက္ကသိုလ် ကျောင်းတိုက်ကြီးမှာ ဒီလို ကိစ္စမျိုးကို လုပ်မယ့်လူ ရှိတယ်လို့ ကျွန်တော် မထင်ပါဘူး၊ ကျွန်တော်ဖြင့် နား ရှိလို့သာ ကြားရတယ်၊ မယုံနိုင်အောင်ပါပဲ ခင်ဗျာ'

'ကျေးဇူးတင်ပါတယ်၊ ဒီလောက်ဆို တော်ပါပြီ၊ ဪ တစ်ခု ကျန်သေးတယ်ဗျ၊ တစ်ခုခု ပျောက်တယ် ဆိုတာကို ကျောင်းသား သုံးယောက်ကို ခင်ဗျား မပြောဘူးနော်'

'မပြောပါဘူး ခင်ဗျာ၊ လေသံတောင် မဟပါဘူး'

'သူတို့နှင့်ကော တွေ့သေးသလား'

'မတွေ့ပါဘူး ခင်ဗျား'

'ဟုတ်ပြီ၊ ကဲ ဆရာကြီး အားရင် ကျွန်တော်နှင့် ဟောဟို ရှေ့က ကွက်လပ်မှာ လမ်း တစ်ပတ်လောက် လျှောက်ရအောင်'

တဖြည်းဖြည်း မှုန်ဝါးစ ပြုလာသော အမှောင်ထုထဲ၌ မီးလင်းနေသော ပြတင်းပေါက်များကို တွေ့ရလေ၏။





'အင်း ၄က်သုံးကောင်ကတော့ သူတို့ အသိုက်ထဲမှာ ရောက်နေကြပြီဗျ၊ အလို ဟိုဟာက ဘာလဲဗျို့၊ တစ်ယောက်က တယ် ဂနာ မငြိမ်ပါလား' ဟု ရှားလော့ဟုမ်းက မော့ကြည့်ရင်း ပြောလေ၏။

ထိုလူမှာ အိန္ဒိယ ကျောင်းသား ဖြစ်ပြီး သူ့ အရိပ်သည် ခန်းဆီးပေါ်တွင် ထင်းထင်းကြီး ပေါ်လျက် ရှိလေ၏။ ဒိုးလတ် ရတ်စ်သည် အခန်းထဲတွင် လျင်မြန်စွာ ခေါက်တုံ့ခေါက်ပြန် လျှောက်လျက် ရှိလေ၏။

'သူတို့ သုံးယောက်ကို တစ်ယောက်စီ ဝင် တွေ့ကြည့်ချင်တယ်ဗျာ၊ ဖြစ်ပါ့မလား'

'ရပါတယ် ခင်ဗျာ၊ ဒီ အခန်းသုံးခန်းဟာ ကျွန်တော်တို့ ကျောင်းတိုက်မှာဖြင့် ရှေးအကျဆုံး အခန်းတွေပါ၊ အပြင်က လူတွေ မကြာမကြာ လာကြည့်တတ်ကြ ပါတယ်'



ရှားလော့ဟုမ်းသည်
မှတ်စု စာအုပ်ကို ဖွင့်၍
ရေးကူးသည်တွင်

ရှားလော့ဟုမ်းက ဂီးလ်ခရစ်၏ အခန်း တံခါးကို အသာခေါက်လိုက်ရင်း 'ကျွန်တော်တို့ နာမည်တွေကို ပြော မနေနှင့်နော်' ဟု ခပ်တိုးတိုး ပြောလေ၏။ အရပ်မြင့်မြင့်၊ ဆံပင် ဝါလဲ့လဲ့၊ ကိုယ်လုံးကိုယ်ပေါက် ခပ်ကျစ်ကျစ် ကျောင်းသား တစ်ယောက်က တံခါးကို လာဖွင့်ပေးကာ ဖော်ရွေစွာ ဆီးကြိုခြင်း ပြုလေ၏။ အခန်းထဲတွင် ခေတ်လယ် အိမ်တွင်း ဗိသုကာ အမွှမ်းအမံတို့ဖြင့် အတော်ပင် လှပသည့် အခန်း တစ်ခု ဖြစ်လေ၏။ ရှားလော့ဟုမ်းမှာ အခန်းထဲတွင် ရှိသည့် ဗိသုကာ လက်ရာများကို သဘောကျလွန်းသည့် အတွက် မှတ်စုစာအုပ်ကို ဖွင့်၍ ရေးကူးသည်တွင် ခဲတံ ကျိုးသဖြင့် အခန်းရှင် ကျောင်းသားထံမှ


www.burmeseclassic.com

www.burmeseclassic.com



ခဲတံ တစ်ချောင်းကို ငှားပြီးလျှင် ခဲတံကို ချွန်ရန် အတွက်လည်း မောင်းချ တစ်ချောင်းကို ငှားရမ်းလေ၏။

နာယောင်ကောက်ကောက်နှင့် စကား နည်းသော အိန္ဒိယ ကျောင်းသာ အခန်းသို့ ရောက်သည့် အခါတွင်လည်း အလားတူ တိုက်တိုက်ဆိုင်ဆိုင် ခဲ ကျိုးပြန်လေ၏။ အိန္ဒိယ ကျောင်းသားမှာ ကျွန်ုပ်တို့ကို မျက်စောင်းထိုး ကြ လျက် ရှိပြီး ရှားလော့ဟုမ်း ပုံ ရေးပြီးသည့် အခါတွင် အတော် ဝမ်းသာသွားပ ရှိလေ၏။ ထိုအခန်း နှစ်ခန်းစလုံးတွင် ရှားလော့ဟုမ်းသည် သူ လိုချင်နေသ သဲလွန်စကို တွေ့ခဲ့သည့် အရိပ်အယောင် မပေါ်ချေ။

တတိယ အခန်း ရောက်သည့် အခါတွင်မှ ကျွန်ုပ်တို့မှာ ဒုက္ခလှလှကြုံ တွေ့ရလေပြီ။ ကျွန်ုပ်တို့သည် တံခါးကို ခေါက်သော်လည်း ဖွင့်မပေးဘဲ အထဲမှ ညစ်ညမ်းစွာ ဆဲရေးသံ ပေါ်ထွက်လာလေ၏။

'ဟေ့ ဘယ်သူလဲကွ၊ ဘာကိစ္စလဲ၊ မနက်ဖြန် စာမေးပွဲကွ၊ သွား ဖွင့် မပေးနိုင်ဘူး၊ တိုင်ချင်တဲ့ နေရာကို သွားတိုင်ချည်'

လှေကားမှ ပြန်ဆင်းလာသည့် အခါတွင် ဆရာကြီးမှာ ဒေါသကြောင့် မျက်နှာ နီရဲလျက် ရှိရာက

'တော်တော် ရိုင်းတဲ့ သူငယ်ပဲ၊ ကျွန်တော်မှန်း မသိလို့ ဆဲတာပေမဲ့ ဘယ်သူဖြစ်ဖြစ် ဒီလို ပြောရမလား ခင်ဗျ၊ ရိုင်းလွန်းလှတယ်၊ ဒီအချိုးမျိုးနှင့် ဆိုရင် မသက်ာစရာတောင် ကောင်းလာပြီ'

ရှားလော့ဟုမ်းက စကား အဆန်း တစ်ခုကို ကောက်မေးလိုက်၏။

'သူ့ အရပ်က ဘယ်လောက် ရှိသလဲ ဆရာကြီး'

'သေသေချာချာတော့ မပြောတတ်ဘူး ခင်ဗျ၊ အိန္ဒိယ ကျောင်းသားထက် မြင့်တယ်၊ ဒါပေမဲ့ ဂီးလ်ခရစ်လောက်လည်း မမြင့်ဘူး၊ ကျွန်တော့် အထင်တော့ ငါးပေ ခြောက်လက်မလောက် ရှိမယ် ထင်တာပဲ'

'အင်း ဒါ အရေးကြီးတယ်ဗျ၊ ကဲ ဆရာကြီးရေ၊ ကောင်းသော ညပါလို့ နှုတ်ဆက်လိုက်ပါတယ်' ဟု ရှားလော့ဟုမ်းက ပြောလေ၏။

ကျောင်းဆရာကြီးမှာ အံ့အားသင့်ခြင်း၊ စိတ်ပျက်ခြင်းတို့ကြောင့် အာပေ ဦတ်သံ တစ်ချက် ပြုလိုက်ပြီးနောက်

'စုံထောက်ကြီး ဘယ်လို လုပ်လိုက်တာလဲ ခင်ဗျာ၊ ဒီလိုပဲ တန်းလန်း ကြီး ထားပြီး ပြန်တော့မှာလား၊ ကျွန်တော့် အခြေအနေကိုလည်း စဉ်းစားကြည့် ပါဦး၊ မနက်ဖြန် ဆိုရင် စာမေးပွဲ စစ်တော့မယ်၊ ဒီညနေမှာ တစ်ခုခုကို ကျွန်တော်





ပုံးဖြတ်ရတော့မယ်၊ ခုလို မေးခွန်း ပေါက်ကြားရင် စာမေးပွဲကို ကျွန်တော် ဘယ့်နှယ်လုပ် စစ်လို့ ရတော့မှာလဲ၊ ဘာပဲဖြစ်ဖြစ် ရင်ဆိုင်ရတော့မှာပဲ'

'ဒီအတိုင်းသာ ထားလိုက်ပါဦးလေ၊ မနက်ဖြန် မနက် အစောကြီးကျ တော့ ကျွန်တော် လာပြီး ဒီအကြောင်းကို ဆွေးနွေးပါဦးမယ်၊ ဘာလုပ်ရမယ် ဆိုတာတော့ ပြောလို့ ရလောက်ပါပြီ၊ ခုလောလောဆယ်မှာတော့ ဘာဆို ဘာမှ ပြောင်းအလဲ မလုပ်ပါနှင့်'

'ဒီလိုဆိုရင်တော့ ကောင်းပါလေရဲ့ ခင်ဗျာ'

'စိတ် အေးအေး ထားပါ ဆရာကြီး၊ အခက်အခဲကို ကျော်လွှားနည်းကို ရှာကြရမှာပေါ့၊ အခန်းထဲမှာ တွေ့တဲ့ ရွှံ့လုံးကလေးနှင့် ခဲတံစကလေးတွေကို တော့ ကျွန်တော် ယူသွားမယ်နော်၊ ကဲ ဂွတ်နိုက်'

ကွက်လပ်သို့ ရောက်သည့် အခါတွင် ကျွန်ုပ်တို့သည် အပေါ်ထပ်မှ ပြတင်းပေါက်များကို မော့ကြည့်မိကြပြန်၏။ အိန္ဒိယ ကျောင်းသားကား ခေါက် တုံ့ ခေါက်ပြန် လျှောက်နေဆဲ ဖြစ်လေ၏။ အခြားသူများကိုကား မမြင်ရတော့ ချေ။

လမ်းမကြီးပေါ်သို့ ရောက်သည့် အခါတွင် ရှားလော့ဟုမ်းက

'အိုင်ဆေး၊ ဘယ်လို ထင်သလဲဗျို့၊ ဖဲသုံးချပ် ကစားရတာနှင့် မတူဘူး လား၊ ဘယ့်နှယ်လဲ၊ အိမ်က သုံးအိမ်ဗျ၊ အဲဒီ သုံးယောက်ထဲက တစ်ယောက် ယောက်ပဲ ဖြစ်ရမှာပဲ၊ ကဲ ခင်ဗျား ဘယ်ဖဲကို ဆွဲမလဲ၊ ဆိုစမ်း'

'ထိပ်ဆုံးကတော့ ပိုနှုတ်ကြမ်းတဲ့ သူငယ်ဗျ၊ သူ့ရာဇဝင် ကြားရတာက လည်း တယ် မဟန်လှဘူး၊ အိန္ဒိယ ကျောင်းသားကို ကြည့်ရတာကလည်း ကလိမ် ကျကျရယ်၊ ဘာဖြစ်လို့ အခန်းထဲမှာ တစ်ချိန်လုံး လျှောက်နေရတာလဲ'

'ဒါကတော့ သိပ် အထူးအဆန်း မဟုတ်ပါဘူးဗျာ၊ တချို့ လူတွေက စာ တို့ ဘာတို့ အလွတ် ကျက်ရင် ဒီလိုပဲ လမ်းလျှောက် ကျက်တတ်ကြတာပဲဟာ'

'သူ ကြည့်ပုံကိုလည်း ကျွန်တော် တယ်မကြိုက်ချင်ဘူး ခင်ဗျ'

'ဒါတော့ ခင်ဗျားလည်း ကိုယ်ချင်းစာကြည့်လေ၊ မနက်ဖြန်မှာ စာမေးပွဲ ဖြေရတော့မှာမို့ စာကျက်နေတုန်း အခန်းထဲကို လူစိမ်းတွေ ဝင်တယ် ဆိုတော့ ဘယ့်နှယ် နေမလဲ၊ သူ့အဖို့ အချိန်တိုင်းဟာ အဖိုး တန်နေတယ် မဟုတ်လား၊ ဒါကြောင့် ကျုပ်တို့ကို ဘုကြည့် ကြည့်တာလည်း သိပ်တော့ မဆန်းပါဘူး၊ ခဲတံ တွေ ခဲတွေကို ကြည့်တော့လည်း ကျေနပ်စရာပါပဲ၊ ဒါပေမဲ့ ကျုပ် ဒီ တယ် အကဲခတ်လို့ မရချင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူလဲ'

'ဘင်နစ္စတာလေဗျာ၊ ဆရာကြီး အိမ်စေပေါ့၊ ဘာဖြစ်လို့များ ဒီလို လုပ်သလဲ မသိဘူး'

'ကျွန်တော့် အထင်တော့ လူရိုးလို့ ထင်တာပဲ'

'ကျုပ် အမြင်မှာလည်း ဒီအတိုင်းပါပဲ၊ အဲဒါကြောင့်မို့ ကျုပ် အကဲခတ်ရတာ ခက်နေတာပေါ့၊ ဒီလောက် ရိုးသားတဲ့ လူတစ်ယောက်ဟာ ဘာဖြစ်လို့ အလို စာရေး ကိရိယာတွေ ရောင်းတဲ့ ဆိုင်ကြီး တစ်ဆိုင်ဗျို့၊ လာဗျာ ဒီမှာ ပထမ ဝင် စုံစမ်း ကြည့်ကြရအောင်'

မြို့ထဲတွင် စာရေး ကိရိယာ ရောင်းသည့် ဆိုင်ကြီးကြီး ဆို၍ လေးဆိုင်သာ ရှိလေ၏။ ဆိုင်တိုင်းတွင် ရှားလော့ဟုမ်းသည် ခဲတံ သစ်သားစကလေးများကို ထုတ်ပြကာ အလားတူ ခဲတံမျိုး ရှိလျှင် ဝယ်လိုကြောင်း ပြောလေ၏။ ဆိုင်တိုင်းကပင် ထိုခဲတံမျိုးကို မှာပေးနိုင်ကြောင်း၊ သို့ရာတွင် ခဲတံမှာ သာမန် သုံးရိုးသုံးစဉ် ဆိုက် မဟုတ်ကြောင်း၊ ထိုခဲတံမျိုးကို ဆိုင်များတွင် တင်ထားလေ့ မရှိကြောင်း ပြောလိုက်ကြ၏။ ရှားလော့ဟုမ်းကား စိတ်ပျက်ဟန် မရှိဘဲ နောက်သလို ပြောဝ်သလိုဖြင့် ပခုံးကို တွန့်ပြခဲ့ပေသေး၏။

'သိပ်တော့ မဟန်ဘူးဗျို့ အိုင်ဆေး၊ တစ်ခုတည်းနှင့် အကောင်းဆုံးသော သဲလွန်စကို ကောက်ကိုင်လိုက်သွားတာ ဘယ်ကိုမှ မရောက်ဘဲ ဖြစ်နေတယ်၊ သို့သော်လည်း ကျုပ် စိတ်ထဲမှာ ထင်နေတာကတော့ ဒီခဲတံ သစ်သားစ သဲလွန်စ မပါဘဲနှင့် အမှုကို ဖော်နိုင်ဖို့တော့ သိပ်လွယ်မယ် မထင်ဘူး၊ အလို ကိုးနာရီ တောင် ထိုးတော့မယ်ဗျို့၊ တည်းခိုရိပ်သာက အဘွားကြီးက ခုနစ်နာရီခွဲမှာ ပေးမယ့် စားတော်ပဲစိမ်းကြော်ကို တယ်ပြီး ညွှန်းတာပဲ၊ ဘယ်လိုလဲ ဆရာကြီး၊ ဆေးတံကလည်း တစ်ချိန်လုံး သောက်၊ ထမင်း စားတော့လည်း စားချင်တဲ့ အချိန်ကျမှ စား၊ ခင်ဗျားတော့ တည်းခိုရိပ်သာက နှင်ထုတ် ခံရတော့မယ် ထင်တယ်၊ ခင်ဗျား ဆင်းပြေးရရင် ကျုပ်လည်း ပြေးပေါက် မှားနေမနော၊ သို့သော်လည်း မှုတော့ မဆင်းနိုင်သေးဘူးဗျ၊ စိုးရိမ်သောက ရောက်နေတဲ့ ကထိကရယ်၊ နပေါ့နမဲ့ နိုင်တဲ့ သူ့အိမ်စေရယ်၊ တော်တော် စွန့်စားတဲ့ ကျောင်းသား သုံးယောက်ရယ်၊ သူတို့ ကိစ္စကို ဖြေရှင်း မပြီးမချင်း ကျုပ် မသွားနိုင်သေးဘူး'

ထိုနေ့ညတွင် ကျွန်ုပ်တို့သည် ညစာကို နောက်ကျ စားသောက်ပြီးနောက် ရှားလော့ဟုမ်းသည် ထိုအကြောင်းနှင့် ပတ်သက်၍ တစ်လုံး တစ်ပါဒမျှ ပြောဆိုခြင်း မပြုတော့ဘဲ အချိန် အတော်ကြာမျှ တိတ်ဆိတ်စွာ ထိုင်လျက် ရှိလေ၏။





နောက်တစ်နေ့ မနက် ရှစ်နာရီ ထိုးပြီး၍ ကျွန်ုပ်တို့ ကိုယ်လက် သန့်စင်ပြီးသည့် အခါတွင် ရှားလော့ဟုမ်းသည် ကျွန်ုပ် အခန်းထဲသို့ ဝင်ရောက်လာကာ

'ကဲ အိုင်ဆေးရေ၊ ကောလိပ် ကျောင်းကို သွားဖို့ အချိန် ရောက်ပြီဗျ၊ မနက်စာ မစားဘဲ လိုက်နိုင်ပါ့မလား၊ မနက်စာကို တွေ့ရာမှာ စားကြတာပေါ့ဗျာ'

'ရပါတယ်ဗျာ၊ သဘောပါ'

'ကျုပ်တို့ဆီက သတင်းကောင်းကို မရမချင်း ဆရာကြီးတော့ စိတ်ပူလှရှာမယ်'

'ခင်ဗျားမှာရော သတင်းကောင်း ပါရဲ့လား'

'ပါတယ်လို့ ထင်တာပဲ'

'ဒါဖြင့် ကောက်ချက် ဆွဲပြီးပြီပေါ့'

'ဒါပေါ့ဗျ၊ အခု ပြဿနာကို ရှင်းပြီးပြီလေ'

'နို့ နေစမ်းပါဦး၊ ဘာ အထောက်အထားသစ်များ ရလို့လဲ'

'မနက် စောစောစီးစီး ခြောက်နာရီလောက် အိပ်ရာက ထတာ အလကား ထတာ မဟုတ်ဘူးဗျ၊ နှစ်နာရီလောက် အလုပ် လုပ်ပြီး အနည်းဆုံး ငါးမိုင်လောက် လျှောက်ခဲ့ပြီးပြီ၊ ခင်ဗျားတို့ကို ပြစရာလည်း တွေ့ခဲ့ပြီးပြီ၊ ဟောဒီမှာ'

ရှားလော့ဟုမ်းက လက်ကို ဖြန့်ပြလေ၏။ လက်ထဲတွင်မူ ရွှံ့လုံးကလေး သုံးလုံးကို တွေ့ရလေ၏။

'ဟင် မနေ့က နှစ်လုံးတည်း ရှိတယ် မဟုတ်လား'

'ဒီနေ့ မနက်မှာ တစ်လုံး ရခဲ့တယ်လေဗျာ၊ နံပါတ်သုံး အလုံး ရခဲ့တဲ့နေရာဟာ နံပါတ်တစ်နှင့် နံပါတ်နှစ် အလုံး မွေးဖွားရာ ရေသောက်မြစ် ဖြစ်တယ်လို့ ပြောရင် သိပ် မရိုင်းလှဘူး ထင်ပါရဲ့၊ ကဲ လာဗျာ ကျုပ်တို့ မိတ်ဆွေ ကျောင်းဆရာကြီး မျှော်လှရှာမယ်'

ကျွန်ုပ်တို့ ရောက်သွားသည့် အချိန်၌ ကထိက ဆရာကြီးမှာ သနားစရာကောင်းလောက်အောင် တုန်လှုပ် ချောက်ချားလျက် ရှိလေ၏။ နာရီ အနည်းငယ်အတွင်း ဆိုလျှင် စာမေးပွဲ စစ်တော့မည် ဖြစ်ရာ ထိုအချိန် အထိ စာမေးပွဲကို ရွှေ့ဆိုင်းရမည်လော၊ သို့မဟုတ် မေးခွန်း ခိုးသွားသူအား စာမေးပွဲ ဝင်ခွင့် ပေးရမည်လောဟု မဆုံးဖြတ်ရသေးချေ။ ဆရာကြီးမှာ များစွာ စိတ် လှုပ်ရှားလျက်ရှိရကား မတ်မတ်ပင် မရပ်နိုင်တော့ဘဲ ရှားလော့ဟုမ်းကို မြင်သည်နှင့် လက်နှစ်ဖက် ဆန့်တန်း၍ ပြေးလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'စုံထောက်ကြီး ရောက်လာလို့ တော်ပါသေးရဲ့ ခင်ဗျာ၊ စုံထောက်ကြီးလည်း ဘာမှ မကြံတတ်တော့ဘူး ထင်ပါရဲ့၊ ကျွန်တော် ဘာလုပ်ရမလဲဟင်၊ စာမေးပွဲကို စစ်လို့ ဖြစ်ပါ့မလား စုံထောက်ကြီး'

'စစ်ရမယ်ဗျ၊ ဘယ်နည်းနှင့်ဖြစ်ဖြစ် စာမေးပွဲကို စစ်ဖြစ်အောင်ကို စစ်ရမယ်'

'ဒါပေမဲ့ ခင်ဗျာ၊ မေးခွန်း ခိုးသွားတဲ့ လူက'

'သူ မပြေပါဘူးဗျ'

'ဒါဖြင့် စုံထောက်ကြီး သိခဲ့ပြီပေါ့'

'သိပြီလို့ ထင်တာပဲဗျ၊ ဒီကိစ္စကို လူသိ မခံချင်ရင် ကျုပ်တို့ဘာသာ ကျုပ်တို့ တရားသူကြီး ခန့်ပြီး အမှုကို ဆုံးဖြတ်ရလိမ့်မယ်ဗျ၊ ဒီတော့ ဆရာကြီးက ဒီမှာ ထိုင်၊ အိုင်ဆေး ဝပ်ဆင်၊ ခင်ဗျားက ဒီမှာ ထိုင်၊ ကျုပ်က အလယ်က ထိုင်မယ်၊ ဒီလောက်ဆိုရင် ကျုပ်တို့တစ်တွေ ရုံးထိုင်တဲ့ဟန် ပေါက်ပြီး အပြစ်ရှိသူ ကြောက်တန်ကောင်းပါရဲ့၊ ကဲ ခေါင်းလောင်း တီးပြီး ခင်ဗျား အိမ်ဖေ အဘိုးကြီးကို ခေါ်စမ်းပါဦး'

ဘင်နစ္စတာသည် ဝင်လာသည့် အခါတွင် တရားရုံး ထိုင်သည့်ဟန် ထိုင်နေကြသည့် ကျွန်ုပ်တို့ တစ်သိုက်ကို မြင်သည်တွင် အံ့သြ ထိတ်လန့်သည့် အသွင်ဖြင့် ရပ်နေလေ၏။

ရှားလော့ဟုမ်းက

'ကဲ၊ ဘင်နစ္စတာ တံခါး ပိတ်လိုက်စမ်းဗျ၊ မနေ့က အဖြစ်အပျက်ကို ကျုပ်တို့ကို အမှန်အတိုင်း ပြောစမ်း'

ထိုအခါ၌ ဘင်နစ္စတာ မျက်နှာမှာ သွေးဆုတ်သွားသကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်လျက် ရှိလေပြီ။

'ဆရာတို့ကို ကျွန်တော် အကုန် ပြောပြီးပါပြီ ခင်ဗျာ'

'နောက်ထပ် ဘာမှ ပြောစရာ မရှိတော့ဘူးလား'

'မရှိတော့ပါဘူး ခင်ဗျာ'

'ကောင်းပြီ၊ ဒီလိုဆိုရင် ကျုပ် ထင်တာကို ပြောမယ်နော်၊ မနေ့ညက ခင်ဗျား ဒီကုလားထိုင်မှာ ထိုင်တာဟာ ဒီအခန်းထဲကို တစ်ယောက်ယောက် လာ၊ တာ ဆရာကြီး မသိအောင်လို့ တစ်ခုခုကို ဖုံးကွယ်ချင်လို့ ထိုင်တာ မဟုတ်လား။ ဘယ့်နှယ်လဲ'

ဘင်နစ္စတာ၏ မျက်နှာမှာ သွေး မရှိတော့ချေ။





'မဟုတ်ရပါဘူး ခင်ဗျား၊ ဒီသဘော မဟုတ်ပါဘူး'

ရှားလော့ဟုမ်းက လေသံ အေးအေးဖြင့်

'အေးလေ၊ ဒါက ကျုပ်အထင်ကို ပြောတာပါ၊ မဟုတ်ရင်လည်း ပြီးရောပေါ့၊ ကျုပ်အနေနှင့်ကတော့ သက်သေ သာဓက မပြနိုင်ဘူးပေါ့၊ သို့သော်လည်း ဆရာကြီး ထွက်သွားသွားချင်း အဲဒီ လူကို အခန်းထဲက ခင်ဗျား ပြန်လွှတ်လိုက်တယ် ထင်တာပဲ'

ဘင်နစ္စတာမှာ ခြောက်သွေ့နေသော နှုတ်ခမ်းများကို လျှာဖြင့် လျက်လျက်ရှိလေ၏။

'အခန်းထဲမှာ ဘယ်သူမှ မရှိပါဘူး ခင်ဗျာ'

'ဟာ တယ်ခက်ပါလား အဘိုးကြီး၊ စောစောက အထိတော့ ခင်ဗျား ပြောတာတွေဟာ အမှန်တွေ ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်၊ ဒါပေမဲ့ ခု စကားကတော့ လိမ်ပြောတာဗျ၊ ကျုပ် သိတယ်'

ဘင်နစ္စတာ၏ မျက်နှာမှာ အနည်းငယ် တင်းသွားပြီး အာခံလိုသည့် သဘောကို ဆောင်နေလေ၏။

'အခန်းထဲမှာ ဘယ်သူမှ မရှိတာတော့ အမှန်ပဲ ခင်ဗျ'

'အဘိုးကြီး မလိမ်နှင့်ဗျာ၊ မှန်မှန် ပြောပါ'

'မလိမ်ပါဘူး ခင်ဗျာ၊ ဘယ်သူမှ မရှိတာ အမှန်ပါ'

'ကဲ ဒီလိုဆိုရင် ခင်ဗျားကို မေးလို့ ဘာမှ ထူးတော့ဟာ မဟုတ်ဘူး၊ ဒီတော့ ခင်ဗျား မပြန်နှင့်ဦး၊ ဟောဟို အိပ်ခန်း တံခါးနားမှာ သွား ရပ် စမ်း၊ ဆရာကြီးရေ၊ အ ပေါ် ထပ် တက်ပြီး ဂီးလ်ခရစ် ဆိုတဲ့ သူငယ်ကလေးကို တစ်ဆိတ် ခေါ်ပေးပါ ခင်ဗျာ'



ဆော ကြာလျှင် ဆရာကြီးသည် ဂီးလ်ခရစ်ကို ခေါ်၍ ပြန်ရောက်လာလေ၏။

ခဏ ကြာလျှင် ဆရာ



www.burmeseclassic.com

ကြီးသည် ဂီးလ်ခရစ်ကို ခေါ်၍ ပြန်ရောက်လာလေ၏။ ထိုသူငယ်မှာ အရပ် မြင့်မြင့်၊ ကိုယ်လုံး ကိုယ်ပေါက် ခပ်သွယ်သွယ်နှင့် ဖျတ်လတ် သွက်လက်သော အမူအရာ ရှိလေ၏။ ပွင့်လင်း၍ ချစ်ခင်ဖွယ် ကောင်းသော မျက်နှာ ရှိလေ၏။ ထိုသူငယ်သည် ကျွန်ုပ်တို့ကို ပြာလဲ့သော မျက်လုံးများဖြင့် အကြောက်ကြောက် အရွံ့ရွံ့ ကြည့်လျက် ရှိရာမှ အခန်းထောင့်တွင် ရပ်နေသည့် ဘင်နစ္စတာကို မြင်သည့် အခါတွင် အကြီးအကျယ် မျက်နှာ ပျက်သွားလေ၏။

'တံခါးကို ပိတ်လိုက်ပါ၊ ကဲ သူငယ်၊ ဒီအခန်းထဲမှာ ကျုပ်တို့ချည်းပဲ၊ ဘယ်သူမှ မကြားနိုင်ဘူး၊ ဒီတော့ ပွင့်ပွင့်လင်းလင်း ပြောကြရအောင်နော်၊ မောင့်လို ရိုးသားပြီး အလားအလာ ရှိတဲ့ သူငယ်ကလေး တစ်ယောက်ဟာ ဘာဖြစ်လို့ မနေ့က ကိစ္စမျိုးကို လုပ်ရတာလဲဟင်'

ဂီးလ်ခရစ်သည် နောက်သို့ ယိုင်လဲ သွားတော့မည်ကဲ့သို့ ဖြစ်သွားရာမှ ကြောက်လန့် အပြစ်တင်သော မျက်လုံးများဖြင့် ဘင်နစ္စတာကို လှမ်းကြည့်နေလေ၏။

'ကျုပ် မပြောဘူး သူငယ်၊ ကျုပ် ဘာမှ မပြောဘူး၊ ဘာဆို ဘာမှ မပြောဘူး' ဟု ဘင်နစ္စတာက ပြောလေ၏။ ရှားလော့ဟုမ်းက

'ဟုတ်ပါတယ်လေ၊ စောစောကတော့ ခင်ဗျား ဘာမှ မပြောဘူး၊ ဒါပေမဲ့ ခု ခင်ဗျား ပြောပြီ မဟုတ်လား၊ ကဲ သူငယ် သူ ပြောလိုက်တဲ့ စကားကြောင့် မောင်ရင့် အခြေအနေကို မောင်ရင် သိပြီ မဟုတ်လား၊ ဒီတော့ မောင်ရင့် အတွက် အကောင်းဆုံးက ကိုယ့် အပြစ်ကို ရှင်းရှင်း ဝန်ခံဖို့ပဲ ရှိတော့တယ်'

ဂီးလ်ခရစ်သည် အတန်ကြာမျှ သူ့ကိုယ်သူ ထိန်းရန် ကြိုးစားလျက် ရှိလေ၏။ ထို့နောက် စားပွဲ ဘေးတွင် ဒူးထောက် ထိုင်ချလိုက်ကာ မျက်နှာကို လက်ဝါးဖြင့် အုပ်ပြီး ရှိုက်ကြီးတငင် ငိုလျက် ရှိလေ၏။

ရှားလော့ဟုမ်းက ကြင်နာစွာဖြင့်

'ကဲပါကွယ်၊ ငိုမနေပါနှင့်တော့၊ လူဆိုတာ တစ်သက် တစ်ခါ မှားတတ်တာချည်းပဲပေါ့၊ တစ်သက် တစ်ခါ မှားတဲ့ အတွက် မောင်ရင့်ကို ဘယ်သူကမှ အပြစ် ဆိုကြမှာ မဟုတ်ပါဘူး၊ ဘယ်နည်း ဘယ်ပုံ ဖြစ်တယ် ဆိုတာ မောင်ရင် အနေနှင့် အပြောရ ခက်ရင် ကျုပ်ကပဲ ပြောပြပါတော့မယ်၊ ဒီတော့ ကျုပ် မှားရင် မောင်ရင်က ပြောပေါ့၊ ကဲ ကျုပ် ပြောတော့မယ်နော်၊ နေပါ၊ နေပါ၊ မဖြေပါနှင့်၊ နားထောင်ပြီး ကျုပ် ပြောတာ မှားရင်သာ ပြင်ပေးပါ။





'ကဲပါကွယ်၊ ငိုမနေပါနှင့်တော့
လူဆိုတာ တစ်သက် တစ်ခါ
မှားတတ်တာချည်းပဲပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီး ကျုပ်ဆီကို လာတော့ မေးခွန်း စာရွက်တွေ ဆရာကြီး အခန်းထဲမှာ ရှိနေတာကို ဘင်နစ္စတာကလည်း မပြောဘူး၊ တခြား ဘယ်သူမှ လည်း မပြောဘူးလို့ ဆရာကြီး ပြောခဲ့ကတည်းက ဒီအမှုဟာ ကျုပ် စိတ်ကူးထဲ မှာ ပုံပေါ်စ ပြုနေပြီဗျ၊ ပုံနှိပ်တိုက်က ပုံနှိပ်သူကိုတော့ ဖယ်ထား လိုက်တော့ ပေါ့၊ သူ ကြည့်ချင်တယ် ဆိုရင် သူ့ပုံနှိပ်တိုက်မှာ ကြည့်နိုင်နေတာပဲ ဥစ္စာ၊ ဒီ တော့ အိန္ဒိယ ကျောင်းသားကိုလည်း ကျုပ် ထည့်ပြီး မစဉ်းစားဘူးဗျ၊ ပရူ စာ ရွက်တွေဟာ စားပွဲပေါ်မှာ လိပ်တင်ထားတယ် ဆိုရင် ဒါတွေဟာ မေးခွန်း စာ ရွက်တွေပဲ ဆိုတာ သူ မသိနိုင်ပေဘူး၊ တစ်ခါ အဲဒီနေ့မှာပဲ တစ်ယောက်ယောက် က ဝင်မိတယ်၊ အဲဒီ နေ့မှာ မေးခွန်းတွေက စားပွဲပေါ်မှာ တင်လျက်သား ရှိနေ တယ် ဆိုပြန်ရင်လည်း ဒါဟာ ကြုံတောင့်ကြုံခဲတဲ့ တိုက်ဆိုင်မှု ဖြစ်နေတယ်၊ ဒါကြောင့်မို့ ဒါလည်း မဖြစ်နိုင်ဘူး ဆိုပြီး ဖယ်လိုက်တယ်၊ ဒီတော့ အခန်းထဲ ကို ဝင်တဲ့ လူဟာ စာမေးပွဲ မေးခွန်းတွေ ရှိရမယ် ဆိုတာကို သိတဲ့ လူသာ ဖြစ်ရလိမ့်မယ်၊ ဒါဖြင့် သူ ဘယ်နည်းနှင့် သိသလဲ။

'ဆရာကြီး အခန်းကို ကျုပ်တို့ လာတုန်းက ပြတင်းပေါက်ကို ကျုပ် ကြည့်ခဲ့တယ်၊ နေ့ခင်းကြောင်တောင် တခြား အဆောင်က ကျောင်းသားတွေ ရှေ့မှာ ပြတင်းပေါက်က ဝင်မလားလို့ ကျုပ် ကြည့်တယ် အထင်နှင့် ဆရာကြီး ကတောင် ကျုပ်ကို ပြုံးပြီး ကြည့်ခဲ့သေးတယ်ဗျ၊ အခန်းလယ်က စားပွဲပေါ်မှာ ဘာတွေ တင်ထားသလဲ ဆိုတာကို ဖြတ်သွားရင်း ကြည့်နိုင်ဖို့ ဆိုရင် ဒီလူဟာ တော်တော်လေးကို အရပ် ရှည်ရလိမ့်မယ်၊ ကျုပ် အရပ်ဟာ ခြောက်ပေ ရှိတယ်၊ ဒါတောင် ခြေဖျား ထောက်ကြည့်မှ မြင်ရတယ်၊ အရပ် ခြောက်ပေအောက် လူ ဟာ ဘယ်နည်းနှင့်မှ ကြည့်လို့ ရမှာ မဟုတ်ဘူး၊ ဒီတော့ ဆရာကြီးရဲ့ တပည့် သုံးယောက် အနက် တစ်ယောက်ဟာ တော်တော် မြင့်တယ် ဆိုလို့ ရှိရင် ဒီလူ ကို ကျုပ် စောင့်ကြည့်ရတော့မယ်။

'ဆရာကြီးရဲ့ အခန်းကို ရောက်တော့ ပြတင်းပေါက်နားက စားပွဲကလေး အကြောင်းကို ကျုပ် ပြောပြတယ် မဟုတ်လား၊ စားပွဲကြီးကိုတော့ ကျုပ် မစဉ်း စားမိသေးဘူး၊ ဒီတုန်းမှာ ဆရာကြီးက ဂီးလ်ခရစ် ဆိုတဲ့ သူငယ် အလျားခုန် တော်တဲ့ အကြောင်းကို ပြောလိုက်တယ်ဗျ၊ ဒီတွင် ကျုပ် လက်ခနဲ စိတ်ကူး တစ်ခု ပေါ်လာပြီး ကျုပ် စိတ်ကူးကို အထောက်အကူ ပြုမယ့် အထောက်အထား တွေကို လိုက်ရှာတော့တာပဲ၊ တွေ့လည်း တွေ့လာခဲ့တယ်ဗျ။

'ဖြစ်ပုံက ဒီလိုဗျ၊ ဟောဒီ ဆရာကြီးရဲ့ တပည့် ဂီးလ်ခရစ်ဟာ မနေ့





ညနေမှာ အားကစားကွင်းက အလျားခုန် ကျင့်ပြီး ပြန်လာတယ်၊ လက်ထဲမှာ လည်း အလျားခုန်သမားတွေ စီးတဲ့ ဖိနပ်ကို ကိုင်လာတယ်၊ အလျားခုန် ဖိနပ် ဆိုတာ ဆရာကြီးတို့ သိတဲ့ အတိုင်း အောက်က သံဆူးတွေ စိုက်ထားတာဗျ၊ ဒါနှင့် သူက သူ့အခန်းကို တက်မလို့ ဆရာကြီးရဲ့ အခန်းကို အဖြတ်မှာ အရပ် မြင့်လေတော့ စားပွဲပေါ်မှာ တင်ထားတဲ့ စာရွက်လိပ်ကို မြင်လိုက်တော့ ဘာတွေ များလဲလို့ စဉ်းစားမိလိုက်တယ်ဗျ၊ ဒီတုန်းမှာ တံခါးကို ရောက်တော့ အဘိုးကြီး ထားပစ်ခဲ့တဲ့ သော့ တန်းလန်းကို သွားတွေ့တယ်၊ ဒီစာရွက်တွေဟာ မေးခွန်း စာရွက်တွေများလားလို့ သူ သိချင်လာတယ်၊ ဒါနှင့် အခန်းထဲ ဝင်ကြည့်တယ်၊ အခန်းထဲ ဝင်တာကတော့ သူ့အဖို့ သိပ်မခက်လှပါဘူး၊ တစ်ယောက်ယောက် ဝင်လာရင်လည်း ဆရာ့ဆီကို စာ လာမေးတာလို့ ပြောလိုက်ရင် ပြီးလေတော့ ဒီလောက် စွန့်စားရတဲ့ ကိစ္စ မဟုတ်ပါဘူး။

'အခန်းထဲ ရောက်လို့ စာမေးပွဲ မေးခွန်း ပရူ စာရွက်တွေမှန်း သိတော့ သူ မနေနိုင်တော့ဘူး၊ လက်ထဲ ကိုင်လာတဲ့ ဖိနပ်ကို စားပွဲပေါ်မှာ တင်လိုက် တယ်၊ ပြတင်းပေါက်နားက ကုလားထိုင်ပေါ်မှာ တင်ထားတာကကော ဘာ တွေလဲ သူငယ်'

'လက်အိတ်တွေပါ ခင်ဗျာ'

ရှားလော့ဟုမ်းက ဘယ့်နှယ်ရှိစ ဟူသော အဓိပ္ပာယ်ဖြင့် ဘင်နစ္စတာသို့ တစ်ချက် လှည့်ကြည့်လိုက်၏။

'ဒီတော့ လက်အိတ်တွေကို ကုလားထိုင်ပေါ် တင်ပြီး ပရူ စာရွက်တွေ ကို ကူးဖို့ တစ်ရွက်ပြီး တစ်ရွက် ယူတာဗျ၊ သူ ထင်တာက ဆရာကြီးဟာ ရှေ့ တံခါးပေါက်ကြီးက လာမယ် ထင်တော့ အဲဒီ နေရာကနေပြီး ကြည့်ရင် ပြန် လာတာကို မြင်ရလိမ့်မယ်လို့ သူ တွက်တယ်၊ ဒါပေမဲ့ သိတဲ့ အတိုင်း ဆရာကြီး က ဘေးပေါက်က ဝင်လာတယ်၊ ချက်ချင်း တံခါးက ခြေသံ ကြားလိုက်တယ်၊ ထွက်ပြေးစရာ လမ်း မရှိတော့ဘူး၊ ဒီတွင် ဖိနပ်ကို ကောက်ပြီး အိပ်ခန်းထဲကို ဝင်ပုန်းနေတယ်၊ လက်အိတ်ကတော့ ကုလားထိုင်ပေါ်မှာ မေ့ ကျန်ခဲ့တယ်ဗျ၊ စားပွဲပေါ်က ခြစ်ရာကို ကြည့်လိုက်ရင် တစ်ဖက် အရာက တိမ်တိမ်ကလေး ဖြစ်နေပြီး အိပ်ခန်း တံခါးဘက်က အရာက တော်တော် နက်နေတာကို တွေ့ရ လိမ့်မယ်၊ ဒါက ဘာဖြစ်လို့လဲ ဆိုရင် ဖိနပ်ကို ကမန်းကတန်း အဲဒီဘက်ကို ဆွဲယူသွားလို့ တစ်ဖက်က အရာက နက်နေတာဗျ၊ ဒါကိုကြည့်ရင် သူဟာ အိပ်ခန်းထဲကို ပြေးဝင်သွားတယ် ဆိုတာ ထင်ရှားတယ်၊ သံဆူးမှာ ကပ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



မြေကြီးခဲဟာ စားပွဲပေါ်မှာ ကျန်ရစ်ခဲ့တယ်ဗျ၊ ဒုတိယ မြေကြီးခဲကလေး တခ လုံးလည်း အိပ်ခန်းထဲမှာ ကျန်ရစ်ခဲ့တယ်၊ တစ်ခု ပြောလိုက်ရဦးမယ်၊ ဒီမ မနက် ကစားကွင်းထဲကို ကျုပ် လမ်းလျှောက်ကြည့်တော့ အလျှားခုန်တဲ့ ကျင်း ကြီးထဲမှာ ထည့်ထားတဲ့ ရွံ့စေးတွေကို ယူလာခဲ့သေးတယ်ဗျ၊ ဒါတွင် မကဘူး၊ အားကစားသမားတွေ ချော်မှာ စိုးလို့ အပေါ်မှာ လောင်းထားတဲ့ လွှစာမှုန့်တွေကို တောင် ကောက်လာခဲ့သေးတယ်၊ ဘယ့်နှယ်လဲ သူငယ်၊ ကျုပ် ပြောတာ မှန်ရဲ့ လား'

လူငယ်က ကိုယ်ကို မတ်လိုက်ကာ

'ဟုတ်ပါတယ် ခင်ဗျာ၊ မှန်ပါတယ်'

'ဖြစ်မှ ဖြစ်ရလေကွယ်၊ မင်းအနေနှင့်ကော ဘာပြောစရာ ရှိသေးသလဲ'

'ဟုတ်ကဲ့ ရှိပါတယ် ခင်ဗျာ၊ ခုလိုဖြစ် ရတဲ့အတွက် ကျွန်တော် အင် မတန် ရှက်ပါတယ်၊ ကျွန်တော် ဆရာကြီးဆီကို ပေးဖို့ စာတစ်စောင် ယူလာ ပါတယ်၊ မနေ့ညက တစ်ညလုံး စဉ်းစားပြီး ကျွန်တော် ရေးခဲ့တာပါ ပဲ၊ ကျွန်တော့် အဖြစ်ကို လူတွေ သိလို့ ခုမှ ရေး တာ မဟုတ်ပါဘူး၊ စာ က ဟောဒီမှာပါ ခင်ဗျာ၊ စာထဲမှာ *ကျွန်တော် သည် စာမေးပွဲကို ရိုး ဆိုခြင်း မပြုတော့ဘဲ ဆုံးဖြတ်လိုက်ပါသည်၊ ရိုဒီရှား ပုလိပ် အဖွဲ့တွင် ခန့်အပ်စာ ရပြီ ဖြစ် သည့် အတွက် တော အာဖရိကတိုက်သို့ ချက် ချင်း ထွက်ခွာသွားတော့ မည် ဖြစ်ပါသည်* လို့ ရေးထားပါတယ်'



'စာက ဟောဒီမှာပါ ခင်ဗျ'





'အင်း၊ ကောင်းပါလေ့ကွယ်၊ မတရား ရထားတဲ့ အခွင့်အရေးကို အသုံး မချလိုဘူး ဆိုလို့ ငါ ဝမ်းသာပါတယ်၊ နေစမ်းပါဦး၊ ဘာဖြစ်လို့ စိတ် ပြောင်း သွားရတာလဲ' ဟု ဆရာကြီးက မေးလေ၏။

ဂီးလ်ခရစ်က ဘင်နစ္စတာကို လက်ညှိုး ထိုးပြလိုက်ကာ

'ကျွန်တော့်ကို အမြင်မှန် ရအောင် လုပ်ပေးတဲ့ လူကတော့ သူပါပဲ ဆရာ ကြီး'

ရှားလော့ဟုမ်းက

'ကဲ ပြောစမ်းပါဦး အဘိုးကြီး၊ အခန်းထဲမှာ ခင်ဗျား တစ်ယောက်တည်း ကျန်ခဲ့တယ်၊ ပြီးတော့ ခင်ဗျားပဲ သော့ခတ်ပြီး အပြင် ထွက်သွားတယ်၊ ဒီတော့ ကျုပ် ပြောခဲ့တဲ့ အတိုင်း ဆိုရင် ဒီသူငယ်ကို အခန်းပြင်ဘက်ကို ရောက်အောင် ပြန်ပို့နိုင်တဲ့ လူဟာ ခင်ဗျား တစ်ယောက်ပဲ ရှိတယ်၊ ပြတင်းပေါက်က ပြန် ထွက်ဖို့ ဆိုတာကတော့ မဖြစ်နိုင်ဘူး၊ ဒီတော့ ဒီသူငယ်ကို ခင်ဗျား ဘာဖြစ်လို့ ပြန်ထွက်နိုင်အောင် လုပ်ပေးလိုက်ရတာလဲ'

'ဒါက ဒီလို ရှိပါတယ် ခင်ဗျာ၊ အကြောင်း သိရင်တော့ ဒါကို လွယ် လွယ်နှင့် သဘော ပေါက်နိုင်ပါတယ် ဆရာ၊ ဆရာက ကျွန်တော့် အကြောင်းကို မသိလို့ပါ၊ အရင်တုန်းက ကျွန်တော်ဟာ ဒီသူငယ်လေးရဲ့ အဖေ ဆာ ဂျာဘက်စ် ဂီးလ်ခရစ်ဆီမှာ ဘဏ္ဍာစိုး လုပ်ခဲ့ဖူးပါတယ် ဆရာ၊ သူ့ အဖေ စီးပွား ပျက်သွား တော့ ကျွန်တော်လည်း ကောလိပ်မှာ လာပြီး အလုပ် လုပ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့် ဆရာဟောင်းကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး၊ ဒါနှင့် ဒီသူငယ် ကျောင်းကို ရောက်တော့ ကျွန်တော့် ဆရာဟောင်းရဲ့ သား ဆိုပြီး ကျွန်တော် တတ်နိုင်သလောက် စောင့်ရှောက်ပါတယ်၊ ကျွန်တော် မနေ့ကတော့ ဒီကိစ္စ ဖြစ်လို့ ကျွန်တော့်ကို ဆရာကြီး သူ့ အခန်းကို ခေါ်တော့ အခန်းထဲ ရောက် ရောက်ချင်း ကုလားထိုင်ပေါ်မှာ တင်ထားတဲ့ သူငယ်ရဲ့ လက်အိတ်ကို ကျွန် တော် မြင်လိုက်ပါတယ်၊ သူ့လက်အိတ်မှန်း ကျွန်တော် ကောင်းကောင်း သိတော့ ကျွန်တော်လည်း အခြေအနေကို ချက်ချင်း သဘော ပေါက်လိုက်ပါတယ်၊ လက် အိတ်ကို ဆရာကြီး မြင်ရင်တော့ ဒုက္ခပဲ ဆိုပြီး ကျွန်တော်လည်း ကုလားထိုင် က မထတော့ဘူး ဆိုပြီး ပေနေလိုက်ပါတယ်၊ ဆရာကြီးလည်း ထွက်သွားရော သူငယ် ထွက်လာပြီး သူ့ အပြစ်ကို သူ ဝန်ခံပါတယ်၊ ဒီလူငယ်ဟာ ကျွန်တော့် လက်ပေါ်မှာ ကြီးလာတဲ့ သူငယ်ပါပဲ ဆရာရယ်၊ ကျွန်တော် ဒီအတိုင်း သူ့ကို ကြည့်နေနိုင်ပါ့မလဲ၊ သူ့ကို မကယ်လို့ ဖြစ်မလား ဆရာ၊ သူ့ အဖေ မရှိရင် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဆုံးမရမှာပေါ့၊ ဒါကြောင့် ဒီလို မတရားရတဲ့ အခွင့်အရေးကို သုံးပြီး စာမေးပွဲ မဖြေဖို့ သူ့ကို အတန့်တန် ပြောခဲ့ပါတယ်၊ ဒါကြောင့် သူလည်း စာမေးပွဲ မဖြေတော့တာပါ၊ ကျွန်တော့်ကို အပြစ်တင်မယ် ဆိုလည်း တင်ပါ၊ ကျွန်တော် ခံပါ့မယ်"

ရှားလော့ဟုမ်းက ထိုင်ရာမှ ထလိုက်လျက်

"မတင်ပါဘူးဗျ၊ မတင်ပါဘူး၊ ကဲ ဆရာကြီးရေ၊ ဆရာကြီးတို့ ပြဿနာကလေးကို ကျွန်တော် ရှင်းပေးပြီးပြီ၊ ရိပ်သာမှာ မနက်စာ လက်ဖက်ရည်ပွဲက အဆင်သင့် စောင့်နေတယ်၊ အိုင်ဆေး သွားလိုက်ကြဦးစို့ဗျို့၊ ဟောဒီ သူငယ် အဖို့ကတော့ ရိုဒီရှားမှာ အောင်မြင် ကြီးပွားလိမ့်မယ်လို့ ကျုပ် ယူဆပါတယ်၊ သူငယ်ရဲ့ တစ်သက်မှာ တစ်ခါတော့ နိမ့်ကျခဲ့ရပြီ၊ ရှေ့မှာ ဘယ်လောက် မြင့်မြင့်ထိ တက်နိုင်မလဲ ဆိုတာကို ကျုပ်တို့ ကြည့်ရတော့မှာပေါ့"

[မူရင်း ဝတ္ထု *The Adventure of the Three Students.* ခေါင်းစဉ်၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် "စာမေးပွဲ မေးခွန်း စာရွက်များ ပျောက်ဆုံးမှု" ဟူသော အမည်ဖြင့် မြန်မာမှု ပြုပြီး။]



## ရွှေမျက်မှန်



၁၈၉၄ ခုနှစ် အတွင်းက ကျွန်ုပ်တို့ လိုက်ခဲ့သော အမှုများကို တွဲထားသည့် အုပ်တွဲကြီး သုံးတွဲကို ပြန်ကြည့်သည့် အခါ၌ အမှု အနေဖြင့် စိတ်ဝင်စားစရာ ကောင်းရုံမျှမက မိတ်ဆွေကြီး ရှားလော့ဟုမ်း၏ ထူးခြားသော အရည်အချင်းများကို တင်ပြရာတွင် အထောက်အကူ ဖြစ်စေမည့် နှစ်ဖက်စုံ အမှုမျိုးကို ဤမျှ များပြားသော အမှုများထဲမှ ရွေးထုတ်ရသည်မှာ ကျွန်ုပ် အဖို့ လွယ်ကူသော အလုပ် မဟုတ်ကြောင်းကို ကျွန်ုပ် ဝန်ခံလိုပါသည်။ ထိုအုပ်တွဲကြီးများကို လှန်လှော ကြည့်နေစဉ် ကျွန်ုပ်သည် စက်ဆုပ်ဖွယ် ကောင်းသည့် မျှော့နီ အဖြစ်အပျက်နှင့် ဘဏ်သူဌေး ကရော့စဘီ သတ်မှုနှင့် ပတ်သက်သော ကျွန်ုပ်၏ မှတ်စုများကို တွေ့ရ၏။ ထို့နောက် အက်ဒယ်တန် သတ်မှုနှင့် ရှေးသချိုင်းဂူကြီးထဲမှ တွေ့ရသည့် ပစ္စည်းများ အကြောင်းကိုလည်း တွေ့ရ၏။ နာမည်ကျော် စမစ် မော်တီမာ အမွေမှုမှာ ထိုကာလ အတွင်း၌ ဖြစ်ပွားသော အမှု ဖြစ်ကြောင်းကို တွေ့ရသည့်ပြင် ပါရီရိပ်သာ လမ်းမကြီး တစ်ခုမှ လူသတ်တရားခံ ဟူးရေးကို လိုက်လံ ဖမ်းဆီးသည့် ကိစ္စမှာလည်း ထိုနှစ် အတွင်းမှာပင် ဖြစ်ကြောင်းကို တွေ့ရလေ၏။ ထိုအမှု၌ ရှားလော့ဟုမ်းသည် တရားခံကို စွန့်စွန့်စားစား ဖမ်းဆီးပေးခဲ့လေရာ ပြင်သစ် သမ္မတကြီး ကိုယ်တိုင် လက်မှတ် ရေးထိုးထားသော ကျေးဇူးတင်လွှာ တစ်စောင်နှင့် ပြင်သစ် နိုင်ငံ လီဂျင်း အော့ အော်နာ ဘွဲ့တံဆိပ်ပင် ရရှိခဲ့ပေ၏။ ထိုအမှုများသည် သူ့နည်းနှင့်သူ စိတ်ဝင်စားဖွယ် ကောင်းသည့်တိုင် အချက်အလက် [illegible] စုပေါင်း ပါဝင်ရာ၌ကား ယော့စလေ အိုးပလေ့မှ အဖြစ်အပျက်ကို [illegible]နိုင်မည်



www.burmeseclassic.com

www.burmeseclassic.com



မထင်ချေ။ ထိုအမှုတွင် လူငယ်ကလေး ပီလာဗီ စမစ် သေဆုံးရပုံနှင့် တက္ကရာဇဝတ်မှု ကျူးလွန်ရခြင်း၏ အကြောင်းရင်းများကို မီးမောင်း ထိုးပြ လိုက်သည့် နောက်ဆက်တွဲ အဖြစ်မှာလည်း ထူးထူးခြားခြား စိတ်ဝင်စားဖွယ် ကောင်းလှပေ၏။

ထိုညမှာ နိုဝင်ဘာလ ကုန်ခါနီး မိုးတွေ သဲသဲမဲမဲ ရွာချလျက် ရှိသော ညတစ်ည ဖြစ်လေ၏။ ထိုတစ်ညနေလုံး ရှားလော့ဟုမ်းနှင့် ကျွန်ုပ်သည် အိမ်ထဲတွင် ကုပ်နေကြလေ၏။ ရှားလော့ဟုမ်းမှာ အားကောင်းသည့် မှန်ဘီလူးကြီး တစ်လက်ဖြင့် ဖျက်ပြီးသားပေါ်တွင် ပြန်ရေးထားသော နှစ်ထပ်ရေး ပုရပိုက်ချပ်ပေါ်မှ မူလ စာသားများကို ဖတ်၍ အဓိပ္ပာယ် ဖော်လျက် ရှိပြီး ကျွန်ုပ်မှာမူ ခွဲစိတ် ကုသမှုနှင့် ပတ်သက်၍ မကြာမီက ပေါ်ထွက်လာသည့် စာတမ်း တစ်စောင်ကို ဖတ်ရှုလျက် ရှိလေ၏။ အပြင်ဘက်တွင်မူ လေပြင်းသည် ဘေကာလမ်း တစ်လျှောက်တွင် စွတ်၍ တိုက်ခတ်လာခဲ့ပြီး မိုးစက်များသည် ပြတင်းပေါက်များ၊ တံခါးများကို တဖြုန်းဖြုန်း ပက်ဖျန်းလျက် ရှိပေ၏။ ကျွန်ုပ်တို့သည် ပတ်ပတ်လည် ဆယ်မိုင်တွင် လူနေ အိမ်ခြေများ ရှိသည့် မြို့ကြီး အလယ်ကောင် တည့်တည့်တွင် ရောက်နေပါလျက် သဘာဝ အရှိန်၏ နှိပ်စက်ကလူ ပြုမှုကို ခေါင်းငုံ့ ခံရသည့် အဖြစ်နှင့် ဤ ကြောက်ဖွယ် သဘာဝ အင်အားစုကြီးများ၏ အလယ်တွင် လန်ဒန်မြို့ကြီးသည် လယ်ကွင်းထဲမှ ခြတောင်ပို့ကလေးပမာ ဖြစ်နေခြင်းကို မြင်ရသည်မှာ ထူးဆန်းလှပေ၏။

ကျွန်ုပ်သည် ပြတင်းပေါက်သို့ ထကာ အောက်သို့ ငုံ့ကြည့်လိုက်၏။ ရှဲ့ရေတွေ ဖုံးလျက် ရှိသော လမ်းမနှင့် ပြောင်လက်လျက် ရှိသော စင်္ကြံများပေါ်တွင် တစ်ချီ တစ်ချီ၌ မီးရောင်တို့ လက်လျက် ရှိလေ၏။ မြင်းရထား တစ်စင်းသည် အောက်စဖို့ လမ်းဘက်မှ ကွေ့ဝင်လာနေသည်ကို မြင်ရလေ၏။

ရှားလော့ဟုမ်းသည် မှန်ဘီလူးကို ချကာ နှစ်ထပ် စာရေးသည့် ပုရပိုက်ကို လိပ်လိုက်ပြီးလျှင်

'အိုင်ဆေးရေ၊ ဒီနေ့ည အပြင် မထွက်ဖြစ်တာ သိပ် ဟန်ကျတယ်ဗျို့၊ တစ်ထိုင်စာတော့ အလုပ် ပြီးသွားပြန်ပြီ၊ သောက်ကျိုးနည်း မျက်စိ ညောင်းတဲ့ အလုပ်ပဲဗျို့၊ ခုထိ အဓိပ္ပာယ် ဖော်လို့ ရသလောက်တွေထဲမှာတော့ ဆယ့်ငါးရာစုနှစ် ဒုတိယပိုင်းတုန်းက ရေးခဲ့တဲ့ သာသနာပိုင် ကျောင်းတိုက်ကြီး တစ်တိုက်ရဲ့ သမိုင်းက တော်တော်ကို စိတ်ဝင်စားစရာ အကောင်းဆုံးပဲ၊ အလို၊ အလို၊ အလို၊ ဒါက ဘာလဲဗျို့'





တဝုန်းဝုန်း မြည်နေသော လေသံ မိုးသံများကြားမှ တဖြောက်ဖြောက် မြည်သော မြင်းခွာသံများနှင့် စင်္ကြံစွန်းနှင့် ဘီးတို့ ပွတ်မိသဖြင့် ကျီခနဲ မြည်သော အသံကို ကြားလိုက်ရလေ၏။ စောစောက ကျွန်ုပ် မြင်လိုက်ရသည့် ရထားမှာ ကျွန်ုပ်တို့ အိမ်ရှေ့တွင် ရပ်လိုက်လေ၏။

ရထားထဲမှ လူတစ်ယောက် ဆင်းလာသည်ကို မြင်လိုက်ရသဖြင့် ကျွန်ုပ်က 'ဘာများ အလိုရှိလို့ လာပြန်သလဲ မသိဘူးဗျို့' ဟု လွှတ်ခနဲ အော်လိုက်မိလေ၏။

'ဘာ အလို ရှိရမှာလဲ၊ ကျုပ်တို့ကို အလို ရှိမှာပေါ့၊ ကဲ ဆရာကြီးရေ ကျုပ်တို့ အဖို့က တော့ မိုးကာ အင်္ကျီရယ်၊ မိုးကာ ဦးထုပ်ရယ်၊ မျက်စိကာရယ်၊ ပြီးတော့ ရာသီဥတုကို တိုက်ဖို့ လူတွေ တီထွင်ခဲ့တဲ့ အရာတွေရယ်၊ အားလုံး လိုတယ်ဗျ၊ သို့သော်လည်း နေဦးဗျို့၊ ရထားကို ပြန်လွှတ်လိုက်ပြီဗျ၊ တော်သေးတာပေါ့ဗျာ၊ ကျုပ်တို့ကို အလိုရှိတယ် ဆိုရင် ရထားကို အစောင့် ခိုင်းထားမှာပေါ့၊ ကဲ ဆရာရေ၊ ပြေးပြီး တံခါးကို ဆင်းဖွင့်ပေးစမ်းပါဦး၊ ဒီ အ ချိန် ဆို ရင် အိမ်ရှင် အဘွားကြီးလည်း အိပ်လောက်ပြီ'

ည ကြီး သန်း ခေါင် ရောက်လာသည့် ကျွန်ုပ်တို့ ဧည့်သည် အပေါ်သို့ အခန်းမှ မီးရောင် ဖြာကျလာသည့်အခါ၌ ကျွန်ုပ်သည် ထိုလူကို ချက်



ထိုသူမှာ လုပ်ရည်ကိုင်ရည် ရှိသည့် စုံထောက် အင်စပက်တော် ဖွမ် ဟော့ပကင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချင်း မှတ်မိလိုက်လေပြီ။ ထိုသူမှာ လုပ်ရည်ကိုင်ရည် ရှိသည့် လူငယ် တစ်ဦး ဖြစ်သော စုံထောက် အင်စပက်တော် ဂျွန် ဟော့ပကင်း ဖြစ်လေရာ ရှားလော့ ဟုမ်းသည် ဟော့ပကင်း၏ ကြီးပွားရာ ကြီးပွားကြောင်းနှင့် ပတ်သက်၍ မကြာခဏ ဆိုသလို စိတ်ဝင်စားတတ်ခြင်းကို ကျွန်ုပ် သတိရမိပေ၏။

'ရှိသလား ဆရာ'

ရှားလော့ဟုမ်းက အပေါ်ထပ်မှ နေ၍

'ရှိပါ့ဗျာ၊ ကြွပါ၊ ကြွပါ၊ အချိန်မတော်ကြီးမှာ ဘာတွေများ အရေးကြီးလာသလဲ မသိဘူး'

ဟော့ပကင်းက လှေကားမှ တက်လာသည့် အခါတွင် မီးရောင်သည် ပြောင်လက်နေသော သူ့ မိုးကာ အင်္ကျီပေါ်သို့ ထိုးကျလျက် ရှိလေ၏။ ကျွန်ုပ်က သူ့ မိုးကာ အင်္ကျီကို ကူချွတ်ပေးနေစဉ် ရှားလော့ဟုမ်းမှာ မီးလင်းဖို ထင်းစမှ မီးများကို ခြေချနေလေ၏။

'ကဲ ဆိုစမ်း ကိုရင်လေး၊ ရှေ့ တိုးပြီး ခြေထောက်ကို မီးလေး ဘာလေး ကင်လိုက်ဦး၊ ရော့ ဆေးပြင်းလိပ်၊ ဒေါက်တာ ဝပ်ဆင်က ခင်ဗျားကို ရေနွေးနှင့် ရောက်ရည် ဖျော်တိုက်လိမ့်မယ်၊ ဒီလို ညမျိုးမှာတော့ အတော် ကောင်းတဲ့ ဆေး တစ်ပါးဗျ၊ မိုးတွေ လေတွေထဲ လာပုံထောက်တော့ တော်တော် အရေးကြီးလာပုံ ကျတယ်'

'အရေးကြီးတယ် မစ္စတာ ဟုမ်း၊ တကယ်ပဲ၊ ကျွန်တော်ဖြင့် တစ်ညလုံးကို ဖတ်ဖတ် မောနေတာပဲ၊ ညနေထုတ် သတင်းစာတွေထဲမှာ ယော့စလေ အမှု အကြောင်း ဖတ်ပြီးပြီလား'

'ဒီနေ့ည ကျူပ် ဆယ့်ငါးရာစုနှစ် နောက်ပိုင်းကို ဘာမှ မဖတ်ရသေးဘူးဗျ'

'သတင်းကတော့ တိုတိုကလေးပါ၊ ဒီအထဲ မှားလည်း မှားလိုက်သေးတော့ မဖတ်လိုက်မိတာ တော်သေးတာပေါ့ ခင်ဗျ၊ ကျွန်တော် တိုတိုပဲ ပြောပါ့မယ်၊ ဖြစ်တာက ကင့်နယ်မှာ ဖြစ်တာ ခင်ဗျ၊ ချာသမ်ကနေ ခုနစ်မိုင် ဝေးပြီး ပီ၊ ရထားလမ်းကနေ ဆိုရင် သုံးမိုင် ဝေးတယ်၊ သုံးနာရီ ဆယ့်ငါးမိနစ် ရထားဂုပ် လိုက်လာဖို့ ကျွန်တော့်ဆီ ကြေးနန်း ရောက်လာတယ်၊ ယော့စလေကို ငါးနာရီမှာ ရောက်တယ်၊ အဲဒီမှာ စုံစမ်းစရာ ရှိတာကို စုံစမ်းပြီး နောက်ဆုံး ရထားဂုပ် ဘူတာကြီးကို ရောက်၊ အဲဒီကမှ ဆရာ့ဆီကို တန်းလာခဲ့တာပဲ'

'ဒါဖြင့် ကိုရင့် အမှုကို ကိုရင် မရှင်းမလင်း ဖြစ်နေတယ် ဆိုပါတော့'





'မရှင်းမလင်း မဟုတ်ဘူး ခင်ဗျ၊ ဘယ်က စပြီး ကိုင်ရမှန်းကို မသိတာ၊ ကျွန်တော်လည်း စုံထောက် လုပ်လာတာ တော်တော် ကြာပါပြီ ဆရာရယ်၊ ဒါပေမဲ့ ဒီလောက် ရှုပ်တဲ့ အမှုမျိုး တစ်ခါမှ မတွေ့ဖူးသေးဘူး၊ ရုတ်တရက် ကြည့်လိုက်ရင်တော့ အမှုက ခပ်ရိုးရိုး ခပ်စင်းစင်းပဲ ထင်ရတယ် ခင်ဗျ၊ ခု အမှုမှာ ကျွန်တော် စိတ်အညစ်ဆုံးက ရာဇဝတ်မှု ကျူးလွန်တဲ့ ရည်ရွယ်ချက်ကို ရှာမရတာဘဲ ခင်ဗျ၊ ရည်ရွယ်ချက်ကို ရှာလို့ မရဘဲ ဖြစ်နေတယ်၊ လူတစ်ယောက် အသတ် ခံရတယ်၊ ဒါ ဟုတ်ပြီ၊ ဒီအချက်က အငြင်းပွားစရာ မရှိတော့ဘူး၊ သို့သော်လည်း ဘာဖြစ်လို့ သတ်သလဲ ဆိုတဲ့ အကြောင်းကို ရှာလို့ကို မရဘူး ခင်ဗျ၊ ကျွန်တော်ဖြင့် စဉ်းစားလိုက်တိုင်း ချာချာကို လည်နေတာပဲ'

ရှားလော့ဟုမ်းက ဆေးပြင်းလိပ်ကို မီးညှိလိုက်ပြီးလျှင် ကုလားထိုင်တွင် မှီ၍ ထိုင်လိုက်၏။

'ကိုရင့် အမှု အကြောင်းကို ပြောစမ်းပါဦးလေ'

'အချက်အလက်တွေကတော့ ရှင်းပါတယ် ဆရာ၊ ကျွန်တော် သိချင်တာက ဘာ အဓိပ္ပာယ်လဲ ဆိုတာကို သိချင်တာပါ၊ ကျွန်တော် သိသလောက် ပြန်ပြောရမယ် ဆိုရင် ဖြစ်ပုံက ဒီလို ခင်ဗျ၊ လွန်ခဲ့တဲ့ နှစ် အတန်ကြာတုန်းက ယော့စလေ အိမ်ကြီးကို အဘိုးကြီး တစ်ယောက်က ဝယ်ခဲ့တယ်၊ အဲဒီ အဘိုးကြီးရဲ့ နာမည်က ပါမောက္ခ ကိုရမ်တဲ့၊ အဘိုးကြီးက လူမမာ ဆိုတော့ အိပ်ရာထဲက သိပ် မထွက်လှဘူး၊ ထွက်ပြန်တော့လည်း အိမ်ပတ်ပတ်လည် တစ်ဝိုက်လောက် တုတ်ကောက် တစ်ချောင်းနှင့် ထော့နင်း ထော့နင်း လမ်းလျှောက်တာလောက်ပဲ ရှိတယ်၊ လမ်း မလျှောက်ရင်လည်း မာလီ တွန်းတဲ့ ဘီးတပ် ကုလားထိုင်ကလေးနှင့် အိမ်ခြံဝင်းထဲကို ထွက်တာလောက်ပဲ ရှိတယ်၊ သူ့ဆီကို လာကြတဲ့ အိမ်နားနီးချင်းတွေကလည်း အဘိုးကြီးကို တော်တော်လေး သံယောဇဉ် ရှိကြတယ် ခင်ဗျ၊ ပြီးတော့ သူ့ ပညာဂုဏ်ကိုလည်း လေးလေးစားစား ရှိကြပါတယ်၊ သူ့ အိမ်မှာကတော့ မစ္စက် မာကာ ဆိုတဲ့ အိမ်ထောင်ထိန်း မိန်းမကြီးရယ်၊ ဆူဇန် တာလ်တန် ဆိုတဲ့ အိမ်စေမကလေး တစ်ယောက်ရယ်၊ ဒါပဲ ရှိတယ် ခင်ဗျ၊ သူတို့ နှစ်ယောက်စလုံးကလည်း အဘိုးကြီး ဒီအိမ်ကို ပြောင်းလာကတည်းက စ အလုပ် လုပ်ခဲ့ကြပြီး အကျင့် စာရိတ္တနှင့် ပတ်သက်လို့လည်း ဘာမှ ပြောစရာ မရှိပါဘူး၊ အဘိုးကြီးက ကျမ်းတစ်စောင် ပြုစုနေလေတော့ လွန်ခဲ့တဲ့ တစ်နှစ်လောက်တုန်းက အတွင်းရေးမှူး တစ်ယောက် ငှားဖို့ စီစဉ်သတဲ့၊ ပထမ နှစ်ယောက်ကို ခေါ်တွေ့ကြည့်တော့ မကြိုက်တာနှင့် မခန့်လိုက်ဘူး ခင်ဗျ၊ တတိယ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကတော့ မစ္စတာ ပီလော်ဗီ စမစ်တဲ့၊ သူက ဘွဲ့ရပြီးခါစ လူငယ်ကလေး၊ သူ့ကိုတော့ အဘိုးကြီးက မျက်စိကျသွားတယ်၊ အလုပ်ကတော့ မနက်ပိုင်းမှာ ပါမောက္ခကြီးက နှုတ်က ပြောသွားတာကို လိုက်ရေး၊ ညနေပိုင်းကျတော့ မနက်ဖြန် ရေးမယ့် အပိုင်းနှင့် ဆိုင်တဲ့ ကျမ်း အကိုးအကားတွေ စာပိုဒ်တွေကို လိုက်ရှာရသတဲ့၊ ပီလော်ဗီ စမစ် ဆိုတဲ့ လူငယ်ကလေးဟာ အင်ပင်ဟမ် အထက်တန်း ကျောင်းမှာရော ကိန်းဗရစ် တက္ကသိုလ်မှာရော ဘာမှ နာမည်ပျက် မရှိခဲ့ဘူး၊ သူ့ ထောက်ခံချက်တွေကို ကျွန်တော် ယူကြည့်ပြီးပြီ၊ ငယ်ငယ်ကတည်းက တည်တည်ကြည်ကြည် အေးအေးဆေးဆေး နေတဲ့ လူငယ်ကလေးပါပဲ၊ ဝီရိယလည်း ရှိတယ်၊ သူ့မှာ ပြောစရာ ဆိုလို့ သိပ် မတွေ့ရဘူး ဆိုပါတော့ ခင်ဗျာ၊ အဲဒီ လူငယ်ကလေးဟာ ဒီနေ့ မနက်ကျတော့ ပါမောက္ခရဲ့ စာကြည့်ခန်းမှာ သေနေတာကို တွေ့ရတယ် ခင်ဗျ၊ လက်ရာ ခြေရာ ကြည့်ရတာကတော့ လူသတ်မှုလို့ ယူဆရတာပဲ"

လေသည် ပြတင်းပေါက်များတွင် တဝီဝီ အော်မြည် တိုက်ခတ်လျက်ရှိလေ၏။ ရှားလော့ဟုမ်းနှင့် ကျွန်ုပ်မှာ မီးလင်းဖိုနားသို့ တိုးကာ မီးလှုံလျက်ရှိကြစဉ် ဟော့ပကင်းမှာ အဖြစ်အပျက်ကို တစ်ချက်ပြီး တစ်ချက် ရှင်းလင်းပြောဆိုလျက် ရှိလေ၏။

"အဘိုးကြီးရဲ့ အိမ်ကလည်း ဘယ်သူနှင့်မှ သိပ် အဆက်အဆံ မရှိလှဘဲ ဘာသိဘာသာ နေတာကိုး ခင်ဗျ၊ ကျွန်တော်ဖြင့် ဒီလို ထီးတည်းကြီး နေတဲ့ အိမ်မျိုး အင်္ဂလန် တစ်ပြည်လုံးမှာ ဒီတစ်အိမ်ပဲ ရှိလိမ့်မယ်လို့တောင် ထင်မိတယ်၊ တစ်ခါတလေ တစ်လ ကိုးသီတင်းသာ ကြာရော အိမ်ကို ဘယ်ဧည့်သည်မှ မလာတတ်ဘူး၊ ပါမောက္ခကြီးကလည်း သူ့အလုပ်နှင့်သူ ဆိုတော့ သူ့မှာ ဒီပြင် ကိစ္စတွေ အတွက်လည်း အချိန် မပေးနိုင်ဘူးပေါ့လေ၊ သေသူ စမစ် ဆိုတဲ့ လူငယ်ကလေးကလည်း အိမ်နီးနားချင်းတွေနှင့် တစ်ယောက်မှ မသိဘူး ခင်ဗျ၊ သူ့ဆရာလိုပဲ သူ့ အလုပ်ပဲ သူလုပ်နေတာပဲ၊ အမျိုးသမီး နှစ်ယောက် ဆိုတာကတော့ မပြောနှင့်တော့၊ တော်တော်တန်တန် ကိစ္စနှင့် အပြင်ကို မထွက်ဘူး၊ အဘိုးကြီးကို ဘီးတပ် ကုလားထိုင်နှင့် အပြင်ကို ထုတ်ပေးရတဲ့ မာလီ မော်တီမာကတော့ စစ်တပ်က ပင်စင်နှင့် နေတဲ့လူ ခင်ဗျ၊ ကရိုင်းမီးယား စစ်ပွဲတုန်းက ပါဖူးတယ်၊ အကျင့် စာရိတ္တနှင့် ပတ်သက်လို့ သူ့မှာလည်း ဘာမှ ပြောစရာ မရှိဘူး၊ သူကတော့ အိမ်မကြီးထဲမှာ မနေဘူး ခင်ဗျ၊ ခြံအစွန်က သုံးခန်းတွဲ တန်းလျားကလေးထဲမှာ နေတယ်၊ ယော့စလေ ခြံကြီးထဲမှာ နေတဲ့ လူ ဆိုလို့





ဒီလူတွေလောက်ပဲ ရှိပါတယ်၊ ခြံဝင်း တံခါးက လန်ဒန်နှင့် ချာသမ် သွားတဲ့ ပေတစ်ရာကြီးက နေပြီး ကိုက် တစ်ရာသာသာလောက်ပဲ ဝေးပါတယ်၊ ဝင်းတံခါးမှာ ဂျလက်ကလေး တစ်ခု တပ်ထားတာက လွဲရင် ဘာမှ မရှိပါဘူး၊ လူတိုင်း ဝင်လို့ ရပါတယ်။

"ခု ကျွန်တော် အိမ်စေ အမျိုးသမီး ဆူဇန်ရဲ့ ထွက်ချက်ကို ပြောပါမယ်၊ ဒီအကြောင်းနှင့် ပတ်သက်လို့ ရေရေလည်လည် ပြောနိုင်သူ ဆိုလို့ သူတစ်ယောက်ပဲ ရှိပါတယ်၊ အဲဒီနေ့က မွန်းလွဲခါနီး ဆယ့်တစ်နာရီနှင့် ဆယ့်နှစ်နာရီ ကြားမှာ သူက အပေါ်ထပ် အိမ်ရှေ့ဘက်က အိပ်ခန်းကြီးထဲမှာ ခန်းဆီးသစ်တွေ လဲနေသတဲ့ ခင်ဗျ၊ ပါမောက္ခ ကိုရမ်က အဲဒီတုန်းက အိမ်ခန်းထဲမှာပဲ ရှိသေးသတဲ့၊ အဘိုးကြီးက ရာသီဥတု မကောင်းရင် နေ့လယ်ပိုင်း အထိ အိပ်ရာထဲမှာပဲ နေတတ်သတဲ့၊ အိမ်ထောင်ထိန်း မိန်းမကြီးကတော့ နောက်ဖေးချောင်မှာ အလုပ် များနေတာပေါ့ ခင်ဗျာ၊ သေသူ ပီလော်ဗီ စမစ်ကတော့ သူ့ အိပ်ခန်းထဲမှာ ရှိသတဲ့၊ ဧည့်ခန်းကိုလည်း အဲဒီ အခန်းထဲမှာပဲ ထားသတဲ့၊ အဲဒီတုန်းမှာ အိမ်စေ ကောင်မလေးက သူ ခန်းဆီး လဲနေတဲ့ အခန်းရဲ့ အောက်ထပ်မှာ ရှိတဲ့ စာကြည့်ခန်းကို ဆင်းသွားတဲ့ စမစ်ရဲ့ ခြေသံ ကြားလိုက်ရသတဲ့၊ လူကိုတော့ မမြင်လိုက်ရဘူးပေါ့လေ၊ သို့သော် ခြေသံကတော့ စမစ်ရဲ့ ခြေသံ ဆိုတာ သေချာပါတယ်တဲ့၊ သူ့ ခြေသံက ခပ်သွက်သွက် ခပ်ပြင်းပြင်းရယ်တဲ့၊ စာကြည့်ခန်း တံခါး ပိတ်သံကို မကြားမိဘူးတဲ့၊ သို့သော်လည်း ခဏ ကြာတော့ အောက်ထပ် စာကြည့်ခန်းထဲက ကြောက်စရာ အော်လိုက်တဲ့ အသံကြီး တစ်သံကို ကြားလိုက်ရသတဲ့၊ အော်သံကြီးက ကြောက်ကြောက်လန့်လန့်နှင့် ငယ်သံပါအောင် ,အော်လိုက်တဲ့ အသံကြီး ဖြစ်လေတော့ မိန်းမသံလား ယောကျ်ားသံလား ဆိုတာ ကောင်းကောင်း ခွဲခြားလို့ မရဘူးတဲ့ ခင်ဗျ၊ မရေးမနှောင်းမှာ ဝုန်း ဆိုတဲ့ အသံနှင့် အတူ အိမ်ကြီး လှုပ်ခါသွားပြီး ခဏ ကြာတော့ တိတ်သွားသတဲ့၊ ကောင်မလေးလည်း ကြောက်ကြောက်နှင့် ရပ်နေတယ်၊ ပြီးတော့မှ သတိ ရပြီး အောက်ထပ်ကို ပြေးဆင်းလာခဲ့တယ်၊ စာကြည့်ခန်း တံခါးက ပိတ်ထားလို့ တံခါးကို ဖွင့်ကြည့်တော့ စမစ်ဟာ စန့်စန့်ကြီး လဲနေတယ်၊ ရုတ်တရက် ဆိုတော့ ဘာဒဏ်ရာကိုမှ မမြင်မိဘူးတဲ့၊ ဒါပေမဲ့ သူ့ကို ထူပေးလိုက်တဲ့ အခါကျတော့ လည်ပင်းက သွေးတွေ ထွက်နေတာကို တွေ့ရသတဲ့၊ ဒဏ်ရာက သေးသေးကလေးပေမဲ့ တော်တော် နက်တယ် ခင်ဗျ၊ ဇက်ကြောကို တည့်တည့် ထိလို့ ပြတ်သွားတာ၊ လက်နက်ကိုလည်း သူ့ဘေးက ကော်ဇောပေါ်မှာ တွေ့ရတယ် ခင်ဗျ၊ လက်



www.burmeseclassic.com

www.burmeseclassic.com



နက်က စာရေးစားပွဲတွေမှာ တင်ထားတတ်တဲ့ ချိပ်တောင့် လိုးတဲ့ ဓားသေးသေးကလေး ခင်ဗျ၊ ဆင်စွယ် လက်ကိုင်ကလေး တပ်လို့၊ အသွားက မြည့်နေတာပဲ၊ ဒီဓားကလေးက ပါမောက္ခကြီးရဲ့ စာရေးစားပွဲမှာ သုံးတဲ့ ဓားကလေး ခင်ဗျ။

'ရှတ်တရက်တော့ ကောင်မလေး စိတ်ထဲမှာ စမစ် သေနေပြီလို့ ထင်လိုက်တယ် ခင်ဗျ၊ ဒါပေမဲ့ ကရားထဲက ရေနှင့် ခေါင်းကနေ လောင်းချလိုက်တော့ စမစ်ဟာ မျက်လုံးကို ဖွင့်တဲ့ပြီး ဆရာကြီး အဲဒီ မိန်းမပဲလို့ ပြောသတဲ့ ခင်ဗျ၊ ကောင်မလေးကတော့ သူ ကြားလိုက်တာ ဒီအတိုင်းပါပဲ၊ မလွဲပါဘူးလို့ ပြောတယ် ခင်ဗျ၊ စမစ်ဟာ တစ်ခုခု ပြောဖို့တော့ ကြိုးစားသေးတယ် ခင်ဗျ၊ ညာဘက် လက်ကို မြှောက်လိုက်သေးသတဲ့၊ ပြီးတော့မှ အသက် ထွက်သွားသတဲ့။

'အဲဒီ အချိန်မှာ အိမ်ထောင်ထိန်း မိန်းမကြီး ရောက်လာတယ် ခင်ဗျ၊ ဒါပေမဲ့ သူကတော့ သေသူ ပြောသွားတဲ့ စကားကို မကြားလိုက်ဘူးတဲ့၊ သေပြီးမှ ရောက်လာတာတဲ့၊ ဒါနှင့် မိန်းမကြီးက ဆူဇန်ကို အလောင်းနားမှာ ထားပစ်ခဲ့ပြီး အပေါ်ထပ် ပါမောက္ခကြီးရဲ့ အခန်းကို တက်လာခဲ့တယ်၊ ပါမောက္ခကြီးလည်း အိပ်ရာပေါ်မှာ ထိုင်ပြီး တော်တော် လန့်နေသတဲ့၊ အောက်က ဝုန်းခနဲ အသံကြီးကို ကြားလိုက်တော့ သူလည်း တစ်ခုခု ဖြစ်ပြီ ဆိုတာ သိလိုက်မှာပေါ့ ခင်ဗျာ၊ အဘွားကြီးက ပြောတော့ သူ ရောက်သွားတဲ့ အချိန်မှာ ပါမောက္ခကြီးဟာ ညဝတ် အင်္ကျီကို ဝတ်ထားတုန်းပဲတဲ့၊ တကယ်ကတော့ အဘိုးကြီး ကိုယ်တိုင်လည်း အင်္ကျီကို မလဲနိုင်ရှာပါဘူး၊ ဆယ့်နှစ်နာရီ ထိုးတော့မှ မာလီ မော်တီမာ ရောက်လာပြီး လဲပေးနေကျတဲ့၊ ပါမောက္ခကြီးကတော့ ခပ်ဝေးဝေးက အော်သံ တစ်သံ ကြားလိုက်တာက လွဲလို့ တခြား ဘာမှ မသိဘူးလို့ ပြောသတဲ့၊ ပြီးတော့ သေသူ နောက်ဆုံး ပြောသွားတဲ့ စကားတွေကိုလည်း သူ နားမလည်ဘူးတဲ့၊ ဆရာကြီး အဲဒီ မိန်းမပဲ ဆိုတဲ့ စကားတွေကို သူ နားမလည်ဘူးတဲ့၊ ကယောင်ကတမ်း ပြောတာပဲ ဖြစ်မယ်လို့ သူ ထင်တယ်တဲ့၊ သေသူ စမစ်မှာ ငြိုးသူ ရန်ဖက်ရယ်လို့ မရှိတဲ့ အကြောင်း၊ ဘာဖြစ်လို့ ဒီလို အသတ်ခံရသလဲ ဆိုတာကို စဉ်းစားမရတဲ့ အကြောင်း ပြောသတဲ့။

'ဒါနှင့် အဘိုးကြီးက မာလီ မော်တီမာကို ခေါ်ပြီး ဂါတ်ကို အတိုင်ခိုင်းလိုက်တယ် ခင်ဗျ၊ ခဏ နေတော့ ဌာနအုပ်က ကျွန်တော့်ဆီကို ကြေးနန်းရိုက်ခေါ်လိုက်တာပဲ၊ ကျွန်တော် ရောက်တော့ ဘာပစ္စည်းမှ မရွှေ့သေးဘူး ခင်ဗျ၊ အိမ်ကို ဝင်တဲ့ လမ်းပေါက်ကိုလည်း ဘယ်သူမှ ဖြတ်မလျှောက်ဖို့ အမိန့် ပေးထားတယ်၊ ကဲ ဆရာရေ၊ ဆရာ့ တွေးလုံးကလေးတွေကို စမ်းသပ် ကြည့်ဖို့တော့





အခွင့်အရေး ပေါ်လာပြီ၊ အချက်အလက်တွေကတော့ ဆရာ့ စိတ်ကြိုက်ပဲ၊ ဘာမှ မလိုဘူး'


ရှားလော့ဟုမ်းက ခပ်မဲ့မဲ့ ပြုံးလိုက်ရင်း

'ရှားလော့ဟုမ်းပဲ လိုတာပေါ့ ဟုတ်စ၊ ကဲ ကြားရအောင်ဗျာ၊ ကိုရင် ဘယ်လို ထင်သလဲ'

'ကျွန်တော်က ဟောဒီ ပုံကြမ်းကို ဆရာ့ကို အရင် ပြရဦးမယ် ခင်ဗျ၊ ပါမောက္ခကြီးရဲ့ စာကြည့်ခန်းနှင့် အမှုနှင့် ဆိုင်တဲ့ အရေးကြီးတဲ့ နေရာတွေ အားလုံးကို ကျွန်တော် ပုံကြမ်း ဆွဲလာခဲ့တယ်၊ ဒီပုံကို ကြည့်ရင် ကျွန်တော် စုံစမ်းတာတွေကို ဆရာ ပိုပြီး သဘောပေါက်လိမ့်မယ် ထင်တာပဲ'

အောက်တွင် ဖော်ပြလိုက်သည့် ပုံကြမ်းကို ဟော့ပကင်းက ရှားလော့ဟုမ်း၏ ပေါင်ပေါ်တွင် ဖြန့်ပြလေ၏။ ကျွန်ုပ်သည် ထိုင်ရာမှ ထကာ ရှားလော့ဟုမ်း၏ နောက်မှ နေ၍ ပုံကြမ်းကို ကြည့်လိုက်၏။

'ပုံကတော့ ပုံကြမ်းပဲ ဆရာရေ၊ အရေးကြီးမယ်လို့ ထင်တဲ့ နေရာတွေလောက်ပဲ ကူးပြီး ဆွဲလာတာ၊ ကျန်တာကတော့ ဟိုရောက်မှ ဆရာ ကိုယ်တိုင်ကြည့်ပေတော့၊ ပထမ စဉ်းစားဖို့ အချက်က အကယ်၍ လူသတ်သမားဟာ အိမ်ထဲကို ဝင်လာခဲ့လို့ ရှိရင် လူသတ်သမား သို့မဟုတ် လူသတ်သမဟာ ဘယ်လို လာသလဲ၊ ကျွန်တော့် အထင်တော့ ခြံဝင်းလမ်းကနေပြီး နောက်ဖေး တံခါးကို ဝင်မယ်၊ အဲဒီ တံခါးက စာကြည့်ခန်းကို တိုက်ရိုက် ရောက်တာကိုး ဆရာရဲ့






www.burmeseclassic.com

www.burmeseclassic.com



တခြား လမ်းက လာရင် ကွေ့ကောက် လာနေရမယ် မဟုတ်လား၊ ထွက်ပြေးရင် လည်း အဲဒီ လမ်းကပဲ ပြန်ထွက်ရမယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ အခြား ထွက်ပေါက် နှစ်ပေါက် ရှိတဲ့ အနက် တစ်ပေါက်က အပေါ်ထပ်က ကောင်မလေး ဆင်းလာဖို့ အတွက် ပိတ်နေတယ်၊ တစ်ပေါက်က ပါမောက္ခရဲ့ အိပ်ခန်းကို ဝင်တဲ့ အပေါက် ဖြစ်နေတယ်၊ ဒါကြောင့် ကျွန်တော် ခြံဝင်းထဲ နောက်ဖေးလမ်းကို သတိ ထားပြီး ကြည့်တယ်၊ မိုးရွာထားတော့ ခြေရာတို့ ဘာတို့လည်း တွေ့မှာပဲလို့ ကျွန်တော် တွက်လိုက်တယ်လေ။

'နောက်ဖေး ခြံဝင်းလမ်းကို ကြည့်လိုက်တော့ ကျွန်တော် လိုက်နေတဲ့ လူသတ် တရားခံဟာ တော်တော် သတိ ကြီးပြီး တော်တော် ကျွမ်း ကျင် တဲ့ ရာဇဝတ်ကောင် ဆိုတာ တွေ့ရတယ် ခင်ဗျ၊ လမ်းပေါ်မှာ ဘာခြေရာမှ မတွေ့ရ ဘူး၊ ကြည့်ရတာကတော့ ခြေရာ မထင်အောင် မြက်တွေပေါ်က ဖြတ်လျှောက် ထားဟန် တူတယ် ခင်ဗျ၊ ထင်ထင်ရှားရှားရယ်လို့ ဘာမှကို ကောက်လို့ မရာ ဖြစ်နေတယ်၊ သို့သော်လည်း မြက်ခင်းပေါ်မှာတော့ မြက်တွေ ကြေမွနေတာ တွေ့ လို့ ဒီနေရာကို တစ်ယောက်ယောက် ဖြတ်သွားတယ် ဆိုတာ ထင်ရှားတယ် ခင်ဗျ၊ အဲဒီနေ့ မနက်က မာလီရော အားလုံး အပြင်ကို ဘယ်သူမှ မထွက်သေး တဲ့ အတွက် ဒီ ခြေရာဟာ လူသတ်သမားရဲ့ ခြေရာပဲ ဖြစ်ရမယ်လို့ ကျွန်တော် ယူဆတယ်၊ မနေ့ ညကမှ မိုး ရွာထားတော့ ကောင်းကောင်း မြင်ရတာပေါ့ ခင်ဗျာ'

'ခဏကလေးဗျ၊ အဲဒီ လမ်းက ဘယ်ကို သွားတာလဲ'

'ပေတစ်ရာကြီးကို ထွက်တာ ခင်ဗျ'

'ဘယ်လောက် ဝေးသလဲ'

'ကိုက်တစ်ရာကျော်ကျော်လောက် ရှိမှာပေါ့'

'ဝင်းတံခါးဝ အရောက်လောက်မှာ ခြေရာတွေ ဘာတွေ မတွေ့ရဘူး လား'

'အဲဒီနား ရောက်တော့ လမ်းမှာ အုတ်ခင်းထားတယ် ခင်ဗျ'

'ပေတစ်ရာပေါ်မှာကော'

'ပေတစ်ရာပေါ်မှာတော့ ဖြတ်သွားထားကြတာ ဗွက်ပေါက်လို့ ခင်ဗျ'

'အင်း ဒုက္ခပဲ၊ ဒါဖြင့် မြက်ခင်းပေါ်မှာ တွေ့ရတဲ့ ခြေရာတွေ ဆိုတာက ကော၊ အသွား ခြေရာလား အပြန် ခြေရာလား'

'မပြောနိုင်ဘူး ခင်ဗျ၊ မြက်တွေ ကြေနေတာလောက်ပဲ ရှိတာ'





'ခြေရာက အကြီးကြီးလား၊ အသေးကလေးလား'

'ဒါလည်း ခွဲလို့ မရဘူး ခင်ဗျ'

ရှားလော့ဟုမ်းသည် စိတ်တိုလာဟန်ဖြင့်

'တစ်ချိန်လုံး မိုးတွေ ရွာပြီး လေတွေ တိုက်နေတယ်ဗျ၊ ခုမှ အဲဒီ နေရာ တွေကို လိုက်ကြည့်နေရရင် ကျူပ် ပုရပိုက်စာ ဖတ်ရတာထက် ခက်တော့မှာပေါ့၊ အေးလေ၊ ဘယ်တတ်နိုင်တော့မလဲ၊ ကဲ ဒါဖြင့် ကိုရင် ဘာလုပ်သလဲ၊ ဆိုစမ်း၊ ကိုရင့်ဟာက သေချာတော့ သေချာပါရဲ့၊ ဒါပေမဲ့ မဟုတ်တဲ့ နေရာမှာ သေချာ နေတာကိုး'

'သေချာတာတွေ အများကြီးပါ ဆရာရဲ့၊ အိမ်ထဲကို အပြင်က လူ တစ် ယောက် တိတ်တိတ် ဝင်တယ် ခင်ဗျာ၊ ဒါ သေချာ တယ်၊ ပြီးတော့ ကျွန်တော် စင်္ကြံ တစ် လျှောက်ကို လျှောက်ကြည့်တယ်၊ စင်္ကြံ တစ်လျှောက်မှာ အုန်းဆံ ကော်ဇောတွေ ခင်းထားတော့ ဘာကိုမှ ထင်ထင် ရှားရှား မတွေ့ရဘူး ခင်ဗျ၊ ဒါနဲ့ ကျွန်တော် စာကြည့်ခန်းထဲကို ဝင် ကြည့်တယ်၊ စာ ကြည့် ခန်း မှာ စားပွဲ ကုလားထိုင်ရယ်လို့ များ များ စားစား မရှိဘူး၊ ကြီးကြီး မားမား ဆိုလို့ ဗီရို တပ်ထားတဲ့ စာရေး စားပွဲကြီး တစ်လုံးပဲ ရှိ တယ်၊ ဗီရိုက ဘေး တစ်ဖက် တစ် ချက်မှာ အံဆွဲ အဆင့်တွေ ရှိပြီး အ လယ် ကောင် မှာ တော့ အံကြီး တစ်ခု ရှိတယ်၊ ဘေး အံဆွဲ ကလေး တွေက ပွင့်နေတယ် ဆရာ၊ အလယ် အံကြီးကတော့ သော့ ခတ်ထားတယ်၊ အံဆွဲကလေးကိုတော့ အမြဲ ဖွင့်ထားပုံပဲ၊ အထဲမှာ အဖိုးတန် ပစ္စည်းရယ်လို့ ဘာမှ မတွေ့ရဘူး၊ အလယ် အံကြီးထဲမှာတော့



'အလောင်းက ဗီရိုရဲ့ လက်ဝဲဘက် နား



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးတဲ့ စာရွက် စာတမ်း တချို့ တွေ့ရတယ်၊ သို့သော်လည်း ဒီအံကြီးကို ဘာမှ တို့ထိသွားပုံ မရဘူး ခင်ဗျ၊ ပါမောက္ခကြီးကို မေးကြည့်တော့လည်း အဝ) က ဘာပစ္စည်းမှ မပျောက်ဘူးလို့ ပြောတယ်၊ လုယက်မှု ကျူးလွန်ခြင်း မရှိဘူး၊ ဆိုတာတော့ သေချာတယ် ဆရာ။

'ပြီးတော့ အလောင်းကို စစ် ဆေး ကြည့် တယ်၊ အလောင်းက ဗီရို့ရဲ လက်ဝဲဘက် နားမှာ၊ ပုံထဲမှာ ကျွန်တော် ပြထားတယ်၊ ခက်တာက ဇက်ကို နောက်က နေပြီး ခုတ်လိုက်တာ ဆရာ၊ ဒီတော့ ကိုယ့်ဘာသာကိုယ် ခုတ်တာ မဟုတ်ဘူး ဆိုတာတော့ ထင်ရှားတယ်'

'ဓားပေါ်မှာ နောက်ပြန် လဲမကျဘူး ဆိုရင်ပေါ့လေ'



မျက်မှန်ကို နှာခေါင်းတွင် ညှပ်၍ တပ်လိုက်ပြီးလျှင် စာဖတ်ကြည့်ပြန်၏။

'ဟုတ်ပါတယ် ဆရာ၊ ကျွန် တော် လည်း ဒီ အချက်ကို စဉ်းစားမိပါတယ်၊ ဒါပေမဲ့ ဓားက အလောင်းနှင့် တော်တော် ဝေးမှာ သွားတွေ့ရတယ် ဆရာ၊ ဒါ ကြောင့် လဲကျတာတော့ မဖြစ်နိုင် ဘူး၊ ပြီးတော့ သေခါနီး ပြေ သွားတဲ့ စကားတွေကို ထော ရင်လည်း ဒီအချက်ဟာ မဖြ နိုင်ဘူး ဆရာ၊ အရေး အကြ ဆုံးကတော့ သေသူရဲ့ ညာဘ လက်ထဲမှာ ဆုပ်ထားတဲ့ ဟော ဒီ သက်သေခံ ပစ္စည်း ဆရာ'

ဟော့ပကင်းသည် အိတ်ထဲမှ စက္ကူထုပ်ကလေး တစ ခုကို ထုတ်လိုက်၏။ အထုပ်ကို ဖြ လိုက်သည့် အခါတွင် ကြိုးတပ် ရှ ကိုင်း မျက်မှန်ကလေး တစ်လက်ကို တွေ့ ရလေ၏။ ပိုးကြိုး အနက်ကလေး နှစ်ချော သည် တွဲလွဲကျလျက် ရှိလေ၏။

'သေသူ စမစ်ဟာ မျက်စိ မှုန်တဲ့သူ မဟုတ်ဘူး ဆရာ၊ ဒီမျက်မှန်ဟာ လူသတ်သမား





ဆီက ချွတ်ထားလိုက်တာ သို့မဟုတ် လက်ထဲက လုယူလိုက်တာပဲ ဖြစ်ရမယ်'

ရှားလော့ဟုမ်းသည် ကြိုးတပ် မျက်မှန်ကလေးကို ယူပြီးနောက် သေချာစွာ စစ်ဆေး ကြည့်ရှုလျက် ရှိလေ၏။ ထိုနောက် နှာခေါင်းတွင် ညှပ်၍ တပ်လိုက်ပြီးလျှင် စာဖတ်ကြည့်ပြန်၏။ တစ်ဖန် ပြတင်းပေါက်သို့ သွား၍ အဝေးသို့ လှမ်းကြည့်ပြန်၏။ မီးရောင်အောက်သို့ ယူလာပြန်ကာ မျက်မှန်ကို သေချာစွာ ကြည့်နေပြန်လေ၏။ ထိုနောက် ခစ်ခနဲ တစ်ချက် ရယ်လိုက်လျက် စားပွဲတွင် ထိုင်၍ စာရွက် တစ်ရွက်ပေါ်တွင် တစ်စုံတစ်ရာ ရေးခြစ်လိုက်ပြီးလျှင် ဟော့ပကင်းထံ တွန်းပေးလိုက်ရင်း

'ရော့၊ ကျုပ် အတတ်နိုင်ဆုံးကို လုပ်ပေးလိုက်မယ်၊ အသုံးတော့ တည့်လိမ့်မယ် ထင်ပါရဲ့'

ဟော့ပကင်းသည် တအံ့တဩဖြင့် စာရွက်ကို အသံ ထွက်ဖတ်လိုက်၏။ စာမှာ အောက်ပါ အတိုင်း ဖြစ်၏။

'အလိုရှိသည်၊ ဝတ်ကောင်းစားလှ ဝတ်ထားသည့် အမျိုးသမီး တစ်ယောက် ပျောက်သွားသည်၊ နှာခေါင်း ကြီးကြီး၊ နဖူးရေ တွန့်တွန့်၊ ပခုံး ကိုင်းကိုင်းနှင့် ဖြစ်ပြီး ကြည့်လျှင် မျက်လုံး မှေး၍ ကြည့်သည်၊ မျက်လုံး တစ်လုံးနှင့် တစ်လုံး အလွန် နီးကပ်စွာ ရှိသည်၊ လွန်ခဲ့သည့် လအနည်းငယ် အတွင်း မျက်မှန်ဆိုင်သို့ အနည်းဆုံး နှစ်ကြိမ် ပြခဲ့ပြီး ဖြစ်သည်၊ မှန်မှာ ပါဝါ များသော မှန်ဖြစ်ပြီး မျက်မှန်ဆိုင်မှာလည်း အနည်းငယ်သာ ရှိသည့် အတွက် ထိုအမျိုးသမီးကို အလွယ်တကူ ရှာဖွေ တွေ့ရှိနိုင်သည်'

**ရှားလော့ဟုမ်းသည်** အံ့အားသင့်လျက် ရှိသော ဟော့ပကင်းနှင့် ကျွန်ုပ်တို့ကို ကြည့်၍ ပြုံးလျက် ရှိရာမှ

'ကျုပ် တွေးလုံးက လွယ်လွယ်ကလေးပါ၊ မျက်မှန် တစ်လက်ကို ကြည့်ပြီး ကောက်ချက် ဆွဲရတာလောက် လွယ်တာ ဘယ်မှာ ရှိတော့မလဲ၊ ဒီထက် ဖာကဲခတ်ရတာ လွယ်တဲ့ ပစ္စည်းကို ပြောပါ ဆိုရင်တောင် ပြောဖို့ ခပ်ခက်ခက်ရယ်၊ အထူးသဖြင့် ဒီလောက် ပါဝါများတဲ့ မျက်မှန်မျိုးကို ကြည့်ပြီး ကောက်ချက် ဆွဲရတာက ပိုတောင် လွယ်သေးတယ်၊ အမျိုးသမီး တစ်ယောက်ရဲ့ မျက်မှန်လို့ ပြောရတာကတော့ တခြားကြောင့် မဟုတ်ဘူးဗျ၊ မျက်မှန်က အနုစား ကလေး ဖြစ်တာရယ်၊ သေသူရဲ့ နောက်ဆုံး စကားရယ်၊ ဒီအချက်တွေကို တွေ့ကြောက်ပြီး အမျိုးသမီး မျက်မှန်လို့ ပြောရတာ၊ အဝတ်အစား ကောင်းကောင်းမွန်မွန်



www.burmeseclassic.com

www.burmeseclassic.com



ဝတ်တဲ့ အထက်တန်းစားလို့ ပြောရတာကတော့ မျက်မှန်ကို ကြည့်လိုက်ရုံနှင့် ခင်ဗျားတို့ တွေ့လိမ့်မယ်၊ မျက်မှန်ကိုင်းက ရွှေကိုင်း အစစ်ဗျ၊ ဒီလို အကောင်းစား မျက်မှန်ကို တပ်သူ တစ်ယောက်ဟာ ဒီပြင် အသုံးအဆောင်တွေမှာ အညံ့စားတွေကို သုံးမှာ မဟုတ်တာ သေချာတယ်၊ မျက်မှန်ကို တပ်ကြည့်လိုက်ရင် ညှပ်တဲ့ ကလစ်တွေက တော်တော် ကျယ်နေတာကို တွေ့ရတယ်၊ ကျုပ်တို့ ခင်ဗျားတို့ တပ်လိုက်ရင်တောင် ကျယ်နေတယ် ဆိုရင် ဒီမျက်မှန်ကို တပ်တဲ့ အမျိုးသမီးရဲ့ နှာခေါင်းဟာ တော်တော် ကြီးတယ် ဆိုတာ ထင်ရှားတယ်၊ ဒီလို နှာခေါင်းမျိုးဟာ တိုလှေ့ ရှိပြီး ခပ်ပွပွ ဖြစ်နေတတ်တယ်၊ သို့သော်လည်း ဒါက အများအားဖြင့် ပြောရတာပေါ့လေ၊ ခြွင်းချက်တော့ ရှိသပေါ့၊ ကျုပ် မျက်နှာဟာ တော်တော် ရှည်တဲ့ မျက်နှာဗျ၊ သို့သော်လည်း ဒီလောက် ရှည်တဲ့ မျက်နှာမှာ တပ်ကြည့်လိုက်ရင်တောင် ဒီမျက်မှန်ဟာ ကျုပ် မျက်လုံးနှင့် မကိုက်ဘူး၊ ကျုပ် မျက်လုံးက မှန်ရဲ့ ဗဟိုချက် အပြင်ဘက်ကို ရောက်နေတယ်၊ ဒါကို ထောက်ရင် မျက်မှန် ပိုင်ရှင်ရဲ့ မျက်လုံးဟာ တစ်လုံးနှင့် တစ်လုံး တော်တော်ကို နီးနေလို့ပဲလို့ တွက်နိုင်တယ်၊ ခင်ဗျား ကြည့်စမ်း ဝပ်ဆင်၊ မျက်မှန်က အခုံးဗျ၊ ပြီးတော့ တော်တော် ပါဝါ များတယ်၊ တစ်သက်လုံး ဒီလောက် မျက်စိ မှုန်လာခဲ့တဲ့ အမျိုးသမီး တစ်ယောက်ရဲ့ သွင်ပြင် လက္ခဏာဟာ ဘယ်လို နေမယ် ထင်သလဲ၊ မျက်စိ မှုန်လေတော့ နဖူးကို ရှုံ့ပြီး အားစိုက် ကြည့်နေရတဲ့ အတွက် သူ့ နဖူးဟာ တွန့်နေတတ်တယ်၊ အမြဲတမ်း ကပ်ပြီး ကြည့်နေရတဲ့ အတွက် သူ့ ပခုံးဟာ ကိုင်းနေတတ်တယ်'

ကျွန်ုပ်က

'အင်း ပြောသွားတဲ့ အချက်တွေ အားလုံးလောက်ကတော့ ငြင်းစရာ မရှိပါဘူးလေ၊ သို့သော်လည်း မျက်မှန်ဆိုင်ကို နှစ်ကြိမ် ရောက်ခဲ့တယ် ဆိုတာကတော့ သိပ် မရှင်းလှသေးဘူး'

ရှားလော့ဟုမ်းက မျက်မှန်ကို ကောက်ယူလိုက်ပြီးလျှင်

'ဟောဒီမှာ ကြည့်စမ်း၊ နှာခေါင်းပေါ်မှာ လာဖိတဲ့ ဖိအားကြောင့် ငှ... ခေါင်း မနာအောင် ညှပ်မှာ ဖော့ကလေးတွေ ခုထားတယ်၊ တစ်ခုက တပ်... ကြာလို့ တော့်ဖတ်လေး ဟောင်းပြီး အရောင် လွင့်နေပြီ ခင်ဗျ၊ နောက်တ... ကတော့ အသစ်စက်စက်ကြီးပဲ ရှိသေးတယ်၊ ကြည့်ရတာကတော့ တစ်... ပြုတ်ကျသွားလို့ အသစ် ပြန်တပ်ထားပုံ ရတယ်၊ ဟောင်းတဲ့ ဘက်က... အဟောင်းလို့သာ ပြောရတာ လဲထားတာ မကြာသေးဘူး၊ ဒီတော့ ဒီအမျိုး...





ဟာ ဒီ မျက်မှန်ဆိုင်ကိုပဲ နောက်တစ်ခေါက် ပြန်သွားပြီး အသစ် တပ်ရမယ်'

ဟော့ပကင်းက ကျေနပ် အားရသည့်ဟန်ဖြင့်

'သောက်ကျိုးနည်း အံ့သြလောက်ပါတယ် ခင်ဗျာ၊ ကြည့်စမ်းပါဦး၊ ကျွန်တော့် လက်ထဲမှာ ဒီသက်သေခံ ပစ္စည်း ရှိနေလျက်နှင့် ကျွန်တော် ဒါတွေကို မစဉ်းစားခဲ့မိဘူး၊ လန်ဒန်က မျက်မှန်ဆိုင်တွေကို လိုက် စုံစမ်း ကြည့်ဦးမယ်လို့တော့ ဖိတ်ကူး ရပါရဲ့'

'ဟုတ်တယ်ဗျ၊ မျက်မှန်ဆိုင်တွေကို လိုက်ကြည့်ရမယ်၊ ကဲ အမှုနှင့် ပတ်သက်လို့ ဘာများ ပြောစရာ ရှိသေးသလဲ'

'မရှိတော့ပါဘူး မစ္စတာ ဟုမ်း၊ ဒီလောက်ဆိုရင် ဆရာလည်း ကျွန်တော် သိသလောက်တော့ သိနေပါပြီ၊ ပိုရင်သာ ပိုမယ်ပေါ့ ခင်ဗျာ၊ အဲဒီ ရယ် တစ်ဝိုက်နှင့် အဲဒီက ဘူတာရုံ တစ်ဝိုက်မှာ လူစိမ်း သူစိမ်းများ တွေ့မိသလားလို့ ကျွန်တော် စုံစမ်းပြီးပါပြီ၊ စုံစမ်းလို့ ရသလောက်တော့ တစ်ယောက်မှ မတွေ့ဘူး ခင်ဗျ၊ အမှုရဲ့ ရည်ရွယ်ချက်ကို ရှာလို့ မတွေ့တာကတော့ ခံပြင်းစရာ ကောင်းလှတယ် ဆရာရယ်၊ ဘယ်သူမှ အစအနကလေးတောင် မရှာနိုင်ကြဘဲ ဖြစ်နေတယ်'

'အင်း၊ ဒါတော့ ကျုပ်လည်း တတ်နိုင်တဲ့ အနေအထားမှာ မရှိသေးဘူးဗျ၊ နေစမ်းပါဦး၊ မနက်ဖြန် ကျုပ်တို့ ဆင်းလာရဦးမှာလား'

'အပန်း မကြီးဘူး ဆိုရင်တော့ လာစေချင်တာပဲ ဆရာရယ်၊ မနက်ဖြန် မနက် ခြောက်နာရီမှာ ဘူတာကြီးကနေ ချာသမ်ကို ထွက်မယ့် ရထား ရှိတယ်၊ ယော့စလေကို ရှစ်နာရီနှင့် ကိုးနာရီ ကြားမှာ ရောက်မှာပဲ'

'ကောင်းပြီလေ၊ ဒီလိုဆိုရင်လည်း လိုက်ခဲ့ရတာပေါ့၊ ခင်ဗျား အမှုက စိတ်ဝင်စားစရာ ကောင်းတဲ့ အချက်ကလေးတွေ ပါတော့ ကျုပ်လည်း ကြည့်ချင်ပါတယ်၊ ကဲ နာရီပြန် တစ်ချက် ထိုးတော့မယ်ဗျာ၊ မနက်လည်း စောစော ထရမှာ ဆိုတော့ အိပ်လိုက်ကြဦးစို့၊ ခင်ဗျားတော့ မီးဖိုဘေးက ဆိုဖာပေါ်မှာ သင့်သလိုသာ ကြည့်အိပ်ပေတော့၊ မနက် လင်းရင်တော့ ကျုပ် လေမီးဖိုကလေးနှင့် ရေနွေးအိုး တည်ပြီး ကော်ဖီလေး ဘာလေး ဖျော်တိုက်ပါ့မယ်'

...ာက်တစ်နေ့တွင် လေ ငြိမ်သွားပြီ ဖြစ်သည့်တိုင် ကျွန်ုပ်တို့ ထွက်လာသည့် ...ချိန်မှာ အတော် အေးလျက် ရှိပေ၏။ ဆောင်းနေသည် သိမ်းမြစ်... တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com

ကမ်းရှိ မျှော် မဆုံးနိုင်သော စိမ့်တောကြီးများပေါ်မှ ပေါ်ထွက်လာလေရာ ထိုရှုခင်းကို မြင်ရသည့် အခါတွင် ကျွန်ုပ်သည် ကျွန်ုပ်တို့ တွေ့ခါစက အင်ဒမန်ကျွန်းသား တရားခံအား လိုက်လံ ဖမ်းဆီးကြပုံကို ပြန်၍ အမှတ်ရမိပေသေး၏။ ကျွန်ုပ်တို့သည် မီးရထား အတော်ကြာကြာ စီးခဲ့ကြပြီးနောက် ချာသမ်နှင့် မိုင်အနည်းငယ်ခန့် ဝေးသည့် ဘူတာရုံကလေး တစ်ခုတွင် ဆင်းကြလေ၏။

တည်းခို ရိပ်သာကလေး တစ်ခုတွင် ရထား ပြင်နေစဉ် ကျွန်ုပ်တို့သည် မနက် လက်ဖက်ရည်ကို ခပ်သုတ်သုတ် သောက်ပြီး ထွက်လာခဲ့ကြရာ နောက်ဆုံးတွင် ယော့စလေ အိုးပလေ့သို့ ရောက်ခဲ့ကြလေ၏။ ပုလိပ် တစ်ယောက်သည် ကျွန်ုပ်တို့ကို ခြံတံခါးဝတွင် ဆီးကြိုနေလေ၏။

'ဘယ့်နှယ်လဲဟေ့ ဗီလ်ဆန်၊ ဘာထူးသေးသလဲ'

'မထူးဘူး ဆရာ'

'လူစိမ်း သူစိမ်း လာတာကော၊ နောက်ထပ် သတင်းများ ကြားသေးသလား'

'မကြားဘူး ဆရာ၊ ဘူတာရုံကို စုံစမ်းကြည့်တော့ မနေ့က တစ်နေ့လုံး လူစိမ်း သူစိမ်း အသွားအလာ လုံးဝ မရှိဘူးတဲ့'

'ထမင်းဆိုင်တွေ၊ တည်းခိုရိပ်သာတွေမှာကော စုံစမ်းပြီးပြီလား'

'ပြီးပြီ ဆရာ၊ ဘာမှ မထူးဘူး'

'ဒီနေရာက ချာသမ်နှင့် သိပ်မဝေးတော့ဘူး ခင်ဗျ၊ နည်းနည်း လျှောက်လိုက်ရင် ရောက်သွားတယ်၊ ဒီတော့ လူစိမ်း သူစိမ်း ဆိုရင် ချာသမ်မှာ သွားပြီး ခိုနေနိုင်တယ်၊ သို့မဟုတ်ရင်လည်း ချာသမ်ကနေပြီး ရထား တက်စီးသွားနိုင်တယ်၊ မစ္စတာ ဟုမ်း၊ ဟောဒါက ကျွန်တော် ပြောတဲ့ ခြံဝင်းလမ်းကလေး ခင်ဗျ၊ မနေ့က ကြည့်တော့ လမ်းပေါ်မှာ ဘာခြေရာကိုမှ မတွေ့ရဘူးဗျ'

'မြက်ပေါ်မှာ တွေ့တဲ့ အရာတွေ ဆိုတာက ဘယ်ဘက်မှာ တွေ့တာလဲ'

'ဒီဘက်မှာ ဆရာ၊ ဟောဒီ ပန်းခင်းနှင့် လမ်းလေးကြားက မြက်တောစပ်ပေါ်မှာ၊ ခုတော့ သိပ်မကွဲတော့ဘူး ဆရာ၊ မနေ့ကတော့ တော်တော်လေးကို ထင်ထင်ရှားရှား မြင်ရသေးတယ်'

ရှားလော့ဟုမ်းက မြက်တောစပ်ကို ငုံ့ကြည့်လိုက်ရင်းက

'တွေ့တယ်၊ တွေ့တယ်၊ တစ်ယောက်ယောက် ဖြတ်လျှောက်ထားတဲ့ပုံပဲ၊ ကြည့်ရတာကတော့ အမျိုးသမီးက တော်တော်လေးကို သတိထား လျှောက်ထားတာဗျ၊ တစ်ဖက်ကို လျှောက်ရင် ခြေရာ ထင်မယ်၊ တစ်ဖက်ကျတော့လည်း





ပန်းခင်းပေါ် ဆိုတော့ ပိုတောင် သိသာမယ်၊ ဒီတော့ ပန်းခင်းနှင့် လမ်းကြားမှာ ဟည့်တည့် လျှောက်ထားတာ'

'ဟုတ်တယ် ဆရာ၊ အမျိုးသမီးက တော်တော်လေးကို သတိ ကောင်းပုံရတယ်'

ရှားလော့ဟုမ်းသည် မျက်မှောင်ကို ကုတ်၍ တစ်စုံတစ်ရာကို စဉ်းစားလိုက်၏။

'ဒီလမ်းကပဲ ပြန်ထွက်တယ်လို့ ခင်ဗျား ပြောခဲ့တယ်နော်'

'ဟုတ်တယ် ဆရာ၊ ဒီပြင်လမ်းမှ မရှိတာ'

'မြက်ခင်းပေါ်ကပဲ ဖြတ်လျှောက် သွားတယ်ပေါ့'

'အမှန်ပါပဲ ဆရာ'

'အင်း တော်တော် ထူးခြားတဲ့ အချက်ဗျို့၊ တော်တော်ကလေးကို ထူးခြားတယ်၊ ကဲ လမ်းကိုတော့ ကြည့်လို့ ပြီးပါပြီလေ၊ မထူးတော့ပါဘူး၊ နောက် တစ်နေရာ ကြည့်ကြဦးစို့ရဲ့၊ ဟောဒီ ခြံတံခါးက ဂျလက်ကလေးပဲ တပ်ထားတယ်နော်၊ ဒီတော့ လူသတ်သမား အဖို့ အသာကလေး ဝင်လာရုံပေါ့၊ မဟုတ်ဘူးလား၊ ကြည့်ရတာကတော့ လူသတ်ဖို့ ရည်ရွယ်ချက်နှင့် လာတာ မဟုတ်ဘူးထင်တယ်ဗျ၊ လူသတ်ဖို့ ရည်ရွယ်ချက် ရှိခဲ့ရင် စားပွဲပေါ်က ချိပ်တောင့် လိုးတဲ့ဓားနှင့် ဘာသတ်စရာ လိုသလဲ၊ နဂိုကတည်းက လက်နက်တို့ ဘာတို့ ယူလာမှာပေါ့၊ ဟောဒီ စင်္ကြံ အတိုင်း ဝင်တယ်၊ စင်္ကြံပေါ်မှာ အုန်းဆံ ကော်ဇော ခင်းထားတော့ ခြေရာ မထင်ဘူးပေါ့၊ ပြီးတော့ စာကြည့်ခန်းထဲကို တန်းရောက်သွားတယ်၊ စာကြည့်ခန်းထဲမှာ ဘယ်လောက်ကြာကြာ နေသွားသလဲ မဆိုနိုင်ဘူး၊ ဒါပေမဲ့ မသိတာက တော်တော် ခွကျသွားတယ်'

'သိပ်မကြာဘူး ဆရာ၊ ဆရာ့ကို ပြောဖို့ မေ့သွားတယ်၊ ဒီအခန်းထဲကို အိမ်ထောင်ထိန်း အဘွားကြီး လာပြီး သန့်ရှင်းရေး လုပ်သေးတယ်၊ အချင်း မဖြစ်ပွားမီ ဆယ့်ငါးမိနစ်လောက်ကလေးတွင်လို့ ဆိုတယ်'

'အင်း ဒီလို ဆိုရင် စဉ်းစားရတာ နည်းနည်း လွယ်သွားတာပေါ့ဗျာ၊ အမျိုးသမီးဟာ စာကြည့်ခန်းထဲကို ဝင်မယ်၊ ဝင်ပြီးတော့ ဘာလုပ်မလဲ၊ စာရေးစားပွဲဆီကို သွားတယ်၊ ဘာကိစ္စ သွားသလဲ၊ အံဆွဲထဲက ပစ္စည်းကို လိုချင်လို့တော့ မဟုတ်ဘူးဗျ၊ သူ လိုချင်လောက်တဲ့ ပစ္စည်းမျိုးသာ ရှိရင် ထားတဲ့ လူက သော့မခတ်ဘဲ ဘယ်ထားမလဲ၊ အဲဒီတော့ ဒီထဲမှာ သူ လိုချင်တာ မရှိနိုင်ဘူးပေါ့ ... ယယ် သစ်သား ဗီရိုကြီးထဲက ပစ္စည်းကို သူ လိုချင်တယ်၊ အလို ဟောဒီပေါ်


www.burmeseclassic.com

www.burmeseclassic.com

မှာ ခြစ်ထားတဲ့ အရာပါလားဗျို့၊ အိုင်ဆေး မီးခြစ် ပြစမ်းဗျ၊ ဟော့ပကင်းရေ၊ ခင်ဗျား ဒါကို ဘာဖြစ်လို့ ကျုပ်ကို မပြောတာလဲ'

ရှားလော့ဟုမ်းသည် ကြေးသော့အိမ် သော့ပေါက်၏ ညာဘက်ရှိ ခြစ်ရာကို စစ်ဆေး ကြည့်ရှုလျက် ရှိ၏။

ခြစ်ရာမှာ ဘေးသို့ လေးလက်မခန့် ရှည်ထွက်နေပြီး ခြစ် ရာ ကြောင်း အရောင် ကွာကျလျက် ရှိသည်ကို တွေ့ရလေ၏။

'တွေ့တော့ တွေ့သား ခင်ဗျ၊ ဒါပေမဲ့ သော့တို့ ဘာတို့ နားမှာ ပွန်းရာ ခြစ်ရာတွေ ရှိတတ်တာပဲ ဆိုပြီး မပြောတာ'

'ဒီပွန်းရာက လောလောလတ်လတ် ပွန်းတဲ့ အရာဗျ၊ လတ်လတ်ဆတ် ဆတ်ကြီး ရှိသေးတယ်၊ ကြည့်စမ်း၊ ပွန်းသားတဲ့ နေရာမှာ ကြေးရောင်က ပြောင် လက်နေတာပဲ၊ ပွန်းရာ အဟောင်း ဆိုလို့ ရှိရင် အပေါ်က မျက်နှာပြင်က အရောင်နှင့် တူနေရမှာပေါ့၊ ဟောဒီ မှန်ဘီလူးနှင့် ကြည့်ကြည့်စမ်း၊ ဟောဒီ အစင်း ဘေးမှာ အမှုန်က လေးတွေ ပေါ်နေတယ်၊ ထွန်ရေ ကြောင်း ဘေးမှာ မြေစာတွေ တက် နေတဲ့ အတိုင်းပဲ၊ အိမ်က အဘွား ကြီး မစ္စက် မာကာ ခေါ်စမ်းပါဦး'

မျက်နှာ မသာမယာဖြင့် အဘွားကြီး တစ်ဦး ဝင်လာလေ၏။

'မနေ့ မနက်တုန်းက ဒီ ဗီရိုကို ဖုန်သုတ်သေးသလား'

'သုတ်ပါတယ် စုံထောက် ကြီး'

'ဒီ ခြစ်ရာကို တွေ့ပါ သလား'

'မတွေ့ပါဘူးရှင်၊ ဘာ မှ မရှိပါဘူး'

'ဟုတ်တယ်၊ ဖယ် မနက်က မရှိသေးဘူး၊ ရှိလို့ ရှိ



'မနေ့ မနက်တုန်းက
ဒီ ဗီရိုကို ဖုန်သုတ်သေးသလား'



သုတ်ရင် ဒီ အမှုန်ကလေးတွေ ဘယ် ကျန်ရစ်ခဲ့ပါ့မလဲ၊ ဗီရို သော့က ဘယ်သူ့ ဆီမှာ ထားသလဲ'

'ဆရာကြီးဆီမှာပါ၊ နာရီကြိုးနှင့် တွဲထားပါတယ်'

'ရိုးရိုး သော့လား'

'မဟုတ်ပါဘူးရှင်၊ အာမခံ သော့ပါ'

'ဟုတ်ပြီဗျာ၊ သွားနိုင်ပါပြီ၊ တဖြည်းဖြည်းတော့ အစ ပေါ်လာပါပြီလေ၊ ကျုပ်တို့ အမျိုးသမီးဟာ အခန်းကို ဝင်တယ်၊ ပြီးတော့ ဗီရိုဆီကို သွားတယ်၊ ဗီရို ဖွင့်တယ်၊ သို့မဟုတ်ရင်လည်း ဖွင့်ဖို့ ကြိုးစားကြည့်တယ်၊ ဒီလို နေတုန်းမှာ သေသူ စမစ် ရောက်လာတယ်၊ ဒီတော့ သော့ကို ဖွင့်နေရာက ဆွဲဖြုတ်လိုက်တော့ သော့အိမ်မှာ အစင်းကြီး ကျန်ရစ်ခဲ့တယ်၊ စမစ်က သူ့ကို ဝင်ဖမ်းတယ်၊ ဒီတွင် အမျိုးသမီးလည်း အနားမှာ ဆွဲမိ ဆွဲရာကို ကောက်ဆွဲလိုက်တော့ ချိပ်တောင့် လိုးတဲ့ ဓားလေး ဖြစ်နေတယ်၊ အဲ သူ့ကို လွတ်အောင် ဆိုပြီး အဲဒီ ဓားနှင့် ကောက် ထိုးချလိုက်တယ်၊ ဓားချက်က ပြင်းတော့ စမစ် လဲအကျမှာ အမျိုး သမီး ထွက်ပြေးတယ်၊ သူ လိုချင်တဲ့ ပစ္စည်းကိုတော့ ရ မရ မပြောနိုင်ဘူး၊ နိုင်း တဲ့ ကောင်မလေးကော ရှိသလား၊ ဒီမှာ ကလေးမ၊ အော်သံကို ကြားပြီးတဲ့ နောက်မှာ တံခါးမကြီးက ထွက်ပြေးမယ် ဆိုရင် ပြေးဖို့ အချိန် ရသလား'

'မရပါဘူးရှင်၊ အောက်ထပ်ကို ကျွန်မ ဆင်းမလာခင် လမ်းကူးကြားမှာ လူဖြတ်သွားတယ် ဆိုရင် ကျွန်မ မြင်ရမှာပေါ့၊ ပြီးတော့ တံခါးမကြီးကလည်း ပွင့်မနေပါဘူး၊ ဖွင့်တယ် ဆိုရင်လည်း ကျွန်မ ကြားရပါတယ်'

'အင်း၊ ဒီလိုဆိုရင် ထွက်ပေါက် တစ်ပေါက်တော့ ပိတ်သွားပြီဗျ၊ ဒီ အတိုင်း ဆိုရင် အမျိုးသမီးဟာ သူ လာခဲ့တဲ့ လမ်းအတိုင်း ပြန်ထွက်တာ ဖြစ် နိုင်တယ်၊ ဒီလမ်းကြားကလေးက ပါမောက္ခကြီးရဲ့ အိပ်ခန်းကို သွားတဲ့ လမ်း ကြားနော်၊ အဲဒီ ဘက်မှာကော အပြင်ကို ထွက်တဲ့ အပေါက် ရှိသေးသလား'

'မရှိပါဘူးရှင်'

'ကဲ ပါမောက္ခကြီးနှင့် စကားလေး ဘာလေး ပြောကြဦးစို့၊ အလို ဟော့ ပကင်းရေ၊ ဟောဒီမှာ တွေ့လား၊ အရေးကြီးတယ်ဗျို့၊ သိပ်ကို အရေးကြီးတယ်၊ ပါမောက္ခကြီးရဲ့ အခန်းကို သွားတဲ့ ဆောင်ကူးလမ်းကြားမှာလည်း အုန်းဆံ ကော် ဇော ခင်းထားတယ်'

'အဲဒီတော့ ဘာဖြစ်သလဲ ဆရာ'

'ဘာဖြစ်ရမလဲ ကိုရင်ရဲ့၊ အမှုနှင့် ဆိုင်တာပေါ့၊ ထားပါတော့ [illegible]၊ တပ်



www.burmeseclassic.com

www.burmeseclassic.com



အပ်တော့ မပြောနိုင်သေးဘူးပေါ့၊ မှားချင်လည်း မှားနိုင်ပါတယ်၊ ဒါပေမဲ့ ကျုပ် အမြင်မှာတော့ စဉ်းစားစရာကလေးတွေ ပေါ်နေတယ်ဗျ၊ ကဲ လာဗျ၊ ပါမောက္ခ ကြီးနှင့် မိတ်ဆက်ပေးစမ်းပါဦး'

ကျွန်ုပ်တို့သည် နောက်ဖေး ခြံဝင်းသို့ ထွက်သည့် ကြေလောက် ရှည် သည့် ဆောင်ကူး လမ်းကြားကလေးကို ဖြတ်လာခဲ့ကြရာ အဆုံးတွင် လှေကား လေး ငါးထစ်ခန့် ရှိသည့် အခန်း တံခါး တစ်ခု ရှေ့သို့ ရောက်သွားကြလေ၏။ ဟော့ပကင်းသည် တံခါးကို ခေါက်လိုက်ပြီးနောက် ကျွန်ုပ်တို့ကို အခန်းထဲသို့ ခေါ်သွားလေ၏။

အခန်းမှာ အတော် ကြီးသော အခန်းကြီး တစ်ခု ဖြစ်လျက် ဘေးနံရံတွင် စာအုပ် ဗီရိုကြီးများဖြင့် ပြည့်နှက်လျက် ရှိလေ၏။ အချို့ စာအုပ်များမှာ အခန်း ထောင့်တွင် ပုံလျက် ရှိပြီး အချို့မှာလည်း ဗီရိုကြီးများ ခြေရင်းတွင် အပုံလိုက် အပုံလိုက် ရှိနေလေ၏။ ခုတင်မှာ အခန်း အလယ်ကောင်တွင် ရှိပြီး ပါမောက္ခ ကြီးမှာ ခေါင်းအုံးများကို မှီ၍ ထိုင်လျက် ရှိလေ၏။ ကျွန်ုပ်သည် ထူးခြားသော အင်္ဂလိပ် ရှိသူ တော်တော်များများကို တွေ့ခဲ့ဖူးသော်လည်း ဤသို့ ထူးခြားသည့် အင်္ဂလိပ် ရှိသူမျိုးကိုမူ တွေ့ခဲလှပေ၏။ ကျွန်ုပ်တို့ဘက်သို့ လှည့်ကြည့်လိုက်သော မျက်နှာမှာ ရှည်လျား သေးသွယ်၍ လင်းယုန် မျက်နှာကဲ့သို့ မျက်နှာမျိုး ဖြစ်ပြီ၊ ထူထဲ၍ အောက်သို့ တွဲကျနေသော မျက်ခုံးမွေးများ အောက်တွင် ချိုင့်ဝင်လျက် ရှိသော မျက်ကွင်းများထဲမှ မျက်လုံးများမှာလည်း နက်မှောင် စူးရှလှပေ၏။ ဆံပင်နှင့် မုတ်ဆိတ်တို့မှာ ဆွတ်ဆွတ်ဖြူလျက် ရှိလေပြီ။ သို့ရာတွင် မုတ်ဆိတ် မွေးများမှာ ပါးစပ် အနီး တစ်ပိုက်တွင် ဝါထိန်လျက် ရှိလေ၏။ မုတ်ဆိတ်များ ကြားတွင် မီးရဲရဲနှင့် စီးကရက် တစ်လိပ်ကို မြင်လိုက်ရပြီးလျှင် တစ်ခန်းလုံးမှာ ဆေးလိပ်နံ့ဖြင့် မွှန်လျက် ရှိလေ၏။

ရှားလော့ဟုမ်းကို လက်ကမ်းပေးလိုက်သည့် အခါတွင် သူ့ လက်များ မှာလည်း နီကိုတင်း ဓာတ်ဖြင့် ဝါထိန်လျက် ရှိသည်ကို ကျွန်ုပ် သတိပြုလိုက်မိ ပေ၏။

ပါမောက္ခကြီးက အင်္ဂလိပ် စကားလုံးကို ရွေးချယ်ကာ အသံ ဝဲဝဲ ပြတ် ပြတ်ဖြင့်

'စုံထောက်ကြီး ဆေးလိပ် သောက်တယ်နော်၊ စီးကရက် သောက်ပါဦး၊ ဒီက မိတ်ဆွေကြီးကကော၊ သောက်တတ်ရင် သောက်ကြည့်ပါဗျ၊ အယ်လက် ဇန္ဒြိယမှာ ရှိတဲ့ ယောနိုက် စီးကရက် ကုမ္ပဏီကို ကျုပ်ဆေးစပ်နှင့် ကျုပ်





အလိပ် နိုင်းထားတာ၊ တစ်ခါ ပို့ရင် ကျုပ်ဆီကို အလိပ် တစ်ထောင် ပို့တယ်၊ ဆေးလိပ် သိပ်ကုန်တာပဲဗျာ၊ ဆယ့်ငါးရက် တစ်ခါလောက် မှာ မှာနေရတယ်၊ ဒီလောက် သောက်တာ ကောင်းတော့ မကောင်းဘူးပေါ့လေ၊ သို့သော်လည်း ကျုပ်တို့လို အဘိုးကြီးမှာ ဒီပြင် ပျော်စရာ ပါးစရာရယ်လို့ သိပ်မရှိတော့ဘူးလေ၊ ဆေးလိပ် သောက်တာနှင့် အလုပ် လုပ်တာပဲ ရှိတော့တယ်'

ရှားလော့ဟုမ်းသည် စီးကရက်ကို ဖွာရင်း အခန်း ပတ်ပတ်လည်ကို တစ် ချိန်လုံး ကြည့်လျက် ရှိလေ၏။ ပါမောက္ခကြီးက

'ကျုပ်မှာ ကျမ်းပြုတဲ့ အလုပ်နှင့် ဆေးလိပ် သောက်တဲ့ အလုပ်ပဲ ရှိတယ် ဗျ၊ ခုတော့ ဆေးလိပ်နှင့်ပဲ ဖြေဖျော်ရတော့မှာပေါ့လေ၊ သူငယ်ကလေး ခုလို ဖြစ်သွားတော့ အကုန် တို့လို့တန်းလန်း ကျန်ရစ်ခဲ့တယ်ဗျာ၊ အင်မတန် တော်တဲ့ သူငယ်ကလေးမှ ဒီလို လာဖြစ်ရပလေ၊ နောက် လေး ငါးလလောက်သာ လုပ် လိုက်ရင် တော်တော့ကို တော်တဲ့ သူငယ်ကလေး တစ်ယောက် ဖြစ်လာမှာဗျ၊ ဒီကိစ္စကို ဘယ်လို ထင်သလဲ စုံထောက်ကြီး'

'ကျွန်တော် ဘာကိုမှ မဆုံးဖြတ်ရသေးပါဘူး ခင်ဗျာ'

'ဒီအမှုကို ဖြေရှင်း ပေးနိုင်မယ် ဆိုရင်တော့ အတိုင်းထက် အလွန် ကျေးဇူး ကြီးပါပေတယ်ဗျာ၊ ကျုပ်လို စာအုပ်နှင့် ပျော်မွေ့ နေရတဲ့ နာတာရှည် လူမမာ တစ်ယောက် အဖို့တော့ ဒီလို ဖြစ်လိုက်တာဟာ ခြေကျိုး လက်ကျိုး ဖြစ်တာနှင့် အတူတူပဲဗျ၊ ကျုပ်တော့ ဘယ်လိုမှ မတွေးတတ်လောက်အောင် ဖြစ်နေပြီ၊ စုံ ထောက်ကြီးကတော့ လောကကြီး အကြောင်းလည်း သိ ကြံရည်ဖန်ရည်လည်း ရှိလေတော့ ရှင်းပေးနိုင်လိမ့်မယ် ထင်တာပဲ၊ ဒါမျိုးတွေ တွေ့ဖူးဖန် များတော့ စုံထောက်ကြီးတို့မှာ အတွေ့အကြုံတွေလည်း အများကြီး ရှိပါတယ်၊ ဘယ်အရာ မဆို နှိုင်းနှိုင်းချိန်ချိန် စဉ်းစားနိုင်ပါတယ်၊ ကျုပ်တို့ဘက်မှာ စုံထောက်ကြီးလို လူ လာပြီး ကူတယ် ဆိုတော့ တစ်အားပေါ့'

ပါမောက္ခကြီးက စကား ပြောဆိုလျက် ရှိစဉ် ရှားလော့ဟုမ်းသည် အခန်း ထဲတွင် ဟိုမှ သည်မှ ခေါက်တုံ့ ခေါက်ပြန် လျှောက်လျက် ရှိလေ၏။ ရှားလော့ ဟုမ်းမှာ စီးကရက်ကို တစ်လိပ်ပြီး တစ်လိပ် လျှင်မြန်စွာ သောက်လျက် ရှိသည် ကို ကျွန်ုပ် သတိပြုမိပေ၏။ ပါမောက္ခကြီးကဲ့သို့ပင် ရှားလော့ဟုမ်းသည်လည်း အယ်လက်ဇန္ဒြိယမှ ဆေးစပ်ကို ကြိုက်ပေသည်ဟု ထင်မိသေး၏။

ပါမောက္ခကြီးက

'အင်း အဖြစ်ကတော့ တော်တော့ကို ဆိုးတာပဲဗျာ၊ ဟောဟို [illegible]ကလေး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်က စာရွက်စာတမ်းတွေဟာ ကျုပ်ရဲ့ ရတနာတွေပဲဗျ။ ဆီးရီးယားနှင့် အီဂျစ်မှာ ရှိတဲ့ ရှေး ဘုန်းကြီးကျောင်းဟောင်းကြီးတွေက တွေ့တဲ့ ပေပုရပိုက်တွေကို လေ့လာပြီး ရေးထားတဲ့ စာတမ်းတွေပဲ၊ ကမ္ဘာမှာ ရှေးဟောင်း ခရစ်ယာန် သာသနာ ဘယ်တုန်းက ထွန်းကားလာတယ် ဆိုတာနှင့် ပတ်သက်လို့ ကျုပ် တော်တော် သုတေသန ပြုပြီး ရေးထားတာ၊ ခု ဒီသူငယ်ကလေး မရှိတော့ ကျုပ် ကျန်းမာရေးနှင့် ဆိုရင် ဒီစာတမ်းကို ပြီးအောင် ရေးမှ ရေးနိုင်ပါတော့မလား မသိဘူး၊ အလို စုံထောက်ကြီးရေ၊ ကျုပ် ဆေးလိပ် သောက်လှပြီ ဆိုတာ ခင်ဗျား ကို မမိသေးပါလား၊ ဆေးလိပ် တော်တော် သောက်တာကိုး'

ရှားလော့ဟုမ်းက ပြုံးလိုက်၏။ ထို့နောက် စတုတ္ထ ဆေးလိပ်ကို ယူ၍ စီးကရက်တိုမှ မီးကို ကူးညှိလိုက်ပြီးလျှင်

'ဟုတ်တယ် ခင်ဗျ၊ ကျွန်တော်ကလည်း စီးကရက် အကောင်းကြိုက် ရယ်၊ ဒါထက် အချင်း ဖြစ်ပွားတဲ့ အချိန်မှာ ပါမောက္ခကြီးက အိပ်ရာထဲမှာ ရှိနေလေတော့ ဒီအကြောင်းကို သိပ်သိမှာ မဟုတ်တဲ့ အတူတူ များများစားစား မမေးတော့ပါဘူး၊ တစ်ခုပဲ မေးပါတော့မယ်၊ သေခါနီးမှာ သေသူက ပါမောက္ခကြီး အဲဒီ မိန်းမပဲလို့ ပြောသွားတဲ့ စကားကို ပါမောက္ခကြီး ဘယ်လိုများ ထင်ပါသလဲ'

ပါမောက္ခ ကိုရမ်က ခေါင်းကို ယမ်းလိုက်၏။

'ဆူဇန် ဆိုတဲ့ ကောင်မလေးက တောသူပဲဗျာ၊ ဘာသိမှာလဲ၊ ပြောပြီ ပြောရာ ပြောတာ ဖြစ်မှာပေါ့၊ တောသူ ဆိုတာ ဘာမှ သိတာမှ မဟုတ်တာ ကလား၊ ကြည့်ရတာကတော့ သူငယ်ကလေးက သေခါနီးမှာ ကယောင်ကတမ်း ပြောမိပါလိမ့်မယ်၊ ဒါကို ကြားချင်ရာ ကြားပြီး မှတ်ချင်ရာ မှတ်ထား တာ နေမှာပေါ့'

'ဟုတ်ကဲ့ ခင်ဗျ၊ ဒါဖြင့် ခု လူသတ်မှု ဖြစ်တဲ့ ကိစ္စနှင့် ပတ်သက်လို့ ကော ပါမောက္ခကြီး ဘယ်လို ထင်ပါသလဲ'

'မတော်တဆ ဖြစ်တယ်ပဲ ထင်တာပဲ၊ အင်း ကိုယ့်အချင်းချင်းမို့ ရှင်း ရှင်း ပြောရမယ်ဗျာ၊ ကျုပ်အထင်တော့ ကိုယ့်ကိုယ်ကိုယ် သတ်သေတယ် ထင် တာပဲ၊ ခုခေတ် လူငယ် ဆိုတာကလည်း အခက်သားဗျ၊ မိန်းကလေး ကိစ္စလို ဘာတို့ စိတ်ညစ်စရာတွေ ရှိချင် ရှိမှာပေါ့၊ ကျုပ် အထင်ကတော့ လူသတ်မှု ထက် ကိုယ့်ကိုယ်ကိုယ် သတ်သေတာလို့ ထင်တာပဲဗျာ'

'ဒါဖြင့် မျက်မှန်ကကော ခင်ဗျာ'





'ဒါတော့ မပြောတတ်ဘူးဗျ၊ ကျုပ်က ကျုပ် စိတ်ကူးနှင့် ကျုပ် အေး အေးပဲ နေတတ်တဲ့လူ၊ ခုလို ရှုပ်ရှုပ်ယှက်ယှက်တွေကိုလည်း နားမလည်ဘူး၊ သို့သော်လည်း ခင်ဗျား သိတဲ့ အတိုင်း မိန်းမနှင့် ပတ်သက်တဲ့ စိတ်မျိုး ဆိုတာ တော်တော် ဆန်းသားပဲ၊ ကဲ စီးကရက် တစ်လိပ်လောက် သောက်ပါဦးလေ၊ ဒီလို စီးကရက်မျိုးကို ကြိုက်တယ် ဆိုတော့ ဝမ်းသာသဗျာ၊ အဲ ယောက်ျားပျိုကလေး တစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်တော့မယ် ဆိုတော့ ရည်းစားက ပေးတဲ့ လက်အိတ် အစ ယပ်တောင်ကလေး အစ မျက်မှန်ကလေး အစ ကိုယ် နှစ်သက်ရာ ပစ္စည်းကလေး ဘာလေး ယူချင် ယူလာမှာပေါ့၊ ဟောဒီက အင်စပက် တော်ကလေးကတော့ မြက်ခင်းပေါ်မှာ ခြေရာတွေ တွေ့တယ်လို့ ပြောတာပဲ၊ ဒါကတော့ဗျာ မြက်ခင်းပေါ်မှာ မြက်ပင်ကလေး တချို့တလေ လဲနေတာနှင့် လူ ခြေရာလို့ အပ်ကျမပ်ကျ ပြောဖို့ ခက်သားကပဲ၊ ချိပ် လှီးတဲ့ ဓားကလေးက သူ နှင့် တော်တော် ဝေးဝေးမှာ ရောက်နေတယ် ဆိုတာကလည်း လဲကျတုန်းမှာ လွင့်စဉ် ကျသွားချင် ကျသွားနိုင်တာပေါ့၊ အေးလေ၊ ကျုပ်က ဒါမျိုးမှာ အတွေ့ အကြုံ မရှိတော့ ဖြစ်တန် ကောင်းရဲ့ ဆိုပြီး စဉ်းစား ပြောရတာကိုး၊ ဒီတော့ ကလေး ပြောတဲ့ စကားမျိုးလည်း ဖြစ်ချင် ဖြစ်နေမှာပေါ့၊ သို့သော်လည်း ကျုပ် အထင်မှာတော့ စမစ် သေရတာဟာ ကိုယ့်ကိုယ်ကိုယ် သတ်သေတယ်လို့ ထင် တာပဲ'

ရှားလော့ဟုမ်းမှာ ပါမောက္ခကြီး၏ ထင်မြင်ချက်ကို နား ထောင် ကာ အံ့အား သင့်နေဟန် ရှိလေ၏။ ထို့နောက် အတန်ကြာမျှ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက် ရှိရာမှ တစ်စုံတစ်ရာကို လေးနက်စွာ တွေးလျက် ရှိရင်း စီးကရက်ကို တစ်လိပ်ပြီး တစ်လိပ် အဆက်မပြတ် ဖွာလျက် ရှိလေ၏။

နောက်ဆုံးတွင် ရှားလော့ဟုမ်းက 'ဗီရို အလယ် အံထဲမှာ ဘာတွေ ရှိ သလဲ ဆရာကြီး' ဟု ကောက်ကာ ငင်ကာ မေးလိုက်၏။

'သူခိုး ခိုးချင်လောက်စရာ ပစ္စည်း မရှိပါဘူးဗျာ၊ ကျုပ် အိမ်တွင်းရေး နှင့် ပတ်သက်တဲ့ စာရွက်တွေပါ၊ ကျုပ် မိန်းမဆီက စာတွေရယ်၊ ကျုပ်ကို ဘွဲ့ ပေးလိုက်တဲ့ တက္ကသိုလ်တွေက လက်မှတ်တွေရယ်၊ ဒါလောက်ပဲ ရှိတာပါ၊ ဟော ဒီမှာ သော့၊ ကြည့်ချင်တယ် ဆိုရင် စုံထောက်ကြီး ကိုယ်တိုင် ကြည့်ပေတော့'


ရှားလော့ဟုမ်းက သော့ကို ကောက်ယူပြီးလျှင် ခဏမျှ ကြည့်လိုက်၏။ ထို့နောက် သော့ကို ပြန်ပေးလိုက်ပြီး

'တော်ပါပြီ ခင်ဗျာ၊ ကြည့်လို့လည်း သိပ် ထူးမထင်ပါဘူး၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ရှားလော့ဟုမ်းက သော့ကို ကောက်ယူပြီးလျှင် ခဏမျှ ကြည့်လိုက်၏။

ခြံထဲ ဆင်း ခဏ လျှောက်ပြီး စဉ်းစားလိုက်ဦးမယ်၊ ကိုယ့်ကိုယ်ကိုယ် သတ်သေတာ ဖြစ်နိုင်တယ်လို့ ပြောလိုက်တဲ့ စကားထဲမှာ စဉ်းစားစရာကလေးတွေ ပါနေတယ် ခင်ဗျ၊ ခုလို လာပြီး အနှောင့်အယှက် ပေးရတဲ့ အတွက် ဝမ်းနည်းပါတယ် ခင်ဗျာ၊ နေ့လယ်စာ စားပြီးချိန်လောက်မှ ကျွန်တော်တို့ လာပါတော့မယ်၊ အေးအေးဆေးဆေးသာ နေပါ၊ နာရီပြန် နှစ်ချက်ထိုးလောက် ဆိုရင်တော့ ဒီ အတောအတွင်းမှာ ဘာတွေ ဖြစ်သလဲ ဆိုတာ ကျွန်တော်တို့ လာပြောပါ့မယ်'

ရှားလော့ဟုမ်းကို ကြည့်ရသည်မှာ တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားနေသကဲ့သို့ ရှိပေ၏။ ကျွန်ုပ်တို့သည် ခြံထဲတွင် အတန်ကြာမျှ တိတ်ဆိတ်စွာ လမ်းလျှောက်နေကြလေ၏။





နောက်ဆုံးတွင် ကျွန်ုပ်မှာ မနေနိုင်တော့သဖြင့် 'သဲလွန်စကလေး ဘာလေးများ ရပလားဗျ' ဟု မေးလိုက်သည်တွင် ရှားလော့ဟုမ်းက

'အဲဒါက ကျူပ် သောက်ခဲ့တဲ့ စီးကရက်တွေပေါ်မှာ တည်တယ်ဗျ၊ ကျူပ် တော်တော် ရေလိုက် လွဲသွားတယ်ဗျာ၊ အေးလေ၊ စီးကရက်တွေက သက်သေခံ လိမ့်မယ် ထင်ပါရဲ့'

'ဗျို့ ဟုမ်း၊ ဘာဆိုင်လို့လဲဗျ'

'ဆိုင် မဆိုင် ကြည့်ပေါ့ဗျာ၊ မဆိုင်ဘူး ဆိုရင်တော့ ဘာမှ ကိစ္စ မရှိပါဘူး၊ မျက်မှန်ဆိုင်ကိုပဲ လိုက်ရတော့မှာပေါ့၊ သို့သော်လည်း အစကလေး တွေ့လို့ ဖြတ်လမ်းကများ ရောက်မလားလို့ လိုက်ကြည့်နေတာပါ၊ ဟောဟိုမှာ အိမ်ထောင်ထိန်း အဘွားကြီး မစ္စက် မာကာ မဟုတ်လား၊ လာဗျ၊ သတင်းလေး ဘာလေး ထူးလိုထူးငြား သူနှင့် ငါးမိနစ်လောက် စကား ပြောကြည့်ရအောင်'

ရှားလော့ဟုမ်းသည် စိတ်လိုလက်ရ ရှိသည့် အခါမျိုးတွင် မိန်းမတွေ သဘောကျအောင် ရောရောနှောနှော နေတတ်ရုံမျှမက သူတို့ အတွင်းရေးများကို ဖွင့်ပြောရလောက်အောင် ရင်းရင်းနှီးနှီး နေတတ်ကြောင်းကို ကျွန်ုပ် တစ်ခါက ဖော်ပြခဲ့ဖူးလေပြီ။

ရှားလော့ဟုမ်းသည် တစ်မိနစ် နှစ်မိနစ် အတွင်းတွင် အိမ်ထောင်ထိန်း ဗိန်းမကြီးနှင့် ရင်းနှီးသွားကာ ငယ်ပေါင်းကြီးဖော်များပမာ စကား ပြောဆိုလျက် ရှိလေ၏။

'ဟုတ်ပါတယ် စုံထောက်ကြီးရယ်၊ စုံထောက်ကြီး ပြောတဲ့ အတိုင်းပါပဲ၊ ဆရာကြီးက သိပ်ပြီး ဆေးလိပ် သောက်တာရှင့်၊ တစ်ခါတလေဆို တစ်နေ့လုံး တစ်ညလုံးတောင် သောက်တာ၊ မနက် လင်းရင် သူ့ အခန်းမှာ မီးခိုးတွေ တထောင်းထောင်းနှင့် နေတာပဲ၊ စုံထောက်ကြီးတို့ လန်ဒန်သား စကားနှင့် ပြောရရင် လန်ဒန် နှင်းမှောင်ကြီး ကျသလို နေမှာပေါ့၊ အဲ သေတဲ့ သူငယ်ကလေးလည်း ဆေးလိပ် အလွန် သောက်ပဲ၊ ဆရာ တပည့် နှစ်ယောက်ကတော့ လိုက်လည်း လိုက်ပါပေရဲ့၊ ဆရာကြီးရဲ့ ကျန်းမာရေးက အဲဒီကျတော့လည်း တစ်မျိုးပဲ စုံထောက်ကြီးရေ၊ ဆေးလိပ် သောက်လို့ သူ့ ကျန်းမာရေးက ပိုပြီး ဆိုးတော့ ဟလာဘူး'

'ဟုတ်လား၊ ဒါပေမဲ့ ဆေးလိပ် ဒီလောက် သောက်တော့ ခံတွင်းတော့ ပျက်တာပေါ့ဗျာ'

'ဟုတ်လား၊ ဒါတော့ ကျွန်မလည်း မပြောတတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဒီလောက် ဆေးလိပ် သောက်ရင် ပါမောက္ခကြီး ဘယ်မှာ အစားအသောက် ကောင်းကောင်း စားနိုင်ပါတော့မလဲ'

'အမယ်လေး ဒါတော့ မဟုတ်ပေါင်ရှင်၊ စားလိုက်သမှ'

'မစားနိုင်စေရဘူးဗျာ၊ လောင်းမလား၊ ခုမနက် ဆိုရင် မနက်စာလည်း စားမှာ မဟုတ်ဘူး၊ ဒီလောက် ဆေးလိပ် သောက်နေရင် နေ့လယ်စာတောင် စားမှာ မဟုတ်တော့ဘူး၊ ကျွန်တော်တို့ ရောက်မှကို နည်းတော့တာမှ မဟုတ်ဘဲ၊ တစ်လိပ်ပြီး တစ်လိပ် သောက်နေတာ'

'ဒီလိုဆိုရင် စုံထောက်ကြီး မှားသွားပြီရှင့်၊ ဒီနေ့ မနက်မှာ စားလိုက်တာရှင်၊ ကြောက်တောင် ကြောက်စရာ ကောင်းတယ်၊ ဒီလောက် များများ စားတာ တစ်ခါမှ မတွေ့ဖူးဘူး၊ နေ့လယ်စာ အတွက်လည်း အာလူး ကက်တလိပ် လုပ်ပါဦးလို့ မှာထားလို့ လုပ်ပေးရသေးတယ်ရှင့်၊ ကျွန်မတော့ ဟိုနေ့က သူငယ် ကလေး အလောင်းကို တွေ့ပြီးကတည်းက ဘာ စားချင်စိတ်မှ မရှိတော့ဘူး။ အေးလေ လောကကြီးမှာ လူ အမျိုးမျိုးပေါ့၊ ဆရာကြီးကတော့ ဒီကိစ္စ ဖြစ်ပေမဲ့ အစားအသောက် နည်းနည်းမှ မပျက်ဘူးရှင့်'

ကျွန်ုပ်တို့သည် ခြံထဲတွင် တစ်မနက်လုံး လမ်းလျှောက်ရင်း အချိန် ကုန်ခဲ့လေ၏။ အင်စပက်တော် ဟော့ပကင်းမှာ ယမန်နေ့ မနက်က ချာသမ် ပေတစ်ရာပေါ်တွင် လူစိမ်း အမျိုးသမီး တစ်ယောက်ကို ကလေးများ တွေ့လိုက် သည်ဟု ကြားရသဖြင့် ရွာထဲသို့ စုံစမ်းရန် ထွက်သွားလေ၏။ မိတ်ဆွေကြီး ရှားလော့ဟုမ်းမှာကား ခါတိုင်းကဲ့သို့ သွက်သွက်လက်လက် မရှိလှဘဲ လေးကန် နေသည်ကို ကျွန်ုပ် သတိပြုမိ၏။ အမှု တစ်ခုကို ကိုင်ရာတွင် ဤသို့ စိတ် မပါ တပါ ကိုင်တွယ်ပုံမျိုးကို ကျွန်ုပ် တစ်ခါမျှ မတွေ့ဖူးသေးချေ။ ဟော့ပကင်း ပြန် လာပြီးနောက် ကလေးများကို မေးမြန်း စုံစမ်းခဲ့ကြောင်း၊ သူတို့ တွေ့လိုက်သည့် အမျိုးသမီးမှာ ရှားလော့ဟုမ်း ပြောသည့် အမျိုးသမီးနှင့် တထေရာတည်း ဖြစ် ကြောင်းနှင့် ထိုအမျိုးသမီးမှာ မျက်မှန် သို့မဟုတ် မျက်စိကာ တပ်ထားသည်ကို မြင်လိုက်ကြောင်းဖြင့် ပြောပြသည့်တိုင် ရှားလော့ဟုမ်းမှာ စိတ်ပါ ဝင်စားဟန် မရှိဘဲ နေးကွေးလျက် ရှိလေ၏။

ကျွန်ုပ်တို့ နေ့လယ်စာ စားနေစဉ် အိမ်စေ အမျိုးသမီး ဆူဇန်က မယမ့ မနက်က သေသူ မစ္စတာ စမစ်သည် လမ်းလျှောက် ထွက်သွားသေးကြောင်း၊ လမ်းလျှောက်ရာမှ အပြန် နာရီဝက်ခန့် အကြာတွင် ယခုကဲ့သို့ ဖြစ်ရခြင်း ဖြစ် ကြောင်းဖြင့် စကား စပ်မိ၍ ပြောသည့် အခါကျမှသာလျှင် ရှားလော့ဟုမ်းမှာ





အနည်းငယ် သွက်သွက်လက်လက် ပြန်ဖြစ်လာခဲ့လေ၏။ ဤအဖြစ်အပျက်သည် အမှုနှင့် ပတ်သက်၍ မည်မျှ အရေးကြီးသည် မကြီးသည်ကို ကျွန်ုပ် မသိသော် လည်း ရှားလော့ဟုမ်းသည် သူ့ ခေါင်းထဲတွင် ဆက်စပ်ကြည့်လျက် ရှိသည့် ကွင်းဆက်ကြီးထဲ၌ ထိုအချက်ကို ကွင်းဆက် တစ်ခု အနေဖြင့် ထည့်သွင်း ဆက်စပ်နေဟန် ရှိသည်ဟု ကျွန်ုပ် ယူဆလိုက်၏။

ထိုသို့ ရှိစဉ် ရှားလော့ဟုမ်းသည် ရုတ်တရက် ထိုင်ရာမှ ထကာ နာရီ ကို ကြည့်လိုက်၍ 'အလို နှစ်နာရီ ထိုးပြီ ဆရာတို့၊ အပေါ် တက်ပြီး ပါမောက္ခ ကြီးနှင့် စကားလေး ဘာလေး ပြောလိုက်ကြဦးစို့' ဟု ပြောလေ၏။

ကျွန်ုပ်တို့ ရောက်သွားသည့် အချိန်တွင် ပါမောက္ခကြီးမှာ နေ့လယ်စာ စားပြီးစ ဖြစ်ပြီး အိမ်ထောင်ထိန်း မိန်းမကြီး ပြောသည့် အတိုင်း သူ့ ပန်းကန် မှာ ပြောင်လျက် ရှိလေ၏။ ဖြူဖွေးသော ဆံပင်များနှင့် ကျွန်ုပ်တို့အား စိုက် ကြည့်နေလျက် ရှိသည့် စူးရှ တောက်ပြောင်သော မျက်လုံးများကို ကြည့်လိုက် လျှင် ပါမောက္ခကြီးမှာ လူထူးလူဆန်းကြီး တစ်ယောက်နှင့် တူလျက် ရှိလေ၏။ ပါးစပ်တွင်လည်း စီးကရက်ကို ခဲထားလျက် ရှိလေ၏။

ကျွန်ုပ်တို့ ရောက်သွားသည့် အချိန်တွင် ပါမောက္ခကြီးမှာ အဝတ်အစား လဲ၍ မီးဖို အနီးတွင် ကုလားထိုင် တစ်လုံးဖြင့် ထိုင်လျက် ရှိလေ၏။

'ဘယ်လိုလဲ စုံထောက်ကြီး၊ အဖြေ ပေါ်ပြီလား' ဟု ဆိုကာ စီးကရက် သံဘူးကို ရှားလော့ဟုမ်းဘက်သို့ လှမ်းပေးလိုက်သဖြင့် ရှားလော့ဟုမ်းက စီး ကရက်ဘူးကို လှမ်းယူလိုက်ရာ စီးကရက်ဘူးကို မကိုင်မိဘဲ လွတ်ကျသွားလေ ၏။

ကျွန်ုပ်တို့ နှစ်ယောက်မှာ ကြမ်းပေါ်တွင် ပြန့်ကျဲနေသည့် စီးကရက်များ ကို လိုက်ကောက် နေကြရလေ၏။ စီးကရက်များကို ဘူးထဲသို့ ပြန်ထည့်ပြီး သည့် အခါ၌ ရှားလော့ဟုမ်း၏ မျက်လုံးများမှာ တောက်ပ ပြောင်လက်လျက် ရှိ သည်ကို ကျွန်ုပ် သတိ ထားလိုက်မိလေ၏။ သူ့ပါးတွင်လည်း သွေးရောင် လျှမ်း နေသည်ကို ကျွန်ုပ် သတိ ပြုလိုက်မိပေ၏။ တကယ့် အရေးကြီးသည့် အချိန်များ တွင် ရှားလော့ဟုမ်း၌ အလားတူ လက္ခဏာမျိုး ပေါ်ပေါက်တတ်သည်ကို ကျွန်ုပ် ကောင်းကောင်း သိပေ၏။

'ဟုတ်ကဲ့၊ အဖြေကတော့ ပေါ်ပါပြီ ခင်ဗျာ'

အင်စပက်တော် ဟော့ပကင်းနှင့် ကျွန်ုပ်တို့သည် တအံ့တသြဖြင့် ရှား လော့ဟုမ်းကို ဆတ်ခနဲ လှမ်းကြည့်လိုက်မိကြလေ၏။ ပါမောက္ခ အဘိုးကြီး၏



www.burmeseclassic.com

www.burmeseclassic.com



ပိန်ချုံးသော မျက်နှာပေါ်တွင် လှောင်ပြောင် သရော်ဟန်မျိုးကို ကျွန်ုပ်တို့ ပြ လိုက်ကြရ၏။

'ဟုတ်လား၊ ဘယ်မှ တွေ့ခဲ့သလဲဗျ၊ ခြံထဲမှာလား'

'မဟုတ်ဘူး ခင်ဗျ၊ ဒီအခန်းထဲမှာ'

'ဒီအခန်းထဲမှာ ဟုတ်စ၊ ဘယ်တုန်းက တွေ့တာလဲ'

'ခုလေးတွင်ပဲ ခင်ဗျ'

'စုံထောက်ကြီး မနှောက်ပါနှင့်၊ ဒီကိစ္စဟာ တော်တော် အရေးကြီးတဲ့ ကိစ္စဗျ၊ နောက်စရာ မဟုတ်ဘူး'

'ပါမောက္ခကြီး ခင်ဗျာ၊ ကျွန်တော့် ကွင်းဆက်ကို ကျွန်တော့် ဘာသာ ကျွန်တော် ဆက်လို့ ပြီးပါပြီ၊ ဒီကွင်းဆက်ဟာ ခိုင်တယ်လို့လည်း ကျွန်တော် ထင်ပါတယ်၊ ဒီကိစ္စမှာ ပါမောက္ခကြီးရဲ့ ရည်ရွယ်ချက်ဟာ ဘာလဲ၊ ဘယ် အတိုင်း အတာထိ ပါခဲ့သလဲ ဆိုတာကိုတော့ ကျွန်တော် မပြောနိုင်သေးဘူးပေါ့၊ ခဏ ကြာရင်တော့ ပါမောက္ခကြီး ကိုယ်တိုင်က ဖွင့်ပြောတာကို ကျွန်တော်တို့ ကြားရ တော့မှာပါ၊ ခုလောလောဆယ်မှာတော့ ပါမောက္ခကြီး သိအောင် ပြီးခဲ့တဲ့ အဖြစ် အပျက် အတိုချုပ်ကို ကျွန်တော်ကပဲ ပြောပြပါမယ်၊ ကျန်တဲ့ အပိုင်းကတော့ ပါမောက္ခကြီးက ပြောပေါ့။

'မနေ့တုန်းက ပါမောက္ခကြီးရဲ့ စာကြည့်ခန်းထဲကို အမျိုးသမီး တစ် ယောက် ရောက်လာတယ် ခင်ဗျ၊ လာတဲ့ ကိစ္စကတော့ ပါမောက္ခကြီးရဲ့ ဗီရို ထဲမှာ သိမ်းထားတဲ့ စာရွက်စာတမ်း တချို့ကို ယူဖို့ လာတာပဲ၊ သူ့မှာ ဒီဗီရိုကို ဖွင့်ဖို့ သော့ တစ်ချောင်း ပါလာတယ် ခင်ဗျ၊ ပါမောက္ခကြီးရဲ့ သော့ကို ကျွန်တော် ကောက်ကြည့်လိုက်တော့ အဲဒီ သော့ပေါ်မှာ တစ်စုံတစ်ရာ ပွန်းရာပဲ့ရာကို မတွေ့ ရဘူး ခင်ဗျ၊ ဒါကြောင့်မို့ ပါမောက္ခကြီးဟာ ကြံရာပါတော့ မဟုတ်ဘူး၊ ကျွန်တော် သိသလောက် ပြောရရင် အမျိုးသမီးဟာ ပါမောက္ခကြီးဆီက စာရွက် စာတမ်း တွေကို လုယူဖို့ လာတာပဲ ခင်ဗျ'

ပါမောက္ခ ကိုရမ်က ပါးစပ်မှ မီးခိုးများကို မှုတ်လိုက်၏။

'တော်တော်တော့ စိတ်ဝင်စားစရာ ကောင်းတယ်ဗျို့၊ ဒါပဲလား၊ ပြီးတော့ ကော၊ ဒီအမျိုးသမီးကို ဒီလောက် အထိ ခြေရာ ခံနိုင်ပြီ ဆိုတော့ ခု ဒီအမျိုးသမီး ဘယ်ရောက်သွားသလဲဗျာ'

'ဟုတ်ကဲ့၊ ကျွန်တော် ခြေရာ ခံကြည့်ဖို့ ကြိုးစား ကြည့်ပါမယ်လေ၊ ဒီ တော့ စာကြည့်ခန်းထဲ ရောက်တော့ ဆရာကြီးရဲ့ တပည့် ဖြစ်တဲ့ သေသူ စမစ်





နှင့် သွားတွေ့တယ် ခင်ဗျ၊ ဒီတွင် စမစ်က သူ့ကို ဝင်ဖမ်းတော့ စမစ်ကို ဓားနှင့် ထိုးလိုက်တယ်၊ အမှန်က အမျိုးသမီးဟာ မူလတုန်းက သူ့ကို ဒီလောက် ကြီးကြီး ကျယ်ကျယ် ဒဏ်ရာ ရအောင် လုပ်ဖို့ ရည်ရွယ်တဲ့ လက္ခဏာတွေကို မတွေ့ရတဲ့ အတွက် ခုလို ဖြစ်သွားရတာဟာ မတော်တဆ ဖြစ်သွားရတာပဲလို့ ကျွန်တော် ထင်တယ် ခင်ဗျ၊ လူသတ်ချင်လို့ ရှိရင် လက်နက် မပါဘဲ ဘယ်လာမလဲ ခင်ဗျာ၊ ဓားနှင့် ကောက်ထိုးလိုက်မိလို့ လဲကျသွားတော့ အမျိုးသမီးလည်း လန့်ဖျပ်ပြီး အခန်းထဲက ကသောကမျော ထွက်ပြေးတယ် ခင်ဗျ၊ သို့သော်လည်း သူငယ် ကလေးနှင့် ရုန်းရင်းဆန်ခတ် ဖြစ်တုန်းမှာ မျက်မှန် ပြုတ်ကျ ကျန်နေရစ်ခဲ့တယ် ခင်ဗျ၊ အမျိုးသမီးက မျက်စိ တော်တော် မွဲလေတော့ မျက်မှန် မပါရင် သူ့မှာ တော်တော်လေး ဒုက္ခ ရောက်တယ် ခင်ဗျ၊ ဒီတော့ သူ ဝင်လာတဲ့ စကြံဘက်ကို ပြန်ပြေးတယ်၊ ဒါပေမဲ့ စကြံ နှစ်ခုစလုံးက အုန်းဆံ ကော်ဇော ခင်းထားလေတော့ စကြံ မှားပြေးပြီး လာခဲ့တယ် ခင်ဗျ၊ မှားမှန်း သိလို့ ပြန်ထွက်မယ် လုပ်တော့ ထွက်လို့ မရတော့ဘူး၊ စာကြည့်ခန်းတို့ ဘယ်တို့မှာ လူတွေ ရောက်ကုန်ကြပြီ၊ ဒီတော့ သူ ဘာလုပ်သလဲ၊ နောက်ပြန် ဆုတ်လို့ မရတော့ဘူး၊ စကြံမှာလည်း ရပ်နေလို့ မဖြစ်တော့ဘူး၊ ဘာပဲဖြစ်ဖြစ် ဆိုပြီး ရှေ့ဆက် ပြေးလာခဲ့တယ် ခင်ဗျ၊ လှေကားထစ်တွေကို တက် လာ ပြီး တံခါးကို ဖွင့်လိုက်တော့ ပါမောက္ခကြီးရဲ့ အခန်း ဖြစ်နေတယ် ခင်ဗျ၊ ဒီလိုနှင့် သူဟာ ပါမောက္ခကြီးရဲ့ အခန်းထဲကို ရောက် သွားတယ်'

ပါမောက္ခကြီးသည် ပါးစပ် အဟောင်းသား၊ မျက်လုံး အပြူးသားဖြင့် ရှားလော့ဟုမ်းကို ငေးကြည့်လျက် ရှိလေ၏။ သူ၏ မျက်နှာပေါ်တွင် အံ့သြခြင်း၊ ထိတ်လန့်ခြင်းတို့သည် အထင်းသား ပေါ်လာခဲ့ကြလေပြီ။

'တွေးပုံကတော့ မဆိုးလှပါဘူး ခင်ဗျာ၊ သို့သော်လည်း ခင်ဗျား တွေး လုံးထဲမှာ ချွတ်ယွင်းချက်ကလေး ရှိနေတယ်ဗျ၊ အခန်းထဲမှာ ကျုပ် တစ်ချိန်လုံး ရှိနေတာပဲ၊ ကျုပ် ဘယ်ဆို ဘယ်မှ ထွက်တာ မဟုတ်ဘူး'

'ကျွန်တော် သိပါတယ် ပါမောက္ခကြီး'

'ဒါဖြင့် ကျုပ်က အိပ်ရာပေါ်မှာ ရှိနေပါလျက်နှင့် အခန်းထဲ ဒီမိန်းမ ဝင် လာတာကို မသိလိုက်ဘူးလို့ ဆိုလိုချင်သပေါ့'

'ပါမောက္ခကြီး မသိလိုက်ဘူးလို့ မဆိုလိုပါဘူး၊ ပါမောက္ခကြီး သိလိုက် ပါတယ်၊ ပါမောက္ခကြီးနှင့် စကားတောင် ပြောပါသေးတယ်၊ သူ့ကို ပါမောက္ခ ကြီး မှတ်မိပါတယ်၊ သူ လွတ်သွားအောင် ပါမောက္ခကြီးကပဲ ကူညီလိုက်တာပါ'



www.burmeseclassic.com

www.burmeseclassic.com



ပါမောက္ခကြီးသည် အသံစူးစူးဖြင့် ရယ်လိုက်ပြီးနောက် ထိုင်ရာမှ ထ လိုက်လေ၏။ သူ့ မျက်လုံးများမှာ မီးကဲ့သို့ ဝင်းဝင်း တောက်လျက် ရှိပေ၏။

'ခင်ဗျား ရူးနေသလား၊ လူကောင်းလို စကား မပြောဘူး၊ အရူးလို စကား ပြောတယ်၊ ဒါဖြင့် ခု သူ ဘယ်မှာလဲ'

'ဟောဒီမှာပါ' ဟု ဆိုကာ ရှားလော့ဟုမ်းသည် အခန်းထောင့်ရှိ စာအုပ် ဗီရို မြင့်မြင့်ကြီး တစ်လုံးကို ညွှန်ပြလေ၏။

အဘိုးကြီး၏ လက်နှစ်ဖက်သည် အထက်သို့ မြှောက်သွားကာ သူ၏ မည်း မှောင် လျက် ရှိသော မျက်နှာသည် သွက်ချာပါဒ လိုက်သကဲ့သို့ ရှုံ့ သွားသည်ကို မြင်လိုက်ရပြီးနောက် ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်လေ ၏။ ထိုခဏ၌ ရှားလော့ဟုမ်း ညွှန်ပြ လိုက်သည့် ဗီရိုကြီးသည် ဆုံလည်ကြိုး တစ်ခုပေါ်တွင် လည်သွားပြီးနောက် မိန်းမ တစ်ယောက်သည် အခန်းထဲသို့ ပြေးဝင်လာလေ၏။ ထိုအမျိုးသမီးမှာ ပုန်းအောင်းနေရာမှ ထွက်လာသည့် အတွက် တစ်ကိုယ်လုံး ဖုန်ထွေ ပေ ကူမျှင်တွေ အလိမ်းလိမ်း ဖြစ်လျက် ရှိပြီး မျက်နှာတွင်လည်း ညစ်ပတ် ပေ ကျံလျက် ရှိလေ၏။ သို့ ပေကျံခြင်း မရှိသည့်တိုင်အောင်လည်း အမျိုးသမီး မှာ ရှားလော့ဟုမ်း တွေးထားသည့် ရုပ်လက္ခဏာ အတိုင်း ဖြစ်နေသည့် အတွက် လှသည်ဟု ဆိုနိုင်ဖွယ် မရှိ ချေ။ ထိုမျှမက မေးမှာ ချွန်းရှည် ဟန် ကြီးသည့် အသွင် ပေါ်လျက် ရှိ ပေသေး၏။ အမျိုးသမီးသည် မျက်စိ မှုံသည့် အတွက်ကြောင့် တစ်ကြောင်း မှောင်ထဲမှ အလင်းထဲသို့ ထွက်လာ သည့် အတွက် တစ်ကြောင်း ကျွန်ုပ်



မိန်းမ တစ်ယောက်သည် အခန်းထဲသို့ ပြေးဝင်လာလေ၏။





တို့အား မည်သူမည်ဝါဟု ခွဲခြားနိုင်ခြင်း မရှိသေးဘဲ မျက်တောင်ကို ပုတ်ခတ် ပုတ်ခတ် လုပ်ကာ ယောင်တိ ယောင်ကန်းဖြင့် ရပ်နေလေ၏။ သို့တိုင်အောင် အမျိုးသမီးမှာ စိတ်ထား မြင့်မြတ်ဟန် ရှိပြီး မော့ထားသော ခေါင်းနှင့် ချွန်ထွက် နေသော မေးတို့သည် ရဲရင့်သည့် အသွင်ကို ဆောင်လျက် ရှိရကား လေးစား ကြည်ညိုထိုက်သော လက္ခဏာမျိုးကို ဆောင်လျက် ရှိလေ၏။ အင်စပက်တော် စတာန်လေ ဟော့ပကင်းက အမျိုးသမီး၏ လက်မောင်းကို သွားကိုင်ကာ တရားခံ အဖြစ် ဖမ်းဆီးမည်ဟု ပြောဆိုသည်တွင် အမျိုးသမီးသည် ဟော့ပကင်းကို အသာ အယာ တွန်းဖယ်လိုက်လေရာ သူ၏ အမူအရာမှာ ခံ့ညားသလောက် တစ်ဖက် သား အပေါ် အာဏာစက် စူးရှသည့် အသွင်မျိုးကို တွေ့ရပေ၏။

ပါမောက္ခကြီးကား ကုလားထိုင် နောက်ကို မှီ၍ ထိုင်လိုက်လျက် မျက် နှာမှာ အသားစိုင်များ တလှုပ်လှုပ် ဖြစ်နေရင်းက အမျိုးသမီးကို ကြည့်လျက် ရှိလေ၏။

'ဟုတ်တယ်၊ ကျွန်မကို ရှင်တို့ ဖမ်းနိုင်တယ်၊ ကျွန်မက ရှင်တို့ တရား ခံကိုး၊ ကျွန်မ ပုန်းနေတဲ့ နေရာက နေပြီး ရှင်တို့ ပြောတာတွေ အားလုံးကို ကြားလိုက်တော့ ရှင်တို့ အကုန် သိပြီးပြီ ဆိုတာ ကျွန်မ သိလိုက်တယ်၊ ကျွန်မ ဝန်ခံပါတယ်၊ သူငယ်ကလေးကို ကျွန်မ သတ်လိုက်မိတယ်၊ ဒါပေမဲ့ စုံထောက် ကြီး ပြောသလို မတော်တဆ သတ်လိုက်မိတယ် ဆိုတာ အမှန်ပါပဲ၊ သတ်လို့ သာ သတ်လိုက်မိတယ်၊ ကျွန်မ ကောက်ဆွဲလိုက်လို့ လက်ထဲ ပါလာတဲ့ အရာ ဟာ ဓားလား ဘာလား ဆိုတာတောင် ကျွန်မ မသိလိုက်ဘူး၊ သူ့လက်က လွတ် ချင်ဇောနှင့် စားပွဲပေါ်မှာ တွေ့တဲ့ ပစ္စည်းနှင့် ထိုးလိုက်မိတာပဲ၊ ကျွန်မ ပြောတာ ဟာ အမှန်ပါပဲ'

'အစ်မကြီး ခင်ဗျာ အစ်မကြီး ပြောတာ မှန်ပါတယ်၊ အစ်မကြီးကို ကြည့် ရတာ ကောင်းကောင်း နေမကောင်းဘူး ထင်တယ်'

အမျိုးသမီး၏ မျက်နှာမှာ ကြောက်စရာကောင်းလောက်အောင် ဖြူရော် လျက် ရှိလေပြီ။ မျက်နှာတွင် ပေရေနေသည့် အမည်းကြောင်းများ အောက်တွင် သူ့ မျက်နှာသည် ပို၍ ဖြူရော်နေသည် ထင်ရ၏။

အမျိုးသမီးသည် အိပ်ရာပေါ်တွင် ထိုင်လိုက်ကာ စကားကို ဆက်ပြော လေ၏။

'ကျွန်မ ဒီမှာ ကြာကြာ နေရတော့မှာ မဟုတ်ပါဘူး၊ ဒီတော့ ကျွန်မ ရှိတဲ့ အချိန်ကလေး အတွင်းမှာ ရှင်တို့ သိအောင် အမှန်ကို ပြောခဲ့ပါ့မယ်၊ ကျွန်မဟာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ ဇနီးပါ၊ သူကလည်း အင်္ဂလိပ် လူမျိုး မဟုတ်ပါဘူး၊ ရုရှား လူမျိုးပါ၊ သူ့ အမည်ကိုတော့ ကျွန်မ မပြောပါရစေနှင့်တော့'

ပါမောက္ခကြီးသည် ပထမဆုံး အကြိမ် လှုပ်လှုပ်ရှားရှား ဖြစ်လာကာ 'အင်နာ၊ မင်း ဘာတွေ ပြောနေတာလဲ၊ သတိထားပါ' ဟု ပြောလေ၏။

အမျိုးသမီးက ပါမောက္ခကြီးကို စက်ဆုပ် ရွံရှာစွာ စိုက်ကြည့်လိုက်ရင်း 'ရှင် ဘာဖြစ်လို့ ဒီလောက် သတ္တိ ကြောင်ရတာလဲဟင်၊ ဘာဖြစ်လို့ ဒီ လောက် စိတ်ဆင်းရဲခံပြီး နေရတာလဲ၊ ဒီလို နေတဲ့ အတွက် ရှင့်မှာလည်း အကျိုး မရှိပါဘူး၊ ဒီပြင်လူမှာလည်း ဘာ အကျိုးမှ မရှိဘူး၊ ဒါပေမဲ့ ဒီကိစ္စကို ကျွန်မ လုပ်တာ မဟုတ်ဘူး၊ ရှင် လုပ်လို့ ဖြစ်ခဲ့ရတာ၊ တကယ်တော့ ကျွန်မ ရှင့် အိမ် ထဲကိုတောင် ဝင်ချင်တာ မဟုတ်ဘူး၊ ရှင့်အိမ်ကို ဝင်ရတာ ကျက်သရေ ယုတ် လွန်းလို့ သိလား၊ ဒါပေမဲ့ ကျွန်မ အနေနှင့် ပြောစရာ ရှိတာတွေကို ကုန်အောင် ပြောခဲ့ရဦးမယ်။

'သူဟာ ကျွန်မ ယောကျ်ား ဆိုတာ လူကြီးမင်းတို့ကို ပြောခဲ့ပါပြီ၊ သူ နှင့် ကျွန်မ လက်ထပ်ခဲ့ကြတုန်းက သူက အသက် ငါးဆယ်၊ ကျွန်မက အသက် နှစ်ဆယ်၊ မလိမ်မိုး မလိမ္မာ အရွယ်ပဲ ရှိပါသေးတယ်၊ ရုရှားပြည် မြို့တစ်မြို့က တက္ကသိုလ် တစ်ခုမှာ ဆိုပါတော့၊ နာမည်ကိုတော့ ကျွန်မ မပြောတော့ပါဘူး'

'အင်နာရယ် တော်ပါတော့ကွယ်' ဟု ပါမောက္ခကြီးက ပြော၏။

'ကျွန်မတို့ဟာ ဟိုတုန်းက တော်လှန်ရေးသမားတွေပါ၊ နဟီးလစ်လို့ ခေါ်တဲ့ နတ္ထိဝါဒီတွေ ဆိုပါတော့ရှင်၊ သူရော ကျွန်မရော ဒီပြင် ရဲဘော်တွေ ရောပေါ့၊ အဲဒီ အချိန်မှာ ရုတ်ရုတ်ရက်ရက် ဖြစ်ကြတော့ ပုလိပ် အရာရှိ တစ် ယောက် အသတ်ခံရပြီး ကျွန်မတို့ တော်တော်များများလည်း အဖမ်း ခံရတယ် ရှင့်၊ ဒီတုန်းမှာ ကျွန်မ ယောကျ်ားဟာ ဆုငွေ လိုချင်တာနှင့် သူ့ဘာသာသူ ကိုယ်လွတ် ရုန်းပြီး ကိုယ့် မိန်းမနှင့် ကိုယ့် ရဲဘော်တွေကို သစ္စာ ဖောက်သွား ခဲ့တယ်၊ ဟုတ်တယ်၊ သူ ဖောက်လို့ ကျွန်မတို့ အားလုံး အဖမ်း ခံခဲ့ကြရတယ်၊ တချို့ ကျွန်မတို့ ရဲဘော်တွေဟာ ကြိုးစင် တက်ခဲ့ကြရပြီး တချို့ ဆိုက်ဗေးရီး ယားကို အပို့ခံခဲ့ကြရတယ်၊ ကျွန်မလည်း ဆိုက်ဗေးရီးယားကို အပို့ခံခဲ့ရတယ်၊ တစ်သက် တစ်ကျွန်းတော့ မဟုတ်ဘူးပေါ့ရှင်၊ ကျွန်မ ယောကျ်ားဟာ သူ ရတဲ့ ဆုငွေတွေနှင့် အင်္ဂလန်ကို ထွက်သွားပြီး ဒီမှာ အေးအေးဆေးဆေး လာနေခဲ့ တယ်၊ ကျွန်မတို့ ဂိုဏ်းက သူ သွားတဲ့ နေရာကို သိသွားရင် လက်စားချေမယ် ဆိုတာကို သိတော့ ဒီမှာ လာပြီး ခေတ်မြှုပ် နေလိုက်တာပေါ့ရှင်'





အဘိုးကြီးသည် တုန်တုန်ယင်ယင်ဖြင့် စီးကရက် တစ်လိပ်ကို လှမ်းယူ လိုက်၏။

'အင်နာရယ်၊ ငါဟာ မင်း လက်ထဲမှာ ရှိပါတယ်၊ မင်း ကြိုက်သလို လုပ်နိုင်ပါတယ်၊ မင်းဟာ ငါ့အပေါ်မှာ အမြဲတမ်း ကောင်းခဲ့တာပါ'

'သူ ဘယ်လောက် ယုတ်မာတဲ့ အကြောင်း ရှင်တို့ကို မပြောရသေး ဘူး၊ ခုဟာက အစပဲ ရှိသေးတယ်၊ ကျွန်မတို့ ဂိုဏ်းထဲမှာ ကျွန်မနှင့် ရင်းနှီး ခဲ့တဲ့ ရဲဘော် တစ်ယောက် ရှိတယ်ရှင့်၊ အဲဒီ လူက မြင့် မြတ်တယ်၊ ကိုယ်ကျိုး စွန့် တယ်၊ ကြင်နာတတ်တယ်၊ ကျွန်မ ယောကျ်ားနှင့်တော့ တခြားစီပဲ၊ ကျွန်မ မိတ်ဆွေ ဟာ အ ကြမ်း ဖက် မှု ကို မုန်းတယ်၊ ကျွန်မကို ဒီလို အကြမ်း ဖက်တဲ့ ဂိုဏ်းထဲ မှာ မပါဖို့ အမြဲတမ်း ပြော ခဲ့တယ်၊ အမြဲတမ်း စာရေး ခဲ့တယ်၊ ဒီစာတွေကိုသာ ရရင် ကျွန်မ မိတ်ဆွေဟာ ထောင်ဒဏ်က လွတ်မှာပဲ၊ ကျွန်မတို့ နှစ်ယောက် ဒီလို စာ ရေး ပြီး အမြင်ချင်း ဖလှယ်ကြတာကို ကျွန်မက လည်း ဒိုင်ယာရီထဲမှာ မှတ်



'အင်နာရယ်၊ ငါဟာ
မင်း လက်ထဲမှာ ရှိပါတယ်'

ထားခဲ့တယ်၊ ကျွန်မ ယောကျ်ားဟာ ဒီစာတွေနှင့် ဒိုင်ယာရီတွေကို တွေ့သွားပြီး သိမ်းထားခဲ့တယ်ရှင်၊ ဒီစာတွေကို ဝှက်ထားပြီး ကျွန်မ မိတ်ဆွေကို သေအောင် အမျိုးမျိုး ကြံစည်ခဲ့တယ်၊ ဒါပေမဲ့ အယ်လက်ဇီဟာ ဆိုက်ဗေးရီးယား အပို့ ခံ လိုက်ရပြီး ခုဆိုရင် ဆိုက်ဗေးရီးယားက ဆားတွင်းတွေမှာ အလုပ်ကြမ်း လုပ်နေ ရတယ်၊ သူများမှာ ဘယ်လောက် ဒုက္ခ ရောက်ခဲ့ရသလဲ၊ ရှင် သိရဲ့လားဟင်၊ လူ ယုတ်မာကြီးရဲ့၊ အယ်လက်ဇီ နာမည်ကို ရှင့် ပါးစပ်ကတောင် ခေါ်ဖို့မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဒီလို မြင့်မြတ်တဲ့ လူတစ်ယောက်ရဲ့ နာမည်ကို ရှင့်ပါးစပ်နှင့် ခေါ်တာဟာ သနုလွန်းလို့၊ ခုတော့ သူဟာ ကျွန်တစ်ယောက်လို ဆားတွင်းတွေထဲမှာ အလုပ်လုပ်နေရပြီ သိရဲ့လား၊ အဲဒီတုန်းက ရှင့်ကို ကျွန်မ သစ္စာ ဖောက်ချင်ရင် အလွယ်ကလေးရယ်၊ ဒါပေမဲ့ ကျွန်မ သစ္စာ မဖောက်ခဲ့ဘူး၊ ရှင် ထွက်ပြေးတာကို ကျွန်မ မသိချင်ယောင် ဆောင်နေခဲ့တယ်'

'အင်နာရယ်၊ မင်းဟာ အစဉ် မိန်းမကောင်း မိန်းမမြတ် တစ်ယောက်ပါ' ဟု အဘိုးကြီးက စီးကရက်ကို ဖွာရှိုက်ရင်း ပြောလေ၏။

အမျိုးသမီးက ထိုင်ရာမှ ထလိုက်၏။ သို့ရာတွင် ဝေဒနာကြောင့် တစ်ချက် ညည်းပြီး ပြန်ထိုင်လိုက်လေ၏။

'ကျွန်မ ဆုံးအောင် ပြောရဦးမယ်၊ ကျွန်မ ဆိုက်ဗေးရီးယားက ပြန်လွတ်လာတဲ့ အခါကျတော့ အဲဒီ ဒိုင်ယာရီနှင့် စာတွေကို လိုက်ရှာခဲ့တယ်၊ ဒီစာနှင့် ဒိုင်ယာရီတွေကို ရုရှား အစိုးရဆီကို ပို့နိုင်ခဲ့ရင် ကျွန်မရဲ့ မိတ်ဆွေ ပြန်လွတ်လာမှာကိုး၊ ကျွန်မ ယောက်ျားဟာ အင်္ဂလန်မှာ ရောက်နေတာကို ကျွန်မ သိတယ်၊ ဒါနှင့် လိုက်လာပြီး ရှာတဲ့ အခါကျတော့ သူ ဘယ်ရောက်နေတယ် ဆိုတာကို ကျွန်မ သိလာခဲ့တယ်၊ သူ့ လက်ထဲမှာ ဒီ ဒိုင်ယာရီ ရှိနေသေးတယ် ဆိုတာကို ကျွန်မ သိတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်မ ဆိုက်ဗေးရီးယားကို ရောက်နေတုန်း သူ့ဆီက လာတဲ့ အပြစ်တင်စာ တစ်စောင်ထဲမှာ ဒီဒိုင်ယာရီထဲက စာပိုဒ်တွေကို ကိုးကား ရေးထားတာ တွေ့ရတာကိုး၊ ဒီတော့ ဒိုင်ယာရီဟာ သူ့လက်ထဲမှာ ရှိနေသေးတယ် ဆိုတာ ကျွန်မ သိတာပေါ့၊ ဒါပေမဲ့ သူက အငြိုးကြီးတတ်သူ ဖြစ်လေတော့ ဒီဒိုင်ယာရီကို ဘယ်နည်းနှင့်မှ တောင်းလို့ ရမှာ မဟုတ်ဘူး ဆိုတာ ကျွန်မ သိတယ်၊ ကျွန်မ ကိုယ်တိုင် အတင်း ဝင်ယူမှ ရမယ်၊ ဒါကြောင့် ကျွန်မ အင်္ဂလန်ကို ရောက်တော့ စုံထောက် တစ်ယောက် ငှားပြီး သူ့ဆီကို စာရေး ဝင် အလုပ် ခိုင်းတယ်၊ ရှင့်ဆီကို အလုပ် ဝင်လုပ်တဲ့ ဒုတိယ စာရေးဟာ ကျွန်မ လွှတ်လိုက်တဲ့ လူပဲ ဆာကျီ၊ စာတွေနှင့် ဒိုင်ယာရီဟာ ဗီရိုထဲမှာ ရှိတယ် ဆိုတာ သိခဲ့ရတယ်၊ ပြီးတော့ သူက ဖယောင်းနှင့် နှိပ်ပြီး သော့တူပုံ ယူခဲ့တယ်၊ ကျွန်မ သူ့ကို ဒီလောက်ပဲ ခိုင်းလိုက်တာကိုး၊ ပြီးတော့ သူက အိမ်ပုံစံကိုလည်း ဆွဲယူခဲ့တယ်၊ မနက်ပိုင်း ဆိုရင် အတွင်းရေးမှူးက ဒီအခန်းမှာ ရောက်နေတဲ့ အတွက် စာကြည့်ခန်းထဲမှာ လူရှင်းတယ် ဆိုတာလည်း သိခဲ့ရတယ်၊ ဒါနှင့် ကျွန်မလည်း ကိုယ့်ကိုယ်ကိုယ် ရဲဆေးတင်ပြီး ကျွန်မ ကိုယ်တိုင် ဒီစာအုပ်တွေကို လာယူတာပဲ၊ စာတွေကိုတော့ ရပါရဲ့၊ ဒါပေမဲ့ တန်ဖိုးကြီးလှတယ်ရှင်၊ စာတွေကို ယူ သော့ပြန်ပိတ်ပြီး ပြန်တော့မယ် လုပ်တုန်းမှာ ခုတင်က သူငယ်ကလေးက ဝင်လာတယ်၊ ကျွန်မ အဲဒီနေ့ မနက်တုန်းက သူ့ကို တွေ့ခဲ့ပြီးပါပြီ၊ လမ်းမှာ သူနှင့် တွေ့လို့ ပါမောက္ခ ကိုရမ်အိမ် ဘယ်အိမ်လဲလို့တောင် ကျွန်မ မေးခဲ့သေးတယ်၊ သူက ရှင့် အတွင်းရေးမှူးမှန်းမှ မသိဘဲကိုး'





'ဟုတ်ပြီဗျ၊ ဟုတ်ပြီ၊ အတွင်းရေးမှူး စမစ်ဟာ ပါမောက္ခကြီးဆီ ပြန်လာပြီး လမ်းမှာ မိန်းမ တစ်ယောက်နှင့် တွေ့လို့ သူ့အိမ်ကို မေးတဲ့ အကြောင်းကို ပြောတယ်၊ ဒါကြောင့် သေခါနီးမှာ ဟိုမိန်းမပဲလို့ ပြောသွားတယ်၊ ပါမောက္ခကြီးကို သူ ပြောတဲ့ မိန်းမ ဆိုတဲ့ သဘောပေါ့ဗျာ'

'နေပါဦး၊ ကျွန်မ ပြောဦးမယ်' ဟု ထိုမိန်းမက အမိန့်ပေးသံဖြင့် ပြောလိုက်၏။

ထိုမိန်းမမှာ တစ်စုံတစ်ရာ ဝေဒနာကို ခံစားနေရသည့်နှယ် မျက်နှာ ရှုံ့မဲ့လျက် ရှိလေ၏။

'ဒါနှင့် သူ လဲကျသွားတော့ ကျွန်မလည်း အိမ်ထဲက ပြေးထွက်လာခဲ့တယ်၊ နောက်ဆုံးတော့ လမ်းမှားပြီး ကျွန်မ ယောက်ျား နေတဲ့ အခန်းထဲကို ဝင်မိလျက်သား ဖြစ်သွားတယ်၊ သူက ကျွန်မကို ဖမ်းပို့မယ်လို့ ပြောတယ်၊ ဒီတော့ ကျွန်မကလည်း ကျွန်မကို ဖမ်းရင် ရှင့် အသက်ဟာလည်း ကျွန်မ လက်ထဲမှာ ရှိတယ်၊ ရှင်က ကျွန်မကို ပုလိပ်ကို ဖမ်းပို့ရင် ရှင့်ကိုလည်း ကျွန်မတို့ ဂိုဏ်းက သုတ်သင်မှာပဲလို့ ပြောလိုက်တယ်၊ ကျွန်မ အသက် ရှင်နေတာဟာ ကျွန်မ အတွက် မဟုတ်ပါဘူး၊ ကျွန်မတို့ ယုံကြည်ချက် အတွက် အသက် ရှင်နေတာပါ၊ ကျွန်မက ပြောတဲ့ အတိုင်း လုပ်မယ် ဆိုတာ သူသိတယ်၊ ကျွန်မ ဒုက္ခ ရောက်ရင် သူလည်း ဒုက္ခ ရောက်မယ် ဆိုတာ သူ ကောင်းကောင်း သိတယ်၊ ဒါကြောင့် သူ ကျွန်မကို အကာအကွယ် ပေးခဲ့တယ်၊ စေတနာ ရှိလို့ ပေးတာ မဟုတ်ဘူး၊ ကျွန်မ ရောက်လာတော့ သူက ဟိုတုန်းက သူ သုံးခဲ့တဲ့ ဟောဟိုက ဗီရိုကြီး နောက်က ပုန်းတဲ့ နေရာမှာ အပုန်းခိုင်းပြီး ကျွန်မကို ဝှက်ပေးခဲ့တယ်၊ သူက အခန်းထဲမှာ ထမင်း ယူစားလေတော့ ကျွန်မကိုလည်း အဲဒီ ထမင်းထဲက ကျွေးခဲ့တယ်၊ ပုလိပ်တွေ ပြန်သွားလို့ ရှိရင် ညကျတော့ ကျွန်မ ထွက်ဖို့ အစီအစဉ် လုပ်ထားခဲ့ကြတယ်၊ ဒါပေမဲ့ ခုတော့ ရှင်တို့က ကျွန်မတို့ လုပ်မယ့် အစီအစဉ်တွေကို ကြိုသိထားတော့ ကျွန်မ ထွက်မပြေးနိုင်တော့ပါဘူး၊ ဒါဟာ အမှန်တွေပါပဲ'

အမျိုးသမီးသည် ရင်ဘတ်ထဲတွင် ဝှက်ထားသည့် အထုပ်ကလေးတစ်ထုပ်ကို ယူလိုက်ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



'ဟောဒီမှာ ကြည့်ကြစမ်း၊ ဒီစာထုပ်တွေသာ ပို့လိုက်ရင် ကျွန်မ ချစ်တဲ့ အယ်လက်ဇီ တစ်ယောက် ဆိုက်ဗေးရီးယားက ပြန်လွတ်လာတော့မှာ၊ ဒါ ကျွန်မ အမှန်အတိုင်း ပြောတာပါ၊ ဒါလေးကို ယူလိုက်ကြပါ၊ ယူပြီးတော့ ဒီမှာ ရှိတဲ့ ရုရှား သံရုံးကို သွားပို့ပေးကြပါ၊ ကျွန်မ တာဝန်ကျေပြီ၊ ဒီတော့'

'ဗျို့ လှမ်း ဆွဲလိုက်ကြစမ်းပါ' ဟု ရှားလော့ဟုမ်းက အော်ပြီးလျှင် အမျိုးသမီးဆီသို့ ဝုန်းခနဲ ပြေးခုန်ကာ သူ့ လက်ထဲမှ ဆေးပုလင်း တစ်လုံးကို လုယူလိုက်၏။ အမျိုးသမီးသည် အိပ်ရာပေါ်သို့ လဲကျသွားရာမှ

'နောက်ကျသွားပြီ စုံထောက်ကြီး၊ နောက်ကျသွားပြီ၊ ပုန်းနေတဲ့ နေရာက ကျွန်မ ထွက်မလာခင် ကတည်းက အဆိပ်ကို သောက်ထားတာ၊ ကျွန်မ ခေါင်းတွေ မူးနေပြီ၊ မျက်လုံးတွေ ပြာလာပြီ၊ ကျွန်မ သွားရတော့မယ်၊ ဒီအထုပ်လေးကိုတော့ ရှင်တို့ကို စိတ်ချလက်ချ အပ်ခဲ့ပါရစေနော်'

လန်ဒန်သို့ ပြန်လာခဲ့ကြသည့် အခါတွင် ရှားလော့ဟုမ်းက

'အင်း အမှုက ရိုးရိုးတော့ ရိုးရိုးကလေးပါပဲ၊ ဒါပေမဲ့ တယ်ပြီး သင်ခန်းစာယူစရာ ကောင်းပေတာပဲဗျာ၊ ရွှေမျက်မှန်ကလေးကို တွေ့ရာက စပြီး ပေါ်လာခဲ့တာဗျ၊ အကယ်၍သာ သေသူ စမစ်ရဲ့ လက်ထဲမှာ ဒီမျက်မှန်ကလေး မကျန်ရစ်ခဲ့ဘူး ဆိုရင် ကျုပ်တို့လည်း ဒီအမှုကို ရှင်းချင်မှ ရှင်းနိုင်မှာပဲ၊ မျက်မှန်ကို ကြည့်လိုက်လို့ တော်တော် ပါဝါ များနေတာကို မြင်လိုက်ရကတည်းက ဒီ မျက်မှန်ကို တပ်တဲ့ လူဟာ မျက်မှန် မပါဘဲနှင့် ဆိုရင်တော့ အကန်းသာသာပဲ ဖြစ်နေပြီ၊ ဒုက္ခ ရောက်တော့မှာပဲ ဆိုတာ ကျုပ် သိလိုက်တယ်ဗျ၊ ပန်းခင်းနှင့် လမ်းကလေး ကြားက မြက်တောထဲမှာ ခြေရာ မထင်အောင် လျှောက်သွားတယ်လို့ ခင်ဗျာ ပြောတော့ ဒီလို လျှောက်ပုံဟာ တော်တော် ထူးခြားတာပဲလို့ ကျုပ် ပြောခဲ့မှု တယ်၊ ဒီတော့ ဒီလို တည့်တည့် လျှောက်နိုင်ဖို့ဟာ မျက်စိမှုန်တဲ့ လူတစ်ယောက် အဖို့ မျက်မှန် မပါဘဲ လျှောက်ဖို့ ဆိုတာ လွယ်တဲ့ ကိစ္စ မဟုတ်ဘူး၊ ဒီတော့ အပြန်မှာ မျက်မှန် ကျန်ရစ်နေခဲ့တာကို တွေ့တဲ့ အခါကျတော့ ဒီအမျိုးသမီးဟာ အိမ်ထဲမှာ ပုန်းနေရလိမ့်မယ်လို့ ကျုပ် တွက်လိုက်တယ်၊ ဒီ အထဲမှာ စင်္ကြံနှစ်ခုကလည်း အုန်းဆံ ကော်ဇော ခင်းထားတာချင်း တူနေတာကို တွေ့ရပြန်တော့ အမျိုးသမီးဟာ စင်္ကြံ မှားပြီး လျှောက်ရာက ပါမောက္ခကြီးရဲ့ အခန်းထဲကို ရောက်သွားရမယ်လို့လည်း ကျုပ် တွက်လိုက်တယ်၊ ဒါကြောင့် ကျုပ် တွက်ကိန်းကို







'ဗျို့ လှမ်း ဆွဲလိုက်ကြစမ်းပါ' ဟု ရှားလော့ဟုမ်းက အော်ပြီးလျှင်

အတည် ပြုမယ့် အချက်အလက်တွေကို အခန်းထဲမှာ ကျုပ် သတိထားပြီး ကြည့်နေ တာဗျ၊ ပြီးတော့လည်း အခန်းထဲမှာ ပုန်းစရာ ခိုစရာ တစ်နေရာရာ ရှိလိမ့်မယ်လို့ ကျုပ် အကဲခတ်နေတာ၊ အစတုန်းကတော့ ကြမ်းပြင်အောက်မှာ အံဝှက် ရှိမလားလို့ ကျုပ် တွေးလိုက်သေးတယ်၊ ဒါပေမဲ့ ကြမ်းခင်း ကော်ဇောတွေကို သေသေချာချာ စစ်ကြည့်လိုက်တော့ ကြမ်းခင်း ကော်ဇောကို သံနှင့် စွဲပြီး သေသေချာချာ ခင်းထားတာ တွေ့ရတဲ့ အတွက် ကြမ်းအောက်မှာ အံဝှက် မရှိနိုင်ဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် တွက်လိုက်တယ်၊ ဒီလိုဆိုရင် ဘယ်မှာ ရှိနိုင်မလဲ၊ စာအုပ် ဗီရိုကြီးတွေ နောက်မှာ ရှိရမယ်၊ ရှေးစာကြည့်တိုက်ကြီးတွေမှာ ဒီလို အခန်းဝှက်တွေ ရှိတတ်တယ် ဆိုတာ ခင်ဗျားတို့လည်း ကြားဖူးမှာပေါ့၊ စာအုပ် တော်တော်များများဟာ ကြမ်းပြင် အနှံ့အပြားမှာ ပုံနေတာကို ခင်ဗျားတို့ တွေ့ရလိမ့်မယ်၊ သို့သော်လည်း စာအုပ် ဗီရို တစ်ခုမှာ ထူးထူးခြားခြား ဟာလာဟင်းလင်း ဖြစ်နေတာကို ခင်ဗျားတို့ သတိ ပြုမိလိမ့်မယ်၊ ဒါကြောင့် စာအုပ် ဗီရိုနောက်မှာ အခန်းဝှက် ရှိရမယ်လို့ ကျုပ် တွက်လိုက်တယ်၊ ဒါပေမဲ့ ခက်တာက အခန်းဝှက် ရှိတဲ့ ခြေရာလက်ရာကို မတွေ့ရဘူး ဖြစ်နေတယ်၊ ဒါနှင့် ကျုပ်လည်း ကြမ်းခင်းကို ကြည့်လိုက်တော့ ကြမ်းခင်း ကော်ဇောက အဝါရင့်ရောင်ဗျ၊ အဝါရောင် ဆိုတော့ ကြည့်ရတာ သိပ်လွယ်တာပေါ့ဗျာ၊ ဒါနှင့် ကျုပ်လည်း စီးကရက် တော်တော်များများကို တစ်လိပ်ပြီး တစ်လိပ် သောက်ပြီး ကျုပ် မသကာ်တဲ့ စာအုပ်စင် ရှေ့မှာ ဆေးလိပ်ပြာတွေကို ခြွေချပစ်တယ်၊ နည်းကတော့ ရိုးရိုးကလေးပါပဲ၊ ဒါပေမဲ့ တော်တော်ကလေးတော့ အောင်မြင်တယ်၊ ဒီနောက် ကျုပ်တို့ အောက်ကို ဆင်းလာတယ်၊ အောက် ရောက်တော့ ခင်ဗျား မြင်တဲ့ အတိုင်း အဘွားကြီးဆီကို သွားပြီး ပါမောက္ခကြီးရဲ့ အစားအသောက်ကို နည်းနည်းပါးပါး စုံစမ်း တီးခေါက်ကြည့်တယ်၊ အဘိုးကြီးရဲ့ အခန်းထဲကို ခါတိုင်းထက် အစားအသောက်တွေ ပို့နေရတယ် ဆိုတာ သိလာတော့ ဧကန္တ ဒါဟာ တခြား တစ်ယောက်ယောက် အတွက်ပါ ပို့မှာတာ ဖြစ်ရမယ်လို့ ကျုပ် နားလည်လိုက်တယ်ဗျ၊ နောက် အခန်းထဲကို ကျုပ်တို့ ပြန်လာခဲ့ကြတဲ့ အခါကျတော့ စီးကရက်ဘူး လှမ်း အပေးမှာ ကျုပ် လက်ထဲက လွတ်ကျသွားတာကို ခင်ဗျား သတိ ထားလိုက်မိလိမ့်မယ်၊ ဒီတော့ ကျုပ်တို့ စီးကရက်တွေကို ကုန်းကောက်နေတုန်း ကြမ်းပြင်ကို သေသေချာချာ ကြည့်လိုက်တယ်ဗျ၊ ကျုပ် ခြွေချထားတဲ့ ပြာတွေပေါ်မှာ ခြေရာတွေ တွေ့တော့ ကျုပ်တို့ မရှိတုန်းမှာ အမျိုးသမီးဟာ ပုန်းတဲ့ နေရာက ထွက်လာလိမ့်မယ် ဆိုတာ သိရတယ်၊ ကဲ ဟော့ပကင်းရေ၊ ဘူတာကြီးကို ရောက်ပြီဗျ၊ ခင်ဗျား အမှု ပြေလည်သွားတဲ့ အတွက် ချီးကျူးလိုက်ပါတယ်ဗျာ၊ ခင်ဗျား စုံထောက် ရုံးချုပ်ကို သွားမှာ မဟုတ်လား၊ ကဲ ဝပ်ဆင်ရေ၊ ခင်ဗျားနှင့် ကျုပ်ကတော့ ရုရှား သံရုံးကို သွားလိုက်ကြဦးစို့ရဲ့'

[မူရင်း ဝတ္ထု *The Adventure of the Golden Pince-nez* ခေါင်းစဉ်၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် 'အင်းလျားကန် လူသတ်မှု' ဟူသော အမည်ဖြင့် မြန်မာမှု ပြုပြီး။]



# ဉာဏ်တောင်ပံ ဘောသမား ပျောက်မှု



ကျွန်ုပ်တို့ နေထိုင်ရာ ဘေကာလမ်း တိုက်ခန်းသို့ ထူး ထူး ဆန်းဆန်း ကြေးနန်းများ ရောက်လာတတ်သည်မှာ အဆန်း မဟုတ်တော့ချေ။ သို့တိုင်အောင် လွန်ခဲ့သည့် ခုနစ်နှစ် ရှစ်နှစ်ခန့် နှင်းတို့ ပိန်းပိတ်အောင် မှောင်နေသည့် ဖေဖော်ဝါရီလ တစ်မနက်တွင် ရောက်လာကာ ရှားလော့ဟုမ်းအား နာရီ တစ်စိတ်ခန့် ဦးနှောက် ခြောက်စေခဲ့သည့် ကြေးနန်း တစ်စောင်ကိုကား ကျွန်ုပ် ကောင်းစွာ အမှတ်ရလျက် ရှိပေသေး၏။ ထိုကြေးနန်းမှာ ရှားလော့ဟုမ်း၏ လိပ်စာ တပ်ထားပြီး အောက်ပါအတိုင်း ဖြစ်လေ၏။

'စောင့်ပါ၊ အလွန် အရေးကြီးသည်၊ ဉာဏ်တောင်ပံ ပျောက်နေသည်၊ မနက်ဖြန် မရှိလျှင် မဖြစ်၊ အိုဗာတန်'

ရှားလော့ဟုမ်းက ကြေးနန်းကို အထပ်ထပ်အခါခါ ဖတ်ရင်း

'ကမ်းနားလမ်းကနေပြီး မနက် ဆယ် နာရီ သုံးဆယ့်ခြောက် မိနစ်မှာ ရိုက်လိုက်တာဗျ၊ ကြည့်ရတာကတော့ မစ္စတာ အိုဗာတန်ဟာ ကြေးနန်း ရိုက်တုန်းက တော်တော်လေး တုန်လှုပ် ချောက်ချားနေဟန် တူတယ်၊ ဒါကြောင့်မို့ သူ့ ကြေးနန်းမှာ ဘာကို ဆိုလိုမှန်း မသိဘဲ ဖြစ်နေတာပေါ့၊ ကဲပါလေ၊ ကျုပ် လက်ဒန်တိုင်း သတင်းစာကို ဖတ်ပြီးချိန်လောက် ဆိုရင် သူ ရောက်လာတော့ မှာပါ၊ အဲဒီတော့မှ မေးကြည့်ရသေးတာပ၊ အင်း ခုတစ်လော အမှုကလည်း ပါး လေတော့ ဘယ်လို အမှုမျိုးပဲ လာလာ အပျင်းပြေတာပေါ့ဗျာ'

ထိုအချိန်က ကျွန်ုပ်တို့မှာ အမှုပါးချိန် ဖြစ်လေ၏။ ရှားလော့ဟုမ်း၏



www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်မှာ အလွန် အလုပ် လုပ်သည့် ဦးနှောက် ဖြစ်လေရာ အလုပ် မလုပ်ဘဲ အအား ထားလျှင် အလွန် အန္တရာယ် ကြီးသည်ကို ကျွန်ုပ်၏ အတွေ့အကြုံများ အရ သိပြီးဖြစ်သည့် အတိုင်း ကျွန်ုပ်မှာ ယခုကဲ့သို့ ဘာမှ အလုပ် မရှိဘဲ နေရ ခြင်းကို တွေးတော စိုးရိမ်လျက် ရှိပေ၏။

ကျွန်ုပ်သည် ရှားလော့ဟုမ်း၏ ကြီးပွားလမ်းကို ပျက်စီးစေမည့် သူ၏ ကိုကင်း ပွတ်သော အကျင့်ကို ဖြတ်ပစ်ရန် ကြိုးစားခဲ့သည်မှာ နှစ်ပေါင်း များစွာ ကြာခဲ့လေပြီ။ လုပ်ကိုင် လှုပ်ရှားနေရသည့် သာမန် အချိန်မျိုးတွင် ရှားလော့ဟုမ်း မှာ ထိုဆေးကို မေ့မေ့ပျောက်ပျောက် ဖြစ်ကာ နှိုးဆေး မလိုတော့ဘဲ အလိုလို ထက်ထက်သန်သန် ရှိနေတတ်သည်ကို တွေ့ရပေ၏။ သို့ရာတွင် ကြောက်မက် ဖွယ် သတ္တဝါကြီး တစ်ကောင်နှင့် တူသော ထိုအကျင့်ဆိုးသည် သေသွားခြင်း မဟုတ်ဘဲ အိပ်ပျော်နေခြင်းသာ ဖြစ်ကြောင်းကို ကျွန်ုပ် ကောင်းစွာ သိပေ၏။ ထိုသို့ အိပ်ပျော် နေခြင်းမှာလည်း နှစ်ခြိုက်စွာ အိပ်ပျော်ခြင်းမျိုး မဟုတ်သည့် အပြင် အလုပ် မရှိဘဲ အားနေသည့် အခါမျိုး၌ ရှားလော့ဟုမ်း၏ ပိန်ချုံးသော မျက်နှာပေါ်မှ ငေးမှိုင်သော အမူအရာနှင့် မျက်တွင်း နက်နက်များထဲမှ အဓိပ္ပာယ် ဖမ်း၍ မရသော မျက်လုံး အကြည့်ကို တွေ့လိုက်မိသည်တွင် ထိုသတ္တဝါကြီး နိုး တော့မည် ဆိုသည်ကိုလည်း ကျွန်ုပ်သည် အတွေ့အကြုံ အရ သိပြီး ဖြစ်ပေ၏။ ထို့ကြောင့် ရှားလော့ဟုမ်း၏ တစ်သက်တွင် ကြုံတွေ့ခဲ့ရသည့် ဘေး အန္တရာယ် အပေါင်းတို့ထက် ပို၍ ကြောက်မက်ဖွယ် ကောင်းသော ဤ ဘေး အန္တရာယ်ကြီး ကို ဖြိုခွင်းမည့် သတင်းကို ယူဆောင်လာမည်ဟု သိရသည့် အခါတွင်မူကား မစ္စတာ အိုဗာတန် ဆိုသူသည် မည်သူပင် ဖြစ်စေ ထိုမောင်မင်းကြီးသားကို ကျွန်ုပ် အထူးတလည် ကျေးဇူး တင်မိပေ၏။

ကျွန်ုပ်တို့ မျှော်နေသည့် အတိုင်းပင် ကြေးနန်း ရောက်ပြီး မကြာမီတွင် ကြေးနန်း ပို့လိုက်သူ ရောက်လာလေ၏။ ကိန်းဗရစ် တက္ကသိုလ်၊ ထရီနီတီ ကောလိပ်ကျောင်းမှ မစ္စတာ စီရယ် အိုဗာတန် ဆိုသူ၏ ကတ်ပြားကလေးနှင့် မရေးမနှောင်း၌ အဆီ ဟူ၍ လုံးဝ မရှိဘဲ အရိုးနှင့် ကြွက်သားတို့ချည်း တစ် ဆယ့်ခြောက် စတုန်ခန့် ရှိသည့် ထောင်ထောင်မောင်းမောင်း လူငယ် တစ်ဦး သည် ကျွန်ုပ်တို့ အခန်းဝတွင် ပေါ်လာလေရာ ကျွန်ုပ်တို့ တံခါးပေါက်မှာ သူ့ ကိုယ်လုံးကြီးဖြင့် ပြည့်လျက် ရှိလေ၏။

ပျို့မြစ် နုနယ်သည့် သူ့ မျက်နှာပေါ်တွင် စိုးရိမ် ကြောင့်ကြလျက် ရှိသည့် အရိပ်အယောင်တို့ ဖုံးလွှမ်းလျက် ရှိသည်ကို တွေ့ရလေ၏။





'မစ္စတာ ရှားလော့ဟုမ်းလား ခင်ဗျာ'

ကျွန်ုပ်၏ မိတ်ဆွေကြီးက ခေါင်းကို ညိတ်ပြလိုက်လေ၏။

'စကော့တလန်ယာဒ် စုံထောက် အဖွဲ့ကိုလည်း ကျွန်တော် ရောက်ခဲ့ပါ ပြီ မစ္စတာ ဟုမ်း၊ ဟိုရောက်တော့ အင်စပက်တော် ဟော့ပကင်းနှင့် ကျွန်တော် တွေ့ခဲ့ပါတယ်၊ သူက စုံထောက်ကြီးဆီကို သွားပါလို့ လွှတ်လိုက်လို့ပါ၊ သူ သိသလောက် ပြောရမယ် ဆိုရင် ခုအမှုဟာ သူတို့ စုံထောက် အဖွဲ့ထက် စုံ ထောက်ကြီးနှင့် ပိုဆိုင်တယ်လို့ ပြောလိုက်ပါတယ် ခင်ဗျာ'

'ကဲ ထိုင်ပြီး အမှု အကြောင်းကို ပြောပြစမ်းပါဦးလေ'

'အဖြစ်ကတော့ တော်တော်လေးကို ဆိုးပါတယ် ခင်ဗျာ၊ ကျွန်တော့် အမြင်မှာတော့ တော်တော့်ကို ဆိုးတယ်လို့ ထင်ပါတယ်၊ အမှန်ကတော့ ကျွန် တော် ချက်ချင်း ခေါင်းဖြူသွားဖို့တောင် ကောင်းတာပါ၊ ဂေါ်ဖရီ စတောင်တန် ကို စုံထောက်ကြီး ကြားဖူးလိမ့်မယ် ထင်ပါတယ်၊ သူဟာ ကျွန်တော်တို့ ဘော အသင်းမှာ တော်တော်လေးကို အရေးကြီးတဲ့ လူပါ၊ ဂေါ်ဖရီ စတောင်တန်လို လူကို ကျွန်တော်တို့ အထဲက လူနှစ်ယောက်နှင့် လဲဆိုရင် လဲပါမယ် ခင်ဗျာ၊ ဂေါ်ဖရီဟာ ဘောလုံး လှမ်းပေးတာတို့ လိမ်ယူသွားတာတို့ ဖြတ်သယ်သွားတာ တို့မှာ တကယ် တော်တဲ့ လူပါ ခင်ဗျာ၊ ဒီလို နေရာမျိုးမှာ သူ့ကို ဘယ်သူမှ မီမယ် မထင်ပါဘူး၊ ပြီးတော့ လူက ခေါင်းလည်း အေးတော့ ကျွန်တော်တို့ အထဲမှာ သူကပဲ ကျွန်တော်တို့ အားလုံးကို ထိန်းထားတာ ခင်ဗျ၊ ခုတော့ ကျွန် တော် ဘာလုပ်ရတော့မလဲ ခင်ဗျာ၊ ဒါကြောင့် ကျွန်တော် စုံထောက်ကြီးဆီကို ပြေးလာခဲ့တာပါ၊ ကျွန်တော်တို့မှာ အရန်လူ အဖြစ် မိုးယောက်တော့ ရှိပါတယ်၊ ဒါပေမဲ့ သူက အလယ်တန်းကပဲ ကစားနေကျ ဆိုတော့ ခက်နေတယ်၊ ပြီးတော့ သူက တောင်ပံမှာ လိုက်ရမယ့် အစား အလယ်ကို ဝင် ဝင် ကစားနေတတ်တော့ ပိုပြီး ဟန်မကျတာပေါ့၊ လူက တည်ဘောလုံးတွေ ဘာတွေ ဆိုရင်တော့ ပေး ချင်တဲ့ လူဆီကို ရောက်အောင် ပို့တတ်ပါရဲ့၊ ဒါပေမဲ့ ခက်တာက အမှန်းအဆ သိပ်မကောင်းဘူး၊ ပြီးတော့ ပြေးလည်း မပြေးနိုင်ဘူး၊ အောက်စဖို့ တက္ကသိုလ် က ကစားတဲ့ ကောင်တွေ ဖြစ်တဲ့ မော်တန်တို့၊ ဂျွန်ဆင်တို့က ဆိုရင် သူ့ကို အသာလေးနှင့် ကျော်ယူသွားတာချည်းပဲ၊ စတီဗင်ဆင်ကလည်း ပြေးတော့ ပြေး နိုင်ပါရဲ့၊ ဒါပေမဲ့ ခင်ဗျာ သူ့ကိုလည်း ကျွန်တော့် အနေနှင့် အလယ်မှာ ထည့် ကစားလို့ မဖြစ်ပြန်ဘူး၊ လိုမ့်ဘောတို့ အမြှောက်ဘောတို့ ဆိုရင်လည်း မ... ဘူး၊ ဒီတော့ အပြေးသန်ရုံနှင့် ထည့်ကစားလို့ မဖြစ်ဘူးပေါ့ ခင်ဗျာ... တော့



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ကြီးရယ်၊ ဂေါ်ဖရီ စတောင်တန်ကို စုံထောက်ကြီးက ရအောင် ရှာပေးစမ်းပါဦး၊ ရှာလို့ မတွေ့ရင်တော့ ကျွန်တော်တို့ ဒီပွဲမှာ ရှုံးပါပြီ'

ရှားလော့ဟုမ်းသည် အံ့အားသင့်လျက် ရှိရာက အားရပါးရ ပြောဆိုလျက် ရှိသော အိုဗာတန်၏ စကားကို ခပ်ပြုံးပြုံးဖြင့် နားထောင်လျက် ရှိလေ၏။ အိုဗာတန်မှာမူ သန်မာ တုတ်ခိုင်သော လက်ဖြင့် ပေါင်ကို ထုရင်း စိတ်ပါလက်ပါ ပြောဆိုလျက် ရှိလေ၏။ အိုဗာတန် စကား ဆုံးသွားသည့် အခါ၌ ရှားလော့ဟုမ်းသည် သူ၏ အညွှန်း စာအုပ်ကို ယူကာ အက်စ် အက္ခရာ အောက်မှ အမည်များကို လိုက်လံ ရှာဖွေလျက် ရှိလေ၏။ သို့ရာတွင် စတောင်တန်၏ အမည်ကိုမူ မတွေ့ရချေ။

'အင်း ကျုပ် အညွှန်းထဲမှာ တွေ့ရတာကတော့ ရှေ့မှာ အလားအလာ ကောင်းတဲ့ လူလိမ် တစ်ဦး ဖြစ်တဲ့ အာသာ အိပ်ချ် စတောင်တန်ရယ်ဗျ၊ ပြီးတော့ ကြိုးစင်ကို ကျုပ် ပို့ခဲ့တဲ့ ဟင်နရီ စတောင်တန်ရယ်ဗျ၊ ဒါပဲ တွေ့တယ်၊ ကိုရင် ပြောတဲ့ ဂေါ်ဖရီ စတောင်တန် ဆိုတာကိုတော့ မတွေ့ရသေးဘူး၊ ကျုပ်အဖို့တော့ လူသစ်ပဲ'



'ကျွန်တော်ကတော့ မစ္စတာ ဟုမ်းဟာ အစစအရာရာကို သိတယ်လို့ ထင်နေတာ'

ဤတစ်ကြိမ်တွင် အံ့သြရသူမှာ ကျွန်ုပ်တို့၏ ဧည့်သည် အိုဗာတန် ဖြစ်ပေ၏။

'မစ္စတာ ဟုမ်း မသိဘူးလား၊ ကျွန်တော်ကတော့ မစ္စတာ ဟုမ်း ဟာ အစစအရာရာကို သိတယ်လို့ ထင်နေတာ၊ ဟုတ်ပါပြီ ခင်ဗျာ၊ ဂေါ်ဖရီ စတောင်တန်ကိုတောင် မသိရင် စီရယ် အိုဗာတန်ကိုလည်း စုံထောက်ကြီး သိမှာ မဟုတ်ပါဘူး၊'

ရှား လော့ ဟုမ်း ဂ ကျ သဘော ကျဟန်ဖြင့် ခေါင်းကို ယမ်းပြလိုက်၏။





'အမယ်လေး သေလိုက်ပါတော့ ခင်ဗျာ၊ ကျွန်တော်က အင်္ဂလန်နှင့် ဝေလနှင့် ကစားတုန်းက ရှေ့တန်းက ခင်ဗျ၊ ဒီနှစ် ဆိုရင် ကျွန်တော်က ကိန်းဗရစ် တက္ကသိုလ် အသင်းမှာ ကျွန်တော်ပဲ စင်တာ ဖောဝပ်က ကစားတာ၊ ထားပါတော့ ခင်ဗျာ၊ ဒါက အရေးမကြီးပါဘူး၊ ဒါပေမဲ့ အင်္ဂလန်မှာ ဆိုရင် ရှေ့တန်း ငါးယောက် ညာတောင်ပံက ကစားတဲ့ ဂေါ်ဖရီကိုတော့ မသိတဲ့လူ မရှိဘူး ထင်ပါတယ်၊ ကိန်းဗရစ် တက္ကသိုလ် အသင်းမှာလည်း ကစားခဲ့တယ်၊ ဘလက်ဟိ အသင်းမှာလည်း ကစားခဲ့တယ်၊ ပြီးတော့ ကမ္ဘာ့ ဖိုလ်လုပွဲ တွေ မှာ လည်း ငါးပွဲ ကစားခဲ့တယ်၊ ဖြစ်မှ ဖြစ်ရလေ မစ္စတာ ဟုမ်းရယ်၊ ဘယ်ချောင်မှာ သွားပြီးများ အိပ်ပျော်နေပါလိမ့်'

ရှားလော့ဟုမ်းသည် ကိုယ်ကာယ ကြီးမား တုတ်ခိုင်သည့် လူငယ်ကလေး၏ ရိုးသားစွာ အံ့အားသင့်နေပုံကို ကြည့်၍ ရယ်လိုက်၏။

'အင်း ကိုရင်လေးနှင့် ကျုပ်တို့က ဘဝချင်းမှ မတူပေဘဲကိုးဗျ၊ ကိုရင်လေးတို့ လောကက ပျော်စရာ ကောင်းတယ်၊ သန့်ရှင်းတယ်၊ ကျုပ်လည်း ဘဝ မျိုးစုံမှာ ကျင်လည်ခဲ့ရပြီး အဖြစ်အပျက် အမျိုးစုံနှင့် တွေ့ခဲ့ဖူးပါရဲ့၊ သို့သော်လည်း အင်္ဂလန်မှာ အကောင်းဆုံး အသန့်ရှင်းဆုံး ဖြစ်တဲ့ ကိုရင်လေးတို့ ဘောလုံး လောကနှင့်တော့ နည်းနည်းလေးမှ မနီးစပ်ခဲ့ဘူးဗျ၊ ကျုပ်တို့လို လူတွေ အဖို့တော့ ဒီလို လောကနှင့် မနီးစပ်တာပဲ ကောင်းပါတယ်လေ၊ ကိုရင်လေးတို့ အဖို့ ကံကောင်းတာပေါ့၊ သို့သော်လည်း ဒီနေ့ မနက် ကိုရင်လေး ပျာယီးပျာယာ ရောက်လာပုံကို ထောက်တော့ အင်မတန် ကျန်းမာ သန့်ရှင်းတဲ့ ကိုရင်လေးတို့ လောကမှာပင်လျှင် ကျုပ်တို့လို ရာဇဝတ်မှု စုံထောက်တွေ အတွက် အလုပ် ပေါ်နေပြီ ဆိုတာ တွေ့ရတယ်ဗျ၊ ကဲ ဒါတွေ ထားပါတော့လေ၊ ခု ကိုရင်လေး ဘာဖြစ်လာသလဲ၊ ကျုပ်ကို ဘယ်လို အကူအညီ ပေးစေချင်သလဲ ဆိုတဲ့ ကိစ္စကလေးကို ဖြည်းဖြည်းဆေးဆေးနှင့် တိတိကျကျ ပြောစမ်းပါဦး'

ထိုအခါကျမှ အိုဗာတန်၏ မျက်နှာသည် ဦးနှောက်ထက် ကြွက်သားများကို အသုံးများသည့် လူတစ်ယောက်၏ ဟန်မျိုးသို့ ပုံမှန် ပြန်ရောက်သွားကာ စိတ်အိုက်သော အမူအရာ ပြန်လည် ပေါ်ပေါက်လာခဲ့လေ၏။ အိုဗာတန်သည် အချို့နေရာများတွင် ထပ်ကာ ထပ်ကာ ပြန်ပြောခြင်း၊ အချို့ နေရာများတွင် ဝိုးတိုးဝါးတား ပြောဆိုခြင်းများ ရှိသည့်တိုင် ထိုအချက်များကို ကျွန်ုပ်အနေဖြင့် ချန်လှပ်ပစ်ခဲ့ပြီး ထူးဆန်းသော သူ၏ အဖြစ်အပျက်ကို အောက်တွင် ဖော်ပြ လိုက်ရပေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်ပုံက ဒီလိုပါ မစ္စတာ ဟုမ်း၊ စောစောက ကျွန်တော် ပြောခဲ့တဲ့ အတိုင်း ကျွန်တော်က ကိန်းဗရစ် တက္ကသိုလ် ဘောသင်းရဲ့ ကပ္ပတိန်ပါ၊ ကျွန်တော်တို့ ဘောသင်းမှာ အကောင်းဆုံး ဘောသမားကတော့ ဂေါဖရီ စတောင်တန်၊ မနက်ဖြန် ဆိုရင် ကျွန်တော်တို့နှင့် အောက်စဖို့ တက္ကသိုလ် ကစားပါတော့မယ်၊ မနေ့ကတော့ ကျွန်တော်တို့ အားလုံး လန်ဒန်ကို တက်လာပြီး ဘင့်တလေ ဟိုတယ်မှာ တည်းနေကြပါတယ်၊ မနေ့ညက ဆယ်နာရီ ထိုးတော့ ကျွန်တော်လည်း ကျွန်တော့် ဘောသမားတွေကို အိပ် မအိပ် လိုက်ကြည့်ပါတယ်၊ ဘောလုံးသင်း တစ်သင်း အဖို့ ပြင်းထန်တဲ့ လေ့ကျင့်မှုနှင့် ကောင်းကောင်း အိပ်ပြီး အနားယူဖို့ဟာ အရေးအကြီးဆုံးလို့ ကျွန်တော် ယူဆပါတယ်၊ ကျွန်တော်လည်း ဂေါဖရီရဲ့ အခန်းကို ဝင်ပြီး သူနှင့် စကား တစ်ခွန်း နှစ်ခွန်း ပြောပြီး ထွက်လာခဲ့ပါတယ်၊ သူ့ကြည့်ရတာ မျက်နှာ ခပ်ဖျော့ဖျော့ ဖြစ်နေပြီး နည်းနည်းလည်း စိတ်ရှုပ်နေပုံ ရတယ် ခင်ဗျ၊ ကျွန်တော်က နေလို့ ထိုင်လို့ မကောင်းဘူးလားလို့ မေးတော့ သူက ဘာမှ မဖြစ်ပါဘူး၊ နည်းနည်း ခေါင်းကိုက်တာပါတဲ့၊ ဒါနှင့် ကျွန်တော်လည်း သူ့ကို နှုတ်ဆက်ပြီး ထွက်လာခဲ့ပါတယ်။

'နာရီဝက်လောက် ကြာတော့ ဟိုတယ်က ပေါ်တာ ကျွန်တော့်ဆီကို ပေါက်လာပြီး ရုပ် ခပ်ကြမ်းကြမ်း မုတ်ဆိတ်နှင့် လူတစ်ယောက် လာပြီး ဂေါ်ဖရီကို တွေ့ချင်လို့ ဆိုပြီး စာတိုကလေး တစ်စောင် အပေးခိုင်းတယ်လို့ လာပြောပါတယ်၊ ဂေါဖရီလည်း မအိပ်သေးတော့ ပေါ်တာကလေးက သူ့ဆီကို သွားပို့တယ် ခင်ဗျ၊ စာကိုလည်း ဖတ် ပြီး ရော ဂေါဖရီဟာ ငှက်ပျောပင်ကြီးကို အရင်းက ဖြတ်ချလိုက်သလို ကုလားထိုင်ပေါ်ကို လဲကျသွားသတဲ့ ခင်ဗျ၊ ဒီတော့ ပေါ်တာကလည်း လန့်ပြီး ကျွန်တော့်ဆီကို ပြေးလာပြီး ခေါ်မယ် အလုပ်မှာ ဂေါဖရီက တားထားသတဲ့၊ သူ့ ဘာသာသူ ရေတစ်ခွက် သောက်၊ ပြန် [illegible] ဆည်ပြီး အောက်ထပ်ကို ဆင်းသွားတယ်၊ အောက်ရောက်တော့ ခန်းမထဲမှာ စောင့်နေတဲ့ အဲဒီ လူနှင့် စကား ပြောပြီး နှစ်ယောက် အပြင်ကို ထွက်သွားကြတယ်၊ ပေါ်တာက လှမ်းကြည့်လိုက်တော့ ကမ်းနားလမ်းဘက်ဆီကို နှစ်ယောက် [illegible] သွားကြတာကို နောက်[illegible] မြင်လိုက်ရတယ် ခင်ဗျ၊ ဒီနေ့ မနက်ကျတော့ [illegible] ဖရီ အခန်းမှာ သူ့ကို မတွေ့ရဘူး၊ အိပ်ရာကလည်း အိပ်ထားတဲ့ လက္ခဏာ [illegible] ဘူး၊ ပစ္စည်းတွေကတော့ ကျွန်တော် မနေ့ည သူ့ အခန်းကို ရောက်တုန်း [illegible] အတိုင်းပဲ ခင်ဗျ၊ ဘာမှ ခြေရာလက်ရာ မပျက်ဘူး၊ အဲဒီ လူစိမ်းနှင့် ထွက်[illegible] လိုက်တာ ခုထက်ထိ ပြန်ပေါ်မလာတော့တာပဲ ခင်ဗျ၊ ကျွန်တော်တော့ ပြန်[illegible]





မယ် မထင်တော့ပါဘူး ခင်ဗျာ၊ ဂေါဖရီဟာ တကယ့် အားကစားသမား ခင်ဗျ၊ တော်တော် အရေးကြီးတဲ့ ကိစ္စ ရှိလို့သာ ပြန်မလာတာ ဖြစ်မှာပဲ၊ နို့မဟုတ်ရင် လေ့ကျင့်ခန်းလည်း အပျက် ခံမယ့် လူစားမျိုး မဟုတ်ဘူး၊ ပြီးတော့ အသင်း ကပ္ပတိန်ကိုလည်း ဒီလို မျက်နှာ ပျက်အောင် လုပ်မယ့် လူစားမျိုး မဟုတ်ပါဘူး၊ ကျွန်တော့် အထင်တော့ ဂေါဖရီဟာ ပြန်လာတော့မယ် မထင်တော့ပါဘူး၊ သွားပြီ ထင်ပါရဲ့'

ရှားလော့ဟုမ်းသည် ထူးခြားသည့် ထိုအဖြစ်အပျက်ကို စိတ်ပါဝင်စားစွာ နားထောင်လျက် ရှိလေ၏။

'ဒီတော့ ကိုရင် ဘာလုပ်သလဲ'

'ဂေါဖရီနှင့် ပတ်သက်လို့ ဘာသတင်းများ ကြားသလဲလို့ ကိန်းဗရစ်ကို လှမ်းပြီး သံကြိုးနှင့် မေးပါတယ်၊ ခု သံကြိုး ပြန်စာ ရပါပြီ၊ ဘာသတင်းမှ မကြားဘူးတဲ့၊ အဲဒီမှာလည်း မရှိဘူးတဲ့'

'အဲဒီအချိန်မှာ ကိန်းဗရစ်ကို ပြန်သွားလို့ ရသေးသလား'

'ရပါတယ် ခင်ဗျာ၊ ဆယ့်တစ်နာရီ ဆယ့်ငါးမိနစ်မှာ နောက်ဆုံး ရထား ရှိပါတယ်'

'ဒါပေမဲ့ ခု ကိုရင် စုံစမ်းလို့ ရသလောက် ဆိုရင် သူ အဲဒီ ရထားနှင့်လည်း ပါမသွားဘူး မဟုတ်လား'

'မပါပါဘူး၊ အဲဒီမှာလည်း မရှိဘူးလို့ ပြောပါတယ်'

'ဒီနောက် ကိုရင်လေး ဘာလုပ်သလဲ'

'ကျွန်တော် လော့ဒ် မောင့်ဂျိမ်းဆီကို ကြေးနန်း ရိုက်ပါတယ်'

'ဘာဖြစ်လို့ သူ့ဆီကို ကြေးနန်း ရိုက်တာလဲ'

'ဂေါဖရီက မိဘမဲ့ပါ ခင်ဗျာ၊ လော့ဒ် မောင့်ဂျိမ်းက သူ့ ရှိတဲ့ အနီးစပ်ဆုံး ဆွေမျိုးပါ၊ ဦးလေး တော်တယ်လို့ ကျွန်တော် ထင်ပါတယ်'

'ဟုတ်ပြီဗျ၊ ဒီလိုဆိုရင် လမ်းစ နည်းနည်းတော့ ပေါ်လာပြီ၊ လော့ဒ် မောင့်ဂျိမ်း ဆိုတာ အင်္ဂလန်မှာ အချမ်းသာဆုံး လူတစ်ယောက် မဟုတ်လား'

'ဟုတ်ကဲ့၊ ဂေါဖရီ ပြောဖူးပါတယ်'

'ကိုရင်လေးရဲ့ လူနှင့် လော့ဒ် မောင့်ဂျိမ်းနှင့် တော်တော် ရင်းတာပေါ့'

'ဟုတ်ကဲ့၊ ဂေါဖရီက သူ့ အမွေစား အမွေခံပါ၊ အဘိုးကြီးက အသက်ရှစ်ဆယ်လောက် ရှိပါပြီ၊ ပြီးတော့လည်း နာတာရှည် လူမမာကြီး ခင်ဗျ၊ အ[illegible] လည်း ကပ်စေးနှဲသတဲ့၊ ဘီလီယက် ထိုးဖို့ ကျူတံကို ကိုင်တာတောင်မှ [illegible]ဆံ



www.burmeseclassic.com

www.burmeseclassic.com



ကုန်မှာ စိုးလို့ မြေဖြူ မသုံးဘူးတဲ့ ခင်ဗျ၊ လက်ကောက်ဝတ်ရိုးပေါ် တင်ကိုင်သတဲ့၊ ပြီးတော့လည်း ဂေါ်ဖရီကို ပိုက်ဆံ ပေးတာလည်း တိုင်းပေးသတဲ့၊ တစ်ပြားမှ အပို မပေးဘူးတဲ့၊ ဒါပေမဲ့ သူ ဘယ်လောက်ပဲ ကပ်စေးနဲ့နဲ့ ဒီအမွေတွေ အားလုံးကို ဂေါ်ဖရီ ရမှာပေါ့ ခင်ဗျာ'

'ဒါဖြင့် လော့ဒ် မောင့်ဂျိမ်းဆီကကော ဘယ်လို အကြောင်းပြန်သလဲ'

'ဘာမှ မပြန်ဘူး ခင်ဗျ'

'လော့ဒ် မောင့်ဂျိမ်းဆီကို ကိုရင့်လူ သွားရင် ဘာကိစ္စ သွားမယ်လို့ ထင်သလဲ'

'မနေ့ညက သူ့ကို ကြည့်ရတာကတော့ တော်တော် စိတ်ညစ်နေတဲ့ ပုံပဲ ခင်ဗျ၊ ငွေရေးကြေးရေးနှင့် ပတ်သက်လို့ စိတ်ညစ်တာမျိုး ဖြစ်ရင်တော့ ပိုက်ဆံ အရှိဆုံးနှင့် အရင်းဆုံး ဖြစ်တဲ့ သူ့ ဦးလေးဆီကို သွားမယ်လို့ ထင်တာပဲ၊ ဒါပေမဲ့ ကျွန်တော် ကြားဖူးသလောက် ပြောရရင်တော့ သူ့ဆီ သွားလို့လည်း တစ်ပြား တစ်ချပ်မှ ရခဲ့မှာ မဟုတ်ပါဘူး၊ ဂေါ်ဖရီကလည်း အဘိုးကြီးကို သိပ် ကျေနပ်တာ မဟုတ်ဘူး ခင်ဗျ၊ ဖြစ်နိုင်လို့ ရှိရင်တော့ သွားမယ် မထင်ဘူး၊ အင် မတန် မတတ်သာလွန်းလို့သာ ဖြစ်လိမ့်မယ်'

'အင်း၊ ဒီကိစ္စကို မကြာခင် သိရလိမ့်မယ် ထင်ပါတယ်လေ၊ ကိုရင့် မိတ်ဆွေဟာ သူ့ ဦးလေးဆီကို သွားရိုး မှန်ရင်တော့ အဲဒီ ရုပ် ခပ်ကြမ်းကြမ်း လူ ညကြီး အချိန်မတော် သူ့ကို လာတွေ့တာရယ်၊ သူ လာတဲ့ အခါမှာ ဣန္ဒြေ မဆည်နိုင်အောင် ဖြစ်တာတွေရယ်၊ ဒါတွေ ဘာဖြစ်လို့လဲ ဆိုတာ ဆက်စပ် တွေး ရလိမ့်မယ်ဗျ'

အိုဗာတန်သည် မျက်နှာကို လက်ဝါးဖြင့် အုပ်လိုက်ပြီးလျှင်

'ကျွန်တော်တော့ ဘယ်လိုမှ မတွေးတတ်အောင် ဖြစ်နေပြီ ခင်ဗျာ'

'ထားပါတော့လေ၊ ကျုပ်မှာလည်း ဒီနေ့ တစ်နေ့လုံး အားနေပါတယ်၊ ကျုပ် စုံစမ်းကြည့်ပါ့မယ်၊ ကျုပ် အကြံ ပေးချင်တာကတော့ ဂေါ်ဖရီရဲ့ ကိစ္စကို ဘာမှ မပြောဘဲနှင့် ကိုရင်တို့ ဘောပွဲကို ကန်ဖြစ်အောင် ကန်ပါ၊ ကြည့်ရတာ ကတော့ ကိုရင် ပြောတဲ့ အတိုင်း တော်တော် အရေးကြီးတဲ့ ကိစ္စ ရှိလို့ ဒီ(ဂ) ထွက်သွားတာ ဖြစ်ပါလိမ့်မယ်၊ ဒီတော့ အဲဒီ ဟိုတယ်ကို ကျုပ်တို့ပါ လိုက်မဲ့ မယ်၊ ပေါ်တာကို မေးကြည့်ရင် နောက်ထပ် သတင်းကလေး ဘာလေး ထူး(ဂ)ို ထူးငြားပေါ့'

လက်လုပ်လက်စား ဆင်းရဲသား သက်သေများကို စစ်မေးရာတွင် ဂျူ





တို့ ရဲရဲတင်းတင်း ပြောချင်လာအောင် ရေလာမြောင်းပေး လုပ်ပေးရာ၌ ရှား လော့ဟုမ်းမှာ ရှာမှ ရှားသူ တစ်ယောက် ဖြစ်ပေ၏။ ခဏကြာလျှင် ရှားလော့ ဟုမ်းသည် ဂေါ်ဖရီ စတောင်တန်၏ အခန်းထဲတွင် ပေါ်တာကို စစ်မေးလျက် ရှိလေ၏။ ယမန်နေ့ ညက ဂေါ်ဖရီထံသို့ ရောက်လာသူမှာ ကြေးရတတ်ထဲက လည်း မဟုတ်၊ လက်လုပ် လက်စားထဲကလည်း မဟုတ်ကြောင်းဖြင့် ပြောပြ ၏။

ထိုသူမှာ ပေါ်တာ ပြောသည့် စကား အတိုင်း ပြောရလျှင် 'အလယ် အလတ်တန်းစား' ထဲမှ ဖြစ်၍ မုတ်ဆိတ် ဖြူဖြူနှင့် အသက် ငါးဆယ်ခန့် ရှိပြီးလျှင် ခပ် နွမ်းနွမ်း ဝတ်စားထားသည်ဟု သိရပေ၏။ ထိုလူ ကိုယ်တိုင်မှာ လည်း အနည်းငယ် တုန်လှုပ် ချောက်ချားနေဟန် ရှိသည် ဆို ၏။ စာကို လှမ်းပေးသည့် အခါ တွင် ထိုလူ၏ လက်များမှာ တုန် ယင်လျက် ရှိခြင်းကို ပေါ်တာ သတိ ပြုလိုက်မိ၏။

ဂေါ်ဖရီ စတောင်တန် သည် စာကို အိတ်ထဲသို့ ထိုး ထည့်လိုက်၏။ စတောင်တန် သည် ခန်းမထဲတွင် ထိုလူနှင့် လက်ဆွဲ နှုတ်ဆက်ခြင်း မပြု ချေ။ သူတို့ နှစ်ယောက်သည် စကား အနည်းငယ် ပြောရာတွင် အချိန် ဆိုသည့် စကားကိုမူ ကောင်း ကောင်း ကြားလိုက်မိ ကြောင်းဖြင့် ပေါ်တာက ပြော ဆိုခြင်း ပြုလေ၏။ ထို့ နောက် တွင် ၎င်းတို့ နှစ်ယောက်သည်



'ဂေါ်ဖရီ အတွက် စာတို့ ဘာတို့ လာသေးသလား'



www.burmeseclassic.com

www.burmeseclassic.com


အထက်ပါအတိုင်း ခပ်သုတ်သုတ် ထွက်သွားသည်ကို မြင်လိုက်သည် ဆို၏။ ၎င်းတို့ နှစ်ယောက် ထွက်သွားသည့် အချိန်၌ ခန်းမထဲမှ နာရီမှာ ဆယ်နာရီ နေလေပြီ။ ရှားလော့ဟုမ်းသည် ဂေါဖရီ၏ အိပ်ရာပေါ်တွင် ထိုင်လိုက်ပြီးနော

'မင်းက နေ့လယ်ပိုင်း ဂျူတီကျတဲ့ ပေါ်တာနော်၊ ဟုတ်တယ် မဟု လား'

'ဟုတ်ပါတယ်၊ ဆယ့်တစ်နာရီ ဆိုရင် ဂျူတီ လဲပါတယ်'

'ည ဂျူတီ ကျတဲ့ ပေါ်တာကတော့ ဘာမှ မမြင်လိုက်ဘူးပေါ့'

'မမြင်လိုက်ပါဘူး ခင်ဗျာ၊ မနေ့ညတုန်းက ဓာတ်ပွဲက ပြန်လာတဲ့ ဧ သည် တစ်သိုက်ပဲ ရှိပါတယ်၊ ဒီပြင် ဘယ်သူမှ မလာပါဘူး'

'မနေ့က တစ်နေ့လုံး မင်း ဂျူတီ ကျနေတယ်ပေါ့'

'ဟုတ်ပါတယ်'

'ဂေါဖရီ အတွက် ဒီပြင် စာတို့ ဘာတို့ လာသေးသလား'

'လာတယ် ခင်ဗျ၊ ကြေးနန်း တစ်စောင် လာတယ်'

'အင်း၊ တော်တော်တော့ စိတ်ဝင်စားစရာ ကောင်းသားပဲ၊ ဘယ် အ က လာတာလဲ'

'ညနေ ခြောက်နာရီလောက် လာပါတယ် ခင်ဗျာ'

'အဲဒီ ကြေးနန်းကို သွားပေးတော့ ဂေါဖရီက ဘယ်မှာလဲ'

'ဒီအခန်းထဲမှာပါပဲ'

'ကြေးနန်းကို မင်း ရှေ့မှာ ဖောက်ဖတ်သလား'

'ဟုတ်ပါတယ်၊ ဘာများ ပြန်ပြောစရာ ရှိသေးသလဲလို့ ကျွန်တော် စောင့်နေပါတယ်'

'ဟုတ်ပြီ၊ သူက ဘာပြန်ပြောသလဲ'

'ကြေးနန်း တစ်စောင် ပြန်ရေးပါတယ်'

'ဒီကြေးနန်းကို မင်း ယူသွားပြီး ရိုက်ပေးရသလား'

'မဟုတ်ပါဘူး ခင်ဗျာ၊ သူကိုယ်တိုင် သွားရိုက်ပါတယ်'

'မင်းရှေ့မှာတွင် ရေးတာ မဟုတ်ဘူးလား'

'ဟုတ်ပါတယ်၊ ကျွန်တော်က တံခါးနားမှာ ရပ်နေပါတယ်၊ သူ ကျွန်တော့်ကို ကျောပေးပြီး စားပွဲမှာ ထိုင်ရေးနေတာပါ၊ ရေးပြီးတော့ ပြန်ချင် ပြန်တော့၊ ငါဘာသာ ငါပဲ ရိုက်တော့မယ်လို့ ပြောပါတယ်'

'ကြေးနန်းစာကို ဘာနှင့် ရေးသလဲ'



'ကလောင်တံနှင့် ရေးပါတယ်'

'သူ ရိုက်တဲ့ ကြေးနန်း စာရွက်က စားပွဲပေါ်မှာ ရှိတဲ့ ကြေးနန်း ပုံစံ စာအုပ်ထဲမှာ ရေးတာ မဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျာ၊ အပေါ်ဆုံး စာအုပ်ထဲမှာ ရေးတာပါ'

ရှားလော့ဟုမ်းသည် ထိုင်ရာမှ ထလိုက်၏။ ထို့နောက် ကြေးနန်း ပုံစံ စာအုပ်ကို ယူကာ ပြတင်းပေါက် အလင်းရောင်တွင် ထောင်၍ အပေါ်ဆုံး စာရွက်ကို သေချာစွာ စစ်ဆေး ကြည့်ရှုလျက် ရှိလေ၏။

ရှားလော့ဟုမ်းသည် စိတ်ပျက်လက်ပျက်ဖြင့် ပခုံးကို တွန့်လိုက်ရင်း ကြေးနန်း ပုံစံ စာအုပ်ကို ပစ်ချလိုက်ရာမှ

'ခဲတံနှင့် မရေးတာ တော်တော် ခုက္ခသွားတယ်ဗျ၊ ခင်ဗျားလည်း သိသားပဲ၊ ခဲတံနှင့် ရေးရင် တော်တော်တန်တန်ဟာကို ဖတ်လို့ ရတယ်ဗျ၊ ဒီလို ခဲတံနှင့် ရေးထားတာမျိုးကို အစ ကောက်နိုင်ခဲ့လို့ တချို့ လက်ထပ်ပွဲတွေ ပျက်သွားတာ ခင်ဗျား မြင်ခဲ့သားပဲ၊ ခုတော့ ဒီကြေးနန်း ပုံစံ စာရွက်ပေါ်မှာ ဘာမှ ခြေရာ ကောက်လို့ မရဘဲ ဖြစ်နေတယ်၊ သို့တိုင်အောင် ကလောင်သွား ကြီးကြီး တပ်တဲ့ ငှက်မွေး ကလောင်တံနှင့် ရေးထားတဲ့ အတွက် ယောဒီ မင်နှိပ် စက္ကူပေါ်မှာတော့ ခြေရာကောက်လို့ ရမယ် ထင်တာပဲ၊ ဟုတ်ပြီဗျို့၊ ယောဒီမှာ တွေ့ပြီ'

ရှားလော့ဟုမ်းသည် မင်နှိပ် စက္ကူ တစ်ပိုင်းကို ဆုတ်လိုက်ပြီးလျှင် အောက်ပါ စာတန်းများကို ပြသလေ၏။



အိုဗာတန်မှာ စိတ် တုန်လှုပ် ချောက်ချားလျက် ရှိကာ 'မှန်တစ်ချပ် ရှေ့ ထောင်ပြီး ဖတ်ကြည့်စမ်း ခင်ဗျာ' ဟု ပြောဆိုလေ၏။

'မလိုပါဘူးဗျ၊ စက္ကူက ခပ်ပါးပါးကလေးပဲ၊ ထောင်ကြည့်လိုက်ရင် သိပါတယ်'

ရှားလော့ဟုမ်းက စာရွက်ကို ထောင်ကြည့်လိုက်သည့် အခါတွင် တို့သည် အောက်ပါ စာတန်းကို မြင်ကြရလေ၏။


www.burmeseclassic.com

www.burmeseclassic.com



## ဖြစ်တဲ့နည်းနဲ့ ကျွန်တော်တို့ကို ကယ်ပါ

'ဒါဟာ ဂေါ်ဖရီ ပျောက်မသွားခင် နောက်ဆုံး ရိုက်ခဲ့တဲ့ ကြေးနန်းစာထဲက အဆုံးပိုဒ်ဗျ၊ ကြေးနန်း စာရွက်ထဲမှာ ကျုပ် မတွေ့လိုက်တဲ့ စာလုံး အနည်းဆုံး ခြောက်လုံးလောက်တော့ ရှိလိမ့်မယ်၊ သို့သော်လည်း ခု တွေ့ရတဲ့ ဖြစ်တဲ့နည်းနှင့် ကျွန်တော်တို့ကို ကယ်ပါ ဆိုတဲ့ စာတန်းကို ထောက်ရင် ဂေါ်ဖရီမှာ တော်တော် ကြီးကျယ်တဲ့ ဘေးအန္တရာယ်ကြီး တစ်ခု တွေ့နေတယ် ဆိုတာရယ်၊ ဒီအန္တရာယ်က ကယ်နိုင်သူ တစ်ယောက်ယောက် ရှိနေတယ် ဆိုတာရယ် ထင်ရှားတယ်ဗျ၊ ကျွန်တော်တို့ ဆိုတဲ့ စကားလုံးကို သတိ ထားနော်၊ ကျွန်တော်တို့လို့ ဆိုလိုက်ခြင်းအားဖြင့် သူတစ်ယောက်တည်း မဟုတ်ဘဲ တခြား တစ်ဦး တစ်ယောက် ရှိနေသေးတယ် ဆိုတာ ထင်ရှားနေတယ်၊ ဒါဖြင့် ဒီလူဟာ ဘယ်သူ ဖြစ်နိုင်သလဲ၊ သူ့ဆီကို စာလာပေးတဲ့ မျက်နှာ ဖျော့ဖျော့နှင့် ကတုန်ကယင် ဖြစ်နေတဲ့ လူမှ အပ တခြား ဘယ်သူမှ မဖြစ်နိုင်ဘူးဗျ၊ ကောင်းပြီ၊ ဒါဖြင့်ရင် ဂေါ်ဖရီနှင့် ဒီလူ ကြားမှာ ဘယ်လို အဆက်အသွယ် ရှိသလဲ၊ သူတို့ နှစ်ယောက်က နေပြီး အကာအကွယ် တောင်းခံနေတဲ့ သူဟာ ဘယ်သူလဲ၊ ခု ကျုပ်တို့ အဲဒီအချက်ကို စပြီး စုံစမ်းရလိမ့်မယ်'

'ကြေးနန်းက ဘယ်ကို ပို့တဲ့ ကြေးနန်းလဲ ဆိုတာကို စုံစမ်းဖို့ လိုလိမ့်မယ် ထင်တယ်' ဟု ကျွန်ုပ်က ပြောလိုက်၏။

'လိုပါသော်ကောဗျ၊ ခင်ဗျား ပြောသလို ကျုပ်လည်း စဉ်းစားတော့ စဉ်းစား လိုက်မိပါရဲ့၊ သို့သော်လည်း စာတိုက်ထဲကို ဝင်ပြီး သူများ ရိုက်ထားတဲ့ ကြေးနန်း လက်ခံ မိတ္တူတွေကို တောင်းကြည့်ဖို့ ဆိုတဲ့ ကိစ္စက သိပ်တော့ လွယ်တဲ့ ကိစ္စ မဟုတ်ပေဘူးဗျ၊ သက်ဆိုင်သူ ကြေးနန်းရုံက ပုဂ္ဂိုလ်များကလည်း ဝန်လေးကောင်း ဝန်လေးကြပေလိမ့်မယ်၊ ပြီးတော့လည်း ရုံးကိစ္စ ဆိုတော့ ကြေးနန်း စာရွက် မိတ္တူတွေကို ကြည့်ခွင့်ရအောင် ဟိုစာ တင်ရ ဟိုမင်းကြီးကို ဝင်တွေ့ပြီး ခွင့်တောင်းရ ဆိုတော့ အချိန် နှောင်းသွားနိုင်တယ်၊ သို့သော်လည်း ကိုယ့်နည်းနှင့် ကိုယ် သိမ်သိမ်မွေ့မွေ့ ဖြစ်အောင် လုပ်ရမှာပေါ့ဗျာ၊ ခုလောလောဆယ်မှာတော့ ယောဟို့ စားပွဲမှာ ရှိတဲ့ စာရွက်တွေကို ခင်ဗျား ရှေ့မှာပဲ ကျုပ်တို့ ကြည့်ချင်တယ် မစ္စတာ အိုဗာတန်'





စားပွဲပေါ်၌ စာများ၊ ဘီလ် စာရွက်များနှင့် မှတ်စု စာအုပ်များ ရှိလေရာ ရှားလော့ဟုမ်းသည် သေးသွယ် တုန်ယင်သော လက်များဖြင့် စာရွက်များကို တဖျပ်ဖျပ် လှန်လှောကာ စူးရှသည့် မျက်လုံးများဖြင့် စစ်ဆေး ကြည့်ရှုလျက် ရှိလေ၏။ နောက်ဆုံးတွင် ရှားလော့ဟုမ်းက

'ဒီမှာတော့ ဘာမှ ထူးထူးခြားခြား မတွေ့ဘူးဗျ၊ ဒါထက် ခင်ဗျား မိတ်ဆွေဟာ တော်တော် ကျန်းမာရေး ကောင်းတယ်နော်၊ ဘာမှ မဖြစ်ဘူးနော်'

'မာလိုက်သမှ ခင်ဗျာ၊ ဒေါင်ဒေါင်ကို မြည်နေတာပဲ'


'တစ်ခါမှ နေထိုင်မကောင်းတာကို မမြင်ဖူးဘူးလား'

'မမြင်ဖူးဘူး ခင်ဗျ၊ တစ်ခါတုန်းကတော့ ဘောပွဲမှာ ဖိနပ်နှင့် ညှိုသကျည်းကို အကန် ခံရလို့ ထမ်း ထုတ်သွားရဖူးတယ်၊ ပြီးတော့ ဒူးဆစ် တစ်ခါ လွဲသွားဖူးတယ်၊ ဒါပေမဲ့ ဒါတွေက အသေးအဖွဲတွေပါ ခင်ဗျာ'

'ကြည့်ရတာကတော့ ကိုရင့် လူဟာ ကိုရင် ထင်သလောက် မာမာချာချာ ရှိပုံ မရဘူးဗျ၊ သူ့မှာ ပြဿနာ တစ်ခုခု ရှိပုံရတယ်၊ ကိုရင် သဘောတူရင် ဟောဒီ စာရွက် တစ်ရွက် နှစ်ရွက်လောက်ကို ကျုပ် ယူသွားချင်တယ်ဗျ၊ နောက် ကျုပ်တို့ စုံစမ်းတဲ့ အခါမှာ အထောက်အကူ ရလို ရငြားပေါ့'

'ဗျို့ လူတွေ၊ ဘာ ဝင်လုပ်နေကြတာလဲ၊ နေဦး'

ဒေါသတကြီးဖြင့် ပြောလိုက်သည့် အသံ တစ်သံကို ကြားလိုက်ရသည့် အတွက် ကျွန်ုပ်တို့ လှည့်ကြည့်လိုက်ကြရာ တံခါးဝတွင် ရပ်လျက် ရှိသည့် ခပ် သေးသေးညှက်ညှက် အဘိုးကြီး တစ်ယောက်ကို တွေ့ရလေ၏။ ထိုလူမှာ သံချေးရောင် ကုတ်အင်္ကျီ



'ဗျို့ လူတွေ၊ ဘာဝင်လုပ်နေကြတာလဲ၊ နေဦး'



www.burmeseclassic.com

www.burmeseclassic.com



အနားပတ်ကြီးကြီး ဦးထုပ်ကြီး တစ်လုံးနှင့် အဖြူရောင် လည်စည်းတို့ကို ဝတ်ဆင်ထားသဖြင့် ရုတ်တရက် ကြည့်လိုက်လျှင် ကျေးလက်မှ ဓမ္မ ကထိက ယောင်ယောင် သုဘရာဇာ ယောင်ယောင် ဖြစ်နေလေ၏။

ထိုသို့ ကိုးရိုးကားရား ဝတ်စားထားသည့်တိုင် သူ့ အသံမှာ ခပ်စူးစူးနှင့် ရန်လိုသော သဘောရှိပြီး သူ့ အမူအရာမှာလည်း တစ်ဖက်သား သတိ မပြုဘဲ မနေနိုင်လောက်အောင် ခပ်ထန်ထန် ဖြစ်နေသည်ကို တွေ့ရပေ၏။

'နေစမ်းပါဦး၊ ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ဘာ့ကြောင့် အခွင့် မရှိ ဒီစာရွက်တွေကို ကြည့်ရတာလဲ'

'ကျွန်တော်က စုံထောက်ပါ၊ အဲဒီ သူငယ် ပျောက်သွားတဲ့ အတွက် လာစုံစမ်းတာပါ'

'ဪ ခင်ဗျားတို့က စုံထောက်တွေကိုး၊ နေစမ်းပါဦး၊ ဘယ်သူက စုံထောက် ခိုင်းလို့ ခင်ဗျားတို့က ခုလို လာပြီး စုံထောက် ရတာလဲ'

'ဂေါဖရီရဲ့ မိတ်ဆွေ ဟောဒီ ကိုရင်လေးကို စကော့တလန်ယာဒ် စုံထောက် အဖွဲ့က ကျွန်တော့်ဆီကို လွှတ်လိုက်တဲ့ အတွက် လိုက်လာရတာပါ'

'ဒါဖြင့် ကိုရင်လေးကကော ဘယ်သူတုံး'

'ကျွန်တော်က စီရယ် အိုဗာတန်ပါ'

'ကျုပ်ဆီကို ကြေးနန်း ရိုက်လိုက်တာ ကိုရင်လေးပေါ့ ဟုတ်စ၊ ကျုပ်က လော့ဒ် မောင့်ဂျိမ်းတဲ့ဗျ၊ ကျုပ် အခု အမြန်ဆုံး ဘေးစ်ဝါတာ အဝေးပြေး ရထားနှင့် ချက်ချင်း လိုက်လာတာ၊ ဒါဖြင့် စုံထောက်ကို ကိုရင် သွားခေါ်တာပေါ့၊ ဟုတ်စ'

'ဟုတ်ပါတယ် ခင်ဗျာ'

'ကုန်ကျစရိတ်တွေကို ကိုရင်က ခံမှာလား'

'ရှာလို့ တွေ့တယ် ဆိုရင် ကျွန်တော့် မိတ်ဆွေ ဂေါဖရီက မနေပါဘူး ခင်ဗျာ၊ သူက အကုန်အကျ ခံမှာပါ'

'သူ့ကို ရှာလို့ မတွေ့ရင်ကော ဘယ့်နှယ် လုပ်မလဲ၊ ကျုပ် မေးတာကို ဖြေစမ်းပါ'

'သူ့ကို ရှာမတွေ့ဘူး ဆိုရင်တော့ သူ့ မိသားစုများက ...'

'ဘာ သူ့ မိသားစုရမှာလဲ၊ ဒါမျိုး လုပ်လို့ ဘယ်ဖြစ်မလဲ၊ ကျုပ်ဆီတော့ တစ်ပြားမှ လာမတောင်းနှင့်၊ တစ်ပြားဆို တစ်ပြားမှ မပေးဘူး၊ ဒီမှာ စုံထောက်ကြီး၊ ခင်ဗျား သိထားဖို့က သူ့မှာ မိသားစု ဆိုလို့ ကျုပ်ပဲ ရှိတယ်ဗျ၊ ကျုပ်က





တော့ မခံနိုင်ဘူး၊ ခုကတည်းက ရှင်းရှင်း ပြောထားလိုက်မယ်၊ ကျုပ်က ပိုက်ဆံကို တစ်ပြား တစ်ချပ်မှ အလဟဿ ဖြုန်းတီးပစ်တဲ့လူ မဟုတ်တော့ ဒီလို ကိစ္စမျိုး ဆိုရင် အကုန်အကျ ခံလိမ့်မယ်လို့ ထင်ပုံကျတယ်၊ မခံနိုင်ဘူးဗျ၊ ဟိုတုန်းကလည်း ကျုပ် အလဟဿ အကုန် မခံဘူး၊ ခုလည်း အကုန်အကျ မခံဘူး၊ ခု သူ့စာရွက်စာတမ်းတွေကို ခင်ဗျားတို့ မွှေနှောက် ကြည့်နေကြတယ်၊ အဲဒီ စာရွက်စာတမ်းတွေထဲမှာ အဖိုးတန် စာရွက် စာတမ်းတွေများ ပါခဲ့လို့ရှိရင် ကိုရင်တို့ အားလုံးရဲ့ တာဝန်ပဲ ဆိုတာ ကျုပ် ပြောလိုက်မယ်'

ရှားလော့ဟုမ်းက

'ဟုတ်ပါပြီ ခင်ဗျာ၊ သို့သော်လည်း ခုလောလောဆယ် ဦးကို တစ်ခွန်းတော့ မေးပါရစေ၊ ဦးရဲ့ တူ ပျောက်သွားတာနှင့် ပတ်သက်လို့ကော ဦး ဘယ်လိုများ ထင်မြင်မိပါသလဲ'

'ဒါတော့ ကျုပ် ဘယ်ပြောတတ်မလဲဗျ၊ သူလည်း သူ့ကိုယ်သူ ထိန်းနိုင်တဲ့ အရွယ် ရောက်ပြီပဲ၊ ဒီလောက် အရွယ်ကြီး ရောက်တာမှ ကိုယ့်ကိုယ်ကိုယ် မထိန်းတတ်ဘူး ဆိုရင်တော့ ကျုပ်လည်း မတတ်နိုင်ဘူး၊ ကျုပ်ကတော့ သူ့ကို လိုက်ရှာဖို့ တာဝန် မယူနိုင်ဘူး'

စိတ်ပျက်သည့် လက္ခဏာဖြင့် ရှားလော့ဟုမ်း၏ မျက်လုံးများသည် အရောင် တလက်လက် တောက်ပလာကြကာ

'ဟုတ်ပါပြီ ခင်ဗျာ၊ ဦးရဲ့ အနေအထားကို ကျွန်တော်တို့ ကောင်းကောင်း နားလည်ပါပြီ၊ ကျွန်တော့် အနေအထားကိုတော့ ဦး ကောင်းကောင်း နားလည်ချင်မှ နားလည်မယ်ပေါ့၊ ကြည့်ရတာကတော့ ဂေါဖရီ စတောင်တန်ဟာ တော်တော်လေး ဆင်းရဲ နွမ်းပါးပုံ ကျတယ် ခင်ဗျ၊ အကယ်၍ သူ့ကို ပြန်ပေးဆွဲတယ် ဆိုရင်တော့ သူ ပိုင်တဲ့ ပစ္စည်းကို လိုချင်လို့ ဆွဲတာမျိုး မဖြစ်နိုင်ဘူး၊ ဦး ဘယ်လောက် ချမ်းသာတယ် ဆိုတာကလည်း တိုင်းသိ ပြည်သိ ခင်ဗျ၊ ကျွန်တော့် အထင်ကို ပြောရမယ် ဆိုရင်တော့ လူဆိုး တစ်သိုက်က ဦးရဲ့ အိမ်၊ ဦးရဲ့ ပစ္စည်းတွေနှင့် ဦးရဲ့ စရိုက်တွေ အကြောင်းကို မေးချင်တာနှင့် သူ့ကို ခေါ်သွားတာ ဖြစ်မယ်လို့ ထင်တာပဲ'

ဘုကျသည့် အဘိုးကြီး၏ မျက်နှာသည် သူ့ လည်တွင် ပတ်လာသည့် လည်စည်းကဲ့သို့ ဖြူ၍ သွားလေ၏။

'ဗျာ ဘာ ပြောလိုက်တယ်၊ ကျုပ်ဖြင့် ဒီလို တစ်ခါမှ မတွေးမိဘူးဗျာ၊ ဒီလို ဆိုရင်တော့ တော်တော် ယုတ်မာတဲ့ ကောင်တွေပဲ၊ အင်း လေကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် ယုတ်မာတဲ့ လူတွေလည်း ရှိသေးသကိုး၊ တကယ်ကတော့ ကျုပ်တို့ ဂေါ်ဖရီဟာ တကယ် တော်တဲ့ သူငယ်ကလေးပါဗျာ၊ တော်တော်လည်း သတ္တိရှိတဲ့ သူငယ်ပါ၊ ဒီကောင်တွေ ဘယ်လိုပဲ မေး မေး သူ့ ဦးလေး နာတာရှည် လူမမာကြီး ဒုက္ခ ရောက်အောင်တော့ ပြောမှာ မဟုတ်ပါဘူး၊ ဒီလို ဆိုရင်တော့ အိမ်မှာ ထားတဲ့ ပစ္စည်းတွေကို ညနေကျရင် ဘဏ်ကို သွားအပ်ဦးမှ ဖြစ်မယ်၊ စုံထောက်ကြီးရယ် ဒီကောင်တွေကို ရအောင် လိုက်စမ်းပါ၊ သူ့ကို ချောချောမောမော ပြန်ရောက်အောင် တတ်နိုင်သမျှ ကြိုးစားပေးပါ၊ ငွေကြေး အတွက်တော့ နောက်ဆံ မတင်းပါနှင့်၊ လိုတာသာ ပြောပါ'

အဘိုးကြီးသည် စိတ် ပြောင်းသွားပြီး သူ့ တူကို ရှာရန် တိုက်တွန်းနေသည့်တိုင် ဂေါ်ဖရီ၏ ကိုယ်ရေးကိုယ်တာများကို မသိသည့် အတွက် ကျွန်ုပ်တို့အား အထောက်အကူ ဖြစ်စေမည့် မည်သည့် သတင်းမျိုးကိုမှ မပေးနိုင်ချေ။ သို့ဖြစ်လေရာ ကျွန်ုပ်တို့၏ တစ်ခုတည်းသော သဲလွန်စမှာ ကြေးနန်း စာရွက် အပိုင်းအစကလေးသာ ရှိပေ၏။ ရှားလော့ဟုမ်းသည် ထိုကြေးနန်း စာရွက်ကို ကိုင်ကာ ဒုတိယ သဲလွန်စကို ရှာရန် ထွက်လာခဲ့လေ၏။

ကျွန်ုပ်တို့သည် လော့ဒ် မောင့်ဂျိမ်းကို နှုတ်ဆက်ခဲ့ပြီးနောက် အိုဗာတန်မှာလည်း ထိုကိစ္စကို ဘောသမားများနှင့် ဆွေးနွေးရန် ထွက်ခွာသွားလေ၏။ ဟိုတယ်နှင့် မနီးမဝေးတွင် ကြေးနန်းရုံး တစ်ရုံး ရှိရာ ကျွန်ုပ်တို့သည် ကြေးနန်းရုံး ရှေ့တွင် ရပ်လိုက်ကြလေ၏။

'ကြေးနန်းရုံးကို ဝင်ပြီး နည်းနည်းပါးပါး စုံစမ်း ကြည့်သေးတာပေါ့ဗျာ၊ ကျုပ်တို့မှာ ဝရမ်းကလေး ဘာလေး ပါရင်တော့ ကြေးနန်း မိတ္တူ လက်ခံတွေကို တောင်းကြည့်နိုင်တာပေါ့၊ သို့ သော် လည်း ဒီအဆင့် ထိအောင်တော့ မရောက်သေးပါဘူး၊ ဒီလို လူတကာ ဝင်ထွက် သွားလာနေတဲ့ နေရာမျိုးမှာလည်း လာသမျှ လူတွေရဲ့ မျက်နှာတွေကို ဘယ်မှတ်မိနိုင်ပါ့မလဲ၊ ဒီတော့ စမ်းကြည့်သေးတာပေါ့'

ရှားလော့ဟုမ်းသည် ကြေးနန်းရုံးထဲသို့ ရောက်လျှင် ကြေးနန်းရုံး ကောင်တာ သံတိုင်များ နောက်တွင် ရှိသည့် အမျိုးသမီးငယ်ကို အချိုသာဆုံးသော အသံဖြင့်

'ဒီက ငါ့တူမလေးကို အနှောင့်အယှက် ပေးတယ်လို့ သဘောမထားပါနှင့်ကွယ်၊ မနေ့က ဦး ရိုက်လိုက်တဲ့ ကြေးနန်း တစ်စောင်ထဲမှာ အမှား ပါသွားလို့ပါ၊ ခုထက်ထိ ကြေးနန်း ပြန်မလာသေးလို့၊ ကြေးနန်း အဆုံးမှာ ဦးရဲ့ လိပ်စာ





ကို မထည့်လိုက်မိဘူး ထင်တယ်၊ အဲဒီ ကြေးနန်းလေးကို တစ်ဆိတ် ကြည့်ပေးပါလား'

အမျိုးသမီးငယ်သည် ကြေးနန်း လက်ခံ မိတ္တူ တစ်ထပ်ကို လှမ်းယူလိုက်၏။

'ဘယ်နှနာရီက ရိုက်တဲ့ ကြေးနန်းလဲရှင်'

'ခြောက်နာရီကျော်ကျော်လောက်မှာ ရိုက်လိုက်တဲ့ ကြေးနန်းပါ'

'ဘယ်သူ့ဆီကို ရိုက်တဲ့ ကြေးနန်းလဲ'

ရှားလော့ဟုမ်းသည် နှုတ်ခမ်းတွင် လက်ထောက်၍ ပြလိုက်ပြီး ကျွန်ုပ်ကို လှည့်ကြည့်လိုက်လေ၏။

ထို့နောက် ခပ်တည်တည်ဖြင့်

'နောက်ဆုံး စကားလုံးတွေက ဖြစ်တဲ့ နည်းနှင့် ကယ်ပါလို့ ပါတယ်ကွယ်၊ အဖြေ မရတော့ ဦး သိပ်ပြီး စိတ်ပူတာပဲ'

အမျိုးသမီးက ကြေးနန်း လက်ခံကို မိတ္တူ စာရွက် တစ်ရွက် ဆွဲထုတ်လိုက်ပြီးလျှင် 'ဒီကြေးနန်း မဟုတ်လား၊ အောက်မှာ ရိုက်တဲ့ လူရဲ့ လိပ်စာ မပါဘူး' ဟု ဆိုကာ အမျိုးသမီးက ကြေးနန်း စာရွက်ကို ကောင်တာပေါ်သို့ ဖြန့်၍ တင်လိုက်၏။

'ဟုတ်တာပေါ့ကွယ်၊ လိပ်စာမှ မပါတာ၊ ဘယ်မှာ ပြန်ရိုက်တဲ့ ကြေးနန်း ရပါတော့မလဲ၊ ဦးကိုက နမော်နမဲ့ နိုင်တာပါကွယ်၊ ကျေးဇူးပါပဲ တူမရယ်၊ ဦးဖြင့် ခုမှပဲ စိတ်အေးသွားတော့တယ်'

လမ်းမပေါ်သို့ ပြန်ရောက်သည့် အခါ ရှားလော့ဟုမ်းသည် တခစ်ခစ် ရယ်ကာ လက်ချင်း ပွတ်လျက် ရှိလေ၏။

'ဘယ်လိုလဲဗျ' ဟု ကျွန်ုပ်က မေးလိုက်၏။

'ဟန်ကျပြီဗျ၊ ဟန်ကျပြီ၊ ဒီကြေးနန်းကို ကြည့်ရဖို့ ကျုပ် နည်း ခုနစ်နည်းလောက် စဉ်းစားထားတာ၊ ခုတော့ မထင်ဘဲနှင့် ပထမ တစ်နည်းနှင့်တွင် ကိစ္စ ပြီးလာခဲ့ပြီ'

'ကြေးနန်းထဲက ဘာသိခဲ့ရသလဲ'

'ကျုပ်တို့ ထောက်လှမ်းဖို့ အတွက် အခြေခံ ရသွားပြီဗျ' ဟု ဆိုကာ ရှားလော့ဟုမ်းသည် မြင်းရထား တစ်စီးကို လှမ်းခေါ်လိုက်ပြီးလျှင် 'ဟေ့၊ ကင်းခရော့ ဘူတာကို မောင်းစမ်းကွာ' ဟု ခိုင်းလိုက်လေ၏။

'ခရီးရှည် သွားကိန်းများ မြင်သေးသလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်ဗျ၊ ကိန်းဗရစ် တက္ကသိုလ်ကို လိုက်ရလိမ့်မယ် ထင်တယ်၊ လက္ခဏာချက်တွေကတော့ အဲဒီကို ညွှန်နေတယ်'

ဂရေးအင်း လမ်းသို့ အရောက်တွင် ကျွန်ုပ်မှာ မနေနိုင်တော့ဘဲ

'ဂေါ်ဖရီ ပျောက်သွားတာနှင့် ပတ်သက်လို့ ခင်ဗျားမှာ သံသယ ဖြစ်စရာ အကြောင်းများ မြင်နေပြီလားဗျ၊ ကျုပ်တို့ လိုက်ဖူးသလောက်တွေထဲမှာတော့ ဒီလောက် ရည်ရွယ်ချက် ဝိုးတိုးဝါးတား ဖြစ်တဲ့ အမှု ခပ်ရှားရှားရယ်၊ တစ်မှုလောက်ပဲ တွေ့ဖူးသေးတယ်၊ သူ့ ဘကြီးဆီက ငွေ တောင်းချင်လို့ ပြန်ပေးဆွဲတယ်လို့ ခင်ဗျား တကယ်ပဲ ထင်သလား'

'အမှန် ပြောရမယ် ဆိုရင်တော့ ဒီအချက်တွေကို သိပ် မထင်လှဘူးဗျ၊ သူ့ ဘကြီး ကပ်စေးနှဲ ကော်တရာကြီး စိတ်ဝင်စားအောင်သာ ကြံဖန် ပြောလိုက်ရတာ'

'ထင်တဲ့ အတိုင်းလည်း အဘိုးကြီး တော်တော် မျက်လုံး ပြူးသွားသားပဲ၊ ခင်ဗျား တွေးလုံးကလေးကို ပြောစမ်းပါဦး'

'တွေးစရာတွေကတော့ အများကြီးပေါ့ဗျာ၊ အရေးကြီးတဲ့ ဘောလုံးပွဲကြီး စခါနီးတော့မှ ခုလို ဖြစ်သွားတယ် ဆိုတာကတော့ တွေးစရာ တစ်ပုံကြီးပေါ့၊ ပြီးတော့ ပျောက်သွားတဲ့ လူကလည်း ဘောသင်းမှာ တော်တော် အရေးပါတဲ့လူ ဖြစ်နေတယ်၊ ကိန်းဗရစ် အသင်း နိုင်ဖို့ မနိုင်ဖို့ဟာ သူ့အပေါ်မှာ တော်တော်လေး တည်နေတယ်၊ ဒါဟာ တိုက်ဆိုင်မှု ဖြစ်ချင် ဖြစ်မယ်ပေါ့၊ သို့သော် စိတ်ဝင်စားစရာ ကောင်းတာကတော့ အမှန်ပဲဗျ၊ အပျော်တမ်း အားကစားမှာ အလောင်းအစားရယ်လို့တော့ ရှိမှာ မဟုတ်ဘူး၊ သို့သော်လည်း ပွဲကြည့် ပရိသတ်ထဲမှာတော့ အလောင်းအစား တော်တော်များများ ရှိတယ်ဗျ၊ ဒီတော့ မြင်းပွဲမှာ နိုင်ကောင်ကို မပြေးနိုင်အောင် လုပ်သလို ဒီမှာလည်း တစ်ယောက်ယောက်က ဘောသမားကို မကစားနိုင်အောင် လုပ်ထားတာလားမှ မသိတာ၊ နောက် ဖြစ်နိုင်တာ တစ်ချက်က ပျောက်သွားတဲ့ သူငယ်ဟာ ခုလောလောဆယ်မှာ ဘယ်လောက်ပဲ ချို့ငဲ့နေပေမဲ့ လူချမ်းသာ တစ်ဦးရဲ့ အမွေစား အမွေခံဗျ၊ ဒီတော့ သူ့ကို ငွေနှင့် ရွေးဖို့ ပြန်ပေး ဆွဲသွားတာ မဖြစ်ဘူးလို့လည်း မပြောနိုင်ဘူး'

'ခင်ဗျား တွေးလုံးတွေက ဂေါ်ဖရီ ရိုက်တဲ့ ကြေးနန်းနှင့် တခြားစီ ဖြစ်မနေပေဘူးလား'

'မှန်တယ်ဗျ၊ သိပ်တော့ မဆိုင်လှဘူး၊ စင်စစ်ကတော့ ကျုပ်တို့ လက်ဆုပ်လက်ကိုင် စကိုင်တွယ်လို့ ရတာက ကြေးနန်းပဲ ရှိတယ်၊ ဒီတော့ ကြေးနန်း





ကို မျက်ခြည် ပြတ်လို့ မဖြစ်ပေဘူး၊ ခု ကျုပ်တို့ ကိန်းဗရစ်ကို သွားတာက လည်း ဒီကြေးနန်း အကြောင်းကို သိချင်လို့ သွားတာပဲ၊ ခု ကျုပ်တို့ လိုက်ရမယ့် လမ်းက စမ်းတဝါးဝါးတော့ နိုင်တယ်ဗျ၊ သို့သော်လည်း ဘာပဲဖြစ်ဖြစ် ညနေ လောက် ဆိုရင်တော့ ဒီကိစ္စကို ရှင်းနိုင်ကောင်းရဲ့လို့ မျှော်လင့်ရတာပဲ၊ လုံးလုံး မရှင်းနိုင်သေးရင်တောင် အတော်အတန်တော့ ခရီး ရောက်လောက်ပါပြီ'

အိုမင်းလှပြီ ဖြစ်သော တက္ကသိုလ် မြို့သို့ ကျွန်ုပ်တို့ ရောက်သွားသည့် အချိန်တွင် အတော် မှိုးချုပ်နေလေပြီ။ ဘူတာရုံသို့ ရောက်လျှင် ရှားလော့ဟုမ်း သည် မြင်းရထား တစ်စီးကို ငှားကာ ရထားသမားအား ဒေါက်တာ လက်စလီ အမ်းစထရောင်း၏ အိမ်သို့ မောင်းနိုင်းလေ၏။ မိနစ် အနည်းငယ် ကြာသည့် အခါ၌ ကျွန်ုပ်တို့သည် မြို့လယ် လမ်းမကြီးရှိ အတော်ကြီးသည့် အိမ်ကြီး တစ်အိမ် ရှေ့သို့ ရောက်ကြလေ၏။ အစေခံသည် ကျွန်ုပ်တို့အား အိမ်ထဲသို့ ခေါ်သွား ကာ အတော် ကြာအောင် စောင့်ဆိုင်းစေပြီး နောက်၌ ဆေးခန်းထဲသို့ ခေါ်သွား လေရာ စားပွဲတွင် ထိုင်နေသည့် ဆရာဝန်ကြီး ဒေါက်တာ အမ်းစထရောင်းကို တွေ့ရလေ၏။

ဒေါက်တာ အမ်းစထရောင်း၏ အမည်ကို မကြားဖူးသည့် ကျွန်ုပ်သည် ကျွန်ုပ်၏ အသက်မွေးဝမ်းကျောင်း အလုပ် ဖြစ်သော ဆေးကုခြင်းနှင့် မည်မျှ ကင်းကွာ နေကြောင်းကို ထိုအချက်က ပြလျက် ရှိလေ၏။ ဒေါက်တာ အမ်း စထရောင်းမှာ ကိန်းဗရစ် တက္ကသိုလ် အောက်ရှိ ဆေးကောလိပ် တစ်ခုမှ ဌာနမှူး တစ်ဦး ဖြစ်ရုံမျှမက အခြားသော သိပ္ပံပညာများတွင်လည်း ဥရောပတိုက် အထိ နာမည်ကြီးသူ တစ်ဦး ဖြစ်ကြောင်းကို ယခုမှ ကျွန်ုပ် သိရလေ၏။

သူ၏ နာမည်ကို မကြားဖူးသည့်တိုင် ဒေါက်တာ အမ်းစထရောင်းမှာ လေးထောင့် မျက်နှာ အစ်အစ်ကြီးများနှင့် တကွ ထူထဲသော မျက်ခုံးအောက်မှ ကြီးမား ပြူးကျယ်သော မျက်လုံးကြီးများနှင့် ခိုင်မာသော လေးထောင့် မေးရိုး ကြီးတို့ ရှိသည့် အတွက် မြင်ရသူတို့ အထင်ကြီး လေးစားခြင်း မဖြစ်ဘဲ မနေ နိုင်လောက်သည့် ဥပဓိရုပ်မျိုး ရှိသူ ဖြစ်ပေ၏။ ထိုမျှမက ဒေါက်တာ အမ်းစထ ရောင်းမှာ လေးနက်သော အတွေး အခေါ်၊ ဖျတ်လတ် တက်ကြွသော စိတ်ထား၊ ငြီးငြင်စွာ နေထိုင်သော အပြုအမူနှင့် ကြံခိုင်သော စိတ်ဓာတ် ရှိသူ တစ်ဦး ဖြစ် ကြောင်းကိုလည်း ကျွန်ုပ် ချက်ချင်း အကဲခတ်လိုက်မိပေ၏။

ဒေါက်တာ အမ်းစထရောင်းသည် မိတ်ခွေကြီး ရှားလော့ဟုမ်း၏ လိပ် စာ ကတ်ပြားကို လက်တွင် ကိုင်၍ လှမ်းကြည့်လိုက်ပြီးနောက် များစွာ မကျေနပ်



www.burmeseclassic.com

www.burmeseclassic.com





များစွာ ကျေနပ်ခြင်း မရှိသော အမူအရာဖြင့် ရှားလော့ဟုမ်းကို လှမ်းကြည့်လိုက်လေ၏။

ခြင်း မရှိသော အမူအရာ ဖြင့် ရှား လော့ ဟုမ်း ကို လှမ်းကြည့်လိုက်လေ၏။

'စုံ ထောက် ကြီး ရဲ့ နာမည်ကိုတော့ ကြား ပါတယ်ဗျာ၊ ပြီး တော့ အလုပ်အကိုင် ကို လည်း သိပါတယ်၊ အင်း ခင်ဗျား အ လုပ် က တော့ တော် တော် အကုသိုလ် များတဲ့ အလုပ်ပဲဗျ၊ ကျုပ်တို့က တော့ တယ်ပြီး မကြိုက် လှဘူး'

ရှား လော့ ဟုမ်း က မျက်နှာ မပျက်ဘဲ လေသံ အေးအေးဖြင့်

'ဟုတ်ကဲ့ ခင်ဗျာ၊ ရာဇဝတ်မှု ကျူး လွန် သူ တွေကလည်း ကျွန်တော့် ဒေါက်တာကြီး မြင်သလို ပဲ မြင်ကြပါတယ်'

'စုံထောက်ကြီးရဲ့ အလုပ်က တိုင်းပြည်မှာ ရာဇဝတ်မှု ပပျောက်အောင် နှိမ်နင်းတဲ့ အလုပ် ဆိုတော့ အများကတော့ သာဓု ခေါ်ကြပါလိမ့်မယ်လေ၊ သို့ သော်လည်း ဘာဖြစ်လို့ ကိုယ်ပိုင် စုံထောက် လုပ်စားနေမလဲဗျာ၊ အစိုးရမှာ သူ့ ယန္တရားနှင့်သူ ရှိပြီးသားကပဲ၊ ခင်ဗျားတို့ အလုပ်က သူများရဲ့ ကိုယ်ရေးကိုယ် တာ အတွင်းရေးတွေကို လိုက် စုံထောက်၊ တချို့ လူတွေရဲ့ လူကြားလို့ မကောင်း တဲ့ အိမ်တွင်းရေးတွေမှာ လိုက်ရှုပ်၊ ပြီးတော့ တိုင်းပြည်မှာ ခင်ဗျားထက် အဆ များစွာ အလုပ် များတဲ့ လူတွေရဲ့ အချိန်ကို လိုက်ဖြုန်းတီး ဆိုတော့ တယ်ပြီ မဟန်လှပါဘူး၊ အခုပဲ ကြည့်၊ ကျုပ်မှာ အရေးကြီးတဲ့ စာတမ်း တစ်စောင် ရေး မလို့ဟာ မရေးနိုင်ဘဲ ခင်ဗျားနှင့် စကား ပြောနေရပြီ'





'ဒါတော့ ဟုတ်ပါတယ် ခင်ဗျာ၊ သို့သော်လည်း ကျွန်တော်နှင့် စကား ပြောတာဟာ ဒေါက်တာကြီးရဲ့ စာတမ်းထက် အရေးကြီးတယ် ဆိုတာ တွေ့ လာပါလိမ့်မယ်၊ စကား ကြုံလို့ ပြောရရင် ခု ကျွန်တော် လုပ်နေတဲ့ အလုပ်ဟာ ဒေါက်တာကြီး ပြောတာနှင့် ဆန့်ကျင်ဘက်ကို လုပ်နေတာပါ၊ ခု ကျွန်တော်တို့ လုပ်နေတဲ့ အလုပ်က ပုလိပ် လက်ထဲ ရောက်ရင် အနည်းနှင့် အများ လူသိမယ့် ကိစ္စ တစ်ခုကို ကျွန်တော်တို့က မသိအောင် ဖုံးဖုံးဖိဖိ လိုက်လုပ် နေတာပါ၊ အစိုးရရဲ့ ယန္တရား ရှိလျက်သားနှင့် ကျွန်တော့်ကို နွားရှေ့ ထွန်ကျူး လိုက်လုပ် နေတယ်လို့ ဒေါက်တာကြီး ထင်ချင် ထင်နိုင်ပါတယ်၊ ခု ကျွန်တော် လာတဲ့ ကိစ္စကတော့ တခြား မဟုတ်ပါဘူး၊ ဂေါ်ဖရီ စတောင်တန်ရဲ့ ကိစ္စကို စုံစမ်း ရအောင် လာတာပါ'

'ဂေါ်ဖရီ စတောင်တန် ဘာဖြစ်လို့လဲ'

'ဒေါက်တာကြီး သူ့ကို သိတယ် မဟုတ်လား'

'သိပါတယ်၊ ကျုပ်ဆီမှာ ဝင်ထွက် သွားလာနေတဲ့ သူငယ်လေးပဲ'

'သူ ပျောက်သွားတာကိုကော ဒေါက်တာကြီး သိတယ်နော်'

'ဗျာ၊ ဟုတ်လား'

ဒေါက်တာ အမ်းစထရောင်း၏ ခပ်ကြမ်းကြမ်း မျက်နှာပေါ်မှ အမူအရာ သည် သိသိသာသာကြီး ပြောင်းသွား၏။

'မနေ့ညတုန်းက ဟိုတယ်ကနေပြီး ပျောက်သွားတယ် ခင်ဗျ၊ ခုထိ သူ့ သတင်းကို ဘာမှ မကြားရသေးဘူး'

'ဒီလိုဆို အချိန်တန်တော့ ပြန်လာမှာပေါ့ဗျ'

'မနက်ဖြန်မှာ တက္ကသိုလ်ချင်း ဘောလုံးပွဲ ရှိတယ် ခင်ဗျ'

'ကျုပ်က ဘောလုံးတို့ ဘာတို့ စတဲ့ ကလေး ကစားတာမျိုးတွေကို စိတ်မဝင်စားဘူးဗျ၊ သူငယ်ကလေးကို ကျုပ်က ခင်မင်ရင်းစွဲ ရှိတော့ သူ့အတွက် တော့ စိတ်မကောင်းဘူး၊ အဲ ဘောလုံးပွဲကတော့ ကျုပ် ကိစ္စ မဟုတ်ဘူး'

'ဟုတ်ကဲ့၊ ဂေါ်ဖရီ ပျောက်တဲ့ ကိစ္စမှာတော့ ဒေါက်တာကြီး အနေနှင့် စာနာစိတ် ရှိပါလို့ ကျွန်တော် ပြောချင်တယ်ဗျာ၊ ခု သူ ဘယ်ရောက်နေသလဲ၊ ဒေါက်တာကြီး သိသလား'

'ဘယ်သိမလဲဗျ'

'ဒေါက်တာကြီး သူ့ကို မနေ့ကတည်းက မတွေ့တော့ဘူးပေါ့'

'ဟုတ်တယ်၊ မတွေ့တော့ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဂေါဖရီဟာ ကျန်းမာရေး ကောင်းတဲ့ သူငယ် တစ်ယောက် မဟုပ်လား'

'ကောင်းသားပဲ'

'သူ နေထိုင် မကောင်းတာကို ဒေါက်တာကြီး မတွေ့ဖူးဘူးလား'

'တစ်ခါမှ မတွေ့ဖူးဘူး'

ရှားလော့ဟုမ်းက ဒေါက်တာ အမ်းစထရောင်း မျက်နှာ ရှေ့တွင် စာရွက် တစ်ရွက်ကို ထောင်ပြလိုက်၏။

'ဒါဖြင့်ရင် လွန်ခဲ့တဲ့ လက ဂေါဖရီကနေပြီး ကိန်းဗရစ်က ဒေါက်တာ လက်စလီ အမ်းစထရောင်းကို ဆယ့်သုံး ဂီနီ ပေးထားတဲ့ ပြေစာ စာရွက် ရှိတယ် ခင်ဗျ၊ ဒါက ဘာ့ကြောင့် ပေးတာလဲ၊ ခု သူ့ စားပွဲပေါ်ကနေပြီး ဒီပြေစာ စာရွက်ကို တွေ့လာတာ'

ဒေါက်တာမှာ ဒေါသကြောင့် မျက်နှာ နီရဲလျက် ရှိလေ၏။

'ဒါကတော့ ကျုပ်က ခင်ဗျားကို ဘာကြောင့် ရှင်းလင်းချက် ပေးရမှာလဲ၊ ခင်ဗျားကို ရှင်းပြစရာ ဘာမှ အကြောင်း မရှိဘူး'

ရှားလော့ဟုမ်းသည် ပြေစာ စာရွက်ကို မှတ်စု စာအုပ်ထဲသို့ ပြန်ထည့်လိုက်လေ၏။

'ဒါတော့ သဘောပေါ့လေ၊ ကျွန်တော့်ကို ရှင်းလင်း မပြောချင်ဘူး ဆိုရင် မကြာခင်မှာ တရားရုံး ရောက်တော့ အများ ပြည်သူ့ ရှေ့မှာ ရှင်းပြရမှာပေါ့၊ ရုံးပြင်ကနား ရောက်ရင် သတင်းစာတွေထဲ ပါမယ်၊ ဒီလို မပါအောင် ဖုံးဖုံးဖိဖိ လုပ်နေရတာပါလို့ ကျွန်တော် ပြောသားပဲ၊ ဒီတော့ ကျွန်တော့်ကို ယုံယုံကြည်ကြည် ပြောရင် မကောင်းပေဘူးလား'

'ဒီကိစ္စကို ကျုပ်မှ ဘာမှ မသိတာ'

'လန်ဒန် ရောက်နေတဲ့ ဂေါဖရီဆီက ဘာမှ အကြောင်းကြားချက် မရဘူးလား'

'မရပါဘူး'

ရှားလော့ဟုမ်းက စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်းချလိုက်ရင်း

'တယ်လည်း ခက်လိုက်ပါကလား ဟရိုး၊ စာတိုက် သွား စုံစမ်း ဟိုသူ့ စုံစမ်းနှင့် အချိန် မကုန်သင့်ဘဲ ကုန်ရဦးတော့မယ်၊ ရှင်းရှင်း ပြောမယ်ဗျာ၊ မနေ့ ညနေ ခြောက်နာရီ ဆယ့်ငါးမိနစ်တုန်းက ဂေါဖရီက လန်ဒန်ကနေပြီး ဒေါက်တာကြီးဆီကို အမြန် ကြေးနန်း တစ်စောင် ရိုက်လိုက်တယ်၊ ဒီကြေးနန်းဟာ သူ





ပျောက်သွားတဲ့ ကိစ္စနှင့် ပတ်သက်နေတယ်၊ ခု ဒေါက်တာကြီးက မရဘူး ပြောနေတယ်၊ ဒါကတော့ တော်တော့်ကို ခွကျတာပဲ၊ ကြေးနန်း မရဘူး ပြောနေတဲ့ အတွက် ကျွန်တော် ကြေးနန်းရုံးကို သွားပြီး တိုင်ရမယ့်ပုံ ပေါ်နေပြီ'

ဒေါက်တာ အမ်းစထရောင်းသည် ထိုင်ရာမှ ထရပ်လိုက်၏။ သူ့ မျက်နှာသည် ဒေါသကြောင့် နီရဲလျက် ရှိလေ၏။

'ကဲ၊ ခင်ဗျားတို့ကို နှင်ရတော့မှာပဲဗျ၊ ကျုပ် အိမ်ထဲက မြန်မြန် ထွက်သွားရင် ကောင်းမယ်၊ ခင်ဗျားတို့ကို ငှားလိုက်တဲ့ လော့ဒ် မောင့်ဂျိမ်းကို ပြောလိုက်ပါ၊ သူနှင့်ရော သူ့ကိုယ်စားလှယ်တွေနှင့်ရော ကျုပ် ဘာမှ ပတ်သက်စရာ အကြောင်း မရှိဘူးလို့၊ တော်ပြီ တော်ပြီ၊ နောက်ထပ် ဘာမှ မပြောပါနှင့်'

ဒေါက်တာ အမ်းစထရောင်းသည် ခေါင်းလောင်းကို ဒေါသတကြီးဖြင့် နှိပ်လိုက်ပြီးနောက် 'ဟေ့ ဂျွန်၊ ဒီလူတွေကို အပြင် မြန်မြန် ပို့လိုက်စမ်း' ဟု ပြောလိုက်လေ၏။

ဟိတ်ဟန် များလှသည့် ဘဏ္ဍာစိုး တစ်ယောက်သည် ကျွန်ုပ်တို့အား ခပ်ထန်ထန်ဖြင့် တံခါးဆီသို့ လိုက်ပို့သဖြင့် ကျွန်ုပ်တို့သည် လမ်းမသို့ ထွက်လာခဲ့ကြလေ၏။ ရှားလော့ဟုမ်းကား သဘောကျလွန်းသဖြင့် တဟားဟား ရယ်လျက် ရှိလေ၏။

'ဒေါက်တာ အမ်းစထရောင်း ဆိုတဲ့ လူကတော့ ရှာ မှ ရှား ပဲ ဗျို့၊ အကယ်၍သာ ရာဇဝတ်ကောင် ဖြစ်ရင်တော့ ကျုပ်တို့ရဲ့ သွားလေသူ ပါမောက္ခကြီး မော်ရီယာတီရဲ့ ခြေရာကို ဆက်ခံမှာ သေချာတယ်၊ ကဲ ဆရာကြီး၊ ခင်ဗျားတော့ ကျုပ်နှင့် ပေါင်းမိတာ လူပေါင်း မှားပြီ ထင်တယ်၊ ဟောဒီ တက္ကသိုလ်မြို့ထဲမှာ ကျုပ်တို့ နှစ်ယောက်တော့ သောင်ပြင် လွတ်တဲ့ ဘုရား ဒကာလို ဖြစ်နေကြပြီဗျ၊ အမှုကို ဒီအတိုင်း တန်းလန်းကြီး ထားပြီး ပြန်လို့တော့ မဖြစ်ဘူး၊ အမ်းစထရောင်းရဲ့ အိမ်နှင့် မျက်နှာချင်းဆိုင်မှာ ရှိတဲ့ တည်းခိုရိပ်သာကလေးကတော့ ကျုပ်တို့ လုပ်ငန်းနှင့် အဆင် ပြေတန်ကောင်းရဲ့လို့ မျှော်လင့် ရတာပဲ၊ ခင်ဗျားက အခန်း ငှားထားပြီး လိုတဲ့ ပစ္စည်းကလေးတွေ ရှာထားနှင့်ဗျာ၊ ကျုပ်တော့ အမှုနှင့် ပတ်သက်လို့ နည်းနည်းပါးပါး လျှောက်ပြီး စနည်းနာ လိုက်ဦးမယ်'

သို့ရာတွင် ရှားလော့ဟုမ်းမှာ ညကိုးနာရီလောက်ကျမှ တည်းခို ရိပ်သာသို့ ပြန်လာသည့် အတွက် စနည်းနာသည့် ကိစ္စသည် သူ ပြောသလို မလွယ်ပါးဖြင်း မရှိဘဲ အတန်ငယ် ရှုပ်ပြားဟန် တူသည်ဟု ကျွန်ုပ် စိတ်တွင် အောက်မေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိ၏။ ပြန်လာသည့် အခါ၌ ရှားလော့ဟုမ်းမှာ ဖျော့တော့ နွမ်းနယ်လျက် ရှိပြီး ဖုန် အလိမ်းလိမ်း ကပ်ကာ အကြီးအကျယ် ဆာလောင် မွတ်သိပ်လာသည် ကို တွေ့ရလေ၏။ အေးစက်နေသည့် ညစာမှာ စားပွဲပေါ်တွင် အဆင်သင့် ရှိနေ ၏။ ရှားလော့ဟုမ်းသည် ညစာကို အားရပါးရ စားသောက်ပြီးနောက် ဆေး တစ် ဆုံကို မီးညှိကာ အရေး မလှခဲ့သည့် အခါများတွင် ဖြစ်လေ့ ရှိသည့် သူ့ ထုံးစံ အတိုင်း ရယ်စရာ မောစရာ တစ်ဝက် လေးနက်စွာ စဉ်းစားစရာ တစ်ဝက်ဖြင့် တွေ့ကြုံခဲ့သည်တို့ကို ဖောက်သည်ချလျက် ရှိလေ၏။

ရထား ဘီးသံ ကြားသည့် အခါတွင် ရှားလော့ဟုမ်းသည် ထိုင်ရာမှ ထကာ ပြတင်းပေါက်မှ ငုံ့ကြည့်နေလေ၏။ ဖောင်းဝတ်ရောင် မြင်းကြီး နှစ်ကောင် ကသည့် ရထား တစ်စီးသည် ဒေါက်တာ အမ်းစထရောင်း၏ အိမ်ရှေ့တွင် ဆိုက် နေသည်ကို ခတ်ငွေ့ မီးတိုင်မှ မီးရောင်တွင် မြင်ရလေ၏။

'ငနဲကြီး အပြင် ထွက်သွားတာ တော်တော် ကြာတယ်ဗျ၊ သုံးနာရီလုံး လုံးပဲ၊ ခြောက်နာရီက ထွက်သွားတာ ကိုးနာရီ ထိုးမှ ပြန်လာတယ်၊ ဒီလောက် ကြာရင် ဆယ်မိုင်နှင့် ဆယ့်နှစ်မိုင် ပတ်ဝန်းကျင်လောက်ကိုတော့ ရောက်နိုင် တယ်၊ ငနဲကြီး ဒီပုံ ထွက်နေတာ တစ်နေ့ကို တစ်ခေါက်တော့ အနည်းဆုံးပဲ၊ တစ်ခါတလေ နှစ်ခေါက်လောက် ထွက်တတ်တယ်'

'ဒါကတော့ဗျာ၊ ဆေးကုနေတဲ့ ဆရာဝန် တစ်ယောက် အဖို့ သိပ် အထူး အဆန်း မဟုတ်လှပါဘူး'

'ဒါပေမဲ့ ခင်ဗျား လူကြီးက ဆေးမှ မကုတာပဲ၊ ဒီတော့ ဆေးမကုဝဲ ဆရာဝန် တစ်ယောက်ဟာ တစ်နေ့ တစ်နေ့ကို ဘာဖြစ်လို့ ဒီလောက် ကြာကြာ ထွက်နေရတာလဲ၊ သူ့ အဖို့ လုပ်ရိုး လုပ်စဉ် မဟုတ်ဘူးဗျ၊ သူ ဘယ်သူ့ဆီ သွား တယ်လို့ ခင်ဗျား ထင်သလဲ'

'ဒါကတော့ သူ့ ရထားသမားကို'

'ကိုယ့်လူနယ်၊ ကြံကြီးစည်ရာဗျာ၊ သူ့ဆရာကပဲ ခိုင်းလို့လား၊ သူ ကိုယ် တိုင်ကိုက အကျင့်ယုတ်လို့လားတော့ မသိဘူး၊ သူ့ ရထားသမား ဆိုတဲ့ ကောင် က ရိုင်းလိုက်တဲ့ ကောင်ဗျာ၊ ကျုပ်ကို မြင်တော့ ဘာလုပ်တယ် ထင်သလဲ၊ ခွေး ကြီးကို ဖြေလွှတ်ပြီး ခွေးနှင့် ရှူးတိုက်တယ်ဗျ၊ သို့သော်လည်း ကျုပ် လက်ကိ တုတ်က လူသော ခွေးသော တယ် ချောင်တာ မဟုတ်ဘူး၊ ဒါနှင့် ကျုပ်လည်း တပ် ဆုတ်ပြီး ပြန်လာခဲ့ရတာ၊ အခြေအနေက တော်တော် ဆိုး သွား ပြီ လေ၊ နောက်ထပ် ဘာမှ စုံစမ်းလို့ မရတော့ဘူး၊ နောက်ဆုံးကျတော့ သတင်းကို ဘယ်





က ရခဲ့တယ်လို့ ထင်သလဲ၊ ကျုပ်တို့ တည်းခိုရိပ်သာ ဝင်းထဲမှာ နေတဲ့ လူတစ် ယောက်ဆီက ရခဲ့တယ်ဗျ၊ သူက ငနဲကြီးရဲ့ စရိုက်တွေနှင့် သူ နေ့စဉ် သွားတတ် တဲ့ နေရာတွေကို ပြောလိုက်တယ်၊ အဲဒီတုန်းမှာ သူ့ အိမ်ရှေ့ကို ရထား ဆိုက် လာတာပဲဗျ'

'ဒီတော့ ခင်ဗျားက နောက်ယောင်ခံပြီး လိုက်ရောလား'

'ဘယ်နေပါ့မလဲဗျာ၊ လိုက်တာပေါ့၊ အစတုန်းကတော့ ဘယ်လို လိုက်ရ ပါ့မလဲလို့ စိတ်ကူးလို့ မရဘူး၊ ကျုပ်တို့ တည်းခိုရိပ်သာ နားမှာ ဘိုင်စကယ် ပြင်တဲ့ ဆိုင် တစ်ဆိုင် ရှိတယ်ဗျ၊ ဒါနှင့် ကျုပ်လည်း ဘိုင်စကယ် ပြင်တဲ့ ဆိုင် ကို ပြေးဝင်ပြီး ဘိုင်စကယ် တစ်စင်း ငှား၊ မလှမ်းမကမ်းက နောက်ယောင်ခံ လိုက်သွားတာပေါ့၊ ဒီရထားလောက်တော့ ချက်ချင်း မီတာပေါ့ဗျာ၊ ဘယ် နေပါ့ မလဲ၊ ကျုပ်က နောက် ကိုက်တစ်ရာလောက် ခွာပြီး လိုက်သွားတယ်၊ မီးရောင် ကို ကြည့်ပြီး လိုက်သွားတာ နောက်ဆုံးကျတော့ မြို့ပြင်ကို ရောက်သွားရော ဆိုပါတော့ဗျာ၊ ဒါနှင့် မြို့ပြင် တောလမ်းပေါ် ရောက်တော့ တော်တော် စိတ်ခတ် ကျဖို့ ကောင်းတဲ့ အဖြစ်နှင့် သွားကြုံပါလေရောဗျို့၊ ရထား ရပ်သွားပြီး ငနဲကြီး လည်း ရထားပေါ်က ဆင်းတယ်ဗျ၊ ဒီနောက်တော့ နောက်နား မလှမ်းမကမ်း မှာ ကျုပ်ကလည်း ရပ်နေရတာပေါ့၊ ဒီတုန်း ငနဲကြီးက ကျုပ်ဆီကို လာပြီး ဒီ နေရာမှာ လမ်းက နည်းနည်း ကျဉ်းတယ်တဲ့၊ သူ့ ရထားကြောင့် လမ်းပိတ်နေ ရင် ကျုပ် ဘိုင်စကယ်ကိုတော့ အနှောင့်အယှက် ဖြစ်မယ် မထင်ပါဘူးလို့ လာ ပြောတယ်၊ အမယ် လူက ခပ်တည်တည်ပဲဗျို့၊ နည်းနည်းတော့ လှောင်သံ ပါတာ ပေါ့ဗျာ၊ သူ ပြောလိုက်တော့ ကျုပ်တောင် အလဲ့ တယ်လာတဲ့ ငနဲကြီးပါလားလို့ အောက်မေ့လိုက်မိသေးတယ်၊ ဒါနှင့် ကျုပ်လည်း ရထားကို ကျော် တက် ပြီး ရှေ့က ပေတစ်ရာကြီး အတိုင်း စီးလာခဲ့ရတာပေါ့ဗျာ၊ တော်တော် လှမ်းလို့ ချုံ ကွယ် တစ်ခုကို ရောက်တဲ့ အခါကျတော့မှ ဘိုင်စကယ်ကို အသာ ရပ်ပြီး ရထား ကို စောင့်ကြည့်တယ်ဗျ၊ ဒါပေမဲ့ ရထား မရှိတော့ဘူးဗျို့၊ ကြည့်ရတာကတော့ လမ်းမှာ လမ်းခွဲကလေးတွေ ရှိလေတော့ လမ်းခွဲကလေး တစ်ခုခုထဲကို ချိုးဝင် သွားတယ် ထင်တာပဲ၊ ဒါနှင့် ကျွန်တော်လည်း ပြန်လှည့်စီးလာခဲ့တယ်၊ လမ်း မှာ ရထားကို မတွေ့ရတော့ဘူးဗျ၊ လက်စသတ်တော့ ရထားက ကျုပ် နောက် ပါလာပြီး ကျုပ်ကို လိုက်နေတာကိုးဗျ၊ အစတုန်းကတော့ ဒီငနဲကြီး ထွက် ထွက် နေတာဟာ ဂေါဖရီ ပျောက်တာနှင့် ဘာမှ ပတ်သက်လိမ့်မယ်လို့ စိတ်ထဲမှာ မသင်္ကာ မဖြစ်မိပါဘူး၊ သူ့ လှုပ်ရှားမှုကို စောင့်ကြည့်ချင်လို့ လိုက် ကြည့် ရုံ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တာပါ၊ ဒါပေမဲ့ ငနဲကြီးက သူ ထွက်တာကို လိုက်ကြည့်တဲ့လူ ရှိ မရှိ သေသေချာချာ ကြည့်တာကိုးဗျ၊ ဒီတော့ ပြဿနာက ကျုပ် ထင် တာ ထက် အရေးကြီးလာပြီလေ၊ ကျုပ်တော့ ဒီအမှုကို မရှင်းနိုင်ရင် မကျေနပ်ဘူးဗျ၊ မဖြစ် ဖြစ်အောင် လိုက်ကြည့်ဦးမယ်'

'မနက်ဖြန်ကျရင် ကျုပ်တို့ လိုက်ကြည့်မယ်လေဗျာ'

'ခင်ဗျားရော လိုက်မလို့လား၊ မဖြစ်ဘူး ထင်တယ်ဗျ၊ ခင်ဗျား ထင် သလောက် မလွယ်လှဘူး၊ ခင်ဗျားက ကိန်းဗရစ်ရှိုင်းယား နယ် အကြောင်းကို ကောင်းကောင်း သိတာ မဟုတ်ဘူး၊ အရင်တုန်းက မရောက်ဖူးဘူး မဟုတ်လား၊ ကွင်းပြင်ကြီးတွေက ပြောင်တလင်းကြီးတွေဗျ၊ ပုန်းဖို့ ကွယ်ဖို့ နေရာ မရှိဘူး၊ ဒီနေ့ ည ကျုပ် ဖြတ်လာခဲ့တဲ့ ဘက်က ဆိုရင် လွင်ပြင်ကြီးဗျ၊ ပြောင်ရှင်းနေ တာမှ ကိုယ့် လက်ဖဝါးကို ရေဆေးထားတဲ့ အတိုင်းပဲ၊ ပြီးတော့ ဒီနေ့ည သူ လုပ်ပုံကို ထောက်ရင် ကျုပ်တို့ လိုက်ရမယ့် ငနဲကြီးဟာ လူအကြီး မဟုတ်ဘူး ဗျ၊ လူလည်ကြီး၊ လန်ဒန်မှာ အခြေအနေ မထူးရင် ခု ကျုပ်တို့ နေတဲ့ လိပ်စာ အတိုင်း ကြေးနန်း ရိုက်လိုက်ဖို့ အိုဗာတန်ဆီကိုလည်း ကျုပ် အကြောင်း ကြား လိုက်ပြီ၊ ခုလောလောဆယ်မှာတော့ ကျုပ်တို့ အနေနှင့် ဒေါက်တာ အမ်းစထ ရောင်း ဆိုတဲ့ ငနဲကြီးကို စောင့်ကြည့်ဖို့ပဲ ရှိတော့တယ်၊ ကံကောင်းလို့ပေါ့ဗျာ၊ ကြေးနန်း ရုံးက ကောင်မလေး သဘော ကောင်းပေလို့ ကျုပ်တို့ ဒီငနဲကြီးရဲ့ လိပ်စာကို ရခဲ့တာ၊ ကျုပ် ပြောရဲတယ်ဗျ၊ ဂေါ်ဖရီ ဘယ်မှာ ရှိမယ် ဆိုတာကို ဒီ ငနဲကြီး ကောင်းကောင်း သိရမယ်၊ ဒါလောက် သေချာလျက်သားနှင့်မှ ကျုပ်တို့ မလိုက်နိုင်ရင် ကျုပ်တို့ တော်တော် ညံ့သေးလို့ပဲ၊ ခု လောလောဆယ်မှာတော့ ငနဲကြီးက ကျုပ်တို့ကို ပတ်နေတယ်ဗျ၊ ခင်ဗျား သိတဲ့အတိုင်း ကျုပ်ကလည်း ကစားဝိုင်းကို ဒီလို တန်းလန်းကြီး ဘယ်ထားပစ်နိုင်မလဲ'

သို့တိုင်အောင် နောက်တစ်နေ့သို့ ရောက်သည့် အခါတွင်လည်း အခြေ အနေမှာ မည်သို့မျှ ထူးခြားခြင်း မရှိသေးချေ။ မနက်စာ စားအပြီးတွင်မူ ရှား လော့ဟုမ်းထံသို့ စာတစ်စောင် ရောက်လာလေရာ ရှားလော့ဟုမ်းသည် စာ ကို ဖတ်ပြီးနောက် ခပ်ပြုံးပြုံးဖြင့် ကျွန်ုပ် လက်သို့ ကမ်းလိုက်လေ၏။

စာမှာ အောက်ပါအတိုင်း ဖြစ်လေ၏။

မိတ်ဆွေ ခင်ဗျား၊ မိတ်ဆွေကြီးသည် ကျုပ်၏ လှုပ်ရှားမှုများကို စောင့်ကြည့်လျက် ရှိသည့် အတွက် မိတ်ဆွေကြီး အဖို့ အချိန်ကုန် လူပန်း ဖြစ်ရုံသာ ရှိပါလိမ့်မည်။ မနေ့ညက မိတ်ဆွေကြီး မြင်ခဲ့သည့်





အတိုင်း ရထား၏ နောက် တည့်တည့်တွင် အပေါက် တစ်ပေါက် ဖောက်ထားပါသည်။ မိတ်ဆွေကြီး ညောင်းသည် ဆိုပါက ဘိုင်စကယ် ဖြင့် မိုင်နှစ်ဆယ်လောက် ကျုပ် နောက်က စီးလိုက်ခဲ့ပါလေ။ အခြား နေရာသို့မူ ရောက်မည် မဟုတ်ပါ။ မူလ ထွက်ခဲ့သည့် နေရာသို့သာ ပြန်ရောက်မည် ဖြစ်ပါသည်။ ယခု အချိန်တွင် ကျုပ် ပြောလိုသည်မှာ ကျုပ် နောက် လိုက်၍ ကျုပ်ကို လိုက်ကြည့် နေရုံမျှဖြင့် ဂေါ်ဖရီ အတွက် ဘာမျှ အကျိုးထူးလှမည် မဟုတ်ပါ။ ဂေါ်ဖရီ အတွက် မိတ် ဆွေကြီး အကောင်းဆုံး လုပ်ပေးနိုင်သော အရာမှာ ယခု ချက်ချင်း လန်ဒန်မြို့သို့ ပြန်သွားကာ မည်သည့် သဲလွန်စမျှ မရခဲ့ကြောင်းကို မိတ်ဆွေကြီးအား ငှားရမ်းသူထံ ပြန်၍ အကြောင်း ကြားခြင်းပင် ဖြစ် ပါသည်။ ကိန်းဗရစ်သို့ ခင်ဗျား လာနေလျှင် အချိန် ကုန်မည်သာ ဖြစ် ပါသည်။

သစ္စာ ရှိသော

လက်စလီ အမ်းစထရောင်း

'တော်တော် လာတဲ့ ငနဲကြီးဗျို့၊ ရေးလိုက်ပုံကတော့ ခပ်ပြောင်ပြောင် ခပ်ရှင်းရှင်းပဲ၊ အင်း ဒီလို ရေးလိုက်တော့ ပိုပြီးတောင် သိချင်လာသေးတယ်ဗျ၊ ဘာပဲဖြစ်ဖြစ်ဗျာ မပြန်ခင်တော့ သိအောင် လုပ်သွားရမှာပေါ့'

ကျွန်ုပ်က

'ဟော သူ့ ရထားတော့ ဝင်းပေါက်မှာ ရောက်နေပြီဗျို့၊ ဟော ဟော ရထားပေါ်ကို တက်ပြီဗျ၊ အံမယ် အတက်မှာ ကျုပ်တို့ ပြတင်းပေါက်ဘက်ကို တောင် လှမ်းကြည့်သွားလိုက်သေးတယ်ဗျို့၊ ရှုပ်တယ်ဗျာ၊ ကျွန်တော်ပါ လိုက် ကြည့်ချင်တယ်'

'မလုပ်နှင့်ဗျို့၊ အိုင်ဆေး မလုပ်နှင့်၊ ခင်ဗျား အစွမ်းအစကို ကျုပ် အထင် တော့ မသေးပါဘူး၊ သို့သော်လည်း ဒီငနဲကြီးက တော်တော် ဉာဏ်များတယ်ဗျ၊ ဒီနေ့တော့ ကျုပ် သူ့နောက်ကို မလိုက်ဘူးဗျာ၊ တခြား နည်းနှင့် စုံစမ်းကြည့်စမ်း မယ်၊ လူသွား လူလာ ပြတ်တဲ့ လမ်းပေါ်မှာ လူစိမ်း နှစ်ယောက် လမ်းသလား နေတာကို မြင်ရင် ပြောစရာ ဖြစ်လိမ့်မယ်၊ ဒီတော့ ခင်ဗျားဘာသာ ခင်ဗျား ရှု ရစ်ခဲ့ပေတော့၊ ကိန်းဗရစ် မြို့ထဲမှာ ကြည့်စရာတွေ အများကြီးပါဗျာ၊ ပျင်းရင် လျှောက်ကြည့်နေပေါ့၊ ကျုပ်တော့ ညနေကျမှ ပြန်ခဲ့တော့မယ်၊ ပြန် လာ ရင် သတင်းကောင်းလေးတော့ ပေးနိုင်လိမ့်မယ် ထင်ပါရဲ့'



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ထိုနေ့ ညနေတွင်လည်း ရှားလော့ဟုမ်းမှာ အချည်းနှီး ဖြစ်၍ ပြန်လာခဲ့လေ၏။ ညမိုးချုပ်တွင် ရှားလော့ဟုမ်းသည် ခြေကုန်လက်ပန်း ကျ၍ ပြန်ရောက်လာလေ၏။

‘ဒီနေ့ တစ်နေ့လုံး အလုပ် မဖြစ်ပါဘူးဗျာ၊ ဒီနေ့ ငနဲကြီး ထွက်တတ်တဲ့ ဘက်ကို သွား၊ ကိန်းဗရစ်ဘက် ရွာတွေထဲမှာ အချိန် ကုန်လာခဲ့တာပဲ၊ ဘုံဆိုင်တွေနှင့် တခြားက ရတဲ့ သတင်းတွေကို တိုက်ကြည့်နေရတာနှင့် ပြီးလာခဲ့ရတယ်၊ ဒီနားတစ်ဝိုက်မှာလည်း ပြုံပြုံစင်နေပြီ၊ ချက်စတာတန်၊ ဟာစွတန်၊ ဝါတားဘီချ်၊ အုတ်ကင်တန် နဲ့လို့ပဲဗျာ၊ အဲဒီမှာ စုံစမ်းတော့လည်း ဘာမှ မထူးလှဘူးဗျ၊ ဒီလောက် လူ အသွားအလာ ပြတ်တဲ့ နေရာမျိုးမှာ နေ့စဉ် မြင်းနှစ်ကောင်ကတဲ့ ရထားကြီးနှင့် လာ လာနေတာကို ဘယ်လိုနည်းနှင့်မှ မတွေ့ဘဲ နေမှာ မဟုတ်ဘူးဗျ၊ ငနဲကြီးက ကျုပ်တို့ထက်တော့ အမှတ် သာသွားပြန်ပြီဗျို့၊ ကျုပ် အတွက် ကြေးနန်းလေး ဘာလေးများ မရောက်ဘူးလား’

‘ရောက်တယ်ဗျ၊ ကျွန်တော် ဖောက်ဖတ်လိုက်တယ်၊ ပွန်ပီ အကြောင်းကို ထရီနီတီ ကောလိပ်မှ ဂျယ်ရမီ ဒစ်ဆန်ထံ မေးပါတဲ့၊ ကျွန်တော်တော့ နားမလည်ဘူး’

‘ရှင်းပါတယ်ဗျ၊ ကျုပ်တို့လူ အိုဗာတန်ဆီက ရိုက်လိုက်တာ၊ ကျုပ် မေးတဲ့ မေးခွန်းကို ပြန်ဖြေထားတာ၊ ကဲဗျာ၊ မစ္စတာ ဂျယ်ရမီ ဒစ်ဆန်ဆီ စာ တစ်စောင်လောက် ကောက်ခြစ်လိုက်ဦးမှပဲ၊ ကျုပ်တို့ ကံကောင်းတဲ့ အလှည့်ကို ရောက်လောက်ပြီ ထင်ပါရဲ့၊ ဒါထက် ဘောလုံးပွဲ သတင်းကော ဘာကြားသေးသလဲဗျ’

‘နယ်ထုတ် ညနေ သတင်းစာထဲမှာ ဘောလုံးပွဲ အကြောင်း တော်တော် စုံစုံလင်လင် ပါတယ်ဗျ၊ အောက်စဖို့ တက္ကသိုလ်က နှစ်ဂိုးနှင့် နိုင်သွားတယ်၊ သတင်း နောက်ဆုံး အပိုဒ်မှာ ရေးထားတာက ကိန်းဗရစ် တက္ကသိုလ် ရှုံးရခြင်းမှာ နာမည်ကျော် ညာအစွန်လူ ဂေါ်ဖရီ ဝင်ရောက် ကစားခြင်း မပြုသောကြောင့် ဖြစ်ကြောင်း၊ ဂေါ်ဖရီမှာ ရှေ့တန်းသို့ ရောက်လာသမျှ ဘောလုံးများကို တစ်ဖက် ဂိုးစည်းထဲသို့ ရောက်အောင် သယ်ပို့ရာတွင် လျင်မြန် ဖျတ်လတ်သည့် အလျောက် ပရိသတ်များမှာ ဂေါ်ဖရီကို မေးမြန်းလျက် ရှိသည်ကို တွေ့ရကြောင်း။ ကိန်းဗရစ် တက္ကသိုလ် ရှေ့တန်းမှာ အပေးအယူ ညံ့ဖျင်းလှသည့်ပြင် တိုက်စစ် တွင်ရော ခံစစ်တွင်ပါ အားနည်းလှသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ကြိုးစား၍ ကစားသည့်တိုင် ရှုံးသွားရခြင်း ဖြစ်ကြောင်းလို့ ရေးထားတယ်ဗျ’





‘အင်း၊ ဒီလိုဆိုရင် ကျုပ်တို့လူ အိုဗာတန် ပြောတဲ့ စကား မှန်တာပေါ့ဗျ၊ ဘော ကျုပ်အနေနှင့် ပြောရရင် ကျုပ်လည်း ဒေါက်တာ အမ်းစထရောင်းလိုပါပဲ၊ ဘော လုံးတို့ ဘာတို့ကို တယ်ပြီး စိတ်မဝင်စားလှပါဘူး၊ ကဲ အိုင်ဆေးရေ၊ ဒီနေ့ ညတော့ စောစော အိပ်ရာ ဝင်ကြစို့ဗျာ၊ မနက်ဖြန်မှာ တော်တော်လေး အလုပ် များလိမ့်မယ် ထင်တယ်’

နောက်တစ်နေ့ မနက် အိပ်ရာမှ ထသည့် အခါ၌ မီးလင်းဖို ဘေးတွင် ဆေးထိုးအပ် တစ်ချောင်းကို ကိုင်၍ ထိုင်နေသည့် ရှားလော့ဟုမ်းကို မြင်လိုက်ရသဖြင့် ကျွန်ုပ်မှာ ထိတ်ခနဲ ဖြစ်သွားလေ၏။

ရှားလော့ဟုမ်း၌ အားနည်းချက် ဟူ၍ သိပ်မရှိလှဘဲ သူ၏ တစ်ခုတည်းသော အားနည်းချက်မှာ တစ်ခါတစ်ရံ ကိုကင်း ထိုးခြင်း ဖြစ်ပေရာ ယခု သူ့လက်ထဲမှ ပြောင်လက်နေသော ဆေးထိုးအပ်ကို မြင်လိုက်သည့်တွင် ကျွန်ုပ်မှာ အကြီးအကျယ် စိုးရိမ်သွားမိလေ၏။

‘မဟုတ်ပါဘူးဗျ၊ မစိုးရိမ်ပါနှင့်၊ ဒီ ဆေးထိုးအပ်ဟာ ခု အ ချိန် မှာ မကောင်းတဲ့ အလုပ်ကို လုပ်မယ့် တန်ဆာပလာ မဟုတ်ပါဘူး၊ ကျုပ်တို့ အမှုကို ဖြေရှင်းပေးမယ့် သော့ တစ်ချောင်းပါ၊ ကျုပ် မျှော်လင့်ချက်တွေဟာ ဟောဒီ ဆေးထိုးအပ်ပေါ်မှာ တည်နေတယ်ဗျ၊ ကျုပ် အခု အပြင်က နည်းနည်းပါးပါး ကင်းထောက်ပြီး ပြန်လာခဲ့ပြီ၊ အခြေအနေ သိပ်မဆိုးဘူး၊ ကျုပ်တို့ အတွက် အဆင် ချောလိမ့်မယ် ထင်တာပဲ၊ ကဲ မနက်စာ ဝအောင် စားခဲ့ဗျာ၊ ဒီနေ့တော့ ဒေါက်တာ အမ်းစထရောင်း နောက်ကို လိုက်ရလိမ့်မယ်၊ သူ့နောက်ကို လိုက်လို့ အနံ့ ရပြီ ဆိုရင်တော့ သူ့ဝပ်ကျင်းကို မသိရမချင်း ကျုပ်ကတော့ ထမင်းလည်း မစားတော့ဘူး’

‘ဒီလိုဆို မနက်စာကို ထုတ်ယူခဲ့ပါလားဗျ၊ ခင်ဗျား လူကြီးက မနက် အစောကြီး လစ်ချင် လစ်မှာ၊ ခုတောင် သူ့ အိမ်ရှေ့မှာ ရထား ရောက်နေပြီ’

‘ကိစ္စ မရှိပါဘူးဗျာ၊ သွားစမ်းပါစေ၊ ကျုပ် မလိုက်နိုင်တဲ့ နေရာကို သွားရအောင် ခင်ဗျား လူက သိကြားသားမို့လား၊ ခင်ဗျား မနက်စာ စားပြီးရင်သာ အောက် ဆင်းခဲ့၊ ခု ကျုပ်တို့ လုပ်မယ့် အလုပ်မှာ အင်မတန် ကျွမ်းကျင်တဲ့ ခုံထောက် တစ်ယောက်နှင့် ခင်ဗျားကို မိတ်ဆက်ပေးမယ်’

အောက်ထပ်သို့ ရောက်သည့် အခါတွင် ကျွန်ုပ်တို့သည် မြင်းဇောင်း ဘက်သို့ ထွက်လာခဲ့ကြလေ၏။

မြင်းဇောင်းသို့ ရောက်လျှင် ရှားလော့ဟုမ်းသည် သေတ္တာ ခြင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးကို ဖွင့်လိုက်ရာ အရပ် ပုပု၊ နားရွက် ဖားဖား၊ အနီ အညိုကွက်နှင့် အမဲ လိုက် ခွေးသမင် တစ်ကောင်သည် သေတ္တာထဲမှ ထွက်လာလေ၏။

'ခင်ဗျားကို ပွန်ပီနှင့် မိတ်ဆက်ပေးရမယ်၊ ပွန်ပီဟာ ဒီနား တစ်ပိုက် မှာတော့ တော်တော် အမဲလိုက် ကောင်းတဲ့ ခွေးဗျ၊ ခင်ဗျား မြင်တဲ့ အတိုင်း ခွေးက ခွေးပုမျိုး ဆိုတော့ အပြေးတော့ သိပ်မသန်လှဘူး၊ သို့သော်လည်း အနံ့ကို ရပြီ ဆိုရင်တော့ မရရအောင် လိုက်တတ်တဲ့ ကောင်ဗျ၊ ကဲ ဖေ့သားကြီး ပွန်ပီ ရေ၊ မင်း မြန်မြန် မပြေးနိုင်ဘူး ဆိုတာတော့ ဟုတ်ပါလိမ့်မယ်ကွာ၊ ဒါပေမဲ့ ဟောဒီ လန်ဒန်က အဘိုးကြီး နှစ်ယောက်ထက်တော့ ပြေးနိုင်မှာပေါ့၊ ဒီတော့ မင်းကို ငါ ဟောဒီ သားရေကြိုး ချည်လိုက်မယ်၊ ကဲ ဖေ့ သားကြီး၊ လိုက်ပေတော့'



ကျွန်ုပ်တို့သည် တောဘက်သို့ သွားသည့် ပေတစ်ရာ တစ်ခုပေါ် ရောက်သွားကြလေ၏။

ရှားလော့ဟုမ်းသည် ထို ခွေးကို ဒေါက်တာ အမ်းစထ ရောင်း အိမ်ပေါက်ဝသို့ ခေါ် သွားလေ၏။ ပွန်ပီသည် အိမ်ပေါက်ဝတွင် တရှုပ် ရှုပ်ဖြင့် အနံ့ ခံပြီးနောက် ကျေနပ် အား ရ သည့် ဟန်ဖြင့် တစ်ချက် အူ လိုက်လျက် နောက်က မြန်မြန် လိုက် စေ လို သည့်နှယ် ကြိုးကို ခပ် တင်း တင်း ကိုက်ရင်း ပြေးထွက် သွားလေ၏။ နာရီဝက်ခန့် အတွင်း၌ ကျွန်ုပ် တို့ သည် မြို့ထဲမှ ထွက်လာခဲ့ကြပြီးလျှင် တော ဘက်သို့ သွားသည့် ပေတစ်ရာ တစ်ခုပေါ် ရောက်သွားကြလေ၏။

'ဗျို့ ဟုမ်း၊ ခင်ဗျား ဘာလုပ် ထားလို့လဲ'





'မဆန်းပါဘူးဗျာ၊ ရိုးရိုးကလေးပါ၊ ဒါပေမဲ့ တစ်ခါ တစ်ခါတော့ တော် တော် အသုံး ဝင်တယ်ဗျို့၊ ဒီနေ့ မနက်စောစော ဒေါက်တာ အမ်းစထရောင်းရဲ့ ဝင်းထဲကို သွားပြီး သူ့ ရထား နောက်ဘီး တာယာကို ဟောဒီ ဆေးထိုးအပ်နှင့် မုန်ညင်းဆီတွေ လျှောက်ဖျန်းပစ်ခဲ့တယ်ဗျ၊ ပွန်ပီက ဒီအနံ့ကို ခံပြီး လိုက်မှာပဲ၊ ပွန်ပီ လိုက်ရင် ခင်ဗျား လူကို ကင်းရှာလောက် မရောက်ခင် မီမှာပါ၊ တော်တော် လည်တဲ့ ငနဲကြီးဗျာ၊ဟိုနေ့ညက ကျုပ်ကို မျက်ခြည် ဖြတ်သွားတာ ဒီနားမှာ ပေါ့ဗျ'

ပွန်ပီသည် ပေတစ်ရာ လမ်းမကြီးမှ ရုတ်တရက် ချိုးကွေ့လိုက်ကာ မြက်တို့ ဖုံးနေသည့် လမ်းကြားကလေး တစ်ခု အတိုင်း ဆွဲခေါ်သွားလေ၏။ ထိုလမ်း အတိုင်း မိုင်ဝက်ခန့် သွားမိလျှင် ပေတစ်ရာနှင့် ပြိုင်နေသည့် ပေတစ်ရာ လမ်းကျယ်ကြီး တစ်ခုသို့ ထွက်သွားလေ၏။ ထို ပေတစ်ရာ လမ်းမကြီးသို့ ရောက် သည့်အခါ ပွန်ပီသည် လက်ယာဘက်သို့ ချိုးကာ မြို့ဘက်သို့ ပြန်တက်သွားလေ ၏။ လမ်းကြီးမှာ တောင်နှင့် မြောက် တန်းနေသော ပေတစ်ရာ လမ်းမကြီး ဖြစ် လေ၏။

'လက်စသတ်တော့ ငနဲကြီးက မြို့ဘက်ကို ပြန်ချိုးတာကိုးဗျ၊ ကျုပ် ရှာတွေ လျှောက်မေးလို့ ဘာသတင်းမှ မရတာ ဘာဆန်းတော့သလဲ၊ ငနဲကြီး ကတော့ တတ်လည်း တတ်နိုင်ပါပေတယ်ဗျာ၊ ဘာဖြစ်လို့များ ဒီလောက် လုပ်နေ ရသလဲ မဆိုနိုင်ဘူး၊ ဟောဟို ညာဘက်က သစ်ပင် အုပ်အုပ်နှင့် ရွာက ထရမ်ပင် တန်း ရွာဗျ၊ ဟောဗျို့၊ ဟိုဘက်လမ်းတွေထဲက ရထား ထွက်လာပြီ၊ ဗျို့ ဝပ်ဆင်၊ မြန်မြန်ဗျို့ မြန်မြန်၊ နို့မဟုတ်ရင် ကျုပ်တို့ အစီအစဉ်တွေ အားလုံး ပျက်ကုန် လိမ့်မယ်'


ရှားလော့ဟုမ်းသည် ဝင်းတံခါး တစ်ခုမှ နေ၍ ခြံတစ်ခြံထဲသို့ ခုန်ဝင် လိုက်ရာ ပွန်ပီမှာ မလိုက်ချင် လိုက်ချင်နှင့် ပါသွားလေ၏။ ချုံထဲသို့ ကျွန်ုပ်တို့ အရောက်တွင် ရထားသည် ကျွန်ုပ်တို့ အနီး လမ်းပေါ်မှ တဂျုန်းဂျုန်း မောင်း သွားလေ၏။ ရထားပေါ်တွင် ခါးကို ကုန်းကာ ခေါင်းကို လက်ဖြင့် အုပ်၍ ပါ သွားသော ဒေါက်တာ အမ်းစထရောင်းကို မြင်လိုက်ရလေ၏။ ထိုအမူအရာကား ပူဆွေး သောက ရောက်လာသည့် လက္ခဏာ ဖြစ်ပေ၏။

ရှားလော့ဟုမ်း၏ လေးနက် တင်းမာသော မျက်နှာကို မြင်လိုက်ရသဖြင့် သူသည်လည်း ထိုအခြင်းအရာကို မြင်လိုက်ကြောင်း ကျွန်ုပ် သတိ ပြုမိ ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရထားသည် ကျွန်ုပ်တို့ အနီး လမ်းပေါ်မှ တဂျုန်းဂျုန်း မောင်းသွားလေ၏။





'အင်း၊ ကျုပ်တို့ လိုက်တဲ့ ကိစ္စမှာ မကောင်းတဲ့ အဆုံးသတ်နှင့်တော့ တွေ့ရတော့မယ် ထင်တယ်ဗျို့၊ အေးလေ မကြာခင် သိရတော့မှာပါ၊ ကဲ ပွန်ပီ လာဟေ့၊ ဟောဟို လယ်ထဲက တဲလေး တစ်လုံးမှာဗျ'

ကျွန်ုပ်တို့ ခရီး ပန်းတိုင်သို့ ရောက်ပြီ ဆိုသည့် အချက်မှာ သံသယ ဖြစ်စရာ မလိုတော့ချေ။ တဲနားသို့ ရောက်သည့် အခါတွင် ပွန်ပီသည် တစ်ချက်မျှ ထိုး၍ အူလိုက်လေ၏။ ထိုနေရာ တစ်ဝိုက်တွင် ရထား ဘီးရာများကို လတ်လတ် ဆတ်ဆတ်ကြီး တွေ့ရပေသေး၏။ ဝင်းပေါက်မှ ဝင်သွားလျှင် လူသွားလမ်းကလေး တစ်ခုသည် တဲဆီသို့ ဦးတည်လျက် ရှိလေ၏။

ရှားလော့ဟုမ်းသည် ခွေးကို ခြံစည်းရိုးတွင် ချည်ထားခဲ့ပြီးလျှင် ကျွန်ုပ်တို့လည်း တဲဆီသို့ ခပ်သုတ်သုတ် လာခဲ့ကြလေ၏။ ရှားလော့ဟုမ်းသည် တံခါးကို အသာ ခေါက်လိုက်၏။ နောက်တစ်ကြိမ် ခေါက်သော်လည်း အထဲမှ ထူးသံကို မကြားရချေ။ သို့ရာတွင် တဲထဲမှ ညည်းညူနေသည့် အသံများကို ကြားရသဖြင့် တဲထဲတွင် လူ ရှိကြောင်းကို သိနိုင်ပေ၏။

ရှားလော့ဟုမ်းသည် တစ်ချက်မျှ စဉ်းစားနေပြီးနောက် ကျွန်ုပ်တို့ လာခဲ့သည့် ပေတစ်ရာလမ်းကို နောက်ပြန် လှည့်လိုက်၏။ ရထား တစ်စီးသည် တဲဆီသို့ လာနေသည်ကို တွေ့ရပြီး ကြည့်လိုက်သည့် အခါတွင် ဖောင်းဝတ်ရောင် မြင်းကြီး နှစ်ကောင်ကို မြင်ရလေ၏။

'ဟာ ဒုက္ခပဲဗျို့၊ ခေါ့ကြီး ပြန်လှည့်လာပြီ၊ လာ သူ မလာခင် အထဲကို ဝင်ကြည့်ရအောင်'

ရှားလော့ဟုမ်းသည် တံခါးကို ဖွင့်၍ အထဲသို့ ဝင်လိုက်လေ၏။ ညည်းသံမှာ တဖြည်းဖြည်း ကျယ်လောင်လာခဲ့လေပြီ။ အသံမှာ တဲ အပေါ်ထပ်မှ လာခြင်း ဖြစ်လေ၏။ ရှားလော့ဟုမ်းသည် လှေကား အတိုင်း ပြေးတက်သွားလေရာ ကျွန်ုပ်လည်း နောက်မှ လိုက်လာခဲ့လေ၏။

ခပ်ဟဟ ဖြစ်နေသည့် တံခါးကို တွန်းဖွင့်လိုက်သည့် အခါတွင် ကျွန်ုပ်တို့မှာ မြင်လိုက်ရသည့် ရှုခင်းကြောင့် တုန့်သွားကြလေ၏။


လှပ ချောမောသည့် မိန်းမပျိုကလေး တစ်ယောက်သည် ခုတင်ပေါ်တွင် စန့်စန့်ကြီး သေဆုံးလျက် ရှိလေ၏။ ပြာလဲ့ ပြူးကျယ်သော မျက်လုံးများ ရှိသည့် ဖျော့တော့ တည်ငြိမ်သော မျက်နှာသည် ဖားလျား ကျနေသော ရွှေရောင် ဆံပင်များ ကြားမှ ကျွန်ုပ်တို့ကို မော့ကြည့်နေသကဲ့သို့ ရှိလေ၏။ ခုတင် ခြေရင်း၌ ... လူငယ် တစ်ယောက်သည် ခုတင်ကို ဒူးထောက် ထိုင်ကာ ခုတင် ...တွင်



www.burmeseclassic.com

www.burmeseclassic.com





ရှားလော့ဟုမ်းက
ပန်းကို လက်ဖြင့် သွားတို့သည့် အခါကျမှ

မျက်နှာ အပ်ရင်း ရှိုက်ကြီးတငင် ငိုကြွေးလျက် ရှိလေရာ ထိုလူငယ်၏ ကြီးနိုင်သော ခန္ဓာကိုယ်ကြီးသည် တသိမ့်သိမ့် တုန်ခါလျက် ရှိလေ၏။ ထိုလူငယ်မှာ အလွန် ပူဆွေးလျက် ရှိရကား ကျွန်ုပ်တို့ကို မော်၍ပင် မကြည့်ဘဲ ငိုလျက် ရှိလေရာ ရှားလော့ဟုမ်းက ပခုံးကို လက်ဖြင့် သွားတို့သည့် အခါကျမှ ကျွန်ုပ်တို့ကို မော်ကြည့်လေ၏။

'ကိုရင်က ဂေါဖရီ စတောင်တန်လား'

'ဟုတ်ပါတယ် ခင်ဗျာ၊ ဒါပေမဲ့ ဆရာတို့ လာတာ နောက်ကျပါပြီ ခင်ဗျာ၊ ခုတော့ သူ သေပြီလေ'





လူငယ်မှာ ကယောင်ကတမ်း ဖြစ်လျက် ရှိသဖြင့် ကျွန်ုပ်တို့ကို ဆရာဝန်များဟု ထင်မှတ်လျက် ရှိလေ၏။ ရှားလော့ဟုမ်းက သူ့ကို ချော့မော့ နှစ်သိမ့်ကာ သူ ပျောက်ဆုံးသွားသဖြင့် သူ့ မိတ်ဆွေ အပေါင်းအသင်းများ စိတ်ပူလျက် ရှိကြောင်းကို ရှင်းလင်း ပြနေစဉ် လှေကားဝမှ ခြေသံ ကြားရပြီးနောက် ဒေါက်တာ အမ်းစထရောင်း၏ တင်းမာ ခက်ထန်သော မျက်နှာကြီးကို အပေါက်ဝတွင် မြင်လိုက်ကြရလေ၏။

'ဩော် ကိုယ့်လူတို့ကိုး၊ ဘယ့်နှယ် ကိုယ့်လူတို့ သိချင်တာ သိရပြီလား၊ အင်မတန် အရေးကြီးတဲ့ အချိန်ကောင်းကို ရွေးပြီး လိုက်လာကြတာပေါ့ ဟုတ်လား၊ ဒီမှာ အသုဘ တန်းလန်းကြီးနှင့် ကျုပ် ခင်ဗျားတို့နှင့် ရန် မဖြစ်ချင်ဘူးဗျ၊ သို့သော်လည်း ခင်ဗျားတို့ကို သိအောင်တော့ ပြောလိုက်မယ်၊ ကျုပ်သာ ဟိုတုန်းကလို လူငယ် ဆိုရင် ခင်ဗျားတို့ လုပ်ပုံကို ကျုပ် ဒီအတိုင်း ကြည့်နေမှာ မဟုတ်ဘူး သိလား'

ရှားလော့ဟုမ်းက တည်ငြိမ်သော ဣန္ဒြေဖြင့်

'ခွင့်လွှတ်ပါ ဒေါက်တာ အမ်းစထရောင်း၊ ကျုပ်တို့ ရည်ရွယ် လာတာက တခြားပါ၊ အောက်ထပ်ကို ဆင်းပြီး ကျုပ်တို့ ကိစ္စကလေး ရှင်းလိုက်ကြရအောင်ပါ၊ ကျုပ်တို့ကလည်း ကျုပ်တို့ ကိစ္စနှင့် ဆိုတော့ ဒေါက်တာ သဘောပေါက်အောင် ရှင်းပြချင်ပါတယ်'

တစ်မိနစ် အကြာတွင် မျက်နှာ ခပ်မှုန်မှုန် ဆရာဝန်နှင့် ကျွန်ုပ်တို့သည် ဧည့်ခန်းတွင် ထိုင်မိကြလေ၏။

'ကဲ ဘာရှင်းချင်တာတုံး၊ ဆိုစမ်းပါဦး'

'ဒေါက်တာ့ကို ကျုပ် ပထမဆုံး ရှင်းချင်တာက ကျုပ်ကို လော့ဒ် မောင့်ဂျိမ်းက ငှားလိုက်တာ မဟုတ်ဘူး ဆိုတဲ့ အချက်ပါပဲ၊ ခုကိစ္စမှာ ကျုပ်ဟာ လော့ဒ် မောင့်ဂျိမ်း ဆိုတဲ့ လူကြီးဘက်က မဟုတ်ပါဘူး၊ လူတစ်ယောက် ပျောက်သွားတယ် ဆိုတော့ ဒီလူတစ်ယောက်ရဲ့ ကံကြမ္မာနှင့် ပတ်သက်လို့ ကျုပ်မှာ စုံစမ်းဖို့ ဝတ္တရား ရှိပါတယ်၊ ဒါကြောင့် ပျောက်တဲ့ လူကို တွေ့ပြီ ဆိုရင် ကျုပ် ကိစ္စ ပြီးပါပြီ၊ ဒီကိစ္စထဲမှာ ရာဇဝတ် ပြစ်မှု ရောက်တဲ့ ကိစ္စ မပါသမျှ ကာလပတ်လုံး ကျုပ်အနေနှင့် ဒီကိစ္စ အားလုံးကို အုပ်ဆိုင်းထားမှာပါ၊ အကယ်၍ ကျုပ် ထင်သလို ဒီကိစ္စမှာ ဥပဒေကို ချိုးဖောက်တဲ့ ကိစ္စ အကျုံး မဝင်ဘူး ဆိုလို့ ရှိရင် ဒီအကြောင်းကို သတင်းစာတွေထဲမှာ မပါအောင် ကျုပ် တတ်နိုင်သမျှ ကူညီပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ အမ်းစထရောင်းသည် ခပ်သုတ်သုတ် ရှေ့သို့ တိုးလာကာ ရှားလော့ဟုမ်း၏ လက်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်ပြီး

'ကျေးဇူး ကြီးပါပေတယ် စုံထောက်ကြီးရာ၊ စုံထောက်ကြီးကို ကျုပ် အစတုန်းက အထင် လွဲခဲ့တယ်ဗျ။ ကျုပ်က စတောင်တန် တစ်ယောက်တည်း ထားပစ်ခဲ့ရတာ စိတ်မချတာနှင့် ရထားကို ပြန်မောင်းလာမိလို့ ခုလို သိရပေ တာပေါ့၊ ကိစ္စကတော့ ရှင်း မပြနိုင်စရာ မရှိပါဘူး၊ လွန်ခဲ့တဲ့ တစ်နှစ်လောက် တုန်းက ဂေါ်ဖရီဟာ လန်ဒန်မှာ သွားနေတယ်ဗျ၊ လန်ဒန်မှာ နေရင်း သူ့အိမ်ရှင် သမီးပျိုကလေးနှင့် လူငယ်ဘာဝ ချစ်ကြလို့ လက်ထပ်လိုက်ကြတယ်၊ သူငယ်မ လေးက ရုပ်ချော သလောက်လည်း လိမ္မာတယ်၊ လိမ္မာရေးခြား ရှိသလောက် လည်း စိတ်သဘော ကောင်းတယ်၊ ဒီလို မယားမျိုး ရတာ အလွန်ကို ကံကောင်း တယ်လို့ ဆိုရမှာပါပဲ၊ ဒါပေမဲ့ ဂေါ်ဖရီက ခင်ဗျား သိတဲ့ အတိုင်း ကပ်စေးနဲ သူ့ ဦးလေးကြီးရဲ့ တစ်ဦးတည်းသော အမွေစား အမွေခံ ဖြစ်လေတော့ လက်ထပ် တဲ့ သတင်းကို အဘိုးကြီး သိသွားရင် ပစ္စည်းတွေကို အမွေ ရတော့မှာ မဟုတ်ဘူး ဗျ၊ ဒီသူငယ်ကလေး အကြောင်းကို ကောင်းကောင်း သိတာပေါ့ဗျာ၊ အင်မတန် တော်တဲ့ သူငယ်ကလေးပါ၊ ဒါနှင့် ကျုပ်လည်း သူ့ကိစ္စတွေကို ကျုပ် တတ်နိုင် သလောက် ကူညီ ဖြေရှင်းပေးခဲ့တယ်ဗျ၊ ပြီးတော့ သူတို့ ကိစ္စကို ဘယ်သူမှ မသိအောင် ကျုပ်တို့ နှစ်ယောက် တတ်နိုင်သမျှ ဖုံးဖိထားခဲ့ကြတယ်၊ ဒီကိစ္စမျိုး ဆိုတာကလည်း ခင်ဗျား သိတဲ့ အတိုင်း လေသံကလေး တစ်ချက် ထွက်သွား ရုံနှင့် အုတ်အော်သောင်းတင်း ဖြစ်သွားတတ်တဲ့ ကိစ္စမျိုး မဟုတ်လား၊ သူက လည်း အနေအထိုင် ကျစ်လျစ်၊ သူတို့ နေတဲ့ နေရာကလေးကလည်း တ... တခြားကလေး ဆိုတော့ ခုထိတော့ သူတို့ ကိစ္စကို ဘယ်သူမှ မသိကြသေး... ပေါ့ဗျာ၊ သူတို့ ကိစ္စကို သိတဲ့လူ ဆိုလို့ ကျုပ်ရယ်၊ ခုကိစ္စ တစ်ခုနှင့် ခိုင်းလို... တဲ့ ထရမ်ပင်တန်းကို သွားနေတဲ့ သူ့အပေါ် သစ္စာ ရှိတဲ့ သူ့ တပည့်ရယ် နှစ် ယောက်ပဲ သိကြတယ်ဗျ။

'သို့သော်လည်း ဒီတုန်းမှာ သူ့ဇနီးဟာ ကောက်ကာငင်ကာနှင့် နေ... မကောင်း ဖြစ်ပါလေရော၊ ရောဂါကတော့ သွေးအန်တဲ့ ရောဂါဗျ၊ အဆုတ်... ဂေါ်ဖရီ ခမျာ သူ အင်မတန် ချစ်တဲ့ မယား နေထိုင်မကောင်း ဖြစ်တော့ ... တော်လေး စိတ်ဒုက္ခ ရောက်ရှာတယ်၊ ဒီတုန်းမှာ လန်ဒန် သွားပြီး ဘောလုံး ... စရာ ကိစ္စက ပေါ်လာတယ်၊ ဘောပွဲကို သူ မလိုက်လို့ မဖြစ်ဘူး၊ မလိုက်... အကြောင်း ပြရမယ်၊ အကြောင်း ပြရရင် ဒီကိစ္စကို လူသိကုန်မယ်၊ ဒါနှင့် ...





လန်ဒန် ရောက်တော့ ကျုပ်က ကြေးနန်း တစ်စောင် ရိုက်ပြီး အားပေး လိုက် တယ်၊ သူကလည်း ကျုပ် တတ်နိုင်သမျှ လုပ်ပေးဖို့ ကြေးနန်း လှမ်း ရိုက်လိုက် တယ်၊ ခင်ဗျားတို့ မြင်ခဲ့ရတယ် ဆိုတဲ့ ကြေးနန်းဟာ အဲဒီ ကြေးနန်းပဲ၊ လူမမာ အခြေအနေ တော်တော် ဆိုးနေပေမဲ့ ကျုပ် အကြောင်း မကြားခဲ့ပါဘူး၊ ဘာဖြစ် လို့လဲ ဆိုတော့ သူ ဒီမှာ ရှိနေလည်း ဘာမှ လုပ်နိုင်မှာ မဟုတ်ဘဲကိုး၊ ဒါပေမဲ့ ကျုပ် သူငယ်မလေးရဲ့ အဖေကိုတော့ အကျိုးအကြောင်းကို ကြေးနန်း ရိုက်လိုက် တယ်၊ ဒီတွင် သူငယ်မလေး အဖေက ဘာမှ မစဉ်းစားဘဲ ဂေါ်ဖရီကို သွားပြီး ပြောတယ်၊ ဂေါ်ဖရီလည်း အရူးကြီး တစ်ပိုင်းလို ကသောကမျော ပြေးလာပြီး ရောက်ကတည်းက ဒီအတိုင်း ခုတင် ဘေးမှာ ထိုင်နေတော့တာပဲဗျ၊ သူငယ်မ ကလေး ခု မနက်က ဆုံးသွားသည် အထိ ဒီလိုပဲ ထိုင်နေတော့တာပါပဲ၊ ဒါဟာ အဖြစ်အပျက် အမှန်အတိုင်းပါပဲ စုံထောက်ကြီးရယ်၊ ဒီတော့ စုံထောက်ကြီးနှင့် ဟောဒီက မိတ်ဆွေကြီးတို့ကသာ သိုသိုသိပ်သိပ် ထားစေချင်ပါတယ်'

ရှားလော့ဟုမ်းက ဒေါက်တာ အမ်းစထရောင်း၏ လက်ကို ဆုပ်လိုက် ပြီးလျှင် 'ကဲ အိုင်ဆေး၊ သွားလိုက်ကြဦးစို့' ဟု ကျွန်ုပ်ဘက်သို့ လှည့်၍ ပြော လိုက်လေ၏။

ကျွန်ုပ်တို့သည် ပူဆွေးသောက ရောက်နေသည့် အိမ်ကြီးထဲမှ ဆောင်း နေခြည် ဖျော့ဖျော့ထဲသို့ ထွက်လာခဲ့ကြလေသတည်း။


[မူရင်း ဝတ္ထု ***The Adventure of the Missing Three-quarter.*** ရွှေဥဒေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် 'စင်တာ ဖောဝဝ် ဘောသမား ပျောက်ဆုံးမှု' ဟူသော အမည်ဖြင့် မြန်မာမှု ပြုပြီး။]



www.burmeseclassic.com

www.burmeseclassic.com

# ချစ်တဲ့ စိတ်ဟာ ဆန်းကြယ်



၁၈၉၇ ခုနှစ် အလွန် ချမ်းအေး၍ နှင်းမှုန်တို့ ထူထပ်စွာ ကျနေသည့် တစ်မနက်ခင်း၌ ကျွန်ုပ်၏ ပခုံးကို လာလှုပ်သဖြင့် ကျွန်ုပ်သည် အိပ်ရာမှ နိုးလာလေ၏။ လာနှိုးသူမှာ ရှားလော့ဟုမ်း ဖြစ်ပေ၏။ သူ့ လက်တွင် ကိုင်ထားသည့် ဖယောင်းတိုင်မှ မီးရောင်သည် ကျွန်ုပ်ကို ငုံ့ကြည့်လျက် ရှိသော စိတ်အား ထက်သန်သည့် သူ့ မျက်နှာပေါ်သို့ ထိုးကျနေလေရာ တစ်စုံတစ်ရာ အရေးတကြီး ကိစ္စ ပေါ်နေကြောင်းကို ကျွန်ုပ် ချက်ချင်း သိလိုက်ပေ၏။

"ဗျို့ ဝပ်ဆင်၊ မြန်မြန် လုပ်ဗျို့၊ မြန်မြန်လေး၊ အရေးကြီးတယ်၊ ဘာမှ မေးမနေနှင့်၊ အဝတ်အစား လဲပြီး လိုက်ခဲ့"


နောက်ဆယ်မိနစ် အကြာ၌ကား ကျွန်ုပ်တို့သည် ရထား တစ်စီးကို ခေါ်၍ ချယ်ရင် ကရော့ ဘူတာကြီးသို့ လာခဲ့ကြလေ၏။ ဆောင်းရာသီ အရုဏ်ဦးသည် ကောင်းကင်တွင် လင်းရောင် ဖြာစ ပြုလေပြီ။ လန်ဒန် မြို့ကြီး၏ အရောင်အမျိုးမျိုး ပြောင်းလျက် ရှိသော အခိုးအငွေ့များထဲတွင် နံနက်စောစော အလုပ်သွားနေကြသော အလုပ်သမားများကို ဝိုးတိုးဝါးတား မြင်ရပေ၏။ အေးလွန်းသည့် အတွက် ရှားလော့ဟုမ်းမှာ ကုတ်အင်္ကျီကြီးထဲတွင် ကုပ်၍ လိုက်ပါလာသည့် နည်းတူ ကျွန်ုပ်မှာလည်း ကုတ်အင်္ကျီကြီးထဲတွင် ကုပ်၍ လိုက်ပါလာခဲ့လေ၏။ ဘူတာရုံသို့ ရောက်ကြ၍ လက်ဖက်ရည် ပူပူ တစ်ခွက်စီကို သောက်ကာ ကင့်နယ်ဘက်သို့ ထွက်မည့် ရထားပေါ်သို့ ရောက်သည့် အခါတွင်မူကား ကျွန်ုပ်တို့မှာ အနည်းငယ် နွေးသာထိုင်သာ ရှိသွားလေပြီ။ ထိုအခါကျမှ ရှားလော့ဟုမ်း



www.burmeseclassic.com

www.burmeseclassic.com





'ဗျို့ ဝပ်ဆင်၊
မြန်မြန် လုပ်ဗျို့၊ မြန်မြန်'

မှာ စတင် စကား ပြောခြင်း ပြုနိုင်ပြီး ကျွန်ုပ်မှာလည်း ထိုအချိန်ကျမှပင် နား ထောင်ခြင်း ပြုနိုင်ပေ၏။ ရှားလော့ဟုမ်းသည် အိတ်ထဲမှ စာရွက် တစ်ရွက်ကို ထုတ်ကာ အသံ ထွက်၍ ဖတ်ပြလေ၏။

အက်ဘေး ဂရိန်း၊ မာရှမ်၊ ကင့်နယ်။
မနက် ၃ နာရီ ၃၀ မိနစ်။

စုံထောက်ကြီး ခင်ဗျား၊ အတော် ထူးခြား ဆန်းကြယ်သည့် အမှု တစ်ခုကို စုံစမ်းရန် အကူအညီ အရေးတကြီး လိုအပ်နေပါသည်။ စုံထောက်ကြီးနှင့် သက်ဆိုင်သည့် အမှုမျိုး ဖြစ်ပါသည်။ အမျိုးသမီးကို ဖြေလွှတ်လိုက်သည်မှ လွဲလျှင် ကျန် အရာများကို နဂို အတိုင်း ခြေရာ လက်ရာ မပျက် ထားပါသည်။ ကျွန်တော့်မှာ ဆာ ယူးစတေ့ကို စောင့်နေရသည့်အတွက် ကိုယ်တိုင် လာရောက်ခြင်း မပြုနိုင်ပါ။

ထို့ကြောင့် ချက်ချင်း အမြန် လိုက်လာခဲ့စေလိုပါသည် ခင်ဗျား။

သစ္စာ ရှိစွာဖြင့်
စတန့်လေ ဟော့ပကင်၊





'ကျုပ်ဆီကို ဟော့ပကင်း အကူအညီ တောင်းဖူးတာ ခုနစ်ကြိမ် ရှိပြီဗျ၊ ခေါ်တိုင်း အရေးကြီးတဲ့ ကိစ္စချည်းပဲ၊ ဒီမောင်က အရေးမကြီးဘဲနှင့် ခေါ်လေ့ မရှိဘူး၊ သူ ခေါ်တဲ့ အမှုတိုင်းကလည်း ခင်ဗျား မှတ်တမ်း တင်ရမယ့် အမှုမျိုး ချည်းပဲ၊ တစ်ခုတော့ ခင်ဗျားကို ပွင့်ပွင့်လင်းလင်း ပြောရဦးမယ်၊ ခင်ဗျား ရွေးပြီး မှတ်တမ်း တင်တဲ့ အမှုတွေက ပေပြစ်အောင် ရေးထားတာတွေ ဖြစ်နေတယ်ဗျ၊ ဒါကိုတော့ ကျုပ် တယ်မကြိုက်ချင်လှဘူး၊ ခင်ဗျားက စုံထောက် ပညာကို အလေး မထားဘဲ အဖြစ်အပျက် အနေနှင့် ဖတ် ကောင်း အောင် ရေးဖို့ကိုသာ အာရုံ စိုက်နေလေတော့ တော်တော် ကောင်းပြီး စံနမူနာ အဖြစ် ထားရမယ့် အမှုတွေ ဖြစ်မလာဘဲ ပျက်စီးသွားတယ်ဗျ၊ ခင်ဗျားက လူစိတ်ဝင်စားမယ့် အကြောင်းလောက်ကိုသာ ရွေးရေးလေတော့ ပရိသတ် အနေနှင့် ဖတ်လို့တော့ ကောင်းချင်ကောင်းမှာပါပဲ၊ သို့သော်လည်း ပရိသတ်ကို ပညာ မပေးနိုင်ဘဲ ဖြစ်နေတယ်ဗျ'

ကျွန်ုပ်မှာလည်း စိတ်ပေါက်ပေါက် ရှိသည်နှင့်

'ဒါဖြင့်လည်း ခင်ဗျား ကိုယ်တိုင် ရေးပေါ့ဗျ'

'ရေးရမယ်ဗျ၊ ရေးရမယ်၊ ခု လော လော ဆယ် တော့ ခင်ဗျား သိတဲ့ အတိုင်း ကျုပ်မှာ အလုပ်တွေ များနေသေးလို့ မရေးနိုင်သေးဘူး၊ ဒါပေမဲ့ နည်းနည်း အသက် ကြီးလာရင်တော့ စုံထောက် ပညာနှင့် ပတ်သက်လို့ လက်စွဲကျမ်း တစ်စောင် ရေးမယ် စိတ်ကူးတာပဲ၊ ရေးဖြစ်ရင်တော့ စုံထောက် ပညာကို ဌာန်ကုန်အောင် တစ်တွဲတည်းနှင့် အပြီး ရေးမယ်လို့ ရည်ရွယ်ထားတယ်၊ စကားမစပ် အခု ကျုပ်တို့ သွား စုံစမ်းမယ့် အမှုကလည်း လူသတ်မှုနှင့် တူတာပဲ'

'ဒါဖြင့်ရင် ဆာ ယူးစတေ့ သေပြီလို့ ခင်ဗျား ယူဆတယ်ပေါ့'

'ဟုတ်တယ်၊ ဒီလိုပဲ ပြောရလိမ့်မယ်၊ ဟော့ပကင်းရဲ့ စာကို ကြည့်ရတာက သူကိုယ်တိုင် တော်တော်လေး ယောက်ယက်ခတ်နေပုံ ရတယ်၊ အဖုန်က ဟော့ပကင်း ဆိုတဲ့ လူဟာ တော်တော်တန်တန်ကို စိတ် လှုပ်ရှားခဲတဲ့ လူ၊ ခုပုံကတော့ လူသတ်မှု ဖြစ်မယ်၊ အလောင်းကို ကျုပ်တို့ စစ်ဆေး ကြည့်နိုင်အောင် ဒီအတိုင်း နေရာမပျက် ထားတဲ့ ပုံပဲ၊ သာမန် ကိုယ့်ကိုယ်ကိုယ် သတ်သေမှုမျိုး ဆိုရင် ဟော့ပကင်းဟာ ကျုပ်ကို ခေါ်စရာ အကြောင်း မရှိဘူး၊ အမျိုးသမီးကို ဖြေလွှတ်လိုက်တယ် ဆိုတာကတော့ ကိစ္စ ဖြစ်တုန်းမှာ အမျိုးသမီးကို ဘယ်မှ ထွက်ခွင့် မပြုဘဲ အခန်းထဲမှာ ပိတ်လှောင်ထားတာနှင့် တူတယ်၊ ကျုပ်တို့ သွား စုံစမ်းရမယ့် အမှုက အထက်တန်းစားထဲမှာ ဖြစ်တဲ့ လူသတ်မှုဗျ၊ ဟော့ပကင်း ရေးလိုက်တဲ့ စာရွက်ကို ကြည့်စမ်း၊ စာရွက်က ကြွပ်ရှရှတဲ့ စာ



www.burmeseclassic.com

www.burmeseclassic.com



ရွက် အကောင်းစား၊ စာရွက်မှာ ရေးထားတဲ့ ရေစာက အီး ဘီတဲ့၊ ကိုယ်ပိုင် အမှတ် တံဆိပ်ဗျ၊ ပြီးတော့ ကိုယ်ပိုင် သုံးတဲ့ တံဆိပ် ပါသေးတယ်၊ လိပ်စာကို ရိုက်ထားတာကလည်း အကောင်းစား လှလှပပကလေး ရိုက်ထားတာ၊ အင်း ဟော့ပကင်း ဆိုတဲ့ လူဟာ တော်တော်တန်တန် အရေးမကြီးဘဲနှင့်တော့ ကျုပ် တို့ကို မခေါ်ဘူး ထင်တာပဲဗျာ၊ ကျုပ်ကို့ အဖို့လည်း စိတ်ဝင်စားစရာ ကောင်း တဲ့ အမှုနှင့်တော့ တွေ့ရလိမ့်မယ်လို့ ထင်တာပဲ၊ လူသတ်မှုက မနေ့ည ဆယ့်နှစ် နာရီ မတိုင်ခင်က ဖြစ်တာ'

'အလို၊ ခင်ဗျားက ဘယ့်နှယ် လုပ်ပြီး ပြောနိုင်ရတာလဲ'

"ရထား ထွက်ချိန်တွေကို ကြည့်ပြီး အချိန်ကို တွက် ကြည့် တာ ပေါ့ ဗျာ၊ အမှု ဖြစ်ပြီးရင် ဆိုင်ရာ ဂါတ်က ပုလိပ်ကို ခေါ်ရမယ်၊ ဆိုင်ရာ ပုလိပ်က စကော့တလန်ယာဒ်ကို အကြောင်း ကြားရမယ်၊ ဟော့ပကင်း လိုက်သွားရဦး မယ်၊ ပြီးတော့ ကျုပ်ဆီကို ကြေးနန်း ရိုက်ရဦးမယ်၊ ဒီကိစ္စဟာ တစ်ညလုံး လုပ်မှ ဖြစ်နိုင်မှာ၊ ဟော ချီဆယ်ဟက်စ် ဘူတာကို ရောက်ပြီ ဗျို့၊ မကြာခင် သိရတော့မှာပါ'

ကျဉ်းမြောင်းသော ရွာ လမ်းကြောင်းကလေးများ အတိုင်း နှစ်မိုင်ခန့် မြင်းရထားဖြင့် လာခဲ့ကြ၍ ခြံရှေ့သို့ ရောက်လျှင် ခြံစောင့်က တံခါးကို ဆီးဖွင့် ပေးလေ၏။ ခြံစောင့်၏ မျက်နှာမှာ ချုံးကျလျက် ရှိလေရာ သူ့ မျက်နှာသည် ထိုခြံတွင် ဖြစ်ပွားခဲ့သည့် အနိဋ္ဌာရုံကို ထင်ဟပ် ပြသနေသကဲ့သို့ ရှိလေ၏။

ကျွန်ုပ်တို့သည် ပန်းခြံကို ဖြတ်ဖောက်ထားသည့် သစ်ပင်များ တန်းစီ ပေါက်နေသော လမ်းကလေး အတိုင်း ဝင်လာခဲ့ကြရာ ပလာဒီယို အဆောက် အအုံ ပုံစံ ရှေ့ မျက်နှာစာတွင် ဆောက်ထားသည့် အိမ်ပြာပြား ပုပုကလေး တစ်လုံး ရှေ့သို့ ရောက်လာခဲ့ကြလေ၏။ အိမ်ရှေ့မှာ အတော် ဟောင်းနွမ်းလျက် ရှိပြီး တိုက်နံရံတွင် အိုင်ဗီ နွယ်ပင်များ တွယ်တက်လျက် ရှိသော်လည်း ပြတင်း ပေါက်များမှာ မကြာခင်က ပြင်ဆင် ဖောက်ထားဟန် ရှိပေ၏။ အိမ်အဖီ တစ် ဖက်မှာမူ မကြာခင်ကမှ ဆောက်လုပ် ပြီးစီးဟန်ဖြင့် အတော်ကြီး သစ်လွင်လျက် ရှိသည်ကို တွေ့ရပေ၏။

အိမ်ရှေ့သို့ ရောက်သည်တွင် အင်စပက်တော် ဟော့ပကင်း၏ တောင့် တင်း ပျိုရွယ်သည့် ကိုယ်ခန္ဓာနှင့် ဖျတ်လတ် တက်ကြွဟန် ရှိသော မျက်နှာကို ကျွန်ုပ်တို့ မြင်ရလေ၏။

'စုံထောက်ကြီး လိုက်လာလို့ ဝမ်းသာတယ် ခင်ဗျာ၊ ဒေါက်တာ ပါ





ဆင်ပါ ပါလာတဲ့ အတွက်လည်း ဝမ်းသာတယ်၊ စောစောတုန်းက ဒီလိုမှန်း သိရင် မခေါ်ပါဘူး ခင်ဗျာ၊ ခု အမျိုးသမီးက သတိ ကောင်းကောင်း ပြန်ရလာ လို့ ဖြစ်ပျက်ပုံကို စုံစုံလင်လင် ပြောပြတဲ့ အတွက် တော်တော်လေး ရှင်းသွား ပါပြီ၊ ကျွန်တော်တို့တောင် လိုက်စရာ သိပ်မလိုတော့ပါဘူး၊ ရန်ဒယ် လူဝီရှန် ဖောက်ထွင်းဂိုဏ်းကို စုံထောက်ကြီး မှတ်မိသေးတယ် မဟုတ်လား'

'ဘာလဲ၊ ဟို သားအဖ သုံးယောက် ဂိုဏ်းလားဗျ'

'ဟုတ်တယ်၊ သူတို့ ဂိုဏ်းပေါ့ ခင်ဗျာ၊ ခုလည်း သူတို့ လက်ချက်ပေါ့၊ လွန်ခဲ့တဲ့ နှစ်ပတ်လောက်တုန်းက ဆိုင်ဒင်ဟမ်မှာလည်း သူတို့ ဖောက်သွားခဲ့ တယ် ခင်ဗျ၊ ကျွန်တော် သွားကြည့်ခဲ့ပြီးပြီ၊ ဒီနား ကပ်လျက်မှာ ဒီလောက် မြန် မြန် ဆက်တိုက် ဖောက်လိမ့်မယ်လို့ မထင်ခဲ့ဘူး ခင်ဗျာ၊ ခုလည်း ဒီကောင်တွေ လုပ်သွားပြန်ပြီ၊ ဒီတစ်ကြိမ်ကတော့ ကြိုးစင် တင်ရမယ့် အမှု ခင်ဗျ'

'ဒါဖြင့် ဆာ ယူးစတေ့ သေပြီပေါ့'

'ခေါင်းကို မီးဆွတဲ့ သံကောက်နှင့် ရိုက်သတ်သွားတာ ခင်ဗျ'

'ရထားသမားက ပြောတယ်၊ နာမည် အပြည့်အစုံက ဆာ ယူးစတေ့ ဗရက်ကင်စတောလ်ဆို'

'ဟုတ်တယ် ခင်ဗျ၊ ကင့်နယ်မှာတော့ အချမ်းသာဆုံး လူတစ်ယောက်ပဲ၊ လေဒီ ယူးစတေ့ကတော့ ဧည့်ခန်းထဲမှာ ခင်ဗျ၊ အမျိုးသမီးကို သနားပါတယ် ခင်ဗျာ၊ တော်တော်လေးကို တုန်လှုပ် ချောက်ချားနေတယ်၊ ကျွန်တော် ရောက် လာတော့ အမျိုးသမီးကို ကြည့်ရတာ အသက်တောင် ရှိမှ ရှိသေးရဲ့လားလို့ ထင် မိတယ်၊ အကောင်းဆုံးကတော့ စုံထောက်ကြီး အနေနှင့် သူနှင့် တွေ့ပြီး သူ ပြော တာကို နားထောင်ရင် အကောင်းဆုံးပဲ ခင်ဗျ၊ ပြီးတော့မှ ထမင်းစားခန်းကို ကျွန် တော်တို့ ကြည့်ကြတာပေါ့'

လေဒီ ယူးစတေ့ ဗရက်ကင်စတောလ်မှာ သာမန် အမျိုးသမီး တစ် ယောက် မဟုတ်ချေ။ ပြေပြစ် တင့်တယ်သော ကိုယ်လုံး ကိုယ်ပေါက်၊ မိန်းမ ပီသသော အမူအရာနှင့် ညှို့မျှ လှပသော မျက်နှာတို့ကို ကျွန်ုပ် တွေ့မြင်ရခဲပေ ၏။ အမျိုးသမီးမှာ အသားဖြူဖြူ၊ မျက်လုံးပြာပြာ၊ ရွှေရောင် ဆံပင်တို့ ရှိပြီး ခပ်စောစောပိုင်းက ကြုံခဲ့သည့် အဖြစ်အပျက်ကြောင့် မျက်တွင်းများ ချောင်ကျ နေခြင်း၊ မျက်နှာ ညှိုးကျနေခြင်းတို့ မရှိခဲ့ပါက တော်တော် လှမည့် မိန်းမချော တစ်ယောက် ဖြစ်လေ၏။ မျက်လုံး တစ်ဖက်မှာ ဖူးဖူး ရောင်လျက် ရှိသဖြင့် အမျိုးသမီးမှာ စိတ်ဓာတ် အရှုံးသာမက ကိုယ်ခန္ဓာအားဖြင့်လည်း ဒဏ်ရာကို



www.burmeseclassic.com

www.burmeseclassic.com



ခံစားနေရသည်ဟု ဆိုနိုင်ပေ၏။ မျက်နှာထား တင်းတင်း၊ အရပ် မြင့်မြင့်
အိမ်စေ မိန်းမကြီး တစ်ယောက်သည် လေဒီ ယူးစတော့၏ မျက်လုံးမှ ဒဏ်ရာ
ရလာကာရည်နှင့် ရေ ရောစပ်၍ ဆေးကြောပေးလျက် ရှိလေ၏။ အမျိုးသမီးသ
ဆိုဖာ တစ်လုံးပေါ်တွင် လဲလျောင်းလျက် ရှိသည့်တိုင် ကျွန်ုပ်တို့ ဝင်လာ
လှမ်း၍ ကြည့်လိုက်သော လျှင်မြန် စူးရှသည့် အကြည့်နှင့် ချောမော ပြေပြစ်
သူ့မျက်နှာပေါ်မှ သွက်လက် ဖျတ်လတ်သည့် အမူအရာတို့ကို ကြည့်၍
အဖြစ်အပျက် ဖြစ်ပွားသည့်တိုင် သတ္တိနှင့် စဉ်းစားဉာဏ် အရာတွင် ခေသူ မဟု
ကြောင်းကို သိသာနိုင်ပေ၏။ အမျိုးသမီးသည် ငွေရောင်နှင့် အပြာရောင်
ထားသည့် ညဝတ် အင်္ကျီကို ရုံလျက် ရှိ၍ ငွေပြားကလေးများ ဆွဲထားသ
ညစာစား ဝတ်ရုံ အင်္ကျီမှာ ဆိုဖာ ဘေးတွင် ပုံကျလျက် ရှိသည်ကို တွေ့ရလေ၏။

အမျိုးသမီးက ပင်ပန်း နွမ်းနယ်ဟန်ဖြင့်

'မစ္စတာ ဟော့ပကင်းကို ကျွန်မ အကုန် ပြောပြီးပါပြီလေ၊ ကျွန်မ
အင်စပက်တော်မင်းပဲ ပြန်ပြောလိုက်ပါတော့၊ ပြောလို့ မဖြစ်ဘူးလားရှင်၊
ပါပြီလေ၊ လိုအပ်တယ် ဆိုရင်တော့ ဒီက မိတ်ဆွေကြီးများကို ကျွန်မကပဲ
ပြောရတော့မှာပေါ့၊ ထမင်းစားခန်းကိုတော့ မရောက်ခဲ့သေးဘူးနော်'

'မင်းကတော် ပြန်ပြောတာကို နားထောင်ပြီးမှ ကြည့်ရင် ကောင်း
လို့ ထင်ပါတယ်'

'ဖြစ်နိုင်ရင် တစ်နေရာကို ရွှေ့ထားလိုက်ကြစမ်းပါရှင်၊ ခုထက်ထိ ပိုး
ပက်လက်ကြီး ဖြစ်နေတာကို တွေးမိတိုင်း ကျွန်မ ရင်တုန်လွန်းလို့ပါ'

အမျိုးသမီးသည် တစ်ကိုယ်လုံး သိမ့်သိမ့်တုန်အောင် ငိုရှိုက်ကာ
ကို လက်ဝါးဖြင့် အုပ်ထားလိုက်လေ၏။

အမျိုးသမီးက ငုံ့လိုက်သည့် အခါတွင် ညဝတ် အင်္ကျီ ဝတ်ရုံသည်
မောင်းပေါ်မှ လျှောကျသွားလေ၏။ ရှားလော့ဟုမ်းက တအံ့တသြဖြင့် အော်
၏။

'အလို၊ မင်းကတော်မှာ တခြား ဒဏ်ရာတွေ ရှိသေးသလား၊
တာလဲ'

ဖြူဖွေး သေး သွယ် သည့် လက်မောင်းပေါ်တွင် အနီပြောက်ကြီး
ပြောက်ကို ထင်ထင်ရှားရှား မြင်ရလေ၏။ အမျိုးသမီးက ဒဏ်ရာကို ကပျာ
ဖုံးလိုက်ပြီးလျှင်

'ဘာမှ မဟုတ်ပါဘူးရှင်၊ ဒါက မနေ့ညက ဖြစ်တဲ့ အဖြစ်အပျက်







'ကျွန်မက ဆာ ယူးစတေ့ ဗရက်ကင်စတောလ်ရဲ့ ဇနီးပါ'

ဘာမှ မဆိုင်ပါဘူး၊ ကဲ ထိုင်ကြပါရှင်၊ ကျွန်မ ပြောနိုင်သလောက် အကုန် ပြော
ပြပါမယ်။

'ကျွန်မက ဆာ ယူးစတေ့ ဗရက်ကင်စတောလ်ရဲ့ ဇနီးပါ၊ လွန်ခဲ့တဲ့ တစ်
နှစ်လောက်တုန်းက ကျွန်မတို့ လက်ထပ်ခဲ့ကြပါတယ်၊ ကျွန်မတို့ အိမ်ထောင်
ရေးဟာ သိပ် အဆင် မပြေဘူး ဆိုတာ ကျွန်မ ဖုံးကွယ် မနေချင်ပါဘူးရှင်၊ ဖုံး
ကွယ်နေရင်လည်း ဘာမှ အကျိုး မထူးပါဘူး၊ ကျွန်မက ဖုံးကွယ်နေပေမဲ့ အိမ်
နီးနားချင်းတွေကို မေးလိုက်ရင် စုံထောက်ကြီးတို့ သိလာမှာပါပဲ၊ ဒီတော့ မဖုံး
ကွယ်တော့ပါဘူး၊ အိမ်ထောင်ရေး အဆင်မပြေ ဖြစ်ရတဲ့ အကြောင်းရင်းကတော့
ကျွန်မ အပြစ်လည်း တစ်စိတ်တစ်ပိုင်း ပါတယ်ပေါ့ရှင်၊ ကျွန်မက တောင်ပိုင်း
သြစတြေးလျမှာ မွေးပြီး အဲဒီမှာပဲ ကြီးပြင်းလာခဲ့တော့ အဲဒီက အမျိုးသမီးတွေ
ပုံးစံအတိုင်း လွတ်လွတ်လပ်လပ် နေတတ်တယ်၊ သိပ် ရှေးမဆန်ဘူး ဆိုပါတော့၊



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလန်ကတော့ တစ်မျိုး မဟုတ်လား၊ စည်းကမ်းကလည်း ကြီး အဆောင် အယောင်တွေကလည်း များတော့ ကျွန်မနှင့် သိပ်ပြီး မအပ်စပ်လှဘူးပေါ့၊ ဒါပေမဲ့ အဆင်မပြေတဲ့ အဓိက အကြောင်းကတော့ အားလုံးလိုလို သိပြီးတဲ့ အတိုင်း ကျွန်မ ယောကျ်ားကြောင့်ပါရှင်၊ သူက အရက် သိပ်သောက်ပါတယ်၊ အရက် သမားနှင့် တစ်နာရီလောက် နေရတာဟာ ကျွန်မ အဖို့ ငရဲကျသလောက်တောင် ထင်မိပါတယ်၊ စုံထောက်ကြီးတို့ပဲ စဉ်းစားကြည့်ပါရှင်၊ ကျွန်မလို လွတ်လွတ် လပ်လပ် ပျော်ပျော်ပါးပါး နေချင်တဲ့ မိန်းမ တစ်ယောက်ဟာ နေ့ရော ညပါ အရက်သမားကြီး အနား နေရတယ် ဆိုတော့ ဘယ်လောက် စိတ်ဆင်းရဲလိုက် မလဲ ဆိုတာ တွေးသာ ကြည့်ကြပါတော့၊ ဒီလို အိမ်ထောင်ရေးမျိုးမှာ လင့်ဝတ် နှင့် မယားဝတ်တို့ကို လိုက်နာရမယ်လို့ ပြဋ္ဌာန်းထားတဲ့ ကျင့်ဝတ်ကြီးကတော့ လွန်လွန်းပါတယ်ရှင်၊ ကျွန်မ အမြင်မှာတော့ ဝဋ် လိုက်တာနှင့် အတူတူပဲလို့ တောင် ထင်မိပါတယ်၊ ဒီကျင့်ဝတ်ကြီးကြောင့် ကျွန်မတို့မှာ ဒုက္ခ ရောက်နေကြ တာလို့လည်း ကျွန်မ ထင်ပါတယ်၊ ဒီလို ဖြစ်နေတာကို ဘုရား မြင်ရင် ဘုရား ကတောင် အပြစ် လွှတ်မှာ မဟုတ်ဘူးလို့ ထင်ပါတယ်"

လေဒီ ယူးစတေ့သည် ထထိုင်လိုက်၏။ သူ့ ပါးပြင်သည် နီရဲလျက် ရှိကာ မျက်လုံးများသည်လည်း မီးတဝင်းဝင်း တောက်လျက် ရှိခြင်းကို ကျွန်ုပ် သတိပြုမိပေ၏။ အိမ်စေ အမျိုးသမီးက သူ့ခေါင်းကို ကိုင်၍ ကူရှင်ပေါ်သို့ ပြန် ချပေးလိုက်လေရာ ထိုအခါကျမှပင် လေဒီ ယူးစတေ့၏ အမျက် ဒေါသသည် ပြင်းထန်စွာ ငိုရှိုက်ခြင်း အဖြစ်သို့ ပြောင်းလဲသွားလေ၏။ ထို့နောက် အမျိုးသမီး က စကားကို ဆက်လိုက်၏။

"မနေ့ညက အဖြစ်အပျက်ကို ကျွန်မ ပြောပြပါ့မယ်ရှင်၊ စုံထောက်ကြီး တို့ သိတဲ့ အတိုင်း ကျွန်မတို့ အိမ်မှာ အိမ်စေတွေက နောက်ထပ် ဆောက်ထား တဲ့ အဆောင်သစ်မှာ အိပ်ကြပါတယ်၊ အလယ် အိမ်မကြီး အောက်ထပ်ကတော့ ဧည့်ခန်း လုပ်ထားပြီး နောက်ဖေးမှာ မီးဖို ရှိပါတယ်၊ ကျွန်မတို့ အိပ်ခန်းကတော့ အပေါ်ထပ်မှာပါ၊ ကျွန်မရဲ့ အိမ်စေ ထရီဇာကတော့ ကျွန်မ အခန်းရဲ့ အပေါ်ထပ် အခန်းမှာ အိပ်ပါတယ်၊ ကျွန်မက ခေါ်မှပဲ ကျွန်မ အခန်းထဲကို လာလေ့ ရှိပါတယ်၊ ဒီပြင်တော့ ဘယ်သူမှ မရှိပါဘူး၊ အိမ်မကြီးဘက်က ဆိုရင် ဘာသံမှ မကြား ရဘူးရှင့်၊ ဒီတော့ သူခိုးတွေဟာ ဒီအကြောင်းကို သိကြလိမ့်မယ် ထင်ပါတယ်၊ ဒီလိုမှ မသိရင် ခုလို လုပ်ဖို့ ဆိုတာ မလွယ်ပါဘူး။

"မနေ့ညကတော့ ကျွန်မ ယောကျ်ားကလည်း ဆယ့်နာရီခွဲလောက်မှ





အိပ်ရာ ဝင်ပါတယ်၊ အိမ်စေတွေကလည်း ဘေးက အဆောင်ကို ပြန်သွားကြပါ ပြီ၊ ကျွန်မ အိမ်စေလည်း ကျွန်မ အခန်းရဲ့ အပေါ်ထပ်က သူ့အခန်းထဲကို ရောက် နေပါပြီ၊ သူကလည်း ကျွန်မ ခေါ်မှပဲ လာလေ့ ရှိပါတယ်၊ ကျွန်မလည်း အခန်း ထဲမှာ ထိုင်ပြီး ဝတ္ထု ဖတ်နေလိုက်တာ ဆယ့်တစ်နာရီခွဲ ကျော်နေပါပြီ၊ ဝတ္ထု ဖတ်ပြီးတော့ အိပ်ရာ ဝင်မယ် ဆိုပြီး အိမ်ရှေ့မှာ အစေခံတွေက တံခါးတွေ ပိတ် မပိတ် လိုက်ကြည့်ပါတယ်၊ ဒီအလုပ်က ကျွန်မ နေ့တိုင်း လုပ်လေ့ ရှိတဲ့ အလုပ်ပါ၊ ကျွန်မ ယောကျ်ားကလည်း အရက် မူးနေတော့ သူ့ကို စိတ်ချလို့ မဖြစ်ပါဘူး၊ ဒါနှင့် ကျွန်မလည်း မီးဖိုထဲကို ဝင်ကြည့်၊ ဘဏ္ဍာစိုးရဲ့ စတိုခန်းကို ကြည့်၊ အမဲ ပစ် သေနတ်တွေ ထားတဲ့ အခန်းကို ကြည့်၊ ပြီးတော့ ဘိလိယက်ခန်းတို့၊ ဧည့် ခန်းတို့ကို လျှောက်ကြည့်ပြီး နောက်ဆုံးကျတော့ ထမင်းစားခန်းထဲကို ဝင်ကြည့် ပါတယ်။

"ထမင်းစားခန်းနား ရောက်လို့ ပြတင်းပေါက် ခန်းဆီး အနက်တွေ ကာ ထားတဲ့ ပြတင်းပေါက်ကြီးတွေ နားကို ရောက်တော့ ကျွန်မ မျက်နှာကို လေ တိုးတာ သတိ ထားလိုက်မိပါတယ်၊ ပြတင်းပေါက် ပွင့်နေလို့ ဖြစ်မှာပဲလို့ ကျွန်မ ချက်ချင်း သတိ ရလိုက်ပါတယ်၊ ဒါနှင့် ပြတင်းပေါက်ကို ပိတ်မယ်လို့ ခန်းဆီး ကိုလည်း ဆွဲလိုက်ရော လား လား ပခုံးကျယ်ကျယ် အသက်ကြီးကြီး လူကြီး တစ်ယောက်နှင့် မျက်နှာချင်းဆိုင် တိုးနေပါရောရှင်၊ ပြတင်းပေါက်ကြီးက မြင် သစ် ပြတင်းလို့ ခေါ်တဲ့ ပြတင်းပေါက်ကြီးတွေရှင့်၊ သိတဲ့ အတိုင်း တံခါးမကြီး တွေလောက် ကြီးပြီး အိမ်ရှေ့ မြက်ခင်းကို လှမ်းမြင်နေရပါတယ်၊ ကျွန်မ လက် ထဲမှာ အိပ်ခန်းထဲ ထွန်းတဲ့ ဖယောင်းတိုင်ကို ကိုင်ထားတော့ အဲဒီ လူကြီးရဲ့ နောက်က လူနှစ်ယောက်ကလည်း အိမ်ထဲကို ဝင်နေကြတာကို ကျွန်မ မြင်လိုက် ရပါတယ်၊ ဒါနှင့် ကျွန်မလည်း နောက်ဆုတ်ပြီး လှည့်ပြေးမယ် လုပ်တော့ အဲဒီ လူကြီးက ကျွန်မကို ဖမ်းဆွဲလိုက်တယ် ရှင့်၊ ပထမ လက်ကောက်ဝတ်ကို ဖမ်း ဆွဲထားပြီးနောက် ကျွန်မ လည်ပင်းကို ညှစ်ထားတယ်၊ ဒါနှင့် ကျွန်မက အော် မယ် လုပ်တော့ သူက ကျွန်မ မျက်လုံးကို တအား ပိတ်ရိုက်လိုက်တယ်ရှင့်၊ ပြီး တော့ ကျွန်မကို တွန်းပစ်လိုက်လို့ ကျွန်မလည်း ကြမ်းပေါ် ပုံလျက်သား လဲကျ သွားပါတယ်၊ သတိ လစ်သွားတယ်လို့ ထင်လိုက်တာပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်မ သတိရလို့ ပြန်ကြည့်လိုက်တဲ့ အခါကျတော့ လူဆိုးတွေဟာ ခေါင်းလောင်း ကြိုးကို ဖြတ်ပြီးနေပါပြီ၊ ပြီးတော့ ကျွန်မကိုလည်း ထမင်းစားခန်း ထိပ်မှာ ရှိ ဝက်သစ်ချ ကုလားထိုင်မှာ ကြိုးတွေနှင့် တုပ်ထားတာကို တွေ့ရပါတယ်၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ကို ကြိုးတွေနှင့် တုပ်ထားလိုက်တာ ရှင်၊ ဘယ်လောက်တောင် တုပ်ထားမှန်း မသိပါဘူး၊ လှုပ်ချင်လို့ လှုပ်ကြည့်တာတောင် နည်းနည်းလေးမှ လှုပ်လို့ မရဘူး ရှင့်၊ ပြီးတော့ ကျွန်မ ပါးစပ်ကိုလည်း လက်ကိုင်ပဝါနှင့် စည်းထားတော့ အော် လို့ မရဘူး ရှင့်။

'ဒီတုန်းမှာ ကံဆိုးချင်တော့ ကျွန်မ ယောက်ျားက ထမင်းစားခန်းထဲကို ဝင်လာတယ်ရှင့်၊ ကြည့်ရတာကတော့ အောက်ထပ်က အသံဗလံတွေကို ကြား လို့ မသင်္ကာတာနှင့် ဆင်းလာတာနှင့် တူပါတယ်၊ ရပ်အင်္ကျီနှင့် ဘောင်းဘီ ဝတ် ထားပြီး လက်မှာ ရှားနှစ်သား တုတ်ကြီးကို ကိုင်လို့ရှင့်၊ တစ်ခုခု တွေ့ရလိပ်မယ် ထင်လို့ အင်္ကျီ အဝတ်အစားတွေကို လဲပြီး တုတ်ကြီးကို ကိုင်လာတယ် ထင်တာပဲ၊ ဒါနှင့် အောက် အခန်းထဲ ရောက်လို့ လူဆိုးတွေကိုလည်း မြင်ရော သူက လူတစ်ယောက်ကို ပြေး အရိုက်လိုက်မှာ အသက် ခပ်ကြီးကြီး လူဆိုးက မီးဆွတဲ့ သံကောက်ကြီးနှင့် ကောက်ရိုက်လိုက်တယ် ရှင့်၊ ဖျောင်းဆို မြည်ပြီး ကျွန်မ ယောက်ျားလည်း ကြမ်းပေါ် လဲကျသွားလိုက်တာရှင်၊ တစ်ချက်မှတောင် မအော်နိုင်ပါဘူး၊ စန့်စန့်ကြီး ဖြစ်ပြီး ပွဲချင်းပြီး သေတာပါပဲ၊ ဒါနှင့် ကျွန်မ လည်း နောက်တစ်ကြိမ် မူးမေ့ သွားပြန်တယ်ရှင့်။

'ဒါပေမဲ့ ကျွန်မ သတိ မေ့လိုက်တာ သိပ်တော့ ကြာလိုက်ပုံ မရဘူး၊ သတိ ပြန်ရလို့ မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ လူဆိုးတွေဟာ ကြောင်အိမ် ထဲက ငွေပန်းကန်တွေ၊ ငွေခက်ရင်းတွေ၊ ငွေဇွန်းတွေကို ယူပြီးကြပြီရှင့်၊ ကြောင် အိမ်ထဲမှာ ထားတဲ့ ဝိုင်ပုလင်းကို ယူပြီး သောက်နေကြလေရဲ့၊ လက်ထဲမှာ ဖန်ခွက် တစ်လုံးစီ ကိုင်လို့၊ လူဆိုးတွေထဲမှာ တစ်ယောက်က အသက်က ကြီးကြီးလို့ ပြောခဲ့ပါတယ်၊ အဲဒီ လူက မုတ်ဆိတ်နှင့်ရှင့်၊ ကျန်တဲ့ နှစ်ယောက်ကတော့ ငယ်တွေပဲ ရှိကြသေးတယ်၊ မုတ်ဆိတ်တို့ ဘာတို့လည်း မပါဘူး၊ ကြည့်ရတာ ကတော့ အဖေနှင့် သားနှစ်ယောက် ဖြစ်ဟန် တူတာပဲ၊ သူတို့ အချင်းချင်း တိုး တိုး တိုးတိုးနှင့် စကား ပြောနေကြတယ် ရှင့်၊ ပြီးတော့ ကျွန်မ အနားကို လာပြီး ကျွန်မကို ချည်ထားတဲ့ ကြိုးတွေ ခိုင် မခိုင် လာကြည့်ကြတယ်၊ နောက်တော့ သူတို့လည်း ပြန်ထွက်ပြီး ပြတင်းပေါက်ကို ပိတ်သွားကြပါတယ်၊ ကျွန်မ ပါးစပ် က လက်ကိုင်ပဝါကို ဖြေလို့ ရတော့ နာရီပြန် တစ်ချက် ထိုးဖို့ ဆယ့်ငါး မိနစ် လိုပါတော့တယ်၊ ဒါနှင့် ကျွန်မ ပါးစပ်မှာ လက်ကိုင်ပဝါ ပြုတ်သွားတော့ ကျွန်မ လည်း သံကုန် အော်တာပါပဲ၊ အော်တော့မှ ကျွန်မ အိမ်စေ ရောက်လာပါတယ်၊ ပြီး နောက်မှာ တခြား အိမ်စေတွေလည်း ရောက်လာကြပါတယ်၊ ဂါတ်ကို တိုင်တော့





ဂါတ်က လန်ဒန်ကို လှမ်း အကြောင်းကြားပါတယ်၊ ဒါဟာ ကျွန်မ သိသလောက် အကုန်ပါပဲရှင်၊ ဒီအကြောင်းကို နောက်ထပ်တော့ မပြောပါရစေနှင့်တော့၊ ရင် တုန်လွန်းလို့ပါ'

'စုံထောက်ကြီး ဘာမေးဦးမလဲ' ဟု ဟော့ပကင်းက ရှားလော့ဟုမ်းကို လှမ်းမေးလိုက်၏။

'မင်းကတော်ရဲ့ အချိန်နှင့် စိတ်သောက ရောက်ရတာကို ငဲ့ညှာသောအားဖြင့် မမေးတော့ပါဘူးဗျာ၊ အဲ ထမင်းစားခန်းထဲကို ဝင်မကြည့်ခင်တော့ ခင်ဗျားရဲ့ အတွေ့အကြုံကလေးကို သိချင်တယ်ဗျ' ဟု အိမ်စေ အမျိုးသမီးဘက်သို့ လှည့်၍ ပြောလေ၏။

'လူဆိုးတွေ အိမ်ထဲ မဝင်ခင်ကတည်းက ကျွန်မ သူတို့ကို မြင်လိုက် ပါတယ် ရှင်၊ ကျွန်မက အိပ်ခန်း ပြတင်းပေါက်မှာ ထိုင်နေတုန်း ဟို အိမ်ရှေ့ ဝင်းခြံ တံခါးနားမှာ သူတို့ သုံးယောက်ကို လရောင်နှင့် မြင်လိုက်ပါတယ်၊ ဒါပေမဲ့ အဲဒီတုန်းကတော့ ဘာမှ ထူးထူးထွေထွေ မထင်လိုက်မိပါဘူး၊ အဲဒီလို မြင် လိုက်ပြီး နာရီဝက်ကျော်ကျော်လောက် ရှိတော့မှ မမလေးရဲ့ အော်သံကို ကြားရ ပါတယ်၊ အော်သံ ကြားတော့ ကျွန်မလည်း ပြေးဆင်းလာပါတယ်၊ အခန်းထဲ ရောက်တော့ ခုတွင်က သူ ပြောခဲ့တဲ့ အတိုင်း မမလေးကို ကြိုးတွေ ချည်ထားတာ တွေ့ရတာပါပဲ၊ ဆရာကြီးကတော့ ကြမ်းပြင်ပေါ်မှာ လဲလို့ရှင့်၊ သွေးတွေ သွေး တွေ ဆိုတာ မြင်လို့တောင် မကောင်းဘူး၊ ဦးနှောက်တွေကလည်း ကြမ်းပေါ်မှာ ပြန့်ကျဲလို့ရှင့်၊ မမလေးကတော့ ကုလားထိုင်မှာ ထိုင်လျက်ပဲ၊ ဒါပေမဲ့ သူ့ အဝတ် အစားမှာလည်း သွေးတွေ စွန်းလို့ရှင့်၊ ကြည့်ရတာ ကြောက်စရာပါရှင်၊ တော် တော်တန်တန် မိန်းမ ဆိုရင် သွေးတောင် ပျက်သွားနိုင်ပါတယ်၊ ဒါပေမဲ့ မမလေး က တော်တော် သတ္တိ ကောင်းတာပဲရှင်၊ မမလေးက အမျိုး ဘဝကလည်း သတ္တိ ကောင်း၊ အိမ်ထောင် ကျတော့လည်း တကယ် သတ္တိ ကောင်းတဲ့ မိန်းမပါရှင်၊ ဒီတော့ မမလေးကို ခု စုံထောက်ကြီးတို့ စိတ်တိုင်းကျ မေးပြီးပြီ မဟုတ်လား၊ ဒီတော့ မမလေးကို အနား ပေးကြပါတော့ရှင်၊ ကျွန်မလည်း မမလေးကို သွားပြီး ပြုစုရဦးမယ်'

အဘွားကြီးသည် မိခင် တစ်ယောက်၏ ကြင်နာမှုမျိုးဖြင့် လေဒီ ယူး စတေ့ကို လက်မောင်းမှ တွဲခေါ်ကာ အိပ်ခန်းဆီသို့ ခေါ်သွားလေ၏။

ဟော့ပကင်းက

'အဘွားကြီးက မင်းကတော် ငယ်ငယ်လေးကတည်းက အတူတူ လာ ခဲ့တာဗျ၊ သူပဲ ပြုစုလာခဲ့ပြီး လွန်ခဲ့တဲ့ တစ်နှစ်ခွဲလောက်က အင်္ဂလန်ကို လာ



www.burmeseclassic.com

www.burmeseclassic.com

တော့လည်း လိုက်လာခဲ့တယ်၊ သူ့ နာမည်က ထရီဇာ ရိုက်တဲ့၊ ဒီလို အိမ်စေဖျိုး ခုခေတ်မှာ ရှာရဖို့ မလွယ်တော့ဘူး၊ ကဲ စုံထောက်ကြီး ဒီဘက်ကိုကြွ ခင်ဗျ'

ရှားလော့ဟုမ်း၏ ထင်ရှား ပြတ်သားသော မျက်နှာပေါ်တွင် စိတ်အား ထက်သန်မှုသည် ပျောက်ကွယ်သွားခဲ့လေပြီ။ အမှု၏ စိတ်ပါဝင်စားဖွယ် ကြောင်းခြင်း ဟူသမျှတို့သည်လည်း ပျောက်ကွယ်သွားခဲ့ကြလေပြီ။ ယခု အတိုင်း ဆိုလျှင် တရားခံများကို ရှာဖွေ ဖမ်းဆီးရန်သာ ရှိပေ၏။ သို့ရာတွင် သူ လိုက်ရမည့် ရာဇဝတ်ကောင်မျိုးသည် မည်သို့သော ရာဇဝတ်ကောင်မျိုး ဖြစ်လေသနည်း။ ကျွမ်းကျင်လှစွာသော အထူးကု သမားတော်ကြီးသည် အပင့် ဖိတ်ခံရ၍ လူနာ အိမ်သို့ လိုက်လာခဲ့ရာတွင် ဝက်သက် ရောဂါသည်ကို တွေ့ရသဖြင့် စိတ်ပျက် သွားသကဲ့သို့ ခက်ခဲ နက်နဲသော အမှုကြီးကို လိုက်ရတော့မည် အထင်ဖြင့် လာ ခဲ့သည့် ရှားလော့ဟုမ်းသည်လည်း သာမည အမှု တစ်ခုကို တွေ့လိုက်ရသည့် အတွက် စိတ်ပျက်သွားဟန် ရှိခြင်းကို ကျွန်ုပ် သတိပြုလိုက်မိပေ၏။ သို့တိုင် အောင် ထမင်းစားခန်းသို့ ဝင်ကြည့်လိုက်၍ သေသူ၏ အလောင်းကို တွေ့လိုက် ရသည့် တစ်ခဏတွင်မူ ရှားလော့ဟုမ်းသည် ထိုမြင်ကွင်းကို စိတ်မဝင်စားဘဲ မနေနိုင်အောင် ဖြစ်လျက် ရှိကာ ယုတ်လျော့သွားခဲ့သည့် စိတ်ဝင်စားမှုတို့သည် လည်း ပြန်လည် ပေါ်ပေါက် လာခဲ့ကြလေပြီ။

ထမင်းစားခန်းမှာ အတော် ကျယ်ဝန်းပြီး အလွန် မြင့်သည့် အခန်းကြီး တစ်ခန်း ဖြစ်၍ မျက်နှာကြက်မှာ ကနုတ် ပန်းခက်တို့ ထုထားသည့် ဝက်သစ်ချ သား ဖြစ်၍ နံရံမှာလည်း ဝက်သစ်ချသား နံရံ အချော ဖြစ်ပြီးလျှင် နံရံပေါ်တွင် သမင် ချိုများနှင့် ရှေး အမဲပစ် သေနတ်များကို လှပစွာ ချိတ်ဆွဲထားလေ၏။ တံခါးမကြီးနှင့် မျက်နှာချင်းဆိုင် တစ်ဖက် နံရံ အစွန်တွင်မူ အမျိုးသမီး ပြော သည့် ပြတင်းပေါက်ကြီး တစ်ပေါက် ရှိပြီး ဘေး နံရံဘက်ရှိ ပြတင်းပေါက် သုံးပေါက်မှ ဆောင်းနေခြည်သည် အခန်းထဲသို့ ဖြာကျလျက် ရှိလေ၏။ လက်ဝဲ ဘက်တွင်မူ ကြီးမားသည့် မီးလင်းဖိုကြီး တစ်ခု ရှိပြီးလျှင် မီးလင်းဖိုပေါ်တွင် ကြီးမားသည့် ဝက်သစ်ချသား နာရီစင်ကြီး တစ်ခု ရှိလေ၏။

မီးလင်းဖိုကြီး အနီးတွင် အောက်ဘက်၌ ခြေတင်တန်း တပ်ထားသည့် ကြီးမားသော ဝက်သစ်ချသား လက်တင် ကုလားထိုင်ကြီး တစ်လုံး ရှိလေ၏။ ပန်းပု ထွင်းထားသည့် ကုလားထိုင် နောက်မှီတွင် ခြေတင်တန်းကို တစ်ဖက် တစ်ချက်စီ ချည်ထားသည့် အနီရောင် ကြိုးတစ်ချောင်းကို တွေ့ရလေ၏။ အမျိုး သမီးကို လွှတ်ပစ်လိုက်သည့် အခါတွင် ကြိုးသည် အောက်သို့ ပြေလျှော ကျ



သွားခြင်း ဖြစ်ပေ၏။ အထုံးများကား နဂို အတိုင်း ရှိနေပေ၏။ သို့ရာတွင် ကျွန်ုပ် တို့မှာ မီးလင်းဖို အနီးရှိ ကျားရေ အခင်းကြီးပေါ်တွင် စန့်စန့်ကြီး လဲနေသည့် အလောင်းကို စိတ်ဝင်စားစွာ ကြည့်ရှုနေကြသည့် အတွက် ထိုအချက်များကို ခပ် စောစောက သတိ မပြုမိကြဘဲ နောက်ကျမှ သတိ ပြုမိကြခြင်း ဖြစ်လေ၏။

ထိုအလောင်းမှာ အသက် လေးဆယ်ခန့် ရှိသည့် အရပ်အမောင်း ကောင်း ကောင်း၊ ကျန်းမာ တောင့်တင်းသည့် လူတစ်ယောက်၏ အလောင်း ဖြစ်လေ ၏။ ထိုလူသည် ပက်လက်လန် လဲကျလျက် ရှိ၍ မျက်နှာသည် အပေါ် မော့ လျက် ရှိကာ တိုနံ့နံ့ မုတ်ဆိတ်မွေးများ ကြားမှ ဖြူဖွေးသည့် သွားများသည် အံကြိတ်နေကြသည့်နှယ် ခေ့လျက် ရှိကြလေ၏။ ကျစ်ကျစ်ပါအောင် ဆုပ်ထား သည့် လက်နှစ်ဖက်သည် ခေါင်း အထက်သို့ ရောက်နေကြပြီး ရှားနှစ်တုတ်ကြီး မှာ အလောင်း ဘေးတွင် ကျလျက် ရှိလေ၏။ ညိုမှောင် ချောမော၍ လင်းယုန် မျက်နှာကဲ့သို့ ရှည်လျားသော မျက်နှာသည် အလွန်တရာ စက်ဆုပ် မုန်းတီးစရာ တစ်ခုကို ကြည့်နေသည့်နှယ် ရှုံ့မဲ့လျက် ရှိလေရာ သူ့မျက်နှာသည် သာမန် အလောင်းများမှ မျက်နှာထက် ကြောက်မက်ဖွယ် အသွင်ကို ဆောင်လျက် ရှိ လေ၏။ ကိုယ်တွင် ခေတ်ဆန်သည့် ရွှေခြည် အနားကွပ် ညဝတ် ရှပ်အင်္ကျီ ဝတ် ထားသည်ကို ထောက်သော် အော်သံများကို ကြားရသည့် အချိန်တွင် အိပ်ရာ ထဲသို့ ရောက်နေပြီဟု ခန့်မှန်းရလေ၏။ ဖိနပ် စီးမထားသည့် ခြေ အစုံသည် ဘောင်းဘီ အောက်မှ ထိုးထွက်လျက် ရှိလေ၏။ ဦးခေါင်းမှာ ကြည့်ရက်စရာ မရှိ လောက်အောင် ကြေမွလျက် ရှိပြီး ဦးနှောက် အစအနများ ပွစာ ကျဲနေသည့် အခန်း တစ်ခန်းလုံးသည် ရိုက်ချက် မည်မျှ ပြင်းထန်ကြောင်းကို သက်သေ ပြ လျက် ရှိပေ၏။ ရိုက်သည့် ဒဏ်ချက်ကြောင့် ကွေးနေသော မီးဆွသည့် သံကောက် ကြီးကို အနီးတွင် တွေ့ရလေ၏။

ရှားလော့ဟုမ်းသည် သံကောက်ကြီးကို လည်းကောင်း၊ သံကောက်ကြီး ဒဏ်ချက်ဖြင့် ကြေမွ ပျက်စီးနေသော လူ့အသွေးအသား အပျက်အစီးပုံကြီးကို လည်းကောင်း သေချာစွာ ကြည့်ရှု စစ်ဆေးလျက် ရှိလေ၏။

'အဖေ ရန်ဒယ်ကတော့ တော်တော် ဗလ ကောင်းပုံပဲဗျ'

'ဟုတ်တယ် ခင်ဗျ၊ ဒီကောင်ရဲ့ ရာဇဝင် မှတ်တမ်းကို ဖတ်ကြည့်ဖူး တယ်၊ တော်တော်တော့ ရမ်းတဲ့ ကောင်'

'ဒီကောင်ကို လိုက်ရတာ သိပ်တော့ ခက်မယ် မထင်ပါဘူး'


'ခက်မယ်တော့ မထင်ပါဘူး၊ ဂါတ်တွေကိုတော့ အကြောင်းကြားထား



www.burmeseclassic.com

www.burmeseclassic.com





ထိုအလောင်းမှာ အသက် လေးဆယ်ခန့် ရှိသည့် လူတစ်ယောက်၏ အလောင်း ဖြစ်လေ၏။





ပြီး အလိုက် နိုင်းထားပါပြီ၊ ကျွန်တော် စိုးရိမ်တာက ဒီကောင်တွေ အမေရိကတို့ ဘယ်တို့ကို ထွက်ပြေးမှာကိုပဲ စိုးရိမ်တယ်၊ ခု သူတို့ ဂိုဏ်းကို သိထားပြီ ဆိုတော့ ဒီကောင်တွေ လွတ်အောင် ပြေးဖို့လည်း သိပ်တော့ မလွယ်ဘူး ထင်တာပဲ၊ ပြီးတော့ သင်္ဘော ဆိပ်ကမ်းတွေ အားလုံးကိုလည်း အကြောင်း ကြားထားပြီးပြီ၊ ဒီနေ့ ညနေလောက် ဆိုရင် ဆုဌေ ထုတ်လိမ့်မယ် ခင်ဗျ။

"ကျွန်တော် စဉ်းစားလို့ မရတာ တစ်ချက်ပဲ ရှိတယ်၊ အမျိုးသမီးက လည်း သူတို့ ပုံပန်းသဏ္ဍာန်ကို ဖော်ပြနိုင်မှန်း သိတယ်၊ သူတို့ကို ကျွန်တော် တို့ လိုက်ရင်လည်း လွယ်တယ် ဆိုတာ သိလျက်သားနှင့် ဘာဖြစ်လို့ ဒီလောက် တောင် ပြောင်ပြောင်တင်းတင်း လုပ်သွားသလဲ ဆိုတာကိုတော့ ကျွန်တော် မစဉ်းစားတတ်ဘူး"

"အမျိုးသမီးကိုလည်း တစ်ခါတည်း နှုတ်ပိတ် နိုင်ခဲ့တယ်လို့များ ထင်သွားသလားမှ မသိတာ"

"အမျိုးသမီး သတိ ပြန်မလည်သေးဘူး ထင်လို့ ဒီအတိုင်း ထားပစ်ခဲ့ တာလည်း ဖြစ်နိုင်တာပေါ့" ဟု ကျွန်ုပ်က ပြော၏။

"အင်း ဒါလည်း ဖြစ်နိုင်ပါတယ်လေ၊ အမျိုးသမီးဟာ သတိ လစ်နေပုံ ရတော့ ကိစ္စတုံး လုပ်ပစ်ဖို့ မလိုဘူး ထင်လို့ နေမှာပေါ့၊ ဒီလူ့ အကြောင်း ကိုကော ကိုရင် ဘာသိသလဲ၊ သူနှင့် ပတ်သက်တဲ့ သတင်းတွေက သိပ်တော့ မကောင်းလှဘူး ထင်တယ်ဗျ"

"မမှူးရင်တော့ တကယ့် လူကောင်းပါ စုံထောက်ကြီး၊ ဒါပေမဲ့ မူးရင် တော့ အလွန် သွေးဆိုးတဲ့ လူ ခင်ဗျ၊ အဲဒီ အခါမျိုးကျတော့ သရဲမင်းရဲ စီးတာ ကျနေတာပဲ၊ ဘာဖြစ်ဖြစ် လုပ်မယ့်လူ၊ လူက ဂုဏ်တို့ ပိုက်ဆံတို့ ရှိပေမဲ့ စိတ်က သိပ်ကြမ်းတဲ့လူ ခင်ဗျ၊ တစ်ခါတုန်းကလည်း ခွေးကို ရေနံဆီ လောင်း ပြီး မီးရှို့ သတ်ပစ်သတဲ့၊ ပိုဆိုးတာက အဲဒီ ခွေးက မင်းကတော်က သိပ်ချစ် ပြီး အရေးပေးတဲ့ ခွေး ခင်ဗျ၊ ဒီသတင်း အပြင်ကို ပေါက်သွားလို့ မနည်းကြိုး လိုက်ပြီး ဖုံးဖုံးဖိဖိ လုပ်ယူရသေးတယ်၊ ပြီးတော့လည်း မင်းကတော်ရဲ့ လုယ့် ထရီဇာ ဆိုတဲ့ အဘွားကြီးကိုလည်း ရေချိုင့်နှင့် ပေါက်လို့တဲ့၊ အဲဒီတုန်းကလည်း တော်တော်လေး အုတ် အော် သောင်း တင်း ဖြစ်လိုက်သေးတယ် ခင်ဗျ၊ ကိုယ့် အချင်းချင်းမို့ ပြောရမယ် ဆိုရင်တော့ ဒီလူ သေတာ ကောင်းကောင်း ထင်ပါရဲ့၊ စုံထောက်ကြီး ဘာကို ကြည့်နေတာလဲဟင်"

ရှားလော့ဟုမ်းသည် ကြမ်းပြင်တွင် ဒူးထောက် ထိုင်ကာ အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



ချည်နှောင်ထားခဲ့သည့် ကုလားထိုင်မှ ကြိုးကို သေချာစွာ ကြည့်ရှု စစ်ဆေးလျက် ရှိလေ၏။ ထို့နောက် လူဆိုးများ ဖြတ်တောက် ယူလိုက်စဉ်က ပြတ်သွားသည့် ကြိုး အဖျားစကလေးများကို သေချာစွာ စစ်ဆေးနေပြန်လေ၏။

'ဒါဟာ ခေါင်းလောင်းကြိုးဗျ၊ ဒီကြိုးကို ဖြတ်ချလိုက်တုန်းက မီးဖိုထဲ မှာ သွားပြီး ခေါင်းလောင်း မြည်ရမယ်' ဟု ရှားလော့ဟုမ်းက ပြောလေ၏။

'ဘယ်ကြားပါ့မလဲ စုံထောက်ကြီးရယ်၊ မီးဖိုက နောက်ဖေးဘက်မှာ ဆို တော့ အိမ်နှင့် လှမ်းနေတာပဲ'

'ဘယ်သူမှ မကြားနိုင်မှန်းကို လူဆိုးက ဘယ့်နှယ်လုပ် သိမလဲဗျ၊ ဒီ ကြိုးကို ဆွဲလိုက်ရင် တစ်ယောက်ယောက် ကြားနိုင်တယ် ဆိုတာ သိလျက်နှင့် ဘယ့်နှယ် လုပ်ပြီး ဒီလောက် ရဲရဲတင်းတင်း ဆွဲပြီး ဖြတ်ရဲပါ့မလဲ'

'ဟုတ်တယ် စုံထောက်ကြီးရေ၊ ဟုတ်တယ်၊ ကျွန်တော်လည်း ကျွန်တော့် ဘာသာတော့ ခပ်ရေးရေး စဉ်းစားမိသား၊ ခုစုံထောက်ကြီး ပြောလိုက်တော့မှ ဒီမေးခွန်းက ကျွန်တော့် ခေါင်းထဲမှာ ပိုပြီး ထင်ရှားလာတယ်၊ ကေ့ဒ္ဒ လူဆိုး တွေဟာ အိမ်ရဲ့ အကြောင်းနှင့် အိမ်ရဲ့ စရိုက်ကို ကောင်းကောင်း သိထားရမယ်၊ အစေခံတွေဟာ စောစောစီးစီး အိပ်ရာ ဝင်ကြတယ် ဆိုတာရယ်၊ ဒီလို ခေါင်း လောင်းကြိုးကို ဆွဲဖြတ်ရင် မီးဖိုထဲက ခေါင်းလောင်းသံကို ဘယ်သူမှ မကြား နိုင်ဘူး ဆိုတာရယ်၊ ဒီ အချက်တွေကို ဒီကောင်တွေ သေချာပေါက် သိထားရ မယ်၊ ဒီလိုဆိုရင် အတွင်းလူ လက်ထောက် ချတာ ဖြစ်ရမယ်၊ ဟုတ်တယ် စုံ ထောက်ကြီးရေ၊ ဒီအတိုင်းပဲ ဖြစ်ရမယ်၊ ဒါပေမဲ့ အိမ်မှာက အစေခံ ရှစ်ယောက် တောင် ရှိတယ် ခင်ဗျ၊ ပြီးတော့ သူတို့ အားလုံးကလည်း အကျင့် စာရိတ္တနှင့် ပတ်သက်လို့ နာမည်ပျက် မရှိကြဘူး'

ရှားလော့ဟုမ်းက

'ကျန်တာတွေ အားလုံး အတူတူပဲ ထားလိုက်ဗျာ၊ သံသယ ဖြစ်ချင် ဖြစ်မယ် ဆိုရင် ရေချိုင့်နှင့် အပေါက်ခံရတဲ့ လူကို သံသယ မဖြစ်ထိုက်ပေဘူး လား၊ ဒီလိုဆိုရင်လည်း ဒီမိန်းမကြီးဟာ သူ့ အင်မတန် ချစ်တဲ့ သခင်မကို သစ္စာ မဲ့ရာ မရောက်ပေဘူးလား၊ ထားပါတော့လေ၊ ဒီအချက်တွေဟာ အရေး မကြီး လှပါဘူး၊ အရေးကြီးတာက ရန်ဒယ်ကို ဖမ်းမိလို့ ရှိရင် ကြံရာပါ ဘယ်သူတွေ လဲ ဆိုတာကို အလွယ်တကူ သိနိုင်ပါတယ်၊ အမျိုးသမီးရဲ့ ထွက် ချက် ဟာ အထောက်အထား လိုတယ် ဆိုရင်တော့ ကျုပ်တို့ တွေ့ရတဲ့ အထောက်အထား တွေနှင့်ပဲ လုံလောက်ပြီလို့ ယူဆတာပဲ'





ရှားလော့ဟုမ်းသည် ပြင်သစ် ပြတင်းပေါက်ကြီးဆီသို့ သွားကာ ပြတင်း ပေါက်ကို ဖွင့်လိုက်လေ၏။

'ဒီအနားမှာတော့ လက်ရာ ခြေရာတို့ကို မတွေ့ရဘူးဗျ၊ ခက်တာက အောက် မြေကြီးကလည်း သိပ်မာနေတယ်၊ သွားကြည့်ရင်လည်း ဘာမှ တွေ့ မယ် မထင်ဘူး၊ နာရီစင်ပေါ်က ဖယောင်းတိုင်တွေကတော့ အဲဒီအချိန်တုန်းက ထွန်းထားတာ ထင်တယ်'

'ဟုတ်တယ် ခင်ဗျ၊အဲဒီ ဖယောင်းတိုင် မီးတွေနှင့် အမျိုးသမီး ကိုင်လာ တဲ့ အိပ်ခန်းထွန်း ဖယောင်းတိုင် မီးရောင်နှင့် ဒီကောင် တွေ ပြန်ဆင်းသွားကြတာ'

'ဘာတွေကို ယူသွားသေးသလဲ'

'များ များ စား စား တော့ ယူ မသွားဘူး ခင်ဗျ၊ ကြောင်အိမ်ထဲက ငွေ ပန်းကန်ပြား ဒါ ဇင် ဝက် လောက်နှင့် ငွေခွန်းတွေ ခက် ရင်းတွေလောက်ပဲ ယူသွား တာ၊ မင်းကတော် အဆိုက တော့ သူတို့ ရိုက်သတ်လိုက် မိလို့ လူ သေသွားတာနှင့် သူတို့လည်း လန့် ဖျပ် ပြီး ဘာမှ မယူနိုင်တာ ဖြစ်လိမ့် မယ်တဲ့၊ နို့မဟုတ်ရင် အိမ် ကို မွှေနှောက် ရှာဦးမှာပဲ တဲ့'

'အင်း ဖြစ်နိုင်တာ ပေါ့၊ ဒါပေမဲ့ ဝိုင်ပုလင်းကို တော့ အေးအေးဆေးဆေး သောက်သွားကြသေးတယ် မဟုတ်လားဗျ'

'ကယောင်ချောက် ချား ဖြစ် တာ နှင့် ရဲဆေး



'အလို အလို၊ ဒါ ဘာလဲဗျို့'



www.burmeseclassic.com

www.burmeseclassic.com



တင်တဲ့ သဘောနှင့် သောက်သွားကြတာ ဖြစ်မှာပေါ့"

"ဟုတ်ပြီဗျ၊ ကြောင်အိမ်ပေါ် တင်ထားတဲ့ ဖန်ခွက် သုံးလုံးကို ဘယ်သူမှ မကိုင်ရသေးဘူးနော်" ဟု ရှားလော့ဟုမ်းက ပြော၏။

"မကိုင်ရသေးပါဘူး၊ ပုလင်းကိုလည်း ဒီအတိုင်းပဲ ထားပါတယ်"

"ကြည့်ကြရအောင်ဗျာ၊ အလို အလို၊ ဒါ ဘာလဲဗျို့"

ဖန်ခွက် သုံးလုံးကို ကြည့်လိုက်သည့် အခါတွင် သုံးလုံးစလုံးမှာ အရက်တို့ ပေစွန်းလျက် ရှိပြီး တစ်လုံးထဲတွင်မူ အရက် အချို့မှာ အနည်ထိုင်လျက် ကျန်ခဲ့သည်ကို တွေ့ရလေ၏။ ဖန်ခွက် သုံးလုံး အနီးတွင် အရက် သုံးပုံ နှစ်ပုံခန့် ကျန်သေးသော အရက် တစ်ပုလင်းကို တွေ့ရပြီး အနီးတွင် အရက် စွန်းပေနေသည့် ဖော့ဆို့ တစ်ခုကိုလည်း တွေ့ရလေ၏။ အရက်ပုလင်း၏ ပုံသဏ္ဌာန်နှင့် ပုလင်းပေါ်တွင် ကပ်နေသည့် ဖုန်များကို ကြည့်လျှင် အရက်ပုလင်းမှာ ကာလ ကြာမြင့်စွာ သိမ်းထားသည့် အကောင်းစား အရက် ဖြစ်ကြောင်း သိသာနိုင်ပေ၏။

ထိုအချိန်၌ကား ရှားလော့ဟုမ်း အမူအရာ ပြောင်းသွားသည်ကို ကျွန်ုပ် သတိပြုလိုက်မိလေပြီ။ စောစောက စိတ် မပါ့တပါ ဖြစ်သည့် အမူအရာမျိုးသည် ရုတ်တရက် ပျောက်ကွယ်သွားကာ မျက်တွင်း နက်နက်များထဲမှ နက်မှောင်သော မျက်လုံးများတွင် ပြိုးပြိုးပြက်ပြက် ထက်သန်သော အရောင်ကို မြင်ရလေ၏။ ရှားလော့ဟုမ်းသည် ဖော့ဆို့ကို ကောက်ကိုင်ကာ သေချာစွာ ကြည့်ရှုနေပြန်လေ၏။

"ဒီပုလင်းကို သူတို့ ဘယ်လို ဖွင့်သတဲ့လဲ"

ဟော့ပကင်းက တစ်ဝက် ဖွင့်နေသည့် အံဆွဲကို ပြလိုက်၏။ အံဆွဲထဲတွင် စားပွဲခင်း တစ်ထည်နှင့် ပုလင်း ဖွင့်သည့် ဝက်အူကြီး တစ်ချောင်းကို တွေ့ရလေ၏။

"ဒီဝက်အူနှင့် ဖွင့်တယ်လို့ မင်းကတော်ကကော ပြောသလား"

"မပြောဘူး ခင်ဗျ၊ အဲဒီ ပုလင်းကို သူတို့ ဖွင့်ပြီး သောက်နေတဲ့ အချိန်တုန်းက မင်းကတော်က သတိ မေ့နေတယ် ဆိုတာကို စုံထောက်ကြီး မေ့သွားပြီ ထင်တယ်"

"သြော် ဟုတ်ပေသားပဲ၊ အမှန်ကတော့ ဒီပုလင်းကို ဖော့ ဖွင့်တဲ့ ဒီဝက်အူနှင့် ဖွင့်ခဲ့တာ မဟုတ်ဘူးဗျ၊ ပုလင်းဖော့ကို အိတ်ဆောင် ဖော့ဖွင့် ဝက်အူကလေးနှင့် ဖွင့်ထားတာ၊ မောင်းချဓားတို့ ဘာတို့နှင့် တွဲထားတာမျိုး ဖြစ်လိမ့်မယ်၊ အရှည်က တစ်လက်မခွဲလောက်ထက် မရှည်ဘူး၊ ဖော့ဆို့ကို သေသေချာချာ ကြည့်ရင်





တစ်ခါတည်း ဖွင့်မရလို့ သုံးခါ ပြန်ထိုးထားတာကို တွေ့ရလိမ့်မယ်၊ တစ်ခါမှ ထုတ်ချင်း ပေါက်မသွားဘူး၊ အံဆွဲထဲက ဝက်အူနှင့်သာ ဖွင့်ရင် တစ်ချက်တည်းနှင့် ထုတ်ချင်း ပေါက်သွားပြီး တစ်ချက်တည်းနှင့် ဖော့ကို ဆွဲထုတ်လို့ ရတယ်၊ အဲဒီလူကို ကိုရင် ဖမ်းမိလို့ ရှိရင် သူ့ဆီမှာ ကိရိယာစုံ ပါတဲ့ မောင်းချဓားတွဲကလေး တစ်ချောင်း တွေ့လိမ့်မယ်ဗျ"

"ဟုတ်လိုက်လေ စုံထောက်ကြီးရယ်"

"ဒါပေမဲ့ ကျုပ် မရှင်းတာက ဟောဒီ ဖန်ခွက်တွေဗျ၊ ဒီဖန်ခွက်တွေကို အကဲခတ်ရတာ နည်းနည်း ခက်နေတယ်၊ ဒီလူသုံးယောက်စလုံး အရက် သောက်နေတာကို မင်းကတော် ကိုယ်တိုင် မြင်သတဲ့လား၊ ဘာပြောသလဲ"

"ဟုတ်ကဲ့၊ မြင်တယ်လို့ သေသေချာချာ ပြောပါတယ် စုံထောက်ကြီး"

"ဒီလိုဆိုရင်လည်း ပြီးရောပေါ့လေ၊ ဘာမှ ပြောစရာ မလိုတော့ဘူးပေါ့၊ ဒါပေမဲ့ ဒီဖန်ခွက် သုံးခွက် ဖြစ်နေပုံက တော်တော် ထူးခြားတယ်ဗျ၊ ဒါကို ကိုရင်လေး သတိထားကြည့်စမ်း၊ ဘာ၊ ဘာမှ ထူးခြားတာ မတွေ့ရဘူး ဟုတ်စ၊ ဒီလိုဆိုရင်လည်း ထားပါတော့လေ၊ ကျွမ်းကျင်မှု ရှိပြီး အာရုံ စူးစိုက်မှု ရှိတဲ့ လူတစ်ယောက် အဖို့ကတော့ အပေါ်ယံ မြင်ရရုံနှင့် အားမရဘူးဗျ၊ ဒီဖန်ခွက်တွေကို ကြည့်ပြီး စဉ်းစားစရာတွေ ပေါ်လာတယ်၊ ဖန်ခွက်တွေ ဖြစ်နေပုံက တိုက်ဆိုင်မှုလည်း ဖြစ်ချင် ဖြစ်မယ်ပေါ့လေ၊ ကဲ ဂွတ်မောနင်း ဟော့ပကင်း၊ ကျုပ် ရှိနေလို့လည်း ဒီမှာ ဘာမှ အကြောင်းထူး မထင်တော့ပါဘူး၊ ကိုရင့် အဖို့ ကိုရင့် ကောက်ချက်နှင့် ကိုရင် ရှင်းနေပြီကပဲ၊ ရန်ဒယ်တို့ တစ်သိုက်ကို ဖမ်းမိရင်သာ သို့မဟုတ် နောက်ထပ် အကြောင်းထူး ရှိရင်သာ တစ်ဆိတ် ကျုပ် သိပါရစေ၊ အမှုကို ဖြေရှင်းနိုင်တဲ့ အတွက် ကျုပ် ကိုရင့်ကို ချီးကျူးနိုင်ပါလိမ့်မယ်၊ ကဲ လာဗျို့၊ အိုင်ဆေး၊ အိမ်ပြန်ပြီး အကျိုးရှိရှိကလေး နေလိုက်ကြဦးစို့"

အပြန် လမ်းတစ်လျှောက်၌ ရှားလော့ဟုမ်းမှာ သူ တွေ့မြင် သတိထားခဲ့သည့် အချက်ကြောင့် မဝေခွဲနိုင် ဖြစ်ကာ လေးနက်စွာ စဉ်းစား လိုက်ပါလာခဲ့ပေ၏။ မကြာခဏ ဆိုသလိုပင် ရှားလော့ဟုမ်းသည် ထိုပြဿနာကို ခေါင်းထဲမှ ဖယ်ထုတ်ကာ ပြဿနာ ပြေလည်ပြီးသွားသကဲ့သို့ အာလာပသလ္လာပ ပြောဆိုရန် တမင် ကြိုးစား အားထုတ်နေဟန် ရှိသည်ကို ကျွန်ုပ် သတိ ပြုမိပေ၏။ သို့ရာတွင် မျက်မှောင် ကုတ်လျက် ရှိခြင်း၊ မျက်လုံးများ စူးစိုက်နေခြင်းတို့ကို ထောက်၍ ရှားလော့ဟုမ်း၏ စိတ်သည် သန်းခေါင်ယံ လူသတ်မှု ဖြစ်ပွားရာ အက်ဘေးဂရန်း အိမ်ကြီးမှ ထမင်းစားခန်းဆီသို့ ရောက်နေကြောင်းကို သိသာနိုင်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com





ရှားလော့ဟုမ်းမှာ မဝေခွဲနိုင် ဖြစ်ကာ လေးနက်စွာ စဉ်းစား လိုက်ပါလာခဲ့ပေ၏။

ကျွန်ုပ် တို့ ရထားသည် မြို့စွန် ဘူတာကလေး တစ်ခုမှ အထွက်တွင်မူ ရှားလော့ဟုမ်းသည် ရုတ်တရက် ထိုင်ရာမှ ထကာ ပလက်ဖောင်းပေါ်သို့ ခုန်ချလိုက်ပြီးလျှင် ကျွန်ုပ်ကိုလည်း အောက်သို့ ဆွဲချလိုက်လေ၏။

မီးရထားသည် ကွေ့တစ်ကွေ့ကို ကွေ့၍ ကွယ်ပျောက်သွားသည့် အခါတွင် ရှားလော့ဟုမ်းက

"စိတ်မရှိနှင့်ဗျာ အိုင်ဆေး၊ ကျုပ် စိတ်ရူး ပေါက်တိုင်း လုပ်နေတယ်လို့ ထင်ချင်လည်း ထင်တော့၊ ဒီအမှုကို ဒီအတိုင်း တန်းလန်းကြီး ထားမပစ်ခဲ့နိုင်ဘူး၊ ခု ကျုပ်တို့ သိခဲ့ရတာဟာ အမှုမှန် မဟုတ်ဘူးလို့ ကျုပ် ပကာသညာက ပြော နေ တယ်၊ မဟုတ်ဘူးဗျာ၊ ဒီ အမှုဟာ ကျုပ်တို့ ကြားခဲ့တဲ့ အတိုင်း မဟုတ်ဘူး၊ ဘယ်နည်းနှင့်မှ ဒီအတိုင်း မဖြစ်နိုင်ဘူး၊ မင်းကတော် ပြောတာဟာလည်း ပြည့်စုံတယ်၊ အိမ်စေ အဘွားကြီးရဲ့ ထွက်ချက်ကလည်း သူ့ စကားကို ထောက်ခံနေတယ်၊ အသေးစိတ် အချက်အလက်တွေကလည်း တိကျတာ မှန်တယ်၊ ဒါဖြင့် ဘာကိုများ သံသယ ရှိနေသေးသလဲလို့ ခင်ဗျားက မေးကောင်းမေးမယ်၊ ကျုပ် သံသယ ဖြစ်နေတာက တခြား မဟုတ်ဘူးဗျ၊ အရက် သောက်တဲ့ ဖန်ခွက် သုံးခွက်ဗျ၊ သိရဲ့လား၊ ဒီဖန်ခွက်တွေကို ကျုပ် နည်းနည်းလေးမှ မသက်ဘူး၊ အကယ်၍ သူတို့ ပြောတဲ့ စကားတွေကို ခေါင်းထဲက ဖယ်ထုတ်လိုက်ရ





အစ တစ်စကိုတော့ ဆွဲမိမယ်လို့ ထင်နေတယ်၊ ထိုင်စမ်းပါဦးဗျာ၊ ချီဆယ်ဟက်စ်ကို ပြန်မယ့် လော်ကယ် ရထား မလာသေးပါဘူး၊ ဟောဒီ ခုံပေါ်မှာ ထိုင်စမ်းပါဦး၊ အစေခံ အဘွားကြီး ပြောတဲ့ စကားတွေဟာ အမှန်တွေပဲ ဆိုတာကို ခင်ဗျား ခေါင်းထဲက နှင်ထုတ်လိုက်ပြီး ကျုပ် ပြောတဲ့ စကားကို စဉ်းစား ကြည့်စမ်းပါဦး၊ အမျိုးသမီးက ရုပ်လည်း ချော ကိုယ်လုံး ကိုယ်ပေါက်လည်း လှတော့ တော်တော်တန်တန် လူဟာ သူ့ အလှမှာ မျောသွားပြီး သူ ပြောတဲ့ စကားနောက်ကို ပါသွားတတ်တယ်ဗျ။

"ခု ခေါင်းအေးအေးနှင့် ပြန်စဉ်းစားလိုက်တဲ့ အခါကျတော့ အမျိုးသမီး ပြောသွားတဲ့ အချက်အလက် အသေးစိတ်တွေထဲမှာ သံသယ ဖြစ်စရာကလေးတွေ တွေ့နေရတယ်ဗျ၊ ဒီလူဆိုးတွေဟာ လွန်ခဲ့တဲ့ နှစ်ပတ်လောက်တုန်းကတွင် ဆိုင်ဒင်ဟမ်မှာ တိုက်သွားကြတာ၊ သူတို့ တိုက်တဲ့ အကြောင်းနှင့် သူတို့ ရုပ်တွေကို သတင်းစာတွေထဲမှာ ပါခဲ့ပြီးပြီ၊ ဒီတော့ လုပ်ဇာတ် ခင်းချင်တဲ့ လူတစ်ယောက် အဖို့ ဒီသူခိုးတွေရဲ့ ရုပ်ကို ပြောပြပြီး သူခိုး လာခိုးတာလို့ မပြောနိုင်ပေဘူးလား၊ နောက်တစ်ချက် ဆန်းတာက သူတို့ ပြောတဲ့ ကောင်တွေဟာ မကြာခင်ကမှ အိမ်တစ်အိမ်ကို ဖောက်သွားကြတယ်ဗျ၊ သူခိုး ဆိုတာ အချိုကြီး ပွပြီးရင် နောက် အလုပ် တစ်ခုကို တော်တော်နှင့် မစတတ်ဘူး၊ ရတာကလေးကို အေးအေးဆေးဆေး ဒူးနှံ့ပြီး စားနေတတ်တယ်၊ ချက်ချင်း ထပ်ဖောက်လေ့ မရှိဘူး၊ နောက်တစ်ချက် ဆန်းတာကလည်း သူတို့ ပြောတဲ့ အချိန်က သူခိုး ခိုးဖို့ အင်မတန် စောနေတယ်ဗျ၊ သူခိုး ဆိုတာ ဒီအချိန်မှာ ခိုးလေ့ ခိုးထ မရှိဘူး၊ နောက်တစ်ချက် ဆန်းတာက သူခိုး ဆိုတာ အမျိုးသမီးတွေကို တွေ့ရင် ရိုက်ခြင်း နှက်ခြင်း မလုပ်တတ်ဘူး၊ မိန်းမ ဆိုတာ ရိုက်ရင် အော်တတ်တယ်၊ အော်ရင် အကြံအစည် ပျက်မယ်၊ ဒါကြောင့် မိန်းမ ဆိုရင် ရိုက်ခဲတယ်၊ နောက်တစ်ချက် ဆန်းတာက လူသုံးယောက်နှင့် တစ်ယောက် ဆိုတာ အလွယ်ကလေးနှင့် နိုင်နိုင်တယ်ဗျ၊ နိုင်နိုင်ပါလျက်သားနှင့် ဒီလူကို ဘာဖြစ်လို့ သတ်ပစ်ခဲ့ရသလဲ၊ နောက်တစ်ချက် ဆန်းတာက အိမ်ထဲမှာ ယူစရာ ပစ္စည်းတွေ အများကြီး ရှိပါသေးလျက်နှင့် ခုတော့ မဖြစ်စလောက် ပစ္စည်းကလေးကို ရတာနှင့် ကျေနပ်ပြီး ပြန်သွားရသတဲ့လား၊ နောက်ဆုံး တစ်ချက် ဆန်းတာက လူကြမ်းကြီးတွေဟာ အရက်ချိုကလေး တစ်ပုလင်းကိုတောင် ကုန်အောင် သောက်မသွားဘဲ တစ်ဝက်တစ်ပျက်နှင့် သောက်သွားတာဟာ တော်တော်လေးကို ဆန်းနေတယ်ဗျာ၊ ကျုပ် ပြောခဲ့ပြီး ဆန်းဆန်း အချက်တွေကို ခင်ဗျား ဘယ်လို ထင်သလဲ၊ ဆိုစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



‘အင်း၊ တစ်ချက်ချင်း ကြည့်ရင် အရေးမကြီးဘူးလို့ ထင်ရပေမဲ့ စုပေါ
ကြည့်လိုက်ရင်တော့ ဒီအချက်တွေ အားလုံးဟာ စဉ်းစားစရာ ဖြစ်လာတာ
အမှန်ပဲဗျ၊ ပြီးတော့ တစ်ချက်ချင်း အနေနှင့် ကြည့်ပြန်တော့လည်း ဖြစ်နိုင်တ
ချည်းပဲ၊ အထူးဆန်းဆုံး အချက်ကတော့ အမျိုးသမီးကို ကုလားထိုင်မှာ ချ
ထားတဲ့ ကိစ္စလို့ ထင်တာပဲ’

‘အင်း ဒီအချက်ကိုတော့ ကျုပ် စိတ်ထဲမှာ သေသေချာချာ မစဉ်းစား
သေးဘူးဗျ၊ သူတို့ဘက်ကနေပြီး ကြည့်ပြန်တော့လည်း အမျိုးသမီးကို သတ်ရ
သတ်သွား သို့မဟုတ်ရင်လည်း သူတို့ ထွက်သွားတာကို ချက်ချင်း အကြော
မကြားနိုင်အောင် ကုလားထိုင်မှာ ချည်ပစ်ခဲ့တယ် ဆိုလည်း ဖြစ်တော့ ဖြစ်နိုင်
တာပဲ၊ သို့သော်လည်း ဘယ်လိုပဲဖြစ်ဖြစ် အမျိုးသမီး ပြောပြတဲ့ ထွက်ချက်
မှာ ယုတ္တိ သိပ် မရှိတာတွေ ပါနေတာတော့ အမှန်ပဲဗျ၊ အဲဒါတွေ အပြင် အရ
ဖန်ခွက် သုံးလုံး ကိစ္စကို ကြည့်လိုက်ပြန်တော့ ပိုပြီး မသင်္ကာစရာ ဖြစ်လာတယ်’

‘အရက် ဖန်ခွက် သုံးလုံးက ဘာဖြစ်သလဲဗျ’

‘ခင်ဗျား မျက်စိထဲမှာ မြင်သေးရဲ့လား’

‘မြင်ပါတယ်ဗျာ’

‘လူဆိုး သုံးယောက်က ဒီဖန်ခွက် တစ်ခွက်စီနှင့် အရက် သောက်သွား
တယ်လို့ ထွက်ထားကြတယ်၊ ဒါဟာ ဖြစ်နိုင်တယ်လို့များ ထင်မိသလား’

‘ဘာလို့ မဖြစ်နိုင်ရမှာလဲဗျ၊ ဖန်ခွက်တွေထဲမှာ အရက် လက်ကျန် နည်း
နည်းစီ ရှိနေတာပဲ’

‘လက်ကျန် ရှိတာတော့ ဟုတ်ပါတယ်လေ၊ ဒါပေမဲ့ အရက် အနည်
ရှိတာက ဖန်ခွက် တစ်ခွက်ထဲမှာပဲ ရှိတယ် ဆရာကြီးရဲ့၊ ဒီအချက်ကို သတိပြု
လိမ့်မယ်၊ ဒီအချက်ကို ခင်ဗျား ဘာပြောမလဲ’

‘ဒါကတော့ နောက်ဆုံး ထည့်တဲ့ ဖန်ခွက်ထဲမှာ အနည် ပါနိုင်တာပေါ့
ဗျ’

‘မဟုတ်ရေးချ မဟုတ်ဘူး၊ ပုလင်း တစ်ခုလုံးမှာ အနည်တွေချည်းပဲ
အရင် ထည့်နှင့်တဲ့ ဖန်ခွက် နှစ်ခွက်မှာတော့ အနည် မပါဘဲ နောက်ဆုံး ထည့်
ဖန်ခွက်ကျမှ အနည် ပါတယ် ဆိုတာ မဖြစ်နိုင်ဘူး၊ ဒီတော့ ဒီလို ဘာကြော
ဖြစ်ရသလဲလို့ တွေးစရာ အကြောင်း နှစ်ချက် ရှိတယ်၊ ဒီနှစ်ချက်က လွဲလို့
တခြား အချက် မရှိနိုင်ဘူး၊ ပထမ တစ်ချက်က အရင် ဖန်ခွက် နှစ်ခွက်ကို ငှဲ
နောက်မှ ပုလင်းကို ခပ်ပြင်းပြင်း လှုပ်မိလို့ ဖြစ်မယ်၊ ဒီတော့ တတိယ ဖန်ခွက်





အနည် ပါလာတယ်၊ ဒီအချက်ကတော့ မဖြစ်နိုင်ဘူးဗျ၊ လုံးလုံးကို မဖြစ်နိုင်ဘူး၊
မဖြစ်နိုင်တာ သေချာတယ်’

‘ဒီတော့ ခင်ဗျားက ဘယ် အချက်လို့ ထင်သလဲ’

‘ဒီတော့ တကယ် သုံးတဲ့ ဖန်ခွက်က နှစ်ခွက်ပဲ ရှိတယ်၊ အဲဒီ ဖန်ခွက်
နှစ်ခွက်ထဲက ကျန်တဲ့ အနည်တွေကို တတိယ ခွက်ထဲ လောင်းထည့်လိုက်တယ်၊
ဒီနည်းအားဖြင့် လူသုံးယောက် သောက်တယ် ထင်အောင် လုပ်ထားလိုက်တယ်၊
ဒီနည်းအားဖြင့် အနည်တွေ အားလုံးဟာ တတိယ ဖန်ခွက်ထဲကို ရောက်နေတယ်၊
မဟုတ်ဘူးလား၊ ဟုတ်တယ်ဗျ၊ ဒီအတိုင်းပဲ ဖြစ်ရမယ်လို့ ကျုပ် ပြောရဲတယ်၊
ဒီကိစ္စကလေးဟာ ကြည့်လိုက်ရင် အသေးအဖွဲကလေးပဲ၊ ဒါပေမဲ့ ဒီကိစ္စကလေး
ကို ရှင်းနိုင်ရင် အမှုဟာ သာမန် အမှု တစ်မှုကနေပြီး တော်တော်ကြီးကို ထူး
ခြားတဲ့ အမှုကြီး တစ်ခု ဖြစ်လာနိုင်တယ်၊ အဲဒီအခါကျရင် မင်းကတော်နှင့်
သူ့ အိမ်စေဟာ ကျုပ်တို့ကို လိမ်ပြောလိုက်တာ ဆိုတာ ပေါ်လာနိုင်တယ်၊ ဒီ
လိုဆိုရင် ဘယ်လို အဓိပ္ပာယ် သက်ရောက်မလဲ၊ သူတို့ ပြောတဲ့ စကားတွေကို
ကျုပ်တို့ တစ်လုံးမှ ယုံနိုင်စရာ မရှိဘူး၊ သူတို့ဟာ တကယ့် ရာဇဝတ်ကောင်ကို
ဖုံးကွယ် ထားကြတယ်၊ သူတို့ အကူအညီ မပါဘဲ ကျုပ်တို့ ဘာသာ ကျုပ်တို့
အမှုသွား အမှုလာကို ပြန် ဆက်စပ် ယူရမယ်လို့ အဓိပ္ပာယ် ထွက်တယ်၊ ခု
ကျုပ်တို့ လုပ်ရမယ့် အလုပ်ဟာ အဲဒီ အလုပ်ပဲဗျ၊ ဟောဗျို့ ပြောရင်း ဆိုရင်း
ချီဆယ်ဟာက်စ်ကို သွားမယ့် ရထား ဆိုက်လာပြီ’

ကျွန်ုပ်တို့ ပြန်ရောက်လာသည်ကို မြင်သည့် အခါတွင် အက်ဘေး ဂရိန်း
အိမ်ကြီးရှိ လူများမှာ အံ့အားသင့်လျက် ရှိလေ၏။ သို့ရာတွင် စတန်လေ ဟော့
ပကင်းမှာ စုံထောက် ရုံးချုပ်သို့ သတင်း ပို့ရန် ပြန်သွားပြီ ဖြစ်ရကား ရှားလော့
ဟုမ်းသည် ထမင်းစားခန်းကို သိမ်းပိုက်လိုက်ကာ အတွင်းမှ သော့ခတ်ပြီးလျှင်
သူ့စိတ်ကူးအတိုင်း အမှုသွား အမှုလာကို တည်ဆောက် ဆက်စပ်ယူရန် အတွက်
အသေးစိတ် အချက်အလက်ကလေးများကို နှစ်နာရီကြာမျှ လေ့လာ ရူးစမ်း
လျက် ရှိလေ၏။ ကျွန်ုပ်ကား ပါမောက္ခ တစ်ယောက် ရှေ့တွင် ရောက်နေသည့်
ကျောင်းသား တစ်ယောက်ကဲ့သို့ ထောင့်တစ်ထောင့်တွင် ငြိမ်သက်စွာ ထိုင်ကာ
ရှားလော့ဟုမ်း၏ သုတေသန လုပ်ငန်းကို ကြည့်လျက် ရှိလေ၏။

ရှားလော့ဟုမ်းသည် ပြတင်းပေါက်ကို လည်းကောင်း၊ ခန်းဆီးများကို
လည်းကောင်း၊ ကော်ဇောကို လည်းကောင်း၊ ကုလားထိုင်ကို လည်းကောင်း၊ ကြိုး
လည်းကောင်း တစ်ခုစီကို သေချာစွာ စစ်ဆေး ကြည့်ရှုကာ စဉ်းစားလျက် ရှိလေ



www.burmeseclassic.com

www.burmeseclassic.com



၏။ သေသူ၏ အလောင်းကို ရွှေ့ထားလိုက်ပြီ ဖြစ်သည့်တိုင် ကျန် အရာများမှာ ကျွန်ုပ်တို့ မနက်က ကြည့်ခဲ့သည့် အတိုင်းပင် ရှိနေပေသေး၏။

ရှားလော့ဟုမ်းသည် နာရီစင်ကြီးပေါ်သို့ တက်လိုက်လေရာ ကျွန်ုပ်မှာ သူ လုပ်ပုံကို ကြည့်၍ အံ့အားသင့်လျက် ရှိလေ၏။ သူ့ ခေါင်း အထက်တွင်မူ ဖြတ်ထားသော အနီရောင် ကြိုးစသည် ဝိုင်ယာကြိုးမှ တွဲလောင်းကျလျက် ရှိလေ၏။ ရှားလော့ဟုမ်းသည် အတန်ကြာမျှ ထိုကြိုးစ အပြတ်ကို ငေးစိုက် ကြည့်နေပြီးနောက် ထိုကြိုးစကို ပို၍ သေချာစွာ ကြည့်ရှုရန် နံရံတွင် ရိုက်ထားသည့် သစ်သားစင် တစ်ခုပေါ်သို့ လှမ်းတက်လိုက်လေ၏။ ထိုအခါ၌ကား ရှားလော့ဟုမ်းမှာ ကြိုးစကို လက်လှမ်းမိနေလေပြီ။ သို့ရာတွင် ရှားလော့ဟုမ်းသည် ကြိုးစ ထက် နံရံတွင် ရိုက်ထားသည့် သစ်သားစင်ကို ပို၍ စိတ်ဝင်စားလျက် ရှိသည်ကို ကျွန်ုပ် သတိ ပြုမိလေ၏။ နောက်ဆုံး၌ ရှားလော့ဟုမ်းသည် ကျေနပ် အားရသွားဟန်ဖြင့် နာရီစင်ပေါ်မှ ခုန်ဆင်းလာလေ၏။

'ဟန်ကျပြီဗျို့ ဝပ်ဆင်၊ အမှုရဲ့ အစကိုတော့ ကောက်လို့ ရပြီဗျ၊ ကျုပ်တို့ လိုက်ခဲ့တဲ့ ထူးခြားတဲ့ အမှုတွေထဲက တစ်မှုပဲဗျ၊ ကျုပ်ဆိုတဲ့ ကောင်က လည်း တော်တော် ထုံတဲ့ ကောင်ပါလားဗျာ၊ ကြည့်စမ်း၊ ကံကောင်းလို့ မှားတော့ မလို့၊ သီသီကလေးပဲ လိုတော့တယ်၊ ခုတော့ ရပါပြီ၊ နည်းနည်း ပျောက်နေတဲ့ ကွင်းဆက်ကလေး နှစ်ဆက် သုံးဆက်က လွဲရင် ကျုပ် ကြိုးက ဆက်လို့ ရပါပြီ'

'ဒါဖြင့် တရားခံတွေကို ခြေရာ ခံမိပြီပေါ့'

'တရားခံတွေ မဟုတ်ဘူးဗျ၊ တရားခံ၊ တရားခံ၊ တရားခံ တစ်ယောက်တည်းရယ်၊ ဒါပေမဲ့ တော်တော် ကြောက်စရာ ကောင်းတဲ့ တရားခံဗျို့၊ တော်တော့်ကို ဗလ ကောင်းတဲ့ ငနဲ၊ မီးဆွတဲ့ သံကောက်ကြီး ကွေးသွားတာကို ကြည့်တော့၊ အရပ်က ခြောက်ပေ သုံးလက်မ ရှိတယ်ဗျ၊ ပေါ့ပါးလိုက်တာကလည်း ရှဥ့်ကလေး တစ်ကောင်လို လှစ်ခနဲ လှစ်ခနဲ နေတာပဲ၊ လက်လည်း အလွန် မြန်များ၊ ပြီးတော့ ဦးနှောက်ကလည်း ကောင်းလိုက်သေး၊ မကောင်းရင် ဒီလုပ်ဇာတ်ကို ဘယ် ထွင်နိုင်ပါ့မလဲဗျ၊ အိုင်ဆေးရေ၊ တော်တော် ထူးခြားတဲ့ လူရဲ့ လက်ခ လက်နကိုတော့ ကျုပ်တို့ တွေ့ရပြီဗျ၊ ဒါပေမဲ့ ခင်ဗျားလူ ဦးနှောက် ဘယ်လောက်ပဲ ကောင်းကောင်း ခေါင်းလောင်းကြိုးမှာ ကျန်ခဲ့တဲ့ သဲလွန်စကို ပျောက်ဖျက် ပစ်ခဲ့ဖို့တော့ မေ့သွားပြီဗျ၊ ကျုပ်တို့ အဖို့ ဘာမှ သံသယ ဖြစ်စရာ မလိုတော့ဘူး'

'သဲလွန်စက ဘာလဲ'





'ခင်ဗျား စဉ်းစားကြည့်လေ၊ ခေါင်းလောင်းကြိုး တစ်ချောင်းကို ဆွဲချလို့ ပြတ်သွားတယ် ဆိုရင် ဘယ်နေရာက ပြတ်မလဲ၊ ဝါယာနှင့် ဆက်ထားတဲ့ နေရာက ပြတ်ရမှာပေါ့၊ ခုတော့ မဟုတ်ဘူးဗျ၊ ဝါယာကြိုးနှင့် ဆက်တဲ့ နေရာ အောက် သုံး လက်မလောက် အကွာက ပြတ်နေတယ်၊ ကြည့်ပါလား'

'ဒါကတော့ အဲဒီ နေရာက ကြိုးမျှင်တွေ ဖွာထွက်ပြီး ဆွေးနေလို့ နေမှာပေါ့'

'ဟုတ်တယ်ဗျ၊ ကုလားထိုင်က ကြိုးစ အပြတ်ကို ကြည့်လိုက်တဲ့ အခါ ကျတော့ အမျှင်တွေ ဖွာထွက်နေတယ်၊ ဒီကောင်က ဉာဏ်သွားတော့ အဲဒီ အစနေရာကို မောင်းချဓားနှင့် ဖွာနေအောင် လုပ်ပစ်ခဲ့တယ်ဗျ၊ ဒါပေမဲ့ ဟိုအပေါ်က အပြတ်မှာတော့ ဒီလို ဖွာထွက်နေတဲ့ အမျှင်တွေ မရှိဘူးဗျ၊ တိတိရိရိ ပြတ်လို့၊ အောက်ကနေပြီး ကြည့်ရင်တော့ မမြင်ရဘူး၊ ဒါပေမဲ့ နာရီစင်ပေါ် တက်ကြည့်ရင်တော့ သေသေချာချာ မြင်ရတယ်၊ ပြတ်နေတာမှ တိလို့ဗျ၊ အမျှင် တစ်မျှင်မှ မထွက်ဘူး၊ ဒီတော့ ဆက်စပ် တွေးလို့ ရပြီလေဗျာ၊ ဒီကြိုးကို လိုချင်တယ်၊ ကြိုးကို အောက်ကနေ ဆွဲဖြတ်ရင် မီးဖိုထဲမှာ ခေါင်းလောင်း မြည်မှာ စိုးလို့ အောက်က ဆွဲမဖြတ်ဘူး၊ ဒီတော့ သူ ဘာလုပ်သလဲ၊ နာရီ စင်ပေါ်ကို တက်တယ်၊ မမီသေးဘူး၊ ဒီတော့ နံရံမှာ ရိုက်ထားတဲ့ သစ်သား စင်ပေါ်ကို တက်တယ်၊ အပေါ်က ဖုန်မှုန့်တွေထဲမှာ ခြေရာကို တွေ့ရတယ်၊ ပြီးတော့ သူ့မှာ ပါလာတဲ့ မောင်းချဓားနှင့် ကြိုးကို ဖြတ်တယ်ဗျ၊ ကျုပ် လှမ်း ဆွဲကြည့်တော့ ကျုပ် မမီဘူး၊ သုံး လက်မလောက် လိုနေတယ်၊ ဒီတော့ ဒါကို ကြည့်ရင် ဒီလူဟာ ကျုပ်ထက် သုံး လက်မလောက် မြင့်နေတယ် ဆိုတာကို သိနိုင်တယ်၊ ဝက်သစ်ချသား ကုလားထိုင်ပေါ်ကို လှမ်း ကြည့်လိုက်စမ်း၊ ဘာ တွေ့ရသလဲ'

'သွေးကွက်ဗျ'

'ဟုတ်တယ်ဗျ၊ သွေးကွက်၊ ဒီသွေးကွက်ကို ကြည့်လိုက်တာနှင့် အမျိုးသမီးရဲ့ စကားဟာ လုပ်ဇာတ် ဆိုတာ ထင်ရှားသွားပြန်ပြီ၊ ခင်ဗျား စဉ်းစား ကြည့်လေ၊ လူသတ်မှုကို ကျူးလွန်တဲ့ အချိန်တုန်းက အမျိုးသမီးဟာ ကုလားထိုင် ပေါ်မှာ ထိုင်လျက် ကြိုးချည်ခံထားရပြီ ဆိုရင် ဒီသွေးကွက်ဟာ သူ့ဖင်အောက်က ထိုင်ခုံပေါ်ကို ဘယ့်နှယ်လုပ်ပြီး သွားထင်နိုင်မလဲ၊ မဖြစ်နိုင်ဘူးဗျ၊ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူး၊ အမျိုးသမီးကို ထိုင်ခုံပေါ်မှာချည်တာဟာ သူ့ယောကျ်ားကို သတ်ပြီးတဲ့ အချိန်ကျမှ ဖြစ်ရမယ်၊ အဝတ်စ အနက်ကို ကြည့်လိုက်ရင်လည်း ကျုပ် ပြောတဲ့ အချက်ကို သက်သေခံ နေတယ်ဗျ၊ ကျုပ်တို့ တစ်တွေ အတွက်



www.burmeseclassic.com

www.burmeseclassic.com





အောင်ပွဲတော့ မတွေ့ရသေးဘူးဗျာ၊ ခုထိတော့ ကျူပ်တို့ဘက်မှာ အရှုံးချည်းပဲ ရှိသေးတယ်၊ သို့သော်လည်း နောက်ဆုံးတော့ အောင် ပွဲ ကို တော့ တွေ့ရမှာပ၊ အမျိုးသမီးရဲ့ အိမ်စေ အဘွားကြီး ထရီဇာနှင့် စကား နည်းနည်း ပြောကြည့် ရရင်တော့ ကောင်းမယ် ထင်တယ်ဗျ၊ အေးလေ၊ ကိုယ်က သတင်း လိုချင်တော့ ကိုယ်က နည်း နည်းပါးပါး အောက်ကျို့ရ မှာပေါ့"

မျက်နှာထား ခိုး ဆိုးနှင့် ဩစတြေးလျ အမျိုး သမီးကြီး အိမ်စေ ထရီဇာမှာ တော်တော် စိတ်ဝင်စားစရာ ကောင်းသည့် အမျိုးသမီးကြီး တစ်ယောက် ဖြစ် လေ ၏။ အဘွားကြီးသည် အ စ တွင် ကျွန်ုပ် တို့ ကို သက်သမကင်၊ ဟန်ဖြင့် စကားကို ခပ်ပွင့်ပွင့် မပြောဘဲ ရှုရှုအောင့်အောင့် ဖြေ သေးသော်လည်း ရှားလော့ဟုမ်း က ချော့မော့ ပြောဆိုကာ မျက်နှာ သွေးသည်တွင် စိတ်တိုခြင်း မရှိတော့ဘဲ ပျော့ပျော့ပျောင်းပျောင်း ဖြစ်လာ လေ ၏။ အဘွားကြီးသည် သေသူ ဆာ ယူးစတေ့ကို မုန်းကြောင်း ခပ်ပြောင်ပြောင် ပင် ပြောဆိုခြင်း ပြုလေ၏။

ဝက်သစ်ချသား ကုလားထိုင်ကို လှမ်းကြည့်လိုက်၏။

"ဟုတ်ပါတယ်ရှင်၊ သူဟာ ကျွန်မကို ရေချိုင့်နှင့် ပေါက်ခဲ့ဖူးပါတယ်၊ ပြီးတော့ မမလေးကိုလည်း ပြောလိုက်တာ စုံလို့ပဲ၊ ရစရာတောင် မရှိဘူး၊ ဒီတော့ ကျွန်မက ပြောတယ်၊ မမလေးမှာ သူ့ အစ်ကို မရှိလို့ ရှင် ဒီလို ပြောရဲတာ၊ သူ့ အစ်ကိုသာ ရှိရင် ရှင် ဒီလို ပြောရဲမှာ မဟုတ်ဘူးလို့ ကျွန်မက ပြောတယ်၊ ဒီတော့ သူ့ကို ဒီလို ပြောရပါမို့လား ဆိုပြီး ကျွန်မကို ရေချိုင့်ကြီးနှင့် လှမ်းပေါက်လိုက်





တာပဲ၊ ကျွန်မကိုတွင် မကဘူး၊ ကျွန်မ မရှိရင် မမလေးကိုလည်း သူ ဒီအတိုင်း နှိပ်စက်ကလူ ပြုမှာပဲ၊ နှိပ်စက်လိုက်တဲ့ လူကြီးရှင်၊ မပြောပါနှင့်တော့၊ မမလေး ကတော့ ဘာမှ မပြောပါဘူး၊ ကြိတ်မှိတ်ခံပါတယ်၊ မာနကလည်း ကြီးတော့ သူ့ အပေါ် ဒီလူ ဘယ်လောက် အနိုင်ကျင့်တယ် ဆိုတာကို ကျွန်မကိုတောင် ထုတ် မပြောဘူး၊ ဒီနေ့ မနက်တုန်းက စုံထောက်ကြီး သူ့လက်မောင်းပေါ်က ဒဏ်ရာ ကို မြင်ခဲ့တယ် မဟုတ်လား၊ ဘာ့ကြောင့်လဲ ဆိုတာကို ကျွန်မကို မပြောဘူးရှင့်၊ နောက်တော့မှ သိရတာက ဒီလူက ဦးထုပ် ဖဲပွင့် ထိုးတဲ့ ပင်အပ်နှင့် ထိုးထားလို့ တဲ့ရှင့်၊ သေသူ့ အကြောင်းကို မကောင်း ပြောရတာတော့ မကောင်းပါဘူးရှင်၊ ဒါပေမဲ့ မတတ်နိုင်ဘူး၊ ဒီလောက် ဆိုးလွန်းတော့ ပြောရတော့မှာပဲ၊ ကျွန်မ တစ် သက်မှာဖြင့် သူ့လောက် ဆိုးတဲ့လူ တစ်ယောက်မှ မမြင်ဖူး မကြားဖူးသေးဘူး၊ ကျွန်မတို့နှင့် တွေ့စတုန်းကတော့ နှုတ်ကလေးကလည်း ချိုလိုက်တာ၊ အချိုပေါ် သကာ လောင်းထားတဲ့ အတိုင်းပဲ၊ အဲ ရလည်း ရရော ဘာပြော ကောင်းမလဲ၊ ဆိုးလိုက်တဲ့ လူ၊ သူနှင့် အတူ လိုက်နေရတာ ဆယ့်ရှစ်လသာ ရှိပေမဲ့ ကျွန်မတို့ အဖို့မှာ ဆယ့်ရှစ်နှစ်လောက် ကြာတယ်လို့တောင် ထင်မိတယ်၊ မမလေးက လန်ဒန်ကိုလည်း ဒီတစ်ခါပဲ ရောက်ဖူးသေးတယ်ရှင့်၊ ပင်လယ်ကူး သင်္ဘော ဆိုလို့လည်း ဒီတစ်ခါပဲ စီးဖူးသေးတာ၊ ဂုဏ်တို့ ငွေတို့ လန်ဒန် မြို့ကြီးသား ဂိုက်တို့လည်း အပြည့် ရှိတော့ ကျွန်မတို့ကလည်း လက်ဦးတုန်းကတော့ အထင် ကြီးခဲ့တာပေါ့လေ၊ နေဦး ကျွန်မတို့ သူနှင့် စတွေ့တာ ဘယ်လပါလိမ့်၊ ဩဂုတ် ဟုတ်ပြီ၊ မှတ်မိပြီရှင့်၊ ကျွန်မတို့ လန်ဒန်ကို ရောက်တာက လွန်ခဲ့တဲ့ ဇွန်လထဲ မှာရှင့်၊ သူနှင့် တွေ့တော့ ဇူလိုင်လ၊ မနှစ် ဇန်နဝါရီလတုန်းကတော့ သူတို့ လက် ထပ်ခဲ့ကြတယ်၊ ဟော ဟော ပြောရင်း ဆိုရင်း မမလေး ဆင်းလာပြီ၊ ဧည့်ခန်း ထဲမှာ စုံထောက်ကြီးတို့ကို တွေ့လိမ့်ဦးမယ် ထင်တယ်၊ ဒါပေမဲ့ သူ့ကိုတော့ သိပ် မေးလား မြန်းလား မလုပ်ပါနှင့်တော့ရှင်၊ သူ့ခမျာ တော်တော်ကို သောက ရောက်နေရတာပါ"

လေဒီ ယူးစတေ့မှာ ခပ်စောစောကအတိုင်း ဆိုဖာပေါ်တွင် လဲလျောင်း လျက် ရှိလေ၏။ သို့ရာတွင် စောစောကလောက် ညှိုးငယ်ခြင်း မရှိတော့ချေ။ အိမ် စေ အဘွားကြီးသည် ကျွန်ုပ်တို့နှင့် အတူ လိုက်လာပြီးလျှင် နဖူးပေါ်မှ ဒဏ်ရာကို ရေဆွေး အုပ်ပေးလျက် ရှိလေ၏။

"ကျွန်မကို နောက်ထပ် မေးဖို့ မြန်းဖို့ လာတာတော့ ဟုတ်မယ် မထင် ပါဘူး နော်"



www.burmeseclassic.com

www.burmeseclassic.com



ရှားလော့ဟုမ်းက ချိုသာသော အသံဖြင့်

“မဟုတ်ရပါဘူး ခင်ဗျာ၊ မင်းကတော်ကို မလိုအပ်ဘဲ အနှောင့်အယှက် မပေးချင်ပါဘူး၊ ကျွန်တော့် ရည်ရွယ်ချက်က မင်းကတော်ကို တတ်နိုင်သမျှ အကူအညီ ပေးဖို့ပါ၊ မင်းကတော် ဘယ်လောက် စိတ်ဆင်းရဲခဲ့ရတယ် ဆိုတာကို ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော့်ကို မိတ်ဆွေ တစ်ယောက်လို သဘောထားပြီး ယုံကြည်မယ် ဆိုရင် ယုံကြည်ရကျိုး နပ်ပါတယ် ဆိုတာ တွေ့လာရမှာပါ”

“ဒီတော့ ကျွန်မကို ဘာလုပ်စေချင်လို့လဲ”

“ကျွန်တော့်ကို အမှန်အတိုင်း ဖွင့်ပြောပါ”

“ရှင်၊ ဘာပြောတယ် စုံထောက်ကြီး”

“ဖုံးဖိမနေပါနှင့် မင်းကတော်၊ အကျိုး မရှိပါဘူး၊ ကျွန်တော့် အကြောင်းကိုလည်း မင်းကတော် နည်းနည်းပါးပါးတော့ ကြားဖူးလိမ့်မယ် ထင်ပါတယ်၊ မင်းကတော် ကျွန်တော်တို့ကို ပြောလိုက်တဲ့ အဖြစ်အပျက်ဟာ လုပ်ဇာတ် ဆိုတာ ကျွန်တော် သိပါတယ်”

မင်းကတော်နှင့် အိမ်စေ အဘွားကြီးတို့ နှစ်ယောက်စလုံးသည် ဖျော့တော့သော မျက်နှာ၊ ထိတ်လန့်သော မျက်လုံးများဖြင့် ရှားလော့ဟုမ်းကို ငေးကြည့် နေကြလေ၏။

“ရှင် စော်ကားလှချည်လားဟင်၊ ဘာ စကား ပြောတာလဲ၊ ဒါဖြင့် မပ လေးကပဲ မဟုတ်မမှန် လုပ်ကြံ ပြောတယ်ပေါ့၊ ဟုတ်လား”

ရှားလော့ဟုမ်းသည် ကုလားထိုင်မှ ထရပ်လိုက်လေ၏။

“ဒါဖြင့် ကျွန်တော့်ကို ဘာမှ ပြောစရာ မရှိတော့ဘူးလား”

“ရှင့်ကို ကျွန်မ အကုန် ပြောခဲ့ပြီပဲ”

“နောက်တစ်ခါ ပြန်စဉ်းစားပါဦး မင်းကတော်၊ ပွင့်ပွင့်လင်းလင်း ပြောရင် အကျိုး ရှိပါတယ်”

မင်းကတော်၏ လှပ ချောမောသော မျက်နှာပေါ်တွင် ဆုတ်ဆိုင်း တွေဝေသည့် အမူအရာသည် ခဏ ပေါ်လာ၏။ ထိုနောက်တွင်ကား တစ်စုံတစ်ရာကို အားတင်းလိုက်သည့်နှယ် သူ့ မျက်နှာသည် ပြန်၍ တင်းမာသွားပြန်လေ၏။

“ကျွန်မ သိတာ အကုန် ပြောပြီးပြီပဲ”

ရှားလော့ဟုမ်းက ဦးထုပ်ကို ကောက်ကိုင်လိုက်ပြီး ပခုံးကို တွန့်လိုက်လျက် “ဝမ်းနည်းပါတယ် ခင်ဗျာ” ဟု ဆိုကာ ကျွန်ုပ်တို့ နှစ်ယောက်သည်






နောက်ထပ် စကား မပြောကြတော့ဘဲ အခန်းထဲမှ ထွက်လာခဲ့ကြလေ၏။ ခြံထဲတွင် ရေကန်ကလေး တစ်ခု ရှိရာ ရှားလော့ဟုမ်းသည် ရေကန်ကလေးဆီသို့ လျှောက်သွားသဖြင့် ကျွန်ုပ်သည်လည်း သူ့နောက်မှ လိုက်လာခဲ့လေ၏။

ရေကန်ကလေးမှာ ရေခဲနေပြီ ဖြစ်သော်လည်း အချို့ ရေမခဲဘဲ ကျန်နေသည့် နေရာတွင် ငန်း တစ်ကောင်စာမျှ ရေကွက်ကလေး တစ်ကွက် ပေါ်လျက် ရှိလေ၏။ ထိုရေကွက်ကလေး နားသို့ အရောက်တွင် ရှားလော့ဟုမ်းသည် ရေအိုင် ပေါက်ကလေးကို ငုံ့ကြည့်လိုက်ပြီးနောက် ခြံဝင်း တံခါးဆီသို့ လျှောက်သွားလေ၏။

ထိုနေရာသို့ ရောက်လျှင် ရှားလော့ဟုမ်းသည် ဟော့ပကင်းကို ပေးရန် စာတစ်စောင်ကို ကောက်ခြစ်ခဲ့၍ ဝင်းစောင့်ကို ပေးပစ်ခဲ့လေ၏။

“မှန်ရင်လည်း မှန် မမှန်ရင်လည်း လွဲပေါ့ဗျာ၊ ဒါပေမဲ့ ဟော့ပကင်း အတွက်တော့ တစ်ခုခု လုပ်ပေးမှ ကျုပ်တို့ တစ်ခေါက် ပြန်ရကျိုး နပ်လိမ့်မယ်၊ ခုထိ ဟော့ပကင်းကို ကျုပ် ထင်မြင်ချက် အပြည့်အစုံကို ထုတ် မပြောခဲ့သေးဘူး၊ ကျုပ်တို့ နောက်ထပ် အော်ပရေးရှင်း ဆင်းရမယ့် နေရာကတော့ အယ်ဒီလေ - ဆောက်သင်တမ် သွားတဲ့ သင်္ဘော ကိုယ်စားလှယ် ရုံး ပဲ ဗျ၊ အဲဒီ ရုံးက ပေါလ်မောနားမှာ ရှိတယ်နော်၊ ဟုတ် ရဲ့ လား၊ ဒီ ကုမ္ပဏီက ဩစတြေးလျနှင့် အင်္ဂလန်ကို သွားတဲ့ သင်္ဘော ကုမ္ပဏီ နှစ်ခု အနက်



*ရှားလော့ဟုမ်းသည် ရေအိုင်ပေါက်ကလေးကို ငုံ့ကြည့်လိုက်ပြီးနောက် ...*



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပဲဗျ၊ သို့သော်လည်း သူက ဝိုပြီး ကြီးလေတော့ သူ့ကို အရင် စုံစမ်း ကြည့်ရမှာပဲ'

ရှားလော့ဟုမ်း၏ လိပ်စာ ကတ်ပြားကို ပို့လိုက်သည်တွင် မန်နေဂျာက လည်း ချက်ချင်း အရေးတယူ ဆီးကြိုခြင်း ပြုလေ၏။ မကြာမီပင် သိလိုသော အချက်များကို ရခဲ့လေ၏။ ၁၈၉၅ ခု ဇွန်လတွင် သူတို့ ကုမ္ပဏီမှ သင်္ဘော တစ်စင်းတည်းသာ အင်္ဂလန်သို့ ဆိုက်ခဲ့သည်ဟု သိရ၏။ ထိုသင်္ဘောမှာ ကုမ္ပဏီတွင် ရှိသည့် အကြီးဆုံးနှင့် အကောင်းဆုံး သင်္ဘော ဖြစ်သည့် ဂျီဗရော်တာ ရေ အမည်ရှိ သင်္ဘော ဖြစ်လေ၏။ သင်္ဘော ခရီးသည် စာရင်းကို လှန်ကြည့်သည့် အခါတွင် အယ်ဒီလေ မြို့မှ မစ္စက် ဖရေဇာ အမည်ရှိ အမျိုးသမီး တစ်ဦးနှင့် သူ့ အိမ်စေတို့ လိုက်ပါလာကြောင်းကို တွေ့ရလေ၏။ ယခု အချိန်တွင် သင်္ဘောမှာ ဩစတြေးလျသို့ ထွက်ခွာသွားပြီး စူးအက် တူးမြောင်း အနီးတစ်ဝိုက်တွင် ရောက် ရှိနေသည်ဟု ခန့်မှန်းရလေ၏။

ထို သင်္ဘော အရာရှိများ အနက် တစ်ယောက်မှ လွဲလျှင် ကျန်လူများ အားလုံးမှာ ၁၈၉၅ ခုနှစ် ခရီးစဉ်က လိုက်သွားသော အရာရှိများ ဖြစ်ကြောင်းကို တွေ့ရလေ၏။ ထိုသင်္ဘော၏ ပထမ အရာရှိ ဂျက် ကရီးကား ဆိုသူမှာ သင်္ဘော ကပ္ပိတန် အဖြစ် ရာထူး တိုးမြှင့်ခြင်း ခံရသည့် အတွက် ကုမ္ပဏီ၏ သင်္ဘောသစ် တစ်စင်း ဖြစ်သော ဘာ့စ်ရော့နှင့် အတူ ဆောက်သင်တမ် ဆိပ်ကမ်းမှ နောက် နှစ်ရက် အကြာတွင် ထွက်ခွာမည် ဖြစ်ကြောင်း သိခဲ့ရလေ၏။

မစ္စတာ ကရီးကားမှာ ဆိုင်ဒင်ဟမ်တွင် နေထိုင်ပြီးလျှင် ယနေ့ မနက် တွင်ပင် ရုံးချုပ်သို့ လာ၍ သတင်း ပို့ရန် ရှိကြောင်း၊ သူ့ကို စောင့်လျှင် တွေ့နိုင် မည် ဖြစ်ကြောင်းဖြင့် သိရလေ၏။

ရှားလော့ဟုမ်းကား ထိုလူကို မတွေ့လိုချေ။ ထိုလူကို မတွေ့လိုကြောင်း၊ ထိုလူ၏ ရာဇဝင်နှင့် အကျင့် စရိုက်ကိုသာ သိလိုကြောင်းဖြင့် ပြောပြလေ၏။

ထိုလူ၏ ရာဇဝင်မှာ ပြောစရာ မရှိချေ။ ကုမ္ပဏီတွင် သူ့လောက် တော်သည့် အရာရှိ ဟူ၍လည်း မရှိချေ။ အကျင့် စာရိတ္တနှင့် ပတ်သက်၍မူ ထိုလူမှာ တာဝန်ပိုင်းနှင့် ပတ်သက်၍ များစွာ စိတ်ချ ယုံကြည်ရသည့် လူတစ် ယောက် ဖြစ်ကြောင်း၊ သို့ရာတွင် သင်္ဘော ကုန်းပတ်ပေါ်မှ ဆင်းလျှင် စိတ်ကြီး တစွတ်ထိုး လုပ်တတ်သူ တစ်ယောက် ဖြစ်ကြောင်းဖြင့် သိရလေ၏။ သို့ရာတွင် သစ္စာ ရှိ၍ ရိုးသား ဖြောင့်မတ်ပြီး သနား ကြင်နာတတ်သူ တစ်ယောက် ဖြစ် ကြောင်း သိရလေ၏။





ကျွန်ုပ်တို့သည် ထိုအချက်များကို သိခဲ့ရပြီးနောက် သင်္ဘော ကုမ္ပဏီမှ ပြန်လာခဲ့ကြလေ၏။ ထို့နောက် ရှားလော့ဟုမ်းသည် မြင်းရထားကို စကော့ တလန်ယာဒ် စုံထောက် ရုံးချုပ်သို့ အမောင်းခိုင်းလေ၏။ သို့ရာတွင် စုံထောက် ရုံးချုပ် ရှေ့သို့ ရောက်သည့် အခါတွင် ရှားလော့ဟုမ်းသည် အောက်သို့ မဆင်းဘဲ ရထားပေါ်တွင် ထိုင်ကာ မျက်မှောင်ကုတ်ရင်း အတန်ကြာမျှ လေးနက်စွာ စဉ်းစားလျက် ရှိလေ၏။ ထို့နောက် ချယ်ရင် ကရော့ ဘူတာကြီးရှိ ကြေးနန်းရုံသို့ အမောင်းခိုင်းကာ ကြေးနန်း တစ်စောင် ရိုက်ပြီးလျှင် ဘောကာလမ်းသို့ ပြန်လာ ခဲ့ကြလေ၏။ အခန်းသို့ ပြန်ရောက်လျှင် ရှားလော့ဟုမ်းက

'မဖြစ်သေးဘူး ထင်ပါရဲ့ဗျာ၊ ဝရမ်း ထုတ်လိုက်ရင် သူ့ကို ကျုပ် ကယ် ဖို့ သိပ် မလွယ်တော့ဘူးဗျ၊ ကျုပ် စုံထောက် သက်တမ်းမှာ တရားခံကို ဖော် ထုတ် ဖမ်းဆီး ပေးနိုင်ခဲ့လို့ နစ်နာရတာမျိုး တွေ့ခဲ့ပြီဗျ၊ တရားခံ လုပ်လို့ တစ် ဖက်သား နစ်နာတာထက် ကျုပ် ဖော်ထုတ်လို့ နစ်နာတာက ပိုဆိုးတာမျိုး နှစ် ခါ သုံးခါ တွေ့ခဲ့ဖူးပြီ ဝပ်ဆင်၊ ခုတော့ ကျုပ်လည်း ပါးသွားပြီ၊ အင်္ဂလန်ပြည်ရဲ့ တရားဥပဒေကို လှည့်စားချင် လှည့်စားတော့မယ်၊ ကျုပ် လိပ်ပြာကိုတော့ မလှည့် စားချင်တော့ဘူး၊ အင်း စောင့်တော့ ကြည့်ရဦးမှာပလေ'

နေ့လယ်ပိုင်းတွင် ကျွန်ုပ်တို့ထံသို့ စုံထောက် အင်စပက်တော် ဟော့ပကင်း ရောက်လာလေ၏။ ဟော့ပကင်းကို ကြည့်ရသည်မှာ အမှုနှင့် ပတ်သက်၍ များစွာ အဆင်ပြေပုံ မရချေ။

'စုံထောက်ကြီးရယ်၊ စုံထောက်ကြီးမှာ စုန်း အတတ်များ တတ်နေရော့ သလား၊ မဟုတ်ကာမှ လွဲရော စုံထောက်ကြီးမှာ ဝမ်းတွင်းစုန်း ရှိတယ် ထင်တာပဲ၊ လူဆိုးတွေ ယူသွားတဲ့ ငွေထည် ပစ္စည်းတွေဟာ ကန်လေးထဲမှာ ရှိတယ် ဆိုတာ ဘယ့်နယ် လုပ်ပြီး သိသလဲ'

'ကျုပ် မသိရပေါင်ပါဗျာ'

'စုံထောက်ကြီးပဲ အဲဒီ ကန်ကလေးကို သွားကြည့်ပါလို့ စာရေး ပစ်ခဲ့ တယ်လေ'

'ဒါဖြင့် တွေ့ခဲ့ပြီပေါ့'

'တွေ့ခဲ့ပြီ ခင်ဗျ'

'အင်း ခင်ဗျားကို ကူညီနိုင်တဲ့ အတွက် ဝမ်းသာရမှာပေါ့ဗျာ'

'မဟုတ်ဘူးဗျ၊ ကူညီတာ မဟုတ်ဘူး၊ စုံထောက်ကြီး လုပ် လိုက်တော့ ပြဿနာ ပိုရှုပ်လာပြီး ခက်လာတာ၊ အိမ်ထဲကနေပြီး ငွေထည်တွေကိုတော့ ယူ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး တွေ့ရာ ကန့်ထဲမှာ ပစ်ချခဲ့တယ် ဆိုတော့ ဒီသူခိုးဟာ ဘယ်လို သူခိုး မျိုးတွေလဲ ဆရာရယ်'

'အင်း နည်းနည်းတော့ ဆန်းတာပေါ့လေ၊ ပစ္စည်းကို မလိုချင်ဘဲ ယူသွားရတယ်၊ ပစ္စည်း ယူရတာဟာ အကြောင်းပြဖို့ ကောင်းအောင် ဖြစ်တယ် ဆိုတာရယ်ကို တွေးမိတဲ့ အခါကျတော့ ဒီလူဆိုးဟာ ယူသွားတဲ့ ပစ္စည်းတွေကို အမြန်ဆုံး ဖျောက်ဖျက် ပစ်ချင်မှာပဲ ဆိုတာ ကျုပ် သဘော ပေါက်မိတယ်ဗျ'

'နို့ နေစမ်းပါဦး၊ ဒီစိတ်ကူးကို ဘယ်လိုလုပ်ပြီး ရတာလဲ'

'ဒါကတော့ သိပ်မခက်ပါဘူးဗျာ၊ သူခိုးဟာ ပြင်သစ် ပြတင်းပေါက်က ဆင်းလာလာချင်း ဒီကန်ကလေးကို တွေ့တော့ ဒီကန်ထဲမှာ ပစ်ချခဲ့မှာပေါ့၊ ဒီထက် ကောင်းတဲ့ ဝှက်စရာ နေရာ ရှိသေးလို့လား'

'ဘာဗျ၊ ဝှက်စရာ နေရာ၊ ဟုတ်လား၊ ဟုတ်တယ်ဗျို့ စုံထောက်ကြီး ပြောတဲ့ စကားလုံးက ပို တိကျတယ်၊ ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကျွန်တော် သဘော ပေါက်ပြီ၊ အချိန်က စောသေးတော့ လမ်းမပေါ်မှာ လူသွား လူလာ မပြတ်သေးဘူး၊ လက်ထဲမှာ ငွေထည်ပစ္စည်းတွေ တစ်ပွေ့တစ်ပိုက်ကြီးနှင့် တွေ့မှာကို ကြောက်တယ်၊ ဒီတော့ ပစ္စည်းတွေကို တစ်နေရာရာမှာ ဝှက်ပစ်ခဲ့မယ်၊ ရှင်းရှင်းလင်းလင်း ရှိတော့မှ လာယူမယ်၊ မှန်လိုက်လေဗျာ၊ အကြောင်းပြချက် ရအောင် ပစ္စည်းကို ယူသွားတယ် ဆိုတာထက် ခုဟာက ပိုပြီး မှန်လိမ့်မယ် ခင်ဗျ'

'အင်း ကိုရင့် တွေးလုံးကလေးကလည်း သိပ်တော့ မဆိုးလှပါဘူးလေ၊ ကျုပ် တွေးလုံးက ကတ်ကတ်သတ်သတ်တော့ နည်းနည်း နိုင်သပေါ့ဗျာ၊ သို့သော် လည်း ဘယ်လိုပဲဖြစ်ဖြစ် ကျုပ် တွေးလုံးကြောင့် ပစ္စည်းတွေကိုတော့ တွေ့ပြီ မဟုတ်လား'

'တွေ့ပါတယ် ခင်ဗျာ၊ တွေ့ပါတယ်၊ စုံထောက်ကြီးရဲ့ အစွမ်းချည်းပါပဲ၊ ဒါပေမဲ့ ကျွန်တော့်မှာတော့ နည်းနည်း ခွကျသွားပေတာပေါ့ ခင်ဗျာ'

'ဘာ ခွကျရမှာလဲဗျ'

'ဒီနေ့ မနက် ရန်ဒယ်တို့ သားအဖ ဂိုဏ်းကို နယူးယောက်မှာ ဖမ်းမိပြီ တဲ့ ခင်ဗျ'

'အလို၊ ဘယ်လို ဖြစ်တာလဲဗျ၊ ကိုရင့် တွေးလုံး အရ ပြောရရင် မနေ့ ညကပဲ ကင့်နယ်မှာ ဒီသားအဖ သုံးယောက်ဟာ လူသတ်သွားတယ်ဆို၊ ဘယ့် နယ် ခုမနက်ကျတော့ အမေရိကမှာ သွားပြီး ဖမ်းမိရတာလဲ၊ လွန်လှချည်လား၊ ကိုရင့် တွေးလုံး တော်တော်လေး ချော်သွားပြီဗျ'





'တော်တော်လေး မဟုတ်ဘူး ခင်ဗျ၊ တော်တော်ကြီးကို ချော်သွားတာ၊ သို့သော်လည်း ရန်ဒယ်တို့ ဂိုဏ်း မဟုတ်ရင် တစ်ဂိုဏ်းဂိုဏ်း ဖြစ်ရမှာပေါ့လေ၊ တခြား ဂိုဏ်းတွေ ရှိသေးတာကပဲ၊ သို့မဟုတ်ရင်လည်း ပုလိပ် မကြားဖူးတဲ့ ဂိုဏ်း တစ်ဂိုဏ်း ဖြစ်ချင် ဖြစ်နေမှာပေါ့'

'အင်း ဒါလည်း ဖြစ်တော့ ဖြစ်နိုင်တာပေါ့လေ၊ ဘယ့်နှယ်လဲဗျ၊ သွားတော့မလို့လား'

'သွားမယ် ခင်ဗျာ၊ ကျွန်တော့်မှာ ဒီကိစ္စ မပြတ်မချင်း နားလို့ မရသေးဘူး၊ စုံထောက်ကြီးကလည်း ဘာသတင်းမှ ပေးစရာ မရှိတော့ဘူး မဟုတ်လား'

'သတင်း တစ်ခု ပေးပြီးပြီလေဗျာ'

'ဘယ်သတင်းလဲ'

'ပစ္စည်း ယူသွားတာဟာ အယောင်ဆောင်တာပါလို့ ပြောပြီးပြီပဲ'

'နေစမ်းပါဦး၊ စုံထောက်ကြီးရယ်၊ သူခိုးက ဘာဖြစ်လို့ ဟန်ပြ ခိုးနေဦး မှာလဲ၊ အကြောင်းကိုလည်း ပြောပြစမ်းပါဦး'

'အဲ အဲဒါ ပြဿနာပဲဗျ၊ သို့သော်လည်း ခင်ဗျားကို ကျုပ် ပြောလိုက်ပြီလေ၊ အကြောင်း တစ်ခုခုတော့ ရှိရမှာပေါ့၊ ဒီအကြောင်းကိုတော့ ကိုရင့် ဘာသာ ရှာကြည့်ပေတော့၊ ထမင်းလေး ဘာလေး စားသွားဦးလေဗျာ၊ မစားတော့ ဘူးလား၊ ကဲ ဒီလိုဆိုရင်လည်း သွားပေဦးတော့၊ တစ်ခုခု ထူးရင်သာ သိပါရစေဗျာ'

ထမင်း စားပြီး၍ စားပွဲကို ရှင်းလင်း သိမ်းဆည်းနေစဉ်မှာပင် ရှားလော့ဟုမ်းသည် ထိုအကြောင်းကို ပြောဆိုခြင်း ပြုပြန်လေ၏။ ရှားလော့ဟုမ်းသည် ဆေး တစ်ဆုံကို ညှိပြီးလျှင် တရှိုးရှိုး မြည်နေသည့် မီးတောက် အနီးသို့ ကပ်၍ လွှာဖိနပ် စီးထားသည့် ခြေထောက်များကို ကင်နေလေ၏။ ထို့နောက် ရုတ်တရက် လက်ပတ် နာရီကို ငုံ့ကြည့်လိုက်လျက်

'ကျုပ်တို့ အမှုတော့ ထူးချိန်တန်လောက်ပြီ ထင်တယ်ဗျို့'

'ဘယ်တော့လဲ'

'မကြာတော့ပါဘူး၊ မိနစ်ပိုင်း အတွင်းမှာပါပဲ၊ ကျုပ် ဟော့ပကင်းကို အကုန် ဖွင့်မပြောဘဲ ချန်လိုက်တယ်ဗျ၊ ကောင်းတော့ မကောင်းလှဘူး'

'ချန်သင့်လို့ ချန်လိုက်တယ်လို့ပဲ ထင်တာပဲဗျ'

'ဟုတ်တယ်၊ ခင်ဗျား ပြောတာ မှန်တယ်၊ အကုန် မပြောသင့်သေးဘူး ထင်တာနှင့် ချန်လိုက်တာ၊ ခင်ဗျား စဉ်းစားကြည့်လေ၊ ကျုပ်က အခုရဲ့ အမှု



www.burmeseclassic.com

www.burmeseclassic.com



ထမ်း မဟုတ်ဘူး၊ ဒီတော့ ကျုပ် သိထားတာဟာလည်း တရား မဝင်သေးဘူး၊ သူက အစိုးရ အမှုထမ်း ဆိုတော့ သူ သိထားတာဟာ တရား ဝင်နေတယ်ဗျ၊ ကျုပ်က ကျုပ်ဘာသာကျုပ် လွတ်လွတ်လပ်လပ် ဆုံးဖြတ်နိုင်တယ်၊ သူ့မှာက သူ့ဘာသာ သူ ဘာမှ လွတ်လွတ်လပ်လပ် ဆုံးဖြတ်နိုင်တာ မဟုတ်ဘူး၊ သူ သိသမျှကို အထက်ကို အစီရင်ခံမှာ၊ ဒီလို အစီရင်မခံရင် သူ့ အလုပ်ကို သူ သစ္စာမဲ့ရာ ရောက်မှာပေါ့၊ ဒီတော့ ကျုပ် တွေးလုံး မသေချာခင်မှာ ကျုပ် သူ့ကို အကုန် ဖွင့်ပြောလိုက်ရင် သူက အထက်ကို အစီရင်ခံလို့လည်း မကောင်း၊ မခံရင်လည်း တစ်ပြစ် ဖြစ်နေတယ်၊ ဒါကြောင့် ကျုပ်ဘာသာကျုပ် သေချာမှပဲ ဖွင့်ပြောတော့မယ် ဆိုပြီး ဒီသတင်းကို မပေးဘဲ ချန်လိုက်တာ'

'နို့ နေစမ်းပါဦး၊ ခင်ဗျား အမှုက ပေါ်မယ် ဆိုရင် ဘယ်တော့ ပေါ်မှာလဲ'

'အချိန် ရောက်ပါပြီလေ၊ ပြဇာတ်ရဲ့ နောက်ဆုံးပိုင်းကို ခုပဲ ကြည့်ရတော့မှာပါ'

လှေကားမှ တက်လာသော ခြေသံများကို ကြားရပြီးနောက် အခန်း တံခါး ပွင့်လာကာ အခန်းဝတွင် ကြီးမား တုတ်ခိုင်သည့် လူတစ်ယောက် ပေါ်လာလေ၏။ ထိုလူမှာ အရပ် အလွန် မြင့်သည့် လူရွယ် တစ်ယောက် ဖြစ်ပြီး မျက်လုံး ပြာပြာနှင့် ရွှေရောင် မုတ်ဆိတ်တို့ ရှိလေ၏။ ထိုလူရွယ်၏ အသားမှာ အပူပိုင်းဇုန် နေဒဏ်ကြောင့် ညိုလျက် ရှိပြီးလျှင် ဖျတ်လတ် သွက်လက်သော ခြေလှမ်းများကို ကြည့်ခြင်းအားဖြင့် ကိုယ်ခန္ဓာ ကြီးမား တုတ်ခိုင်သလောက် ပေါ့ပါးကြောင်းကိုလည်း သိနိုင်ပေ၏။ ထိုလူရွယ်သည် တံခါးကို ပြန်ပိတ်လိုက်ပြီးလျှင် ရင်အုပ်ကြီး ပိန့်လိုက် ဖောင်းလိုက် ဖြစ်အောင် အသက်ကို အမောတကော ရှူရင်း အလွန် စိတ် ထိခိုက်လာသည့်နှယ် စကားကို ကောင်းစွာ မပြောနိုင်ဘဲ လက်သီး နှစ်ဖက်ကို ကျစ်ကျစ် ပါအောင် ဆုပ်ထားလေ၏။

'ကဲ ထိုင်ဗျာ၊ ကပ္ပိတန် ကရိုးကား၊ ကျုပ် ရိုက်လိုက်တဲ့ ကြေးနန်းကို ရတယ်နော်'

ကရိုးကားသည် ကုလားထိုင်တွင် ပစ်၍ ထိုင်ချလိုက်ရင်း ကျွန်ုပ်တို့ နှစ်ယောက်ကို စူးစမ်းသော အကြည့်ဖြင့် တစ်လှည့်စီ ကြည့်လျက် ရှိလေ၏။

'ရတယ်ဗျ၊ ခု ခင်ဗျား ချိန်းတဲ့ အချိန်ကို အတိအကျ လာတာပဲ၊ ခင်ဗျား ကုမ္ပဏီ ရုံးချုပ်ကို လာသွားသေးတယ်လို့ ကြားရတယ်၊ ကျုပ်က ထွက်ပြေးဖို့ ကောင်စား မဟုတ်ဘူး၊ ကဲ ခင်ဗျား ဘာပြောချင်သလဲ၊ ဘာလုပ်ချင်သလဲ၊ ကျုပ်







*အခန်း တံခါး ပွင့်လာကာ*
*ကြီးမား တုတ်ခိုင်သည့် လူတစ်ယောက် ပေါ်လာလေ၏။*

ကို ဖမ်းချင်သလား၊ ဗျို့လူ ပြောလေဗျာ၊ ကြွက်ကလေးကို ကြောင် ကစားသလို တော့ ကျုပ်ကို မကစားနှင့်၊ ကျုပ်ကို ဘယ်လိုကောင် အောက်မေ့နေသလဲ'

ရှားလော့ဟုမ်းက

'အိုင်ဆေး၊ သူ့ကို ဆေးပြင်းလိပ် တစ်လိပ်လောက် ပေးလိုက်စမ်းပါဗျာ၊ ကဲ ကပ္ပိတန်၊ ဆေးပြင်းလိပ်ကို နှာမှာ ကိုက်ထားဗျာ၊ ခင်ဗျား စိတ်ကို ခင်ဗျား ဒီလောက် လွှတ်မပေးပါနှင့်၊ ခင်ဗျား တစ်ခု သိထားဖို့က ခင်ဗျားကို လူဆိုး ရာဇဝတ်ကောင် တစ်ယောက်လို့ ကျုပ် သဘောထားရင် ကုလားထိုင်မှာ ဒီလို အတူ ထိုင်ပြီး ဆေးလိပ် သောက်နေမှာ မဟုတ်ဘူးဗျ၊ ဒါကိုတော့ ခင်ဗျား သိထားပါ၊ ကျုပ်ကို ပွင့်ပွင့်လင်းလင်း ပြောပါ၊ ပွင့်ပွင့်လင်းလင်း ပြောရင် ကျုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



အဖို့ အကျိုး ရှိနိုင်တယ်၊ အဲ ကျုပ်ကို ဝေလည်းချောင်ပတ် လုပ်ရင်တော့ ခင်ဗျား မလွယ်ဘူး အောက်မေ့လိုက်ပါ"

"ဒီလိုဆို ကျွန်တော်က ဘာလုပ်ရမှာလဲ"

"မနေ့ညက အက်ဘေး ဂရိန်း အိမ်မှာ ဘာဖြစ်ခဲ့တယ် ဆိုတာ ကျုပ်ကို မှန်မှန် ပြောပြပါ၊ တကယ့် အဖြစ်အပျက် အမှန်နော်၊ ပိုလည်း မပိုနှင့်၊ လိုလည်း မလိုနှင့်၊ ခင်ဗျား ကျုပ်ကို မှန်မှန် မပြောဘဲ တစ်ချက် လိမ်လိုက်တာနှင့် တစ်ပြိုင်နက် ဟောဒီမှာ တွေ့လား၊ ပုလိပ် ခေါ်တဲ့ ခရာ ရှိတယ်၊ ပြတင်းပေါက်မှာ ရပ်ပြီး ခရာကို မှုတ်လိုက်ရုံပဲ၊ အဲဒီ အခါကျရင် ကျုပ်လည်း ဘာမှ တတ်နိုင်တော့မှာ မဟုတ်ဘူး"

ကပ္ပိတန်သည် အတန်ကြာမျှ စဉ်းစားလျက် ရှိလေ၏။ ထို့နောက် ရေလောင်ထားသည့် သူ့လက်ကြီးများဖြင့် ပေါင်ကို တစ်ချက် ပုတ်လိုက်ကာ

"ဟုတ်ပြီ၊ ခင်ဗျားဟာ ကတိ တည်တဲ့ လူလို့ ကျွန်တော် ယုံတယ်၊ ပြီးတော့ အင်္ဂလိပ် တစ်ယောက်၊ ဒီတော့ အမှန်အတိုင်း ကျွန်တော် အားလုံး ပြောပြမယ်၊ ဒါပေမဲ့ တစ်ခုတော့ ကျွန်တော် ဦးဆုံး ပြောထားချင်တယ်၊ ကျွန်တော်ဟာ ခုချိန်ထိ ဘာမှလည်း နောင်တ မရဘူး၊ ဘာကိုမှလည်း မကြောက်ဘူး၊ နောက် တစ်ခါ ဒါမျိုး တွေ့ရင် လုပ်ဦးမှာပဲ၊ လုပ်ရုံတွင် မကဘူး၊ လုပ်ပြီးရင်လည်း ဂုဏ်ယူဦးမယ်၊ ခွေးသားကြီးကို ကျွန်တော် ဒီဘဝတွင် မကဘူး၊ နောင်ဘဝ ထိအောင်တောင် လိုက်သတ်ချင်သေးတယ်၊ ဒါပေမဲ့ မေရီ၊ မေရီ ဖရေဇာ (ဒီကောင်ကြီး နာမည်နှင့် တွဲပြီး သူ့ကို လေဒီ ယူးစတေ့လို့ ခေါ်ရတာ သနလွန်းဘူး၊ မေရီ မျက်နှာပေါ်မှာ တစ်ချက် ပြုံးယောင် သန်းလာအောင် လုပ်ဖို့ အတွက်ဆိုရင် ကျွန်တော် ဘာပဲ လုပ်ရ လုပ်ရ လုပ်ရဲတယ်၊ ဒါကြောင့် ကျွန်တော် ခုလို လုပ်ခဲ့တာ၊ ဒီလို မလုပ်ရင်လည်း ကျွန်တော် ဘာလုပ်ရဦးမှာလဲ၊ ဟုတ်ပြီလေ၊ ကျွန်တော့် အဖြစ်အပျက်ကို ကျွန်တော် အရင် ပြောပြမယ်၊ ပြီးတော့ ကျွန်တော် ဒီလို မလုပ်ရင် ဘယ်လို လုပ်ရဦးမလဲလို့ ယောက်ျားချင်း မေးမယ်။

"နည်းနည်းတော့ အစက ပြန်ပြောမှ ဖြစ်မယ်၊ ခင်ဗျားတို့ကတော့ အကုန်နီးပါးလောက် သိပြီးလောက်ပါပြီ၊ သူနှင့် ကျွန်တော် စတွေ့တုန်းက သူက သင်္ဘောပေါ်မှာ ခရီးသည်၊ ကျွန်တော်က ဂျီဗရော်တာ ရော့ ဆိုတဲ့ သင်္ဘောမှာ ပထမ အရာရှိ၊ ဒါလောက်ကိုတော့ ခင်ဗျားတို့ သိပြီး ဖြစ်လိမ့်မယ်လို့ ထင်ပါတယ်၊ သင်္ဘောမှာ တွေ့လိုက်တယ် ဆိုကတည်းက ကျွန်တော် သူ့ကို ချစ်သွားတယ်၊





ကုန်ကုန် ပြောလိုက်မယ်ဗျာ၊ လောကမှာ သူတစ်ယောက်ပဲ မိန်းမ ရှိတယ်လို့ ထင်တော့တယ်၊ ခရီးက ရက်ကြာလာတာနှင့် အမျှ ကျွန်တော့် အချစ်ဟာလည်း တိုး တိုးလာတယ်၊ ဘယ်လောက်တောင်များ ချစ်သလဲ ဆိုရင်ဗျာ၊ ည ည ကိုယ့်ဂျူတီ ကျလို့ ရှိရင် ကုန်းပတ်ပေါ်မှာ သူ့ခြေရာလေးတွေ ထင်မှာပဲ ဆိုပြီး အမှောင်ထဲမှာ ကုန်းပတ်ကိုတောင် ဒူးထောက် နမ်းမိတဲ့ အထိပဲ၊ သူကတော့ ဘာမှ မဖြစ်ပါဘူး၊ ရိုးရိုးပါပဲ၊ ကျွန်တော့်ကို ဆက်ဆံတာလည်း သာမန် ယောက်ျား တစ်ယောက်လိုပဲ ဆက်ဆံတာပါပဲ၊ ဒီလို ဖြစ်တဲ့ အတွက် သူ့ကိုလည်း ဘာမှ ကျွန်တော် အပြစ် မဆိုပါဘူး၊ ကျွန်တော်က တစ်ဖက်သတ် ကြိုက်မိပေသကိုး၊ သူ့ဘက်ကတော့ ခရီးသွားဖော် အပေါင်းအဖော် မိတ်ဆွေ တစ်ယောက်ထက် မပိုပါဘူး၊ ခရီး ဆုံးလို့ ခွဲခွာ သွားကြတော့ သူက အပျိုပါပဲ၊ ကျွန်တော်ကတော့ တာဝန်နှင့် ဆိုတော့ မနေနိုင်ဘူးပေါ့။

"နောက်တစ်ခေါက် ကျွန်တော် ပင်လယ်က ပြန်လာတော့ သူ လက်ထပ်လိုက်ပြီ ဆိုတဲ့ သတင်းကို ကျွန်တော် ကြားရတယ်၊ ဘာဖြစ်လို့ သူ မကြိုက်တဲ့ လူတစ်ယောက်ကို လက်ထပ်လိုက်ရသလဲ၊ လက်ထပ် လိုက်ရမှာပေါ့၊ ဟိုလူ့မှာ ဂုဏ်တို့ ငွေတို့ ရှိတာကိုး၊ သူ့ထက် အများကြီး သာတာပေါ့၊ သူ့မှာကတော့ ရုပ်ချောတာရယ်၊ သဘော ကောင်းတာရယ်၊ ဒါပဲ ရှိတာကိုး၊ သူ လက်ထပ်သွားတော့ ကျွန်တော်လည်း ဒီလောက် စိတ်သောကတွေ ဘာတွေ ရောက်မနေပါဘူး၊ ကျွန်တော်က ဒီလောက် ကိုယ်ကျိုး ကြည့်တဲ့ ကောင်မျိုး မဟုတ်ပါဘူး၊ သူ စိတ် ချမ်းသာရင် ပြီးတာပဲ ဆိုပြီး မေ့မေ့ပျောက်ပျောက်ပဲ နေလိုက်ပါတယ်၊ ဩော် ငါ့လို သင်္ဘောသား ဘိုင်ကောင်ကိုသာ ရရင် သူ့ခမျာ စိတ်ဆင်းရဲနေမှာပဲ၊ ခုတော့ သူ့မှာ ဘာမှ မပူမပင် မကြောင့်မကြ နေရပေတယ် ဆိုပြီး ကျွန်တော် ဝမ်းသာပါတယ်၊ မေရီကို ကျွန်တော် ချစ်တာဟာ ဒီလို အချစ်မျိုးပါ။

"ကျွန်တော်လည်း သူ့ကို ဘယ်တော့မှ ပြန်တွေ့ရတော့မှာ မဟုတ်ဘူးလို့ပဲ အောက်မေ့လိုက်ပါတယ်၊ ဒါပေမဲ့ ပြီးခဲ့တဲ့ ခရီး တစ်ခေါက်မှာတော့ ကျွန်တော် ရာထူး တိုးသွားတယ် ခင်ဗျ၊ သင်္ဘောသစ်ကလည်း ရေမချသေးတော့ ဆိုင်ဒင်ဟာမ်မှာ ကျွန်တော့် သင်္ဘောသားတွေနှင့် အတူ နှစ်လလောက် စောင့်နေရတယ်၊ တစ်နေ့တော့ လမ်းကလေး တစ်ခုပေါ်မှာ သူ့ အိမ်စေ အသွားကြီး ထရီဇာနှင့် သွားတွေ့တယ်၊ အသွားကြီးက မေရီ အကြောင်း၊ သူ့ ယောက်ျား အကြောင်း အိုအကုန်လုံးပေါ့ ခင်ဗျာ၊ ကျွန်တော်နှင့် ခွဲသွားပြီး တွေ့ကြုံရတဲ့ အကြောင်းတွေကို ကျွန်တော့်ကို ပြန်ပြောတယ်၊ သူ ပြောတဲ့ စကားတွေကို ကြားလိုက်ရတော့ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် ရှုးများ သွားမလားလို့တောင် ထင်လိုက်မိတယ် ခင်ဗျာ၊ တကယ် ပြောတာပါ၊ စကား အဖြစ် ပြောတာ မဟုတ်ပါဘူး၊ ဒီလို အရက်သမား လူယုတ်မာကြီးနှင့်မှ ရလေခြင်း၊ တကယ်ဆို ဒီလို ကောင်မျိုးကြီးဟာ မေရီရဲ့ ဖိနပ်ကိုတောင် တိုက်ပေးဖို့ ကောင်းတဲ့ ကောင်မျိုး မဟုတ်ဘူး ဆိုပြီး ကျွန်တော် တော်တော် စိတ် ထိခိုက်သွားတယ် ခင်ဗျ။

'ဒီနောက် ကျွန်တော် ထရီဇာနှင့် တွေ့တယ်၊ နောက်တော့ မေရီ ကိုယ်တိုင်နှင့် တွေ့တယ်၊ နောက်တစ်ခါ တွေ့ကြပြန်တယ်၊ ဒီနောက်တော့ မေရီ ကျွန်တော့်ကို အတွေ့ မခံတော့ဘူး ခင်ဗျ၊ ဒါပေမဲ့ တစ်နေ့ကတော့ ကျွန်တော်တို့ သင်္ဘော ထွက်တော့မယ် ဆိုတာ ကုမ္ပဏီက အကြောင်းကြားစာ ရတာနှင့် မသွားခင် တစ်ခေါက်လောက်တော့ သွားတွေ့မယ်လို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ် ခင်ဗျ၊ ထရီဇာ ဆိုတဲ့ အဘွားကြီးက ကျွန်တော့်ကို တော်တော် ခင်တယ်၊ သူကလည်း မေရီကို ချစ်သလောက် သူ့ ယောကျ်ားကြီးကို ကျွန်တော် မုန်းသလို မုန်းတာကိုး၊ ဒါနှင့် သူ့ဆီက အိမ်ကို ဘယ်လို လာရတယ် ဆိုတာတွေ ဘာတွေ သိလာခဲ့ရတယ်၊ မေရီဟာ အောက်ထပ်က သူ့ အခန်းကလေးထဲမှာ စာဖတ်နေကျ ခင်ဗျ၊ ဒါနှင့် မနေ့ညကတော့ သူတို့အိမ်ကို ကျွန်တော် သွားပြီး ပြတင်းပေါက်ကို အသာ ခေါက်တယ်၊ အစတုန်းကတော့ သူက ဖွင့်မပေးဘူး ခင်ဗျ၊ ဒါပေမဲ့ မေရီဟာ ကျွန်တော့်ကို ချစ်နေတယ် ဆိုတာ ကျွန်တော် သိပါတယ်၊ ကျွန်တော့်ကို ညကြီး သန်းခေါင် နှင်းတောကြီးထဲမှာ ဘယ်နည်းနှင့်မှ ဒီအတိုင်းထားမှာ မဟုတ်ဘူး ဆိုတာလည်း ကျွန်တော် သိတယ်၊ ဒီတော့ သူက ဒီကမလာနှင့်၊ အိမ်ရှေ့မှာ ရှိတဲ့ ပြင်သစ် ပြတင်းပေါက်ကြီးနားကို လာခဲ့လို့ တိုးတိုး ပြောတယ် ခင်ဗျ၊ ဒါနှင့် ကျွန်တော် ရောက်တော့ ပြတင်းပေါက်က ဖွင့်ပြီးသား ဖြစ်နေပြီး ကျွန်တော်လည်း အဲဒီ ပြတင်းပေါက်ကနေပြီး ထမင်းစားခန်းထဲကို ရောက်သွားတာပါပဲ။

'အဲဒီ ရောက်တော့ သူ့ ယောကျ်ားက သူ့အပေါ် ဘယ်လောက် နှိပ်စက်တယ် ဆိုတာတွေကို ကြားရတော့ ကျွန်တော်လည်း သွေးဆူမိတာပေါ့ ခင်ဗျ။ ကျွန်တော် ချစ်တဲ့ မိန်းမ တစ်ယောက်ကို ဒီလောက် နှိပ်စက်ကာလူ ပြုရသလား ဆိုပြီး ကျွန်တော် တော်တော် ရွံမုန်းမိတယ်၊ ကကယ်ပါ ခင်ဗျာ၊ ကျွန်တော် အမှန် ပြောတာပါ၊ ဘုရားပေးပေး ကျမ်းပေးပေး ကျွန်တော် ကျိန်ရဲပါတယ်၊ ကျွန်တော်နှင့် သူ ရိုးရိုးသားသား ရပ်ပြီး ဒီအကြောင်းတွေကို ပြောနေကြတုန်း၊ ငနဲကြီးဟာ အခန်းထဲကို တစ်ဟုန်ထိုး ပြေးဝင်လာပြီး သူ့ကို ပါးစပ်က ညစ်ညမ်း





ပတ်ပတ် ဆဲရေး တိုင်းထွာရင်း လက်ထဲမှာ ကိုင်လာတဲ့ တုတ်ကြီးနှင့် မျက်နှာကို တအား ပိတ်ရိုက်ချလိုက်တယ် ခင်ဗျ၊ ဒီတွင် ကျွန်တော်လည်း မနေနိုင်တော့ဘဲ မီးဖိုတဲ့ သံကောက်ကြီး ကိုင်ပြီး သူနှင့် ကျွန်တော် တစ်ယောက် တစ်ပြန် ရိုက်ကြတာပါပဲ၊ ဟောဒီ ကျွန်တော့် လက်မောင်းကို ကြည့်ပါတော့၊ သူ ပထမဆုံး ရိုက်လိုက်တဲ့ ဒဏ်ရာပါ၊ ဒီတွင် ကျွန်တော်လည်း ဒီလောက်တောင် ရှိလှတာ ဆိုပြီး ဖရုံသီးပုပ်ကြီးများ ရိုက်ခွဲသလို သူ့ ခေါင်းကို သံကောက်ကြီးနှင့် တအား ရိုက်ချလိုက်တာပါပဲ၊ ဒီလို ဖြစ်သွားတဲ့ အတွက် ကျွန်တော် ဝမ်းနည်းမယ် ထင်သလား၊ အဝေးကြီး ခင်ဗျ၊ သူ မသေရင် ကိုယ် သေမှာပဲ၊ ကျွန်တော် ဘယ်ညှာနေနိုင်ပါတော့မလဲ၊ ဒါပေမဲ့ ကျွန်တော့် အသက် သေဦး ကျွန်တော့် အဖို့ အရေးမကြီးပါဘူး၊ ဒီငနဲကြီး လက်ထဲမှာ မေရီ တစ်ယောက် သေသည် အထိ အညှဉ်းဆဲ ခံရဦးမှာပဲ ကျွန်တော် စိတ်မကောင်း ဖြစ်တာပါ၊ ဒါ ကျွန်တော် မနေ့ညက ဖြစ်တဲ့ ကိစ္စပါပဲ၊ ကျွန်တော် မှားသလားဗျာ၊ ခင်ဗျားတို့သာ ကျွန်တော့် နေရာ ရောက်ရင် ဘယ်လို လုပ်မလဲ ဟင်။

'သူက ရိုက်လိုက်တော့ မေရီက အော်တယ် ခင်ဗျ၊ ဒါနှင့် မေရီ အော်သံကို ကြားတော့ အပေါ်ထပ်က အဘွားကြီး ထရီဇာလည်း ဆင်းလာတယ်၊ ကြောင်အိမ်ပေါ်မှာ ဝိုင်အရက် ပုလင်း တစ်လုံး တွေ့တာနှင့် ပုလင်းကို ဖွင့်ပြီး မေရီကို နည်းနည်း တိုက်လိုက်တယ် ခင်ဗျ၊ မေရီက ကြောက်လန့်ပြီး သတိမေ့တော့မလို ဖြစ်နေတာကိုး၊ ကျွန်တော်လည်း နည်းနည်း သောက်လိုက်တယ်၊ ထရီဇာကတော့ ဘာမှ မဖြစ်ဘူး ခင်ဗျ၊ ဒီတွင် မဖြစ်ချေဘူး ဆိုပြီး ကျွန်တော်နှင့် ထရီဇာက အိမ်ကို သူခိုး သုံးယောက် တက်တဲ့ပုံ ဖြစ်အောင် အကွက် ဆင်ရတယ်၊ ထရီဇာနှင့် ကျွန်တော်တို့ နှစ်ယောက် တိုင်ပင်ထားတဲ့ လုပ်ဇာတ်ကို မေရီကို ပြော၊ သူ ပြောနေတုန်းမှာ ကျွန်တော်က အထက်မှာ ကပ်ထားတဲ့ ခေါင်းလောင်း ကြိုးကို ဖြတ်ပြီး မေရီကို ကုလားထိုင်ပေါ်မှာ အထိုင်ခိုင်း၊ ခေါင်းလောင်းကြိုးစက အဖျားကလေးတွေကို ဆွဲဖြတ်ထားတာနှင့် တူအောင် အမျှင်ကလေးတွေကို ဖွထုတ်ရတယ်၊ နို့မို့ရင် သူခိုးက ဒီခေါင်းလောင်းကြိုးကို ဘယ့်နှယ်လုပ် တက်ဖြုတ်သလဲလို့ တွေးစရာ ဖြစ်မှာကိုး ခင်ဗျ၊ ပြီးတော့ ဖောက်ထွင်းမှု ပုံသဏ္ဌာန် ဖြစ်အောင် ကျွန်တော်က ကြောင်အိမ်ထဲမှာ ရှိတဲ့ ငွေပန်းကန်ပြားတွေ၊ ငွေဇွန်းတွေ၊ ငွေခက်ရင်းတွေကို ထုတ်ပြီး ထွက်လာခဲ့တယ်၊ ကျွန်တော် သွားပြီးမှ လို့ ဆယ့်ငါးမိနစ် ကြာမှ ဆိုင်ရာတို့ ဘာတို့ကို အကြောင်းကြားဖို့လည်း မှာ ခဲ့တယ်၊ ကျွန်တော်လည်း ပန်းကန်တွေကို ရေကန်လေးထဲ ချပစ်ခဲ့ပြီး ဆိုင်ဒင်



www.burmeseclassic.com

www.burmeseclassic.com



ဟမ်ကို ပြန်လာခဲ့တယ် ခင်ဗျ၊ ကျွန်တော့် စိတ်ထဲမှာတော့ ကျွန်တော့် တစ်သက်မှာ လုပ်သင့် လုပ်ထိုက်တဲ့ အလုပ်ကြီးကို လုပ်ခဲ့ပြီ ဆိုပြီး ရင်ထဲမှာ ပေါ့နေတာပဲ၊ ကဲ ဒါတွေကတော့ တကယ့် အမှန်တွေပါပဲ စုံထောက်ကြီး၊ ဒီအမှုတွေကို ပြောလို့ ကျွန်တော် စက်တိုင် တက်ရမယ် ဆိုရင်လည်း တက်ရုံပေါ့’

ရှားလော့ဟုမ်းသည် အတန်ကြာမျှ တိတ်ဆိတ်လျက် ရှိကာ ဆေးပေါ့ကို ဖွာလျက် ရှိလေ၏။ ထို့နောက် ထိုင်ရာမှ ထလာကာ ခေည့်သည်ကို လက်ဆွဲနှုတ်ဆက်လေ၏။

‘ဟုတ်တယ်ဗျ၊ ကျုပ် ထင်ထားတဲ့ အတိုင်းပဲ၊ ခင်ဗျား ပြောတဲ့ စကားတွေထဲမှာ ကျုပ် မသိတာ တစ်လုံးမှ မပါလေတော့ အားလုံးဟာ အမှန်ပဲ ဆိုတာ ကျုပ် သိပါတယ်၊ နံရံမှာ ကပ်ထားတဲ့ သစ်သားချိတ်ကလေးက နေပြီး ခေါင်းလောင်းကြိုးကို တက်ဖြုတ်နိုင်တာဟာ သဘောသားနှင့် ကျွမ်းသမားက လွဲရင် ဘယ်သူကမှ ဖြုတ်နိုင်မှာ မဟုတ်ဘူးဗျ၊ ပြီးတော့ ကုလားထိုင်မှာ ချည်ထားတဲ့ ကြိုးချည်နည်းမျိုးဟာလည်း သဘောသားက လွဲရင် ဘယ်သူမှ မချည်တတ်ဘူးဗျ၊ ဒီအမျိုးသမီးဟာ သဘောသားတွေနှင့် တစ်သက်မှာ တစ်ခါပဲ ဆက်ဆံခဲ့ဖူးတယ်၊ ဒီလို ဆက်ဆံတာဟာလည်း အင်္ဂလန်ကို အလာ လမ်းခရီးမှာ ဖြစ်တယ်၊ ပြီးတော့ သူ့ကိုလည်း ကာကွယ်ပေးနေတဲ့ အတွက် ဒီလူဟာ သူနှင့် တစ်တန်းတစ်စားတည်းက ဖြစ်ရမယ်လို့ ယူဆတဲ့ အပြင် ဒီနည်းအားဖြင့်လည်း အမျိုးသမီးဟာ အဲဒီ လူရဲ့ အပေါ်ကို ချစ်ကြောင်း ပြနေတယ်လို့ ယူဆတယ်၊ ဒီ သဲလွန်စကို ကောက်မိရင် ခင်ဗျား နောက်ကို လိုက်ရတာဟာ ကျုပ် အဖို့ သိပ်မခက်တော့ပါဘူး၊ ဒီအချက်တွေကို တွေးလိုက်တာနှင့် တစ်ပြိုင်နက် ခင်ဗျားနောက်ကို တန်းလိုက်ဖို့ လွယ်သွားပါပြီ’

‘ကျွန်တော်တို့ လှည့်ကွက်ကို ပုလိပ်ဘက်ကတော့ မြင်မှာ မဟုတ်ပါဘူး ထင်ပါတယ်’

‘မမြင်ဘူးဗျ၊ နောင်လည်း မြင်မှာ မဟုတ်ပါဘူး၊ ကဲ ကပ္ပိတန်၊ ဒီမှာကြည့်စမ်း၊ ခင်ဗျား တွေ့ခဲ့ရတာဟာ တော်တော့် ယောကျာ်း စိတ် မထိန်းနိုင်တဲ့ အခြေအနေမျိုးနှင့် ကြုံခဲ့ရတာမျိုး ဖြစ်ပေမဲ့ ခင်ဗျား ကျူးလွန်ခဲ့တဲ့ အပြစ်ဟာ တော်တော် ကြီးလေးတဲ့ အပြစ်ပဲဗျ၊ ခင်ဗျားဟာ ကိုယ့်ကိုယ်ကိုယ် ခုခံ ကာကွယ်တဲ့ အနေနှင့် လုပ်ခဲ့ရတာမျိုး ဖြစ်ပေမဲ့ ခင်ဗျား ကျူးလွန်ခဲ့တဲ့ ပြစ်မှုဟာ တရားဥပဒေနှင့် ညီတယ်လို့ ပြောလို့ မရပေဘူး။ သို့သော်လည်း ဒါကို ဆုံးဖြတ်ဖို့ကတော့ ဂျူရီ လူကြီးတွေရဲ့ အလုပ်ပေါ့ဗျာ၊ ခု လောလောဆယ်မှာတော့ ကျုပ်က





ခင်ဗျားကို ကိုယ်ချင်း စာနာမိတဲ့ အတွက် အကယ်၍ နှစ်ဆယ့်လေးနာရီ အတွင်း ဒီမြေပေါ်က ထွက်ခွာသွားမယ် ဆိုလို့ ရှိရင် ခင်ဗျားကို ဘယ်သူကမှ နှောင့်ယှက် ဟန့်တားခြင်း ပြုမှာ မဟုတ်ဘူး ဆိုတာ ကျုပ် ကတိ ပေးပါတယ်’

‘ဒီနောက်မှာတော့ ဆိုင်ရာကို တိုင်ရလိမ့်မယ်ပေါ့’

‘ဟုတ်တယ်ဗျ၊ တိုင်ရလိမ့်မယ်’

ကပ္ပိတန်မှာ ဒေါသ ထွက်သဖြင့် မျက်နှာတွေ နီရဲလာလေ၏။

‘ခင်ဗျား ပေးတဲ့ အကြံက ဘာ အသုံး ကျသလဲဗျ၊ ယောကျာ်း တစ်ယောက်ကို ပေးတဲ့ အကြံဉာဏ်မျိုးမှ မဟုတ်ဘဲ၊ ကျုပ်ကတော့ လွတ်ပါရဲ့၊ ဒါပေမဲ့ မေရီမှာတော့ ကြံရာပါ ဆိုပြီး ဥပဒေ အရ အရေး ယူခံရတော့မယ်၊ ကျုပ်ကတော့ လွတ်ရာကျွတ်ရာ ရှောင်ထွက်ပြေးပြီး မေရီကိုတော့ ဖြစ်လိုရာ ဖြစ်လို့ ကျုပ်က ထားခဲ့မယ်လို့ ထင်သလား၊ ဒါမျိုး ဘယ်တော့မှ မလုပ်ဘူးဗျ၊ စက်တိုင် တက်ချင် တက်ရပေ့စေ၊ ကျုပ် ကိုယ်လွတ် ရုန်း မ ထွက် ဘူး သိလား၊ မစ္စတာ ဟုမ်း ကျွန်တော်တို့ကို တကယ် ကရုဏာ သက်တယ် ဆိုရင် မေရီကို ရုံးပြင်ကနား မရောက်အောင် လုပ်ပေးပါဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်၊ တကယ် ပြောတာပါ’

ရှားလော့ဟုမ်းသည် ကပ္ပိတန်ကို လက်ကမ်းပေးကာ ဒုတိယ အကြိမ် လက်ဆွဲ နှုတ်ဆက်ခြင်း ပြုပြန်၏။

‘ကျုပ် ခင်ဗျားကို ယုံပါတယ်ဗျာ၊ ကျုပ် ခင်ဗျား စိတ်ကို စမ်းနေတာပါဗျာ၊ ခင်ဗျား ပြောတာတွေဟာ မှန်ပါတယ်၊ အေးလေ ဒီကိစ္စကို ကျုပ်တို့ တာဝန် ယူရတော့မှာပေါ့၊ သို့သော်လည်း အင်စပက်တော် ဟော့ပကင်းကိုတော့ ကျုပ် အရိပ်အမြွက် ပြောတန်သလောက် ပြောပြီး နေပြီဗျ၊ ဒီလောက် အရိပ်အမြွက် ပြလို့မှ အကောင် ထင်အောင် မလုပ်နိုင်ရင်တော့ ကျုပ်လည်း ဘာမှ မတတ်နိုင်တော့ဘူးပေါ့၊ ကဲ ကပ္ပိတန်၊ ဗြိတိသျှ တရားဥပဒေနှင့်လည်း ညီအောင် ဒီလို လုပ်ဗျာ၊ ခင်ဗျားက တရားခံ၊ ဝပ်ဆင် ခင်ဗျားက ဂျူရီ လူကြီး လုပ်၊ ဂျူရီ ကလည်း လုပ်ဖို့ ကောင်းတဲ့ နေရာမှာတော့ ခင်ဗျားထက် ထိုက်တန်မယ့် လူ မရှိတော့ဘူး၊ ကျုပ်က တရားသူကြီး လုပ်မယ်၊ ကဲ ဂျူရီ လူကြီးမင်း ခင်ဗျား၊ သက်သေ ထွက်ချက်ကို ကြားနာလို့ ပြီးပါပြီ၊ ဒီတော့ တရားခံမှာ အပြစ် ရှိသလား အပြစ် မရှိဘူးလား ဆိုတာ ဆုံးဖြတ်တော်မူပါ’

‘အပြစ် မရှိထိုက်ပေဘူး ရုံးမင်း ခင်ဗျား’ ဟု ကျွန်ုပ်က ပြောလေ၏။

ရှားလော့ဟုမ်းက



www.burmeseclassic.com

www.burmeseclassic.com



'တရားခံ ကပ္ပိတန် ကရိုးကား၊ အသင့်အား ဤ ရုံးတော်မှ လွှတ်လိုက်သည်၊ ဤကိစ္စနှင့် ပတ်သက်၍ တခြား အပြစ်မဲ့သူများ လွဲမှားစွာ ပြစ်ဒဏ် ပေးခြင်း မခံရသမျှ အသင့်အား ကျွန်ုပ် အနေဖြင့် ဘာမျှ အရေးယူစရာ အကြောင်း မရှိ၊ နောင် တစ်နှစ် ကြာသည့် အခါတွင် အမျိုးသမီးထံ ပြန်လာပါလေ၊ ယနေ့ ညတွင် ကျွန်ုပ်တို့ ဆုံးဖြတ်လိုက်သော စီရင်ချက် အတိုင်း အမျိုးသမီးနှင့် အသင် တို့၏ အနာဂတ် ဘဝသည် သာယာ ဖြောင့်ဖြူးပါစေသတည်း'

[မူရင်း ဝတ္ထု *The Adventure of the Abbey Grange.* ခေါင်းစဉ်၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် 'ကမာရွတ်ရွာ လူသတ်မှု' ဟူသော အမည်ဖြင့် မြန်မာမှု ပြုပြီး။]



## ဒုတိယ သွေးကွက်



မိတ်ဆွေကြီး ရှားလော့ဟုမ်း၏ စွန့်စားခန်းများကို ကျွန်ုပ် မှတ်တမ်း တင်ခဲ့ရာတွင် 'အက်ဘေး ဂရိန်း အိမ်ကြီး အမှု' ကို နောက်ဆုံးပိတ် မှတ်တမ်း အဖြစ် ရေးကာ ထို့နောက် တွင် မှတ်တမ်းတင် ရေးသားခြင်း မပြုတော့ဟု ကျွန်ုပ် စိတ်ကူး ရှိခဲ့၏။

ဤသို့ ဆုံးဖြတ်ရခြင်းမှာ ကျွန်ုပ်တွင် ရေးစရာ အကြောင်းအရာများ မရှိတော့ခြင်းကြောင့် မဟုတ်ချေ။ ကျွန်ုပ်တွင် ရေးသား ဖော်ပြခြင်း မပြုရသေးသည့် အမှုပေါင်း ရာပေါင်း များစွာ ရှိပေသေး၏။ သို့ဖြစ် လျှင် ရှားလော့ဟုမ်း၏ ထူးခြားသော အကျင့် စရိုက်နှင့် ထူးခြားသော စုံစမ်း ထောက်လှမ်းမှု နည်းနာတို့ကို စာဖတ် ပရိသတ်တို့က စိတ်ဝင်စားမှု လျော့နည်း လာသောကြောင့်လောဟု မေးဖွယ် ရှိ၏။ ဤသို့လည်း မဟုတ်ပြန်သေးချေ။ ဤ သို့ ရည်ရွယ်ရခြင်းမှာ အခြားကြောင့် မဟုတ်။ ရှားလော့ဟုမ်း ကိုယ်တိုင်က သူ ၏ အတွေ့အကြုံများကို အများသိအောင် ထုတ်ဖော် ရေးသားခွင့် ပြုရန် နှောင့်နှေး ဝန်လေးနေခြင်းကြောင့်သာ ဖြစ်ပေ၏။ ရှားလော့ဟုမ်း အဖို့တွင် စုံထောက် အလုပ် ကို လက်တွေ့ လုပ်ဆောင် နေသေးသမျှ သူ့ အောင်မြင်မှုနှင့် ပတ်သက်သည့် မှတ်တမ်းများသည် သူ့အဖို့ လက်တွေ့ အကျိုး ရှိသည်သာ ဖြစ်ပေ၏။

သို့ရာတွင် ယခု အချိန်၌ ရှားလော့ဟုမ်းသည် လန်ဒန်မှ လုံးဝ အနား ယူကာ ဆပ်ဆက်နယ် ကုန်းပြင်မြင့်တွင် သွားရောက် နေထိုင်လျက် ရှိပြီး [illegible] အုပ်များကို ဖော်ရှုခြင်း၊ ပျားမွေးခြင်းဖြင့် အေးချမ်းစွာ နေထိုင်လျက် ရှိသည်ဖြစ် ရကား နာမည်ကြီးခြင်းကို စက်ဆုပ် ရွံမုန်းလျက် ရှိပြီ ဖြစ်သည့် [illegible] သူ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းများကို ထုတ်ဖော် ရေးသားခြင်း မပြုစေလိုသည့် သူ့ဆန္ဒကို အပြည့် အဝ လိုက်လျောရန် ကျွန်ုပ်အား အတင်းအကျပ် တောင်းပန်ခြင်း ပြုခဲ့ပေ၏။

ဤတွင် ကျွန်ုပ်က အခါအခွင့် သင့်သည့် အချိန်၌ 'ဒုတိယ သွေးကွက် စွန်းစားခန်း' အကြောင်းကို ရေးသား တင်ပြမည်ဟု စာဖတ် ပရိသတ်အား ကတိ ထားခဲ့မိကြောင်း၊ အမှု မှတ်တမ်းများကို အစဉ်တစိုက် ရေးသားခဲ့ပြီး နောက်ဆုံး တွင် သူ လိုက်ခဲ့သော ကမ္ဘာသိ ထင်ရှားသည့် ထိုအမှု မှတ်တမ်းဖြင့် အဆုံးသတ် ရလျှင် လျော်ကန် သင့်မြတ်မည် ဖြစ်ကြောင်း အတင်းအကျပ် ပြောဆို ရှင်းလင်း ပြသည့် အခါတွင်မှ ရှားလော့ဟုမ်းသည် ထိုအဖြစ်အပျက်နှင့် ပတ်သက်၍ ချုံ့ လှပ်သင့်သည်တို့ကို ချန်လှပ်၍ ရေးသားရန် ခွင့်ပြုခဲ့ခြင်း ဖြစ်ပေ၏။ သို့ဖြစ်ရကား ယခု အမှုကို တင်ပြရာ၌ အချို့သော အသေးစိတ် အချက်အလက်များတွင် အနည်း ငယ် မှုန်ဝါးခြင်း ရှိခဲ့ပါက ထိုသို့ မှုန်ဝါးရခြင်း အတွက် ကျွန်ုပ်တွင် လုံလောက် သော အကြောင်း ရှိသည်ဟု စာဖတ် ပရိသတ်တို့က နားလည် ခွင့်လွှတ်လိမ့် မည်ဟု ကျွန်ုပ် မျှော်လင့်မိပေ၏။



ထိုပုဂ္ဂိုလ် နှစ်ဦးသည် ဆိုဖာ တစ်လုံးပေါ်တွင် ဘေးချင်း ယှဉ်၍ ထိုင်လိုက်ကြလေ၏။

ကျွန်ုပ် ဖော်ပြခြင်း မပြု လိုသော ဆယ်စုနှစ် တစ်ခု၏ နှစ် တစ်နှစ်၊ တစ်ခုသော ဆောင်း ဦးပေါက် တစ်မနက်၌ ဥရော တိုက်မှ နာမည်ကျော် ပုဂ္ဂိုလ် ကြီး နှစ်ဦးတို့သည် ကျွန်ုပ်တို့ နေထိုင်ရာ ဘေကာလမ်းရှိ တိုက် ခန်းကျဉ်းကလေးသို့ ရောက်ရှိ လာခဲ့ကြလေ၏။ တစ်ယောက် မှာ မျက်နှာထား တင်းတင်း၊ ... ခေါင်း ချွန်ချွန်၊ မျက်လုံး ပြူး ပြူး၊ အရပ် မြင့်မြင့်နှင့် ဖြစ်လေ ၏။

ထိုပုဂ္ဂိုလ်မှာ အခြားသူ မဟုတ်ဘဲ ဗြိတိန် နိုင်ငံ၏ ဝန်ကြီးချုပ် အဖြစ် နှစ်ကြိမ် တိုင်တိုင် ဖြစ်ခဲ့ဖူးသည့် နာမည်





ကျော် လော့ဒ် ဘီလင်းဂျား ဖြစ်ပြီး အသား ညိုညို၊ မျက်လုံး မျက်ခုံး ကောင်း ကောင်း၊ ကြည်လင် သန့်ရှင်းသော ဥပဓိရုပ် ရှိ၍ ကိုယ်ခန္ဓာရော စိတ်နေ သဘော ထားပါ ပြေပြစ်သည့် လူလတ်ပိုင်း အရွယ် ပုဂ္ဂိုလ်မှာ တိုင်းပြည်တွင် အလား အလာ ရှိသည့် ခေါင်းဆောင် တစ်ယောက် ဖြစ်သော ဥရောပ ရေးရာ ဌာန ဝန်ကြီး အော်နာရေဘီ ထရီလော်နီ ဖြစ်လေ၏။

ထိုပုဂ္ဂိုလ် နှစ်ဦးသည် စာရွက်တွေ ပြန့်ကျဲလျက် ရှိသည့် ဆိုဖာ တစ် လုံးပေါ်တွင် ဘေးချင်း ယှဉ်၍ ထိုင်လိုက်ကြလေ၏။ ချုံးကျ၍ စိတ်သောက ရောက်လျက် ရှိသော သူတို့ နှစ်ယောက်၏ မျက်နှာများကို ကြည့်လိုက်ရုံဖြင့် အလွန် အရေးကြီးသည့် ကိစ္စဖြင့် လာရောက်ကြောင်းကို အလွယ်တကူ သိသာ နိုင်ပေ၏။

ဝန်ကြီးချုပ်၏ သေးကွေး၍ အကြော ပြိုင်းပြိုင်း ထနေသော လက်များ သည် သူ့ထီးမှ ဆင်စွယ် လက်ကိုင်ရိုးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလျက် ရှိပြီး ရှည်လျား သေးသွယ်သည့် မျက်နှာသည် ရှားလော့ဟုမ်းနှင့် ကျွန်ုပ်ကို တစ်လှည့်စီ ကြည့်လျက် ရှိလေ၏။ ဥရောပရေးရာ ဝန်ကြီးမှာ မုတ်ဆိတ်မွေး ကို ဆွဲသပ်လျက် ရှိရာမှ တစ်ချီ တစ်ချီတွင်လည်း ဂနာမငြိမ်သည့် ဟန်ဖြင့် အိတ် အပြင်သို့ တွဲလောင်း ကျနေသည့် ခါးပိုက်ဆောင် နာရီကြိုးမှ တံဆိပ်များ ကို စမ်းသပ်ကြည့်လျက် ရှိလေ၏။

'ဒီနေ့ မနက် ရှစ် နာရီမှာ ပျောက်သွားတာကို သိတာနှင့် တစ်ပြိုင်နက် ကျွန်တော်လည်း ဝန်ကြီးချုပ်ဆီကို ချက်ချင်း အစီရင်ခံလိုက်တာပဲ စုံထောက် ကြီးရေ၊ ဝန်ကြီးချုပ်ရဲ့ အကြံပေးချက် အရ ခု ခင်ဗျားဆီကို တန်းလာတာပဲ'

'ပုလိပ်ကိုကော အကြောင်း ကြားပြီးပါပြီလား ဝန်ကြီး'

ဝန်ကြီးချုပ်က သူ့ ထုံးစံ အတိုင်း လေသံ ပြတ်ပြတ်ဖြင့်

'မကြားရသေးပါဘူး၊ ပုလိပ်ကို တိုင်လို့ ဘယ် ဖြစ်ပါ့မလဲ၊ ပုလိပ်ကို အကြောင်း ကြားတာဟာ အများ ပြည်သူကို ကြေညာတာနှင့် အတူတူပဲ ဖြစ်မှာ ပေါ့၊ ကျုပ်တို့က ဒီကိစ္စကို တိုင်းပြည်က ဘာမှ မသိစေချင်ဘူးဗျ'

'ဘာဖြစ်လို့လဲ ခင်ဗျာ'

'အကြောင်းကတော့ ပျောက်သွားတဲ့ စာရွက်က တော်တော် အရေးကြီး တယ်ဗျ၊ ဒီစာရွက်ကို အများ သိသွားရင် ဥရောပ အရေးအခင်းတွေမှာ အရှုပ် အထွေးတွေ ပေါ်လာနိုင်တယ်၊ ပေါ်လာနိုင်တယ် မဟုတ်ပါဘူးလေ၊ ပေါ်ကို ပေါ် မှာပါ၊ ခပ်ရှင်းရှင်း ပြောရရင်တော့ စစ် ဖြစ်မလား မဖြစ်ဘူးလား ဆိုတဲ့ အချက်



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဒီပြဿနာပေါ်မှာ တော်တော် တည်နေတယ်ဗျာ၊ ဒီစာချုပ်ကို လူမသိ သူမသိ ပြန်ရအောင် မလုပ်နိုင်ခဲ့ရင် ကျုပ်တို့ အဖို့ကတော့ ပြန်မတွေ့တာနှင့် အတူတူပဲဗျ၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီစာကို ယူသွားတဲ့ လူတွေရဲ့ ရည်ရွယ်ချက်ကိုက ဒီစာကို လူသိအောင် လုပ်ဖို့ ယူတာကိုး၊ ဒီတော့ ပြန်ရရင်တောင် တိတ်တဆိတ် ပြန်ရမှ ဖြစ်မယ်၊ လူသိပြီးမှ ပြန်ရတာမျိုး ဆိုရင်တော့ အလကားပဲ'

'ဟုတ်ကဲ့၊ ကျွန်တော် နားလည်ပါပြီ၊ ဒီတော့ ဒီစာ ဘယ်လို ပျောက်သွားတယ် ဆိုတာကို ကျွန်တော့်ကို ပြောပြပါဦး ဝန်ကြီး'

'ပျောက်သွားပုံ ပြောရရင်တော့ ခပ်တိုတိုနှင့် ကိစ္စ ပြီးပါတယ် စုံထောက်ကြီး၊ အမှန်ကတော့ ပျောက်သွားတဲ့ စာဟာ နိုင်ငံခြား တိုင်းပြည် အကြီးအကဲ တစ်ယောက်ရဲ့ စာဗျ၊ လွန်ခဲ့တဲ့ ခြောက်ရက်လောက်က ကျွန်တော်တို့ဆီကို ရောက်လာတယ်၊ စာက တော်တော် အရေးကြီးတဲ့စာ ဖြစ်လေတော့ ဒီစာကို ကျွန်တော့် ရုံးက မီးခံ သေတ္တာထဲမှာတောင် မထားဘူး၊ ပိုက်ပေါ တားရာ့စ်မှာ ရှိတဲ့ ကျွန်တော့် အိမ်ကို ညနေ ရုံးဆင်းတိုင်း ယူသွားတယ်၊ အိမ်ရောက်တော့ ကျွန်တော့် အိပ်ခန်းထဲမှာ ရှိတဲ့ အာမခံ သေတ္တာထဲမှာ သော့ခတ်ပြီး သေသေချာချာ သိမ်းထားတယ်၊ ဒီစာဟာ မနေ့ညက အထိ ရှိသေးတယ်၊ ကျွန်တော် သေသေချာချာ သိတယ်၊ ညစာ စားဖို့ အဝတ် လဲနေရင်း သေတ္တာကို ဖွင့်တောင် ကြည့်သေးတယ်၊ အဲဒီတုန်းက ဒီစာ ရှိသေးတယ်၊ ဒီနေ့ မနက်ကျတော့ စာ မရှိတော့ဘူး၊ စာသေတ္တာက ကျွန်တော့် အိပ်ရာဘေး မှန်တင်ခုံပေါ်မှာ တစ်ညလုံး ရှိနေတာပဲ၊ ကျွန်တော်လည်း အအိပ် ဆတ်ပါတယ်၊ ကျွန်တော့် မိန်းမလည်း ဒီအတိုင်းပါပဲ၊ မနေ့ညက ကျွန်တော်တို့ အိပ်ခန်းထဲကို ဘယ်သူမှ မဝင်တာ သေချာပါတယ်၊ ဒါပေမဲ့ စာကတော့ ပျောက်သွားပြီ ခင်ဗျ'

'ဝန်ကြီးက ဘယ်အချိန်မှာ ညစာ စားပါသလဲ'

'ခုနစ်နာရီခွဲမှာပါ'

'အိပ်တော့ကော ဘယ်အချိန်မှာ အိပ်ပါသလဲ'

'ကျွန်တော့် မိန်းမကတော့ မနေ့ညက ဇာတ်ပွဲကို သွားပါတယ်၊ ကျွန်တော် မလိုက်ပါဘူး၊ သူ့ကို စောင့်နေပါတယ်၊ ကျွန်တော်တို့ အိပ်ရာ ဝင်တော့ ဆယ့်တစ်နာရီ ခွဲပါပြီ'

'ဒါဖြင့် စာသေတ္တာ အနားမှာ လေးနာရီ လုံးလုံး ဘယ်သူမှ မရှိဘူးပေါ့'

'အခန်းထဲကို ဘယ်သူမှ ဝင်ခွင့် မပေးပါဘူး၊ မနက်ပိုင်းမှာ အိမ် သန့်ရှင်းရေး လုပ်ဖို့ အိမ်စေ ဝင်ပါတယ်၊ ကျန်တဲ့ အချိန်များမှာတော့ ကျွန်တော့်





ဗာလီရတွေကို လုပ်ဖို့ ကျွန်တော့် တပည့်တွေရယ်၊ ကျွန်တော့် မိန်းမရဲ့ အိမ်ဖော် ရယ်ပဲ ဝင်ခွင့် ပေးပါတယ်၊ သူတို့ အားလုံးဟာ ကျွန်တော်တို့ အိမ်မှာ နှစ်ပေါင်း များစွာ အလုပ် လုပ်လာကြတဲ့ စိတ်ချရတဲ့ အိမ်စေတွေပါ၊ ပြီးတော့လည်း ကျွန်တော့် စာသေတ္တာထဲမှာ သာမန် ရုံးစာရွက်တွေလောက်မှ အပ ကျန် အဖိုးတန် စာရွက်စာတမ်းတို့ ဘာတို့ ရှိတယ် ဆိုတာ သူတို့ မသိနိုင်ပါဘူး'

'ဒီစာ ရှိတယ် ဆိုတာ ဘယ်သူ သိသေးလဲ'

'အိမ်မှာတော့ ဘယ်သူမှ မသိပါဘူး'

'ဝန်ကြီးကတော်တော့ သိမှာပေါ့'

'မသိပါဘူး ခင်ဗျာ၊ ကျွန်တော် သူ့ကို ဘာမှ မပြောပါဘူး၊ ဒီနေ့ စာ ပျောက်သွားတော့မှ သူ့ကို ပြောတာပါ'

ဝန်ကြီးချုပ်က ဟုတ်မှန်ကြောင်း ထောက်ခံသည့် အနေဖြင့် ခေါင်းကို ညိတ်ပြ၏။

ထို့နောက် ကျွန်ုပ်တို့ဘက်သို့ လှည့်၍

'ဝန်ကြီးဟာ တိုင်းပြည် ကိစ္စနှင့် ပတ်သက်လာရင် ဘယ်လောက် အရေးတကြီး ထားတယ် ဆိုတာ ကျုပ် သိပါတယ်၊ ဒီလို အရေးကြီးတဲ့ ကိစ္စမျိုးမှာ ဆိုရင် ကိုယ့် မိန်းမကိုတောင် ဖွင့်ပြောမှာ မဟုတ်ဘူး ဆိုတာ စိတ်ချပြီးသားပါ'

ဝန်ကြီးက ဦးညွှတ်ပြလိုက်၏။

'ဟုတ်ပါတယ် ဝန်ကြီးချုပ် ခင်ဗျာ၊ ဒီကိစ္စနှင့် ပတ်သက်လို့ ကျွန်တော့် မိန်းမကို လေသံတောင် မဟခဲ့ပါဘူး၊ ဒီနေ့ မနက် စာ ပျောက်နေတော့မှ ဖွင့်ပြောတာပါ'

'ဝန်ကြီးကတော်က နည်းနည်းပါးပါးတော့ ရိပ်မိမှာပေါ့'

'မရိပ်မိပါဘူး ခင်ဗျာ၊ သူတွင် မကဘူး၊ ဘယ်သူမှ မရိပ်မိပါဘူး'

'အရင်တုန်းကကော အိမ်မှာ စာရွက်စာတမ်း ပျောက်တာတို့ ဘာတို့ ရှိဖူးပါသလား'

'မရှိဖူးပါဘူး ခင်ဗျာ'

'ဝန်ကြီးဆီမှာ ဒီစာ ရှိတယ် ဆိုတာ သိတဲ့ လူကော ဒီတိုင်းပြည်ထဲမှာ ဒီပြင် ဘယ်သူ ရှိပါသေးသလဲ'

'မနေ့ကတော့ ဒီစာ ရောက်တယ် ဆိုတာကို ကက်ဘိနက် အဖွဲ့ဝင်တွေ ဆီကို တင်ပြပါတယ်၊ ဒါပေမဲ့ ဒီကိစ္စကို အထူး လျှို့ဝှက်ထားရမယ်လို့ ကက်

www.burmeseclassic.com

www.burmeseclassic.com



ဘိနက် အစည်းအဝေး မစခင်ကတည်းက ဝန်ကြီးချုပ်က ဝန်ကြီး အားလုံးကို သတိ ပေးပြီးသားပါ၊ ဖြစ်မှ ဖြစ်ရလေ ခင်ဗျာ နာရီပိုင်းကလေး အတွင်း ပျောက် သွားရတယ် ဆိုတော့ ကျွန်တော် ခံပြင်းလွန်းလို့ပါ'

ဝန်ကြီး၏ ခံ့ညားသော မျက်နှာသည် စိတ်ပျက်ခြင်းကြောင့် ရှုံ့မဲ့လျက် ရှိပြီး လက်များသည် ဆံပင်များကို ဆွဲဆုပ်လျက် ရှိလေ၏။ ထိုခဏ၌ကား ထို ပုဂ္ဂိုလ်သည် အဆောင်အယောင်တို့ ဖုံးအုပ်လျက် ရှိသော ဝန်ကြီး တစ်ယောက် မဟုတ်တော့ဘဲ စိတ် စေစားရာကို လိုက်ရသည့် သာမန် လူတစ်ယောက်၏ အသွင်သည် ဘွားဘွားကြီး ပေါ်လာခဲ့လေပြီ။ သို့ရာတွင် နောက် တစ်ခဏ၌မူ ဝန်ကြီး မျက်နှာဖုံးသည် မျက်နှာပေါ်သို့ ပြန်ရောက်လာကာ လေသံများလည်း ပျော့ပျောင်း၍ နူးညံ့သွားလေ၏။

'ဒီစာ ရောက်တယ် ဆိုတာကို သိတာက ကက်ဘိနက် အဖွဲ့ဝင်တွေ အပြင် တခြားလူ ဆိုလို့ ဌာန ဆိုင်ရာ အရာရှိ နှစ်ယောက် သို့မဟုတ် သုံးယောက် လောက်တော့ ရှိတယ် ခင်ဗျ၊ ဒါက လွဲရင် အင်္ဂလန်မှာ ဒီစာ ရောက်တာကို သိတဲ့လူ ဆိုလို့ တစ်ယောက်မှ မရှိပါဘူး ခင်ဗျာ၊ သေချာပါတယ်'

'နိုင်ငံခြားမှာရော'

'ဒီစာကို ရေးတဲ့ ပုဂ္ဂိုလ်က လွဲရင် တခြား သိတဲ့လူ တစ်ယောက်မှ ရှိ တယ်လို့ ကျွန်တော် မထင်ပါဘူး၊ သူ့ ဝန်ကြီးတွေနှင့် ဌာနဆိုင်ရာ အရာရှိတွေကို တောင် မသုံးဘဲ သူကိုယ်တိုင် ရေးလိုက်တယ်လို့ ကျွန်တော် နားလည်ပါတယ်'

ရှားလော့ဟုမ်းသည် အတန်ကြာမျှ စဉ်းစားနေလေ၏။

'ကဲ တစ်ဆိတ်တော့ မေးပါရစေ ခင်ဗျာ၊ ဒီစာဟာ ဘယ်လို စာမျိုးပါလဲ၊ ဘာဖြစ်လို့ ဒီစာ ပျောက်သွားတာဟာ ဒီလောက် အရေးကြီးနေတာပါလဲ'

ဝန်ကြီးချုပ်နှင့် ဝန်ကြီးသည် တစ်ယောက်ကို တစ်ယောက် လှမ်းကြည့် လိုက်ကြ၏။

ဝန်ကြီးချုပ်၏ ထူထဲသော မျက်ခုံး နှစ်ဖက်သည် မျက်မှောင် အဖြစ်သို့ ပြောင်းသွားကြလေ၏။

'ဒီမှာ မစ္စတာ ဟုမ်း၊ စာအိတ်က ခပ်ရှည်ရှည်ရယ်ဗျ၊ စာရွက် ပါးပါး အပြာရောင် ဖျော့ဖျော့ရယ်၊ စာအိတ်ကို ချိပ်နီနှင့် ပိတ်ထားတယ်၊ ချိပ်နီပေါ်မှာ ဝပ်နေတဲ့ ခြင်္သေ့ရုပ် တံဆိပ် နှိပ်ထားတယ်၊ လိပ်စာကို လက်ရေး ကြီးကြီးနှင့် ရေးထားတယ်၊ ပြီးတော့'

'သည်းခံပါ ဝန်ကြီးချုပ် ခင်ဗျာ၊ ဝန်ကြီးချုပ် ပြောနေတဲ့ အသေးစိတ်





အချက်အလက်တွေဟာ စိတ်ဝင်စားစရာ ကောင်းပါတယ်၊ အရေးလည်း ကြီးတာ မှန်ပါတယ်၊ ကျွန်တော် သိချင်တာက ဒီထက် ခြေခြေမြစ်မြစ် သိချင်တာပါ၊ စာ က ဘာစာလဲ ဆိုတာကို ကျွန်တော် သိချင်ပါတယ်'

'ဒါကတော့ နိုင်ငံတော် လျှို့ဝှက်ချက် တစ်ခု ဖြစ်နေတဲ့ အတွက် ကျွန် တော် မပြောနိုင်ပါဘူး၊ ပြောဖို့လည်း လိုတယ်လို့ မထင်ပါဘူး၊ အလွန် တော် တယ် ဆိုတဲ့ စုံထောက်ကြီးရဲ့ အစွမ်းအစကို အသုံးချပြီး ခု ကျွန်တော် ပြောတဲ့ စာအိတ်ကို အထဲမှာ ပါတဲ့ စာနှင့် တကွ ပြန်ရအောင် လုပ်ပေးနိုင်တယ် ဆို ရင်တော့ စုံထောက်ကြီးဟာ တိုင်းပြည်နှင့် ထိုက်တန်တဲ့ ပုဂ္ဂိုလ် တစ်ဦး ဖြစ် မယ့် အပြင် ကျွန်တော်တို့ တတ်နိုင်သမျှ ပေးမယ့် ဆုတော်ငွေများကိုလည်း ရရှိဦးမှာပါ'

ရှားလော့ဟုမ်းက ပြုံး၍ ထိုင်ရာမှ ထလိုက်လေ၏။

'ဝန်ကြီးချုပ်တို့ နှစ်ယောက်ဟာ တိုင်းပြည်မှာ အလွန် အလုပ် များတဲ့ ပုဂ္ဂိုလ်ကြီးများ ဖြစ် ပါ တယ် ခင်ဗျာ၊ ဝန်ကြီးချုပ်တို့ အလုပ် များသလို ကျွန်တော့်မှာလည်း ကျွန်တော့် အလျောက် လုပ်စရာ ကိုင်စရာကလေးတွေ ရှိနေပါ သေးတယ်၊ ဒီတော့ ဒီ ကိစ္စမှာ ဝန်ကြီးချုပ်တို့ကို ကျွန်တော် မကူညီနိုင်တဲ့ အတွက် အများ ကြီး ဝမ်းနည်းပါတယ်၊ ကျွန် တော်တို့ ဆက်ပြီး ဆွေးနွေးနေ ရင်လည်း အချိန် ကုန်ရုံပဲ ရှိပါ လိမ့်မယ်'

ဝန်ကြီးချုပ်သည် ဖြန်း ခနဲ ထရပ်လိုက်ကာ ကက်ဘိ နက် တစ်ခုလုံး ကုပ်နေအောင် ကြောက်ရသည့် မျက်တွင်း နက် နက်များထဲမှ ရူး၍ တောက် ပြောင်သော မျက်လုံးများဖြင့်



ဝန်ကြီးချုပ်သည်
ဖြန်းခနဲ ထရပ်လိုက်ကာ...



www.burmeseclassic.com

www.burmeseclassic.com



ရှားလော့ဟုမ်းကို စိန်းစိန်းကြီး ကြည့်လိုက်ပြီးလျှင်

'ကျုပ် ဒီလို တစ်ခါမှ အစော်ကား ...'

ဝန်ကြီးချုပ်သည် ဒေါသ အမျက်ကို ချုပ်တည်းကာ ပြန်၍ ထိုင်လိုက်လေ၏။ ကျွန်ုပ်တို့သည် အတန်ကြာမျှ စကား မပြောဘဲ ထိုင်နေကြလေ၏။ ထို့နောက်တွင် ဝန်ကြီးချုပ်သည် ပခုံးကို တွန့်ပြလိုက်လျက်

'ကောင်းပြီ မစ္စတာ ဟုမ်း၊ ခင်ဗျား ပြောတဲ့ စည်းကမ်းချက်တွေကို ကျုပ်တို့ လက်ခံမယ်၊ ဟုတ်တယ်၊ ခင်ဗျား ပြောတာ မှန်တယ်၊ ကျုပ်တို့ဘက်က ခင်ဗျားကို ယုံကြည်မှု မရှိဘဲ ခင်ဗျား အနေနှင့် ဘယ့်နှယ်လုပ်ပြီး အလုပ်လုပ်ရမလဲ၊ ဒီလို မျှော်လင့်တာဟာ ကျုပ်တို့ဘက်က မှားတယ်'

'ဟုတ်ကဲ့၊ ကျွန်တော်လည်း ဝန်ကြီးချုပ်နှင့် သဘောတူပါတယ်' ဟု ဝန်ကြီးက ပြောလေ၏။

'ကောင်းပြီ၊ ဒီလိုဆိုရင် စုံထောက်ကြီးရဲ့ ဂုဏ်သိက္ခာနှင့် ဟောဒီက ဒေါက်တာ ဝပ်ဆင်တို့ရဲ့ ဂုဏ်သိက္ခာကို လေးစားသောအားဖြင့် ကျုပ် ပြောပြမယ်၊ ခုလို အချိန်မှာ တိုင်းပြည် မျက်နှာကို ထောက်ထားဖို့ ကျုပ် တောင်းပန်ချင်တယ်ဗျာ၊ ဒီကိစ္စ ပေါက်ကြားသွားရင် တိုင်းပြည် အဖို့ ထပ်ပြီး နစ်နာ ဆုံးရှုံးသွားမှာမို့ ကျုပ် ဒီစကားကို ပြောရတာပါ'

'ကျွန်တော်တို့ကို စိတ်ချလက်ချ ယုံကြည်နိုင်ပါတယ် ဝန်ကြီးချုပ်'

'စာက မကြာခင်ကမှ ကျုပ်တို့ တိုင်းပြည် လက်အောက်မှာ ရှိတဲ့ ကိုလိုနီ တိုင်းပြည်တွေရဲ့ အရေးအခင်းတွေကြောင့် သူ့ တိုင်းပြည်မှာ ထိခိုက်နစ်နာနေရတဲ့ နိုင်ငံခြား တိုင်းပြည် တစ်ပြည် အကြီးအကဲ တစ်ယောက်ဆီက ပေးလိုက်တဲ့ စာဗျ၊ သူကိုယ်တိုင် တာဝန်ယူပြီး ကောက်ရေးလိုက်တာ၊ ကျုပ်တို့ နည်းနှင့် ကျုပ်တို့ စုံစမ်းကြည့်တဲ့ အခါကျတော့ ဒီစာ ရေးလိုက်တဲ့ ကိစ္စကို သူ့ ဝန်ကြီးတွေတောင် မသိဘူးတဲ့၊ ဖြစ်ချင်တော့ စာက တော်တော်လေး ရင့်ရင့်သီးသီး ရေးထားတယ်ဗျ၊ တချို့ စာလုံးတွေ ဆိုရင် တော်တော်လေးကို ဆိုးတယ်၊ ဒီစာကိုသာ တိုင်းပြည်ကို ထုတ်ပြန်လိုက်ရင် တိုင်းပြည်မှာ မခံချင်စိတ်တွေ ပေါ်ပြီး တော်တော် လှုပ်ရှား သွားနိုင်တယ်၊ ကုန်ကုန် ပြောလိုက်မယ်ဗျာ၊ ဒီစာကိုသာ တိုင်းပြည်ကို ထုတ်ပြန်လိုက်ရင် တစ်ပတ် အတွင်းမှာ ကျုပ်တို့ တိုင်းပြည်ဟာ စစ် ထတိုက်ရတဲ့ အခြေအနေကို ရောက်သွားနိုင်တယ်'

ရှားလော့ဟုမ်းက စာရွတ်လွတ် တစ်ရွက်ပေါ်တွင် အမည် တစ်ခုကို ကောက် ရေးလိုက်ပြီး ဝန်ကြီးချုပ်အား ပြလိုက်လေ၏။





'ဟုတ်တယ်ဗျာ၊ သူပဲ၊ ဒီစာကြောင့် ငွေ သန်း ထောင်ပေါင်း များစွာ ကုန်ပြီး လူထောင်ပေါင်း များစွာ သေသွားနိုင်တယ်၊ ခု ဒီစာ ပျောက်သွားတယ်၊ ပျောက်တာမှ ထူးထူးဆန်းဆန်း ပျောက်သွားတာ'

'စာပို့သူဆီကိုကော စာ ပျောက်သွားတယ် ဆိုတာ အကြောင်းကြားလိုက်သေးလား'

'ဟုတ်တယ်၊ လျှို့ဝှက် ကြေးနန်းနှင့် အကြောင်း ကြားလိုက်ပြီ'

'သူကတော့ ဒီစာကို တိုင်းပြည်ကို ထုတ်ပြန်စေချင်မှာပေါ့'

'မဟုတ်သေးဘူးဗျ၊ သူကလည်း ထုတ်ပြန်စေချင်ပုံ မရဘူး၊ ခေါင်းပူပူနှင့် ရေးမိရေးရာတွေကို ရေးလိုက်တယ်လို့ သူ့ဘာသာသူ သဘော ပေါက်သွားတယ်လို့ ယူဆစရာ အကြောင်းတွေ ရှိနေတယ်၊ ဒီစာကိုသာ ထုတ်ပြန်လိုက်လို့ ရှိရင် ကျုပ်တို့ နစ်နာတာထက် သူ့ ... သူ့တိုင်းပြည်က ပိုပြီး နစ်နာမှာ'

'ဒီစာကို ထုတ်ပြန်လိုက်လို့ ကျွန်တော်တို့ အတွက်လည်း အကျိုး မရှိ သူ့အတွက်လည်း အကျိုး မရှိဘူး ဆိုရင် ဘယ်သူ့ အတွက် အကျိုး ရှိဦးမှာလဲ ခင်ဗျာ၊ ဘယ်သူက ဒီစာကို ခိုးပြီး ပုံနှိပ်မှာလဲ'

'အင်း ခင်ဗျား မေးရင်တော့ ထိပ်တန်း ကမ္ဘာ့ နိုင်ငံရေး ကိစ္စတွေကို တော်တော် ကျယ်ကျယ်ပြန့်ပြန့် ပြောရမယ့်ပုံ ပေါက်နေပြီဗျ၊ ဒါပေမဲ့ ဥရောပ နိုင်ငံရေး အခြေအနေကို ကြည့်လိုက်ရင် ဒီကိစ္စကို ခင်ဗျား လွယ်လွယ်နှင့် သဘော ပေါက်နိုင်ပါတယ်၊ ခုဟာ ဥရောပ တိုင်းပြည် အားလုံးလောက်က လက်နက်တွေကို အကြီးအကျယ် တပ်ဆင်နေကြတယ်ဗျ၊ ဂိုဏ်းကြီး နှစ်ဂိုဏ်းစလုံးမှာ စစ်အင်အားကို ညှိနေကြတယ်၊ ဒီထဲမှာ ချိန်ခွင်ကို ကိုင်ပြီး ကြားထဲမှာ ရပ်နေတာ ဆိုလို့ ကျုပ်တို့ တိုင်းပြည် တစ်ပြည်ပဲ ရှိတယ်၊ အကယ်၍ စစ်ဖြစ်လို့ ကျုပ်တို့ကသာ တစ်ဖက်ဖက်ကို ပါလိုက်ရင် အဲဒီ ပါတဲ့ ဘက်က တော်တော်လေးကို အားသာသွားမယ့် အခြေအနေမှာ ရှိနေမယ်၊ သူတို့ အနေနှင့် စစ်တိုက်ချင် တိုက် မတိုက်ချင် နေ အင်အား ချိန်ခွင်ညှာက တစ်ဖက်ကို စောင်းသွားပြီ၊ ကျုပ် ပြောတာကို နားလည်တယ်နော်'

'ဟုတ်ကဲ့၊ ရှင်းပါတယ် ခင်ဗျာ၊ ဒီတော့ ကျွန်တော်တို့နှင့် အဲဒီ စာပို့တဲ့ တိုင်းပြည် အကြီးအကဲရဲ့ ကြားမှာ စိတ်ဝမ်း ကွဲပြားစေချင်တဲ့ အတွက် အဲဒီ တိုင်းပြည်ရဲ့ ရန်သူများက ဒီစာကို အများ သိအောင် ပုံနှိပ် ထုတ်ဝေချင်တယ် ဆိုပါတော့'

'ဟုတ်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒီစာဟာ ရန်သူ့ လက်ထဲကို ရောက်သွားလို့ ရှိရင် ရန်သူက ဒီစာကို ဘယ်သူတွေဆီကို ပို့ပေးမယ်လို့ ထင်ပါသလဲ'

'ဥရောပ တိုင်းပြည်တွေမှာ ရှိတဲ့ နိုင်ငံခြား သံရုံးတွေ အားလုံးကို ပို့ပေးမှာပေါ့ဗျာ၊ ခုလောက်ဆိုရင်ပဲ ဒီစာက အင်္ဂလန်က ထွက်တဲ့ သင်္ဘော တစ်စင်းစင်းပေါ် ပါသွားပြီး လမ်းမှာ ရောက်နေပြီလားမှ မသိတာ'

ဥရောပရေးရာ ဝန်ကြီး၏ ခေါင်းသည် ရင်ဘတ်ပေါ်သို့ စိုက်ကျသွားကာ ညည်းသံ ထွက်ပေါ်လာလေ၏။ ဝန်ကြီးချုပ်က ဝန်ကြီး၏ ပခုံးကို အသာ လှမ်းကိုင်လိုက်လျက်

'ဒါတော့ ကံပေါ့ဗျာ၊ ဘယ်တတ်နိုင်မလဲ၊ ခင်ဗျားကိုလည်း အပြစ်တင်စရာတော့ မရှိပါဘူး၊ ခင်ဗျားလည်း တတ်နိုင်သမျှတော့ ထိန်းသိမ်းခဲ့ပေတာပဲ၊ ကဲ မစ္စတာ ဟုမ်း၊ ဒီလောက်ဆိုရင် အချက်အလက် ပြည့်စုံပြီ မဟုတ်လား၊ ဘယ်လို လုပ်မယ်လို့ စိတ်ကူးသလဲ'

ရှားလော့ဟုမ်းက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းယမ်းလိုက်လေ၏။

'ဒီစာကို ပြန် မတွေ့ဘူး ဆိုရင် စစ် ဖြစ် မယ် လို့ ဝန်ကြီးချုပ် ထင်သလား'

'အများကြီး ဖြစ်နိုင်တယ်ဗျ'

'ဒီလိုဆိုရင်လည်း စစ်တိုက်ဖို့ ပြင်ရုံပေါ့ ဝန်ကြီးချုပ်'

'ဘယ်လို ပြောလိုက်တာလဲ မစ္စတာ ဟုမ်းရယ်'

'အချက်အလက်တွေကို ဝန်ကြီးချုပ် စဉ်းစားကြည့်ပေါ့ ခင်ဗျာ၊ ဝန်ကြီးနှင့် သူ့ဇနီးဟာ ဆယ့်တစ်နာရီခွဲ နောက်ပိုင်းကနေပြီး ဒီနေ့ မနက် စာပျောက်တာကို သိတဲ့ အချိန် အထိ အခန်းထဲမှာ ရှိနေကြတယ် ဆိုတော့ ဒီစာ ပျောက်တာဟာ ဆယ့်တစ်နာရီခွဲ နောက်ပိုင်းမှာ မဖြစ်နိုင်ဘူး ခင်ဗျ၊ ဒီတော့ ဒီစာဟာ မနေ့ညက ခုနစ်နာရီခွဲနှင့် ဆယ့်တစ်နာရီခွဲ ကြားမှာ ပျောက်သွားတာ ဖြစ်ရမယ်၊ ပိုပြီး ဖြစ်နိုင်တာက ခပ်စောစောပိုင်းက ပျောက်တာ ဖြစ်ရမယ်၊ ဒီစာကို လိုချင်တဲ့ လူဟာ စာ ရှိမှန်း သိတော့ စာကို စောနိုင်သမျှ စောစော လက်ထဲ ရောက်ချင်မှာပေါ့၊ မဟုတ်ဘူးလား၊ ဒီတော့ ဒီလောက် အရေးကြီးတဲ့ စာ တစ် စောင်ကို ခပ်စောစောက ယူသွားတယ် ဆိုလို့ ရှိရင် ခုလောက်ဆို ဒီစာဟာ ဘယ် ဆီကို ရောက်နေလောက်ပြီလဲ၊ ဘယ်သူမှ လက်ထဲမှာ ကြာကြာ ဆိုင်းထားမှာ မဟုတ်ဘူး ခင်ဗျ၊ လိုချင်တဲ့ လူရဲ့ လက်ထဲကို မြန်မြန် ရောက်အောင် ပို့မှာ အမှန်ပဲ၊ ဒီတော့ ကျွန်တော်တို့မှာ ဒီစာကို အမီလိုက်ဖို့ သို့တည်းမဟုတ် ဒီစာ





ကို ခြေရာ ခံဖို့တောင် ခပ်ခက်ခက်ရယ်၊ တော်တော့်ကို နောက်ကျနေပြီ၊ ကျွန်တော်တို့ လက်လှမ်း မမီတဲ့ နေရာမှာ ရောက်နေလောက်ပြီ'

ဝန်ကြီးချုပ်သည် ဆိုဖာမှ ထလိုက်၏။

'မစ္စတာ ဟုမ်း ပြောတာဟာ ယုတ္တိ တန်ပါတယ်လေ၊ ဒီပြဿနာဟာ ကျွန်တော်တို့ လက်လှမ်း မမီတော့ဘူး ဆိုတာ ကျွန်တော်လည်း ရိပ်မိပါတယ်'

'ဒီတော့ စောဒက တက်တဲ့ အနေနှင့် ကြံကြည့်ရအောင်၊ ဥပမာအားဖြင့် ဒီစာကို ဝန်ကြီးရဲ့ တပည့် သို့မဟုတ် အိမ်စေက ယူတယ် ဆိုပါစို့'

'သူတို့ နှစ်ယောက်စလုံး သစ္စာ ရှိတဲ့ လူဟောင်းကြီးတွေပါဗျာ'

'ဝန်ကြီးရဲ့ အိပ်ခန်းဟာ ဒုတိယထပ်မှာ ရှိတယ်လို့ ပြောသွားတယ် ထင်ပါတယ်၊ ပြီးတော့ အပြင်က ဝင်နိုင်တဲ့ အပေါက် မရှိဘူး၊ အထဲက ဖြတ်သွားရင်လည်း ဘယ်သူမှ မမြင်ဘဲ ဖြတ်သွားလို့ မရဘူးလို့ ကျွန်တော် နားလည်လိုက်ပါတယ်၊ ဒီလိုဆိုရင် ယူတဲ့ လူဟာ အိမ်ထဲက တစ်ယောက်ယောက်ပဲ ဖြစ်ရတော့မယ် ခင်ဗျ၊ ကောင်းပြီ၊ ဒါဖြင့်ရင် စာကို ခိုးတဲ့ လူဟာ ဒီစာကို ဘယ်ကို ပို့မလဲ၊ ရှင်းပါတယ်၊ လန်ဒန်မှာ ရှိနေတဲ့ နိုင်ငံ ပေါင်းစုံက သူလျှိုတွေ ထောက်လှမ်းရေး အဖွဲ့ ကိုယ်စားလှယ်တွေဆီကို ပို့မှာပဲ ခင်ဗျ၊ သူတို့ နာမည်တွေကို ကျွန်တော်လည်း သိသင့်သလောက် သိထားပါတယ်၊ သူလျှို အဖွဲ့ သုံးဖွဲ့ရဲ့ ခေါင်းဆောင်တွေလို့ ပြောတဲ့ လူသုံးယောက် ရှိတယ် ခင်ဗျ၊ ဒီတော့ ဒီလူ သုံးယောက်ဟာ သူတို့ ဆိုင်ရာ တာဝန်တွေမှာ ရှိသလား ဆိုတာ ကျွန်တော် လိုက်ပြီး စုံစမ်းကြည့်ပါဦးမယ်၊ အကယ်၍ တစ်ယောက်ယောက် ပျောက်နေတယ် ဆိုရင် အထူးသဖြင့် မနေ့ညကမှ ပျောက်သွားတယ် ဆိုရင် ဒီစာ ဘယ်သူ့ လက်ထဲကို ရောက်နေတယ် ဆိုတာလောက်ကိုတော့ ခြေရာ ကောက်နိုင်လိမ့်မယ် ထင်ပါတယ်'

ဝန်ကြီးက

'သူကိုယ်တိုင် ဘာလို့ ခြေရာ ပျောက်ပြီး ယူသွားမလဲဗျ၊ လန်ဒန်မှာ ရှိနေတဲ့ သံရုံးကို ပို့လိုက်မှာပေါ့'

'ကျွန်တော်တော့ ဒီလို ပို့လိမ့်မယ် မထင်ဘူး ခင်ဗျ၊ လျှို့ဝှက် ထောက်လှမ်းရေး ကိုယ်စားလှယ်တို့ သူလျှိုတို့ ဆိုတာ သံရုံးတွေနှင့် အဆက်အသွယ် မရှိဘဲ သီးခြား လုပ်တတ်ကြတယ်၊ ပြီးတော့ သူတို့နှင့် သံရုံးတွေနှင့် ဆိုတာလည်း သိပ် ဆက်ဆံရေး ကောင်းတတ်ကြတာ မဟုတ်ဘူး'

ဝန်ကြီးချုပ်က ထောက်ခံသည့် အနေဖြင့် ခေါင်းညိတ်ပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာ ဟုမ်း ပြောတာ ဟုတ်နိုင်ပါတယ်၊ ဒီလောက် အဖိုးတန်တဲ့ စာရွက် စာတမ်းကို ဌာနချုပ်ကို သူကိုယ်တိုင် သွားပို့မှာပေါ့၊ စုံထောက်ကြီး စမ်းကြည့်မယ့် နည်းဟာ သင့်မြတ်ပါပေတယ်၊ ကဲ ဝန်ကြီး ကျွန်တော်တို့မှာ လည်း တခြား အလုပ်တွေ ရှိသေးတယ်၊ ဒီကိစ္စကိုချည်းပဲ အချိန် ကုန်ခံနေလို့ မဖြစ်သေးဘူးဗျ၊ နေ့လယ်ပိုင်းမှာ အကြောင်း တစ်စုံတစ်ရာ ထူးရင် စုံထောက် ကြီးနှင့် ဆက်သွယ်ပါ့မယ်၊ စုံထောက်ကြီး ထောက်လှမ်းလို့ ရခဲ့တဲ့ အကြောင်း ကိုလည်း ကျွန်တော်တို့ကို အသိပေးပါ"

ဝန်ကြီး နှစ်ဦးသည် ဦးညွှတ် နှုတ်ဆက်ကာ ကြီးစွာသော ဂုဏ်ဒြပ်ဖြင့် ပြန်ထွက်သွားကြလေ၏။

ထင်ရှားသည့် ဂုဏ်သရေရှိ ဧည့်သည်ကြီး နှစ်ဦး ပြန်သွားကြသည့် အခါတွင် ရှားလော့ဟုမ်းသည် ဆေးတစ်ဆုံကို မီးညှိကာ အတန်ကြာမျှ တိတ် ဆိတ်စွာ စဉ်းစား တွေးတောလျက် ရှိလေ၏။

ကျွန်ုပ်မှာကား မနက်ထုတ် သတင်းစာများကို ကောက်လှန်ကာ ယမန် နေ့ ညက လန်ဒန်တွင် ဖြစ်ပွားခဲ့သည့် စိတ်ဝင်စားဖွယ် မှုခင်း သတင်း တစ်ပုဒ် ကို ဖတ်ရှုလျက် ရှိလေ၏။ ထိုစဉ် ရှားလော့ဟုမ်းသည် တစ်ချက် အော်လိုက် ကာ ထိုင်ရာမှ ဖြုန်းခနဲ ထလိုက်ပြီးနောက် ဆေးတံကို နာရီစင်ပေါ်သို့ လှမ်းတင် လိုက်လေ၏။

"ဟုတ်တယ်ဗျ၊ ဒီပြဿနာကို ဒီနည်းနှင့်ပဲ လိုက်ရမှာပဲ၊ ဒီထက် ကောင်း တဲ့ နည်း မရှိတော့ဘူး၊ အခြေအနေက တော်တော်တော့ ဆိုးနေပြီ၊ သို့သော် လည်း မျှော်လင့်ချက် ကင်းလောက်အောင်တော့ မဖြစ်သေးဘူး၊ ခုအချိန်မှာ တော့ အချိန် မီနိုင်သေးတယ်၊ သူတို့ နှစ်ယောက် အနက် တစ်ယောက်ယောက် ယူတယ် ထားဦး၊ ဒီစာဟာ ယူတဲ့ လူရဲ့ လက်ထဲမှာပဲ ရှိဦးမယ်၊ ဘယ်ကိုမှ မရောက်နိုင်သေးဘူး၊ သူတို့ လိုချင်တာက တခြားကြောင့် မဟုတ်ဘူး၊ ပိုက် ဆံကြောင့် ခိုးပေးတာပဲ ဖြစ်ရမယ်၊ ပိုက်ဆံကတော့ ဘာအရေးလဲဗျာ၊ ကျုပ် နောက်မှာ ဗြိတိသျှ အစိုးရရဲ့ ငွေစက္ကူ ထုတ်တဲ့ ဘဏ်တိုက်ကြီး တစ်တိုက်လုံး ရှိနေပြီပဲ၊ အရောင်းအဝယ် လုပ်တဲ့ ဈေးကွက်မှာ တွေ့ရင် ဒီစာရွက်ကို ကျုပ် ဝယ်မယ်ဗျာ၊ မသကာရင် ကျုပ်ကို အမြတ်ခွန် တိုးကောက်ရုံ ရှိတော့မပေါ့၊ ဒီတော့ စာကို ခိုးတဲ့ လူဟာ ဈေးကို စနည်းနာဦးမှာပဲဗျ၊ ဟိုက ပေးတဲ့ ဈေး နှင့် ဒီက ပေးတဲ့ ဈေးကို စောင့်ဦးမှာပဲ၊ ဒီလောက် ရဲတဲ့ ကစားပိုင်းကို ကစားရဲတဲ့ လူဆိုလို့ လန်ဒန်မြို့ပေါ်မှာ လူသုံးယောက်ပဲ ရှိတယ်ဗျ၊ အိုဗာစတိန်းရယ်၊ လာ





ရိုသီးယားရယ်၊ အီကွာဒို လူးကတ်ရယ်၊ သူတို့ သုံးယောက်ကို တွေ့ကြည့်မယ် ဗျာ"

ကျွန်ုပ်က သတင်းစာကို လှမ်းကြည့်ရင်း

"ဂိုဒိုဖင်လမ်းက လူးကတ်လား"

"ဟုတ်တယ်ဗျ"

"သွားရှာလို့ ခင်ဗျား တွေ့တော့မှာ မဟုတ်ပါဘူး"

"ဘာဖြစ်လို့"

"မနေ့ညက သူ့အိမ်မှာ အသတ် ခံရသတဲ့ဗျ"

ရှားလော့ဟုမ်းသည် အမှုပေါင်း များစွာတွင် ကျွန်ုပ်အား အံ့အား သင့် အောင် လုပ်ခဲ့ဖူးရာ ယခု ကျွန်ုပ်၏ စကားကြောင့် သူ အကြီးအကျယ် အံ့အား သင့်သည်ကို မြင်ရသည့် အခါ၌ကား ကျွန်ုပ်မှာ များစွာ အားရ ကျေနပ်လျက် ရှိပေ၏။ ရှားလော့ဟုမ်းသည် ကျွန်ုပ်ကို တအံ့တသြဖြင့် ကြည့်နေပြီးနောက် သတင်းစာကို ဖြတ်ခနဲ လုယူလိုက်၏။ ကျွန်ုပ် ဖတ်ရှုလျက် ရှိသော သတင်းမှာ အောက်ပါ သတင်း ဖြစ်လေ၏။

ဝက်စ်မင်စတာ ရပ်ကွက် လူသတ်မှု

ယမန်နေ့ညက လန်ဒန်မြို့ ပါလီမန် လွှတ်တော် အဆောက်အအုံ နာရီစင်ကြီးနှင့် မလှမ်းမကမ်း ဘုရားရှိခိုးကျောင်းကြီးနှင့် မြစ်ကမ်း ကြားရှိ ဆယ့်ရှစ် ရာစုနှစ် တိုက်အိမ်များ ရှိရာ လူကုံထံ ရပ်ကွက်တွင် ထူးဆန်းသော လူသတ်မှု တစ်မှု ဖြစ်ပွားခဲ့ကြောင်းဖြင့် သိရ၏။ လူ သတ်မှု ဖြစ်ပွားရာ အိမ်မှာ အမှတ် ၁၆၊ ဂိုဒိုဖင် လမ်းတွင် ဖြစ်ပြီး ထိုအိမ်ကို မစ္စတာ အီကွာဒို လူးကတ် ဆိုသူက အတန်ကြာကပင် ငှားရမ်း နေထိုင်ခဲ့သည် ဆို၏။ မစ္စတာ လူးကတ်မှာ လန်ဒန်မြို့ အထက်တန်း အသိုင်းအဝိုင်းတွင် ထင်ရှားသူ တစ်ယောက် ဖြစ်ပြီး နာမည်ကြီး ရပ်ချော အဆိုကျော် တစ်ဦး ဖြစ်သည့် အတွက် အထက် တန်းလွှာ အသိုင်း အဝိုင်းတွင် လူသိများသူ တစ်ယောက် ဖြစ်ကြောင်း ဖြင့် သိရှိရ၏။ ၎င်းမှာ အသက် သုံးဆယ့်လေးနှစ်ခန့် လူပျို တစ်ဦး ဖြစ်ပြီး ၎င်း၏ နေအိမ်တွင် အိမ်ထောင်ထိန်း မိန်းမကြီး မစ္စက် ပရင့်ဂဲ နှင့် ဗာဟီရများကို လုပ်ပေးရသည့် တပည့် မစ်တန်တို့နှင့် အတူ နေ ထိုင်လျက် ရှိသည် ဆို၏။

မစ္စတာ လူးကတ်သည် အပေါ်ထပ်ရှိ ၎င်း၏ အိပ်ခန်း၌ စော



www.burmeseclassic.com

www.burmeseclassic.com



စော အိပ်ရာ ဝင်သွားခဲ့သည် ဆို၏။ ၎င်း၏ တပည့်မှာ ဟာမ်းမားစမစ် ရပ်ကွက်ရှိ မိတ်ဆွေများထံ အလည် သွားနေသဖြင့် ည ဆယ်နာရီ နောက်ပိုင်းတွင် မစ္စတာ လူးကတ်မှာ အိမ်တွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည် ဆို၏။

ထိုအတောအတွင်း မည်သို့ ဖြစ်ပွားခဲ့သည်ကို မသိရသော်လည်း ဆယ့်နှစ်နာရီတွင် ပုလိပ်သား ဘားရက်သည် ထိုလမ်းသို့ ပတ္တရောင် လှည့်လာစဉ် ဂိုဒိုဖင်လမ်း အိမ်အမှတ် ၁၆ မှာ တံခါး ပွင့်နေသည်ကို တွေ့ရသည် ဆို၏။ ပုလိပ်သား ဘားရက်က တံခါး ခေါက်ကြည့်ရာ အထဲမှ ထူးသံ မကြားရသည့် အတွက် မီးရောင် ရှိရာ အိမ်ထဲသို့ ဝင်ကြည့်ပြီး အတွင်း တံခါးကို ခေါက် ကြည့် ပြန် ရာ ဘာမျှ ထူးသံ မကြားရဟု ဆို၏။ ဤတွင် ဘားရက်သည် တံခါးကို တွန်း၍ အထဲသို့ ဝင်ခဲ့ရာ အခန်းမှာ ဖရိုဖရဲ ဖြစ်လျက် ရှိပြီး စားပွဲများ၊ ကုလားထိုင် များမှာလည်း နံရံ တစ်ဖက်သို့ စုပြုံ ကပ်ထားသည်ကို တွေ့ရသည် ဆို၏။ အခန်း အလယ်ကောင်တွင် ပက်လက် လဲကျနေသော ကုလား ထိုင် တစ်လုံးကိုလည်း တွေ့ရသည် ဆို၏။ ကုလားထိုင် အနီးတွင်မှ ခပ်ကွေးကွေး လဲကျနေသော အိမ်ရှင်ကို တွေ့ရသည် ဆို၏။ အိမ် ရှင်မှာ ရင်ဝကို ဓားဖြင့် အထိုးခံရပြီး ပွဲချင်းပြီး သေဆုံးသွားသည်ဟု ယူဆရ၏။ လူသတ်သမား အသုံးပြုသွားသည့် ဓားမှာ ဂေါ်ရခါး ဓား ကောက် တစ်ချောင်း ဖြစ်ပြီး နံရံတွင် ချိတ်ဆွဲထားသည့် အရှေ့တိုင်း မှ အလှအပ လက်နက်များထဲမှ ဖြုတ်ယူ ထိုးသတ်ခဲ့ခြင်း ဖြစ်သည်ဟု သိရ၏။ အခန်းထဲမှ အဖိုးတန် ပစ္စည်းများမှာ ခြေရာလက်ရာ မပျက် ကျန်ရစ်ခဲ့သဖြင့် ပစ္စည်းကို လုယူရန် သတ်သွားခြင်း မဟုတ်ဟု ယူဆ ရ၏။ သေသူ မစ္စတာ လူးကတ်မှာ လူချစ် လူခင် များ၍ ထင်ရှား သည့် ပုဂ္ဂိုလ် တစ်ယောက် ဖြစ်သည့် အတွက် ယခုကဲ့သို့ ထူးဆန်း ရက်စက်စွာ အသတ်ခံရခြင်းကြောင့် မိတ်ဆွေများက စိတ်ဝင်စား ကရုဏာသက်လျှက် ရှိကြကြောင်းဖြင့် ကြားသိရ၏။

ရှားလော့ဟုမ်းသည် သတင်းကို ဖတ်၍ အတန်ကြာ တိတ်ဆိတ် နေပြီး နောက်

'အိုင်ဆေး ခင်ဗျား ဘယ်လို ထင်သလဲ'

'တော်တော်တော့ အံ့သြစရာ ကောင်းတဲ့ တိုက်ဆိုင်မှု တစ်ခုပဲဗျ'







'ဒီ အဖြစ်အပျက် နှစ်ခုဟာ
ဆက်စပ်နေတယ်၊ ဆက်စပ်နေရမယ်'

'တိုက်ဆိုင်မှုလို့ ခင်ဗျား ထင်သလား၊ ကျုပ်တို့ သိထားတဲ့ ဓာတ်လမ်း ကလေးမှာ ဓာတ်လိုက် ဖြစ်တန်ကောင်းရဲ့လို့ တွက်ထားတဲ့ အထဲက လူတစ် ယောက်ဗျ၊ အဲဒီ ဓာတ်လမ်းကလေး ကပြနေချိန်လောက်မှာ ဒီလူဟာ ထူးထူး ဆန်းဆန်း သေသွားရတယ်၊ တိုက်ဆိုင်မှု မဟုတ်ဘူးလို့ ပြောနိုင်တဲ့ အချက် တွေကတော့ တစ်ပုံကြီးပဲ၊ နံပါတ် ထိုးလို့တောင် ကုန်နိုင်မှာ မဟုတ်ဘူး၊ မဖြစ် နိုင်ဘူးဗျာ၊ ဒီ အဖြစ်အပျက် နှစ်ခုဟာ ဆက်စပ်နေတယ်၊ ဆက်စပ်နေရမယ်၊ ကျုပ်တို့ရဲ့ အလုပ်ကတော့ ဘယ်လို ဆက်စပ်နေသလဲ ဆိုတာကို ရှာဖို့ပဲ ကျန်တော့ တယ်'



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆို ခုလောက်ဆိုရင် ပုလိပ်ဘက်ကတောင် တော်တော် ပြည့်ပြည့် စုံစုံ သိနေလောက်ရောပေါ့"

"အကုန်တော့ မသိနိုင်သေးဘူးဗျ။ သူတို့ သိရင် ဂိုဒိုဖင်လမ်းက သူတို့ မြင်ခဲ့တာလောက်ကိုတော့ သိမှာပေါ့၊ ဒါပေမဲ့ ပွိုက်ပောက စာရွက် ပျောက်မှုနှင့် ပတ်သက်လို့တော့ သူတို့ ဘာမှ သိမှာ မဟုတ်ဘူး၊ သိရမှာလည်း မဟုတ်ဘူး၊ အဖြစ်အပျက် နှစ်ခုစလုံးကို သိတာဟာ ကျုပ်တို့ နှစ်ယောက်သာ ရှိလေတော့ ဒီနှစ်ခုရဲ့ ဆက်စပ်မှုကိုလည်း ကျုပ်တို့ နှစ်ယောက်ပဲ ရှာနိုင်မှာပဲ၊ ဘယ်လိုပဲ ဖြစ်ဖြစ် ကျုပ် ပြောတဲ့ လူသုံးယောက် အနက် လူးကာတ်ကို ကျုပ် ပိုပြီး မသင်္ကာ ဖြစ်တဲ့ အချက်ကြီး တစ်ချက် ရှိတယ်ဗျ။ အဲဒါက ဘာလဲ ဆိုတော့ ဂိုဒိုဖင်လမ်းဟာ ပွိုက်ပောနှင့် သိပ်မဝေးလှဘူး၊ လေး ငါး ဆယ်မိနစ်လောက် လျှောက်လိုက်ရင် ရောက်သွားတာပဲ၊ ကျုပ် ပြောတဲ့ တခြား သူလျှို နှစ်ယောက်ကတော့ လန်ဒန် အနောက်ပိုင်းမှာ နေတာဗျ၊ ဒါကြောင့် ဝန်ကြီးရဲ့ အိမ်က လူတစ်ယောက်ယောက်နှင့် အဆက်အသွယ် ရဖို့ ဆိုတာဟာ ဒီပြင် နှစ်ယောက်ထက် လူးကာတ် အဖို့က ပိုပြီး လွယ်တယ်၊ ကြည့်လိုက်ရင်တော့ ဒီအချက်ဟာ အသေးအဖွဲကလေး ပဲ၊ သို့သော်လည်း အဖြစ်အပျက်က အချိန်တိုတိုကလေး အတွင်းမှာ ဖြစ်လေတော့ နေရာ ဒေသ အနီးအဝေးဟာ သိပ် အရေးကြီးလာနိုင်တယ်၊ အလို ဘာလဲဗျို့"

ကျွန်ုပ်တို့၏ အိမ်ရှင် အဘွားကြီး မစ္စက် ဟတ်ဆန်သည် လင်ဗန်းပေါ်တွင် အမျိုးသမီး တစ်ဦး၏ လိပ်စာ ကတ်ပြားကို တင်၍ အခန်းထဲသို့ ဝင်ရောက်လာလေ၏။ ရှားလော့ဟုမ်းသည် လှမ်းကြည့်လိုက်ပြီးနောက် မျက်ခုံးကို ပင့်ကာ လိပ်စာ ကတ်ပြားကို ကျွန်ုပ်ထံ လှမ်းပေးလိုက်လေ၏။

"အခန်းထဲ ကြွပါလို့ ဝန်ကြီးကတော်ကို ပြောလိုက်ပါ"

ထိုနေ့ နံနက်က ဝန်ကြီးချုပ်နှင့် ဝန်ကြီးတို့ လာရောက် သွားခဲ့သဖြင့် ကျွန်ုပ်တို့ အခန်းမှာ အလွန် ထူးခြားနေလေရာ ယခုအခါတွင်လည်း လန်ဒန်မြို့တွင် ရှိသည့် အချောဆုံး မိန်းမ တစ်ယောက် ဝင်ရောက်လာပြန်သည့် အတွက် ကျွန်ုပ်တို့ အခန်းမှာ အထူး ဂုဏ်တက်လျက် ရှိပေ၏။ ဥရောပရေးရာ ဝန်ကြီး အော်နာရောဘီ ထရီလော်နီ၏ ဇနီး ဖြစ်သူ ဝန်ကြီးကတော်မှာ ဗဲမင်စတာ နယ်စားကြီး၏ သမီး အထွေးဆုံး ဖြစ်ပြီး အလွန် ချောမော လှပသည်ဟု ကျွန်ုပ် ကြားခဲ့ဖူး၍ သူ့ဓာတ်ပုံကို သတင်းစာများထဲတွင် မြင်ခဲ့ဖူးသည့်တိုင် သူ့ဆံပင်များသည် လည်းကောင်း၊ သူ့ခေါင်းသည် လည်းကောင်း ဤမျှ လှပကာ ဤမျှ ချစ်စရာ ကောင်းလိမ့်မည်ဟု ကျွန်ုပ် တစ်ခါမျှ မထင်ခဲ့ဖူးချေ။ သို့တိုင်အော





ဆောင်းဦးပေါက် ယနေ့ နံနက်ခင်းတွင် ကျွန်ုပ်တို့ မြင်လိုက်၍ ပထမဆုံး သတိထားလိုက်မိသော အရာမှာ သူ၏ လှပသော ခေါင်း မဟုတ်ချေ။ ပါးပြင်သည် ချစ်စဖွယ် နူးညံ့လျက် ရှိပြီး စိတ်သောကကြောင့် ဖျော့တော့ နွမ်းနယ်လျက် ရှိ၏။ မျက်လုံးများသည် တောက်ပြောင်လျက် ရှိသော်လည်း ထိုတောက်ပြောင်မှုမှာ ဖျားနေသူ တစ်ယောက်၏ မျက်လုံးမှ တောက်ပြောင်မှုမျိုး ဖြစ်ပြီးလျှင် ပါးလွှာသော နှုတ်ခမ်းတို့မှာ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ထားရသည့် ဟန်ဖြင့် တင်းကျပ်စွာ စေ့လျက် ရှိလေ၏။ တံခါးဝတွင် ရပ်နေသည့် အမျိုးသမီး၏ ကိုယ်မှ ဖြာထွက်နေသော အရာမှာ အလှ မဟုတ်ဘဲ အကြောက် ဖြစ်နေသည်ကို ကျွန်ုပ်တို့ ချက်ချင်း သတိပြု လိုက်မိကြလေ၏။

"ဒီကို ကျွန်မ ယောက်ျား လာသွားပါသလားရှင် မစ္စတာ ဟုမ်း"

"ဟုတ်ကဲ့၊ လာသွားပါတယ် ဝန်ကြီးကတော်"

"ကျွန်မ လာတာကိုတော့ သူ့ကို မပြောပါနှင့်နော် မစ္စတာ ဟုမ်း"

ရှားလော့ဟုမ်းက စိတ်မပါတပါဖြင့် ခေါင်း ညိတ်ပြလိုက်ပြီးလျှင် အမျိုးသမီးအား ထိုင်ရန် နေရာ ညွှန်ပြလေ၏။

"မတ်တတ် ရပ်နေရတာ အားနာစရာကြီး ခင်ဗျာ၊ ဝန်ကြီး ကတော် ထိုင်ပါ၊ ပြီးတော့မှ ဘာအလိုရှိသလဲ ဆိုတာကို ပြောပါ၊ သို့သော်လည်း ကျွန်တော်တို့ကို ခြွင်းချက် မထားဘဲ ကတိတွေတော့ မတောင်းပါနှင့်နော်၊ ဒါလေးတော့ တစ်ဆိတ် တောင်းပန်ထားပါရစေ"

အမျိုးသမီးသည် အခန်းကို မျက်လုံး တစ်ချက် ဝေ့၍ ကြည့်လိုက်ပြီးလျှင် ပြတင်းပေါက်ကို ကျောပေးကာ ကုလားထိုင်တွင် ဝင်ထိုင်လိုက်လေ၏။ မြင့်သွယ်သော အရပ်အမောင်း၊ လှပ တင့်တယ် ပြေပြစ်သော ကိုယ်နေဟန်ထားနှင့် မိန်းမ ပီသသော ဣန္ဒြေတို့ကြောင့် သူ့ကို ကြည့်ရသည်မှာ ဧကရီ ဘုရင်မ တစ်ပါးနှင့်ပင် တူနေသည်ဟု ကျွန်ုပ် စိတ်တွင် အောက်မေ့လိုက်မိသေး၏။

အမျိုးသမီးသည် လက်အိတ်ဖြူ စွပ်ထားသည့် လက်ချောင်းများကို ဆန့်ချည် ကွေးချည် ပြုနေရင်းမှ

"မစ္စတာ ဟုမ်းကလည်း ကျွန်မကို ပွင့်ပွင့်လင်းလင်း ပြောစေချင်တဲ့ အတွက် ကျွန်မကလည်း ပွင့်ပွင့်လင်းလင်းပဲ ပြောပါ့မယ်နော်၊ ကိစ္စ တစ်ခုက လွဲလို့ ကျွန်မနှင့် ကျွန်မယောက်ျား ကြားမှာ တစ်ယောက်နှင့် တစ်ယောက် ပွင့်ပွင့်လင်းလင်း ယုံယုံကြည်ကြည်ပဲ ဆက်ဆံခဲ့ကြပါတယ်၊ အဲဒီ ကိစ္စ တစ်ခု ဆိုတာကလည်း တခြား မဟုတ်ပါဘူး၊ နိုင်ငံရေး ကိစ္စပါ၊ နိုင်ငံရေးနှင့် ပတ်သက်လာ



www.burmeseclassic.com

www.burmeseclassic.com



ရင် ကျွန်မ ယောက်ျားဟာ ဘာမှ ပြောလေ့ မရှိပါဘူး၊ အမြဲတမ်း နှုတ်ပိတ် ရေငုံ လုပ်နေတတ်ပါတယ်၊ မနေ့ညက ကျွန်မတို့ အိမ်မှာ အရေးကြီးတဲ့ စိတ် မချမ်းသာစရာ အဖြစ်အပျက် တစ်ခု ဖြစ်ခဲ့ပါတယ်၊ ကျွန်မ သိသလောက် ပြောရရင် စာတစ်စောင် ပျောက်သွားတယ်လို့ သိရပါတယ်၊ ကိစ္စက နိုင်ငံရေး ကိစ္စ ဆိုတော့ ကျွန်မ ယောက်ျားက ကျွန်မကို အကုန်တော့ မပြောဘူးပေါ့ရှင်၊ ခုတော့ ကျွန်မအဖို့ ဒီကိစ္စကို ရှင်းရှင်းလင်းလင်း သိဖို့ လိုလာပြီလို့ ကျွန်မ ထင်ပါတယ်၊ နိုင်ငံရေးသမားက လွဲရင် စုံထောက်ကြီးဟာ ဒီ အဖြစ်အပျက် အချက်အလက်တွေကို သိတဲ့ လူပါ၊ ဒီတော့ ဘယ်လို ဖြစ်တာလဲ၊ နောင်မှာ ဘာဖြစ်နိုင်သလဲ ဆိုတာကို တစ်ဆိတ် ကျွန်မကို ပြောပြပါရှင်၊ စုံထောက်ကြီး ကျွန်မကို တစ်ဆိတ် ပြောပြပါ၊ စုံထောက်ကြီး အနေနှင့် သူ့ မျက်နှာကို ထောက်ပြီး ကျွန်မကို မပြောဘဲ မနေပါနှင့်၊ ကျွန်မက သူ့ အကျိုး အတွက် ပြောနေတာပါ၊ ကျွန်မကို ပြောလို့ သူ့မှာ အကျိုး မယုတ်တဲ့ အပြင် ပိုလို့တောင် အကျိုး ရှိလာမယ် ဆိုတာ သူ နားလည်လာမှာပါ၊ ပျောက်သွားတယ် ဆိုတဲ့ စာဟာ ဘယ်လို စာမျိုးပါလဲရှင်'

'ဝန်ကြီးကတော် မေးတဲ့ မေးခွန်းက ကျွန်တော် မဖြေနိုင်တဲ့ မေးခွန်းပါ ခင်ဗျာ'

ဝန်ကြီးကတော်သည် တစ်ချက်မျှ ညည်းလိုက်ကာ ကုလားထိုင်ကို ပစ်၍ မှီလိုက်၏။

'ပြောလို့ မဖြစ်တဲ့ ကိစ္စမို့ မပြောတာ ဆိုတာ နားလည် စေချင်ပါတယ် ဝန်ကြီးကတော်၊ ဒီကိစ္စနှင့် ပတ်သက်လို့ ဝန်ကြီး ကိုယ်တိုင်က ဝန်ကြီးကတော် မသိစေချင်လို့ မပြောဘဲ ထားတယ် ဆိုရင် လျှို့ဝှက် ထားပါမယ်လို့ ကတိပေးပြီးမှ ဒီအချက်တွေကို သိရတဲ့ ကျွန်တော့် အနေနှင့် ပြောလို့ ဖြစ်ပါ့မလား၊ ကျွန်တော့်ကို ဒီလို မမေးသင့်ဘူး ထင်ပါတယ် ဝန်ကြီးကတော်၊ မေးချင် မေးရင် ဝန်ကြီး ကိုယ်တိုင်ကို မေးတာ ကောင်းပါလိမ့်မယ်'

'ကျွန်မ သူ့ကို မေးပြီးပါပြီ စုံထောက်ကြီးရယ်၊ မေးလို့ မရလို့ နောက်ဆုံး စုံထောက်ကြီးဆီကို လာတာပါ၊ ကဲ ဒီလောက်တောင် ရှိလှရင်လည်း ခရေစေ့ တွင်းကျ မပြောချင်ရင် နေပါတော့ရှင်၊ ကျွန်မ မသိတာ တစ်ချက်ကလေးလောက်ကိုပဲ မေးပါရစေ'

'ဘာများပါလိမ့် ခင်ဗျာ'

'ဒီအဖြစ်အပျက်ကြောင့် ကျွန်မ ယောက်ျားမှာ တစ်စုံတစ်ရာ ထိခိုက်နိုင်ပါသလား'





'ဟုတ်ကဲ့ ဝန်ကြီးကတော်၊ ဒီကိစ္စကို မရှင်းနိုင်ရင် တော်တော် အခြေအနေ ဆိုးလိမ့်မယ် ထင်ပါတယ်'

'အမယ်လေးရှင်' ဟု ဆိုကာ အမျိုးသမီးသည် သံသယ ရှင်းသွားသကဲ့သို့ ပင့်သက်ကြီးကို တအား ရှူလိုက်လေ၏။

'နောက် တစ်ခု မေးပါရစေဦးရှင်၊ ဒီကိစ္စ ဖြစ်တုန်းက သူ့မျက်နှာကို ကြည့်လိုက်ခြင်းအားဖြင့် ဒီစာရွက် ပျောက်သွားတဲ့ အတွက် တိုင်းပြည်မှာ အရေးတကြီး ကိစ္စတွေ ပေါ်ပေါက်လာနိုင်တယ်လို့ ကျွန်မ နားလည်လိုက်ပါတယ်'

'သူက ဒီအတိုင်းပဲ ပြောရင်ဒေ

သလဲ'



'ဒါဖြင့်ရင် ဘယ်လို အရေးတကြီး ကိစ္စမျိုးတွေ ပေါ်လာမှာလဲ ရှင်'

'ကျွန်တော် မဖြေနိုင်တာတွေကို ဝန်ကြီးကတော် ထပ်မေးနေတော့ ခက်တာပဲ ခင်ဗျာ'

'ကောင်းပါပြီရှင်၊ ဒီလိုဆိုရင်လည်း စုံထောက်ကြီးရဲ့ အချိန်တွေကို ကျွန်မ ဖဲ့ မယူတော့ပါဘူး၊ ကျွန်မကို ခုလို ပွင့်ပွင့်လင်းလင်း မပြောတဲ့ အတွက် ကျွန်မ စုံထောက်ကြီးကိုလည်း အပြစ် မတင်ပါဘူး၊ စုံ ထောက် ကြီး ဘက် က နေပြီး ကြည့်ရင်တော့လည်း ဟုတ်ပါတယ်၊ ဘယ်ပြောနိုင်ပါ့မလဲ၊ ကျွန်မ အနေနှင့်ကတော့ သူက ဘယ်လောက်ပဲ သဘော မတူသည့်တိုင် ကျွန်မ ယောက်ျားရဲ့ ဒုက္ခ သုက္ခကို ခွဲဝေခံစားချင်လို့ ဒီလို မေးတာပါ၊ စုံထောက်ကြီး တလွဲ မထင်ပါနှင့်၊ တစ်ခုတော့ တောင်းပန် ပါရစေဦး



www.burmeseclassic.com

www.burmeseclassic.com



ရှင်၊ ကျွန်မ ဒီကို လာသွားတယ် ဆိုတာကိုတော့ သူ့ကို မပြောလိုက်ပါနှင့်’

တံခါးပေါက်သို့ အရောက်တွင် အမျိုးသမီးသည် ကျွန်ုပ်တို့ကို လှည့်ကြည့်လိုက်လေရာ ထိတ်လန့်နေသော ချောမော လှပသည့် မျက်နှာ၊ ကြောက်လန့်နေသည့် မျက်လုံးများနှင့် တင်းကျပ်စွာ စေ့ထားသည့် နှုတ်ခမ်းတို့ကို ကျွန်ုပ်တို့ နောက်ဆုံး မြင်လိုက်ရပြီးနောက် တစ်ခဏတွင် အမျိုးသမီးသည် တံခါးနောက်တွင် ပျောက်ကွယ် သွားလေ၏။

တံခါး ပိတ်သံနှင့် အတူ ပိုးဝတ်စုံ တရွမ်းရွမ်း မြည်သံတို့ ပျောက်ကွယ်သွားသည့် နောက်၌ ရှားလော့ဟုမ်းသည် ကျွန်ုပ်ကို ခပ်ပြုံးပြုံးဖြင့် လှည့်ကြည့်လိုက်ကာ

‘အိုင်ဆေး၊ မိန်းမနှင့် ပတ်သက်လို့ကတော့ ခင်ဗျားကိုပဲ အားကိုးရတော့မှာပဲ၊ အမျိုးသမီးရဲ့ ကစားကွက်ဟာ ဘာလဲ၊ ဘာကို လိုချင်လို့ ကျုပ်တို့ဆီ လာတာလဲဗျ’

‘သူ ပြောတာက ရှင်းသားပဲဗျ၊ ပြီးတော့လည်း သောက ရောက်တာဟာလည်း သဘာဝ ကျပါတယ်’

‘အင်း၊ ခင်ဗျား သူ့ အမူအရာကို သေသေချာချာ ကြည့်လိုက်မိရဲ့လား၊ စိတ် တုန်လှုပ် ချောက်ချားနေတာကို တော်တော် မျိုသိပ်ထားရတဲ့ ပုံဗျ၊ ဂရုလည်း မငြိမ်ဘူး၊ ပြီးတော့ မေးခွန်းတွေကိုလည်း အတင်း မေးနေတယ်၊ သူ့လို မိန်းမမျိုးဟာ စိတ်ထဲမှာ ခံစားနေရတာကို လွယ်လွယ်နှင့် မပြတတ်တဲ့ အတန်းအစားက လာတာ ဆိုတာ ခင်ဗျား သတိပြုပါ ဆရာကြီး’

‘အင်း တော်တော်လေးတော့ စိတ် ချောက်ချား နေတာပဲဗျ’

‘ဒီအဖြစ်အပျက်တွေကို သူ အားလုံး သိရင် သူ့ယောကျ်ား အတွက် အကျိုး ရှိပါတယ်လို့ ပြောသွားတဲ့ စကားကိုလည်း မမေ့ပါနှင့်ဗျ၊ ဒီတော့ ဒီစကားရဲ့ အဓိပ္ပာယ်က ဘာလဲ၊ ပြီးတော့လည်းပဲ မျက်နှာကို အလင်းရောင်ဘက် မလှည့်ဘဲ ကျောပေးပြီး နေရာ ယူတာကိုကော ခင်ဗျား သတိပြုလိုက်မိရဲ့လား၊ သူ့ မျက်နှာပေါ်က အမူအရာကို ကျုပ်တို့ မြင်စေချင်ပုံ မတူဘူးဗျ’

‘ဟုတ်တယ်၊ အခန်းထဲမှာ ဒီကုလားထိုင်မှ ရွေးထိုင်တာ’

‘သို့တိုင်အောင် မိန်းမတွေကို အကဲခတ်ရတာ တော်တော် ခက်တယ်ဗျ၊ ဒီလို အကဲခတ်ရ ခက်တဲ့ အတွက်ကြောင့်ပဲ မားဂိတ်က မိန်းမ တစ်ယောက်ကို ကျုပ် သံသယ ဖြစ်ခဲ့ဖူးပြီ မဟုတ်လား၊ အဲဒီ အမှုတုန်းက အမျိုးသမီးရဲ့ နှာခေါင်းပေါ်မှာ ပေါင်ဒါမှုန့်တို့ ဘာတို့ မတွေ့ရဘူး၊ ဒီတစ်ချက်ကြောင့် ကျုပ်တို့ အမှုကို





ပေါ်အောင် လိုက်နိုင်ခဲ့ပြီ မဟုတ်လား၊ တကယ်တော့ ဒီလောက် အသေးအဖွဲကလေးတွေပေါ်မှာ ဘယ် လိုက်ကြည့်နေကြမလဲဗျာ၊ သို့သော်လည်း အဲဒီ အလွန် သေးဖွဲတဲ့ အချက်အလက်ကလေးတွေဟာ တော်တော် အရေးကြီးတာတွေ ဖြစ်နေတတ်တယ်ဗျ၊ သို့မဟုတ်ရင်လည်း အလွန် ထူးခြားတဲ့ လုပ်ရပ်တွေဟာ ဆံညှပ်ကလေးတွေ၊ ဆံပင်ကောက် ပစ္စည်းကလေးတွေပေါ်မှာ တည်နေတတ်တယ်၊ ကဲ ဂွတ် မောနင်းဗျာ’

‘သွားတော့မလို့လား’

‘ဟုတ်တယ်ဗျ၊ ဂိုဒိုဖင်လမ်းမှာ တစ်မနက်လောက် အချိန် ဖြုန်းလိုက်ဦးမယ်၊ အဲဒီက ဘုံဆိုင် ပိုင်ရှင်တွေ၊ ရထားသမားတွေထဲမှာ ကျုပ် မိတ်ဆွေတွေ ရှိတယ်လေဗျာ၊ ဘယ်လို ဘယ်နည်း ဆက်သွယ်နေတယ် ဆိုတာကို မပြောနိုင်သေးပေမဲ့ ကျုပ်တို့ စာကိစ္စ ဖြေရှင်းရေးဟာ လူးကတ်နှင့် ဆိုင်နေတယ်ဗျ၊ အချက်အလက် မတွေ့ခင် ကောက်ချက် ဆွဲလို့တော့ မဖြစ်သေးဘူးပေါ့ဗျာ၊ ကဲ ထိုင်ပြီး ကျုပ် ဧည့်သည်သစ်တွေကို စောင့်နေစမ်းဗျာ၊ အခန့်သင့်ရင် နေ့လယ်စာ အမီ ပြန်လာခဲ့မယ်’

ထိုနေ့ တစ်နေ့လုံးနှင့် နောက်ရက် နောက်ရက်များ၌ကား ရှားလော့ဟုမ်းမှာ (အချို့ မိတ်ဆွေများ ပြောသကဲ့သို့) နှုတ်ဆိတ်လျက် ရှိပြီး (အချို့ ပြောသကဲ့သို့) သုန်မှုန်လျက် ရှိလေ၏။ ရှားလော့ဟုမ်းသည် အပြင်သို့ သုတ်သီးသုတ်ပျာ ထွက်သွားလိုက် ပြန်လာလိုက်၊ ဆေးတံကို တစ်ဆုံပြီး တစ်ဆုံ ဆက်တိုက် သောက်လိုက်၊ တယော ကောက်ထိုးလိုက်၊ တွေဝေ ငေးမောလိုက်၊ အချိန်မတော် အစာ ထစားလိုက်နှင့် ဖြစ်လျက် ရှိပြီး ကျွန်ုပ် အမှတ်တမဲ့ မေးသည့် မေးခွန်းများကိုလည်း ဖြေဆိုခြင်း မပြုတော့ချေ။ ဤသည်ကို ထောက်လျှင် သူ့တွင်သော် လည်းကောင်း၊ သူ လိုက်နေသည့် အမှုတွင်သော် လည်းကောင်း အဆင် မပြေမှုများ ရှိနေကြောင်းမှာ ထင်ရှားနေပေပြီ။

ရှားလော့ဟုမ်းသည် အမှုနှင့် ပတ်သက်၍ ကျွန်ုပ်အား တစ်စုံတစ်ရာ ပြောဆိုခြင်း မပြုသည့် အတွက် ကျွန်ုပ်မှာ အမှု အကြောင်းခြင်းရာများနှင့် သေသူ၏ တပည့် ဖြစ်သူ ဂျွန် မစ်တန်ကို ဆိုင်ရာတို့က ဖမ်းဆီးပြီး ပြန်လွှတ်လိုက်သည့် အကြောင်းများကို သတင်းစာများမှသာ သိရလေ၏။

စစ်ဆေးသူ ပုလိပ် အရာရှိ၏ စွဲချက်မှာ တင်ကူး ကြံစွယ်သေ...သူသတ်



www.burmeseclassic.com

www.burmeseclassic.com



မှုဟု ဆိုသော်လည်း တရားခံကိုမူ ယခု ဖော်ထုတ်နိုင်ခြင်း မရှိသေးချေ။ လူသတ်မှု ကျူးလွန်ခြင်း၏ ရည်ရွယ်ချက်ကိုလည်း ဖော်ပြခြင်း မပြုနိုင်သေးချေ။ သေသူ၏ အခန်းထဲတွင် အဖိုးထိုက် အဖိုးတန် ပစ္စည်းများ ပြည့်နှက်လျက် ရှိသော်လည်း မည်သည့် ပစ္စည်းကိုမျှ ယူသွားခြင်း မရှိချေ။ သေသူ၏ စာရွက် စာတမ်းများကိုလည်း မွှေနှောက် ရှာဖွေသွားခြင်း မရှိချေ။ စာရွက်စာတမ်းများကို သေချာစွာ စစ်ဆေး ကြည့်သည့် အခါတွင် သေသူမှာ ကမ္ဘာ့ ရေးရာများကို လွန်စွာ စိတ်ဝင်စားသူ တစ်ဦး၊ သတင်းစုံသူ တစ်ဦး၊ ဘာသာ စကား တော်တော်များများကို ကျွမ်းကျင်သူ တစ်ဦးနှင့် မိတ်ဆွေ အပေါင်းအသင်းများထံ အလွန် စာရေးလေ့ ရှိသူ တစ်ဦးတို့ ဖြစ်ကြောင်းလောက်ကိုသာ သိရလေ၏။ သေသူမှာ နိုင်ငံ အနှံ့ အပြားရှိ နိုင်ငံရေး ခေါင်းဆောင်များနှင့် ခင်မင် ရင်းနှီးသူ တစ်ဦး ဖြစ်၏။ သို့ရာတွင် အံဆွဲများထဲတွင် အပြည့် ရှိနေသော စာရွက်စာတမ်းများ၌ တစ်စုံတစ်ရာ သင်္ကာမကင်းဖွယ် ရှိသည့် စာရွက်စာတမ်း ဆို၍ တစ်ခုမျှ မတွေ့ရချေ။ မိန်းမ နှင့် ပတ်သက်၍မူ အတန်းအစား အမျိုးမျိုးမှ မိန်းမများနှင့် ပေါင်းသင်းလေ့ ရှိသည့်တိုင် အပေါ်ယံ သာမန်ကာလျှံကာမျှသာ ဖြစ်သည်ကို တွေ့ရလေ၏။ မိန်းမ အသိအကျွမ်း အများအပြား ရှိသော်လည်း မိတ်ဆွေ အနည်းငယ်မျှသာ ရှိ၍ ချစ်ကြိုက်သူ ဟူ၍ မရှိကြောင်း တွေ့ရ၏။ အလေ့အထများမှာလည်း ပုံမှန် အတိုင်း ဖြစ်ပြီး အနေအထိုင်မှာလည်း အထူး ပြောစရာ မရှိလှချေ။ သို့ဖြစ်၍ လူးကတ် သေရခြင်းသည် လျှို့ဝှက်ချက်ကြီး တစ်ခု ဖြစ်လျက် ရှိကာ နောင်တွင်လည်း ထိုအတိုင်းပင် ဖြစ်နေလိမ့်မည်ဟု ယူဆရပေ၏။

သေသူ၏ တပည့် ဖြစ်သူ ဂျွန် မစ်တန်ကို ဖမ်းခြင်းမှာ ဘာမျှ မလုပ်ဘဲ နေလျှင် လူကြား မကောင်းသည့် အတွက် လူကြား ကောင်းအောင် တွေ့ရာကို ကောက်ဖမ်းလိုက်ခြင်းသာ ဖြစ်၏။ သို့ရာတွင် သူ့အပေါ်၌ စွဲချက်တင်နိုင်လောက်သည့် အထောက်အထား ဟူ၍ ဘာမျှ မရှိချေ။ ထိုညက မစ်တန်သည် ဟမ်းမာ စမစ်ရှိ မိတ်ဆွေများထံသို့ သွားရောက် လည်ပတ်လျက် ရှိ၏။ လူးကတ်၏ အလောင်းကို ပုလိပ် မတွေ့မီလောက်တွင် မစ်တန်သည် အိမ်သို့ ပြန်သွားခဲ့သည်မှာ မှန်သော်လည်း ထိုညမှာ ရာသီဥတု သာယာလျက် ရှိသည့် အလျောက် အိမ်သို့ ခြေကျင်လျှောက် ပြန်ခဲ့သည် ဆိုသည့် သူ့ အစစ်ခံချက်သည် ဖြစ်နိုင်လောက်စရာ ရှိပေ၏။

ထိုညက မစ်တန်သည် အိမ်သို့ ဆယ့်နှစ်နာရီကျမှ ပြန်ရောက်ပြီး [illegible]တွင် တွေ့ရသည့် အဖြစ်အပျက်ကြောင့် အတော် စိတ် တုန်လှုပ် ချောက်ချား





ဟန် ရှိလေ၏။ မစ်တန်နှင့် သူ့ဆရာတို့၏ ဆက်ဆံရေးမှာလည်း ဘာမျှ အဖု အထစ် မရှိချေ။ သေသူ၏ ပစ္စည်း အချို့နှင့် မှတ်ဆိတ်ရိတ် ဓားထုပ် တစ်ထုပ်ကို မစ်တန်၏ သေတ္တာထဲတွင် ထူးထူးခြားခြား တွေ့ရရာ မစ်တန်က ယင်းတို့မှာ သေသူ သူ့ဆရာထံမှ ရထားသော လက်ဆောင် ပစ္စည်းများ ဖြစ်ကြောင်း ပြောဆိုသည့်ပြင် အိမ်စေ အဘွားကြီးကလည်း သူ့ အစစ်ခံချက်ကို ထောက်ခံ ပြောဆိုခြင်း ပြုလေ၏။

လူးကတ်ထံတွင် မစ်တန် အလုပ် လုပ်လာခဲ့သည်မှာ သုံးနှစ် ရှိခဲ့လေပြီ။ ထူးခြားချက် တစ်ချက်မှာ မစ်တန်သည် လူးကတ်၏ လက်စွဲ တပည့် ဖြစ်သော်လည်း ဥရောပတိုက်သို့ သွားသည့် အခါများတွင် သူ့ကို မခေါ်ဘဲ ချန်ရစ်ခဲ့သည့် အချက် ဖြစ်လေ၏။ တစ်ခါတစ်ရံတွင် လူးကတ်သည် ပါရီသို့ သုံးလခန့် သွားရောက် နေထိုင်တတ်ရာ ထိုအခါမျိုး၌ မစ်တန်မှာ အိမ်တွင် ကျန်ရစ်ခဲ့ကာ အိမ်ကို ကြီးကြပ် ကွပ်ကဲရပေ၏။ အိမ်ထောင်ထိန်း အဘွားကြီးကို စစ်ဆေးသည့် အခါတွင် ထိုညက ဘာသံမျှ မကြားရကြောင်းဖြင့် ထွက်ဆိုသွားလေ၏။ အကယ်၍ သူတို့ သခင်ထံ ဧည့်သည် လာသည် ဆိုလျှင် လူးကတ်သည် ကိုယ်တိုင် ဖွင့်ပေးမည် ထင်ကြောင်းဖြင့် ပြောဆိုသွား၏။

ဤသို့ဖြင့် ကျွန်ုပ်သည် သတင်းစာကို သုံးရက် ဆက်တိုက် ဖတ်သည့်တိုင် အမှုမှာ အစ ရှာမရဘဲ ရှုပ်ထွေးမြဲ ရှုပ်ထွေးလျက် ရှိလေ၏။ ရှားလော့ဟုမ်းသည် ထိုအမှုနှင့် ပတ်သက်၍ ကျွန်ုပ်ထက် ပို သိကောင်း သိမည် ဖြစ်သည့်တိုင် သူကလည်း အမှု အကြောင်းနှင့် ပတ်သက်ပြီး အင်စပက်တော် လက်စထရိတ်က သူ့အား တိုင်ပင်သည် ဆိုသည့် အချက်မှ အပ အခြား ဘာမျှ ဖွင့်ဟ ပြောဆိုခြင်း မပြုချေ။ ရှားလော့ဟုမ်းသည် အမှုနှင့် ပတ်သက်၍ နောက်ထပ် တွေ့ရှိချက်များနှင့် အဆက် ပြတ်ခြင်း မရှိ ဆိုသည့် အချက်လောက်ကိုမူ ကျွန်ုပ် ရိပ်မိပေ၏။ စတုတ္ထနေ့တွင်မူ ပြဿနာ တစ်ရပ်လုံးကို ဖြေရှင်းပေးလိုက်သည့် ရှည်လျားသော ပါရီမြို့မှ ရောက်လာသည့် ကြေးနန်း သတင်း တစ်ပုဒ်ကို တွေ့လိုက်ရလေ၏။

ဒေးလီး တယ်လီ ဂရပ်ဖ် သတင်းစာတွင် ဖော်ပြထားသည့် ကြေးနန်း သတင်းမှာ အောက်ပါ အတိုင်း ဖြစ်လေ၏။

> လွန်ခဲ့သည့် တနင်္လာနေ့ညက လန်ဒန်မြို့ ဝက်စ်မင်စတာ ရပ်ကွက် နေအိမ်တွင် ရက်စက်စွာ အသတ်ခံရသည့် မစ္စတာ လူးကတ် အမှုနှင့် ပတ်သက်၍ လက်သည် မပေါ်ဘဲ ရှိနေခဲ့ရာ ယခုအခါတွင် ပါရီ



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးကျယ်ကျယ် ပြဿနာ မပေါ်ပေါက်သေးဘူးလို့ သိရတယ်၊ အကယ်၍သာ ဒီစာဟာ တခြားကို ရောက်သွားပြီ ဆိုလို့ ရှိရင် … အိုဗျာ ဒီစာဟာ တခြား လက်ထဲကို ရောက်လို့ကို မဖြစ်သေးဘူး၊ ကောင်းပြီ၊ မရောက်သေးဘူး ဆိုရင် ဒီစာဟာ ဘယ်မှာ ရှိနေရမလဲ၊ ဘယ်ရောက်နေမလဲ၊ ဘယ်သူ့ဆီမှာ ရှိသလဲ၊ ဘာဖြစ်လို့ ဒီစာကို သိမ်းထားသလဲ၊ ဒီမေးခွန်းဟာ ကျုပ် ခေါင်းကို တူနှင့် နှက်သလို တဒိုင်းဒိုင်း တီးခေါက်နေတယ်ဗျ၊ စာ ပျောက်သွားတဲ့ ညမှာပဲ လူးကတ် အသတ် ခံလိုက်ရတာဟာကော တိုက်ဆိုင်မှု တစ်ရပ်ပဲလား၊ ဒီစာကို လူးကတ် ဖတ်သွားရသလား၊ လူးကတ်ဆီကိုကော ရောက်သွားသလား၊ ရောက်သွားတယ် ဆိုရင် သူ့ စာရွက်စာတမ်းတွေထဲမှာ ဘာဖြစ်လို့ ရှာလို့ မတွေ့ရတာလဲ၊ စိတ် ဖောက်ပြန်နေတဲ့ သူ့ မိန်းမဟာ ဒီစာကို ယူသွားသလား၊ အကယ်၍ ယူသွားတယ် ဆိုလို့ ရှိရင် ဒီစာဟာ ပါရီက သူ့ အိမ်မှာ ရှိသလား၊ ပြင်သစ် ပုလိပ်က သံသယ မဖြစ်ဘဲ သူ့အိမ်ထဲကို ကျုပ် ဘယ့်နှယ် လုပ်ပြီး ဝင်ရှာမလဲ၊ ခု အမှုကို ကိုင်ရတာဟာ ကျုပ် အဖို့ ဆုပ်လည်း စူး စားလည်း ရှူး ဆိုတဲ့ ကိန်းမျိုး ဆိုက်နေတယ်ဗျ၊ ကျုပ် တွေးလုံး အတိုင်း အကောင်အထည် ဖော်ရရင် ကျုပ်မှာ ဥပဒေကို ချိုးဖောက်ရမယ့် ကိန်းတွေ မြင်နေတယ်၊ ခုတော့ တရား ဥပဒေဟာ ရာဇဝတ်ကောင်လိုပဲ ကျုပ်တို့ အဖို့ အန္တရာယ် များနေတယ်၊ ဒီအမှုကို လိုက်လေလေ ကျုပ်တို့မှာ ရန်သူတွေ များလေလေပဲ၊ ဒါပေမဲ့ ရန်သူ များလို့ မလိုက်ဘဲ နေပြန်ရင်လည်း အန္တရာယ်က တော်တော်လေး ကြီးတယ်၊ ဒီအမှုကိုသာ ကျုပ် ပေါ်အောင် လိုက်နိုင်ရင်တော့ ကျုပ် စုံထောက် သက်တမ်းမှာ အကြီးဆုံး အောင်မြင်မှုလို့ပဲ ဆိုရတော့မှာပဲ၊ ဟော ပြောရင်း ဆိုရင်း ရေ့တန်းက နောက်ဆုံး သတင်းတော့ ရောက်လာပြီ ဗျို့"

ရှားလော့ဟုမ်းသည် ရောက်လာသည့် စာတိုကလေး တစ်စောင်ကို လှမ်းကြည့်ရင်း ပြောလိုက်လေ၏။

"အလို လက်စထရိတ်ဆီကဗျို့၊ စိတ်ဝင်စားစရာ တစ်ခု တွေ့နေပြီတဲ့၊ ကဲ အိုင်ဆေး၊ ဦးထုပ် ဆောင်းခဲ့ဗျာ၊ ဝက်စမင်စတာကို လမ်းလျှောက် သွားကြတာပေါ့"

ကျွန်ုပ်အဖို့မူ အချင်း ဖြစ်ပွားရာသို့ ပထမဆုံး အကြိမ် ရောက်ဖူးခြင်း ဖြစ်ပေ၏။ အိမ်မှာ ထိုအိမ်ကို ဆောက်ခဲ့သည့် ဆယ့်ရှစ်ရာစု အချိန် ကာလကဲ့သို့ပင် ခပ်ရိုးရိုး ဆောက်ထားသည့် အခိုင်အခံ့ အိမ်တစ်လုံး ဖြစ်ပြီး မီးခြစ်ဘူး တစ်လုံးကို ထောင်ထားသကဲ့သို့ ခပ်မြင့်မြင့်၊ ခပ်စောက်စောက်နှင့် ညစ်ပတ်





ပေရေလျက် ရှိလေ၏။ ခွေးဘီလူး မျက်နှာနှင့် တူသော အင်စပက်တော် လက်စထရိတ်၏ မျက်နှာကို ပြတင်းပေါက်တွင် မြင်ရလေ၏။ အရပ် ထောင်ထောင်မောင်းမောင်း ပုလိပ်သားကြီး တစ်ဦးက ကျွန်ုပ်တို့ကို တံခါး ဖွင့်ပေးသည့် အခါတွင် လက်စထရိတ်သည် ကျွန်ုပ်တို့အား လှိုက်လှဲစွာ ဆီးကြိုခြင်း ပြုလေ၏။

ကျွန်ုပ်တို့ ရောက်သွားသော အခန်းမှာ လူသတ်မှု ဖြစ်ပွားသည့် အခန်း ဖြစ်သော်လည်း ကော်ဇောပေါ်တွင် စွန်းထင်းနေသည့် သွေးကွက်ကြီး တစ်ကွက်မှ အပ အခြား ခြေရာ လက်ရာတို့ မကျန်တော့ချေ။ ကော်ဇောမှာ အခန်း အလယ်ကောင်တွင် ခင်းထားသည့် စတုရန်းပုံ ကော်ဇော ဖြစ်ပြီး ကော်ဇော ဘေး ပတ်လည်တွင် စတုရန်းပုံ သစ်သား ဘလောက်တုံးကလေးများ ခင်းထားသည့် ကြမ်းပြင်သည် ပေါလစ် တိုက်ထားသဖြင့် ဖိတ်ဖိတ် တောက်လျက် ရှိလေ၏။ မီးလင်းဖို အထက် နံရံတွင်မူ လက်နက် မျိုးစုံကို ချိတ်ဆွဲထားလေရာ အချင်းဖြစ်ပွားသည့် ညက သုံးခဲ့သော လက်နက်မှာ ထိုအထဲမှ လက်နက် တစ်ခုပင် ဖြစ်လေ၏။ ပြတင်းပေါက် အနီးတွင်မူ ခမ်းနား လှပသော စာရေး စားပွဲကြီး တစ်လုံး ရှိပြီး ပန်းချီကားများ၊ ကော်ဇောများ၊ နံရံတွင် ချိတ်ဆွဲထားသော လက်နက်များ စသည့် အခန်း တစ်ခုလုံး၏ အပြင်အဆင်မှာ လှပ ခမ်းနားလွန်းနေရကား အနည်းငယ် မိန်းမ ဆန်သယောင် ရှိသည်ဟုပင် ကျွန်ုပ် စိတ်တွင် ထင်လိုက်မိပေသေး၏။

"ပါရီက ကြေးနန်း သတင်းကို ဖတ်ပြီးပြီလား စုံထောက်ကြီး"

ရှားလော့ဟုမ်းက ခေါင်းညိတ်ပြလိုက်လေ၏။

"ဒီတစ်ချီတော့ ပြင်သစ် ပုလိပ်က ချက်ကောင်းကို မိသွားတယ် ခင်ဗျ၊ ဘာမှ သံသယ ဖြစ်စရာ မလိုဘူး၊ သူတို့ တွက်တဲ့ အတိုင်း မှန်ပါတယ် ခင်ဗျား၊ အမျိုးသမီးက တံခါးကို ခေါက်လိုက်တော့ ဖွင့်ပေးလိုက်တယ်၊ တော့ပါဘူး၊ အမျိုးသမီးက တံခါးကို ခေါက်လိုက်တော့ ဖွင့်ပေးလိုက်တယ်၊ သူက အမျိုးသမီးကို ရုတ်တရက် မြင်လိုက်ရတဲ့ အတွက် အံ့သြသွားတယ်၊ သူက အမျိုးသမီးကို လမ်းမလန်ဒန်မှာ သူ့ကိုယ်သူ လုံခြုံလှပြီလို့ အောက်မေ့တာကိုး၊ အမျိုးသမီးကို ဘယ်မှာ ဒီအတိုင်း ပစ်ထားလို့ မရတော့ အိမ်ထဲကို ခေါ်၊ အမျိုးသမီးက သူ့ကို ဘယ်လောက် လိုက်ရှာခဲ့ရတဲ့ အကြောင်း ပြော၊ အပြစ်တင်၊ တစ်ယောက် တစ်ခွန်း စကား များကြ၊ ဒီတွင် အမျိုးသမီးက တွေ့ရာ ဓားမြှောင်နှင့် ကောက်ပြီး ထိုးလိုက်တော့ ကိစ္စ ချောသွားပုံ ရတယ် ခင်ဗျ၊ ကြည့်ရတာကတော့ ရောက်ရောက်ချင်း ထိုးတာ မဟုတ်ဘူး၊ ကုလားထိုင်တွေ ဘေးကို ရောက်နေပုံ တွေ့ကတော့



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားရဲ့ လက်ထဲမှာလည်း အမျိုးသမီးကို တားဖို့ လက်နက် တစ်ခုခုတော့ ကိုင်ထားပုံ ရတယ်၊ ခုတော့ ကိုယ်တိုင်ကိုယ်ကြပ် မျက်စိနှင့် တပ်အပ် မြင်ရသလို ရှင်းသွားပါပြီ ခင်ဗျား'

ရှားလော့ဟုမ်းက မျက်ခုံးကို ပင့်လိုက်လျက်

'နေစမ်းပါဦး၊ ဘာဖြစ်လို့ ကျုပ်ကို ခေါ်တာတုံး'

'ခေါ်ရတာက တခြား ကိစ္စ ခင်ဗျ၊ ဒီကိစ္စက သိပ်တော့ အရေး မကြီးလှပါဘူး၊ အသေးအဖွဲကလေးပါ၊ မစ္စတာ ဟုမ်း စိတ်ဝင်စားမယ့် ကိစ္စမျိုးလေးမို့ ခေါ်တာ၊ ခပ်ဆန်းဆန်းကလေးရယ်၊ စုံထောက်ကြီး စကားနှင့် ပြောရင်တော့ ဆန်းဆန်းပြားပြား ကလေးပေါ့ ခင်ဗျား၊ ခု အမှုကြီးနှင့်တော့ မဆိုင်လှပါဘူး၊ အပေါ်ယံ ကြည့်ရုံနှင့်တော့ မသိနိုင်ဘူးပေါ့'

'ဒါဖြင့် ခင်ဗျားဟာက ဘာလဲဗျ'

'ဒီလို အမှုကြီး တစ်ခု ဖြစ်ပြီးရင် ကျွန်တော်တို့ ထုံးစံက ပစ္စည်းတွေကို မရွေ့ မပြောင်းဘဲ ဒီအတိုင်း ထားတတ်တယ် ခင်ဗျ၊ ခြေရာ လက်ရာ မပျက်အောင်ပေါ့ ခင်ဗျာ၊ ဘာကိုမှ ရွှေ့တာ ပြောင်းတာ မလုပ်ဘူး၊ ပြီးတော့ နေရာကိုလည်း နေ့ရော ညပါ အစောင့် ချထားတယ်၊ ဒီနေ့ မနက်တော့ စုံစမ်း စစ်ဆေးမှုတွေ အားလုံး ပြီးတာနှင့် အလောင်းကိုလည်း မြှုပ်လိုက်ပြီ၊ ဒီတော့ အခန်းကိုလည်း နည်းနည်းပါးပါး ရှင်းတန် ရှင်းမယ်လေ ဆိုပြီး ကျွန်တော်တို့ အခန်းကို ရှင်းတယ်၊ ပြီးတော့ ကော်ဇောကို ကြည့်တယ်၊ ကော်ဇောက ကြမ်းပြင်ကို သံပွိုနှင့် စွဲမထားဘူး ခင်ဗျ၊ ခင်းရုံပဲ ခင်းထားတာ၊ ဒါနှင့် ကျွန်တော်တို့ ကော်ဇောကို မ ကြည့်ကြတယ်၊ မ ကြည့်လိုက်တော့ တွေ့ရတာက'

'ဘာတွေ့ရသလဲ'

ရှားလော့ဟုမ်း၏ မျက်နှာမှာ စိုးရိမ်သည့် အသွင် ပေါ်လာလေ၏။

'စုံထောက်ကြီး မှန်းကြည့်စမ်း၊ ဘာတွေ့ရတယ် ထင်သလဲ၊ ကော်ဇောပေါ်က သွေးကွက်ကြီးကို မြင်တယ် မဟုတ်လား၊ ကြည့်ရတာကတော့ တော်တော်လေးကို ကော်ဇောမှာ စိမ့်ဝင်နေတယ် ခင်ဗျ၊ ကော်ဇောမှာ စိမ့်မနေဘူးလား မစ္စတာ ဟုမ်း'

'ဟုတ်မှာပေါ့ဗျာ၊ စိမ့်မှာပေါ့'

'ဒါပေမဲ့ ပြောင်လက်နေတဲ့ ကြမ်းပြင်မှာ သွေးကွက် စိမ့်ရာ ဆိုလို့ တစ်ချက်မှ မတွေ့ရဘူး ခင်ဗျ'

'သွေးကွက် မတွေ့ဘူး၊ ဟုတ်စ၊ ဒါပေမဲ့ ရှိရမယ်ဗျ'





'ဟုတ်ပါတယ်လေ၊ မစ္စတာ ဟုမ်း ဒီအတိုင်း ပြောမယ် ဆိုတာ ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ မရှိတာကတော့ တကယ့် အဖြစ်ပဲ ခင်ဗျ'

လက်စထရိတ်သည် ကော်ဇော အစွန်းကို မ လိုက်ပြီးလျှင် လှန်ပြလိုက်ပြီး သူ ပြောသည့်အတိုင်း ဟုတ်မှန်ကြောင်းကို ပြလေ၏။

'ကော်ဇော အောက်ကို ကြည့်လိုက်တော့လည်း အပေါ်ဘက်မှာလိုပဲ သွေးကွက်ကြီး စွန်းလို့ ခင်ဗျ၊ ကော်ဇော တစ်ဖက်ကိုတောင် လာစွန်းတယ် ဆိုရင် ကြမ်းပြင်မှာလည်း စွန်းနေရမယ် မဟုတ်လား'



လက်စထရိတ်သည်
ကော်ဇော အစွန်းကို မ လိုက်ပြီးလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



ရှားလော့ဟုမ်း ဝေခွဲ မရ ဖြစ်နေပုံကို မြင်လျှင် လက်စထရိတ်သည် သဘောကျကာ တခစ်ခစ် ရယ်လိုက်လျက်

'ကဲ ခု စုံထောက်ကြီးကို ကျွန်တော် ပြမယ် ခင်ဗျ၊ ဒုတိယ သွေးကွက် တစ်ကွက်၊ ဒါပေမဲ့ အဲဒီ သွေးကွက်က ကော်ဇောပေါ်က သွေးကွက် အောက်မှာ မဟုတ်ဘူး၊ တခြား နေရာမှာ'

လက်စထရိတ်သည် ကော်ဇော အခြား တစ်နေရာကို လှန်ပြလိုက်၏။ သူ ပြောသည့် အတိုင်းပင် ပြောင်လက် ဖြူဖွေးနေသည့် ကြမ်းခင်းပေါ်၌ ဒုတိယ သွေးကွက်ကြီး တစ်ကွက်ကို တွေ့ရလေ၏။

'ကဲ ဒါကို စုံထောက်ကြီး ဘယ်လို ပြောမလဲ'

'ဒါက ရှင်းပါတယ်ဗျာ၊ ဒီသွေးကွက် ပုံစံချင်းကတော့ အတူတူပါပဲ၊ ကော်ဇောကို နေရာ ပြောင်းထားလိုက်လို့ နေမှာပေါ့၊ ကော်ဇောက စတုရန်းပုံ၊ ပြီးတော့ ကြမ်းခင်းကို သံမှို စွဲမထားဘူး ဆိုတော့ ဘယ်လိုပဲ လှည့်လှည့် လှည့်လို့ ရတာပေါ့'

'ကော်ဇောကို လှည့်ထားတယ် ဆိုတာလောက်ကိုတော့ ခင်ဗျား ပြောမှ လား မစ္စတာ ဟုမ်းရယ်၊ ဒီလောက်တော့ ပုလိပ်ဘက်ကလည်း သိတာပေါ့၊ ကြမ်း ပေါ်က သွေးကွက်နှင့် ကော်ဇောပေါ်က သွေးကွက်ကို ထပ်ကြည့်လိုက်ရင် သွေး ကွက် ပုံစံချင်း အတူတူပဲ ဆိုတာ ရှင်းသားပဲ၊ ဒါပေမဲ့ ကျွန်တော် သိချင်တာက ကော်ဇောကို ဘယ်သူ ရွှေ့သလဲ၊ ဘာကြောင့် ရွှေ့သလဲ ဆိုတာကို သိချင်တာ ခင်ဗျ'

စိတ်ထဲမှ ကျိတ်၍ စိတ်ဝင်စားလျက် ရှိကြောင်း ရှားလော့ဟုမ်း၏ တင်း မာသော မျက်နှာပေါ်တွင် ကျွန်ုပ် သတိ ပြုလိုက်မိသည်။

'ဒီမှာ လက်စထရိတ်၊ အိမ်ရှေ့က ပုလိပ်က တစ်ချိန်လုံး တာဝန်ယူပြီး ကြည့်နေတာလား'

'ဟုတ်တယ် ခင်ဗျ၊ သူ ကြီးကြပ်ပြီး စောင့်နေတာပဲ'

'ဒါဖြင့် ကျုပ် အကြံပေးမယ်၊ ခင်ဗျား ပုလိပ်ကို သေသေချာချာ စစ်ပါ၊ ဒါပေမဲ့ ကျုပ်တို့ ရှေ့မှာ မစစ်ပါနှင့်၊ ကျုပ်တို့က ဒီနေရာက စောင့်နေမယ်၊ ခင်ဗျား လူကို နောက်ဖေးခန်းထဲ ခေါ်စစ်ပါ၊ သူ့ဆီက ဖြောင့်ချက် တစ်ခုခု ရမှာ အမှန်ပဲ၊ ဘာဖြစ်လို့ အပြင်လူတွေကို အခန်းထဲ ဝင်ခွင့်ပေးရသလဲ၊ အခန်း ထဲမှာ အပြင်လူတွေချည်း ဘာဖြစ်လို့ လွတ်ထားပစ်ခဲ့ရသလဲ ဆိုတာကို မေးပါ၊ သူ ရွှေ့တာလား ဘာလားတို့ သွားမမေးပါနှင့်၊ အားလုံး သိပြီးသား အနေနဲ့





မေးကြည့်ပါ၊ တစ်ယောက်ယောက် လာတယ် ဆိုတာ ခင်ဗျား သိတယ် ဆိုတာ လောက်ကိုပဲ ပြောပြပါ၊ မရ ရအောင် မေးပါ၊ ဖြောင့်ချက် ပေးရင် သူ့ကို ဘာမှ အရေး မယူဘူး ဆိုတာ ရှင်းပြပါ၊ ကဲ ကျုပ်ပြောတဲ့ အတိုင်း ခင်ဗျား လုပ်ပါ'

'ခင်ဗျာ၊ သူ သိတယ် ဆိုရင် ဒီကောင်ကို ကျွန်တော် ထုတ်ပစ်မှာပေါ့'

ဟု အော်ကာ လက်စထရိတ်သည် အိမ်ရှေ့ခန်းသို့ ပြေးထွက်သွားပြီး နောက် တစ်ခဏ ကြာလျှင် နောက်ဖေးဘက်မှ ငေါက်ငမ်းနေသည့် အသံများကို ကြားရ လေ၏။

'ကဲ ဝပ်ဆင်ရေ၊ မြန်မြန်ဗျို့၊ မြန်မြန်' ဟု ဆိုကာ ရှားလော့ဟုမ်းက စိတ်အား ထက်သန်စွာ အော်လိုက်လေ၏။ ခပ်စောစောက အင်တင်တင် ဖြစ်နေ သည့် ရှားလော့ဟုမ်း၏ အမူအရာသည် ရုတ်ခြည်း ပျောက်ကွယ်သွားကာ သရဲ မင်းရဲ့ စီးသကဲ့သို့သော အားခွန်မျိုးသည် ရှားလော့ဟုမ်း၏ ကိုယ်မှ ပေါက်ကွဲ ထွက်လာသကဲ့သို့ ရှိလေ၏။ ရှားလော့ဟုမ်းသည် ခင်းထားသော ကော်ဇောကို ကြမ်းပြင်ပေါ်မှ ဆွဲဖယ်လိုက်ပြီးလျှင် ကြမ်းပြင်တွင် လေးဖက် ထောက်လျက် သစ်သားတုံးကလေး တစ်ခုစီကို လက်ဖြင့် လိုက်ခွာလျက် ရှိလေ၏။ အခြားသော သစ်သားတုံးကလေးများကို ခွာ၍ မရသော်လည်း သစ်သားတုံးကလေး တစ်တုံး မှာမူ လက်သည်းဖြင့် ကလော် လိုက်သည်တွင် ဘေးသို့ ထောင်သွားကာ သေတ္တာ အဖုံး တစ်ခုကဲ့သို့ အပေါ်သို့ လန်တက်လာလေ၏။ အောက်တွင် အပေါက်က လေး တစ်ခုကို တွေ့ရလေ၏။

ရှားလော့ဟုမ်းသည် လက်ဖြင့် အပေါက်ထဲသို့ ကပျာကယာ နှိုက်ကြည့် လိုက်၏။

ထို့နောက် စိတ်ပျက် ဒေါသထွက်သည့် အသံနှင့် အတူ လက်ကို ပြန် ရုပ်လိုက်လေ၏။ အထဲတွင် ဘာမျှ မတွေ့ရချေ။

'အိုင်ဆေး မြန်မြန် လုပ်ဗျို့၊ သူ့ နေရာ အတိုင်း ပြန်ရွှေ့၊ သူ့ နေရာ အတိုင်း ပြန်ရွှေ့'

သစ်သားတုံးကလေးကို ပြန်ထည့်ပြီး ကော်ဇောကို သူ့ နေရာ အတိုင်း ပြန်ရွှေ့ပြီးသည်နှင့် တစ်ပြိုင်နက် နောက်ဖေးခန်းဘက်ဆီမှ လာနေသော လက် စထရိတ်၏ အသံကို ကြားလိုက်ရလေ၏။ လက်စထရိတ် ဝင်လာသည့် အခါ တွင် ရှားလော့ဟုမ်းမှာ နာရီစင်ကြီးကို ပျင်းတိပျင်းတွဲ မှီရပ်ရင်း သမ်းဝေလျက် ရှိသည်ကို တွေ့ရလေ၏။


'မစ္စတာ ဟုမ်းကို အစောင့် ခိုင်းရတာ ဆောရီးပဲဗျ၊ ခင်ဗျား ကြည့်



www.burmeseclassic.com

www.burmeseclassic.com





ရှားလော့ဟုမ်းသည် လက်ဖြင့်
အပေါက်ထဲသို့ ကမ္ဘာကယာ နိုက်ကြည့်လိုက်၏။

ရတာ တော်တော် ပျင်းနေတဲ့ ပုံပဲ၊ ဟုတ်တယ် ခင်ဗျူ၊ ဒီကောင် ဖြောင့်ချက် ပေးပြီးပြီ၊ ပေ့ကောင် မက်ဖာဆန်၊ လာစမ်း၊ ပေ့ာဒီက မိတ်ဆွေကြီးတွေ ရှေ့မှာ မင်း လုပ်တာကို ပြောပြစမ်း၊ တော်တော် ဟုတ်တဲ့ ကောင်ကွာ'





ကြီးမား တုတ်ခိုင်သည့် ပုလိပ်ကြီးသည် စိတ်ဆိုးလျက် အခန်းထဲသို့ ဝင်လာလေ၏။

'ကျွန်တော်လည်း ကိစ္စ မရှိတန်ကောင်းဘူး ထင်လို့ ခွင့်ပြုလိုက်တယ် ခင်ဗျ၊ မနေ့ ညနေက အိမ်ကို ခပ်ရွယ်ရွယ် အမျိုးသမီး တစ်ယောက် လာတယ်၊ အိမ်မှားပြီး ဝင်လာတာ ခင်ဗျ၊ ကျွန်တော်လည်း သူနှင့် စကား ပြောနေမိတယ်၊ ဒီလို နေရာမျိုး လာပြီး ဂျူတီ ကျရတာ ဘယ်လောက် ပျင်းစရာ ကောင်းသလဲ ဆိုတာ ဆရာတို့လည်း သိသားပဲ ခင်ဗျား'

'ပြီးတော့ ဘာဖြစ်သေးသလဲ'

'အဲဒီ လူသတ်မှု ဖြစ်တဲ့ နေရာကို ကြည့်ချင်တယ်တဲ့၊ သတင်းစာထဲမှာ အဲဒီ လူသတ်မှု အကြောင်းကို တွေ့လိုက်တယ်တဲ့၊ အမျိုးသမီးက တော်တော် ယဉ်ကျေးပြီး အထက်တန်းစားထဲက ခင်ဗျ၊ ဒါနှင့် ကျွန်တော်လည်း ကိစ္စ မရှိတန် ကောင်းပါဘူးလေ၊ ကြည့်ချင် ကြည့်ပါစေ ဆိုပြီး ကြည့်ခွင့် ပြုလိုက်တယ် ခင်ဗျ၊ ကော်ဇောပေါ်က သွေးကွက်ကြီးလည်း မြင်လိုက်ရော အမျိုးသမီးဟာ ကော်ဇောပေါ် မေ့လဲ ကျသွားတယ် ခင်ဗျ၊ ဒါနှင့် ကျွန်တော်လည်း နောက်ဖေးကို ပြေး၊ ရေတစ်ခွက် ခပ်ပြီး ရေတိုက်တယ်၊ ဒါပေမဲ့ အမျိုးသမီးက သတိ ပြန်မရဘူး ခင်ဗျ၊ ဒီတော့မှ လမ်းထောင့်မှာ ရှိတဲ့ အိုင်ဗီ ပလင့် ပျော်ပွဲစားရုံကို သွားပြီး ဘရန်ဒီ နည်းနည်းလောက် တောင်းတယ်၊ ကျွန်တော် ပြန်လာတော့ အမျိုးသမီးက သတိ ပြန်ရပြီး ရှက်တာနှင့် ပြန်ထွက်သွားပြီ ခင်ဗျ၊ သူ့ကို မတွေ့ရတော့ဘူး၊ ကျွန်တော့်ကို မျက်နှာချင်း ဆိုင်ရမှာ ရှက်တာနှင့် လစ်ပြေးတယ် ထင်တာပဲ ခင်ဗျ'

'ကော်ဇောကို ရွှေ့ပစ်တာကကော'

'ကျွန်တော် ပြန်လာတော့ ကော်ဇောက နည်းနည်း တွန့်နေတယ် ခင်ဗျ၊ ကော်ဇောပေါ် လဲကျတော့ အောက်က ကြမ်းခင်းကလည်း ပြောင်ချောနေလို့ တွန့်သွားတာပဲလို့ ကျွန်တော် ထင်လိုက်တယ် ခင်ဗျ၊ ဒါနှင့် ကျွန်တော်ကပဲ ကော်ဇောကို ပြန့်အောင် လုပ်လိုက်တယ်'

လက်စထရိတ်က ခပ်တည်တည်ဖြင့်

'ဒီမှာ မက်ဖာဆန်၊ ငါ့ကို လိမ်လို့ မရဘူး ဆိုတာ မြဲမြဲ မှတ်ထား၊ မင်း တာဝန် ပျက်တာကို ငါတို့ မသိဘူးလို့ မင်းကတော့ ထင်မှာပေါ့၊ ဒါပေမဲ့ ကော်ဇောကို ကြည့်လိုက်ရုံနှင့် အခန်းထဲကို တစ်ယောက်ယောက် ဝင်ထား ဆိုတာ ငါ သိတယ်ကွ၊ ငါလည်း ပုလိပ် လုပ်လာတာ အံခွနေပြီ၊ ဒါပေမဲ့ အခန်း



www.burmeseclassic.com

www.burmeseclassic.com

ထဲမှာ ဘာပစ္စည်းမှ မပျောက်လို့ မင်း ကံကောင်းတယ် မှတ်လိုက်ပါ၊ နို့မို့ရင် ခုလောက်ဆို မင်း အချုပ်ထဲ ရောက်နေပြီ သိလား၊ မစ္စတာ ဟုမ်းကို ဘာမဟုတ်တဲ့ ကိစ္စကလေး အတွက် ခေါ်မိတာ အားနာပါတယ်ဗျာ၊ ဒါပေမဲ့ ဒုတိယ သွေးကွက်နှင့် ပထမ သွေးကွက် နေရာ တခြားစီ ဖြစ်နေတာကိုတော့ စုံထောက်ကြီး စိတ်ဝင်စားလိမ့်မယ် ထင်ပါရဲ့'

'အလွန် စိတ်ဝင်စားစရာ ကောင်းပါတယ်ဗျာ၊ ဘယ့်နှယ် ပြောပါလိမ့်၊ ဒီမှာ ရဲဘော်၊ ဒီအမျိုးသမီး ဒီကို လာတာ တစ်ခေါက်တည်းပဲလား'

'ဟုတ်ပါတယ် ခင်ဗျာ၊ တစ်ခေါက်တည်းပါ'

'အမျိုးသမီးက ဘယ်သူတဲ့လဲ'

'နာမည်ကိုတော့ မသိပါဘူး ခင်ဗျာ၊ လက်နှိပ်စက် စာရေး ကြော်ငြာတွေ့လို့ အလုပ် လာလျှောက်တာ အိမ် မှားပြီး ဝင်လာတာပါ၊ အမျိုးသမီးက တော်တော်လေးကို ချောပါတယ် ခင်ဗျ၊ ပြီးတော့ တော်တော်လည်း ယဉ်ကျေးတဲ့ အမျိုးသမီးပါ'

'အရပ် မြင့်မြင့်၊ ချောချော မဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျာ၊ အထက်တန်းစားက လာတဲ့ အမျိုးသမီးပါ၊ ဆရာတို့ မြင်ရင်လည်း ချောတယ်လို့ ပြောမှာပါပဲ၊ တချို့ ဆိုရင် တော်တော့်ကို ချောတဲ့ မိန်းမလို့တောင် ပြောကြမယ် ထင်ပါတယ်၊ သူက ရာဇဝတ်အုပ်မင်းရယ် ခဏ တစ်ဖြုတ် ကြည့်လို့ မရဘူးလားတဲ့၊ သူ ပြောပုံကလည်း ယဉ်ယဉ်ကျေးကျေး ဆိုတော့ အခန်းဝက ခေါင်းပြူ ကြည့်ခွင့် ပြုတာလောက်တော့ ကိစ္စ မရှိတန်ကောင်းဘူး ဆိုပြီး ခွင့်ပြုလိုက်တာပါပဲ ခင်ဗျား'

'အဝတ်အစားက ဘယ်လို ဝတ်စားထားသလဲ'

'ဣန္ဒြေရရပါပဲ၊ ခြေမျက်စိ အထိ ရှည်တဲ့ ဝတ်ရုံရှည်ကြီးကို ဝတ်ထားတယ် ခင်ဗျ'

'သူ လာတော့ ဘယ်အချိန်လဲ'

'အဲဒီ အချိန်က နည်းနည်းတော့ မှောင်စပြုနေပြီ ခင်ဗျ၊ ကျွန်တော် ဘရန်ဒီ တောင်းပြီး ပြန်လာတော့ မီးသမားတွေဟာ လမ်း ဓာတ်ငွေ့ မီးတိုင်တွေကိုတောင် လိုက်ထွန်းနေကြပြီ'

'ဟုတ်ပြီလေ၊ ကဲ အိုင်ဆေးရေ၊ ကျုပ်တို့ ပြန်လိုက်ကြဦးစို့ရဲ၊ အရေးကြီးတဲ့ အလုပ်ကလေးတွေ ရှိနေသေးတယ်'

လမ်းပေါ်သို့ ရောက်သည့် အခါ၌ ရှားလော့ဟုမ်းသည် နှုတ်ခမ်းတွင်





ကပ်၍ လက်ညှိုး ထောင်ပြလိုက်ပြီးနောက် လက်ကို ရင်ဘတ်တွင် ကပ်လိုက်ကာ တဟားဟား ရယ်လျက် ရှိလေ၏။

'ဟန်လိုက်လေဗျာ၊ ကဲ ဝပ်ဆင်ရေ၊ ခု ပြဇာတ် နောက်ဆုံး အခန်းကို ရောက်တော့မယ်ဗျ၊ ဥရောပမှာ စစ်ကြီးလည်း မဖြစ်ဘူး၊ ကျုပ်တို့ ဥရောပရေးရာ ဝန်ကြီးလည်း ရာထူးတို့ ဘာတို့ကို မထိခိုက်ဘူး၊ အစိုးရကလည်း သူ့ကို ဘာမှ ပြစ်ဒဏ် မပေးဘူး၊ ကျုပ်တို့ ဝန်ကြီးချုပ်မှာလည်း ဥရောပ အရေးအခင်းတွေနှင့် ပတ်သက်လို့ ဦးနှောက် ခြောက်စရာ မလိုတော့ဘူး၊ ပြီးတော့ ကျုပ်တို့ လိမ်လိမ်မာမာ ကိုင်တွယ်တတ်ရင် တော်တော် အရုပ် ဆိုးပြီး ဟိုးလေးတကျော် ဖြစ်နိုင်တဲ့ ကိစ္စကြီး တစ်ခုအတွက် ဘယ်သူမှလည်း မနစ်နာတော့ဘူး ဆိုတာ ခင်ဗျားကြားရရင် ခင်ဗျားလည်း ဝမ်းသာမှာပဲလို့ ကျုပ် ထင်တယ်'

ကျွန်ုပ်မှာမူ ရှားလော့ဟုမ်း၏ ထူးခြားသော အရည်အချင်းများကို ကြည့်ကာ လေးစား ကြည်ညိုသည်ထက် လေးစားလာခဲ့လေပြီ။

'အလို၊ ဒါဖြင့် ခင်ဗျား အမှုကို ပေါ်အောင် စုံစမ်းပြီးပြီပေါ့'

'ဘယ် ပြီးရဦးမှာလဲဗျာ၊ တချို့ အချက်တွေကို ခုထက်ထိ ရှင်းလို့ မရသေးဘူး၊ သို့သော်လည်း အချက်အလက် တော်တော် များများကို ရထားလေတော့ ကျန်တာလောက်ကို ကျုပ်တို့ မလိုက်နိုင်ရင် ကျုပ်တို့ ညံ့လို့ ဖြစ်ရမှာပေါ့၊ ကဲ ကျုပ်တို့ ဝန်ကြီးဆီကို သွားပြီး ပြဿနာကို ရှင်းလိုက်ချင်တယ်ဗျ'

ဥရောပ ဝန်ကြီး နေထိုင်ရာ ဝှိုက်ဟော တာရာစ်သို့ ရောက်လျှင် ရှားလော့ဟုမ်းသည် ဝန်ကြီးကတော် ရှိ မရှိကို မေးမြန်း စုံစမ်းခြင်း ပြုလေ၏။ ကျွန်ုပ်တို့သည် ဧည့်ခန်းထဲသို့ ဝင်လာခဲ့ကြလေ၏။ ဝန်ကြီးကတော်၏ မျက်နှာမှာ ဒေါသကြောင့် ပန်းနုသွေးရောင် လျှမ်းလျက် ရှိလေ၏။

'မစ္စတာ ဟုမ်း၊ ရှင် ဘယ်လို လုပ်လိုက်တာလဲဟင်၊ ဒီလိုတော့ လုပ်ဖို့ မကောင်းပါဘူးရှင်၊ ကျွန်မ ရှင့်ဆီ လာတာကို လျှို့ဝှက်ထားပါလို့ ကျွန်မ ပြောခဲ့လျက်သားနှင့် ခုတော့ ရှင် ဒီကို လိုက်လာတာကတော့ မလွန်လွန်းဘူးလား၊ ကျွန်မ ယောကျ်ားက သူ့ကိစ္စတွေထဲမှာ ဝင်ရှုပ်တယ်လို့ ထင်မှာ စိုးလို့ ကျွန်မက တိတ်တိတ် လာတာကို ရှင်က လိုက်ပြီး မသိ သိအောင် လုပ်သလို ဖြစ်နေတယ်၊ ခု ရှင် ဒီလို လိုက်လာတော့ ကျွန်မနှင့် ရှင် အဆက်အသွယ် လုပ်နေတယ် ဆိုတာ သိသွားရင် ကျွန်မ အနေနှင့် ဘယ်ကောင်းပါတော့မလဲ'

'ဝမ်းနည်းပါတယ် ဝန်ကြီးကတော်၊ ကျွန်တော့်မှာ ဒီနည်းမှ အပ တခြား နည်း မရှိတော့တဲ့ အတွက် လာရတာပါ၊ ကျွန်တော့် တာဝန်က ဒီစာကို [illegible]ချင်း



www.burmeseclassic.com


www.burmeseclassic.com



တွေ့အောင် ရှာဖို့ တာဝန် ရှိပါတယ်၊ ဒီတော့ ဒီစာကို ကျွန်တော့် လက်ကို အပ်ပါလို့ ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်'

အမျိုးသမီးသည် ထိုင်ရာမှ ရုတ်တရက် ထလိုက်လေ၏။ မျက်နှာတွင် သွေးရောင်တို့သည် ရုတ်ခြည်း ပျောက်ကွယ်သွားကြလေပြီ။ မျက်လုံးများသည် ဝင်းဝင်း တောက်လျက် ရှိကြပြီး ကိုယ်ကို မတ်မတ် မထိန်းနိုင်တော့ဘဲ ယိုင်၍ သွားလေရာ ကျွန်ုပ် စိတ် အထင်တွင် မူးမေ့ လဲကျသွားတော့မည်လောဟု ထင်လိုက်မိလေ၏။ ထို့နောက် အမျိုးသမီးသည် ပြန်၍ ဣန္ဒြေ ဆည်လိုက်၏။ အလွန် အမင်း အံ့အားသင့်ခြင်းနှင့် ဒေါသ အမျက် ခြောင်းခြောင်း ထွက်ခြင်းတို့သည် မျက်နှာပေါ်တွင် ရှေ့ဆင့် နောက်ဆင့် ပေါ်လာကြလေ၏။

'မစ္စတာ ဟုမ်း၊ ရှင် ရှင် စော်ကားလှချည်လားဟင်'



'မစ္စတာ ဟုမ်း၊
ရှင် ရှင် စော်ကားလှချည်လားဟင်'





'ပေးပါ ဝန်ကြီးကတော်၊ ဒီလို ပြောနေလို့ အကျိုး မထူးပါဘူး၊ စာကိုသာ ပေးပါ'

အမျိုးသမီးသည် ခေါင်းလောင်းဆီသို့ ပြေးသွားလေ၏။

'ရှင်တို့ကို ဘဏ္ဍာစိုးကို နှင် အထုတ်ခိုင်းလိုက်မယ်'

'ခေါင်းလောင်းကြိုးကို မဆွဲပါနှင့် ဝန်ကြီးကတော်၊ ကျွန်တော်က ဒီကိစ္စကို လူမသိဘဲ ပြီးသွားအောင် ကြိုးစားနေတာ၊ ဝန်ကြီးကတော်က ခုလို လုပ်ရင် အားလုံး အရှက်တကွဲ အကျိုးနည်း ဖြစ်ကုန်ကြလိမ့်မယ်၊ စာကိုသာ ကျွန်တော့်ကို ပေးပါ၊ ကိစ္စတွေ ရှင်းသွားအောင် ကျွန်တော် လုပ်ပါ့မယ်၊ ကျွန်တော့်ကို ကူညီမယ် ဆိုရင် အစစအရာရာ ပြေလည်အောင် ကျွန်တော် လုပ်ပေးပါ့မယ်၊ ကျွန်တော့်ကို မကူညီဘူး ဆိုရင်တော့ ကျွန်တော် အားလုံး ထုတ်ပြော လိုက်ရပါလိမ့်မယ်'

ဝန်ကြီးကတော်သည် ကိုယ်ကို မတ်မတ်ထားကာ ဣန္ဒြေ မပျက် ရပ်နေလေ၏။ သူ့မျက်လုံးများသည် ရှားလော့ဟုမ်း၏ စိတ်ကို စူးစမ်းနေသည့်နှယ် တည့်တည့်ကြီး စိုက်ကြည့်လျက် ရှိလေ၏။ လက်မှာ ခေါင်းလောင်းကြိုးကို ဆုပ်ထားလေ၏။ သို့ရာတွင် ခေါင်းလောင်းကို မဆွဲနိုင်ဘဲ တန့်နေ၏။

'ရှင် ကျွန်မကို ခြိမ်းခြောက်နေတာပေါ့ ဟုတ်လား၊ ဒီကို လာပြီး မိန်းမတစ်ယောက်ကို ခြိမ်းခြောက်တယ် ဆိုတာ ယောကျ်ား မပီသပါဘူး မစ္စတာ ဟုမ်း၊ ရှင်က ဒီကိစ္စနှင့် ပတ်သက်လို့ သိတယ် ဆိုတော့ ဘာတွေများ သိထားလို့လဲ'

'ထိုင်ပါဦး ဝန်ကြီးကတော်၊ လဲကျသွားရင် အနာတရ ဖြစ်နေပါဦးမယ်၊ ဒီတော့ မထိုင်မချင်း ကျွန်တော် မပြောဘူး၊ ဟုတ်ပြီ ခင်ဗျ၊ ကျေးဇူးတင်တယ်'

'ကျွန်မ ရှင့်ကို ငါးမိနစ် အချိန် ပေးမယ် မစ္စတာ ဟုမ်း'

'တစ်မိနစ် ဆိုရင် လုံလောက်ပါပြီ ခင်ဗျာ၊ လူးကတ် ဆိုတဲ့ လူဆီကို ဝန်ကြီးကတော် သွားတာ၊ ဒီစာ သူ့ကို ပေးတာ၊ မနေ့ညက အဲဒီ အချင်းဖြစ်တဲ့ အခန်းကို ဝန်ကြီးကတော် ပြန်လာတာ၊ ပြန်လာပြီး ကော်ဇောအောက် ဝှက်ထားတဲ့ နေရာက အဲဒီ စာကို ပြန်ယူသွားတာ၊ ဒါတွေ အားလုံးကို ကျွန်တော် သိတယ် ဝန်ကြီးကတော်'

သွေး မရှိသော မျက်နှာဖြင့် ဝန်ကြီးကတော်သည် ရှားလော့ဟုမ်းကို ငေးငေးကြီး ကြည့်လျက် ရှိလေ၏။ အတန်ကြာမှ တံတွေးကို နှစ်ကြိမ် မျိုချလိုက်ပြီးနောက်

'မစ္စတာ ဟုမ်း၊ ရှင် ရူးနေသလားဟင်၊ ရှင် ရူးနေသလား'



www.burmeseclassic.com

www.burmeseclassic.com



ရှားလော့ဟုမ်းသည် အိတ်ထဲမှ ကတ်ပြားကလေး တစ်ခုကို ထုတ်ယူလိုက်လေ၏။ ထိုအရာမှာ ဓာတ်ပုံ တစ်ပုံမှ ဖြတ်ယူထားသော အမျိုးသမီး တစ်ယောက်၏ ပုံ ဖြစ်လေ၏။

'အသုံးဝင်မယ် ထင်လို့ ဒီပုံလေးကို ယူလာခဲ့တယ် ခင်ဗျ၊ ဒီပုံကို မြင်ရင် ပုလိပ်ကတော့ မှတ်မိမှာပဲ'

အမျိုးသမီးသည် တစ်ချက် အော်လိုက်ပြီးလျှင် ခေါင်းသည် ကုလားထိုင်နောက်မှီသို့ ပက်လက် လန်ကျသွားလေ၏။

'ကဲ ပြောပါ လေဒီ ဟီလဒါ၊ ခင်ဗျားဆီမှာ စာ ရှိပါတယ်၊ စာကို ပေးလိုက်ရင် အဆင်ပြေအောင် လုပ်ယူလို့ ရပါတယ်၊ ခင်ဗျားကို ကျွန်တော် အနှောင့်အယှက် မပေးချင်ပါဘူး၊ ပျောက်သွားတဲ့ စာကို ခင်ဗျား ယောကျ်ား လက်ထဲကို ပြန်ရောက်အောင် အပ်နိုင်ပြီ ဆိုရင် ကျွန်တော့် တာဝန် ပြီးပါပြီ၊ ကျွန်တော့်စကားကို နားထောင်ပြီး ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ပြောပါ၊ ဒါဟာ ခင်ဗျားအဖို့ တစ်ခုတည်းသော အခွင့်အရေးပဲ'

အမျိုးသမီးကား အတော် သတ္တိ ကောင်းလှပေ၏။ အမျိုးသမီးသည် ယခု အချိန်ထိ နောက်မဆုတ်သေးချေ။

'မစ္စတာ ဟုမ်း၊ ရှင် ရူးနေပြီ ထင်တယ်၊ စိတ်မှ ကောင်းသေးရဲ့လား ဟင်'

ရှားလော့ဟုမ်းသည် ကုလားထိုင်မှ ထလိုက်လေ၏။

'ခင်ဗျား အတွက် ကျွန်တော် စိတ်မကောင်းပါဘူး လေဒီ ဟီလဒါ၊ ခင်ဗျား အတွက် ကျွန်တော် အကောင်းဆုံး ဖြစ်အောင် လုပ်ပေးခဲ့ပြီးပြီ၊ ခုတော့ ကျွန်တော် လုပ်ပေးလည်း အလကားပဲ'

ရှားလော့ဟုမ်းသည် ခေါင်းလောင်းကြိုးကို ဆွဲလိုက်လေရာ ဘဏ္ဍာစိုး ဝင်လာလေ၏။

'ဝန်ကြီး အိမ်မှာ ရှိသလား'

'နာရီပြန် တစ်ချက် မထိုးခင် ဆယ့်ငါးမိနစ်မှာ ပြန်ရောက်ပါမယ် ခင်ဗျာ'

ရှားလော့ဟုမ်းက နာရီကို ငုံ့ကြည့်လိုက်လေ၏။

'နောက်ထပ် ဆယ့်ငါးမိနစ် လိုပါသေးလား၊ ဟုတ်ပြီလေ၊ ကျုပ် စောင့်နေဦးမယ်'

အခန်းထဲမှ ဘဏ္ဍာစိုး ပြန်ထွက်သွားသည်နှင့် တစ်ပြိုင်နက် လေဒီ ဟီလဒါသည် ရှားလော့ဟုမ်း၏ ခြေရင်းတွင် ဒူးထောက် ထိုင်ချလိုက်ပြီး လ...





နှစ်ဖက်ကို ဆန့်တန်းထားလျက် လှပသော မျက်နှာပေါ်တွင် မျက်ရည်တို့ စိုစွတ်လျက် ရှိရာမှ ရှားလော့ဟုမ်းကို မော့ကြည့်နေလေ၏။

'မစ္စတာ ဟုမ်းရယ်၊ ကျွန်မကို ချမ်းသာပေးပါနော်၊ ကျွန်မကို ချမ်းသာပေးပါ၊ ရှိခိုးပါရဲ့ရှင်၊ သူ့ကိုတော့ မပြောလိုက်ပါနှင့်၊ ကျွန်မ သူ့ကို သိပ်ချစ်ပါတယ်၊ သူ့ဘဝမှာ ဘာမှ အစွန်းအထင်း မရှိစေချင်ပါဘူး၊ ဒီသတင်းကိုသာ ကြားရင်တော့ သူ ရင်ကွဲတော့မှာပါပဲရှင်၊ အင်မတန် စိတ်ထား မြင့်မြတ်တဲ့ လူပါ'

ရှားလော့ဟုမ်းက အမျိုးသမီးကို လက်ဆွဲ၍ အထခိုင်းလိုက်ပြီးလျှင်

'ကျေးဇူးတင်ပါတယ် ဝန်ကြီးကတော်၊ ခုလို နောက်ဆုံး အချိန်မှာတောင် ကိုယ့်ကိုယ်ကိုယ် ပြန်ထိန်းနိုင်တယ် ဆိုတော့ ကျွန်တော် ဝန်ကြီးကတော်ကို ကျေးဇူး တင်ပါတယ်၊ ကဲ အချိန် သိပ် မရှိတော့ဘူး ခင်ဗျ၊ စာ ဘယ်မှာလဲ'

အမျိုးသမီးသည် စာရေးစားပွဲ တစ်လုံးဆီသို့ တစ်ဟုန်ထိုး ပြေးသွားကာ သော့ကို ဖွင့်လိုက်ပြီးလျှင် အပြာရောင် စာအိတ်ရှည် တစ်လုံးကို ယူလာလေ၏။

'ဟောဒီမှာပါ မစ္စတာ ဟုမ်း၊ ဒီစာကို ကျွန်မ ဘာမှ မလုပ်ရသေးပါဘူး ရှင်၊ ဘုရား သိပါတယ်'

ရှားလော့ဟုမ်းက တစ်ကိုယ်တည်း ပြောသည့်ဟန်ဖြင့်

'အင်း၊ ဘယ်လို လုပ်ပြီး ပြန်ပေးရမှန်းတောင် မသိသေးပါဘူး ခင်ဗျာ၊ ကဲလေ တစ်နည်းနည်းတော့ ကြံဖန် ပြောရတော့မှာပေါ့၊ စာ ထည့်တဲ့ သေတ္တာကလေးက ဘယ်မှာလဲ'

'သူ့ အိပ်ခန်းထဲမှာ ရှိသေးတယ်ရှင့်'

'တော်သေးတာပေါ့ ခင်ဗျာ၊ ကဲ ဝန်ကြီးကတော် မြန်မြန် ခင်ဗျ၊ ဒီကို ယူလာခဲ့'

ခဏအကြာတွင် အမျိုးသမီးသည် စာ ထည့်သည့် အနီရောင် သေတ္တာပြားကလေးကို ကိုင်၍ ထွက်လာလေ၏။

'ဒီသေတ္တာကို ဖွင့်တုန်းက ဘယ်လို ဖွင့်သလဲ၊ ခင်ဗျားမှာ သော့တူ ရှိတယ် မဟုတ်လား၊ ရှိရမှာပေါ့၊ ကဲ မြန်မြန် ဖွင့်ဗျာ'

လေဒီ ဟီလဒါသည် ရင်အုံထဲမှ သော့လေး တစ်ချောင်းကို ထုတ်ယူလိုက်၏။ သေတ္တာသည် ပွင့်သွားလေ၏။ သေတ္တာထဲ၌ကား စာရွက်စာတမ်း တစ်ထပ်ကြီးကို တွေ့ရလေ၏။

ရှားလော့ဟုမ်းသည် စာအိတ်ပြာကို စာရွက်များ ကြားထဲတွင် ထိုးထည့်



www.burmeseclassic.com

www.burmeseclassic.com



ညှပ်သွင်းလိုက်ပြီး သေတ္တာကို ပြန်ပိတ်ကာ သော့ခတ်ပြီးလျှင် အခန်းထဲသို့ ပြန်ထားလိုက်လေ၏။

'ကဲ ကိစ္စ ပြီးပြီ၊ လာချင် လာပစေတော့ဗျ၊ နောက်ထပ် ဆယ်မိနစ်တောင် ကျန်သေးတယ်၊ ကျွန်တော့် အနေနှင့် ခင်ဗျားကို တတ်နိုင်သမျှ အကာအကွယ် ပေးပြီးပြီ လေဒီ ဟီလဒါ၊ ဒီတော့ ကျွန်တော့်ကို ကျေးဇူးဆပ်တဲ့ အနေနှင့် ဒီကိစ္စ ဘယ်လို ဖြစ်သလဲ ဆိုတာကို ကျွန်တော့်ကို ပြောပြပါ'

'ဟုတ်ပါတယ် မစ္စတာ ဟုမ်းရယ်၊ ရှင့်ကို ကျွန်မ လုံးဝဥဿုံ ပြောပြပါ့မယ်၊ တကယ်တော့ ကျွန်မ လက်ကို ဖြတ်ပစ်ဖို့တောင် ကောင်းပါတယ်ရှင်၊ တကယ်ပါ၊ ကျွန်မဟာ ကျွန်မ ယောက်ျားကို တော်တော် ချစ်ပါတယ်၊ ပြောလို့ ပြောတာ မဟုတ်ပါဘူး၊ လန်ဒန်မြို့မှာ ကိုယ့် ယောက်ျားကို ချစ်တဲ့ မိန်းမတွေ အနက် ကျွန်မလောက် ကိုယ့် ယောက်ျားကို ချစ်တဲ့ မိန်းမရယ်လို့ ရှိတောင် ရှိမယ် မထင်ပါဘူး၊ ဒါပေမဲ့ ကျွန်မ လုပ်တာကိုများ သူ သိသွားရင် ကျွန်မကို ဘယ်တော့မှ ခွင့်လွှတ်တော့မှာ မဟုတ်ဘူး ထင်ပါတယ်၊ တကယ်တော့ ဒါကို လည်း ကျွန်မ လုပ်ချင်လို့ လုပ်ရတာ မဟုတ်ပါဘူး၊ မလုပ် မဖြစ်လို့ လုပ်ရတာပါ၊ ကျွန်မ လုပ်တာဟာ သူ့ဂုဏ်သိက္ခာကို ထိခိုက်လေတော့ သူ မေ့နိုင်မှာလည်း မဟုတ်ဘူး၊ ခွင့်လွှတ်မှာလည်း မဟုတ်ဘူး၊ တကယ်တော့ ဒီအလုပ်ကို ကျွန်မ လုပ်ချင်လို့ လုပ်ခဲ့တာ မဟုတ်ပါဘူး၊ ကျွန်မကို အတင်းအကျပ် လုပ်ခိုင်းလို့ လုပ်ခဲ့ရတာပါ၊ ကျွန်မကို ကယ်ပါ မစ္စတာ ဟုမ်းရယ်၊ ကျွန်မတို့ အားလုံးရဲ့ ဘဝမှာ ဒုက္ခ လှလှကြီး တွေ့နေရပါပြီ'

'ကဲ ပြောစရာ ရှိရင် မြန်မြန်ပြော ခင်ဗျား၊ အချိန်က သိပ် မကျန်တော့ဘူး'

'ဖြစ်ပုံက ကျွန်မ စာ တစ်စောင်ကြောင့် ဖြစ်တာပါရှင်၊ သူနှင့် ကျွန်မ လက်မထပ်ခင် ကျွန်မ အပျိုပေါက် အရွယ် ကလေးတုန်းက စိတ် ကစားတတ်တဲ့ အရွယ် ဆိုတော့ ရူးရူးမိုက်မိုက် စာတစ်စောင် ရေးခဲ့မိပါတယ်၊ ဟိုတုန်းက ရေးလိုက်မိတဲ့ စာ ဆိုတော့ ကျွန်မ စိတ်ထဲမှာ အရေးကြီးတယ်လို့ မယူဆပါဘူး၊ ဒါပေမဲ့ ဒီစာကို သူ တွေ့သွားရင်တော့ ကျွန်မကို အထင် လွဲသွားတော့မယ်လို့ ကျွန်မ ထင်ပါတယ်၊ သူသာ ဒီစာကို ဖတ်လိုက်ရရင် ကျွန်မ အပေါ်မှာ တစ်သက်လုံး အယုံအကြည် ရှိတော့မှာ မဟုတ်ဘူး။

'စာကို ရေးခဲ့တာကတော့ ကြာလှပါပြီ၊ ဟိုရေး ပဝေသဏီကပါ၊ ကျွန်မလည်း ဒီကိစ္စကို မေ့ပျောက်သလောက် ဖြစ်နေပါပြီ၊ နောက်ဆုံးကျတော့ လူး





ကတ် ဆိုတဲ့လူ လက်ထဲမှာ အဲဒီစာ ရောက်နေတယ် ဆိုတဲ့ အကြောင်းကို သိရပါတယ်၊ ပြီးတော့လည်း ဒီစာကို ကျွန်မ ယောက်ျားဆီကို ပို့မယ်လို့ ပြောပါတယ်၊ ကျွန်မက သူ့ကို တောင်းပန်ပါတယ်၊ ဒါပေမဲ့ မရပါဘူးရှင်၊ ဒီစာကို ပြန်လိုချင်ရင် ကျွန်မ ယောက်ျားရဲ့ စာသေတ္တာထဲမှာ ရှိတဲ့ စာရွက် တစ်ရွက်ကို ယူပေးရမယ်တဲ့၊ အဲဒီ စာနှင့် လဲမယ်တဲ့၊ သူက ကျွန်မ ယောက်ျားရဲ့ ရုံးမှာ သူ့လူတွေ ရှိတာကိုးရှင့်၊ အဲဒီ စာရွက် ကျွန်မ ယောက်ျားဆီ ရှိကြောင်းကို သူ့စပိုင်တွေဆီက ကြားတာပေါ့၊ ဒီစာကို သူ့ကို ပေးတဲ့ အတွက် ကျွန်မ ယောက်ျားမှာ ဘာမှ အန္တရာယ် မရှိနိုင်ဘူးလို့လည်း သူက ပြောပါတယ်၊ မစ္စတာ ဟုမ်းပဲ စဉ်းစား ကြည့်ပါတော့ရှင်၊ ကျွန်မ အနေနှင့် ဘာလုပ်ရမလဲ ဆိုတာ'

'ဝန်ကြီးကတော် ယောက်ျားကို ဖွင့်ပြောလိုက်ပေါ့'

'အမယ်လေး၊ မလုပ်ပါနှင့်ရှင်၊ ကျွန်မ အနေနှင့် ဘယ် ပြောလို့ ဖြစ်ပါ့မလဲ၊ ဒီအကြောင်းကို ဖွင့်ပြောလိုက်ရင် ကျွန်မတို့ အိမ်ထောင်ရေး ဖရိုဖရဲ ဖြစ်သွားမှာ သေချာတယ်၊ အကယ်၍ အိမ်ထောင်ရေး ဖရိုဖရဲ မဖြစ်ချင်ရင် ကျွန်မ သူ တောင်းတဲ့ စာကို ယူပေးရတော့မယ်၊ အမှန်ကတော့ ကျွန်မ နိုင်ငံရေးတွေ ဘာတွေကို နားမလည်ပါဘူးရှင်၊ ဒီစာကို ယူပေးလိုက်ရင် ဘယ်လို အကျိုးဆက်ရောက်မှုတွေ ဖြစ်လာမယ် ဆိုတာကိုလည်း ကျွန်မ မသိပါဘူး၊ ဘာပဲဖြစ်ဖြစ် နေနေ ကျွန်မ ချစ်တဲ့ ယောက်ျား ကျွန်မကို ယုံကြည်တဲ့ ယောက်ျားကို ကျွန်မ ဘယ့်နှယ်လုပ် ဒီလို လုပ်ရက်ပါ့မလဲ၊ ဒါပေမဲ့ မတတ်နိုင်ဘူး မစ္စတာ ဟုမ်းရယ်၊ ကျွန်မလည်း အဲဒီ စာကို ယူပေးလိုက်ရတယ်၊ ကျွန်မ ယောက်ျားရဲ့ စာသေတ္တာ ဖွင့်တဲ့ ဖယောင်း ပုံနှိပ် သော့တူကိုတော့ လူးကတ်က လုပ်ပေးပါတယ်၊ ဒီသော့နှင့် သူ့ စာသေတ္တာကို ဖွင့်၊ စာရွက်ကို ယူပြီး လူးကတ်ဆီကို ပို့လိုက်ပါတယ်'

'အဲဒီ ရောက်တော့ ဘာဖြစ်သလဲ ဝန်ကြီးကတော်'

'ချိန်းထားတဲ့ အတိုင်း သူ့ အိမ်ကို ရောက်တော့ ကျွန်မ တံခါး ခေါက်လိုက်ပါတယ်၊ တံခါးကို လူးကတ် ကိုယ်တိုင် လာဖွင့်ပေးတယ်ရှင့်၊ အိမ်ထဲ ရောက်တော့ သူ့နောက်ကို လိုက်လာခဲ့တယ်၊ ကျွန်မက သူနှင့် နှစ်ယောက်တည်း မနေရဲတော့ ကျွန်မ ဝင်လာတဲ့ တံခါးမကြီး အသာ ဟပစ်ခဲ့တယ်ရှင့်၊ ကျွန်မ ဝင်လာခါနီး အိမ်ရှေ့ လမ်းမမှာ မိန်းမ တစ်ယောက် ရစ်သီ ရစ်သီ လုပ်နေတာကို မြင်ခဲ့တယ်ရှင့်၊ ကျွန်မတို့ ကိစ္စလည်း သိပ် မကြာလိုက်ပါဘူး၊ ကျွန်မက သူ လိုချင်တဲ့ စာကို ပေး၊ သူက ကျွန်မ စာကို ပေးပြီး ကိစ္စ ပြီးသွားကြတာပါပဲ၊ ဒီတုန်းမှာ တံခါး ခေါက်သံ ပေါ်လာတယ်ရှင့်၊ ပြီးတော့ အိမ်ထဲကို ဝင်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြေသံတွေကိုလည်း ကျွန်မ ကြားလိုက်ရတယ်၊ ဒီတော့ လူးကတ်ဟာ ကော်ဇောကို ဖြတ်ခနဲ လှန်လိုက်ပြီး အဲဒီ အောက်မှာ ရှိတဲ့ အံဝှက်လိုဟာကလေး တစ်ခုထဲကို ထည့်လိုက်ပြီး ကော်ဇောကို ပြန်ဖုံးလိုက်တယ်။

'ဒီနောက် ဖြစ်တာ ပျက်တာကတော့ အိပ်မက်ဆိုးကြီး တစ်ခုကို မက်ရသလိုပါပဲရှင်၊ အဲဒီ မိန်းမရဲ့ ကြောက်စရာ မျက်နှာကြီးနှင့် ပြင်သစ်လို အော်ပြောလိုက်တဲ့ အသံကြီးကို ကျွန်မ ခုထက်ထိ မြင်နေ ကြားနေသေးတယ်၊ ငါ နှင့်ကို စောင့်ဖမ်းနေတာတဲ့၊ ခုတော့ ကောင်မ တစ်ကောင်နှင့် နင် မိပြီ မဟုတ်လားတဲ့၊ သူတို့ နှစ်ယောက် အဲဒီမှာ လုံးထွေး သတ်ပုတ်ကြတယ်ရှင့်၊ လူးကတ်က ကုလားထိုင်ကြီးကို ကိုင်လို့၊ ဟိုမိန်းမရဲ့ လက်ထဲမှာလည်း ဓားမြှောင်ကြီးနှင့်။

'ကျွန်မလည်း ကြောက်ကြောက်နှင့် အဲဒီ အိမ်ထဲက ပြေးထွက်လာပြီး အိမ်ကို ပြန်ပြေးလာခဲ့တာပါပဲ၊ နောက်တစ်နေ့ မနက် သတင်းစာထဲကျတော့မှ လူးကတ် အသတ်ခံရတယ် ဆိုတဲ့ သတင်းကို တွေ့တာပါ၊ အဲဒီ ညတုန်းကတော့ ကျွန်မ တော်တော်လေး ပျော်မိတယ်ရှင့်၊ ကျွန်မ စာကို ပြန်ရတာကိုး၊ ကျွန်မ ယောကျ်ား စာကို ခိုးမိခဲ့တဲ့ အတွက် ရှေ့မှာ ဘာဖြစ်မယ် ဆိုတာကိုတော့ ကျွန်မ မတွေးမိသေးဘူးပေါ့ရှင်။

'လက်စသတ်တော့ ကျွန်မဟာ ဒုက္ခ တစ်ခုကနေ တခြား ဒုက္ခ တစ်ခုကို ပခုံး ပြောင်းလိုက်တာပါလား ဆိုတာ နောက်တစ်နေ့ မနက်မှ ကျွန်မ သဘောပေါက်တယ်ရှင့်၊ စာပျောက်လို့ ကျွန်မ ယောကျ်ား သောက ရောက်တာ မြင်ရတော့ ကျွန်မ စိတ်မကောင်းလိုက်တာရှင်၊ ရင်ထဲကို ဆို့နေတာပဲ၊ သူ့ကို မကြည့်ရက်လောက်အောင် ဖြစ်နေတယ်၊ ကျွန်မ သူ့ရှေ့မှာ ဒူးထောက်ပြီး ကျွန်မ လုပ်ခဲ့တာကို ဖွင့်ပြောပြီး တောင်းပန်လိုက်ရမလားလို့ စိတ်ကူး မိသေးတယ်၊ ဒါပေမဲ့ ဒီလို လုပ်လိုက်ရင် ကျွန်မ အတိတ်က အပြစ်ကို ဖွင့်ဝန်ခံရတော့မယ်၊ ဒါနှင့် ကျွန်မဘာသာ ဝေခွဲမရတာနှင့် အဲဒီနေ့ မနက် စုံထောက်ကြီးဆီကို လာ တိုင်ပင်တာပါပဲရှင်။

'အဲဒီ နောက်တော့ ကျွန်မ ယောကျ်ားရဲ့ စာကို ကျွန်မ ဘယ်လို လုပ်ပြီး ပြန်ရအောင် ယူရမလဲ ဆိုတာကိုပဲ စိတ်ကူး နေမိပါတော့တယ်၊ ကျွန်မ တွက်ထားတာက ဒီစာဟာ ကျွန်မ ရှိတုန်းက ဝှက်ထားတဲ့ ကော်ဇော အောက်က အံ ထဲမှာ ရှိမယ်လို့ တွက်ထားတယ်ရှင့်၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်မ ရှိနေတုန်းပဲ ဟိုမိန်းမ လာပြီး အသတ်ခံ သွားရတာကိုးရှင့်၊ တကယ်လို့သာ အဲဒီတုန်းက အဲ၊





မိန်းမသာ ရောက်မလာခဲ့ဘူး ဆိုရင် ကျွန်မလည်း သူ့စာကို ဘယ်မှာ ထားတယ် ဆိုတာကို ဘယ်နည်းနှင့်မှ သိနိုင်မှာ မဟုတ်ဘူးရှင့်၊ ဒီတော့ စာဟာ ဒီနေရာမှာပဲ ရှိနေတယ် ဆိုတာကို သိထားလေတော့ အဲဒီ အိမ်ထဲကို ရောက်အောင် ဘယ်လို လုပ်ပါ့မလဲလို့ ကျွန်မ အတန်တန် စဉ်းစားပါတယ်။

'ကျွန်မ ဘယ်လို ဒီအိမ်ထဲကို ရောက်ခဲ့တယ်၊ ဘယ်လို ဒီစာကို ပြန်ရခဲ့တယ် ဆိုတာကိုတော့ စုံထောက်ကြီးတို့ သိပြီးသား ဖြစ်တဲ့ အတွက် ကျွန်မ မပြောတော့ပါဘူး၊ ဒါနှင့် ကျွန်မ စာကို အိမ်ပြန်ယူခဲ့တယ်၊ ကျွန်မ ယောကျ်ားကို ဘယ်လို အကြောင်း ပြပြီး ပြန်ပေးရမယ်မှန်း မသိတော့ ဒီစာကို ဖျောက်ဖျက် ပစ်လိုက်ရမလားလို့ ကျွန်မ စဉ်းစားမိသေးတယ်ရှင့်၊ ဟော ပြောရင်းဆိုရင်း ပြန်လာပြီ ထင်တယ်ရှင့်'

ဥရောပရေးရာ ဝန်ကြီးသည် တုန်လှုပ် ချောက်ချားလျက် အိမ်ထဲသို့ ဝင်လာလေ၏။

'စုံထောက်ကြီး ဘာထူးသလဲဟင်၊ ဘာထူးသေးသလဲ'

'နည်းနည်းတော့ မျှော်လင့်ချက် ရှိပါတယ် ဝန်ကြီး'

'အင်း တော်ပါသေးရဲ့ဗျာ' ဟု ဆိုကာ ဝန်ကြီး၏ မျက်နှာသည် ဝင်းထိန်လာလေ၏။

'ဒီနေ့ ဝန်ကြီးချုပ်နှင့် ကျွန်တော် နေ့လယ်စာ စားခဲ့တယ်ဗျ၊ ဒီသတင်းကိုသာ ကြားရရင် ဝန်ကြီးချုပ်လည်း တော်တော့ကို ဝမ်းသာမှာပဲဗျာ၊ ဝန်ကြီးချုပ်ဟာ အင်မတန် စိတ်ခိုင်တဲ့ လူပါဗျာ၊ သို့သော်လည်း ကျွန်တော် သိသလောက် ပြောရရင်တော့ သူလည်း ဒီကိစ္စ ဖြစ်ကတည်းက ညဆိုရင် အိပ်ပျော်ပုံ မရဘူး၊ ဟော့ ဂျက်ကော့ရေ၊ ဝန်ကြီးချုပ်ကို အပေါ်ကို ကြွပါလို့ သွားဖိတ်ပါ၊ ဟီလဒါရေ၊ ဒီကိစ္စက နိုင်ငံရေး ကိစ္စ ဆိုတော့ မင်း ဘာမှ သိမှာ မဟုတ်ဘူးကွာ၊ ထမင်းစားခန်းထဲ သွားနှင့်၊ ခဏနေတော့ ကိုယ်တို့ လိုက်လာခဲ့မယ်'

ဝန်ကြီးချုပ်မှာ များစွာ ညှိုးငယ်လျက် ရှိလေ၏။ မျက်လုံးမှ အရောင်ကို ကြည့်၍ လည်းကောင်း၊ အရိုးတွေ ပေါ်လျက် ရှိသော သူ့ လက်ချောင်းများကို ကြည့်၍ လည်းကောင်း ဝန်ကြီးချုပ်သည် ဆတ်ခနဲ ဆတ်ခနဲ ဖြစ်သွားသည်ကို ကြည့်၍ လည်းကောင်း ဝန်ကြီးချုပ်သည် လည်း သူ့ ဝန်ကြီးကဲ့သို့ပင် စိတ် တုန်လှုပ် ချောက်ချားလျက် ရှိကြောင်းကို ကျွန်ုပ် သတိပြုလိုက်မိပေ၏။

'သတင်း ထူးလို့လား မစ္စတာ ဟုမ်း'

'ခုထိတော့ မထူးသေးဘူးလို့ ပြောရမှာပဲ ခင်ဗျ၊ ဒီစာ ရှိနိုင်မယ့် နေရာ



www.burmeseclassic.com

www.burmeseclassic.com



တိုင်းလောက်ကို ကျွန်တော် စုံစမ်းပြီးပြီ ခင်ဗျ၊ ခုအချိန်ထိတော့ ဒီစာကြောင့် ဘာမှ ကြီးကြီးကျယ်ကျယ် ဖြစ်မယ့် နိမိတ် လက္ခဏာတွေကိုတော့ မတွေ့ရသေးပါဘူး ဝန်ကြီးချုပ်'

'ဒီလောက်နှင့်တော့ မလုံလောက်သေးဘူးဗျ၊ ဒီစာ ဘာဖြစ်လို့ ဘယ် ရောက်မှန်း မသိဘဲနှင့် နေရရင် ကျုပ်တို့တစ်တွေ မီးတောင်ကြီးပေါ် တက်ထိုင်နေရတာမျိုးတော့ ကျုပ်တို့ အမြဲတမ်း မနေနိုင်ဘူးဗျ၊ တစ်ခုခု ကွဲပြားအောင်တော့ လုပ်မှ ဖြစ်မှာ'

'တစ်ခုခုတော့ ကွဲပြားလိမ့်မယ်လို့ ထင်ပါတယ် ဝန်ကြီးချုပ် ခင်ဗျား၊ ဒါကြောင့် ကျွန်တော် ဝန်ကြီးဆီကို လာတာပါ၊ အခု သေသေချာချာ စဉ်းစားကြည့်တော့ စဉ်းစားလေလေ ဒီစာဟာ ဒီအိမ်ထဲမှာပဲ ရှိမယ်လို့ သဘော ပေါက်လာလေလေ ဖြစ်နေပါတယ် ဝန်ကြီးချုပ်'

'ဗျာ၊ ဘာပြောလိုက်တယ် မစ္စတာ ဟုမ်း'

'အကယ်၍သာ အပြင်ကို ရောက်သွားလို့ ရှိရင် ဒီစာဟာ ခုချိန်လောက်ဆိုရင် အုတ်အော်သောင်းတင်း ဖြစ်လောက်ပြီလို့ ထင်ပါတယ်'

'နေစမ်းပါဦး၊ ယူတဲ့ လူက ယူပြီး ဘာဖြစ်လို့ ဒီအိမ်ထဲမှာ ဝှက်ထားရမှာလဲ'

'ကျွန်တော့် စိတ်ထဲမှာတော့ ဘယ်သူမှ ယူတယ်လို့ကို မထင်ပါဘူး ခင်ဗျား'

'မယူရင် စာသေတ္တာထဲကနေ ဘယ် ရောက်သွားရမှာလဲဗျ'

'စာဟာ သေတ္တာထဲကလည်း ပျောက်မသွားဘူးလို့ ကျွန်တော် ထင်ပါတယ် ဝန်ကြီးချုပ်'

'စုံထောက်ကြီး၊ စကား ပြောတာ သတိထား ပြောပါ၊ ဒါဟာ နောက်ပြောင် ပြောစရာ အချိန် မဟုတ်ဘူးဗျ၊ သေတ္တာထဲက ပျောက်သွားတာကတော့ သေချာပါတယ်၊ ကျွန်တော် သိတာပေါ့'

'အင်္ဂါနေ့ နောက်ပိုင်းမှာ ဝန်ကြီး အဲဒီ စာသေတ္တာကို သေသေချာချာ ကြည့်ပြီးပြီလား'

'မကြည့်ပါဘူးဗျာ၊ မလိုပါဘူး'

'ကြည့်ခဲ့တုန်းက မတော်တဆ မျက်စိ လျှံသွားတာတို့ ဘာတို့ မဖြစ်နိုင်ဘူးလား ခင်ဗျာ'

'မဖြစ်နိုင်ပါဘူးဗျာ'





'သို့သော်လည်း ကျွန်တော်ကတော့ မျက်စိတို့ ဘာတို့ လျှံသွားတာ ဖြစ်နိုင်တယ်လို့ ထင်တယ် ခင်ဗျ၊ ကျွန်တော် ဒီအဖြစ်အပျက်တွေကို မကြာ မကြာ ကြုံဖူးပါတယ်၊ သေတ္တာထဲမှာ ဒီပြင် စာရွက် စာတမ်းတွေ ရှိသေးတယ် မဟုတ်လား ဝန်ကြီး၊ အဲဒီ စာရွက် စာတမ်းတွေနှင့် ရောပြီး ညပ်နေရင်ကော'

'အပေါ်ဆုံးမှာ ထားတာဗျ'

'သေတ္တာကို ကိုင်မိလို့ လှုပ်ပြီး ဟိုကြား ဒီကြား ညပ်သွားတာလည်း ဖြစ်နိုင်ပါတယ်'



ဝန်ကြီးချုပ်သည်
ခပ်ရှည်ရှည် စာအိတ်ပြာကလေးကို
လှမ်းယူလိုက်သည်။

'မဖြစ်နိုင်ပါဘူး ဗျာ၊ ကျွန်တော် အကုန်ရှာကြည့် ပြီးပါပြီ'

'သေ ချာအောင် ကြည့်လိုက် ပါ လား ဗျာ၊ ဘာ ခက်တာ မှတ်လို့'

'ကဲ ဘယ်မှာလဲ သေတ္တာ' ဟု ဝန်ကြီးချုပ်က ပြောလေ၏။

ဝန်ကြီးက ခေါင်းလောင်းကို ဆွဲလိုက်ပြီးလျှင်

'ဟော့ ဂျက်ကော့၊ ငါ့ စာသေတ္တာကလေးကို ယူ ခဲ့ စမ်း အမှန်ကတော့ အချိန် ကုန်ရုံပါပဲ ခင်ဗျာ၊ သို့ သော် လည်း စုံထောက်ကြီးတို့က ကြည့်ချင်သေးတယ် ဆိုရင်တော့ ကြည့်ပေါ့၊ ကျေး ဇူး တင် တယ်



www.burmeseclassic.com

www.burmeseclassic.com



ဂျက်ကော့၊ ဒီကို ယူခဲ့၊ ကျွန်တော့် နာရီကြိုးမှာ သော့ကို အမြဲ ဆွဲထားတာပဲ၊ ဟောဒီမှာ စာရွက်စာတမ်းတွေ ခင်ဗျ ကြည့်၊ ဟော ဒါက လော့ဒ် မဲရိုးဆီက စာ၊ ဟောဒါက ဆာ ချားလ် ဟာဒီရဲ့ အစီရင်ခံစာ၊ ဟော ဒါက ဘဲဂရိတ်က ပို့လိုက်တဲ့ အမှာလွှာ၊ ဟောဒါက ရုရှား၊ ဂျာမန် ကောက်ပဲ သီးနှံ အခွန်ကောက်တွေနှင့် ပတ်သက်တဲ့ မှတ်တမ်းတွေ၊ ဟောဒါက မက်ဒရစ်က စာ၊ လော့ဒ် ဖလားဝါးက ပို့လိုက်တဲ့ စာ၊ အလို ဘုရားရေ၊ ဒါက ဘာလဲ၊ ဝန်ကြီးချုပ် ဝန်ကြီးချုပ် ခင်ဗျာ'

ဝန်ကြီးချုပ်သည် ခပ်ရှည်ရှည် စာအိတ်ပြာကလေးကို လုယူလိုက်သည်။

'ဟုတ်တယ်၊ ဟုတ်တယ်၊ ဒီစာပဲ၊ ဘယ်မှ မပျောက်ဘူး၊ အမယ်လေး၊ ကျုပ် ဝမ်းသာလိုက်တာဗျာ၊ ခုမှပဲ ကျွန်တော့်မှာ အလုံးကြီး ကျသွားပေတော့တယ်၊ ကြည့်စမ်းပါဦး ခင်ဗျာ၊ ကျွန်တော်ဖြင့် ဒီထဲမှာ ရှိလိမ့်မယ်လို့ လုံးလုံးကို မထင်ခဲ့ဘူး၊ မဖြစ်နိုင်တာ ခင်ဗျာ၊ မစ္စတာ ဟုမ်း၊ လက်စသတ်တော့ ခင်ဗျားဟာ မှော်ဆရာပါလားဗျ၊ မျက်လှည့် ပြလိုက်သလိုပါပဲလား၊ ဒီအထဲမှာ ရှိမယ်ဆိုတာ ခင်ဗျား ဘယ့်နှယ်လုပ် သိသလဲဟင်'

'တခြား ဘယ်နေရာမှာမှ မရှိတဲ့ အတွက် ဒီမှာပဲ ရှိရမယ်လို့ ကျွန်တော် သိတာပါ'

ဝန်ကြီးသည် တံခါးမကြီးသို့ လျှောက်၍ ခပ် သုတ် သုတ် သွားကာ 'တကယ်ပဲ ခင်ဗျာ၊ ကျွန်တော်ဖြင့် ကျွန်တော့် မျက်စိတွေကိုတောင် မယုံနိုင်ဘူး၊ ကျွန်တော့် မိန်းမ ဘယ်ရောက်သွားပါလိမ့်၊ ဟီလဒါရေ ဟီလဒါ' ဟု အော်ခေါ်နေသံကို လှေကားဘက်ဆီမှ ကြားရလေ၏။ ဝန်ကြီးချုပ်သည် တောက်ပပြောင်လက်သော မျက်လုံးများဖြင့် ရှားလော့ဟုမ်းကို စိုက်ကြည့်လိုက်ကာ

'ကဲ၊ ကျုပ်ကို ပြောစမ်းဗျာ၊ ဒီစာ ဒီအထဲမှာ ဘယ်လို ရောက်နေသလဲ၊ ကျုပ်တို့ မျက်စိက မြင်တာလောက်နှင့်တော့ မဟုတ်နိုင်ဘူး၊ တစ်နည်း ရှိမယ်'

ရှားလော့ဟုမ်းက သူ့ကို စူးစမ်းသည့် အကြည့်ဖြင့် ကြည့်လျက် ရှိသော မျက်လုံးများမှ မျက်နှာကို တခြားသို့ လွှဲ၍ ပြုံးလိုက်ရင်း 'ကျွန်တော်တို့မှာလည်း ကျွန်တော်တို့ရဲ့ သံတမန် ဆိုင်ရာ လျှို့ဝှက်ချက်တွေ ရှိပါတယ် ဝန်ကြီးချုပ် ခင်ဗျား' ဟု ဆိုကာ ဦးထုပ်ကို ကောက်၍ တံခါး ဘက်သို့ လျှောက်သွားလေသတည်း။

[မူရင်း ဝတ္ထု *The Adventure of the Second Stain.* ရှေ့ဥဒေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် ရှာမတွေ့။]



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

မြသန်းတင့်

ရှားလော့ဟုမ်း ပြန်လာပြီ

THE RETURN OF

# SHERLOCK HOLMES

Sir Arthur Conan Doyle

www.burmeseclassic.com